International IDEA
Institute for Democracy and Electoral Assistance

# ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ဒီဇိုင်း

ပြန်လည်စိစစ်တည်းဖြတ် ထုတ်ဝေသည်

# ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ဒီဇိုင်း

## ပြန်လည်စိစစ်တည်းဖြတ် ထုတ်ဝေသည်


Helena Catt

Andrew Ellis

Michael Maley

Alan Wall

Peter Wolf

နိုင်ငံတကာ IDEA ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များဆိုင်ရာ အရင်းအမြစ်များ

လက်စွဲစာအုပ်အတွဲများ

နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေးအဖွဲ့အစည်း၏ လက်စွဲစာအုပ်အတွဲများသည် ဒီမိုကရေစီဆိုင်ရာအဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်ဘောင်အတွင်းနှင့် သက်ဆိုင်သော ယှဉ်တွဲခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်များ၊ သတင်းအချက်အလက်များနှင့် အခြေအနေဖြစ်ရပ်အမှန်တို့ကို တင်ပြရန်ရည်ရွယ်ပါသည်။ ထိုလက်စွဲစာအုပ်များသည် အဓိကအားဖြင့် နိုင်ငံရေးစည်းမျဉ်းစည်းကမ်းချမှတ်သူများ၊ နိုင်ငံရေးသမားများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းဆိုင်ရာလှုပ်ရှားသူများနှင့် ထိုနယ်ပယ်အတွင်း ကျင်လည်လုပ်ကိုင်နေသူများအတွက် ရည်ရွယ်ပါသည်။ ပညာရေးနယ်ပယ်၊ ဒီမိုကရေစီဆိုင်ရာအထောက်အပံ့ပြုရေးအသိုင်းအဝိုင်းများနှင့် အခြားသောကဏ္ဍနယ်ပယ်များ၏အကျိုးစီးပွားအတွက်လည်း ပါဝင်သည်။

© International Institute for Democracy and Electoral Assistance 2017

အပြည်ပြည်ဆိုင်ရာ IDEA ၏ထုတ်ဝေမှုများသည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နိုင်ငံရေးလှုပ်ရှားမှုဆိုင်ရာ အကျိုးအမြတ်တစ်ခုခုနှင့် ပတ်သတ်ခြင်းများကင်းရှင်းပါသည်။ ထိုထုတ်ဝေမှုများထဲတွင် ပါဝင်သောထင်မြင်ယူဆချက်များသည် အပြည်အပြည်ဆိုင်ရာ IDEA၊ ၎င်း၏ဘုတ်အဖွဲ့နှင့်ကောင်စီအဖွဲ့ဝင်များ၏ထင်မြင်ယူဆချက်များကိုကိုယ်စားမပြုပါ။

vထိုထုတ်ဝေမှုများအတွင်း ပါဝင်သောမြေပုံ (များ) သည် အဖွဲ့အစည်း၏တစ်စိတ်တစ်ဒေသကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အသုံးမပြု၊ မည်သည့်နယ်မြေမဆို ၎င်းတို့၏ တရားဥပဒေဆိုင်ရာအချက်အလက်များကိုလည်း ဝေဖန်သတ်မှတ်ဆုံးဖြတ်ခြင်းမျိုးမဟုတ်သကဲ့သို့ ထိုနယ်နိမိတ်နှင့်ပတ်သတ်ပြီး မဲဆွယ်ခြင်းလည်းမဟုတ်သလို မည်သည့်နိုင်ငံ၊ ပိုင်နက်မဆို တို့၏နေရာချထားမှုနှင့် အရွယ်အစားတို့သည်လည်း အဖွဲ့အစည်း၏ နိုင်ငံရေးဆိုင်ရာရှုထောင့်တို့ကို ထင်ဟပ်ခြင်းမရှိပါ။ ဤမြေပုံသည်စာကို ရှင်းလင်းစွာသိနားလည်နိုင်ရန်အတွက်သာ ဤစာအုပ်အတွင်းထည့်သွင်း ဖော်ပြထားခြင်းဖြစ်သည်။

ဤစာအုပ်ကို ပြန်လည်ဖြန့်ဝေခြင်း တစ်စိတ်တစ်ဒေသသို့မဟုတ်တစ်အုပ်လုံးကို ဘာသာပြန်ဆိုရန်အတွက် ခွင့်ပြုချက်တောင်းခံသည့်လျှောက်လွှာကို ဖော်ပြပါလိပ်စာသို့ သို့ပို့ပါရန်။

International IDEA
Strömsborg
SE-103 34 Stockholm
Sweden

အပြည်ပြည်ဆိုင်ရာ IDEA သည် ၎င်း၏ထုတ်ဝေမှုများကိုဖြန့်ချိရန် ထောက်ခံအားပေးပြီး ၎င်း၏ထုတ်ဝေမှုများကိုတစ်ဆင့် ပြန်လည်ထုတ်ဝေရန်သို့မဟုတ် ဘာသာပြန်ရန်ခွင့်ပြုချက်တောင်းခံချက်များကို နှောင့်နှေးခြင်းမရှိဘဲ ပြန်လည်တုံ့ပြန်ဆက်သွယ်မည်ဖြစ်သည်။

ဤစာအုပ်ကိုအီလက်ထရောနစ်ပုံစံဖြင့်ရယူလိုပါက Creative Commons Licence (CCl) Commons Attribute-NonCommercial-ShareAlike 3.0 လိုင်စင်ဖြင့်ရယူနိုင်ပါသည်။ ထိုစာအုပ်ကိုမိတ္တူကူးယူခြင်း၊ ဖြန့်ဝေခြင်း၊ တဆင့်ပေးပို့ခြင်းတို့သာမက ရောနှောခြင်း၊ အာဘော်ယူခြင်းတို့ကိုလည်း အခကြေးငွေမယူဘဲ လုပ်နိုင်သည်။ ထိုစာအုပ်ကို စနစ်တကျဖြန့်ဝေလိုခြင်း၊ ထိုကဲ့သို့သောချွတ်စွပ်တူသည့် လိုင်စင်ဖြင့်ဖြန့်ဝေလိုခြင်းများ ပြုလုပ်လိုပါက http://creativecommons.org/licenses/by-nc-sa/3.0/ သို့သွားပြီးထို CCl အကြောင်းကိုလေ့လာနိုင်ပါသည်။

မူရင်း ဂရပ်ဖစ်ဒီဇိုင်း -Pernilla Ottenfelt Eliasson

မူရင်း မျက်နှာဖုံးဒီဇိုင်း - Pernilla Ottenfelt Eliasson

မူရင်း မျက်နှာဖုံးသရုပ်ဖော်ပုံ - © Jing Jing Tsong c/o theispot.com

မြန်မာစာအုပ် ဂရပ်ဖစ်ဒီဇိုင်းနှင့် စာမျက်နှာအပြင်အဆင် - မင်းဇော်ဦး၊ မြင့်စိုးဦး

ISBN: 978-91-7671-101-9

# စကားဦး

ကမ္ဘာကြီးသည် တတိယထောင်စုနှစ်ကို ပါတီစုံရွေးကောက်ပွဲစနစ်ကျင့်သုံးသော နိုင်ငံပေါင်း ၁၄၀ နှင့်တကွ ဝင်ရောက်လာပြီ ဖြစ်သည်။ သဘာဝတ္တလောကအတွက်နှင့် နိုင်ငံရေးပါဝင်ပတ်သက်မှုတို့အတွက်လည်း သမိုင်းဝင်အပြောင်းအလဲဖြစ်ပေသည်။

ထိုအချိန်မှစပြီး ဒီမိုကရက်တစ်လောကလည်းအစပြုလာခဲ့သည်။ လူတစ်ဦးတစ်ယောက်ချင်းစီ၏ လွတ်လပ်မှုအတွက် လူမှုနိုင်ငံရေးဆိုင်ရာလှုပ်ရှားမှုများမှတစ်ဆင့် ရလဒ်အဖြစ် ပြည်နယ်အသစ်များလည်း ပေါ်ထွက်လာသည်။ ထိုပြည်နယ်အသစ်များမှလည်း ၎င်းတို့၏တိုင်းသူပြည်သားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် သင့်တော်သောဒီမိုကရေတစ်အစိုးရနှင့် ဖွဲ့စည်းပုံစနစ်တို့ကိုတည်ထောင်နိုင်ရန် ရှန်းကန်ကြိုးပမ်းလျက်ရှိသည်။

ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းခြင်းဖြစ်စဉ်ကို ထိန်းသိမ်းထားခြင်းသည်နေရာအနှံ့ ဆင်းရဲမွဲတေမှုများဖြစ်နေသော တိုင်းရင်းသားပဋိပက္ခများဖြစ်နေသော အာဏာရှိနှင့် အာဏာမဲ့ လူမှုရေးဆိုင်ရာတင်းမာမှုများဖြစ်ပေါ်နေသော ဖွံ့ဖြိုးမှုအနည်းဆုံးသောတိုင်းပြည်များနှင့် ဖွံ့ဖြိုးဆဲဖြစ်သောနိုင်ငံများအတွက် ပိုမိုခက်ခဲသည်။ တိုင်းပြည်ချမ်းသာသော်လည်း အခြားသော လူသားဆိုင်ရာဖွံ့ဖြိုးမှုများတွင် အားနည်းသောနိုင်ငံများမှာလည်း အခြားသောအမျိုးအမည်မတူသည့် ပြဿနာတစ်မျိုးပင်ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ် ဒီမိုကရေစီအများအပြားမှာလူအများက ၎င်းတို့ကိုယ်စားဆုံးဖြတ်ချက်ချရန်အတွက် ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်သောကိုယ်စားလှယ်ဒီမိုကရေစီဖြစ်သည်။ အချို့နေရာများတွင် ရွေးကောက်ခြင်းဆိုင်ရာစီမံခန့်ခွဲသော စနစ်ကိုယ်တိုင်သည်ပင်လျှင် ဖိအားအောက်ရောက်နေပြီး၊ တိုက်ရိုက်တိုက်ခိုက်ခံရမှုထက် တရားဥပဒေအရေးယူမခံရစေရန် အကာအကွယ်ပေးရန်လိုအပ်နေခြင်းဖြစ်သည်။ အပြိုင်အဆိုင်အားပြင်းသော ရွေးကောက်ပွဲများအနေနှင့်လည်း ကုန်ကျစာရိတ်များပြီး အလေအလွင့်များသည့်အပြင် နိုင်ငံရေးပါတီများ၊ ဝါဒဖြန့်ခြင်းများ၊ ပါးနပ်သော စိတ်ခံစားချက်ဦးစားပေးနိုင်ငံရေးခေါင်းဆောင်များ၏ လွှမ်းမိုးချုပ်ကိုင်ခြင်းကို ခံနေရသည်။ ၎င်းတို့အနေနှင့်လည်း အကျိုးရှိသော၊ အဆင်ပြေမျှတသောပြည်သူနှင့်ဆိုင်သော စည်းမျဉ်းဥပဒေတို့အပေါ် စကားစစ်ထိုးပွဲများပြုလုပ်ရန် လိုအပ်သည်။

ထို့ကြောင့် ရွေးကောက်ပွဲစီမံသူတို့အနေနှင့်လည်း ရွေးကောက်ပွဲစနစ် ဆက်လက်လည်ပတ်နေရန်နှင့် အားလုံးအတွက် သာတူညီမျှယှဉ်ပြိုင်နိုင်သော အခြေအနေပြုလုပ်ရန်၊ ၎င်းတို့၏ ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဂုဏ်သိက္ခာအတွက် ကြိုးပမ်းရာတွင် အတော်မသတ်နိုင်သော ကြီးမားလှသည့်စိန်ခေါ်မှုများကို တွေ့ရသည်။

ထိုထက်ကြီးမားသောကိစ္စမှာ စည်းမျဉ်းလေးရပ်နှင့်ညီသောဒီမိုကရက်တစ်စနစ်နှင့် လုပ်ငန်းစဉ်များကိုရေးဆွဲရခြင်းပင်ဖြစ်သည်။ ထိုစည်းမျဉ်းလေးရပ်မှာ - လူထုကိုထိန်းချုပ်ခြင်း၊ နိုင်ငံရေးဆိုင်ရာညီမျှမှုရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီအုပ်ချုပ်ခြင်းနှင့် တစ်ဦးတစ်ယောက်ချင်းစီအတွက် လွတ်လပ်မှုရှိခြင်းတို့ပင်ဖြစ်သည်။ ထိုပြန်လည်စစ်ဆေးပြီး ဖြည့်စွက်ထားသောစာအုပ်သည် ထိုအချက်အလက်တို့နှင့် ကိုက်ညီပါသည်။ တိတိကျကျ သတိရှိရှိနှင့်လိုက်နာပြီး အချက်ကျကျ အသုံးချတတ်ပါကသူ၏ လမ်းညွှန်စည်းကမ်းများသည် ရွေးကောက်ပွဲဆိုင်ရာ သတိမမူမိသောအချက်များနှင့် ဗျူဟာတောင့်တင်းရေးနှင့်

အမှားအယွင်းမရှိစေရန် စည်းမျဉ်းစည်းကမ်းတို့နှင့် ကြပ်မတ်သောဌာနဆိုင်ရာတို့အတွက် မလိုလားအပ်သောဖိအားများနှင့် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်သောအမှောင့်ပယောဂများ ကင်းဝေးစေနိုင်မည်ဖြစ်သည်။

ဤစာအုပ်တွင်ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့အစည်းများ (EMBs) မှ ၎င်းတို့၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကာကွယ်နိုင်ရန်၊ စီမံခန့်ခွဲမှုကိုထိန်းချုပ်နိုင်ရန်၊ ဂုဏ်သိက္ခာထိန်းသိမ်းနိုင်ရန်၊ ပွင့်လင်းမြင်သာမှုကို ထိန်းသိမ်းထားနိုင်ရန်၊ ထိရောက်မှုရှိစေရန်နှင့် မဲပေးသူများနှင့်လည်း အချစ်အခင်မပျက် စည်းမျဉ်း၊ လုပ်ဆောင်ပုံအဆင့်ဆင့်တို့ကိုလည်း ပညာရှင်ဆန်ဆန်အကောင်အထည်ဖော်နိုင်ရန် အဓိကထားဖော်ပြထားသည်။ မဲပေးခွင့်ရှိသူများကို စာရင်းရေးသွင်းခြင်းမှစ၍ မဲရေခြင်းနှင့် ရလဒ်ကြေငြာခြင်း အထိ ရွေးကောက်ပွဲစီမံခန့်ခွဲသူတို့၏ လမ်းသည်အခက်အခဲများလှပြီး ကျွမ်းကျင်မှုနှင့် အတွေ့အကြုံလိုအပ်သည်။ EMBs နှင့်သူ၏ ဝန်ထမ်းများအတွက် ဤစာအုပ်သည်အရေးပါမည်ဟုထင်ပြီး ထိုစာအုပ်သည်ရှုပ်ထွေးလှသောရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ပညာရှင်ဆန်ဆန်ထိရောက်စွာစီမံခန့်ခွဲရာတွင် တိုးတက်အောင်ပြုလုပ်ပေးနိုင်မည်ဟု ထင်မိပါသည်။

*Dr. S.Y. Quraishi*

*ရွေးကောက်ပွဲကော်မရှင်မှူးဟောင်း၊*
*အိန္ဒိယနိုင်ငံ*

# အမှာစာ

အပြည်ပြည်ဆိုင်ရာ IDEA ၏အမြင်တွင် နိုင်းယှဉ်ရအသိပညာဗဟုသုတများနှင့် ဒီမိုကရေစီကို ထောက်ခံအားပေးမှုဆိုင်ရာ အတွေ့အကြုံများအားမျှဝေရာတွင် အဓိကကျသောအပြည်ပြည်ဆိုင်ရာ လှုပ်ရှားသူတစ်ဦး ဖြစ်ရေးပင်ဖြစ်သည်။ ထို့နောက် ရည်ရွယ်ချက်မှာ ထိုဗဟုသုတနှင့် အတွေ့အကြုံများကို နိုင်ငံလုံးဆိုင်ရာ ဆွေးနွေးမှုများနှင့် နိုင်ငံရေးဦးတည်ချက်များကို အထောက်အကူပြုရာတွင် အသင့်ရှိနိုင်စေရန်ဖြစ်သည်။

ရွေးကောက်ပွဲစနစ်ရွေးချယ်မှုနှင့် ရွေးကောက်ပွဲဆိုင်ရာညွှန်ကြားမှု ဒီဇိုင်းအပါအဝင် ဖြစ်သော ရွေးကောက်ပွဲဆိုင်ရာ စည်းမူဘောင်သည် ရွေးကောက်ပွဲ၏ရလဒ်နှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်တို့၏ ယုံကြည်ရမှုအပေါ်တွင် အဆုံးအဖြတ်ပေးပြီး ထိုမှသာလျှင် ဒီမိုကရေစီကို အယုံအကြည်ရှိနိုင်မည်ဖြစ်သည်။ ပညာရှင်ဆန်သော ရွေးကောက်ပွဲညွှန်ကြားမှုကို တိုးတက်အောင်ပြုလုပ်ခြင်းသည် နည်းပညာနှင့် စီမံခန့်ခွဲမှုတို့နှင့်သာ ဆိုင်သည်မဟုတ်ဘဲ ၎င်းတို့ကိုယ်ပိုင် စိတ်ဝင်စားသောအချက်များနှင့် စီမံကိန်းများ ရှိနေသော နိုင်ငံရေးကစားသမားများကိုပါ ပြင်းပြင်းထန်ထန်ထိပ်တိုက်တွေ့စေခြင်းပင်ဖြစ်သည်။ ဘက်စုံဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီအားကောင်းစေရန်ဆောင်ရွက်ခြင်းတို့တွင် ၎င်း၏အရေးပါပုံမှာ ပြောမဆုံးအောင်ပင် ဖြစ်သည်။

ဤလက်စွဲစာအုပ်သည် အဓိကကျသောတစ်ကမ္ဘာလုံးဆိုင်ရာဒီဇိုင်း၊ တည်ထောင်မှု၊ ဘဏ္ဍာရေး၊ လေ့ကျင့်သင်ကြားပေးရေးနှင့် ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲသောကဏ္ဍဆိုင်ရာတို့ကို သုံးသပ်ချက်တို့ကို နှိုင်းယှဉ်ထားသော အသိပညာများပါဝင်သည်။

ပထမဆုံးထုတ်ဝေမှုကို ၂၀၀၆ ခုနှစ်တွင်ပြုလုပ်ခဲ့ပြီး ထိုအချိန်မှစကာ အခြေခံလေ့ကျင့်သင်ကြားရေး အသုံးချပစ္စည်းများနှင့် အွန်လိုင်းအသုံးချကိရိယာများကို ပြုလုပ်တည်ထောင်ခဲ့သည်။ ထိုစာအုပ်သည်ပင်လျှင် အပြည်ပြည်ဆိုင်ရာ IDEA ၏ အကျော်ကြားဆုံးဗဟုသုတဆိုင်ရာ ရင်းမြစ်ဖြစ်လာသကဲ့သို့ အခြားဘာသာစကားပေါင်းများစွာသို့ ပြန်ဆိုထားပြီးဖြစ်သည်။

ထိုစာအုပ်ပထမအကြိမ် ရိုက်နှိပ်ပြီးချိန်မှစ၍ တော်တော်များများပြောင်းလဲလာသော အရာများရှိသည်။ ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့အစည်း (EMBs) အသစ်များပေါ်လာသည်။ အဖွဲ့ဝင်ဟောင်းများကိုမူ မသမာမှု၊ ခြစားမှုတို့ဖြင့် စွပ်စွဲခံထားရခြင်းကြောင့် စစ်ဆေးပြီးဖြစ်သည်။ ရွေးကောက်ပွဲတွင်နည်းပညာ၏အခန်းကဏ္ဍမှာ ပိုမိုသိသာထင်ရှားစွာပါဝင်သည်။ EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ပညာရပ်ဆိုင်ရာကျွမ်းကျင်တိုးတက်မှုမှာလည်း ကြီးထွားလာသည်။ ရွေးကောက်ပွဲနှင့် လိင်ကွဲပြားမှုဆိုင်ရာနယ်ပယ်တိုးတက်မှုတို့လည်း ပြုလုပ်ပြီးဖြစ်သည်။ ထို့ကြောင့်ယခုအချိန်သည် ပြန်လည်ဆန်းစစ်ပြီးသော ပုံစံနောက်တစ်မျိုးကိုထုတ်ဝေရန်အချိန်ပင်ဖြစ်သည်။ အသက်ဆိုင်ဆုံးသောအပိုင်းကို မွန်းမံကာထပ်မံချဲ့ထွင်ပြီးနောက် လက်ရှိတစ်နိုင်ငံလုံး အတိုင်းအတာအချက်အလက်များနှင့် ဖြစ်စဉ်လေ့လာချက်အသစ်များက တစ်ကမ္ဘာလုံးဆိုင်ရာ ရွေးကောက်ပွဲနှင့်ပတ်သတ်သော နယ်ပယ်၏ကွဲပြားမှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် အကြံဉာဏ်သစ်များကို မီးမောင်းထိုးပြပေလိမ့်မည်။

ဤလက်စွဲစာအုပ်သည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်တို့ကို ပိုမိုအားကောင်းစေရန်နှင့် တရားဝင်ဖြစ်စေခြင်းတို့အတွက် ပါဝင်ပတ်သတ်နေသူများနှင့် စိတ်ဝင်စားသောသူများအတွက် အဖိုးတန်သော ရင်းမြစ်တစ်ခုဖြစ်ပါလိမ့်မည်။

*Yves Leterme*

*အထွေထွေအတွင်းရေးမှူး*

*International IDEA*

# မာတိကာ


စကားဦး ........ I

အညွှန်းကဏ္ဍ ........ III

စကားအတိုကောက်များ ........ XV

မိတ်ဆက်ကဏ္ဍ ........ ၁

**အခန်း (၁) မည်သူတို့က ရွေးကောက်ပွဲကို ပြုလုပ်သနည်း** ........ ၅

EMB ဆိုသည်မှာအဘယ်နည်း ........ ၅

ရွေးကောက်ပွဲစီမံခန့်ခွဲခြင်းပုံစံသုံးမျိုး ........ ၇

*ရွေးကောက်ပွဲစီမံခန့်ခွဲမှုပုံစံတွင် လွတ်လပ်သော ပုံစံ* ........ ၇

*အစိုးရဖွဲ့စည်းသော ရွေးကောက်ပွဲ စီမံခန့်ခွဲမှုပုံစံ* ........ ၈

*ပုံစံအရော ရွေးကောက်ပွဲစီမံခန့်ခွဲမှု ပုံစံ* ........ ၈

ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲပုံ ပြောင်းသွားသောအခါ EMB ထံမှ မည်သည်တို့ရရှိနိုင်မည်နည်း ........ ၁၂

*ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု ပုံစံကြီးသုံးမျိုးအောက်ရှိ EMB များ၏ ဂုဏ်သတ္တိများ* ........ ၁၃

ပုံသေနှင့် ယာယီ EMB များ ........ ၁၃

ဗဟိုပြုစနစ်ရှိသောနှင့် ဗဟိုပြုစနစ်မရှိသော EMB များ ........ ၁၆

ပြည်ထောင်စုစနစ် ကျင့်သုံးသော တိုင်းပြည်မှ EMB များ ........ ၂၃

အကူးအပြောင်းဆိုင်ရာအပြည်ပြည်ဆိုင်ရာ EMB များနှင့် နိုင်ငံပိုင် EMB များ ........ ၂၄

ဝန်ကြီးများအဖွဲ့နှင့်ဥပဒေပြုဆိုင်ရာလွှတ်တော်ရှေ့မှောက်တွင် EMB ကို ကိုယ်စားပြု တင်သွင်းခြင်း ........ ၂၆

EMB များအားလုံးအတွက်လမ်းညွှန် စည်းကမ်းများ ........ ၂၉

*လွတ်လပ်ခြင်း* ........ ၂၉

*ဘက်မလိုက်ခြင်း* ........ ၃၀

*ဂုဏ်သိက္ခာရှိမှု* ........ ၃၁

*ပွင့်လင်းမြင်သာမှု* ........ ၃၂

*ထိရောက်မှု* ........ ၃၂

*ပညာရှင်ဆန်မှု* ........ ၃၃

*ဝန်ဆောင်မှုကို ဦးစားပေးခြင်း* ........ ၃၄

အခန်းအကျဉ်းချုပ် ........ ၃၄

**အခန်း (၂) ဥပဒေဘောင် : EMB ၏ နေရာနှင့်လုပ်ပိုင်ခွင့်အဓိပ္ပာယ်သဘောတရား** ........ ၅၇

တရားဥပဒေဆိုင်ရာ အချက်အလက်တို့က ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုပုံ .. ၅၇

အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့် သဘောတူညီချက်များ ..... ၅၉

ဖွဲ့စည်းပုံ အခြေခံဥပဒေ ........ ၆၁

ရွေးကောက်ပွဲဥပဒေ : အက်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ........ ၆၄

EMB ၏ စည်းမျဉ်းစည်းကမ်းနှင့် တရားဝင်ထုတ်ပြန်ကြေငြာချက်များ ........ ၆၇

အခန်းအကျဉ်းချုပ် ........ ၆၉

**အခန်း (၃) EMB တစ်ခု၏ အာဏာလုပ်ဆောင်ချက်နှင့် တာဝန်များ ..... ၉၇**

အာဏာနှင့် လုပ်ပိုင်ခွင့် ..... ၉၈

အာဏာ၊ လုပ်ဆောင်ချက်နှင့် တာဝန်တို့၏ အတိုင်းအတာ ..... ၉၉

*တိုက်ရိုက်သက်ရောက်သော ဒီမိုကရေစီ စာချုပ်စာတမ်းများ* ..... ၁၀၂

*ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း အချင်းချင်း  ဘဏ္ဍာငွေ မျှဝေမှု* ..... ၁၀၂

နယ်နိမိတ် ကန့်သတ်ခြင်း ..... ၁၀၄

မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းခြင်း ..... ၁၀၄

နိုင်ငံရေးပါတီများအား မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် ဘဏ္ဍာငွေထောက်ပံ့ ခြင်း ..... ၁၀၆

ရွေးကောက်ပွဲအတွက် မဲဆွယ်မှုများ ..... ၁၀၇

မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် သတင်းအချက်အလက်များဝေမျှခြင်း ..... ၁၀၉

ရွေးကောက်ပွဲရလဒ်များ အတည်ပြုခြင်း ..... ၁၁၁

ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခြင်း ..... ၁၁၁

နိုင်ငံတကာဆိုင်ရာ လှုပ်ရှားမှုများ ..... ၁၁၂

ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကို ဖြေရှင်းခြင်း ..... ၁၁၃

ပြည်သူလူထုဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အနေနှင့် EMB  ၏ တာဝန်များ ..... ၁၁၃

*အကျိုးစီးပွား ဝိရောဓိကို ရှောင်ရှားခြင်း* ..... ၁၁၅

ဒီမိုကရေစီနှင့် ညီမျှမှုရစေရန်အတွက် EMB ၏ တာဝန်များ ..... ၁၁၅

*ကျား၊မ အချိုးညီမှု* ..... ၁၁၆

တိုင်းရင်းသားလူမျိုး ..... ၁၂၀

နိုင်ငံခြား အခြေစိုက် ဝင်ထွက်သွားလာခွင့် ..... ၁၂၁

အခန်းအကျဉ်းချုပ် ..... ၁၂၃

**အခန်း (၄) EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာ ဌာန)၏ ဖွဲ့စည်းပုံ၊ အခန်းကဏ္ဍနှင့် လုပ်ဆောင်ချက်များ ..... ၁၄၃**

EMB   အဖွဲ့ဝင်ခြင်း ..... ၁၄၄

EMB  အဖွဲ့ဝင်များ၏ အခြေအနေ ..... ၁၄၅

EMB   ဥက္ကဋ္ဌရာထူး : အခွင့်ထူးခံနေရာလော ..... ၁၄၅

EMB    အဖွဲ့ဝင်များ : ဂုဏ်သရေရှိကျွမ်းကျင် ပညာရှင်များလော ၊ တစ်ဦးကိုတစ်ဦး ပြန်လည်စောင့်ကြည့်နေရသူများလော ..... ၁၄၇

ပါတီစုံအခြေပြု EMB များ ..... ၁၄၇

ပညာရှင်အခြေပြု EMB များ ..... ၁၄၉

ပါတီစုံစနစ်နှင့်ပညာရှင်အခြေပြုစနစ် နှစ်ခုလုံးပါသော EMB  များ ..... ၁၅၀

အဖွဲ့ဝင်များအချိန်ပြည့်လောအချိန်ပိုင်းလော ..... ၁၅၀

EMB အဖွဲ့ဝင် မည်မျှ ခန့်အပ်မည်နည်း ..... ၁၅၁

ပုံသေ EMB များရှိ အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်သက် ပုံသေ ..... ၁၅၂

EMB အဖွဲ့ဝင်များ စုဆောင်းခြင်းနှင့် ခန့်အပ်ခြင်း ..... ၁၅၅

*လူသိရှင်ကြား ကြေငြာသော နည်းစနစ်ဖြင့် လူစုဆောင်းခြင်း* ...... ၁၅၆
EMB အဖွဲ့ဝင်များ ခန့်အပ်ခြင်း ...... ၁၅၇
ခန့်အပ်ရန်အတွက် လိုအပ်သော အရည်အချင်းများ ...... ၁၅၉
တာဝန်ထမ်းဆောင်မှုဆိုင်ရာ စည်းမျဉ်းနှင့် EMB အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်သက်ဆိုင်ရာလုံခြုံမှု ...... ၁၆၃
ပဋိညာဉ်ယူခြင်း သို့မဟုတ် ကတိကဝတ်ခံခြင်း ...... ၁၆၅
အတွင်းပိုင်းရှိ စည်းမျဉ်းစည်းကမ်းများ ...... ၁၆၅
EMB ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာလုပ်ငန်း ...... ၁၆၆
EMB အဖွဲ့ဝင်များ အစည်းအဝေးပြုလုပ်ခြင်း ...... ၁၆၇
တံခါးပိတ် သို့မဟုတ် လူသိရှင်ကြားလုပ်သော EMB အစည်းအဝေးများ ...... ၁၆၈
EMB အဖွဲ့ဝင် ကော်မတီများ ...... ၁၆၉
EMB အထွေထွေ အတွင်းရေးမှူးဌာနနှင့် EMB အဖွဲ့ဝင်များ၏ ဆက်ဆံရေး ...... ၁၆၉
အခန်းအနှစ်ချုပ် ...... ၁၇၀

**အခန်း (၅) EMB ၏လုပ်ရှားမှုများအားစီမံကိန်းချခြင်းနှင့် အကောင်အထည်ဖော်ခြင်း** ...... ၁၉၃
EMB ...... ၁၉၃
EMB အထွေထွေအတွင်း ရေးမှူးဌာနနှင့် ပြည်သူ့ဝန်ဆောင်မှု ...... ၁၉၄
အထွေထွေအတွင်းရေးမှူးဌာနအား တည်ဆောက်ခြင်း ...... ၁၉၈
အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှု ဇယား ...... ၁၉၉
*အဖွဲ့အစည်းဆိုင်ရာဇယား တည်ဆောက်ပုံ* ...... ၂၀၁
*စံပြ အထွေထွေအတွင်းရေးမှူးရုံး တည်ဆောက်ပုံ* ...... ၂၀၁
ဗျူဟာစီမံကိန်းရေးဆွဲခြင်း ...... ၂၀၃
လုပ်ငန်းစဉ်ဆိုင်ရာ စီမံကိန်းချခြင်း ...... ၂၀၅
ရွေးကောက်ပွဲ ပြက္ခဒိန် ...... ၂၁၀
အခန်း အနှစ်ချုပ် ...... ၂၂၀

**အခန်း (၆) ပညာရှင်ဆန်သော ရွေးကောက်ပွဲ စီမံခန့်ခွဲရေး တည်ဆောက်ခြင်း** ...... ၂၃၉
EMB အထွေထွေအတွင်းရေးမှူးဌာနများအတွက် ပြည်သူ့ဝန်ထမ်းများကို အသုံးချခြင်း ...... ၂၄၁
ပုံသေနှင့် ယာယီဝန်ထမ်းများ ...... ၂၄၁
ရာထူးခန့်အပ်ခြင်းနှင့်ဆိုင်သော အချက်အလက်များ : EMB အတွက်အထူး သို့မဟုတ် ပြည်သူ့ဝန်ထမ်းဌာန ဝန်ထမ်းများအတွက် ...... ၂၄၂
ဝန်ထမ်းပင်စင် ...... ၂၄၃
ပညာရှင်အဆင့်ရွေးကောက်ပွဲ အရာရှိများအတွက် တာဝန်ထမ်းဆောင်ရာအခွင့်အလမ်းများ ...... ၂၄၃
EMB ဝန်ထမ်းများခန့်အပ်ရာတွင် ကျင့်သုံးရသည့် စည်းမျဉ်းများ ...... ၂၄၄
EMB အထွေထွေအတွင်းရေးမှူးဌာန ဝန်ထမ်းများ ခန့်အပ်ရေးအတွက် လုပ်ဆောင်ပုံအဆင့်ဆင့်များ ...... ၂၄၆
ဝန်ထမ်းများကို လေ့ကျင့်သင်ကြားခြင်းနှင့် တိုးတက်အောင်ပြုလုပ်ခြင်း ...... ၂၄၇

ပုံသေခန့်အပ်ဝန်ထမ်းများအတွက် EMB အဖွဲ့အစည်းနှင့် ဝန်ထမ်းတိုးတက်မှု ..... ၂၄၈
နိုင်ငံတကာ အတွေ့အကြုံများကို အသုံးချခြင်း ..... ၂၄၉
ဦးဆောင်သင်ကြားပေးခြင်း ..... ၂၅၀
EMB ဝန်ထမ်းများအတွက်  ပညာရေးနှင့် တိုးတက်ရေးဆိုင်ရာ သင်ရိုးများ ..... ၂၅၁
လုပ်ငန်းလှုပ်ရှားမှုဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း ..... ၂၅၂
လေ့ကျင့်သင်ကြားရေး နည်းနစ် ..... ၂၅၃
    *အထက်အောက် လေ့ကျင့်သင်ကြားခြင်း* ..... ၂၅၃
    *ရွေ့လျားအသင်းများနှင့် လေ့ကျင့်သင်ကြားခြင်း* ..... ၂၅၄
    *ဆက်တိုက်လေ့ကျင့်သင်ကြားခြင်း* ..... ၂၅၄
လေ့ကျင့်သင်ကြားရန်လိုအပ်သော အရာများ ..... ၂၅၅
    *လမ်းညွှန်ချက်များ* ..... ၂၅၅
    *လေ့ကျင့်နည်းလမ်းညွှန်များ* ..... ၂၅၅
    *သရုပ်ဖော်လေ့ကျင့်ခြင်းများနှင့် ဗွီဒီယိုများ* ..... ၂၅၅
EMB ၏ ပညာရှင်ဆန်မှုကို တားဆီးနိုင်သော အချက်များ ..... ၂၅၆
အခန်းအနှစ်ချုပ် ..... ၂၅၇

**အခန်း (၇) EMB များအား ဘဏ္ဍာငွေထောက်ပံ့ခြင်း ..... ၂၇၉**
သာမန် EMB များ၏ ဘဏ္ဍာငွေထောက်ပံ့မှုဆိုင်ရာ ပြဿနာများ ..... ၂၇၉
မည်သို့သော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များက ထောက်ပံ့ရန်လိုအပ်သနည်း ..... ၂၈၀
မည်သူက EMB များသို့ ဘဏ္ဍာငွေ ထောက်ပံ့ပြီး မည်သို့ ထောက်ပံ့နေသနည်း ..... ၂၈၃
    *တိုင်းပြည် သို့မဟုတ် ပြည်သူ့ဘဏ္ဍာ* ..... ၂၈၃
    *တိုင်းပြည်ဘဏ္ဍာများကို ခွဲဝေဖြန့်ဖြူးခြင်းဆိုင်ရာ နည်းစနစ်* ..... ၂၈၃
    *တလုံးတခဲ သို့မဟုတ် ဖြန့်ဖြူးပြီးသား ရွေးကောက်ပွဲဆိုင်ရာ ဘတ်ဂျက်ငွေများ* ..... ၂၈၃
    *အလှူရှင်များမှ ဘဏ္ဍာငွေထောက်ပံ့ခြင်း* ..... ၂၈၄
    *EMB ၏ အခြားသော ဘဏ္ဍာငွေ ထောက်ပံ့မှုဆိုင်ရာ ရင်းမြစ်များ* ..... ၂၈၆
EMB များ၏ ဘတ်ဂျက်ငွေ တွက်ချက်နည်း ..... ၂၈၇
    *ဘတ်ဂျက်ငွေတွက်ယူခြင်းနှင့် လက်ခံအတည်ပြုခြင်းလုပ်ငန်းစဉ်* ..... ၂၈၉
    *ဘတ်ဂျက်ဘဏ္ဍာငွေ ထောက်ပံ့မှု ရရှိနိုင်ခြေ* ..... ၂၉၀
    *EMB ဘဏ္ဍာငွေ ထောက်ပံ့မှုကို ထိန်းသိမ်းခြင်း* ..... ၂၉၀
EMB လက်ခံမှုဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များ ..... ၂၉၁
EMB ဘဏ္ဍာရေးဆိုင်ရာ ထိန်းချုပ်မှု လုပ်ငန်းစဉ်များ ..... ၂၉၂
ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲခြင်း ..... ၂၉၄
မှတ်တမ်းများကို စီမံခန့်ခွဲခြင်း ..... ၂၉၅
EMB ဘဏ္ဍာရေးစီမံခန့်ခွဲရေးအတွက် စည်းမျဉ်းစည်းကမ်းများ ..... ၂၉၅
    *ပွင့်လင်းမြင်သာမှု* ..... ၂၉၅
    *အလုပ်တွင်မှုနှင့် ထိရောက်မှုနှုန်း* ..... ၂၉၆

*ဂုဏ်သိက္ခာ* ..................... ၂၉၆

အခန်းအနှစ်ချုပ် ..................... ၂၉၇

**အခန်း (၈) ပါဝင်ပတ်သက်သူတို့နှင့် ဆက်ဆံရေး** ..................... ၃၀၇

ပါဝင်ပတ်သက်သူဆိုသည်မှာ မည်သူတို့ဖြစ်သနည်း နှင့်
ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ၎င်းတို့၏ အခန်းကဏ္ဍမှာ မည်သည်တို့ဖြစ်သနည်း ..................... ၃၀၇

အဓိက ပါဝင်ပတ်သက်သူများ ..................... ၃၀၇

*နိုင်ငံရေးပါတီများနှင့် အမတ်လောင်းများ* ..................... ၃၀၈

EMB ဝန်ထမ်းများ ..................... ၃၀၉

*အုပ်ချုပ်ရေးမဏ္ဍိုင်* ..................... ၃၁၀

*ဥပဒေပြု လွှတ်တော်* ..................... ၃၁၁

ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများအား ဖြေရှင်းပေးမည့်ဌာနများ ..................... ၃၁၂

*တရားစီရင်ရေးမဏ္ဍိုင်* ..................... ၃၁၃

*ရွေးကောက်ပွဲစောင့်ကြည့်ရေး/ထောက်ခံအတည်ပြုရေး အဖွဲ့များ နှင့် ပြည်တွင်းနှင့်*
*နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများ* ..................... ၃၁၃

*ရှေးရိုးစဉ်လာ မီဒီယာ* ..................... ၃၁၄

*လူမှုမီဒီယာ* ..................... ၃၁၆

*မဲဆန္ဒရှင်များ* ..................... ၃၁၆

*အရပ်ဖက်လူမှုအဖွဲ့အစည်းများ* ..................... ၃၁၇

*အလျှိုရှင်အသိုင်းအဝိုင်းနှင့်မဲဆန္ဒရှင်များအားကူညီပေးသော ကိုယ်စားလှယ်*
*အဖွဲ့အစည်းများ* ..................... ၃၁၈

ဒုတိယအဆင့် ပါဝင်ပတ်သက်သူများ ..................... ၃၁၉

*EMB အတွက် ပစ္စည်းပေးသွင်းသူများ* ..................... ၃၁၉

*ပြည်သူအများစု* ..................... ၃၁၉

*ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ကွန်ယက်များ* ..................... ၃၂၀

ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရေးကို ထိန်းသိမ်းခြင်း ..................... ၃၂၀

ပေါင်းသင်းဆက်ဆံရခက်ခဲသော ပါဝင်ပတ်သက်သူများကို ကိုင်တွယ်ဖြေရှင်းခြင်း ..................... ၃၂၄

အခန်းအနှစ်ချုပ် ..................... ၃၂၅

**အခန်း (၉) ရွေးကောက်ပွဲဆိုင်ရာ နည်းပညာ** ..................... ၃၄၅

လတ်တလော ဆယ်စုနှစ်များအတွင်းရှိ ရွေးကောက်ပွဲနည်းပညာ ..................... ၃၄၅

ရွေးကောက်ပွဲ နည်းပညာများ၏ အမျိုးအစားများနှင့် အဓိက အချက်အလက်များ ..................... ၃၄၅

ရွေးချယ်ထားမိသော ICT အယူအဆနှင့် ရွေးကောက်ပွဲ နည်းပညာများအပေါ် သက်ရောက်မှု ၃၄၇

*ICT တီထွင်ဖန်တီးမှု လည်ပတ်ရေးနှင့် ၎င်းတို့၏ ရွေးကောက်ပွဲ လည်ပတ်ပုံဆက်စပ်မှု* .. ၃၄၇

*"ရေချိုးဇလား သဏ္ဍာန်မျဉ်းကွေး" နှင့် ရွေးကောက်ပွဲ လည်ပတ်ပုံ* ..................... ၃၄၈

*ICT စနစ်အတွက် ပိုင်ဆိုင်မှုကြေး စုစုပေါင်း ကျသင့်ငွေ* ..................... ၃၅၀

*ICT လုံခြုံရေးနှင့် ကုန်ကျစရိတ်များ* ..................... ၃၅၁

ရွေးကောက်ပွဲဆိုင်ရာ နည်းပညာရောင်းချသူများ ........ ၃၅၂

*လိုအပ်ချက်ကို ဦးစားပေးသော ချဉ်းကပ်နည်း* ........ ၃၅၂

အထောက်အပံ့ရယူခြင်း ........ ၃၅၂

*ရောင်းသူတစ်ဦးတည်းကို ပုံသေမှီခိုရခြင်း* ........ ၃၅၃

*အဖွင့်စနစ်နှင့် ပိုင်ရှင်ရှိသောစနစ်တို့ကို နှိုင်းယှဉ်ချိန်ဆခြင်း* ........ ၃၅၃

*စီးပွားဖြစ် အသစ်ကျပ်ချွတ်စနစ်နှင့် ပြုပြင်မွမ်းမံထားသော စနစ်တို့ကို ရေးဆွဲခြင်း* ........ ၃၅၄

မဲဆန္ဒရှင်တို့ကို အသိပညာပေးခြင်းနှင့် ပြည်သူတို့ကို သတင်းအချက်အလက်များ မျှဝေခြင်း .. ၃၅၅

လေ့ကျင့်ခြင်းနှင့် ကျွမ်းကျင်မှု ........ ၃၅၆

စီမံညွှန်ကြားခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုဆိုင်ရာ ရည်ရွယ်ချက်များ ........ ၃၅၆

*EMB ကြီးကြပ်မှုကို ထိန်းသိမ်းခြင်း* ........ ၃၅၆

*တာဝန်ခံနိုင်ခြင်းနှင့် ယုံကြည်စိတ်ချရမှု* ........ ၃၅၇

*ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုလုံးကို အာရုံစိုက်ခြင်း* ........ ၃၅၈

*အားလုံးပါဝင်နိုင်မှု* ........ ၃၅၈

*အလှူရှင်တို့၏ ဘဏ္ဍာငွေထောက်ပံ့ထားသော နည်းပညာတို့၏ တာရှည်ခံမှု* ........ ၃၅၈

*သင့်တော်သော နည်းပညာကို ရွေးချယ်ခြင်း* ........ ၃၅၉

အီလက်ထရွန်းနစ် နည်းပညာဖြင့် မဲဆန္ဒရှင်စာရင်းရေးသွင်းခြင်း၏ ပြဿနာများ ........ ၃၅၉

အီလက်ထရွန်းနစ် မဲပေးစနစ်နှင့် မဲရေတွက်သော စနစ်တို့၏ နောက်ခံအကျဉ်း ........ ၃၆၀

*နည်းပညာလိုအပ်ချက်များ၊ ထောက်ခံချက်များနှင့် စာရင်းစစ်ခြင်း* ........ ၃၆၂

*မဲဆန္ဒရှင်ဘက်မှ စစ်ဆေးထားသော  စာရွက်စာတမ်းများနှင့် စာရင်းစစ်ပုံ လမ်းကြောင်း* . ၃၆၂

*ကျသင့်ငွေ* ........ ၃၆၃

အခန်းအနှစ်ချုပ် ........ ၃၆၄

**အခန်း (၁၀) EMB ၏ စွမ်းဆောင်ရည်တို့ကို လေ့လာသုံးသပ်ခြင်း** ........ ၃၈၁

အဘယ်ကြောင့် EMB ၏ တာဝန်ယူနိုင်မှုသည် အရေးပါရသနည်း ........ ၃၈၁

EMB တာဝန်ခံနိုင်ခြင်းအတွက် အကောင်းဆုံး စည်းမျဉ်းများနှင့် ကျင့်ထုံးများ ........ ၃၈၁

ပါဝင်ပတ်သက်သူများ၏ တာဝန်ခံနိုင်မှု ........ ၃၈၂

တိုင်ပင်ဆွေးနွေးခြင်းနှင့် ဆက်သွယ်မှုပြုခြင်း ........ ၃၈၂

စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ တာဝန်ခံနိုင်ခြင်း ........ ၃၈၃

*အတွင်းပိုင်းစွမ်းဆောင်ရည်အတွက် တာဝန်ခံနိုင်ခြင်း* ........ ၃၈၃

*အပြင်ပိုင်းစွမ်းဆောင်ရည်အတွက် တာဝန်ခံနိုင်ခြင်း* ........ ၃၈၄

ဘဏ္ဍာရေးပိုင်းဆိုင်ရာ တာဝန်ခံနိုင်ခြင်း ........ ၃၈၅

*အတွင်းပိုင်း ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံနိုင်ခြင်း* ........ ၃၈၆

*အပြင်ပိုင်း ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံနိုင်ခြင်း* ........ ၃၈၆

နည်းပညာ အခြေခံသော စနစ်တို့၏ တာဝန်ခံနိုင်ခြင်း ........ ၃၈၇

EMB သုံးသပ်သော နည်းစနစ်များ ........ ၃၈၈

*အတွင်းပိုင်းရှိ အရည်အသွေးကို ထိန်းချုပ်ခြင်း* ........ ၃၈၈

*EMB များကို စာရင်းစစ်ခြင်း* ...... ၃၈၉
*စွမ်းဆောင်ရည်ကို စစ်ဆေးခြင်း* ...... ၃၉၀
*နည်းစနစ်နှင့် စွမ်းဆောင်ရည်စာရင်းစစ်ခြင်း၏ ပမာဏအတိုင်းအတာ* ...... ၃၉၁
စွမ်းဆောင်ရည် စစ်ဆေးခြင်းဆိုင်ရာ ရလဒ်များ ...... ၃၉၂
*ဘဏ္ဍာငွေကို စာရင်းစစ်ခြင်း* ...... ၃၉၄
*EMB များ၏ အစီအစဉ်ကို အကဲဖြတ်ခြင်း* ...... ၃၉၅
ရွေးကောက်ပွဲအပြီး ဆန်းစစ်ချက်များ ...... ၃၉၆
*ပညာရှင်အချင်းချင်းတို့၏ လေ့လာသုံးသပ်ချက်များ* ...... ၄၀၀
*ပြင်ပပိုင်းဆိုင်ရာ သုံးသပ်မှု၏ ပြဿနာများ* ...... ၄၀၀
အခန်းအနှစ်ချုပ် ...... ၄၀၁

**အခန်း (၁၁) EMB ၏ တာရှည်ခံနိုင်မှု** ...... ၄၁၇
တာရှည်ခံနိုင်မှုဆိုသည်မှာ အဘယ်နည်း ...... ၄၁၇
EMB တာရှည်ခံနိုင်မှုသည် အဘယ်ကြောင့် အရေးပါပါသနည်း ...... ၄၁၈
လိုအပ်ချက်များကို သုံးသပ်ခြင်း ...... ၄၁၉
ရွေးကောက်ပွဲဆိုင်ရာ တာရှည်ခံခြင်းနှင့် အလှူရှင်တို့၏ အထောက်အပံ့ ...... ၄၂၁
တာရှည်ခံစေရန် အထောက်အပံ့ဖြစ်စေသော ကျင့်ထုံးများ ...... ၄၂၄
တာရှည်ခံနိုင်ရန်အတွက် ဝန်ထမ်းခန့်အပ်ခြင်း ...... ၄၂၄
ရုံးစနစ်များ ...... ၄၂၅
ရွေးကောက်ပွဲအတွက် အသုံးပြုသော ကိရိယာများ ...... ၄၂၆
တည်ဆောက်မှုပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာတာရှည်ခံမှုတို့အတွက် အကြံပြုချက်များ ၄၂၈
*ရွေးကောက်ပွဲဆိုင်ရာစနစ်များ* ...... ၄၂၉
*ရွေးကောက်ပွဲဆိုင်ရာ နယ်နိမိတ်ကန့်သတ်ခြင်း* ...... ၄၂၉
*မဲဆန္ဒရှင်များအား မှတ်ပုံတင်ခြင်း* ...... ၄၃၀
*မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ* ...... ၄၃၁
အလိုအလျောက် မဲပေးခြင်းနှင့် မဲရေခြင်းလုပ်ငန်းစဉ်များ ...... ၄၃၃
အခန်းအနှစ်ချုပ် ...... ၄၃၅

**အခန်း (၁၂) EMB ကွန်ယက်များ** ...... ၄၅၇
ရွေးကောက်ပွဲဆိုင်ရာကွန်ယက်ဆိုသည်မှာ အဘယ်နည်း၊
အဘယ်ကြောင့် အရေးပါရသနည်း ...... ၄၅၇
တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကွန်ယက် ...... ၄၅၈
ဒေသဆိုင်ရာ EMB ကွန်ယက်များ ...... ၄၅၈
တစ်ကမ္ဘာလုံးဆိုင်ရာ ရွေးကောက်ပွဲ ကွန်ယက်များ ...... ၄၆၁
ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးသော ကွန်ယက်များ ...... ၄၆၂
အခန်းအနှစ်ချုပ် ...... ၄၆၃

**အခန်း (၁၃) ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ............................... ၃၈၅**
ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ခြင်း ............................................................................ ၄၈၅
မအောင်မြင်သော EMB များ ........................................................................................ ၄၈၈
ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ရေးတွင် EMB ၏ တာဝန် ................................................. ၄၈၉
ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ခြင်းဆိုင်ရာ နယ်ပယ်ပမာဏ ............................................ ၄၉၁
ရွေးကောက်ပွဲဆိုင်ရာ အပြောင်းအလဲများကို စီမံခန့်ခွဲခြင်း ............................................ ၄၉၄
ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်ပြုပြင်ရေးတို့နှင့် ပတ်သက်သော ထိခိုက်ဆုံရှုံးဖွယ်ရာများ ..... ၄၉၅
အခန်းအနှစ်ချုပ် .......................................................................................................... ၄၉၅
နောက်ဆက်တွဲ (က) တစ်ကမ္ဘာလုံးဆိုင်ရာစစ်တမ်း : နိုင်ငံနှင့်နယ်မြေ ၂၁၇ ခုမှ
ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုဌာနများ....................................................................... ၄၉၈
နောက်ဆက်တွဲ (ခ) အဓိပ္ပါယ်ဖွင့်ဆိုချက်များ .................................................................... ၅၂၈
နောက်ဆက်တွဲ (ဂ) ရည်ညွှန်းကိုးကားစာစုများ ................................................................ ၅၄၄
နောက်ဆက်တွဲ (ဃ) လူမှုကွန်ယက် ဝက်ဘ်ဆိုက်များ ...................................................... ၅၄၈
နောက်ဆက်တွဲ (င) စာရေးဆရာများအကြောင်း ................................................................. ၅၆၀
နောက်ဆက်တွဲ (စ) ကျေးဇူးတင်လွှာ .............................................................................. ၅၇၁
နောက်ဆက်တွဲ (ဆ) အပြည်ပြည်ဆိုင်ရာ IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့်
ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေး အဖွဲ့အစည်း) အကြောင်း ........................ ၅၇၂

**ဇယားများ**

ဇယား ၁ : ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲခြင်းဆိုင်ရာ ပုံစံအကျယ်သုံးမျိုး၏ ဝိသေသလက္ခဏာနှင့်
၎င်းတို့၏ EMB တွင်ပါဝင်သောအရာများ ....................................................................... ၉
ဇယား ၂ : အမှီအခိုကင်းသောပုံစံ၏အောက်တွင် EMB တစ်ခု၏ မရှိမဖြစ်လိုအပ်သောအချက်၊
ဖြစ်နိုင်ချေရှိသောအချက်၊ မဖြစ်နိုင်သောအချက်များ ....................................................... ၁၄
ဇယား ၃ : အစိုးရပုံစံအောက်တွင် EMB တစ်ခု၏ မရှိမဖြစ်လိုအပ်သောအချက်၊
ဖြစ်နိုင်ချေရှိသောအချက်၊ မဖြစ်နိုင်သောအချက်များ ....................................................... ၁၇
ဇယား ၄ : ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုဆိုင်ရာပုံစံအရော၏အောက်တွင် EM¬Bဂုဏ်သတ္တိ
ဥပမာများ .................................................................................................................. ၁၈
ဇယား ၅ : ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲခြင်းပုံစံကွဲသုံးမျိုး၏ အားသာချက်နှင့်
အားနည်းချက်များ........................................................................................................ ၂၆
ဇယား ၆ : ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက်အချို့ကို EMB ကိုမအပ်ဘဲ အခြားသော
ဌာနများကို အပ်သောအခါ ရလာနိုင်သော ကောင်းကျိုး ၊ ဆိုးကျိုးများကိုဖော်ပြပါ ............... ၁၀၃
ဇယား ၇ : ပါတီစုံ၊ ပညာရှင်နှင့် ပေါင်းစည်း EMB တို့၏ အားသာချက်နှင့်
အားနည်းချက်များ ..................................................................................................... ၁၅၂
ဇယား ၈ : ၂၀၁၂ ခုနစ်ကဲ့သို့ ပါတီအခြေပြုနှင့် ပညာရှင်အခြေပြု EMBတို့၏
ရွေးချယ်သောအဖွဲ့ဝင်အရေအတွက် ............................................................................. ၁၅၄
ဇယား ၉ : EMB (ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေး ဌာန အဖွဲ့ဝင်များအတွက် လူသိရှင်ကြား
ကြေငြာရာတွင် ရရှိနိုင်သော အားသာချက်နှင့် အားနည်းချက်များ) ................................... ၁၅၇

ဇယား ၁၀ : ဆူဒန်တောင်ပိုင်းနှင့် ဘူတန်ရှိ ပညာရှင်အခြေစိုက် EMB နှစ်ခု ခန့်အပ်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားသော လိုအပ်ချက်များ ............................ ၁၆၂
ဇယား ၁၁ : ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာ ပုံစံသုံးမျိုး၏ မူဝါဒချမှတ်ရေးနှင့် အကောင်အထည်ဖော်ရေး တို့တွင်သုံးသော အချက်အလက်များ ................................ ၁၉၄
ဇယား ၁၂ : ပြည်သူ့ဝန်ထမ်းများကို အထွေထွေအတွင်းရေးမှူး၏ ဌာနရုံးဝန်ထမ်း အဖြစ်ခန့်အပ်လိုက်သောအခါ ဖြစ်လာနိုင်သော အားသာချက်နှင့် အားနည်းချက်များ .......... ၁၉၇
ဇယား ၁၃ : ရွေးကောက်ပွဲဆိုင်ရာ အဓိက၊ကွဲပြားသောနှင့် နည်းစနစ်ကျနမှု ကုန်ကျစရိတ်များ၏ ဂုဏ်သတ္တိနှင့် ဥပမာများ ........................................................................ ၂၈၂
ဇယား ၁၄ : ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတွက် နိုင်ငံတကာ အလှူရှင်ဘဏ္ဍာငွေ ထောက်ပံ့မှုရှိခြင်း၏ အဓိက အားသာချက်နှင့် အားနည်းချက် အချို့များ ........................ ၂၈၆
ဇယား ၁၅ : ရွေးကောက်ပွဲ စွမ်းဆောင်ရည် စစ်ဆေးခြင်း : သတ်မှတ်ချက်များနှင့် ပြဿနာများ ........................................................................................ ၃၉၂
ဇယား ၁၆ : စွမ်းဆောင်ရည် စစ်ဆေးရာတွင် တွေ့နိုင်ချေရှိသော အချက်များနှင့် အကြံပေးချက်များ ............................................................................ ၃၉၃
ဇယား ၁၇ : ၂၀၁၄ ခုနှစ် ဘော့စ်တနာဝါ ရွေးကောက်ပွဲအပြီး သုံးသပ်ချက်များ သတ်မှတ်ထားသော လုပ်ပိုင်ခွင့်များနှင့် တာဝန်များ ............................................ ၃၉၇
ဇယား ၁၈ : EMB ၏ ရွေးကောက်ပွဲအပြီး သုံးသပ်လည်ပတ်ပုံကို စစ်ဆေးရမည့်စာရင်း ....... ၃၉၉

## သရုပ်ဖော်ပုံများ

သရုပ်ဖော်ပုံ ၁ : ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲခြင်းဆိုင်ရာ ပုံစံအကျယ်သုံးမျိုး၏ ဝိသေသလက္ခဏာနှင့် ၎င်းတို့၏ EMB တွင်ပါဝင်သောအရာများ .................................... ၁၂
သရုပ်ဖော်ပုံ ၂ : ရွေးကောက်ပွဲလည်ပတ်ပုံ ........................................................... ၂၂
သရုပ်ဖော်ပုံ ၃ : အမှီအခိုကင်းသော တောင်အာဖရိက ရွေးကောက်ပွဲကော်မရှင်၏ အဖွဲ့အစည်းတည်ဆောက်ပုံ ..................................................................... ၂၀၆
သရုပ်ဖော်ပုံ ၄ : အာဖဂန် EMB၏ အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံ ........................ ၂၀၇
သရုပ်ဖော်ပုံ ၅ : နယူးဇီလန် ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်၏ အဖွဲ့အစည်းဆိုင်ရာ ဇယား ၂၀၈
သရုပ်ဖော်ပုံ ၆ : ကော့စတာရီကာရှိ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်း တည်ဆောက်ပုံ ..................................................................... ၂၀၉
သရုပ်ဖော်ပုံ ၇ : တွန်ဂါနိုင်ငံရှိ ရွေးကောက်ပွဲစီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်း ................. ၂၁၀
သရုပ်ဖော်ပုံ ၈ : ဩစတြေးလျ ရွေးကောက်ပွဲ ကော်မရှင် (AEC) ၏ စီမံကိန်း ဗျူဟာ မှ ကောက်နှုတ်ချက် ..................................................................................... ၂၁၃
သရုပ်ဖော်ပုံ ၉ : ဇမ်ဘီယာနိုင်ငံတွင်းရှိ ၂၀၁၁ ခုနှစ် သမ္မတ၊ လွှတ်တော်နှင့် မြို့နယ်ဆိုင်ရာ ရွေးကောက်ပွဲ ပြက္ခဒိန် ................................................................. ၂၁၇
သရုပ်ဖော်ပုံ ၁၀ : ၂၀၁၃ ဘူတန်နိုင်ငံရှိ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ပြက္ခဒိန်........ ၂၁၈
သရုပ်ဖော်ပုံ ၁၁ : ပါဝင်ပတ်သက်သူများ စေ့စပ်-စည်းမျဉ်းများထုတ်ပြန်ခြင်း .................... ၃၂၁
သရုပ်ဖော်ပုံ ၁၂ : ICT ကိရိယာများ ရွေးကောက်ပွဲများအကြားတွင် ဆင့်ကဲပြောင်းလဲလာပုံ .. ၃၄၉
သရုပ်ဖော်ပုံ ၁၃ : ရေချိုးဇလားပုံ မျဉ်းကွေး.................................................. ၃၅၀

## ဖြစ်ရပ်များကိုလေ့လာခြင်း

ဆေးရှဲလ်သမ္မတနိုင်ငံ ............ ၃၇
မက္ကဆီကို ............ ၄၄
ကမ္ဘောဒီးယား ............ ၇၀
အာဖဂန်နစ္စတန် ............ ၈၂
ကောစတာ ရီကာ ............ ၁၂၅
အာမေးနီးယား ............ ၁၃၁
နိုင်ဂျီးရီးယား............ ၁၇၂
နော်ဝေ ............ ၁၈၅
ဆီနီဂေါ ............ ၂၂၁
ကိုရီးယားသမ္မတနိုင်ငံ ............ ၂၂၉
လိုက်ဘေးရီးယား ............ ၂၆၀
တီမော-လက်စ်တီ ............ ၂၇၀
တွန်ဂါ ............ ၃၉၉
အမေရိကန် ............ ၃၂၇
တူနီးရှား ............ ၃၃၅
ကင်ညာ ............ ၃၆၅
ဗြိတိန်နိုင်ငံ ............ ၄၀၄
ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား ............ ၄၃၇
ယူကရိန်း ............ ၄၄၆
ဟောတီ ............ ၄၆၄
အိန္ဒိယ ............ ၄၇၇

# စကားအတိုကောက်များ

| | |
|---|---|
| A-WEB | ကမ္ဘာ့ရွေးကောက်ပွဲဌာနအသင်း |
| ACEEEO | ဥရောပ ရွေးကောက်ပွဲ တာဝန်ခံများ အသင်း |
| AEA | ရွေးကောက်ပွဲဆိုင်ရာ စီစဉ်ညွှန်ကြားသူများ အသင်း (ဗြိတိန်နိုင်ငံ) |
| AEC | ဩစတြေးလျရွေးကောက်ပွဲကော်မရှင် |
| AEOBiH | ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားရှိ ရွေးကောက်ပွဲ အရာရှိများအသင်း |
| ANFREL | လွတ်လပ်သော ရွေးကောက်ပွဲ အတွက် အာရှကွန်ယက် |
| AU | အာဖရိကသမဂ္ဂ |
| BCEN | ရွေးကောက်ပွဲပဋိပက္ခများအတွက် နိုင်ငံအဆင့်ရုံး (ဟေတီ) |
| BEC | ရွေးကောက်ပွဲ အသိုင်းအဝိုင်းဆိုင်ရာဗျူရိုရုံးဌာန (ဟေတီ) |
| BED | ရွေးကောက်ပွဲ ဌာနဆိုင်ရာ ဗျူရိုရုံးဌာန (ဟေတီ) |
| BiH | ဘော့စနီးယားနှင့်ဟာဖီဂိုးဗီးနား |
| BON | နိုင်ဂျီးရီးယားနိုင်ငံရုပ်သံလွှင့်ဌာနအစည်းအရုံး |
| BRIDGE | ဒီမိုကရေစီတွင်း၊အစိုးရအောက်နှင့် ရွေးကောက်ပွဲအတွင်း အရင်းအမြစ်များတည်ဆောက်ခြင်း |
| CAA | ဖွဲ့စည်းပုံအခြေခံဥပဒေ မှ တင်မြှောက်ထားသော အာဏာပိုင် (ဆေးရှဲလ်စ်) |
| CEC | ဗဟို ရွေးကောက်ပွဲ ကော်မရှင် (ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ဂျော်ဂျီယာ၊ရုရှား အာမေးနီးယား၊ယူကရိန်း) |
| CEMC | ဗဟိုရွေးကောက်ပွဲစီမံခန့်ခွဲရေးကောင်စီ |
| CENA | နိုင်ငံလုံးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကော်မရှင် (ဆီနီဂေါ) |
| CEO | ရွေးကောက်ပွဲအရာရှိချုပ် |
| CEP | Conseil Electoral Provisoire (ဟေတီ) |
| CNE | နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင် (တီမော-လက်စ်တီ) |
| CNRA | တီဗွီနှင့်ရေဒီယို စည်းမျဉ်းကြီးကြပ်ရေး နိုင်ငံလုံးဆိုင်ရာ ကောင်စီ (ဆီနီဂေါ) |
| CNRV | မဲရေတွက်ခြင်း နိုင်ငံလုံးဆိုင်ရာ ကော်မရှင် (ဆီနီဂေါ) |
| ConEC | မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင် (အာမေးနီးယား) |
| CORE | ရွေးကောက်ပွဲအတွက် စာရင်းရေးသွင်းရာတွင် ကုန်ကျငွေ (လုပ်ငန်းပရောဂျက်) |
| CPP | ကမ္ဘောဒီးယား ပြည်သူ့ပါတီ |
| CSO | အရပ်ဖက်လူ့အဖွဲ့အစည်းဆိုင်ရာအစည်းအရုံး |
| CTA | နည်းပညာဆိုင်ရာ အကြံပေးမှူးချုပ် |
| CTCEP | ပုံသေရွေးကောက်ပွဲဆိုင်ရာ ကောင်စီပြောင်းလဲခြင်း ကောလိပ် (ဟေတီ) |
| CTV | မဲစာရင်းစီစဉ်ရေးဌာန (ဟေတီ) |
| DEC | ခရိုင်အဆင့် ရွေးကောက်ပွဲ ကော်မရှင် (ယူကရိန်း) |
| DRE | တိုက်ရိုက် ဖမ်းယူသော အီလက်ထရောနစ် (စနစ်) |
| EAC | ရွေးကောက်ပွဲ အထောက်အကူပြု ကော်မရှင် (အမေရိကန်) |
| EBDC | ရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲ ရုပ်သံလွှင့် ကော်မရှင် (တောင်ကိုရီးယား) |

| | |
|---|---|
| EC | ရွေးကောက်ပွဲ ကော်မရှင် (ဘော့စနီးယား နှင့် ဟာဇီဂိုးဗီးနား၊ တောင်ကိုရီးယား ဆေရှဲလ်စ်) |
| ECC | ရွေးကောက်ပွဲဆိုင်ရာ မကျေလည်မှုများတင်သွင်းရာ ကော်မရှင် (အာဖဂန်နစ္စတန်) |
| ECF | ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင် ဆွေးနွေးခန်း (SADC နိုင်ငံများမှ) ဖက်ဒရေးရှင်း၏ ရွေးကောက်ပွဲ ကော်မရှင် (နိုင်ဂျီးရီးယား) |
| ECI | အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင် |
| ECK | ကင်ညာနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင် |
| ECOWAS | အနောက်အာဖရိကပြည်နယ်များ၏ စီးပွားရေးဆိုင်ရာ အသိုင်းအဝိုင်း |
| EISA | အာဖရိက တောင်ပိုင်း ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း |
| ELECT | မနက်ဖြန်တို့အတွက် ရွေးကောက်ပွဲဆိုင်ရာနှင့် ဥပဒေဆိုင်ရာ စွမ်းအားတို့ကိုမြှင့်တင်ရေး (အာဖဂန်နစ္စတန်) |
| EMB | ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်း |
| ERC | ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်ပြုပြင်ရေး ကော်မတီ (နိုင်ဂျီးရီးယား) |
| EVM | အီလက်ထရောနစ် မဲပေးစက် |
| FCT | ဖက်ဒရယ်မြို့တော်နယ်နိမိတ် (နိုင်ဂျီးရီးယား) |
| FEC | ဖက်ဒရယ် ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင် (အမေရိကန်) |
| FPTP | မဲများသူအကုန်ယူစနစ် |
| FUNCINPEC | လွတ်လပ်၊မျှတ၊ငြိမ်းချမ်းကာ ညီညွတ်စည်းလုံးသော ကမ္ဘောဒီးယားနိုင်ငံ တပ်ဦး သမဂ္ဂ |
| FYROM | မက်ဆီဒိုးနီးယား နိုင်ငံ ယခင် ယိုဂိုဆလပ် သမ္မတနိုင်ငံ |
| GEO | တစ်ကမ္ဘာလုံး ဆိုင်ရာ ရွေးကောက်ပွဲအသင်း |
| HAVA | အမေရိက မဲပေးခြင်း ကူညီရေး အက်ဥပဒေ (အမေရိကန်) |
| ICCPR | နိုင်ငံသား အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးအတွက် နိုင်ငံတကာသဘောတူညီချက်စာချုပ် |
| ICT | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ |
| IDEA | အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေးအသင်း |
| IEBC | အမှီအခိုကင်းသော ရွေးကောက်ပွဲနယ်နိမိတ်သတ်မှတ်ရေး ကော်မရှင် (ကင်ညာ) |
| IEC | အမှီအခိုကင်းသော ရွေးကောက်ပွဲ (သို့မဟုတ် ရွေးကောက်ပွဲ ဆိုင်ရာ) ကော်မရှင် (အာဖဂန်နစ္စတန် ၊ တီမော-လက်စ်တီ ၊ ဘော့စ်တ်ဝါးနား) |
| IEIS | ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ပေါင်းစုထားသော စနစ် |
| IENDC | အင်တာနက် ရွေးကောက်ပွဲသတင်းများ စဉ်းစားဆုံးဖြတ်ရေးကော်မရှင် (တောင်ကိုရီးယား) |
| IFE | ဖက်ဒရယ် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း (မက္ကဆီကို) |
| IFES | နိုင်ငံတကာရွေးကောက်ပွဲစနစ် ဖောင်ဒေးရှင်း |

| | |
|---|---|
| IIEC | အမှီအခိုကင်းသော ယာယီ ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင် (ကင်ညာ) |
| INE | နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ အဖွဲ့အစည်း (မက္ကဆီကို) |
| INEC | အမှီအခိုကင်းသော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင် (နိုင်ဂျီးရီးယား) |
| IOM | ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း |
| IREC | အမှီအခို ကင်းသော လေ့လာသုံးသပ်ရေး ကော်မတီ (ကင်ညာ) |
| ISAF | အပြည်ပြည်ဆိုင်ရာ လုံခြုံရေး အထောက်အပံ့တပ် (အာဖဂန်နစ္စတန်) |
| ISIE | အမှီအခိုကင်းသော ရွေးကောက်ပွဲ အတွက် အမြင့်ပိုင်း တာဝန်ရှိသူ (တူနီးရှား) |
| IT | သတင်းအချက်အလက်နည်းပညာ |
| JEMB | ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဌာန (အာဖဂန်နစ္စတန်) |
| LEMNA | အမျိုးသားလွှတ်တော် အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် လိုက်နာရမည့် ဥပဒေများ (ကမ္ဘောဒီးယား) |
| MINUSTAH | ဟေတီရှိ ကုလသမဂ္ဂ အခြေကျရေး တာဝန် |
| NCTR | တယ်လီဗွီးရှင်း နှင့် ရေဒီယိုအတွက် နိုင်ငံလုံးဆိုင်ရာ ကော်မရှင် (အာမေးနီးယား) |
| NEB | နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ဘုတ်အဖွဲ့ (ရစ်က်စ်ဗယ်လ်ဂ်စတီရပ်(တ်)) (နော်ဝေး) |
| NEC | နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မတီ (ကမ္ဘောဒီးယား) |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| OAS | အမေရိကပြည်နယ်များ ဆိုင်ရာ အသင်း |
| OCV | နိုင်ငံပြင်ပမှ မဲ |
| ODIHR | ဒီမိုကရေစီ အသင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ရုံး (ဥရောပရှိလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအသင်း) |
| OMR | အလင်းဖြင့် အမှတ်ဖတ်စက် |
| ONI | အမျိုးသား မှတ်ပုံတင်ရုံး (ဟေတီ) |
| OSCE | ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အသင်း |
| OSD | အသင်းအဖွဲ့ နှင့် ဝန်ထမ်းတိုးတက်ရေး |
| PEC | စီရင်စု ရွေးကောက်ပွဲကော်မရှင် (အာမေးနီးယား) |
| PEO | ရွေးကောက်ပွဲ ဆိုင်ရာ အရာရှိချုပ် (အာမေးနီးယား) |
| PIANZEA | ပစိဖိတ်ကျွန်းစုများ၊ ဩစတြေးလျ၊နယူးဇီလန် ရွေးကောက်ပွဲ စီစဉ်ညွှန်ကြားရေးမှူး ကွန်ယက် |
| PPLC | နိုင်ငံရေးပါတီများ အပြန်အလှန် ဆက်နွယ်ရေး ကော်မတီ (ကင်ညာ) |
| PR | အချိုးကျကိုယ်စားလှယ် တင်မြှောက်ခြင်း စနစ် |
| REC | အခြေကျ နေထိုင်သော ရွေးကောက်ပွဲဆိုင်ရာ အရာရှိ (နိုင်ဂျီးရီးယား) |
| RS | Republika Srpska |
| SADC | တောင်အာဖရိကဖွံ့ဖြိုးရေး အုပ်စု |
| SIEC | ပြည်နယ်အဆင့်လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင် (နိုင်ဂျီးရီးယား) |

| | |
|---|---|
| SRP | ဆမ် ရိန်ဆီပါတီ (ကမ္ဘောဒီးယား) |
| SRSG | ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် (အာဖဂန်နစ္စတန်) |
| STAE | ရွေးကောက်ပွဲ ဆိုင်ရာ စီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန (တီမော-လက်စ်တီ) |
| SVR | ပြည်နယ်အတွင်းရှိမဲပေးသူများအား စာရင်းရေးသွင်းခြင်း(ယူကရိန်း) |
| TCO | ပိုင်ဆိုင်မှု အတွက်စုစုပေါင်း ကုန်ကျငွေ |
| TSE | ရွေးကောက်ပွဲ ဆိုင်ရာ အထူးတရားရုံး (ကောစတာ ရီကာ) |
| UK | ဗြိတိန်နိုင်ငံ |
| UN | ကုလသမဂ္ဂ |
| UNAMA | အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂမှ ထောက်ပံ့သော တာဝန် |
| UNDP | ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ |
| UNEAD | ကုလသမဂ္ဂ ရွေးကောက်ပွဲ အတွက် အထောက်အပံ့ပေးသော တိုင်းဒေသ |
| UNIORE | ရွေးကောက်ပွဲ ဆိုင်ရာ အသင်းအဖွဲ့များအတွက် အမေရိကန်များဆိုင်ရာ သမဂ္ဂ |
| UNOPS | လုပ်ငန်း တာဝန်ထမ်းဆောင်ရေး ကုလသမဂ္ဂရုံး |
| USAID | နိုင်ငံတကာ တိုးတက်ရေးအတွက် ယူနိုက်တက်စတိတ် အေဂျင်စီ |
| VVPAT | မဲပေးသူဘက်မှ စစ်ဆေးထားသော စာရွက်စာတမ်း စစ်ဆေးမှု လမ်းကြောင်း |

# မိတ်ဆက်ကဏ္ဍ

ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၏ ယုံကြည်စိတ်ချရမှုနှင့် ဥပဒေဘောင်အတွင်းရှိမှုသည် ရွေးကောက်ပွဲတစ်ခု၏ ဂုဏ်သိက္ခာနှင့်ခွဲမရအောင်ရှိချေ၏။ တစ်ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီ၊ ရွေးကောက်ပွဲနှင့် လုံခြုံရေးဆိုင်ရာကော်မရှင်မှ ၎င်းတို့၏ ၂၀၁၂ ခုနှစ် အစီရင်ခံစာအတွင်းတွင် ရွေးကောက်ပွဲကို ရိုးရိုးသားသားပြုလုပ်ရန် ကြိုးစားရာတွင် ကြုံတွေ့လာရနိုင်သော စိန်ခေါ်မှုငါးမျိုးကို ထုတ်ဖော်ပြောကြားခဲ့သည်။ လူ့အခွင့်အရေးနှင့်ညီပြီး တရားမျှတသောရွေးကောက်ပွဲဖြစ်စေရန်အတွက် တရားဥပဒေကိုတည်ဆောက်ခြင်း၊ လုပ်ဆောင်မှုပိုင်းတွင် လုံးလုံးအမှီအခိုကင်းသော ပညာရှင်များနှင့် အရည်အချင်းရှိ ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်း (EMB) များ တိုးတက်အောင်လုပ်ခြင်း။ ပါတီစုံပြိုင်ကွက်များနှင့် အာဏာခွဲဝေရေးတို့အတွက် အဖွဲ့အစည်းများနှင့် ဓလေ့များတည်ဆောက်ခြင်း။ အားလုံးအတွက် တန်းတူညီမျှဖြစ်အောင် အတားအဆီးများကိုဖျက်သိမ်းပြီးနောက် တန်းတူအခွင့်ရ နိုင်ငံရေးပြိုင်ပွဲဖြစ်လာအောင်လုပ်ပေးခြင်းနှင့် နိုင်ငံရေးဘဏ္ဍာအသုံးစားရိတ်ကို စည်းကမ်းတကျဖြစ်အောင် ထိန်းညှိပေးခြင်းတို့ ဖြစ်သည်။ ထိုစိန်ခေါ်ချက်များသည် နိုင်ငံရေးဦးတည်ချက်၊ ထိရောက်သော အဖွဲ့အစည်းပုံစံနှင့် အကျိုးရှိရှိလုပ်ဆောင်နိုင်မှု၊ လက်တွေ့အကောင်အထည်ဖော်နိုင်မှုနှင့် စီမံခန့်ခွဲမှုကိုကျင့်သုံးခြင်းတို့ ပေါင်းစည်းထားသော ဘက်ပေါင်းစုံမှတုံ့ပြန်မှုလိုသည်။

ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲများကို ပြုလုပ်ခြင်းနှင့် စီမံညွှန်ကြားခြင်းတို့သည် ယခင်ကသတင်းအဖြစ် အရေးအယူလုပ်ဖော်ပြခြင်းမခံခဲ့ရပေ။ ရွေးကောက်ပွဲဖြစ်စေ တိုက်ရိုက်ဒီမိုကရေစီနည်းအရ မဲပေးခြင်းဖြစ်စေ တစ်နိုင်ငံလုံးအတိုင်းအတာ ဆန္ဒမဲကောက်ခံသည်ဖြစ်စေ ထိုလုပ်ရပ်သည် တိုင်းပြည်တစ်ပြည်တွင်တစ်ခုတည်းပြုလုပ်သော အကြီးကျယ်ဆုံးသော လုပ်ရပ်မျိုးဖြစ်တတ်သည်။ ထိုအရာသည် အင်မတန်မှ စီမံညွှန်ကြားထိန်းချုပ်ရာတွင် ရှုပ်ထွေးသောအရာဖြစ်ပြီး နိုင်ငံရေးနယ်ပယ်အတွင်းတွင် လုပ်ရသောအရာဖြစ်သည်။ ကောင်းကောင်းမွန်မွန် ပြုလုပ်နိုင်ပါက ဝေဖန်သံများနည်းနိုင်ပြီး စီမံပုံဆိုးဝါးခြင်း သို့မဟုတ် ထင်သလောက် မထိရောက်ခြင်းတို့ ဖြစ်လာပါက နောက်ဆက်တွဲများမှာ ဆိုးဝါးနိုင်သည်။

မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲတော်တော်များများ၏ စီမံညွှန်ကြားပုံသည် တိုက်ရိုက်အကျိုးသက်ရောက်ခံရသူများမှလွဲပြီး ရှုံးနိမ့်သောပါတီပင် ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းနှင့် သူ၏ရလဒ်များကို စိန်ခေါ်လင့်ကစား မည်သူမှသတိမထားမိဘဲ ကျော်သွားလေ့ရှိကြသည်။ ၁၉၈၀ ပြည့်လွန်နှစ်အလယ်လောက်မှ စပြောင်းလဲလာခြင်းဖြစ်သည်။ ဒီမိုကရေစီနည်းကျရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းကျင့်သုံးပုံတို့သည် အာဏာရှင်စနစ် သို့မဟုတ် ပဋိပက္ခဖြေရှင်းသည့် အဓိကကျသော နည်းစနစ်တစ်ခုအဖြစ် စတင်မြင်တွေ့၊ အစီရင်ခံစာ တင်လာကြသည်။ ရွေးကောက်ပွဲများကိုလည်း နိုင်ငံရေးပါတီများ၊ မီဒီယာများနှင့် နိုင်ငံတကာနှင့် ပြည်တွင်းရှိရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူတို့က ပိုပြီးဂရုတစိုက်လေ့လာစောင့်ကြည့်လာပြီ ဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်များ အလယ်လောက်မှစပြီး ကမ္ဘာအနှံ့တွင် ရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲမှုများ မပြောင်းစဖူး ပြောင်းလဲလာလေသည်။ နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှု အသိုင်းအဝိုင်းအတွင်းတွင် လူမှုပတ်ဝန်းကျင်ပြောင်းလဲခြင်းသည် မီဒီယာတို့၏ အာရုံစိုက်မှုနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် ဒီမိုကရေစီအရေးကိုမြှင့်တင်နေသော ဒေသဆိုင်ရာနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ အသင်းအဖွဲ့များ ထွက်ပေါ်လာခြင်းကြောင့်ဖြစ်လာသော ရွေးကောက်ပွဲဆိုင်ရာစီမံမှုကို ပြန်စဉ်းစားရန် လို

အပ်ကြောင်း သတိထားမိခြင်းမှ စတင်ဖြစ်ပေါ် လာခြင်းဖြစ်သည်။ ရွေးကောက်ပွဲများကို စနစ်တကျလေ့လာစောင့်ကြည့်ခြင်းများလည်း မြင့်တက်လာသည်။ ၁၉၉၀ အစောပိုင်းကာလများမှစပြီး အတွေ့အကြုံမရှိခြင်းနှင့် ရွေးကောက်ပွဲကိုစီမံခန့်ခွဲရန် နည်းပညာပိုင်းဆိုင်ရာသိနားလည်မှု "ဗဟုသုတကွာခြားချက်" ကို ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းတော်တော်များများထဲတွင် "ယုံကြည်စိတ်ချနိုင်မှုကွာခြားချက်" ကသာလွန်သွားသည်။ ပြည်သူလူထုအနေနှင့် ၎င်းတို့၏ရိုးသားမှန်ကန်မှုနှင့် လုပ်ရည်ကိုင်ရည်အပေါ် ကို ယုံကြည်မှုလျော့ကျသွားမည် ဖြစ်သည်။

ပြည်သူအများကလည်း ကိုယ်စားပြုခြင်းကို အဆင့်မြှင့်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာစနစ်ကိုပြောင်းလဲရေးအား အာရုံစိုက်လျက်ရှိသည်။ သို့ရာတွင်လည်း ရွေးကောက်ပွဲဆိုင်ရာဖြစ်စဉ်များကိုပြုလုပ်ခြင်းနှင့် စီမံညွှန်ကြားခြင်းတို့တွင် ဆောင်ရွက်သော လုပ်ငန်းစဉ်များကို ပြန်လည်ပြုပြင်ယူရန်မှာလည်း ထပ်တူထပ်မျှ အရေးကြီးသည်။ ထို ပြုပြင်ယူရေးဆိုသည်တွင်လည်း အာဏာစက်ကျယ်ပြန့်သော၊ တာဝန်ယူနိုင်သော ပမာဏများသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးဌာနများတည်ထောင်ရေးပါဝင်ပြီး ရွေးကောက်ပွဲဆိုင်ရာ အသင်းအဖွဲ့များ တိုးတက်ရေးလည်းပါဝင်သည်။ အရည်အသွေးမြင့် ရွေးကောက်ပွဲဆိုင်ရာဝန်ဆောင်မှုများကို ပိုမိုထိထိရောက်ရောက်လည်းပေး၊ တစ်ချိန်တည်းတွင် လွတ်လပ်ပြီးမျှတသော ရွေးကောက်ပွဲဖြစ်ရန်အတွက်လည်းဖြစ်သည်။

ရွေးကောက်ပွဲကို စီမံညွှန်ကြားခြင်းသည် စစ်ဆေးကြည့်ရှုခြင်းကို ပိုမိုခံရသည့်အတွက် ပိုပြီးပညာရှင်ဆန်ရန် လိုအပ်သည်။ ရွေးကောက်ပွဲစီမံခန့်ခွဲသူ မန်နေဂျာတို့မှာ အတွေ့အကြုံရှိပြီးဖြစ်သည်။ သူတို့ ကိုယ်ပိုင်အတွေ့အကြုံလည်းဖြစ်သကဲ့သို့ ရွေးကောက်ပွဲနှင့်မသက်ဆိုင်သော အဖွဲ့အစည်းများမှလည်းဖြစ်သည်။ အကြံဉာဏ်အသစ်များနှင့် ကျင့်ထုံးများကိုမျှဝေပြီး ရွေးကောက်ပွဲဆိုင်ရာစံချိန်စံညွှန်းများကိုလည်း မြှင့်တင်ပေးနိုင်သော အချိတ်အဆက်များနှင့် ကွန်ယက်များလည်းရှိသည်။ ဒီဇိုင်းနှင့် ရွေးကောက်ပွဲစည်းကမ်းတို့အတွက် အုပ်စုလိုက်ချဉ်းကပ်သော ချဉ်းကပ်ပုံအမျိုးမျိုးရှိသည်။ သို့ရာတွင်လည်း ရွေးကောက်ပွဲစီမံခန့်ခွဲသူတိုင်း ကြုံတွေ့ရသောဖြစ်ရိုးဖြစ်စဉ် ကိစ္စများနှင့် ပြဿနာများရှိသည်။

ရွေးကောက်ပွဲစီမံခန့်ခွဲခြင်းသည် ပညာရှင်အဆင့် ပိုမိုမြင့်သော အဆင့်မှ တိုးတက်လာခြင်း ဖြစ်သောကြောင့် ပိုမိုကြီးမားသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရမည်။ ၎င်းတို့၏တာဝန်ဖြစ်သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် ရွေးကောက်ပွဲဆိုင်ရာနည်းပညာများကို စီမံခန့်ခွဲခြင်းအပြင် အချို့သော EMB များသည် အချို့နိုင်ငံရေး နယ်ပယ်အမြင့်စားများတွင် တာဝန်ယူထားကြရသည်။ ဥပမာအားဖြင့် နိုင်ငံရေး ဘဏ္ဍာငွေကြေးနှင့်ပတ်သတ်သော အမှားအယွင်းများ၊ နိုင်ငံရေးပါတီများကိုစာရင်း ရေးသွင်းခြင်းနှင့် အမှားအယွင်းများ၊ ရွေးကောက်ပွဲ ကာလများအတွင်း မီဒီယာ၏အခန်းကဏ္ဍနှင့် လုပ်ဆောင်ပုံ၊ ထပ်တိုးပြောဆိုရလျှင်ရွေးကောက်ပွဲ၏ မှန်ကန်မှုအား အဖျက်အမှောင့် လုပ်လိုသူတို့၏ ဉာဏ်နီဉာဏ်နက်များကြောင့် ရွေးကောက်ပွဲဆိုင်ရာစီမံညွှန်ကြားသူတို့မှာ နားနားနေနေနေရသည်ဟူ၍မရှိချေ။ ရွေးကောက်ပွဲ၏စစ်မှန်မှုကိုထိန်းသိမ်းရခြင်းသည် EMB ကို အရှေ့ရောက်နေစေရန်အတွက် ဆက်တိုက်ခြေလှမ်းကျဲကျဲလှမ်းနေရန် လိုအပ်သည်။

ယခုလက်စွဲစာအုပ်သည် ပညာရှင်ဆန်၊ အရည်အချင်းပြည့်မီပြီး အမှီအခိုကင်းသော EMB များတည်ဆောက်ရန်အတွက် တစ်ကမ္ဘာလုံးဆိုင်ရာကော်မရှင်မှ ချမှတ်ထားသော စိန်ခေါ်မှုများအား တုံ့ပြန်နေ

ရသော သူတို့ကိုတိုက်ရိုက်ထောက်ပံ့ရန်အတွက် ရင်းမြစ်တစ်ခုဖြစ်ရန်အတွက် ရည်ရွယ်သည်။ ထိုသို့ပြုလုပ်ပါက ကော်မရှင်၏အခြားသောစိန်ခေါ် မှုလေးရပ်ကိုပါကိုင်တွယ်ဖြေရှင်းနေရသော သူတို့ကိုပါအလားတူပင် အထောက်အပံ့ပေးနိုင်မည်ဖြစ်သည်။ ထိုစာအုပ်မှ ရွေးကောက်ပွဲစီမံခန့်ခွဲခြင်းဆိုင်ရာတွင် EMB ၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်ချက်များ၊ အဖွဲ့အစည်းများ၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးများနှင့် ဆိုင်သောကမ္ဘာအနှံ့မှ ဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို ပေးနိုင်လေသည်။ အောင်မြင်သော ကျင့်ထုံးဥပမာများနှင့် မအောင်မြင်သော ကျင့်ထုံးဥပမာများကိုလည်း ပြထားမည်ဖြစ်သည်။ ပုံစံကွဲများသည် မတူညီသော အခြေအနေအမျိုးမျိုးတွင် သင့်တော်မည်ဟူသောအချက်ကို လက်ခံထားသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင်ရှိသော လွတ်လပ်ခြင်း၊ မျှတခြင်း၊ တန်းတူအခွင့်အရေး၊ ရိုးဖြောင့်မှု၊ မဲပေးစနစ်၏လျှို့ဝှက်မှု၊ ပွင့်လင်းမြင်သာမှုထိရောက်မှု၊ တာရှည်ခံမှု၊ ဝန်ဆောင်မှုကိုဦးစားပေးမှု၊ အကျိုးရှိခြင်း၊ ဘက်မလိုက်မှုနှင့် တာဝန်ခံနိုင်ခြင်းဟူသော အခြေခံဝိသေသ လက္ခဏာများကို ပိုမိုကျော်လွန်ပြီး သတ်မှတ်ခြင်းမျိုး ယေဘူယျပုံစံချခြင်းမျိုး ရှိမည်မဟုတ်ပါ။

ယခု စာအုပ်ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ လက်တွေ့အသုံးချနိုင်သော သတင်းအချက်အလက်များကို အလွယ်တကူလက်လှမ်းမီနိုင်သော ပုံဖြင့်ပြသလိုသော (ဖြစ်နိုင်လျှင်အဆုံးစွန်) စာတွေ့လေ့လာနေရခြင်းများနှင့် ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ အသုံးအနှုန်းတို့မှ လွတ်မြောက်နိုင်စေရန် ရည်ရွယ်ပါသည်။ ထိုစာအုပ်တွင်ပါဝင်သော အချက်အလက်များမှာ ရွေးကောက်ပွဲများကိုစီမံခန့်ခွဲနေသော အဖွဲ့အစည်းများကိုတည်ထောင်နေသူ၊ လောလောလတ်လတ် တည်ထောင်ထားသော ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒီမိုကရေစီထွက်ပေါ်ကာစနေရာတို့ အတွက်ပါ အသုံးဝင်လေသည်။ ထိုစာအုပ်တွင် ကောင်းစွာတည်ထောင်ထားသော EMB တို့တွင် စီမံညွှန်ကြားမှု တိုးမြှင့်ခြင်း၊ စွမ်းဆောင်ရည်သုံးသပ်ခြင်းတို့ အပေါ်တွင်စိတ်ဝင်စားသော သူတို့ အတွက် ကောင်းမွန်သော ကျင့်ထုံးများ သတင်းအချက်အလက်များနှင့် အတွေ့အကြုံကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့်ကို ပေးနိုင်လိမ့်မည်ဖြစ်သည်။ ထို့အတူပင် ထိုစာအုပ်သည် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအပေါ်တွင် စိတ်ဝင်စားသော သို့မဟုတ် ရင်းနှီးမြှုပ်နှံထားသောသူတို့အတွက် သာမက အစိုးရအတွင်းဖြစ်စေ၊ နိုင်ငံရေးပါတီအတွင်းဖြစ်စေ၊ မီဒီယာ သို့မဟုတ် အရပ်ဖက်လူမှုအဖွဲ့အစည်း သို့မဟုတ် နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စများကို စိတ်ဝင်တစားစောင့်ကြည့်သူတို့အတွက် အသုံးဝင်သောအချက်အလက်များကို ပေးလေသည်။

# အခန်း ၁

1

# မည်သူတို့က ရွေးကောက်ပွဲကို ပြုလုပ်သနည်း

## EMB ဆိုသည်မှာ အဘယ်နည်း

ရွေးကောက်ပွဲစီမံခန့်ခွဲမှုသည် ခက်ခဲနက်နဲရှုပ်ထွေးပြီး ကျွမ်းကျင်မှုပြည့်ဝသည့် အဖွဲ့အစည်း တစ်ရပ် သို့မဟုတ် အဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်ရန် လိုအပ်သည်။ ထိုအဖွဲ့အစည်းများသည် ပုံသဏ္ဍာန်၊ ပမာဏအမျိုးမျိုးရှိတတ်ပြီး ခေါင်းစဉ်အမျိုးမျိုးလည်း ရှိတတ်သည်။ ဥပမာအားဖြင့်ရွေးကောက်ပွဲ ကော်မရှင်၊ ရွေးကောက်ပွဲဌာန၊ ရွေးကောက်ပွဲကောင်စီ ရွေးကောက်ပွဲယူနစ်ဌာန သို့မဟုတ် ရွေးကောက်ပွဲ ဆိုင်ရာ စီမံခန့်ခွဲရေးဘုတ်အဖွဲ့တို့ ဖြစ်ကြသည်။ Electoral Management Body (EMB) ဆိုသည့် ဝေါဟာရတစ်ရပ်အဖြစ်ဖန်တီးပြီး ရွေးကောက်ပွဲအတွက်သက်ဆိုင်သည့် စီမံခန့်ခွဲမှုများပြုပေးသည့် အဖွဲ့ အစည်း သို့မဟုတ် အဖွဲ့အစည်းများကိုရည်ညွှန်းပါသည်။ ၎င်းအဖွဲ့အစည်း၏ နေရာအဆင့်အတန်း လုပ်ငန်း ရပ်ဝန်းကျယ်ပြန့်မှု ကို ထည့်သွင်းစဉ်းစားခြင်းမပြုပါ။

EMB ဆိုသည်မှာ အဖွဲ့အစည်းတစ်ခု သို့မဟုတ် ဌာနတစ်ခုဖြစ်ပြီး သူ၏တစ်ခုတည်းသော ရည် ရွယ်ချက်မှာ သို့မဟုတ် တရားဥပဒေအရ တာဝန်ရှိသည်မှာ ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်းအတွက် မရှိမဖြစ်လိုအပ်သော အရာအချို့ သို့မဟုတ် အားလုံးကိုစီမံခန့်ခွဲရန်နှင့် တိုက်ရိုက်သက်ရောက်သော ဒီမို ကရေစီရေးရာများဖြစ်သော ဆန္ဒမဲကောက်ခံခြင်းများ၊ ပြည်သူတို့၏အဆိုပြုချက်များနှင့် ရာထူးပြန်လည် ရုပ်သိမ်းရေးများ ဆောင်ရွက်ရန်ဖြစ်ပြီး မဲများသည်လည်း တရားဝင်ဥပဒေဘောင်အတွင်း ဝင်ခဲ့လျှင်ဖြစ် သည်။ ထိုမရှိမဖြစ် (ပင်မ) အချက်အလက်များတွင် -

က။ မဲပေးခွင့်ရှိသူကိုဆုံးဖြတ်ခြင်း

ခ။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်သူများ စာရင်းကို လက်ခံရယူပြီး ရွေးချယ်ထားသော စာရင်းကိုအတည်ပြုခြင်း (ရွေးကောက်ပွဲအတွက်၊ နိုင်ငံရေးပါတီများနှင့်/ သို့မဟုတ် ဝင်ရောက် ယှဉ်ပြိုင်သူများ)

ဂ။ မဲဆန္ဒကောက်ခံခြင်း

ဃ။ မဲများကိုရေတွက်ခြင်းနှင့်

င။ မဲများကို စာရင်းစီခြင်းတို့ပင် ဖြစ်သည်။

ထိုမရှိမဖြစ်တာဝန်များသည် ဌာနဆိုင်ရာအသီးသီးသို့ ပေးအပ်ထားခြင်းခံရပါက ထိုတာဝန်များ ကို မျှဝေယူသောဌာနများ အားလုံးကို EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်း) များဟုခေါ်သည်။

EMB သည် တစ်ခုတည်း သီးသန့်တည်ရှိနေသော အဖွဲ့အစည်းဖြစ်နိုင်သကဲ့သို့ ရွေးကောက်ပွဲနှင့် မသက်ဆိုင်သော အဖွဲ့အစည်းကြီးတစ်ခုအောက်ရှိ ထင်ရှားသောစီမံခန့်ခွဲရေးဆိုင်ရာ ယူနစ်တစ်ခုလည်း ဖြစ်နိုင်သည်။

ထိုမရှိမဖြစ်အရာများ ကို ထပ်မံပေါင်းစည်းရမည် ဆိုပါလျှင် EMB ကလည်း ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းတို့ကို အထောက်အပံ့ပေးသော၊ တိုက်ရိုက်သက်ရောက်သော ဒီမိုကရေစီရေးရာများဖြစ်သော မဲဆန္ဒရှင်များအား စာရင်းရေးသွင်းခြင်း၊ နယ်နိမိတ်ဘောင်ကိုကန့်သတ်ခြင်း၊ မဲဆန္ဒရှင်များအား အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်များပြောကြားခြင်း၊ မီဒီယာစောင့်ကြည့်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာပဋိပက္ခတို့ကို ဖြေရှင်းခြင်းကဲ့သို့ အခြားသောတာဝန်တို့ကိုလည်း ယူထားခြင်းဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ ဌာနတစ်ခုသည် ဥပမာအားဖြင့် နယ်နိမိတ်ကန့်သတ်ခြင်း (နယ်နိမိတ်ကန့်သတ်ရေးကော်မရှင် အစရှိသည်ဖြင့်)၊ ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခဖြေရှင်းရေး (ဥပမာအားဖြင့် ရွေးကောက်ပွဲခုံရုံး)၊ ရွေးကောက်ပွဲဆိုင်ရာ မီဒီယာစောင့်ကြည့်ရေး (ဥပမာအားဖြင့် မီဒီယာစောင့်ကြည့်ရေးကော်မရှင်) သို့မဟုတ် မဲဆန္ဒရှင်တို့အား အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့နှင့် ဆိုင်သောအုပ်စု (ဥပမာအားဖြင့် ပြည်သူ့အသိပညာပေးရေးကော်မရှင်) တို့သည် အထက်ပါမရှိမဖြစ်အချက်များကို စီမံခန့်ခွဲခြင်း မပြုလုပ်သောကြောင့် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်း) ဟု မခေါ်ထိုက်ပါ။ ထိုနည်းတူပင် ယေဘုယျလုပ်ငန်းအားဖြင့် လူဦးရေစာရင်းထုတ်ပြန်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ရွေးကောက်ပွဲစာရင်းထုတ်ပြန်သော နိုင်ငံအဆင့် လူဦးရေ သို့မဟုတ် စာရင်းဇယားထုတ်ပြန်ရေး သတင်းဌာနသည်လည်း EMB မခေါ်ထိုက်ပါ။

EMB အမျိုးအမျိုးသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ် အမျိုးမျိုးအတွက် ဖန်တီးထားခြင်းဖြစ်သည်။ မက္ကဆီကိုနှင့် ပိုလန်တွင် EMB များသည် သမ္မတနှင့် လွှတ်တော်အမတ်ရွေးကောက်ခြင်း နှစ်မျိုးလုံးအတွက် တာဝန်ရှိသည်။ ဩစတြေးလျတွင် နိုင်ငံအဆင့် EMB သည် နိုင်ငံအဆင့်ရွေးကောက်ပွဲများအတွက်သာ တာဝန်ယူသည်။ ပြည်နယ်အဆင့် ရွေးကောက်ပွဲများသည် ပြည်နယ်အဆင့် EMB များအတွက်သာ တာဝန်ဖြစ်သည်။ ဗြိတိန်နိုင်ငံ (UK) တွင် ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲတို့အတွက် လုပ်ထုံးလုပ်နည်း စီမံပုံတို့မှာ ကွာခြားလေသည်။

မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲ၏ သက်ဆိုင်ရာအချက်တို့နှင့် မသက်ဆိုင်သော အချို့ဌာနတို့သည်လည်း EMB အဖြစ် တွင်တွင်ကျယ်ကျယ် သတ်မှတ်ထားခံရခြင်းမျိုးရှိလေသည်။ အမေရိကန်ဖက်ဒရယ်ရွေးကောက်ပွဲကော်မရှင် (FEC) က သူ့တာဝန်ကိုသတ်မှတ်ထားသည်မှာ "ဖက်ဒရယ် စည်းရုံးလှုံ့ဆော်ရေး ဘဏ္ဍာရေးဥပဒေများကို ညွှန်ကြားခြင်းနှင့် အားကောင်းစေရန်ပြုလုပ်ခြင်း"ဟု ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုအဖွဲ့အစည်မျိုးသည် အထက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ချိန်ထိုးကြည့်ပါက EMB ဟုခေါ် ဆိုရန် တရားမဝင်ပါ။

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်၏ မတူညီသောပါဝင်သည့်အရာများအတွက် တာဝန်ရှိသော လုပ်ဆောင်ချက်များကို ခွဲဝေခြင်းကို ထပ်ပေါင်းထည့်ရာတွင် ရွေးကောက်ပွဲဆိုင်ရာ တာဝန်ကဏ္ဍများသည်လည်း အဆင့်မတူသော ဌာနများကြား ခွဲဝေခံရနိုင်သည်။ ဥပမာအားဖြင့် - ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွင် ပါဝင်သော အချို့အချက်တို့သည် နိုင်ငံအဆင့် ရွေးကောက်ပွဲကော်မရှင်မှ ကိုင်တွယ်ထိန်းချုပ်ခြင်း ဖြစ်နိုင်သည်။ (ဥပမာအားဖြင့် အတွင်းဝန်ကြီးဌာန) သို့မဟုတ် နိုင်ငံအဆင့် အစိုးရအေဂျင်စီမှကိုင်တွယ်ကာ အခြားသောအရာတို့ကို မြို့နယ်အဆင့်ကော်မရှင်၊ အစိုးရဌာနတို့၏ ဒေသဆိုင်ရာရုံးခွဲများ သို့မဟုတ် မြို့နယ်ဆိုင်ရာတာဝန်ရှိသူတို့က ကိုင်တွယ်ဖြေရှင်းလေသည်။ (စပိန်ကဲ့သို့)။ EMB

ဆိုသောစကားသည် မြို့နယ်ဒေသတွင်းဆိုင်ရာ အာဏာပိုင်တို့နှင့် ရွေးကောက်ပွဲကို အတူတကွ ပူးပေါင်းစီမံခန့်ခွဲသော နိုင်ငံအဆင့်ရွေးကောက်ပွဲကော်မရှင်ကိုလည်း သုံးနှုန်းနိုင်လေသည်။ ဥပမာအားဖြင့် လျှို့ဝှက်မဲစာရွက်များ ပုံနှိပ်ခြင်း၊ ရာထူးနေရာများဖြန့်ဝေခြင်းနှင့် ရလဒ်ကို နိုင်ငံအဆင့် ကြေငြာချက်ထုတ်သော ဆွီဒင်ရွေးကောက်ပွဲ တာဝန်ရှိသူတို့ဖြစ်သည်။

## ရွေးကောက်ပွဲစီမံခန့်ခွဲခြင်းပုံစံ သုံးမျိုး

တိုင်းပြည်တစ်ပြည်၏ ရွေးကောက်ပွဲစီမံခန့်ခွဲခြင်းသည် ဒီဇိုင်းလုပ်ငန်းစဉ်တစ်ခုလုံးကို ခြုံငုံပြီး သုံးသပ်ထားခြင်းမှ ရလာသောရလဒ်ဖြစ်နိုင်သကဲ့သို့ ပြည်နယ်စီမံညွှန်ကြားရေး၏ ရှိပြီးသားစနစ်တစ်ခုအပေါ် ပေါင်းထည့်ထားခြင်းလည်းဖြစ်နိုင်သည်။ ကိုလိုနီခေတ်နောင်းပိုင်း နိုင်ငံများတွင် ပုံစံများသည် ကိုလိုနီခေတ် စီမံညွှန်ကြားမှုပုံစံများ၏ ပြင်းပြင်းထန်ထန် လွှမ်းမိုးမှုကိုခံရနိုင်သည်။ ပုံစံကွဲများစွာရှိသော်လည်း ရွေးကောက်ပွဲစီမံခန့်ခွဲရာတွင် အမျိုးအစား သို့မဟုတ် ပုံစံကြီးသုံးမျိုးရှိသည်။ လွတ်လပ်သော၊ အစိုးရဖွဲ့စည်းသောနှင့် ပုံစံအရောတို့ဖြစ်သည်။ နိုင်ငံနှင့် ပြည်နယ်ပေါင်း ၂၁၇ ခုတို့၏ ရွေးကောက်ပွဲစီမံခန့်ခွဲပုံတို့နှင့် EMB တစ်ခုချင်းစီကို နိုင်ငံတကာဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေး အဖွဲ့အစည်း (International IDEA) ၏ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုပုံစံအချက်အလက် စုဆောင်းမှုအပေါ်တွင် အခြေခံထားသော ထပ်တိုးချက် (က) တွင် အသေးစိတ် ဖော်ပြထားပါသည်။ (<http://www.idea.int/data-tools/data/electoral-management-design> )

---

**ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဆိုင်ရာ ပုံစံကြီး သုံးမျိုးမှာ -**

- လွတ်လပ်သော ပုံစံ
- အစိုးရဖွဲ့စည်းသော ပုံစံ
- ပုံစံအရော

---

## *ရွေးကောက်ပွဲစီမံခန့်ခွဲမှုပုံစံတွင် လွတ်လပ်သောပုံစံ*

ရွေးကောက်ပွဲစီမံခန့်ခွဲမှုတွင် လွတ်လပ်သောပုံစံသည် ရွေးကောက်ပွဲများကို အဖွဲ့အစည်းတစ်ခုခု၏လောင်းရိပ်မှလွတ်ပြီး အစိုးရ၏စီမံကြီးကြပ်ရေးဌာနမှ ကင်းလွတ်ကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော EMB တစ်ခုကကျင်းပပြီး စီမံခန့်ခွဲသော နိုင်ငံများတွင်သုံးသည်။ ၎င်း၏ အဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးဌာန၏ ပြင်ပမှဖြစ်သည်။ အမှီအခိုကင်းသောပုံစံ တစ်ခုအောက်တွင် EMB သည် မိမိကိုယ်ပိုင်ဘတ်ဂျက် ပိုင်ဆိုင်ခွင့်ရပြီး စီမံခန့်ခွဲနိုင်ကာ အစိုးရဝန်ကြီးဌာန သို့မဟုတ် အစိုးရဌာန တစ်ခုခုအပေါ်တွင် တာဝန်သက်ရောက်စေခြင်းမရှိပါ။ တရားဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် ပြည်နယ်အစိုးရအပေါ်တွင်တော့ သက်ရောက်မှုရှိပါလိမ့်မည်။ ထိုပုံစံအောက်တွင်ရှိသော EMB သည် ငွေရေးကြေးရေးဆိုင်ရာ ကိုယ်တိုင်ကိုယ်ကျခန့်ခွဲရခြင်းနှင့် မိမိကိုယ်တိုင် တာဝန်ယူရခြင်းတို့ကို ကောင်းကောင်းကြီး စိတ်ကြိုက်ပြုမူနိုင်ပါသည်။ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာတာဝန်ခံရမှုသည်လည်း အမျိုးမျိုးကွဲပြားနိုင်သည်။ ဒီမိုကရေစီအသစ်စက်စက် စတင်ထူထောင်ခါစနိုင်ငံများကမူ ထိုပုံစံကိုအသုံးချကြလေသည်။ အာမေးနီးယား၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ ဘာကီနာ ဖာဆို၊ ကနေဒါ၊ ကော့စတာရီကာ၊ အက်စတိုးနီးယား၊ ဂျော်ဂျီယာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လိုက်ဘေးရီးယား၊ မော်ရီတီးယပ်စ်၊ နိုင်ဂျီးရီးယား၊ ပိုလန်၊ တောင်အာဖရိက၊ ထိုင်းနိုင်ငံနှင့် ဥရုဂွေးတို့တွင်သုံးသည်။

အချို့သော နိုင်ငံများတွင် ရွေးကောက်ပွဲများကို စီမံခန့်ခွဲရန်အတွက် ဌာနနှစ်ခုကို ဖွင့်လှစ်ထားလေသည်။ ထိုဌာနနှစ်ခုလုံးမှာ စီမံခန့်ခွဲမှုအောက်မှကင်းလွတ်ပြီး လွတ်လပ်သော EMB များဟု ဆိုနိုင်လေသည်။ ဌာနတစ်ခုမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်ထက် မူဝါဒချမှတ်ရေးတွင် ပိုပြီးတာဝန်ရှိကာ အခြားတစ်ခုမှာရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့ကို ကျင့်သုံးခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းတို့အတွက်တာဝန်ရှိလေသည်။ လက်တွေ့မူဝါဒအကောင်အထည်ဖော်ကျင့်သုံးရေး EMB အား မူဝါဒချမှတ်သည့် EMB က ဝန်ထမ်းရေးရာနှင့် လုပ်ငန်းရေးရာတို့တွင် ဝင်မပါနိုင်အောင် တားဆီးပေးသောစည်းမျဉ်းဥပဒေသရှိကောင်းရှိနိုင်ပါလိမ့်မည်။ ထိုကဲ့သို့သော "နှစ်မျိုး အမှီအခိုကင်းသော" ဘောင်ကို လွတ်လပ်သောစနစ်အောက်တွင်ထားပြီး အသုံးချနေသောနိုင်ငံများကို ဥပမာပြရမည်ဆိုပါလျှင် ဂျာမေကာနှင့် ရိုမေးနီးယားကိုပြရမည် ဖြစ်သည်။

## *အစိုးရဖွဲ့စည်းသော ရွေးကောက်ပွဲစီမံခန့်ခွဲမှုပုံစံ*

အစိုးရဖွဲ့စည်းသော ရွေးကောက်ပွဲ စီမံခန့်ခွဲမှုပုံစံရှိနိုင်ငံများတွင် ရွေးကောက်ပွဲများသည် ဝန်ကြီးဌာန (ပြည်ထဲရေးဝန်ကြီးဌာနကဲ့သို့) စီမံကြီးကြပ်ရေးဌာန တစ်ခုနှင့်/သို့မဟုတ် မြို့နယ် အာဏာပိုင်တို့မှတစ်ဆင့် ရွေးကောက်ပွဲများကိုကျင်းပပြီး စီမံခန့်ခွဲသည်။ ထိုပုံစံအောက်ရှိ EMB သည် နိုင်ငံတော်အဆင့်ရှိပြီး ဝန်ကြီးတစ်ဦး သို့မဟုတ် ပြည်သူ့ဝန်ထမ်းတစ်ဦး၏ ဦးဆောင်မှုအောက်တွင်တည်ရှိပြီး အစိုးရအဖွဲ့ဝန်ကြီးသို့ ဖြေရှင်းပြောကြားခြင်းပြုနိုင်သည်။ ခြွင်းချက်အနည်းငယ်လောက်မှလွဲပြီး ၎င်းတို့တွင် "အဖွဲ့ဝင်" မရှိပါ။ ၎င်းတို့၏ ဘတ်ဂျက်ငွေသည် ဝန်ကြီးဌာနအတွင်းနှင့်/ သို့မဟုတ် မြို့နယ် အာဏာပိုင်တို့ ဆီကိုသာ ကျရောက်လေ့ရှိသည်။

ထိုပုံစံကိုအသုံးချသော နိုင်ငံများတွင် ဒိန်းမတ်၊ စင်္ကာပူ၊ ဆွစ်ဇာလန်၊ ဗြိတိန် (ရွေးကောက်ပွဲအတွက်သာသုံးပြီး ဆန္ဒခံယူပွဲအတွက်မသုံးပါ) နှင့် အမေရိကန်တို့ဖြစ်ကြသည်။ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် အမေရိကန်တို့တွင် ရွေးကောက်ပွဲများကို မြို့နယ်အာဏာပိုင်တို့က ဆောင်ရွက်ကြရသည်။ ဆွီဒင်နှင့် ဆွစ်ဇာလန်တွင် ပင်မ EMB သည် မူဝါဒပေါင်းစည်းရေးတာဝန်ကိုပါ ယူရသည်။

## *ပုံစံအရောရွေးကောက်ပွဲစီမံခန့်ခွဲမှု ပုံစံ*

ပုံစံအရော ရွေးကောက်ပွဲစီမံခန့်ခွဲမှုပုံစံတွင် EMB မှ နှစ်ချက်ပါဝင်ပြီးဖွဲ့စည်းပုံနှစ်မျိုးလည်း ပါဝင်သည်။ (၁) မူဝါဒတစ်ခု၊ ကြီးကြပ်ကွပ်ကဲမှုဌာနခွဲအား လွတ်လပ်သော ကြီးကြပ်စောင့်ကြည့်သော EMB တစ်ခု (၂) ပြည်နယ်ရုံးဌာနနှင့်/သို့မဟုတ် မြို့တွင်း အစိုးရတွင်ရှိသော လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်သော EMB (အစိုးရပုံစံအောက်တွင်ရှိသော EMB ကဲ့သို့) ဖြစ်သည်။ ပုံစံအရောအောက်တွင် ရွေးကောက်ပွဲများသည် အစိုးရဖွဲ့စည်းသော EMB က ပြုလုပ်ခြင်းဖြစ်ပြီး အတိုင်းအတာတစ်ခုထိကို လွတ်လပ်သော EMB က တာဝန်ယူဆောင်ရွက်သည်။ ပုံစံအရောစနစ်ကို ပြင်သစ်၊ ဂျပန်၊ စပိန်နှင့် ယခင် ပြင်သစ်ကိုလိုနီပြောင်းများ အထူးသဖြင့် အနောက်အာဖရိက၊ ဥပမာအားဖြင့် မာလီနှင့် ဆီနီဂေါတို့ ဖြစ်ကြသည်။

လွတ်လပ်သော EMB ၏ အာဏာ၊ လုပ်ဆောင်ချက်နှင့် လုပ်နိုင်စွမ်းတို့အား အစိုးရဖွဲ့စည်းသည့် EMB နှင့် နှိုင်းယှဉ်ရာတွင် ပုံစံအရော ဥပမာအမျိုးမျိုးကို လိုက်ပြီး ပုံသဏ္ဌာန်ကွဲနိုင်ကာ ထိုပုံစံကိုသုံးပြီး နိုင်ငံတစ်နိုင်ငံကို အမျိုးအစားခွဲခြားရာတွင်လည်း တစ်ခါတစ်ရံတွင် ရှင်းလင်းမှု သိပ်မရှိချေ။ ယခင်က လွတ်လပ်သည့် EMB ပုံစံမှာ မျိုးသုဉ်းလုနီးပါး၊ စွန့်ပစ်ခံထားရသော်လည်း စနစ်တကျ လေ့လာစောင့်ကြည့်ရေး လုပ်ငန်းစဉ်သာသာထက် အနည်းငယ်မျှပိုသည် ဆိုရုံမျှသာ။ ဥပမာအားဖြင့် ဆီနီဂေါနိုင်ငံတွင်ဖြစ်သည်။ အချို့သောကိစ္စများတွင် လွတ်လပ်သည့် EMB သည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ကြီးကြပ်၊ စစ်ဆေးကာလက်တွေ့အသုံးချခြင်းတို့ကို အစိုးရဖွဲ့စည်းထားသည့် EMB ဖြင့်လုပ်သည်။ ပြီးနောက်တွင်

ကွန်ဂို(ဘရာဇာဗီးလ်)တွင် လုပ်သကဲ့သို့ ရလဒ်များကိုစီစဉ်ပြီး ပြန်လည်ထုတ်လွှင့်ခြင်းတို့ကို ပြုလုပ်ပေး လေသည်။ အချို့သော ပြင်သစ်စကားပြောနိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကောင်စီသည် ရလဒ်ကို စီစဉ်ခြင်းနှင့် ထုတ်လွှင့်ခြင်းအတွက် တာဝန်ယူထားရပြီး ပုံစံအရောအတွင်းရှိ လွတ်လပ်သော EMB တွင် ပါဝင်သောအရာတစ်ခုဟု သတ်မှတ်နိုင်သည်။ ချဒ်တွင် ထိုစနစ်သည် ဆန္ဒမဲကောက်ခံခြင်းအတွက်သာ အကျုံးဝင်ပြီး ရွေးကောက်ပွဲအတွက် အကျုံးမဝင်ချေ။ မာလီတွင် ရွေးကောက်ပွဲများကို နယ်မြေဆိုင်ရာ စီမံ ညွှန်ကြားရေး ဝန်ကြီးဌာနမှကျင်းပပြီး လွတ်လပ်သော နိုင်ငံအဆင့်ရွေးကောက်ပွဲ ကော်မရှင်နှင့်အခြေခံ ဥပဒေဆိုင်ရာခုံရုံးတို့က ၎င်းတို့ကိုယ်တိုင် ရလဒ်များကိုစီစဉ်ခြင်း ပြုလုပ်ကြသည်။ထို့ကြောင့် ထိုနိုင်ငံတွင် ပါဝင်ဖွဲ့စည်းထားသော EMB သုံးခုရှိသည်ဟု ပြောရမည် (အစိုးရဖွဲ့စည်းထားသောတစ်ခုနှင့် လွတ်လပ် သောနှစ်ခုတို့ ဖြစ်ကြသည်)

ပုံစံအရောအတွင်း EMB တို့၏ အချင်းချင်းဆက်နွယ်မှုမှာ ဥပဒေပြဋ္ဌာန်းချက်သို့မဟုတ် ကျင့်သုံး ပုံတို့တွင် ထင်ရှားစွာပြထားခြင်း မရှိချေ။ ထို့ကြောင့် ပဋိပက္ခဖြစ်ကာ အငြင်းပွားရမှုများ ဖြစ်လာနိုင်ချေ ရှိသည်။ ၁၉၉၉ ခုနှစ်တွင် ဂီနီယာမြို့တွင် ရွေးကောက်ပွဲလုပ်ခဲ့စဉ်က (ထိုစဉ်က ပုံစံအရောသုံးသေးသည်) အာဏာရပါတီနှင့် အတိုက်အခံပါတီတို့သည် လွတ်လပ်သော EMB ဖြင့် ရွေးကောက်ပွဲအား ကြီးကြပ်ရာ တွင်နှင့် စစ်ဆေးရာတွင် ပဋိပက္ခဖြစ်ပွားနိုင်သော ချဉ်းကပ်နည်းများကို သုံးခဲ့သောကြောင့် ၎င်းတို့၏အလုပ် တွင်မှုသည် အကြီးအကျယ်အငြင်းပွားဖွယ် ဖြစ်ခဲ့သည်။

နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအထောက်အပံ့ပေးရေး အဖွဲ့အစည်း (IDEA) မှ ၂၀၁၄ ခုနှစ်တွင် နိုင်ငံနှင့်နယ်နိမိတ် ၂၁၇ခုအတွင်းရွေးကောက်ပွဲ စီမံခန့်ခွဲပုံများကို စစ်တမ်းကောက် ကြည့်ရာတွင် ၆၃ ရာခိုင်နှုန်းက လွတ်လပ်သောပုံစံကိုသုံးပြီး ၂၃ ရာခိုင်နှုန်းက အစိုးရဖွဲ့စည်းထား သောပုံစံကိုသုံးကာ ၁၂ ရာခိုင်နှုန်းက ပုံစံအရောကို သုံးသည်။ (၂ ရာခိုင်နှုန်းသည် နိုင်ငံအဆင့် ရွေးကောက်ပွဲများမလုပ်သော နိုင်ငံများကို ဆိုလိုသည်)

## ဇယား ၁ : ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲခြင်းဆိုင်ရာ ပုံစံအကျယ်သုံးမျိုး၏ ဝိသေသလက္ခဏာနှင့် ၎င်းတို့၏ EMB တွင်ပါဝင်သောအရာများ

| ထိုပုံစံ၏ ရှုထောင့်နှင့် ပါဝင်ဖွဲ့စည်းထားသော EMB | လွတ်လပ်သော ပုံစံ | အစိုးရဖွဲ့စည်းထားသောပုံစံ | ပုံစံအရော<br>လွတ်လပ်သော ပါဝင်ဖွဲ့စည်းမှုများ | ပုံစံအရော<br>အစိုးရဖွဲ့စည်းထားသောပါဝင်ဖွဲ့စည်းမှုများ |
|---|---|---|---|---|
| | လွတ်လပ်သော EMB(s) | အစိုးရဖွဲ့စည်းထားသော EMB(s) | ပါဝင်ဖွဲ့စည်း ထားသော လွတ်လပ်သော EMB | ပါဝင်ဖွဲ့စည်းထားသော အစိုးရဖွဲ့စည်း ထားသည့် EMB |
| အသင်းအဖွဲ့ ဆိုင်ရာပြင်ဆင်ပုံ | အစိုးရစီမံကွပ်ကဲမှု ဌာနခွဲအောက်မှ အသင်းအဖွဲ့တစ်ခု အနေဖြင့် အမှီအခို ကင်းသည်။ | နိုင်ငံ နှင့်/သို့မဟုတ် မြို့နယ်အစိုးရ၏ အတွင်း သို့မဟုတ် အောက်တွင်တည်ရှိ သည်။ | အစိုးရစီမံကွပ်ကဲမှု ဌာနခွဲအောက်မှအသင်း အဖွဲ့တစ်ခုအနေဖြင့် အမှီအခိုကင်းသည်။ | နိုင်ငံ နှင့်/သို့မဟုတ် မြို့နယ် အစိုးရ၏ အတွင်း သို့မဟုတ် အောက်တွင်တည်ရှိ သည်။ |

| ထိုပုံစံ၏ ရှုထောင့်နှင့် ပါဝင်ဖွဲ့စည်းထားသော EMB | လွတ်လပ်သော ပုံစံ | အစိုးရဖွဲ့စည်းထားသောပုံစံ | ပုံစံအရော | |
|---|---|---|---|---|
| | | | လွတ်လပ်သော ပါဝင်ဖွဲ့စည်းမှုများ | အစိုးရဖွဲ့စည်းထားသောပါဝင်ဖွဲ့စည်းမှုများ |
| | လွတ်လပ်သော EMB(s) | အစိုးရဖွဲ့စည်းထားသော EMB(s) | ပါဝင်ဖွဲ့စည်း ထားသော လွတ်လပ်သော EMB | ပါဝင်ဖွဲ့စည်းထားသော အစိုးရဖွဲ့စည်းထားသည့် EMB |
| လက်တွေ့အကောင်အထည်ဖော်ခြင်း | လက်တွေ့အကောင်အထည်ဖော်ရာတွင် တာဝန်ကို အပြည့်အဝ အသုံးချသည်။ | လက်တွေ့အကောင်အထည်ဖော်ခြင်းသည် အစိုးရလမ်းညွှန်သော စီမံကြီးကြပ် ဌာနအောက်တွင်ရှိ။ | စောင့်ကြည့်ခြင်း ကြီးကြပ်ခြင်းတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြီး အချို့ကိစ္စများတွင် မူဝါဒချမှတ်ခွင့်ရှိ။ | လက်တွေ့ အကောင်အထည်ဖော်ခြင်းသည် အစိုးရလမ်းညွှန်သော စီမံကြီးကြပ်ဌာနအောက်တွင်ရှိ၊ စောင့်ကြည့်ခြင်း ကြီးကြပ်ခြင်းတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြီး အချို့ကိစ္စများတွင် လွတ်လပ်သော ဖွဲ့စည်းမှုများက မူဝါဒချမှတ်ခွင့်ရှိ။ |
| နည်းစနစ်ကျကျ တာဝန်ခံနိုင်ခြင်း | အစိုးရ၏ ကြီးကြပ်စီမံရေးဌာနခွဲအား အစီရင်ခံစာတင်ရန်မလိုပါ၊ သို့ရာတွင် ချွင်းချက်အနည်းငယ်ဖြင့် ဥပဒေပြု လွှတ်တော်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် နိုင်ငံ့ခေါင်းဆောင်တို့အား တာဝန်ခံမှု ရှိရသည်။ | အစိုးရ၏ ကြီးကြပ်စီမံရေးဌာနခွဲအား လုံးလုံးတာဝန်ခံရန်ရှိသည်။ | အစိုးရ၏ ကြီးကြပ်စီမံရေး ဌာနခွဲအား အစီရင်ခံစာတင်ရန် မလိုပါ၊ ဥပဒေပြုလွှတ်တော်၊ တရားစီရင်ရေး မဏ္ဍိုင်နှင့် နိုင်ငံခေါင်းဆောင်တို့အား စည်းစနစ်အတိုင်း တာဝန်ခံမှုရှိရသည်။ | အစိုးရ၏ ကြီးကြပ်စီမံရေးဌာနခွဲအား လုံးလုံးတာဝန်ခံရန်ရှိသည်။ |
| အာဏာ | ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းဘောင်ကို တိုးမြှင့်ရန် အာဏာရှိသည်။ ဥပဒေ အောက်တွင် အမှီအခို ကင်းစွာတည်ရှိသည်။ | လက်တွေ့အကောင်အထည် ဖော်ရာတွင် အာဏာအကန့်အသတ်ရှိသည်။ | အများအားဖြင့် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်း စည်းကမ်းဘောင်ကို တိုးမြှင့်ရန် အာဏာရှိသည်။ ဥပဒေအောက်တွင် အမှီအခိုကင်းစွာတည်ရှိသည်။ ရွေးကောက်ပွဲကို လက်တွေ့အကောင်အထည်ဖော်နေသူများအား စောင့်ကြည့်သို့မဟုတ် ကြီးကြပ်သည်။ | လက်တွေ့အကောင်အထည်ဖော်ရာတွင် အာဏာအကန့်အသတ်ရှိသည်။ |

| ထိုပုံစံ၏ ရှုထောင့်နှင့် ပါဝင်ဖွဲ့စည်း ထားသော EMB | လွတ်လပ်သော ပုံစံ | အစိုးရဖွဲ့စည်း ထားသောပုံစံ | ပုံစံအရော | |
|---|---|---|---|---|
| | | | လွတ်လပ်သော ပါဝင်ဖွဲ့စည်းမှုများ | အစိုးရဖွဲ့စည်းထား သောပါဝင်ဖွဲ့စည်း မှုများ |
| | လွတ်လပ်သော EMB(s) | အစိုးရဖွဲ့စည်းထား သော EMB(s) | ပါဝင်ဖွဲ့စည်း ထားသော လွတ်လပ်သော EMB | ပါဝင်ဖွဲ့စည်းထားသော အစိုးရဖွဲ့စည်း ထားသည့် EMB |
| ဖွဲ့စည်းပုံ | EMB ရုံးအတွင်းရှိနေစဉ် ကြီးကြပ်စီမံရေး ဌာန၏ ပြင်ပမှ ဖြစ်သော အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသည်။ | ဝန်ကြီးတစ်ဦးက ဖြစ်စေ ပြည်သူ့ဝန်ထမ်းတစ်ဦး က ဖြစ်စေ ဦးဆောင်သည်။ ချွင်းချက် အနည်းငယ်လောက်မှ လွဲပြီး "အဖွဲ့ဝင်" မရှိပါ။ အထွေထွေ အတွင်းရေးမှူး ၏ ဌာနသာရှိသည်။ | EMB ရုံးအတွင်းရှိနေစဉ် ကြီးကြပ်စီမံရေးဌာန၏ ပြင်ပမှ ဖြစ်သော အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသည်။ | ဝန်ကြီးတစ်ဦးက ဖြစ်စေ ပြည်သူ့ဝန်ထမ်းတစ်ဦး က ဖြစ်စေ ဦးဆောင်သည်။ "အဖွဲ့ဝင်" မရှိပါ။ အထွေထွေ အတွင်းရေးမှူး၏ ဌာနသာရှိသည်။ |
| တာဝန်ထမ်းဆောင် သက် | တာဝန်ထမ်းဆောင် သက်ဆိုင်ရာ အာမခံ စာချုပ်ကမ်းလှမ်းမှု ရှိသော်လည်း ပုံသေ သတ်မှတ်ထားသော တာဝန်ထမ်းဆောင် သက် မရှိပါ။ | အများအားဖြင့် ဝန်ထမ်း မရှိသောကြောင့် မသိနိုင်ပါ။ အထွေထွေ အတွင်းရေးမှူး၏ ရုံးဝန်ထမ်းများသည် တာဝန်ထမ်းဆောင် သက် အာမခံမရှိသော ပြည်သူ့ဝန်ထမ်းများ ဖြစ်ကြသည်။ | တာဝန်ထမ်းဆောင် သက်ဆိုင်ရာ အာမခံ စာချုပ် ကမ်းလှမ်းမှု ရှိသော်လည်း ပုံသေ သတ်မှတ်ထားသော တာဝန်ထမ်းဆောင် သက် မရှိပါ။ | တာဝန်ထမ်းဆောင် သက်ကို အာမခံ ထားခြင်းမရှိပါ။ |
| ဘက်ဂျက်ငွေ | ကိုယ်ပိုင်ဘတ်ဂျက် ငွေကို ပိုင်ဆိုင်ပြီး စီမံခန့်ခွဲနိုင်သည်။ အစိုးရ၏ နေ့စဉ်နှင့်အမျှ ထိန်းချုပ်ခြင်းမှ ကင်းလွတ်သည်။ | ဘတ်ဂျက်ငွေသည် အစိုးရ ဝန်ကြီးဌာန တစ်ခု၏ ဘတ်ဂျက်ငွေ ထဲတွင် ပါသည် သို့မဟုတ် မြို့နယ် အာဏာပိုင် ဘတ်ဂျက် ငွေထဲတွင် ပါသည်။ | သီးသန့်ခွဲပေးထားသော ဘတ်ဂျက်ငွေ ရှိသည် | ဘတ်ဂျက်ငွေသည် အစိုးရဝန်ကြီးဌာန တစ်ခု၏ ဘတ်ဂျက်ငွေ ထဲတွင် ပါသည် သို့မဟုတ် မြို့နယ် အာဏာပိုင် ဘတ်ဂျက် ငွေထဲတွင်ပါသည်။ |

*လွတ်လပ်သော သို့မဟုတ် ပုံစံအရော ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု စနစ်ကိုသုံးသော နိုင်ငံအနည်းငယ်တွင် စည်းမျဉ်းပိုင်းဆိုင်ရာ အာဏာရှိသော လွတ်လပ်သော EMB မရှိပါ

## သရုပ်ဖော်ပုံ ၁ : ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲခြင်းဆိုင်ရာ ပုံစံအကျယ်သုံးမျိုး၏ ဝိသေသလက္ခဏာနှင့် ၎င်းတို့၏ EMB တွင်ပါဝင်သောအရာများ



CEC = ဗဟို ရွေးကောက်ပွဲ ကော်မရှင်

## ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲပုံ ပြောင်းသွားသောအခါ EMB ထံမှ မည်သည်တို့ ရရှိနိုင်မည်နည်း

တိုင်းပြည်တစ်ပြည်၏ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုပုံစံသည် EMB ၏ပုံစံအတွက် အရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။ သို့ရာတွင် တစ်ခုတည်းအနေနှင့် လုံးစည်းသတ်မှတ်မည့်အစား ကျင့်ကြံပြုမူပုံသုံးခုအနေနှင့် စဉ်းစားခြင်းကပိုမိုရိုးရှင်းလိမ့်မည် ဖြစ်သည်။ EMB အပြုအမူတို့သည် ရွေးကောက်ပွဲဆိုင်ရာမူဝါဒဘောင်၊ နိုင်ငံရေးနှင့် လူမှုရေးမျှော်လင့်ချက်များနှင့် EMB တစ်ခု လည်ပတ်နေသော ယဉ်ကျေးမှုပတ်ဝန်းကျင် အပေါ်တွင်လည်း အများကြီးမှီတည်မှုရှိသည်။ လွှမ်းမိုးမှုများက နိုင်ငံရေးဆိုင်ရာ ကတိကဝတ်များကို ပါဝင်စေပြီး EMB တစ်ခုကို လွတ်လပ်စွာနှင့် ဘက်မလိုက်ဘဲ လှုပ်ရှားမှုပြုစေနိုင်သည်၊ EMB ကို ပေးထားသော အာဏာအတိုင်းအတာပမာဏနှင့် လုပ်ဆောင်ချက်များ၊ ခန့်အပ်ရန်အတွက် အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းတို့၏ အရည်အချင်း သတ်မှတ်ချက်များနှင့် တာဝန်ထမ်းဆောင်သက်၊ အဖွဲ့ဝင်နှင့် ဝန်ထမ်းတို့ကို မည်သို့ရွေးချယ်ခန့်အပ်မည် ဆိုသည့်နည်းလမ်း၊ တာဝန်ရှိမှုနှင့် တာဝန်ခံယူမှု မူဘောင်နှင့် EMB ဘက်မှ တရားစွဲနိုင် သို့မဟုတ် တရားစွဲခံရနိုင်သော တရားဥပဒေအရ အသိအမှတ်ပြုခံထားရသောအဖွဲ့အစည်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။ ဥပမာအားဖြင့် အပြိုင်အဆိုင်သဘောရှိသော နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ ပါရှိသော EMB နှင့် ထိုကိစ္စနှင့်မသက်ဆိုင်သော ပညာရှင်များ၊ နိုင်ငံရေးအသင်းအဖွဲ့မှ မဟုတ်သော သူများဖြင့်ဖွဲ့စည်းထားသော EMB တို့သည်လည်း အမှီအခိုကင်းသော ပုံစံအတိုင်း ဖြစ်နေမည်ဖြစ်သော်လည်း လည်ပတ်ပုံမှာ ကွာခြားနိုင်သည်။ ထိုနည်းတူပင် ဒေသဆိုင်ရာ ရွေး

ကောက်ပွဲစီမံခန့်ခွဲရေးရုံးများကို ထိန်းချုပ်သော အထောက်အပံ့ပေးသည့် ဌာနရှိသည့် အစိုးရဖွဲ့စည်းထားသော ပုံစံအောက်ရှိ EMB နှင့် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများအား အကောင်အထည်ဖော်ရန်အတွက် မြို့နယ်အာဏာပိုင်အမျိုးမျိုးတို့ကို မှီခိုရသော EMB နှင့်ပြုမူလှုပ်ရှားမှုများ ကွဲပြားနိုင်သည်။

မည်သို့ပင်ဆိုစေကာမူ အောက်ပါတွင် ပုံစံသုံးမျိုးနှင့် ၎င်းတို့၏ EMB တို့၏ ယေဘုယျ လက္ခဏာများ၊ အားသာချက်နှင့် အားသာချက်များကို ဖော်ပြထားသည်။ ဇယား ၁၊ ၂၊ ၃၊ ၄၊ ၅ တို့တွင် အဓိကကျသော အချက်များကို စာရင်းပြုစုဖော်ပြထားသည်။

### *ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုပုံစံကြီးသုံးမျိုးအောက်ရှိ EMB များ၏ ဂုဏ်သတ္တိများ*

ပုံစံအရော ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုသည် တည်ဆောက်ပုံအမျိုးမျိုး၊ အတွင်းပိုင်း ဆက်ဆံရေးအမျိုးမျိုးနှင့် ဂုဏ်သတ္တိအမျိုးမျိုးတို့ကို လွှမ်းခြုံလျက်ရှိသည်။ ဇယား ၁ တွင် ပြထားသော ဝိသေသလက္ခဏာများမှလွဲပြီး ၎င်း၏မရှိမဖြစ်နှင့် ဖြစ်နိုင်ချေရှိသော ဂုဏ်သတ္တိများကို စည်းမျဉ်းသတ်မှတ်ခြင်း မရနိုင်ချေ။ ပုံစံအရော EMB များ၏ ဆက်ဆံရေးသည် သူ၏ဂုဏ်သတ္တိများကို အဆုံးအဖြတ်ပေးရာတွင်နှင့် လုပ်ဆောင်မည့်နည်းလမ်းကို ဆုံးဖြတ်ရာတွင် ထင်ရှားလှသည်။ အကျိုးထိရောက်သော ပုံစံအရော EMB ရှိ မူဘောင်များသည် ရှင်းရှင်းလင်းလင်းပင် အာဏာနှင့် လုပ်ပိုင်ခွင့်များကိုဖွဲ့စည်းတည်ဆောက်ထားသော မူဝါဒများကြား၊ ကြီးကြပ်စောင့်ကြည့်ရော EMB များကြားနှင့် ဖွဲ့စည်းချက်များကို အကောင်အထည်ဖော် EMB များကြားနှင့် ၎င်းတို့၏ ဆက်ဆံရေးများခွဲဝေမည် ဖြစ်ကြောင်းကို အသေးစိတ်ပြောကြားပြီး ဖြစ်သည်။ ဇယား ၄ တွင် ပုံစံအရော ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအောက်တွင် EMB ဖွဲ့စည်းတည်ဆောက်မှု၏ ဂုဏ်သတ္တိ ဥပမာအချို့ကို ပြထားလေသည်။

## ပုံသေနှင့် ယာယီ EMB များ

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တွင် အဆင့်အမျိုးမျိုးရှိသည်။ ဥပဒေပြုရေးပုံစံနှင့် မူကြမ်းချမှတ်ခြင်း၊ ရွေးကောက်ပွဲအတွက် လိုအပ်သောဝန်ထမ်းများ စုဆောင်းခြင်းနှင့် လေ့ကျင့်သင်ကြားခြင်း၊ ရွေးကောက်ပွဲစီမံကိန်းရေးဆွဲခြင်း၊ မဲဆန္ဒရှင်များအား စာရင်းရေးသွင်းစေခြင်း၊ နိုင်ငံရေးပါတီများအား စာရင်းရေးမှတ်ခြင်း၊ ပါတီနှင့် ယှဉ်ပြိုင်သူများအားရွေးချယ်ခြင်း၊ ရွေးကောက်ပွဲအတွက် မဲဆွယ်ခြင်း၊ မဲပေးခြင်း၊ မဲရေခြင်း၊ ရလဒ်များကိုစီစဉ်ခြင်း၊ မဲစာရင်းကြေငြာခြင်း၊ ရွေးကောက်ပွဲဆိုင်ရာပဋိပက္ခများကို ဖြေရှင်းခြင်း၊ အစီရင်ခံစာတင်ခြင်း၊ စစ်ဆေးခြင်း၊ မှတ်တမ်းရေးသွင်းခြင်းတို့ဖြစ်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ရပ် ပြီးသောအခါ နောက်ထပ်တစ်ခုအတွက် ဆက်လက်လုပ်ကိုင်နိုင်ရန် မျှော်မှန်းရနိုင်ဖွယ်ရှိသည်။ ထိုလုပ်ငန်းစဉ်တစ်ရပ်လုံးကို ရွေးကောက်ပွဲလည်ပတ်ပုံဟုခေါ်သည်။ သရုပ်ဖော်ပုံ ၂ တွင် ပြထားသည့် အတိုင်းဖြစ်သည်

ပုံသေကသင့်တော်သလော၊ ယာယီ EMB က သင့်တော်သလောဆုံးဖြတ်ရာတွင် ရွေးကောက်ပွဲလည်ပတ်ပုံ အတွင်းရှိ အလုပ်များကိုလည်း ထည့်တွက်သင့်ပေသည်။ ထို့နောက် ပုံသေအသင်းဌာနတစ်ခုဖွဲ့စည်း ထိန်းသိမ်းရာတွင် ကုန်ကျမည့်ငွေနှင့် ရွေးကောက်ပွဲအသစ်တစ်ခုလုပ်တိုင်း အသင်းဌာနတစ်ခုကို တည်ထောင်ရာတွင် ကုန်ကျမည့်ငွေနှင့်အချိန်ကို ထည့်တွက်နှိုင်းချိန်ရန်လိုသည်။ ယာယီ EMB မှာ သင့်တော်သည်ဟု ထင်ရနိုင်ဖွယ်ရှိသော်လည်း ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အသင်းဌာနတို့၏ မှတ်နိုင်စွမ်းရည်မည်မျှကြာရှည်ခံနိုင်မည် ဆိုသည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်လှသည်။ ရွေးကောက်ပွဲပုံမှန် အမြဲလိုလိုဖြစ်နေသည့် နေရာများတွင် ဥပမာအားဖြင့် မဲဆန္ဒနယ် တစ်စိတ်တစ်ဒေသ သို့မဟုတ် မဲဆန္ဒနယ်တစ်ခုတည်းအတွက် ရွေးကောက်ခြင်းနှင့် မဲဆန္ဒရှင်စာရင်းများကို အဆက်မပြတ် လုပ်နေရချိန်

## ဇယား ၂ : အမှီအခိုကင်းသောပုံစံ၏အောက်တွင် EMB တစ်ခု၏ မရှိမဖြစ်လိုအပ်သောအချက်၊ ဖြစ်နိုင်ချေရှိသောအချက်၊ မဖြစ်နိုင်သောအချက်များ

| ရှုထောင့် | မရှိမဖြစ်လိုအပ်သော အချက်များ | ဖြစ်နိုင်ချေရှိသော အချက်များ | မဖြစ်နိုင်သော အချက်များ |
|---|---|---|---|
| အဖွဲ့အစည်းဆိုင်ရာ စီစဉ်မှု | အစိုးရ၏ ကြီးကြပ်စီမံမှုဌာနအောက်မှ အသင်းအဖွဲ့ တစ်ခုအနေနှင့် အမှီအခိုကင်းသည်။ | | ပြည်နယ်အစိုးရ နှင့်/သို့မဟုတ် မြို့နယ် အစိုးရ၏ ဖွဲ့စည်းပုံ တစ်စိတ်တစ်ဒေသ မဖြစ်ခြင်း |
| လက်တွေ့အကောင် အထည်ဖော်ခြင်း | လက်တွေ့ အကောင် အထည်ဖော်ရန် အတွက် တာဝန်ကို အပြည့်အဝ အသုံးချသည်။ | သူ၏ရပိုင်ခွင့်နှင့်အတူ မိမိအခွင့်အရေးအတွက် တရားစွဲနိုင်သော တရားစွဲခံရနိုင်သော အရာတစ်ခု ဖြစ်နိုင်သည် (ဥပမာအဇာဘိုင်ဂျန်၊ ဘော့တ်စဝါနာ၊ ကွန်ဂိုသမ္မတနိုင်ငံ၊ ကင်ညာနှင့် လီသွားနီးယား) သို့မဟုတ် တရားဥပဒေနှင့် မဆိုင်သောအရာ ဖြစ်နိုင်သည်။<br><br>(ဥပမာ- မိုဇမ်ဘစ်ဂ်) | ဖွဲ့စည်းပုံ အခြေခံ ဥပဒေ သို့မဟုတ် တရားဥပဒေ၏ အထက်တွင်မရှိခြင်း |
| တာဝန်ခံနိုင်မှု | အစိုးရ၏ အပီအပြင် ချုပ်ကိုင်မှု အောက် တွင် တည်ရှိသည်။ | သာမန်အားဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း ဥပဒေပြုရေး တရားစီရင်ရေးနှင့် နိုင်ငံ့ခေါင်းဆောင်တို့ အပေါ်တွင် တာဝန်ရှိသည်။ငွေရေးကြေးရေးဆိုင်ရာ ကိုယ်တိုင် စီမံခန့်ခွဲခွင့်နှင့် တာဝန်ခံနိုင်မှု အဆင့်အမျိုးမျိုး ကွဲပြားသည်။ မိမိကိုယ်ပိုင် ဘဏ္ဍာငွေထုတ်ယူခြင်း၊ ပြေစာထုတ်ယူခြင်းတို့ကို အစိုးရကြီးကြပ်စီမံမှုဌာန၏ ဝင်ရောက်စွက်ဖက်မှုအနည်းငယ်မျှသာပါခြင်း ဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကိုယ်ပိုင်ထိန်းချုပ်ခွင့်ရ လေသည်။ စွမ်းဆောင်ရည်တာဝန်ခံနိုင်မှု အဆင့် အမျိုးမျိုးရှိနိုင်လေသည်။ | အစိုးရကြီးကြပ် စီမံရေးဌာန အတွက် တိုက်ရိုက်အားဖြင့် တာဝန်မရှိပါ။ အစိုးရ ကောင်းတစ်ရပ်ဖြစ် စေရန်သတ်မှတ် ချက်များ နှင့် မူဝါဒ။ ဘဏ္ဍာ ရေးနှင့် စွမ်းဆောင်ရည် ပိုင်းဆိုင်ရာ တာဝန်ခံမှုရှိသည်။ |
| အာဏာများ | မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက် များကို အမှီအခိုကင်းကင်း သတ်မှတ်သောင် အတွင်းရောက် အောင်လုပ်နိုင် စွမ်းရှိသည်။ | သာမန်အားဖြင့် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်း စည်းကမ်း မူဝါဒဘောင်ကို အမှီအခို ကင်းကင်းနှင့် ဥပဒေဘောင်အတွင်း မလုပ်နိုင်စွမ်းရှိသည်။ အများအားဖြင့် ရွေးကောက်ပွဲဆိုင်ရာ လက်တွေ့ ကျင့်သုံးမှုအတွက် အာဏာနှင့် လုပ်ဆောင်ချက် များကို ခြုံငုံကြည့်ပါက ကျယ်ပြန့်စွာရထားသည်။. သူ့ကိုယ်ပိုင် ဝန်ထမ်းများအား ငှားယူခြင်း၊ ထုတ်ပယ် ခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းမျိုး လုပ်နိုင်ကောင်း လုပ်နိုင်လိမ့်မည်။ ကိုယ်တိုင်ကိုယ်ကျ ပစ္စည်းဝယ်ယူ နိုင်ခြင်းနှင့် စာရင်းဇယားကိုင်တွယ်နိုင်ခြင်းတို့ ရရှိလိမ့်မည်။ | |

| ရှုထောင့် | မရှိမဖြစ် လိုအပ်သော အချက်များ | ဖြစ်နိုင်ချေရှိသော အချက်များ | မဖြစ်နိုင်သော အချက်များ |
|---|---|---|---|
| ဖွဲ့စည်းပုံ | EMB ရုံးထဲတွင် တာဝန်ထမ်းဆောင် နေစဉ် စီမံကြီးကြပ် ရေးဌာန ၏အပြင် ဘက်မှ ဖြစ်သော အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသည်။ | အဖွဲ့ဝင်များမှာ လုပ်ငန်းခွင်နှင့် မသက်ဆိုင်သော "ကျွမ်းကျင်သူများ" ဖြစ်နိုင်သကဲ့သို့ နိုင်ငံရေးနှင့် မသက်ဆိုင်သော နယ်ပယ်မှသူများလည်း ဖြစ်နိုင် သည်။ | |
| တာဝန်ထမ်းဆောင် သက် | အဖွဲ့ဝင်များအတွက် တာဝန်ထမ်းဆောင် သက် အာမခံ စာချုပ်ရှိသည်။ | အဖွဲ့ဝင်များအတွက် သတ်မှတ်ထားသော တာဝန်ထမ်းဆောင်သက် ရှိသည်။ | အဖွဲ့ဝင်များကို ကြီးကြပ်စီမံရေးဌာန ၏ သဘောတစ်ခု တည်းဖြင့် ထုတ်ပယ်ခွင့်မရှိ |
| ဘတ်ဂျက်ငွေ | အစိုးရ၏နေ့စဉ် ဝင်ရောက် စီမံမှု မပါဘဲ အမှီအခို ကင်းစွာ ကိုယ်ပိုင် ဘတ်ဂျက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲနိုင်စွမ်း ရှိသည်။ | ဥပဒေပြုရေးလွှတ်တော်နဲ့ ခွဲခြားပြီး ပေးထားသော ဘတ်ဂျက်ငွေ ရှိကောင်းရှိနိုင်သည်။ ရန်ပုံငွေကို ကြီးကြပ်စီမံရေးဌာနခွဲ သို့မဟုတ် အလှူရှင် အသိုင်းအဝိုင်းမှ ရရှိနိုင်သည် | မည်သည့်အစိုးရဝန် ကြီးဌာန၏ ဘတ်ဂျက်ငွေ စာရင်း အတွင်းမှ မကျရောက်ပါ။ |
| ဝန်ထမ်း | သူ၏ ကိုယ်ပိုင် ဝန်ထမ်းများ၏ လိုအပ်ချက်၊ စည်းမျဉ်း စည်းကမ်းနှင့် မူဝါဒကို ချမှတ်နိုင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိသည်။ | ပြည်သူ့ဝန်ထမ်းဌာနမှ ကိုယ်စားလှယ်ကို ခန့်ထား အသုံးပြုနိုင်သည်။ | ဝန်ထမ်းများသည် အစိုးရ အမှုထမ်း ဖြစ်ရန်မလိုပါ။ |

တွင် သို့မဟုတ် မဲပေးခြင်းဆိုင်ရာ တိုးတက်မှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသော နေရာတွင် ဥပမာ အားဖြင့် ပြုလုပ်နေဆဲဖြစ်သော မဲဆန္ဒရှင် အသိပညာပေးရေးနှင့် သတင်းအချက်အလက်မျှဝေရေး တို့ ပြုလုပ်နေလျှင် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြန်လည်ပြင်ဆင်ရန်လိုအပ်ကြောင်း ထောက်ခံ အားပေးမှု လိုအပ်နေလျှင် ပုံသေရွေးကောက်ပွဲဆိုင်ရာ အသင်းဌာနသည် သင့်တော်ပါသည်။ အာမေးနီး ယား၊ ဩစတြေးလျ၊ဘရာဇီး၊ ကနေဒါ၊ အင်ဒိုနီးရှား မက္ကဆီကို၊ ဖိလစ်ပိုင်၊ တောင်အာဖရိကနှင့် ထိုင်းနိုင်ငံ တို့တွင် ပုံသေ EMB ကိုထိန်းသိမ်းအသုံးပြုသည်။

အချို့သောတိုင်းပြည်များတွင် ရွေးကောက်ပွဲ ကာလအတွင်းတွင်သာ အလုပ်လုပ်သော ယာယီ EMB များလည်းရှိသည်။ ထိုတိုင်းပြည်များသည် လွတ်လပ်သော၊ အစိုးရဖွဲ့စည်းထားသော သို့မဟုတ် ပုံစံ အရော မည်သည်ကိုမဆို အသုံးပြုနိုင်သည်။ အချို့သော နိုင်ငံများတွင် အစိုးရဖွဲ့စည်းသော EMB သည်

ယာယီသာဖြစ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ရွေးကောက်ပွဲတွင် ဝင်ရောက်အမှုထမ်းသော ပြည်သူ့ဝန်ထမ်းများသည်သူတို့၏ နိစ္စဓူဝတာဝန်ဝတ္တရားများ ရှိသေးသည့်အပြင် EMB တွင်ဝင်ရောက်ရန် ခန့်အပ်ထားသည်မှာလည်း ရွေးကောက်ပွဲ ကာလအတွင်းသာ ဖြစ်သောကြောင့်ဖြစ်သည်။ သို့ရာတွင်လည်း ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကိုအစိုးရဖွဲ့စည်းသော စနစ်အတိုင်းကျင့်သုံးသော ဆွီဒင်ကဲ့သို့သော နိုင်ငံတွင် ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ရွေးကောက်ပွဲစာရင်းများ အသစ်ပြန်လည်တိုးချဲ့ရေးအပါအဝင် စသည်တို့ကို ဖြေရှင်းရန်အတွက် ပုံသေဝန်ထမ်း အနည်းငယ်ကို ခန့်အပ်ထားလေသည်။ ပုံစံအရောကို အသုံးပြုသော အချို့သောနိုင်ငံများတွင် အစိုးရဖွဲ့စည်းထားသော EMB သည် အသင်းဌာနဆိုင်ရာ မှတ်စရာတို့ကို ထိန်းသိမ်းထားရန် ပုံသေခန့်အပ်ထားခြင်းဖြစ်ပြီး လွတ်လပ်သော EMB သည် ရွေးကောက်ပွဲ ကာလအတွက်သာ ယာယီတည်ထောင်ထားခြင်းဖြစ်သည်။

ရွေးကောက်ပွဲ စီမံခန့်ခွဲခြင်းစနစ်တွင် အမှီအခိုကင်းသောပုံစံကိုအသုံးပြုသော ဘူလ်ဂေးရီးယား၊ နိကဲရာဂွါနှင့်ရိုမေးနီးယားတို့တွင် ရာထူးနိမ့်သော ယာယီဖွဲ့စည်းထားသော EMB တို့နှင့် ယှဉ်တွဲလည်ပတ်နေသောပုံသေ ဗဟိုပြု EMB များရှိသည်။ရုရှား ဖက်ဒရေးရှင်းအဖွဲ့အစည်းကမူ ဖက်ဒရယ်အဆင့်နှင့် မဲဆန္ဒနယ်ယူနစ် အဆင့်တို့အတွက်ပါ ပုံသေသတ်မှတ်ထားသော EMB များရှိသည်။ ဂျော်ဂျီယာတွင် ဗဟိုနှင့် ခရိုင်နှစ်မျိုးလုံးအတွက် ပုံသေသတ်မှတ်ထားသော EMB များရှိသည်။ နှစ်ခုလုံးတွင် ရွေးကောက်ပွဲကာလအတွက် ယာယီ EMB များရှိကြသည်။ ရာထူးအနိမ့် EMB ၏တာဝန်ဝတ္တရားနှင့် ထောက်ပံ့ပို့ဆောင်ရေး လိုအပ်ချက်တို့အပေါ်တွင် မူတည်ကာ ထိုတည်ဆောက်ပုံတို့ကို မဲပေးမည့်နေ့မတိုင်မီ တစ်လမှ ခြောက်လအတွင်း ခန့်အပ်ချထားလေ့ရှိသည်။ ပုံသေသတ်မှတ်ထားသော EMB တို့သည် ဗဟိုနှင့် ဥရောပအရှေ့ဘက် ရွေးကောက်ပွဲအမှုဆောင်များအသင်း (ACEEEO) (ယခုတွင်တော့ ဥရောပ ရွေးကောက်ပွဲအမှုဆောင် အသင်းဖြစ်) ၏ အားပေးမှုကြောင့် ဥရောပတိုက် အလယ်နှင့် အရှေ့ဘက်တွင် ပိုမိုပြုလုပ်လေ့ရှိကြသည်။ ထိုပြင် ဒီမိုကရေစီအဖွဲ့အစည်းနှင့် လူ့အခွင့်အရေးအတွက် ဥရောပရုံးရှိ လုံခြုံရေးနှင့် ကောပိုရေးရှင်းအသင်းရှိ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတို့မှ ညွှန်းသည်မှာ ထိုကဲ့သို့သော တည်ဆောက်မှုများသည် အသင်းအဖွဲ့ဆိုင်ရာမှတ်မိနိုင်စွမ်းနှင့် လုပ်ငန်းစဉ်ဆက်မပြတ်ရေးတို့ကိုလည်း အားပေးသည်ဟု ဆိုသည်။

## ဗဟိုပြုစနစ်ရှိသောနှင့် ဗဟိုပြုစနစ်မရှိသော EMB များ

EMB ၏ အာဏာ ကြီးထွားမှု သို့မဟုတ် အာဏာခွဲဝေပေးမှုသည် နိုင်ငံအတွင်းရှိ အစိုးရ၏စနစ်အပေါ်တွင်မူတည်သည်။တစ်ပြည်ထောင်နိုင်ငံများတွင် ရွေးကောက်ပွဲအတွက် တာဝန်သည် နိုင်ငံတော်အဆင့် သတ်မှတ်ရမည်ဖြစ်သည်။ ဖက်ဒရယ်နိုင်ငံများတွင်မူ EMB ကို နိုင်ငံအဆင့် တိုးမြှင့်လိုက်သော်လည်း တိုင်းနှင့်ပြည်နယ် တစ်ခုချင်းစီအတွက် မတူညီသော ဥပဒေဘောင်အတွင်းမှလှုပ်ရှားခြင်းမျိုးများ ရှိနိုင်ပြီး မတူညီသော ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးခြင်းမျိုးရှိနိုင်လေသည်။

EMB ၏ သဘော သဘာဝကို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအတွင်း အများအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားလေ့ရှိကြသည်။ဖိလစ်ပိုင်နိုင်ငံတွင်ကဲ့သို့ဥပဒေပေါင်းချုပ်တစ်ခုတည်းမှကောက်နုတ်ထားသည်ဖြစ်စေ ၊အင်ဒိုနီးရှားနိုင်ငံတွင်ကဲ့သို့ ရွေးကောက်ပွဲစီမံညွှန်ကြားရေးဆိုင်ရာနှင့် တိတိပပ ဆက်နွယ်နေသော ဥပဒေတစ်ခုမှယူထားသည် ဖြစ်စေ၊ တရားဥပဒေမူဘောင်သည် ဗဟို သို့မဟုတ် နိုင်ငံအဆင့် EMB ကို ပေးထားသောအာဏာနှင့် လုပ်ဆောင်ချက်များကို ဒေသခံ သို့မဟုတ် အဆင့်နိမ့်သော EMB များအား ပေးထားသော အာဏာနှင့် လုပ်ဆောင်ချက်များမှ ခွဲခြားထားမည်ဖြစ်သည်။ တစ်ပြည်ထောင်နိုင်ငံများတွင် ထိုကဲ့သို့သောဘေးတိုက် အဆင့်တူ အာဏာနှင့် လုပ်ဆောင်ချက်များ ခွဲဝေပေးခြင်းသည် နိုင်ငံအဆင့်

## ဇယား ၃ : အစိုးရပုံစံအောက်တွင် EMB တစ်ခု၏ မရှိမဖြစ်လိုအပ်သောအချက်၊ ဖြစ်နိုင်ချေရှိသောအချက်၊ မဖြစ်နိုင်သောအချက်များ

| ရှုထောင့် | မရှိမဖြစ်လိုအပ်သော အချက်များ | ဖြစ်နိုင်ချေရှိသော အချက်များ | မဖြစ်နိုင်သော အချက်များ |
|---|---|---|---|
| အသင်းဌာန ဆိုင်ရာ စီစဉ်ထားရှိမှု | နိုင်ငံဆိုင်ရာဌာန နှင့်/ သို့မဟုတ် မြို့နယ် အာဏာပိုင် အစိုးရအတွင်း တွင် တည်ရှိနိုင်သည်။ | ဌာနတစ်ခု၊ကိုယ်စားလှယ်ဌာန တစ်ခု သို့မဟုတ် မြို့နယ် အာဏာပိုင် တစ်ဦးလည်း ဖြစ်နိုင်သည်။ | အစိုးရ၏ ကြီးကြပ်စီမံမှု ဌာနအောက်မှ အမှီ အခိုကင်းသောအသင်း ဌာန တစ်ခုမဟုတ်ပါ |
| လက်တွေ့ အကောင် အထည်ဖော်ခြင်း | လက်တွေ့အကောင် အထည် ဖော်ခြင်းသည် အစိုးရ ကြီးကြပ်စီမံဌာန၏ လမ်းညွှန်မှုအောက်တွင် ရှိသည်။ | လက်တွေ့အကောင်အထည် ဖော်ရန်အတွက်ရှိသော တာဝန်များ ကို ဝန်ကြီးဌာန၊ ဌာနများ သို့မဟုတ် မြို့နယ် အာဏာပိုင် များနှင့် မျှဝေနိုင်သည်။ | |
| တာဝန်ခံနိုင်မှု | အစိုးရ၏ကြီးကြပ်စီမံမှုဌာန အတွက် မူဝါဒဘဏ္ဍာရေး၊ စွမ်းဆောင်ရည်နှင့် အုပ်ချုပ်ပုံတို့အပေါ် လုံးလုံး တာဝန်ခံနိုင်ရမည်။ | | |
| အာဏာများ | လက်တွေ့အကောင် အထည်ဖော်ရန် အာဏာကို ကန့်သတ်ထားသည်။ | မကြာခဏဆိုသလိုရွေးကောက်ပွဲ လက်တွေ့ အကောင်အထည် ဖော်မှုတာဝန်များကို အခြားသော ဌာနများ ဒေသခံ အာဏာပိုင်များ နှင့် မျှဝေနိုင်သည်။ | အမှီအခိုကင်းသော စည်းမျဉ်းစည်းကမ်း ဆိုင်ရာ အာဏာမရှိပါ |
| ဖွဲ့စည်း တည်ဆောက်ပုံ | ဝန်ကြီးတစ်ဦး သို့မဟုတ် ပြည်သူ့ ဝန်ထမ်းတစ်ဦးက ဦးဆောင်သည် | ချွင်းချက်တစ်ချို့မှလွဲပြီး အဖွဲ့ဝင် မပါရှိပါ။ အထွေထွေအတွင်းရေးမှူး ဌာနသာ ရှိသည် (ရှိခဲ့လျှင်) အထွေထွေ အတွင်းရေးမှူးဌာနကို ကြီးကြပ်စီမံရေးက သီးသန့် ဆောင်ရွက်မည်ဖြစ်သည်။ | |
| တာဝန် ထမ်းဆောင်သက် | | အဖွဲ့ဝင် မရှိသောကြောင့် တာဝန် ထမ်းဆောင်သက်မရှိချေ | |
| ဘတ်ဂျက်ငွေ | ဘတ်ဂျက်ငွေသည်လည်း အစိုးရဝန်ကြီး ဌာန၏ ဘတ်ဂျက်ငွေထဲတွင်ပင် ပါဝင်သည်။ | အလှူရှင်အသိုင်းအဝိုင်းမှ ဘဏ္ဍာငွေ ရနိုင်သည်။ | ကိုယ်ပိုင်ဘတ်ဂျက်ငွေ ဖြင့် ဆုံးဖြတ်ချက် ချခြင်း မလုပ်ပါ |
| ဝန်ထမ်း | အများစုသည်ပြည်သူ့ ဝန်ထမ်းများ ဖြစ်ကြသည်။ | ပြည်သူ့ဝန်ထမ်းဌာနများ၏ အပြင်မှလည်းခေါ်ယူခန့်ထား နိုင်သည်။ | မိမိကိုယ်ပိုင် ဝန်ထမ်း ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း တို့ကိုလုပ်ပိုင်ခွင့် မရှိပါ |

## ဇယား ၄ ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုဆိုင်ရာပုံစံအရောအနှော၏အောက်တွင် EMB ဂုဏ်သတ္တိ ဥပမာများ

| နိုင်ငံ | မြင်သစ် | | ဂျပန် | |
|---|---|---|---|---|
| EMB အဖွဲ့အစည်းများ | အမှီအခိုကင်း သည့် EMB | အစိုးရဖွဲ့စည်းထားသည့် EMB | အမှီအခိုကင်း သည့် EMB | အစိုးရဖွဲ့စည်းထားသည့် EMB |
| ခေါင်းစဉ် | ဖွဲ့စည်းပုံအခြေခံဥပဒေကောင်စီ | အတွင်းဝန်ကြီးဌာန ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက် အလက်ဌာန | ဗဟို ရွေးကောက်ပွဲစီမံ ခန့်ခွဲမှု ကောင်စီ<br><br>(CEC) | ဆက်သွယ်ရေးနှင့်အတွင်းရေးရာဝန်ကြီးဌာန၊ မဲဆန္ဒနယ် |
| ဖွဲ့စည်းတည်ဆောက်ပုံ | ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ အဖွဲ့ဝင် ၉ ဦးနှင့် ဖွဲ့စည်းထားပြီး ၃ ဦး စီကိုသမ္မတ၊ အမျိုးသားလွှတ်တော်နှင့်အထက် လွှတ်တော်တို့မှ ရွေးချယ်ထားခြင်းဖြစ်သည်။ | မသိရပါ | လွှတ်တော်မှရွေးချယ်ထားသောအဖွဲ့ဝင် ငါးဦး | မသိရပါ |
| တည်ဆောက်ပုံ | ပုံသေ | ပုံသေ | ယာယီ၊ တာဝန်ထမ်းဆောက်သက် ၃ နှစ် | ပုံသေ |
| ဖွဲ့စည်းပါဝင်သော EMBများ အချင်းချင်း ဆက်နွယ်မှု | လစ်ဟာမှုနှင့် အချို့သော အငြင်းပွားမှုများသာ | ရွေးကောက်ပွဲ၏လုပ်ငန်းစဉ်များအဓိက လုပ်ဆောင်ချက်များကိုကျင်းပခြင်းထိန်းကျောင်းခြင်း | ဝန်ကြီးဌာန အတွင်းရှိအထွေထွေ အတွင်းရေးမှူးဌာနက CEMC ကို စီစဉ်ညွှန်ကြားမှုဆိုင်ရာအထောက်အပံ့ပေးသည်။ CEMC အစည်းအဝေး၏မိနစ်ပိုင်းကာလများကို ဝန်ကြီးဌာနရုံးတွင်ရရှိနိုင်သည် | CEMC ၏လမ်းညွှန်ချက်နှင့်ဆုံးဖြတ်ချက်များကိုအကောင်အထည်ဖော်ပြီး ၎င်းတို့၏အကောင်ထည်ဖော်ချက်များသည်ဒေသအဆင့်နှင့်မြို့နယ်အဆင့် EMB များသို့အာဏာခွဲဝေပေးရန်ပြုလုပ်ခြင်း |

| နိုင်ငံ | ပြင်သစ် | | ဂျပန် | |
| --- | --- | --- | --- | --- |
| EMB အဖွဲ့အစည်းများ | အမှီအခိုကင်း သည့် EMB | အစိုးရဖွဲ့စည်းထားသည့် EMB | အမှီအခိုကင်း သည့် EMB | အစိုးရဖွဲ့စည်းထားသည့် EMB |
| ဖွဲ့စည်းပါဝင်ထားသော EMBတို့၏ အာဏာနှင့် လုပ်ဆောင်ချက်များ | သမ္မတရွေးကောက်ပွဲများတွင်ဆန်ကာတင်ရွေးချယ်မှုများကို လက်ခံပြီး သမ္မတရွေးကောက်ပွဲနှင့်ဆန္ဒခံယူပွဲများ၏ စည်းကမ်းနှင့်ညီ/မညီကို စောင့်ကြည့်ခြင်နှင့် ရလဒ်များကို ကြေငြာခြင်း လွှတ်တော်ရွေးကောက်ပွဲများတွင် အငြင်းပွားမှုများကို ဖြေရှင်းခြင်း | ရွေးကောက်ပွဲအားလုံးကို ကျင်းပခြင်း စီစဉ်ညွှန်ကြားခြင်း | ယေဘုယျလမ်းညွှန်ချက်များပေးခြင်းနှင့် နိုင်ငံအဆင့်ရွေးကောက်ပွဲများကို စီစဉ်ညွှန်ကြားချက်များအား ကြီးကြပ်ခြင်း | မည်သည့်ရွေးကောက်ပွဲမဆို၏ စီစဉ်ညွှန်ကြားရေးဆိုင်ရာကျင့်သုံးပုံနှင့် သက်ဆိုင်သည်။ |

| နိုင်ငံ | ဆီနီဂေါ | | စပိန် | |
|---|---|---|---|---|
| EMB အဖွဲ့ အစည်းများ | အမှီအခိုကင်း သည့် EMB | အစိုးရဖွဲ့စည်း ထားသည့် EMB | အမှီအခိုကင်း သည့် EMB | အစိုးရဖွဲ့စည်း ထားသည့် EMB |
| ခေါင်းစဉ် | ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ နိုင်ငံအဆင့် ရွေးကောက်ပွဲ ကော်မရှင် | အတွင်းဝန်ကြီး ဌာန၊ ရွေးကောက်ပွဲ အထွေထွေ ဦးစီးဌာနခွဲ | ဗဟိုရွေးကောက်ပွဲ ဘုတ်အဖွဲ့ | အတွင်းဝန်ကြီး ဌာန၊ ရွေးကောက်ပွဲ အထွေထွေ ဦးစီးဌာနခွဲ |
| ဖွဲ့စည်းတည် ဆောက်ပုံ | ဖွဲ့စည်းပုံ အခြေခံ ဥပဒေကောင်စီတွင် ကျမ်းကျိန်ထားသော အဖွဲ့ဝင် ၁၂ ဦး | မသက်ဆိုင်ပါ | တရားရုံးချုပ် တရားသူကြီး ၈ ဦး + ကျွမ်းကျင်သူ ၅ ဦး (နိုင်ငံရေးသိပ္ပံ၊ ဥပဒေ၊ လူမှုဗေဒ ပါမောက္ခ အစရှိ သည်ဖြင့်) လွှတ်တော်ကိုယ်စားပြု ပါတီများကလည်း ဆက်နွယ် အကြံပေး ကြသည်။ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ကို ဗဟိုရွေးကောက်ပွဲ ဘုတ်အဖွဲ့က ထိုတရားသူကြီး ၈ ဦး ထဲမှ ရွေးချယ်သည်။ | မသက်ဆိုင်ပါ |
| တည် ဆောက်ပုံ | ပုံသေဖြစ်သည် | ပုံသေဖြစ်သည် | ပုံသေဖြစ်ပြီး လွှတ်တော် ရွေးကောက်ပွဲ ၄ နှစ် တစ်ခါပြီးတိုင်း အသစ်ပြန်လဲသည်။ | ပုံသေဖြစ်သည် |
| ဖွဲ့စည်းပါဝင် ထားသော EMBများ အကြား ဆက်နွယ်မှု | လွတ်လပ်သော ကြီးကြပ်မှု ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အား စစ်ဆေး ကြည့်ရှု အတည်ပြုခြင်း | ရွေးကောက်ပွဲ လုပ်ငန်းစဉ် တစ်ရပ်လုံးကို ကျင်းပ စီစဉ် ညွှန်ကြားခြင်း | ရွေးကောက်ပွဲ လုပ်ငန်းစဉ် တစ်ရပ်လုံးကို ကြီးကြပ်စောင့်ကြည့် ခြင်း | ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက် များကို အကုန် အကောင် အထည် ဖော် ကျင့်သုံးခြင်း အရေးကြီးဆုံးဖြတ် ချက်များချမည်ဆိုပါက အခြားသော အဖွဲ့ အစည်းများနှင့် တိုင်ပင်ရမည်။ |

| နိုင်ငံ | ဆီနီဂေါ | | စပိန် | |
|---|---|---|---|---|
| EMB အဖွဲ့အစည်းများ | အမှီအခိုကင်း သည့် EMB | အစိုးရဖွဲ့စည်းထားသည့် EMB | အမှီအခိုကင်း သည့် EMB | အစိုးရဖွဲ့စည်းထားသည့် EMB |
| ဖွဲ့စည်းပါဝင်ထားသော EMB တို့၏ ထင်ရှားသော အာဏာနှင့် လုပ်ဆောင်ချက်များ | လွတ်လပ်သော ကြီးကြပ်မှု ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအား စစ်ဆေးကြည့်ရှု အတည်ပြုခြင်း | ရွေးကောက်ပွဲ လုပ်ငန်းစဉ် တစ်ရပ်လုံးကို ကျင်းပစီစဉ် ညွှန်ကြားခြင်း | ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို ကြီးကြပ်စောင့်ကြည့်ခြင်း ယှဉ်ပြိုင်သူများကို ဇကာတင်ရွေးချယ်ခြင်း တိုင်ကြားချက်များကို ကိုင်တွယ်ခြင်းရလဒ်ကြေငြာခြင်းနှင့်ရာထူးပေးအပ်ခြင်း | မဲဆန္ဒရှင်များ စာရင်းပြုစုခြင်း မဲပေးခြင်း၊ မဲရေတွက်ခြင်း ရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများ |

သရုပ်ဖော်ပုံ ၂ ။ ရွေးကောက်ပွဲလည်ပတ်ပုံ




EMB တစ်ခု၏ မတူညီသော ဌာနခွဲများအကြား သို့မဟုတ် နိုင်ငံအဆင့်နှင့် မြို့နယ်အဆင့် EMB တို့အကြား ပြိုင်ဘက် တွင် ဖြစ်သကဲ့သို့ဖြစ်နိုင်ချေရှိသည်။ကောစတာ ရီကာ ၊ဂါနာနှင့် ဖိလစ်ပိုင်တို့တွင် ဖြစ်လေ့ဖြစ်ထရှိပြီး ရွေးကောက်ပွဲ အားလုံးအတွက် တာဝန်ရှိသောဗဟိုပြုစနစ်အခြေစိုက် EMB တစ်ခုရှိပြီး စီရင်စု နှင့် မြို့နယ် အဆင့်တို့တွင်ရုံးငယ် နှစ်ခုထားထားလေ့ရှိကြသည်။ ခွဲခြားသော၊ အုပ်ချုပ်ပုံ အဆင့်ဆင့်အလိုက် EMB အပေါ်တွင် တာဝန်ယူရသော နိုင်ငံအဆင့်၊ ဒေသဆိုင်ရာအဆင့်၊ စီမံညွှန်ကြားခွင့်ရ ခရိုင်အဆင့်နှင့် ရွာ အဆင့်တို့တွင်ပင် အဆင့်ဆင့် အာဏာခွဲဝေပေးရန် မတူညီသော အာဏာနှင့် လုပ်ဆောင်ချက်များပေးရန် ခန့်အပ်ထားသည်တို့ရှိသည်။ အင်ဒိုနီးရှား၊ လီသွားနီးယားနှင့် စလိုဗားကီးယားကဲ့သို့သော နိုင်ငံအမြောက် အများတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက်တစ်ချို့ကိုလုပ်ရန်အတွက် တာဝန်များကို ပေးအပ်သော ဗဟိုပြု EMB များရှိသည်။

အစိုးရဖွဲ့စည်းသော သို့မဟုတ် အရေးပုံစံကိုသုံးသော တိုင်းပြည်များသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ရှားမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဆောင်ရွက်ရန်အတွက် မြို့နယ်အာဏာပိုင်များ ထံသို့ မှီခိုကောင်း မှီခိုရလိမ့်မည်။ ဥပမာအားဖြင့် ဆွီဒင်နိုင်ငံသည် မြင့်မြင့်မားမား ဗဟိုပြုစနစ်မဲ့သော မူဝါဒ ရေးရာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်အတွက် နိုင်ငံအဆင့် EMB တစ်ခုရှိကာ ရွေးကောက်ပွဲကို စီမံရန် အတွက် မြို့နယ် အာဏာပိုင်များပါဝင်သော ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာ တည်ဆောက်ပုံကိုသုံးကာ ဟန်ဂေရီနှင့် ဆွစ်ဇာလန်သည်လည်း မြို့နယ်ဆိုင်ရာ EMB များသို့ အာဏာအချို့လွှဲပြောင်းပေးထားသည်။ မြို့နယ်အာဏာပိုင်များအား သင့်တော်သော ရာထူးမပေးဘဲ ရွေးကောက်ပွဲဆိုင်ရာ အာဏာနှင့် တာဝန်များ ခွဲဝေပေးလိုက်ခြင်းသည် ရွေးကောက်ပွဲကြာရှည်တည်တံ့နိုင်မှု၊ ဝန်ဆောင်မှု၊ အရည်အသွေးနှင့် အရေး အကြီးဆုံးဖြစ်သော ရွေးကောက်ပွဲ၏လွတ်လပ်မှုနှင့် တရားမျှတမှုကို ထိန်းသိမ်းနိုင်ရန်အတွက် ပိုမိုခက်ခဲ စေလေမည် ဖြစ်သည်။ ထိုအခက်အခဲအတွက် အမေရိကန်မှာ ဥပမာကောင်းတစ်ခု ဖြစ်သည်။

---

ဗဟိုပြုစနစ်မဲ့သော EMB တည်ဆောက်ပုံများသည် EMB ၏အလုပ်များ စဉ်ဆက်မပြတ် လည်ပတ် နေရေးကို သေချာစေသည်။ အထူးသဖြင့် မဲဆန္ဒရှင် စာရင်းရေးသွင်းခြင်းကဲ့သို့သော စဉ်ဆက်မပြတ် ထပ်ကာထပ်ကာ ပြန်လုပ်ရမည့် တာဝန်မျိုးတွင်ဖြစ်သည်။ ဗဟိုပြုစနစ်မဲ့သော EMB သည် အနိမ့် ပိုင်းအဆင့်တွင် ယာယီအနေနှင့် သုံးဦးတော့ ရွေးကောက်ပွဲစီမံခန့်ခွဲမှုတွင် အားလုံးပါဝင်နိုင်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို မြှင့်တင်ပေးနိုင်သည်။သို့သော်လည်း ဗဟိုပြုစနစ် ကင်းမဲ့သော EMB သည် ဝန်ဆောင်မှုပေးရာတွင် အစဉ်တစိုက်အရည်အသွေးကောင်းစေရန် ကြိုးစားရာတွင် စီမံခန့်ခွဲမှုပိုင်း ဆိုင်ရာ စိန်ခေါ်မှုများကြုံတွေ့လာနိုင်ရပေသည်။

---

## ပြည်ထောင်စုစနစ် ကျင့်သုံးသော တိုင်းပြည်မှ EMB များ

ပြည်ထောင်စုစနစ် ကျင့်သုံးသော တိုင်းပြည်များတွင် နိုင်ငံအဆင့်နှင့် စီရင်စုအဆင့် EMB တို့တွင် ကွဲပြားသော ဖွံ့ဖြိုးပြီးသော တည်ဆောက်ပုံများ ရှိတတ်သည်။ ထိုကဲ့သို့သော EMB များ၏ ဆက် နွယ်မှုသည် တစ်ခုချင်းစီ၏ အာဏာနှင့်တာဝန်ခံမှုသည် တရားဥပဒေမည်သို့ပြဋ္ဌာန်းထားသည် ဆိုသည့် အပေါ်တွင် မူတည်သည်။ ထိုဆက်နွယ်မှုကိုချဉ်းကပ်ရန် နည်းလမ်းများစွာရှိသည်။

- ဩစတြေးလျနှင့် ကနေဒါတွင် နိုင်ငံအဆင့် EMB သည် နိုင်ငံ (ပြည်ထောင်စု) အဆင့် ရွေး ကောက်ပွဲများအတွက် တာဝန်ရှိသည်။ စီရင်စု EMB များမှာ ဆိုင်ရာစီရင်စုနှင့် မြို့နယ်အဆင့် ရွေးကောက်ပွဲများအတွက်သာ တာဝန်ရှိကြသည်။

- ဘရာဇီးတွင် နိုင်ငံအဆင့် EMB များမှာ ရွေးကောက်ပွဲ အားလုံးအတွက် တာဝန်ရှိသည်။ နိုင်ငံ အဆင့် EMB မှာ နိုင်ငံဆိုင်ရာရုံးများအတွက် စာရင်းစီခြင်းနှင့် ရလဒ်ကြေငြာခြင်းတို့အတွက်သာ ပါဝင်သည်။

- အိန္ဒိယနိုင်ငံတွင် နိုင်ငံအဆင့် EMB များသည် အကုန်လုံးကိုခြုံငုံကြီးကြပ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် နိုင်ငံအဆင့် ရွေးကောက်ပွဲတွင်လမ်းညွှန်ခြင်းတို့ကိုပြုလုပ်လေသည်။ ထို ရွေးကောက်ပွဲများကိုပြု လုပ်ပေးခြင်းသည် နိုင်ငံတော်အဆင့် EMB မှ ခန့်အပ်ထားသော သက်တမ်းရင့် ပြည်သူ့ဝန်ထမ်း ဖြစ်သော နိုင်ငံအဆင့်ရွေးကောက်ပွဲ အရာရှိမှူး၏ တိုက်ရိုက်တာဝန်ဖြစ်သည်။

- နိုင်ဂျီးရီးယားတွင် နိုင်ငံအဆင့် EMB သည် ပြည်ထောင်စုနှင့်နှင့် နိုင်ငံအဆင့်ရွေးကောက်ပွဲများ

ဆန္ဒခံယူပွဲများအတွက် တာဝန်ခံယူထားရလေသည်။ စီရင်စုဆိုင်ရာ EMB များကမူ မြို့နယ်ဆိုင်ရာ ရွေးကောက်ပွဲများအတွက်သာ တာဝန်ရှိလေသည်။

- ရုရှားဖက်ဒရေးရှင်းတွင် နိုင်ငံတော်အဆင့်ရှိသော ဗဟို EMB သည် ဖက်ဒရယ်ရွေးကောက်ပွဲအားလုံးအတွက် တာဝန်ရှိသည်။ ဒေသဆိုင်ရာ EMB များသည် ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းထားသောဒေသ ၈၉ ခုကို ရွေးကောက်ပွဲ ကျင်းပပေးရန် တာဝန်ရှိလေသည်။ ပြီးနောက်တွင် အဆင့်နိမ့် EMB များအနေနှင့် ပြည်ထောင်စု ရွေးကောက်ပွဲအတွက် ဗဟို EMB ကို တာဝန်ရှိပြီး ဒေသဆိုင်ရာ EMB များကိုကားသမ္မတဆိုင်ရာနိုင်ငံအဆင့်၊ ဒေသဆိုင်ရာနှင့် မြို့နယ်ဆိုင်ရာ ရွေးကောက်ပွဲတို့အတွက် တာဝန်ရှိသည်။
- ဆွစ်ဇာလန်တွင် နိုင်ငံအဆင့် EMB သည် မူဝါဒပေါင်းစပ်ညှိနှိုင်းရေးအတွက် တာဝန်ရှိပြီး မြို့နယ်အာဏာပိုင်တို့က ရွေးကောက်ပွဲကို စီမံခန့်ခွဲကြသည်။

ပြည်ထောင်စုစနစ်တစ်ခုတွင် နိုင်ငံအဆင့်နှင့် စီရင်စုအဆင့်တို့၌ EMB တစ်ခုနှင့်တစ်ခုကြား ပြိုင်ဆိုင်မှုများ ဖြစ်နေချိန်တွင် ပူးပေါင်းဆောင်ရွက်ကြသည့် ဥပမာများလည်းရှိသည်။ ဥပမာအားဖြင့် ဩစတြေးလျတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေမှ တိတိကျကျပြောထားသည်မှာ စီရင်စုဆိုင်ရာနှင့် မြို့နယ်ဆိုင်ရာရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲဆိုင်ရာ စာရင်းရေးသွင်းခြင်းသည် စီရင်စုများ ကိုယ်ပိုင်စာရင်းရေးသွင်းထိန်းသိမ်းခြင်းထက် နိုင်ငံအဆင့် EMB အတွင်း ပူးပေါင်းထိန်းသိမ်းဆောင်ရွက်ရမည်ဟူ၍ ဖြစ်သည်။ ရွေးကောက်ပွဲဥပဒေတွင် ထိုကဲ့သို့ပူးပေါင်းညှိနှိုင်းခြင်းသည် သိသိသာသာပင် စရိတ် သက်သာစေသော အကျိုးကိုရရှိနိုင်လေသည်။

## အကူးအပြောင်းဆိုင်ရာအပြည်ပြည်ဆိုင်ရာ EMB များနှင့် နိုင်ငံပိုင် EMB များ

အကူးအပြောင်းဆိုင်ရာ EMB များသည် အကူးအပြောင်းဆိုင်ရာ ရွေးကောက်ပွဲများတွင် အသုံးချရန်အတွက် ယာယီတည်ဆောက်ထားခြင်းသာဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကူအညီဖြင့် သာမန်အတိုင်း တည်ထောင်ထားခြင်းသာဖြစ်သည်။ ဥပမာအားဖြင့် ကုလသမဂ္ဂမှတစ်ဆင့် နိုင်ငံတကာမှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်း သို့မဟုတ် တစ်စိတ်တစ်ဒေသ ပါဝင်စေခြင်းမျိုးဖြစ်သည်။ အကူးအပြောင်းဆိုင်ရာ နိုင်ငံတကာ EMB တို့ တည်ထောင်ထားသော နိုင်ငံများမှာကမ္ဘောဒီးယား(၁၉၉၃) ၊ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား (၁၉၉၆) နှင့် တီမော-လက်စ်တီ(၂၀၀၀) တို့ဖြစ်ကြသည်။

အပြည်ပြည်ဆိုင်ရာ EMB၏ အားသာချက်တစ်ချက်မှာ နိုင်ငံတကာမှ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်ပြီး ရွေးကောက်ပွဲအတွေ့အကြုံ သူတို့ထက်သာသော နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူတို့ ရောက်ရှိလာခြင်းမှတစ်ဆင့် အကျိုးကျေးဇူးရရှိခြင်း ပင်ဖြစ်သည်။ ထိုကဲ့သို့သော EMB တည်ဆောက်ပုံသည် ညှိနှိုင်းခြင်း အပြန်အလှန်ဆွေးနွေးခြင်းတို့ ပြုလုပ်ကာ သဘောတူညီချက်ရယူရန် လိုအပ်သော နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ပဋိပက္ခဖြစ်ဖွယ်ရာ အခင်းများတွင် အသုံးဝင်သည်။ EMB တွင် နိုင်ငံတကာမှ ကျွမ်းကျင်သူများ ပါဝင်နေခြင်းသည် ပြည်တွင်းပြည်ပမှရင်းနီးမြှုပ်နှံသူများကို ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အထောက်အပံ့ပေးရာတွင် ယုံကြည်စိတ်ချမှုကို ပိုမိုအားကောင်းစေနိုင်လေသည်။ သာမန်ပို၍ လုပ်ရိုးလုပ်စဉ်ဆန်သည့် ချဉ်းကပ်နည်းမှာ အကူးအပြောင်းဆိုင်ရာ ရွေးကောက်ပွဲအတွက် နိုင်ငံတကာ၏ထိန်းချုပ်မှုထက် နိုင်ငံတကာ၏ ကျွမ်းကျင်မှုများပေးအပ်ထောက်ပံ့ခြင်း ဖြစ်သည်။

"အပြည်ပြည်ဆိုင်ရာ" ဘောင်အတွင်း ကွက်တိမဝင်ဘဲ အာဖဂန်နစ္စတန် (၂၀၀၄) နှင့် တောင်အာဖရိက (၁၉၉၄) တွင် လုပ်သွားသော EMB တို့မှာ အပြည်ပြည်ဆိုင်ရာ အဖွဲ့ဝင်များ ခန့်အပ်ထားသော

နိုင်ငံဆိုင်ရာအဆင့် အဖွဲ့အစည်းဖြစ်သည်။ ၁၉၉၅ တောင်အာဖရိက EMB တွင် အပြည်ပြည်ဆိုင်ရာမှ ကျွမ်းကျင်သူ ၅ ဦး ပါဝင်သည်။ သို့သော်လည်း ၁၉၉၆ မှစ၍ အမြဲအခိုကင်းပုံစံ အတိုင်းလုပ်သော နိုင်ငံအဆင့် EMB တစ်ခု ရှိလာသည်။

အကူးအပြောင်းဆိုင်ရာ EMB တွင်လည်း နိုင်ငံသားများနှင့်သာ၊ တစ်ခါတစ်ရံတွင် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များဖြင့်သာ ဖွဲ့ထားခြင်းမျိုးရှိတတ်သည်။ ဥပမာ တစ်ခုပြရပါက ၁၉၉၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ အဖွဲ့ဝင် ၅၃ ဦး ရှိသော EMB တစ်ခုရှိသည်။ ထို EMB သည် ကိုယ်စားပြုနိုင်ရေးနှင့် အားလုံးပါဝင်နိုင်ရေးတို့ကို အသားပေးသောကြောင့် သာမန်ထက် အနည်းငယ်များနေသည်။ ၂၀၀၁ ခုနှစ်တွင် အင်ဒိုနီးရှားသည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကို ကျွမ်းကျင်သူအခြေစိုက် ၁၁ ဦးဖြင့် EMB ဖွဲ့စည်းရန် ပြန်လည်ပြင်ဆင်လိုက်ပြီး ၂၀၀၇ ခုနှစ်တွင် အဖွဲ့ဝင်အရေအတွက်ကို လျှော့ချခဲ့သည်။

## ဝန်ကြီးများအဖွဲ့နှင့်ဥပဒေပြုလွှတ်တော်ရှေ့မှောက်တွင် EMB ကို ကိုယ်စားပြုတင်သွင်းခြင်း

မည်သည့် EMB ပုံစံ၊ အမျိုးအစား ဖြစ်စေကာမူ၊ အစိုးရ၏ စီမံကြီးကြပ်ရေး ဌာနခွဲ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ ဘတ်ဂျက်ငွေကိစ္စတို့နှင့်ပတ်သက်ပြီး ဥပဒေပြုလွှတ်တော်နှင့် ထိတွေ့ဆက်ဆံနေရမည် ဖြစ်သည်။ ထိုစနစ်သည် EMB ရေးရာများကိုဖြေရှင်းရန် ဝန်ကြီးများ အဖွဲ့ဝင်တစ်ဦးသည် ဝန်ကြီးများဆိုင်ရာအစိုးရအဖွဲ့အတွင်း EMB ကိစ္စများကိုကိုင်တွယ်ရန် အစိုးရဝန်ကြီးအဖွဲ့နှင့် လွှတ်တော်တွင် ၎င်းကိုယ်စားပြောဆိုရန် ဩစတြေးလျနိုင်ငံ ရွေးကောက်ပွဲဆိုင်ရာကိစ္စဆိုင်ရာ ပူးတွဲရပ်တည်ရေး ကော်မတီကဲ့သို့ပင် ဥပဒေပြုရေးလွှတ်တော်၏ ပါတီစုံကော်မတီအတွက် ကောင်းသောအလေ့အထပင်ဖြစ်သည်။ အစိုးရဖွဲ့စည်းထားသော EMB တစ်ခုအတွက်မှာမူ ထိုကိစ္စနှင့် သက်ဆိုင်သောဝန်ကြီးတစ်ဦးသည် EMB တည်ရှိသောဌာနမှသာလျှင် ဖြစ်လေ့ရှိသည်။

အမြဲအခိုကင်းသော ပုံစံအရော EMB အတွင်းရှိ လွတ်လပ်သော EMB တစ်ခုသည် သူ့ကိုယ်စားထုတ်ဖော်ပြောကြားမည့်သူမရှိပါက ထိုအမှုကို ဝန်ကြီးတစ်ဦးဦးထံသို့ လွှဲပြောင်းပေးရမည် ဖြစ်သည်။ EMB အမှုကိစ္စ တစ်ခုအနေနှင့် ဥပဒေပြုဆိုင်ရာလွှတ်တော် သို့မဟုတ် ဝန်ကြီးအဖွဲ့မှ အာရုံလုံလုံလောက်လောက် စိုက်ခြင်းခံရနိုင်ရန် ခက်ခဲလေသည်။ ဥပမာအားဖြင့် နာမီဘီးယားရှိ စီစဉ်ပုံတစ်ခုဆိုလျှင် လွှတ်တော်နာယက က EMB အမှုကိစ္စ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် EMB ဘတ်ဂျက်ငွေကိစ္စ အပါအဝင်တို့ကို အကုန်ကိုင်တွယ်ဖြေရှင်းလေ့ရှိပြီး နာယကကြီးကိုယ်တိုင်က ဝန်ကြီးအဖွဲ့တွင် မပါဝင်ဘဲ နာမီးဘီးယားရှိ ဝန်ကြီးအဖွဲ့ဥပဒေအရ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်အတွက်အဆိုသည် ဝန်ကြီးအဖွဲ့ကို ဝန်ကြီးအဖွဲ့ဝင်တစ်ဦးက တင်ပြရမည်ဟု ပါဝင်သောကြောင့် ယခင်က EMB ဆိုင်ရာပြဿနာများအနည်းငယ်တက်ခဲ့ဖူးလေသည်။ ၂၀၀၃ ခုနှစ်တွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေပြုပြင်ရန် နှောင့်နှေးကာပြဿနာတက်ခဲ့ခြင်းကြောင့် EMB အား ယာယီ "အိမ်စောင့်" ဝန်ကြီးခန့်ထားရပြီး ဒေသဆိုင်ရာနှင့် မြို့နယ်ဝန်ကြီးဌာနတို့အား လွှတ်တော်ရေးရာတာဝန်များ ခန့်အပ်ထားရသည်။မည်သို့ပင်ဆိုစေကာမူ ဝန်ကြီးဌာန၏ ယေဘုယျ စိတ်ဝင်စားသည့် အချက်များသည် ထိုတာဝန်ကိုထမ်းဆောင်နေစဉ် လုံးလုံးလျားလျား အရှိန်သေမသွားစေသော ခံယူချက်တစ်ခုဆီသို့ ဦးတည်နေလေသည်။ EMB နှင့် လွှတ်တော်တို့ ထိရောက်သော နည်းလမ်းဖြင့် စကားစစ်ထိုးကြသည်မှာလည်း ဆက်လက်ဖြစ်ပေါ် နေခဲ့သည်။

## ဇယား ၅ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲခြင်းပုံစံကွဲ သုံးမျိုး၏ အားသာချက်နှင့် အားနည်းချက်များ

| | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| လွတ်လပ်သော | • အဖွဲ့ဝင်အားလုံးနှင့် မျှဝေသော ရွေးကောက်ပွဲဆိုင်ရာ ကိုယ်ပိုင်လက္ခဏာ တည်ထောင်နိုင်သည့် အလားအလာရှိ ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ခြင်းနှင့် ဝန်ထမ်းများ၏ ပညာရှင်ဆန်ခြင်း။<br>• ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုတွင် မည်သူပါဝင်ခွင့်ရှိသည် ဟူသော ချုပ်ချယ်မှုနည်းခြင်း၊ ပြင်ပမှ ပညာရှင်များမှ ခေါ်သုံးနိုင်ခြင်း။<br>• ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို အာရုံစိုက်ခြင်းသည် စီမံကိန်းချခြင်းကို ပိုမိုကောင်းစေလာနိုင်ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ပိုမို စည်းလုံးသောအသင်းအဖွဲ့ဖွဲ့စည်းပုံကို တည်ထောင်နိုင်လိမ့်မည်။<br>• ဘဏ္ဍာငွေနှင့် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများကို မိမိကိုယ်တိုင် ထိန်းချုပ်ခွင့်ရမည်။<br>• ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားခြင်းသည် မတူညီသော ဝန်ဆောင်မှုပေးသူကို အသုံးပြုသော်လည်း စုစည်းထားသော အထိန်းအကွပ် တစ်ခုအောက်မှာပင် ရှိလေ့ရှိသည်။<br>• EMB သည် ဘက်မလိုက်ကြောင်းကို မြင်တွေ့ရပြီး နိုင်ငံရေးထိန်းချုပ်မှု အောက်တွင် မရှိသောကြောင့် ရွေးကောက်ပွဲ၏ တရားဥပဒေနှင့် ညီမှုသည် မြင့်တက်လာသည်။ | • နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ဆုံးဖြတ်ချက်ချသူများနှင့် သီးသန့်ကွဲထွက်နေရလိမ့်မည်။<br>• လုံလောက်သော အချိန်မှန်သော ဘဏ္ဍာငွေထောက်ပံ့မှု ရှိနေစေရန် အတွက်လည်းလုံလောက်သော နိုင်ငံရေးဆိုင်ရာလွှမ်းမိုးမှု မရှိချေ။<br>• အဖွဲ့ဝင်များပြောင်းလဲနေခြင်းသည် ကော်ပိုရေးရှင်းဆိုင်ရာ အသင်းအဖွဲ့ အတွေ့အကြုံနှင့် အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ်စွမ်းအားကို လျော့ကျစေနိုင်သည်။<br>• ဗျူရိုကရေတစ်နှင့်အဖွဲ့ဝင်အားလုံးမျှဝေခံစားရသော ကော်ပိုရေးရှင်း ပတ်ဝန်းကျင်နှင့်ပတ်သက်သော ကျွမ်းကျင်မှုနှင့် အတွေ့အကြုံ ရှိချင်မှရှိလိမ့်မည်။<br>• အသင်းအဖွဲ့ဆိုင်ရာ အမှီအခိုကင်းခြင်းကြောင့် ကုန်ကျစရိတ်နည်းသော၊ အခမဲ့ဖြစ်သော အစိုးရ၏ တည်ဆောက်ပုံများနှင့် ယှဉ်တွဲလည်ပတ်လုပ်ကိုင်ရန် ခက်ခဲသောကြောင့် ကုန်ကျစရိတ်မြင့်နိုင်သည်။ |

| | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| အစိုးရဖွဲ့စည်းသော | • ကိုယ်တိုင် အသစ်ပြန်လည်ဖြစ်ပေါ်နေသော အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ်ရှိပြီး ရေရှည်လုပ်နိုင်စွမ်းလည်း ရှိသည်။<br>• ဗျူရိုကရေစီနည်းဆိုင်ရာ အဆင့်ဆင့်လုပ်နိုင်သော ဝန်ထမ်းများကိုလည်း အမြောက်အမြား ရရှိနိုင်သည်။<br>• ရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုပေးရာတွင် အခြားသော အစိုးရဌာနများနှင့် ယှဉ်တွဲ ဆောင်ရွက်ရန်အတွက် ကောင်းစွာသင့်တော်သည်။<br>• အစိုးရဌာနအတွင်း နှင့် အချင်းချင်းကြားရင်းမြစ်များကို ပေါင်းစည်းရာမှ ထွက်ပေါ်လာသော အရာများကြောင့် ကုန်ကျစရိတ်ဆိုင်ရာအားသာချက် ပိုလေသည်။<br>• အစိုးရအတွင်းတွင်းပင် အာဏာအခြေပြုစနစ်နှင့် လွှမ်းမိုးမှုရှိသည်။ | • လက်ရှိအာဏာရ အစိုးရနှင့်ပူးပေါင်းလုပ်ဆောင်သောကြောင့် သို့မဟုတ် နိုင်ငံရေးဆိုင်ရာသြဇာလွှမ်းမိုးမှုခံရသောကြောင့် ယုံကြည် စိတ်ချရမှုမှာ မသေကျာဖွယ်ရှိသည်။<br>• ဘဏ္ဍာငွေချပေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာမူဝါဒတို့သည် အစိုးရဌာနများနှင့် မြို့နယ်အာဏာပိုင်တို့၏ အတွင်းပိုင်း ဆုံးဖြတ်ချက်အပေါ်တွင် မှီတည်သည်။<br>• သင့်တော်သော ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်မှုရှိသော ဝန်ထမ်းရှိချင်မှရှိလိမ့်မည်။<br>• ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုတို့၏ လိုအပ်ချက်များသည် ဗျူရိုကရေစီပုံစံနှင့် သင့်တော်ချင်မှ သင့်တော်လိမ့်မည်။<br>• ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုသည် အကြောင်းအရာအစီအစဉ် မတူသော အစိုးရ၏ ကြီးကြပ်စီမံမှုဆိုင်ရာ လက်တံများကြား အစိတ်စိတ်အမြွှာမြွှာကွဲသွားနိုင်သည်။ |

| | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| ပုံစံအရော | • လွတ်လပ်သော EMB ဘက်မှ ထင်ရှားသော အဖွဲ့ဝင်များ ပါဝင်နေသောကြောင့် ယုံကြည်စိတ်ချရခြင်းသည် ရွေးကောက်ပွဲ၏ တရားဥပဒေဘောင်နှင့် ညီခြင်းကိုမြှင့်တင်ပေးနိုင်လိမ့်မည်။ အကောင်အထည်ဖော်ရေး EMB တွင် ကိုယ်တိုင် အသစ်ပြန်လည်ဖြစ်ပေါ်နေသော အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ်ရှိပြီး ရေရှည်လုပ်နိုင်စွမ်းလည်းရှိသည်။<br>• ပြင်ပမှ အရည်အသွေးများနှင့် ထပ်မံပေါင်းစည်းထားသော ဗျူရိုကရေစီနည်းပိုင်းဆိုင်ရာ အတွေ့အကြုံရှိပြီး ဝန်ထမ်းတို့ကို ရရှိနိုင်သည်။<br>• ရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုပေးရာတွင် လက်တွေ့အကောင်အထည်ဖော် EMB သည် အခြားသော အစိုးရဌာနများနှင့် ကောင်းကောင်း ယှဉ်တွဲလုပ်နိုင်လေသည်။<br>• လွတ်လပ်သော EMB သည် သူ၏ မူဝါဒပိုင်းဆိုင်ရာနှင့် ဘဏ္ဍာငွေကို ထိန်းချုပ်နိုင်စွမ်းရှိသည်။ အစိုးရဌာနအတွင်းနှင့် အချင်းချင်းကြား ရင်းမြစ်များပေါင်းစည်းလိုက်ခြင်းကြောင့် ကုန်ကျစရိတ်ပိုင်းဆိုင်ရာ အားသာချက်သည် လက်တွေ့ အကောင်အထည်ဖော် EMB တွင်ရှိသည်။<br>• တည်ဆောက်ပုံနှစ်ခု ရောစပ်ထားခြင်းကြောင့် ပြင်ပလေ့လာမှု မပါခင်တွင် ပင်လျှင် စစ်ဆေးမှုရှိပြီးဖြစ်သည်။ | • ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများသည် အစိုးရဌာနများမှပြုလုပ်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲတွင် မှုမမှန်ဖောက်ပြန်ခြင်းများကို ထောက်ပြပြင်ဆင်ရန် ကြီးကြပ်စောင့်ကြည့်ခြင်းမှာ မလုံလောက်သောကြောင့် ယုံကြည်စိတ်ချရနိုင်မှုမှာ သက်ာမကင်း ဖြစ်နိုင်ဖွယ်ရာရှိသည်။<br>• လွတ်လပ်သော EMB များအတွင်း အဖွဲ့ဝင် အပြောင်းအလဲဖြစ်ခြင်းသည် ကော်ပိုရေးရှင်း အတွေ့အကြုံနှင့် အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ်စွမ်းရည်ကို လျော့ကျစေသည်။<br>• လွတ်လပ်သော EMB များတွင် အချိန်မှီ လုံလောက်သော ဘဏ္ဍာငွေရရှိရန်အတွက် နိုင်ငံရေးဩဇာ လွှမ်းမိုးမှု လုံလုံလောက်လောက် ရှိချင်မှရှိလိမ့်မည်။ ဘဏ္ဍာငွေချပေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ မူဝါဒချမှတ်ခြင်းတို့တွင် လက်တွေ့အကောင် အထည်ဖော် EMB သည် အတွင်းဌာန သို့မဟုတ် မြို့နယ်အာဏာပိုင်အစိုးရ၏ ဆုံးဖြတ်ချက်အပေါ်တွင်သာ မူတည်သည်။<br>• လွတ်လပ်သော EMB များတွင် လက်တွေ့နိုင်ငံရေးလောက အတွေ့အကြုံကင်းမဲ့ကောင်း ကင်းမဲ့နိုင်သည်။ လက်တွေ့အကောင်အထည်ဖော် EMB ၏ဗျူရိုကရေစီစနစ်သည် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုစနစ်၏ လိုအပ်ချက်နှင့် ကိုက်ညီချင်မှ ကိုက်ညီနိုင်လိမ့်မည်<br>• ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုသည် အကြောင်းအရာ အစီအစဉ် မတူသော အစိုးရ၏ ကြီးကြပ်စီမံမှုဆိုင်ရာ လက်တံများကြား အစိတ်စိတ်အမြွှာမြွှာ ကွဲသွားနိုင်သည်။ |

## EMB များအားလုံးအတွက်လမ်းညွှန် စည်းကမ်းများ

မည်သည့် ပုံစံကို သုံးသည်ဖြစ်စေ EMB တိုင်းသည် ၎င်းတို့တာဝန်ရှိသော လုပ်ငန်းစဉ်သည် ဥပဒေဘောင်နှင့်ညီခြင်း၊ ယုံကြည်စိတ်ချရနိုင်ခြင်းတို့အတွက် အာမခံနိုင်ရမည် ဖြစ်ကြောင်းသေချာနိုင်ရပေမည်။ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုသာ အောက်ပါလမ်းညွှန် စည်းကမ်းများအတိုင်း တည်ထောင်ပါက ဖြစ်နိုင်ပါသည်။

EMB များအားလုံးအတွက် လမ်းညွှန်စည်းကမ်းများ

- လွတ်လပ်ခြင်း
- ဘက်မလိုက်ခြင်း
- သိက္ခာရှိခြင်း
- ပွင့်လင်းမြင်သာမှုရှိခြင်း
- အကျိုးရှိခြင်း
- ပညာရှင်ဆန်ခြင်း နှင့်
- ဝန်ဆောင်မှုကို ဦးစားပေးခြင်းတို့ ဖြစ်သည်။

ထိုလမ်းညွှန် စည်းကမ်းများသည် ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားခြင်း၏ အခြေခံများဖြစ်ပြီး အမှန်တကယ်နှင့် ထင်မြင်ယူဆထားသော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်၏ သိက္ခာရှိမှုကို အာမခံနိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သည်။

### *လွတ်လပ်ခြင်း*

"လွတ်လပ်ခြင်း" ဟူသော စကားသည် အဓိပ္ပာယ်နှစ်မျိုးထွက်နေသောကြောင့် EMB ၏ လွတ်လပ်ခြင်းနှင့် ဆိုင်သော အဓိပ္ပာယ်ကို ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေသည်။ (၁) အစိုးရ၏ တည်ဆောက်ပုံမှ လွတ်လပ်ခြင်း (လွတ်လပ်သော ပုံစံ) နှင့် (၂) "အဂတိ အမှီအခိုကင်းသော" ဟူ၍ EMB တိုင်းဆီမှ မျှော်လင့်ထားသော မည်သည့်ပုံစံသုံးသုံး အစိုးရဘက်သို့ နိုင်ငံရေး ဖြစ်စေ အခြားသော တစ်ဖက်စောင်းနင်း လွှမ်းမိုးမှုနှင့် ၎င်းတို့ဆုံးဖြတ်ချက်အပေါ် သက်ရောက်ကာ အဂတိမလိုက်ရေးပင်ဖြစ်သည်။ ကိစ္စတစ်ခုမှာ လုပ်ရိုးလုပ်ထုံးနည်းနှင့် ဆိုင်ပြီး နောက်တစ်ခုမှာ စည်းမျဉ်းစည်းကမ်းနှင့် ဆိုင်သည်။ ၎င်းတို့ကို ချိတ်ဆက်နေသော ပုံစံများအဖြစ်ဖြင့်တွေ့ရမည်ဖြစ်သည်။ ကမ္ဘာအနှံ့အပြားတွင် လွတ်လပ်ပုံစံကို EMB ၏ ဆုံးဖြတ်ချက်နှင့်လုပ်ရပ်များအပေါ် အမှီအခိုကင်းမှု လုံးဝမရှိစေရန်သေချာအောင် လုပ်ပေးနိုင်ဆုံးသော နည်းလမ်းတစ်ခုအဖြစ် သတ်မှတ်ထားသည်။

အသင်းဌာန သို့မဟုတ် "တည်ဆောက်ပုံ" အရ အမှီအခိုကင်းခြင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဥပဒေစည်းမျဉ်းတို့တွင်သာ တွေ့နိုင်သည်။ EMB ၏ ဆုံးဖြတ်ချက်များနှင့် လုပ်ရပ်များ အမှီအခိုကင်းရေးကို မြှင့်တင်နိုင်မည့် အလွယ်ဆုံးနည်းလမ်းမှာ မက္ကဆီကို၊ တောင်အာဖရိက၊ ဥရုဂွေးနှင့် ဖမ်ဘီယာတို့လို နိုင်ငံများ၏ အခြေခံဥပဒေနှင့် EMB စည်းမျဉ်းဥပဒေသများတွင် ထည့်သွင်းရေးဆွဲထားသော EMB လွတ်လပ်

ရေးကို အခြေပြုသည့် ဥပဒေမူဘောင် တစ်ခုကိုဖန်တီးရေးပင်ဖြစ်သည်။ ထိုအရာသည် လွတ်လပ်သော ပုံစံနှင့် အဆင်ပြေသလို အရောပုံစံနှင့်လည်း အဆင်ပြေသော်လည်း အစိုးရဖွဲ့စည်းထားသောပုံစံအတွက်မူ အခြေပြုရန် ခက်ခဲလိမ့်မည်။ EMB များကို ဝန်ကြီးဌာနများနှင့် မြို့နယ်အစိုးရများအသွင် ပေါင်းစည်းလိုက်သောအခါ ပြဋ္ဌာန်းထားသည့် တင်းကြပ်သောလုပ်ဆောင်မှုပိုင်း ဘက်မလိုက်ရေးအတွက် လိုအပ်ချက်များကမူ ခြွင်းချက်ဖြစ်သည်။

ရွေးကောက်ပွဲ စီမံခန့်ခွဲမှုလုပ်ရာတွင် လွတ်လပ်သောပုံစံနှင့် ပုံစံအရောတို့အတွက် လွတ်လွတ်လပ်လပ် လုပ်တတ်သော ဓလေ့နှင့် EMB အဖွဲ့ဝင်များ ဆုံးဖြတ်ချက်ချရာတွင် အမှီအခို ကင်းကင်းလုပ်ပါမည်ဟူသော ခံယူဆုံးဖြတ်ချက်သည် သာမန်လုပ်ရိုးလုပ်စဉ် "တည်ဆောက်မှုပိုင်းဆိုင်ရာ" အမှီအခိုကင်းခြင်းထက် ပို၍အရေးကြီးသည်။ EMB ၏ ဆောင်ရွက်မှုပိုင်းဆိုင်ရာ လွတ်လပ်မှုကို ထိန်းသိမ်းရာတွင် ခေါင်းဆောင်စနစ်ကောင်းမှုသည်လည်း လိုအပ်သည်။ ဥပမာအားဖြင့် တရားစီရင်ရေး မဏ္ဍိုင်ပိုင်းမှ သက်တမ်းရင့် အဖွဲ့ဝင်တစ်ဦးသည် ပုံစံတစ်ခုခုမှ လွတ်လပ်သော EMB ၏ ဥက္ကဋ္ဌရာထူးနေရာကို ယူကောင်းယူလိမ့်မည်။ ထိုမျှသော တရားစီရင်ရေးမဏ္ဍိုင်တစ်ခုနှင့် ချိတ်ဆက်မှုပြုခြင်းသည် အစိုးရဖြစ်စေ အတိုက်အခံပါတီဖြစ်စေ EMB ၏ စီမံဆောင်ရွက်မှုများအတွင်းတွင် လိုသည်ထက်ပို၍ ဝင်ရောက်စွက်ဖက်ရန် အခွင့်အလမ်းနည်းပါသည်။ သို့သော်လည်း တရားစီရင်ရေးမဏ္ဍိုင်သည် ဘက်လိုက်သည် သို့မဟုတ် အဂတိလိုက်စားသည်၊ သို့မဟုတ် ရွေးကောက်ပွဲနှင့်သက်ဆိုင်နေသော တရားရင်ဆိုင်နေရသည့် အမှုများတွင် ၎င်းတို့ဘက်မှအကျိုးစီးပွားဝိရောဓိကို ရှောင်ရှားနိုင်ရန်အတွက် အဖွဲ့ဝင်လုံလုံလောက်လောက် မရှိတော့သောအခါတွင် မသင့်တော်တော့ချေ။ တရားသူကြီးများနှင့် တရားသူကြီးဟောင်းများကို EMB တွင် ဥက္ကဋ္ဌရာထူး ပေးအပ်ခန့်ထားသော နိုင်ငံများမှာ ဩစတြေးလျ၊ ဘရာဇီး၊ ကော်စတာရီကာနှင့် ဇမ်ဘီယာတို့ဖြစ်ကြသည်။

အခြားသော တစ်ဖက်မှကြည့်ပါကလည်း လူထုမှရိုသေလေးစားသော အခြားနိုင်ငံများမှ အထောက်အပံ့မယူသော သူများကို ခန့်အပ်ခြင်းသည်လည်း EMB ၏ အမှီအခိုကင်းမှုကို တိုးမြင့်စေသည်။ ဥပမာအားဖြင့် ဘာကီနီဖာဆိုသည် ထိုကိစ္စကို ဖြေရှင်းရာတွင် အရပ်ဖက်လူမှု အဖွဲ့အစည်းမှ ခေါင်းဆောင်တစ်ဦးကို EMB ဥက္ကဋ္ဌရာထူးပေးလိုက်သောနည်းဖြင့် ဖြေရှင်းလိုက်သည်။ အစိုးရဖွဲ့စည်းထားသော EMB တွင်လည်း အိုင်ယာလန် မြောက်ပိုင်းတွင် သိက္ခာရှိပြီး နိုင်ငံရေးဘက် အလွန်အမင်း ဦးမတည်သော ပြည်သူ့ဝန်ထမ်းတစ်ဦးကို ကြီးကြပ်စီမံရေးခေါင်းဆောင်ခန့်အပ်လိုက်ခြင်းသည်လည်း ထိုကဲ့သို့ပင် အကျိုးသက်ရောက်မှုဖြစ်စေနိုင်သည်။

## *ဘက်မလိုက်ခြင်း*

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်၏ ဂုဏ်သိက္ခာနှင့် ယုံကြည်စိတ်ချရမှုကို တည်ထောင်ရန်နှင့် ရွေးကောက်ပွဲရလဒ်ကို လူအများလက်ခံနိုင်မှုကို မြှင့်တင်နိုင်ရန်အတွက် EMB သည် ရွေးကောက်ပွဲများကို အကြောက်တရားကင်းကင်း အမှီအခို ကင်းကင်းနှင့် ပြုလုပ်ရမည်သာမက သူ၏လုပ်ရပ်များထဲတွင်လည်း ဘက်လိုက်မှု ကင်းရမည်ဖြစ်သည်။ ဘက်မလိုက်သော ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အမှီအခိုကင်းသောလုပ်ရပ်တို့မရှိပါက ရွေးကောက်ပွဲသည်လည်း ဂုဏ်သိက္ခာကျဆင်းမည်ဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့၏ ယုံကြည်နိုင်ဖွယ်ရာ အပေါ်တွင်လည်း ကျယ်ကျယ်ဝန်းဝန်းလက်ခံနိုင်ရန်နားချရာ၌ ခက်ခဲမည်ဖြစ်သည်။ အထူးသဖြင့် မဲရှုံးသူများအတွက် ပို၍လက်ခံနိုင်ရန်ခက်ခဲမည် ဖြစ်သည်။

မည်သည့် EMB မဆို ရွေးကောက်ပွဲကိုစီမံခန့်ခွဲရာတွင် ဘက်လိုက်ခြင်းကင်းရမည်။ မည်သည့်ပုံစံသုံးသည်ဖြစ်စေ၊ မူလတာဝန်ခံသော၊ စီမံခန့်ခွဲသော၊ ဘဏ္ဍာရေးထောက်ပံ့သော ရင်းမြစ် မည်သည်တို့

ဖြစ်စေ၊ EMB တို့သည် ပါဝင်ယှဉ်ပြိုင်သူအားလုံးကို ညီညီညွတ်ညွတ်၊ မျှမျှတတ၊ သမာသမတ်ကျကျ ဆက်ဆံရမည်ဖြစ်သည်။ မည်သည့် နိုင်ငံရေးအဖွဲ့၊ အကျိုးစီးပွားအုပ်စု တစ်ခုကိုမှ မျက်နှာလိုက်ခြင်း မရှိစေရ။

စာတွေ့သဘောအရဆိုပါက ပြင်ပနိုင်ငံများမှ အထောက်အပံ့မရယူထားသော "ကျွမ်းကျင်သူ" ကိုခန့်အပ်ထားသော အမှီအခိုကင်း EMB သည် ဘက်လိုက်ခြင်း ကင်းနိုင်သည်။ အခြားသော EMB များ ဥပမာအားဖြင့် ပြိုင်ဆိုင်နေကြသော နိုင်ငံရေးပါတီများမှ စကာတင်ရွေးချယ်ထားသူများသည် EMB သို့ ခန့်အပ်ထားခြင်းခံရပါမူ ၎င်းတို့ကို ဘက်မလိုက်သော ဌာနတစ်ခုဖြစ်ပါကြောင်း ပြည်သူလူထု ယုံကြည်ရန် တော်တော်ခက်ခက်ခဲခဲ ကြိုးစားယူရမည်ဖြစ်သည်။ ခြွင်းချက်အားဖြင့် ပြင်ပနိုင်ငံ အထောက်အပံ့ မယူသော ပြည်သူ့ဝန်ထမ်းဌာန ထားလေ့ရှိသောနိုင်ငံများကို ဖယ်ထားရမည်ဖြစ်ပြီး အစိုးရဖွဲ့စည်းပုံအောက်နှင့် ပုံစံအရောအောက်ရှိ EMB တို့၏ ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်ချက်များသည် တရားဝင်အစိုးရမှ ကြေငြာသကဲ့သို့ပင် မှတ်ယူကြမည်ဖြစ်သည်။

သို့သော်လည်း အချို့သော ပုံစံအရောကို သုံးသည့် အစိုးရဖွဲ့စည်းထားသော EMB များရှိသည့် နိုင်ငံ (ဥပမာ-စပိန်) နှင့် အချို့ အစိုးရဖွဲ့စည်းထားသော ပုံစံကိုသုံးသည့်နိုင်ငံများ (ဖင်လန်၊ ဆွီဒင်) တို့ကိုလည်း ယေဘုယျအားဖြင့် ဘက်လိုက်ခြင်းကင်းသည်ဟု မှတ်ယူရမည် ဖြစ်သည်။ပြောင်းပြန်ပင် ၊အချို့သော EMB များသည် အမှီအခိုကင်းသော ပုံစံကို သုံးသည်ဆိုသော်လည်း နာမည်ခံသက်သက်မျှသာ ဖြစ်သည်။ ဘက်မလိုက်ခြင်းကို ဥပဒေမူဘောင်များ EMB စည်းဘောင်များဖြင့် ပြသ၍ရနိုင်သော်လည်း လက်တွေ့တွင်မူ EMB ၏ ရင်းနှီးမြှုပ်နှံသူများဘက်သို့ထားသော စိတ်ထားပြုမူပုံတို့ဖြင့် လက်တွေ့ကျင့်သုံးပြသရမည်ဖြစ်သည်။ ဘက်မလိုက်ခြင်းဆိုသည်မှာ ဥပဒေတွင်ပြဋ္ဌာန်းထားသော အချက်တစ်ချက်ထက် EMB ၏ပြင်ပပိုင်းသုံးသပ်ချက်များကို သက်ရောက်စေနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေမူဘောင်များဖြင့် လုပ်ခိုင်းနိုင်သော်လည်း၊ အမှီအခိုမပါဘဲ ချမှတ်ထားသော ပြင်းပြင်းထန်ထန် ပိတ်ဆို့မှုများစွာ ပါဝင်သော EMB လုပ်ထုံးလုပ်နည်းများဖြင့် ရနိုင်သောအရာထက် စိတ်ထဲတွင်လက်ခံကျင့်သုံးရမည့် အရာတစ်ခုဖြစ်သည်။

ပြည်သူအများစုက EMB ကို ဘက်လိုက်ခြင်းကင်းသည်ဟု လက်ခံထားနိုင်ရန် အရေးကြီးသည်။ EMB လုပ်ရပ်များကို ပွင့်လင်းမြင်သာမှု ရှိရှိဖြင့် ထိထိရောက်ရောက်ဖွင့်ချပြပြီး ဆက်သွယ်ခြင်းဖြင့်လည်း ယုံကြည်အောင် လုပ်နိုင်သည်။

## *ဂုဏ်သိက္ခာရှိမှု*

EMB သည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ သန့်ရှင်းမှုရှိစေရန် ဂုဏ်သိက္ခာရှိစေရန် အဓိက အာမခံပေးသော အရာဖြစ်သည်။ ထိုအတွက်လည်း EMB အဖွဲ့ဝင်များ ထိုအတွက် တိုက်ရိုက်တာဝန်ရှိကြောင်း အာမခံထားရသည်။ ဂုဏ်သိက္ခာသည်လည်း EMB ဘက်မှ လုပ်ဆောင်မှုပိုင်းဆိုင်ရာတို့ လုံးလုံးအမှီအခိုကင်းပြီး မရှိမဖြစ်လုပ်ရသော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ပြည့်ပြည့်ဝဝ ထိန်းချုပ်ခွင့်ရှိပါက ထိန်းသိမ်းရလွယ်ကူသည်။ ဘတ်ဂျက်ငွေနှင့် ဝန်ထမ်းခန့်အပ်မှုအပါအဝင်ဖြစ်သည်။ အခြားသောဌာနများမှ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များလုပ်နေသောအခါ EMB ဘက်မှ သူတို့၏ လုပ်ရပ်များကို စေ့စေ့စပ်စပ်ကြီးကြပ် အနီးကပ်ကြည့်ရှုပြီး သူတို့အနေနှင့် အမြင့်မားဆုံးသော ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် ညီ၊ မညီကို သေချာအောင် ပြုလုပ်ရမည် ဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းများသည် ရွေးကောက်ပွဲ၏ ဂုဏ်

သိက္ခာကို ခြိမ်းခြောက်သော နိုင်ငံရေးဆိုင်ရာအမြတ်ထုတ်ရန် ကြံစည်သော သို့မဟုတ် အကျင့်ပျက်ခြစားသော ရွေးကောက်ပွဲအရာရှိများကို ကိုင်တွယ်ဖြေရှင်းရန် EMB ၏ အာဏာကို ရှင်းရှင်းလင်းလင်း ထည့်သွင်းပေါင်းစပ်ရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုပြဿနာများကိုလျစ်လျူရှု ထားလိုက်ခြင်းသည်စည်းမျဉ်းစည်းကမ်း အာဏာကို လူသိရှင်ကြားအသုံးပြုခြင်းထက်စာလျင် ပိုမို၍လူသိရှင်ကြား ဂုဏ်သိက္ခာပိုင်းဆိုင်ရာနှင့် ယုံကြည်ရနိုင်မှုဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။ အတိုင်းအတာတစ်ရပ်အထိထိုကိစ္စမှာဖြစ်နိုင်ချေရှိပြီး ထိုကဲ့သို့သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုချိုးဖောက်ခြင်းများအား သင့်လျော်သော ပိတ်ဆို့မှုအပြစ်ဒဏ်ခံရစေရန်အတွက် EMB ၏ အရေးကြီး စိတ်ဝင်စားသော ကဏ္ဍအတွင်းတွင် ထည့်ထားပါသည်။

## *ပွင့်လင်းမြင်သာမှု*

လုပ်ငန်းပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲခြင်း ပွင့်လင်းမြင်သာမှုတို့သည် ပြည်သူလူထုကိုဆုံးဖြတ်ချက်အား ဆန်းစစ်ရန်နှင့် EMB အား ကြောင်းကျိုးသုံးသပ်ရန် အတွက်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုရှိခြင်းသည် EMB လုပ်ငန်းစဉ်အားလုံးတို့အတွက် အခြေခံအလေ့အထကောင်းတစ်ရပ်ဖြစ်သည်။ ထိုအရာသည် EMB အားအကြံဉာဏ်များကို ယှဉ်ထိုးစေနိုင်ပြီး ငွေရေးကြေးရေးဆိုင်ရာ လိမ်လည်မှုနှင့် ရွေးကောက်ပွဲလိမ်လည်မှုတို့ကို သိရှိနိုင်စေလေသည်။ သို့မဟုတ် ပြိုင်ဆိုင်မှုနည်းပါးခြင်းလော နိုင်ငံရေးပါတီတစ်ခုခုကို ဘက်လိုက်မှုရှိနေခြင်းလော သိရှိနိုင်ကာ ယုံကြည်နိုင်ရမှုကို မြှင့်တင်ပေးနိုင်သည်။ ရွေးကောက်ပွဲဆိုင်ရာ ပွင့်လင်းမြင်သာမှုကို ရွေးကောက်ပွဲဥပဒေက နောက်ခံပြုထားလေသည်။ ဥပမာအားဖြင့် လိုအပ်ချက် တစ်ခုရှိသောကြောင့် EMB မှ ပြည်သူလူထုအား ၎င်း၏လုပ်ရပ်ကို အင်ဒိုနီးရှားနိုင်ငံတွင် လုပ်သကဲ့သို့ အသိပေးကြေငြာလိုက်လေသည်။ ဥပမာအားဖြင့် မီဒီယာရှင်းလင်းပွဲ မကြာခဏလုပ်ခြင်း ဖွင့်ဟကြေငြာချက်ထုတ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူတို့နှင့် တိုင်ပင်ဆွေးနွေးခြင်းပြုလုပ် ခြင်းတို့ကို လိုက်ဘေးရီးယား EMB က ၂၀၁၁ ရွေးကောက်ပွဲအတွက် ပြုလုပ်ခဲ့လေသည်။ လုပ်ရိုးလုပ်စဉ် နောက်ခံအကြောင်းမရှိသော်ငြားလည်း EMB ဘက်မှ ပွင့်လင်းမြင်သာမှုရှိသော မူဝါဒတစ်ရပ်ကို ယာယီအသုံးပြုနိုင်သည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ပွင့်လင်းမြင်သာမှုမရှိခြင်းသည် လိမ်လည်မှုများဖြစ်နေသည်ဟူသော သံသယဖြစ်မှုကို မရှောင်မလွဲနိုင်ဘဲ ရောက်သွားစေနိုင်လေသည်။ ဥပမာအားဖြင့် လေ့လာစောင့်ကြည့်သူများနှင့် ပြည်သူလူထုတို့အနေဖြင့် မဲရေတွက်ခြင်းနှင့် အချက်အလက်များ စီစဉ်ခြင်းကို မမြင်နိုင်သောအခါ၊ ထို့နောက်တွင် မဲရေတွက်ရာနှင့် မဲစာရင်းအတည်ပြုရာတွင် သိသိသာသာ နှောင့်နှေးမှု ဖြစ်သောအခါ (၂၀၀၄ ခုနှစ်တွင် ဘီလရုပ်စ်နှင့် ယူကရိန်းတွင် ဖြစ်သကဲ့သို့ အီသီယိုးပီးယားတွင် ၂၀၀၅ ခုနှစ်တွင် ဖြစ်သကဲ့သို့) ရွေးကောက်ပွဲ၏ ယုံကြည်စိတ်ချရနိုင်မှုတို့လည်း ထိခိုက်စေနိုင်သည်။

## *ထိရောက်မှု*

ရွေးကောက်ပွဲအတွက် အစိုးရနှင့် လူထုကျွမ်းကျင်ပညာရှင်တို့က ထောက်ပံ့သော ဘဏ္ဍာငွေများကိုအကျိုးရှိရှိ သုံးစွဲသွားမည်ဖြစ်ပြီး ဝန်ဆောင်မှုကိုလည်း ထိထိရောက်ရောက်ပေးသွားမည် ဖြစ်သည်။ ချဲ့ထွင်နေရသော အဆက်မပြတ်ပေါ်ထွန်းနေသော နည်းပညာဆိုင်ရာဖြေရှင်းနည်းများ ပေါ်နေသော မဲဆန္ဒရှင်များအား အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်များ ပေးခြင်းကဲ့သို့သော ကုန်ကျစရိတ်များသော ကဏ္ဍများကို တိုးချဲ့ပေးရန်တောင်းဆိုသောအခါ EMB ဘက်မှလည်း ၎င်းတို့၏ အစီအစဉ်များသည် မဲဆန္ဒနယ်များကို ထိထိရောက်ရောက်၊ ဂုဏ်သိက္ခာအပြည့်နှင့် ခေတ်နှင့်အညီဖြစ်သော ဝန်ဆောင်မှုပေးနိုင်ရန် သတိထားရမည်။

အောင်မြင်သော EMB တစ်ခုဆိုသည်မှာ ဂုဏ်သိက္ခာ၊ အရည်အချင်းနှင့် ထိရောက်မှုကိုပေးစွမ်းနိုင်သောအရာကို ဆိုလိုသည်။ ထိုအရည်အသွေးများက လူထုနှင့် နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပိုမိုယုံကြည်မှုရှိစေနိုင်သည်။ တရားဥပဒေ မူဘောင်က ရွေးကောက်ပွဲဆိုင်ရာနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုတွင် အဓိပ္ပာယ်ဖွင့်ဆိုပေးခြင်းအားဖြင့် အထောက်အကူပေးနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ တစ်ခါတစ်ရံတွင် EMB အဖွဲ့ဝင်တစ်ဦးသည် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးများနှင့် လုပ်ဆောင်ပုံများအား အကျွမ်းတဝင်မရှိ ဖြစ်တတ်သည်။ အခြားသောအချိန်များတွင်လည်း သူတို့သည် အပြိုင်အဆိုင်အင်မတန်များသော ကော်ပိုရေးရှင်းလောကတွင်လည်း လိုအပ်သောကိရိယာများနှင့် ပစ္စည်းပစ္စယများအားစာချုပ်ချုပ် လုပ်ကိုင်ခြင်းတို့တွင်လည်း အသားမကျဖြစ်နေတတ်သည်။ ရွေးကောက်ပွဲအသင်းအဖွဲ့တစ်ခုတွင် အကျိုးမရှိ မထိရောက်သော ရလဒ်များထွက်ပေါ်လာပါက အကျင့်ပျက်ခြစားခြင်းနှင့် လိမ်ညာခြင်းတို့ကြောင့်ဟု လွယ်လွယ်မှတ်ချက် ချနိုင်ပြီး ထိုအချက်က EMB ၏ယုံကြည်ရနိုင်မှုအပေါ်ကို ပြင်းပြင်းထန်ထန်စိန်ခေါ်နေသောအချက်ဖြစ်သည်။ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ယေဘုယျအားဖြင့် ယုံကြည်မှုလျော့နည်းနေချိန်တွင် EMB သည်လည်း သံသယဖြစ်ခံရခြင်းမှ ကင်းလွတ်နိုင်မည် မဟုတ်ချေ။

## *ပညာရှင်ဆန်မှု*

ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုတွင် ပညာရှင်ဆန်ရန်အတွက် လိုအပ်သည်မှာ တိကျသော၊ ဝန်ဆောင်မှုကို ဦးစားပေးသော၊ ကျွမ်းကျင်ဝန်ထမ်းဘက်မှနေပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် လိုက်နာခြင်းတို့ပင် ဖြစ်သည်။ EMB ဘက်မှ သေချာအောင်လုပ်ရမည်မှာ ရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူအားလုံး ပင်မဝန်ထမ်းဖြစ်စေ၊ ယာယီအလုပ်သမားဖြစ်စေ ကျကျနန လေ့ကျင့်သင်ကြားထားပေးပြီး ၎င်းတို့၏ နည်းပညာဆိုင်ရာလုပ်ငန်းခွင် အတွင်းတွင် ပညာရှင်ဆန်ဆန် မြင့်မြင့်မားမား ပညာပြနိုင်သောအရည်အချင်းရှိရန် မဖြစ်မနေလိုအပ်သည်။ ပညာရှင်ဆန်ဆန် ပြုမူခြင်းသည် လူထု၏ယုံကြည်မှုအား တခဏအတွင်းရစေပြီး ဖြစ်စဉ်တစ်ခုလုံးသည် "ကျွမ်းကျင်သူလက်ထဲတွင်" ရှိသည်ဟု ယုံကြည်သွားစေသည်။ မည်သို့ပင်ဆိုစေကာမူ စဉ်ဆက်မပြတ်လေ့ကျင့်မှုနှင့် အရည်အချင်းတိုးတက်မှု ရှိစေရန် လေ့ကျင့်ပေးသောအစီအစဉ်သည် ပညာရှင်ဆန်သော EMB တစ်ခုအား ဖန်တီးခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် မရှိမဖြစ် လိုအပ်နေစဉ်တွင်လည်း ပညာရှင်ဆန်ခြင်းသည် အဖွဲ့ဝင်တိုင်းနှင့် အထွေထွေအတွင်းရေးမှူးဌာန ရုံးဝန်ထမ်းတိုင်း၏ စိတ်ဓါတ် အပေါ်တွင်လည်း မူတည်နေသည်။ EMB ရှိ လူတစ်ဦးချင်းစီ၏ သူတို့ပေးသမျှဝန်ဆောင်မှုတိုင်းတွင် မျှတမှု၊ တိကျမှု၊ သေသပ်မှုနှင့် မိမိကိုယ်ကို တိုးတက်အောင်ကြိုးစားမှုတို့အတွက် ကိုယ်တိုင်သန္နိဋ္ဌာန်ချမှတ်ပြီး ကြိုးစားခြင်းသည် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးတွင် ပညာရှင်ဆန်ခြင်းကို ထိန်းသိမ်းထားနိုင်ရန်အတွက် လိုအပ်သည်။

EMB အတွင်း သိသာထင်ရှားသော ပညာရှင်ဆန်မှုသည် နိုင်ငံရေးပါတီများ၊ အရပ်ဖက် လူ့အဖွဲ့အစည်းများမဲဆန္ဒရှင်များ၊ အလှူရှင်များ၊ မီဒီယာများနှင့် အခြားသော ရင်းနီးမြှုပ်နှံသူတို့ကိုပါ ရွေးကောက်ပွဲ စီမံခန့်ခွဲသူတို့သည် ၎င်းတို့၏ တာဝန်ကို ထိထိရောက်ရောက် လုပ်နိုင်သည်ဟူသော ယုံကြည်ချက်မျိုးကို ပေးစွမ်းလေသည်။ အခြားသောတစ်ဖက်တွင် သိသာထင်ရှားသော ပညာရှင်ဆန်ခြင်း မျိုးမရှိခြင်းသည် ပြည်သူ၏ မတိကျမသေသပ်ဖြစ်မည်ကို သံသယဖြစ်မှု၊ လိမ်ညာမည်ကို သံသယဖြစ်မှုတို့ကို ဖန်တီးလိမ့်မည်ဖြစ်ကာ ယုံကြည်မှုကို ပပျောက်စေလိမ့်မည်။ ထိုအခါတွင် မဲရှုံးသူများဘက်မှ ပြောသော ပြစ်တင်ဝန်ဖန် မကျေနပ်ချက်များသည်လည်း ဘောင်ဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ လူထုထောက်ခံမှုရရန် ပိုမိုလွယ်ကူလာလိမ့်မည်။

### *ဝန်ဆောင်မှုကို ဦးစားပေးခြင်း*

EMB သည် ရင်းနှီးမြှုပ်နှံသူဘက်သို့ ဝန်ဆောင်မှုပေးရသော တာဝန်တစ်မျိုးတည်းသာ ရှိရုံရှိသည် မဟုတ်ဘဲ EMB တည်ရှိနေရခြင်း၏ အဓိက အကြောင်းရင်းမှာ ထို့ကြောင့်ပင်ဖြစ်သည်။ ဝန်ဆောင်မှုပေးခြင်းအဆင့်အမျိုးမျိုးကို တည်ထောင်သူတို့၏ လုပ်ဆောင်ချက်အားလုံးကို လူထုကိုချပြလျက် EMB အဖွဲ့ဝင်နှင့် ဝန်ထမ်းများအား အတွင်းပိုင်းဆိုင်ရာ စိတ်ဓာတ်ရေးရာလှုံ့ဆော်မှုမျိုးကို ပေးလျက်ရှိသည်။ ပြင်ပပိုင်းဆိုင်ရာ တိုင်းတာမှုအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအား EMB ၏စွမ်းဆောင်ရည် မည်မျှကောင်းသည်ကို ပြသလျက်ရှိသည်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်အတွင်းတွင် အချို့သော အခြေခံဝန်ဆောင်မှု စံနှုန်းများပါဝင်ကာ ကနေဒါနိုင်ငံ ကဲ့သို့ပင် အချိန်ဇယားကိုပြု စံနှုန်းများဖြစ်သော နောက်ဆုံးအချိန်သတ်မှတ်ထားသည့် ရွေးကောက်ပွဲရလဒ်များ ကြေငြာခြင်း၊ ဆန္ဒမဲပေးခြင်းနှင့်ဆိုင်သော စာရင်းရေးသွင်းမှုများကို စီစဉ်ခြင်း၊ မဲဆန္ဒရှင် လက်မှတ်(ID) များကိုဖြန့်ဝေခြင်း၊ မဲပေးရမည့် မဲရုံရှိရာနေရာတို့ကို ကြေငြာခြင်းတို့နှင့် ပတ်သက်သော နောက်ဆုံးသတ်မှတ်ရက်များကိုပါ ကြေငြာပေးလေသည်။

ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်ခုချင်းစီတိုင်းအတွက် EMB ကိုယ်တိုင်က နောက်ထပ် ဝန်ဆောင်မှု ပေးသောစံချိန်စံညွှန်းများကို သူ၏လုပ်ရိုးလုပ်စဉ်များထဲတွင်ထည့်ကာ ယာယီအသုံးပြုနိုင်သည်။ အချိန်အခြေပြုဝန်ဆောင်မှု စံနှုန်းများဖြစ်သော ပျမ်းမျှ၊ အများဆုံး၊ အနည်းဆုံး မဲစာရွက်ရရန်အတွက် မဲဆန္ဒရှင်တို့ တန်းစီရသောအချိန်၊ ပြည်သူဘက်မှ မေးလာသော မေးခွန်းကိုပြန်ဖြေရန်အတွက် ကြာမည့်အချိန် သို့မဟုတ် မဲဆန္ဒရှင်အတွက် မဲစာရင်းရေးသွင်းမှု စာရွက်ကိုစစ်ဆေးလုပ်ဆောင်ရသော ပျမ်းမျှအချိန်တို့ဖြစ်နိုင်သကဲ့သို့ အရည်အသွေး အခြေပြုစံနှုန်းများဖြစ်သော မဲစာရင်းမှားသောကြောင့် မဲပေးခွင့်ငြင်းဆိုခံခဲ့ရသော မဲဆန္ဒရှင်များ၊ သို့မဟုတ် မဲရုံများသို့ ရောက်မလာသော ပျောက်နေသော ပစ္စည်းပစ္စယများ၏ အချိုးအဆ၊ မဲပေးမည့်နေ့တွင် မဲရုံများကို အချိန်မီမဖွင့်ပေးသော မဲရုံများစာရင်း၊ မဲစာရင်းအကြိုကြေငြာမှုတွင် တိကျမှုနှင့်အချိန်နှင့် တပြေးညီ ဖြစ်၊ မဖြစ်တို့လည်း ဖြစ်နိုင်လေသည်။

အရေးကြီးအချက်များဖြစ်သော EMB ၏ ဝန်ဆောင်မှုပေး စွမ်းဆောင်ရည်ကို ရင်းနှီးမြှုပ်နှံသူတို့ အနေဖြင့်ရှုမြင်ပုံသည်လည်း EMB ၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာနှင့် အကျိုးရှိမှုတို့ကို ပြည်သူက အဆုံးအဖြတ်ပေးသော နေရာတွင် များစွာလွှမ်းမိုးလျက်ရှိသည်။ ပုံမှန်ကောက်ယူသော ပြည်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူတို့အား မေးမြန်းသည့် စစ်တမ်း (ဥပမာ- ရွေးကောက်ပွဲပြီးချိန်) သည် EMB အားမိမိ၏ ဝန်ဆောင်မှုပေးခြင်းကို ပြန်လည်သုံးသပ်ပြီး တိုးတက်အောင်လုပ်ရာတွင် အသုံးဝင်သော အချက်အလက်များများစွာ ပေးနိုင်သည်။ ထိုအချက်ကို EMB ကိုယ်တိုင်ကလုပ်နိုင်သကဲ့သို့ ပြင်ပမှလည်းလုပ်နိုင်သည်။ ဥပမာအားဖြင့် EMB ၏တာဝန်ယူနိုင်မှု၊ တာဝန်ခံနိုင်မှု၊ စွမ်းဆောင်ရည်ကိုလွတ်တော်မှ သုံးသပ်မှု အစရှိသည်တို့ဖြစ်သည်။

## အခန်းအကျဉ်းချုပ်

- ရွေးကောက်ပွဲသည် ရှုပ်ထွေးပြီး အထူးစီမံထားသော လုပ်ငန်းစဉ်များပါကာ ၎င်းကို အထူး ရွေးကောက်ပွဲ စီမံခန့်ခွဲရေးတာဝန်ယူထားသော ဌာနတစ်ခုမှထိထိရောက်ရောက် စီမံခန့်ခွဲလေသည်။
- EMB ဆိုသည်မှာ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု၏ မရှိမဖြစ်အရာများကို အားလုံးဖြစ်စေ၊ တစ်ချို့တစ်ဝက်ဖြစ်စေ၊ စီမံခန့်ခွဲရန် တစ်ခုတည်းသော တာဝန်ကိုယူထားရသော အသင်းအဖွဲ့ သို့မဟုတ် ဌာနတစ်ခုဖြစ်ပြီး အောက်ပါတို့ကို စီမံခန့်ခွဲရသည်

  – မဲပေးခွင့်ရှိသူများကို ဆုံးဖြတ်ပေးရခြင်း

– ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများ၏ မဲစာရင်းများကိုလက်ခံပြီး စကာတင် ရွေးချယ်မှုများကို အတည်ပြုပေးရခြင်း (ရွေးကောက်ပွဲအတွက်၊ နိုင်ငံရေးပါတီနှင့်/သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်သူအတွက်)

– မဲပေးနိုင်ရန် စီမံပေးရခြင်း

– မဲရေခြင်းနှင့်

– မဲစာရင်းများကို စီစဉ်ခြင်းတို့ဖြစ်သည်။

- မရှိမဖြစ်လိုအပ်ပြီး အခြားသောရွေးကောက်ပွဲဆိုင်ရာ တာဝန်များကို ဌာနတစ်ခုတည်းမှ လုပ်ကာ ဌာနအများကိုလည်း ခွဲဝေပေးနိုင်သည်

- ရွေးကောက်ပွဲကို စီမံခန့်ခွဲရာတွင် ပုံစံသုံးမျိုးရှိသည်။

– လွတ်လပ်သော ပုံစံ

– အစိုးရဖွဲ့စည်းသော ပုံစံ

– ပုံစံအရောတို့ ဖြစ်ကြသည်။

- ရွေးကောက်ပွဲစီမံခန့်ခွဲပုံ ပုံစံတစ်မျိုးစီသည် လုပ်ဆောင်ချက်အမျိုးမျိုးပါသော EMB တစ်ခုနှင့် အထက် ပါဝင်နေနိုင်သည်။

- ရွေးကောက်ပွဲစီမံခန့်ခွဲရာတွင် သုံးသည့် လွတ်လပ်သည့်ပုံစံတွင် EMB တစ်ခုပါဝင်(သို့မဟုတ် တစ်ခါတစ်ရံတွင် နှစ်ခုပါဝင်) ပြီး အစိုးရ၏ ကြီးကြပ်စီမံရေး ဌာနခွဲအောက်မှ အသင်းအဖွဲ့အနေနှင့် လွတ်လပ်သည်။ အစိုးရဖွဲ့စည်းသောပုံစံတွင် EMB များသည် ကြီးကြပ်စီမံရေးဌာနခွဲ၏ အောက်တွင် တစ်စိတ်တစ်ဒေသပါဝင်ပြီး တာဝန်ခံရလေသည်။

- ပုံစံအရောတွင် EMB ပုံစံနှစ်မျိုး ပါဝင်လေ့ရှိသည်။ စောင့်ကြည့်ရေးအာဏာနှင့်/ သို့မဟုတ် မူဝါဒပါဝင်သော အမှီအခိုကင်း EMB နှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရန် တာဝန်ရှိသော အစိုးရဖွဲ့စည်းထားသည့် EMB တို့ဖြစ်သည်။

- အသင်းအဖွဲ့အနေနှင့် လွတ်လပ်သည်ဖြစ်စေ၊ မလွတ်လပ်သည် ဖြစ်စေ၊ EMB တို့အတွက် အင်မတန်မှအရေးကြီးသောအချက်မှာ ဆုံးဖြတ်ချက်ချရာတွင်နှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် လွတ်လပ်ရန်ဖြစ်သည်။ ရွေးကောက်ပွဲစီမံခန့်ခွဲပုံကို ယုံကြည်စိတ်ချလာစေရန် ပြည်သူ၏ ယုံကြည်မှုကို တည်ဆောက်ရာတွင် EMB တစ်ခု၏ စိတ်ဓာတ်နှင့် အပြုအမူက သူ့အသင်းအဖွဲ့မူဘောင်အတွင်း အလုပ်လုပ်ပုံထက် ပိုအရေးကြီးလေသည်။

- ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံတစ်ခုတိုင်းစီတွင် အခြေခံပါဝင်သော အချက်များရှိပါသည်။ ကွဲပြားသောအချက်များစွာလည်း ရှိပါသည်။ EMB တစ်ခု၏ အလုပ်လုပ်ပုံသည် အသုံးပြုသော ပုံစံတစ်ခုတည်းပေါ်တွင်သာ မူတည်ခြင်းမဟုတ်ပါ၊ အခြားသော ရွေးကောက်ပွဲဆိုင်ရာ မူဘောင်၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာအချက်များပေါ်တွင်လည်းမူတည်သည်။

- ထိုပုံစံကြီး သုံးခုအောက်တွင် EMB အမျိုးအစားများစွာ ရှိသည်။ ပုံသေလည်း ဖြစ်နိုင်သလို

ယာယီလည်းဖြစ်နိုင်သည်။ အတိုင်းအတာတစ်ခုထိ ဗဟိုပြုစနစ်လည်းဖြစ်နိုင်သလို ဗဟိုမပြုသောစနစ်လည်း ဖြစ်နိုင်သည်။ တည်ဆောက်ပုံ တစ်ခုချင်းစီတွင် နိုင်ငံ၏ အခြေအနေပေါ်မူတည်ပြီးသေချာစွာ သုံးသပ်ဖို့လိုသည့် အားသာချက်နှင့် အားနည်းချက်များရှိသည်။

- ပဋိပက္ခဖြေရှင်းရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းရှိနေပါက ဖြေရှင်းရာတွင် အထောက်အပံ့ဖြစ်စေသောကြောင့် အထူးယှဉ်တွဲညှိနှိုင်းရေးသည် ဖက်ဒရယ်နိုင်ငံများရှိ EMB များတွင် အပြောင်းအလဲလုပ်နေသော ပတ်ဝန်းကျင်များ တွင် မရှိမဖြစ်လိုအပ်သည်။

- EMB သည် ၎င်းတို့၏ ထင်မြင်ချက်များကို ဝန်ကြီးအဖွဲ့သို့ ကိုယ်စားပြုပြောပြရန်အတွက် ဝန်ကြီးတစ်ဦးရှိခြင်းကို ပိုမိုလိုလားသကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများအား ကိုင်တွယ်ဖြေရှင်းရန် လွှတ်တော်မှ ပါတီစုံကော်မတီရှိခြင်းကိုလည်း ပိုမိုလိုလားသည်။

- မည်သည့်ပုံစံကို သုံးသည်ဖြစ်စေ၊ EMB သည် လမ်းညွှန်စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။ ဆုံးဖြတ်ချက်ချရာတွင်နှင့် လုပ်ဆောင်ချက်များတွင်လည်း လွတ်လပ်ရမည်။ ဘက်လိုက်ခြင်းကင်း၊ ဂုဏ်သိက္ခာရှိ၊ ပွင့်လင်းမြင်သာမှုရှိ၊ ထိရောက်မှုရှိ၊ ပညာရှင်ဆန်ပြီး ဝန်ဆောင်မှုဦးစားပေးမှုတို့လည်း ရှိရမည်။ ထိုစည်းမျဉ်းစည်းကမ်းများသည် တစ်ခါတစ်ရံတွင် အခြားသောပုံစံများထက် အမှီအခိုကင်းပုံစံတွင် ပြည့်ပြည့်ဝဝ ဖြစ်လေ့ရှိသည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# ဆေရှဲလ်စ် သမ္မတနိုင်ငံ ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်အသစ်

Marie-Thérèse Purvis

## နောက်ခံ အကြောင်းအရာ

ဆေရှဲလ်သည် ၁၉၇၆ ခုနှစ်ကတည်းကပင် ထိုအချိန်က အင်အားကြီးနိုင်ငံရေးပါတီကြီး နှစ်ခု လောလောလတ်လတ် ရွေးကောက်ထားသော ညွန့်ပေါင်းအစိုးရ ခေါင်းဆောင်မှုအောက်တွင် လွတ်လပ်သော သမ္မတနိုင်ငံဖြစ်လာခြင်းဖြစ်သည်။ တစ်နှစ်ခန့်ကြာသောအခါ ထိုအစိုးရသည် ဆေရှဲလ်စ် ညီညွတ်သော ပြည်သူ့ပါတီ၏ အာဏာသိမ်း ဖြုတ်ချခြင်းကိုခံခဲ့ရပြီး ၁၉၇၉ ခုနှစ်တွင် တစ်ပါတီ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ရေးဆွဲခဲ့သည်။ အမျိုးသားလွှတ်တော် ကိုလည်းဖျက်သိမ်းပြီး ၁၉၇၉ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ရွေးချယ်ထားသော အဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသော တစ်ပါတီပြည်သူ့လွှတ်တော်ဖြင့် အစားထိုးလိုက်သည်။ နောက်ထပ်တစ်ပါတီဆိုင်ရာ သမ္မတနှင့် လွှတ်တော်အမတ် ရွေးကောက်ပွဲကို ၁၉၈၇ ခုနှစ်နှင့် ၁၉၉၁ ခုနှစ်တွင် ကျင်းပခဲ့သည်။

ထိုတိုင်းပြည်သည် ပါတီစုံဒီမိုကရေစီစနစ်ကို ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းမှ ထောက်ခံဆန္ဒမဲ ကောက်ယူထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီး ၁၉၉၃ ခုနှစ်မှ စတင်ပြောင်းလဲလာခြင်း ဖြစ်သည်။ ထိုအပြောင်းအလဲသည် အမှီအခိုကင်းသော မဲဆန္ဒရှင်များ၏ စာရင်းရေးသွင်းခြင်းများကို ပြုလုပ် ထိန်းသိမ်းပေးနိုင်သော၊ မဲဆန္ဒနယ်နယ်နိမိတ်များကို သတ်မှတ်ပေးသော၊ နိုင်ငံရေးအရ မဲဆွယ်ရာတွင် တာဝန်ယူသော ရွေးကောက်ပွဲများကို ကျင်းပပေးကာ နိုင်ငံရေးပါတီများကို စာရင်းရေးသွင်းရာတွင် တာဝန်ရှိသော ရွေးကောက်ပွဲကော်မရှင်အရာရှိတစ်ဦး ခန့်အပ်ရန်လိုလာသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်၏အောက်တွင် သမ္မတနှင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲသည် အကြွင်းမဲ့မဲပေးခွင့်ပေါ်တွင် အခြေခံထားပြီး ငါးနှစ်တစ်ကြိမ် ကျင်းပမည်ဖြစ်သည်။

၂၀၀၇ နှင့် ၂၀၁၁ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတို့ကို ပြောင်းလဲရန်တောင်းဆိုခဲ့ရာ ၁၉၉၃ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြောက်ကြိမ်ပြင်ဆင်ခဲ့ရပြီး ရွေးကောက်ပွဲကော်မရှင်အရာရှိ၏ရုံးကို ရွေးကောက်ပွဲကော်မရှင်ရုံး (EC) အဖြစ် ၂၀၁၁ တွင် ပြောင်းလဲလိုက်ရသည်။ EC ၏ မဖြစ်မနေလုပ်ရမည့်တာဝန်မှာ ဒီမိုကရေစီကို အဆင့်မြှင့်ပေးနိုင်မည့် ရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲမှုတို့ကို ညွှန်းဆိုပေးရန်ဖြစ်သည်။

## ဥပဒေပြုရေးဆိုင်ရာ မူဘောင်

EC ကိုတည်ထောင်ထားသော သမ္မတနှင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ ကိုလုပ်ရန် ပြောဆိုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်ကို ထပ်ပေါင်းပြောဆိုရလျှင် အခြား သော ပြဋ္ဌာန်း ဥပဒေနစ်ရပ်ကလည်း ဆေရှဲလ်စ်ရှိ ရွေးကောက်ပွဲအတွက် အသေးစိတ်ဥပဒေမူဘောင်ကို ပြဋ္ဌာန်းထားသည်။ ၁၉၉၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေသည် မဲဆန္ဒရှင်များစာရင်းရေးသွင်း ခြင်း၊ သမ္မတနှင့် နိုင်ငံတော်အဆင့် ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ဆန္ဒမဲခံယူခြင်းများပြုလုပ်ခြင်း နိုင်ငံရေး ပါတီများ (စာရင်းရေးသွင်းခြင်းနှင့် စည်းကမ်းသတ်မှတ်ခြင်း) တို့အတွက် စည်းမျဉ်းများချမှတ်ထားသည်။ ၁၉၉၁ အက်ဥပဒေသည် EC အားနိုင်ငံရေးပါတီများအားစာရင်းမှတ်ပေးသော၊ နိုင်ငံရေးပါတီများ၏ စာရင်း များကို ထိန်းသိမ်းပေးသော တာဝန်ယူရသော၊ ပါတီများအား ပြည်သူ့ဘဏ္ဍာများချပေးရပြီး အမျိုးသား လွှတ်တော်ကို အကြောင်းပြန်ရသော တာဝန်ကို ချမှတ်ထားလေသည်။ ၁၉၅၉ ခုနှစ် ငြိမ်ဝပ်ပိပြားရေး အက်ဥပဒေ အပိုင်း ၃ တွင် လူစုလူဝေးပြုလုပ်ခြင်းကို ထိန်းချုပ်ထားပြီး နိုင်ငံရေးပါတီများ အများပြည်သူ ဆိုင်ရာနေရာများတွင် အစည်းအဝေးပြုလုပ်ခြင်းနှင့် လူစုရုံးခြင်းတို့ပါဝင်သည်။ ရွေးကောက်ပွဲအက်ဥပဒေ အပါအဝင် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအကြံပေးဘုတ်အဖွဲ့ဆိုင်ရာစည်းမျဉ်း၊ ၂၀၀၆ ရွေးကောက်ပွဲ စည်းမျဉ်းတို့နှင့် ကိုက်ညီသည့် စည်းမျဉ်းတစ်ခုမှာ လမ်းညွှန်ဆိုင်းဘုတ်ဆိုင်ရာ ပြဿနာများနှင့် မဲပေးရာ တွင် အစိုးရပိုင်ယာဉ်များအသုံးချခြင်းတို့အတွက်ပါပါသည်။

## အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံ

EC တွင်အဖွဲ့ဝင်ငါးဦး ပါဝင်သည် (အမျိုးသား ၄ဦး၊ အမျိုးသမီး ၁ ဦး) လွတ်လပ်သော ပညာရှင် များ ဖြစ်ကြသည်။ မည်သည့်နိုင်ငံရေးပါတီ သို့မဟုတ် အစိုးရ၏ ထောက်ပံ့ခြင်းကိုမှ ခံယူထားခြင်းမရှိပါ။ သူတို့ကို ခုနစ်နှစ် ခန့်ထားမည်ဖြစ်ပြီး ထိုသက်တမ်းကုန်လျှင် ၎င်းတို့အားအသုံးပြုခြင်းကို ပြန်လည် လဲလှယ်ကောင်း လဲလှယ်မည်ဖြစ်သည်။

၎င်းတို့၏ ရာထူးများမှာ ရွေးကောက်ပွဲဆိုင်ရာ ခန့်အပ်ရေး တာဝန်ရှိသူများ (CAA) မှ ဖွဲ့စည်းပုံ အခြေခံဥပဒေ အမှတ် 115a နှင့်အညီ ကြေငြာခန့်အပ်ထားခြင်း ဖြစ်သည်။ ထို့နောက် CAA (ရွေးကောက်ပွဲ ဆိုင်ရာခန့်အပ်ရေး တာဝန်ရှိသူများ) က အဖွဲ့ဝင်ငါးဦးနှင့် ဥက္ကဋ္ဌကိုပါ ရွေးချယ်သော သမ္မတထံသို့ ထောက်ခံစာများပေးပို့သည်။ နောက်ပိုင်းကျန်သူတို့မှာ ကော်မရှင်၏အချိန်ပြည့်တာဝန်ထမ်းဆောင်သူများ ဖြစ်ကြသည်။ သူက အခြားသော ပုံသေအဖွဲ့ဝင် ၄ဦး ပါဝင်သောEC အထွေထွေ အတွင်းရေးမှူးဌာနကို ဦးဆောင်သည်။ အခြားသော ရွေးကောက်ပွဲဆိုင်ရာ အရာရှိများမှာ ရွေးကောက်ပွဲကာလအတွင်း ယာယီ ခန့်ထားခြင်းဖြစ်သည် သို့မဟုတ် မဲဆန္ဒရှင်များအား စာရင်းရေးသွင်းခြင်းကဲ့သို့သော တာဝန်ရပ်မျိုးအတွ က်ခန့်ထားခြင်းဖြစ်သည်။

ဆေရှဲလ်စ်၏ ရွေးကောက်ပွဲစနစ်သည် သေးသောကြောင့် ကော်မရှင်အနေနှင့် ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းစဉ်တို့နှင့် သက်ဆိုင်သော မူဝါဒဆုံးဖြတ်ရေးဆိုင်ရာတို့နှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း စဉ်များအား အကောင်အထည်ဖော်ခြင်းကို တာဝန်ယူကြီးကြပ်ရေးနှစ်မျိုးစလုံးကို ဆောင်ရွက်ပေးရသည်။ မည်သည့် အစိုးရဝန်ကြီးဌာန သို့မဟုတ် ဌာနနှင့်မှ မဆက်နွယ်ဘဲ လွတ်လပ်သည်။ သူကိုယ်တိုင် ကိုယ်ပိုင် အုပ်ချုပ်ရေးနှင့် လည်ပတ်ပြီး ကိုယ်ပိုင်ဘတ်ဂျက်ငွေကို စီမံထိန်းချုပ်သည်။ ဘဏ္ဍာရေးဝန်ကြီး နှင့်စာရင်း စစ်ချုပ်တို့ထံတွင်သာတာဝန်ရှိမည်ဖြစ်သည်။ ကော်မရှင်ဘက်မှအမျိုးသားလွှတ်တော်သို့ နှစ်စဉ်သူတာဝန် ကျသော ရွေးကောက်ပွဲများပြုလုပ်ပုံ နိုင်ငံရေးပါတီများအား ပြည်သူ့ဘဏ္ဍာငွေပေးအပ်ပုံတို့ကို အစီရင် ခံစာတင်လေသည်။

## အာဏာနှင့် လုပ်ဆောင်ချက်များ

အခြေခံဥပဒေမှ ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဥပဒေနှင့် နိုင်ငံရေးပါတီအက်ဥပဒေအရ EC သည် အရည်အချင်းပြည့်မီသူ အားလုံးတို့အား ၎င်းတို့၏အခွင့်အရေးနှင့် အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့် ရှိစေရန်သေချာအောင် ပြုလုပ်ရပေးမည်ဖြစ်သည်။ ပြီးနောက်တွင် မဲဆန္ဒရှင်များကလည်း ရွေးကောက်ပွဲ ဆိုင်ရာစနစ်များအား -

- နိုင်ငံအဆင့် မဲဆန္ဒရှင်များ စာရင်းကို ထိန်းသိမ်းနိုင်ရန်
- မဲဆန္ဒရှင်များအား ရွေးကောက်ပွဲဆိုင်ရာစနစ်နှင့် ရွေးကောက်ပွဲအကြောင်းအသိပေးခြင်း
- နိုင်ငံရေးပါတီများ၏ စာရင်းကို ထိန်းသိမ်းထားနိုင်ရန်
- ဝင်ရောက်ယှဉ်ပြိုင်မည့်သူများ ရွေးကောက်ပွဲအတွက် စာရင်းရေးသွင်းနိုင်ကြောင်း သေချာစေရန်
- ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်မှုများကို ကြီးကြပ်စောင့်ရှောက်ရန်
- မဲဆွယ်ရန် အတွက် လူထု မီဒီယာကို အသုံးပြုခြင်းကို စီမံညွှန်ကြားနေရန်
- မဲဆန္ဒနယ်နိမိတ်များကို ပြန်လှန်စစ်ဆေးခြင်းနှင့် ညှိယူခြင်း
- ရွေးကောက်ပွဲဆိုင်ရာ ဝန်ထမ်းများကိုလေ့ကျင့် သင်ကြားပေးခြင်း
- တရားဥပဒေဘောင်နှင့်အညီ သမ္မတနှင့်အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကျင်းပကာဆန္ဒ မဲခံယူပွဲများ ကျင်းပခြင်းနှင့်
- အစိုးရထံသို့ နောင်တစ်ချိန်တွင် ပြန်လည်ပြုပြင်ပြောင်းလဲရေးလုပ်နိုင်ရန်အတွက် အချိန်နှင့်အမျှ ထောက်ခံချက်များ ပြုပေးနေခြင်းတို့ဖြစ်သည်။

## ဘဏ္ဍာရေး

ကော်မရှင်သည် ပြည်သူ့ဘဏ္ဍာငွေများမှတစ်ဆင့် ဘဏ္ဍာငွေများ ရနေခြင်းဖြစ်သည်။ နှစ်စဉ် နှစ်တိုင်း ဥက္ကဋ္ဌသည် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အခြားသောဝန်ကြီးဌာနများ သို့မဟုတ် ဌာနများကဲ့သို့ပင် လုပ်ရိုးလုပ်စဉ်အတိုင်း ဘတ်ဂျက်ငွေတင်ရသည်။ အခြားသော မျှော်မှန်းတွက်ချက်ပြီးဖြစ်သော ကုန်ကျ စရိတ်များမှာမူ သက်သက်ရှိပြီးသားဖြစ်သော်လည်း ရွေးကောက်ပွဲအတွက် ဘတ်ဂျက်ငွေမှာမူ သီးသန့် ခွဲထားပေးလေသည်။ ပြီးနောက်တွင် ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်များမှာ ပေါင်းစည်းအခွန်ဘဏ္ဍာ ငွေထဲတွင် ထည့်သွင်းပေါင်းပြီးသားဖြစ်လေသည်။

## တာဝန်ခံနိုင်မှု

ပြည်သူ့ဘဏ္ဍာငွေများသုံးခြင်းအားလုံးအတွက် EC သည် ဘဏ္ဍာရေးဝန်ကြီးဌာနကို အလုံးစုံ တာဝန်ခံရလေသည်။ သူ၏ စာရင်းများမှာလည်း စာရင်းစစ်ချုပ်၏ စစ်ဆေးခြင်း အောက်တွင် ရှိလေသည်။ နိုင်ငံရေးပါတီများအား စာရင်းရေးသွင်းပေးရသောကြောင့် ကော်မရှင်သည် အမျိုးသားလွှတ်တော်အား နိုင်ငံရေးပါတီများ၏ ပြည်သူ့ဘဏ္ဍာငွေနှင့် ပတ်သက်သော ကျင်းပပြုလုပ်ထားသော ရွေးကောက်ပွဲများ အားလုံးနှင့် ပတ်သက်သော အစီရင်ခံစာများကို နှစ်စဉ်တင်ရလေသည်။ နိုင်ငံရေးပါတီ သို့မဟုတ် လူ တစ်ဦးဦးကလည်း မမျှမတ ဆက်ဆံခံရသည်ဟု အထင်ရောက်ပါကလည်း တရားရုံးသို့ ဆင့်ခေါ်ခြင်း ခံကောင်းခံရသည်။

## ပညာရှင်ဆန်စေရန်ပြုလုပ်ခြင်း

ကော်မရှင်အဖွဲ့ဝင်များနှင့် အထွေထွေအတွင်းရေးမှူးဌာန ရုံးဝန်ထမ်းများသည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာလေ့ကျင့်သင်ကြားရေး အစီအစဉ်များတွင် ပါဝင်တက်ရောက် သင်ကြားကြရသည်။ ထိုအရာသည် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဒီမိုကရေစီမြှင့်တင်ရေး လုပ်ရှားမှုရှိနေသော နယ်ပယ်မှ အသင်းအဖွဲ့များနှင့် ဆက်သွယ်ခြင်းမှ မကြာခဏလုပ်ဖြစ်ခြင်းဖြစ်သည်။ EC အဖွဲ့ဝင်များအနေနှင့်လည်း ဒေသတွင်းနှင့် ပြင်ပတွင် ရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်လေ့လာခြင်းကို လုပ်ကြလေသည်။

ရွေးကောက်ပွဲဆိုင်ရာစီမံညွှန်ကြားရေးအတွက် တာဝန်ရှိသော ယာယီဝန်ထမ်းများအား အချို့သောလေ့ကျင့်သင်ကြားရေးသည် ရွေးကောက်ပွဲကာလများ အတွင်းတွင် ပြုလုပ်လေ့ရှိသည်။ မည်သို့ပင်ဆိုစေကာမူ EC သည် သူ၏အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက် ပေါင်းစပ်ညှိနှိုင်းထားသော ပညာရှင်ဆန်ဆန် တိုးတက်ရေး အစီအစဉ်များ ကင်းမဲ့နေဆဲပင် ဖြစ်သည်။

## မီဒီယာ၊ အခြားသော အသင်းအဖွဲ့များနှင့် ကိုယ်စားလှယ်အေဂျင်စီများနှင့် ဆက်ဆံရေး

မဲဆွယ်ခြင်းနှင့်ပတ်သက်ပြီး ပြည်သူ့မီဒီယာကို အသုံးချခြင်းကို ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေမှ စည်းကမ်းသတ်မှတ်ထားလေသည်။ ပြီးနောက်တွင် ကော်မရှင်ဘက်မှလည်း ပါဝင်ယှဉ်ပြိုင်သူများနှင့် ပါတီများသည် နိုင်ငံလုံးဆိုင်ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှတ်ခံရမှု ညီတူညီမျှ ဖြစ်စေရပါမည်ဟု အာမခံထားရလေသည်။ သို့သော်လည်း နိုင်ငံရေးပါတီများနှင့် ဝင်ရောက်ယှဉ်ပြိုင်သူများက ရွေးကောက်ပွဲအတွက် မိမိဆန္ဒအလျောက်လိုက်နာသော ဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းကို လိုက်နာပါ့မည်ဟု ယေဘုယျအားဖြင့် သဘောတူထားသော်လည်း ပုဂ္ဂလိကဆိုင်ရာမီဒီယာများမှ တစ်ဆင့် မဲဆွယ်ခွင့် အခွင့်အရေးရခြင်းကို မည်သို့မှထိန်းချုပ်နိုင်ခြင်း မရှိချေ။ EC သည်လည်း မီဒီယာကော်မရှင်နှင့် တွဲဖက် လုပ်ကိုင်လျက်ရှိပြီး  ထိုအရာသည် အဖွဲ့အစည်းအသစ်ကဲ့သို့ ဖြစ်နေကာ ပြည်တွင်းမီဒီယာနှင့် ပတ်သက်သော ကျင့်ဝတ်ဆိုင်ရာ ဥပဒေသများကို အချောသတ်အဆင့် ရေးဆွဲနေဆဲ ကာလသာရှိသေးသည်။ တစ်ပါတီစနစ်အောက်တွင် မီဒီယာသည် အစိုးရ၏လုံးလုံးထိန်းချုပ်မှုအောက်တွင်ရှိပြီး ထိုလက်ကျန် အကြွင်းအကျန်များသည်လည်း တဖြည်းဖြည်းချင်း ပြန်လည်တွန်းလှန်နေရဆဲ ဖြစ်သည်။

EC ဘက်မှလည်း စာရင်းအင်းဌာန၊ လူထုအခြေအနေပြဆိုင်ရာရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဌာနများအပါအဝင် အစိုးရဝန်ကြီးဌာန၊ ဌာနဆိုင်ရာတို့နှင့် အင်မတန် နီးနီးကပ်ကပ် ယှဉ်တွဲအလုပ်လုပ်ရလေသည်။ လိုအပ်လာပါကလည်း EC ဘက်မှ ရွေးကောက်ပွဲဆိုင်ရာနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရေးကို ကြီးကြပ်စီမံရေးမှူး၊ လွှတ်တော်အမတ်နှင့် တရားစီရင်ရေးတို့အား ဆက်သွယ်ပြောဆိုရာတွင် အခြားသောသူများထက် ပိုမိုလွယ်ကူမှုရှိလေသည်။

EC ကိုယ်တိုင်ကလည်း SADC (တောင်အာဖရိကဖွံ့ဖြိုးရေးအုပ်စု) ရွေးကောက်ပွဲကော်မရှင်ဆွေးနွေးပွဲ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ကာ ထိုဆွေးနွေးပွဲ၏ အဖွဲ့ဝင်များသည် ၎င်းတို့၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု အစီအစဉ်များတွင် ပါဝင်ကြလေ့ရှိသည်။ ယှဉ်တွဲအကူအညီယူပြီး လုပ်ဆောင်ရမည့် အရာများကို အများပြည်သူ့အကျိုးဆိုင်ရာ အထွေထွေအတွင်းရေးမှူး၏ ဌာနနှင့် ပေါင်းပြီးထိန်းသိမ်းမှု ပြုကြရသည်။ EC ကိုယ်၌ကလည်း ထိုကဲ့သို့သော အဖွဲ့အစည်းမှ လေ့လာစောင့်ကြည့်သူများနှင့် နိုင်ငံတွင်းမှ လေ့လာ

စောင့်ကြည့်သူများကို ကြိုဆိုသည်။

## နည်းပညာသစ်များ

အီလက်ထရောနစ် မဲဆန္ဒရှင် စာရင်းသည် နှစ်စဉ်နှစ်တိုင်း အသစ်ပြန်လည် ရေးသွင်းပြီး ထိန်းသိမ်းထားခြင်း ဖြစ်သည်။ EC ဘက်မှလည်း ဇီဝဆိုင်ရာ ဘိုင်အိုမက်ထရစ် မှတ်ပုံတင်ကတ်များအား မိတ်ဆက်ရေးနှင့် မဲဆန္ဒရှင် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးအတွက် ဘားကုတ်စကင်နာများနှင့် လက်ရှိရှိနေသော GIS အချက်အလက်ဆိုင်ရာ ဒေတာဘေ့စ်များကို မဲဆန္ဒရှင်စာရင်း တိကျမှု တိုးတက်စေရန်အတွက် အသုံးချရန် စဉ်းစားလျက်ရှိသည်။

## ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်ပြုပြင်ရေး စီမံဆောင်ရွက်မှုများ

EC ဘက်မှလည်း ရွေးကောကပွဲဆိုင်ရာပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် တာဝန်ချမှတ် ထားခြင်း ခံထားရလေသည်။ အထူးသဖြင့် ဥပဒေပြုရေးမဏ္ဍိုင်မှ ထိန်းချုပ်နေသော ရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်များကို စစ်ဆေးကြည့်ရှုရန်နှင့် အစိုးရကိုလိုအပ်သည်တို့ ညွှန်းဆိုပေးရန်ဖြစ်သည်။ ထိုဖြစ်စဉ်သည် အောက်တိုဘာလ ၂၀၁၁ ခုနှစ်တွင်စခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်ပြုပြင်ရေးတို့အတွက် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်များပါဝင်သော ဆွေးနွေးခန်း ဖိုရမ်တစ်ခု တည်ဆောက်ခဲ့လေသည်။ လုပ်ဆောင်ချက်များကို ထိန်းညှိရန်အတွက်လည်း သဘောတူညီချက်ချထားသောလမ်းစဉ်ကို တည်ထောင်ခဲ့လေသည်။ ဆွေးနွေးခန်းမှ သဘောတူညီချက်များသည် အဖွဲ့ဝင်အားလုံးလက်ခံမှသာလျှင် ဖြစ်မည်ဖြစ်သည်။ မဲဆန္ဒရှင်များ၏ထင်မြင်ချက်များသည် ဒေသဆိုင်ရာပြည်သူလူထုတွေ့ဆုံပွဲများ အစဉ်လိုက်ပြုလုပ်ရာမှ ရရှိလာခြင်းဖြစ်ပြီး နောက်တစ်နည်းမှာ EC နှင့် တိုက်ရိုက်ဆက်သွယ်ခြင်းမှ ရရှိလာခြင်း ဖြစ်သည်။ ဆွေးနွေးခန်း၏ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဆွေးနွေးချက်များသည် ပြည်သူလူထုကို ပွင့်ပွင့်လင်းလင်းချပြထားခြင်းဖြစ်ပြီး စကားစစ်ထိုးဆွေးနွေးကြသော ကိစ္စတော်တော်များများမှာလည်း ပြည်တွင်းမီဒီယာများမှ ထုတ်လွှင့်နေမည်ဖြစ်သည်။

ရွေးကောက်ပွဲနှင့် ဆိုင်သော ဥပဒေပြုခြင်းဟူသမျှသည် စစ်ဆေးကြည့်ရှုပြီးဖြစ်သည်။ EC ဘက်မှလည်း ငြိမ်ဝပ်ပိပြားရေး အက်ဥပဒေမှ ပုဒ်မ ၃ နှင့်ပတ်သက်သော ညွှန်းဆိုလိုသည့် အချက်များကို သမ္မတထံသို့ ၂၀၁၂ တွင် တင်သွင်းလိုက်သည်။ ပြဋ္ဌာန်းဥပဒေနှင့်ပတ်သက်ပြီး ညွှန်းဆိုထောက်ပြလိုသည်တို့ကို အစိုးရထံသို့ ၂၀၁၃ ခုနှစ်တွင် တင်ပို့လိုက်သည်။ အဓိကရည်ရွယ်ချက်မှာ ဆေရှဲလ်စ်ရှိ ရွေးကောက်ပွဲများအား ထိန်းချုပ်နေသည့် ဒီမိုကရေစီဆိုင်ရာ လုပ်ငန်းစဉ်များကို အားကောင်းလာစေရန် ဖြစ်သည်။

ပြုပြင်ပြောင်းလဲရန် အဓိက အဆိုတင်သွင်းထားသော အချက်များမှာ

- ပြည်သူများကို ၎င်းတို့ရပိုင်ခွင့်အတိုင်း အများပြည်သူဆိုင်ရာ နေရာများတွင် လူစုရုံးရန်အတွက် ရဲထံမှ ခွင့်ပြုမိန့်တောင်းခံရခြင်းမျိုး မလိုအပ်ဘဲ ငြိမ်းချမ်းစွာ စုရုံးခွင့်ပေးသော ဥပဒေများကို အကောင်အထည်ဖော်ခြင်း။
- သမ္မတကွယ်လွန်ခြင်း သို့မဟုတ် ရာထူးမှနုတ်ထွက်သွားခြင်းဖြစ်ပါက ရက် ၉၀ အတွင်း ရွေးကောက်ပွဲ ကျင်းပပေးခြင်း
- မဲဆန္ဒရှင်စာရင်း အမြဲတမ်းမှန်ကန်မှု ရှိရန်အတွက် ပုံမှန်မဲပေးနေကြသူများ၏ လူဦးရေသန်းခေါင်စာရင်းကို အသင်းအဖွဲ့နှင့် စနစ်တကျ ထိန်းသိမ်းခြင်း

- ရွေးကောက်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်ကြသူများအား စကာတင်ရွေးချယ်ခြင်း လုပ်ငန်းစဉ် အဆင့်များကို စည်းစနစ်နှင့် ပြုလုပ်ခြင်း
- မဲဆွယ်ရာတွင် သုံးသော ရန်ပုံငွေ အရင်းအမြစ်များကို တရားဥပဒေအရ မဖြစ်မနေ ချပြရခြင်း
- နိုင်ငံရေးပါတီများ မှတ်ပုံတင်ရာတွင် စည်းစနစ်နှင့် အဆင့်ဆင့်လုပ်သော စနစ်ကိုချမှတ်ရန်နှင့်
- နိုင်ငံရေးပါတီများ၏ ဘဏ္ဍာငွေဆိုင်ရာ အထောက်အပံ့နှင့် နိုင်ငံရေးပါတီများ၏ဘဏ္ဍာရေးစနစ်အား ပြည်သူလူထုကိုချပြရာတွင် လိုအပ်သော အခြေခံအချက်အလက်များကို ပြန်လည်ဆန်းစစ်ခြင်းတို့ ပါဝင်သည်

အသစ်ခန့်အပ်ထားသော EC ကို ပြုပြင်ပြောင်းလဲခြင်းများလုပ်ရန် တာဝန်ပေးချမှတ်လိုက်သော အခါ အစိုးရအနေနှင့်လည်း အဆင့်တစ်ဆင့်ထိ ထိုပြုပြင်ပြောင်းလဲမှုများ လုပ်ရန်အတွက် ကတိကဝတ်ချမှတ်လိုက်ခြင်းမျိုးဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဥပဒေပြုရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေး လုပ်လိုသည်တို့ကို ညွှန်းဆိုသည့် ညွှန်းဆိုချက်များအား အမျိုးသားလွှတ်တော်မှနေ၍ ကျင့်သုံးအသက်ဝင်စေမှသာ လက်တွေ့တွင် ဖြစ်လာမည်ဖြစ်သည်။ ကော်မရှင်ကိုယ်တိုင်ကလည်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်တွင် အနည်းငယ်အင်အားကြီးသော ထောက်ခံသူတစ်ဦး အနေဖြင့် နေရာတစ်ခုကိုရယူထားလေသည်။

## လိင်ခွဲခြားမှု

EC သည်လည်း ၎င်း၏စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းစဉ်များနှင့် လုပ်ဆောင်ချက်များတွင် ကျား/မတန်းတူအခွင့်အရေးရရန်အတွက် ထောက်ခံအားပေးလျက်ရှိသည်။ ရွေးကောက်ပွဲဆိုင်ရာ အရာရှိများမှာ အမျိုးသမီးများဖြစ်ပြီး အသက်အရွယ်အမျိုးအစား အမျိုးမျိုးအလိုက် မဲဆန္ဒရှင်များမှာ အမျိုးသမီးများ များသော်လည်း အမျိုးသားနိုင်ငံရေး မြင်ကွင်းတစ်ခုဖြစ်သော အမျိုးသမီးလွှတ်တော် အမတ်များ၊ အစိုးရ ရာထူးကြီးစီမံခန့်ခွဲမှု နေရာများ နှင့် နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်နေရာများတွင် ပါဝင်မှုတို့သည် အမျိုးသားများနှင့် ယှဉ်လိုက်လျှင်တော့ အရေအတွက်အားဖြင့် နည်းနေသေးသည်။ နိုင်ငံရေးပါတီများ၏ စီမံခန့်ခွဲမှုကော်မတီများတွင် အမျိုးသမီးများကို ပိုမိုနည်းပါးစွာ တွေ့နေရသေးသည်။ ယေဘုယျအားဖြင့် ပါတီပိုင်းဆိုင်ရာ နယ်ပယ်တွင်လည်း အမျိုးသားများက အမျိုးသမီးများထက် အရေအတွက် ပိုများလေသည်။ ထိုပြင်းခုံမှုမျိုး ဖြစ်ပါကလည်း "အကောင်းဆုံးယှဉ်ပြိုင်သူ" ကို ရွေးချယ်ရခြင်းကြောင့်ဟူ၍သာလျှင် ဖြစ်လေ့ရှိသည်။ မည်သို့ပင်ဆိုစေကာမူ မခိုင်လုံသော နောက်ကွယ်ရှိ အယူအဆတစ်ရပ်မှာ ကော်မတီအဖွဲ့ဝင်အများစုနှင့် ယှဉ်ပြိုင်သူအများစုမှာ ယောကျ်ားသားများ ဖြစ်ကြသောကြောင့် သူတို့သာလျှင် အသင့်တော်ဆုံး ယှဉ်ပြိုင်သူများ ဖြစ်ကြသည်ဟူ၍ ဖြစ်သည်။

EC အတွက်ကမူ ၎င်း၏မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် ဒေသကျော်ကမ်းလှမ်း ထောက်ကူအစီအစဉ်များနှင့် ကျင့်သုံးပုံများတွင် ကျင့်သုံးလေ့ရှိနေသော လိင်အချိုးအစား မညီမျှမှုကို ထိန်းညှိရန် ဆက်လက်ကျန်ရှိ နေသည်မှာ အသေအချာပင် ဖြစ်သည်။

## အခွင့်အလမ်းများနှင့် တားမြစ်ချက်များ

လူဦးရေ ၈၈၀၀၀ လောက်သာရှိပြီး မဲပေးခွင့်ရှိသော လူဦးရေ ၆၀၀၀၀ လောက်သာရှိသော နိုင်ငံငယ်လေးတစ်နိုင်ငံတွင် ရပိုင်ခွင့်များကိုအသုံးချခြင်း၊ ပြည်သူနှင့် ၎င်းတို့ရွေးချယ်ထားသော ကိုယ်စားလှယ်ကြား အာဏာစက်ဝေးကွာမှုတို့ကို လျှော့ချနိုင်ခြင်းကြောင့် အပြောင်းအလဲလုပ်ရန် ပိုမိုအခွင့်အလမ်းများသည်။ သို့ရာတွင်လည်း ဆေရှဲလ်စ်ကျွန်းစုနိုင်ငံ၏ အကြီးအကျယ် ပျံ့နှံ့တတ်သော သဘောတရား၊ ဒီမိုကရေစီအစိုးရအသစ် ထွက်ပေါ်လာခြင်းနှင့် ပြည်သူများ၏ ပါဝင်နိုင်ခွင့် ကန့်သတ်ထားခြင်းခံရသော

ကြောင့် လက်ရှိအခြေအနေကို ထူးခြားစေပြီး EC အသစ်ကို ထူးခြားသောစိန်ခေါ်မှုများ ဖြစ်ပေါ်စေသည်။ လက်တလောရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲရေးဆွေးနွေးမှုသည် ကော်မရှင်၏အနေအထားကို လွတ်လပ်သော ပုံစံတစ်ခု အဆင့်သို့ တိုးတက်အားကောင်းသွားစေပြီး ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်ချက်ကို ရရှိစေနိုင်သည်။ ကော်မရှင်အနေနှင့်လည်း ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်လျှောက် သူကူညီရမည့် အပြောင်းအလဲဖြစ်သော ဒီမိုကရေစီ အားကောင်းလာရေးတွင် အောင်မြင်နိုင်ရန်အတွက် သူ့အားချမှတ်ထားသောတာဝန်ကို နောက်ငါးနှစ်အတွင်းလည်း ပိုမိုအင်အားကောင်းလာစေရန် လုပ်ပေးရမည် ဖြစ်သည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# မက္ကဆီကို : အကြီးအကျယ်ယုံကြည်မှုကင်းမဲ့သော ပြဿနာကိုဖြေရှင်းရန်အတွက် ခေတ်မီသောစီမံကိန်း

Carlos Navarro

၁၉၈၈ ခုနှစ်တွင် အငြင်းပွားဖွယ် အတိဖြစ်နေသော သမ္မတရွေးကောက်ပွဲရလဒ်များ တရားဝင်ကြေငြာပြီးသောအခါ စနစ်တကျဖန်တီးထားသော ယုံကြည်မှုပိုင်းဆိုင်ရာ အခက်အခဲ အကြပ်အတည်းများ မက္ကဆီကန် ရွေးကောက်ပွဲစနစ်အတွင်းဖြစ်လာလေသည်။ ထိုမတိုင်မီက နှစ် ၆၀ နီးပါးဆက်တိုက် အာဏာကြီးစိုးထားသော အင်အားကြီးပါတီမှ ဖွဲ့စည်းထားသော အစိုးရမှ ရွေးကောက်ပွဲများကို ထိန်းချုပ်ထားသည်။

ထိုအကြပ်အတည်းများကို ဖြေရှင်းရန်နှင့် ဒီမိုကရေစီ အပြောင်းအလဲအတွက် တောင်းဆိုချက်များနှင့် မျှော်လင့်ချက်များကို ဖြေရှင်းပေးနိုင်ရန် ၁၉၈၉ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေဆိုင်ရာ ပြန်လည်ပြုပြင်ယူခြင်းများကို သဘောတူညီချက်ယူပြီး ပြင်ဆင်ခဲ့သည်။ ထိုပြောင်းလဲမှုများသည် တည်ငြိမ်ခိုင်မာမှု၊ ဘက်မလိုက်မှုနှင့် ပွင့်လင်းမြင်သာခြင်းတည်းဟူသောစံများနှင့် ကိုက်ညီရန်အတွက် စည်းမျဉ်းများ၊ ဖွဲ့စည်းပုံများနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို သိသိသာသာပြောင်းလဲပေးလိုက်သည်။ ထို ပြုပြင်ပြောင်းလဲမှုများသည် ခိုင်မာသော ပါတီစုံစနစ်နှင့် အရေးကြီးသော အာမခံချက်များ မဲရရှိရေးအတွက် အပြိုင်အဆိုင်ယှဉ်ပြိုင်ကြရာတွင် တူညီသောအခြေအနေ အခွင့်အရေး ရရှိရန် မြှင့်တင်ပေးလိုက်လေသည်။

၁၉၉၀ ခုနှစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း (IFE) ကို ဖွဲ့စည်းလိုက်ခြင်းသည် ထိုပြောင်းလဲရေးဆိုင်ရာလုပ်ငန်းစဉ်အတွက် အဓိကကျသော အရာတစ်ခုဖြစ်လာသည်။ IFE သည် မက္ကဆီကိုတွင် ပြည်ထောင်စုဆိုင်ရာ ရွေးကောက်ပွဲများကျင်းပရန်အတွက် တာဝန်ရှိသော၊ ပြည်သူနှင့်ဆိုင်သော၊ ပုံသေသတ်မှတ်ထားသော၊ အထူးပြုဌာနတစ်ခု ဖြစ်လာခဲ့သည်။

မက္ကဆီကိုသည် ဖက်ဒရယ်ပြည်ထောင်စု တစ်ခုဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ၃၂ ခုပါပြီး (၃၁ ပြည်နယ်နှင့် ဖက်ဒရယ်အာဏာဆိုက်သောမြို့တော်တစ်ခုဖြစ်သည်။) အတွင်း အစိုးရအုပ်ချုပ်ပုံနှင့် လည်ပတ်သော စနစ်တစ်ခုပါရှိသည်။ ၁၉၄၆ -၂၉၁၄ အထိ ထိုဖက်ဒရယ်စီစဉ်မှုသည် ၎င်းကိုယ်တိုင်ပင် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များတွင် ပြသထားလေသည်။ ပြည်ထောင်စုနိုင်ငံ တစ်နိုင်ငံနှင့် ၎င်းတွင်ပါဝင်သော ပြည်နယ် ၃၂ ပြည်နယ်၏ အရည်အသွေးကို တိတိပပခွဲခြားပြလိုက်ခြင်းပင် ဖြစ်သည်။ တူညီသော ခံယူချက်စည်းမျဉ်းစည်းကမ်း အစဉ်လိုက်များ တူနေသည့်တိုင်အောင် အစိုးရအမိန့်အာဏာ တစ်ခုချင်းစီတွင် ကိုယ်ပိုင်စည်းမျဉ်းများ၊ ဖွဲ့စည်းပုံများနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပါဝင်နေသည်။

ထိုဥပဒေအဖွဲ့အစည်းဆိုင်ရာစီစဉ်မှုသည် လည်ပတ်လာသည်မှာ ဆယ်စုနှစ် ၇ စုရှိပြီဖြစ်သည်။ ၂၀၁၃ ခုနှစ်အကုန်တွင် ပြောင်းလဲရန်သဘောတူညီချက် ရယူခဲ့ပြီး ၂၀၁၄ ခုနှစ်အစတွင် ပြောင်းလဲခဲ့သော ကြောင့်သာ အပြောင်းအလဲ ကြီးကြီးမားမားတစ်ရပ်ဖြစ်လာခြင်း ဖြစ်သည်။ ထို အပြောင်းအလဲတစ်ရပ်၏ အဓိက မပါမဖြစ်သောအချက်တစ်ချက်မှာ IFE (ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) ကို အမျိုးသားရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်း (INE) နှင့်အစားထိုးလိုက်ခြင်းပင်ဖြစ်သည်။ INE (အမျိုးသား ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) သည် IFE (ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) နှင့် လက္ခဏာ၊ တည်ဆောက်ပုံတူသော်လည်း အာဏာစက်မှာမူ ပိုမိုကျယ်ပြန့်သွားသည်။

INE ကို တည်ထောင်လိုက်ခြင်းသည် ၃၂ ပြည်နယ်ရှိ ရွေးကောက်ပွဲ စီစဉ်ဆောင်ရွက်ပေးသော ဌာနများကို ဖျက်သိမ်းလိုက်ခြင်း မဟုတ်သော်လည်း ထိုအဖွဲ့အစည်း၏ နာမည်ကပင် ဥပဒေအဖွဲ့အစည်း အတွင်းရှိ ပုံစံ ပြောင်းလဲမှုကို သွယ်ဝိုက်ဖော်ပြနေလသည်။ INE သည် ပြည်ထောင်စု ရွေးကောက်ပွဲ အတွက် တာဝန်ရှိသည်သာ မဟုတ်ဘဲ မြို့နယ်ရွေးကောက်ပွဲများတွင် ဝင်ရောက်ပူးပေါင်း ပါဝင်ကူညီနိုင်ခွင့် ရှိလေသည်။ (မြို့နှင့် ပြည်နယ်အဆင့်ရှိ စီမံခန့်ခွဲရေးနှင့် ဥပဒေပြုရေး တာဝန်ရှိသူများ) ထိုအချက်များ အားလုံးကို အမျိုးသားနိုင်ငံရေးပါတီနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၏ ဥပဒေသများနှင့် ထိန်းချုပ် ခြင်းအောက်တွင်သာ ရှိသည်။

ဤဖြစ်ရပ်လေ့လာခြင်းသည် IFE ၏ မူလဇစ်မြစ်၊ သဘောသဘာဝနှင့်၊ နယ်ပယ်အကျယ်အဝန်း ကို ပြသလေသည်။ ပြီးနောက်တွင် INE နှင့် ၎င်းအားအစားထိုးလိုက်သောအခါ ပါဝင်ပတ်သက်မှုနှင့် ဖြစ်ပေါ်လာသောစိန်ခေါ်မှုများကိုပါ ပုံဖော်ပြသလေသည်။ IFE သည် ပြီးခဲ့သော ဆယ်စုနှစ် သုံးစု အတွင်း မက္ကဆီကန်ရွေးကောက်ပွဲဆိုင်ရာ အစိုးရအားပြုပြင်ပြောင်းလဲရေးနှင့် ခေတ်နှင့်အညီပြုပြင်ရေး လုပ်ငန်း စဉ်များတွင် အဓိကကျသောနေရာမှ ပါဝင်ခဲ့သည်။ အမှန်တကယ်ဆိုလျှင် မေလ ၂၀၁၄ ခုနှစ်တွင် ရွေး ကောက်ပွဲဥပဒေအသစ်ရော ပြည်နယ်အားလုံးနှင့် အကျုံးဝင်ရှိသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များပါ လက်ခံအတည်ပြုထားခြင်း မရှိသေးပေ။ ရွေးကောက်ပွဲဆိုင်ရာ အသင်းအဖွဲ့ပုံစံများ၏ လက္ခဏာနှင့် နယ်ပယ်အကျယ်အဝန်း အထူးသဖြင့် INE ၏ အာဏာနှင့် အသင်းအဖွဲ့များနှင့် ဆက်စပ်နေပါက စစ်ဆေး ခြင်းကိုခံရမည် ဖြစ်သည်။

မက္ကဆီကန် ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားရေးပုံစံသည် ညွှန်ကြားရေးဆိုင်ရာ အာဏာ (ရွေးကောက်ပွဲ ပြင်ဆင်ခြင်း၊ ကျင်းပခြင်း၊ ပြုလုပ်ခြင်း) တို့နှင့် တရားစီရင်ရေး ရာထူး (ပြဿနာများကို ဖြေရှင်းခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ တရားမျှတမှုရှိစေရန် ဆောင်ရွက်ပေးခြင်း) များကို အစိုးရအဆင့် တစ်ခုချင်းစီတွင်ရှိသော ကွဲပြားသော အထူးပြုအဖွဲ့အစည်းများကို ပေးထားခြင်းသည်လည်း ထောက်ပြ သင့်သော အချက်တစ်ချက်ပင် ဖြစ်သည်။ ဤစာသည် IFE/INE တို့ကို EMB တစ်ခုအနေဖြင့် အထူးပြု ရေးသားထားခြင်းဖြစ်သည်။

## နောက်ခံ

မက္ကဆီကိုသည်လည်း အခြားသော လက်တင်အမေရိကနိုင်ငံများကဲ့သို့ပင် ၁၉ ရာစု အစတွင် လွတ်လပ်ရေးရရှိခဲ့သည်။ သို့သော်လည်း လွတ်လပ်ရေးရပြီးကာစ နှစ် ၁၀၀ အတွင်းသည် ကာလ တော်တော်များများသည် စစ်မြေပြင်တွင် နိုင်သူအာဏာသိမ်းနေသောကြောင့် နိုင်ငံရေးအရ ပြင်းပြင်း ထန်ထန် မငြိမ်သက်မှုများ ဖြစ်နေသည်ဟု သရုပ်ဖော်ခြင်းခံခဲ့ရသည်။ ရွေးကောက်ပွဲမှာမူ ပုံစံဝင်သည်ဆိုရုံ ရှိသည် ဆိုသော်ငြားလည်း ပုံမှန်တော့ကျင်းပဖြစ်ခဲ့သည်။

ဆယ်စုနှစ်လေးစု အကြာတွင် မဏ္ဍလီကန်တော်လှန်ရေးဖြစ်ပြီး လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများ သိသိသာသာပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံရေးဆိုင်ရာအုပ်ချုပ်မှုအပိုင်းမှာတော့ ပြောင်းလဲခြင်း သိပ်မရှိပေ။ စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသော ပါတီစုံစနစ်ရှိပြီး ရွေးကောက်ပွဲများလည်း ပုံမှန်လုပ်ဖြစ်နေသော်လည်း အမည်ခံရုံသက်သက် ဖွဲ့စည်းထားသော အတိုက်အခံပါတီမှာမူ အင်မတန်မှ အင်အားချိနဲ့ပေသည်။

၁၉၇၀ အလယ်ပိုင်းလောက် ရောက်မှသာလျှင် နိုင်ငံအုပ်ချုပ်ရေးပုံစံကို သိသိသာသာ ပြောင်းလဲနိုင်မည့် ပထမဆုံးသော အရေးကြီးအပြောင်းအလဲကို လုပ်ပေးနိုင်မည့် လူထုဖိအားနှင့် စုရုံးလုပ်ဆောင်မှုတို့ ဖြစ်လာခြင်းဖြစ်သည်။ နိုင်ငံ့ရေးရာများတွင် ဥပဒေနှင့်အညီ ပါဝင်နိုင်ရန်အတွက် လမ်းများလည်းပွင့်လာပြီး မတူကွဲပြားသော လူမှုအင်အားစု (အထူးသဖြင့် လက်ဝဲဝါဒီတို့၏) ကိုယ်စားလှယ်တင်မြှောက်ခွင့်သည် ထိုမတိုင်ခင် အချိန်အထိ နိုင်ငံရေးကစားကွင်းထဲမှ စနစ်တကျ ဖယ်ထုတ်ခြင်းခံခဲ့ရသည်။

ထိုဆယ်စုနှစ်ပြီးသောအခါ နိုင်ငံရေးနယ်ပယ်ထဲသို့ အင်အားစုသစ်များ ထိုးဖောက်ဝင်ရောက်လာပြီး ရွေးကောက်ပွဲအတွက် ပြိုင်ဆိုင်မှုများကလည်း သိသာထင်သာဖြစ်လာသည်။ မည်သို့ပင် ဆိုစေကာမူ နိုင်ငံရေးဆိုင်ရာဗဟုဝါဒ အားပေးချီးမြှောက်ခြင်းခံရသော်လည်း ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဆိုင်သော စည်းကမ်းနှင့်ကျင့်ထုံးများမှာမူ ပြုပြင်ပြောင်းလဲခြင်းမလုပ်ရသေးချေ။ ရွေးကောက်ပွဲယန္တရား၏ လည်ပတ်မှုသည် စီမံခန့်ခွဲရေးမှူးအောက်တွင် ရွေးကောက်ပွဲကာလ အတွင်း၌သာ လည်ပတ်ခြင်းဖြစ်ပြီး အယုံအကြည် ကင်းမဲ့မှုများများစွာဖြစ်နိုင်သည်။ မဏ္ဍလီကန် ပြည်သူအများစုအတွက် ၎င်းတို့၏ ရွေးကောက်ပွဲကျင်းပခြင်းနှင့် ရလဒ်ကြေငြာခြင်းသည် မသမာလုပ်ကြံမှု၊ အလိမ်အညာများဖြင့် ပြည့်နေသော ချွတ်စွပ်တူရလဒ်များသာလျှင် ဖြစ်ချေသည်။

ထိုဖြစ်ရပ်များသည် ၁၉၈၈ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲကို ထင်ရှားသွားစေသည်။ ထိုအကြပ်အတည်း ကြုံတွေ့လာရခြင်းမှာ အာဏာရပါတီနှင့် သူ၏ကိုယ်စားလှယ်လောင်း အနိုင် ရရှိကြောင်း ကြေငြာလိုက်သောအခါ လုပ်ငန်းစဉ်မျှတမှုနှင့် ရလဒ်၏သေချာမှုတို့နှင့် စပ်လျဉ်းပြီး မေးခွန်းများနှင့် သံသယများပတ်လည်ဝိုင်းလာသောအခါ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးအင်အားစုများနှင့် လှုပ်ရှားသူတို့အဖို့ ရွေးကောက်ပွဲ ပြိုင်ဆိုင်မှုကို လွှမ်းမိုးထားသော ဥပဒေနှင့် ဖွဲ့စည်းပုံဆိုင်ရာ မူဘောင်ကို ရှင်းလင်းတိကျသော ခြေဆုံးခေါင်းဆုံး ပြင်ဆင်မှုမလုပ်ဘဲ နောက်ထပ်ရွေးကောက်ပွဲတစ်ခု ထပ်လုပ်ရန် မဖြစ်နိုင်တော့ချေ။

ထိုသဘောတရားတွင် ရွေးကောက်ပွဲများကျင်းပရာ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ဘက်မလိုက်မှုကို တောင်းဆိုမှုများကို ခေတ်မီဆန်းသစ်သော နည်းများဖြင့် ဖြေရှင်းပေးနိုင်မည်ဖြစ်သော အင်မတန်အရေးကြီးသော အခြေခံဥပဒေနှင့် ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲလည်ပတ်မှုတို့ ၁၉၈၉ နှင့် ၁၉၉၆ ခုနှစ်ကြားတွင် ဖြစ်ပွားခဲ့သည်။ ထိုပြုပြင်ပြောင်းလဲမှုများသည် ပါတီစုံစနစ်ကို အင်အားကောင်းစေပြီး ရွေးကောက်ပွဲ ပြိုင်ဆိုင်မှုအတွင်း မျှတမှုကို ပေးစွမ်းနိုင်လိမ့်မည်ဖြစ်ကြောင်း အာမခံနိုင်လိမ့်မည် ဖြစ်သည်။

ထိုပြောင်းလဲမှုများ၊ ၂၀၀၇ နှင့် ၂၀၀၈ တွင် ပြုလုပ်ခဲ့သော ပြောင်းလဲမှုများတွင် ထင်ရှားသော အချက်နှစ်ချက် ပါဝင်သည်။ ပထမတစ်ခုမှာ အားလုံးပါဝင်နိုင်မှုဖြစ်ပြီး ဆွေးနွေးညှိနှိုင်းခြင်းနှင့် သဘောတူညီမှု ပြုလုပ်နေသည့် ကာလတစ်လျှောက်လုံး လွှတ်တော်ထဲတွင် ကိုယ်စားပြုရှိနေသည့် နိုင်ငံရေးအင်အားစုများ ပါဝင်ရုံသာမက အထူးသတ်မှတ်ထားသော စိတ်ဝင်တစားရှိနေသော အုပ်စုများနှင့် ရင်နှီးမြှုပ်နှံသူများ၏ ထင်မြင်သုံးသပ်ချက်များနှင့် အဆိုပြုချက်များကိုပါ ထည့်သွင်းစဉ်းစားပေးခြင်းဖြစ်သည်။

ဒုတိယအချက်မှာ အတိုင်းအတာ နယ်ပယ်ပမာဏ၏ ရှင်းလင်းတိကျမှုနှင့် ပြောင်းလဲမှု၏ ပြီးပြည့်စုံမှုပင်ဖြစ်ပြီး အစိုးရ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်ပြီး တောင်းဆိုချက်များကို အတိုင်းအတာတစ်ရပ်အထိ တုံ့ပြန်လိုက်နိုင်ခြင်းပင်ဖြစ်သည်။

တစ်ခုမှတ်ထားရန်လိုအပ်သည်မှာ ပထမဆုံးလည်ပတ်ပြောင်းလဲမှုကို ညှိနှိုင်းဆွေးနွေးပြီး သဘောတူညီချက်ရယူခဲ့သည်မှာ ၁၉၈၉ မှ ၁၉၉၆ အထိကြာမြင့်ပြီး အင်အားကြီး လွှမ်းမိုးသောပါတီ အာဏာရှိနေစဉ်ကာလ ဖြစ်သည်။ စီမံခန့်ခွဲသော အရာရှိများအား ချုပ်ကိုင်ထားပြီး လွှတ်တော်နှစ်ရပ်လုံးတွင်လည်း အများအပြားလွှမ်းမိုးထားလေသည်။

## ဖန်တီးရေးနှင့် ပြည်ထောင်စုရွေးကောက်ပွဲ အဖွဲ့အစည်းများ

၁၉၈၉-၁၉၉၀ ခုနှစ်တွင် မက္ကဆီကိုရှိ ပြည်ထောင်စုရွေးကောက်ပွဲကို လွှမ်းမိုးထိန်းချုပ်သော အဖွဲ့အစည်းနှင့် လုပ်ဆောင်ပုံများအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် တရာဥပဒေဆိုင်ရာ ပြန်လည်ပြုပြင်မှုများ ဖြစ်ပေါ်ခဲ့သည်။မက္ကဆီကန် ရွေးကောက်ပွဲဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံ အသစ်အတွက် အရေးအပါဆုံးသော အပြောင်းအလဲမှာ IFE (ပြည်ထောင်စု ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်း) ကို ဖန်တီးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ထို့နောက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏သက်တမ်းနှင့် ၁၉၉၀ ပြည့်နှစ်၏ ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းခြင်း နောက်ဆက်တွဲ ဖြစ်ပေါ်လာသည်။ ထိုနှစ်တွင်ပင် IFE ဘက်မှလည်း ပုံသေတည်မြဲ ပြည်သူ့အဖွဲ့အစည်းတစ်ခုအဖြစ် တည်ထောင်ခဲ့သည်။ ဆုံးဖြတ်ချက်ချရာတွင်လည်း ကိုယ်ပိုင်ဆုံးဖြတ်ချက်ချခွင့်ရှိပြီး တာဝန်ထမ်းဆောင်ရာတွင်လည်း ပညာရှင်ဆန်သည်။ ထိုအချက်သည် ပြည်ထောင်စုရွေးကောက်ပွဲများကို ကျင်းပပေးရန် တာဝန်ရှိသော အဖွဲ့အစည်း၏ သဘောသဘာဝ ပြောင်းလဲမှုကို ကိုယ်စားပြုတင်ပြလိုက်ခြင်းပင်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဘက်မှ ပြဋ္ဌာန်းထားသည်မှာ IFE ဘက်မှ ၎င်း၏အာဏာကို ကျင့်သုံးသောအခါ အဓိကအခြေခံ အချက်ငါးချက်ဖြစ်သော သေချာမှု၊ ဥပဒေဘောင်ဝင်မှု၊ အမှီအခိုကင်းမှု၊ ဘက်မလိုက်မှု၊ လုပ်ငန်းစဉ်ကိုအလေးထားရှေးရှုမှုတို့ကို လိုက်နာရမည်ဟု ဆိုသည်။ IFE ၏ ဖောင်ဒေးရှင်းမှ ၎င်း၏ ဖွဲ့စည်းပုံ၊ စည်းရုံးကျင်းပပုံနှင့် လုပ်ဆောင်ပုံတို့ အတွက် ၎င်း၏ပုံသေလုပ်ဆောင် ချက်နည်းများနှင့် နည်းနိဿယျအချို့ကို ပြောင်းလဲခဲ့ချိန်မှစ၍ အမျိုးမျိုးသော ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာနှင့် ဥပဒေဆိုင်ရာတို့ကို ပြင်ဆင်လာသည်မှာ နှစ်နှစ်ဆယ်ကျော်ပြီဖြစ်သည်။ ပြောင်းလဲခြင်းတစ်ခုချင်းစီ၏ ရည်ရွယ်ချက်မှာ ထိုစည်းမျဉ်းများကိုအန္တရာယ်ကင်းစေရန် သို့မဟုတ် မြှင့်တင်ရန်ပင် ဖြစ်သည်။

ပြောင်းလဲခြင်းများမှ တစ်ဆင့် IFE ၏ အာဏာကို သိသိသာသာ ချဲ့ထွင်လိုက်ခြင်းသည် မဲပြိုင်ဆိုင်ရာတွင် ဖြစ်ပေါ်လာသော လူအချင်းချင်းတုံ့ပြန်မှုနှင့် ဖြစ်ရပ်အသစ်များအပေါ် လူတို့၏ တောင်းဆိုချက်များအား တုံ့ပြန်လိုက်ရန်လည်း ရည်ရွယ်သည်။ ယခုတွင်မူ ကမ္ဘာအနှံ့တွင်ရွေးကောက်ပွဲဆိုင်ရာ စည်းကမ်းများနှင့် အဖွဲ့အစည်းများသည် လွတ်လပ်ပြီး တရားမျှတသော ယုံကြည်စိတ်ချရနိုင်သော ရွေးကောက်ပွဲများနှင့် ညီညီမျှမျှ ယှဉ်ပြိုင်နိုင်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်မည်ဟူသော မျှော်လင့်ချက်များ ပိုမိုမြင့်မားလာပြီဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာစနစ်ကို အားကောင်းလာစေရန်နှင့် ယုံကြည်မှုကို တည်ဆောက်နိုင်ရန် အတွက် မက္ကဆီကိုရှိ ရွေးကောက်ပွဲ ပြင်ဆင်မှုဆိုင်ရာ အချက်နှစ်ချက်သည် ရွေးကောက်ပွဲကျင်းပရာတွင် ဘက်မလိုက်မှုကိုအာရုံစိုက်ပြီး ယှဉ်ပြိုင်ကြရာတွင် မျှတမှုရှိခြင်းကို အာရုံစိုက်သည်။ IFE ၏ တည်

ဆောက်မှု ပုံသဏ္ဍာန် ဖော်ဆောင်ခြင်း၊ ၎င်း၏ အာဏာနှင့် ထိုအာဏာကိုပြီးခဲ့သည့် ဆယ်စုနှစ် နှစ်စု အတွင်း ကိုင်စွဲခဲ့ပုံတို့သည် ထိုပြုပြင်ပြောင်းလဲမှုများအတွက် ပိုမိုရှင်းလင်းသော ဥပမာများဖြစ်သည်။

EMB တစ်ခု၏ အမှီအခိုကင်းမှုသည် ၎င်းတို့၏ ကိုယ်ပိုင်ဘတ်ဂျက်ငွေကို စီမံနိုင်စွမ်းနှင့် ဆက်စပ်နေသောဘဏ္ဍာရေးဆိုင်ရာ ရှုထောင့်ပါသကဲ့သို့ ရံပုံငွေကို မဆိုင်းမတွ လက်ခံရရှိရေးနှင့် သုံးစွဲနိုင်ရေးလည်း ထိုမျှလောက်ပင် အရေးကြီးသည်။ ထို့ကြောင့် IFE ကို စတင် တည်ထောင်ဖန်တီးစဉ်ကတည်းက ဘတ်ဂျက်ငွေပိုင်းဆိုင်ရာ အမှီအခိုကင်း လွတ်လပ်မှုရှိစေရန် အာရုံစိုက်ထားရမည်။ (အဘယ်ကြောင့်ဆိုသော် လွှတ်တော်ကသာ ထိုစည်းမျဉ်းကိုပြုပြင်ပြောင်းလဲနိုင်သောကြောင့် ဖြစ်သည်) ထို့ပြင် ၎င်း၏ အချိန်မှန်၊ လုံလောက်သော ရံပုံငွေထောက်ပံ့မှု တို့ကြောင့်ဖြစ်ပြီး ထို့ကြောင့်သာလျှင် တာဝန်ဝတ္တရားများကို အချိန်မီထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

IFE စီမံညွှန်ကြားခဲ့သော၊ ယခုတွင် INE ဘက်မှ စီမံညွှန်ကြားနေသော၊ ရံပုံငွေများသည် ပြည်သူ့ဘဏ္ဍာ အတွင်းမှသာလျှင်လာခြင်းဖြစ်သည်။ ၂၀၁၂ ရွေးကောက်ပွဲကာလက သာမန်လုပ်ငန်းစဉ် ကုန်ကျစရိတ်အတွက် အမေရိကန်ဒေါ်လာ ၄၇၃.၃ သန်း၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့ စီစဉ်ပြင်ဆင်ရန်အတွက် အမေရိကန်ဒေါ်လာ ၃၁၆.၃ သန်း၊ ပြည့်သူ့ဘဏ္ဍာမှ နိုင်ငံရေးပါတီများအတွက် သာမန်နှင့် မဲဆွယ်ပွဲဆိုင်ရာ ကုန်ကျစရိတ် ၃၉၂ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁.၂ ဘီလျံ ချထားပေးခဲ့သည်။

၎င်း၏ ရင်းမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုကို သရုပ်ဖော်ပြသရမည်ဆိုပါလျှင် INE ဘက်မှ ပွင့်လင်းမြင်သာမှုနှင့် ပြည်သူ့အပေါ်တာဝန်ခံနိုင်မှုကို လိုက်နာရမည်ဟု အမိန့်ပေးခံထားရသည်။ ထို့နောက်တွင် တာဝန်ကျေ၊ မကျေစစ်ဆေးရန် အတွက် အထွေထွေစစ်ဆေးရေးမှူးရုံးမှ စောင့်ကြည့်ခြင်းခံထားရသည်။ ထို ဌာန၏ အရာရှိခေါင်းဆောင်မှာ လွှတ်တော်မှ အမှီအခိုကင်းကင်းနှင့် ခန့်အပ်ထားခြင်းဖြစ်သည်။

IFE သည် သူ၏တာဝန်များကို ပညာရှင်ဆန်ဆန်လုပ်ကြောင်း သေချာစေရန်အတွက် ၁၉၉၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုဌာန တည်ထောင်ရန်ညွှန်ကြားခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ထိထိရောက်ရောက် တည်ထောင်နိုင်ခဲ့သည်။ အဓိကတာဝန်များဖြစ်သော ရွေးကောက်ပွဲ စီမံကိန်းချခြင်း၊ ပြင်ဆင်ခြင်း၊ ကျင်းပခြင်းနှင့် စောင့်ကြည့်ခြင်းတို့ကဲ့သို့သော လုပ်ငန်းစဉ်တို့နှင့် သက်ဆိုင်သော တာဝန်များကို ကိုင်တွယ်ရသော IFE အရာရှိများအားလုံးသည် ထို ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့ဝန်ထမ်းဌာနတွင် တစ်နေရာဝင်ရောက်ထမ်းဆောင်ရသည်။ ထိုပုံစံအတိုင်းဆိုလျှင် INE အတွက် ကြီးကြီးမားမား ပြောင်းလဲရန် မလိုအပ်ပါ။

## လုပ်ဆောင်ချက်နှင့် တာဝန်များကဲ့သို့သော စွမ်းဆောင်နိုင်ရည်ကို မြှင့်တင်ခြင်း

စတင်ဖန်တီး တည်ထောင်လိုက်သည့် နေ့မှစကာ IFE သည် ပြည်ထောင်စု ရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်ဖြစ်သော ပြင်ဆင်ခြင်း၊ ကျင်းပခြင်း၊ ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ခြင်းကဲ့သို့သော လုပ်ဆောင်ချက်များအားလုံးကို တိုက်ရိုက်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားခြင်းခံရပြီး အခြားသော ဥပဒေရေးရာ ဝန်ထမ်းများကဲ့သို့ပင်ဖြစ်သည် (ဒီမိုကရေစီ သက်တမ်းရှည်စေရန် တိုးမြှင့်ပေးရခြင်း၊ နိုင်ငံရေးပါတီများ၏ နည်းစနစ်လုပ်ဆောင်ချက်များကို ထိန်းသိမ်းပေးခြင်းနှင့် ပြည်သူအားအသိပညာပေးခြင်း တို့ကို ပျံ့ပွားအောင် ဆောင်ရွက်ရခြင်း ဖြစ်သည်။)

ဤပုံစံအတိုင်း ဆိုပါက IFE ရှိနေစဉ် ကာလအတွင်း အတည်ပြုခဲ့သည့် ပြောင်းလဲခြင်းများအနက် အရေးအကြီးဆုံး ပြောင်းလဲမှုမှာ အာဏာကို စနစ်တကျချဲ့ထွင်ခြင်းနှင့် ခွဲဝေခြင်းတို့ပင်ဖြစ်သည်။ မရှိမဖြစ် လိုအပ်သော ရွေးကောက်ပွဲဆိုင်ရာ ကျင်းပပြင်ဆင်ခြင်းနှင့် အသင်းအဖွဲ့ဆိုင်ရာ လုပ်ဆောင်နိုင်စွမ်း (ဥပမာ ပါဝင်ယှဉ်ပြိုင်သူများအား မှတ်ပုံတင်ပေးခြင်း၊ နိုင်ငံသားနှင့် အပြည်ပြည်ဆိုင်ရာ စောင့်ကြည့်လေ့လာသူများအား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ မဲပေးရုံအရာရှိများအား ရွေးချယ်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊ ဒီဇိုင်းဆွဲခြင်း၊ ရွေးကောက်ပွဲဆိုင်ရာကိရိယာများအားပုံနှိပ်ခြင်းနှင့် ဖြန့်ဝေခြင်း၊ အကြိုရလဒ်များ ထုတ်ဝေခြင်းနှင့် တရားဝင် မဲရေတွက်ခြင်း) IFE သည် အောက်တွင်ပြထားသည့်အတိုင်း INE မှ အမွေဆက်ခံထားသော တာဝန်တော်တော်များများလည်း ရှိသည်။

## *ရွေးကောက်ပွဲဆိုင်ရာ နယ်နိမိတ်များအား အချိန်နှင့်အမျှ စောင့်ကြည့်ခြင်းနှင့် ထိန်းညှိခြင်း*

ပြည်ထောင်စု လွှတ်တော်၏ အောက်လွှတ်တော် ဖွဲ့စည်းတည်ထောင်မှု စနစ်သည် ဂျာမန်တို့၏ အဖွဲ့ဝင် ရောနှောအချိုးကျ ကိုယ်စားလှယ်ပြုစနစ် (PR) ဖြစ်သည်။ ထို့ကြောင့်ပင် အဖွဲ့ဝင် အဦး ၅၀၀ ထဲမှ ၃၀၀ သည် လူဦးရေဖြန့်ဝေမှုအရ ပြည်ထောင်စု၏ ၃၂ ပြည်နယ်ထဲမှ အရေအတွက်အားဖြင့်တူညီသော ကိုယ်စားလှယ်တစ်ဦးတည်းသာ ရွေးချယ်ခွင့်ရှိသော မဲဆန္ဒနယ်များမှ မဲနိုင်သောသူအကုန်ယူစနစ် (FPTP) စနစ်ဖြင့် ရွေးကောက်ခံထားရခြင်း ဖြစ်သည်။ IFE ဘက်မှ ထိုကိုယ်စားလှယ်တစ်ဦးတည်းသာ ရွေးချယ်ခွင့်ရှိသော မဲဆန္ဒနယ်များမှ ကိုယ်စားလှယ် ၃၀၀ ကို ညီတူမျှတူ ကိုယ်စားပြုနိုင်မှုရှိရေးအတွက် အချိန်နှင့်အမျှစစ်ဆေးနေရန် လိုအပ်သည်။ INE သည် လည်း ထိုလုပ်ပိုင်ခွင့်ကို ပြည်နယ်အဆင့် မဲဆန္ဒနယ်များတွင် အသုံးပြုသည်။

## *မဲဆန္ဒရှင် စာရင်းအား စုပေါင်းခြင်း ၊ ပုံသေထပ်မံဖြည့်စွက်ခြင်း နှင့် မဲလက်မှတ်*

ယခင်က IFE ယခု INE ဟုခေါ်သော အဖွဲ့အစည်းသည် တိုင်းပြည်တွင်းရှိ ရွေးကောက်ပွဲများတွင်သုံးသော ရွေးကောက်ပွဲဆိုင်ရာ စာရင်းများအား ဖြည့်စွက်ခြင်း၊ စစ်ဆေးခြင်းနှင့် စုပေါင်းခြင်းတို့ကို ပြုလုပ်ပေးရန် တာဝန်ရှိသည်။ ရွေးကောက်ပွဲစာရင်းအတွင်း ရေးသွင်းခြင်းသည် မိမိဆန္ဒအလျောက် လုပ်ရသည် ဖြစ်သောကြောင့် နိုင်ငံသားတိုင်း ကိုယ်တိုင်ကိုယ်ကျ လုပ်ရမည်ဖြစ်သည်။ မှတ်ပုံတင်စာရင်းရေးသွင်းရာတွင် INE ဘက်မှ ဓာတ်ပုံပါသော၊ ဆယ်နှစ်တိတိ တရားဝင်သော မဲလက်မှတ်ပြားတစ်ခုကို အခမဲ့ထုတ်ပေးသည်။ မက္ကဆီကိုနိုင်ငံတွင် နိုင်ငံသားဆိုင်ရာ မှတ်ပုံတင်ကတ်ပြား မရှိသောကြောင့် ထိုမဲလက်မှတ်သည် ပင်လျှင် မက္ကဆီကန်တို့၏ မှတ်ပုံတင်ကတ်ပြားကဲ့သို့ ဖြစ်လာချေသည်။ ၂၀၁၂ ခုနှစ် ပြည်ထောင်စု ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူပေါင်း ၇၉.၅ သန်းရှိသည်။

## *ပါတီနှင့် မဲဆွယ်ရေးဘဏ္ဍာငွေ သုံးစွဲမှုများအား ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ခြင်း*

လွန်ခဲ့သော ဆယ်စုနှစ်နှစ်စု အတွင်းတွင် မက္ကဆီကိုနိုင်ငံသည် နိုင်ငံရေးပါတီများအတွက် ကမ္ဘာ့အရက်ရောဆုံး ပြည်သူ့ဘဏ္ဍာထောက်ပံ့ရေးစနစ်ကို ပြုလုပ်ခဲ့သည်။ အခြေခံဥပဒေမှ သတ်မှတ်ထားသည်မှာ ပြည်သူ့ဘဏ္ဍာငွေ ထောက်ပံ့မှုသည် ပုဂ္ဂလဘဏ္ဍာငွေ ထောက်ပံ့မှုထက်သာရမည် ဟူ၍ ဖြစ်သည်။ယခင် IFE (ယခု INE မှ) အမျိုးသားနိုင်ငံရေး ပါတီများအား ပြည့်သူထောက်ပံ့ကြေးပေးရန်အတွက် တာဝန်ရှိလေသည်(၂၀၁၂ ခုနှစ်က အမေရိကန်ဒေါ်လာ သန်း၄၀၀ ထောက်ပံ့ခဲ့သည်)

ထိုအချိန်တွင်ပင် ပုဂ္ဂလဘဏ္ဍာထောက်ပံ့ရေးမှာ ၎င်း၏ရင်းမြစ်နှင့် ပမာဏပေါ် မူတည်ပြီး အင်မတန်တိကျသော စည်းမျဉ်းများနှင့် ကန့်သတ်မှုများအောက်တွင်ရှိသည်။ နောက်ဆက်တွဲအနေနှင့်

နိုင်ငံရေးပါတီများအနေနှင့် ၎င်းတို့၏ အသင်းအဖွဲ့များအတွက်၊ လုပ်ဆောင်ချက်များအတွက်၊ မဲဆွယ်ခြင်းအတွက် အသုံးချသောငွေများ၏ နှင့်ပတ်သက်သည့် ရင်းမြစ်နှင့် ကိုင်တွယ်စီမံပုံတို့နှင့် ပတ်သက်ပြီး တာဝန်ခံရန် အင်မတန်တင်းကြပ်သော စည်းမျဉ်းစည်းကမ်းများရှိသည်။

ထိုကဲ့သို့သော အမျိုးသားနိုင်ငံရေးပါတီများ အပါအဝင် ပြည်ထောင်စုမဲဆွယ်ပွဲများ၏ ဘဏ္ဍာငွေ ထိန်းချုပ်ရေးနှင့် ကြီးကြပ်ရေးနှင့်ဆိုင်သော အင်အားအင်မတန်ကောင်းကောင်းရထားသော လုပ်ပိုင်ခွင့်ကို အသုံးချခြင်းသည် IFE ရှိစဉ်ကာလကလုပ်ရသော တစ်ခုတည်းသောတာဝန်ဖြစ်သည်။ ထိုကဲ့သို့ဖြစ်ရန် အတွက်လည်း အင်မတန်မှရှုပ်ထွေးပြီး ခေတ်မီလှသော စနစ်တစ်ခုကို တည်ထောင်ထားသည်။ အရေးကြီးပြီးသိမ်မွေ့သော ကိစ္စများသည် ယခုအချိန်တွင် INE မှ လွှဲပြောင်းယူသွားပြီဖြစ်ပြီး ယခုတွင်တော့ သိသိသာသာ တိုးချဲ့လိုက်ပြီဖြစ်သည်။ ၎င်းအနေနှင့်လည်း ပြည်ထောင်စုရှိ ပြည်နယ် ၃၂ ခုအဆင့် နိုင်ငံရေးပါတီ ဘဏ္ဍာငွေထောက်ပံ့ခြင်းနှင့် မဲဆွယ်ခြင်းကို ထိန်းချုပ် စောင့်ကြည့်နေရလေသည်။ ထိုတာဝန်သည် ၂၀၁၂ ခုနှစ်တွင် ပြောင်းလဲခြင်းကို လက်ခံပြီးနောက် ရွေးကောက်ပွဲတိုင်းအတွက် ဌာနကို တာဝန်ယူရတော့မည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက်လည်း အကျုံးဝင်သည်။

## ***မီဒီယာဖော်ပြမှုအတွက် ပြည်နယ်ဆိုင်ရာ အချိန်များကို စီမံညွှန်ကြားခြင်း***

၂၀၀၈ ခုနှစ်အထိ မက္ကဆီကိုတွင် ပါတီများအားလုံး ဝါဒဖြန့်နိုင်ရန်အတွက် ပေါင်းစည်းထားသော မီဒီယာ (ရေဒီယိုနှင့် ရုပ်မြင်သံကြား) အခမဲ့ထုတ်လွှင့်ခွင့်ကို ထိန်းချုပ်သောစနစ်ရှိပြီး ပြည်နယ်မှ ထောက်ပံ့ရခြင်းဖြစ်ကာ အချိန်ပိုထုတ်လွှင့်နိုင်ရန်အတွက် သာတူညီမျှ အခြေအနေတစ်ခုအောက်တွင် ထားသော အခြေခံစည်းမျဉ်းအုပ်စုနှင့် အခကြေးငွေပေးစနစ်ရှိလေသည်။ ၂၀၀၈ ခုနှစ်တွင် အရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် ဥပဒေဆိုင်ရာ ပြောင်းလဲချက်များက သိသိသာသာထင်ရှားပြောင်းလဲခြင်းများကို ဖြစ်ပေါ်စေသည်။ မည်သည့်နိုင်ငံရေးပါတီမဆို၊ တစ်သီးပုဂ္ဂလ သို့မဟုတ် ဥပဒေဆိုင်ရာအဖွဲ့အစည်းမဆို အချိန်ကိုအခကြေးငွေဖြင့်ဝယ်ယူပြီး နိုင်ငံရေးဝါဒဖြန့်ခြင်း သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာကြော်ငြာခြင်းတို့ကို မီဒီယာမှတစ်ဆင့်ပြုလုပ်၍ မရနိုင်တော့ချေ။

ထိုအချိန်မှ၍ အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် မီဒီယာများအား နိုင်ငံရေး-ရွေးကောက်ပွဲဆိုင်ရာ ဝါဒဖြန့်မှုတို့ကို ရယူနိုင်ခွင့် သို့မဟုတ် အသုံးပြုပိုင်ခွင့်တို့ကို နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းများအတွက် သီးသန့်ဖယ်ပေးထားရသည်။ ထိုထုတ်လွှင့်ပိုင်ခွင့်သည် မက္ကဆီကိုတွင် ထုတ်လွှင့်သော ရေဒီယိုဌာန (၁၆၀၀ ဝန်းကျင်နှင့်) တီဗွီချန်နယ် (၇၅၀ ဝန်းကျင်)တို့တွင် ပြည်နယ်မှ (အင်မတန် ရက်ရက်ရောရော ခွင့်ပြုထားသော) အချိန်အတွင်းသာ ထုတ်လွှင့်ခွင့်ပြုမည် ဖြစ်သည်။

ထိုကဲ့သို့သော ပါတီနှင့် ကိုယ်စားလှယ်လောင်းများအတွက် အခမဲ့ဝန်ဆောင်မှုပေးရာတွင် ပါဝင်သော ထိုအစီအစဉ်နှင့် လုပ်ဆောင်ချက်များ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားဆက်သွယ်ရေးအတွက် အချိန်သီးသန့်ဖယ်ထားပေးခြင်းသည် ယခုတွင် INE (အမျိုးသား ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) ၏ တာဝန်ဖြစ်သွားပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်ရန်အတွက်လည်း မဲဆွယ်စဉ်ကာလအတွင်း နေ့စဉ်နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းများ အသုံးပြုနိုင်သော ၄၂ မိနစ် အတွင်းကို ထုတ်လွှင့်မှု အစီအစဉ်များ စီစဉ်ဖြန့်ဝေပေးနိုင်သော နည်းပညာပိုင်းဆိုင်ရာစီမံခန့်ခွဲနိုင်သော ကြီးကျယ်ပြီးအင်မတန်မှ ခေတ်မီဆန်းသစ်လှသော စက်ကိရိယာတစ်မျိုး တပ်ဆင်ပြီးလည်ပတ်နေရန်လိုအပ်သည်။ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ရနိုင်မှုနှင့် ပါတီတို့၏ ထုတ်လွှင့်သောအရာများကို နိုင်ငံနှင့်အဝှမ်း ဖြန့်ပေးခြင်း၊ ယခင်သဘောတူညီပြီးဖြစ်သော နေရာနှင့် အချိန်တွင်ထုတ်ဝေခြင်းကို စစ်ဆေးအတည်ပြုထားခြင်း၊

ထို့နောက်တွင် နောက်ဆက်တွဲ သတင်းအချက်အလက်ဆိုင်ရာ အစီရင်ခံစာတို့ကို ထုတ်လုပ်ခြင်းတို့ ဖြစ်သည်။

### *ရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲများကို ကျင်းပပေးခြင်း*

၂၀၀၈ခုနှစ် ပြုပြင်ပြောင်းလဲချက်အရ IFE (ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) သည် သမ္မတရွေးကောက်ပွဲအတွက် မှတ်ပုံတင်ထားသော သမ္မတလောင်းများအကြားတွင် စကားစစ်ထိုးပွဲများကို ကျင်းပပေးနိုင်သော အာဏာရှိသည်။ လောလောလတ်လတ် ပြုပြင်လိုက်သော ရွေးကောက်ပွဲဆိုင်ရာပြုပြင်ပြောင်းလဲချက်တွင် ရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူများက မဲဆန္ဒနယ်တိုင်းအတွက် ကိုယ်စားလှယ်လောင်းများအတွင်း မဖြစ်မနေ စကားစစ်ထိုးပွဲကျင်းပပေးရန် စည်းမျဉ်းများကို သတ်မှတ်ပေးသော ဥပဒေအသစ် လိုအပ်နေသည်။ ထို့ကြောင့် ထိုကိစ္စတွင် INE (အမျိုးသား ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) ၏ လုပ်ပိုင်ခွင့်မှာ အနည်းဆုံးဥပဒေပြုရေးဆိုင်ရာ ရွေးကောက်ပွဲအထိ တိုးချဲ့သွားသည်ဟု ထင်နိုင်သည်။

## ရှုပ်ထွေးလှသော အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံ

INE (အမျိုးသား ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) ဘက်မှလည်း သူ့အသစ်ရရှိထားသော၊ တိုးချဲ့ထားသော လုပ်ပိုင်ခွင့်အရ ထိန်းသိမ်းရန်၊ ချဲ့ထွင်ရန် တာဝန်ရှိသည်။ သူ၏သတ်မှတ်ခံထားရသော တာဝန်နှင့် လုပ်ပိုင်ခွင့်အတိုင်း ပြည့်ပြည့်ဝဝ လုပ်နိုင်ရန် IFE (ပြည်ထောင်စု ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းဘက်မှလည်း ကျယ်ပြန့်ပြီး ရှုပ်ထွေးသောအဖွဲ့အစည်းတစ်ခုကို တည်ဆောက်ပုံတစ်ခုကို တည်ထောင်ထားပြီး ဌာနလေးခုကို အထူးပြုဖော်ပြနိုင်သည်။

- ကောင်စီ : အဖွဲ့အစည်း၏ တရားစီရင်ရေးဆိုင်ရာ နယ်ပယ်အနံ့တွင်ရှိသော လမ်းညွှန်ရေးနှင့် ဆုံးဖြတ်ချက်ချရေး ဌာန
- ကြီးကြပ်စီမံရေးဆိုင်ရာ ဘုတ်အဖွဲ့ : ရွေးကောက်ပွဲဆိုင်ရာ အရပ်ဖက် ဝန်ဆောင်မှုဌာနမှ အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားပြီး မူဝါဒများအစီအစဉ်များအား အကောင်အထည်ဖော်ရေး လမ်းညွှန်ရေးဌာနမှ သဘောတူထားသော အဖြေများကို အတည်ပြုပေးရန်
- နည်းပညာပိုင်းဆိုင်ရာဌာန : IFE (ပြည်ထောင်စု ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း၏ အခြားသောနယ်ပယ်များမှ တောင်းဆိုချက်အပေါ် မူတည်ပြီး နည်းပညာဆိုင်ရာအကြံပြုချက်များ ပေးသော အထူးပြု အဖွဲ့အစည်း အစိတ်အပိုင်းနှင့်
- စောင့်ကြည့်ရေးဌာန : နိုင်ငံရေးပါတီ၏ ကိုယ်စားလှယ်များမှ အမိကအားဖြင့် သာတူညီမျှ ဖန်တီးပေးထားသော ကော်မရှင်များဖြစ်ပြီး သူတို့၏ တာဝန်မှာ ရွေးကောက်ပွဲစာရင်းများကို ပေါင်းစည်းပေးခြင်း၊ ထပ်မံဖြည့်စွက်ပေးခြင်း၊ စစ်ဆေးအတည်ပြုခြင်းတို့ကို ပြုလုပ်သော လုပ်ငန်းစဉ်များကို ကြီးကြပ်ကြည့်ရှုပေးခြင်း ဖြစ်သည်။

မြို့တော်အတွင်းရှိ ဌာနချုပ်မှလွဲ၍ ဗဟိုပြုခြင်းကင်းသော စနစ်ဖြင့် IFE (ပြည်ထောင်စု ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းက ပြုလုပ်ခဲ့ပြီး INE (အမျိုးသား ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) က ပြုလုပ်နေသည်။ ယခုတွင် နိုင်ငံအနှံ့ ပုံသေဌာနပေါင်း ၃၃၂ ခုဖြင့် လည်ပတ်လျက်ရှိသည်။ (လမ်းညွှန်ရေးကြီးကြပ်စီမံချက်နှင့် စောင့်ကြည့်ရေးဌာနများတွင်လည်း ကိုယ်စားလှယ်ကိုယ်စီ ရှိကြသည်။)

## အမှီအခိုကင်းရေးနှင့် ဘက်လိုက်ခြင်းကင်းဝေးရေးတို့အပေါ် အာမခံချက် ပေးနိုင်သော ထိန်းကျောင်းလမ်းညွှန်ရေးဌာန

ဌာနတစ်ခု၏ အမှီအခိုကင်းခြင်းနှင့် ဘက်မလိုက်ခြင်းတို့အပေါ် အာမခံနိုင်ရေးအတွက် အရေးအကြီးဆုံး လုပ်ဆောင်ချက်မှာ ၎င်း၏လမ်းညွှန်ရေးဆိုင်ရာ ဌာနများအားနှင့် ဆုံးဖြတ်ချက်ချရေး နည်းလမ်းများအား ပေါင်းစည်းပေးခြင်း ဖြစ်သည်။ INE (အမျိုးသား ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) ၏ ဌာနတစ်ခုချင်းစီက နိုင်ငံရေးပါတီဆိုင်ရာတွင် ကိုယ်စားလှယ်တင်မြှောက်မှု ညီတူမျှတူရထားပြီး လွှတ်တော်ဆိုင်ရာအုပ်စုများမှာ အမြင့်ဆုံးကောင်စီတွင် ကိုယ်စားလှယ်ပြုထားခြင်းခံရသည်။ မဲပေးခွင့်ရှိသော အဖွဲ့ဝင်များသည်ပင်လျှင် ဘက်လိုက်ခြင်းဆိုင်ရာ နီးနှောမှုမရှိသောသူများ ဖြစ်လေသည်။

INE (အမျိုးသား ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) ၏ အဓိကလမ်းညွှန်ရေးဌာနမှာ အထွေထွေကောင်စီဖြစ်သည်။ ဧပြီလ ၂၀၁၄ တွင် တည်ထောင်ထားခြင်းဖြစ်ပြီး ထုတ်ဖော်ပြောဆိုခွင့် မဲပေးခွင့်ရှိသော အဖွဲ့ဝင် ၁၁ ဦး စကားစစ်ထိုးပွဲတွင် ပါဝင်ခွင့်ရှိသော်လည်း မဲပေးပိုင်ခွင့်မရှိသော အဖွဲ့ဝင်များအတိုင်းအတာတစ်ရပ်ထိပါဝင်ပြီး ဖွဲ့စည်းထားခြင်းဖြစ်သည်။ မဲပေးခွင့်ရှိသော အဖွဲ့ဝင် ၁၁ ဦးမှာ သမ္မတနှင့်ဆိုင်သော ကောင်စီဝင်များဖြစ်ကြပြီး ရွေးကောက်ပွဲဆိုင်ရာကောင်စီဝင်များမှာ ၁၀ ဦး ရှိကြသည်။ ၎င်းတို့အားလုံး အောက်လွှတ်တော်အမတ် သုံးပုံနှစ်ပုံ၏ မဲနှင့် ယေဘုယျစည်းမျဉ်းအားဖြင့် ရွေးကောက်ခြင်းခံရမည် ဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် အခြေခံဥပဒေမှ ပြဋ္ဌာန်းထားသော အဆင့် အမျိုးမျိုးပါဝင်သည့် ရှုပ်ထွေးသည့် လုပ်ဆောင်ချက်များလာလိမ့်မည် ဖြစ်သည်။ ၎င်းတို့ သင့်တော်၏မတော်၏သည် အာမခံထားသော လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိခြင်း၊ မရှိခြင်း အပေါ်တွင် မူတည်သည်။ အရင်ဦးဆုံး ပြောရလျှင်ဖြင့် ၎င်းတို့၏ အမှီအခိုကင်းမှုနှင့် ဘက်လိုက်မှုကင်းခြင်းတို့ ဖြစ်သည်။ သို့သော်လည်း ၎င်းတို့၏ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်စွမ်းအပေါ်တွင်လည်း မှီတည်သည်။ မဲပေးခွင့်ရှိသော အဖွဲ့ဝင်များမှာ ကိုးနှစ်သက်တမ်း တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လူစားလဲရာတွင်လည်း တစ်ဦးနှင့်တစ်ဦး ကာလတူညီမည်မဟုတ်ချေ။

မဲပေးခွင့်မရှိသော အဖွဲ့ဝင်များတွင်လည်း နိုင်ငံအဆင့် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦး စီပါဝင်ပြီး (လက်ရှိတွင် ခုနစ်ဦးရှိသည်) လွှတ်တော်အတွင်းတွင် ပါတီဆိုင်ရာ ပတ်သက်မှုရှိသော လွှတ်တော်အုပ်စုမှ တစ်ဦး စီ (လက်ရှိ တွင် ခုနစ်ဦးပင် ဖြစ်သည်) ပါဝင်သည်။ ပြီးနောက်တွင် INE (အမျိုးသား ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း)၏ စီမံကြီးကြပ်ရေး အတွင်းရေးမှူးတစ်ဦး ပါဝင်သည်။ အထွေထွေကောင်စီသည် လက်ရှိတွင် အဖွဲ့ဝင် ၂၆ ဦး နှင့်ဖွဲ့စည်းထားသည်။ အထွေထွေကောင်စီ၏ တွေ့ဆုံဆွေးနွေးပွဲများမှာ ပြည်သူလူထုကို ချပြထားသောအရာများဖြစ်ပြီး အသင်း၏ဝဘ်ဆိုက်တွင် တိုက်ရိုက်ထုတ်လွှင့်နေသော မီဒီယာများလည်း သတင်းရယူနိုင်သောနေရာတွင် ပြုလုပ်ခြင်းဖြစ်သည်။ စကားစစ်ထိုးပွဲများတွင် စည်းကမ်းများသတ်မှတ်ထားပြီး ဆုံးဖြတ်ချက်များမှာ မဲအရေအတွက်များသောသူကို အနိုင်ဆုံးဖြတ်ပေးခြင်းဖြစ်ပြီး မဲဆန္ဒရှင်များကလည်းပွင့်ပွင့်လင်းလင်းပင် လုပ်ကြလေသည်။

## နည်းပညာသစ်များ ထိထိရောက်ရောက် အသုံးပြုခြင်း

မဲကြည့်ခြင်း၊ စစ်ဆေးခြင်း နှင့် မဲရေတွက်ခြင်းကဲ့သို့သော မဲရုံများတွင် ( အကြမ်းဖျဉ်းအားဖြင့် ဇူလိုင် ၂၀၁၂ တွင် ပြည်ထောင်စုရွေးကောက်ပွဲ၌ ၁၄၃၀၀၀ ရုံ တည်ဆောက်ထားသည်) မလုပ်မဖြစ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များသည် လူဖြင့်လုပ်လေ့ရှိသော်လည်း IFE (ပြည်ထောင်စုရွေးကောက်ပွဲ

ဆိုင်ရာအဖွဲ့အစည်း) က ၎င်း၏ အသင်းအဖွဲ့ဆိုင်ရာနှင့် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်ရန်အတွက် နည်းပညာများကို ထိထိရောက်ရောက်သုံးခဲ့ (ယခု INE [အမျိုးသားရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်း] က လည်း အသုံးပြုလျက်ရှိ) သည်။ ဥပမာအားဖြင့် နည်းပညာကို တစ်နိုင်ငံလုံးရှိ ၎င်း၏ ဌာနများအချင်းချင်းကြား ပုံသေဆက်သွယ်မှု တစ်ခုတည်ဆောက်နိုင်ရန် အသုံးပြုပြီး လူထုမီဒီယာတစ်ခုကိုလည်း ပေးစွမ်းလေသည်။ အခြားသောစိတ်ဝင်စားသော သူများကိုလည်း အချိန်နှင့်တပြေးညီ သတင်းအချက်အလက်များ တင်ဆက်နိုင်လေသည်။

ပြည်နယ်ဆိုင်ရာ ရုပ်သံထုတ်လွှင့်မှုတွင် ပေါင်းစည်းစီမံခန့်ခွဲမှုပေးနိုင်ရန် အသုံးပြုသော အထင်ကြီးလေးစားလောက်ဖွယ်ရာ နည်းပညာဆိုင်ရာဌာနတစ်ခုကို ထပ်ပေါင်းသည့်အနေနှင့် ဘိုင်အိုမက်ထရစ်စနစ်သည်လည်း ရွေးကောက်ပွဲဆိုင်ရာ မှတ်ပုံတင်စာရင်းရေးသွင်းမှုနှင့် မဲပေးသည့် ဓာတ်ပုံကတ်ပြားများထုတ်ပေးရာတွင်သုံးနေပြီဖြစ်သည်။ (ဆင်တူရိုးမှား တုပပြင်ဆင်၍မရအောင်လည်း မမြင်နိုင်သော လုံခြုံရေးစနစ် များ ထည့်သွင်းပေးထားသည်) နောက်ထပ် နည်းပညာကို အဓိကကျကျ အသုံးချသောနေရာမှာလည်း အများပြည်သူဆိုင်ရာ ဝဘ်ဆိုက် ၂၅ ခုတွင် အချိန်နှင့်တပြေးညီ ရွေးကောက်ပွဲအကြိုရလဒ်များကို ကြေငြာခြင်း တစ်ခုတည်းအတွက် အာရုံစိုက်ထားသော အင်ထရာနက်၏ ဒီဇိုင်းပုံဖော်မှုနှင့် လည်ပတ်မှုတို့ပင်ဖြစ်သည်။

## အဆုံးသတ်မှတ်ချက်

မက္ကဆီကန်ရွေးကောက်ပွဲဆိုင်ရာ တည်ဆောက်ပုံနှင့် အထူးသဖြင့် IFE (ယခု INE) ၏ သဘောသဘာဝအသင်းအဖွဲ့နှင့် အာဏာလုပ်ပိုင်ခွင့်တို့သည် အားစိုက်ထုတ်မှုများ (နှင့် စည်း မျဉ်းစည်းကမ်းတို့သည်) စနစ်တကျကို ယုံကြည်မှုပျက်စီးနေသည်ဟု ပုံဖော်ခံထားရသော ပတ်ဝန်းကျင် အထူးသဖြင့် အဓိက အပြိုင်အဆိုင်များသော ပတ်ဝန်းကျင်တွင် မည်မျှ ရွေးကောက်ပွဲနှင့် ၎င်းတို့၏ ရလဒ်အပေါ်တွင် ပွင့်လင်းမြင်သာမှု၊ ယုံကြည်မှုနှင့် စိတ်ချရနိုင်မှုတို့ကို အာမခံနိုင်မည်ဟူသည့်အပေါ်တွင် ထင်ရှားစွာ ပြနိုင်သော ဥပမာများပင် ဖြစ်သည်။

ဖန်တီးတည်ဆောက်ပြီး နှစ် ၂၀ ကြာ၊ ပြည်ထောင်စုရွေးကောက်ပွဲ ရုစ်ခုလုပ်အပြီး (အထွေထွေရွေးကောက်ပွဲလေးခု၊ ကြားဖြတ်ရွေးကောက်ပွဲ လေးခု) တွင် IFE ဘက်မှ ၎င်း၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ခံမှုများ အကုန်လုပ်ခဲ့ရသော ဘက်မလိုက်မှု၊ ခိုင်မာတောင့်တင်းမှု၊ ပညာရှင်ဆန်မှုတို့အတွက် လုံးလုံးအာမခံနိုင်လေသည်။ ထိုအတိုင်းဆိုလျှင် IFE ၏ တည်ရှိမှုသည် ဒီမိုကရေစီ စည်းမျဉ်း၊ တန်ဖိုးနှင့်၊ ကျင့်သုံးမှုတို့အား အားကောင်းစေရေးနှင့် အသိပညာပေးရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းခဲ့သည်ဟု ဆိုရမည်။

ထိုရှုထောင့်ကကြည့်လျှင် အင်မတန် အံ့သြဖို့ကောင်းသည်မှာ ပြည်ထောင်စု အစိုးရနှင့် အဓိကနိုင်ငံရေးပါတီများအကြား သဘောတူမှု နယ်ပယ်အကျယ်ကြီးထဲမှ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၁၃ ခုနှစ်တွင် လွှတ်တော်မှအတည်ပြုပေးခဲ့သော အခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲသည် IFE ကို INE နှင့်အစားထိုးလိုက်သည်သာမဟုတ် အင်မတန်မှ ထင်ရှားလှပြီး လုပ်ရိုးလုပ်စဉ်မဟုတ်သော နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ နယ်ပယ်အတွင်းတွင် ပုံသဏ္ဍာန်တည်ထောင်ပြီး လှုပ်ရှားသော ပြည်ထောင်စုနှင့် ပြည်နယ် ၃၂ ခုအကြား အာဏာခွဲဝေသောပုံစံသည် အင်မတန်မှ အံ့သြဖွယ်ကောင်းလှပေသည်။

စောင့်ကြည့်သုံးသပ်သူ အများစုကမူ ဤအရာသည် လမ်းချော်သွားသော ပြုပြင်ပြောင်းလဲရေးဖြစ်သည်ဟု ဆိုသည်။ ထိုလုပ်ရပ်၏ နောက်ကွယ်တွင် မူလကရှိသော စိတ်ကူးစိတ်သန်းမှာ အငြင်းပွားဖွယ်ရာဆိုသော်လည်း ယုတ္တိတော့တန်သေးသည်။ ဌာနတစ်ခုတည်းကို ရွေးကောက်ပွဲများအကုန်လုံး ကျင်းပ

ပေးခြင်းနှင့် နိုင်ငံတွင် နာမည်ကျော်တိုင်ပင်ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းအတွက် ဂုဏ်ပြုဆုချီးမြှင့်ရန်ဖြစ်သည်။ ထိုသို့လုပ်လိုက်ပါက စီမံလမ်းညွှန်မှုများ နှင့် ဘတ်ဂျက်ငွေများပွားမှုကို ရှောင်လွှဲရန်လုပ်ပေးလိုက်သလိုဖြစ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်များ စီမံခန့်ခွဲရာတွင် ဘာသာစကားတူ လူမျိုးတူများ စုစည်းမှုနှင့် ဘက်မလိုက်မှုတို့အတွက် အာမခံလိုက်သကဲ့သို့ ဖြစ်သွားပေမည်။ ထို့အပြင် ၁၉၈၉-၉၀ တွင် လုပ်ခဲ့သော ပြောင်းလဲမှုနှင့် ဆန့်ကျင်စွာ ထိုပြောင်းလဲမှုသည် တစ်ကယ်ကြုံတွေ့နေရသော ပြဿနာများကိုလည်း မဖြေရှင်းပေးနိုင်သကဲ့သို့ သိသိသာသာ ထောက်ပြထားသော မလောက်မှုများကိုလည်း မဖြေရှင်းပေးနိုင်ခဲ့ချေ။ ရလာသည်မှာ တင်းကြပ်စွာဆွေးနွေးခြင်းနှင့် အဓိကနိုင်ငံရေးသမားများအချင်းချင်း အလဲအထပ်လုပ်ကြသည့် အရာများသာ ဖြစ်လာသည်။

ဖယ်ဒရယ် ပြည်နယ်များအကြားတွင် ရည်ရွယ်ချက်မရှိသော ပေါင်းစည်းရောနှော ရွေးကောက်ပွဲ စီမံခန့်ခွဲမှုပုံစံ အသစ်တစ်ခုကို ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် အပြောင်းအလဲနှင့်အတူ ဖန်တီးအသုံးပြုလိုက်ကြသည်။ ထိုပုံစံသည် INE ၏ အာဏာစက်ကို အသေးစိတ်ကျကျနန ရှင်းပြရန်နှင့် ၃၂ ပြည်နယ်ရှိ မဲဆန္ဒနယ်များမှတာဝန်ရှိသူများနှင့် အာဏာလုပ်ပိုင်ခွင့်တို့ပေါင်းစည်းနိုင်ရန် ဥပဒေလိုအပ်သည်။ ထို့အပြင် စိတ်ကသိကအောင့်ဖြစ်စရာကောင်းသော အချက်တစ်ချက်မှာ နိုင်ငံ့အာဏာပိုင်က နိုင်ငံတွင်းဌာနရှိ အာဏာအမြင့်ဆုံး ဆုံးဖြတ်ချက်စီရင်ချမှတ်ရေးဌာနမှ မဲပေးပိုင်ခွင့်ရှိသော အဖွဲ့ဝင်များကို ရွေးချယ်ပိုင်ခွင့်မရှိဘဲ ပြည်နယ်အဆင့်ရွေးကောက်ပွဲများတွင် အသင်းအဖွဲ့များနှင့်စပ်ဆိုင်နေသော တာဝန်များကို တိုက်ရိုက်ယူရကာ ထိုရွေးကောက်ပွဲများနှင့်ဆိုင်သော ဝင်ရောက်ဖြေရှင်းရန် တရားရင်ဆိုင်ရန်လိုသော ဥပဒေရေးရာကိစ္စများကို ကိုင်တွယ်ရခြင်းပင်ဖြစ်သည်။

မည်သည့်ဖြစ်ရပ်တွင်မဆို IFE ၏ ဖြစ်တည်မှုသည် ၎င်း၏အာဏာစက်ကို ချဲ့ထွင်လိုက်သည်။ INE ကို ဖန်တီးလိုက်သောအခါ၊ ထို့နောက် ယေဘုယျအားဖြင့် ပြည်ထောင်စုဖက်ဒရယ်အစိုးရအတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးပုံစံအသစ်ကို ဖန်တီးကျင့်သုံးလိုက်ကြလေသည်။ ထိုယူဆချက်ကြီးက ကျန်နေပြီး ပိုမိုအားကောင်းလာ/ထောက်ခံမှုရလာနိုင်ချေရှိသည်။

ထို့ကြောင့်ပင် ထိုမဏ္ဍဆီကန်ပုံစံသည် ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းများကို ပိုမိုခေတ်မီအောင် လုပ်လိုက်သောအခါ (အထူးသဖြင့် မဲရရန်ပြိုင်ဆိုင်နေသော အရာများကိုဖြစ်သည်။ ထိုသို့ ပြုလုပ် လိုက်ခြင်းအားဖြင့် စီမံခန့်ခွဲသူထက် အဆုံးအဖြတ်လုပ်ပေးရသော ဒိုင်လူကြီးကဲ့သို့သော လူများပိုမို များပြားလာမည်) နောက်ဆက်တွဲအနေဖြင့် အာဏာပိုင်များ၏ အာဏာပိုင်စက်ကိုချဲ့ထွင်လိုက်ပြီး ၎င်းတို့ကို တာဝန်ယူခိုင်းသောအခါ၊ စည်းကမ်းနှင့်အညီလုပ်ခိုင်းသောအခါ ဖြစ်လာနိုင်မည့် စိန်ခေါ်မှုနှင့် အန္တရာယ်များကို အဖြေထုတ်သုံးသပ်နိုင်ရန် အကောင်းဆုံးဥပမာတစ်ခုပင် ဖြစ်လာနိုင်သည်။

ထိုနေရာတွင် ဝိရောဓိတစ်ခုဖြစ်နေသည်မှာ ယခင်က IFE (ပြည်ထောင်စု ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) ယခု INE (အမျိုးသားရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်း) သည် နိုင်ငံအာဏာပိုင်တစ်ခု အနေနှင့် အခြား EMB များ ထိုနယ်တွင်လုပ်သကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာကိစ္စများတွင် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ သို့မဟုတ် ဖန်တီးမှုများကို လုပ်ဆောင်နိုင်ရန် အာဏာလုပ်ပိုင်ခွင့် ရှိ၊ မရှိ ပင်ဖြစ်သည်။ ထိုအချက်သည် ကျကျနနစည်းမျဉ်းများသတ်မှတ်ထားသော ခေတ်မီရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုပုံစံနှင့် အပြိုင်အဆိုင်များလှသော မဏ္ဍဆီကန်စနစ်အတွင်း၊ လွတ်လပ်ပြီး အဆင့်မြင့်မြင့် အထူးပြုထားသော ရွေးကောက်ပွဲဆိုင်ရာ ပုံသေဌာနများရှိသော မြောက်များစွာသောအတွေးအခေါ်များ စပ်ဆက်တည်ရှိနေသော စနစ်တစ်ခုအဖို့ မဖြစ်သင့်သောအရာတစ်ခုပင်ဖြစ်သည်။

# အခန်း ၂

2

# ဥပဒေဘောင် : EMB ၏ နေရာနှင့်လုပ်ပိုင်ခွင့် အဓိပ္ပာယ်သဘောတရားများ

## တရားဥပဒေဆိုင်ရာ အချက်အလက်တို့က ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုပုံ

EMB တစ်ခု၏ တည်ဆောက်ပုံ၊ အာဏာလုပ်ပိုင်ခွင့်နှင့် တာဝန်တို့သည် ထိုတိုင်းပြည်၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်တို့ကို ကိုင်တွယ်ဖြေရှင်းရသော ဥပဒေမူဘောင်အပိုင်းများက အဓိပ္ပာယ်ဖွင့်ဆိုသွားလိမ့်မည်ဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီ အသစ်စက်စက် စတင်ကျင့်သုံးကာစနိုင်ငံများတွင် လက်တလောခေတ်စားနေသည့်အကြောင်းမှာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်၏ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာ ရှိမှုကို အာမခံသောရှင်းလင်းတိကျသည့် ဥပဒေမူဘောင်တစ်ခုကို တည်ထောင်ရေး၊ ရွေးကောက်ပွဲစီမံခန့်ခွဲရေးတွင် ပုံမှန်စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးနှင့် သာတူညီမျှဖြစ်ရေးကို မြှင့်တင်ရေး၊ ထို့နောက်တွင် နိုင်ငံရေးပါတီ အရပ်ဖက်လူမှုအဖွဲ့အစည်း အသင်းအဖွဲ့များ( CSO) များနှင့် မဲဆန္ဒရှင်များမှ လုပ်သော ရွေးကောက်ပွဲဆိုင်ရာပွဲစဉ်ကျင်းပမှုများတွင် ပြည့်ပြည့်ဝဝနှင့် ကောင်းကောင်းသိနားလည်ပြီး ပြည့်ပြည့်ဝဝထောက်ပံ့နိုင်ရေးတို့ပင်ဖြစ်သည်။ ရွေးကောက်ပွဲများ၏ ဥပဒေမူဘောင်အပြည့်အစုံသည် အောက်ပါ အပါအဝင်အရင်းအမြစ်များစွာတို့တွင် အခြေခံနိုင်သည်။

၁။ နိုင်ငံတကာ စာရွက်စာတမ်းများ၊ ဥပမာ - အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာသဘော တူညီချက်စာချုပ် (ICCPR) ရှိ အပိုဒ်ခွဲ ၂၅ တွင် : "မည်သည့် နိုင်ငံသားမဆို အပိုဒ်ခွဲ ၂ တွင် ပြောထားသည့် ထူးခြားချက်များမပါလျှင် မဲပေးနိုင်ခွင့် မဲပေးပိုင်ခွင့်ကို ကျိုးကြောင်းမခိုင်လုံသောတားမြစ်ချက်များ မပါစေရဘဲ ရရှိနိုင်စေရမည်။

(က) ပြည့်သူရေးရာ ကိစ္စများတွင် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်တိုင်လွတ်လွတ်လပ်လပ် ရွေးချယ်ထားသော ကိုယ်စားလှယ်မှဖြစ်စေ ပါဝင်လုပ်ဆောင်ခြင်း

(ခ) အချိန်မှန်မှန်ပြုလုပ်သော၊ အကြွင်းမဲ့မဲပေးပိုင်ခွင့်နှင့် တန်းတူမဲပေးပိုင်ခွင့်ရရှိသော မဲဆန္ဒရှင်၏ဆန္ဒကို လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသော လျှို့ဝှက်မဲပေးမှုစနစ်ဖြင့် လုပ်သော ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့် ဝင်ရောက်အရွေးကောက်ခံပိုင်ခွင့် ရှိသည်။

(ဂ) ယေဘုယျအားဖြင့် တန်းတူညီမျှအားဖြင့် သူ၏နိုင်ငံအတွင်း ပြည်သူလူထုကိုပေးသော ဝန်ဆောင်မှုများကို ခံစားနိုင်ရန်

၂။ ဒေသဆိုင်ရာ စာရွက်စာတမ်းများ : ဥပမာအားဖြင့် အာဖရိက၏ ဒီမိုကရေစီ၊ ရွေးကောက်ပွဲနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ပြည်နယ်ပါတီများမှ သမဂ္ဂ၏ အာဖရိကနိုင်ငံ ဒီမိုကရက်တစ် ရွေးကောက်ပွဲများကို လွှမ်းမိုးသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရန် ၎င်းတို့၏ ပွင့်လင်းမြင်သာမှုရှိသော၊ လွတ်လပ်ပြီး မျှတသော ရွေးကောက်ပွဲများ မှန်မှန်ကျင်းပပေး ပါမည်ဟူသော ကတိကဝတ်ကို ပြန်လည်အတည်ပြုရမည်" ဟု ဖြစ်သည် ( အပိုဒ်ခွဲ ၁၇)

၃ ။ ဖွဲ့စည်းပုံအခြေခံဥပဒေ

၄။ နိုင်ငံလုံးဆိုင်ရာ ဥပဒေ၊ အယ်လ်ဘေးနီးယား၊ အာဂျင်တီးနား၊ အာမေးနီးယားနှင့် ဖိလစ်ပိုင်တို့ ကဲ့သို့ သေသေချာချာ အသေးစိတ် ရှင်းလင်းရေးသားထားသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ တစ်ခုတည်းလည်း ဖြစ်နိုင်သည်။ တစ်နည်းအားဖြင့်လည်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ နှင့်ပတ်သက်ပြီး ရှုထောင့်ပေါင်းစုံမှရေးသားထားသော ဥပဒေအစုတစ်ခုတည်းလည်း ဖြစ်နိုင် သည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ ရွေးကောက် ပွဲကျင်းပခြင်းဆိုင်ရာဥပဒေ၊ သမ္မတရွေးကောက်ခြင်းဆိုင်ရာဥပဒေ၊ နိုင်ငံရေးပါတီများနှင့် ဆိုင် သော ဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး တည်ထောင်ရေးနှင့်ဆိုင်သော ဥပဒေ (၎င်း၏ တာဝန်များထဲမှာ တစ်ခုမှာ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းပေးရန် ဖြစ်သည်)၊ မြို့နယ်အစိုးရနှင့်ဆိုင်သော ဥပဒေ၊ ထိုဥပဒေတွင် အစိုးရဒေသဆိုင်ရာ ကြီးကြပ်စီမံရေးဌာနခွဲ ခေါင်းဆောင်ရွေးချယ်ရန်အတွက် ပြဋ္ဌာန်းချက်များ ပါဝင်သည်။ အချို့သောနိုင်ငံများ (ဥပမာအား ဖြင့် လတ်ဗီယာ၊ တောင်အာဖရိက၊ ဥဇဘက္ကစ္စတန်နှင့် ဇမ်ဘီယာ) တို့တွင် EMB ၏ ဖွဲ့စည်းပုံနှင့် အာဏာကို ထိုင်းနိုင်ငံတွင်လုပ်သကဲ့သို့ သီးသန့်ရေးဆွဲကြသည်။ ထိုအခါ ထိုဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေထက် ပိုမိုအဆင့်မြင့်သွားလေသည်။ အခြားသော ဥပဒေများ ဥပမာ မဲ ဆန္ဒရှင်မှတ်ပုံတင် စာရင်းရေးသွင်းရေး ဥပဒေ၊ မှတ်ပုံတင်ဥပဒေ သို့မဟုတ် နိုင်ငံပိုင် နယ်နိမိတ် ဆိုင်ရာ အသင်းအဖွဲ့နှင့်ဆိုင်သောဥပဒေ ဟူသော ဥပဒေများသည်လည်း ဥပဒေမူဘောင်အတွင်း တွင် တစ်စိတ်တစ်ဒေသ ပါဝင်နိုင်သည်။

၅။ ပြည်ထောင်စုနိုင်ငံများတွင် စီရင်စု သို့မဟုတ် ပြည်နယ်ဆိုင်ရာဥပဒေများသည် စီရင်စု သို့မဟုတ် ပြည်နယ်နှင့် မြို့နယ်ဆိုင်ရာ ရွေးကောက်ပွဲစဉ်များကို လွှမ်းမိုးနိုင်သည် (ဩစတြေးလျကဲ့သို့) သို့မဟုတ် နိုင်ငံအဆင့် ရွေးကောက်ပွဲစဉ်များအထိ ကို လွှမ်းမိုးနိုင်သည် (အမေရိကန်တွင်ကဲ့သို့)

၆။ နိုင်ငံအစိုးရ သို့မဟုတ် ထိုထက်အဆင့်နိမ့်သော အာဏာပိုင်များမှ ချမှတ်သောဥပဒေနှင့် စည်း မျဉ်းများ

၇။ သူ့ထံတွင်သာ အာဏာရှိပါက EMB မှ ချမှတ်သော စည်းမျဉ်းများ၊ ကြေငြာချက်များနှင့် လမ်းညွှန် ချက်များ

၈။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအတွင်းသို့ ပေါင်းထည့်လာနိုင်သော ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေ များနှင့် သဘောတူညီချက်စာချုပ်ပါ အချက်များ သို့မဟုတ် ကွဲကွာ မဲဆန္ဒရှင်စာရင်းနှင့် အမျိုး သား၊ အမျိုးသမီး မဲပေးခြင်းဆိုင်ရာ စီစဉ်မှုကဲ့သို့သော ကိစ္စများကို ကိုင်တွယ်ဖြေရှင်းနေရသည့် EMB စည်းမျဉ်း သို့မဟုတ် မူဝါဒများ

၉။ EMBသို့မဟုတ် အခြားသော ဌာနများမှ ချမှတ်သော စီမံညွှန်ကြားမှုဆိုင်ရာ မူဝါဒများနှင့်

၁၀။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သက်ရောက် သော (မိမိဆန္ဒအလျောက်ကြောင့်ဖြစ်စေ၊ အခြားသောနည်းကြောင့်ဖြစ်စေ) ကျင့်ထုံးများနှင့် လုပ်ဆောင်ပုံများ

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကိုစီစဉ်ခြင်းနှင့် စီမံညွှန်ကြားခြင်းသည် ရှုပ်ထွေးလှသည်။ ထို့ပြင် အင်မတန်အသေးစိတ်လှသော အချက်များလည်း ပါဝင်သည်။ ထို့ကြောင့် ထိုအချက်များကို စာဖြင့်ချမရေးသော လုပ်ရိုးလုပ်စဉ်အတိုင်းလုပ်ခြင်း သို့မဟုတ် စီမံညွှန်ကြားမှုဆိုင်ရာ မူဝါဒချမှတ်ရုံလောက် မလုပ်ဘဲ စာဖြင့်ချရေးထားသော စည်းမျဉ်းစည်းကမ်းများဖြင့် သတ်မှတ်ထားခြင်းဖြစ်သည်။ စာဖြင့် ချရေးထားသော ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများသည် သေချာစေခြင်း၊ ထင်သာမြင်သာစေခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိစေခြင်းတို့ ဖြစ်စေသည်။ တရားစီရင်ရေးအနေနှင့်လည်း စစ်ဆေးကြည့်ရှုရန် လွယ်ကူသည်။ မိမိစိတ်ဝင်စားသောပါတီနှင့် မဲဆန္ဒရှင်များအပါအဝင် အလွယ်တကူရယူနိုင်သည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့ကို ဥပဒေနောက်ခံထားပြီး အသေးစိတ်ရှင်းလင်းပြသထားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ သတ်မှတ်ထားသော အာဏာပိုင်က ထောက်ခံထားခြင်းသည် ရွေးကောက်ပွဲ ဆိုင်ရ စီမံခန့်ခွဲခြင်းပြုလုပ်ရာတွင် စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်မှု၊ မျှတမှုနှင့် ဘက်ညီမှုတို့အပေါ် ပိုမိုယုံကြည်မှုရှိစေရန် မြှင့်တင်ပေးသည်။ ထို့နောက် တရားဥပဒေဘောင်အတွင်းမှ ပြန်လည်ပြင်ဆင်ခွင့်ပြုနိုင်ရန်လည်း အခွင့်အလမ်းပေးသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူသောကြောင့် ဥပဒေမူဘောင် အဆင့်ဆင့်လိုက် အသေးစိတ်ပြောပြထားသော အချက်အလက်များ၏ အဆင့်အတန်းလည်း ကွဲပြားသည်။ ဥပဒေစနစ် နှင့် EMB ၏ မျှတကာ စဉ်ဆက်မပြတ်သော ဆုံးဖြတ်ချက်နှင့် ပေါ်လစီများချပေးမည့်အပေါ် စိတ်ပါဝင်စားမှုနှင့် ထိုအချက်ကို ယုံကြည်မှုအတိုင်းအတာဟုခေါ်သော အချက်အလက်များအပေါ်တွင်လည်း မှီတည်နေသည်။

## အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့် သဘောတူညီချက်များ

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတော်တော်များများသည် ၎င်းတို့၏ နိုင်ငံတွင်းရှိ ဥပဒေများကို ကုလသမဂ္ဂ၏ အဓိကဆုံးဖြတ်ချက်နှင့် သဘောတူညီချက်များအပေါ်တွင် အခြေခံပြီး (အခြေခံဥပဒေမှ ပြဋ္ဌာန်းထားသော နည်းအမျိုးမျိုးကိုသုံးပြီး) ပူးတွဲအကောင်အထည်ဖော်လေ့ရှိကြသည်။ ဥပမာအားဖြင့် ၁၉၆၆ ICCPR (နိုင်ငံသား အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးအတွက် နိုင်ငံတကာသဘောတူညီချက်စာချုပ်) နှင့် ၁၉၇၉ ခုနှစ် အမျိုးသမီးများအား ဖိနှိပ်မှုပုံစံမျိုးစုံကို ပယ်ဖျက်ရေး သဘောတူညီချက်စာချုပ် (CEDAW) တို့ဖြစ်ကြသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် နိုင်ငံတွင်းရှိရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် EMB မူဝါဒနှင့် လုပ်ဆောင်ချက်များသည် သဘောတူညီချက်စာချုပ်ပါ ပြဋ္ဌာန်းချက်များကို မိမိနိုင်ငံမှ ကိုယ့်ဆန္ဒအလျောက်လိုက်နာရန် လက်ခံထားသော သဘောတူညီမှု လိုက်နာချက်များအဖြစ် မြင်တတ်ရန်လိုသည်။ အထူးသဖြင့် အကြွင်းမဲ့နှင့် ခွဲခြားမှုကင်းစင် မဲပေးခွင့်များ၊ လျှို့ဝှက်ပြီး လွတ်လပ်သောမဲပေးပိုင်ခွင့်များ၊ အမျိုးသမီးများ ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့်နှင့် ပြည်သူပိုင်ရုံးတွင် တာဝန်ထမ်းဆောင်ခွင့်၊ လူနည်းစု ဘာသာစကားကွဲသော အုပ်စု၏ရပိုင်ခွင့်တို့နှင့် ဆိုင်သော ကိစ္စများတွင်ဖြစ်သည်။ နိုင်ငံပေါင်းစုံအဖွဲ့အစည်းများ (ဥပမာ -ဥရောပ သမဂ္ဂ) မှတစ်ဆင့် ဒေသဆိုင်ရာသဘောတူညီချက်စာချုပ်များ ချုပ်ဆိုပြီး တိုင်းပြည်နှစ်ပြည် သဘောတူညီချက်ရယူထားခြင်းတွင် ရွေးကောက်ပွဲဆိုင်ရာ လိုအပ်ချက်များလည်း ပါကောင်းပါနိုင်လိမ့်မည်။ ထိုကဲ့သို့သော သဘောတူညီချက်စာချုပ်မျိုးကို ထိရောက်စေရန်အတွက် အထောက်အကူပြုဥပဒေများလိုသည် ဆိုသော်ငြားလည်း သဘောတူညီမှုစာချုပ်တွင် လက်မှတ်ရေးထိုးထားပြီး EMB ၏ အခွင့်အရေးပိုင်းဆိုင်ရာ ဆန့်ကျင်ဖောက်ဖျက်မှုများသည် တရားဥပဒေအရ စိန်ခေါ်မှုများကြုံတွေ့ရနိုင်သေးသည်။

ဒေသဆိုင်ရာဌာနများရှိသော အဖွဲ့ဝင်နိုင်ငံများ။ OSCE ကဲ့သို့သော ဥရောပရှိလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအသင်း၊ အမေရိကန်ပြည်နယ်များအသင်း (OAS) ကဲ့သို့သော၊ အာဖရိက

သမဂ္ဂ (AU) ကဲ့သို့သော အဖွဲ့အစည်းများသည် ဒေသဆိုင်ရာဌာနများမှ လက်ခံထားသော သဘောတူညီမှု စာချုပ်များနှင့် ဆုံးဖြတ်ချက်များအား ကျင့်သုံးရန်အတွက် ဥပဒေပြုရေးဆိုင်ရာ သို့မဟုတ် ကြီးကြပ်စီမံရေး ဆိုင်ရာတို့မှတစ်ဆင့် လက်မှတ်ရေးထိုးပြီး ၎င်းတို့ကိုယ်ကို ကတိကဝတ်ခံလာကြသည်။ ၁၉၉၀ ပြည့်နှစ်တွင် OSCE (ဥရောပရှိလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအသင်း)သည် ကိုပန်ဟေဂန် ကတိကဝတ်ကို လက်ခံခဲ့သည်။ ပါဝင်တက်ရောက်သော နိုင်ငံများမှတစ်ဆင့် "ခိုင်မြဲသော ဂုဏ်သိက္ခာကို ပြည့်ပြည့်ဝဝ ဖော်ပြရာတွင် မရှိမဖြစ်လိုအပ်သော တရားမျှတမှု၏ အရာတို့ကြားတွင် လေးနက်စွာကြေငြာအပ်ပါသည်။ လူသားအားလုံး၏ညီမျှပြီး ယူဆောင်သိမ်းပိုက်၍ မရနိုင်သော အရာမှာ ကြိုးကြောင်းသင့်တော်သောအချိန်တွင် လျှို့ဝှက်မဲများ သို့မဟုတ်ညီမျှသော လွတ်လပ်သော မဲပေးခြင်းဆိုင်ရာလုပ်ငန်းစဉ်တို့ဖြင့် တည်ဆောက်ထားသော လွတ်လပ်စွာဆန္ဒမဲပေးခြင်းဖြစ်ပါသည်။မဲဆန္ဒရှင်များအား ၎င်းတို့ကြိုက်နှစ်သက်သော ကိုယ်စားလှယ်အား ၎င်းတို့၏ အမြင်အား လွတ်လပ်စွာဖော်ထုတ်ပြသရွေးချယ်ခြင်းကို လုံးဝကျင့်သုံးမည်ဟု အာမခံပါသည်။" ဟုပြောခဲ့သည်။ AU(အာဖရိကသမဂ္ဂ) ၏ ဒီမိုကရေစီ၊ ရွေးကောက်ပွဲနှင့် အစိုးရနှင့်ဆိုင်သော ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် -

၁။ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုတို့အတွက် တာဝန်ရှိသော အမှီအခိုကင်း၊ ဘက်မလိုက်သော နိုင်ငံအဆင့် ရွေးကောက်ပွဲဆိုင်ရာဌာနများကို တည်ထောင်ပြီးနောက် အားကောင်းစေခြင်း

၂။ ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခဖြစ်မှုများကို ပြန်လည်ပြင်ဆင်ပေးနိုင်မည့် နိုင်ငံလုံးဆိုင်ရာ လုပ်ဆောင်ပုံတို့ကို တည်ထောင်ပြီးနောက် အားကောင်းစေခြင်း

၃။ အပြိုင်အဆိုင်ဖြစ်နေသော ပါတီများနှင့် ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းများအား ပြည်နယ် အစိုးရပိုင် မီဒီယာထံသို့ မျှတတူညီစွာအသုံးပြုပိုင်ခွင့် ရွေးကောက်ပွဲကာလအတွင်း ရရှိနိုင်စေရန် အာမခံသည်။

၄။ နိုင်ငံရေးဆိုင်ရာ ရင်နီးမြှုပ်နှံသူများ အစိုးရနှင့် အခြားသော နိုင်ငံရေးဆိုင်ရာ လှုပ်ရှားသူများ အားလုံးကိုရွေးကောက်ပွဲမတိုင်မီ သို့မဟုတ်ရွေးကောက်ပွဲအပြီးတွင်အချည်အနှောင်တစ်ခုကဲ့သို့ တရားဥပဒေအရ အသိအမှတ်ပြုမည့် ဥပဒေတစ်ခုရှိစေရန်၊ ထိုဥပဒေတွင် နိုင်ငံရေးအရ ရင်းနှီးမြှုပ်နှံသူများ၏ ရွေးကောက်ပွဲရလဒ်ကို လက်ခံရန်၊ မဟုတ်ပါက ၎င်းတို့အား တရားဥပဒေနည်းလမ်းအရ သီးသန့်စိန်ခေါ်ရန်တို့ ပါဝင်စေရန် အာမခံပါသည်။

AU(အာဖရိက သမဂ္ဂ) ကမူ ၎င်းတို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့ကျင့်သုံးပြီး သက်သေပြသည့်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေး ယူနစ်တစ်ခုကို ၎င်း၏ အတွင်းဝန်များရုံးအတွင်း တည်ထောင်ပြီး ဖြစ်သည်။

ထိုကဲ့သို့သော မူဘောင်မျိုးကို ဒေသခွဲဆိုင်ရာ ဌာနမျိုးကလည်း တည်ထောင်သည်ကို တွေ့ရသည်။ ဥပမာအားဖြင့် တောင်အာဖရိက တိုးတက်ရေးအသိုင်းအဝိုင်း (SADC ) နှင့် အနောက်အာဖရိက ပြည်နယ်များ စီပွားရေးဆိုင်ရာ အသိုင်းအဝိုင်း (ECOWAS) တို့ ဖြစ်ကြသည်။ထိုကဲ့သို့သော ဒေသဆိုင်ရာနှင့် EMB ၏ ဥပဒေမူဘောင်ကိုသက်ရောက်သော လိုက်နာစေနိုင်သည့် သဘောတူညီချက်စာချုပ် ရှိသည့် ဥပမာကိုပြရလျှင် ၂၀၀၁ ခုနှစ် ECOWAS (အနောက်အာဖရိက ပြည်နယ်များ စီပွားရေးဆိုင်ရာ အသိုင်းအဝိုင်း) ၏ ဒီမိုကရေစီနှင့် အစိုးရကောင်းအပေါ် လုပ်ထုံးလုပ်နည်းအဆင့်ဆင့် တို့တွင်တွေ့နိုင်ပါသည်။ ထို လုပ်ထုံးလုပ်နည်းအောက်တွင် အဖွဲ့ဝင်နိုင်ငံများသည် အမှီအခိုကင်းသော ဘက်မလိုက်သော ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားမှုမျိုးကို ဆောင်ရွက်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကိုအချိန်မီ ဖြေရှင်းရန်တို့ကို ကတိကဝတ်ပြုထားသည်ကို တွေ့ရမည်ဖြစ်သည်။

လက်မှတ်ရေးထိုး ခံဝန်ချက်ပြုထားသော၊ ချည်နှောင်မှုရှိသော သဘောတူစာချုပ်များနှင့် ဆုံးဖြတ်ချက်များအပြင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာဌာနတို့၏ ချည်းနှောင်ခြင်းကင်းသော ဆုံးဖြတ်ချက်များလည်း ရှိသေးသည်။ အောက်တိုဘာလ ၂၅ ရက်တွင် နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ လေ့လာစောင့်ကြည့်ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ တစ်ကမ္ဘာလုံး ကြေငြာချက်အားကုလသမဂ္ဂနှင့် တစ်ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ လက်ခံကျင့်သုံးခဲ့ကြသည်။ ထို့နောက်တွင်အဖွဲ့အစည်းပေါင်းများစွာတို့ကလည်း လက်ခံကျင့်သုံးခဲ့ကြသည်။ SADC နယ်တွင် တောင်အာဖရိက ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်း (EISA) နှင့် SADC (တောင်အာဖရိက တိုးတက်ရေးအသိုင်းအဝိုင်း) နိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်ဆွေးနွေးခန်း(ECF) တို့သည် ရွေးကောက်ပွဲစီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (PEMMO) ကို ပူးပေါင်းတည်ထောင်ခဲ့သည်။ ထိုအချိန်တွင် SADC (တောင်အာဖရိက တိုးတက်ရေး အသိုင်းအဝိုင်း)၏ လွှတ်တော်ရေးရာဆွေးနွေးခန်းမှ ကိုယ်ပိုင်ရွေးကောက်ပွဲဆိုင်ရာ ကျင်ထုံးနှင့် လုပ်ဆောင်ပုံများကိုတည်ထောင်ပြီး ဖြစ်သည်။ ထိုကဲ့သို့သော စည်းမျဉ်းစည်းကမ်းနှင့် လမ်းညွှန်များသည် စောင့်ကြည့်လေ့လာသူများ၏ တာဝန်ဖြစ်သော ဒေသတစ်ခုတွင် ရွေးကောက်ပွဲသည် လွတ်လပ်၊ မျှတ၊ စိတ်ချယုံကြည်ရမှု ရှိ၊မရှိ တို့အတွက် နှိုင်းယှဉ်တိုင်းတာနိုင်သော စံနှုန်းတစ်ခုဖြစ်လာသည်။

## ဖွဲ့စည်းပုံ အခြေခံဥပဒေ

အရေအတွက်အားဖြင့် တိုးတက်လာသော နိုင်ငံများသည် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေများအတွင်း အခြေခံရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပူးတွဲကျင့်သုံးနေသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံတွင် EMB ၏ အမျိုးအစား၊ ဖွဲ့စည်းပုံနှင့် တာဝန်တို့ပါ ပါတတ်သည်။ ဘင်္ဂလားဒေ့ရှ်၊ ကော်စတာရီကာ၊ ဂါနာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တောင်အာဖရိကနှင့် ဥရုဂွေးနိုင်ငံတို့မှာလည်း ၎င်းတို့၏ဆိုင်ရာ EMB များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဌာနများအဖြစ် တည်ထောင်လိုက်ကြသည်။ ထိုသို့လုပ်လိုက်သောအခါ ၎င်းတို့၏ အဆင့်အတန်းနှင့် အခြားသော အခြေခံဥပဒေ အတွင်း ပြဋ္ဌာန်းထားသောအရာများကို ပါပြောင်းလဲရန် ပိုမိုခက်ခဲသွားသည်။ အခြေခံဥပဒေမှ ပြဋ္ဌာန်းချက်များသည် သာမန်ဥပဒေများ ထက်ပိုမိုပြောင်းလဲရန် ခက်ခဲတတ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် ဥပမာအားဖြင့် ဥပဒေပြုလွှတ်တော်အတွင်းတွင် သတ်မှတ်ထားသော အတိုင်းအတာတစ်ခုထိထောက်ခံမှုရရန် သို့မဟုတ် ဆန္ဒခံယူပွဲလုပ်ရန်လိုအပ်သည်။ မိမိတို့အသာစီးရလိုသောကြောင့် ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုသော အာဏာရပါတီအဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ခိုင်မာခြင်းတည်းဟူသော အတားအဆီးကို ပြလိုက်သောအခါ အတိုက်အခံပါတီအဖို့ ထိုပြဋ္ဌာန်းချက်များသည် သာမန်အစိုးရစည်းမျဉ်း သို့မဟုတ် ပြဋ္ဌာန်းဥပဒေအတွင်းရှိနေခြင်းထက် ယခုအခြေအနေက ပိုလုံခြုံကြောင်းကို အကာအကွယ်ကြီးကြီးမားမားရလိုက်သကဲ့သို့ ခံစားရမည်ဖြစ်သည်။ သာမန် အစိုးရစည်းမျဉ်း သို့မဟုတ် ပြဋ္ဌာန်းဥပဒေအတွင်းရှိနေပါက လွှတ်တော်အတွင်းမှ လူအများစုသဘောနှင့် ပြုပြင်ပြောင်းလဲမှု လုပ်လိုက်နိုင်လေသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအတွင်းတွင်လည်းပါရှိသော အချို့သော ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ပါဝင်သော အချက်များမှာ :

- EMB လွတ်လပ်မှု
- EMB ဖွဲ့စည်းမှုနှင့် ခန့်အပ်မှုစနစ်
- EMB တာဝန်ထမ်းဆောင်သက်
- EMB အာဏာနှင့် လုပ်ဆောင်ချက်များ
- မဲပေးခွင့် ဆိုင်ရာရပိုင်ခွင့်များ သို့မဟုတ် မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းရန် လိုအပ်ချက်များ
- နိုင်ငံရေးပါတီဆိုင်ရာ ရပိုင်ခွင့်များ
- နယ်နိမိတ်ကန့်သတ်ရေးဆိုင်ရာ အာဏာပိုင် သို့မဟုတ် ကန့်သတ်များ
- သမ္မတ ရွေးကောက်သောစနစ်
- အမျိုးသားလွှတ်တော် ရွေးကောက်ပွဲစနစ်
- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရနိုင်ရန် ရပိုင်ခွင့် သို့မဟုတ် လိုအပ်သော အရည်အချင်းသတ်မှတ်ချက်များ
- ရွေးကောက်ပွဲကျင်းပရမည့်ကာလနှင့် အများဆုံးကွာခြားနိုင်သော ကာလအပိုင်းအခြားနှင့်
- ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကို ဖြေရှင်းရန် နည်းလမ်းများတို့ ဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာပြဋ္ဌာန်းချက်များ၏ အတိုင်းအတာနှင့် သဘောသဘာဝများကို တိုင်းပြည် တစ်ပြည်၏ အခြေခံဥပဒေအတွင်းတွင် ထည့်ရေးဆွဲရန် သင့်တော်၏မတော်၏သည် နိုင်ငံတွင်းဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များအပေါ် မူတည်ပြီး အမျိုးမျိုးပြောင်းလဲနိုင်သည်။

- ဩစတြီးယား၏ အခြေခံဥပဒေက EMB အသင်းဝင်မှု၊ မဲပေးခွင့်ရရှိမှုနှင့် အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ကဏ္ဍကို ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခနှင့် ရွေးကောက်ပွဲ စနစ်အတွင်း ပြဋ္ဌာန်းထားသည်။
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ အခြေခံဥပဒေက EMB ၏ အာဏာ၊ အမှီအခိုကင်းမှုနှင့် လုပ်ဆောင်ချက်ကို မဲပေးပိုင်ခွင့်၊ ကိုယ်စားလှယ်အမတ်လောင်း၏ အရည်အချင်းပြည့်ဝမှုနှင့် ရွေးကောက်ပွဲတစ်ခု နှင့်တစ်ခုကြား အကြာဆုံးကာလတို့ဖြင့် ပိုင်းဖြတ်လေသည်။
- ကင်မရွန်းနိုင်ငံ၏ အခြေခံဥပဒေကမူ နိုင်ငံရေးပါတီတို့၏ ရပိုင်ခွင့်များ၊ ကိုယ်စားလှယ်လောင်း တို့၏အရည်အချင်းနှင့် ကြားကာလအချိန် မည်မျှရှိလျှင် ရွေးကောက်ပွဲကျင်းပရမည်နှင့် တရားရုံး ချုပ်နှင့် အခြေခံဥပဒေခုံရုံး၏ အာဏာနှင့် လုပ်ပိုင်ခွင့်တို့မှာ ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခတို့နှင့် သက်ဆိုင်လေသည်။
- ကောစတာရီကာတွင် အခြေခံဥပဒေက EMB ၏ အမှီအခိုကင်းမှု၊ အဖွဲ့ဝင်ဖြစ်ခြင်းနှင့်လုပ်ဆောင်

ချက်များကို တည်ထောင်သတ်မှတ်ပြီး၊ မဲပေးပိုင်ခွင့်၊ နိုင်ငံရေးပါတီ အခွင့်အရေး (အစိုးရဘဏ္ဍာထောက်ပံ့ခြင်းအပါအဝင်)၊ ရွေးကောက်ပွဲဆိုင်ရာစနစ်နှင့် ကိုယ်စားလှယ်လောင်းတို့၏ အရည်အချင်းပြည့်ဝမှုတို့အား ကိုင်တွယ်ဖြေရှင်းလေသည်။

- ဂါနာနိုင်ငံ၏ အခြေခံဥပဒေသည် မဲပေးပိုင်ခွင့်၊ EMB တည်ထောင်ခြင်းနှင့်၊ နိုင်ငံရေးပါတီ တည်ထောင်ခွင့် ဝင်ရောက်ခွင့်နှင့် မဲဆန္ဒနယ်များကို ကန့်သတ်ခြင်းတို့အား ကိုယ်တွယ်ဖြေရှင်းလေသည်။
- အိန္ဒိယနိုင်ငံတွင် အခြေခံဥပဒေမှ EMB ကိုတည်ထောင်သော ပြဋ္ဌာန်းချက်များပြဋ္ဌာန်းပြီး မဲပေးပိုင်ခွင့်မဲစာရင်းရေးသွင်းမှုတို့နှင့်ဆိုင်သော ဖြေရှင်းပုံများ၊ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများတွင် တရားရုံး၏ ဝင်ရောက်စွက်ဖက်မှုကို တားဆီးပေးခြင်းနှင့် တရားဝင်သတ်မှတ်ထားပြီးဖြစ်သော "မျိုးနွယ်" နှင့် "ဇာတ်" များအတွက် ပြည်သူ့လွှတ်တော်အတွင်းတွင် ရာထူးနေရာများ ဦးထားပြီးဖြစ်သည်။
- မဒါဂတ်စ်ကား၏ အခြေခံဥပဒေသည် ကိုယ်စားလှယ်လောင်း၏ ရပိုင်ခွင့်၊ အထက်လွှတ်တော်နှင့် သမ္မတအတွက် ရွေးကောက်ပွဲဆိုင်ရာစနစ်နှင့် ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခတွင်အခြေခံဥပဒေခုံရုံး၏ကဏ္ဍကို သတ်မှတ်ဖော်ပြထားလေသည်
- နမ်ဘီယမ်း အခြေခံဥပဒေက သမ္မတရွေးချယ်တင်မြှောက်ရေးအတွက် လိုအပ်သော အရည်အချင်းနှင့် လုပ်ဆောင်ပုံ အဆင့်ဆင့်တို့ကို တိတိကျကျဖော်ပြထားသည်။
- ပီရူးနိုင်ငံ၏ အခြေခံဥပဒေသည် အမျိုးသား ရွေးကောက်ပွဲ ခုံရုံး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ အဖွဲ့ဝင်ဖြစ်ခွင့်နှင့် လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ကိုယ်တွယ်ဖြေရှင်းသည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ကြီးကြပ်ပေးပြီး နိုင်ငံရေးပါတီများ၏ မှတ်ပုံတင်စာရင်းရေးသွင်းခြင်း ရလဒ်ကြေငြာခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခဖြေရှင်းခြင်းတို့ကိုလည်း တာဝန်ယူသည် အခြေခံဥပဒေက အမျိုးသားရေးရာရုံးကို ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အတွက် ပစ္စည်းများ စုဆောင်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဘဏ္ဍာငွေထောက်ပံ့ခြင်းနှင့် ရွေးကောက်ပွဲအားလုံး အတွက် မဲရေခြင်းတို့ကို လုပ်ရပ်လုပ်ပိုင်ခွင့် အာဏာပေးလေသည်။ ကြီးကြပ်စီမံရေးမှူးရာထူးအတွက် အရည်အချင်းလိုအပ်ချက်များကို ထုတ်ပြန်ခြင်းကိုလည်းလုပ်သည်။ ထို့နောက်တွင် အမျိုးသား မှတ်ပုံတင်ရုံးနှင့် ပြည်သူ့ အခြေအနေ စစ်ဆေးရေးရုံးအား ၎င်းတို့၏ ပြည်သူ့စာရင်း ဒေတာဘေ့စ်မှ ရွေးကောက်ပွဲစာရင်းလုပ်ရန် အာဏာလွှဲပေးသည်။
- ရိုမေးနီးယားနိုင်ငံ၏ အခြေခံဥပဒေသည် ပြည်သူတို့၏ ရွေးချယ်ခွင့်နှင့် ရွေးချယ်ခံခွင့်ကို ပြသထားလေသည်။ ထိုတည်ထောင်ထားသောအချက်ကို စည်းမျဉ်းစည်းကမ်း သတ်မှတ်ရန် ပုံသေ ရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်လုပ်ငန်းလည်ပတ်ရန် အခြေခံဥပဒေမှ သတ်မှတ်သော ဥပဒေသတစ်ခု လိုသည်။

ထိုနည်းတူပင် အခြေခံဥပဒေအတွင်း ချိန်ရွယ်ထားသော ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ အခြားသော ပုံစံအမျိုးမျိုးဖြင့်ရေးဆွဲထားခြင်း ဖြစ်နိုင်သေးသည်။ အခြေခံဥပဒေမှ သတ်မှတ်ထားသော "လွတ်လွတ်လပ်လပ်" EMB ဥပမာနစ်ခုကို စဉ်းစားကြည့်ပါ။

> "ထို အခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်မှ လွဲကာ အခြားသော အခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိသော ကိစ္စများနှင့် ပတ်သက်ပြီး ၎င်း၏တာဝန်လုပ်ငန်းကိုလုပ်ရာတွင် ရွေးကောက်ပွဲကော်မရှင်သည် အခြားသော အာဏာပိုင် သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လမ်းညွှန်မှု၊ ထိန်းချုပ်မှုတို့ကို လက်ခံမည် မဟုတ်ပါ" (ဂါနာနိုင်ငံ အခြေခံဥပဒေ ပုဒ်မ ၄၆)

"အထွေထွေရွေးကောက်ပွဲသည် နိုင်ငံအဆင့်၊ ပုံသေသတ်မှတ်၊ အမှီအခိုကင်းသော အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်၏ စီစဉ်ကျင်းပမှုသာလျှင်ဖြစ်ရမည်" (အင်ဒိုနီးရှားနိုင်ငံ အခြေခံဥပဒေ ပုဒ်မ 22E(5))

---

အခြေခံဥပဒေတွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ အဓိကဥပဒေများအား အတည်ပြုသတ်မှတ်ခြင်း သည် ရွေးကောက်ပွဲစနစ်အတွင်း ယုံကြည်မှုကိုမြင့်တက်စေသည်။ ထိုပြဋ္ဌာန်းချက်များအနေဖြင့် သိပ်အသေးစိတ်လွန်းပါကလည်း ဆိုးကျိုးရှိနိုင်သည်။ ထိုအခါတွင် ဥပဒေမူဘောင် အနေနှင့်လည်း ပြောင်းလဲသွားသော အခြေခံဥပဒေကို ကျေနပ်စေရန်အတွက် သို့မဟုတ် အခြေခံဥပဒေကို ပြင်ဆင် ရန် ကြာမြင့်သော အချိန်ပမာဏကြောင့် ကျင့်သုံးပုံကို ပြောင်းလဲရန် ခက်ခဲသွားလိမ့်မည်။

---

တိုင်းပြည်တစ်ပြည်၏ ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားမှုတွင် မည်သည့်ရွေးကောက်ပွဲဆိုင် ရာပြဋ္ဌာန်းချက်က ပြည်သူလူထု၏ ယုံကြည်မှုကို ဆိုးဆိုးရွားရွား ထိခိုက်နေသည်ဟူသော အတိုင်းအတာ ပမာဏ အပေါ်တွင် မူတည်သည်။ ယေဘုယျအားဖြင့် ပြည်သူလူထုကို စီမံခန့်ခွဲခြင်းနှင့် ဥပဒေပြုရေးတွင် လူထု၏ယုံကြည်မှုကို မြင့်မြင့်မားမားရသော၊ အထူးသဖြင့် ရွေးကောက်ပွဲကျင်းပရာတွင် ဒီမိုကရေစီ ကျကျ နနတည်ထောင်ပြီးသားနိုင်ငံများတွင် အခြေခံဥပဒေက EMB အတွက် ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ပေးခြင်း မလုပ်တော့ပေ။ သို့သော်လည်း သာမန်အားဖြင့် အပြုံသင်ကာစ ဒီမိုကရေစီနိုင်ငံများတွင် ခေတ်မီအသေး စိတ်ကျနသော ဥပဒေမူဘောင်မှ အထောက်အပံ့ပြုသော အမှီအခိုကင်း အင်အားကောင်းသော အခြေခံ ဥပဒေရှိ အဓိကကျသောရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပူးတွဲလည်ပတ် အလုပ်လုပ်နိုင်သော EMB တစ်ခုရှိသည်မှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည်။ အခြေခံဥပဒေ၏ အာဏာပိုင်မှုနှင့် ရှင်းလင်းချက်က ရွေး ကောက်ပွဲလုပ်ငန်းစဉ်တွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုရရှိ စေရန်လုပ်ဆောင်ပေးသည်။

## ရွေးကောက်ပွဲဥပဒေ : အက်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ

EMB သည် လွှတ်တော်မှတစ်ဆင့် ပြဋ္ဌာန်းထုတ်ပြန်ချက်ကြောင့် ပေါ်ပေါက်လာခြင်းလည်း ဖြစ် နိုင်သည်။ ဥပမာ - ဩစတြေးလျ၊ ဘာကီနာဖိုဆာနှင့် ကနေဒါတို့သည် ၎င်းတို့၏ ဆိုင်ရာ EMB များကို ပြဋ္ဌာန်းဥပဒေအရ ဖန်တီးခဲ့ခြင်းဖြစ်သည်။ အစိုးရဖွဲ့စည်ထားသော EMB ကို ဥပဒေအတွင်းထည့်သွင်း သတ်မှတ်ရန်မှာ အင်မတန်မှမမှန်သည့် ကိစ္စတစ်မျိုးပင်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာဥပဒေတွင် တာဝန် များကို အစိုးရကိုယ်စားလှယ်ဌာနများကို ပိုမိုလွှဲပေးလေ့ရှိသည်။ သို့သော်လည်း ဗြိတိန်တွင် (ဖြစ်ရပ်လေ့ လာချက်ကိုကြည့်ပါ) ထည့်သွင်းရေးသားထားသော အခြေခံဥပဒေ မရှိပါလျက် ရွေးကောက်ပွဲကော်မရှင် သည်၊ ဆန္ဒမဲကောက်ခံမှုအတွက် EMB သည် ပြဋ္ဌာန်းဥပဒေထဲတွင် ထည့်သွင်းရေးသားထားသည်။

ထိုရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းဥပဒေများကို အကြမ်းသတ်မှတ်ရေးသားခြင်းသည် ကောင်းသောအလေ့ အထ တစ်မျိုးပင်ဖြစ်သည်။

- ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ် ကိစ္စတို့အတွက် ဥပဒေပြုရေးဆိုင်ရာမူဘောင်ကို ပွင့်လင်းမြင် သာစွာချပြခြင်း၊ ပြီးနောက်တွင် လစ်ဟာနေသော နေရာများကိုဖြည့်စွက်ပေးရန်အတွက် တာဝန် ကို ခွဲဝေပေးခြင်း နှင့်/သို့မဟုတ် ဒုတိယအဆင့် ဥပဒေပြုရေး၊ စည်းကမ်းသတ်မှတ်ရေး သို့မဟုတ် EMB စီမံညွှန်ကြားရေးအဆင့်များ ကို အသေးစိတ်ကြည့်ရှုခြင်း

- နိုင်ငံအဆင့် EMB(ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေး ဌာနများ) နှင့် အရံ EMB များ ၊ ၎င်းတို့၏ တာဝန်ခံနိုင်မှု၊ အာဏာလုပ်ပိုင်ခွင့်ရမှု၊ တာဝန်များနှင့် လုပ်ဆောင်ချက်များ နှင့်
- ဥပဒေပြုရေးမဏ္ဍိုင်အနေနှင့် အဘက်ဘက်မှ ထိရောက်ပြီးသိက္ခာရှိသော ရှင်းလင်းပြီး လုံလုံလောက်လောက် အသေးစိတ်ရေးသားထားသော ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားမှုများကို ဥပမာအားဖြင့် EMB အဖွဲ့ဝင်များ၊ ဝန်ထမ်းခန့်အပ်ခြင်းနှင့် တာဝန်ထမ်းဆောင်သက်၊ မဲဆန္ဒရှင်စာရင်းရေးသွင်းခြင်း၊ နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းများမှတ်ပုံတင်ခြင်း၊ နိုင်ငံရေး မဲဆွယ်မှုများ နှင့် မဲဆန္ဒရှင် အသိပညာပေးရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေရေးကဲ့သို့သော လုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သောအရာများ၊ EMB ပွင့်လင်းမြင်သာမှုရှိခြင်း၊ မဲပေးခြင်းမဲရေတွက်ခြင်းနှင့် ရလဒ်ကြေငြာခြင်း၊ ဘဏ္ဍာရေးနှင့် ပိုင်ဆိုင်မှုဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စများ၊ ရွေးကောက်ပွဲ မသမာမှုများနှင့် ရွေးကောက်ပွဲပဋိပက္ခဖြစ်မှုများကဲ့သို့ အရာများအတွက် အခြားသောကိစ္စများဖြစ်သည့် နယ်နိမိတ်ကန့်သတ်ရေး စည်းမျဉ်းများနှင့် လုပ်ဆောင်ပုံများ EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက် လုပ်ထုံးလုပ်နည်း ကျင့်ဝတ်များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူပိုင်မီဒီယာများနှင့်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့်ဆိုင်သော ကိစ္စများသည် ရွေးကောက်ပွဲ ဆိုင်ရာ ဥပဒေပြုရေးတွင် ပါဝင်ပြီးဖြစ်ပေလိမ့်မည်။

ဥပဒေမူဘောင်၏ တစ်စိတ်တစ်ပိုင်းသည်လည်း ဒုတိယအဆင့် ဥပဒေပြုရေးအဖြစ် ဆောင်ရွက်နိုင်သည်။ ဥပမာအားဖြင့် EMB ၏လုပ်ပိုင်ခွင့်ဖြင့် အထက်ကြီးကြပ်စီမံရေး အရာရှိထံမှ အမိန့်ဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်း၊ ပြည်နယ် သို့မဟုတ် စီရင်စုအဆင့် လွှတ်တော်ဖြင့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံတွင် ဒုတိယအဆင့် ဥပဒေပြုသည့် ပုံစံစီရင်ခြင်း သို့မဟုတ် မြို့နယ်အာဏာပိုင်များဖြင့် စည်းမျဉ်းစည်းကမ်း ပုံသဏ္ဍာန်ထုတ်ခြင်းတို့ဖြစ်သည်။

စီရင်စုနှင့် မြို့နယ်ဆိုင်ရာ ရွေးကောက်ပွဲများအတွက် ပြဋ္ဌာန်းချက်များသည် မကြာခဏဆိုသလို သီးသန့်ခွဲထုတ်ထားသော ဥပဒေပြုချက်များတွင် ပါလေ့ရှိသည်။ ပြည်ထောင်စုနိုင်ငံများတွင် နိုင်ငံအဆင့်နှင့် စီရင်စုအဆင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်တို့သည် ခွဲခြားပြီးအဓိပ္ပာယ်ဖွင့်ရန်လိုအပ်သည်။ အာဏာကို နိုင်ငံအဆင့်နှင့် စီရင်စုအဆင့် အခြေခံဥပဒေမှတစ်ဆင့် ခွဲခြားထားပုံတွင်လည်း မူတည်သည်။ ရှေ့နောက်မညီသော သို့မဟုတ် အပြန်အလှန်ထပ်တူကျနေသော နိုင်ငံအဆင့်နှင့် စီရင်စုအဆင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုချက်များ ဥပမာအားဖြင့် မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းခြင်း သို့မဟုတ် မဲပေးသည့် လုပ်ငန်းစဉ်ကဲ့သို့အရာမျိုးသည် မဲဆန္ဒရှင်များ ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေနိုင်သည်။ ပြည်ထောင်စုနှင့် စီရင်စုအဆင့် ဥပဒေပြုသူများနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားသူများ ပုံမှန်တွေ့ဆုံဆွေးနွေးခြင်းပြုလုပ်ပါက ထိုကဲ့သို့သော ရှုပ်ထွေးခြင်းနှင့် ရောထွေးခြင်းပြဿနာများကို လျှော့ချနိုင်မည်ဖြစ်သည်။

ထပ်ပေါင်းပြောဆိုရလျှင် နိုင်ငံတကာမှ ဌာနများပါ ထည့်သွင်းစဉ်းစားရသော ရွေးကောက်ပွဲတွင် နိုင်ငံအဆင့် ဥပဒေပြုရေးက ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုကို နိုင်ငံတကာ သဘောတူညီချက်အတွင်းတွင် အဓိပ္ပာယ် ဖွင့်ဆိုရလိမ့်မည်ဖြစ်သည်။ ဥရောပလွှတ်တော်ကို ဥပမာအနေဖြင့်ကြည့်ပါ။ ဥရောပအဆင့် တရားဥပဒေဆိုင်ရာ စာချုပ်စာတမ်းတွင်ပါဝင်သော ပြဋ္ဌာန်းချက်များသည် အစိတ်အပိုင်း တော်တော်များများက အင်မတန်ယေဘုယျဆန်သည်ကို တွေ့ရမည်ဖြစ်ပြီး ဥရောပလွှတ်တော် ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲပုံတည်ဆောက်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပါဝင်သောအဖွဲ့ဝင်ပြည်နယ်တစ်ခုစီအတွက် ချန်ထားခဲ့သည်။

အခြေခံဥပဒေနှင့် ဥပဒေပြုရေး ကြားထဲတွင် ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းချက်သည် ဟန်ချက်ညီနေသကဲ့သို့ ဥပဒေပြုရေးနှင့် အရံစည်းမျဉ်းသတ်မှတ်ရေးကြားတွင်လည်း ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းသတ်မှတ်ရေးသည် ဟန်ချက်ညီနေရမည်ဖြစ်ပြီး သို့မဟုတ်ပါက လုပ်ငန်းစဉ်များကို သေသေချာချာ အကဲဖြတ်ရတော့မည် ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုခြင်းသည် ဂုဏ်သိက္ခာနှင့် ထိရောက်မှုရှိရန် အတွက်လည်း အတိုင်းအတာတစ်ခုအထိ အသေးစိတ်ရမည်။ သို့ရာတွင်လည်း ဥပဒေပြုပြင်ရေးတွင် EMB များကို သူတို့၏ လုပ်ငန်းလုပ်ဆောင်ပုံတွင် အနည်းငယ်ပြောင်းလဲမည်ဖြစ်သောကြောင့် ခွင့်ပြုချက်တောင်းရလောက်သည် အထိလည်း အသေးမစိတ်သင့်ပေ။ သိပ်ပြီးအသေးစိတ်လွန်းပါက ဥပမာအားဖြင့် EMBတစ်ခုဘက်မှဝန်ထမ်းခန့်အပ်ပုံကိုလည်းပြောင်းနိုင်မည်မဟုတ်သကဲ့သို့စီမံညွှန်ကြားရေးပုံစံကိုလည်း ပြောင်းနိုင်တော့မည်မဟုတ်ချေ။ သို့မဟုတ် ဌာန၏ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ကိုလည်းဥပဒေမပြောင်းဘဲနဲ့ ပြောင်းနိုင်တော့မည် မဟုတ်ချေ။ အထူးသဖြင့် လွှတ်တော်အမတ်များ တာဝန်ထမ်းဆောင်သက် ကုန်ဆုံးသောကြောင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပရသော ပတ်ဝန်းကျင်မျိုးတွင် ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုရေးဘက်မှ EMB ကို ရွေးကောက်ပွဲဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ အပြောင်းအလဲနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ခွင့်ပြုဖို့ လိုအပ်သည်။

ခေတ်သစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုရေး စီမံချက်သည် ဥပဒေတစ်ခု သို့မဟုတ် အများ ပါတတ်သည်။ လုပ်ရိုးလုပ်စဉ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုရေးအတွက် ဥပဒေမူကြမ်း ရေးဆွဲခြင်း သည် အများအားဖြင့် တိကျလေ့ရှိပါသည်။ သို့သော်လည်း တည်ဆောက်ပုံနှင့်သုံးသော ဘာသာစကားကမူ အသုံးပြုရ အတန်ငယ်ခက်ခဲလေသည်။ ဥပဒေပြုချက် တစ်ချက်သည်လည်း အလုံးစုံပြန်လည် ကြည့်ရှုခြင်းမရှိ၊ ခိုင်မာသော ဥပဒေထုတ်ထားခြင်းလည်းမရှိပါက ပြန်လည်ပြင်ဆင်သော အကြိမ်ရေများလာသည့် အခါ နားလည်နိုင်ရန်ခက်ခဲမည် ဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများအားလုံးကို စုပေါင်းဖော်ပြထားသော ဥပဒေတစ်ရပ်သည် အင်မတန်များပြားပြီး ခက်ခဲမည်ဖြစ်သော်လည်း အကိုးအကားပြုရန် ပြန်လည်စစ်ဆေးရန်အတွက် သင့်တော်သည်။ ကိစ္စတစ်ရပ်အတွက် ဥပဒေတစ်ရပ် ခွဲထုတ်ထားခြင်း ဥပမာ အင်ဒိုနီးရှားကဲ့သို့ EMB၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ စာရင်းရေးသွင်း မှတ်ပုံတင်မှုများ၊ လွှတ်တော်တည်ရန်အတွက် ရွေးကောက်ပွဲကျင်းပမှုများ၊ သမ္မတရွေးကောက်ခြင်းနှင့် မြို့နယ်အစိုးရရွေးကောက်ခြင်း အစရှိသော ပုံစံမျိုးသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ရပ်တစ်ခုခြင်းစီအတွက် ရှင်းလင်းပြီး အသုံးပြုရလွယ်ကူနိုင်စေသော်လည်း အချိန်အင်မတန်ကုန်ပြီး သူတို့ကြားတွင် အကြောင်းအရာအချင်းချင်းပဋိပက္ခ ဖြစ်ပွားမှု ရှိ၊မရှိ စစ်ဆေးရန်ခက်ခဲလေသည်။ နောက်ထပ်ဖြစ်နိုင်ချေ တစ်ခုရှိသည်မှာ (ဟန်ဂေရီကဲ့သို့) အရေးကြီးသည့် လုပ်ရိုးလုပ်စဉ်များ (မဲပေးပိုင်ခွင့်၊ တရားဝင်မှု၊ ရွေးကောက်ပွဲ ပြန်လုပ်မည့်အကြိမ်ရေနှင့် ရွေးကောက်ပွဲစနစ်) တို့သည် အခြားသီးသန့် ဥပဒေတစ်ခုအတွင်းတွင် ထည့်လိုက်ကြသည် (လွှတ်တော်အမတ်၊ မြို့နယ် ရွေးကောက်ပွဲနှင့် ဆန္ဒမဲကောက်ယူပွဲကျင်းပရာတွင်) ထိုအချိန်တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကလည်း သူ့စည်းမျဉ်းနှင့်သူ သာမန်ဥပဒေနှင့် လည်ပတ်နေမည်ဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ အမျိုးအစားတစ်မျိုးစီ၏ အကြမ်းဖျဉ်းအပိုင်းများ (ရွေးကောက်ပွဲ ပုံစံအမျိုးမျိုးကို ပေါင်းစပ်ထားသောကြောင့်) အထူးလက္ခဏာပုံစံများပါနေမည်ဖြစ်သည်။

နိုင်ငံတကာဒီမိုကရေစီ နှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေး အဖွဲ့အစည်း IDEA မှ ထုတ်ဝေသောရွေးကောက်ပွဲနှင့် သက်ဆိုင်သော နိုင်ငံတကာ စည်းမျဉ်းများ : ဥပဒေမူဘောင်အတွက် လမ်းညွှန်စာအုပ်တွင် ရွေးကောက်ပွဲကို စီမံခန့်ခွဲရန်အတွက် ဥပဒေမူဘောင်တစ်ခုကို ဆန်းစစ်ရာတွင်

သို့မဟုတ် ပုံဖော်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များကို ဆွေးနွေးတင်ပြထားသည်။ အဓိက ထည့်သွင်းစဉ်းစားရမည့် အရာများမှာ ဇယားကွက်အတွင်းတွင် ပြထားသည်။ (စာမျက်နှာ ၇၀ တွင်ကြည့်)

## EMB ၏ စည်းမျဉ်းစည်းကမ်းနှင့် တရားဝင်ထုတ်ပြန်ကြေငြာချက်များ

အချို့သော နိုင်ငံများတွင် EMB ဘက်မှ ရွေးကောက်ပွဲဆိုင်ရာ မူဘောင်ကိုဥပဒေအသစ် ပြဋ္ဌာန်းခြင်း သို့မဟုတ်လက်ရှိရှိပြီးသား အဓိကဥပဒေပြုချက်များနှင့် လိုက်ဖက်ညီသော စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်းအားဖြင့် ဥပဒေအာဏာဖြင့် စည်းမျဉ်းသတ်မှတ်နိုင်သည်။ ထိုကဲ့သို့သော စီမံမှုသည် အကျိုးထိရောက်မှုရှိပြီး ဥပဒေမူဘောင်ကို ပြင်ဆင်ရာတွင် မြန်မြန်ဆန်ဆန်ပြင်ဆင်နိုင်လေသည်။ ဥပမာအားဖြင့် ဥရုဂွေးနိုင်ငံ၏ EMB သည် မည်သည့်အစိုးရဌာနခွဲများဘက်မှ စစ်ဆေးကြည့်ရှုခွင့်မရှိသော ဆုံးဖြတ်ချက်များကို ချနိုင်စွမ်းရှိပြီး လုပ်ရပ်များကို ခိုင်းပိုင်ခွင့်ရှိလေသည်။ ထို့ကြောင့် ၎င်းထံတွင် ဥပဒေပြုရေးအာဏာရှိသည် (ရွေးကောက်ပွဲကိုအုပ်ချုပ်နိုင်သော ဥပဒေများထုတ်ခြင်း) တရားစီရင်ရေး အာဏာရှိပြီး (ဥပဒေများကို စုပေါင်းပြီး စစ်ဆေးခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်း) ပြဋ္ဌာန်းထားသော ဥပဒေနှင့် စည်းမျဉ်းများကို ကျင့်သုံးနိုင်စွမ်းလည်းရှိသည်။

EMB အတွက် ပိုမို လုပ်ရိုးလုပ်စဉ်ကျသော လုပ်ထုံးတစ်ခုဆိုလျှင်၊ အထူးသဖြင့် လွတ်လပ်သော EMB ဆိုလျှင်၊ ဥပဒေရှိ အယူအဆများ၏ အသေးစိတ်ကို ဖြည့်စွက်ခြင်းဖြင့် ပြန်လည်စစ်ဆေးနိုင်သော စည်းမျဉ်းစည်းကမ်းတစ်ခုကိုဖန်တီးပြီး အာဏာတက်အောင် လုပ်ယူခြင်းဖြစ်သည်။ အစိုးရဖွဲ့စည်းထားသော EMB များအတွက် ထိုအာဏာသည် EMB တည်ရှိသော ဌာနတွင်းတွင် ကိုင်ထားမည်ဖြစ်သည်။ ထိုကဲ့သို့သောနိုင်ငံများတွင်ရှိသော စည်းမျဉ်းစည်းကမ်းများမှာ ၎င်းတို့သည် စီမံခန့်ခွဲရေးဌာန အာဏာအောက်တွင် (ဝန်ကြီးဌာန အာဏာအောက်တွင် ရှိနေသလော) ဆောင်ရွက်ရန်ရှိနေသလောနှင့် ၎င်းတို့သည် ဥပဒေနှင့် ညီ၊မညီ သိရှိရန်အတွက် အများအားဖြင့် သာမန်တရားရုံးမှဖြစ်စေ အခြေခံဥပဒေဆိုင်ရာ တရားရုံးမှဖြစ်စေ စစ်ဆေးပိုင်ခွင့်ရှိသည်။

| ဇယား ၁ : ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေဘောင်ဆိုင်ရာ စစ်ဆေးရမည့် စာရင်းဇယား |
|---|

၁။ EMB အား ပေးအပ်ထားသောဥပဒေမူဘောင်သည် လွတ်လပ်သော ဘက်မလိုက်သော အဖွဲ့ အစည်းတစ်ခုဟု ယူဆနိုင်ပါမည်လား

၂။ ဥပဒေမူဘောင်မှလည်း EMB အား ဘက်မလိုက်ဘဲ ပွင့်လင်းမြင်သာမှုရှိရှိနှင့် လုပ်ဆောင်ရန် လိုအပ်ပါသလော/တိုက်တွန်းနိုင်ပါမည်လော

၃။ ဥပဒေမူဘောင်က EMB အဖွဲ့ဝင်များကို တစ်ဖက်သက်ဆန်ဆန် ရာထူးမှထုတ်ပယ်ခြင်းမခံရအောင် ကာကွယ်ပေးနိုင်ပါမည်လော

၄။ ထိုဥပဒေမူဘောင်က EMB ၏ အဆင့် အမျိုးမျိုးရှိ တာဝန်ခံနိုင်မှု ၊ အာဏာ၊ လုပ်ဆောင်ချက်၊ ဝတ္တရားအမျိုးမျိုးကို အဓိပ္ပာယ်ဖွင့်ဆိုပေးနိုင်ပါမည်လော။ အဆင့်တစ်ဆင့်ချင်းစီ၏ ဆက်ဆံရေးကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါမည်လော

၅။ ဥပဒေဆိုင်ရာ မူဘောင်က EMB နှင့် ပြင်ပရင်းနှီးမြှုပ်နှံသူများ၏ ဆက်ဆံရေးကို လုံလုံလောက်လောက် ရှင်းပြပါသလား

၆။ ဥပဒေမူဘောင်က EMB ၏ လုပ်ဆောင်ရမည့်တာဝန်များကို ရှင်းလင်းအောင် လမ်းညွှန်ချက်ပေးကာ၊ လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်း လိုက်လျောညီထွေရှိအောင်လုပ်ခွင့်ပေးပါသလား

၇။ ဥပဒေဆိုင်ရာမူဘောင်မှ အချိန်နှင့်အမျှ အာဏာသုံးပိုင်ပြီး EMB ၏ ဆုံးဖြတ်ချက်ကို စစ်ဆေးခွင့်ရှိပါသလား

၈။ ဥပဒေမူဘောင်မှ EMB ကို ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ထိထိရောက်ရောက် လုပ်ရန်အတွက် အချိန်လုံလုံလောက်လောက် ပေးပါသလား

၉။ ဥပဒေမူဘောင်မှ EMB ကို ၎င်း၏လုပ်ဆောင်ချက်နှင့် တာဝန်များထိထိရောက်ရောက် လုပ်ကိုင်နိုင်ရန်အတွက် ဘဏ္ဍာငွေကို အချိန်ကိုက် လုံလုံလောက်လောက် ထောက်ပံ့ပါသလား

ဂမ်ဘီယာ၊ ထိုင်းနိုင်ငံနှင့် ယီမင်တို့တွင် EMB များမှ ၎င်းတို့၏အမိန့်ပေးချက်ကို လုပ်နိုင်စေရန်၊ ရွေးကောက်ပွဲ အပါအဝင် စည်းမျဉ်းထုတ်ပြန်နိုင်သော အာဏာရှိသည်။ နမီးဘီးယားတွင် EMBဘက်မှ တရားဥပဒေကိုသတင်းစာမှတစ်ဆင့်ကြေငြာရမည်၊နိုင်ငံရေးပါတီများအတွက်လိုက်နာရမည့်ကျင့်ထုံးများ၊ မဲဆန္ဒရှင် စာရင်းရေးသွင်းခြင်း၊ နိုင်ငံခြား အလှူငွေများကြောင်းကို ပါတီများမှ ထုတ်ပြရမည်ဟူသော လုပ်ငန်းစဉ်ဆိုင်ရာ ပြဿနာကိစ္စ အနည်းငယ်အချို့အပါအဝင် ထည့်သွင်းဖော်ပြရမည်ဟု ထုတ်ပြန်ကြေငြာနိုင်သောအာဏာရှိသည်။ အင်ဒိုနီးရှား EMB သည် အချို့သောနေရာများတွင် အာဏာပိုရှိတတ်ကာ မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ရေးသွင်းခြင်းကိုယ်စားလှယ် လောင်းမှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲမဲဆွယ်ခြင်း လုပ်ငန်းစဉ်ဆောင်ရွက်ခြင်း ၊ မဲပေးသည့် လုပ်ငန်းစဉ် စည်းမျဉ်းပိုင်းဆိုင်ရာ တို့အပါအဝင်ဖြစ်သည်။

---

EMB ၏စည်းမျဉ်း ရေးဆွဲနိုင်သော အာဏာသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ တို့နှင့် စဉ်ဆက်မပြတ်လည်ပတ်နိုင်သော နည်းလမ်းအတိုင်းသာလျှင် အသုံးချရမည်။

---

EMB တော်တော်များများမှာ စီမံညွှန်ကြားမှုဆိုင်ရာ မူဝါဒများချမှတ်နိုင်သော အာဏာနှင့် ၎င်း၏ ဝန်ထမ်းများနှင့်ဆက်ဆံရေး (ကျား/မ လိင်တန်းတူ ဆက်ဆံရေး၊ တိုးတက်ရေးအကျိုးပြုလုပ်ငန်းများ၊ စွမ်းဆောင်ရည် စီမံခန့်ခွဲခြင်း နှင့် ဝန်ထမ်းများတိုးတက်ရေး) ကဲ့သို့သော လုပ်ငန်းလည်ပတ်မှု အကြောင်းအရာများကို လမ်းညွှန်ချက်ပေးနိုင်ပြီး ပြင်ပရင်းနီးမြှုပ်နှံသူများနှင့်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ ပြင်ပမှုရင်းနီးမြှုပ်နှံသူများဆိုသည်မှာ အစိုးရဝန်ကြီးများ၊ အချို့ဘဏ္ဍာရေးဝန်ကြီးဌာနများ၊ ဥပဒေပြုလွှတ်တော်၊ နိုင်ငံရေးပါတီများ၊ CSO များနှင့် မီဒီယာများပါဝင်သည်။

စည်းမျဉ်းစည်းကမ်းနှင့်မတူဘဲ ဥပဒေနှင့် လူသိရှင်ကြားပြောရမည်မှာ ပြောလျှင်ကောင်း သော်လည်း အမှန်တစ်ကယ်တွင်မူ EMB အနေနှင့် ၎င်း၏ စီမံညွှန်ကြားမှုဆိုင်ရာ နည်းလမ်းများနှင့် မူဝါဒများကို မဖြစ်မနေချပြရန် ဥပဒေနှင့်လိုက်နာခိုင်းထားခြင်းမရှိချေ။ EMB ၏ မူဝါဒများကိုလည်း EMB မှသာ ပြန်လည်အတည်ပြုရမည်ဖြစ်ပြီး ထိုအရာကလည်း EMBအစည်းအဝေးပွဲလုပ်နေစဉ် မိနစ်ပိုင်း အတွင်း ထုတ်လွှင့်ပြနိုင်ပါသည်။ EMB အနေနှင့်လည်း မူဝါဒအသစ်များမချမှတ်မီ သို့မဟုတ် အဟောင်းများကို ပြန်လည်စစ်ဆေးမှုလုပ်ရာတွင် ရင်းနီးမြှုပ်နှံသူ အသိပေးရေးနှင့် လက်ခံနိုင်ရေးအတွက် EMB အနေနှင့် ရင်းနီးမြှုပ်နှံသူများနှင့် အရင်ဆုံးတိုင်ပင်ဆွေးနွေးရန် လိုအပ်သည်။

## အခန်းအကျဉ်းချုပ်

- ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များသည် ရင်းနီးမြှုပ်နှံသူများကြား စဉ်ဆက်မပြတ် လုပ်ကိုင်နိုင်မှု သာတူညီမျှရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာမူဝါဒဘောင်ကို သာမန်အကြမ်းဖျဉ်းနားလည်ရန်အတွက် ရှင်းလင်း၊ ရိုးစင်းပြီး အနည်းငယ်မျှ ဥပဒေဝေါဟာရ အနက်အရ အဓိပ္ပာယ်ဖွင့်ဆိုထားရန် လိုအပ်သော ရှုပ်ထွေးလှသည့် စံတိုင်းမှုများသည် လှုပ်ရှားမှုတစ်ရပ်ဖြစ်သည်။
- EMB အတွင်းပိုင်းတွင် လည်ပတ်နေသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်သည် စာချုပ်အမျိုးမျိုးထဲတွင် အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုထားကြပေလိမ့်မည်။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ သဘောတူညီချက်စာချုပ်များ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ နိုင်ငံတွင်းနှင့် နိုင်ငံတွင်းအထူးပြုဒေသဆိုင်ရာပြဋ္ဌာန်းဥပဒေများ ၊ EMB နှင့် အခြားသော စည်းမျဉ်းများတွင်လည်း အပါအဝင် ဖြစ်သည်။
- နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ သဘောတူညီချက်စာချုပ်များသည် နိုင်ငံတစ်နိုင်ငံ၏ ရွေးကောက်ပွဲဥပဒေဆိုင်ရာစီစဉ်မှုများ အဓိပ္ပာယ်ဖွင့်နိုင်သော သုံးသပ်နိုင်သော ပုံစံနှင့် ဆန့်ကျင်သော မူဝါဒ ဘောင်များက ပေးကြသည်
- ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် အဓိက ရွေးကောက်ပွဲဆိုင်ရာကိစ္စများကို အဓိပ္ပာယ်ဖွင့်ဆိုနေရသည်မှာ တော်တော်များများလုပ်နေကြသော အမှုကိစ္စတစ်ခုဖြစ်သည်။ ထိုအရာများကလည်း ရွေးကောက်ပွဲဆိုင်ရာ စီမံမှုများသည် အာဏာရပါတီမှ မသမာမှုများ မပြုလုပ်နိုင်စေရန် အကာအကွယ်ပေးလေသည်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသည် ပြဋ္ဌာန်းဥပဒေ၊ ဒုတိယအဆင့် ဥပဒေပြုချက်နှင့် စည်းမျဉ်းစည်းကမ်းများကြားထဲတွင် ထပ်မံဖွင့်ဆိုခံရနိုင်ဖွယ်ရှိသည်။
- ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းဥပဒေဆိုသည်မှာ သဟဇာတဖြစ်အောင်ထားရန် လိုသော ဥပဒေတစ်ခု သို့မဟုတ် ဥပဒေများဖြစ်သည်။ EMB ဖြစ်စေအစိုးရ စီမံကြီးကြပ်ရေးဌာနခွဲမှ အရာရှိဖြစ်စေ၊ ထိုဥပဒေတွင် လစ်ဟာနေသောအချက်များအတွက် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းနိုင်ခွင့်ရှိသည်။ သာမန်အားဖြင့်တော့ ထိုအရာများသည် တရားစီရင်ရေးဖြစ်စေ တစ်နေရာရာဖြစ်စေ၊ စစ်ဆေးကြည့်ရှုရန်ပြရမည်ဖြစ်သည်။EMBဘက်မှလည်းကိုယ်ပိုင်စီမံညွှန်ကြားမှုဆိုင်ရာမူဝါဒကို

ကိုယ်တိုင်ချမှတ်နိုင်စွမ်း ရှိနိုင်ကောင်းရှိနိုင်လိမ့်မယ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တွင် ယုံကြည်မှုရှိရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ မူဘောင်အတွင်းရှိ သဘောတူညီချက်စာချုပ်၊ အခြေခံဥပဒေ၊ ပြဋ္ဌာန်းဥပဒေ၊ ထို့နောက် အခြားသော စည်းမျဉ်းများ၊ စီမံညွှန်ကြားရေးဆိုင်ရာ မူဝါဒနှင့် EMB များ လွတ်လွတ်လပ်လပ်နှင့် ပြည်သူကိုချပြနိုင်ပြီး အပြောင်းအလဲများကို ရင်းနှီးမြှုပ်နှံသူများနှင့် တိုင်ပင်မှုဝေရန် အရေးကြီးသည်။

- ဥပဒေမူဘောင်အတွင်း သေချာစေရန်နှင့် စဉ်ဆက်မပြတ် ဝန်ဆောင်မှုများပေးနေစဉ် ကြားတွင် ဟန်ချက် ထိန်းညှိပေးဖို့လိုသည်။ တစ်ဖက်တွင်လည်း EMB ကို ရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်များ ပြောင်းလဲသွားသောအခါ လိုက်လျောညီထွေ တုံ့ပြန်နိုင်ရန်အတွက် ခွင့်ပြုထားရမည်ဖြစ်သလို အခြားသောတစ်ဖက်တွင်လည်း အဆင့်မြင့်စာချုပ်စာတမ်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်း ဥပဒေတို့တွင် ရွေးကောက်ပွဲနှင့်ဆိုင်သော အသေးစိတ်များများပါသောပမာဏသည် နိုင်ငံရေး လှုပ်ရှားသူများနှင့် EMB၏ လုပ်ရည်ကိုင်ရည်ကို ယုံကြည်မှုအဆင့်အနိမ့်အမြင့် ပေါ်တွင် မူတည် နေသည်။
- အပြည်ပြည်ဆိုင်ရာ IDEA ၏ထုတ်ဝေသောစာအုပ် ရွေးကောက်ပွဲနှင့်သက်ဆိုင်သော နိုင်ငံတကာ စည်းမျဉ်းများ : ဥပဒေမူဘောင်အတွက် လမ်းညွှန်ဥပဒေမူဘောင်အတွက် လမ်းညွှန်စာအုပ်တွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်အား သုံးသပ်မှုများပြုနိုင်ရန်အတွက် လမ်းညွှန်ချက်များ ချပေးထားသည်။
- EMB ၏စည်းမျဉ်း ရေးဆွဲနိုင်သော အာဏာသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတို့နှင့် အဆင်ပြေပြေလည်ပတ်နိုင်သော နည်းလမ်းအတိုင်းသာလျှင် အသုံးချရမည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# ကမ္ဘောဒီးယား : အမျိုးသားရွေးကောက်ပွဲကော်မတီ အပေါ်တွင် ယုံကြည်မှုလျော့နည်းလာခြင်း*

Eric des Pallières

## နောက်ခံအကြောင်းအရာ

အင်မတန်မှ ရှုပ်ထွေးပွေလီဆိုးရွားလှသော နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာပဋိပက္ခများဖြစ်ပြီး နောက်တွင် ကမ္ဘောဒီးယားသည် ပုံမှန်ရွေးကောက်ပွဲများ ကျင်းပလျက်ရှိသည်။ ပထမအစတွင် နိုင်ငံအဆင့် နှင့် နောက်ပိုင်းတွင် မြို့နယ်အဆင့်ဖြစ်သည်။ ၁၉၉၁ ခုနှစ် ပါရီမြို့ငြိမ်းချမ်းရေး သဘောတူညီချက် စာချုပ် အရ ပထမဦးဆုံးသော နိုင်ငံအဆင့်ရွေးကောက်ပွဲများသည် ကမ္ဘောဒီးယားနိုင်ငံအခြေစိုက် အမေရိကန် အသွင်ကူးပြောင်းမှုဆိုင်ရာ စီမံခန့်ခွဲမှုဌာန (UNTAC) မှ မေလ ၁၉၉၃ တွင် လုပ်ပေးခဲ့ခြင်း ဖြစ်သည်။ ယုံကြည်ရနိုင်သည်ဟု ဆိုသော်ငြားလည်း ပြန့်နှံ့လျက်ရှိသော ခြိမ်းခြောက်မှုများနှင့် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှုများကြောင့် အရည်အသွေးထိခိုက်လျက်ရှိသည်။ စက်တင်ဘာလ ၁၉၉၃ တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲလိုက်ပြီး ကမ္ဘောဒီးယားဘုရင့်နိုင်ငံတော်ကို ပါတီစုံစနစ်ဖြင့် ဖွဲ့စည်းလိုက် ပြီး အမျိုးသားလွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပခြင်းကို ငါးနှစ်တစ်ကြိမ်လုပ်ရန်အတွက် ပြဋ္ဌာန်း သတ်မှတ်လိုက်သည်။ ဇန်နဝါရီလ ၁၉၈၈ တွင် အမျိုးသားရွေးကောက်ပွဲကော်မရှင် (NEC) ကိုတည်ထောင် လိုက်သည်။ ထို့နောက် နောင်လာသော ရွေးကောက်ပွဲများဖြစ်သော ၁၉၉၈၊ ၂၀၀၃၊ ၂၀၀၈ နှင့် ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲများကို နိုင်ငံအဆင့် ကျင်းပနိုင်ခဲ့သည်။ ပထမဦးဆုံးသော ပါတီစုံစနစ် မြို့နယ်အဆင့် ရွေးကောက်ပွဲသည် ၂၀၀၇ နှင့် ၂၀၁၂ တွင် ချမှတ်တာဝန်များ ပြောင်းလဲသွားသော အဖွဲ့ဝင်ဦးရေ ၁၆၂၁ ဦးပါဝင်သည့် ကွန်မြူကောင်စီ[၁] အတွက် ၂၀၀၂ ခုနှစ်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ အထက်လွှတ်တော် အတွက် သွယ်ဝိုက်ရွေးကောက်ပွဲများသည် ၂၀၀၆ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် လောလောလတ်လတ် တည်ထောင်ထားသော ခရိုင်နှင့် စီရင်စုဆိုင်ရာ ကောင်စီများအတွက် ကျင်းပခဲ့ သည်။

၂၀၁၃ ခုနှစ်အထိ ဆက်တိုက်ရွေးကောက်ပွဲများသည် ၁၉၇၉ တွင် ခမာနီအစိုးရကို ဗီယက်နမ် ဖြုတ်ချခဲ့ချိန်မှစပြီး တိုင်းပြည်ကို အုပ်စိုးလာသော အာဏာလွှမ်းမိုးမှုမြင့်မြင့်တက်လာသည့် ဟွန်ဆန်၏ ကမ္ဘောဒီးယား ပြည်သူ့ပါတီ (CPP) ၏ သတ်မှတ်မှု အတိုင်းသာလျှင် ဖြစ်လေတော့သည်။ ၁၉၉၃ ခုနှစ်

---

* မူရင်းလက်စွဲစာအုပ်တွင် ဖော်ပြပါရှိသော ကမ္ဘောဒီးယားနိုင်ငံ၏ ဖြစ်ရပ်ကိုလေ့လာနိုင်သည်။ Peter Bartu, 'ကမ္ဘောဒီးယား: အမျိုးသားရွေးကောက်ပွဲ ကော်မတီအတွင်း တင်းမာမှုများ', ရွေးကောက်ပွဲစီမံခန့်ခွဲမှုဒီဇိုင်း: International IDEA လက်စွဲစာအုပ် (Stockholm: International IDEA, 2006), စာမျက်နှာ ၂၈၄-၈၈။

ရွေးကောက်ပွဲတွင် ဘုရင်စနစ်ကို လိုလားသော FUNCINPE (လွတ်လပ်၊မျှတ၊ငြိမ်းချမ်းကာ ညီညွတ်စည်းလုံးသော ကမ္ဘောဒီးယားနိုင်ငံအတွက် တပ်ဦးသမဂ္ဂ)၂ အား ၃၈ ရာခိုင်နှုန်းနှင့် ၄၅ ရာခိုင်နှုန်းရလဒ်ဖြင့် ရှုံးနိမ့်ပြီးနောက်တွင် CPP (ကမ္ဘောဒီးယား ပြည်သူ့ပါတီ) မှရွေးကောက်ပွဲရလဒ်ကို ငြင်းဆန်ခဲ့ပြီး ဟွန်ဆန်ကို ဒုတိယဝန်ကြီးချုပ်ရာထူး ခန့်အပ်ရမည်ဟူသော သဘောတူညီချက်ဖြင့် အာဏာဝေမျှရေးစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ၁၉၉၇ တွင် လက်နက်ကိုင်တော်လှန်မှုများကြောင့် ထိုညွန့်ပေါင်းအစိုးရ ပြုတ်ကျခဲ့ပြီး ဟွန်ဆန် တစ်ဦးတည်းသာလျှင် အာဏာကိုသိမ်းပိုက်ခဲ့လေသည်။ ၁၉၉၈ တွင် CPP (ကမ္ဘောဒီးယားပြည်သူ့ပါတီ) ဘက်မှ မဲရာခိုင်နှုန်း ၄၀လောက် ရရှိပြီး FUNCINPE (လွတ်လပ်၊မျှတ၊ငြိမ်းချမ်းကာ ညီညွတ်စည်းလုံးသော ကမ္ဘောဒီးယားနိုင်ငံအတွက် တပ်ဦးသမဂ္ဂ)နှင့် ညွန့်ပေါင်းအစိုးရအသစ် ထပ်ဖွဲ့လေသည်။ ၂၀၀၃ ခုနှစ် တွင် CPP (ကမ္ဘောဒီးယား ပြည်သူ့ပါတီ) သည် မဲ ၄၇ ရာခိုင်နှုန်းကို အနိုင်ရရှိသော်လည်း ရွေးကောက်ပွဲသည် ကိုယ်ပိုင်အစိုးရဖွဲ့စည်းနိုင်ရန် လွှတ်တော်အတွင်း နေရာသုံးပုံနှစ်ပုံကိုရရှိရမည်ဟူသော ဟူသော ရှေးကတည်းက သုံးခဲ့သည့် နိုင်ငံရေးဆိုင်ရာ ပဋိညာဉ်အတိုင်းလိုက်နာနေရခြင်းဖြစ်ပြီး အတိုက်အခံဘက်မှလည်းရွေးကောက်ပွဲ ရလဒ်ကိုငြင်းဆန်လိုက်ပြန်သည်။ နောက်ဆုံးတွင် နောက်ထပ် CPP/FUNCINPEC ညွန့်ပေါင်းအစိုးရထပ်ဖွဲ့ပြန်လေသည်။ ၂၀၀၈ ခုနှစ်တွင် CPP (ကမ္ဘောဒီးယား ပြည်သူ့ပါတီ) ဘက်မှ မဲအရေအတွက် ၅၈ ရာခိုင်နှုန်းကိုရရှိပြီးနောက်တွင် အမျိုးသားလွှတ်တော်အတွင်းတွင် နေရာသုံးပုံနှစ်ပုံကို ရရှိပြီးဖြစ်လေသည်။ ထိုအချိန်တွင် FUNCINPEC (လွတ်လပ်၊ မျှတ၊ ငြိမ်းချမ်းကာ ညီညွတ်စည်းလုံးသော ကမ္ဘောဒီးယားနိုင်ငံအတွက် တပ်ဦးသမဂ္ဂ) မှာလည်း ထောက်ခံမှုများမရတော့ဘဲ ဆမ်ရိန်းစီပါတီ (SRP) သည် မဲ ၂၂ ရာခိုင်နှုန်းနှင့်အင်အားအကြီးဆုံးသော အတိုက်အခံပါတီအဖြစ် ရပ်တည်လျက်ရှိသည်။

၂၀၁၂ ခုနှစ်တွင် အင်အားအကြီးဆုံးသော အတိုက်အခံပါတီနှစ်ခု ဖြစ်သည့် SRP (ဆမ်ရိန်းစီပါတီ) နှင့် လူ့အခွင့်အရေးပါတီ (HRP) တို့က ပေါင်းစည်းလိုက်ကာ ကမ္ဘောဒီးယား အမျိုးသား ကယ်ဆယ်ရေးပါတီ (CNRP) ကို တည်ထောင်လိုက်ကြသည်။ ၂၀၁၃ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲသည် အာဏာရပါတီ၏ အကြီးအကျယ်ရှုံးနိမ့်မှုဖြင့် မှတ်တမ်းဝင်ခဲ့လေသည်။ တရားဝင်ရလဒ်များအရ CPP (ကမ္ဘောဒီးယား ပြည်သူ့ပါတီ) သည် အသစ်ဖွဲ့ပေါင်းစည်းထားသော အတိုက်အခံပါတီ၏ ၄၄.၅% (၅၅ နေရာ) သို့ ၄၈.၈% ( ၆၈ နေရာ) ပေးလိုက်ရလေသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ သိက္ခာရှိမှုယုံကြည်ရမှုတို့သည် မဲဆန္ဒရှင် နာမည်ရေးသွင်းရေးနှင့်မှတ်ပုံတင်ခြင်းတို့အထိ စည်းကမ်းမကျနမှုများ၃ ကို မှတ်တမ်းတင် စောင့်ကြည့်နေခဲ့သော ပြည်တွင်းပြည်ပရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ၏ မေးခွန်းထုတ်ခြင်းကို ခံခဲ့ရသည်။ အနိုင်ရရှိပြီးနောက်တွင်အတိုက်အခံပါတီက ရလဒ်ကို ငြင်းဆိုပြီးနောက်တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၏ စည်းကမ်းမကျမှုများကို အမှီအခိုကင်းကင်းပုံစံဖြင့် စုံစမ်းစစ်ဆေးရန် NEC ကို အသစ်ပြန်လည်ဖွဲ့စည်းရန် လှုံ့ဆော်ကာ အစိုးရဘက်ကို ဘက်လိုက်သည်ဟု စွပ်စွဲခဲ့သည်။ ထိုအချက်သည် လမ်းပေါ်ထွက် ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ လက်တလောသမိုင်းအတွက် အကြာဆုံးသော ရွေးကောက်ပွဲလွန်ပဋိပက္ခ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၃ ခုနှစ်အထိ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုများ၏ ခြုံငုံစီမံခန့်ခွဲမှုများသည် အချိန်နှင့်အမျှ တိုးတက်မှုရှိလာလေသည်။ မည်သို့ပင်ဆိုစေကာမူ ကုလသမဂ္ဂမှ ကြီးကြပ်ဆောင်ရွက်ပေးသော ရွေးကောက်ပွဲပြီး နှစ်နှစ်ဆယ်အကြာတွင် ကမ္ဘောဒီးယားတွင် ဒီမိုကရက်တစ် ရွေးကောက်ပွဲတစ်ခုဖြစ်လာရန်အတွက် အဓိကကျသော နိုင်ငံတကာ စံချိန်စံညွှန်းများကိုလိုက်နာရန် လိုအပ်နေသေးသည်။ အမှန်တကယ်ဆိုလျှင် ၁၉၉၈ ခုနှစ်ကတည်းက ရွေးကောက်ပွဲများ စဉ်ဆက်မပြတ်ဖြစ်ပေါ်ရန် ဟန့်တားသော ပြဿနာများသည် ယနေ့ထက်တိုင် ရှိနေသေးသည်။ NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) ၏ အမှီအခိုကင်းခြင်း၊ မဲဆန္ဒရှင်များအားမှတ်ပုံတင်ကာ စာရင်းရေးသွင်းခြင်းနှင့် ပဋိပက္ခများကို ဖြေရှင်းခြင်းတို့ဖြစ်ကာ

ညီတူမျှတူယှဉ်ပြိုင်နိုင်သော အခွင့်အလမ်းရှိ လွယ်ကူသော အထူးသဖြင့် မီဒီယာများအတွက် အလွယ်တကူ သတင်းရယူနိုင်သော ဒေသခံရင်းမြစ်များကို အသုံးချနိုင်သော ယေဘုယျပတ်ဝန်းကျင်တစ်ခုကတော့ ထည့်ပြောရန်ပင် လိုအပ်မည်မထင်ချေ။ လောလောလတ်လတ် ကျင်းပခဲ့သော ရွေးကောက်ပွဲများကလည်း ထိုနယ်ပယ် နေရာများကိုကြီးကြီးမားမား တိုးတက်မှုပြုလုပ်ရန် လိုအပ်ချက်များနှင့် နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု မရှိခြင်းများကို ထုတ်ဖော်ပြသကာ ၂၀၁၃ ရွေးကောက်ပွဲအတွင်း တွေ့ရှိခဲ့သည့် စည်းကမ်းမကျနမှုများကို မှတ်တမ်းပြုစုထားချက်များသည် ရွေးကောက်ပွဲစီမံကြီးကြပ်မှုအပေါ်တွင် ယုံကြည်မှု ပိုမိုလျော့ပါးစေပြီး ယခုချိန်တွင် အစအဆုံးပြုပြင်ပြောင်းလဲရန် အချိန်တန်နေပြီဖြစ်သည်။

## ဥပဒေဆိုင်ရာ မူဘောင်

အခြေခံဥပဒေတွင် နိုင်ငံအဆင့် ရွေးကောက်ပွဲများ[၄] အတွက် ကျင့်သုံးရမည့် ကျင့်ထုံးဆိုင်ရာ အဓိက စည်းမျဉ်းများကို ပြဋ္ဌာန်းထားသော်ငြားလည်း EMB တည်ထောင်ခြင်းနှင့်ဆိုင်သော၊ ဖွဲ့စည်းခြင်းနှင့်ဆိုင်သော၊ တာဝန်များကို ပြဋ္ဌာန်းထားခြင်းမရှိသကဲ့သို့ ထိုအချက်သည် ထင်ရှားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်လည်း မဟုတ်ပေ။ NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) သည် အမျိုးသားလွှတ်တော်အဖွဲ့ဝင်များ ရွေးကောက်ခြင်းဆိုင်ရာဥပဒေ (LEMNA) ၏ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဒီဇင်ဘာလ ၁၉၉၇ခုနှစ်တွင် တရားဝင်တည်ထောင်ထားခြင်း ဖြစ်သည်။ အခြားသော ရွေးကောက်ခံလွှတ်တော်များ ဖန်တီးလိုက်သောအခါ ထပ်မံပြီး နောက်ထပ်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအသစ်များကို ထပ်မံလက်ခံ ကျင့်သုံးလာကြသည်။ တိကျခိုင်မာသော ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးဥပဒေများ မရှိသောကြောင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်သည် အမျိုးသားလွှတ်တော်၊ အထက်လွှတ်တော်၊ ကွန်မြူကောင်စီနှင့် လောလော လတ်လတ်တည်ထောင်ထားသော ခရိုင်နှင့်စီရင်စု ကောင်စီများ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၏ ထင်ရှားသောအပိုင်းများလည်း ပါဝင်လျက်ရှိသည်။ အခြားသော နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေ၊ စာနယ်ဇင်းဆိုင်ရာဥပဒေနှင့် အခြေခံဥပဒေဆိုင်ရာ ကောင်စီတို့နှင့် ဆိုင်သော ဥပဒေတို့မှ အသုံးချ၍ရနိုင်သော အချက်အလက်များလည်း ပါဝင်သည်။

၁၉၉၈ ခုနှစ်မှစ၍ LEMNA (အမျိုးသားလွှတ်တော် အဖွဲ့ဝင်များ ရွေးကောက်ခြင်းဆိုင်ရာ ဥပဒေ) သည် ၂၀၀၂ ခုနှစ်တွင် မှတ်မှတ်ရရဖြစ်ပွားခဲ့သော ၂၀၀၆ တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်နှစ်ခုအနက်မှ ရရှိခဲ့သော သင်ခန်းစာများကို အခြေခံပြီး ပုံမှန်ပြင်ဆင်ဖာထေးမှု ပြုလုပ်ခြင်းအားဖြင့် ဆက်တိုက်ဆိုသလို တိုးတက်မှုရှိလာကာ၊ မဲဆန္ဒရှင်မှတ်ပုံတင် စာရင်းရေးသွင်းရေး၊ ပဋိပက္ခများ ဖြေရှင်းရေးနှင့် NEC ဖွဲ့စည်းရေးတို့နှင့်သက်ဆိုင်သော ရွေးကောက်ပွဲဆိုင်ရာလုပ်ဆောင်ပုံတို့၏ ယေဘုယျဆိုင်ရာ မူဘောင်တို့အတွက်ပါ တိုးတက်မှုဖြစ်လာသည်။ ပြောင်းလဲရန် နှောင့်နှေးနေခြင်းမှအစပြုပြီး နိုင်ငံရေးဦးတည်ချက်မရှိခြင်း၊ ၂၀၁၁ ခုနှစ်တွင် မဲဆန္ဒရှင် စာရင်းရေးသွင်း ခြင်းတို့နှင့် စပ်ဆိုင်သောအရာများတွင် ပြောင်းလဲမှု အနည်းငယ်သာရှိခြင်းတို့က ပင်မဆိုင်ရာ အချက်အလက်များတွင် အနာအဆာရှိခြင်းတို့အပေါ် ခေါင်းစဉ်တပ်နိုင်၍ မရဘဲဖြစ်စေသည်။ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ပတ်သက်ပြီး ဥပဒေက NEC ကို "အမှီအခိုကင်းသော ကြားနေဌာန"[၅] တစ်ခုဟု ဖော်ပြထားသည်။ သို့ရာတွင်လည်း ဖွဲ့စည်းပုံနှင့် တာဝန်ခန့်အပ်ခြင်းဆိုင်ရာတို့နှင့် သက်ဆိုင်သောပြဋ္ဌာန်းဥပဒေတို့က ၎င်းတစ်ကယ်ပင်အစိုးရနှင့် မစပ်ဆိုင်အမှီအခို ကင်းပါ၏လောဟူသော အချက်ကို စိုးရိမ်ပူပန်မှုများ ရှန်းထလာသည်။ ထို့အပြင် အရေးကြီးသောရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးနှင့်ဆိုင်သော လုပ်ဆောင်ချက်များမှာလည်း အစိုးရ၏ အခြားသောဌာနခွဲများကို ခွဲပေးထားခြင်းဖြစ်သည်။

## ဖွဲ့စည်းပုံနှင့် တာဝန်ခန့်အပ်ခြင်း

ရွေးကောက်ပွဲဆိုင်ရာ ရင်းနှီးမြှုပ်နှံသူတို့ အကြားတွင်လည်း NEC (အမျိုးသားရွေးကောက်ပွဲ ကော်မရှင်)၏ ဘက်မလိုက်ခြင်းနှင့် သမာသမတ်ရှိခြင်းအပေါ်တွင် ယုံကြည်ခြင်းမရှိကြချေ။ ဖွဲ့စည်းပုံကို ဆက်တိုက်ဆိုသလို ပြောင်းလဲနေသော်ငြားလည်း အားလုံးသဘောတူလက်ခံနိုင်မည့် ဖော်မြူလာကောင်းကောင်းတစ်ခုကို မတွေ့နိုင်သေးချေ။ နောက်ထပ်စိုးရိမ်ပူပန်မှုများသည်လည်း ရွေးကောက်ပွဲကိုစီမံခန့်ခွဲရာတွင် NEC (အမျိုးသားရွေးကောက်ပွဲ ကော်မရှင်) ၏ ပြည့်ပြည့်ဝဝ အစိုးရအမှီအခို ကင်းနိုင်စွမ်းကို ထိခိုက်နိုင်သော ဥပဒေဆိုင်ရာ ချို့ယွင်းမှုများနှင့် သက်ဆိုင်နေသည်။ ၎င်း၏ အဖွဲ့ဝင်များကိုစကာတင် ရွေးချယ်မှု ပြုလုပ်ရာတွင်လည်း အတွင်းဝန်များရုံးမှရွေးချယ်ပြီး ခန့်အပ်ရာတွင်လည်း အမျိုးသားလွှတ်တော်၏ လူအများစုမှခန့်အပ်ခြင်းအစား ဝန်ကြီးများကောင်စီ၏ အထူးအမိန့်ဖြင့် ခန့်အပ်ခြင်းခံရခြင်းဖြစ်သည်။ ထိုအဖွဲ့အစည်းများသည် CPP (ကမ္ဘောဒီးယား ပြည်သူ့ပါတီ) ၏ ချုပ်ထိန်းမှုအောက်တွင် ရှိပြီး အခြားသော နိုင်ငံရေးပါတီများသို့မဟုတ် အခြားသော အဖွဲ့အစည်းအတွင်းရှိ အပိုင်းများနှင့် ပြည်သူလူထုအကြားတွင် တိုင်ပင်ဆွေးနွေးမှုလုပ်ရန် မလိုအပ်ချေ။ ထပ်ပေါင်းပြောဆိုရလျှင် ကော်မရှင်အရာရှိများ အနေနှင့်လည်း တိတိပပသတ်မှတ်ထားသော တာဝန်ထမ်းဆောင်သက် မရှိသကဲ့သို့ အမျိုးသားလွှတ်တော်မှ အကြောင်းပြချက်မရှိဘဲ ရာထူးမှဖြုတ်ချနိုင်ခွင့်မှလည်း ကာကွယ်ပေးထားခြင်းမရှိပေ။

NEC ၏ အစောပိုင်းဖွဲ့စည်းပုံသည် ပါတီစုံစနစ်၏ ဖွဲ့စည်းပုံများပါဝင်ခဲ့သည်။ ပါတီစုံ၊ အစိုးရအရာရှိများနှင့် အမျိုးသားလွှတ်တော်တွင်းရှိ ပါတီ ကိုယ်စားလှယ်များအနက်မှ ကော်မရှင်အရာရှိ ၁၁ ဦးကို ရွေးချယ်ထားခြင်းဖြစ်သည်။ ၁၉၉၈ လွှတ်တော်ရွေးကောက်ပွဲနှင့် ၂၀၀၂ ရွေးကောက်ပွဲတွင် အစိုးရအမှီအခိုကင်းခြင်းနှင့် ဘက်လိုက်မှုမကင်းခြင်းတို့ကြောင့် ပြင်းပြင်းထန်ထန် ဝေဖန်ခြင်းကိုခံခဲ့ရသည်။ အထူးသဖြင့် ၎င်းဘက်မှ မကျေနပ်ချက်များကို ကိုင်တွယ်ရာတွင်ဖြစ်သည်။ အတိုက်အခံပြိုင်ဘက်များကို အရေအတွက် အပြတ်အသတ်နှင့် နိုင်နေစဉ်တွင် အဖွဲ့အစည်းအတွင်းပိုင်းရှိ ပဋိပက္ခများမှာလည်း ၁၉၉၈ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ ဆုံးဖြတ်ချက်များချရာတွင် သက်ရောက်မှုရှိစေခဲ့သည်။ ဝေဖန်သူတော်တော်များများက ပါတီလွှမ်းမိုးမှုကို ပယ်ဖျက်နိုင်သော ပြောင်းလဲမှုကိုလုပ်ရန် တောင်းဆိုခဲ့ပြီး အခြားသူများကမူ ပြန်လည်စစ်ဆေးခြင်းနှင့် ထိန်းညှိခြင်းရှိသော ပွင့်လင်းသည့်ပါတီစုံ NEC စနစ်ကို အသားပေးရန် ငြင်းခုံခဲ့သည်။ ၂၀၀၃ ခုနှစ်ရွေးကောက်ပွဲ မတိုင်မီတွင် နိုင်ငံရေးလောကအတွင်းမှ အရေးပါအရာရောက်ရောက်သော ကျွမ်းကျင်သူများအနက်မှ လုပ်ငန်းခွင်အတွေ့အကြုံရှိပြီး နာမည်ပျက်မရှိသော အဖွဲ့ဝင်ငါးဦးကို ရွေးချယ်ကာ ယခုထက်သေးငယ်သော မျှတဘက်မလိုက်သော ဘုတ်အဖွဲ့ကိုရွေးချယ်ရန်ဖြစ်သည်။[6] လုပ်ဆောင်ချက်အသစ်များတွင် အောက်တစ်ဆင့်နိမ့်သော စီရင်စုများမှ အသင်းဝင်များနှင့် ကွန်မြူနယ် ရွေးကောက်ပွဲကော်မရှင်မှ အသင်းဝင်များခန့်ထားရေး ပါဝင်သည်။ ဘက်လိုက်မှုများရှိပြီး အာဏာပိုင်များအား ရိုကျိုးနေရသော ပတ်ဝန်းကျင်တွင် အတိုက်အခံပါတီနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းဆိုင်ရာ စောင့်ကြည့်သူများထံမှ ယိုးစွပ်သော အစိုးရဘက်ကို ဘက်လိုက်ပါသည်ဟူသော စွပ်စွဲချက်ကို ဖြေရှင်းနိုင်ရန်အတွက် ကျွမ်းကျင်အဆင့် EMB တစ်ခုသို့ ပြောင်းလဲရန်မှာ မဖြစ်နိုင်ခဲ့ပေ။

၂၀၀၆ ခုနှစ်တွင် ဥပဒေကို အသစ်ပြင်ဆင်ပြောင်းလဲလိုက်ပြီးနောက်တွင် NEC အသင်းဝင်အရေအတွက်မှာ ငါးဦးမှ ကိုးဦး ဖြစ်သွားလေသည်။ FUNCINPEC နှင့် အတိုက်အခံပါတီ SRP (ဆမ် ရိန်ဆီပါတီ) တို့၏ ပါတီစုံစနစ်ကို နောက်ထပ်အဖွဲ့ဝင် နှစ်ဦးစီ ထပ်တိုးလာနိုင်အောင် သွယ်ဝိုက် ပြင်ဆင်ပေးလိုက်သလို ဖြစ်နေပြီး ပါတီငါးခုအနက်မှ အခြားပါတီများမှာ အာဏာရပါတီနှင့် ပူးပေါင်းပြီးဖြစ်သည်။ လက်တွေ့တွင် မည်သို့ပင် ဆိုစေကာမူ FUNCINPEC သည် အာဏာရပါတီ CPP (ကမ္ဘောဒီးယား ပြည်သူ့ပါတီ) ၏

ညွှန့်ပေါင်းအစိုးရလက်တွဲဖက် တစ်ဦးဖြစ်လာပြီးနောက် ဆုံးဖြတ်ချက်အများစုတွင် မဲအရေအတွက် ဟန်ချက်မှာ ခုနစ်မဲ နှစ်မဲ ဖြစ်ဖြစ် နေတတ်လေ့ ရှိသည်။ NEC ၏ဆုံးဖြတ်ချက်များသည် မဲအရေအတွက်များသောဘက်ကိုကြည့်ကာ ဆုံးဖြတ်ရခြင်းဖြစ်ပြီး အတွင်းပိုင်းလည်ပတ်ပုံအနေနှင့်လည်း မည်သည့်အဆိုကိုမဆိုတင်သွင်းရန် အနည်းဆုံးအဖွဲ့ဝင်သုံးဦးလိုအပ်သောကြောင့် သတင်းအချက်အလက်ရယူနိုင်ခြင်းမှ အပအတိုက်အခံပါတီ ကိုယ်စားလှယ်များ၏ လွှမ်းမိုးနိုင်စွမ်းသည် ကြီးကြီးမားမားကို ကန့်သတ်ထားခြင်း ခံရလေသည်။ အောက်လက်ဝေခံစီရင်စုနှင့် ကွန်မြူနယ် ကော်မရှင်တို့သည် ပြည်တွင်းနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူတို့ မှတ်တမ်းတင်ထားချက်အရ အများအားဖြင့် CPP (ကမ္ဘောဒီးယား ပြည်သူ့ပါတီ) အရာရှိတို့၏ လွှမ်းမိုးထားခြင်းကို ခံထားရလေသည်။[၇] ၂၀၁၁ ခုနှစ်တွင် CPP (ကမ္ဘောဒီးယား ပြည်သူ့ပါတီ) မှလွဲ၍ အခြားသော အဓိကကျသည့် နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲဆိုင်ရာ စီမံကြီးကြပ်ရေးအတွက် အဆင့်အားလုံးအတွက် ပါတီစုံကိုယ်စားလှယ်စနစ်ကို ပူးတွဲကြေငြာချက် ထုတ်ပြန်လိုက်လေသည်။ သို့သော်လည်း ၎င်းတို့၏ တောင်းဆိုချက်မှာ ထည့်သွင်းအရေးတယူစဉ်းစားခြင်း မခံခဲ့ရချေ။[၈] ၂၀၁၃ ရွေးကောက်ပွဲ ပြီးနောက်တွင် အတိုက်အခံပါတီမှ NEC (အမျိုးသားရွေးကောက်ပွဲ ကော်မရှင်) ၏ အစအဆုံး ပြောင်းလဲမှုကို မည်သည့်နိုင်ငံရေးဆိုင်ရာ အခြေချမှုမျိုးအတွက်အဓိကအချက် ဖြစ်အောင်လုပ်ထားလေသည်။

## အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံနှင့် လုပ်ကိုင်နိုင်စွမ်း

ကမ္ဘောဒီးယားနိုင်ငံ၏ ရွေးကောက်ပွဲများကို အဆင့်လေးဆင့်နှင့် စီမံညွှန်ကြားနေခြင်းဖြစ်သည်။ ဗဟိုဌာနတွင် NEC (အမျိုးသားလွှတ်တော် အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် လိုက်နာရမည့် ဥပဒေများ) ကို ပုံသေအဖွဲ့ဝင်ကိုးဦး ပါဝင်သော ကော်မတီမှနေ၍ ဦးဆောင်နေခြင်းဖြစ်ပြီး ဥက္ကဋ္ဌတစ်နေရာ ဒုဥက္ကဋ္ဌတစ်နေရာနှင့် ကော်မရှင်အရာရှိ ခုနစ်ဦးတို့ဖြင့် ဖွဲ့စည်းထားလေကာ လုပ်ဆောင်ရေး၊ စီမံကြီးကြပ်ရေး၊ ဘဏ္ဍာရေး၊ လေ့ကျင့်သင်ကြားရေး၊ ပြည်သူ့သတင်းအချက်အလက်မျှဝေရေးနှင့် ဥပဒေဆိုင်ရာဝန်ဆောင်မှုတည်းဟူသော ဌာနငါးခု၏ လုပ်ဆောင်ပုံကိုကြီးကြပ်သော အထွေထွေအတွင်းရေးမှူး၏ ထောက်ပံ့ထားခြင်းကို ခံရလေသည်။ နှစ်ကြာလာသည်နှင့်အမျှ အထွေထွေအတွင်းရေးမှူးဘက်မှလည်း သိသိသာသာပင် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတိုးတက်မှုတွင် နည်းပညာအသစ်များ ခေတ်နှင့်အညီ အထူးသဖြင့် မဲဆန္ဒရှင် စာရင်းသွင်း မှတ်ပုံတင်ခြင်းနှင့် ရလဒ်များကိုစီမံခန့်ခွဲခြင်းတို့တွင် နည်းပညာသစ်များ အသုံးပြုရေးကို ခေတ်နှင့်အညီရှာဖွေ တွေ့ရှိနေသည့်ကြားမှပင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိထိရောက်ရောက် စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်နိုင်ခြင်း စွမ်းဆောင်ရည်ကို ပြသပြီးဖြစ်လေသည်။ ရွေးကောက်ပွဲကာလအတွင်းလှုပ်ရှားစေသော အနိမ့်ပိုင်းဆိုင်ရာ ဖွဲ့စည်းမှုတို့တွင်လည်း စီရင်စုရွေးကောက်ပွဲဆိုင်ရာ ကော်မရှင် ၂၄ ခုနှင့် ကော်မြူရွေးကောက်ပွဲ ကော်မရှင် ၁၆၃၃ ခု တို့ ပါဝင်လေသည်။ ရွေးကောက်ပွဲ တစ်ခုနှင့်တစ်ခုအကြားတွင် NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်)ဘက်မှ ဆက်တိုက်လည်ပတ်အသားကျမှုရှိရန်နှင့် နှစ်စဉ် မဲပေးခွင့်ရှိသော မဲဆန္ဒရှင်စာရင်း ပြင်ဆင်ဖြည့်စွက်ရေးတို့အတွက် စီရင်စုအဆင့်တွင် အထွေထွေ အတွင်းရေးမှူးဌာန အငယ်စားလေးများကိုထားပေးထားလေသည်။

## အာဏာနှင့် လုပ်ဆောင်ချက်

LEMNA (အမျိုးသားလွှတ်တော် အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် လိုက်နာရမည့် ဥပဒေများ) သည် NEC (အမျိုးသား ရွေးကောက်ပွဲကော်မရှင်) ကို ရွေးကောက်ပွဲ ပြင်ဆင်ရန်နှင့် ပြုလုပ်ရန် အင်မတန်တာကျယ်သော အာဏာကိုပေးထားလေသည်။ ရွေးကောက်ပွဲအတွက် အဓိကလုပ်ဆောင်ချက်တွင် ရွေး

ကောက်ပွဲ အချိန်ဇယားထုတ်ပြန်ခြင်း၊ အောက်အဆင့်ပိုင်းရှိ ရွေးကောက်ပွဲကော်မရှင်များကို ခန့်အပ်ခြင်းနှင့် ကြီးကြပ်စီမံခြင်းမဲဆန္ဒရှင်စာရင်းများကို ပြင်ဆင်ခြင်း၊ စစ်ဆေးခြင်းနှင့် အတည်ပြုခြင်း၊ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီနှင့် အမတ်လောင်းများကို မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊ မဲပေးခြင်းနှင့် မဲရေခြင်း လုပ်ငန်းစဉ်များလုပ်ဆောင်ခြင်းနှင့် ရလဒ်များကို အတည်ပြုခြင်းနှင့် ကြေငြာချက် ထုတ်ပြန်ခြင်း။ NEC ဘက်မှလည်း "စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတွက် လမ်းညွှန်ချက်များကို လက်တွေ့ကျင့်သုံးနေသော ဥပဒေမူဘောင်နှင့်အညီကျင့်သုံးရေး"အတွက် ဥပဒေဘောင်ဘက်မှ ပြဋ္ဌာန်းချက်ရှိသည်။ ကော်မတီဘက်မှလည်း ထိုလုပ်ပိုင်ခွင့်ကို ရှိပြီးသားဥပဒေပြဋ္ဌာန်းချက်များကို ရှင်းလင်းစွာ နားလည်နိုင်သော၊ ပြည့်ဝရှည်လျားပြီး အပိုင်းများခွဲထားသောစည်းမျဉ်းများ၊ လမ်းညွှန်ချက်များ၊ လိုက်နာရန်များနှင့် ဥပဒေသများနှင့်အတူ ရှင်းလင်းပြီး အားကောင်းစေနိုင်ရန်အတွက်၊ ရှင်းရှင်းလင်းလင်းပင် အသုံးချလျက်ရှိသည်။

NEC ၏ လုပ်ဆောင်ချက်များမှာလည်း နိုင်ငံရေးအရပြိုင်ဆိုင်သူများ၊ မီဒီယာများနှင့် အခြားသော လုပ်ရှားသူများ အပေါ်ပါ အင်မတန် အင်အားကောင်းသောအာဏာဖြင့် လွှမ်းမိုးထားသည်။ NEC ဘက်မှလည်း မျှတသောရွေးကောက်ပွဲဖြစ်ပေါ်လာစေရန်အတွက် လိုအပ်သော ရွေးကောက်ပွဲကာလ မဲဆွယ်လုပ်ငန်းစဉ်များ၊ မီဒီယာဖော်ပြခံရမှု ညီတူမျှတူဖြစ်ရေး၊ မဲဆွယ်စဉ်သုံးသည့်ငွေကြေးပမာဏများအား စာရင်းစစ်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခအငြင်းပွားမှုများအား ဖြေရှင်းပေးခြင်းတို့ကို ပြုလုပ်ပေးရန် တရားဥပဒေမှ ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်ပင် LEMNA (အမျိုးသားလွှတ်တော် အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် လိုက်နာရမည့် ဥပဒေများ) မှ ရင်းနှီးမြှုပ်နှံသူများအား ကော်မတီမှ ချမှတ်ထားသော စည်းမျဉ်းများနှင့်လုပ်ထုံးလုပ်နည်းများအတိုင်းလိုက်နာစေရန်လိုအပ်သည်။ သို့သော်လည်းရွေးကောက်ပွဲကာလအတွင်း NEC အနေနှင့် မီဒီယာကို ထိန်းချုပ်ခွင့်သည် တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးပိတ်ဆို့မှုတို့နှင့် သက်ဆိုင်သော ဥပဒေရေးရာ မရေရာမှုများကြောင့် ချိနဲ့လျက်ရှိသည်။ ရွေးကောက်ပွဲမဲဆွယ်မှုဆိုင်ရာ ဘဏ္ဍာငွေအတွက်လည်းထိုကဲ့သို့ပင်ဖြစ်သည်။ အထူးသဖြင့် ထောက်ပံ့ငွေများနှင့် ကုန်ကျငွေများစာရင်းတွင် အကန့်အသတ်မရှိခြင်းတို့တွင် ဖြစ်သည်။

ထို့အပြင် အရေးကြီးသော ရွေးကောက်ပွဲဆိုင်ရာလုပ်ဆောင်ချက်တို့မှာအာဏာရပါတီ၏ အများဆုံးလွှမ်းမိုးခံထားရသော  ဒေသခံအာဏာပိုင်တို့ထံ လွှဲပြောင်းပေးအပ်ထားခြင်း ခံထားရလေသည်။ ထိုအချက်က ရွေးကောက်ပွဲကော်မရှင်၏ အစိုးရအမှီအခိုကင်းမှုအပေါ် မေးခွန်းထုတ်ချင်စဖွယ် ဖြစ်လာသည်။ ၂၀၀၃ ခုနှစ် ရွေးကောက်ပွဲ မတိုင်မီတွင် ပုံသေရွေးကောက်ပွဲမဲပေးခွင့်ရှိသူစာရင်း ကြေငြာချက်နှင့်အတူ LEMNA နှင့်သက်ဆိုင်သော ပြင်ဆင်ချက်များက NEC သည် ၎င်း၏ အာဏာကို နှစ်စဉ်မဲပေးခွင့်ရှိသူစာရင်းရေးသွင်းပြုစုခြင်းကို ကိုယ်စားဆောင်ရွက်ရန်အတွက် ကွန်မြူကောင်စီသို့ ၎င်း၏ မည်သည့်အာဏာကိုမဆိုလွှဲပြောင်းချမှတ်ပေးခြင်း ပြုလုပ်ရမည်ဟု ဖွင့်ဆိုထားလေသည်။ ထိုသို့ဆောင်ရွက်ရန်အတွက် ထိရောက်သော လုပ်နိုင်စွမ်းမရှိပါက "မဲဆန္ဒရှင် စာရင်းကို စစ်ဆေးခြင်းနှင့် အတည်ပြုခြင်း" တို့နှင့်ဆိုင်သော အထူးတာဝန်ကို NEC မှ ပြန်ရမည်ဖြစ်သည်။ နောက်ဆုံးတွင်လည်း အမျိုးသားလွှတ်တော်အတွင်းတွင် လွှတ်တော်အမတ်မည်မျှရှိရမည်နှင့် မဲဆန္ဒနယ်တစ်ခုအတွင်း ဖြန့်ကျက်တည်ရှိမှုပမာဏကို ဆုံးဖြတ်ပေးရာတွင်လည်း လွှတ်တော်ထဲတွင် ကိုယ်စားပြုထားသော ပါတီများမှကိုယ်စားလှယ်တစ်ဦးစီနှင့် ဖွဲ့စည်းထားသော၊ အတွင်းဝန်ရုံးဌာနမှ အရာရှိနှစ်ဦးနှင့် အမျိုးသား စာရင်းအင်းဌာနဆိုင်ရာ ညွှန်မှူးတစ်ဦးဖြင့် ပါဝင်ဖွဲ့စည်းထားသော ဝန်ကြီးများကောင်စီမှ ဖွဲ့စည်းထားသော အထူးကော်မတီထံတွင် အာဏာရှိသည်။

## ရွေးကောက်ပွဲတွင် တန်းတူညီမျှရှိစေရေးအတွက် တာဝန်များ

NEC သည် လုပ်ဆောင်ရမည့် အဓိက တာဝန်များအပြင် "တရားရုံးမှစီရင်ဆုံးဖြတ်ရမည့် ကိစ္စမှ အပ ကျန်သောရွေးကောက်ပွဲဆိုင်ရာ မကျေနပ်ချက်များနှင့် အသနားခံချက် အားလုံးတို့အား အဆုံးအဖြတ် ပေးရန်အတွက် တာဝန်ရှိသည်။" နိုင်ငံအဆင့်ရွေးကောက်ပွဲများအတွက် ၎င်းတို့၏ တရားစီရင်ဆုံးဖြတ်ချက် များသည် နောက်ဆုံးအဆင့်တွင် အုပ်စိုးသော အခြေခံဥပဒေခုံရုံးရှေ့မှောက်တွင် အသုံးပြုနိုင်သည်။ ကမ္ဘောဒီးယားနိုင်ငံ၏ မတူထူးခြား ကွဲပြားသောစနစ်တစ်ခုမှာ NEC ကို ရာဇဝတ်မှုများ ရုံးတင်စစ်ဆေးခြင်း အတွက် မဟုတ်ဘဲ ရွေးကောက်ပွဲဆိုင်ရာ ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အတွက် တရားစီရင် ပိုင်ခွင့်အာဏာကို အချို့အဝက် ပေးအပ်ထားခြင်းဖြစ်သည်။ အခြားသော အကြောင်းပြချက်များကြောင့် တရားစီရင်ရေးကို အယုံအကြည်မရှိပါက ထိုကဲ့သို့သော ရွေးချယ်မှုမျိုးကို ပြုလုပ်သင့်သည်။ တရားဥပဒေ အား အထောက်အပံ့ပြုသည့်အနေနှင့် NEC ၏ စည်းမျဉ်းစည်းကမ်းများသည် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများ[6] ကို အနိမ့်စား ရွေးကောက်ပွဲကော်မရှင်များတွင် ဖြေရှင်းရန်အတွက် တိကျရှင်းလင်းသော တရားစီရင်မှုကို တည်ထောင်ပြုလုပ်နိုင်ခဲ့သည်။ ၎င်းတို့ဘက်မှ တရားရုံးရှေ့မှောက်တွင်ကြားနာစစ်ဆေး မှုမပြုလုပ်မီ သက်ဆိုင်ရာပါတီများနှင့် ပြေလည်အောင် ဖြေရှင်းခြင်းများ ပြုလုပ်ကြမည်ဖြစ်ပြီး နိုင်ငံအဆင့် ထိတက်ပြီး တရားဥပဒေရေးရာ ဝန်ဆောင်မှုပိတ်ဆို့ခြင်းမဖြစ်စေရန် ကာကွယ်သောအရေးကြီးသော စစ်ထုတ်သူများအဖြစ် ဆောင်ရွက်လေသည်။ ၎င်းတို့၏ ဆုံးဖြတ်ချက်များသည် နောက်တစ်ဆင့်ဖြစ်သော NEC နှင့် အဓိကအားဖြင့် အမျိုးသားလွှတ်တော်နှင့် အထက်လွှတ်တော်ရွေးကောက်ပွဲအတွက် တာဝန်ရှိ သော အခြေခံဥပဒေခုံရုံးအထိ အသနားခံ၍ ရနိုင်လေသည်။

ထိုကဲ့သို့သော လုပ်ဆောင်ချက်များ ရှိသော်ငြား ၎င်းတို့၏ အငြင်းပွားမှုနှင့် အသနားခံမှုများကို ဖြေရှင်းခြင်းသည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်၏ အငြင်းပွားဖွယ်ရာ ရှုထောင့်တစ်ရပ်အဖြစ် တည်ရှိ နေလေသည်။ လတ်တလော ရွေးကောက်ပွဲများတွင် ပြည်တွင်းနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူ များမှ မှတ်တမ်းတင်ချက်များအရ ကမ္ဘောဒီးယားနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေးသည် အထင်ရှားဆုံးသော စွဲချက်တင်ခံထားရသည့် စည်းကမ်းဖောက်ဖျက်မှုများအား ဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့ ချေ။ ၎င်းတို့ လည်ပတ်နေရသော ပတ်ဝန်းကျင် အနေအထားအရ အဆင့်အနိမ့်စား ရွေးကောက်ပွဲ ကော်မရှင်များသည် နိုင်ငံရေးဆိုင်ရာ တရားစီရင်ကြားနာမှုများကို လုပ်လိုစိတ်နည်းသည်။ ထို့ကြောင့် ကန့်ကွက်ချက် တော်တော်များများမှာ အတိုချုံးပြောရလျှင် လာရောက်တိုင်ကြား တင်သွင်းစဉ်မှာပင် "အထောက်အထားမရှိသောကြောင့်" ပယ်ဖျက်ခြင်း ခံလိုက်ရသည်။ ထို့နောက်တွင်လည်း ကန့်ကွက်ချက် များသည် အချင်းချင်းပြေလည်အောင်ညှိနှိုင်းသည့် အဆင့်မှာတင် ဖြေရှင်းရန်အကြိုးစားပြစ်မှုများ အဆင့် တွင်ပင် ထိုကဲ့သို့ ပြုလုပ်ရန်အတွက် ဖိအားပေးခြင်းခံရသည်။ အမြဲမပြတ် ဆက်တိုက် ပြင်ဆင်နေသည့် ကြားမှပင် လက်ရှိ ကျင့်သုံးနေသည့် ဥပဒေတွင် မလိုအပ်ဘဲ အင်မတန် ရှုပ်ထွေးလှသော လုပ်ငန်းစဉ်များနှင့် NEC အတွက်စာရင်းစစ်ထုတ် ပြသထားသော ရွေးကောက်ပွဲဆိုင်ရာပြစ်ချက်များမှတစ်ပါး အခြားသော အကြမ်းဖက်မှုများကို ဖြေရှင်းရန်နှင့် ရွေးကောက်ပွဲအပြီး ရင်ဆိုင်ကြုံတွေ့လာနိုင်ရသော စိန်ခေါ်မှုများ အတွက် တင်သွင်းရန်နှင့်ဖြေရှင်းရန် အတွက် အချိန်ကာလ ပမာဏအင်မတန်တိုတောင်းခြင်း၊ ယေဘုယျ တရားစီရင်ရေးမရှိခြင်း ကဲ့သို့သော ချို့ယွင်းချက်ကြီးကြီးမားမားများ ရှိနေသည်။ နောက်ဆုံးတွင် ၎င်း၏ အရည်အသွေးကောင်းမွန်လှသော ဥပဒေရေးရာ ဝန်ဆောင်မှုများရှိလင့်ကစား NEC သည် ဘက်လိုက် ခြင်းကင်းသော ကိုယ်ပိုင်ဆုံးဖြတ်ကော်မရှင်တစ်ခုအဖြစ် သတ်မှတ်ခြင်းမခံရချေ။ အထူးသဖြင့် ၎င်းအနေ နှင့် လတ်တလော ဖြစ်ပွားထားသော အရေးကြီးအမှုကိစ္စများတွင် ပါဝင်ပတ်သက်နေသော အာဏာရပါတီ အပေါ်တွင် ပိတ်ဆို့မှုများ မပြုလုပ်နိုင်ခြင်းကြောင့်လည်းပါဝင်သည်။

## မီဒီယာ ဆက်ဆံရေး

အများပြည်သူ၏ ယုံကြည်ချက် လျော့နည်းနေမှုအပေါ်ကို တုံ့ပြန်သည့်အနေဖြင့် NEC သည် ၎င်း၏ ပြင်ပဆက်သွယ်ရေးဗျူဟာတိုးတက်ရန် လတ်တလောနှစ်များအတွင်း များစွာကြိုးစားခဲ့သလို နည်းစနစ်နှင့်ကိရိယာမျိုးစုံကိုလည်း ပိုမိုအသုံးပြုလာခဲ့ကြလေသည်။ အထူးသဖြင့် ၎င်း၏ပြည်သူ့သတင်းအချက်အလက်ဆိုင်ရာဌာနတွင် ဖြစ်သည်။ NEC သည် ၎င်း၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့နှင့် သက်ဆိုင်သော အချိန်မှန်သတင်းပေးခြင်းနှင့်ဆိုင်သော ရင်းနှီးမြှုပ်နှံသူများအား အသိပညာပေးခြင်းကို ခန့်အပ်ထားသောကိုယ်စားလှယ်မှ တစ်ဆင့်ပြောကြားစေခြင်း၊ ပုံမှန်စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်ခြင်း၊ စာနယ်ဇင်းထုတ်ဝေခြင်းနှင့် ၎င်း၏ဝဘ်ဆိုဒ်တွင် တင်ပြခြင်းတို့ဖြင့် အဆင့်မြှင့်တင်ခဲ့လေသည်။ ရွေးကောက်ပွဲကာလအတွင်းတွင်လည်း LMENA (အမျိုးသားလွှတ်တော်အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် လိုက်နာရမည့်ဥပဒေများ) သည် မီဒီယာများအား ၎င်းတို့၏ ဝန်ဆောင်မှုကို NEC အား မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် သတင်းအချက်အလက်မျှဝေရေးတို့အတွက် အခမဲ့အသုံးပြုရနိုင်စေရန် တောင်းဆိုပေးခဲ့သည်။ နောက်ဆုံးတွင်မူ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ ပူးတွဲတည်ထောင်သူများနှင့် နိုင်ငံရေးရာ စောင့်ကြည့်ဝေဖန်သူများ၏ တင်သွင်းသောအစီရင်ခံစာများအား နည်းစနစ်ကျကျအဖြေပေးရန် အာရုံစူးစိုက်ခြင်းနှင့် ရှင်းပြဖြေရှင်းခြင်းတို့ ရှိလာပြီး တစ်ခါတစ်ရံတွင် မထိမဲ့မြင်အမှုအရာများ ဖြစ်ပေါ်သွားခြင်းကြောင့် နောက်ဆက်တွဲ သိပ်မကောင်းသောဖြစ်ရပ်များလည်း မကြာခဏဖြစ်ပေါ်သည်။

ရွေးကောက်ပွဲ မဲဆွယ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်ပြီး NEC ၏ သက်ဆိုင်သောတာဝန်မှာ "မီဒီယာတွင် တန်းတူညီမျှဖော်ပြခံရမှု ကိုသေချာစေရန် လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ခြင်း" ပါဝင်သည်။ NEC ၏ စည်းမျဉ်းများထဲတွင် ပြည်နယ်တီဗွီအစီအစဉ်များ၌ နိုင်ငံရေး ဝင်ရောက်ယှဉ်ပြိုင်သူများအနေနှင့် ၎င်းတို့ လူသိများစေရန်အတွက်ညီမျှသော၊ အကန့်အသတ်ရှိသော ထုတ်လွှင့်ချိန်များကို အထူးစီစဉ်ပေးရခြင်းပါဝင်သည်။ ထို့အပြင် NEC အနေနှင့် မီဒီယာများကို ရွေးကောက်ပွဲအကြောင်းထည့်သွင်းဖော်ပြရာတွင် စုံစုံလင်လင် အားလုံးပါဝင်နိုင်အောင် ထည့်သွင်းဖော်ပြရမည့်အပြင် ထိခိုက်စေနိုင်သော၊ ရန့်ရင်းကြမ်းတမ်းသောစကားများ မသုံးရန်အတွက် ပြဋ္ဌာန်းထားလေသည်။ ပြည်နယ်ဆိုင်ရာမီဒီယာများကိုလည်း ညီညွတ်မျှတခြင်းဟူသောစည်းမျဉ်းကို ကျင့်သုံးရန်နှင့် ၎င်းတို့၏ သတင်းထည့်သွင်းဖော်ပြချက် အတွင်းတွင်လည်း အစိုးရနှင့် ပါတီလုပ်ဆောင်ချက်ကို ခွဲခြားဖော်ပြရန်တာဝန်ကို ပေးအပ်ထားခြင်းခံရလေသည်။ လက်တွေ့ကျင့်သုံးရာတွင် CPP (ကမ္ဘောဒီးယားပြည်သူ့ပါတီ)က ရုပ်သံထုတ်လွှင့်မှုမီဒီယာများကို ပိုင်ဆိုင်ထားသောကြောင့် မီဒီယာထုတ်လွှင့်မှု အမြောက်အမြားကို ရရှိမြဲရရှိနေလေသည်။ အထက်ပါ NEC ၏ တာဝန်များနှင့် ပြန်ကြားရေးဝန်ကြီးဌာနသည် အထက်ပါအကြောင်းအရာများကြောင့် ဥပဒေဆိုင်ရာ အရေးယူဆောင်ရွက်မှုများနှင့် စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုများကြောင့် မရှင်းမလင်းဖြစ်လျက်ရှိသည်။ ၂၀၀၈ ခုနှစ်တွင် NEC သည် ရုပ်သံလွှင့်မီဒီယာကို ရွေးကောက်ပွဲ မဲဆွယ်ခြင်းနှင့် ဆိုင်သော စည်းမျဉ်းများ ဖောက်ဖျက်သည့်အတွက် သတိပေးခြင်းများ ပြုလုပ်ခဲ့ပြီး စည်းမျဉ်းများကို ဆက်လက်ဖောက်ဖျက်နေသော်လည်း မည်သို့မှ အရေးယူခြင်း မပြုလုပ်ခဲ့ချေ။

## ဘဏ္ဍာရေးနှင့် ကြာရှည်လုပ်ကိုင်နိုင်မှု

NEC သည် အစိုးရနှင့် အလှူရှင်များထံမှဘဏ္ဍာငွေများ ရယူနေရခြင်းဖြစ်သည်။ ခြွင်းချက်တစ်ခုအနေဖြင့် နိုင်ငံခြားထောက်ပံ့မှုကိုရခြင်း ဖြစ်သည်။ ထောက်ပံ့ငွေဟူသမျှသည် နိုင်ငံတော်ဘဏ္ဍာတိုက်ရှိ ရည်ရွယ်ထားသော ယုံကြည်ရသော ဘဏ္ဍာငွေစာရင်းထဲသို့ ထည့်သွင်းရမည်ဖြစ်သည်။ NEC မှစပြီး

ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများတွင် စီမံညွှန်ကြားလာသောကြောင့် ကမ္ဘောဒီးယားအနေနှင့်လည်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်နှင့်ဆိုင်သော ဘဏ္ဍာငွေပိုင်းဆိုင်ရာတွင် ကြာရှည်လည်ပတ်နိုင်မှု သိသိသာသာ တိုးတက်လာခြင်းဖြစ်သည်။ အစောပိုင်းနှစ်များတွင် အလှူရှင်တို့၏ ဘဏ္ဍာငွေများမှာ များများစားစား ပါဝင်ခဲ့သော်လည်း ၁၉၉၈ မှ ၂၀၁၃ အကြား ကျင်းပသော ရွေးကောက်ပွဲများ တစ်ခုနှင့်တစ်ခုအကြား တဖြည်းဖြည်း လျော့နည်းလာပြီး နောက်ဆုံးတွင် ၈၀ ရာခိုင်နှုန်းနီးနီး ဘတ်ဂျက်ငွေ အားလုံးပမာဏအနေဖြင့် လျော့နည်းလာကာ နောက်ဆုံးတွင် ကန့်သတ်သတ်မှတ်ထားသော ပမာဏလောက်သာ ရှိတော့သည်။ ကုန်ကျစရိတ်များကို လျှော့ချခြင်းကြောင့်ဖြစ်ပြီး အစိုးရဘက်မှ စိုက်ထုတ်မှု တိုးမြင့်လာသောကြောင့် ဖြစ်သည်။ ၁၉၉၈ မှ ၂၀၀၃ ကြားတွင် ရွေးကောက်ပွဲအတွက် အသုံးစရိတ်ဘတ်ဂျက်ငွေမှာ ထက်ဝက်တိတိ လျော့နည်းခဲ့သည်။ ကုန်ကျစရိတ်များလျော့နည်းလာရခြင်းမှာ မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းရေးသွင်းမှု ပုံစံစနစ် ပြောင်းလိုက်သောကြောင့် ဖြစ်သည်။ ရွေးကောက်ပွဲတစ်ခုမကျင်းပမီ အသစ်စက်စက်စာရင်းရေးသွင်းမှုဇယားကို ကိုင်တွယ်ရသော စနစ်မှ ကွန်မြူဌာနတာဝန်ရှိများက နှစ်စဉ်အသစ်ထပ်မံဖြည့်စွက်ထားသော ပုံသေစာရင်းတစ်ခုကို ပြောင်းလိုက်ခြင်းဖြစ်သည်။ ဘဏ္ဍာငွေရေးကြေးရေးဆိုင်ရာ ထပ်မံ တိုးမြှင့်လိုက်သော်လည်း ထိုလုပ်ရပ်သည် အရေးကြီးသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ရပ်များကို အာဏာရပါတီလွှမ်းမိုးထားသော ဒေသခံအာဏာပိုင်များထံသို့ လွှဲပြောင်းသွားခြင်းမဖြစ်ပေ။ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များသည် ထိုအချိန်များမှ စတင်၍ တိုးမြင့်လာသည်။ ရွေးကောက်ပွဲကော်မရှင်က ၂၀၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇ သန်း တောင်းပြီး ၂၀၁၃ တွင် အမေရိကန်ဒေါ်လာ ၂၁ သန်း တောင်းလေသည်။ မဲဆန္ဒရှင်မှတ်ပုံတင်စာရင်း ရေးသွင်းခြင်းကြောင့်ဖြစ်ပြီး စာရင်းတိုးချဲ့ရေးမှတ်ရသော ကာလကြောင့် ကျသင့်ငွေ ပိုမိုများလာခြင်းဖြစ်သည်။ နိုင်ငံတကာထောက်ပံ့ငွေများမှာ တဖြည်းဖြည်းနှင့် လျော့နည်းလာလေသည်။ အလှူရှင်များဒက်ပိခြင်း ရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲမှုနှောင့်နှေးခြင်းနှင့် ဒီမိုကရေစီဆိုင်ရာ သိသိသာသာတိုးတက်မှု မရှိခြင်းကြောင့် ဖြစ်သည်။

## ရွေးကောက်ပွဲဆိုင်ရာ အပြောင်းအလဲ စီမံခန့်ခွဲခြင်း

ဆယ်စုနှစ် နှစ်စုခန့် နိုင်ငံတကာအထောက်အပံ့ အတော်အတန်ရယူပြီးနောက်တွင် ကမ္ဘောဒီးယားနိုင်ငံရှိ ရွေးကောက်ပွဲလုပ်ငန်းစဉ်များသည် နိုင်ငံတကာမှ သတ်မှတ်သော အဓိကကျသည့် ဒီမိုကရေစီဆိုင်ရာ ရွေးကောက်ပွဲနှင့် ကိုက်ညီမှုများ လိုအပ်နေဆဲပင် ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များခြုံငုံသုံးသပ်ပါက အချိန်နှင့်အမျှ တောက်လျှောက်တိုးတက်မှုရှိသော်လည်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ၁၉၉၈ ကတည်းက စတင်ပြီး အနှောင့်အနှေးဖြစ်စေသော အဓိကကျသည့် ပြဿနာများမှာမူ မပြောင်းလဲပဲ ရှိနေသေးသည်။ NEC ၏ အမှီအခိုကင်းမှု၊ မဲဆန္ဒရှင်စာရင်းရေးသွင်းမှုနှင့် ပဋိပက္ခဖြေရှင်းမှုများ သာတူညီမျှပါဝင်ယှဉ်ပြိုင်နိုင်သည့် အခြေအနေတစ်ခုကို ရောက်အောင်ဖန်တီးပေးနိုင်သည့် နိုင်ငံရေးအခင်းအကျင်းကိစ္စကိုမူ ထည့်ပြောရန်ပင်မလိုအပ်တော့ချေ။ ပြည်တွင်းပြည်ပ စောင့်ကြည့်လေ့လာသူတို့၏ မှတ်တမ်းတင်ချက်များအရ ၂၀၀၈ ခုနှစ်တွင်ပြုလုပ်သွားသော ရွေးကောက်ပွဲသည်လည်း ထိုနေရာများတွင် ပိုမိုထိရောက်သော ပြောင်းလဲမှုများလိုအပ်ကြောင်းကို မီးမောင်းထိုးပြသွားလေသည်။ ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်မှုတွင် အာဏာရပါတီအပေါ်တွင် မီဒီယာဘက်လိုက်မှုကို အလုံးအရင်းလိုက် မြင်ခဲ့ရပြီး ပြည်နယ်တွင်းရှိ ရင်းမြစ်များကို အလွဲသုံးစားပြုလုပ်မှုများ၊ မဲဆန္ဒရှင်စာရင်း မှားယွင်းမှုများကြောင့် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် လူပေါင်းသိန်းဂဏန်းခန့် မဲပေးခွင့်မရခြင်းများ ဖြစ်ပေါ်ခဲ့ပြီးနောက် ပဋိပက္ခဖြေရှင်းပေးသော စနစ်သည်လည်း အထင်ရှားဆုံးသော စည်းကမ်းဖောက်ဖျက်မှုများကို ဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့ချေ။ ဥပဒေပြုရေးနှင့် ၂၀၁၁တွင် မဲဆန္ဒရှင် မှတ်ပုံတင် စာရင်းရေးသွင်းခြင်းကို လွှမ်းမိုးထားသော စည်းမျဉ်းများကို အနည်းငယ်မျှပြုပြင်မှုရှိခဲ့သော်လည်း ထိုပြုပြင်မှုများမှာများစွာနောက်ကျသွားပြီး အတိုင်း

အတာ ပမာဏမှာလည်း ကန့်သတ်ခံရသောကြောင့် ကျကျနန မှတ်တမ်းတင်ရန်၊ အဓိကကျသော အနာအဆာများကို ဖြေရှင်းနိုင်စွမ်း မရှိခဲ့ချေ။ ထိုရလဒ်အနေဖြင့် ၂၀၁၃ ရွေးကောက်ပွဲသည်လည်း ယခင် ရွေးကောက်ပွဲများတွင်ဖြစ်ပွားခဲ့သည့်အတိုင်း မဲဆန္ဒရှင်များအားစာရင်းရေးသွင်းခြင်းနှင့် မှတ်ပုံတင်ခြင်းတို့တွင် ယခင်ကဖြစ်ခဲ့သည့် အမှားအယွင်းအကြီးများဖြစ်ပြီးနောက် ထိခိုက်ခဲ့ရသည်။ သို့သော်လည်း ပမာဏအားဖြင့် ယခင်ကမရခဲ့စဖူးသော အဆင့်အတန်းမျိုးကိုရောက်ရှိလာလေသည်။ ရွေးကောက်ပွဲရလဒ်များ၏ ယုံကြည်ရနိုင်မှုအပေါ် ၎င်းတို့၏ ဖြစ်နိုင်ချေရှိသော သက်ရောက်မှုများသည် ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ရေး မဟာမိတ် (ERA)[၁၀] တွင် ပေါင်းစုနေသော အရပ်ဖက်လူ့အဖွဲ့အစည်းမှ စောင့်ကြည့်သူများ၏ အထောက်အကူပြု ရှာဖွေတွေ့ရှိချက်များဖြင့် သေသေချာချာ မှတ်တမ်းတင်ထားသည်လေသည်။

ကမ္ဘောဒီးယား အာဏာပိုင်များဘက်မှ နိုင်ငံရေးဦးတည်ချက် မရှိသောကြောင့် တိုးတက်မှုမရှိဘဲ ဖြစ်နေခဲ့ရပြီး NEC ဘက်မှလည်း နစ်နင့်ချီပြီး နိုင်ငံအဆင့်လေ့လာစောင့်ကြည့်သူများ၊ နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများ စီမံကိန်းနှင့် တိုးတက်ထူထောင်ရေး လက်တွဲဖေါ်များ ထုတ်ဖော်ပြသထားသော ညွှန်းဆိုချက်များကို ကျကျနန ဖြေရှင်းရန်လိုအပ်နေခြင်းဖြစ်သည်။ အရေးကြီးသော အစီရင်ခံစာများမှာလည်း ၂၀၁၃ ရွေးကောက်ပွဲအပြီးတွင် အစိုးရဘက်မှ ထုတ်ဝေသော စာရွက်ဖြူစာတမ်း[၁၁] ထဲတွင် ဥပမာပြထားသကဲ့သို့ ရင့်ရင့်သီးသီး စနစ်တကျ တုံ့ပြန်သောအရာများနှင့် တွေ့မလိုဖြစ်ခဲ့ရသေးသည်။ NEC ဘက်မှလည်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုချက်များကို ပြောင်းလဲစေနိုင်မယ့် မည်သည့် စကားပြေင်းခံ အနိုင်လုမှုများကို ဖယ်ရှားနိုင်မည့် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်မှုများသော ်စံဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့ကြောင့် နည်းပညာကျွမ်းကျင်မှုပိုင်းတွင် အစားထိုး၍မရနိုင်သော စီမံခန့်ခွဲရေးနှင့် ဥပဒေပြုရေးတို့လစ်လပ်နေသည်။ နောက်ဆုံးပြုလုပ်ခဲ့သောရွေးကောက်ပွဲသည်လည်း ပြည်သူအနေနှင့် အသင်းအဖွဲ့တို့အား မယုံကြည်ခြင်းအပေါ် တွင်ပိုမိုဆိုးရွားစေခဲ့ပြီး ယခုတွင် အစအဆုံးပြန်လည် ပြုပြင်ရတော့မည့် စာရင်းထဲတွင် ပါဝင်သွားပြီ ဖြစ်သည်။

## မှတ်ချက်များ

1. ၂၀၁၂ ခုနှစ်မှစတင်ကာ ကမ္ဘောဒီးယားနိုင်ငံတွင် ကွန်မြူကောင်စီ ၁၆၃၃ ခုရှိသည်။
2. အတိုကောက် (ပြင်သစ်စကားလုံး FUNCINPE) လွတ်လပ်၊ မျှတ၊ ငြိမ်းချမ်းကာ ညီညွတ်စည်းလုံးသော ကမ္ဘောဒီးယားနိုင်ငံအတွက် တပ်ဦးသမဂ္ဂ။
3. ရွေးကောက်ပွဲ ပြည်လည်ပြုပြင်ရေး မဟာမိတ် (ERA)၊ ၂၀၁၃ ခုနှစ်၊ ကမ္ဘောဒီးယားရွေးကောက်ပွဲ ကျင့်ဝတ် ပူးတွဲအစီရင်ခံစာ၊ နိုဝင်ဘာလ ၂၀၁၃ ခုနှစ်။
4. ဖွဲ့စည်းပုံအခြေခံဥပဒေသည် မဲပေးနိုင်ခွင့်ကို အာမခံပေးသည်၊ (သို့) လွတ်လပ်၊ ပွင့်လင်း၊ တရားမျှတသော တိုက်ရိုက် လျှို့ဝှက်မဲပေးနိုင်မှုကို ကိုယ်စားလှယ်လောင်းများအတွက် ရပ်တည်ပေးသည် (အပိုဒ် ၃၄၊ ၇၆)၊ အမျိုးသားညီလာခံအတွက် (၅) နှစ်သက်တမ်းသတ်မှတ်ပေးသည် (အပိုဒ် ၇၈)၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွါးမှုများအတွက် အမြင့်ဆုံးတရားစီရင်ပိုင်ခွင့်ကို အခြေခံဥပဒေကောင်စီသို့ အပ်နှင်းသည် (အပိုဒ် ၁၃၆)
5. အမျိုးသားလွှတ်တော်အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် လိုက်နာရမည့်ဥပဒေများ၊ အပိုဒ် ၁၂၊ ၂၀၀၂ ခုနှစ် ပြင်ဆင်ချက်အရ။

6. အမျိုးသားလွှတ်တော်အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် လိုက်နာရမည့်ဥပဒေများ၊ အပိုဒ် (၁၂)၊ (၁၃)။

7. COMFREL နှင့် NICFEC တို့၏ ၂၀၀၃၊ ၂၀၀၇၊ ၂၀၀၈ ရွေးကောက်ပွဲ အစီရင်ခံစာများ၊ ဥရောပ သမဂ္ဂ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ အပြီးသတ်အစီရင်ခံစာ ၂၀၀၈၊

8. NRP၊ SRP၊ HRP နှင့် FUNCINPEC အမျိုးသား ရွေးကောက်ပွဲကော်မတီ၏ ရွေးကောက်ပွဲများယှဉ်ပြိုင်ရာတွင် နိုင်ငံရေးပါတီများအတွင်း ယုံကြည်မှုတည်ဆောက်ရန် ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြံပြုချက်များ၊ ၂၀၁၁ မေလ။

9. ကွန်မြူကောင်စီတွင် ယာယီသတ်မှတ်ထားသော မဲဆန္ဒရှင်အမည်စာရင်း တင်သွင်းထားသူများ မပါဝင်ပါ။

10. ရွေးကောက်ပွဲ ပြည်လည်ပြုပြင်ရေး မဟာမိတ် (ERA)၊ ၂၀၁၃ ခုနှစ်၊ ကမ္ဘောဒီးယားရွေးကောက်ပွဲကျင့်ဝတ်ပူးတွဲအစီရင်ခံစာ၊ နိုဝင်ဘာလ ၂၀၁၃ ခုနှစ်။ ပါဝင်သောအဖွဲ့အစည်းများ Cambodian Human Rights and Development Association (ADHOC)၊ Coalition for Integrity and Social Accountability (CISA)၊ Committee for Free and Fair Elections in Cambodia (COMFREL)၊ Cambodian League for the Promotion and Defense of Human Rights (LICADHO)၊ National Democratic Institute (NDI)၊ Neutral and Impartial Committee for Free and Fair Elections in Cambodia (NICFEC)၊ People Center for Development and Peace (PDP-Center Phnom Penh)၊ Transparency International Cambodia (TIC)။

11. ဝန်ကြီးဌာနများ၏ သတင်းနှင့် လျှင်မြန်သောပြန်ကြားရေးယူနစ်၏ ကောင်စီရုံး၊ ကမ္ဘောဒီးယားနိုင်ငံ၏ အမျိုးသားလွှတ်တော် (၅) ကြိမ်မြောက်ပြဋ္ဌာန်းချက်အတွက် ၂၀၁၃ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ အဖြူရောင်စာတမ်း၊ ၂၀၁၃ခုနှစ် စက်တင်ဘာလ။

ဖြစ်ရပ်များကိုလေ့လာခြင်း

# အာဖဂန်နစ္စတန် ： ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန၏ စီမံကြီးကြပ်ရေးဌာနမှ ဝင်ရောက်စွက်ဖက်မှုများအား ဖြေရှင်းနိုင်ရန် ရုန်းကန်ရခြင်း*

Andy Campbell

၂၀၀၁ နောက်ပိုင်းတွင် တာလီဘန်အစိုးရကို ယူအက်စ်ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရက အာဖဂန်နစ္စတန်၏ ဒေသတော်တော်များများကို ထိန်းချုပ်နေခြင်းမှ ဖယ်ရှားပစ်နိုင်ခဲ့သည်။ ထိုအချိန်မှ စ၍ တော်တော်များများပြောင်းလဲခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ချုပ်ဆိုခဲ့သော ဘွန်းစာချုပ်မှတစ်ဆင့် တည်ထောင်ထားသော အစ္စလာမ်မစ်နိုင်ငံတော် အာဖဂန်နစ္စတန်သည် ယခုအချိန်တွင် အစ္စလာမ်မစ်သမ္မတနိုင်ငံတော် အာဖဂန်နစ္စတန ဟူ၍ ပြောင်းလဲသွားလေသည်။ ထို့နောက်တွင် အမေရိကန်ဦးဆောင်သော လွတ်လပ်ရေးအတွက် ကြံ့ကြံ့ခိုင်မှု စစ်ဆင်ရေးသည် အစောပိုင်းတွင် ကဘူးလ်မြို့ သို့ဝင်ရန် ပိတ်ပင်ခံခဲ့ရသော NATO ဦးဆောင်သည့် နိုင်ငံတကာ လုံခြုံရေး အထောက်အပံ့ အင်အားစု (ISAF) ကိုလည်း လမ်းဖွင့်ပေးနိုင်ခဲ့သည်။ အဓိကအားဖြင့် မတည်ငြိမ်မှုကို အဓိကဖြစ်စေသော လက်နက်ကိုင်ပုန်ကန်သူများသည်လည်း လက်နက်ချပြီး လှုပ်ရှားမှု ရပ်တန့်လိုက်ပြီဖြစ်ကာ စစ်ဘုရင်တော်တော်များများကလည်း အကြမ်းဖက်မှုကို စွန့်ပယ်လိုက်ပြီဖြစ်သည်။ ထိုအချက်ကို အမှီသဟဲပြု၍ ရွေးကောက်ပွဲနှင့် နိုင်ငံရေးဆိုင်ရာ အကျိုးအမြတ်များ ရလာနိုင်သကဲ့သို့ ရရှိထားသောသင်ခန်းစာများကိုအခြေခံကာ နောင်လုပ်ဆောင်စရာရှိသည်တို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သကဲ့သို့ ထောက်ပြထားသော အားနည်းချက်များကိုလည်း ပြင်ဆင်သွားမည်ဟု မျှော်လင့်ရပါသည်။ တာလီဘန်များကို ချေမှုန်းနိုင်လိမ့်ပြီး ကျန်ရှိနေသော စစ်ဘုရင်များ အနေနှင့်လည်း လက်ရှိအခြေအနေတွင် ရရှိသောပေးဆပ်မှုဖြင့်ကျေနပ်ပြီး အတိတ်ကိုသင်ပုန်းချေမည် ဟုမျှော်လင့်ရပါသည်။ အာဖဂန်နစ္စတန်တွင် လက်ရှိဖြစ်နေသော အခြေအနေကမူ မျှော်မှန်းထားသည်နှင့် ကွာဝေးလွန်းလှပါသည်။

၂၀၁၂ တွင် အာဖဂန်နစ္စတန်၌ တာလီဘန် (အုပ်စုနေရာ တော်တော်များများ၌) နှင့် အခြားသော အများအားဖြင့် အာဖဂန်ပြည်သူများအပေါ် လက်နက်ကိုင် အကြမ်းဖက်သောနည်းဖြင့် အာဏာပြန်လည်ရယူလိုသော လက်နက်ကိုင်ပုန်ကန်ရေး အဖွဲ့အစည်းများ ကျန်ရှိနေသေးသည်။ ISAF (အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအထောက်အပံ့တပ်) တိုက်ခိုက်ရေးတပ်များမှာ ၂၀၁၄ ခုနှစ်တွင် ပြန်လည်ပြီး ထောက်ပံ့မှုများကို လျှော့ချနေပြီ ဖြစ်သည်။ ဒေသခံစစ်ဘုရင်များမှာလည်း ယခုအချိန်တွင် လက်နက်မဲ့သွားပြီ ဖြစ်သော်လည်း

* မူရင်း လက်စွဲစာအုပ်တွင် ဖော်ပြပါရှိသော အာဖဂန်နစ္စတန်နိုင်ငံ၏ ဖြစ်ရပ်ကို လေ့လာနိုင်သည်။ Reginald Austin, 'အာဖဂန်နစ္စတန်: ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန၏ ပြောင်းလဲဖြစ်ပေါ်ခြင်း', ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ဒီဇိုင်း: International IDEA လက်စွဲစာအုပ် (Stockholm: International IDEA, 2006), စာမျက်နှာ ၁၁၃-၁၇။

စီရင်စုအုပ်ချုပ်ရေးမှူးများ၊ သမ္မတမှ ခန့်အပ်ထားသောဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ရှိ ရွေးကောက်ခံအရာရှိများ အသွင်ဖြင့် ဆက်လက်တည်ရှိနေသည်။ ပူးပေါင်းရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်း (JEMB) ကို ပိတ်သိမ်းပြီး လွတ်လပ်သောရွေးကောက်ပွဲ ကော်မရှင် (IEC) က ဆက်လက်တာဝန်လွှဲပြောင်းရယူခဲ့သော်လည်း စီမံခန့်ခွဲရေးဆိုင်ရာ ရုံးဌာန၏ အလွန်အမင်းဝင်ရောက်စွက်ဖက်ခြင်းကို ခံစားခဲ့ရပြီး ၂၀၀၉ ခုနှစ်တွင် အဆိုးရွားဆုံးသော ရွေးကောက်ပွဲစီမံခန့်ခွဲမှုကို တွေ့ကြုံခဲ့ရပြီးနောက်တွင် အရှက်တကွဲ ဖြစ်ခဲ့ရသည်။ လုပ်ငန်းဌာနနှင့်ချီသော လိမ်လည်မှု၊ EMB ဝါရင့်ဝန်ထမ်းများ၏ မသမာမှုနှင့် ဘဏ္ဍာငွေထောက်ပံ့ထားသော နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အကြံပေးများခန့်အပ်ပေးထားသော ကုလသမဂ္ဂ တိုးတက်ရေး အစီအစဉ် (UNDP) တို့နှင့် ဆက်ဆံရေးအခြေအနေ မကောင်းခြင်းတို့ကြောင့်ဖြစ်သည်။ နောက်ဆယ်နှစ်ခန့်အကြားတွင် ယုံကြည်ရနိုင်သော ရွေးကောက်ပွဲတစ်ခုဖြစ်လာရန်အတွက် EMB ဘက်မှ ဘယ်သို့ပြုလုပ်မည်ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည် ဖြစ်သည်။

## နောက်ခံသမိုင်းကြောင်းနှင့် လက်တလောသမိုင်းကြောင်း

၂၀၀၄ခုနှစ် နှစ်လယ်လောက်မှစပြီး အာဖဂန်တွင်ရွေးကောက်ပွဲများကို အစဉ်လိုက်လုပ်လာခဲ့သည်။ သမ္မတရွေးကောက်ပွဲ (၂၀၀၄)၊ Wolesi Jirga (အမျိုးသားလွှတ်တော်၏ အောက်လွှတ်တော်) နှင့် စီရင်စု ကောင်စီ (စီရင်စု ၃၄ခု အတွက်) ၂၀၀၅ တွင် ကျင်းပခဲ့သည်။ သမ္မတနှင့် စီရင်စုကောင်စီ (၂၀၀၉) နှင့် ၂၀၁၀ တွင် Wolesi Jigra (အမျိုးသားလွှတ်တော်၏အောက်လွှတ်တော်) အတွက် ရွေးကောက်ပွဲကျင်းပခဲ့သည်။ စီရင်စုကောင်စီ ဖြစ်သွားသောဖြစ်ရပ်များ၏ နောက်ဆက်တွဲ ရလဒ်အဖြစ် အမျိုးသားလွှတ်တော်၏ အထက်လွှတ်တော် (Meshrano Jirga) သုံးပုံနှစ်ပုံကို စီရင်စုကောင်စီ ၃၄ ခုမှ တစ်ဦးစီကို ရွေးကောက်ပြီး၊ သုံးပုံတစ်ပုံကို သမ္မတမှရွေးကောက်တင်မြှောက်သည်။ ၂၀၀၄ ခုနှစ်တွင် အာဖဂန်နိုင်ငံမှ ပြည်ပခိုလှုံသူများအတွက် ပြည်ပမဲကောက်ခံခြင်းကို ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တွင် ပြုလုပ်ခဲ့သည်။ နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်သူများ အသင်း (IOM) မှ ဦးဆောင်လုပ်ပေးခြင်းဖြစ်ကာ မည်သည့်နောက်ဆက်တွဲ ဖြစ်ရပ်မျိုးမဆိုကြောင့်ဖြစ်စေ၊ ထပ်မံကျင်းပပေးခြင်း မရှိခဲ့တော့ပါ။

ရွေးကောက်ပွဲ၏ အချိန်မှုဘောင် သတ်မှတ်ချက်သည် EMB ကို လက်တွေ့မကျသော မဖြစ်နိုင်လောက်သော ရွေးကောက်ပွဲကို နှစ်စဉ်နီးပါးလိုလို ကျင်းပရန် ရွေးကောက်ပွဲပြက္ခဒိန်ကို သတ်မှတ်ထားသည့် အာဖဂန်အခြေခံဥပဒေ၏ အပိုင်းအမျိုးမျိုးပေါ်တွင် မူတည်သည်။ ရာသီဥတုနှင့် လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်တော်လှန်မှုများအပါအဝင် အခြားသောအချက်များကို ပေါင်းထည့် လိုက်သောအခါ ရွေးကောက်ပွဲ ပြက္ခဒိန်သည် အာဖဂန် EMB ကို လုံးလုံးရင့်ကျက်မှု မဖြစ်ပေါ် အောင် တားဆီးနေဘိသကဲ့သို့ ဖြစ်နေ၏။

အာဖဂန် EMB ၏ တိုးတက်မှုသည်လည်း သူတည်ရှိနေသည့် ကာလအများစုတွင် ပြင်ပမှ လွှမ်းမိုးမှုများ၏ နှောင့်နှေးကြန့်ကြာစေရန် ပြုမှုများခံရလေသည်။ အထူးသဖြင့် စီမံခန့်ခွဲရေးဆိုင်ရာများ၊ ကုလသမဂ္ဂအတွင်းရှိ အရာများနှင့် နိုင်ငံနှင့်အဝှမ်းရှိ ဒေသဆိုင်ရာအာဏာရှိပုဂ္ဂိုလ်များ၏ လွှမ်းမိုးမှုတို့ဖြစ်သည်။ ပိုဆိုးသည်မှာ အာဖဂန် EMB ၏ ဆင့်ကဲတိုးတက်ပြောင်းလဲပုံမှာ စီစဉ်တကျ ချောချောမွေ့မွေ့မဟုတ်ဘဲ တရားမဝင်လက်နက်ကိုင် အဖွဲ့အစည်းများနှင့် စစ်ဘုရင်များ၏ လွှမ်းမိုးမှုလျော့ချထားသော ရွေးကောက်ခံအမျိုးသားလွှတ်တော်နှင့်ရွေးကောက်ခံသမ္မတရရှိရေးသည် EMBကြာရှည်လည်ပတ်နိုင်ရေးထက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အာဖဂန်အာဏာပိုင်များပို၍ တန်ဖိုးထားသောအရာဖြစ်သည်။ ထိုရလဒ်အနေဖြင့် EMB ၏ အခြေခံတည်ဆောက်မှုမှာ ရှုပ်ထွေးလျက်ရှိသည်။

EMB ၏ဆင့်ကဲတိုးတက်ပြောင်းလဲမှုသည် လိုအပ်သည်ထက် ပိုမိုရှုပ်ထွေးလျက်ရှိသည်။ ၂၀၀၃ မှ ၂၀၀၆ အထိ ကာလငါးပိုင်းရှိလေသည်။ ပထမဆုံးအရာ (၂၀၀၂) သည် ကုလသမဂ္ဂမှ တည်ဆောက်ထားသော အာဖဂန်နစ္စတန်အတွင်း ကုလသမဂ္ဂထောက်ပံ့ထားသော တာဝန်လုပ်ငန်းစဉ် (UNAMA) တွင် တည်ရှိပြီး ၂၀၀၃ ခုနှစ် အလယ်ပိုင်းတွင် အာဖဂန်နှင့် နိုင်ငံတကာ ပူးတွဲပေါင်းစပ်ထားသော ယာယီအဖွဲ့အစည်းတစ်ခုဖြစ်သောJEMB ကို အိမ်စောင့်အစိုးရ သမ္မတ၏ ချမှတ်ထားသောအမိန့်ဖြင့် လက်ရှိရှိနေသော UNAMA ၏လုပ်ဆောင်ချက်များကို စောင့်ကြည့်ရန်အတွက် ဖွဲ့စည်းထားလိုက်သည်။ ၂၀၀၄ ခုနှစ် အစောပိုင်းတွင် UNAMA ၏ ဆောင်ရွက်ချက်များသည် အာဖဂန်ဦးဆောင်သော အထွေထွေအတွင်းရေးမှူးဌာနတစ်ခုသို့ရောက်သွားပြီး ထိုဌာနက JEMB သို့ အစီရင်ခံစာပြန်တင်ရသည်။ ထို ဌာနမှပင် ၂၀၀၄ ခုနှစ်၏ သမ္မတရွေးကောက်ပွဲကို ဦးစီးကျင်းပပေးခဲ့ခြင်းဖြစ်သည်။ ဆုံးဖြတ်ချက်များကို အယူခံဝင်ရေးနှင့် ပတ်သက်သောဥပဒေကို ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲဥပဒေအတွင်းတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိချေ။ ထို့ကြောင့်ပင် ၂၀၀၄ ခုနှစ်တွင် အထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်ရုံးဌာန (SRSG) နှင့် ကုလသမဂ္ဂရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပြုရေးဌာနခွဲ (UNEAD) တို့က အီရန်နှင့် ပါကစ္စတန်ရှိ IOM (ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း) ဦးဆောင်လည်ပတ်စေသော OCV (နိုင်ငံပြင်ပမှ မဲ) အစီအစဉ်မှ စုံစမ်းစစ်ဆေးရေးမှူးများကို ဆွဲယူကာ ရွေးကောက်ပွဲဆိုင်ရာကျွမ်းကျင်သူများ၏ အဂတိလိုက်မှုကင်းသော အကြံပေးအဖွဲ့ကိုဖွဲ့စည်းလိုက်သည်။ ထိုသို့လုပ်လိုက်ရခြင်းသည် ဝင်ရောက်စွက်ဖက်မှုများနှင့်ဆိုင်သော စွပ်စွဲချက်များနှင့် ဖျက်မရသော မင်သုံးခြင်းနှင့် ပတ်သက်သောပြဿနာများ အပေါ် ပြန်လည်တုံ့ပြန်လိုက်ခြင်း ဖြစ်သည်။

၂၀၀၅ ခုနှစ်အစောပိုင်းတွင် မူလ JEMB ကော်မရှင်အရာရှိများ အများစုမှာ အစားထိုးခြင်းခံလိုက်ရပြီး ဦးဆောင်နေသော အကောင်အထည်ဖော်ရေး ကိုယ်စားလှယ် အေဂျင်စီအဖွဲ့မှာလည်း စီမံကိန်းဝန်ဆောင်မှုဆိုင်ရာUN ရုံးဌာန(UNOPS) သို့ လွှဲပြောင်းခြင်း ခံလိုက်ရသည်။ နိုင်ငံတကာမှ အများကြီးဦးဆောင်ပြီး ၂၀၀၅ ခုနှစ်အတွက် ကျင်းပစရာရှိသည်တို့ကို ကျင်းပသွားသည်။ ထိုအချိန်တွင် အများစုမှာ ယာယီလအနည်းငယ်သာ တာဝန်ထမ်းဆောင်ရန် စေ့စပ်ညှိနှိုင်းထားသော်လည်း နိုင်ငံတကာ အရာရှိပေါင်း ၅၀၀ ကျော်ကို ထိုလုပ်ငန်းစဉ်တွင် အထောက်အပံ့ပြုရန် တာဝန်ခန့်အပ်ထားလေသည်။ မေလ ၂၀၀၅ ခုနှစ်တွင် သမ္မတဘက်မှ ကော်မရှင်အရာရှိ ငါးဦးပါဝင်သော (သုံးဦးမှာ SRSG မှ ခန့်အပ်သော နိုင်ငံတကာမှဖြစ်ပြီး နှစ်ဦးမှာ အာဖဂန်မှဖြစ်ကာ၊ တစ်ဦးမှ တရားရုံးချုပ်မှဖြစ်ပြီး တစ်ဦးမှ အမှီအခိုကင်းသော အာဖဂန် လူ့အခွင့်အရေးကော်မရှင်မှ ဖြစ်သည်) ရွေးကောက်ပွဲဆိုင်ရာ မကျေနပ်မှုများတိုင်ကြားရာ ကော်မရှင် (ECC) ကိုဖွဲ့စည်းရန် ချမှတ်သော အမိန့်ဖြင့် ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကို အစားထိုးလိုက်လေသည်။ အသစ်ပြန်လည် ပြင်ဆင်ထားသော ပုဒ်မ ၅၁ (၂၀၁၀တွင် ပုဒ်မ ၆၀ ဖြစ်သွား) အရ မီဒီယာကော်မရှင်မှ JEMB ကို အစီရင်ခံစာတင်ရလေသည်။

၂၀၀၅ခုနှစ်နောင်းပိုင်း အမျိုးသားလွှတ်တော်ကို ပထမဆုံးအကြိမ် တွေ့ဆုံပြီးသောအခါ JEMB ကို ဖျက်သိမ်းလိုက်ပြီး အာဖဂန် IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) ကို စနစ်တကျ တည်ထောင်လိုက်သည်။ ၂၀၀၆ ခုနှစ်တွင် UNDP က မနက်ဖြန်တို့အတွက် ရွေးကောက်ပွဲဆိုင်ရာနှင့် ဥပဒေဆိုင်ရာ စွမ်းအားတို့ကိုမြှင့်တင်ရေး (ELECT) အစီအစဉ်ကို IEC သို့ အကြံပေးများ တင်သွင်းရန်အတွက် တည်ထောင်ခဲ့သည်။ ELECT အစီအစဉ်ကို စတင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိခဲ့သည်။ IEC အသစ်အား ဘဏ္ဍာငွေထောက်ပံ့ရာတွင် ကြန့်ကြာခြင်းတို့ ရှိခြင်းကြောင့် အရည်အချင်းရှိဝန်ထမ်းများ ထုနှင့်ဒေးထွက်ကုန်သည်တို့ ဖြစ်လာသည်။ ထိုကဲ့သို့ နှောင့်နှေးကြန့်ကြာ သွားရခြင်းမှာလည်း ၂၀၀၅ ခုနှစ် ရွေးကောက်ပွဲ အသုံးစရိတ်ကို မြှင့်တင်လိုက်သောကြောင့် အမေရိကန်ဒေါ်လာ ၁၁ သန်းခန့်လိုအပ်ခြင်း ဖြစ်

သွားကာ ယခုကဲ့သို့ ဖြစ်သွားရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် UNDP သည် UNOPS (လုပ်ငန်း တာဝန် ထမ်းဆောင်ရေး ကုလသမဂ္ဂရုံး) အား ၂၀၀၅ ခုနှစ်ပွဲ စီစဉ်ပေးသည့်အတွက် ငွေအကြွေးတင်သွားလေသည်။

IEC သည် ၂၀၀၆-၂၀၀၉ အတွက် စိတ်ပါလက်ပါ မဟုတ်သော ဗျူဟာချ စီမံကိန်းတစ်ခုရေးဆွဲထားသော်လည်း ပြည့်ပြည့်စုံစုံ အသုံးမချရသေးပေ။ မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် ဆိုင်သော အဓိကလုပ်ငန်းစဉ်သည် စီးပွားရေးအရရော နိုင်ငံရေးအရပါ ကုန်ကျစရိတ်များလွန်းလှသည်ဟု သတ်မှတ်လိုက်ကြပြန်သည်။ တစ်နိုင်ငံလုံးအနှံ့ သန်းခေါင်စာရင်း ကောက်ခြင်းကဲ့သို့သော နယ်နိမိတ်ဆိုင်ရာ ကန့်သတ်မှုများဖြစ်စေလာနိုင်ပြီး မကျင်းပရသေးသည့် ခရိုင်ကောင်စီရွေးကောက်ပွဲအတွက် အဓိကကျသော တာဝန်များနှင့် သက်ဆိုင်သော ရွေးကောက်ပွဲပြန်လည်ပြုပြင်ရေးဆိုင်ရာနှင့် သက်ဆိုင်သောကိစ္စများအကြောင်း တိုင်ပင်ဆွေးနွေးရေးသည် ဖြစ်ပေါ်မလာခဲ့ချေ။ IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) သည် ၂၀၀၉ ခုနှစ် သမ္မတရွေးကောက်ပွဲ အတွက် စီမံကိန်းများ ဆက်လက်ချမှတ်ခဲ့သော်လည်း အချိန်ဇယားအရ ငွေနှင့် လုပ်နိုင်စွမ်းမရှိတော့ချေ။ နောက်ထပ် မဲဆန္ဒရှင်စာရင်းရေးသွင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ဆောင်ချက် တစ်ရပ်သည် ၂၀၀၈ ခုနှစ်တွင်စတင်ခဲ့သည်။ဝန်ထမ်းများ ခန့်အပ်ပြီးသောအခါ UNDP-ELECT မှ အကူအညီထောက်ပံ့မှုများလည်း ပြန်လည်ရရှိလာခဲ့သည်။ အထူးသဖြင့် UNDP ၏ ကြီးမားလှသော ဝန်ထမ်းခန့်အပ်ရေးစနစ်က အများစုမှာ UNEAD (ကုလသမဂ္ဂရွေးကောက်ပွဲအတွက် အထောက်အပံ့ပေးသော တိုင်းဒေသ) မှ ကျွမ်းကျင်သူများကို ခန့်အပ်ထားခြင်း ဖြစ်သော်လည်း နိုင်ငံတကာအကြံပေးပုဂ္ဂိုလ်များ ခန့်အပ်ရာတွင် အားနည်းချက်တစ်ခုအနေဖြင့် ဆက်လည်တည်ရှိလျက်ရှိသည်။ ထို့ကြောင့် ထိုပွဲမှာ နောင့်နေးခဲ့ရပြီး ရွေးကောက်ပွဲတွင် လျို့ဝှက်မဲ လေးမဲအနက် တစ်မဲနီးပါးမှာ ပယ်မဲဖြစ်ပြီး အဓိကရွေးကောက်ပွဲအရာရှိ (PEO) ငါးဦး တာဝန်မှ ဖြုတ်ချခြင်းခံခြင်း အစရှိသော ရွေးကောက်ပွဲမအောင်မြင်မှုများ ဖြစ်လာလေသည်။၂၀၁၀ ခုနှစ်တွင် ရွေးကော်ပွဲဥပဒေအသစ်၊ ဥက္ကဋ္ဌအသစ်နှင့် ရွေးကောက်ပွဲအရာရှိချုပ်(CEO)အသစ် ပြောင်းလဲရာမှ ပြောင်းလဲခြင်းမှာ စတင်ရောက်ရှိလာကြသည်။

## ဥပဒေဆိုင်ရာမူဘောင်

IEC တည်ထောင်ရာတွင် ဥပဒေရေးရာ အဓိက အခြေခံလိုအပ်ချက်မှာ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေဖြစ်သည်။ ပုဒ်မ ၃၃ တွင် ပြောထားသည်မှာ “နိုင်ငံသားများအနေနှင့် မဲပေးခွင့်၊ ဝင်ရောက် ရွေးကောက်ခံခွင့် ရှိရမည်” ဟု ဖော်ပြထားပြီး ပုဒ်မ ၁၅၆က ဖော်ပြထားသည်မှာ “အမှီအခိုကင်းသော ရွေးကောက်ပွဲကော်မရှင်သည် မည်သည့်ရွေးကောက်ပွဲကိုမဆို စီစဉ်ညွှန်ကြားရန်နှင့် ကြီးကြပ်ရန်အတွက် ဖွဲ့စည်းပေးထားရမည်” ဟု ဖြစ်သည်။ သမ္မတဘက်မှ ချမှတ်ထားသောရွေးကောက်ပွဲဆိုင်ရာ ဥပဒေသုံးချက် ရှိသည်။ ၂၀၀၄၊၂၀၀၅ (ECC ပြဋ္ဌာန်းဥပဒေအတွင်း ပါပြီးဖြစ်ပြီး) ၂၀၁၀ တို့ဖြစ်သည်။၂၀၀၉ ခုနှစ် နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေကဲ့သို့ IEC ကိုသက်ရောက်သော အခြား ပြဋ္ဌာန်းဥပဒေနှင့် ထပ်တိုးဥပဒေများလည်း ရှိသေးသည်။

ဇန်နဝါရီလ ၂၀၀၅ ခုနှစ်တွင် သမ္မတထုတ်ပြန်သော ဥပဒေအမှတ် ၂၃ သည် IEC သည် တည်ဆောက်ပုံနှင့်လုပ်ကိုင်ပုံတို့ကို တည်ထောင်ပေးခဲ့ပြီး အမျိုးသားလွှတ်တော် တည်ထောင် (ပုဒ်မ ၁၀) ပြီးသည့် အချိန်အထိ JEMB ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကန့်သတ်ထားသေးလေသည်။ ၂၀၀၃ခုနှစ်က သမ္မတထုတ်ပြန်သောအမိန့်သည် ယာယီ IEC ကို တည်ထောင်စေခဲ့လေသည်။ မူလ ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ ပုဒ်မ ၆၁ (အကူးအပြောင်းကာလအတွင်း ရွေးကောက်ပွဲကျင်းပခြင်း) တွင် ယခုအခြေအနေကို “အကူးအပြောင်းကာလအပြီး” ဟု ရည်ညွှန်းထားလေသည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွင် IEC ကို ပေါင်းစည်းစည်းမျဉ်းများ ထုတ်ပြန်ရန် ပုဒ်မ ၆၆ တွင် ခွင့်ပေးထားပြီး ယနေ့

အချိန်ထိ ခေါင်းစဉ်တော်တော်များများနှင့် သက်ဆိုင်ရာတို့ကို စည်းမျဉ်းများ ထုတ်ပေးပြီးပြီဖြစ်သည်။ ပုဒ်မ ၅၀က IEC သည် အေးဂျင့်ကိုယ်စားလှယ်များ၊ စောင့်ကြည့်သူများနှင့် မီဒီယာများကို ရပိုင်ခွင့်နှင့် လိုက်နာရန်များဆုံးဖြတ်ပေးရန် ရှင်းလင်းပြဋ္ဌာန်းထားသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း IEC ကိုအစီရင်ခံစာတင်ရသော မီဒီယာကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ (ပြင်ဆင်ထားသော ဥပဒေ၏ ပုဒ်မ ၅၁၊ ၂၀၁၀ ဥပဒေ၏ ပုဒ်မ ၆၀) အတိုင်း ဖွဲ့စည်းထားခြင်းဖြစ်ပြီး ECC (ရွေးကောက်ပွဲဆိုင်ရာ မကျေလည်မှုများတင်သွင်းရာ ကော်မရှင်) မှ သူ၏လုပ်ပိုင်ခွင့်များကို ဥပဒေမှ ပြဋ္ဌာန်းထားသော ပုဒ်မ ၆၁ မှ ရခြင်းဖြစ်သည်။ ECC ၏ ဖွဲ့စည်းပုံနှင့် ဥပဒေရေးရာ စီစဉ်ပုံတို့မှာ ကိုယ့်ယို့ကားယားနိုင်လှပြီး ၂၀၀၉ နှင့် ၂၀၁၀ တွင် တွေ့မြင်ခဲ့ရသည့်အတိုင်း အလွန်အကျူး ဝင်ရောက်စွက်ဖက်မှုများ၏ အောက်တွင်ရှိနေသည်။ ECC သည် ယာယီဖွဲ့စည်းထားသော ဌာနတစ်ခုသာလျှင်ဖြစ်ပြီး အဖွဲ့အစည်းဆိုင်ရာ မှတ်ဉာဏ်နှင့်ဆိုင်သော ပြဿနာများရှိနေသည်။

IEC သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်ပြီး တာဝန်မရှိချေ။ ထိုကိစ္စမှာ တရားစီရင်ရေး ဝန်ကြီးဌာနမှ ကိုင်တွယ်ခြင်းဖြစ်ပြီး နယ်နိမိတ်ကန့်သတ်ခြင်းဆိုင်ရာနှင့်လည်း ပတ်သက်ပြီး တာဝန်မရှိချေ။

## ရွေးကောက်ပွဲဆိုင်ရာတို့ကို ပြန်လည်ပြုပြင်ပြောင်းလဲမှု

ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားသည် အာဖဂန်တွင် အမြဲတမ်းလိုလို ဆွေးနွေးနေကြသော အကြောင်းအရာဖြစ်သည်။ အပြောများသော်လည်း လက်တွေ့အကောင်အထည်ဖော်မှု အင်မတန်မှနည်းသည်။ အခြေခံအားဖြင့်ဆိုလျှင် အာဖဂန်နစ္စတန်သည် အငြင်းပွားဖွယ်ရာ ဥပဒေတို့အဖော်တွင် ဖော်ဆောင်ထားသော ရွေးကောက်ပွဲဆိုင်ရာအချက်တို့တွင် အခြေခံပြီး တည်ထောင်ထားသည် မဟုတ်ဘဲ သမ္မတ၏ ဆက်တိုက်စဉ်ဆက် ပြဋ္ဌာန်းဥပဒေများအပေါ်တွင် မူတည်ပြီး တည်ထောင်ထားခြင်းဖြစ်သည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာဥပဒေကို သမ္မတက် ပုဒ်မ ၇၉တွင် ပြဋ္ဌာန်းထားသည်။ "ရုတ်ချည်း လိုအပ်လာသော" အခြေအနေများတွင် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းမိန့်များ ထုတ်ပြန်ခွင့်ရှိသည်။ ထိုအချက်က ပုဒ်မ ၁၀၉ "လွှတ်တော် နောက်ဆုံးသက်တမ်းနှစ်တွင်" ဥပဒေပြောင်းလဲနိုင်ခွင့်ကို ပိတ်ပင်ထားချက်အား ကျော်လွန်သည်။ အဘယ်ကြောင့်ဆိုသော် Wolesi Jirga သည် အထက်လွှတ်တော်မှ ဆုံးဖြတ်ချက်တစ်ခုကို "ပယ်မဲများ ပင်လယ်ဝေ" နေအောင် ကန့်ကွက်ပြီး ပယ်ချလိုက်သော်လည်း မဲခွဲရန် ကြန့်ကြာခဲ့သောကြောင့် ဖြစ်ပြီး Meshrno Jirga ဘက်မှလည်း ထိုကိစ္စကို စီမံညွှန်ကြားရေး နယ်ပေါ်တွင် အခြေပြုပြီး စကားစစ်ထိုးရန် မလိုလားသောကြောင့် ဖြစ်သည်။

၂၀၁၀ တွင်ပြဋ္ဌာန်းထားသော ဥပဒေအသစ်က သမ္မတကို ECC ၏ အဖွဲ့ဝင်များ အားလုံးကိုခန့်အပ်နိုင်ခွင့်နှင့် "စီမံညွှန်ကြားမှု ပြောင်းသည်ဆိုရုံ ပြောင်းလဲမှု" များလုပ်နိုင်ခွင့်ကို ပံ့ပိုးပေးထားလေသည်။ ဥပမာအားဖြင့် ၂၀၁၀ ဥပဒေတွင် ပုဒ်မ ၉ (ဘက်မလိုက်မှုနှင့် လျှို့ဝှက်စောင့်စည်းမှု ဆိုင်ရာ ကတိပြုမှုနှင့်ဆိုင်သော) ကဘူးလ်၊ အာဖဂန်နှင့် နိုင်ငံတကာရှိ ဝေဖန်သူများ၏ နားမလည်နိုင်သောအပိုဒ်ကို ရွေးကောက်ပွဲဆိုင်ရာ အရာရှိများအတွက် ပယ်ဖျက်ပေးခဲ့သည်။ နောက်တစ်ခု အပြောင်းအလဲမှာ "ငါးဆယ်ရာခိုင်နှုန်းနှင့် အထက်ဖြစ်သော မဲအများစု" ကိုသာလျှင် "မဲအများစု" ဟုသတ်မှတ်ခြင်းကို ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်သည်။ ထို "စီမံညွှန်ကြားမှု ပြောင်းသည်ဆိုရုံ ပြောင်းလဲမှု" များသည် သိမ်မွေ့သော်လည်းကျယ်ပြန့်လွန်းလှပြီး EMB ၏ အဓိက အခြေခံစည်းမျဉ်းစည်းစည်းကမ်းများအပေါ် သက်ရောက်သလို တရားဥပဒေအပေါ်တွင်လည်း သက်ရောက်သည်။

၂၀၀၅ ခုနှစ်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြင်ဆင်ရာတွင် ဥပဒေမူကြမ်းရေးဆွဲရာ၌ အထွေထွေ အတွင်းရေးမှူးဌာန ရုံးဝန်ထမ်းများပါဝင်သကဲ့သို့ ၂၀၁၀ ထုတ်ပြန်မိန့် အပါအဝင် ထိုလုပ်ဆောင်ချက်လည်ပတ်မှုများကိုလည်း IEC ဝန်ထမ်းများကအထောက်အပံ့ပေးခဲ့သည်။ ထပ်ပေါင်းပြောဆိုရလျှင် ၂၀၁၂ ခုနှစ်တွင် IEC ဘက်မှ ကိုယ်ပိုင်ရွေးကောက်ပွဲဆိုင်ရာဥပဒေ ပြန်လှန်သုံးသပ်ချက်ကို တရားစီရင်ရေးဝန်ကြီးဌာနမှ ကြည့်ရှုရန်ထုတ်ဝေခဲ့သည်။ ရင်းနှီးမြှုပ်နှံသူတို့ဘက်မှ စေ့စပ်ညှိနှိုင်းမှုများမှာ နည်းပါးသော်လည်း IEC ဘက်မှ ထိုကဲ့သို့သော တာဝန်မျိုးကို လုပ်နိုင်သည်မှာ ပထမဆုံးပင် ဖြစ်သည်။ ပြည်တွင်းတွင် အများစုဖြစ်သော ဖြစ်ရပ်အများအပြားမှာလည်း ရွေးကောက်ပွဲပြန်လှန်ပြင်ဆင်ရေးနှင့် ဆိုင်သော စကားစစ်ထိုးပွဲများတွင် ကိုယ်ပိုင်လမ်းညွှန်မှုနှင့်ကိုယ် ပဲ့ကိုင်ရန် ရှာဖွေလျက်ရှိသည်။ အမျိုးသားလွှတ်တော်အတွင်းတွင် မှတ်ပုံတင်ထားသော "လွှတ်တော်နှင့်ဆိုင်သော" အုပ်စုတစ်စုက ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ရေးအတွက်လုပ်ဆောင်နေပြီး ယူအက်စ်အထောက်အပံ့ ရယူလျက်ရှိသော အဖွဲ့အစည်းဌာနများကလည်း အာဖဂန်လူမျိုးများထိုလုပ်ငန်းစဉ်တွင် ပါဝင်လုပ်ကိုင်နိုင်ရန် နေရာတစ်ခုကိုဖန်တီးရန်အတွက် ရှာဖွေလျက်ရှိသည်။ ပါတီစုံညွန့်ပေါင်းအစိုးရ အကြီးစားတစ်ခုကလည်း ရွေးကောက်ပွဲပြုပြင်ပြောင်းလဲမှုကို အနည်းဆုံးသံတမန်ရေးရာ လုပ်ငန်းတာဝန်တစ်ရပ်အနေနှင့် ပြုလုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ထိုအုပ်စုများအားလုံးသည်အာဖဂန်နစ္စတန်ရှိရွေးကောက်ပွဲဆိုင်ရာပြုပြင်ပြောင်းလဲရေးတွင် အကျိုးအမြတ်ဆိုင်ရာတို့ ရင်းနှီးမြှုပ်နှံထားခြင်းများ ရှိကြသော်လည်း မဲဆန္ဒရှင်များကမူ ထိုကိစ္စတွင် ပါဝင်ခြင်း မရှိသေးချေ။

## အသင်းအဖွဲ့ဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ပြဿနာများ

၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်ရှိ JEMB ကဲ့သို့ပင် IEC တွင်လည်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များလုပ်ဆောင်ရန် အထွေထွေအတွင်းရေးမှူးဌာန ရှိလေသည်။ ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲအတွက် ထိုဌာနကို အာဖဂန်လူမျိုးက ဦးစီးလေသည်။ ၂၀၀၅ ခုနှစ်တွင် SRSG (ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်)က နိုင်ငံတကာမှ CEO တစ်ဦးကိုခန့်အပ်ကာ အာဖဂန်လူမျိုး ရာထူးတူတစ်ဦးကိုပါ ပူးတွဲခန့်အပ်ပြီး ထိုအရာရှိမှပင် ၂၀၀၆ခုနှစ်တွင် ပထမဆုံးသော အာဖဂန် CEO တစ်ဦးဖြစ်လာပြီး နောင်တစ်ချိန်တွင် ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲကို ကျင်းပပေးနိုင်ခဲ့လေသည်။ ၂၀၀၄-၀၅ တွင် PEO များအဖြစ်ခန့်အပ်ခံခဲ့ရသော အာဖဂန် လူမျိုးများအားလုံးနီးပါးသည် ၂၀၀၆ ခုနှစ်တွင်လည်း IEC အတွင်းဗဟုသုတနှင့် အတွေ့အကြုံ ဆက်တိုက်ရစေရမည်ဟု အာမခံကာ ၂၀၀၆ ခုနှစ် တွင်လည်း PEO များအဖြစ်ဆက်လက်ခန့်အပ်ခြင်းခံခဲ့ရလေသည်။ ဆန့်ကျင်ဖီလာစွာပင် UNDP-ELECT သည် အတွေ့အကြုံများစွာရှိသော ၂၀၀၄-၀၅ ခုနှစ်က နိုင်ငံတကာဝန်ထမ်းများကို အကြံပေးအဖြစ်ပြန်လည် မခန့်အပ်ခြင်းပင် ဖြစ်သည်။ ၂၀၁၀ ခုနှစ် အစောပိုင်းတွင် CEO ကို ယခင်က JEMP/IEC အဖွဲ့ဝင်ဟောင်း၊ ဖွဲ့စည်းလည်ပတ်ပုံကမောက်ကမဖြစ်နေသော IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) တစ်ခုကို လက်ခံရရှိလိုက်သူနှင့် အစားထိုးလိုက်လေသည်။ ဥက္ကဋ္ဌကိုလည်း အစားထိုးလိုက်သော်လည်း ကော်မရှင်အရာရှိ တော်တော်များများမှာမူ ဆက်လက်ကျန်ရှိနေလေသည်။ CEO ကလည်း ၂၀၁၀ ရွေးကောက်ပွဲကို ကြီးကြပ်ပြီး ၂၀၁၂ နှစ်လည်လောက်တွင် တိုးတက်ရေး လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန်အတွက် ရာထူးမှ နုတ်ထွက်သွားလေသည်။

EMB ကို ထိခိုက်သက်ရောက်သော အသင်းအဖွဲ့နှင့် လည်ပတ်မှုဆိုင်ရာ ပြဿနာ အဓိက သုံးမျိုးရှိသည်။ ခြိမ်းခြောက်ခြင်း (လွတ်လပ်ခြင်းနှင့် သက်ဆိုင်၍)၊ မဲလိမ်ခြင်းနှင့် မဲဆန္ဒရှင်အရေအတွက်ကျဆင်းလာခြင်းတို့ဖြစ်သည်။ အသင်းအဖွဲ့နှင့်ဆိုင်သော ခြိမ်းခြောက်ခြင်းနှင့် မဲလိမ်ခြင်းဆိုင်ရာ ပြဿနာ

များမှာမူ EMB စတင် တည်ထောင်ကတည်းက တည်ရှိပျံ့ပွား ပြဿနာပေးနေခြင်းဖြစ်သည်။ အမှီအခိုကင်းခြင်းနှင့်ဆိုင်ရာ ဝိသေသလက္ခဏာမှာ ညီညီမျှမျှတည်ထောင်ထားခြင်း သို့မဟုတ် အလေးပေးခံရခြင်းမရှိသကဲ့သို့ ထိုပြဿနာကလည်း IEC ၏ လုပ်ငန်းလည်ပတ်ပုံကို နှောင့်နှေးကြန့်ကြာစေသည်။ ၂၀၀၄-၀၅ ခုနှစ်နှင့် UNDP-ELECT မှ နိုင်ငံတကာဝန်ထမ်းများသည် ၎င်းတို့ ကိုယ်ပိုင်အခွင့်အရေးရသော ရွေးကောက်ပွဲ စီမံခန့်ခွဲသူကို တွေ့ကြုံခဲ့ရဖူးသော်လည်း မနည်းမနောကမူ အမှီအခိုကင်းခြင်းနှင့်ဆိုင်သော စွမ်းဆောင်ရည် သို့မဟုတ် လမ်းညွှန်ချက်ကို ပေးစွမ်းနိုင်မှု သို့မဟုတ် ဝင်ရောက်စွက်ဖက်ခြင်းကို ကြံ့ကြံ့ခံနိုင်မှု မရှိကြချေ။

ထိုကိစ္စနှင့် ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်မှုအား ဥပမာပေးစရာ ကံမကောင်းအကြောင်း မလှစွာပင် ဖြစ်ရပ်များစွာ ရှိလေသည်။ ၂၀၀၅ ခုနှစ်တွင် JEMB ဝန်ထမ်းများအား Wolesi Jirga နှင့် အချို့သော စီရင်စုကောင်စီမှ ဝင်ရောက် ယှဉ်ပြိုင်သူများအား ဖယ်ရှားပစ်ရန် ဖိအားပြင်းပြင်းထန်ထန် သက်ရောက်လေသည်။ ဖိအားမှာ သမ္မတရုံးနှင့် SRSG (ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်)မှာလာခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင်လည်း သမ္မတရုံးမှ IEC ထံသို့ သမ္မတ ရွေးကောက်ပွဲတွင် မျှော်လင့်ထားသော ရလဒ်နှင့်ပတ်သက်ပြီး တိုက်ရိုက် "ဆက်သွယ်မှုများ" မကြာခဏရှိခဲ့ပြီး ဒေသဆိုင်ရာ ဩဇာအာဏာညောင်းသူတို့၏ တိုက်ရိုက်ကျပြီး ယခင်ကမကြုံခဲ့ဖူးသော ဖိအားမျိုးကိုကြုံတွေ့လာရသောကြောင့် ၎င်းတို့စီရင်စုရှိ ရလဒ်များနှင့်ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်သော PEO များလည်းရှိလာခဲ့သည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ (ပိုတိုသော) IEC ၏ တရားဝင်ထုတ်ပြန်စာရင်းနှင့် ပြောင်ပြောင်ကြီးဆန့်ကျင်ကာ ၎င်းကိုယ်တိုင်ကာကွယ်မည့် မဲရုံများစာရင်းကို ကြေငြာချက်ထုတ်ပြန်လိုက်လေသည်။ ထိုအချက်မှာ ထိုထပ်တိုးမဲရုံများအနေဖြင့် မဲလိမ်ခြင်းကို ကြုံတွေ့ရမည်ဟု သွယ်ဝိုက် ပြောလိုက်ခြင်းပင်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်သူတစ်ဦး၏ အဆိုအရမူ ထိုကဲ့သို့သော ဝင်ရောက်စွက်ဖက်မှုအား တုံ့ပြန်ရန်မှာ "မလိမ့်တပတ်လုပ်ရန်၊ ဖောက်ဖျက်ရန် သို့မဟုတ် ပြေးရန်" သာရှိတော့သည်ဟု ဆိုသည်။

UNDP-ELECT ကလည်း CEO ကိုအထောက်အပံ့ပေးရန်နှင့် ELECT (မနက်ဖြန်တို့အတွက် ရွေးကောက်ပွဲဆိုင်ရာနှင့် ဥပဒေဆိုင်ရာစွမ်းအားတို့ကိုမြှင့်တင်ရေး) ကို စီမံခန့်ခွဲရန်အတွက် နည်းပညာဆိုင်ရာ အကြံပေးဦးစီးမှူး (CTA) ခန့်အပ်ထားပြီး ယခုလောလောဆယ်အထိတွင် CTA ငါးဦး အထိရှိသည်။ အနေအထား တစ်ခါမကသော အခြေအနေမျိုးတွင် ကုလသမဂ္ဂ အဖွဲ့ဝင်အဖြစ် ပထမဦးဆုံးနှင့်အစောဆုံး ဆောင်ရွက်ခဲ့ဖူးသလို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် (SRSG) ကိုလည်း ပြန်လည်ပြီး အစီရင်ခံစာတင်ပေးရသည်။ ထိုအချက်က ၂၀၀၉ခုနှစ် ရွေးကောက်ပွဲ စတင်ဖြစ်ပေါ်ရာတွင် အဘယ်ကြောင့် CEO နှင့် CTA (နည်းပညာဆိုင်ရာ အကြံပေးဦးစီးမှူး) တို့၏ ဆက်ဆံရေးပျက်ပြားသွားရသည် ဟူသောအချက်ကို တစ်ပိုင်းတစ်စ သိမြင်နိုင်သည်။

EMB ကို တတိယအနေနှင့် ထိခိုက်သော ပြဿနာဖြစ်သော မဲဆန္ဒရှင်အရေအတွက် ကျဆင်းလာခြင်း(မဲဆန္ဒရှင် စာရင်းရေးသွင်းသောပမာဏမှာမူ တက်လာလေသည်) သည် ကြီးထွားလာသော စိုးရိမ်ဖွယ် ကိစ္စဖြစ်သည်။ မဲပေးသည့်နေ့တွင်ရှိသော ခိုင်လုံလျှို့ဝှက်မဲ ပမာဏမှ ဖော်ပြသော မဲဆန္ဒရှင်အရေအတွက်မှာ ၂၀၀၄ ခုနှစ်တွင် ၈သန်းမှ ၂၀၀၅ ခုနှစ်တွင် ၆.၄သန်းသို့ ကျဆင်းသွားကာ ၂၀၀၉ တွင် ၄.၂ သန်းနှင့် ၂၀၁၀ တွင် ၄ သန်း ဖြစ်သွားလေသည်။ ထိုအချိန်တွင်ပင် အခြေခံစနစ်မှစပြီး မှားယွင်းနေသော မဲဆန္ဒရှင်မှတ်ပုံတင်စနစ်ကို အားထားရသောကြောင့် စာရင်းရေးသွင်းထားသော မဲပေးခွင့်ရှိသူစာရင်းမှာ ၂၀၀၄ တွင် ၁၂.၄ သန်းမှ ၂၀၁၀ တွင် ၁၇.၅ သန်းသို့ တိုးတက်များပြားသွားလေသည်။ ထိုကဲ့သို့

ဖြစ်ရခြင်း၏ အဓိက အကြောင်းပြချက်မှာ ၂၀၀၈ မှ ၂၀၁၀ ကြားတွင် မဲဆန္ဒရှင် စာရင်းများအား အစအဆုံးပြန်လည် စာရင်းရေးသွင်းခြင်းမပြုဘဲ "ဖြည့်စွက်ထပ်ပေါင်း" လိုက်သောကြောင့် ဖြစ်သည်။ နည်းစနစ်ကျကျနှင့် အချက်အလက်များကို စနစ်တကျသိမ်းဆည်းပါက ပိုမိုကောင်းမွန်မည် ဖြစ်သည်။ မဲဆန္ဒရှင်အရေအတွက် ကျဆင်းရခြင်းနှင့်ပတ်သက်ပြီး မကြာခဏ ပြောကြသောအကြောင်းပြချက်မှာကား လုံခြုံမှုပေးနိုင်သော အခြေအနေပျက်ယွင်းခြင်းကြောင့် ဖြစ်သည် ဟူ၍ဖြစ်ပြီး ထိုအကြောင်းပြချက်ကလည်း အခြေအနေ၏ တစ်ပိုင်းတစ်စကိုသာ နားလည်စေနိုင်သည်။ နောက်ထပ် အရေးကြီးသော အကြောင်းပြချက်တစ်ခုကလည်း မဲဆန္ဒရှင်များကလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ၎င်းတို့၏ဘဝကို တိုးတက်ပြောင်းလဲ ပေးနိုင်မည့်အရာဟု မထင်မြင်ကြသောကြောင့်ဖြစ်သည်။ ထိုလုပ်ဆောင်ချက်များ၊ EMB နှင့် ဒီမိုကရေစီသည်ကြီးထွားလျက်ရှိသော မယုံသင်္ကာဖြစ်မှုများနှင့် သံသယများဖြင့် ရှုမြင်ခြင်းခံနေရသည်။

## နည်းပညာသစ်များ ရယူခြင်းနှင့် စီမံခန့်ခွဲခြင်း

အာဖဂန်နစ္စတန်သည် အင်မတန်မှဆတ်ဆတ်ထိမခံသော နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း သတင်းမီဒီယာနှင့် နည်းပညာများ အသုံးပြုနိုင်ကာ မိုဘိုင်းတယ်လီဖုန်းများလည်း ကျယ်ပျံ့လာပြီး အင်တာနက်အသုံးပြုမှုလည်း မြင့်တက်လာပြီဖြစ်သည်။ အာဖရိက၏ နေရာတော်တော်များများကဲ့သို့ပင် နောက်တစ်ဆင့်သို့ တက်ရန်အတွက်ကြိုးဖုန်းစနစ်ကို အသုံးပြုရန်မလိုအပ်ချေ။ ကံမကောင်းအကြောင်း မလှစွာပင် ထိုစနစ်ကို ကုန်ကျစရိတ် ကန့်သတ်ထားသောကြောင့် ကနဦးရော နောင်ပြန်အကျော့များ၌ပါ IEC ၏ လက်ခံမှုကို မခံခဲ့ရချေ။ ရာသီဥတုပိုင်းဆိုင်ရာ ကန့်သတ်မှုများကြောင့်လည်း IEC ၏ နည်းပညာ အသစ်အဆန်း အသုံးပြုနိုင်စွမ်းကို နှောင့်နှေးစေသည်။

အကြီးမားဆုံးသော နည်းပညာအသစ်အဆန်းဆိုင်ရာ ကွာဟချက်သည် မဲဆန္ဒရှင်စာရင်းဒေတာဘေ့စ်ဖြစ်သည်။ အထက်တွင် ဖော်ပြထားသော မဲဆန္ဒရှင်းစာရင်းရေးသွင်းခြင်းဆိုင်ရာ နည်းစနစ်တွင် အမှားအယွင်းများ ပါနေသည်။ စာရွက်ပေါ်တွင် လူတစ်ဦးကို သူနေထိုင်ရာ ခရိုင် သို့မဟုတ် စီရင်စုနှင့်တွဲရေးမှတ်ထားခြင်းဖြစ်ပြီး (သို့သော်လည်း သူ၏ လိပ်စာမပါပါ) ဓါတ်ပုံတွဲလျက် ပါချင်မှလည်းပါသည်။ (အမျိုးသမီးများအနေနှင့် ၎င်းတို့အား ဓါတ်ပုံရိုက်ခြင်းကို ငြင်းဆိုခွင့်ရှိသည်)

၂၀၀၆ တွင် IEC ကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးတွဲလျက် အစီအစဉ်ချခဲ့သည်မှာ ရှင်းလင်းတိကျသော နိုင်ငံလုံးဆိုင်ရာ ဒေတာ့ဘေ့စ်အတွင်း တစ်နိုင်ငံလုံးဆိုင်ရာ မှတ်ပုံတစ်စနစ် ထုတ်ပေးရန်အတွက် အရပ်သား မဲဆန္ဒရှင် စာရင်း (CVR) ကို ပူးတွဲတည်ထောင်ရန် ဖြစ်သည်။ ထိုပရောဂျက်၏ ဦးဆောင်မည့် ကဏ္ဍတွင်ဘိုင်အိုမက်ထရစ် နည်းပညာနစ်မျိုးပါဝင်သည်။ မျက်နှာဖတ်ခြင်းနှင့် မျက်ကြည်လွှာဖတ်စနစ်တို့အား ဒေတာဘေ့စ်အတွင်းရှိ စာရင်းပေါင်းစုံအတွင်း စစ်ဆေးရာနှင့် အတည်ပြုရာတွင် ရှာဖွေရေးကိရိယာအနေနှင့် သုံးရန်ဖြစ်သည်။ ကုလသမဂ္ဂ၏ ခိုလှုံဒုက္ခသည်ဆိုင်ရာ အထက်ကော်မရှင်အရာရှိသည် ခိုလှုံဒုက္ခသည်များကို ဇာတိသို့ပြန်လွှတ်ရာတွင် မျက်ကြည်လွှာဖတ်စနစ်ကို အသုံးပြုခဲ့သည်။ သို့ရာတွင် IEC အနေနှင့် ထိုကဲ့သို့သော နည်းပညာမျိုးကို အသုံးချရန်အတွက် ရာထူးအဆင့်အတန်းမမြင့်မားချေ။ မျက်နှာဖတ်စနစ်သည်လည်း ဦးဆောင်ထိန်းကျောင်းမည့် ကဏ္ဍအတွက် ကုန်ကျစရိတ်များလွန်းသော ကြောင့် ဖြုတ်ထားခဲ့ရသည်။ ၂၀၀၇ မှစ၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်းဆိုပြောကြားသည်မှာ ၎င်းအနေနှင့် မဲဆန္ဒရှင်စာရင်းရေးသွင်းခြင်းမှ အရပ်သားပြည်သူ မှတ်ပုံတင်စာရင်းရေးသွင်းခြင်းသို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ရယူရန်ဖြစ်သော်လည်း ယနေ့ထက်တိုင် ထိုနည်းစနစ်လည်း ထိရောက်ကြောင်း သက်သေမပြနိုင်သေးပါ။ ထို့ကြောင့် အသစ်ပြောင်းလဲထားသော မဲဆန္ဒရှင်မှတ်ပုံတင်စနစ်သည်

ပြန်လည်စဉ်းစားလာရသည်။ UNDP-ELECT ၏ ဖိအားအောက်တွင်မဲဆန္ဒရှင် သက်သေခံကတ်ပြားများကို လက်မှတ်ပွားခြင်း၊ လူစားထိုးခြင်း တို့အား ထိရောက်စွာ ကာကွယ်သည့် နည်းစနစ်မရှိဘဲ ထုတ်ပေးခဲ့သည်။

## အာဏာနှင့် လုပ်ဆောင်ချက်

IEC တွင် ဘက်လိုက်ခြင်းပြီး အမှီအခိုကင်း သော EMB ၏ ဂုဏ်သတ္တိများ အချို့တစ်ဝက်သာ ရှိပြီး အကုန် မရှိချေ။ ၎င်းအနေနှင့် မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် ရွေးကောက်ပွဲကျင်းပခြင်း တို့အပြင် ရလဒ်များအား စကာတင်ရွေးချယ်ခြင်း၊ ကောက်ယူခြင်း၊ ရေတွက်ခြင်းနှင့် ကြေငြာခြင်းတို့ အတွက်ပါ တာဝန်ရှိလေသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်စာရင်းရေးသွင်းခြင်းအတွက် IEC တွင် တာဝန်မရှိပါ၊ ထိုကိစ္စသည်တရားစီရင်ရေး ဝန်ကြီးဌာန၏ တာဝန်သာလျှင်ဖြစ်သည်။ လက်ရှိဖြစ်ပွားနေသော ပြဿနာဖြစ်သည် ခရိုင်ကောင်စီရွေးကောက်ပွဲအတွက် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်းအတွက် EMB တွင် လုပ်နိုင်စွမ်းမရှိချေ။

IEC သည် မဲဆန္ဒရှင်များအား လက်နက်ကိုင်အုပ်စုများနှင့် ပတ်သက်သောနောက်ကြောင်း ရှိ မရှိ စစ်ဆေးရာတွင်လည်း အဓိကနေရာတွင် ပါဝင်လေသည်။သို့သော်လည်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ တွင် ECC (ရွေးကောက်ပွဲဆိုင်ရာ မကျေလည်မှုများတင်သွင်းရာ ကော်မရှင်)ကို အာဏာပေးအပ်ထား သည်မှာ ဝင်ရောက်ယှဉ်ပြိုင်သူများနှင့် ပတ်သက်လာလျှင် နောက်ဆုံးသောဆုံးဖြတ်သူ ဖြစ်ရမည်ဟူ၍ ဖြစ်သည်။ စနစ်၏ ထိုအပိုင်းသည်များစွာသော ဆွေးနွေးတိုင်ပင်မှုနှင့် စီမံကြီးကြပ်ရေး၏ စွက်ဖက်မှုတို့ကို ခံရပြီး ဖြစ်သည်။ ECC (ရွေးကောက်ပွဲဆိုင်ရာ မကျေလည်မှုများတင်သွင်းရာ ကော်မရှင်)သည် ၂၀၀၅ ခုနှစ်တွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေပြဌာန်းထားသည်မှာ မကြာသေးသော်လည်း ၎င်းဥပဒေမှ ညွှန်ကြား သည့်အတိုင်း ၎င်း၏တာဝန်များကို အတန်အသင့်ကောင်းကောင်းမွန်မွန် အလုပ်လုပ်သေးသည်။ ၂၀၀၉ ခုနှစ်တွင် EMB ၏ တည်ဆောက်မှုများသည် ၂၀၀၅ ခုနှစ်နှင့် အတူတူပင်ဖြစ်ပြီး နိုင်ငံတကာမှ သုံးဦးနှင့် အာဖဂန်မှ နှစ်ဦးတို့ဖြင့် ဖြစ်သည်။ သို့ရာတွင်လည်း ၎င်းမှာ အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ်မရှိသော ယာယီအဖွဲ့အစည်းမျှသာ ဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် ၎င်းသည် မသမာမှုကျူးလွန်ခံထားရသော လျှို့ဝှက် မဲလက်မှတ်များအား ဖယ်ရှားရာတွင် နမူနာယူသည့်နည်းစနစ်ကို အသုံးပြုခဲ့သောကြောင့် ယုံကြည်မှု တော်တော်များများကို ဆုံးရှုံးခဲ့ရသော်လည်း IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) စီမံကြီးကြပ် ရေး၏ မေးခွန်းထုတ်ချင်စရာ အင်မတန်ကောင်းသည့် လုပ်ရပ်ကြောင့် ၎င်းအားအမှီအခိုကင်းခြင်း တစ်သီး ပုဂ္ဂလဆန်ခြင်း၏ နောက်ဆုံးခံတပ်အဖြစ် သတ်မှတ်ရှုမြင်ခဲ့ကြသည်။ ထိုအနေနှင့်ထိုနည်းစနစ်ကို လူ နည်းစုက အကြံပေးသောကြောင့် သုံးခြင်းဖြစ်ပြီး ရလာသောရလဒ်မှာ IEC (လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင်)အနေနှင့် လျှို့ဝှက်မဲ ၁၀ ရာခိုင်နှုန်းကို ပြန်လည်ရေတွက်ပေးရန် ငြင်းဆိုခြင်းခံခဲ့ရလေသည်။ ကံတရားက ပြောင်းပြန်ဖောက်ထိုး ဖြစ်လုနီးပါးဖြစ်သွားသကဲ့သို့ပင် ၂၀၁၀ ခုနှစ်ရှိ IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်)မှာ ပိုမိုအမှီအခိုကင်း တစ်သီးပုဂ္ဂလဆန်လာပြီး ECC (ရွေးကောက်ပွဲဆိုင်ရာ မကျေလည်မှုများ တင်သွင်းရာကော်မရှင်) မှာ စီမံကြီးကြပ်ရေးကိုယ်စားပြု ဆောင်ရွက်နေရသကဲ့သို့ ပုံစံ ဖြစ်လာသည်။ အထူးသဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေမှ ပြဌာန်းထားသော မကျေနပ်မှုများကို နောက် ဆုံးဆုံးဖြတ်ချက်ချသူအနေနှင့် ဆောင်ရွက် ရန်ကို မဆောင်ရွက်ရန် ငြင်းပယ်သော မေးခွန်းထုတ်ချင်စရာ လုပ်ရပ်ကြောင့် ဖြစ်သည်။ IEC အနေနှင့် မကျေနပ်ချက်တိုင်တန်းမှုများကို ကိုင်တွယ်မဖြေရှင်းနိုင်သ၍ ECC ၏ အခန်းကဏ္ဍသည် အာဖဂန်နစ္စတန်ရှိ ရွေးကောက်ပွဲ စီမံခန့်ခွဲရေးတွင် အားနည်းချက် ကြီးကြီး မားမားတစ်ခုအဖြစ် ဆက်လက် တည်ရှိနေမည်ဖြစ်သည်။

## ဘဏ္ဍာရေး ကဏ္ဍ

IEC သည် ပုံသေသတ်မှတ်ထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၎င်း၏နေ့စဉ်လုပ်သောဝတ္တရားများနှင့် ရွေးကောက်ပွဲများမှာ တိုင်းပြည်၏ဘတ်ဂျက်ငွေထဲမှပင် လာခြင်းဖြစ်လေသည်။ ဝါရင့်ဝန်ထမ်းများမှာ အာဖဂန်လူမှုဝန်ထမ်းဆိုင်ရာ ကော်မရှင်၏အကူအညီဖြင့် ခန့်အပ်ထားခြင်း ဖြစ်လေသည်။ IEC သည် ၎င်း၏ နှစ်စဉ်ဘတ်ဂျက်ငွေကို ကြိုတင်သတ်မှတ်ပြင်ဆင်ရုံသာမက ရွေးကောက်ပွဲဘတ်ဂျက်ကိုပါ ကြိုတင်သတ်မှတ်ရပြီး ဘဏ္ဍာရေးဝန်ကြီးဌာနမှ တစ်ဆင့်တင်သွင်းကာ အမျိုးသားလွှတ်တော်မှ အတည်ပြုပေးရလေသည်။ ထိုအခါမှသာလျှင် အလှူရှင်များကလုပ်ငန်းစဉ်တွင် ၎င်းတို့လှူနိုင်မည့်အကြောင်းကို သဘောတူလက်ခံခြင်းဖြစ်သည်။ အထူးသဖြင့် မဲဆန္ဒရှင်မှတ်ပုံတင် စာရင်းရေးသွင်းခြင်းတွင်ဖြစ်ပြီး ထိုအချက်တွင်ပင် ပြဿနာတက်ခြင်း ဖြစ်သည်။

EMB အား ပံ့ပိုးမှုမထောက်ပံ့ခြင်းသည် ၎င်း၏တိုးတက်မှုကို နှောင့်နှေးစေသည်။ ထို့နောက် ကြာရှည်လုပ်ကိုင်နိုင်မှုကို တိုက်ရိုက်သက်ရောက်လေသည်။ ယခုလက်ရှိ အနေအထားတွင် USDP-ELECT II (၂၀၁၂ တွင်စသောUNDP အစီအစဉ်သစ်) သည် UN မှ IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) ကိုထောက်ပံ့ခြင်းနှင့် ၎င်း၏နေ့စဉ်ကုန်ကျသော ကုန်ကျစရိတ်အတွက် အလှူရှင်များ၏ ပိုမိုမျက်စိကျသော နေရာဖြစ်လာသည်။ အာဖဂန်အနေနှင့် IEC ကို ဆက်တိုက်တည်ရှိစေရန်အတွက် လိုအပ်သော ငွေကြေးအင်အားမရှိသကဲ့သို့ မဲဆန္ဒရှင် မှတ်ပုံတင် စာရင်းရေးသွင်းခြင်းနှင့် ရွေးကောက်ပွဲ ကျင်းပခြင်းတို့အတွက်လည်း မရှိချေ။ ထို့ကြောင့် လျှောက်လွှာတင်သွင်းတောင်းဆိုခြင်းနှင့် ပို့ဆောင် ပေးအပ်ရာတို့တွင် ပုံမှန်မရှိသော နိုင်ငံတကာမှအလှူရှင်များ၏ အထောက်အပံ့ကိုသာလျှင် ကြီးကြီးမားမားအားကိုးနေရလေသည်။

ရွေးကောက်ပွဲလေးကြိမ်တိတိ လည်ပတ်ရာတွင်ကုန်ကျစရိတ်များ၏ ပမာဏကို ကြိုတင်ခန့်မှန်းတွက်ချက်၍ မရသော်လည်း ၎င်း၏အကြိမ်ရေကြောင့် အခြေခံဥပဒေကိုပါပြင်ဆင်ရမည့် ရွေးကောက်ပွဲ ပြက္ခဒိန်ကို ပြန်လည်ညှိယူရန် ဖြစ်လာလေသည်။ ရွေးကောက်ပွဲလေးနှစ်စာအတွက် ခန့်မှန်းထားသော ကျသင့်ကုန်ကျငွေမှာအမေရိကန်ဒေါ်လာ ၇၅၈ သန်းဖြစ်ပြီး ၂၀၀၄ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁၀၅ သန်း (မူလ ဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ ၁၃၀ သန်း ဖြစ်သည်) ၂၀၀၅ ခုနှစ် ရွေးကောက်ပွဲအတွက် အမေရိကန်ဒေါ်လာ ၁၆၈ သန်း ဖြစ်ပြီး (မူလဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ ၁၅၉ သန်းဖြစ်သည်) ၂၀၀၉ နှင့် ၂၀၁၀ ရွေးကောက်ပွဲအတွက် ကျသင့်ငွေမှာ အမေရိကန်ဒေါ်လာ ၄၈၅ သန်းကျော်ဖြစ်သည်။ ထိုပမာဏများသည် ထိရှလွယ်သောပစ္စည်းများအားဖြန့်ဝေခြင်းနှင့် ပြန်လည်ရခြင်းနှင့် အင်အားစုနှင့် အကာအကွယ်ပေးခြင်းတို့အတွက် ISAF (အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအထောက်အပံ့တပ်) မှ ထောက်ပံ့သော လောက်လောက်လားလားထောက်ပံ့မှုမျိုး မပါသေးချေ။ ၎င်းထွက်ခွာသွားပြီးနောက်တွင် ထိုကုန်ကျစရိတ်များကို အာဖဂန်အစိုးရကသာလျှင် ကျခံရမည်ဖြစ်သည်။

## တာဝန်ခံနိုင်မှု

အာဖဂန်နစ္စတန်တွင် များစွာဖြစ်ပျက် ပြောင်းလဲနေသကဲ့သို့ အခြေခံလိုအပ်ချက်များမှာလည်း ဆက်လက်ပြီး တည်ဆောက်နေဆဲပင်ဖြစ်သည်။ သမ္မတမှနေ၍ ဥက္ကဋ္ဌ၊ မြို့အုပ်နှင့် CEO အပါအဝင် အခြားသော ကော်မရှင်အဖွဲ့ဝင်များကိုခန့်အပ်ခွင့် ဖြုတ်ချခွင့်ရှိသည်။ ယခင်က ထိုခန့်အပ်မှုများသည် စီမံကြီးကြပ်ရေး၏ သဘောအတိုင်းသာလျှင်ဖြစ်သည်။ အမျိုးသားလွှတ်တော်က ထိုကိစ္စနှင့် ပတ်သက်ပြီး ထိုနေရာများအတွက် ယုံကြည်ကြောင်းမဲဆန္ဒထုတ်ပြန်ခွင့်နှင့် ထောက်ခံအတည်ပြုတံဆိပ်တုံးထု ထုတ်

ပြန်ရန်အတွက် နေရာတစ်နေရာ တောင်းထားသော်လည်း ယနေ့ထက်ထိ ဖြစ်မလာသေးချေ။ EMB သည် အစိုးရယန္တရားအတွင်းတွင် ရှေ့မရောက် နောက်မကျ ကိုးလို့ကန့်လန့် ဥပဒေပုံစံဖြင့် တည်ရှိနေသည်။ ၂၀၀၅ ခုနှစ်တွင် သမ္မတထုတ်ပြန်ထားသော IEC ၏ တည်ဆောက်ပုံနှင့် လုပ်ငန်းစဉ်လုပ်ဆောင်ပုံဆိုင်ရာ အမိန့်ဥပဒေ ၂၃ သည် ယနေ့ထက်တိုင် အသက်ဝင်လျက်ရှိသေးသည်။ ၂၀၀၅ တွင်ပင်ထုတ်ထားသော သမ္မတထုတ်ပြန်မိန့် အမှတ် ၂၁သည် ပထမဆုံး IECIEC ၏အဖွဲ့ဝင်များကို နာမည်နှင့်တကွ တပ်ပြီး ခန့်အပ်ခြင်းဖြစ်သော်လည်း ခန့်အပ်မှုကိုကြာရှည်ခံစေသော စည်းမျဉ်းစည်းကမ်းကိုမူ ထည့်မထားချေ။ ထိုအချိန်မှ စ၍သမ္မတလည်း ရေးကတည်းက ခန့်အပ်ထားသော၊ လက်ရှိတာဝန်ထမ်းဆောင်နေသော ကော်မရှင်အရာရှိများနှင့် သို့မဟုတ် CEO ၏ လုပ်ဆောင်ချက်ကို မည်သူ့သဘောတူညီချက်မှ မပါဘဲ တစ်ဦးတည်းသဘောဖြင့် လိုက်နာရသည်။ CEO လူဟောင်းတစ်ဦးသည် သူ၏ကိုယ်ရေးအချက်အလက် ဆိုင်ရာ မှတ်တမ်းကို သမ္မတရုံးကို စစ်ဆေးကြည့်ရှုရန်အတွက် တင်ပြထားပြီး သုံးရက်နေမှ ခန့်အပ်ခြင်း ခံခဲ့ရလေသည်။

ထုတ်ပြန်စီရင်မိန့် ၂၁ သည် အခြေခံဥပဒေအတွင်းရှိ ပုဒ်မ ၁၅၆ကို ရည်ညွှန်းခြင်းဖြစ်ပြီး IECIEC ထူထောင်ခြင်းနှင့်ပတ်သက်သော အချက်များကိုဖော်ပြ ထားသော်လည်း IEC အစီရင်ခံစာတင်ရသူ အကြောင်းကိုမူ ဖော်ပြမထားချေ။ ထိုထုတ်ပြန်စီရင်မိန့်ရှိအပိုဒ် ၂တွင် IECသည်တာဝန်ထမ်းဆောင်ချိန်တွင် အမှီအခိုကင်း တစ်သီးပုဂ္ဂလအနေနှင့် တည်ရှိရမည်။ သူ၏အထက်တွင် မည်သူထိန်းချုပ်နေသည်ကို မပြောရ။ အုပ်ချုပ်ခြင်းနှင့်ဆိုင်ရာတွင်၊ အစိုးရဌာနများ အားလုံးသည် အမှီအခိုကင်းသောတစ်သီးပုဂ္ဂလဌာန ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ သူတို့လုပ်သော လုပ်ရပ်များအတွက် တာဝန်ခံရမည်။ IEC ၏ အစီရင်ခံစာတင်ရန် လိုအပ်သောအချိန်မှာ မတ်လတွင်း နှစ်စဉ်အစီရင်ခံစာတင်ရသော ရက်သတ္တပတ်တွင် ဖြစ်သည်။ထိုအချိန်တွင်လည်း အခြားသောကိုယ်စားလှယ်ဌာနများက ၎င်းတို့၏ရောက်ရှိထားသော အခြေအနေကို မီဒီယာများအား ပြောကြားလေသည်။

တာဝန်ခံနိုင်ခြင်းကိစ္စသည် အထက်စီမံကြီးကြပ်သူများထံပါ တိုးချဲ့ရောက်ရှိသွားပြီး "နှစ်သက်ဖွယ်ရလဒ်" ဟု ထင်မြင်ရသော အရာများအတွက် ရွေးကောက်ပွဲ လုပ်ငန်းဆိုင်ရာ ဝန်ထမ်းအား ဆုချခြင်းများပါ ရှိလာသည်။ ထုတ်ပြန်စီရင်မိန့် ၂၁ ၏ ပုဒ်မ ၆ က IEC အဖွဲ့ဝင်များအား "ထိပ်တန်းအရာရှိရာထူးများ ဆက်ခံ(ရန်) အချိန်ကာလအားဖြင့် တစ်နှစ်" ဟူ၍ ပြတ်ပြတ်သားသား ပိတ်ပင်ထားလေသည်။ ထိုပိတ်ပင်ထားမှုသည်လည်း အခြေအနေအမျိုးမျိုးအောက်တွင် ဖောက်ဖျက်ခြင်းခံခဲ့ရလေသည်။ ယခုလက်ရှိရှေ့တွင် ခန့်အပ်ခဲ့သော CEO (၂၀၀၆-၂၀၁၀) သည် တာဝန်ထမ်းဆောင်ပြီး နားစဉ် ၁၂ လကာလအတွင်း သမ္မတ၏ ဆင့်ခေါ်မှုဖြင့် ၂၀၁၀ တွင် ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရလေသည်။ IEC ဥက္ကဋ္ဌတစ်ဦး (၂၀၀၆-၂၀၁၀) ဆိုလျှင်လည်းရာထူးမှနုတ်ထွက်ပြီး မကြာမီတွင် စောင့်ကြည့်ရေးနှင့် လာဘ်စားမှုတိုက်ဖျက်ရေး အထက်ရုံး၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၀တွင် ခန့်အပ်ခြင်းခံခဲ့ရပြီး မူလ JEMB အထွေထွေအတွင်းရေးမှူးဌာန၏ ညွှန်ကြားရေးမှူး (၂၀၀၄) သည်လည်း ၂၀၀၅ ခုနှစ် အစောပိုင်းတွင်လည်း ဝန်ကြီးများအဖွဲ့ အတွင်းရေးမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

## ပညာရှင်ဆန်မှု

အာဖဂန်နစ္စတန်တွင် EMB ပုံစံမျိုးစုံနေအောင်ရှိသော်လည်း စွမ်းဆောင်ရည်မြှင့်တင်နိုင်စွမ်းသည် အင်မတန်မှပင် အဆီအငေါ်မတည့်လှစွာဖြစ်ပေါ်နေလေသည်။ ၂၀၀၃-၀၄ ခုနှစ်တွင် စုံတွဲသဏ္ဌာန် ခန့်အပ်ရာတွင် ရာထူးတန်းတူပေးခြင်းပုံစံမှာ တော်တော်များများ ကျင့်သုံးခဲ့ကြသည်။ ၂၀၀၅ ခုနှစ်တွင် နိုင်ငံတကာအရာတိုင်းအတွက်ကို အာဖဂန်အရာရှိတစ်ဦး ရာထူးတန်းတူ ခန့်အပ်ထားပေးပြီး စွမ်းဆောင်

ရည် မြှင့်တင်ရေးသည် အဓိကရည်ရွယ်ချက်ကဲ့သို့ ဖြစ်နေစဉ်တွင် ထိုစနစ်မှာ ညီတူမျှတူကျင့်သုံးခြင်း မခံခဲ့ရပေ။ ကံမကောင်းစွာပင် ထိုအချက်သည် အာဖဂန်နစ္စတန်အတွက်တော့ ထူးခြားဖြစ်ရပ်တစ်ခု မဖြစ်ခဲ့ပါချေ။ JEMB နှင့် IEC တို့သည် တည်ဆောက်ပုံအတွင်းမှ ရင်းမြစ်များကို ဒီမိုကရေစီ၊ အုပ်ချုပ်ပုံနှင့် ရွေးကောက်ပွဲ (BRIDGE) မှနည်းစနစ်မှရယူပြီး ရလဒ်များလည်းကောင်းခဲ့သည်။ အများအားဖြင့် BRIDGE လေ့ကျင့်ရေးသည် မကြာခဏဆိုသလို အတွင်းပိုင်းတွင်သာ လုပ်သောကိစ္စများဖြစ်သော်လည်း ပြင်ပရင်းမြစ်များမှ အနည်းငယ် ကူးလူးမျှဝေခြင်းသည်လည်း မရသလောက်ပင် ဖြစ်သည်။ အချိန်ကြာလာသည်နှင့် အမျှ ရွေးကောက်ပွဲဆိုင်ရာအရာရှိများအား ပညာရှင်အဆင့်မြှင့်တင်ပေးရန် လုပ်ပေးသော အဆင့်တစ်ချို့ ရှိလာသည်။ ယနေ့တွင် IEC မှ မြို့အုပ် CEO တည်ထောင်ထားသော ရွေးကောက်ပွဲအရာရှိဆိုင်ရာ အာဖဂန် အဖွဲ့အစည်းဟူ၍ ရှိနေပြီဖြစ်သည်။ IEC ဝန်ထမ်းမဟုတ်သူများ အတွက်လည်း တံခါးဖွင့်ထားပေးလေသည်။ ဥရောပ ရွေးကောက်ပွဲဆိုင်ရာ အရာရှိများ အဖွဲ့တွင်လည်း အသင်းအဖွဲ့ တစ်ခုလုံးအနေဖြင့် အဖွဲ့ဝင်ဖြစ်ထားလေသည်။ရွေးကောက်ပွဲဆိုင်ရာအရာရှိများအား မကြာခဏ လေ့လာရေးထွက်စေကာ အခြားသောနိုင်ငံများတွင် EMB များကို မည်ကဲ့သို့စီမံခန့်ခွဲသည်ကို လေ့လာစေသည်။

လေ့ကျင့်ရေးများ အုပ်စုကွန်ယက်ဖွဲ့၍ လှုပ်ရှားခြင်းများသည် ဝင်ရောက်စွက်ဖက်မှုက နေရာတကာ ပါဝင်နေပါက အတိုင်းအတာ တစ်ခုထိသာ ခရီးရောက်နိုင်မည် ဖြစ်သည်။ အာဖဂန်နိုင်ငံ အတွက် အင်မတန်မှ ဆိုးဝါးလှသော ဖြစ်ရပ်မှန်တစ်ခုတွင် အင်မတန်မှ ကျွမ်းကျင်လှသော ရွေးကောက်ပွဲဆိုင်ရာ ဝန်ထမ်းများသည် စီမံကြီးကြပ်ရေးနှင့် ဒေသဆိုင်ရာအာဏာပိုင် ဝင်ရောက်စွက်ဖက်မှုအောက်ကို ကျရှုံးသွားရခြင်းဖြစ်သည်။ ထို့နောက် IEC (လွတ်လပ်သော ရွေးကောက်ပွဲဆိုင်ရာကော်မရှင်) ၏ ဥက္ကဋ္ဌနှင့် CEO တို့လည်း ဖြုတ်ချခြင်းခံရကာ နောက်ဆုံးတွင် နှစ်ပေါင်းများစွာအတွေ့ အကြုံရှိသော PEO ငါးဦးသည်လည်း ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ရာထူးမှရပ်ဆိုင်းခြင်းခံလိုက်ရပြီးနောက်ဆက်တွဲအနေဖြင့် ခရိုင်နယ်မြေစည်းရုံးရေးမှူး ရာဂဏန်းများစွာနှင့် ရွေးကောက်ပွဲနေ့တွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်း ၆,၀၀၀ ကိုပါ နောင်တစ်ချိန်တွင် IEC ဌာနပ်မံ အလုပ်မလုပ်နိုင်စေရန်အတွက် အမည်ပျက် စာရင်းသွင်းလိုက်ခြင်းဖြစ်သည်။ မဲလိမ်မှုသည် ၂၀၀၉ ခုနှစ်တွင် ဆိုးဆိုးဝါးဝါးဖြစ်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင်လည်း အနည်းအကျဉ်း ဖြစ်ပွားခဲ့ပါသည်။ သို့ရာတွင်လည်း အောင်မြင်သော ရွေးကောက်ပွဲတစ်ခု ဖြစ်ကိုဖြစ်ရမည်ဟူသော နိုင်ငံရေးဖိအားကြောင့် ထိုကိစ္စကို ကျကျနနမစစ်ဆေးလိုက်ရချေ။ ၂၀၁၀ ရွေးကောက်ပွဲက အခြေအနေ ပိုကောင်းပြီး ထိုသို့ဖြစ်ရခြင်းမှာ IEC ဘက်မှ လျှို့ဝှက်မဲ ၁.၃ သန်းကို လျင်လျင်မြန်မြန်ပင် ပယ်မဲအဖြစ် သတ်မှတ်လိုက်ခြင်းနှင့် မျှော်လင့်ထားသည့်အတိုင်း ECC (ရွေးကောက်ပွဲဆိုင်ရာ မကျေလည်မှုများ တင်သွင်းရာကော်မရှင်) ဘက်မှလည်း ကိစ္စဝိစ္စများကို ကမူးရှူးထိုးမလုပ်သော ကြောင့်ဖြစ်သည်။

## အခြားသော ဌာနများနှင့် ဆက်ဆံခြင်း

EMB အနေနှင့် အခြားသော ပြည်တွင်းပြည်ပဆိုင်ရာဌာနများနှင့် ရောထွေးသော ဆက်ဆံရေးမျိုး ရှိလေသည်။သံတမန်ရေးရာ အသိုင်းအဝိုင်းကမူ ၂၀၀၉ ခုနှစ်တွင် စိန်ခေါ်မှုများနှင့် တွေ့ကြုံခဲ့ရပြီး ၂၀၁၀ ပြည့်နှစ်တွင် ဥက္ကဋ္ဌနှင့် CEO အစားထိုးလိုက်သော IEC ၏ စီမံကြီးကြပ်ရေးမှူး အကြီးတန်းအရာရှိနှင့် ဆက်ဆံရေးတစ်ခု ထိန်းသိမ်း ထားလေသည်။ ထိုအရာသည် EMB လည်ပတ်သော နိုင်ငံရေးနယ်ပယ်တွင် တွေ့နေကြဝိသေသလက္ခဏာတစ်ခုဖြစ်သည်။ရွေးကောက်ပွဲ ဆိုသည်မှာလည်း နိုင်ငံရေးဆိုင်ရာလှုပ်ရှားမှု တစ်ခုသာလျှင်ဖြစ်ပြီး အာဖဂန်နစ္စတန်တွင် ဖြစ်ရိုးဖြစ်စဉ်ထက် ဘာမှမထူးခြားတော့ပါချေ။

IEC ၏ UNDP အား ၎င်း၏ ELECT (မနက်ဖြန်တို့အတွက် ရွေးကောက်ပွဲဆိုင်ရာနှင့် ဥပဒေ ဆိုင်ရာ စွမ်းအားတို့ကိုမြှင့်တင်ရေး) အစီအစဉ်မှတစ်ဆင့် အဓိကဆက်သွယ်ရာတွင် သိသိသာသာ ထောက်ပံ့

မှုတစ်ချို့ကို အခြားသော ဌာနများ ဖြစ်သည့် ရွေးကောက်ပွဲစနစ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IFES) မှ ၎င်း၏အထောက်အပံ့ဖြစ်သော အာဖဂန်နစ္စတန်ရှိ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ထောက်ပံ့ရေး (STEP) ရာထူး (ယခုအချိန်တွင် ရပ်တံ့သွားပြီ ဖြစ်သော) မှ တစ်ဆင့်လာလေ့ရှိသည်။ UNDP-ELECT နှင့် IEC တို့၏ဆက်ဆံရေး ထိုအချိန်က အင်မတန်မှခါးသီးရခြင်းသည် ပုဂ္ဂိုလ်များပါလာခြင်းကြောင့်တစ်ပိုင်း တစ်စဖြစ်ပြီး နောက်တစ်ခုမှာ အစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်ရာတွင် နက်နက်ရှိုင်းရှိုင်း ပဋိပက္ခဖြစ်မှုများကြောင့်လည်း ဖြစ်သည်။ ထိုနှစ်ဖက်ဆက်ဆံရေး ၏ အနိမ့်ပါးဆုံးအချိန်မှာ ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့ပြီး ကဘူးလ်မြို့တွင် UNDP-ELECT ဝန်ထမ်းများကို သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း IEC အတွက် CEO အသစ်နှင့် UNDP-ELECT အတွက် CTA (နည်းပညာဆိုင်ရာ အကြံပေးမှူးချုပ်) အသစ်များကို၂၀၁၀ခုနှစ်တွင် ခန့်အပ်ပေးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် CEO မှ IFES (ရွေးကောက်ပွဲ စနစ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း) ကို ၎င်းတို့အနေနှင့် နောက်ထပ်အကြံပေးအရာရှိ ထပ်မလိုတော့ပါ ဟု ပြောလိုက်လေသည်။

အခြားသော နိုင်ငံတကာမှ အထောက်အပံ့ပေးထားသော အဖွဲ့အစည်းများကမူ IEC ကို ဆက်လက်ထောက်ပံ့လျက် ရှိသည်။ အာရှဖောင်ဒေးရှင်း (သူ၏ တာဝန်မှာ BRIDGE သင်ရိုးကို လက်တွေ့ အကောင်အထည်ဖော်ရန်ဖြစ်ပြီး)၊ ပါတီအဖွဲ့အစည်းများ၊ IEC နှင့် နိုင်ငံရေးပါတီများအတွက် ဆက်ဆံသူ ညှိသည်များကို လေ့ကျင့်ရေးပေးနေသော အမျိုးသားဒီမိုကရက်တစ် အဖွဲ့အစည်း၊ ဝင်ရောက်ယှဉ်ပြိုင်သူများနှင့်၎င်းတို့၏ ကိုယ်စားလှယ်များ အစရှိသည်တို့ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုကဲ့သို့သော ကူညီထောက်ပံ့မှုများသည် အလှူရှင်အဓိက ရွှေ့ရေးပေးပုံရပြီး ထိုအစီအစဉ်များကို ရပ်တန့်လိုက်သော အခါ နောက်ဆက်တွဲ ဖြစ်ပေါ်လာသော ထိခိုက်သက်ရောက်မှုများမှာ သိသာပြင်းထန်လှသည်။ နိုင်ငံတွင်းတွင်မူ IEC နှင့် အဓိကရွေးကောက်ပွဲ စောင့်ကြည့်ရေးဆိုင်ရာ အသင်းအဖွဲ့ဖြစ်သော အာဖဂန်နစ္စတန် နိုင်ငံ၏ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးခန်း (FEFA) နှင့် စိန်ခေါ်မှုများပြားလှသောဆက်ဆံရေးရှိသည်။ ထိုအဖွဲ့အစည်းသည် IEC နှင့် အရင် မတိုင်ပင်ဘဲ ပြဿနာများကို အစီရင်ခံစာ တင်လေ့ရှိသည်။ ထိုကဲ့သို့ပင် IEC ဘက်ကလည်း ထိုအစီရင်ခံစာများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပွင့်လင်းမြင်သာရှိခြင်းတည်းဟူသော စည်းမျဉ်းစည်းကမ်းတို့နှင့် မကိုက်ညီသော တုံ့ပြန်မှုမျိုးနှင့် ပြန်လည်တုံ့ပြန်လေ့ရှိသည်။

## ကြာရှည်လုပ်ကိုင်နိုင်မှု

IEC ၏သက်တမ်း ကြာရှည်ခံနိုင်မှုနှင့်ပတ်သက်ပြီး လက်ရှိတွင်လည်း စကားနိုင်လု ငြင်းခုံဆွေးနွေးခြင်းများ ဖြစ်ပွားလျက်ရှိသည်။ ဘဏ္ဍာရေးဆိုင်ရာ စီစဉ်မှုများနှင့်ပတ်သက်ပြီး နိုင်ငံတကာဆိုင်ရာ လုပ်ရှားသူအများအပြားကလည်း မကြာခဏဆိုသလို တွန့်ဆုတ်ဖူးသည်။ ၂၀၀၆ မှာမြင်ခဲ့သကဲ့သို့ပင် ထိုအရာသည်လည်း တန်ပြန်ဆိုးကျိုးရှိလေသည်။ မည်သို့ပင်ဖြစ်စေ IEC သည် ပုံသေဖွဲ့စည်းထားသော အဖွဲ့အစည်း တစ်ခုဖြစ်ပြီး၎င်းအနေနှင့် အသုံးချလည်ပတ်နေသော ဗျူဟာစီမံကိန်းများ၊ ဘတ်ဂျက်နှင့် ဖြစ်နိုင်ချေအပေါ်မူတည်ပြီး စီမံကိန်းချခြင်းများကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်ပြီးပြီဖြစ်ပြီး ထိုအရာများကလည်း အတွင်းပိုင်း စီမံညွှန်ကြားမှုဆိုင်ရာတို့တွင် ရင့်ကျက်မှုရှိစေခြင်းဖြင့် ပြန်လည် သရုပ်ဖော် ပြသခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် IEC ဘက်မှနောက်ဆုံးသော ဗျူဟာစီမံကိန်းကို ထုတ်ဝေခဲ့သည်။

EMB ၏ လုပ်ငန်းလုပ်ဆောင်မှု ပုံစံကို ပြင်ဆင်ရန် ကြိုးစားခဲ့မှုများရှိသည်။ IEC သည် ကဘူးလ် အပါအဝင်အခြားသော စီရင်စုများတွင်ပါရှိနေရမည်ဖြစ်ပြီး ဒေသဆိုင်ရာရုံးရှစ်ခုတွင်လည်း ရှိနေရမည် ဖြစ်သည်။ JEMB ကာလအဆင့်အတွင်းတွင် IEC သည် ကုလသမဂ္ဂရုံးများနှင့် မသက်ဆိုင်ဘဲ လုပ်ရှား

လည်ပတ်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရည်ရွယ်ထားသည့်အတိုင်း တည်ဆောက်ထားသော ရုံးချုပ်သည် ကဘူးလ်တွင် တည်ထောင်ပြီး ဖြစ်သည်။ စီရင်စု ၃၄ စုရှိ ရုံးများမှာ မိမိဘာသာရပ်တည်နိုင်သောဌာနများ အဖြစ် မရှိသေးဘဲ အချို့မှာမူ ကဘူးလ်မြို့ရှိ အစိုးရအားမှီခိုနေရသေးသည်။ ရွေးကောက်ပွဲရှိသောကာလ တွင် အရေအတွက်အားဖြင့် တိုးတက်သွားသော်လည်း ရွေးကောက်ပွဲမရှိသောနှစ်တွင် IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) ၏ အာဖဂန်လူမျိုး ဝန်ထမ်းအရေအတွက်မှာ ၄၀၅ ဦး ဖြစ်သည်။ ယာယီဝန်ထမ်းဖြစ်သော မဲရုံစောင့်ဝန်ထမ်းများမှာမူ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲတွင် ၁၂၀,၀၀၀ ဦးမှ ၈၆,၀၀၀ ဦး သို့လျော့ကျသွားလေသည်။ မဲဆန္ဒရှင်စာရင်းမှတ်ပုံတင် ရေးသွင်းခြင်းမပါသော လက်ရှိဘက်ဂျက် (၂၀၁၂-၂၀၁၄) မှာ အမေရိကန်ဒေါ်လာ ၆၀ သန်းဖြစ်ပြီး UNDP-ELECT နှင့် IEC ဝန်ထမ်းများအတွက်ပါ ပါဝင်သည်။

## အခွင့်အလမ်းများနှင့် တားမြစ်ချက်များ

ရပ်တည်လည်ပတ်နိုင်စွမ်းရှိသော အမှီအခိုကင်းသော EMB တစ်ခုကို ထောက်ပံ့ရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများသည် အတိတ်တွင် မည်သည့်အရာများ အဆင်မပြေဖြစ်ခဲ့သည်ဟူသော အကြောင်းနောက်ခံထားပြီး စဉ်းစားသုံးသပ်ရမည် ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်ရေးသည် အဖြေပင်ဖြစ်သည်။ တိတိကျကျပြောရလျှင် EMB နှင့် အဓိက ရင်းနှီးမြှုပ်နှံသူတို့ဖြင့် တိုင်ပင်ဆွေးနွေးပြီး စံပြုရေးဆွဲထားသောဥပဒေတစ်ခု ဥပဒေပြုလွှတ်တော်အမတ်များမှချပေးရန်ဖြစ်သည်။ မဲပေးခြင်းဆိုင်ရာစနစ်သည် သိပ်အရေးမပါလှသော အချက်ဖြစ်သည်။ အလှူရှင်အသိုင်းအဝိုင်းဘက်မှ EMB အတွက် အဓိကလိုအပ်သော ဘဏ္ဍာရေးလိုအပ်ချက်များကို ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခု မတိုင်မီစပ်ကြားတွင် ထောက်ပံ့ပေးမည်ဟူသော ကတိကဝတ်ပြုချက်သည် စဉ်ဆက် မပြတ်လည်ပတ်ရေးကို အာမခံပေးလိမ့်မည်။ EMB ၏ အကူအညီနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဆောင်သော မဲဆန္ဒရှင်စာရင်းရေးသွင်းမှုလုပ်ငန်းစဉ် သို့မဟုတ် ပြည်သူမှတ်ပုံတင်စာရင်းရေးသွင်းခြင်းမှတစ်ဆင့် လည်ပတ်ရပ်တည်နိုင်သော မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းခြင်း ဒေတာဘေ့စ်တစ်ခု ဖန်တီးရန်အတွက် ရွေးချယ်ခြင်းနှင့်ဆိုင်သော ထင်ရှားပြီး ခက်ခဲသော ဆုံးဖြတ်ချက်ချရေးသည် အရေးကြီးသည်။ ကံမကောင်းစွာပင် ထိုရွေးစရာ နည်းလမ်းများမှာ တစ်ခါထက်ပို၍ စမ်းသပ်ပြီးပြီ ဖြစ်ပြီး ထိုကြားမှပင် မဲဆန္ဒရှင် မဲဆန္ဒရှင်များ၏ အရေအတွက် ကျဆင်းလာခြင်းသည် အမှန်တစ်ကယ်ဖြေရှင်းရမည့် ကိစ္စတစ်ရပ်ဖြစ်သည်။ ဝါရင့်ဝန်ထမ်းများကို အမျိုးသားလွှတ်တော်မှ နောက်ကြောင်းစစ်ဆေးပြီး ဘက်မလိုက် ပွင့်လင်းမြင်သာမှုရှိသော နည်းလမ်းဖြင့် ခန့်အပ်ရမည်။ ပြည်သူတို့၏ ယုံကြည်မှုကို ဒီမိုကရက်တစ်အသင်းအဖွဲ့အတွင်း ပြန်လည်ဆန်းသစ်ရမည်မှာ အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ EMB အဖွဲ့ဝင်များ အားလုံးသည် နိုင်ငံရေးနှင့်ကင်းရှင်းရမည် အာဖဂန်နစ္စတန်တွင် အုပ်စုတစ်ဘက်ဘက်ကို ဘက်လိုက်နေသော EMB တစ်ခုသည် အလုပ်ဖြစ်မည်မဟုတ်ချေ။ ယခုလောလောဆယ်တွင် ဖြစ်နိုင်ချေရှိသည်မှာ ထိုအဓိကကျသော ပြဿနာများ ဖြေရှင်းမပြီးမချင်း ကျား/မ ဦးရေး ဟန်ချက်ညီမျှရေး၊ အင်အားနည်းလူနည်းစုပါဝင်နိုင်ရေး၊ မသန်စွမ်းသူများ ပါဝင်နိုင်ရေးတို့သည် နောက်ရောက်နေဦးမည်ပင်ဖြစ်သည်။

# အခန်း ၃

3

# EMB ၏ အာဏာ၊ လုပ်ဆောင်ချက်နှင့် တာဝန်များ

မကြာခဏဆိုသလိုပင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွင်သာမက ကျင့်သုံးပုံတို့တွင်ပါ EMB ၏ အာဏာနှင့်လုပ်ဆောင်ချက်တို့မှာ မကွဲပြားပေ။ အချို့သောရွေးကောက်ပွဲဆိုင်ရာ ဥပဒေများတွင် ဥပဒေက သတ်မှတ်ကန့်သတ်ပေးထားသော EMB ၏ လုပ်ဆောင်ချက်ဟူသမျှကို အာဏာများဟုခေါ်သည်။ နိုင်ငံတော်တော်များများတွင် အာဏာနှင့် လုပ်ဆောင်ချက်ကို အခြေခံဥပဒေနှင့် ဥပဒေပြဋ္ဌာန်းချက်ထဲတွင် ပါ ထည့်ထားကာ EMB အခြေခံဥပဒေဆိုင်ရာနှင့် ပြဋ္ဌာန်းဥပဒေဆိုင်ရာ အာဏာနှင့် လုပ်ပိုင်ခွင့်များ ရရှိစေသည်။ ဩစတြေးလျ၊ အင်ဒိုနီးရှားနှင့် တောင်အာဖရိကတို့တွင် ထို "အာဏာနှင့် လုပ်ဆောင်ချက်" များမှာ ပူးတွဲရည်ညွှန်းခြင်းဖြစ်သည်။ အခြားသော ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတို့တွင်မူ ဥပဒေသည် EMB ဘက်မှလုပ် "လိမ့်"မည့် အလုပ်များကိုစာရင်းချရေး ပြုစုထားခြင်းသာဖြစ်သည်။ အငြင်းပွားစရာ ဖြစ်ပေါ်သည်မှာ ဥပဒေအရပေးအပ်ထားသော အာဏာသည် EMB ကို တစ်စုံတစ်ခုလုပ်ပိုင်ခွင့်ပေးလိုက်ပြီး ဥပဒေအရပြဋ္ဌာန်းထားသော လုပ်ဆောင်ချက်သည် EMB အနေနှင့်လုပ်ဆောင်ရန် မျှော်လင့်ရသော လုပ်ရှားမှုဖြစ်သည်ဟူသော အချက်တို့ဖြစ်သည်။ ကျား၊ မ အခွင့်အရေးတန်းတူဆိုင်ရာ ညီမျှခြင်းကဲ့သို့သော တာဝန်များသည် အစိုးရဘဏ္ဍာငွေဖြင့် ထောက်ပံ့ထားသော ဌာနများ၏ အလုပ်ကိုအုပ်စိုးသော ကွဲပြားသည့် ပြည်တွင်းပြည်ပဥပဒေများမှလာလေ့ရှိပြီး သို့မဟုတ် ၎င်းတို့သည် ဒီမိုကရက်တစ်စည်းမျဉ်းစည်းကမ်းများ၏ နောက်ဆက်တွဲအဖြစ်လက်ခံကျင့်သုံးကြသည်။

EMB ၏ အာဏာနှင့် လုပ်ဆောင်ချက်များကို လွှမ်းမိုးသော အချက်များစွာရှိသည်။ နိုင်ငံရေးအင်အားစုများအကြား စေ့စပ်ညှိနှိုင်းရာမှ ရရှိလာသော ရလဒ်လည်းဖြစ်ပြီး ပြည်တွင်းတွင် ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ EMB ၏ တည်ထောင်မှုကို လမ်းခင်းပေးထားသော အရာသည်အများအားဖြင့် အင်အားကောင်းကောင်း နှင့် လွှမ်းမိုးထားလျက်ရှိပြီး အထူးသဖြင့် ဒီမိုကရေစီ လောလောလတ်လတ် ပေါ်ထွက်ကာစနိုင်ငံများတွင် တွေ့ရလေ့ရှိသည်။ အခြားသော နိုင်ငံရေး၊ စီမံခန့်ခွဲရေးနှင့် ပထဝီဝင်ဆိုင်ရာ လွှမ်းမိုးမှုများသည်လည်း တိုင်းပြည်တည်ဆောက်ပုံ (ဥပမာ- တစ်ပြည်ထောင်ဝါဒ သို့မဟုတ် ပြည်ထောင်စုဝါဒ၊ သမ္မတ သို့မဟုတ် လွှတ်တော်စနစ်) လူဦးရေပြဖယား၊ ရွေးကောက်ပွဲစနစ် (ဥပမာ- တစ်ဦးတည်း သို့မဟုတ် အဖွဲ့ဝင်အများပါသော ရွေးကောက်ပွဲဝင်ခရိုင်) နှင့် အခြားသောရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ တည်ရှိမှုတို့အပေါ်တွင် သက်ရောက်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ ထိုအချက်အလက်များ၏ သမိုင်းဆိုင်ရာဆက်နွယ်မှုများသည် EMB အာဏာ၊ လုပ်ဆောင်ချက်နှင့် တာဝန်တို့အတွက် ပုံစံပေါင်းများစွာ ဖန်တီးပြီးသားဖြစ်သည်။

## အာဏာနှင့် လုပ်ပိုင်ခွင့်

EMB ၏ လူများစုသည် ရွေးကောက်ပွဲတွင်ပါဝင်လှုပ်ရှားသူများဖြစ်သော မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများနှင့်ဝင်ရောက်ယှဉ်ပြိုင်သူများ၊ မီဒီယာနှင့် လေ့လာစောင့်ကြည့်သူများအား ချည်နှောင်ထားသော စည်းမျဉ်းစည်းကမ်းနှင့် ဆုံးဖြတ်ချက်များအား ချမှတ်ပိုင်ခွင့်ရှိပြီး ထိုသို့ပြုလုပ်နိုင်ခွင့်ရှိခြင်းမှာ ၎င်းတို့သည် အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေတို့နှင့် ကိုက်ညီသောကြောင့်ဖြစ်သည်။ ထိုအာဏာများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အချို့သော အပိုင်းများအား ဥပဒေအရကန့်သတ်မှုတို့ ဖြစ်နိုင်သည် သို့မဟုတ် ဥပဒေမှ EMB အား ယေဘုယျစည်းမျဉ်းစည်းကမ်းများ တည်ဆောက်နိုင်သော အာဏာပေး အပ်နိုင်သည်။

အချို့သော EMB များတွင် စီမံကြီးကြပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး အာဏာများရှိကြသည်။ ဥပမာအားဖြင့် ဩဇာအာဏာ ကြီးမားသော EMB တစ်ခုတည်ထောင်လိုက်ခြင်းသည် လက်တင်အမေရိက၏ လူနည်းစုအုပ်ချုပ်သော အစိုးရအောက်ရှိ အစိုးရဌာနခွဲများအပေါ် စီမံကြီးကြပ်ရေးဌာန၏ လွှမ်းမိုးမှုအား ကန့်သတ်ပေးနိုင်ရန် မရှိမဖြစ်လိုအပ်သည်။ ကော့စတာရီကာနှင့် ဥရုဂွေးကဲ့သို့သော နိုင်ငံများတွင် EMB ကို အစိုးရ၏ စတုတ္ထမြောက်ဌာနခွဲအဖြစ် သတ်မှတ်ကြသည်။ ထို EMB များသည် စည်းမျဉ်းများ လမ်းညွှန်ချက်များနှင့် ထိုရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ချည်နှောင်ထားသော စည်းမျဉ်းများကို စစ်ဆေးခြင်းတို့ကို ပြုလုပ်နိုင်ပြီး ၎င်းတို့ချမှတ်လိုက်သော ဆုံးဖြတ်ချက်များကို မည်သည့်အစိုးရဌာနခွဲကမှ စစ်ဆေးကြည့်ရှုခြင်း မလုပ်နိုင်ပေ။ ၎င်းတို့တွင် ရွေးကောက်ပွဲကျင်းပခွင့်နှင့်ကျင်းပရန် ကြေငြာခွင့်၊ ရွေးကောက်ပွဲရလဒ်များအား အတည်ပြုနိုင်ခွင့် ပယ်ချနိုင်ခွင့်နှင့် ရွေးကောက်ပွဲဆိုင်ရာပဋိပက္ခများအားဖြေရှင်းနိုင်ခွင့်တို့ရှိသည်။

ကမ္ဘာ့အချို့ နေရာများတွင် EMB အနေနှင့် ရွေးကောက်ပွဲကျင်းပခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာများကို စုံစမ်းစစ်ဆေးခွင့်၊ ဥပဒေထုတ်ပြန်ခွင့်တို့ ရှိလေသည်။ ဘူတန် EMB တွင် တရားရုံးကဲ့သို့သော အာဏာမျိုးရှိကာ ထိုင်း EMB တွင် တရားဥပဒေကာကွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်ဌာန၏ ဥပဒေရေးရာအာဏာမျိုးရှိလေသည်။ ဘော့စနီးယား၊ ဟာဇီဂိုးဗီးနားနှင့် လိုက်ဘီးရီးယားတွင် EMB ဘက်မှ မည်သူကိုမဆို၎င်းတို့ စုံစမ်းစစ်ဆေးမှုပြုရန် အတွက်ရှေ့မှောက်သို့ခေါ်ဆောင်ခွင့်ရှိသည်။ ဖိလစ်ပိုင်နှင့် ရုရှားတွင် EMB သည် တရားဥပဒေရေးရာနှင့်ဆိုင်သော ချိုးဖောက်မှုဆိုင်ရာ မကျေနပ်ချက် တိုင်တန်းမှုများကို စစ်ဆေးမေးမြန်းရန် တာဝန်ရှိသည်။ ကနေဒါနိုင်ငံတွင်လည်း များသောအားဖြင့် EMB အနေနှင့် ဖြစ်နိုင်ချေရှိသော ဖောက်ဖျက်မှုများအား စုံစမ်းစစ်ဆေးပိုင်ခွင့်ရှိသော်လည်း ရဲလက်သို့ လွှဲပြောင်းပေးအပ်လိုက်သည်က များသည်။

လိုက်ဘီးရီးယန်း၊ မက္ကဆီကန်နှင့် ပေါ်တူဂီ EMB များသည် ဒဏ်ကြေးတပ်ပိုင်ခွင့်ရှိသည်။ ထိုင်းနိုင်ငံတွင် EMB သည် ရွေးကောက်ပွဲ စည်းမျဉ်းဖောက်ဖျက်သူများအား တရားဥပဒေအရ အရေးယူနိုင်သည်။ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတွင် စည်းကမ်းမလိုက်နာမှုအတွက် အရပ်ဖက်ဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်နိုင်သော်လည်း ကနဦးအနေနှင့် စည်းကမ်းလိုက်နာနိုင်အောင်ကြိုးစားရမည်ဖြစ်သည်။ ကနေဒါနိုင်ငံ၏ EMB သည် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေကို ချိုးဖောက်သော သို့မဟုတ် ချိုးဖောက်တော့မည့်ဆဲဆဲကာလတွင် မည်သူနှင့်မဆို စည်းကမ်းလိုက်နာမှု သဘောတူညီချက် ပြုလုပ်နိုင်သည်။ ကမ္ဘောဒီးယားနှင့် တောင်အာဖရိကတွင် EMB တို့မှ စီမံညွှန်ကြားမှုဆိုင်ရာ ပဋိပက္ခများကို စုံးစမ်းစစ်ဆေးခွင့် ဖြေရှင်းခွင့်ရှိသကဲ့သို့ တရားရုံး၏ တရားစီရင်ခွင့်မပိုင်သော ပဋိပက္ခများအား စုံစမ်းစစ်ဆေးခွင့် ဖြေရှင်းခွင့်ရှိသည်။ အခြားတိုင်းပြည်တော်တော်များများ (ဩစတြေးလျ၊ ဘူတန်၊ တွန်ဂါနှင့် ယူကရိန်းတို့တွင်) EMB မှ ရွေးကောက်ပွဲဆိုင်ရာ တရားဥပဒေကို ချိုးဖောက်သည်ဟု ယူဆရသမျှကို ရဲလက်သို့လွှဲပေးလိုက်သည်။

EMB အများစုသည် စီမံကြီးကြပ်ရေးနှင့် အဓိကဆိုင်သော၊ ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများကို အကောင်အထည်ဖော်ခြင်းနှင့်သက်ဆိုင်သော အာဏာကိုရကြလေသည်။ ဘူတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ လိုက်ဘေးရီးယား၊ ရုရှား၊ တောင်အာဖရိက၊ ထိုင်း၊ တွန်ဂါနှင့် ဇမ်ဘီယာတို့ရှိ EMB များတွင် စည်းကမ်းဖောက်ဖျက်သူတို့အတွက် ပြစ်ဒဏ်ချမှတ်ခြင်းနှင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။ EMB မှ ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများကို တရားရုံးမှစစ်ဆေးရမည်ဖြစ်သည်။ ၎င်းတို့သည်လည်း ရွေးကောက်ပွဲဥပဒေနှင့် ကိုက်ညီရမည် ဖြစ်သည်။ တောင်အာဖရိကတွင် ထိုကဲ့သို့သော စစ်ဆေးမှုမျိုးကိုရွေးကောက်ပွဲဆိုင်ရာ တရားရုံးမှ ပြုလုပ်သည်။

အချို့သောနိုင်ငံများတွင် EMB သည် ရွေးကောက်ခံဌာနတစ်ခု၏ တာဝန်ထမ်းဆောင်သက်ကုန်ဆုံးချိန်နှင့် ညှိထားသော ကာလအချိန်အတွင်း ရွေးကောက်ပွဲကျင်းပမည့်နေ့ကို သတ်မှတ်နိုင်သည်အထိ EMB ၏ အာဏာကကျယ်ပြန့်လေသည်။ အချို့သော လွှတ်တော်နှင့် စီမံခန့်ခွဲရေးဌာနများကိုတာဝန်ထမ်းဆောင်သက်အတိအကျ သတ်မှတ်ပေးထားသော နိုင်ငံများတွင် ရွေးကောက်ပွဲကျင်းပမည့်နေ့ကို တရားဝင်သတ်မှတ်ရန် EMB တွင် တာဝန်ရှိသည်။အိန္ဒိယနိုင်ငံတွင် EMB အနေနှင့် ရွေးကောက်ပွဲ အချိန်ဇယားရေးဆွဲခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရန်ရှောင်ရန် လိုက်နာရမည့်စည်းကမ်းများကို ထုတ်ပြန်ခွင့်ရှိသည်။ ရုရှား EMB သည် လွှတ်တော်မှ မလုပ်နိုင်ပါက ၎င်းကိုယ်တိုင် ရွေးကောက်ပွဲပြုလုပ်ရန် ကြေငြာခွင့်ရှိသည်။ EMB တော်တော်များများသည် နေရာဒေသတစ်ခုရှိ ရွေးကောက်ပွဲတစ်ခုက ဥပဒေကို ဖောက်ဖျက်ပါက မဲပြန်ကောက်ရန် မဲပြန်ရေရန် အမိန့်အာဏာ ပေးပိုင်ခွင့်ရှိသည်။ ဥပမာအားဖြင့် မြို့နယ်အစိုးရ ရွေးကောက်ပွဲကော်မရှင်သည် မဲရုံတစ်ရုံက သတ်မှတ်ထားသော လုပ်ငန်းစဉ်အတိုင်း မှန်ကန်စွာ လုပ်ဆောင်ထားခြင်းမရှိပါကမဲပြန်ကောက်ခြင်းသို့မဟုတ်မဲပြန်ရေစေရန်အတွက်အမိန့်ပေးပိုင်ခွင့်ရှိသည်။ နမ်ဘီယန်း EMB သည် အကြမ်းဖက်မှုသို့မဟုတ် အရေးပေါ်အခြေအနေတွင် မဲပြန်ကောက်ရန် အမိန့်အာဏာချမှတ်ပိုင်ခွင့် ရှိသည်။ အချို့သောဘူတန်၊ ထိုင်းနိုင်ငံ၊ ဥရုဂွေးနှင့် ဇမ်ဘီးယားတို့တွင် ဖြစ်သွားသော ကိစ္စများတွင် EMB သည် ရွေးကောက်ပွဲဥပဒေကသတ်မှတ်ထားသည့်အတိုင်း မျှတရိုးသားစွာ ဆောင်ရွက်ခဲ့ခြင်းမရှိပါက ရွေးကောက်ပွဲကို ပြန်လည်မဲပေးရန် အမိန့်အာဏာချမှတ်ပိုင်ခွင့်ရှိသည်။

မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲတစ်ခု ကြေငြာချက်ထုတ်ပြန်ပြီးသောအခါ EMB တော်တော်များများသည် လွှမ်းမိုးနိုင်စွမ်း မရှိကြတော့ချေ။ ဥပမာအားဖြင့် မက္ကဆီကိုနှင့် အမေရိကကဲ့သို့သော နိုင်ငံများတွင် သမ္မတနှင့်ဆိုင်သော အခြေခံဥပဒေစည်းမျဉ်းထဲတွင် ဥပဒေပြုရေးနှင့် စီမံကြီးကြပ်ရေးအာဏာကို ခွဲခြားထားပြီးရွေးကောက်ပွဲ ကျင်းပသည့်ရက်သည် ပုံသေသတ်မှတ်ထားခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဝက်စ်မင်စတာ ပုံစံကိုလိုက်နာသည့် ပါလီမန်စနစ်ကို ကျင့်သုံးသော နိုင်ငံများတွင် အစိုးရတစ်ခု၏ သက်တမ်းသည် လွှတ်တော်အတွင်းရှိ အမတ်အများစု၏ ထောက်ခံမှုကို မည်မျှထိန်းသိမ်းထားနိုင်သည်ဟူသော အချက်အပေါ်တွင် မူတည်သည်။ ရွေးကောက်ပွဲ ကျင်းပရန် ကြေငြာခွင့်သည် နည်းစနစ်ပြဋ္ဌာန်းထားသည့် အပေါ်တွင် မူတည်နိုင်သကဲ့သို့ ထိုအချက်ကို နိုင်ငံရေးဆိုင်ရာ အားသာချက်အဖြစ် အသုံးချနိုင်သော အစိုးရကို ဦးဆောင်သူ၏ ကျင့်သုံးပုံ အပေါ်တွင်လည်း မူတည်သည်။ အစိုးရအနေနှင့် ရွေးကောက်ပွဲ ကျင်းပမည့်နေ့ကို ကြေငြာနိုင်သော အာဏာရှိသည့် အခြေအနေမျိုးတွင်ပင် နီပေါလ်တွင် ၂၀၀၇ နှင့် ၂၀၁၂တွင် ဖြစ်သွားသကဲ့သို့ အစိုးရကကြေငြာထားသော ရွေးကောက်ပွဲနေ့ကို EMB က အောင်မြင်စွာ ရွှေ့ဆိုင်းလိုက်သော ဖြစ်ရပ်မျိုးရှိနေနိုင်သေးသည်။

## အာဏာ၊ လုပ်ဆောင်ချက်နှင့် တာဝန်တို့၏ အတိုင်းအတာ

အထူးသဖြင့် ဒီမိုကရေစီ စတင်ကျင့်သုံးကာစနိုင်ငံများတွင် လွတ်လပ်၊ တရားမျှတပြီး ယုံကြည်

စိတ်ချရနိုင်သော ရွေးကောက်ပွဲတစ်ခုဖြစ်လာစေရန် သက်ဆိုင်သော ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များကို သက်ရောက် ကာမိစေနိုင်သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များကို ရေးဆွဲလျက်ရှိသည်။ ထိုနည်းသည် EMB သည်လုပ်ငန်းစဉ် တစ်ခုလုံးအား ထိန်းချုပ်နေကြောင်း သေချာအောင်ပြကာ ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သော အားသာချက်တစ်ခု ရနိုင်လေသည်။ နိုင်ငံတော်တော်များများတွင် EMB သည် ရွေးကောက်ပွဲ လည်ပတ်ပုံအတွင်း ဆောင်ရွက်ရန် ကိစ္စတော်တော်များများအပေါ် အာဏာနှင့် လုပ်ပိုင်ခွင့် များကိုရရှိထားလေသည်။

ရွေးကောက်ပွဲ ဆောင်ရွက်ရာတွင် အဓိကလုပ်ရမည့် လုပ်ဆောင်ဖွယ်တို့မှာ-

၁။ မည်သူက မဲပေးခွင့်ရှိသည်ကို ဆုံးဖြတ်ခြင်း : အရွယ်ရောက်ပြီးသား ပြည်သူတစ်ဦး မဲပေးပိုင်ခွင့်ရှိခြင်းသည် ဒီမိုကရေစီ၏ မှတ်ကျောက်တစ်ခုဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူများသာ မဲပေးခွင့်ရခြင်းသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အပေါ်တွင် စစ်မှန်မှု ပေးအပ်လိုက်ခြင်းပင် ဖြစ်သည်။

၂။ ရွေးကောက်ပွဲတွင် ပါဝင်သူများ (ရွေးကောက်ပွဲများအတွက်၊ နိုင်ငံရေးပါတီများ နှင့်/သို့မဟုတ် ပါဝင်ယှဉ်ပြိုင်သူများ) ကို စာရင်းလက်ခံရယူပြီး စကာတင် အတည်ပြုခြင်း : ရွေးကောက်ပွဲအတွက် ရပ်တည်ခွင့်ရှိခြင်းသည် အခြေခံနိုင်ငံရေးရပိုင်ခွင့်ဖြစ်ပြီး၊ ဝင်ရောက်ယှဉ်ပြိုင်သူများအားလုံး စည်းမျဉ်းလိုက်နာနိုင်မှုရှိစေရန် သေချာအောင်ပြုလုပ်ပေးခြင်းသည် ရွေးကောက်ပွဲအား စစ်မှန်မှု ရရှိစေရန် ပေးလိုက်ခြင်းပင်ဖြစ်သည်။

၃။ ဆန္ဒမဲ ကောက်ယူခြင်း : ရွေးကောက်ပွဲ၏ အဓိကအနှစ်သာရဖြစ်သော အန္တရာယ်ကင်းကင်းနှင့် မဲပေးပိုင်ခွင့်

၄။ မဲရေတွက်ခြင်းမှာလည်းအရေးကြီးပြီး ထိုမှသာလျှင်ရွေးကောက်ပွဲ ရလဒ်များသည် မဲဆန္ဒရှင်များ၏ဆန္ဒကို ထင်ဟပ်နိုင်မည်ဖြစ်သည်။

၅။ မဲလက်မှတ်များကိုစီစဉ်ရာတွင် ရွေးကောက်ပွဲစနစ်နှင့် ကိုက်ညီအောင်စီစဉ်ရပြီး ထိုမှသာလျှင် မဲနိုင်သူကို ထုတ်ဖော်သိရှိနိုင်မည်ဖြစ်သည်။

၆။ ယုံကြည်စိတ်ချရနိုင်သော အဖွဲ့အစည်းတစ်ခုကို ဦးဆောင်ခြင်း ပြုလုပ်မှသာလျှင် ရွေးကောက်ပွဲ၏ စစ်မှန်မှုသည် ရွေးကောက်ပွဲကျင်းပသော သူတို့ကြောင့် ပျက်စီးမှုမရှိမည်ဖြစ်သည်။

ထို လုပ်ဆောင်ချက်များသည် အချို့သောအခြေအနေများတွင် ကျယ်ပြန့်သွားကာ EMB ကို အခြားသော လုပ်ဆောင်ချက်များပါ အတိုင်းအတာတစ်ခုထိ ပေးလေသည်။

- မဲပေးပိုင်ခွင့် ရှိသောသူကို ဆုံးဖြတ်ခြင်း
    - မဲဆန္ဒရှင်များအား မှတ်ပုံတင် စာရင်းရေးသွင်းခြင်း
    - နိုင်ငံခြားတွင် နေထိုင်ပြီး မဲပေးပိုင်ခွင့်ရှိသေးသော မဲဆန္ဒရှင်များအား မှတ်ပုံတင် စာရင်းရေးသွင်းခြင်း
    - နိုင်ငံအဆင့် ရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများကိုလည်း တိုးတက်အောင်ပြုလုပ်ပြီး ထိန်းသိမ်းခြင်း
- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများ (ရွေးကောက်ပွဲများအတွက်၊ နိုင်ငံရေးများပါတီများနှင့်/သို့ ဝင်ရောက်ယှဉ်ပြိုင်သူ) စာရင်းကို လက်ခံရယူခြင်းနှင့် စကာတင် အတည်ပြုပေးခြင်း
    - နိုင်ငံရေးပါတီများကို မှတ်ပုံတင် စာရင်းရေးသွင်းခြင်း
    - နိုင်ငံရေးပါတီများ၏ ဘဏ္ဍာရေးငွေကြေးထောက်ပံ့မှုများကို စည်းမျဉ်းသတ်မှတ်ခြင်း

- နိုင်ငံရေးပါတီများ၏ အကြိုပြမာဏ ရွေးချယ်ခြင်းနှင့် အစောပိုင်းကနဦးရွေးချယ်ခြင်းများကို ကြီးကြပ်စောင့်ကြည့်ခြင်း

- ဆန္ဒမဲ ကောက်ယူခြင်း
  - ရွေးကောက်ပွဲဆိုင်ရာ အသင်းအဖွဲ့လုပ်ငန်းစဉ်ကို စီမံကိန်းရေးဆွဲခြင်းနှင့် လက်တွေ့ အကောင်အထည်ဖော်ခြင်း
  - ရွေးကောက်ပွဲအတွက် ယာယီဝန်ထမ်းများကို ငှားရမ်းခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း
  - နိုင်ငံရေးပါတီများနှင့် ဝင်ရောက်ယှဉ်ပြိုင်သူများ၏မဲများကိုကြည့်ရှုစစ်ဆေးမည့် သူများအား လေ့ကျင့်သင်ကြားပေးခြင်း
  - ငြိမ်းချမ်းသော ရွေးကောက်ပွဲတစ်ခု ဖြစ်စေရန်အတွက် ရဲ သို့မဟုတ် အခြားသောလုံခြုံရေး ဆိုင်ရာ ဝန်ဆောင်မှုကို ညွှန်ကြားခြင်း
  - ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ ၏လုပ်ရပ်အား ထောက်ခံအတည်ပြုခြင်းနှင့် စည်းမျဉ်း သတ်မှတ်ပေးခြင်း
  - ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကို ဖြေရှင်းဆုံးဖြတ်ပေးခြင်း
  - ပြည်ပရောက်နေသူများအတွက် ပြင်ပမဲ ပေးနိုင်အောင် ပြုလုပ်ပေးခြင်း
- မဲရေတွက်ခြင်း
- မဲများကို စီစဉ်ခြင်း
  - ရွေးကောက်ပွဲရလဒ်များကို ကြေငြာခြင်းနှင့် အတည်ပြုခြင်း
- ယုံကြည်စိတ်ချရနိုင်သော ရွေးကောက်ပွဲတစ်ခု ကျင်းပခြင်း
  - နိုင်ငံလုံးဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာရွေးကောက်ပွဲစည်းကမ်းမူဝါဒများကိုပြုလုပ်ခြင်း
  - ရွေးကောက်ပွဲ ဝန်ဆောင်မှုများကို စီမံကိန်းရေးဆွဲပေးခြင်း
  - ရွေးကောက်ပွဲ ဝန်ထမ်းများကို လေ့ကျင့်ပေးခြင်း
  - ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်၏ အစွမ်းအစကို ကြည့်ရှုအကဲဖြတ်ပြီး ရွေးကောက်ပွဲ ပြီးချိန်နောက်တွင် EMB ၏ စွမ်းဆောင်ရည်ကိုပါ ကြည့်ရှုအကဲဖြတ်ခြင်း

အခြားလုပ်ရိုးလုပ်စဉ် လုပ်ငန်းခွင်နယ်ပယ်များမှာ :

- ရွေးကောက်ပွဲ ခရိုင်နယ်နိမိတ်များကို ကန့်သတ်ခြင်း
- ရွေးကောက်ပွဲ မဲဆွယ်စည်းကာလအတွင်း စည်းကမ်းသတ်မှတ်ခြင်း
- နိုင်ငံရေးပါတီနှင့် ဝင်ရောက်ယှဉ်ပြိုင်သူများ၏ လုပ်ဆောင်ပုံများအား စည်းမျဉ်းသတ်မှတ်ခြင်း အထူးသဖြင့် ရွေးကောက်ပွဲ မဲဆွယ်စည်းကာလတွင် သတ်မှတ်ခြင်း
- တတိယအုပ်စုများအား မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် ၎င်းတို့၏ လုပ်ဆောင်ပုံများအား စည်းမျဉ်းသတ်မှတ်ခြင်း
- ရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏ လုပ်ဆောင်ပုံကို စည်းမျဉ်းသတ်မှတ်ခြင်း
- ထင်မြင်ယူဆချက်များအတွက် ဆန္ဒမဲများ ကောက်ခံခြင်း
- မဲခိုးခြင်းကို ထိန်းချုပ်ခြင်းနှင့် တတ်နိုင်သောနေရာများတွင် တားဆီးခြင်း
- မိမိအိမ်တွင်းနှင့် အခြားနေရာများတွင်ပါ ဒီမိုကရေစီကို အားပေးထောက်ခံနိုင်ရန် အတွက် တာဝန်ကိုသိတတ်ရန် သက်ဆိုင်ရာ အသိုင်းအဝိုင်းအား တဖြည်းဖြည်းချင်း ပုံသွင်းခြင်း
  - မဲဆန္ဒရှင်တို့အတွက် သတင်းအချက်အလက်/ပညာပေးခြင်းနှင့် အရပ်ဖက်ဆိုင်ရာ အသိ ပညာ ပေးခြင်း

- အားလုံးကို ထောက်ပံ့ခြင်း
- ညီတူညီမျှဖြစ်ခြင်းနှင့် တန်းတူအခွင့်အရေးတို့အတွက် မူဝါဒများနှင့် ကျင့်သုံးပုံများကို မြှင့်တင်ခြင်း
- ရွေးကောက်ပွဲဆိုင်ရာ သုတေသနပြဌာနများ လုပ်ပေးခြင်း
- ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ရေးဆိုင်ရာ ကိစ္စနှင့်ပတ်သက်ပြီး အစိုးရနှင့် လွှတ်တော်အား အကြံပေးခြင်း
- နိုင်ငံတကာတွင် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ ဝန်ဆောင်မှုများ ပါဝင်ကူညီခြင်း

• ပုဂ္ဂလိက အသင်းအဖွဲ့များ၏ ရွေးကောက်ပွဲများအတွက် လှူပ်ရှားရန်ဝန်ဆောင်မှုပေးခြင်း (ကုန်သွယ်ရေး သမဂ္ဂ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်း)

## *တိုက်ရိုက်သက်ရောက်သော ဒီမိုကရေစီ စာချုပ်စာတမ်းများ*

တိုက်ရိုက်သက်ရောက်သော ဒီမိုကရေစီဆိုင်ရာ စာချုပ်စာတမ်းများဖြစ်သော ဆန္ဒကောက်ခံလွှာများ ပြည်သူများ၏ အကြံဉာဏ်သစ်များနှင့် ရာထူးမှပြန်လည်ရုတ်သိမ်းခွင့်မဲများကို ကိုင်တွယ်ရာတွင် ရွေးကောက်ပွဲကိုင်တွယ်ကျင်းပရခြင်းနှင့် အများစုတူသော ကိစ္စများပေါ်ပေါက်လာလေသည်။ ထပ်တိုး ကိစ္စများမှာ တိုက်ရိုက် ဒီမိုကရေစီ မဲပေးခြင်းစနစ်ကို ကြေငြာရာတွင် နည်းမှန်လမ်းမှန်ဖြစ်ကြောင်း၊ ဆက်တိုက်ဖြစ်သွားသော ဖြစ်ရပ်မျိုးဖြစ်ပြီး ဥပမာအားဖြင့် ဗင်နီဇွဲလားနိုင်ငံ၏ ၂၀၀၄ ခုနှစ်တွင် သမ္မတ ပြန်လည်ဖြုတ်ချရေး မဲပေးမှုကဲ့သို့ဖြစ်ပြီး ထိုဖြစ်ရပ်များကို အတည်ပြုထောက်ခံပေးရခြင်းများ ပါဝင်ကာ မဲဆွယ်စည်းရုံးခြင်း၊ မဲဆန္ဒရှင်များအား အသိပညာပေးခြင်းနှင့် သတင်းအချက်အလက် ဖြန့်ဝေရာတို့တွင်စည်းကမ်းသတ်မှတ်ခြင်းတို့ ပါဝင်သည်။ အမေရိကရှိ အော်ရီဂွန်ပြည်နယ်တွင် EMB မှ ဆန္ဒခံယူမှု ပြုလုပ်ရာတွင် တင်သွင်းထားသော အချက်တစ်ချက်ချင်းစီအား ပြည်သူတို့မှပြောကြားချက်များကိုစုစည်းထားပြီး အိမ်တိုင်းကို လိုက်လံဝေငှခြင်း လုပ်ပေးရသည်။

EMB အတွက် ရွေးကောက်ပွဲနှင့် တိုက်ရိုက်သက်ရောက်သော ဒီမိုကရေစီဆိုင်ရာ စာချုပ်စာတမ်းများကိုင်တွယ်ပေးရခြင်းသည် ပုံမှန်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဗြိတိန်၏ ရွေးကောက်ပွဲကော်မရှင်ကရွေးကောက်ပွဲအတွက် EMB ၏ အခန်းကဏ္ဍကို မထမ်းဆောင်ဘဲ (ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုပုံစံကို အုပ်ချုပ်မှုပိုင်းက သုံးပြီး ) ၎င်းက ဆန္ဒခံယူပွဲ ကျင်းပ ပြုလုပ်ရာတွင် EMB ၏ တာဝန်ကို ထမ်းဆောင်ရသည်။

## *ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း အချင်းချင်း ဘဏ္ဍာငွေ မျှဝေမှု*

EMB ၏အဓိကကျလေ့မရှိသောလုပ်ဆောင်ချက်များသည်ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်အတွင်းခန့်အပ်ခြင်း ခံထားရပြီးနောက် အခြားသောဌာန နောက်တစ်ခုသို့ ပြောင်းရွှေ့ခန့်ထားခံရခြင်းမျိုး ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ EMB ဘက်မှ ထိုအဓိကမကျသော လုပ်ဆောင်ချက်ကို စာချုပ်စာတမ်းမှ ထုတ်ပယ်ခြင်း သို့မဟုတ် အခြားသော အဖွဲ့အစည်းမှ အထောက်အပံ့ယူ သို့မဟုတ် အရပ်ဖက် လူမှုဆိုင်ရာ အဖွဲ့အစည်းများမှ ယူခြင်းသည် ပို၍ပင်ဖြစ်လေ့ဖြစ်ထရှိပါသည်။ သို့သော်လည်း ထိုကိစ္စက ဥပဒေမူဘောင်နှင့် ဆိုင်သောကိစ္စထက် စီမံခန့်ခွဲရေးနှင့် ဆိုင်သော ကိစ္စဖြစ်ပါသည်။ EMB နှင့် မသက်ဆိုင်သော အသင်းအဖွဲ့၏ ဥပဒေမူဘောင်အတွင်းသို့ လာရောက်ပေးအပ်လေ့ရှိသည့် လုပ်ဆောင်ရန် မကြာခဏပေးအပ်လေ့ရှိသော တာဝန်တို့မှာ နယ်နိမိတ်ကန့်သတ်ခြင်း၊ မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနှင့် ဘဏ္ဍာငွေထောက်ပံ့ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာပဋိပက္ခများ ဖြေရှင်း

ခြင်း၊ ရွေးကောက်ပွဲရလဒ်များ အတည်ပြုခြင်းနှင့် ကြေငြာထုတ်ပြန်ခြင်းနှင့် မဲဆန္ဒရှင်များအား အသိပညာပေးခြင်းနှင့် အချက်အလက်များပြောကြား ခြင်းတို့ဖြစ်သည်။ အကယ်၍ရွေးကောက်ပွဲဆိုင်ရာ တာဝန်များကို အဖွဲ့အစည်းတစ်ခုထက် ပိုမိုချပေးမည်ဆိုပါက ထိုအဖွဲ့အစည်းတစ်ခုစီ၏ လုပ်ဆောင်ချက်ဆိုင်ရာ တာဝန်များ၊ အာဏာပိုင်များ၏ အဆင့်ဆင့် အထက်အောက် အုပ်ချုပ်ပုံနှင့် အဖွဲ့အစည်းတစ်ခုနှင့် တစ်ခုကြား ပူးတွဲလုပ်ဆောင်ပုံတို့နှင့်ဆိုင်သော ဥပဒေနှင့် မူဝါဒဆိုင်ရာ မူဘောင်တို့ကို လုံးဝရှင်းရှင်းလင်းလင်း ဖြစ်အောင် လုပ်ထားသင့်သည်

## ဇယား ၆ : ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက်အချို့ကို EMB ကိုမအပ်ဘဲ အခြားသော ဌာနများကို အပ်သောအခါ ရလာနိုင်သော ကောင်းကျိုး၊ ဆိုးကျိုးများကို ဖော်ပြပါ

| ကောင်းကျိုးများ | ဆိုးကျိုးများ |
|---|---|
| • EMB အားနိုင်ငံရေးအရ ထိလွယ်ရှလွယ်သော ဆုံးဖြတ်ချက်များ (ဥပမာ- နိုင်ငံရေးပါတီများ မှတ်ပုံတင် စာရင်းရေးသွင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ နယ်နိမိတ်သတ်မှတ်ခြင်း) မှ အကာအကွယ်ပေးသည်။<br>• EMB အား အဓိကကျသော လုပ်ငန်းစဉ်များတွင် အာရုံစူးစိုက်စေသည်။<br>• အဖွဲ့အစည်းအတွင်းတွင် EMB တွင်ရှိသော အရည်အချင်းနှင့် ပိုမိုကိုက်ညီသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့ကို ရှာတွေ့နိုင်သည်။<br>• EMB အနေနှင့် ဘဏ္ဍာငွေထောက်ပံ့ရ ခက်ခဲသောလုပ်ဆောင်ချက်များကို ဘဏ္ဍာငွေ ထောက်ပံ့ရန်အတွက် လေလံများနိုင်နိုင်သည်။<br>• EMB မှ လက်တွေ့အကောင်အထည်ဖော် သောလုပ်ဆောင်ချက်များအတွက် ပြန်လည် စစ်ဆေး ထိန်းညှိခြင်းကို ပေးစွမ်းနိုင်သည်။ | • အခြားသော အဖွဲ့အစည်းများသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ရပ်များကို ဘက်လိုက်မှုကင်းသောပုံစံဖြင့် ဆောင်ရွက်ရန် အတွက် EMB လောက် ယုံကြည်ရနိုင်ဖွယ် ရှိချင်မှ ရှိလိမ့်မည်။<br>• အဖွဲ့အစည်းများနှင့် မတူညီသောကိစ္စရပ်များ ကြားတွင် ပေါင်းစည်းမှုနှင့် ဦးတည်ချက်များ မျှဝေမှု ကင်းမဲ့နိုင်သည်။<br>• အဖွဲ့အစည်းများသည် ထိပ်တန်းဦးစားပေး မဟုတ်သည့်အပြင် ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံနည်းခြင်းနှင့် အကြိမ်ရေ နည်းခြင်း တို့ကြောင့် ရွေးကောက်ပွဲဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့မှု ရနိုင်ချေရှိသည်။<br>• ငွေကုန်သလောက် မထိရောက်နိုင်ချေတို့ ရှိသည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ကျယ်ပြန့်လာသောအခါ ဘဏ္ဍာငွေရှာရန် ခက်ခဲလာသည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအတွက် အသုံးချရန် လျာထားသော ဘဏ္ဍာငွေများ အခြားဘက်သို့ ရောက်မသွားစေရန် တားဆီးဖို့လိုအပ်သည်။<br>• အစိုးရထံမှသြဇာခံရန် ငြင်းပယ်သော EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာ ဌာန) ၏ အမှီအခိုကင်းကင်း လုပ်ဆောင်နေခြင်းကို တားဆီးရန်အတွက် အသုံးချခံတစ်ခုအဖြစ် သုံး၍ရနိုင်သည်။ |

## နယ်နိမိတ် ကန့်သတ်ခြင်း

နိုင်ငံတော်တော်များများ၊ အထူးသဖြင့် ဓနသဟာယ ဓလေ့ထုံးစံအတိုင်းကျင့်သုံးသော နိုင်ငံများတွင် ကျင့်သုံးသော ဩစတြေးလျ၊ ဘော့စတာနာဝါ၊ ကနေဒါနှင့် အိန္ဒိယတို့တွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ မူဘောင်အနေနှင့် ကော်မရှင် သို့မဟုတ် ဌာနခွဲတစ်ခုကို နယ်နိမိတ် ကန့်သတ် သတ်မှတ်ခြင်း ပြုလုပ်ရန် ခန့်အပ်ထားသည်မှာ ဖြစ်ရိုးဖြစ်စဉ်ပင် ဖြစ်ပါသည်။ EMB က နယ်နိမိတ် သတ်မှတ်ရာတွင် တာဝန်ယူသောနိုင်ငံများတွင် အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယားနှင့် ယူဂန်ဒါတို့ပါဝင်သည်။ ဘာဘေးဒိုးစ်နှင့် ဘီလိုက်ဇ်တွင် EMB ကို ရွေးကောက်ပွဲနှင့် နယ်မြေဆိုင်ရာကော်မရှင်ဟု ခေါ်သည်။ ဥပမာ အချို့ဆိုလျှင် ဩစတြေးလျတွင် နယ်နိမိတ်ကန့်သတ်သတ်မှတ်သော အာဏာပိုင်သည် EMB နှင့် မသက်ဆိုင်ဘဲ တည်ရှိကာ EMB ၏အထက် အထွေထွေအတွင်းရေးမှူးဌာနလည်း အပါအဝင်ဖြစ်ပြီး EMB မှ ခန့်အပ်ထားသော ဝန်ထမ်းများပင် ဖြစ်နိုင်သည်။ အမေရိကကဲ့သို့သော နိုင်ငံမျိုးတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေက လွှတ်တော်အား နယ်နိမိတ် ကန့်သတ်သတ်မှတ်ရေးကို တာဝန်ခန့်အပ်ထားခြင်းမျိုးလည်း ရှိတတ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုလုပ်ဆောင်ချက်သည် လွှတ်တော်အတွင်းတွင် လူအများစုက အားသာသော ပါတီ၏ မျက်နှာသာပေးသော ရွေးကောက်ပွဲခရိုင်နယ်မြေအပေါ်တွင် ဥပဒေအသစ်များ ထုတ်ပြန်ခြင်းတို့ရှိလာကာ ၎င်းတို့အာဏာဆုပ်ကိုင်ထားမှုကို အသင်းအဖွဲ့အနေနှင့် ဆက်လက်ချုပ်ကိုင်ထားနိုင်ခြင်းတို့ ဖြစ်နိုင်သည်။

EMB ဘက်မှ ရွေးကောက်ပွဲဆိုင်ရာ ခရိုင်နယ်နိမိတ် ကန့်သတ်ခြင်းကို တာဝန်ယူလိုက်သော အခါ လုပ်ငန်းလုပ်ဆောင်ရာနှင့် ငွေကြေးနှင့်တန်သောထိရောက်မှုရသည့် အားသာချက်များ ရှိပါသည်။ နယ်နိမိတ်ကန့်သတ် သတ်မှတ်ခြင်းဟူသည် နိုင်ငံရေးအရပြောရလျှင် ဝေစုခွဲပေးရသော ကိစ္စမျိုးဖြစ်ပြီး ရလဒ်သည် ၎င်းတို့အတွက် အကျိုးမရှိဟုထင်ပါက တိုက်ခိုက်မှုများကို EMB အနေနှင့် ခံရနိုင်သည်။ ထို့ကြောင့် နိုင်ငံရေးခွဲခြမ်းစိတ်ဖြာ သုတေသသနပြုသူတို့က ပြောသည့်မှာ နိုင်ငံရေးကိစ္စကြောင့် EMB ၏ ယုံကြည်စိတ်ချရနိုင်မှုကို ထိခိုက်စေနိုင်သော တိုက်ခိုက်မှုများ ဖြစ်မလာစေရန်အတွက် နယ်နိမိတ် ကန့်သတ်သတ်မှတ်ခြင်းကို EMB အစား အခြားဌာနတစ်ခုက ကိုင်တွယ်သည်သာလျှင် အကောင်းဆုံး ဖြစ်သည်ဟု ဆိုသည်။

## မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းခြင်း

အချို့သောနိုင်ငံများတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်သည် မဲဆန္ဒရှင်မှတ်ပုံတင် စာရင်းရေးသွင်းခြင်းကို EMB မဟုတ်သော အခြားအာဏာပိုင် ထိန်းချုပ်သည့် အမျိုးသားမှတ်ပုံတင်ဌာန သို့မဟုတ် အရပ်ဖက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့အစည်းစနစ်နှင့် ချိတ်ဆက်ထားရန် လိုအပ်သည်။ ထိုနည်းစနစ်ကို သုံးသောနိုင်ငံများတွင် ကိုလံဘီယာ၊ ဟန်ဂေရီ၊ နယ်သာလန်၊ ရိုမေးနီးယားနှင့် ဆွီဒင်တို့ ပါဝင်သည်။ ထိုကဲ့သို့သော ကိစ္စများတွင် မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းခြင်းသည် စီမံကြီးကြပ်ရေး၏လုပ်ဆောင်ချက်လုံးလုံးသာဖြစ်သည်။ မကျေလည်စရာ ကိစ္စတစ်ခုခုရှိခဲ့ပါလျှင် (ဥပမာ- မဲပေးပိုင်ခွင့်မရှိသူက စာရင်းရေးသွင်းခံထားရသည်ဟုစွပ်စွဲခံရလျှင် မဲပေးပိုင်ခွင့်ရှိပါလျက် မှားယွင်းစွာရွေးကောက်ပွဲစာရင်းမှ ပယ်ဖျက်ခံရလျှင်) EMB ဘက်မှ မဲဆန္ဒရှင်၏ ပေးပိုင်ခွင့် ရှိ၊မရှိကို ဆုံးဖြတ်ရမည်ဖြစ်ပြီး အရပ်ဖက်မှတ်ပုံတင်ခြင်းဆိုင်ရာ အာဏာပိုင်တို့က လုပ်ရမည်မဟုတ်ချေ။ အခြားသော နိုင်ငံများတွင် EMB မဟုတ်သော အခြားသော ဌာနများက ရွေးကောက်ပွဲဆိုင်ရာဥပဒေတွင် ရွေးကောက်ပွဲဆိုင်ရာ စာရင်းရေးသွင်းခြင်းနှင့် စာရင်းများ စုစည်းခြင်းတို့အတွက်တာဝန်ရှိသည်။ စပိန်နိုင်ငံတွင် အမျိုးသားစာရင်းအင်းဆိုင်ရာအသင်းမှ ရွေးကောက်ပွဲ

ဆိုင်ရာ သန်းခေါင်စာရင်းရုံးက ထိုအတွက် တာဝန်ရှိသောပုံဖြစ်ပြီး မော်လ်ဒိုဗာနှင့် တောင်ကိုရီးယား ကဲ့သို့သော နိုင်ငံများတွင် ဒေသဆိုင်ရာ အာဏာပိုင်များက လွတ်လပ်သော EMB အတွက် ရွေးကောက်ပွဲဆိုင်ရာ စာရင်းများကို ပြင်ဆင်ပေးကြလေသည်။

ရွေးကောက်ပွဲစာရင်းကို မည်သို့ပင် စုစည်းထားစေကာမူ အဓိကကျသော အချက်မှာ ထိုအထဲတွင်ပါသော အချက်များမှာ တိကျမှန်ကန်မှုရှိရေးပင်ဖြစ်သည်။ အမှီအခိုကင်းသော EMB ပြုလုပ်ပေးသော မဲဆန္ဒရှင်စာရင်းသည် အစိုးရဌာနမှ စုစည်းထားသော မဲဆန္ဒရှင်စာရင်းထက်ပို၍ ပြည်သူလူထု၏ ယုံကြည်မှုကို ပေးစွမ်းနိုင်သည်။ ရွေးကောက်ပွဲဆိုင်ရာ စာရင်းရေးသွင်းမှုကို အသင်းကမည်သည့်အရာတို့ ကြိုတင်ပြင်ဆင်ထားသည်ဖြစ်စေ၊မဲရုံများတွင်သုံးသောရွေးကောက်ပွဲဆိုင်ရာစာရင်းတို့ကိုမှန်ကန်တိကျပါကြောင်း EMB ဘက်မှအတည်ပြု ပြောကြားရမည်ဖြစ်သည်။

ကော့စတာရီကာနှင့် ဒိုမီနီကန် သမ္မတနိုင်ငံရှိ EMB များသည် ပြည်သူ့စာရင်းကိုပြုစုရန်အတွက် တာဝန်ရှိသူများဖြစ်လေသည်။ ဘင်္ဂလားဒေ့ရှ်နှင့် ဂုယာနာတွင် EMB မှ နိုင်ငံသား မှတ်ပုံတင်စာရွက်စာတမ်းနှင့် မဲဆန္ဒရှင် မှတ်ပုံတင်ကတ်ထုတ်ပေးရန် တာဝန်ရှိသည်။ ထိုအရာများက ထိုနိုင်ငံများတွင် ကောင်းစွာအလုပ်ဖြစ်ပြီး EMB အတွက် ရွေးကောက်ပွဲဆိုင်ရာ စာရင်းများစုစည်းခြင်းနှင့် ထိန်းသိမ်းခြင်းကို များစွာ သိသိသာသာပိုမိုလွယ်ကူစေသည်။ မဲဆန္ဒရှင်စာရင်းကောက်ယူရာတွင် အရည်အသွေး ထိန်းသိမ်းရေးနှင့် ဆိုင်သောတာဝန်နှင့် လုပ်ရပ်များတွင် ဥပမာအားဖြင့် မဲဆန္ဒရှင်များအနေဖြင့် ပြည်သူလူထုကို စောင့်ကြည့်နိုင်ခြင်းဟူသော အခွင့်အလမ်းများ ရွေးကောက်ပွဲဥပဒေအတွင်းတွင် ရှိနေတတ်လေသည်။ တောင်အာဖရိကတွင်လည်း အခြားသော (အီလက်ထရောနစ်) လူဦးရေ စာရင်းရှိသော ဖွံ့ဖြိုးပြီး နိုင်ငံများကဲ့သို့ပင် EMB မှ မဲပေးရန် "အရည်အသွေးမပြည့်မီသော" သို့မဟုတ် "သက်ရှိထင်ရှား မရှိတော့သော" သူများကို ဖော်ထုတ်ရန်အတွက် EMB မှ မဲဆန္ဒရှင်စာရင်းကို လူဦးရေစာရင်းနှင့်ပုံမှန်ချိန်ထိုးပြီး စစ်ဆေးလျက်ရှိသည်။

ထိရောက်သော မဲဆန္ဒရှင် စာရင်းပြုစုမှု လုပ်ငန်းစဉ်ဖြစ်ရန်အတွက် အရေးအကြီးဆုံးသော ထင်မြင်ယူဆချက်ရှုထောင့်မှာ မဲပေးခွင့်ရှိသူအားလုံး၊ ယောကျာ်းနှင့် မိန်းမများ မဲဆန္ဒရှင်စာရင်းရေးသွင်းခြင်းနှင့်ဆိုင်သော လုပ်ငန်းစဉ်များအတွက် သတင်းအချက်အလက်နှင့် တည်ဆောက်ပုံများကို ရရှိနိုင်ခြင်းနှင့် မဲပေးပိုင်ခွင့်ရှိခြင်းတို့ဖြစ်သည်။ အမျိုးသမီးများအား တူညီသောသတင်းအချက်အလက်နှင့် တည်ဆောက်ပုံတို့ကို ရပိုင်ခွင့်ပေးသော မဲဆန္ဒရှင်မှတ်ပုံတင်စာရင်း ရေးသွင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ် တစ်ခုကို စီမံကိန်းရေးဆွဲခြင်းနှင့် စီမံကြီးကြပ်ခြင်းသည် ၎င်းတို့၏ တန်းတူအားလုံး အကြွင်းမဲ့ မဲပေးပိုင်ခွင့်ကိုရရှိစေရန် အာမခံရာတွင် အင်မတန်မှ အရေးကြီးလေသည်။ ထိုရည်ရွယ်ချက်သည်လည်း မဲဆန္ဒရှင်စာရင်းရေးသွင်းမှု လှုပ်ရှားမှုဆိုင်ရာ လုပ်ငန်းစဉ်ကဲ့သို့ EMB က မဲဆန္ဒရှင်များ ထံသို့သွားပြီး အိမ်တိုင်ရာရောက်စနစ်ဖြင့် မဲပေးစေခြင်း သို့မဟုတ် အခြားသော လူဦးအများစုကိုစစ်တမ်းကောက်သော နည်းစနစ်များကို အသုံးပြုခြင်းဖြင့် အောင်မြင်အောင်ပြုလုပ်နိုင်ပါသည်။ ထိုအရာများထဲတွင် စီမံကိန်းရေးဆွဲထားပြီးသော မဲဆန္ဒရှင်စာရင်းရေးသွင်းမှုနှင့် ဆက်စပ်နေသော နိုင်ငံခြားအခြေစိုက် မဲဆန္ဒရှင်အချက်အလက်စုဆောင်းမှုဆိုင်ရာ လုပ်ရှားမှုလည်း ပါဝင်နိုင်ပြီး အမျိုးသမီးများကို လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာကိစ္စများတွင် ပါဝင်ပတ်သက်ခြင်းများကို ပိတ်ပင်ထားသောလိင်ခွဲခြားသည့် အတားအဆီးများရှိသော ကျေးရွာနှင့် ရိုးရာစွဲအရ ဖိနှိပ်ထားသော စနစ်၊ အုပ်စု၊ အသိုင်းအဝိုင်းတို့ရှိ အဖွဲ့ဝင်များအား မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းရေးသွင်းသော လုပ်ငန်းစဉ်အား အုတ်မြစ်ချထားသော ဥပဒေနှင့် ဒီမိုကရက်တစ် စည်းမျဉ်းဝိသေသများအား ရှင်းပြရန်ဖြစ်သည်။

## နိုင်ငံရေးပါတီများအား မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် ဘဏ္ဍာငွေထောက်ပံ့ခြင်း

နိုင်ငံရေးပါတီများအား မှတ်ပုံတင် စာရင်းရေးသွင်းခြင်းသည် လိုအပ်ပါက EMB သို့ ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်မှ သတ်မှတ်ထားသော လုပ်ဆောင်ချက်များ၏ ပြင်ပသို့ ရောက်သွားတတ်သည်။ အိန္ဒိယ၊ မက္ကဆီကို၊ တောင်အာဖရိကနှင့် ထိုင်းနိုင်ငံတို့တွင် EMB တို့ဘက်မှ နိုင်ငံရေးပါတီများ မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလပါတီများ၏ ပါတီသင်္ကေတ၊ ကိုယ်စားပြုသင်္ကေတများကို ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် ပါတီ၏ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ရွေးကောက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းထားပေးခြင်းတို့ လုပ်ပေးရသည်။ ပါတီမှတ်ပုံတင် စာရင်းရေးသွင်းခြင်းသည် ရွေးကောက်ပွဲလည်ပတ်မှုမှပြုလုပ်၍ ရနိုင်သကဲ့သို့ ရွေးကောက်ပွဲမတိုင်မီ လပေါင်းများစွာအလိုတွင်လည်း ကြိုတင်ဖြစ်ပေါ်နိုင်သည်။

EMB တစ်ခုအနေနှင့် ပါတီ၏ တာဝန်ဖြစ်သော ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းရွေးချယ်ပေးရေးသည် ပြုရိုးပြုစဉ်မဟုတ်၊ အင်မတန်မှ ထူးခြားသော်လည်း ပါတီတွင်းတွင် ဒီမိုကရေစီကူးပြောင်းရေးကြောင့်ဖိအားမြင့်တက်လာသောအခါ ရွေးကောက်ပွဲ ခွဲခြမ်းစိတ်ဖြာ သုံးသပ်သူများအနေနှင့် EMB ၏ ထိုအခန်းကဏ္ဍကို ထောက်ပံ့အားပေးရန် ဖြစ်လာလေသည်။ အမေရိကန်ပြည်ထောင်စုရှိ EMB တော်တော်များများသည်လည်း ရွေးချယ်သတ်မှတ်ထားသော နေရာဌာနတစ်ခုအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်သတ်မှတ်ပေးသော အဓိကရွေးကောက်ပွဲများကို ကျင်းပပေးရသော ကိစ္စများတွင်ပါဝင်ပေးရလေသည်။ ကွင်းစ်လန်း‌ဒ်ရှိ ဩစတြေးလျန်းပြည်တွင် ပြည်နယ်နှင့် မြို့နယ်ဆိုင်ရာ အစောဆုံး ကနဦးကိုယ်စားလှယ် သို့မဟုတ် ပဏာမရွေးကောက်ခြင်းတို့အတွက် စုံစမ်းစစ်ဆေးခွင့်နှင့် စာရင်းစစ်ခွင့် အာဏာရှိလေသည်။ အိန္ဒိယ EMB မှတ်ပုံတင်ထားသောပါတီများအနေနှင့် အချိန်မှန်ကျင်းပသော ပါတီတွင်းရွေးကောက်ပွဲများ ပြုလုပ်ပါရန် တိုက်တွန်းထားလေ့ရှိသည်။

နိုင်ငံရေးပါတီများ၏ လုပ်ကိုင်ပေးဆပ်ခြင်း နှင့်/သို့မဟုတ် အသုံးစရိတ်များ အသုံးချခြင်းနှင့် ပါတီနှင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များအတွက် ပြည်သူ့ထောက်ပံ့ ဘဏ္ဍာငွေခွဲဝေပေးခြင်းတို့အား စောင့်ကြပ်ကြည့်ရှုခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်မှ EMB သို့ ချမှတ်ပေးထားသော လုပ်ဆောင်ချက်တာဝန်များ၏ အပြင်ဘက်သို့ ကျရောက်သွားလေ့ရှိသည်။ စပိန်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ပါတီဘဏ္ဍာနှင့် အသုံးစရိတ်သည် EMB အစား အခြားသောဌာနတစ်ခုမှ ကိုင်တွယ်လေ့ရှိသည်။ ကနေဒါ၊ ကန်ညာ၊ လီသူဝါးနီးယားနှင့် ရုရှားတို့တွင် ဝင်ရောက်ကိုယ်စားပြုယှဉ်ပြိုင်သူများနှင့် နိုင်ငံရေးပါတီများသည် ၎င်းတို့ရရှိလက်ခံထားသော ထောက်ပံ့ဘဏ္ဍာငွေများနှင့် မဲဆွယ်စဉ်ကာလတွင် ၎င်းတို့ သုံးစွဲထားသော ဘဏ္ဍာငွေစာရင်းကို EMB ထံသို့တင်ပို့ရလေသည်။ (အချို့သော ဖြစ်ရပ်များတွင်မူ နှစ်စဉ်စာရင်းတင်ရသည်တို့ ရှိလေသည်)။ နယူးဇီလန်နိုင်ငံတွင် ထိုအစီရင်ခံချက်များကို EMB ကလက်ခံပြီးသည်နှင့် တစ်ပြိုင်နက် ပြည်သူကိုချပြလေသည်။ ကမ္ဘောဒီးယား၊ လိုင်ဘီးရီးယား၊ နိုင်ဂျီးရီးယားနှင့် ရုရှားတို့တွင် EMB သည် ထိုစာရင်းများကို စစ်ဆေးပြီးမှ ပြည်သူကိုချပြလေသည်။ ပြင်သစ်နှင့် အိန္ဒိယတို့တွင် EMB မှ ရွေးကောက်ပွဲအတွက် မဲဆွယ်ရာတွင် သတ်မှတ်ထားသော ပမာဏအတိုင်း လိုက်နာခြင်းရှိမရှိကို လိုက်လံစစ်ဆေးသည်။ မက္ကဆီကိုနှင့် ဇမ်ဘီယာတို့တွင် EMB မှ နိုင်ငံရေးပါတီများအတွက် ပြည်နယ်ဘဏ္ဍာများကို နှစ်စဉ်ချ ပေးလျက်ရှိသည်။ အချို့သော EMB များတွင် ပါတီမဲဆွယ်ရေး အတွက် မီဒီယာခွဲတမ်းကို သတ်မှတ်ပေးရသည်မျိုးရှိလေသည်။ ကနေဒါ၊အိန္ဒိယ၊ မက္ကဆီကိုနှင့် ရုရှားတို့တွင် EMB များသည် ပါတီများနှင့် ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများအတွက် ရုပ်သံထုတ်လွှင့်ပေးချိန်ကို ဝေစုခွဲ သတ်မှတ်ပေးရခြင်းကို EMB က လုပ်ပေးရသည်။ ကနေဒါနိုင်ငံတွင် EMB မှ ရုပ်သံထုတ်

လွှင့်ရေးဆိုင်ရာ ခွဲဝေရေး အရာရှိကို အီလက်ထရောနစ် ရုပ်သံလွှင့်ရေးကွန်ယက်တွင် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများအတွက် အခမဲ့နှင့် အခပေးရသော အချိန်များကို ခွဲဝေပေးရန်အတွက် ဆုံးဖြတ်ရေး အရာရှိတစ်ဦး ခန့်အပ်ထားသည်။ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတွင် EMB မှ ပြည်သူလူထုအား ထုတ်လွှင့်ပြသမှုနှင့် ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း တန်းတူအခွင့်အရေးရရှိရန်အတွက် တူညီသောအခွင့်အရေးရရှိ ဆက်ဆံခံရရန်အတွက် သေချာအောင်လုပ်ပေးရလေသည်။

## ရွေးကောက်ပွဲအတွက် မဲဆွယ်မှုများ

နိုင်ငံရေးပါတီများနှင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများအတွက် လုပ်ဆောင်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများသည် အန်ဂိုလာ၊ လီဆိုသို၊ တောင်အာဖရိကနှင့် နီပေါတွင်ကဲ့သို့ ဥပဒေမူဘောင်အတွင်း ပါကောင်းပါပြီး ဖြစ်လိမ့်မည်။ သို့မဟုတ် EMB မှ ကြားဝင် စေ့စပ်ပေးသော ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကင်ညာ၊ လိုက်ဘီးရီးယား၊ မာလာဝီနှင့် နိုင်ဂျီးရီးယားကဲ့သို့ ပါတီအချင်းချင်း သဘောတူညီချက်ယူကာ လုပ်ဆောင်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ထိုစည်းမျဉ်း ဥပဒေများကို ပါတီများဘက်မှ လိုလိုလားလားလက်ခံထားပါက ပို၍ထိရောက်နိုင်သော်လည်း EMB နှင့် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခဖြေရှင်းရေးဌာနများ၏ အကျိုးအမြတ်များသည် ချိုးဖောက်မှုတိုင်းအတွက် ပိတ်ပင်နိုင်သော အာဏာကို တရားဥပဒေနှင့်အညီ ရရှိထားလေသည်။

လွတ်လပ်မျှတပြီး ယုံကြည်ရနိုင်သော ရွေးကောက်ပွဲတစ်ခုအတွက် မီဒီယာကို ညီတူမျှတူ အသုံးချနိုင်ခွင့်နှင့် ၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ တင်ပြချက်များကို ဟန်ချက်ထိန်းညှိပေးခြင်းသည် အလိုအလျောက် တွဲလျက်ပါနေရမည်ဖြစ်သည်။ အင်ဒိုနီးရှားနှင့် တွန်ဂါတွင်ရှိသော EMB တော်တော်များများတွင် နိုင်ငံရေးပါတီများ၏ မဲဆွယ်ခြင်းဆိုင်ရာ နည်းလမ်းများနှင့် ယေဘုယျလုပ်ဆောင်ချက်များကို စည်းကမ်းသတ်မှတ်နိုင်ခွင့်အာဏာသည် ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်အတွင်းတွင်ရှိပြီး ဖြစ်သည်။ အချို့သော ကိစ္စရပ်များတွင် EMB ဘက်မှ မဲဆွယ်ခြင်းနှင့်ဆိုင်သော အပြုအမူများကို တားမြစ်ခြင်း ရှိလေသည်။ ဥပမာအားဖြင့် ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတွင် အမျိုးသားနှင့် အမျိုးသမီးများကို ပုံသေဘောင်ပုံစံတစ်ခုအတွင်း သတ်မှတ်သော၊ ပုတ်ခတ်သော သို့မဟုတ် စော်ကားအရှက်ခွဲသော နည်းလမ်းများဖြင့် ပုံဖော်ထားသည့် မဲဆွယ်ခြင်းဆိုင်ရာ ပစ္စည်းများကို ပိတ်ပင်ထားသည်။ နီပေါနိုင်ငံတွင် မီဒီယာ ကျင့်ထုံးကျင့်ဝတ်က ကျား/မ လိင်တန်းတူအခွင့်အရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် လူမှုဆိုင်ရာ အားလုံးပါဝင်ပတ်သက်နိုင်မှုတို့ကို ထိခိုက်စေနိုင်သော အကြမ်းဖက်မှုကို လှုံ့ဆော်စေနိုင်သော သတင်းအချက်အလက်များကို ထုတ်လွှင့်ခြင်းမှ တားမြစ်ထားသည်။ အခြားသော နိုင်ငံများတွင် ထိုအချက်သည် မီဒီယာစည်းကမ်းဥပဒေ သို့မဟုတ် အများပြည်သူဆိုင်ရာနေရာများတွင် နေထိုင်ရမည့် ကျင့်ဝတ် သို့မဟုတ် တန်းတူညီမျှရေးနှင့် အကြမ်းဖက်မှုဆန့်ကျင်ရေး ဥပဒေပြုချက်အတွင်းတွင် ပါဝင်သည်။ ရွေးကောက်ပွဲ "သတင်း" နှင့်ဆိုင်သော မီဒီယာဆက်ဆံရေးဆိုင်ရာ တရားစီရင် အရေးပိုင်သော ကိစ္စများသည် ကိုယ်တိုင်စီရင်ရေး သို့မဟုတ် မီဒီယာကောင်စီထံသို့ ကျရောက်လေ့ရှိသည်။ ထိုဖြစ်ရပ်မျိုးသည် ဖမ်ဘီယာတွင် ဖြစ်ခြင်းဖြစ်သည်။ မီဒီယာကျင့်ဝတ်နှင့်ပတ်သက်ပြီး လုပ်ဆောင်ပုံကျင့်ထုံးအား သဘောတူညီချက်ရယူခြင်းသည် လိုင်ဘီးရီးယားနှင့် နီပေါတွင် အသုံးချလေ့ရှိသည်။

အချို့သော EMB များသည် ရွေးကောက်ပွဲ မဲဆွယ်စဉ်ကာလအတွင်း ပြည်သူ့အရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းမရှိစေရန် ပါတီ၏လုပ်ထုံးလုပ်နည်းကို အာဏာနှင့်ထိန်းလေသည်။ ပါတီဘက်မလိုက်ခြင်းနှင့် နိုင်ငံရေးလောကတွင်း ဝင်ရောက်ယှဉ်ပြိုင်သူအားလုံးအတွက် တန်းတူယှဉ်ပြိုင်နိုင်ရန် အခွင့်အလမ်းဖန်တီးပေးနိုင်သော နေရာတစ်ခုဖန်တီးပေးနိုင်ခြင်းသည် EMB အနေနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှု

ဆိုင်ရာအကျင့်ကောင်းများ ဖန်တီးပေးနိုင်ရန်အတွက် မဏ္ဍိုင်ကောင်းများပင်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာသာတူညီမျှမှုမရှိခြင်း၊ ဥပမာ- အစိုးရပါတီဘက်သို့ ဘက်လိုက်သော ရွေးကောက်ပွဲပတ်ဝန်းကျင်တစ်ခုသည် ရွေးကောက်ပွဲနှင့် EMB ၏ ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်ရနိုင်မှုတို့ကို ပျက်ပြားစေနိုင်သည်။ ရွေးကောက်ပွဲ တန်းတူညီမျှဖြစ်စေရေးအတွက် ဆောင်ကြဉ်းပေးနိုင်သော အချို့သော အချက်အလက်များနှင့်အမူအကျင့်များသည် EMB ၏ အာဏာနှင့် လုပ်ပိုင်ခွင့်၏ တင်းကြပ်သော ဘောင်ပြင်ပတွင် ရှိကောင်းရှိနိုင်သော်လည်း EMB ဘက်မှ ညီမျှရေးနှင့် တန်းတူညီတူဖြစ်ရေးကို မြှင့်တင်ရန်အတွက် ဥပဒေဆိုင်ရာမူဘောင်ကို အသုံးချရန် သေချာအောင်ပြုလုပ်ပေးနိုင်ပါသည်။

အချို့သော ဒီမိုကရေစီကျင့်သုံးခါစ နိုင်ငံများသည် တန်းတူယှဉ်ပြိုင်နိုင်သည့် နယ်ပယ်ဆိုင်ရာအယူနှင့် သိပ်မရင်းနှီးကြပေ။ ဝက်စ်မင်စတာ အစိုးရပုံစံ၏ လွှမ်းမိုးခြင်းကိုခံရသောနိုင်ငံများတွင် သို့မဟုတ် ပြည်သူ့ဝန်ဆောင်မှုဌာနနှင့် ပြည်နယ်မီဒီယာတို့က အာဏာရပါတီအပေါ် သစ္စာစောင့်သိရသော နေရာမျိုးတွင် အစိုးရဘက်မှ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး အားသာချက်များရှိနေသည်။ ထိုအားသာချက်များအထဲတွင် ရွေးကောက်ပွဲ မည်သည့်နေ့တွင်ကျင်းပမည်ဆိုသည်ကို တိုင်ပင်စရာမလိုဘဲ ဆုံးဖြတ်ချက်ချနိုင်ခြင်း၊ မဲဆွယ်ရန်အတွက် ပြည်သူ့ရင်းမြစ်တို့ကို အသုံးချခြင်းနှင့် နှစ်သက်အဆင်ပြေရာ မီဒီယာကိုအသုံးချနိုင်ခြင်းတို့ပါဝင်သည်။

အချို့သောနိုင်ငံများတွင် အကူးအပြောင်းကာလဆိုင်ရာ ရွေးကောက်ပွဲများနှင့် ဆိုင်သောရွေးကောက်ပွဲဥပဒေများတွင် နိုင်ငံရေးအရ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံမည့်သူများ၏ မီဒီယာမှတစ်ဆင့် ကြေငြာခြင်းကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ကန့်သတ်ကာ ယှဉ်ပြိုင်မည့်နယ်ပယ်ကို ညှိယူရန်ကြိုးစားခဲ့ကြလေသည်။ EMB ကို ဝင်ရောက်ယှဉ်ပြိုင်သူများအကြား မဲဆွယ်ခြင်းဆိုင်ရာလုပ်ငန်း လှုပ်ရှားမှုများကို ညီတူညီမျှခွဲဝေပေးခြင်းနှင့် မဲဆွယ်ခြင်းအတွက် ပြည်သူ့အရင်းအမြစ်များ အသုံးပြုခြင်းကို တားမြစ်စေခြင်းတို့ကိုပြုလုပ်စေလေသည်။ မဲဆွယ်စည်းရုံးရေးအတွက် ပြည်သူ့အရင်းအမြစ်များကို အသုံးပြုခြင်းသည် နိုင်ငံတိုင်းရှိ EMB ၏ စိန်ခေါ်မှုပင် ဖြစ်သည်။ ထိုအပိုင်းကို ရွေးကောက်ပွဲဆိုင်ရာဥပဒေက အုပ်ချုပ်ခဲ့လေသည်။ အိန္ဒိယ EMB သည် အာဏာရပါတီက ရွေးကောက်ပွဲကာလအတွင်း သူ့တရားဝင်ရထားသောရာထူးကို အသုံးချထားသောကြောင့်(ဖယားကွက် ၂) မည်သည့် ဖြစ်ပွားလာသော မကျေမနပ်ချက်များမှ မည်သို့သောအကြောင်းရင်းမှ ထပ်မဖြစ်စေရန် အစိုးရဝန်ကြီးများ၏ ပြည်သူ့အရင်းအမြစ်များ ရွေးကောက်ပွဲအတွက်သုံးစွဲခြင်းအား ထိန်းချုပ်သော ကျင့်ထုံးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းထားလေသည်။

ဇယားကွက် ၂ : ရွေးကောက်ပွဲအတွက် တရားဝင်အရင်းအမြစ်များကို အသုံးချရာတွင် သတ်မှတ်ထားသောအိန္ဒိယနိုင်ငံ၏လုပ်ထုံးလုပ်နည်း

အိန္ဒိယနိုင်ငံ၏ လုပ်ထုံးလုပ်နည်း ဥပဒေသည် ပါတီများအား ပြည်နယ်အဆင့်နှင့် နိုင်ငံအဆင့်အထိ အာဏာသက်ရောက်ပြီး ပြည်သူပိုင်အသုံးချစရာအရာများအား အတိုက်အခံပါတီတို့အတွက်မဲဆွယ်ရန် ညီတူမျှတူ အသုံးချနိုင်ရန် တောင်းဆိုလေသည်။ ထိုဥပဒေမှ တားမြစ်ထားသည်မှာ :

- အစိုးရ စက်ပစ္စည်းများနှင့် ဝန်ထမ်းများကို မဲဆွယ်ရန်အတွက် ဝန်ကြီးများမှ အသုံးချခြင်း။
- မဲဆွယ်ခြင်းနှင့် တရားဝင်အရ ဝန်ကြီးများ၏ သွားရောက်စစ်ဆေးရခြင်းကို ပေါင်းခြင်း။
- မဲဆွယ်ရန်အတွက် အစိုးရ၏ သယ်ယူပို့ဆောင်ရေးစနစ်ကို သုံးခြင်း။
- မဲဆွယ်ခြင်းနှင့်ဆိုင်သော မီဒီယာကြေငြာမှုအတွက် ပြည်သူ့ဘဏ္ဍာငွေကို သုံးခြင်း။
- အစိုးရမီဒီယာကို နိုင်ငံရေးသတင်းအတွက် ဘက်လိုက်သော ဖော်ပြမှုများလုပ်ရန်အတွက် အလွဲသုံးစားပြုလုပ်ခြင်း။
- ရွေးကောက်ပွဲ ကျင်းပမည့်ရက် ကြေငြာပြီးသောအခါ အရေးပေါ် ရန်ပုံငွေထဲမှဆုလာဘ်ပေးခြင်း၊ ငွေပေးချေခြင်းမလုပ်ရန်နှင့် ရွေးကောက်ပွဲရက် ကြေငြာပြီးသောအခါ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စတင်လုပ်ကိုင်ခြင်း ကြေငြာခြင်း သို့မဟုတ် အချိန်းအချက်ပြုခြင်း သို့မဟုတ် မဲဆန္ဒရှင်များအား လွှမ်းမိုးမှုပြုနိုင်မည့် ကတိကဝတ်ပေးခြင်းများကို ပြုလုပ်ခြင်း

ကျမ်းကိုး :အိန္ဒိယရွေးကောက်ပွဲ ကော်မရှင်၏ 'Model Code of Conduct for the Guidance of the Political Parties and Candidates' မှ ကောက်နုတ်ထားပါသည် (<http://www.thehinducentre.com/multimedia/archive/01828/Model_Code_of_Cond_1828248a.pdf>, အဆိုပါ စာမျက်နှာကို ၃၀ ဖွန် ၂၀၁၄ တွင် ကြည့်ရှုခဲ့သည်။).

နိုင်ငံရေးပါတီလှုပ်ရှားမှုများနှင့် တိုက်ရိုက်မသက်ဆိုင်သော ရွေးကောက်ပွဲမဲဆွယ်ခြင်းဆိုင်ရာတို့၏ အချက်အလက်များသည် EMB အချို့၏ တရားစီရင်ရေးအောက်တွင်ပင်ရှိသေးသည်။ ဥပမာအားဖြင့် ဘော့စနီးယား၊ ဟာဇီဂိုးဗီးနားနှင့် ရုရှားရှိရွေးကောက်ပွဲဆိုင်ရာဥပဒေတို့သည် နိုင်ငံရေးထင်မြင်ချက်ဆိုင်ရာ ဆန္ဒမဲကောက်ခံခြင်းတို့ကို ထုတ်ပြန်ခြင်းအား စည်းမျဉ်းစည်းကမ်းနှင့် ထိန်းသိမ်းထားသည်။ အယ်လ်ဘေးနီးယား၊ ပီရူးနှင့် စင်ကာပူတို့တွင် EMB တို့သည် မဲပေးမည့်နေ့မတိုင် မီ သတ်မှတ်ထားသောနေ့တို့တွင် ထင်မြင်ချက်ဆိုင်ရာ မဲဆန္ဒကောက်ခံယူမှုစာရင်းများအား ထုတ်ပြန်ကြေငြာခြင်းကို ပိတ်ပေးရန် အာဏာပေးအပ်ထားလေသည်။ မည်သို့ပင် ဆိုစေကာမူ ကနေဒါနှင့် အိန္ဒိယရှိ တရားရုံးများကမူ ထိုအပိုင်းရှိ EMB အာဏာတို့အား ပိတ်ပင်ကန့်သတ်ထားလေသည်။

## မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် သတင်းအချက်အလက်များဝေမျှခြင်း

မဲဆန္ဒရှင်များအား သတင်းအချက်အလက်ပေးခြင်းနှင့် ပိုမိုကျယ်ပြန့်သောဒီမိုကရေစီ သို့မဟုတ် ပြည်သူအသိပညာပေးရေးသည် EMB ၏ လုပ်ဆောင်ချက်များထဲတွင် အရေအတွက်မြင့်မားစွာ ထည့်သွင်းထားရသော အခန်းကဏ္ဍတစ်ခုသာလျှင်ဖြစ်သည်။ အချို့သော EMB ဥပဒေဆိုင်ရာ မူဘောင်တို့တွင် ဘူတန်၊ ကမ္ဘောဒီးယား၊ ကင်ညာ လာတ်ဗီးယား၊ လီသူဝါးနီးယား၊ စကော်ပူ၊ တောင်အာဖရိက၊ ထိုင်းနိုင်ငံနှင့်

တွန်ဂါတို့ကဲ့သို့ မဲဆန္ဒရှင်သတင်းအချက်အလက်ဝေမျှရေးနှင့် အသိပညာပေးရေးလှုပ်ရှားမှုများကို ပြဋ္ဌာန်းထားပြီး အချို့သောဆိုဒင် အပါအဝင် နိုင်ငံများကမူ ပြဋ္ဌာန်းထားခြင်းမရှိပေ။ အချို့သော EMB များကမူ ဒီမိုကရေစီဆိုင်ရာ တန်ဖိုးများမြှင့်တင်ခြင်း (ကော့စတာရီကာ)၊ ဒီမိုကရေစီဆိုင်ရာ လုပ်ငန်းစဉ်များ လုပ်ဆောင်ခြင်း (လီဆိုသို)၊ ရွေးကောက်ပွဲရည်ရွယ်ချက်များ (ဂါနာ)နှင့် နိုင်ငံသားဖြစ်ခွင့် လှုပ်ရှားခြင်း (ကော့စတာရီကာ) တိုးမြှင့်နိုင်သည့် ပိုမိုကျယ်ဝန်းသည့် အာဏာအဝန်းအဝိုင်းရှိသည်။ ပညာပေးခြင်းများသည် မဲပေးရန်အခွင့်အလမ်း သိပ်မရှိသော အုပ်စုများအတွက် သို့မဟုတ် မဲပေးရန် အခက်အခဲရှိသော အုပ်စုများသို့ ရည်ရွယ်ပြီး လုပ်ဆောင်ပေးလေ့ရှိသည်။ နီပေါ EMB သည် ဩစတြေးလျန်း EMB ၏ အသိပညာပေးခြင်းဆိုင်ရာ ဌာနအပေါ် မူတည်ပြီး ပညာပေးဌာနတစ်ခု တည်ထောင်ထားလေသည်။ ကော့စတာရီကန် EMB ဒီမိုကရေစီ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး အဖွဲ့တွင်သက်ဆိုင်သော ပညာရပ်ဆိုင်ရာ သုတေသနပြုနိုင်သည့်၊ ပိုမိုကျယ်ပြန့်သည့် ပညာရေးစနစ်ကို ထောက်ပံ့ရေးနှင့် ၎င်း၏လုပ်ဆောင်ချက်များတွင် နည်းပညာအသစ် များ ထပ်မံပေါင်းထည့်နိုင်သော အာဏာရှိသည်။

---

EMB ၏ တရားဥပဒေဆိုင်ရာ မူဘောင်အတွင်းတွင် မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် သတင်းအချက်အလက် ဝေမျှရေးဆိုင်ရာ လုပ်ဆောင်ချက်များသည်ဒီမိုကရေစီအားကောင်းရေး နှင့် ပူးတွဲနေသောကြောင့်အထူးသဖြင့် ဒီမိုကရေစီ စတင်ပေါ်ထွက်ကာစတွင် ပိုဖြစ်တတ်သောကြောင့် ပါဝင်ပါကပိုကောင်းပါသည်။ ဥပဒေဆိုင်ရာ မူဘောင်အနေနှင့်လည်း ဒီမိုကရေစီ အားကောင်းစေရန် EMB ကို မဲဆန္ဒရှင် အသိပညာပေးရေးနှင့် အသိပညာမျှဝေရေးအတွက် အာဏာလုပ်ပိုင်ခွင့်ပေးရန် ၎င်း၏ တရားဝင် အာဏာလုပ်ပိုင်ခွင့်တွင် ပေးထားသင့်သည်။မဟုတ်ပါက အစိုးရအနေနှင့်လည်း အခြားသော ကိစ္စများကို ဘဏ္ဍာငွေကြေး ထောက်ပံ့ရန် တွန့်ဆုတ်နေမည် ဖြစ်သည်။

---

မည်သို့ပင်ဆိုစေကာမူ EMB သို့မဟုတ် အခြားသော မည်သည့်ဌာနမဆို မဲဆန္ဒရှင်များအား အသိပညာပေးကာ သတင်းအချက်အလက်ပြောကြားမည့်သူကို ကန့်သတ်ပိတ်ပင်ရန် သီးသန့်ခွဲခြားပြီး မဲဆန္ဒရှင်ပညာပေးခြင်းနှင့် အသိပညာရပိုင်ခွင့်တို့ကို ပြုလုပ်ခြင်း သို့မဟုတ် အာဏာလုပ်ပိုင်ခွင့်ပေးခြင်း တို့ကိုလုပ်ပါက ၎င်းတို့အတွက် အန္တရာယ် ရှိလေသည်။ မဲဆန္ဒရှင် အသိပညာပေးရေးနှင့် သတင်းအချက်အလက်မျှဝေရေး တို့သည် အင်မတန်မှ အရေးကြီးပြီး၊ အသုံးချပုံမှာလည်း အင်မတန်မှရှုပ်ထွေးကာ EMB ကို ဒီအတိုင်းချန်ခဲ့ရန် မဖြစ်နိုင်ချေ။ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ကော်ပိုရေးရှင်းများနှင့် ပညာရေးစနစ်ကဲ့သို့သော အစိုးရကိုယ်စားလှယ်ဌာနများသည် မဲဆန္ဒရှင်များအား သိနားလည်ပြီး ရွေးချယ်မှုပြုနိုင်ရန် ၎င်းတို့လိုအပ်သော သတင်းအချက်အလက်များကိုပေးရာတွင် အရေးကြီးသော အထောက်အကူကဏ္ဍမှ အားလုံးဝင်ရောက် ကူညီကောင်းကူညီနိုင်လိမ့်မည်။ EMB တစ်ခု၏ မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် သတင်းအချက်အလက် ဝေမျှခြင်းဆိုင်ရာ တာဝန်များသည် CSO (အရပ်ဖက်လူ့အဖွဲ့အစည်းဆိုင်ရာအစည်းအရုံး) များ အပါအဝင် အခြားသောဌာနများသို့တစ်စိတ်တစ်ပိုင်းဖြစ်စေ လုံးလုံးလျားလျားဖြစ်စေ၊ လွှဲပြောင်းပေးနိုင်သည်။ ဥပမာအားဖြင့် ဂါနာတွင် EMB သည် မဲဆန္ဒရှင်များအား သတင်းအချက်အလက်မျှဝေရေးအတွက် တာဝန်ရှိပြီး ၎င်း၏ ပူးတွဲကော်မရှင်မှာမူ ပြည်သူအား အသိပညာပေးရေး တာဝန်ကို ထမ်းဆောင်သည်။ ထိုင်း EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာဌာန) သည် ပုဂ္ဂလိက အဖွဲ့အစည်းများအတွက်မဲဆန္ဒရှင် အသိပညာပေးရေးနှင့် သတင်းအချက်အလက်မျှဝေရေးအတွက် ပြင်ပရင်းမြစ်များမှ အသုံးချနိုင်ခွင့်ကို လုပ်ပိုင်ခွင့်ရရှိထားလေသည်။ လိုင်ဘီရီးယန်း EMB တွင် ပြည်သူအသိပညာပေးရေးတို့တွင် ပါဝင်နေသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOများအတွက်) လိုက်နာရမည့် လမ်းညွှန်များရှိသည်။

EMB အနေနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် လုပ်ငန်းစဉ်များသည် ပြည်သူတို့အတွက် အမြဲတမ်း အကျိုးရှိနေရန် လုပ်ဆောင်ရမည်မှာ ၎င်းတို့၏ခွဲမရသော တာဝန်သာလျှင်ဖြစ်ပေသည်။ ထို တာဝန်တွင် သာမန်အတွေ့အကြုံရှိနေကြဖြစ်ပြီး ၎င်းတို့၏ အခြေခံ ဒီမိုကရေစီဆိုင်ရာ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များဖြစ်သော မဲပေးပိုင်ခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့်အစရှိသည်တို့အား မသိနားမလည်သော သိရှိနားလည်ရန် အချိုးအစားမညီ ခက်ခဲမှုရှိသော အုပ်စုများအား သတင်းအချက်အလက် မျှဝေရေးတည်း ဟူသောအချက်က တွဲလျက်ပါလာတတ်သည်။ အသိုင်းအဝိုင်းတော်တော်များများရှိ အမျိုးသမီးများသည် လည်း ထိုကဲ့သို့သော အပစ်ပယ်သီးသန့်ဖယ်ထားခံရမှုမျိုးကို ရိုးရာအစဉ်အလာအရ တွေ့ကြုံခံစားရမြဲ ဖြစ်သည်။ မဲဆန္ဒရှင်များအား သတင်းအချက်အလက်မျှဝေရေး လှုပ်ရှားမှုသည်အမျိုးသမီးများအား နိုင်ငံ ရေးကဏ္ဍတွင်ပါဝင်မှုနှင့်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးချယ်ခံခြင်းတို့မှတားဆီးထားသော အကာ အရံများကို ဖယ်ရှားနိုင်ရန် အင်မတန်မှ အထူးအရေးကြီးသော အရာတစ်ခုဖြစ်လေသည်။ ဆီနီဂေါတွင် ၂၀၁၁ နှင့် ၂၀၁၂ ၌ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုချက်တွင် အရေးကြီးသော ကျား/မ လိင်တန်းတူဖြစ်ရေး ဥပဒေကို ကျင့်သုံးမှု နီးထလာသောအခါ အမျိုးသားရွေးကောက်ပွဲကော်မရှင်က အမျိုးသမီး အမတ်လောင်း များအတွက်သာမက ဝင်ရောက်ယှဉ်ပြိုင် သူ ကိုယ်စားလှယ်များအတွက် စကာတင်စာရင်း နှင့် မှတ်ပုံတင် စာရင်းရေးသွင်းခြင်းကို စောင့်ကြည့်သော နိုင်ငံရေးပါတီ ကိုယ်စားလှယ်များအတွက်ပါ ပြဋ္ဌာန်းချက်အသစ် ကို သတိထားမိစေရန် နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာမှ လက်တွဲဖော်များ၏ ကူညီထောက်ပံ့မှုဖြင့် လှုပ် ရှားမှုများအဆင့်အစီအစဉ်လိုက်ကို ဦးဆောင်ပြုလုပ်ပေးခဲ့သည်။

## ရွေးကောက်ပွဲရလဒ်များ အတည်ပြုခြင်း

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်အနေနှင့် EMB အား ရွေးကောက်ပွဲရလဒ်များကိုအတည်ပြု ပေးခြင်းနှင့် ကြေငြာခြင်း ထို့နောက် ရလဒ်များကြေငြာမည့် အချိန်ကာလကို ကြိုတင်ကြေငြာခြင်းတို့ အတွက် တာဝန်ပေးအပ်ခြင်းမှာ ပုံမှန်ပင်ဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ဥပမာပေးရလျှင် အာမေးနီး ယား၊ ကမ္ဘောဒီးယား၊ ဟွန်ဒူရာစ်၊ ပိုလန်နှင့် တောင်အာဖရိကတို့ဖြစ်သည်။ နိုင်ဂျာနိုင်ငံတွင် ထိုလုပ်ဆောင် ချက်များမှာ အခြေခံဥပဒေခုံရုံးသို့ ပေးအပ်ထားခြင်းဖြစ်ပြီး ကင်မရွန်းနှင့် ပြင်သစ်တို့တွင် အခြေခံဥပဒေ ကောင်စီကို ပေးအပ်ထားခြင်းဖြစ်သည်။ ဒိန်းမတ်နိုင်ငံတွင် လွှတ်တော်ဘက်မှ နိုင်ငံလုံးဆိုင်ရာရွေးကောက် ပွဲများအတွက် ရလဒ်များကို အတည်ပြုပေးရာတွင်တာဝန်ရှိသည်။

ဇမ်ဘီယာနိုင်ငံရှိ တရားသူကြီးမှူးချုပ်သည် သမ္မတရွေးကောက်ပွဲအတွက် နောက်ဆုံးတာဝန်ခံ ရသောအရာရှိဖြစ်ပြီး ထို့ကြောင့်သာလျှင် ရလဒ်ကြေငြာရေးအတွက် တာဝန်ရှိလေသည်။ ထို့နောက်ဆက် တွဲတွင် ရွေးကောက်ပွဲဆိုင်ရာ အမျိုးသားနည်းပညာကော်မတီမှ ထောက်ခံချက်ပါ ပါလာရသည်။ ဧပြီလ ၂၀၁၂ ခုနှစ်တွင် ထုတ်ဝေထားသော အခြေခံဥပဒေအား ပြန်လည်စစ်ဆေးထားသော မူကြမ်းအရ ရွေး ကောက်ပွဲကော်မရှင် ဉက္ကဋ္ဌသည် သမ္မတရွေးချယ်ရေးအတွက် နောက်ဆုံးတာဝန်ရှိသူ ဖြစ်နေသည်။

## ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခြင်း

အမှီအခိုကင်းသော တစ်သီးပုဂ္ဂလ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းသည် EMB ထိန်းချုပ် မှု အပြင်ဘက်တွင်ပြုလုပ်လေ့ရှိပြီး ရွေးကောက်ပွဲဥပဒေဆိုင်ရာ မူဘောင်က မကြာခဏဆိုသလို EMB များကို စောင့်ကြည့်လေ့လာခြင်းနှင့် ပတ်သက်သော လုပ်ဆောင်ရန်တာဝန်များကို ပေးလေ့ရှိလေသည်။ EMB အနေနှင့်လည်း လေ့လာစောင့်ကြည့်သူများအား ထောက်ခံလက်မှတ်ထုတ်ပေးခြင်း၊ လေ့လာစောင့် ကြည့်ရေးနှင့်ဆိုင်သော ၎င်းတို့၏ ရပိုင်ခွင့်ကို အာမခံပေးခြင်း၊ ၎င်းတို့အား အသေးစိတ်အကျယ်တဝင့်

နောက်ခံအကြောင်းအရာအား ရှင်းပြထားသောပစ္စည်းများပေးခြင်းနှင့် လေ့လာစောင့်ကြည့်သူ၏ တာဝန်အား ဖွင့်ဆိုပေးခြင်း၊ အများအားဖြင့် ထိုအရာသည် ဥပဒေနှင့် ခိုင်းစေညွှန်ကြား၍ ရနိုင်သောလုပ်ထုံးလုပ်နည်းများထဲတွင် ပါဝင်သည်။

အမှီအခိုကင်းသော လေ့လာစောင့်ကြည့်ရေး အထူးသဖြင့် ဒီမိုကရေစီ ပေါ်ထွန်းကာစနိုင်ငံများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား ပြည်သူယုံကြည်မှုတည်ဆောက်ရေးသည် အင်မတန်မှ အရေးကြီးသော ပါဝင်ဖွဲ့စည်းမှု တစ်ရပ်ဖြစ်သည်။ နိုင်ငံသားဖြစ်စေ၊ နိုင်ငံတကာမှ လေ့လာစောင့်ကြည့်သူများ ဖြစ်စေ၊ အမှီအခိုကင်းသော လေ့လာစောင့်ကြည့်မှုတစ်ခုလုပ်ပါက သူ၏သဘောသဘာဝအရ လေ့လာစောင့်ကြည့်သူ အမှန်တစ်ကယ်စစ်မစစ် စောင့်ကြည့်သော၊ ဘက်လိုက်မလိုက်နှင့် လုံခြုံရေးအတွက်နှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ကမောက်ကမဖြစ်မည် စိုးသောကြောင့်မှ တစ်ပါး EMB များ သို့မဟုတ် အခြားအာဏာပိုင်တို့မှလုပ်သောချုပ်ထိန်းမှုနှင့် ဝင်ရောက်စွက်ဖက်များ ကင်းစင်ရမည်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို နိုင်ငံတစ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လိုက်နာရမည့် သဘောတူညီချက် စာချုပ်တစ်ခုကဲ့သို့ သဘောထားသလိုပင် EMB ၏ လေ့လာစောင့်ကြည့်သူနှင့် သက်ဆိုင်သော အာဏာနှင့် လုပ်ဆောင်ချက်များသည်လည်း ကုလသမဂ္ဂမှ ထပ်ဆင့်လက်မှတ်ရေးထိုးထောက်ခံထားသော အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းဆိုင်ရာ တစ်ကမ္ဘာလုံး ကြေငြာစာတမ်းကဲ့သို့ပင် နိုင်ငံတကာဆိုင်ရာ လိုက်နာရမည့် အချက်များနှင့် အမူအကျင့်ကောင်းကဲ့သို့ သဘောထားရမည်။ လေ့လာစောင့်ကြည့်ရေးအား အတားအဆီးဖြစ်စေမည့် အပြုအမူများကို လုပ်ဆောင်ခြင်း၊ ဥပမာ - လေ့လာစောင့်ကြည့်သူများအား မှတ်ပုံတင်ကြေး မြင့်မားစွာကောက်ခံခြင်း သို့မဟုတ် စည်းမျဉ်းစည်းကမ်းများကို အလွန်အမင်း ကြပ်မတ်ခြင်းသည် နိုင်ငံတကာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ဖီလာကောင်းဖီလာနိုင်သည်။ EMB ဘက်မှလည်း ကမ္ဘောဒီးယားနှင့် လိုင်ဘီးရီးယားတွင်ကဲ့သို့ စောင့်ကြည့်လေ့လာသူများသည် မဲပေးသည့်နေရာများသို့ ဝင်ရောက်ခြင်းမပြုမီ လုပ်ထုံးလုပ်နည်းနှင့်အညီလုပ်ထားသော ထောက်ခံချက်ရယူပြီးမှ ဝင်ရန်တိုက်တွန်း လေသည်။

## နိုင်ငံတကာဆိုင်ရာ လှုပ်ရှားမှုများ

EMB အား နိုင်ငံတကာဆိုင်ရာ ရွေးကောက်ပွဲလှုပ်ရှားမှုများတွင် ပါဝင်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်ဘက်မှ လုပ်ပိုင်ခွင့်အာဏာချပေးရန် အရေးကြီးလေသည်။ မည်သည့် EMB မှ သို့မဟုတ် နိုင်ငံမှ ထီးတည်းပစ်ထားခံရခြင်းမရှိပါ။ EMB တော်တော်များများသည် အခြားသော EMB များကို ကူညီရန် လေ့လာစောင့်ကြည့်သူအနေနှင့် ဖြစ်စေ နည်းပညာပိုင်းဆိုင်ရာ အကြံပေးအနေနှင့်ဖြစ်စေ သို့မဟုတ် အခြားသော EMB များမှ အိမ်ရှင်မှ ပြန်၍စစ်ဆေးခြင်းလုပ်သော တာဝန်များထမ်းဆောင်ရန် တာဝန်ချမှတ်ထားခြင်း မကြာခဏဆိုသလိုရှိသည်။

EMB ၏ ဥပဒေဆိုင်ရာ မူဘောင်အတွင်းတွင် နိုင်ငံတကာဆိုင်ရာ ရွေးကောက်ပွဲများတွင် အထောက်အကူပြုတာဝန်ထမ်းဆောင်ရမည်ဟု မပါဝင်သော်ငြားလည်း EMB များအနေနှင့် ထိုတာဝန်များကို ကြီးကြီးတစ်မျိုး၊ သေးသေးတစ်ဖုံ ထမ်းဆောင်နေရသည်။ နိုင်ငံတကာ နည်းပညာဆိုင်ရာ ပူးပေါင်းမှုများတွင် ပုံမှန်ပါဝင်နေသော EMB များရှိသည့်နိုင်ငံများတွင် ဩစတြေးလျ၊ ကနေဒါ၊ ပြင်သစ်၊ ဂါနာ၊ အိန္ဒိယ၊ မက္ကဆီကိုနှင့် တောင်အာဖရိကတို့ ပါဝင်သည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံနှစ်ခု ပူးပေါင်းဆောင်ရွက်ခြင်းလည်း ပါဝင်သလို နိုင်ငံအများပူးပေါင်းဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်သည်။ အခြားသော EMB တော်တော်များများသည်လည်း နိုင်ငံတကာဆိုင်ရာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး တာဝန်များသို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများ၏ ဒေသဆိုင်ရာရွေးကောက်ပွဲများမှ

ပြုလုပ်သော လုပ်ဆောင်ချက် လှုပ်ရှားမှုများအပြန်အလှန် လဲလှယ်ခြင်းနှင့် ပညာရှင်ဆန်ဆန် ပြုမူဆောင်ရွက်ပေးရေးတို့တွင် ပံ့ပိုးပါဝင်ပေးလေ့ရှိသည် ဘင်္ဂလားဒေ့ရှ် EMB မှ ချမှတ်သော လုပ်ပိုင်ခွင့်အာဏာတွင် EMB ၏ ကုလသမဂ္ဂနှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံများအား ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာခြင်းနှင့် စောင့်ကြည့်လေ့လာသူများအား ချမှတ်ပေးခြင်းနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့အား လေ့ကျင့်သင်ကြားပေးရေးတို့ပြုလုပ်ပေးခြင်းဖြင့် ရွေးကောက်ပွဲများ ကျင်းပရာတွင် အထောက်အပံ့ပေးရေးပါဝင်သည်။ ဘူတန်နိုင်ငံရှိ ဥပဒေတွင် EMB အား နိုင်ငံခြားတိုင်းပြည်များနှင့် အဖွဲ့အစည်းများအား ရွေးကောက်ပွဲနှင့်ဆိုင်သော အခြေအနေများတွင် နိုင်ငံခြားရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ကူညီထောက်ပံ့မှုပြုရန် ခိုင်းစေထားလေသည်။

## ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကို ဖြေရှင်းခြင်း

EMB ၏ သံသယဖြစ်ဖွယ်ရှိသော ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးအရေးယူနိုင်သော အာဏာအကြောင်း ပြောထားသော ရွေးကောက်ပွဲ စည်းမျဉ်းများမှာ ဤအခန်း၏အစတွင် ပါပြီးဖြစ်လေသည်။ ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်ပြီး ပဋိပက္ခဖြစ်ပွားပါက အခြားသောဌာနများပါ ပါဝင်ပတ်သက်လာရလေ့ရှိသည်။ ရွေးကောက်ပွဲ ရလဒ်နှင့် ပတ်သက်ပြီး မကျေနပ်ချက်များမှာ အာဖဂန်နစ္စတန်၊ ဩစတြေးလျ၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ ကော့စတာရီကာ၊ တီမော်လက်စ်တီ၊ လီဆိုသို၊ တောင်အာဖရိကနှင့် ထိုင်းနိုင်ငံတို့တွင် EMB ထံသို့ အရင်လာလေ့ရှိသည်။ ဘင်္ဂလားဒေ့ရှ်၊ ဘော့စ်တနာဝါ၊ ဂူယာနာ၊ အိုင်ယာလန်နှင့် ဆယ်ရာလီယုံး တို့တွင်တော့ ထိုမကျေနပ်ချက် တိုင်တန်းချက်များသည် သာမန် တရားရုံးများသို့သာ ရောက်သွားလေ့ရှိပြီး ဘာကီနာဖာဆို၊ ဂျာမနီနှင့် အင်ဒိုနီးရှားတို့တွင်မူ အခြေခံဥပဒေခုံရုံးများသို့ ရောက်သွားလေ့ရှိသည်။ ဘိုလီးဗီးယား၊ ကော့စတာရီကာ၊ ဆွီဒင်နှင့် ဥရုဂွေးတို့တွင် EMB ဘက်မှ လွှတ်တော်ရွေးကောက်ပွဲနှင့် အခြားသောရွေးကောက်ပွဲ တို့အတွက်ဖြစ်သော ရွေးကောက်ပွဲရလဒ်များအပေါ်တွင်ဖြစ်သော ပဋိပက္ခများအားနောက်ဆုံးစီရင် ချက်ချခွင့်ရှိပြီး ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ ဘော့စ်တနာဝါ၊ တီမောလက်စ်တီ၊ အိုင်ယာလန်၊ လီဆိုသိုနှင့် ရုရှားတို့တွင်နောက်ဆုံးစီရင်ချက်ချပိုင်ခွင့်သည် သာမန်တရားရုံးများသို့သာကျရောက်လေ့ရှိကာ ကမ္ဘောဒီးယားနှင့် မိုဇမ်ဘိဂ်တို့တွင် အခြေခံဥပဒေခုံရုံးနှင့် မက္ကဆီကိုနှင့် တောင်အာဖရိကတို့တွင် အထူးပြုထားသော ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးများအပေါ် သို့ ကျရောက်လေ့ရှိသည်။

## ပြည်သူလူထုဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အနေနှင့် EMB ၏ တာဝန်များ

ပြည်နယ်မှ ဘဏ္ဍာငွေထောက်ပံ့ထားသော အဖွဲ့အစည်းတစ်ရပ်အနေနှင့် EMB သည် တိုင်းပြည်၏ ပြည်သူလူထုမှ သတ်မှတ်ထားသော အပိုင်းလိုက်ဆိုင်ရာ စံချိန်စံညွှန်းများအား လိုက်နာကာ သိက္ခာရှိရှိပြုမူဆောင်ရွက်ရန် လိုလိမ့်မည်ဖြစ်သည်။ ထိုအချက်များထဲတွင် ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ခံနိုင်မှုတို့ပါ အပါအဝင် ဖြစ်သည်။ ထိုလုပ်ဆောင်မှုများတွင် မကြာခဏဆိုသလို စံသတ်မှတ်ထားသော နစ်စဉ်ပြင်ပဌာနများ၏ လုပ်ဆောင်ချက်များကို သက်ဆိုင်သော ဝန်ကြီးထံသို့ (ဘော့စ်တနာဝါ တွင်ကဲ့သို့) ပြည်သူ့အပိုင်းဆိုင်ရာ တာဝန်ခံနိုင်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို အစီရင်ခံစာတင်ခြင်း သို့မဟုတ် လွှတ်တော်သို့တိုက်ရိုက်တင်ခြင်း (ဥပမာ- ဩစတြေးလျ၊ ကနေဒါ၊ လိုင်ဘေးရီးယား နှင့် တောင်အာဖရိကကဲ့သို့) တာဝန်စွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေး၊ ရင်းနီးမြှုပ်နှံသူများနှင့် ဆက်ဆံရေးနှင့် ကြာရှည်စဉ်ဆက်မပြတ် လည်ပတ်နိုင်သော ရွေးကောက်ပွဲလုပ်ငန်းစဉ်များ တည်ထောင်ရေးအတွက် တာဝန်ခံနိုင်မှုကဲ့သို့ အရေးကြီးသော တာဝန်များအား ဤစာအုပ်၏ နောက်ပိုင်းတွင်အသေးစိတ်ရေးသား ဖော်ပြထားပါသည်။

ဘဏ္ဍာရေးနှင့် စာရင်းစစ်ခြင်းဆိုင်ရာ စံနှုန်းကောင်းများကို လိုက်နာနိုင်ရန်လိုအပ်ချက်များကို အခန်း ၇ တွင် ဖော်ပြထားပါသည်။

EMB များသည် အလေ့အထကောင်းများကို ကျင့်သုံးရန်အတွက် အင်မတန်မှ အရေးကြီးသော လိုက်နာရမည့်အချက်များရှိပြီး ထိုမှသာလျှင် ထိုမှသာလျှင် ၎င်းတို့၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အဆင့်အတန်းက လွတ်လပ်တရားမျှတကာ ယုံကြည်စိတ်ချရနိုင်သော ရွေးကောက်ပွဲဖြစ်အောင် မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ၎င်းတို့၏အားစိုက်ထုတ်မှုများသည် ပြည်သူ့ဘဏ္ဍာများ အလဟဿဖြစ်မသွားစေရန်နှင့် ၎င်းတို့၏ ဝန်ဆောင်မှုဆိုင်ရာ စံချိန်စံနှုန်းများကိုလည်း ပြည်သူလက်ခံနိုင်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ အကယ်၍သာ ရွေးကောက်ပွဲဆိုင်ရာ အသင်းအဖွဲ့များတွင် အကောင်းဆုံးသော ကျင့်ထုံးပုံစံကို ပြောပြနိုင်ပါက ၎င်းသည်ပင်လျှင် EMB အနေနှင့် ရောက်ရှိအောင် မရမနေကြိုးစားမည့် ပန်းတိုင်ဖြစ်လိမ့်မည်။ လွတ်လပ်ပြီး တရားမျှတကာ ယုံကြည်ရနိုင်သော ရွေးကောက်ပွဲများကျင်းပနေစဉ် ရွေးကောက်ပွဲစနစ်များ တစ်ခုနှင့်တစ်ခု မည်မျှပင်ကွဲပြားနေပါစေ အသုံးချ၍ရနိုင်သော အလေ့အထ ကျင့်သုံးပုံများအား ကျင့်သုံးနိုင်အောင် ရည်ရွယ်ခြင်းက ပိုပြီးလက်တွေ့ဆန်လိမ့်မည်ဖြစ်သည်။

EMB ၏ တာဝန်များထဲတွင် ၎င်းကမည်သို့ပြုမူရမည်ဟူသော ဓလေ့ထုံးတမ်းဆန်သည့် အရာမျိုးများလည်း ပါကောင်းပါနိုင်ပြီး ၎င်း၏ကျင့်သုံးပုံ စည်းမျဉ်းစည်းကမ်းများထဲတွင်ပင် အကျယ်တိုးချဲ့လာနိုင်သည်။ EMB  အဖွဲ့ဝင်များနှင့် ဝါရင့်ဝန်ထမ်းများအတွက် အသေးစိတ်ရေးဆွဲထား သောကျင့်သုံးပုံ စည်းမျဉ်းစည်းကမ်းများထဲတွင် ဥပဒေ၊ လုပ်ဆောင်ချက်တိုင်းတွင် ပညာရှင်ဆန်သော အပြုအမူများနှင့် လုပ်ငန်းလုပ်ကိုင်ပုံ တိကျမှုတို့အပေါ်တွင် အခြေခံထားသော ပွင့်လင်းမြင်သာပြီး တာဝန်ခံနိုင်သော လုပ်ရပ်များပါဝင်နိုင်သည်။ အောက်အဆင့်များရှိ တာဝန်ရပ်များကို ကန့်သတ်ထားသော ယာယီဝန်ထမ်းများအတွက် ပိုမိုရိုးရှင်းသော စည်းမျဉ်းစည်းကမ်းများရှိပါက ပိုကောင်းလိမ့်မည် ဖြစ်သည်။ ဥပမာအားဖြင့် မဲရုံတွင်တာဝန်ကျသော ဝန်ထမ်းများအတွက် ၎င်းတို့အား ရှိရှိသမျှသော သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များကို လိုက်နာရန်နှင့် အဂတိလိုက်မှုကင်းကာ မဲလျှို့ဝှက်မှုကိုထိန်းသိမ်းထားရန် ရိုးရိုးရှင်းရှင်း တစ်ခွန်းလောက်ပြောထားပါက လုံလောက်ပါသည်။

တောင်အာဖရိကတွင် EMB အဖွဲ့ဝင်များအတွက် လိုက်နာရမည့် ကျင့်ထုံးရှိပြီး ရွေးကောက်ပွဲဆိုင်ရာကျင့်ထုံးများအတွက်မူ နောက်တစ်မျိုးရှိလေသည်။ ကမ္ဘောဒီးယားနှင့် လိုင်ဘေးရီးယားတွင်လည်း ဝန်ထမ်းများလိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းရှိသည်။ EMB ဝန်ထမ်းနှင့် အထွေထွေ အတွင်းရေးမှူးရုံးဌာနသည် နိုင်ငံတွင်း အရပ်ဖက်ဝန်ဆောင်မှုဌာနမှလာသောအခါ ၎င်းတို့သည် အရပ်ဖက်ဝန်ဆောင်မှုများအတွက် တာဝန်နှင့်စံချိန်စံညွှန်းများအတွက် တာဝန်ရှိမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံရှိ ရွေးကောက်ပွဲဆိုင်ရာဥပဒေပြဋ္ဌာန်းချက်တွင်EMB သည်ရွေးကောက်ပွဲတွင်ပါဝင်လှုပ်ရှားသူများအားလုံးကို ဝန်ဆောင်မှုကောင်းကောင်းမွန်မွန်ပေးရန်နှင့် မျှမျှတတဆက်ဆံရန်၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် ပစ္စည်းများ၏ အရည်အသွေးစံချိန်ကို သတ်မှတ်ပြီးအကောင်အထည်ဖော်ရန်၊ ရှင်းလင်းတိကျသော ရွေးကောက်ပွဲဆိုင်ရာ မှတ်တမ်းများ ထိန်းသိမ်းထားရန် ၎င်း၏လုပ်ဆောင်ချက်များကို ပြည်သူထံသို့ ပြည့်ပြည့်ဝဝ အစီရင်ခံစာတင်ရန်၊ ၎င်း၏ ဘဏ္ဍာငွေများအတွက် တာဝန်ယူမှုရှိရန်နှင့် ရွေးကောက်ပွဲတစ်ခုစီ၏ လုပ်ဆောင်ပုံတို့ကို သမ္မတအား ပုံမှန်အစီရင်ခံစာတင်ရန်တို့ ပါဝင်သည်။

EMB အားလုံးအတွက် အထက်ပါစည်းမျဉ်းအချက်အလက်များ အားလုံးပါဝင်ဖွဲ့စည်းထားသော ကျင့်သုံးပုံစည်းမျဉ်းစည်းကမ်းလိုအပ်ပြီး မည်သည့်ပုံစံ သို့မဟုတ် ဖွဲ့စည်းပုံဖြစ်စေ အရေးမကြီးချေ။ EMB အားလုံး၏အဖွဲ့ဝင်နှင့် ဝန်ထမ်းများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ သိက္ခာရှိမှုကိုထိန်းသိမ်းထား

ရမည်ဖြစ်ပြီး ၎င်းတို့၏ကဏ္ဍဖြစ်သော အဂတိလိုက်စားမှုကင်းသည့် ရွေးကောက်ပွဲကြီးကြပ်သူများတည်းဟူသော ရာထူးနှင့်ဖီလာဆန့်ကျင်သည့် အပြုအမူမျိုး လုပ်ဆောင်ခြင်းမျိုးကို ရှောင်ကြဉ်ရမည် ဖြစ်သည်။

## *အကျိုးစီးပွား ဝိရောဓိကို ရှောင်ရှားခြင်း*

EMB ဘက်မှ ဘတ်ဂျက်ငွေတော်တော်များများကို ထိထိရောက်ရောက်နှင့် မြန်မြန်ဆန်ဆန်ကုန်သော ဆုံးဖြတ်ချက်များကို ချလေ့ရှိသည်။ မဲပုံးများ၊ မဲစာရွက်များနှင့် ကွန်ပျူတာကိရိယာများကဲ့သို့သော တန်ဖိုးကြီးတစ်ဦးချင်းစီအလိုက် ပစ္စည်းမှာယူမှု သဘောတူညီချက်များတွင် ပစ္စည်းတင်သွင်းရောင်းချသူအနေနှင့် အမြတ်များစွာ ရရှိနိုင်လေသည်။ EMB အဖွဲ့ဝင်များ သို့မဟုတ် ဝန်ထမ်းများနှင့် ပစ္စည်းတင်သွင်း ရောင်းချသူများ အခြားရွေးကောက်ပွဲတွင် ပါဝင်လှုပ်ရှားသူများ သို့မဟုတ် ရင်းနှီးမြုပ်နှံသူများကဲ့သို့ EMB ၏ ဆုံးဖြတ်ချက်မှ တစ်ဆင့် အကျိုးစီးပွားရရှိနိုင်သော သူများသည် အကျိုးစီးပွား ဝိရောဓိပြဿနာဖြစ်ပွားကာ EMB ၏ ပြည်သူလူထုမှ ယုံကြည်မှု သို့မဟုတ် ၎င်း၏ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော တစ်ကယ့်အကျိုးစီးပွားဝိရောဓိမျိုးကိုဖြစ်ပေါ် စေနိုင်သည်။ ယေဘုယျပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ဥပဒေက ပြည်သူ့ဝန်ထမ်းများ EMB တွင် အမှုထမ်းခြင်းနှင့်ဆိုင်ရာကိစ္စများကို ခြုံငုံကောင်း ခြုံငုံနိုင်ပါလိမ့်မည်။

အကျိုးစီးပွား ဝိရောဓိဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဥပဒေပြုချက် သို့မဟုတ် EMB စည်းမျဉ်းစည်းကမ်းများထဲတွင် ပါကောင်းပါနိုင်ပြီး EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက် စေခိုင်း၍ရနိုင်သော လုပ်ထုံးလုပ်နည်း၏ တစ်စိတ်တစ်ဒေသလည်း ဖြစ်နိုင်သည်။ ၎င်းတို့ဘက်မှ ပြောလေ့ပြောထ ရှိသည်မှာလည်း စဉ်းစားသတ်မှတ်ရာနှင့် ဆုံးဖြတ်ချက်ချရာတွင် EMB ထက်ပို၍ ဦးစားပေးရမည်ဖြစ်သော အကျိုးစီးပွား သို့မဟုတ် အကျိုးစီးပွားဖြစ်နိုင်ချေရှိသော အရာများရှိသော EMB ဝန်ထမ်းများနှင့် အဖွဲ့ဝင်များသည် EMB အား အချိန်မီအကြောင်းကြား ပြောပြရမည်ဖြစ်ပြီး ထိုကိစ္စစဉ်းစားဆုံးဖြတ်ခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။ ထိရောက်မှုရှိစေရန်အတွက် အကျိုးစီးပွားဝိရောဓိဆိုင်ရာ ပြဋ္ဌာန်းချက်များအား ဖောက်ဖျက်ခြင်းများအတွက် အသုံးချ၍ရနိုင်သော လက်တွေ့ကျသည့် အပြစ်ပေးအရေးယူမှုများလည်း လိုအပ်ပါသည်။ ဥပမာအားဖြင့် EMB မှ ထုတ်ပယ်ခြင်း သို့မဟုတ် သို့မဟုတ် အခြားသော စည်းကမ်းဆိုင်ရာ အရေးယူမှုမျိုးဖြစ်သည်။ (EMB အဖွဲ့ဝင်များနှင့် သက်ဆိုင်သော) ထိုစည်းမျဉ်းများ၏ ဥပမာများသည် ဩစတြေးလျန်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင် အတွင်းတွင် ပါပြီးဖြစ်သည်။

EMB ဝန်ထမ်းများနှင့် အဖွဲ့ဝင်များ၏ ဆက်သွယ်ရန် လိပ်စာများနှင့် သို့မဟုတ် နိုင်ငံရေးပါတီများနှင့်ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းများအား ဆက်သွယ်ရန် လင့်ခ်များသည်လည်း ထိုကဲ့သို့ အတူတူပင်ဖြစ်သည်။ ထိုဆက်သွယ်ရန် လိပ်စာများနှင့် လင့်ခ်များသည်လည်း အချိန်မီထုတ်ဖော်ပြောကြားခြင်းပြုလုပ်သင့်ပြီး ထိုကိစ္စနှင့် သက်ရောက်ငြိစွန်းသော EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည်လည်း သက်ဆိုင်ရာ ပါတီ သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းများအား အကျိုးသက်ရောက်စေမည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ရှောင်ကြဉ်ရမည်ဖြစ်သည်။

## ဒီမိုကရေစီနှင့် ညီမျှမှုရစေရန်အတွက် EMB ၏ တာဝန်များ

အချို့သောနိုင်ငံများရှိ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များသည် EMB ၏ အာဏာနှင့် လုပ်ဆောင်ချက်များကို သတ်မှတ်ရုံသာမက ၎င်းတို့၏တာဝန်များနှင့် လိုက်နာရမည့်အချက်များကိုပါ သတ်မှတ်လေသည်။ အခြားသောပြည်တွင်းနှင့် နိုင်ငံတကာဆိုင်ရာ ဥပဒေများဖြစ်သော လူ့အခွင့်အရေး

နှင့် အမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစုများ၊ မသန်စွမ်းသူများနှင့် နိုင်ငံတွင်းရှိ ဒုက္ခသည်များအား တန်းတူညီမျှ ဆက်ဆံရေးအတွက် ပြဋ္ဌာန်းထားသော ဥပဒေများသည် EMB အား ပြည်သူပိုင်ဌာနတစ်ခု သဖွယ် အကျိုးသက်ရောက်လေသည်။

ဒီမိုကရေစီ၏ တန်ဖိုးအားထိန်းသိမ်းထောက်ခံသူများ အနေနှင့် EMB များသည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များ အတွင်းတွင် ထိုအချက်များ မပြဋ္ဌာန်းထားသော်လည်း ၎င်းတို့ အမှုထမ်းရသော အသိုင်းအဝိုင်းအပေါ် အပြုအမူပိုင်းဆိုင်ရာနှင့် ရယူအသုံးပြုခြင်းနှင့်ဆိုင်သော တာဝန်ယူရမည့်အရာများရှိလေသည်။ အချို့သော ကိစ္စများမှာ ပွင့်လင်းမြင်သာမှု၊ ကျား၊မ တန်းတူညီမျှမှု၊ ဓလေ့ထုံးတမ်းရိုးရာများအားသိရှိမှု၊ တိုင်းရင်းသားလူမျိုးများအပေါ် ဆက်ဆံပုံ၊ နှိမ်ချခွဲခြား ဆက်ဆံထားခံရသော အုပ်စုများအပေါ် ရွေးကောက်ပွဲ ပါဝင်ခွင့်ပေးခြင်းနှင့် မျှတသောရွေးကောက်ပွဲတစ်ခု ဖြစ်လာနိုင်သော အခြေအနေများ ဖန်တီးပေးခြင်းတို့ကဲ့သို့သော ကိစ္စများနှင့် ဆက်စပ်သောတာဝန်ယူမှုများဖြစ်လေသည်။ တောင်အာဖရိက EMB ကမူ လူမှုရေးရာ တာဝန်ယူမှုများအတွက် သက်ဆိုင်သော မူဝါဒများ တိုးတက်အောင်ပြုလုပ်ရန်အတွက် အုပ်ချုပ်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ကော်မတီကို တည်ထောင်ဖန်တီးထားလေသည်။

### *ကျား၊မ အချိုးညီမှု*

EMB များတွင်လည်း ၎င်းတို့၏ အတွင်းအပြင်လုပ်ရှားမှုများတွင် အသိုင်းအဝိုင်းအတွင်းရှိ ကျား၊မ အရေးအတွက်အား ထင်ဟပ်စေရန်အတွက် ထိုတာဝန်ရှိသည်။ ထိုတာဝန်ထဲတွင်ပါဝင်သော အချက်အလက်များသည် ရွေးကောက်ပွဲဆိုင်ရာနှင့် ကျား၊မ အခွင့်အရေး တန်းတူရရှိရေး ဥပဒေများတွင် ပြဋ္ဌာန်းဖွင့်ဆိုပြီးဖြစ်နိုင်သကဲ့သို့ အချို့အချက်များမှာလည်း EMB ဘက်မှ လိုလိုလားလား ကျင့်သုံးကောင်းကျင့်သုံးပြီး ဖြစ်မည်။ ကမ္ဘာ့ ကျား၊မ အခွင့်အရေး တန်းတူရရှိမှုဆိုင်ရာတွင် အမျိုးသမီးများနှင့် ဆိုင်သောအပိုင်းများ၌ ၎င်းတို့ဘက်မှ ကမ္ဘာ့လူဦးရေ တစ်ဝက်လောက်ရှိနေသော်လည်း ရွေးကောက်ပွဲတွင် ပါဝင်မှုမှာ တစ်ဝက်ထက် နည်းနေလေသည်။ အာရှတစ်ခွင်တွင်မူ ကျား၊မ လိင်တန်းတူ ဟန်ချက်ထိန်းညှိရာ၌ တတိယလိုင်ကိုပါ ထည့်တွက်လေသည်။

လွှတ်တော်အတွင်း သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းများအတွင်းတွင်လည်း ကျား၊မ အချိုးညီမှု ကိစ္စသည်လည်း နိုင်ငံတော်တော်များများရှိ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွင် ပါဝင်ပြီး ဖြစ်လေသည်။ EMB တွင် နိုင်ငံရေးပါတီများအတွင်း အနည်းဆုံး တရားဥပဒေအရလိုအပ်သော အမျိုးသမီးကိုယ်စားလှယ်လောင်း အရေအတွက်ပြည့်အောင် ရွေးကောက်ရန်နှင့် စည်းမျဉ်းနှင့် မညီသော ကိုယ်စားလှယ်လောင်းများအား ပယ်ဖျက်ရန် ဖြစ်သော (အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ကော့စတာရီကာ၊ ဂူယာနာ၊ အီရတ်၊ မက္ကဆီကို၊ မွန်ဂိုလီးယား၊ ပါလက်စတိုင်း၊ ပါရာဂွေးနှင့် ပိုလန်တို့တွင် ကဲ့သို့ ဖြစ်သည်) တာဝန် အခန်းကဏ္ဍ ရှိကောင်းရှိနိုင်မည်။ အယ်လ်ဘေးနီးယားကမူ အစိုးရနှင့် အတိုက်အခံပါတီများ အပါအဝင် နိုင်ငံရေးပါတီများအား ၂၀၁၃ ခုနှစ်တွင် လိုအပ်သော အရေအတွက် မပြည့်မီခြင်းအတွက် ဒဏ်ငွေကောက်ခံခဲ့လေသည်။ ၂၀၀၄ ခုနှစ်တွင် အင်ဒိုနီးရှား EMB သည် ၎င်းတို့ အကြံပေးထားသော (သို့သော် မလုပ်မနေရမဟုတ်သော) အမျိုးသမီး ကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း အရေအတွက်မရှိသော နေရာများတွင် ပြန်လည်စဉ်းစားသုံးသပ်ရန်အတွက် ပါတီကိုယ်စားလှယ်လောင်းများ၏ စာရင်းများကို ပြန်လည်ပေးပို့ခဲ့သည်။ EMB အတွက်မှာမူ ကျား၊မ လိင်တန်းတူအချိုးညီရေး လုပ်ဆောင်ချက်အား ရွေးကောက်ပွဲဥပဒေနှင့် ၎င်းတို့၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အတွင်းတွင်ပါ ထိုလုပ်ဆောင်ချက်များကို ထည့်သွင်းရေးအတွက် ထောက်ခံအားပေးခြင်းဖြင့် တန်းတူညီမျှ အခွင့်အရေးကို မြှင့်တင်ပေးခြင်းမှာ ကောင်းသော အလေ့အထပင် ဖြစ်သည်။

ဥပဒေပြဋ္ဌာန်းခြင်းနှင့် အရေးယူပိတ်ပင်ခြင်းများပြုလုပ်ခြင်းသည် လိင်တန်းတူ အချိုးညီခြင်းကို ထိရောက်ရန်အတွက် အာမခံပေးနိုင်သော အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။ တရားဥပဒေမှ သတ်မှတ်ထားသော အရေအတွက် အချိုးအတိုင်းပြောရမည်ဆိုလျှင် အချိန်မီမီနှင့် အချိုးကျကျလုပ်နိုင်သော ပိတ်ဆို့အရေးယူမှုများအားထားရှိခြင်းနှင့်ပြုလုပ်စေခြင်းသည်ပါတီများကိုများစွာစည်းကမ်းလိုက်နာနိုင်စေသည်။ ပိတ်ဆို့အရေးယူမှုများသည် အများအားဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေများ အတွင်းတွင် ပြဋ္ဌာန်းထားလေ့ရှိပြီး EMB များသည်လည်း အများအားဖြင့် စည်းကမ်းလိုက်နာမှုကို စောင့်ကြည့်ရန် အတွက်လည်း တာဝန်ရှိကြသည်။ နိုင်ငံအများစုတွင် ဥပဒေမှ ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်လောင်း အရေအတွက် သတ်မှတ်သည့်စနစ်ကို နိုင်ငံများတွင် စည်းကမ်းမလိုက်နာပါက ပိတ်ဆို့အရေးယူမှုများ လည်း ရှိသည်။ EMB ဘက်မှလည်း စည်းကမ်းနှင့် မညီသော ကိုယ်စားလှယ်လောင်းစာရင်း (သို့မဟုတ် အထက်တွင် ဖော်ပြထားသည့် ပိတ်ဆို့အရေးယူမှုများကဲ့သို့) ကို ပယ်ဖျက်လေ့ရှိသည်။ အချို့သော နိုင်ငံများတွင် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ပင်မှုများကို အသုံးပြုလေ့ရှိကြသည်။ EMB ဘက်မှ အများအား ဖြင့် စည်းမျဉ်းနှင့် မကိုက်ညီမှုများကို စစ်ဆေးလေ့ရှိပြီး ဘဏ္ဍာရေးဆိုင်ရာ ပိတ်ပင်မှုများကို လုပ်ဆောင်အရေးယူလေ့ရှိသည်။ EMB၏သန္နိဋ္ဌာန်မှာလည်းထိုနယ်ပယ်ထဲတွင်နိုင်ငံတကာဆိုင်ရာစည်းမျဉ်းလိုက်နာရေးနှင့် ဥပဒေဆိုင်ရာစည်းမျဉ်းများကို ထိန်းသိမ်းရာတွင် အရေးပါသော ထိုလုပ်ဆောင်ချက်များကို ကျကျနန သေသေချာချာ ကြီးကြပ်ရေးပင်ဖြစ်သည်။

ထို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအတွင်း ပြဋ္ဌာန်းထားသော ကျား၊မ လိင်အချိုးဆိုင်ရာ စည်းကမ်းသည် အဓိပ္ပာယ်များစွာထွက်နေပြီး မျိုးစုံဘာသာပြန်နိုင်ကာ နိုင်ငံရေးလှုပ်ရှားသူများဘက်မှ လိုသလို အလွဲသုံးနေကြသောကြောင့် အချို့သော ရွေးကောက်ပွဲဆိုင်ရာ တရားရုံးများနှင့် ခုံရုံးများသည် ထို စည်းမျဉ်းများအား ၎င်းတို့၏ အုပ်ချုပ်ပုံမှတစ်ဆင့် အင်အားကောင်းအောင်လုပ်ရာတွင် ထိရောက်ကြောင်း သက်သေပြပြီးဖြစ်သည်။ ကော့စတာရီကာတွင် ၄၀ ရာခိုင်နှုန်းဟု သတ်မှတ်ထားသော အချိုးအစားဆိုင်ရာ စည်းကမ်းမှာလည်း ၁၉၈၈ ရွေးကောက်ပွဲတွင် အကောင်အထည်ဖော်ခဲ့သော်လည်း ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများဘက်မှ ထိုအချိုးအစားဆိုင်ရာ လိုအပ်ချက်နှင့် ကိုက်ညီမှုမရှိသော စာရင်းများကို ပယ်ဖျက်နိုင်ခြင်းမရှိခဲ့ချေ။ ထိုကိစ္စကို တုံ့ပြန်သည့် အနေနှင့် ထိုကိစ္စကို တုံ့ပြန်သည့်အနေနှင့် ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးချုပ်က နောင်တစ်နှစ်တွင် ထို အချိုးဆိုင်ရာ ဥပဒေကို မည်သို့အကောင်အထည်ဖော်မည်ဆိုသည့် နည်းလမ်းကို ရှင်းပြကာ ထိုစာရင်းတွင် အနည်းဆုံး လိင်တစ်မျိုးက ၄၀ ရာခိုင်နှုန်းပါဝင်ရမည်ဖြစ်ပြီး အမျိုးသမီးများအနေနှင့် ရွေးကောက်ခံနိုင်ခွင့်ရှိသော နေရာများမှ ၄၀ ရာခိုင်နှုန်းရရမည်ဖြစ်ပြီး ထိုရာထူးနေရာများဟု ဆိုရာတွင် ပြီးခဲ့သည့် ရွေးကောက်ပွဲကာလက ထိုပါတီခရိုင်တစ်ခုတွင် ရရှိခဲ့သော ရာထူးနေရာ အရေအတွက်ကိုဆိုလိုကြောင်း ဘာသာပြန်ဆိုပြ ရှင်းလင်းပြောပြထားလေသည်။ မက္ကဆီကိုတွင် ၂၀၁၁ ခုနှစ်က ပြည်ထောင်စု ရွေးကောက်ပွဲဆိုင်ရာ တရားရုံးက လိင်အချိုးညီမျှမှုဆိုင်ရာ လိုအပ်ချက်အရ အဓိက ရွေးကောက်ပွဲများမှတစ်ဆင့် ၎င်းတို့၏ ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ထားသော ပါတီများ၏ ရွေးကောက်ခံကိုယ်စားလှယ်စာရင်းတွင် ၄၀ ရာခိုင်နှုန်း ပါဝင်ရေးကို မလိုက်နာဘဲသွေဖည်သော အမှုကို ခံခဲ့ရသော အမျိုးသမီးများ၏ အသနားခံလွှာကို လက်ခံခဲ့သည်။

တရားရုံးက ဆုံးဖြတ်လိုက်သည်မှာ ပါတီများအားလုံးသည် ထိုအရေအတွက် အချိုးအဆလိုအပ်ချက်ကို လိုက်နာရမည်ဖြစ်ပြီး အမျိုးသမီးအဖွဲ့ဝင်များကိုလည်း အမျိုးသမီးလူစားထိုးဖြင့်သာ အစားထိုး လဲလှယ်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောပြခဲ့သည်။ EMB အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲဆိုင်ရာဝန်ထမ်းတို့အကြား အဆင့်အမျိုးမျိုးတွင် ကျား၊မ လိင်တန်းတူ အချိုးညီရေးသည် အာရုံစိုက်ခံရမှု ပိုမိုများပြားလာပြီဖြစ်သည်။ ၂၀၁၃ ခုနှစ် အကုန်တွင်မူ အယ်လ်ဘေးနီးယား၊ ဂျော်ဂျီယာ၊ ဂွာတီမာလာ၊ လီဆိုသို၊ နာမီ

ဘီယာ၊ စိန့်လူဆီယာ၊ ဆယ်ရာလီရုန်း၊ တောင်အာဖရိက၊ ထိုင်ဝမ်နှင့် ဇမ်ဘီယာတို့တွင် အမျိုးသမီးများက EMB ကို ဦးဆောင်ခဲ့လေသည်။ အာမေးနီးယား၊ ဂါနာ၊ ဂူအမ်၊ လိုင်ဘီးရီးယားနှင့် ကော့စတာရီကာတို့ အပါအဝင် နိုင်ငံတော်တော်များများတွင် EMB ၏အဖွဲ့ဝင် သုံးပုံတစ်ပုံမှာ အမျိုးသမီးများ ဖြစ်လာပြီးနောက် တွင် အများစုမှာလည်း အမျိုးသမီးများ ဥက္ကဋ္ဌရာထူးရလာလေသည်။

EMB ၏ အထွေထွေ အတွင်းရေးမှူးဌာန၏ အဆင့်အားလုံးနှင့် ၎င်း၏ မဲရုံးဝန်ထမ်းနှင့် စီမံခန့်ခွဲရေးမှူးကဲ့သို့ ယာယီဝန်ထမ်းများ နေရာတွင် အမျိုးသမီးများ ပြည့်ပြည့်ဝဝ ကိုယ်စားပြုတက်ရောက်နိုင်ရေးကို သေချာဖြစ်မြောက်စေရန် ပြုလုပ်ရခြင်းမှာ တန်းတူညီတူပင် အရေးကြီးလေသည်။ အချို့သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတို့တွင် ဘုတ်အဖွဲ့နှင့် ဘုတ်အဖွဲ့ဝင်များ ခန့်အပ်ဖွဲ့စည်းရေးတွင် ကျား၊မ လိင် အချိုးအဆသတ်မှတ်ချက်ရှိလေသည်( တီမော်-လက်စ်တီ တွင်ကဲ့သို့) ဝန်ထမ်းများ ခန့်အပ်ရာတွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ (ကင်ညာနိုင်ငံတွင်ကဲ့သို့) နီပေါလ်နိုင်ငံတွင် လွှတ်တော်လမ်းညွှန်မှု၏ လိုအပ်ချက်အရ မဲဆန္ဒရှင်များနှင့် ယှဉ်တွဲအလုပ်လုပ်သော ရွေးကောက်ပွဲဆိုင်ရာ ဝန်ထမ်းများ၏ တစ်ဝက်သည် အမျိုးသမီးများ ဖြစ်ရမည်ဟူ၍ ပါဝင်ပြီး မဲဆန္ဒရုံတိုင်းတွင် အမျိုးသမီးများ၏ လက်ချောင်းများကို မင်တို့ရာတွင် နှင့် အမျိုးသမီးများတန်းစီရာတွင် ကြီးကြပ်ရန် အမျိုးသမီး ဝန်ထမ်းတစ်ဦး ခန့်အပ်ထားရမည်ဟူ၍ပါဝင်သည်။ ဂီနီယာနိုင်ငံတွင် EMB အဖွဲ့ဝင်များ ရွေးချယ်ရာ၌ လိင်အမျိုးအစားကိုပါ ထည့်သွင်းစဉ်းစားရမည်ဟူ၍ပါဝင်သည်။ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတွင် မြူနီစီပယ် ရွေးကောက်ပွဲကော်မရှင်နှင့် မဲရုံကော်မတီ ဖွဲ့စည်းပုံဆိုင်ရာ စည်းမျဉ်းစည်းကမ်းတို့ တွင်ရှင်းပြထားသည်မှာ ကျား၊မ တစ်ဖက်ဖက်သော လိင်မှ အဖွဲ့ဝင်အရေအတွက်၏ ရာခိုင်နှုန်း ၄၀ အနည်းဆုံးပါဝင်ရမည်ဟုဆိုသည်။

အမျိုးသမီးများ EMB ခေါင်းဆောင်မှုပိုင်းတွင် ပါဝင်ရေးနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေး စနစ်တွင် အဆင့်တိုင်း၌ ကျား၊မ လိင်အချိုးညီရေး တိုးတက်မှုရှိစေရန်အတွက် ကတိကဝတ်ခံရာတွင် ယုံကြည်မှုရှိရှိနှင့် လုပ်ဆောင်အကောင်အထည်ဖော်ရန် လိုအပ်သည်။ ထို့ကြောင့် ထိုလုပ်ဆောင် အားထုတ်မှုများသည် ရည်ရွယ်ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီရန်နှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဆိုင်ရာစနစ်အတွင်း အမျိုးသမီးများကို နှိမ့်ချခြင်းများကို ရှောင်ကြဉ်နိုင်ရေးတို့နှင့် ကိုက်ညီမည်ဖြစ်သည်။ ဥပမာအားဖြင့် ယူကရိန်းနိုင်ငံ၏ ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲတွင် အမျိုးသမီးများသည် စီရင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဝန်ထမ်း ၇၂ ရာခိုင်နှုန်းကိုဖွဲ့စည်းခဲ့လေပြီး ဗဟိုရွေးကောက်ပွဲ ကော်မရှင် (CEC) တွင် အဖွဲ့ဝင် ၁၅ ဦးရှိရာ၌ လေးဦး (၂၆ ရာခိုင်နှုန်း) သာလျှင်ရှိလေတော့သည်။ ၂၀၁၂ ခုနှစ်တွင် ဂျော်ဂျီယာလွှတ်တော် ရွေးကောက်ပွဲ၌ အမျိုးသမီးများသည်စီရင်စု ရွေးကောက်ပွဲကော်မရှင်၏ သုံးပုံ နှစ်ပုံကို ပါဝင်ဖွဲ့စည်းနိုင်ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်၏တစ်ဝက်ခန့်ကို ပါဝင်ဖွဲ့စည်းနိုင်ခဲ့ကာ CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) အဆင့်တွင်မူ အမျိုးသမီးတစ်ဦးသာ ပါဝင်နိုင်လေသည်။

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် အစိုးရပေါ် လစီအရ သတ်မှတ်တောင်းဆိုထားခြင်းမရှိဘဲ ၎င်း၏ ကိုယ်ပိုင် ကိုယ်စားလှယ်ခန့်အပ်ရေးနှင့် လှုပ်ရှားမှုများ လုပ်ဆောင်ရာတွင် ကျား၊မ လိင်တန်းတူ အချိုးညီစေရန် ပြုလုပ်ခြင်းသည် EMB ၏ ယုံကြည်ရနိုင်မှုကိုမြင့်တက်စေပြီး ၎င်း၏ အသင်းဝင်ခြင်း၊ ပညာရပ်ပိုင်းဆိုင်ရာနှင့်အထောက်အကူပြုဆိုင်ရာ ဝန်ထမ်းများ၊ အတိုင်ပင်ခံများ၊ အကြံပေးများနှင့် ပုံသေနှင့် ယာယီဝန်ထမ်းများအတွက် ရရှိနိုင်သောရင်းမြစ်များကို ပြည့်ပြည့်ဝဝ အသုံးချနိုင်စေလိမ့်မည်။

အတွင်းပိုင်းဆိုင်ရာ ကျား၊မ လိင်ပိုင်းဆိုင်ရာ စည်းမျဉ်းမူဝါဒ ချမှတ်ခြင်း၊ လိင်အမျိုးအစားကို စာရင်းစစ်ခြင်း သို့မဟုတ် လှုပ်ရှားမှုများအားလုံးကို မှတ်တမ်းတင်ခြင်း၊ လိင်အမျိုးအစားဆိုင်ရာမူဝါဒကို လူအများလက်ခံလာစေရန် ပြုလုပ်ခြင်းနှင့် ကျား၊မလိင်မရွေး အားလုံးပါဝင်နိုင်ရန် စစ်ဆေးသော ဝါရင့်

ဝန်ထမ်းတစ်ဦး ခန့်အပ်ခြင်းဖြစ်သည်။ ကျား၊မ လိင်မရွေး အားလုံးပါဝင်နိုင်ရန် စစ်ဆေးပေးသော သူသည် ရွေးကောက်ပွဲ ဖြစ်စဉ်များတွင် အမျိုးသမီးများ ပြည့်ပြည့်ဝဝ ပါဝင်လှုပ်ရှားမှု ရှိနိုင်ရေးအတွက် EMB မှ သေချာအောင်လုပ်နိုင်သော အရာဖြစ်သည်။ EMB ဘက်မှ ၎င်း၏ လှုပ်ရှားမှုများတွင် ကျား၊မ လိင်ပိုင်းဆိုင်ရာ အချိုးညီမှုတွင် ဥပမာကောင်းပေးနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

ပုံသေဖြစ်စေ သို့မဟုတ် ယာယီဝန်ထမ်းကိုဖြစ်စေ လိင်ပိုင်းဆိုင်ရာကို မူတည်ပြီးခွဲခြား ဆက်ဆံခြင်း သို့မဟုတ် အဖွဲ့အစည်းအတွင်းရှိ မည်သည့်အဖွဲ့ဝင်ကိုမဆို အရှက်ရအောင်ပြုလုပ်ခြင်းတို့အပေါ် လက်ခံနိုင်စွမ်းလုံးဝ မထားသော၊ EMB ၏ အဆင့်များ အားလုံးအတွင်း ပညာရှင်ဆန်သော အလုပ်လုပ်ကိုင်ရာပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်းသည် EMB အတွင်း ကျား၊မ လိင်အခွင့်အရေးတန်းတူရစေရန် အတွက် ပန်းတိုင်ကိုမြှင့်တင်ရာတွင်မရှိမဖြစ် အရေးကြီးသည်။ လိင်ခွဲခြား၍ အရှက်ရအောင်ပြုလုပ်ခြင်းနှင့် ဝန်ထမ်းများအား အထက်မှ မန်နေဂျာများက အနိုင်ကျင့်ခြင်းများကို တိုင်တန်းခြင်း၊ မှတ်တမ်းတင်ခြင်းများ အကြိမ်ရေတော်တော်များများ ပျက်ကွက်လာပါက ထိုကဲ့သို့သော အပြုအမူများကို စုံစမ်းစစ်ဆေးရာနှင့် ပယ်ဖျက်ရေးတို့အား တားဆီးသကဲ့သို့ ဖြစ်ချေမည်။ထိုအနေအထားတွင် EMB များအနေနှင့် ၎င်းတို့၏အတွင်းပိုင်းဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းစဉ်များအား ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် စစ်ဆေးရေးတို့ကို အပူတပြင်း လုပ်ဆောင်သင့်ပြီဖြစ်သည်။ ခွဲခြားမှုကင်းစင်ရေးနှင့် အရှက်ခွဲစော်ကားမှုများအားဆန့်ကျင်သော မူဝါဒများအား ဖွဲ့စည်းခြင်း နှင့် တိုင်တန်းခြင်းပြုလုပ်ရန် အားပေးခြင်းနှင့် ထိုဖြစ်ရပ်မျိုးကို ကျူးလွန်သူများအား ကျကျနန စုံစမ်းစစ်ဆေးပြီး ထိရောက်သော ပိတ်ဆို့အရေးယူမှုလုပ်ခြင်းတို့ကိုလည်း လုပ်သင့်ပြီဖြစ်သည်။

ဝန်ထမ်းခန့်အပ်ခြင်းနှင့် မှတ်ပုံတင် စာရင်းရေးသွင်းခြင်းနှင့် မဲပေးရာနေရာများသည် အမျိုးသမီးများ၏ မဲပေးနိုင်စွမ်းကို အကြီးအကျယ် ထိခိုက်နိုင်လေသည်။ အချို့သောနေရာများတွင် အမျိုးသမီးများ၏ မဲသည် ၎င်း၏ ဖခင် သို့မဟုတ် ခင်ပွန်းသည်မှ ပေးသောအခါတွင် ၎င်းတို့အဖို့ မဲပေးပိုင်ခွင့် ဆုံးရှုံးရလေသည်။ ထိုကဲ့သို့သော ဖြစ်လေ့ဖြစ်ထရှိသော နေရာများတွင် EMB အနေနှင့် အမျိုးသမီးများ ၎င်းတို့ကိုယ်တိုင်မဲပေးနိုင်ခွင့် ရရှိနိုင်ရန်အတွက် တိတ်တဆိတ် ကြိုးပမ်းလျက်ရှိသည်။ ယခင်က မက်ဆီဒိုးနီးယား ယူဂိုဆလပ်သမ္မတနိုင်ငံ (FYROM) တွင် EMB မှ ထိုကဲ့သို့လုပ်နေခြင်းကို ရပ်ပစ်ရန်အတွက် ဗျူဟာအသစ်တစ်ရပ်ကိုကျင့်သုံးပြီး ဝန်ထမ်းများအားလုံးကို အမိန့်ပြင်းပြင်းထန်ထန် ချမှတ်ထားသည်။ ထပ်ပေါင်းပြောဆိုရလျှင်ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များသည် အာဖဂန်နစ္စတန်၊ ကင်မရွန်း၊ နီပေါ၊ တန်ဇနီးယားယူဂန်ဒါနှင့် ဥဇဘက်စတန်တို့တွင် ပုံမှန်လူတန်း၏ ရှေ့သို့သွားရောက် တန်းစီခွင့်ရကြလေသည်။

အမျိုးသမီးများပုဝါခြုံသောဒေသတွင် မဲရုံများ အနေနှင့် မဲစာရင်း ရေးသွင်းနေစဉ်တွင် ဓာတ်ပုံနှင့် တိုက်စစ်ရန်လိုပါက အမျိုးသမီးဝန်ထမ်းများအား ခန့်အပ်ထားရန် လိုအပ်သည်။ ထိုကဲ့သို့သော နိုင်ငံများတွင် အမျိုးသမီးနှင့် အမျိုးသားများအတွက် သီးသန့် မဲရုံများကိုအသုံးပြုရလေသည်။ (ဥပမာအားဖြင့် အာဖဂန်နစ္စတန် လက်ဘနွန်၊ ပါကစ္စတန်နှင့် ပါလက်စတိုင်း တို့တွင်ဖြစ်သည်) တောင်အမေရိကတွင်လည်း အမျိုးသမီးနှင့် အမျိုးသား သီးသန့်ခွဲထားသော မဲရုံးများမှာ တွေ့ရှိးတွေ့စဉ်ဖြစ်သည်။

လေ့ကျင့်သင်ကြားရေး နှင့် မဲဆန္ဒရှင်များအား အသိပညာပေးရေး နှင့် သတင်းအချက်အလက် ဖြန့်ဝေရေး တို့တွင် ကျား/မ လိင်မရွေး အားလုံးပါဝင်နိုင်မှုသည် အရေးကြီးသော တာဝန်လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ရွေးကောက်ပွဲမြင်ကွင်းသည်အမျိုးသားများနှင့်သာပြည့်နှက်နေပြီးမဲရုံအလုပ်သမားများ၊ လုံခြုံရေး ဝန်ထမ်းများ၊ ဝင်ရောက်ယှဉ်ပြိုင်သူများနှင့် မဲဆန္ဒရှင်များသည် အမျိုးသားသာဖြစ်နေပါက အမျိုး

သမီးများအနေနှင့် ၎င်းတို့ ပါဝင်ပက်သက်မှုကို အလိုမရှိဟုထင်သွားစေနိုင်သည်။ ရွေးကောက်ပွဲ၏ပုံစံအား နိုင်ငံရေး လှုပ်ရှားမှုတွင် အမျိုးသမီးများပါဝင် ပတ်သက်နိုင်မှုရှိစေရန် စဉ်းစားတွေးတောပေးပါက EMB ကို အသိုင်းအဝိုင်းတစ်ခုလုံး၏ လိုအပ်ချက်များကို တုံ့ပြန်ရာတွင် နှင့် ဆက်သွယ်ရာတွင် ပိုမိုထိရောက်စေရန် ပြုလုပ်ပေးနိုင်မည်ဖြစ်သည်။ ဂါနာ၊ ကင်ညာနှင့် ကိုဆိုဗိုတွင် အမျိုးသမီးများအား မဲရုံဝန်ထမ်းနှင့် မဲဆန္ဒရှင်များပုံသဏ္ဍာန်ဖြင့်အသွင်ဖော်ထားသော မဲဆန္ဒရှင် အသိပညာပေးရေး ပိုစတာများအား အသုံးချလျက်ရှိသည်။

အကယ်၍ အမျိုးသမီးများသည် မဲဆန္ဒရှင်စာရင်း၏ တစ်ဝက်အောက်လျော့ကျခြင်း သို့မဟုတ် မဲမပေးနိုင်ချေ များနေပါက တိတိကျကျရည်ရွယ် ပစ်မှတ်ထားပြီး မဲဆန္ဒရှင် အသိပညာပေးခြင်း ပြုလုပ်ခြင်းသည် ထိရောက်နိုင်သည်။ ထိုအခါ ထိုသက်ဆိုင်ရာ CSO (အရပ်ဖက်လူ့အဖွဲ့အစည်းဆိုင်ရာ အစည်းအရုံး) များကို EMB များကလည်း ကူညီမည်ဖြစ်သည်။ ထိုအဖွဲ့အစည်းများသည်လည်း အမျိုးသမီးများအား ရွေးကောက်ပွဲအတွက် ဝင်ရောက်ကိုယ်စားပြု အရွေးချယ်ခံရန်အတွက် ဆောင်ကြဉ်းပေးနိုင်သည်။ ၂၀၁၀ ခုနှစ် တန်ဇနီးယားရွေးကောက်ပွဲတွင် အမျိုးသမီးများအား ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်အရွေးချယ်ခံရန် ၊ မဲပေးရန် နှင့် ၎င်းတို့အနေနှင့် ၎င်းတို့နှစ်သက်ရာ ကိုယ်စားလှယ်ကို မဲပေးနိုင်ကြောင်း အားပေးတိုက်တွန်းထားသော စာအုပ်ငယ်များကို ဝေငှခဲ့သည်။

## တိုင်းရင်းသားလူမျိုး

တိုင်းရင်းသားလူမျိုးနှင့် မတူကွဲပြားမှုသည် ပါတီစုံ ဒီမိုကရက်တစ် ရွေးကောက်ပွဲတစ်ခု ကျင်းပရာတွင် အရေးကြီးသော အချက်များဖြစ်လာလေပြီး အထူးသဖြင့် ဒီမိုကရေစီ စတင်ဖွံ့ဖြိုးကာစနိုင်ငံများဖြစ်သောဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတို့ကဲ့သို့သော နိုင်ငံများဖြစ်သည်။ ကျား၊မ အချိုးညီမှုကဲ့သို့ပင် တိုင်းရင်းသားအချိုးညီမှုသည်လည်း ကိုယ်စားလှယ်လောင်းအရေအတွက်၊ EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများဖွဲ့စည်းရေးနှင့် ပတ်သက်သော ပြုလုပ်ခိုင်းရန် စပ်ဆိုင်လေကာ အတွင်းပိုင်းရှိ မူဝါဒများနှင့် မဲဆန္ဒရှင်သတင်းအချက်အလက်ဖြန့်ဖြူးခြင်းနှင့် အသိပညာပေးရေးတို့နှင့်ပါ သက်ဆိုင်လေသည်။

တန်ဇနီးယားတွင် ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့သည် ပြည်ထောင်စုနိုင်ငံ၏ နှစ်ဖက်ဖြစ်သော ပြည်မနှင့် ဇန်ဇီဘာမှ ကိုယ်စားလှယ်များ ဖြစ်ရမည်ဖြစ်လေသည်။ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားရှိ EMB ၏ ဖွဲ့စည်းမှုသည်ခရိုအေးရှားဘက်မှ နှစ်ဦး ၊ဘော့စနီးယားဘက်မှနှစ်ဦး နှင့် "အခြား" တစ်ဦး ဖြစ်သော၂၁ လ တစ်ကြိမ်လှည့်လည်မှုနှင့် ကော်မရှင်၏ အုပ်ချုပ်မှုကိုလွှဲပြောင်းချုပ်ကိုင်သော ပါတီတို့မှ တစ်ဦးစီ ပါဝင်ရမည်ဖြစ်သည်။

မြို့နယ်ကော်မရှင်နှင့် ဝန်ထမ်းများတွင် တိုင်းရင်းသားများ ရောနှောပါဝင်ရေးကို ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံရှိ ဥပဒေများတွင် ပြဋ္ဌာန်းရှင်းပြထားလေသည်။ ထိုကဲ့သို့သော ချဉ်းကပ်မှုသည် EMB ၏ယုံကြည်စိတ်ချရမှုနှင့် တန်းတူရည်တူဆက်ဆံမှုအတွက် ယုံကြည်မှုနှင့် တိုင်းရင်းသားအုပ်စုများ၏ ထောက်ခံမှုကို ပိုမိုရရှိနိုင်စေလေပြီး ထိုအရာကပင် နောက်ဆုံးထွက်လာသော ရွေးကောက်ပွဲရလဒ်ကို လက်ခံရာတွင်ကောင်းသော အကျိုးသက်ရောက်မှုများ ရရှိစေနိုင်လာလိမ့်မည်။ ရွေးကောက်ပွဲဆိုင်ရာ ပစ္စည်းများ ပြင်ဆင်ရာတွင်နှင့် မဲဆန္ဒရှင်များကို သတင်းအချက်အလက်များ မျှဝေခြင်းတို့တွင် EMB ဝဘ်ဆိုဒ်အပါအဝင်ကို တစ်နိုင်ငံလုံးအနှံ့သုံးသော ဘာသာစကားများဖြင့် ပြုလုပ်ပေးခြင်းသည် တိုင်းရင်းသားမျိုးစုံကွဲပြားမှုနှင့် အားလုံး၏ ပါဝင်နိုင်မှုဆိုင်ရာ အခွင့်အရေးကို အသိအမှတ်ပြုရာတွင် အရေးကြီးသော အစိတ်အပိုင်း တစ်ခုပင်ဖြစ်သည်။

## နိုင်ငံခြား အခြေစိုက် ဝင်ထွက်သွားလာခွင့်

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် အများပြည်သူဘက်မှ ဖိအားသည် မဲပေးပိုင်ခွင့်ရှိသူများဘက်မှ ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းစဉ်များအား ထိတွေ့ခွင့်ရရှိမှု သေချာအောင် ကျိန်းသေပေါက် ရရှိနိုင်ရန် EMB ဘက်မှ ဝန်ဆောင်မှု ပေးရန်အတွက် ပိုမို၍ လိုအပ်လာပြီဖြစ်သည်။ ဥပမာအားဖြင့် ၂၀၀၂ ခုနှစ်တွင် နိုင်ငံတကာဆိုင်ရာ မသန်စွမ်းသူများအတွက် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေး အဆိုပြုလွှာသည် မသန်စွမ်းသူများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို အခွင့်အရေး တန်းတူညီမျှဖြင့် ထိတွေ့ ခွင့်ရနိုင်ရေးကိုမြှင့်တင်ပေးခဲ့သည်။ ထိုထိတွေ့ခွင့်ပေးသော ဝန်ဆောင်မှုများအားလုံးများ ငွေကုန်ကြေးကျ များလွန်းလှသဖြင့် EMB (နှင့် လွှတ်တော် အမတ်များဘက်မှ) ဘတ်ဂျက်ငွေဆိုင်ရာ ကြပ်မတ်မှုနှင့် ဆိုင်သော အချက်များတွင် စဉ်းစားရန် လိုအပ်လေသည်။

မဲဆန္ဒရှင်များ၏ အထူထိတွေ့ရပိုင်ခွင့်များတွင် မိုဘိုင်းစနစ်ဖြင့် စာရင်းရေးသွင်းခြင်းနှင့် ဆေးရုံရောက်နေသောအိမ်မှမထွက်ခွာနိုင်သော သို့မဟုတ် အကျဉ်းကျနေသော၊ နိုင်ငံပြင်ပမှ မဲပေးရသော သူတို့အတွက်ပါမဲပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများ ဒေသတွင်းရှိ ဒုက္ခသည် စခန်းမှီခိုနေရသူများနှင့် နိုင်ငံပြင်ပတွင်နေရသော များပြားသိသာလှသည့် ဒုက္ခသည်များ (အာဖဂန်နစ္စတန်၊ အီရတ်နှင့် ဆယ်ရာလီရုန်းတွင်ကဲ့သို့)မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မဲပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများပေးရန် လိုအပ်ပြီး ဝန်ဆောင်မှုကို ရွေးကောက်ပွဲ မတိုင်မီနှင့် ရွေးကောက်ပွဲ ပြီးဆုံးချိန်တွင်လည်းပေးကာ မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊ မဲရုံနှင့်လိုအပ်သောပစ္စည်းများအား မသန်စွမ်းသူများအနေနှင့် အသုံးချနိုင်စေရန် ပြုလုပ်ပေးခြင်း၊ အမြင်အာရုံနှင့် အကြားအာရုံချို့တဲ့သူများအတွက် သင့်တော်သောရွေးကောက်ပွဲ သတင်းအချက်အလက်ဆိုင်ရာ ပစ္စည်းများ ပြုလုပ်ပေးခြင်းနှင့် လိုအပ်သောသူများအား မှတ်ပုံတင်စာရင်းရေးသွင်းခြင်း သို့မဟုတ် မဲပေးခြင်းတွင် အထောက်အကူပေးခြင်းနှင့် အမြင်အာရုံအားနည်းသူများအတွက် လျှို့ဝှက်မဲစာရွက်အလွတ်ကဲ့သို့သော မဲပေးခြင်းဆိုင်ရာပစ္စည်းများပေးအပ်ခြင်းတို့ ပြုလုပ်ပေးရန် လိုအပ်သည်။ EMB လုပ်ဆောင်ချက်များအနေနှင့်လည်း ကိုယ်ဝန်ဆောင်များ၊ သားသည်မိခင်များ၊ မသန်စွမ်းသော သက်ကြီးရွယ်အိုများအား အထူးသဖြင့် မှတ်ပုံတင်စာရင်းရေးသွင်းသော နေ့များနှင့် မဲပေးသောနေ့များတွင် ဦးစားပေးဆက်ဆံသွားမည်ဖြစ်သည်။

အယ်လ်ဘေးနီးယားတွင် EMB ဘက်မှ မဲဌာနရုံအဖြစ် အသုံးပြုသော နေရာအဆောက်အဦးများတွင်ဘီးတပ်ပီးချဲ ကုလားထိုင်များ ဝင်ရောက်နိုင်ရန်အတွက် ကုန်းလျှောများ ဆောက်လုပ်တပ်ဆင်ရေးတို့အတွက်EMB မှ ကျသင့်ငွေကို ပေးလေသည်၊ ထို့ကြောင့် ထိုအဆောက်အဦးများကို ရွေးကောက်ပွဲကာလပြင်ပတွင် ကာလကြာရှည်အသုံးပြုနိုင်ခွင့် ရရှိသွားလေသည်။ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတွင် မှတ်ပုံတင်မပါသော သူများကိုလည်း မဲပေးခွင့်ပြုပြီး လိုင်ဘီးရီးယားတွင် အိုးအိမ်မဲ့ ဒုက္ခသည်များအား အခြားတပါးသော နိုင်ငံအတွင်းတွင် နေထိုင်နေစဉ်အတွင်း ၎င်းတို့နိုင်ငံအတွက် မဲပေးရန် မှတ်ပုံတင်စာရင်းရေးသွင်းခွင့် ပြုသည်။

CSO (အရပ်ဖက်လူ့အဖွဲ့အစည်းဆိုင်ရာအစည်းအရုံး) များနှင့် သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းခြင်းသည် EMB အားခွဲခြား ဆက်ဆံခံနေရသော အုပ်စုများ၏ လိုအပ်သော အချက်များကို တိတိကျကျ ထုတ်ဖော်နိုင်ရန်အတွက် အထောက်အကူပြုလိမ့်မည်ဖြစ်ကာ ၎င်းတို့ကို ထိတွေ့ အသုံးပြုခွင့် ပေးသောကြောင့် ကျသင့်သော ကုန်ကျငွေများအား ပြန်လည်ပေးဆောင်ရာတွင်ပင် အထောက်အကူပြုလိမ့်မည် ဖြစ်သည်။

ဥပဒေမူဘောင် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ပုံနှင့် သက်ဆိုင်သော EMB မူဝါဒသည်ဓလေ့ထုံးတမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ သတင်းအချက်အလက် မျှဝေခြင်း သို့မဟုတ် တားဆီးကန့်သတ်ခြင်း ခံရမည်ဖြစ်သည်။ ၎င်းတို့သည် မည့်သည့်ဌာနအတွက် မည်သည့် ကိုယ်စားလှယ်လောင်းအား ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရှိကြောင်း သို့မဟုတ် မဲပေးရာတွင်တန်းစီခြင်းကို သို့မဟုတ် နေရာကို ယောကျ်ားနှင့် မိန်းမသက်သက်ခွဲခြားထားရန် လိုအပ်/မလိုအပ် တို့နှင့်ဆိုင်သောကိစ္စများနှင့် သက်ဆိုင်နေနိုင်သည်။ ထိတွေ့အသုံးပြုခြင်း (နှင့်ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာကိုပါ) ထိခိုက်နိုင်သော ဓလေ့ထုံးတမ်းဆိုင်ရာ ကိစ္စများမှာ ရွေးကောက်ပွဲ မှတ်ပုံတင်ကတ်ပြားအတွက် အမျိုးသမီးများအားဓာတ်ပုံရိုက်ခြင်း၊ မဲပေးခြင်းဆိုင်ရာ နည်းစနစ်နှင့် မဲဆန္ဒရှင်များအား အမှတ်အသားပြုရန် မြင်သာသောဖျက်မရသောမင်ကို အသုံးပြုခြင်းတို့ဖြစ်သည်။ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေများနက်နက်ရှိုင်းရှိုင်း အသုံးချသော နေရာများတွင် EMB အနေနှင့် ထို ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ဆောင်ချက်များသည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ နှင့် EMB ၏ မူဝါဒများနှင့် မဆန့်ကျင်သမျှ၊ ၎င်း၏ လုပ်ဆောင်ပုံအား နှောင့်နှေးအောင်ပြုလုပ်ခြင်း သို့မဟုတ် လူအများအား ရွေးကောက်ပွဲအတွင်း ပါဝင်ခြင်းကိုမတားဆီးသမျှ ကာလပတ်လုံး ၎င်း၏ တည်ဆောက်ပုံ မူဝါဒများနှင့် လုပ်ဆောင်ပုံ အဆင့်ဆင့်များမှတစ်ဆင့် လေးစားမှုပြနိုင်ပါက ထိုအသိုင်းအဝိုင်းအတွင်း ၎င်းအားလက်ခံလာစေမှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။

## အခန်းအကျဉ်းချုပ်

- EMB တစ်ခု၏ လုပ်ပိုင်ခွင့်များနှင့် လုပ်ဆောင်ချက်များသည် ၎င်း၏ ဥပဒေမူဘောင်အတွင်းတွင် ကွဲကွဲပြားပြား ထုတ်ဖော်ပြသထားချင်မှ ထားလိမ့်မည်ဖြစ်သည်။ EMB ၏ မရှိမဖြစ်သော အစိတ်အပိုင်းများမှလွဲ၍ ထိုလုပ်ပိုင်ခွင့်နှင့် လုပ်ဆောင်ချက်များသည် ပြည်နယ်၏ ဖွဲ့စည်းပုံ၊ ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲဆိုင်ရာဝန်ဆောင်မှုများကိုပေးသော အဖွဲ့အစည်းများ၏အမျိုးအစားနှင့် အရေအတွက် ပေါ် မူတည်ပြီး တာဝန်အမျိုးမျိုးကို ပိုလုပ်နိုင်ခြင်း၊ သာမန်ထက် လျှော့နည်း၍ လုပ်နိုင်ခြင်းတို့ဖြစ်နိုင်သည်.

- EMB ၏ မရှိမဖြစ် သို့မဟုတ် အဓိကကျသော လုပ်ပိုင်ခွင့်နှင့် လုပ်ဆောင်ချက်များမှာ -
  - မဲပေးပိုင်ခွင့်ရှိသော သူကိုဆုံးဖြတ်ပေးရခြင်း
  - ရွေးကောက်ပွဲတွင် ပါဝင်သူတို့အပေါ် ရွေးချယ်ထားသော စာရင်းများအား လက်ခံရယူခြင်းနှင့် အတည်ပြုပေးခြင်းတို့ကို ပြုလုပ်ရသည် (ရွေးကောက်ပွဲအတွက်၊ နိုင်ငံရေး ပါတီများအတွက် နှင့်/သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများအတွက်)
  - ရွေးကောက်ပွဲ ကျင်းပပေးခြင်း
  - မဲများကို ရေတွက်ခြင်းနှင့်
  - မဲစာရင်းစုစုပေါင်းကို တွက်ချက်ပေးခြင်းတို့ဖြစ်သည်။

- EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာဌာန)အနေနှင့် တာဝန်ယူကောင်းယူရနိုင်သော အဓိကမကျသည့် တာဝန်များမှာ မဲဆန္ဒရှင်မှတ်ပုံတင် စာရင်းရေးသွင်းခြင်း၊ နယ်မြေပိုင်းခြားကန့်သတ်ခြင်း၊ နိုင်ငံရေးပါတီများ စည်းကမ်းသတ်မှတ်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကို ဖြေရှင်းပေးခြင်းတို့ဖြစ်သည်။

- EMB တော်တော်များများတွင် ရွေးကောက်ပွဲနှင့်ဆိုင်သော လုပ်ရပ်များအတွက် "စီမံကြီးကြပ်" နိုင်သောအာဏာနှင့် လုပ်ဆောင်ချက်များ ရှိကြသည်။ အချို့တွင် တရားစီရင်ပိုင်ခွင့်ရှိကြပြီး ဥပဒေပြုပိုင်ခွင့်ရှိသည်တို့မှာတော့ အင်မတန်မှ နည်းကြလေသည်။။ EMB အများစု၏ လုပ်ဆောင်ချက်များမှာတရားစီရင်ရေးမဏ္ဍိုင် သို့မဟုတ် အခြားသောဌာနများ၏ စစ်ဆေးခြင်းကို ခံရလေသည်။

- အချို့သော ရွေးကောက်ပွဲဆိုင်ရာလုပ်ရှားမှုမျိုးကို သေချာအထူးပြုသောသ ဌာနထက် EMB ကို ခန့်အပ်သောအခါ သေသေချာချာလေ့လာဆန်းစစ်ရန်လိုအပ်သော အားသာချက်နှင့် အားနည်းချက်များရှိလေသည်။ ဥပမာအားဖြင့် နယ်နိမိတ်ပိုင်းခြားကန့်သတ်ခြင်း၊ ရွေးကောက်ပွဲ မှတ်ပုံတင် စာရင်းရေးသွင်းရန် အချက်အလက်များ စီစဉ်ခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင် ခြင်းနှင့် ဘဏ္ဍာငွေထောက်ပံ့ခြင်း၊ နိုင်ငံရေးမဲဆွယ်ပွဲများအား စောင့်ကြည့်ခြင်း၊ မဲဆန္ဒရှင်များအား အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်များအားမျှဝေခြင်းနှင့် ရွေးကောက်ပွဲရလဒ်များအား အတည်ပြုခြင်းတို့ဖြစ်သည်။

- EMB တို့အနေနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်မှပြဌာန်းထားသော အနည်းဆုံးလိုအပ်ချက်ထက်ကျော်လွန်သော ၎င်းတို့အမှုထမ်းသော အသိုင်းအဝိုင်းအတွက် ထိတွေ့အသုံးပြုရေးနှင့် အပြုအမူပိုင်းဆိုင်ရာတို့အတွက် တာဝန်ရှိသည်။ ထိုအထဲတွင် EMB အတွင်း၌ ကျား၊မ လိင်အချိုးညီရေး ပါဝင်ပြီးအကျယ်တဝင့်ပြောရလျှင် နိုင်ငံရေးလှုပ်ရှားမှုပုံစံထိ ပါဝင်ကာ၊ တိုင်း

ရင်းသားလူမျိုးရေးဆိုင်ရာကိစ္စများကို အနည်းငယ်ဖြေရှင်းပြီး ရွေးကောက်ပွဲ ယှဉ်ပြိုင်မှုအတွင်း ညီမျှခြင်းနှင့်တန်းတူရည်တူရှိခြင်းတို့ကိုမြှင့်တင်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာဝန်ဆောင်မှုများအား လုံးကို အထူးသဖြင့် အပယ်ခံဖိနှိပ်ခံဖြစ်သော အသိုင်းအဝိုင်းတို့မှ အဖွဲ့ဝင်များကို သာတူညီမျှ ထိတွေ့ အသုံးပြုနိုင်ခွင့်တို့ကို ပေးထားခြင်းနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသဟဇာတဖြစ်သော ဓလေ့ထုံးတမ်းစဉ်လာဆိုင်ရာကျင့်ထုံးတို့ကို အသိအမှတ်ပြုခြင်းတို့ဖြစ်သည်။

- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်နှင့် EMB မူဝါဒတို့သည် EMB ဘက်မှ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများကို အကျိုးစီးပွားဆိုင်ရာ ဝိရောဓိတို့ကိုရှောင်ရှားစေခြင်းဖြင့် မသင့်တော်သော အပြုအမူတို့ကို ရှောင်ရှားနိုင်စေရန် ကာကွယ်ကူညီနိုင်လိမ့်မည်။
- ကျင့်သုံးခိုင်း၍ ရနိုင်သော ကျင့်သုံးမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းသည် EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသဘောတူ လက်မှတ်ရေးထိုးရန် လိုအပ်ပြီး EMB အား သိက္ခာ၊ ကျင့်ဝတ်၊ အဂတိကင်းစင်မှု၊ ဝန်ဆောင်မှုနှင့်ပညာရှင်ဆန်သော စံချိန်စံညွှန်းများ ကိုထိန်းသိမ်းနိုင်စေရန် ကူညီပေးလေသည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# ကော့စတာရီကာ : ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးချုပ်*

Luis Antonio Sobrado González and Ileana Aguilar Olivares

## နောက်ခံအကြောင်းအရာ

ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးချုပ် (TSE) သည် ၁၉၄၉ခုနှစ် တိုင်းပြည်၏ နိုင်ငံရေးရာ အခြေခံဥပဒေတွင် အသစ်ထပ်မံဖွဲ့စည်းခဲ့ထားသော အဓိကအရာများထဲမှ တစ်ခုဖြစ်သည်။ အတိတ်တစ်ချိန်တုန်းက ရွေးကောက်ပွဲကို မထေမဲ့မြင်ပြုရုံမျှဖြင့် စစ်ခင်းခဲ့သောအချိန်တွင် မဲဆန္ဒနယ်များမှ ၎င်း၏အမှီအခိုကင်းမှုနှင့် ပညာရှင်ဆန်မှုတို့ကို ထိန်းသိမ်းမည့် ရွေးကောက်ပွဲဆိုင်ရာ ထိပ်တန်းဌာနတစ်ခုကိုဖန်တီးရန် ရွေးချယ်ခဲ့သည်။ ကော့စတာရီကာ ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်း၏ပုံစံသည် လက်တင်အမေရိက ပြည်သူ့ဥပဒေတွင် TSE (ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးချုပ်) ကို ဥပဒေပြုရေး၊ ကြီးကြပ်စီမံရေးနှင့် တရားစီရင်ရေးတို့နှင့် တန်းတူဖြစ်သော တိုင်းပြည်၏ စတုတ္ထမြောက်ဌာနခွဲနေရာကို နည်းစနစ်တကျပင်ပေးလိုက်သောမှတ်တိုင်တစ်ခုပင် ဖြစ်လေသည်။

## အဖွဲ့အစည်းဆိုင်ရာ တရားစီရင်ရေး ဥပဒေမူဘောင်

TSE (ရွေးကောက်ပွဲဆိုင်ရာခုံရုံးချုပ်) ၏အလုပ်သည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုခြင်းနှင့်ဆိုင်သော နိုင်ငံရေးအခြေခံဥပဒေ၊ လက်ရှိနိုင်ငံတကာ သဘောတူညီချက်စာချုပ်များ၊ ရွေးကောက်ပွဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်များနှင့် ခုံရုံးများမှထုတ်ပြန်စာများ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများမှ ပြဋ္ဌာန်းသည့်ဥပဒေများနှင့် စည်းမျဉ်းများနှင့် ပါတီပြဋ္ဌာန်း ဥပဒေများ၏အောက်တွင်ရှိသော ပြဋ္ဌာန်းချက်များ၏ အုပ်ချုပ်မှုအောက်တွင်ရှိသော တိုင်းပြည်၏ လတ်တလောဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းအတွင်းတွင် ရှိနေသည်( ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ ၊ ပုဒ်မ ၃ တွင် ရှု)

စာဖြင့်ရေးမထားသော စည်းမျဉ်းများဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေး၊ ဥပဒေ၏အဓိက အထွေထွေ စည်းမျဉ်းစည်းကမ်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၏ စည်းမျဉ်းစည်းကမ်းများနှင့် ဓလေ့ထုံးတမ်းများသည်လည်း ၎င်းတို့ အဓိပ္ပာယ်ဖွင့်ဆိုသော စည်းမျဉ်းစည်းကမ်း၏ အဆင့်အတန်းနှင့်ညီသော လက်တွေ့အသုံးချ တရားစီရင်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး

* မူရင်းလက်စွဲစာအုပ်တွင် ဖော်ပြပါရှိသော ကော့စတာရီကာနိုင်ငံ၏ ဖြစ်ရပ်ကို လေ့လာနိုင်သည်။ Rubén Hernández Valle, 'ကိုစတာရီကာ: လုပ်ပိုင်ခွင့်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ စာကိုယ်' , ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဒီဇိုင်း: International IDEA လက်စွဲစာအုပ် (Stockholm: International IDEA, 2006), စာမျက်နှာ ၇၆-၉။

၎င်းတို့သည် ခုံရုံးမှအပ အခြားသောသူများ အားလုံးကိုပါ လွှမ်းမိုးလျက်ရှိသည်။ ထို့ကြောင့် ထိုတရားစီရင်ရေးတွင်ပါဝင်သော အချက်အလက်များ ပြောင်းလဲသွားခြင်းကို သေသေချာချာ ခိုင်လုံသောအကြောင်းပြချက်များနှင့်တကွ ကိုင်တွယ်ရမည်ဖြစ်ပြီး အခြားအားလုံးသက်ဆိုင်သော ပါတီများကိုလည်း နည်းစနစ်ကျကျ အကြောင်းကြားခြင်း ပြုလုပ်ရမည်။

## တာဝန်နှင့် လုပ်ဆောင်ချက်များ

သူ၏စာတွေ့သဘောနှင့် အရာ TSE ၏ တာဝန်သည် ဒီမိုကရေစီဆန်ဆန် အတူယှဉ်တွဲနေထိုင်နိုင်ခြင်းနှင့် ကော့စတာရီကာပြည်သူများကို နိုင်ငံသားမှတ်ပုံတင်နှင့် စာရင်းရေးသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်သောပွင့်လင်းမြင်သာမှုရှိကာ မှီခိုအားထားရနိုင်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို တည်ထောင်ကာ ဆုံးဖြတ်ပေးခြင်းပင်ဖြစ်သည်။

ထိုတာဝန်ကို အောင်မြင်ရန် TSE ဘက်မှ လုပ်ဆောင်ချက် လေးရပ်ကို ပြုမူရမည်

၁။ *ရွေးကောက်ပွဲကိုစီမံခန့်ခွဲခြင်း*: မဲပေးခွင့်နှင့်ဆိုင်သောလုပ်ရပ်များကို ကျင်းပ၊ ညွှန်ကြားပြီး ထိန်းချုပ်ခြင်း ဖြစ်သည်။

၂။ *နိုင်ငံသားများမှတ်ပုံတင် စာရင်းရေးသွင်းခြင်း*: သက်သေခံစာရွက်စာတမ်းများထုတ်ပေးခြင်းနှင့် နိုင်ငံသားတစ်ဦးနှင့်ဆိုင်သော ကိစ္စရပ်များဖြစ်သော မွေးခြင်း၊ မွေးစားခြင်း၊ အိမ်ထောင်ပြုခြင်း၊ ကွာရှင်းခြင်း၊ သေဆုံးခြင်း သို့မဟုတ် ကော့စတာရီကာ နိုင်ငံသားတစ်ဦးအဖြစ် ခံယူခြင်းကိစ္စများကို မှတ်တမ်းတင်စာရင်းသွင်းထားပြီး အတည်ပြုပေးခြင်း

၃။ *တရားစီရင်ရေး* : တရားစီရင်ရေးဌာန၏ အောက်တွင်ရှိသော တရားစီရင်ရေး၏ အဆင့်ပေါင်းများစွာဖြတ်သန်းလည်ပတ်ရသော လုပ်ရိုးလုပ်စဉ်ဘောင်ကို ဖြတ်ထွက်လာခြင်းဖြစ်ပြီး ၁၉၄၉ ခုနှစ် နိုင်ငံရေးဆိုင်ရာ အခြေခံဥပဒေက TSE ကိုရွေးကောက်ပွဲနှင့် ပတ်သက်သော ကိစ္စများတွင် အသနားခံခွင့်မရှိသော ကိစ္စများတွင် ဆုံးဖြတ်မိန့်အာဏာချမှတ်ခွင့်ကို ပေးထားလေသည်။

၄။ *ဒီမိုကရေစီ တည်ဆောက်ခြင်း* : လေ့ကျင့်သင်ကြားရေး အစီအစဉ်များ တည်ဆောက်ရေးနှင့် အကောင်အထည်ဖော်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာဝန်ထမ်းများ နိုင်ငံရေးပါတီများ၊ ကျောင်းသားများနှင့် ယေဘုယျအားဖြင့် ပြည်သူများသို့ရည်ရွယ်သော ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ ခေါင်းစဉ်များသုတေသနပြုခြင်းနှင့် ထုတ်ဝေခြင်းမှတစ်ဆင့် ဒီမိုကရေစီ၏တန်ဖိုးနှင့် ပြည်သူတို့၏ ပါဝင်ပတ်သက်မှုကို မြှင့်တင်ခြင်းအဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံရွေးကောက်ပွဲနှင့် စီမံခန့်ခွဲရေး ဆိုင်ရာကိစ္စများတွင် TSE သည့်အမြင့်ဆုံး အာဏာရရှိထားသူဖြစ်သည်။ တစ်နိုင်ငံလုံးအနှံ့တွင် ဒေသဆိုင်ရာရုံး ၃၂ ခုရှိပြီး အခြားသောအတိုင်းအတာပမာဏ တစ်ခုထိရှိသည့် ဌာနများကို တိုက်ရိုက်ကြီးကြပ်ကွပ်ကဲလေသည်။ ၎င်းတွင် သက်တမ်းအပိုင်းအခြားနှင့် တာဝန်ထမ်းဆောင်သော တရားသူကြီးသုံးဦးနှင့် အစားထိုးတရားသူကြီး သုံးဦးရှိပြီး ထိုအစားထိုးတရားသူကြီးသုံးဦးမှာ တရာရုံးချုပ်၏ တရားသူကြီးတစ်ဦးတွင် ရှိရမည့်အရည်အချင်းနှင့် ပြည့်စုံရမည့်သူများ ဖြစ်ကြသည်။ တရားရုံးမှ ခုံရုံးအတွက် တရားသူကြီးများကို ခြောက်နှစ်တာဝန်ထမ်းဆောင်သက်နှင့် ပညာရှင်ဆန်ပြီး ပညာရပ်ပိုင်းဆိုင်ရာတွင် အရည်အချင်းပြည့်မီသော ကိုယ်စားလှယ်လောင်းများသည် နိုင်ငံရေးပါတီနှင့် ညီလာခံတို့၏အကူအညီကိုမရယူဘဲ လူသိရှင်ကြားပင်ယှဉ်ပြိုင်စေပြီး ရွေးချယ်ထားခြင်းဖြစ်သည်။ ရွေးကောက်ပွဲကာလအတွင်းတွင် ခုံရုံးကို တရားသူကြီးငါးဦးနှင့် ဖွဲ့စည်းလေသည်။

## ဘဏ္ဍာရေး

TSE (ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးချုပ်) သည် ပြည်သူ့ဘဏ္ဍာဖြင့်သာ လည်ပတ်နေခြင်းဖြစ်သည်။ ၎င်း၏ လုပ်ဆောင်ချက်နှင့် လုပ်ငန်းလည်ပတ်ရေး အားလုံးတို့အတွက် အသင်းအဖွဲ့၏ ဘတ်ဂျက်ငွေကို လိုအပ်သည်။ ဘတ်ဂျက်ငွေများသည် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြရခြင်းဖြစ်ပြီး လွှတ်တော်မှအတည် ပြုပေးခြင်းဖြစ်သည်။

## တာဝန်ခံနိုင်ခြင်း

TSE (ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးချုပ်) ကို စာတွေ့သဘောအရလွှမ်းမိုးသော မူဘောင်သည် ပွင့်လင်းမြင်သာမှုအား တရားမျှတရေးအဂတိကင်းစင်ရေး၊ မှန်ကန်ရေး၊ လုပ်ငန်းကိုပဓာနပြုခြင်း၊ ပွင့်လင်းခြင်းနှင့် တာဝန်ခံခြင်းတို့အတွက်အမြဲမပြတ် စိတ်ဓာတ်ရေးရာ ရှေးရှုထားခြင်းပင်ဖြစ်သည်။ ဘက်ဂျတ်ငွေဆိုင်ရာဥပဒေသည် ပြည်သူ့ဘဏ္ဍာငွေများကို TSE ထံသို့ နှစ်စဉ်ချပေးလေသည်။ ပြီးနောက် စာချုပ်စာတမ်းများနှင့် ငွေပေးချေမှုများအားလုံးသည် အမျိုးသားဘဏ္ဍာရေးဌာန၏ ကြီးကြပ်ကွပ်ကဲမှုနှင့် သက်ဆိုင်သောအရာများကို ကိုင်တွယ်သည့် ညီလာခံ၏အကူအခြေခံဥပဒေမှ ပြဋ္ဌာန်းထားသော နိုင်ငံပိုင် အထွေထွေဘဏ္ဍာရေးထိန်းသိမ်းမှုဌာန၏ စစ်ဆေးမှုနှင့် ထိန်းချုပ်မှုအောက်တွင်ပင် ရှိလေသည်။

TSE သည်လည်း အသင်းအဖွဲ့ပေါင်းစုံဆိုင်ရာ ပွင့်လင်းမြင်သာမှု ကွန်ယက်နှင့်သက်ဆိုင်လေသည်။ ထိုကွန်ယက်သည် ၎င်း၏ အင်တာနက်ဆိုင်ရာ ထုတ်ဝေချက်များမှ တစ်ဆင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုများနှင့်သက်ဆိုင်သော အချက်အလက်များကို ပြည်သူများသိရှိနိုင်စေရေးအား ပြုစုပျိုးထောင်ပေးသော ရည်ရွယ်ချက်ရှိလေသည်။

၎င်း၏တာဝန်ထမ်းဆောင် ကာလအတွင်းတွင် TSE ဘက်မှလည်း ၎င်း၏ဝဘ်စာမျက်နှာပေါ်တွင် အချိန်ပြည့်ကို ရေးသားထုတ်ဝေမှုများ ပြုလုပ်နေလေသည်။ အသင်းအဖွဲ့အစည်းဆိုင်ရာ ဘက်ဂျတ်များ ဘဏ္ဍာငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ၊ အသစ်ဝယ်ယူခြင်းနှင့် ထပ်ပေါင်းဝယ်ယူခြင်းများ၏ အသေးစိတ်များ နှစ်စဉ်အလုပ်စီမံကိန်းအပြင် လုပ်ခငွေပေးချေမှုစာရင်းများ ပါဝင်သည်။ နောက်ပိုင်းရှိ အရာများသည် နှစ်တိုင်းဒေသခံအာဏာပိုင်နှင့် ပြည်သူတို့ရှေ့မှောက်တွင် လူသိရှင်ကြား ချပြလေသည်။

## ရွေးကောက်ပွဲဆိုင်ရာ အရာရှိတို့၏ ပညာရှင်ဆန်မှု

စတင်တည်ထောင်ချိန်မှစ၍ TSE သည် ၎င်း၏ ဝန်ထမ်းများအား ပွင့်လင်းမြင်သာမှုနှင့် ရွေးကောက်ပွဲ ဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ အမြင့်ဆုံးစော စံချိန်စံညွှန်းများနှင့် ရရှိသောထိရောက်သည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရန်အတွက် လူစုဆောင်းပြီး လေ့ကျင့်သင်ကြားထားပေးခြင်းဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ပြုပြင်ပြောင်းလဲနေခြင်းကြောင့် ရွေးကောက်ပွဲလုပ်သားများ အတွက်လည်း အမြဲမပြတ်လေ့ကျင့်နေရလေသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက TSE သည် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာ ပညာရှင်အုပ်စု တစ်စုဖွဲ့စည်းရန် ရည်ရွယ်ချက်ဖြင့် ပညာရှင်များ ထိန်းသိမ်းရေးနှင့် လုပ်ငန်းတိုးတက်ရေး အစီအစဉ်နှင့် ချိတ်ဆက်ထားသော ဝန်ထမ်းအရည်အချင်း သုံးသပ်ရေးလုပ်ငန်းစဉ်တစ်ခုကို တည်ထောင်ခဲ့လေသည်။ ရွေးကောက်ပွဲဝန်ထမ်းများ၏ တည်ငြိမ်မှုနှင့် ပညာရှင်ဆန်မှုသည် ကော့စတာရီကာ ရွေးကောက်ပွဲစီမံခန့်ခွဲရေး၏ ခွန်အားတစ်ရပ်ဖြစ်ခဲ့သည်။

ပုံမှန်တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအပြင် TSE ဘက်မှ ယာယီရွေးကောက်ပွဲဝန်ထမ်းများအားရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေး (ရွေးကောက်ပွဲဆိုင်ရာကူညီသူနှင့် တာဝန်ချမှတ်စေခိုင်းခြင်းဆိုင်ရာအမျိုးသား ဘုတ်အဖွဲ့) ၏ တာဝန်အချို့ကို ထမ်းဆောင်ခိုင်းလေသည်။ ထိုတာဝန်များကို အောင်အောင်မြင်မြင်ထမ်းဆောင်ရန်အတွက်လည်း TSE ဘက်မှ ၎င်းတို့အား ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ လက်ရှိ စည်းမျဉ်းများနှင့် ရွေးကောက်ပွဲရွေ့ပြောင်းလုပ်ဆောင်မှုများနှင့်ပတ်သက်သော အရာများအားလုံးကို လေ့ကျင့်သင်ကြားပေးထား လေသည်။

## မီဒီယာ ဆက်ဆံရေး

ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းဥပဒေက ဆန္ဒမဲကောက်ခံခြင်းနှင့် ရွေးကောက်ပွဲ ဝါဒဖြန့်မှုကို လူထုအတွင်း ပျံ့နှံ့စေခြင်းနှင့်ပတ်သက်ပြီး စည်းမျဉ်းသတ်မှတ်ထားလေသည်။ ထိုစည်းမျဉ်းက TSE အားအချို့သော နေရာများကိုအချို့သော ချုပ်ထိန်းမှုများ ပေးအပ်လေသည်။

- TSE နှင့် ကြိုတင် မှတ်ပုံတင် စာရင်းပေးရေးသွင်းထားသော လုပ်ငန်းများနှင့် လူထုမီဒီယာများသာလျှင် ရွေးကောက်ပွဲဆိုင်ရာ ဝါဒဖြန့်ခြင်း ဝန်ဆောင်မှုကိုလုပ်နိုင်လိမ့်မည်ဖြစ်သည်။ ၎င်းတို့အနေနှင့်လည်းရွေးကောက်ပွဲတွင်ပါဝင်သော နိုင်ငံရေးပါတီများအားလုံးကို တန်းတူညီတူဆက်ဆံပါ့မည်ဟု အာမခံထားရမည်ဖြစ်သည်။ မဲကောက်ခံသော၊ စစ်တမ်းကောက်ခံသော အဖွဲ့အစည်းများသည် TSE  ထံ စာရင်းပေးထားပြီးဖြစ်ရမည်။
- ခရစ္စမတ်ကာလ (ဒီဇင်ဘာလ ၁၆ ရက်နှင့် - ဇန်နဝါရီလ ၁ ရက်) နှင့် ရွေးကောက်ပွဲမတိုင်မီသုံးရက်တွင် ကြေငြာများကို လုံးဝပိတ်ထားလေသည်။
- ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်နှင့် ပတ်သက်သော မဲပေးခြင်းနှင့် စစ်တမ်းကောက်ယူခြင်းများထုတ်ပြန်ခြင်း သို့မဟုတ် ဖြန့်ဝေခြင်းကိုလည်း ရွေးကောက်ပွဲမတိုင်မီ သုံးရက်အလိုတွင် မလုပ်ရန် ပိတ်ပင်ထားလေသည်။ ထိုစည်းကမ်းကို ဖောက်ဖျက်သော မည်သည့်လူထုမီဒီယာ၏ ညွှန်ကြားရေးမှူးမဆို ဘဏ္ဍာရေးဆိုင်ရာ အရေးယူပိတ်ပင်ခြင်းများခံရမည်ဖြစ်သည်။

ဆန္ဒခံယူပွဲလုပ်ဆောင်ခြင်းနှင့် သက်ဆိုင်၍ စည်းကမ်းတစ်ခုကချမှတ်ထားသည်မှာ လူထုမီဒီယာအနေနှင့် TSE အား ရွေးကောက်ပွဲတွင်ပါဝင်သောသူများနှင့် ညှိနှိုင်းထားသော ဝါဒဖြန့်ဝေမည့် နေရာအကွက်နှင့် ထိုထုတ်ဝေဖြန့်ချိမှုအတွက် တာဝန်ရှိသောသူများအကြောင်းကိုလည်း အပတ်စဉ်အကြောင်းကြားရမည်ဟူ၍ဖြစ်သည်။ လူထုမီဒီယာဘက်မှ လက်ရှိကျသင့်ငွေအဖိုးအခများနှင့် ၎င်းတို့အား သက်ရောက်သော မည့်သည့်မွမ်းမံမှုကိုမဆို အစီရင်ခံစာတင်ရမည် ဖြစ်သည်။

TSE အနေနှင့် ရွေးကောက်ပွဲ ဝါဒဖြန့်ဝေမှုတွင် ပါဝင်သော အကြောင်းအရာများအား ထိန်းချုပ်ခွင့်မရှိဟူသော အချက်အားထောက်ပြရန်အရေးကြီးလေသည်။ ထို့ကြောင့်ပင် ပါဝင်သောအကြောင်းအရာတစ်ခုကြောင့် တစ်စုံတစ်ဦးမှ အမျက်ထွက်ပါလျှင် သူသည် သက်ဆိုင်ရာတရားစီရင်ရေးဌာနနှင့် တိုင်ပင်ဆွေးနွေးရမည် ဖြစ်သည်။

ဥပဒေပုဒ်မအမှတ် ၁၇၅၈ တွင် တည်ထောင်ထားသော ပြဋ္ဌာန်းချက် "ရေဒီယို ဥပဒေ" အရ ရွေးကောက်ပွဲကျင်းပမည်ဟု ကြေငြာပြီးနောက်တွင် TSE အနေနှင့် ရေဒီယိုကြေငြာအစီအစဉ်နှင့် TV ဌာနတို့တွင်အပတ်စဉ် ယဉ်ကျေးမှုနှင့် ပြည်သူလူထုဆိုင်ရာ လမ်းညွှန်ချက်များကို အခမဲ့ မိနစ် ၃၀ ထုတ်လွှင့်ခွင့်ရကြောင်း မှတ်ထားရန်လည်း အရေးကြီးသည်။

## အခြားသော ဌာနများနှင့် ဆက်ဆံရေး

၁၉၄၉ နိုင်ငံရေးဆိုင်ရာ အခြေခံဥပဒေက TSE အား ဘဏ္ဍာရေးနှင့် လုပ်ဆောင်မှုပိုင်းဆိုင်ရာတို့တွင်အစိုးရ၏ ဌာနခွဲမဏ္ဍိုင်သုံးရပ်မှ အမှီအခိုကင်းသော အခြေခံဥပဒေဆိုင်ရာ ဌာနတစ်ခုအဖြစ် အဆင့်အတန်း သတ်မှတ်ပေးထားသည်။ ထို့ကြောင့်ပင် ၎င်းနှင့် အခြားသောပြည်နယ်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဆက်ဆံရေးသည် အစိုးရ၏ စတုတ္ထဌာနခွဲမဏ္ဍိုင်နှင့် အတူတူပင်ဖြစ်သည်။

TSE သည် ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းစဉ်ရည်ရွယ်ချက်တို့ သက်ဆိုင်နေသောအဖွဲ့အစည်းများနှင့် မိတ်သဟာရ ဖွဲ့စည်းတည်ထောင် နိုင်သည်။ ၎င်း၏ အချို့သောပြည်တွင်းမှ ပူးပေါင်းသူများသည် ပညာရေးဝန်ကြီးဌာန၊ အမျိုးသမီးရေးရာ ဝန်ကြီးဌာန၊ ပြည်သူပိုင်တက္ကသိုလ်များနှင့် သမ္မတနိုင်ငံ၏ အထွေထွေဘဏ္ဍာငွေကြေးဆိုင်ရာ ထိန်းချုပ်မှုဌာနတို့ ဖြစ်သည်။ နိုင်ငံတကာအဆင့်တွင် ၎င်းအနေနှင့် အပြည်ပြည်ဆိုင်ရာ IDEA ၊ UNDP ၊ OAS ၊ ကွန်ရဒ် အဒ်ဒီနော်ဖောင်ဒေးရှင်းနှင့်အမေရိကန်အသင်းအဖွဲ့များဆိုင်ရာ လူ့အခွင့်အရေး အသင်း ( IIDH) နှင့် အခြားအဖွဲ့အစည်းများပါဝင်ဖွဲ့စည်းထားသည်။

TSE သည် အမေရိက အလယ်ပိုင်း၏ ရွေးကောက်ပွဲဆိုင်ရာ ဌာနများအသင်းနှင့် ကရစ်ဘီယန် (Tikal လုပ်ဆောင်စဉ်) နှင့် အမေရိကန် ရွေးကောက်ပွဲအဖွဲ့အစည်းများဆိုင်ရာသမဂ္ဂ (UNIORE) ၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။ ထိုအသင်းအဖွဲ့ နှစ်ရပ်လုံးက ပါဝင်ပတ်သက်နေသော ရွေးကောက်ပွဲဆိုင်ရာဌာနများအကြားတစ်ခုနှင့်တစ်ခု သတင်းအချက်အလက်နှင့် ပူးပေါင်းဆောင်ရွက်ပေးကို တည်ထောင်အားပေးလေသည်။

## နည်းပညာအသစ်များအား စီမံခန့်ခွဲခြင်း

TSE (ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးချုပ်) တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အသင်းအဖွဲ့မှပေးသော ဝန်ဆောင်မှုကို တိုးတက်စေရန်ကိရိယာတစ်ခုအဖြစ် သတင်းအချက်အလက် နည်းပညာဆိုင်ရာ အသင်းအဖွဲ့အပေါ်တွင် သက်ရောက်မှုကြီးမားသော စီမံကိန်းတစ်ခုတည်ထောင်ရန်နှင့် မြှင့်တင်ရန် နည်းပညာဗျူဟာဆိုင်ရာ အထွေထွေညွှန်ကြားရေး ဌာနရှိသည်။ လက်ရှိလုပ်လက်စဖြစ်သော အဓိကစီမံကိန်းများထဲမှ တစ်ချို့မှာ ရွေးကောက်ပွဲမှတ်ပုံတင်ဌာနဆိုင်ရာ အထွေထွေညွှန်ကြားရေးဌာနမှ စက်နှင့်အလိုအလျောက် လုပ်နေခြင်းမျှသာဖြစ်ပြီးရွေးကောက်ပွဲဆိုင်ရာ ပထဝီဝင် အချက်အလက်စနစ်များနှင့် မှတ်ပုံတင်စာရွက်စာတမ်းများ ထုတ်ဝေရေးစနစ်အား အင်အားကောင်းစေရန် ပြုလုပ်ရာတွင်လည်းကောင်း အပါအဝင်ပင် ဖြစ်သည်။

## ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေး စီမံခန့်ခွဲခြင်း

အခြေခံဥပဒေနှင့်အညီ TSE သည် ညီလာခံမှအတည်ပြုလိုက်သော ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများကိုဥပဒေပြုရေးလွှတ်တော်ရှေ့မှောက်တွင် တိုင်ပင်ဆွေးနွေးခြင်း ပြုလုပ်ရမည်ဖြစ်သည်။ အကယ်၍ ညီလာခံ၏ဆုံးဖြတ်ချက်သည် TSE ၏ဆန္ဒနှင့်ဖီလာနေပါက သို့မဟုတ် TSE ဘက်မှတိုင်ပင်ဆွေးနွေးခြင်း အလုပ်မခံရပါက ညီလာခံမှ ရွေးကောက်ပွဲနှင့်သက်ဆိုင်သော ဥပဒေပြုချက်များကို ၎င်း၏ အဖွဲ့ဝင် သုံးပုံနှစ်ပုံ၏ ထောက်ခံချက်ရရုံနှင့်ပင် အတည်ပြုနိုင်လေသည်။ ထိုကဲ့သို့ပင် အခြေခံဥပဒေကလည်း ရွေးကောက်ပွဲကြီးကြီးကျယ်ကျယ် တစ်ခုမလုပ်မီ ခြောက်လအလိုနှင့် ရွေးကောက်ပွဲပြီး လေးလအကြားအတွင်း ညီလာခံ

ဘက်မှရွေးကောက်ပွဲနှင့် သက်ဆိုင်သောမည်သည့်ဥပဒေကိုမှ TSE ၏ သဘောတူညီချက်မပါဘဲ အတည်ပြုနိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားလေသည်။

လက်ရှိ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသည် TSE မှ ညီလာခံသို့ တင်သွင်းခဲ့သော အဆိုကြောင့် ရလာသော ရလဒ်ပင်ဖြစ်သည်။ ထိုအဆိုတင်သွင်းချက်သည် လွှတ်တော်သက်တမ်းနှစ်ခုကြာအောင် များစွာသောနှောင့်နှေးမှုနှင့် ပြောင်းလဲမှုများကို တွေ့ကြုံခဲ့ရသည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၀၉ ခုနှစ်တွင် ဥပဒေအသစ်ကိုအတည်ပြုရန်နိုင်ငံရေးသဘောတူညီချက်ရခဲ့ပြီးဖြစ်သည်။ ၎င်းသည်လည်း ကော့စတာရီကာ ရွေးကောက်ပွဲစနစ်တွင် သိသာထင်ရှားသော တိုးတက်မှုကို ပြသခဲ့ပြီးဖြစ်သည် ဥပမာအားဖြင့် ရွေးကောက်ပွဲဆိုင်ရာတရားမျှတမှုတွင် အခန်းကြီးများ ပါဝင်မှုရလာခြင်း၊ နိုင်ငံရေးပါတီများအတွင်း ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ကျား၊ မ အခွင့်အရေး တန်းတူရရေးအတွက် ညီတူညီမျှရှိခြင်းနှင့် အာဏာလွှဲပြောင်းနိုင်ခြင်း၊ ပါတီဘဏ္ဍာငွေ ထိန်းချုပ်ရေး တိုးတက်လာခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ မှတ်ပုံတင်စာရင်းရေးသွင်းမှုဌာနကို တည်ထောင်နိုင်ခဲ့ခြင်းနှင့် TSE အတွင်းတွင် ဒီမိုကရေစီလေ့လာရေးနှင့် တည်ထောင်ရေးဆိုင်ရာ အဖွဲ့အစည်း (IFED) ကိုတည်ထောင်နိုင်ခဲ့ခြင်းနှင့် ၂၀၁၄ ခုနှစ်တွင် လုပ်ခဲ့သလို ပျက်ကွက်မဲများကို တာဝန်ယူနိုင်ခဲ့ခြင်းတို့ဖြစ်သည်

## ကျမ်းကိုး


Código Electoral 2009, Decreto LegislativoNo. 8765, República de Costa Rica

International IDEA, Experiencias de reforma política y electoral en Colombia, Costa Rica y México desde la perspectiva comparada latinoamericana [A Comparative Latin American Perspective of Political and Electoral Reform Experiences in Colombia, Costa Rica and Mexico] (Stockholm: International IDEA, 2009)

Tribunal Supremo de Elecciones, Informe de Labores 2011 [Activity Report 2011] (San José: TSE, 2012)

ဖြစ်ရပ်များကိုလေ့လာခြင်း

# အာမေးနီးယား ။ ကော့ကေးဆပ်တောင်ပိုင်းဒေသတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲခြင်း

Arpine Galfayan

## နောက်ခံအကြောင်းအရာများ

အာမေးနီးယားသည် လူဦးရေသုံးသန်းမျှသာရှိသော တိုင်းပြည်ငယ်လေးဖြစ်ပြီး ကော့ကေးဆပ်တောင်ပိုင်းဒေသတွင် တည်ရှိကာ အိမ်နီးချင်းနိုင်ငံများမှာ အက်ဇာဘိုင်ဂျန်၊ ဂျော်ဂျီယာ၊ အီရန်နှင့် တူရကီတို့ ဖြစ်ကြသည်။ ရုရှားသည် တိုက်ရိုက်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံ မဟုတ်သော်လည်း ထိုနိုင်ငံ၏ နိုင်ငံရေးလုပ်ဆောင်ချက်များ၊ ရွေးကောက်ပွဲအပါအဝင်အပေါ်တွင် အဓိကအားဖြင့် လွှမ်းမိုးမှု ရှိသည်။ အာမေးနီးယားသည် ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက်တွင် လွတ်လပ်သည့်တိုင်းပြည်တစ်ပြည် ဖြစ်လာသည်။ ၎င်း၏ ပါတီစုံနိုင်ငံရေးစနစ်သည် ၁၉၁၈-၂၀ လောက်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ပထမဦးဆုံးသော အာမေးနီးယားသမ္မတနိုင်ငံဖြစ်သည်။ ၁၉၂၀-၉၀ မှ စ၍ ကွန်မြူနစ်ပါတီသည်သာလျှင် တိုင်းပြည်၏ တစ်ခုတည်းသော တရားဝင် နိုင်ငံရေးပါတီဖြစ်လာပြီး ရွေးကောက်ပွဲသည် အပေါ်ယံ ဝတ်ကျေတန်းကျေမျှသာလျှင် လုပ်ခြင်းဖြစ်လာသည်။ USSR ၏ အခြားသော နေရာများတွင် လုပ်ရိုးလုပ်စဉ် ကိစ္စတစ်ခုကဲ့သို့ပင်ဖြစ်သည်။

အာမေးနီးယား၏ ပထမဆုံးသော EMB ကို ၁၉၉၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီးနောက်ပိုင်းတွင် အမျိုးသားလွှတ်တော် အဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာဥပဒေတို့ကို ကျင့်သုံးမှုပြုလာခဲ့ကြပြီး ထို ဥပဒေမှပင် EMB၊ ဗဟိုရွေးကောက်ပွဲ ကော်မရှင် (CEC) တည်ထောင်ရေးအတွက် လုပ်ငန်းစဉ်များကို ချမှတ်ပေးခြင်းဖြစ်လေသည်။ EMB သည် အမှီအခိုကင်းသော ပုံစံအောက်သို့ကျရောက်သွားသောအခါ အမှန်တစ်ကယ်ပင် ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲရေးတို့ အမှီကင်းပါ၏လောဟူသော ကိစ္စသည်အကြီး အကျယ်မေးခွန်း ထုတ်ချင်စရာဖြစ်လာသည်။ EMB သည်လည်း အကျင့်ပျက်ခြစားသော အစိုးရအထက် လူကြီးပိုင်းများကို မွေးထုတ်ရာ နေရာတစ်နေရာ အဖြစ်လူသိများသောကြောင့်ဖြစ်သည်။ EMB ၏ ဖွဲ့စည်းမှုသည် မကြာခဏပြောင်းလဲကာ ပါတီ၏ပုံစံမှာပညာရှင်ဆန်သော ပုံစံဖြင့်အပြောင်းအလဲအစား ထိုးခဲ့ကာ ထိုအချက်သည်ပင်လျှင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် ပြည်သူတို့၏ယုံကြည်မှုမြင့်တက် လာစေရန်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိသလောက်ပင်ဖြစ်သည်။ ဥရောပပူးပေါင်းရေးနှင့် လုံခြုံရေးအသင်း (OSCE) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ရုံးဌာန (ODIHR) ၂၀၁၂ ခုနှစ် ပါလီမန်ရွေးကောက်ပွဲ အတွက် အစီရင်ခံစာတင်ရာတွင်အကြံပေးပြောကြားသည်မှာ “ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ဂုဏ်သိက္ခာ ပိုင်းဆိုင်ရာတို့အား ပြည်သူတို့ယုံကြည်မှုမြင့်တက်လာစေရန် အထူးလုပ်ဆောင်ချက် တာဝန်များအား

လုပ်ဆောင်သင့်သည်။ ထိုအချက်အတွင်းတွင် ပါဝင်သော်လည်း ကန့်သတ်မထားသော အရာများမှာ ရွေးကောက်ပွဲဆိုင်ရာနှင့် ပြည်နယ်အာဏာပိုင်တို့၏ လုပ်ဆောင်ချက်များအပေါ်တွင် ပွင့်လင်းမြင်သာမှု တိုးမြှင့်လိုက်ခြင်း မဲပေးရာတွင် လျှို့ဝှက်မှုရှိစေရန် မဲဆန္ဒရှင် အသိပညာပေးရေးတို့အား ထပ်မံတိုးမြှင့်ခြင်းနှင့် အင်အားတိုးမြှင့်ထားသော မဲအရောင်းအဝယ်လုပ်ခြင်းတို့အား ဆန့်ကျင်သောလှုပ်ရှားမှုများ” ဟူ၍ ဖြစ်သည်။[၁]

## ဥပဒေဆိုင်ရာ မူဘောင်

အာမေးနီးယား၏ အခြေခံဥပဒေတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းချက်များ လုံးဝမပါဝင်ချေ၊ သို့သော်လည်း ယေဘုယျ ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုထုတ်ပြန်ထားပြီး သမ္မတ၊ လွှတ်တော်နှင့် မြို့နယ်ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲတို့အတွက် အခြေခံပြဋ္ဌာန်းချက်ဥပဒေများကို အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုထားသည်။ ဥပမာအားဖြင့် မည်သူတို့က ရွေးကောက်ပွဲအားကျင်းပနိုင်သည်။ ရွေးကောက်ပွဲများမည်သည့်အချိန်တွင် ကျင်းပမည်နှင့် ရွေးကောက်ခံပြည်သူ့ပိုင်ရုံးများ၏အခြေခံတာဝန်များမှာ မည်သည်တို့ဖြစ်သည် အစရှိသည်တို့ဖြစ်သည်။ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာဥပဒေသည် ရွေးကောက်ပွဲများကို စီမံခန့်ခွဲရေးနှင့် ရွေးကောက်ပွဲ၏ အခြားသောရှုထောင့်များအပါအဝင်ကို စည်းကမ်းကြပ်မတ်သော အဓိက ဥပဒေစာတမ်းဖြစ်သည်။ ထိုဥပဒေ၏ ပုဒ်မ ၂ သည် EMB ၏ တည်ဆောက်ပုံ၊ အခန်းကဏ္ဍ၊ တာဝန်နှင့်အရည်အချင်းပြည့်မီ ရေးတို့အတွက် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်သည်။ ၎င်းသည်EMB အား စည်းမျဉ်းဥပဒေအတွင်းတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိသော လုပ်ဆောင်စဉ်ဆိုင်ရာ ကိစ္စများ၏ စည်းမျဉ်းဆိုင်ရာ အက်ဥပဒေ/ဆုံးဖြတ်ချက်များကို ကျင့်သုံးခွင့်အာဏာကို ပေးအပ်လေသည် (ဥပမာအားဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ မှတ်ပုံတင်စာရင်းရေးသွင်းမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ လျှို့ဝှက်မဲပုံစံများ)[၂]

## EMB ၏ အသင်းအဖွဲ့ဆိုင်ရာ တည်ဆောက်ပုံ

အာမေးနီးယားနိုင်ငံရှိ ရွေးကောက်ပွဲများမှာ အဆင့်သုံးဆင့်ခွဲထားသော ကော်မရှင်များနှင့် စီမံခန့်ခွဲထားခြင်းဖြစ်သည်။ CEC (ဗဟို ရွေးကောက်ပွဲ ကော်မရှင်)၊ မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်များ (ConECs) နှင့် စီရင်စုဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်များ (PECs) ဖြစ်ကြသည်။ CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) သည် တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများကျင်းပရေးနှင့် ၎င်းတို့၏ ဥပဒေရေးရာကိစ္စများအတွက် အဓိကတာဝန်ရှိသော ဌာနဖြစ်သည်။ ConEC (မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) များသည် လက်ရှိရှိသော ၄၁ ခုသော မဲဆန္ဒနယ်များ၏ အရေအတွက်ကိုလိုက်၍ ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။နိုင်ငံအဆင့် ရွေးကောက်ပွဲများတွင် ၎င်းတို့ဘက်မှ မဲရုံများရှိရလဒ်များကို စုစည်းကာလွှဲပြောင်းပေးပြီး စီရင်စုအဆင့်ရှိ ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကို ကိုင်တွယ် ဖြေရှင်းပေးသည်။ မြို့နယ်အဆင့် ရွေးကောက်ပွဲများတွင် ၎င်းတို့သည် အားလုံးခြုံငုံကျင်းပခြင်းနှင့် မြို့နယ်အဆင့် ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၌ တာဝန်ရှိသော CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) ၏ လုပ်ဆောင်ချက်များနှင့် တူသည့် တာဝန်များကို ဆောင်ရွက် ပေးရလေသည်။ PEC (စီရင်စု ရွေးကောက်ပွဲကော်မရှင်) များသည် ဆန္ဒမဲကောက်ခံခြင်းများ ကျင်းပခြင်းနှင့် မဲဆန္ဒနယ်များ ရေတွက်ရန် ( ပျမ်းမျှအားဖြင့် ၁၈၀၀-၂၀၀၀ မဲဆန္ဒရှင်များရှိသည်) ဖွဲ့စည်းထားခြင်းဖြစ်သည်။ CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) နှင့် ConEC (မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) များသည် ခြောက်နှစ်တာဝန်ထမ်းဆောင်ခွင့် သက်တမ်းရှိသော ပုံသေဖွဲ့စည်းထားသည့် ဌာနများဖြစ်ပြီး PEC (စီရင်စု ရွေးကောက်ပွဲကော်မရှင်) များသည် ရွေးကောက်ပွဲကာလများအတွက်သာ ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။

## EMB ၏ အာဏာနှင့် လုပ်ဆောင်ချက်များ

ဥပဒေအရ EMB တွင် -

- ရွေးကောက်ပွဲဆိုင်ရာဥပဒေများ ညီတူမျှတူကျင့်သုံးရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်းနှင့် အခြားသော အောက်အဆင့်ရှိ ဥပဒေဆိုင်ရာ လုပ်ရပ်များသည်လည်း ဥပဒေနှင့် ညီစေရန်၊
- CEC (ဗဟို ရွေးကောက်ပွဲ ကော်မရှင်) နှင့် အောက်အဆင့်ရှိ ကော်မရှင်များအတွက် စည်းမျဉ်းနှင့် လုပ်ဆောင်စဉ်များ ကျင့်သုံးခြင်း၊
- ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများနှင့် ပါတီများအား မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် ရွေးချယ်ခြင်းနှင့် ပါတီ၏ဘဏ္ဍာရေးလှုပ်ရှားမှုများအား ကြီးကြပ်စောင့်ကြည့်ခြင်း၊
- ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒနယ်များအား ကန့်သတ်သတ်မှတ်ခြင်း၊ ( စီရင်စုများအား ကန့်သတ်ပိုင်းခြားခြင်းကို ရဲမှလုပ်ပြီး မဲဆန္ဒရှင်စာရင်းကောက်ယူခြင်းအတွက်လည်း ၎င်းတို့တွင် တာဝန်ရှိသည်)
- ရွေးကောက်ပွဲဆိုင်ရာ အရာရှိများအား ကျွမ်းကျင်မှုဆိုင်ရာ တိုးတက်ရေးနှင့် စစ်မှန်ကြောင်း အတည်ပြုပေးရေး၊
- လေ့လာစောင့်ကြည့်သူများနှင့် မီဒီယာများအား စစ်မှန်ကြောင်း ထောက်ခံအတည်ပြုပေးခြင်း၊
- ရွေးကောက်ပွဲ ဘတ်ဂျက်ငွေအား ကြီးကြပ်စောင့်ကြည့်ခြင်း၊
- ရွေးကောက်ပွဲဆိုင်ရာ စာရွက်စာတမ်းများ၏ နမူနာပုံစံများနှင့် ပုံစံများအား သတ်မှတ် အဓိပ္ပာယ်ဖွင့်ဆိုပေးခြင်း (လျှို့ဝှက်မဲစာရွက်များ မဲရေတွက်ခြင်းဆိုင်ရာ လုပ်ဆောင်စဉ်များ အစရှိသည်ဖြင့်)နှင့် ၎င်းတို့အား ဖြည့်စွက်ပုံနှင့် ထိန်းသိမ်းပုံနှင့်
- မဲဆန္ဒရှင်များအား သတင်းအချက်အလက် ဖြန့်ဝေပြောကြားခြင်း အစရှိသည်တို့ဖြစ်သည်

မဲဆန္ဒရှင်စာရင်း စုစည်းမှုသည် ရဲများမှဆောင်ရွက်ခြင်းဖြစ်ပြီး (ပုဂ္ဂလိက ရုပ်သံလိုင်းများကို လိုင်စင်ချပေးပြီး ကြီးကြပ်စောင့်ကြည့်သော) အမျိုးသား ရုပ်မြင်သံကြားနှင့် ရေဒီယိုကော်မရှင်နှင့် ပြည်သူ့ရုပ်မြင်သံကြားနှင့် ရေဒီယိုကောင်စီက မီဒီမှတစ်ဆင့် မဲဆွယ်ခြင်းကို စည်းကမ်းကြီးကြပ်လေသည်။

## EMB ဖွဲ့စည်းပုံ

၂၀၁၁ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသည် EMB ၏ ဖွဲ့စည်းပုံအား ပါတီအခြေပြုမှ ပညာရှင်အခြေပြုစနစ်သို့ ပြောင်းလဲလိုက်သည်။ CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) သည် လူ့အခွင့်အရေး ကာကွယ်သူ (အဖွဲ့ဝင်သုံးဦး) ဗဟိုတရားရုံးချုပ်ရှေ့နေ (အဖွဲ့ဝင်နှစ်ဦး) နှင့် Cassation တရားရုံး (အာမေနီးယားနိုင်ငံ၏ တရားရုံးချုပ်ဖြစ်ပြီး အဖွဲ့ဝင်နှစ်ဦး ပါဝင်သည်) တို့မှ အဆိုတင်သွင်းပြီး သမ္မတမှ ခန့်အပ်ထားသော အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းထားသည်။

CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) ၏ အထွေထွေအတွင်းရေးမှူးဌာနတွင် ပုံသေခန့်အပ်ထားသော အရပ်ဖက်ဆိုင်ရာ လူမှုဝန်ထမ်း ၂၅ ဦး ဖြင့် ဖွဲ့စည်းထားသည်။ ConEC (မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်)များသည်လည်းအဖွဲ့ဝင်ခုနစ်ဦးဖြင့်ဖွဲ့စည်းထားခြင်းဖြစ်ပြီးလာရောက်လျှောက်ထားသူများအနက်မှ CEC က ရွေးချယ်ကာ လူသိရှင်ကြားကြေငြာထားခြင်းဖြစ်သည်။ ကျား၊မ လိင်အချိုးအစားတွင်လည်း CEC (ဗဟို ရွေးကောက်ပွဲ ကော်မရှင်) မှ ကော်မရှင်အရာရှိနှစ်ဦး နှင့် ConEC (မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) တစ်ခုချင်းစီတွင် လူနည်းစုဖြစ်သော လိင်အမျိုးအစားတစ်ဦးစီပါရမည် ဟူ၍ဖြစ်သည်။ PEC (စီရင်စု ရွေးကောက်ပွဲကော်မရှင်) များသည်လည်း အဖွဲ့ဝင် ခုနစ်ဦး

နှင့်အထက်တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ထိုအဖွဲ့ဝင်များမှာ လွှတ်တော်ထဲရှိ နိုင်ငံရေးပါတီများနှင့် အဖွဲ့ဝင်နှစ်ဦးပါသော CEC က ခန့်အပ်ထားခြင်းဖြစ်သည်။ CEC ဥက္ကဋ္ဌများ ဒုဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများသည် ကော်မရှင်အဖွဲ့ဝင်များ ၎င်းတို့အချင်းချင်းကြားထဲမှ ပြန်လည်ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်သည်။ PEC (စီရင်စု ရွေးကောက်ပွဲကော်မရှင်) ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏ နေရာကဏ္ဍများသည် နိုင်ငံရေးပါတီများက တင်မြှောက်ထားသူများအနက်မှ CEC က ခွဲဝေ ခန့်အပ်ထားခြင်းဖြစ်သည်။ ပြီးခဲ့သော လွှတ်တော်ရွေးကောက်ပွဲတွင် အချိုးကျ ပါဝင်ဖွဲ့စည်းထားသော ပါတီများထဲမှရရှိသော နေရာအချိုးကျအရ ခွဲဝေခန့်အပ်ထားခြင်းဖြစ်ပြီး လတ်တလောရွေးကောက်ပွဲ၏ရလဒ်မှာ ထိုရာထူးနေရာများ တစ်နိုင်ငံလုံးအနှံ့ ကွဲပြားကာ ပျံ့နှံ့လျက်ရှိသည်။ ရွေးကောက်ပွဲကော်မရှင်၏ ဖွဲ့စည်းပုံအရ OSCE/ODIHR လေ့လာစောင့်ကြည့်သူများက ၂၀၁၂ တွင် အစီရင်ခံစာတင်သည်မှာ ဒေသဆိုင်ရာအဆင့်ရှိ လွှတ်တော်တက်ပါတီများမှ ကိုယ်စားလှယ်များသည် ၎င်းတို့ဘက်မှ PEC (စီရင်စုရွေးကောက်ပွဲကော်မရှင်) အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ (ပါတီ လေ့လာစောင့်ကြည့်သူ)ကို ရွေးကောက်ပွဲစီမံခန့်ခွဲရေးဆိုင်ရာ ရာထူးမျိုးစုံတို့တွင် ရွေးချယ်သတ်မှတ်နိုင်ခွင့်ရှိသောကြောင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးတွင် ယေဘုယျအားဖြင့် ယုံကြည်မှုရှိကြောင်းပြသလာကြောင်းနှင့် အကြီးဆုံးဖြစ်သော လွှတ်တော်အပိုဆောင်း အင်အားစုကြီးမှာမူ PEC (စီရင်စု ရွေးကောက်ပွဲကော်မရှင်) များအတွင်းကိုယ်စားပြု ပါဝင်နိုင်ခြင်းမရှိသောကြောင့် ၎င်းအနေနှင့် မယုံကြည်ကြောင်းကို ပြသနေကြောင်းကို ပြောပြလေသည်။[၃] ၂၀၁၂ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲအတွက် OSCE/ODIHR တို့မှ လေ့လာစောင့်ကြည့်သော အစီရင်ခံစာတွင်ရွေးကောက်ပွဲစီမံခန့်ခွဲရေးအတွင်း ဖြစ်နိုင်ချေရှိသော အကျိုးစီးပွားဝိရောဓိများကို တားဆီးနိုင်သော ဥပဒေပြဋ္ဌာန်းချက်မပါသောကြောင့် ConEC (မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်)မှ အချို့သော ရာထူးများ ထိုကော်မရှင်များ၏ ဘက်လိုက်မှုကြောင့် ထိခိုက်နိုင်ကြောင်းကို စိုးရိမ်ကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။[၄]

## EMB ၏ ဘဏ္ဍာရေး

ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ရွေးကောက်ပွဲကော်မရှင်တစ်ခု လည်ပတ်နိုင်ရေးအတွက် ဘဏ္ဍာငွေသည် ပြည်နယ်ဘဏ္ဍာ အတွင်းမှ လာခြင်းဖြစ်သည်။ ရွေးကောက်ပွဲများ စောစောစီးစီး ကျင်းပခဲ့ပါလျှင်သို့မဟုတ် ပြည်နယ်ဘဏ္ဍာမှ လုံလောက်သောဘတ်ဂျတ်ငွေကို ချန်မထားမိပါက အာမေနီးယားဗဟိုဘဏ်မှ သီးသန့်ဖယ်ထားသော ဘဏ္ဍာငွေများကို ရွေးကောက်ပွဲအတွက် အသုံးချမည်ဖြစ်သည်။ ထိုကဲ့သို့လည်း မဖြစ်နိုင်ပါက CEC မှ ပုဂ္ဂလိကဘဏ်များထံမှ ငွေချေးယူမည်ဖြစ်သည်။ EMB ဘက်မှ ၎င်း၏ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲမဟုတ်သောကာလအတွင်း အသုံးပြုမည့် ကိုယ်ပိုင်ဘတ်ဂျတ်ငွေကို စာရင်းအကြမ်းပြုစုပြီး အစိုးရထံသို့ တင်သွင်းရသည်။ ထိုစာရင်းအကြမ်းထဲတွင်ပါသော နှစ်စဉ်ဘတ်ဂျတ်ငွေစာရင်းကို လွှတ်တော်မှ အတည်ပြုရသည်။

ဥပဒေက EMB ကိုအခြားသော ရင်းမြစ်များထံမှ နိုင်ငံခြားအလှူရှင်များအပါအဝင် ငွေကြေးလက်ခံရယူခြင်းကို တားမြစ်ထားသည်။ အခြားသော တစ်ဖက်တွင်လည်း ထိုစည်းမျဉ်း စည်းကမ်းသည် EMB အား မိမိကိုယ်ကို ပိုမိုအားကိုးစေပြီး ပြည်နယ်ဘဏ္ဍာများကို ရွေးကောက်ပွဲ ကုန်ကျစရိတ်အတွက် အားလုံးကျခံရစေသည်။ အခြားတစ်ဖက်တွင် ထိုအချက်က ၎င်း၏ ပြည်နယ်ဘဏ္ဍာမှ ထောက်ပံ့ရန်မတတ်နိုင်သော (သို့မဟုတ် မသင့်တော်ဟုသတ်မှတ်ထားသော) အသစ်ထပ်ပေါင်း တိုးတက်ရေးဆိုင်ရာ စီမံကိန်းများအတွက် ဘဏ္ဍာငွေမတည်ရန်အခွင့်အလမ်းများကို ကန့်သတ်လိုက်ခြင်း ဖြစ်သည်။[၅]

ရွေးကောက်ပွဲကာလမဟုတ်သော အချိန်များတွင် ဝန်ထမ်းများနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ကုန်ကျစရိတ်များအတွက် EMB ၏ ဘဏ္ဍာငွေများကို ကန့်သတ်ထားသည် သို့သော်လည်း ထိုအချိန်

ကာလသည် စီမံကိန်းသစ်များ စတင်ရန်အတွက် စံပြအချိန်ကောင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးရေးလှုပ်ရှားမှုများ၊ ရွေးကောက်ပွဲဆိုင်ရာ ရင်းနှီးမြှုပ်နှံသူ အမျိုးမျိုးတို့အတွက် ပညာရှင်ဆန်ဆန်တိုးတက်ရေး စီမံကိန်းများ လုပ်ဆောင်ပေးခြင်းနှင့် အသင်းအဖွဲ့ဆိုင်ရာ တိုးတက်မှုတို့အတွက် လှုပ်ရှားမှုများဖြစ်သည်။ ထိုလိုအပ်ချက်ကလေးကို ဥပမာအားဖြင့် EMB အား ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်တို့၏ အသင်းအဖွဲ့ဆိုင်ရာတိုးတက်မှုနှင့် နည်းပညာအသစ်များ ထပ်မံဖြည့်စွက်ရန်အတွက် ရွေးကောက်ပွဲတွင် ထည့်ဝင်ထားသောငွေများကို ၁၅ ရာခိုင်နှုန်းအထိ သုံးစွဲနိုင်သည့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ ပုဒ်မ ၃၈.၇ က တစ်စိတ်တစ်ပိုင်း ဖြည့်စွက်ပေးထားပါသည်။[၆]

## EMB ၏ တာဝန်ခံနိုင်မှု

CEC ဘက်မှ နှစ်စဉ် ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ် အစီရင်ခံစာများကို အာမေနီးယားသမ္မတနိုင်ငံ ထိန်းချုပ်ရေးဌာန (လွှတ်တော်မှခန့်အပ်ထားသောဌာန) နှင့် အခြားတစ်ခုဖြစ်သော တစ်သီးပုဂ္ဂလကျွမ်းကျင်သူများနှင့် CEC အထွေထွေအတွင်းရေးမှူးဌာနမှ အဖွဲ့ဝင်များနှင့် ပါဝင်ဖွဲ့စည်းထားသောကြီးကြပ်ရေးနှင့် စာရင်းစစ်ဌာနသို့ တင်သွင်းရသည်။ ဘဏ္ဍာရေးအစီရင်ခံစာအပြင် ရွေးကောက်ပွဲတစ်ခုပြီးတိုင်း သုံးလအတွင်း CEC ဥက္ကဋ္ဌမှ အမျိုးသားလွှတ်တော်သို့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးနှင့် သက်ဆိုင်သော အစီရင်ခံစာတင်ရလေသည်။ CEC သို့တင်ရသော ထိုအစီရင်ခံစာကို ConEC (မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) များမှ ရေးသားရလေသည်။ EMB နှင့် ရွေးကောက်ပွဲတရားမျှတမှု၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအောက်၊ ဆုံးဖြတ်ချက်အောက်၊ လုပ်ရပ်အောက်နှင့် ရွေးကောက်ပွဲကော်မရှင်၏ အရေးယူမှုမရှိပါက အထက်ကော်မရှင်သို့ အသနားခံစာတင်နိုင်လေကာ ထို CEC သို့ တိုင်ကြားချက်များသည်လည်း စီမံညွှန်ကြားရေးဆိုင်ရာ တရားရုံး၏ စီရင်မှုအောက်တွင် ရှိလေသည်။ ပြည်တွင်းနှင့် ပြည်ပမှရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် EMB ၏ ရွေးကောက်ပွဲဆိုင်ရာပဋိပက္ခများကို ဖြေရှင်းပုံအားဝေဖန်ခဲ့ကြလေသည်။ OSCE/ODIHR ၏ ၂၀၁၂ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော လေ့လာစောင့်ကြည့်မှု အစီရင်ခံစာတွင် ဖော်ပြထားသည်မှာ "ရွေးကောက်ပွဲကော်မရှင် နှင့် တရားရုံး၏ ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းပုံသည် မကြာခဏဆိုသလိုပင် ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့၏ တိုင်ကြားချက်များကို ထိထိရောက်ရောက် မစဉ်းစားပေးသကဲ့သို့ မကြာခဏဖြစ်စေသည်" ဟု ဖြစ်သည်။[၇] ရွေးကောက်ပွဲကော်မရှင်နှင့် တရားရုံးနှစ်ခုစလုံးတို့သည် မကြာခဏဆိုသလိုပင် တိုင်ကြားချက်များကို ကိုင်တွယ်ရာတွင်လုပ်ရိုးလုပ်စဉ် ပုံစံအတိုင်းသာ မကြာခဏချဉ်းကပ်လေ့ရှိသည်။ ထိုအခါတွင် တိုင်ကြားအစီရင်ခံချက်အများစုသည် ထည့်သွင်းစဉ်းစားရန် အပယ်ခံရလေ့ရှိခြင်း သို့မဟုတ် နည်းစနစ်မကျသောကြောင့် အပယ်ခံရခြင်းတို့ ဖြစ်လာသည်။[၈]

OSCE/ODIHR ၂၀၁၂ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအစီရင်ခံတွင် ထိုကဲ့သို့အကြံပေးထားသေးသည်။

> ရွေးကောက်ပွဲကော်မရှင်များ ၊ တရားဥပဒေစီရင်ရေး ဌာနများနှင့် တရားရုံးများသည် ဝင်ရောက်ယှဉ်ပြိုင်သူကိုယ်စားလှယ်များအတွက် ညီတူညီမျှဝင်ရောက် ယှဉ်ပြိုင်နိုင်သော နယ်ပယ်၊ မဲဆန္ဒရှင်များ၏ ဆန္ဒလွတ်လပ်ခွင့်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့၏ သိက္ခာရှိမှုကို ဖြစ်စေမည်ဖြစ်သော ဥပဒေ၏ရည်ရွယ်ချက်နှင့် အနှစ်သာရကိုထည့်သွင်းစဉ်းစားကာ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်ကို အကောင်အထည်ဖော်ခြင်း၊ လုပ်ဆောင် ထမ်းရွက်ခြင်းနှင့်အနက်ပြန်ဆိုခြင်းများ ပြုလုပ်သင့်သည်။ ထိုမှသာလျှင် မဲဝယ်ခြင်းနှင့်ဆိုင်သော ကိစ္စမျိုးနှင့် ကျောင်းများတွင် မဲဆွယ်ခြင်းနှင့် မဲဆွယ်ရာတွင် ပညာရေးဝန်ထမ်းနှင့် ကျောင်းသားများ ပါဝင်ခြင်းကို ပိတ်

ပင်ခြင်းတို့အား အနက်ပြန်ဆိုရရာတွင် ပါဝင်မည်ဖြစ်သည်။ ထပ်ပေါင်းပြောဆိုရလျှင် လက်ရှိရာထူးအား အလွဲသုံးစားပြုလုပ်ခြင်းနှင့် မဲဆွယ်ရာတွင် စီစဉ်ညွှန်ကြားမှုဆိုင်ရာအရင်းအမြစ်များကို အသုံးပြုခြင်းအား ထည့်သွင်းအရေးယူရန်အတွက် ရာဇဝတ်မှုဆိုင်ရာ ဥပဒေကို ပြင်ဆင်သင့်သည်။ မဲဆွယ်ရာတွင် အပုတ်ချနာမည်ဖျက်သော အကြောင်းအရာများပါဝင်သည့် အရာများဖြန့်ဝေခြင်းကို အရေးယူသော ဥပဒေအား ပယ်ဖျက်သင့်လေသည်။

## ရွေးကောက်ပွဲ အရာရှိများ၏ ကျွမ်းကျင်မှုအရည်အချင်း

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမှ ပညာအရည်အချင်းနောက်ခံနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုတို့အပါအဝင် ရွေးကောက်ပွဲ ကော်မရှင်အဆင့်အားလုံးအတွက် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု လိုအပ်ချက်များအား ထုတ်ပြန်ထားသည်။ CEC အဖွဲ့ဝင်များသည် -

- အဆင့်မြင့်ဥပဒေပညာတတ်ကျွမ်းရမည်ဖြစ်ပြီး လွန်ခဲ့သည့်ငါးနှစ်အတွင်း တာဝန်ထမ်းဆောင်သက် သုံးနှစ်ရှိရမည်။
- ဥပဒေဘာသာရပ်တွင်ဘွဲ့ ရရှိထားရမည်ဖြစ်ပြီး လွန်ခဲ့သည့်ငါးနှစ်အတွင်း တာဝန်ထမ်းဆောင်သက်သုံးနှစ်ရှိရမည်။
- အဆင့်မြင့် ပညာအရည်အချင်းရှိရမည်ဖြစ်ပြီး ပြီးခဲ့သည့် ဆယ်နှစ်အတွင်း ပြည်နယ်ဌာနများတွင်အနည်းဆုံးငါးနှစ် ပြည်သူ့တာဝန်ထမ်းဆောင်သက် ရှိရမည်။
- အဆင့်မြင့် ပညာအရည်အချင်းရှိရမည်ဖြစ်ပြီး လက်ရှိရွေးကောက်ပွဲကော်မရှင်တွင် သို့မဟုတ် အထက်ဖော်ပြပါ ဝန်ထမ်းအဖြစ်နှင့် လွန်ခဲ့သော ငါးနှစ်အတွင်းတွင် တာဝန်ထမ်းဆောင်သက် အနည်းဆုံး သုံးနှစ်ရှိရမည်ဖြစ်သည်။[၉]

ConEC (မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) အဖွဲ့ဝင်များအတွက်လည်း ထိုကဲ့သို့သော လိုအပ်ချက်များရှိသည်။ PEC (စီရင်စု ရွေးကောက်ပွဲကော်မရှင်) အဖွဲ့ဝင်များသည် စစ်မှန်ကြောင်း အတည်ပြုသောလုပ်ငန်းစဉ်ကို ပြီးဆုံးအောင် ထမ်းဆောင်ရမည်ဖြစ်သည်။ အနည်းဆုံးတစ်နှစ်တစ်ကြိမ် CEC ဘက်မှ နိုင်ငံအနှံ့ရှိ စီရင်စုများအားလုံးတွင် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုသင်ခန်းစာများ ကျင်းပပို့ချပေးလျက်ရှိပြီး နိုင်ငံရေးပါတီများလည်း ၎င်းတို့၏ အဖွဲ့ဝင်များနှင့် ထောက်ခံသူများ၏ စာရင်းကို တင်သွင်းနိုင်သည်။ ထိုသင်ခန်းစာ ပြီးမြောက်သွားသောအခါ အရည်အသွေးပြည့်မီခြင်းဆိုင်ရာ စစ်ဆေးမှုကို အောင်အောင်မြင်မြင် ဖြတ်ကျော်နိုင်သော သူများသည် ၎င်းတို့အား စီရင်စုရွေးကောက်ပွဲ ကော်မရှင်အရာရှိအဖြစ် အရွေးချယ်ခံနိုင်သော ထောက်ခံချက်လက်မှတ်ကို ထုတ်ပေးမည်ဖြစ်သည်။ ထိုအရည်အသွေးပြည့်မီမှုဆိုင်ရာစစ်ဆေးမှုတွင် ထိုပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု သင်ခန်းစာကိုတက်ရောက်ထားခြင်းမရှိသော ပြည်သူများလည်း ဝင်ရောက်ဖြေဆိုနိုင်သည်။ ထိုသင်ခန်းစာနှင့် စစ်ဆေးမှုတို့အား လူထုမီဒီယာ ကိုယ်စားလှယ်များနှင့် NGO များအတွက် ဖွင့်လှစ်ပေးထားလေသည်။ ထိုသင်ခန်းစာများအပြင် လေ့ကျင့်သင်ကြားပေးမှု (၂၀၁၂ တွင် IFES နှင့် ပေါင်း၍) ကို PEC (စီရင်စု ရွေးကောက်ပွဲကော်မရှင်)၏ ခန့်အပ်မှုဖြင့် ပြုလုပ်ခဲ့သည်။ ထိုသို့လုပ်နေသော်လည်း ရွေးကောက်ပွဲနေ့မတိုင်မီ အချိန်အနည်းငယ်အလိုတွင် PEC (စီရင်စု ရွေးကောက်ပွဲကော်မရှင်) အဖွဲ့ဝင်များအစုလိုက်အပြုံလိုက် ထွက်သွားလေ့ရှိသည်။ ၎င်းတို့ကို အစားထိုးရန်လူများမှာလည်း လေ့ကျင့်သင်ကြားရေး ဒုတိယအကြော့ မတက်ရသေးပေ။[၁၀] ထို့ကြောင့်ပင် ရွေးကောက်ပွဲဆိုင်ရာ အရာရှိများ၏ ပိုင်နိုင်ကျွမ်းကျင်မှုညံ့ဖျင်းလာပြီး ရွေးကောက်ပွဲနေ့တွင် စည်းကမ်းဖောက်ဖျက်မှုများ ပိုမိုဖြစ်ပေါ်လာသည်။ ConEC (မဲဆန္ဒနယ်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်) များအား လေ့ကျင့်သင်ကြားပေးခြင်းသည် ကော်မရှင်၏ဖွဲ့စည်းပုံနှင့် သက်ဆိုင်သည်။

CEC အဖွဲ့ဝင်များအတွက် လေ့ကျင့်သင်ကြားထားမှုရှိရန် မလိုအပ်ပါ။ ရှိရှိသမျှသော အထွေထွေ အတွင်းရေးမှူးဌာနဆိုင်ရာ အဖွဲ့ဝင်များသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ လက်ရှိနေရာမြဲရန်အတွက်စံနှုန်းသတ်မှတ်ထားသော ဥပဒေစာမေးပွဲကို သုံးနှစ်တစ်ကြိမ် ဖြေဆိုအောင်မြင်ရန် လိုအပ်သည်။[၁၁] CEC အထွေထွေ အတွင်းရေးမှူးဌာန အဖွဲ့ဝင်များ၏ အရပ်ဖက်ဝန်ထမ်းဆိုင်ရာ ရာထူးသည် ယခင်က ကော်မရှင်အသစ်ဖွဲ့စည်းတိုင်း မကြာခဏဖြစ်သော အထွေထွေအတွင်းရေးမှူးဌာန ဝန်ထမ်းပြောင်းလဲမှုများမှ ကာကွယ်ရန်နှင့် အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ်ကိုထိန်းသိမ်းရန်အတွက် ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

မေလ ၆ ရက်နေ့ ၂၀၁၂ လွှတ်တော်ရွေးကောက်ပွဲ၏ နောက်ဆုံး OSCE/ODIHR အစီရင်ခံစာအရ "ရွေးကောက်ပွဲ မတိုင်မီတွင်၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များသည် ခြုံငုံသုံးသပ်ပါက ပညာရှင်ဆန်ပြီးထိရောက်သော လုပ်ဆောင်ရပ်များဖြင့် စီမံကြီးကြပ်ထားခြင်း ဖြစ်လေသည်။ CEC နှင့် TEC များ [ConEC များ]သည်လည်း ထင်ရှားပြီး ပွင့်လင်းမြင်သာသော ပုံစံဖြင့်လုပ်ကိုင်ကာ ကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်သူများနှင့် မီဒီယာကိုယ်စားလှယ်များအား ၎င်းတို့အတွက် ဝင်ရောက်ကြည့်ရှုခွင့်နှင့် သတင်းအချက်အလက်များ ပေးလေသည်။ မည်သို့ပင်ဆိုစေကာ မူ CEC နှင့် TEC တို့၏ ဆုံးဖြတ်ချက်များသည် အတိုင်းအတာတစ်ခုထိသာ ပွင့်လင်းသော ဆွေးနွေးမှုများဖြင့် ရယူခဲ့သည်။ ထို့ကြောင့် ပွင့်လင်းမြင်သာမှု လျော့ကျသွားလေသည်။ လိုအပ်သော ရွေးကောက်ပွဲဆိုင်ရာပြင်ဆင်မှုများကို ဥပဒေမှ သတ်မှတ်ထားသောကာလအတွင်း ဆောင်ရွက်သွားသည်" ဟု ပြောကြားလေသည်။ ထိုအစီရင်ခံစာမှာပင် ထောက်ပြထားသည်မှာ CEC ဘက်မှ "တစ်နိုင်ငံလုံးအနှံ့ TEC နှင့် PEC (စီရင်စု ရွေးကောက်ပွဲကော်မရှင်) အဖွဲ့ဝင် အများစုကို လေ့ကျင့်သင်ကြားပေးရေး ကျင်းပပြုလုပ်ခဲ့သည်။ OSCE/ODIHR သက်တမ်းရင့် လေ့လာစောင့်ကြည့်သူများ၏ သုံးသပ်ချက်အရ PEC (စီရင်စု ရွေးကောက်ပွဲကော်မရှင်) လေ့ကျင့်သင်ကြားရေးမှာ ခြုံငုံကြည့်လျှင် အခြေအနေကောင်းပါသည်။ သို့သော်လည်း ရွေးကောက်ပွဲညတွင်မဲရေတွက်ရာ၌ PEC (စီရင်စု ရွေးကောက်ပွဲကော်မရှင်)အနေနှင့် မဲရေတွက်ခြင်းဆိုင်ရာ ပြဿနာများကိုရင်ဆိုင်ခဲ့ရသည်" ဟူ၍ ဖြစ်သည်။ OSCE/ODIHR ဘက်မှ ထပ်မံအကြံပြုသည်မှာ "ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ လေ့ကျင့်သင်ကြားပေးရေးကို ဆက်လက်သင်ကြားသင့်ပြီး အဆင့်မြှင့်သင့်ကာ အထူးသဖြင့် မဲရေတွက်ခြင်းနှင့် မဲစာရင်းစီခြင်း လုပ်ငန်းစဉ်များကို အထူးဂရုပြုသင်ကြားပေးသင့်သည်" ဟု ဖြစ်သည်။[၁၂]

## မီဒီယာနှင့် ဆက်ဆံရေး

မည်သည့် ပြည်သူနှင့်ဆက်သွယ်ရေးဆိုင်ရာ ပြဿနာမှ ပြည်တွင်းပြည်ပ လေ့လာစောင့်ကြည့်သူများထံမှ အစီရင်ခံစာတက်မလာပေ။ မီဒီယာဘက်မှလည်းတက်မလာသလို EMB ဘက်မှလည်း တက်မလာပေ။ EMB ဘက်မှ ပုံမှန်အားဖြင့် ပြည်သူ့အတွက် သတင်းအချက်အလက်များကို ပညာရှင်ဆန်ဆန်ချမှတ်ပေးခြင်း မီဒီယာများအား လာမည့်ပွဲများအကြောင်း အကြောင်းကြားခြင်း၊ မကြာခဏ တွေ့ဆုံပွဲများ ပြုလုပ်ခြင်း၊ ရွေးကောက်ပွဲကာလအတွင်း စာနယ်ဇင်းရှင်းလင်းပွဲများ ပြုလုပ်ခြင်းနှင့် ၎င်း၏ တရားဝင် ဝဘ်ဆိုက်အား ထပ်မံဖြည့်စွက်ခြင်းတို့ ဖြစ်သည်။ CEC ပွဲများသည် အများအားဖြင့် မီဒီယာများမှ တက်ရောက်လေ့ရှိပြီး အထူးသဖြင့် ရွေးကောက်ပွဲကာလတွင် ဖြစ်သည်။

CEC (ဗဟို ရွေးကောက်ပွဲ ကော်မရှင်) နှင့် NCTR (ရုပ်မြင်သံကြားနှင့် ရေဒီယိုအတွက် နိုင်ငံလုံးဆိုင်ရာ ကော်မရှင်)တို့မှ နီးနီးကပ်ကပ်ပူးတွဲ၍ အလုပ်လုပ်ပြီး CEC ဘက်မှလည်း ရွေးကောက်ပွဲသတင်းအစီရင်ခံစာ တင်နေစဉ် သို့မဟုတ် မီဒီယာမဲဆွယ်မှုနှင့်ပက်သက်ပြီး ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကို

ကိုင်တွယ်ရာတွင် NCTR (ရုပ်မြင်သံကြားနှင့် ရေဒီယိုအတွက် နိုင်ငံလုံးဆိုင်ရာကော်မရှင်) မှ ဒေတာ အချက်အလက်များကို မှီခိုရသည်။

NCTR (ရုပ်မြင်သံကြား နှင့် ရေဒီယိုအတွက် နိုင်ငံလုံးဆိုင်ရာ ကော်မရှင်)၏ အဖွဲ့ဝင် ရှစ်ဦး အနက်မှ တစ်ဝက်မှာ လွှတ်တော်မှ ၆ နှစ်သက်တမ်းဖြင့် ရွေးချယ်ထားခြင်းဖြစ်ပြီး တစ်ဝက်မှာ သမ္မတမှ ရွေးကောက်တင်မြှောက်ထားခြင်း ဖြစ်သည်။ သမ္မတမှနေ၍လည်း ပြည်သူ့ရုပ်မြင်သံကြားနှင့် ရေဒီယို ကောင်စီမှ အဖွဲ့ဝင်ငါးဦးကို ခန့်အပ်လေသည်။ ရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီရင်ခံစာတို့ကလည်း ၂၀၀၃ ခုနှစ်မှစ၍ မီဒီယာဖော်ပြမှု ပိုမိုညီမျှမှုရှိစေရေးအတွက် သက်ဆိုင်ရာ ပြဿနာများကို အမြဲမပြတ် ရှာဖွေဖော်ထုတ်လျက်ရှိသည်။[၁၃] ဖော်ပြချက်များသည် လွှတ်တော် ရွေး ကောက်ပွဲများအတွက်ဆိုလျှင် ပိုမိုပြီးဟန်ချက်မျှလေပြီး သမ္မတရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်မှုတွင် တာဝန်ရှိသူများ သို့မဟုတ် အစိုးရဘက်မှ ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများသည် အတိုက်အခံပါတီများထက် ပို၍အကောင်းဘက်မှ ဖောင်းပေးသော ဖော်ပြချက်များကို အမြောက်အမြား စဉ်ဆက်မပြတ်ရရှိလေသည်။လူထု ရုပ်သံလွှင့်ဌာနများအနေနှင့်လည်း အစိုးရ၏ပြင်းပြင်းထန်ထန် လွှမ်းမိုး မှုကို ခံထားရသောကြောင့် စည်းကမ်းဖောက်ဖျက်သော်လည်း အရေးယူပိတ်ဆို့ခြင်း မခံရချေ။ ပုဂ္ဂလိက ရုပ်သံလွှင့်ဌာနများမှာမူ ၂၀၁၂ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် ဘက်လိုက်သောဖော်ပြမှုများအတွက် စီမံကြီးကြပ်ရေးဆိုင်ရာ ပြဿနာများကိုရင်ဆိုင်ခဲ့ရကာ တစ်ခုမှာမူ ယူရို ၂၀၀၀ ခန့်ကို ရွေးကောက်ပွဲ ကာလအတွင်း ဆိတ်ဆိတ်နေရမည့်အချိန်ကို စည်းကမ်းဖောက်ခြင်းကြောင့် ဒဏ်တပ်ခံခဲ့ရသည်။ ဘက် လိုက်သော ဖော်ပြမှုများနှင့်ဆိုင်သော စည်းကမ်းဖောက်ဖျက်မှုများမှာမူ အရေးယူခြင်းမခံခဲ့ရပေ။

## အခြားသော အသင်းအဖွဲ့များ၊ ကိုယ်စားလှယ်ဌာနများနှင့် ဆက်ဆံရေး

EMB ကိုယ်တိုင်ကလည်း ရွေးကောက်ပွဲတွင်ပါဝင်သော အခြားသော ပြည်နယ်ကိုယ်စားလှယ် ဌာနများနှင့် ကောင်းမွန်စွာ ယှဉ်တွဲလုပ်ကိုင်နိုင်ခဲ့သည်။ ၎င်းတို့တွင် ရဲ (မဲဆန္ဒရှင်စာရင်းအတွက် တာဝန် ရှိသူ) NCTR (ရုပ်မြင်သံကြားနှင့် ရေဒီယိုအတွက် နိုင်ငံလုံးဆိုင်ရာ ကော်မရှင်)နှင့်၏ ပြည်သူ့ရုပ်မြင်သံကြား နှင့် ရေဒီယိုကောင်စီ (မီဒီယာ စောင့်ကြည့်ရေးအတွက် တာဝန်ရှိသူ) နှင့် မြို့နယ်အစိုးရ (CEC ၏ ဆုံးဖြတ် ချက်အရ မဲရုံနေရာများကို ချမှတ်ပေးသူ၊ မဲရုံပုံစံရေးဆွဲပေးသူ အစရှိသည်ဖြင့်) ပါဝင်သည်။[၁၄]

အထက်ကြီးကြပ်စီမံရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဌာနခွဲမဏ္ဍိုင်များသည် EMB ၏ ဆက်ဆံရေးသည် အတန်ငယ်မျှ ပူးပေါင်းလက်တွဲမှုရှိပါသည်။ အာမေးနီးယားတွင် ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဌာနခွဲမဏ္ဍိုင်များသည် အင်အားကောင်းကောင်းနှင့် ချိတ်ဆက်ထားပြီး အမှီအခို လည်း သိပ်မကင်း တစ်သီးပုဂ္ဂလမဆန်ဘဲ သို့မဟုတ် တစ်ဖက်နှင့်တစ်ဖက် အတိုက်အခံပြုခြင်းတို့လည်း သိပ်မရှိကြပေ။ EMB ကို ထိုအုပ်ချုပ်ရေးအထက်တန်းလွှာအဖွဲ့၏ တစ်စိတ်တစ်ပိုင်းဟုပင် သတ်မှတ် ထားပြီး ထိုအတိုင်းပင် ပြုမူလုပ်ရှားရလေသည်။

တစ်သီးပုဂ္ဂလ အမှီအခိုကင်းသော NGO များ၊ အထူးသဖြင့် ထင်ရှားသော လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲ စောင့်ကြည့်ရေး အဖွဲ့အစည်းများသည် EMB ၏ အခြေအနေနှင့် လုပ်ကိုင်မှုများအား အထူး ပင် သတိထားသည်။ အခြားသော နည်းပညာတို့ကို ပိုမိုအာရုံစိုက်သော အဖွဲ့အစည်းများတွင်လည်း EMB နှင့်နည်းစနစ်တကျ ပူးပေါင်းပြီး လက်တွဲလုပ်ဆောင်လျက်ရှိသည်။ ဥပမာအားဖြင့် မဲဆန္ဒရှင် အသိပညာ ပေးရေးလှုပ်ရှားမှုနှင့် မသန်စွမ်းသူတို့နှင့် အဆင်ပြေသောမဲရုံများ အစရှိသည်တို့ဖြစ်သည်။

CEC (ဗဟို ရွေးကောက်ပွဲ ကော်မရှင်) ဘက်ကလည်း ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ပေးသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းခြင်းကို ပြုလုပ်ပါသည်။ နိုင်ငံခြားအဖွဲ့အစည်းများက ရွေးကောက်ပွဲများကို ဘဏ္ဍာငွေထောက်ပံ့ခြင်းနှင့် CEC အတွက် တရားဝင်အလှူရှင်များ မဟုတ်သော်လည်း ရွေးကောက်ပွဲဆိုင်ရာ စီမံကိန်းများသည် သာမန်အားဖြင့် CEC နှင့် ပူးပေါင်းလုပ်ဆောင်လေ့ရှိသည်။

## EMB တစ်ခု၏ ကြာရှည်လုပ်ကိုင်နိုင်ခြင်း

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေက ရွေးကောက်ပွဲနှင့် EMB တို့သည် ပြည်နယ်ဘက်ဂျက်ထဲမှ ရွေးကောက်ပွဲနှင့်ရွေးကောက်ပွဲမဟုတ်သော ကာလများတွင် ဘဏ္ဍာငွေရရှိမည်ဟု အာမခံထားလေသည်။ EMB ၏ အထွေထွေအတွင်းရေးမှူးဌာနကို အရပ်ဖက်ဆိုင်ရာ သက်တမ်းရှည် စာချုပ်ချုပ်ဆိုထားသော ဝန်ထမ်းများနှင့်ဖွဲ့စည်းထားခြင်းသည်လည်း ကြာရှည်လုပ်ကိုင်နိုင်စွမ်းနှင့် အဖွဲ့အစည်း၏ အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ်တို့ကို အထောက်အကူပြုလေသည်။

ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲကျင်းပရန်အတွက် ယာယီဝန်ထမ်း ဆယ်ဦးခန့်ကို ခန့်ထားရလေ့ရှိသည်။ ကန့်သတ်ထားသော ဘဏ္ဍာငွေက ရွေးကောက်ပွဲမဟုတ်သော ကာလများတွင် စီမံကိန်းများ တိုးတက်အောင်လုပ်ရေးနှင့် အကြံဉာဏ်သစ်များ အကောင်အထည်ဖော်ခြင်းတို့ကို ဖြစ်နိုင်ချေ အင်မတန်မှနည်းလေသည်။

## နည်းပညာသစ်များ

အာမေးနီးယား EMB သည် ရွေးကောက်ပွဲရလဒ်များစီစဉ်ရာတွင် ပွင့်လင်းမြင်သာမှုကို ပေးစွမ်းနိုင်မည်ဖြစ်သော CEC နှင့် ConEC များအကြား ကွန်ယက်ချိတ်ဆက်မှု ဖန်တီးရာမှ ဖြစ်ပေါ်လာသော အောင်မြင်မှု တစ်ခုဟု သတ်မှတ်ထားကြသည်။ မဲဆန္ဒနယ်အဆင့်ရှိ အချက်အလက်များကို ကွန်ပြူတာနှင့် ဖြည့်ပြီးနောက်တွင် ရလဒ်များသည် CEC ၏ကွန်ယက်တွင်ပေါ်လာပြီး ချက်ခြင်းပင် CEC မီဒီယာဌာနမှ ထုတ်ဖော်ကြေငြာလိုက်လေသည်။ အနာဂတ်စီမံကိန်းများတွင် CEC ၏ အစည်းအဝေးများအားလုံးကို မဲဆန္ဒနယ်အတွင်းရှိ ConEC များမှ အွန်လိုင်းမှတစ်ဆင့် လိုက်မှီနိုင်စေရန် ထုတ်လွှင့်ပေးရန် ပါဝင်သည်။

ပြီးခဲ့သည့် နှစ်များတွင် CEC မှ ၎င်း၏ ဝဘ်ဆိုက်ကို ပြောင်းလဲခဲ့သည်။ ၎င်းတို့မှာ ယခုအချိန်တွင် အာမေးနီးယားနှင့် အင်္ဂလိပ်ဘာသာစကား နှစ်မျိုးတို့ဖြင့် ရရှိနိုင်ပြီဖြစ်သည်။ ထိုဝဘ်ဆိုက်တွင် CEC အကြောင်းအချက်အလက်များနှင့် ပြီးခဲ့သောအတိတ်နှင့် နောင်လာမည့် ရွေးကောက်ပွဲများအကြောင်း အချက်အလက်များပါဝင်ကာ ရွေးကောက်ပွဲနှင့် တရားဥပဒေဆိုင်ရာ စာရွက်စာတမ်းများအား ကြည့်ရှုနိုင်ခွင့် အဆင့်ထိကို ပေးထားသည်။

ကန့်သတ်ထားသော အီလက်ထရောနစ် မဲပေးစနစ်သည် ၂၀၁၁ တွင် စတင်မိတ်ဆက်ခဲ့သည်။ သက်ဆိုင်ရာ ကိုယ်စားလှယ်နက် သံရုံးနှင့် ကောင်စစ်ဝန်ရုံးတို့၏ မိသားစုဝင်များသာ ပါဝင်ရန် လိုအပ်ပြီး နိုင်ငံခြားတိုင်းပြည်များတွင် ဌာနခွဲရှိသော အာမေးနီးယားတွင် မှတ်ပုံတင်ထားသော တရားဝင် ဝန်ထမ်းအဖွဲ့ဝင်များသာလိုအပ်သည် (စုစုပေါင်း အယောက် ၂၀၀ လောက်သာရှိသည်) အခြားသော နိုင်ငံသားများအတွက်မူ နိုင်ငံခြားမှ မဲပေးပိုင်ခွင့် မရသေးပါ။

## ရွေးကောက်ပွဲ ပြန်လည်ပြင်ဆင်ရေးကို စီမံကိုင်တွယ်ခြင်း

EMB ဘက်မှ လွှတ်တော်အတွင်းတွင် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းတို့ကို ပြုလုပ်ရန် စတင် တောင်းဆိုပိုင်ခွင့် မရှိသေးချေ။ ထိုအချက်မှာ ပုံမှန်အားဖြင့် အစိုးရမှ တစ်ဆင့်လုပ်ရခြင်းဖြစ်သည်။ အစိုးရမှာပင် ဥပဒေဆိုင်ရာ အသစ်ပြောင်းလဲရန်အတွက် အခြေခံဥပဒေမှ ပြဋ္ဌာန်းထားသော အခွင့် အရေး ရှိလေသည်။ လက်တွေ့ကျင့်သုံးရာတွင် EMB ဘက်မှလည်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ ပြန်လည် ပြင်ဆင်ရာတွင် အတိုင်းအတာတစ်ခုထိ ကောင်းကောင်းရေးဆွဲပေးနိုင်ခဲ့သည်။ သို့သော်လည်း ၎င်းအနေ နှင့် လွှတ်တော်သို့မတင်မီ အစိုးရနှင့် ညှိနှိုင်းရဦးမည်ဖြစ်ကာ လွှတ်တော်မှ EMB ၏ လွတ်လပ်မှုကို ကန့် သတ်ထားသောကြောင့်ဖြစ်သည်။

## အခွင့်အလမ်းများနှင့် ကန့်သတ်မှုများ

အာမေးနီးယား ဥပဒေတွင် ဒီမိုကရေစီဆန်သော ရွေးကောက်ပွဲတစ်ခုကျင်းပရန်အတွက် ခိုင်မာ သော အုတ်မြစ်ချပေးထားလေသည်။ နည်းပညာပိုင်းဆိုင်ရာ (ကျင့်ဝတ်နှင့် မညီပါလျှင်) ကျွမ်းကျင် ပညာရှင် ဆန်မှုသည် လွန်ခဲ့သော အနှစ်နှစ်ဆယ်မှစ၍ တဖြည်းဖြည်း တိုးတက်လာခဲ့လေသည်။ မည်သို့ပင်ဆိုစေ ကာမူ ရွေးကောက်ပွဲဆိုင်ရာ ဂုဏ်သိက္ခာသည် EMB ၏ ယနေ့ရင်ဆိုင်နေရသော ပြဿနာပင်ဖြစ်သည်။ ၎င်းကိုနိုင်ငံရေးအုပ်ချုပ်သူ အထက်တန်းလွှာတို့မှ ထိန်းချုပ်ထားပြီး ၎င်းသည်လည်း အဂတိကင်းသော ကျင့်ဝတ်နှင့်ညီသော အဖွဲ့အစည်းမဟုတ်ချေ။ နိုင်ငံရေးဦးတည်ချက်နှင့် အပြုသဘောဆောင်သော စနစ် တကျ ပြောင်းလဲမှုများသည် ထိုအချက်ကိုပြောင်းလဲရန် လိုအပ်နေပြီ ဖြစ်သည်။ တိုင်းသူပြည်သားများ အားလုံးကို ဒီမိုကရေစီဆိုင်ရာ အသိပညာပေးရေး ထိထိရောက်ရောက် တိုးမြှင့်ရန်လည်း လိုအပ်နေပြီဖြစ် သည်။ အထူးသဖြင့် ဒီမိုကရေစီဆိုင်ရာ လုပ်ဆောင်မှုတို့ကို ပြည်သူတို့ဘက်မှ ဝမ်းမြောက်ဝမ်းသာ လက်ခံမှု တိုးမြင့်လာပြီဖြစ်ကာ မဲဆန္ဒရှင်များနှင့် အရပ်ဘက်အသိုင်းအဝိုင်းမှ တက်ကြွသောတာဝန်ယူမှု ရှိသော စေ့စပ်ပါဝင်နိုင်တို့လည်းပါဝင်လာပြီ ဖြစ်သည်။

ဘဏ္ဍာငွေဆိုင်ရာ အခွင့်အရေးများကို ခွဲဝေခြင်းသည်လည်း EMB အတွင်းရှိ ကျွမ်းကျင်မှုဆိုင်ရာ တိုးတက်မှုဌာနနှင့် လူငယ်ရွေးကောက်ပွဲဆိုင်ရာနှင့် ပြည်သူအသိပညာပေးရေးကဲ့သို့သော စီမံကိန်းများ ဖန်တီးခြင်းကို ခွင့်ပြုပေးလိမ့်မည်။ ပညာရေးနှင့် အရပ်ဘက်လူမှုဆိုင်ရာ အဖွဲ့အစည်းများတို့လည်းပါဝင် ကာထိုအရာတို့က ရေရှည်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးများ တိုးတက်ရေးတို့အတွက် ပေးဆပ်အကျိုးဖြစ်ထွန်းနိုင်စေလိမ့်မည်။

EMB အား ပြည့်ပြည့်ဝဝ အမှီအခိုကင်းသော ကျင့်ဝတ်နှင့်ညီသော ရွေးကောက်ပွဲဆိုင်ရာ ကျွမ်း ကျင်သူများအား ခန့်အပ်ခြင်းသည် မဲဆန္ဒရှင်များ၏ ယုံကြည်မှုနှင့် အမှီခိုကင်းသော လုပ်ဆောင်မှုတို့ကို ရရှိစေနိုင်သောတစ်နည်းပင်ဖြစ်သည်။ ရွေးကောက်ပွဲစည်းမျဉ်းများကို ချိုးဖောက်သောတစ်ဦး တစ်ဦးချင်း စီအတွက် ပိုမိုတင်းကြပ်သော တာဝန်များသည် ပိုမိုများပြားသော ဒီမိုကရေစီဆိုင်ရာ ရွေး ကောက်ပွဲလုပ်ငန်း စဉ်များကို လုပ်ဆောင်စေရန်အတွက် အထောက်အကူပြုသောအရာများ ဖြစ်ပေလိမ့်မည်။

## မှတ်ချက်များ

၁။ ဥရောပပူးပေါင်းရေးနှင့် လုံခြုံရေးအသင်း (OSCE)/ ဒီမိုကရေစီနှင့် လူ့အခွင့်ရေးဆိုင်ရာရုံးဌာန (ODIHR)၊ အာမေးနီးယား ပါလီမန်ရွေးကောက်ပွဲ၊ မေလ (၆) ရက်၊ ၂၀၁၂ ခုနှစ်။ အပြီးသတ်အစီရင်ခံစာ၊ ၂၀၁၂။

၂။ အာမေးနီးယားနိုင်ငံ၏ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲဥပဒေ အပိုဒ် (၃၆.၁) "ဗဟိုရွေးကောက်ပွဲကော်မရှင်သည် လူပုဂ္ဂိုလ်ဆိုင်ရာနှင့် ပုံမှန် ဥပဒေနစ်ရပ်လုံးကို ပြဌာန်းသည်။ သို့သော် မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲကော်မရှင်များသည် လူပုဂ္ဂိုလ်ဆိုင်ရာဥပဒေကိုသာ ပြဌာန်းသည်" ။

၃။ ဥရောပပူးပေါင်းရေးနှင့် လုံခြုံရေးအသင်း (OSCE)/ ဒီမိုကရေစီနှင့် လူ့အခွင့်ရေးဆိုင်ရာ ရုံးဌာန (ODIHR) ၂၀၁၂။

၄။ ဥရောပပူးပေါင်းရေးနှင့် လုံခြုံရေးအသင်း (OSCE) / ဒီမိုကရေစီနှင့် လူ့အခွင့်ရေးဆိုင်ရာ ရုံးဌာန (ODIHR) မှ ကာလရှည်ရွေးကောက်ပွဲစောင့်ကြည့်သူများကို ပဋိပက္ခအကြောင်းရင်းခံများကိုကြိုတင်အသိပေးထားသည်။ ဥပမာ- ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌမှာ ကိုယ်စားလှယ်လောင်း တစ်ယောက်၏ ဇနီးဖြစ်သည်။ ရည်ညွှန်း အမှတ်စဉ် (၁) ၏ စာမျက်နှာ (၈)။

၅။ ဗဟို အလုပ်အမှုဆောင်အဖွဲ့ နိုင်ငံခြားဆက်ဆံရေးဌာန၏ အဖွဲ့ခေါင်းဆောင် Liana Simonya ၏ အင်တာဗျူးတွင် EMB အတွင်း လက်ရှိအရင်းမြစ်များဖြင့် လုပ်ဆောင်ရန် မဖြစ်နိုင်သော ရွေးကောက်ပွဲဆိုင်ရာ သင်တန်းတစ်ခုတည်ထောင်ခြင်းနှင့် လူငယ်ရွေးကောက်ပွဲဆိုင်ရာအသိပညာနှင့် နိုင်ငံသားအသိပညာပေးသင်တန်းများဖွင့်လှစ်နိုင်ရန် အကြံပေးခဲ့သည်။

၆။ ပါတီများနှင့် ကိုယ်စားလှယ်လောင်းများအားလုံး ရွေးကောက်ပွဲတွင် ပါဝင်ရန် ကြိုတင်ငွေအပ်နှံရမည်။ သတ်မှတ်ကြိုတင်ငွေကို မတတ်နိုင်လျှင် နိုင်ငံတော်ဘတ်ဂျက်မှ တောင်းခံနိုင်သည်။

၇။ ဥရောပပူးပေါင်းရေးနှင့် လုံခြုံရေးအသင်း (OSCE) / ဒီမိုကရေစီနှင့် လူ့အခွင့်ရေးဆိုင်ရာ ရုံးဌာန (ODIHR) ၂၀၁၂။

၈။ Transparency International Anti-Corruption Center (TIAC) ၏အင်တာနက်စာမျက်နှာတွင် အာမေးနီးယားနိုင်ငံ၏ ၂၀၁၂ မေလ၊ ပါလီမန်ရွေးကောက်ပွဲအတွင်း နိုင်ငံသားများအား အစီရင်ခံစာတင်သွင်းနိုင်စေရန် စီမံထားသည်။ ထိုအင်တာနက်စာမျက်နှာမှ မဲဆွယ်ခြင်းကာလတွင် စည်းကမ်းချိုးဖောက်မှုများကို တိုင်ကြားစာများ မကြာခဏရရှိသည်။ (ဥပမာ- ရွေးကောက်ပွဲအကြိုနေ့နှင့် ရွေးကောက်ပွဲနေ့များတွင် မဲဆွယ်ခြင်းမပြုလုပ်ရခြင်း၊ မဲဆန္ဒရှင်များကို

၉။ အာမေးနီးယားနိုင်ငံ၏ ရွေးကောက်ပွဲ ဥပဒေ၊ အပိုဒ် (၄၀.၃)

၁၀။ Ruben Sargsyan နှင့် အင်းတာဗျူး၊ APR အုပ်စု ( Free Public Law Protective Youth)၊ ပြည်တွင်း NGO၊ အောက်တိုဘာလ (၃၀) ရက်၊ ၂၀၁၂။

၁၁။ ခြွင်းချက်များ: မီဒီယာပြောရေးဆိုခွင့်ရှိသူ ဗဟိုကော်မတီဝင်၊ ဥက္ကဋ္ဌ၏ လက်ထောက်အရာရှိ၊ ရလာဒ်ပေါ် အခြေခံသော ရည်ညွှန်းလူများ။ သို့သော် ပြည်သူ့ဝန်ထမ်းများ မပါဝင်ပါ။

၁၂။ ဥရောပပူးပေါင်းရေးနှင့် လုံခြုံရေးအသင်း (OSCE) / ဒီမိုကရေစီနှင့် လူ့အခွင့်ရေးဆိုင်ရာ ရုံးဌာန (ODIHR) ၂၀၁၂။

၁၃။ Vardanyan နှင့် Edgar, "ဥရောပပူးပေါင်းရေးနှင့် လုံခြုံရေးအသင်း (OSCE) / ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ရုံးဌာန (ODIHR) နှင့် အာမေးနီးယားရွေးကောက်ပွဲများ'၊ ပြောင်းလဲနေသောကမ္ဘာ: Yerevan မှ တစ်ချက်လှမ်းကြည့်ခြင်း၊ ၁၊ ACNIS၊ ၂၀၁၂။

၁၄။ ဗဟိုကော်မတီဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်များ (စံသတ်မှတ်သော လုပ်ဆောင်ချက်များ) ကို ရွေးကောက်ပွဲကျင်းပရာတွင် ပါဝင်သော အင်စတီကျူးရှင်းများ အားလုံးအကျုံးဝင်သည်။

# အခန်း ၄

4

# EMB ၏ ဖွဲ့စည်းပုံအခန်းကဏ္ဍနှင့် လုပ်ဆောင်ချက်

EMB ၏ လုပ်ဆောင်ချက်တွင် ယေဘုယျအားဖြင့် မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်နှင့် အဓိက စီမံရေးနှင့် ထောက်ပို့လုပ်ငန်းများကို အကောင်အထည်ဖော်ရေးတို့ ပါဝင်ရန်လိုအပ်သည်။ အစိုးရပုံစံဖြင့် ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုပုံစံကို အသုံးပြုသောအခါ ထိုလုပ်ဆောင်ချက်နှစ်ခုလုံးသည် ပြည်သူ့ဝန်ထမ်းမှ ဆောင်ရွက်ခြင်းဖြစ်ပြီး ထိုဝန်ထမ်းမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခု သို့မဟုတ် အထက်မှခန့်အပ်ထားသော သူများဖြစ်သည်။ အုပ်ချုပ်ရေးမဏ္ဍိုင်များမှ အစိုးရအဖွဲ့ဝင်များ ဥပမာအားဖြင့် ဝန်ကြီးများသည် အစိုးရပုံစံအုပ်ချုပ်ရေးစနစ်အောက်တွင် မူဝါဒချမှတ်သော EMB ၏ တက်ကြွသောနေရာ ကဏ္ဍကို ယူကောင်းယူလိမ့်မည်ဖြစ်ပြီး အထွေထွေအတွင်းရေးမှူးရုံး၏ ခေါင်းဆောင်ဖြစ်သော ရွေးကောက်ပွဲ ၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်ထားခြင်းခံရသော သို့မဟုတ် အလားတူခေါင်းစဉ်မျိုး ခန့်အပ်ထား ခြင်းခံသောသူက မူဝါဒပိုင်းဆိုင်ရာအတွက် တာဝန်ယူရခြင်းမှာ ပို၍ဖြစ်လေ့ဖြစ်ထရှိသည့် ပုံစံဖြစ်သည်။ အစိုးရအချင်းချင်းကြား ဖွဲ့စည်းချိတ်ဆက်ထားသော ပုံစံဖြင့် ဖွဲ့စည်းထားသော EMB များတွင် အဖွဲ့ဝင်များ ထားလေ့ မရှိချေ။ ထိုအစား ၎င်းတို့သည် အထွေထွေအတွင်းရေးမှူးရုံးအဖြစ် ပြည်သူ့ဝန်ထမ်းများကိုသာ ခန့်အပ်ထားလေ့ရှိသည်။ ချက်သမ္မတနိုင်ငံမှာမူ ချွင်းခြက်ဖြစ်ပြီး ထိုနိုင်ငံတွင် EMB အဖွဲ့ဝင်များသည် အုပ်ချုပ်ရေးမဏ္ဍိုင်များမှ ခန့်အပ်ထားခြင်းဖြစ်သည်။

အမှီအခိုကင်းသော ပုံစံဖြင့် ဖွဲ့စည်းထားသော EMB သည် မူဝါဒဆိုင်ရာ လုပ်ငန်းများကိုအဖွဲ့ဝင် တစ်ဦးတစ်ယောက်ချင်းစီမှ တာဝန်ယူလုပ်ဆောင်လေ့ရှိသည် (EMB ၏ အဖွဲ့ဝင်များဖြစ်သည်) ထိုသူတို့ သည် ထိုတာဝန်အတွက်အထူးခန့်အပ်ထားသော အုပ်ချုပ်ရေးမဏ္ဍိုင် ပြင်ပမှသူများဖြစ်ကြသည်။ ၎င်းတို့၏ တာဝန်များသည် ကော်ပိုရေးရှင်းဘုတ်အဖွဲ့နှင့် ဆင်တူလေသည်။ EMB ၏ လမ်းကြောင်းကို လမ်းညွှန် ပေးရန်ဖြစ်သော်လည်း ဖြစ်ရပ်တော်တော်များများတွင် EMB အဖွဲ့ဝင်များသည် အချိန်ပြည့်နှင့် ပိုမိုလက် တွေ့ဆန်သောလုပ်ရပ်များကိုလုပ်ခြင်းက ကော်ပိုရိတ်ဘုတ်အဖွဲ့အတွက် လုပ်ရိုးလုပ်စဉ်ဖြစ်သည်။ ထို နည်းတူပင် ပုံစံနှစ်ခုကို ရောနှော ဖွဲ့စည်းထားသော အမှီအခိုကင်းသည့် EMB သည် "ဘုတ်" အဖွဲ့ဝင်များ ၏ လမ်းညွှန်ခြင်းကို ခံရသည်။

"အမှီအခိုကင်းသော ပုံစံ" သို့မဟုတ် "တစ်သီးပုဂ္ဂလ အဖွဲ့ဝင်" ဟူသော အသုံးအနှုန်းကို အသုံး ချခြင်းသည် EMB ၏ လွတ်လပ်အမှီအခိုကင်းမှုနှင့် မရောထွေးသင့်ပေ။ ထိုအချက်သည် ၎င်း၏လုပ်ရပ်နှင့် သက်ဆိုင်နေလေသည် (အခန်း ၁ တွင်ကြည့်)။ နိုင်ငံရေးပါတီများမှ ခန့်အပ်ထားသော သူများသည်

အမှီအခိုကင်းကင်း တစ်သီးပုဂ္ဂလဆန်ဆန်လှုပ်ရှားနိုင်ပြီး ၎င်းတို့၏ ကျွမ်းကျင်မှုအပေါ် မူတည်၍ ခန့်အပ်ထားသောသူများသည် အဂတိကင်းကင်းနှင့် လုပ်ဆောင်နိုင်လေသည်။

## EMB အဖွဲ့ဝင်ခြင်း

EMB အဖွဲ့ဝင်များသည် ဂုဏ်သိက္ခာကိုထိန်းသိမ်းရန်ဟူသော ဖိအားအောက်တွင် သန္နိဋ္ဌာန်ချပြီး စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးကောင်းကောင်း လိုအပ်လေသည်။ စံပြအနေနှင့် EMB သည် အရည်အချင်း တော်တော်ဘက်စုံကျွမ်းကျင်သော ဥပမာအားဖြင့် ဥပဒေ၊ ဆက်သွယ်ရေး၊ ပညာရေး၊ ရွှေ့ပြောင်းရေး၊ နည်းပညာနှင့်ကော်ပိုရေးရှင်း စီမံခန့်ခွဲရေးဆိုင်ရာ အရည်အချင်းများရှိသော အဖွဲ့ဝင်များကို ၎င်းအနေနှင့် ထိထိရောက်ရောက်စွမ်းဆောင်နိုင်ကြောင်း ပြသနိုင်စေရန်အတွက် ထည့်သွင်းထားသင့်သည်။ EMB အပေါ်ပြည်သူ၏ ယုံကြည်မှုသည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၌ -

(၁) EMB ၌ခန့်အပ်ရန် သေသေချာချာ ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုများအား အဂတိကင်းကင်းနှင့် လုပ်ဆောင်နိုင်ရန် လိုအပ်သော အရည်အချင်းများနှင့်

(၂) ပွင့်လင်းမြင်သာမှုရှိပြီး ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်၏ အရည်အချင်းပေါ်တွင် အခြေခံထားသော ရွေးချယ်ရေးနှင့် ခန့်အပ်မှုဆိုင်ရာလုပ်ဆောင်ချက်များပါရှိသောအခါ မြင့်တက်သွားမည်ဖြစ်သည်။ EMB အဖွဲ့ဝင်များ၏ ရွေးချယ်ရေးနှင့် ခန့်အပ်မှုဆိုင်ရာနှင့် တာဝန်ထမ်းဆောင်မှုပုံစံသည် နိုင်ငံပေါ်မူတည်ပြီးကွဲပြားနိုင်သည်။ EMB အဖွဲ့ဝင်များ၏ဖွဲ့စည်းပုံ၊ ခန့်အပ်ပုံနှင့်တာဝန်ထမ်းဆောင်သက်တို့နှင့်ဆိုင်သော အသေးစိတ်များသည် အချပ်ပို A တွင် ဖတ်ရှုနိုင်ပါသည်။

EMB အဖွဲ့ဝင်များထံတွင် မူဝါဒချမှတ်ရေးရာဆိုင်ရာ EMB အဖွဲ့ဝင်များနှင့် သက်ဆိုင်သော အခြေခံအုတ်မြစ်၊ အခန်းကဏ္ဍနှင့် အာဏာတို့နှင့် ကိုယ်ပိုင်အဓိပ္ပာယ်ဖွင့်ဆိုမှု သက်ရောက်သော ရာထူးခေါင်းစဉ်တစ်ခုစီရှိလေသည်။ ကနေဒါတွင် ရွေးကောက်ပွဲဆိုင်ရာ အရာရှိချုပ်သည် အချုပ်နှင့် တစ်ဦးတည်းသော မူဝါဒချမှတ်သူဖြစ်ကာ စီမံညွှန်ကြားရေး (အထွေထွေအတွင်းရေးမှူးအဖွဲ့အစည်း) ၏ ခေါင်းဆောင်လည်းဖြစ်သည်။ ပြီးနောက်တွင် တစ်ဦးတည်းသော EMB အဖွဲ့ဝင်လည်း ဖြစ်သည်။ "ကော်မရှင် အရာရှိ" တည်းဟူသောမကြာခဏအသုံးပြုသော ဝေါဟာရသည် ပုံမှန်အသုံးချလေ့မရှိချေ။ ပုံစံအရောကိုသုံးသော နိုင်ငံတော်တော်များများတွင် EMB အဖွဲ့ဝင်များကိုလည်း ကော်မရှင်အရာရှိများဟု သုံးနှုန်းလေသည်။ ဩစတြေးလျတွင် ရွေးကောက်ပွဲကော်မရှင်အရာရှိသည် အထွေထွေအတွင်းရေးမှူးဌာန၏ ခေါင်းဆောင်ဖြစ်သကဲ့သို့ EMB ၏ အပြည့်အဝ မဲထည့်ခွင့်ရှိသော အဖွဲ့ဝင်လည်းဖြစ်သည် (EMB ၏ ခေါင်းဆောင်မဟုတ်သော်ငြား) ကိုယ်စားနှင့် လက်ထောက်ကော်မရှင်အရာရှိတို့သည် အထွေထွေအတွင်းရေးမှူးဌာန၏ ဝန်ထမ်းများပင်ဖြစ်သည်။ အိန္ဒိယတွင် EMB တွင် အဖွဲ့ဝင်သုံးဦးရှိသည် ရွေးကောက်ပွဲ ကော်မရှင်အရာရှိချုပ်နှင့် ရွေးကောက်ပွဲကော်မရှင်အရာရှိနှစ်ဦးတို့ဖြစ်သည်။ ပြီးနောက်တွင်အထွေထွေအတွင်းရေးမှူးဌာန၏ သက်တမ်းအရင့်ဆုံး အဖွဲ့ဝင်ကို ကိုယ်စားပြုရွေးကောက်ပွဲကော်မရှင် အရာရှိဟူ၍ သိကြလေသည်။ ပြင်သစ်စကားပြောနိုင်ငံများနှင့် လက်တင်အမေရိကတွင် EMB ၏ ခေါင်းဆောင်သည် "ဥက္ကဋ္ဌ" ဟု ခေါ်ကောင်းအခေါ်ခံရနိုင်ပြီး လက်တင်အမေရိကတွင် "ကောင်စီဝန်ကြီး" ဟူသော စကားသည် တစ်ခါတစ်ရံတွင် EMB အဖွဲ့ဝင်များကို ဖော်ပြရန် သုံးနှုန်းလေသည်။

ဘင်္ဂလားဒေ့ရှ်၊ နိုင်ဂျီးရီးယားနှင့် ပါကစ္စတန်ရှိဥက္ကဋ္ဌများသည် ဥပဒေအရ ၎င်းတို့ကိုရွေးကောက်ပွဲကော်မရှင်အရာရှိချုပ်များဟု သိကြပြီး EMB ၏ စီမံကြီးကြပ်ရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်သည်။ ထိုကဲ့သို့သော ရာထူးမျိုး၏ နေရာကဏ္ဍသည် ကော်ပိုရိတ်လောက၏ ကြီးကြပ်စီမံရေးဆိုင်ရာ ဥက္ကဋ္ဌ

သို့မဟုတ် ကြီးကြပ်စီမံရေးဆိုင်ရာ ညွှန်မှူးကဲ့သို့သော ရာထူးမျိုးနှင့် ဆင်တူလေသည်။ အခြားသော EMB များရှိ ရာထူးများနှင့် မတူသည်မှာ ထိုကဲ့သို့သော ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်အရာရှိချုပ်သည် စီမံကြီးကြပ်ရေးဆိုင်ရာ အာဏာများရရှိပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ညွှန်ကြားရာတွင် ပိုမိုလက်တွေ့အကောင်အထည် ဖော်နိုင်စွမ်းရှိလေသည်။ သို့သော်လည်း သူသည် အခြားသောကော်မရှင်အရာရှိများနှင့် အထွေထွေအတွင်းရေးမှူးဌာနတို့၏ ထောက်ပံ့ခြင်းကို ခံထားရခြင်းဖြစ်နိုင်သည်။ ထိုနိုင်ငံများရှိ ရွေးကောက်ပွဲကော်မရှင်အရာရှိချုပ်သည် ဘဏ္ဍာရေးနှင့် စီမံညွှန်ကြားရေးတို့တွင်ဆိုင်သော ကိစ္စများတွင် နောက်ဆုံးဆုံးဖြတ်ခွင့်ရှိပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၏ အဓိကကျသောရှုထောင့်များတွင်လည်း ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

## EMB အဖွဲ့ဝင်များ၏ အခြေအနေ

EMB တစ်ခု ထိထိရောက်ရောက် လည်ပတ်နိုင်စေရန်အတွက် ၎င်း၏အဖွဲ့ဝင်များသည် အစိုးရ၊ လွှတ်တော်၊ လူမှုအသိုင်းအဝိုင်းတို့နှင့် ညီမျှစွာဆက်ဆံနိုင်သော လေးစားမှုကိုခံရသော အခြေအနေတစ်ခုကို ခန့်အပ်ထားခြင်းခံရရန်လိုအပ်သည်။ အိန္ဒိယတွင် EMB အဖွဲ့ဝင်သုံးဦး ဖြစ်သော ရွေးကောက်ပွဲကော်မရှင်အရာရှိချုပ်နှင့် ရွေးကောက်ပွဲကော်မရှင်အရာရှိနှစ်ဦးတို့သည် တရားရုံးချုပ်၏ ရှေ့နေများနှင့်တူသော အာဏာရာထူးမျိုးကို ရထားလေသည်။ EMB ၏ခေါင်းဆောင်သည် အထူးသဖြင့် သူ့အားအစိုးရ၏ အမြင့်ဆုံးအဆင့်ရာထူးအာဏာကိုရနိုင်သောအခြေအနေတစ်ခုကိုလိုအပ်ပြီး EMB ၏ဆုံးဖြတ်ချက်များနှင့်လည်း ကိုက်ညီရန်လိုအပ်သည်။ပါကစ္စတန်ရှိ EMB ဥက္ကဋ္ဌသည် တရားသူကြီးချုပ်နှင့် တူညီသော အခြေအနေဝန်ဆောင်မှုမျိုးကိုရရှိကာ ၎င်းကဲ့သို့ရာထူးမျိုးသည်လည်း အခြားသောနိုင်ငံများတွင် ထိုကဲ့သို့ရာထူးအခြေအနေမျိုးရရှိတတ်ကြသည်။

EMB အဖွဲ့ဝင်များသည် ရာထူးအခြေအနေ ကြီးကြီး ရရှိရန်လိုအပ်သော်လည်း ၎င်းတို့အနေနှင့် ၎င်းတို့ အမှုထမ်းသော EMB အဖွဲ့အစည်းထက် ပိုမိုအာဏာရှိသယောင် ပုံစံမျိုး မလုပ်စေရန် သို့မဟုတ် အရေးကြီးလေသည်။ သို့မဟုတ်ပါက လူမှုအသိုင်းအဝိုင်းမှ "EMB" အား အခွင့်ထူးခံကဲ့သို့ ထင်သွားပေမည်။ လူ့စရိုက်အပေါ်တွင် အခြေခံထားသော အဖွဲ့အစည်းများသည် အစွန်းရောက်နိုင်ချေ အင်မတန်မြင့်မားသည်။ EMB အဖွဲ့ဝင်များအနေနှင့် လိုက်နာရန် ကောင်းမွန်သောကျင့်ထုံးပုံစံမှာ ၎င်းတို့ အမှုထမ်းသော အသင်းအဖွဲ့ကို လူ့စရိုက်နှင့်ကိုက်အောင်လုပ်ပြီး EMB ဦးဆောင်သောသူ သို့မဟုတ် သူတို့ကို အသင်းအဖွဲ့ပုံစံ မလုပ်မိရန်ပင်ဖြစ်သည်။ ဥပမာအားဖြင့် ထိုဆုံးဖြတ်ချက်များသည် "ကော်မရှင်၏ ဆုံးဖြတ်ချက်" ဟု ဖော်ပြခြင်း ခံကောင်းခံရနိုင်မည်ဖြစ်ပြီး "ကော်မရှင်အရာရှိတို့၏ ဆုံးဖြတ်ချက်" ဟု ဖော်ပြခြင်းခံရမည်မဟုတ်ချေ။

## EMB ဥက္ကဋ္ဌရာထူး : အခွင့်ထူးခံနေရာလော

အချို့သောနိုင်ငံများတွင် ဥပဒေမူဘောင်သည် EMB အဖွဲ့ဝင်များ ခန့်အပ်ရေးအတွက် နှစ်ဖက်သွား လုပ်ဆောင်ပုံကို ပြဋ္ဌာန်းထားလေသည်။ တစ်ခုမှာ ဥက္ကဋ္ဌရာထူးဖြစ်ပြီး နောက်တစ်ခုမှာ အခြားသော အဖွဲ့ဝင်များအတွက် ဖြစ်သည်။ ဂါနာ၊ ဂူယာနာ၊ လိုက်ဘေးရီးယား (လီသူဝါးနီးယား)၊ ပါကစ္စတန်၊ ထိုင်းနိုင်ငံနှင့် ဥရုဂွေးတို့တွင် EMB ဥက္ကဋ္ဌ (တစ်ခါတစ်ရံ EMB သမ္မတ ဟုလည်းခေါ်သော)သည် "တန်းတူရည်တူကြားမှ ပထမဦးစားပေး" အနေနှင့် တာဝန်ထမ်းဆောင်လေပြီး အခြားသောအဖွဲ့ဝင်များထက် အဆင့်မြင့်သော ပြည်နယ်/အစိုးရ၏ ခေါင်းဆောင်က ခန့်အပ်ထားခြင်းဖြစ်သည်။ ဂါနာနိုင်ငံ EMB ၏ ဥက္ကဋ္ဌသည် တရားသူကြီးချုပ်တစ်ယောက်၏ ရာထူးနှင့် တန်းတူခန့်အပ်ထားခြင်းခံထားရခြင်းဖြစ်လေပြီး အခြားသောအဖွဲ့ဝင်များမှာ

သာမန်တရားရုံး ရှေ့နေတစ်ယောက်၏ အဆင့်မျှသာရှိလေသည်။ ဆော်လမွန်ကျွန်းတွင် လွှတ်တော် နာယကသည် EMB ဥက္ကဋ္ဌ အလိုလိုဖြစ်လာလေသည်။

EMB ရာထူးသည် အခြားသော အမြင့်ပိုင်းအဆင့်ရှိ အခြားသောအဖွဲ့ဝင်များနှင့် မတူသော တာဝန်ထမ်းဆောင်သက်များပေါ် မူတည်ကာ ခန့်အပ်ခံရလေ့ရှိပြီး သူ့အနေနှင့် ပိုမိုထင်ရှားသော အခန်း ကဏ္ဍ ကို တာဝန်ထမ်းဆောင်ရလေ့ရှိကာ EMB ၏ အစည်းအဝေးများကို ဦးဆောင်ရသည်ထက် ပိုမိုသော ထိုထက်မြင့်သော ရာထူးမျိုးကို ထမ်းဆောင်ရလေသည်။ သူ့အနေနှင့် အခြားသော ထပ်တိုးအာဏာများ ဖြစ်သော EMB အတွင်းပိုင်းဆပ်ကော်မတီများအတွင်းရာထူးခန့်အပ်ခြင်း၊ အထွေအထွေအတွင်းရေးမှူးချုပ် အား မူဝါဒများ လက်တွေ့အကောင်အထည်ဖော်ရာတွင်နှင့် စောင့်ကြည့်ရာတွင် တက်တက်ကြွကြွနှင့် ထောက်ပံ့ကူညီခြင်းနှင့် ရင်းနှီးမြှုပ်နှံသူတို့နှင့် အပြန်အလှန် လုပ်ငန်းသဘောအရ ဆက်ဆံခြင်းကဲ့သို့သော ကိစ္စများနှင့် သက်ဆိုင်သော အာဏာလုပ်ပိုင်ခွင့်မျိုး ရှိကောင်းရှိနိုင်မည် ဖြစ်သည်။ လီသူဝါးနီးယားတွင် ဥပမာအားဖြင့် EMB ဥက္ကဋ္ဌအနေနှင့် ဝန်ထမ်းများကို ခန့်အပ်နိုင်သော ထုတ်ပယ်နိုင်သော၊ EMB တံဆိပ်တုံးကို သိမ်းဆည်းထားပိုင်ခွင့်နှင့် တိုက်ရိုက်အသုံးချပိုင်ခွင့်ပြည်နယ်ဆိုင်ရာ အသင်းအဖွဲ့များ၊ တရားရုံးနှင့် နိုင်ငံတကာဆိုင်ရာအသင်းအဖွဲ့များတွင် EMB ကိုကိုယ်စားပြုတက်ရောက်နိုင်ခြင်းကဲ့သို့သော အာဏာမျိုးရှိသည်။ လိုင်ဘီးရီးယားတွင် အမျိုးသား ရွေးကောက်ပွဲကော်မရှင်၏ ဥက္ကဋ္ဌသည် ဥပဒေအရ လည်း ကော်မရှင်၏တရားဝင်ခန့်အပ်ထားသော နာယကဖြစ်သော်လည်း အထွေထွေအတွင်းရေးမှူးဌာန ရုံးဝန်များမှာမူ မီဒီယာနှင့် အဆက်အသွယ် ထိန်းသိမ်းထားခြင်းနှင့်ဆိုင်သော နေ့စဉ်ဆောင်ရွက်ဖွယ်တို့ကို လုပ်ဆောင်ပေးနေရလေသည်။

ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ ကော့စတာရီကာ၊ ဂူအမ်၊ မောလ်ဒိုဗာ၊ ရုရှား တောင်ကိုရီးယား၊ ယူကရိန်းနှင့် ဥဇဘက်စတန်တို့ကဲ့သို့သော နိုင်ငံများတွင် EMB အဖွဲ့ဝင်များအားလုံးသည် တူညီသော တာဝန်ထမ်းဆောင်သက်နှင့် ခန့်အပ်ထားခြင်းခံရပြီး ဥက္ကဋ္ဌ (အချို့သော ဖြစ်ရပ်များတွင် ဒုဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က) သည် ပထမ အစည်းအဝေးပြီးနောက်တွင် သူ၏လုပ်ဖော်ကိုင်ဖက်များမှ ရွေး ကောက်တင်မြှောက်ခြင်းကို ခံရခြင်းဖြစ်သည်။ မိုဇမ်ဘစ်က်နိုင်ငံတွင် ဥက္ကဋ္ဌသည် အရပ်ဖက်လူမှုအဖွဲ့ အစည်းဆိုင်ရာ ကိုယ်စားလှယ်များမှ ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်သည်။ ဘော့စနီးယားနှင့် ဟာဇီ ဂိုးဗီးနားနှင့် ဂူအမ်တွင့် ရွေးကောက်ခံထားရသော ဥက္ကဋ္ဌက ကော်မရှင်သက်တမ်း၏ တစ်စိတ်တစ်ပိုင်းမျှကို သာလျှင် တာဝန်ထမ်းဆောင်လေသည်။ ထိုဥက္ကဋ္ဌကို EMB အတွင်းထဲမှ ရွေးချယ်လိုက်သောအခါ ထိုဥက္ကဋ္ဌ၏ အဓိကတာဝန်မှာ ကော်မရှင်နှင့်/သို့မဟုတ် ၎င်း၏ ဆပ်ကော်မတီတို့ပြုလုပ်သော အစည်း အဝေးများကို ဦးဆောင်ကျင်းပရန်ဖြစ်သည်။

---

EMB ၏ ဥက္ကဋ္ဌကိုခန့်အပ်ရာတွင် ရာထူးတန်းတူများထဲမှ ပထမဦးစားပေးအနေထားကာခန့်အပ်ခြင်း သို့မဟုတ် EMB အား ၎င်းတို့ထဲမှ ဥက္ကဋ္ဌ ပြန်လည်ရွေးကောက်တင်မြှောက်ခိုင်းခြင်းတို့နှင့် ပတ်သက်ပြီး ဆက်နွယ်သော အားသာချက်၊ အားနည်းချက် တိတိပပမရှိပါ။ သင့်တော်သော နည်းဆိုသည်မှာ EMB ပုံစံရေးဆွဲထားသော မူလတည်ဆောက်ပုံနှင့် ၎င်းဆက်လက်လည်ပတ်နေပုံတွင် မူတည်သည်။

---

EMB ဥက္ကဋ္ဌရာထူးအတွက် "ရာထူးတန်းတူများကြားထဲမှ ပထမဦးစားပေးအနေနှင့်ခန့်အပ်ခြင်း" ဖြစ်ရပ်သည် EMB အနေနှင့် စတင်တည်ထောင်ကာစ နှင့် ပြုစုပျိုးထောင်ရန် လိုအပ်နေသောအချိန်မျိုးတွင် ပိုမိုအားကောင်းလေ့ရှိတတ်ပြီး ဥက္ကဋ္ဌနေရာသည် အချိန်ပြည့်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အခြား သော အဖွဲ့ဝင်များသည် အချိန်ပိုင်းသာတာဝန်ထမ်းဆောင်ရမည်ဆိုပါက သုံး၍ရနိုင်သေးသည်။ EMB က

အချိန်ပိုင်း တာဝန်ထမ်းဆောင်သောဥက္ကဋ္ဌရာထူးကို သူ၏ လုပ်ဖော်ကိုင်ဖက်များက ရွေးချယ်ပေးပြီး သူ့အား အခြားသော EMB အဖွဲ့ဝင်များကဲ့သို့ တာဝန်ထမ်းဆောင် ပုံ အခြေအနေအတူတူဖြစ်အောင် လုပ်ပေးခြင်းသည် ပိုမိုသင့်တော်သည်။

## EMB အဖွဲ့ဝင်များ : ဂုဏ်သရေရှိကျွမ်းကျင် ပညာရှင်များလော၊ တစ်ဦးကိုတစ်ဦး ပြန်လည် စောင့်ကြည့်နေရသူများလော

လွတ်လပ်သော သို့မဟုတ် ပုံစံအရောကို သုံးသော နိုင်ငံများတွင် ရွေးကောက်ပွဲ ဥပဒေပြဋ္ဌာန်းချက်က EMB အဖွဲ့ဝင်ခြင်းအတွက် မူဘောင်ကို ပြဋ္ဌာန်းလေသည်။ ထိုအချက်ကို လွှမ်းမိုးအုပ်စိုးသော အမျိုးမျိုးသော ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များ အမျိုးမျိုးရှိလေသည်။ အဓိကခြားနားချက်မှာ ပါတီစုံစနစ် EMB နှင့် ကျွမ်းကျင်သူ အခြေပြု EMB တို့ကွာခြားချက်ပင်ဖြစ်သည်။ အကျယ်အားဖြင့်ဆိုလျှင် ပါတီစုံစနစ် အခြေပြု ပုံစံသည် အချို့သော နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်များကိုချမှတ်ရန် တာဝန်ယူရပြီး အခြားသောပါတီများကို မလျော့မကန် ဘက်မလိုက်တန်ဘူးဟု သေချာသောလူများကို သတ်မှတ်ကာ နိုင်ငံရေးပါတီမှ အဖွဲ့ဝင်အချို့ကို ရွေးချယ်နိုင်ခွင့် ပေးအပ်ထားလေသည်။ ဆန့်ကျင်ဘက်အားဖြင့် ကျွမ်းကျင်သူအခြေစိုက်ပုံစံက တာဝန်ယူသည်မှာ ဆုံးဖြတ်ချက်များသည် အဓိကအားဖြင့်ဥပဒေနှင့်ညီညွတ်ပြီး သို့မဟုတ် နည်းပညာဆန်ပြီး ထိုကိစ္စများကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းရန်အတွက်ကျွမ်းကျင်သူများကို ရှာဖွေပေးလေသည်။

## ပါတီစုံအခြေပြု EMB များ

နိုင်ငံတော်တော်များများ၊ အထူးသဖြင့် အာဏာရှင်စနစ်မှ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းရာတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရသောနိုင်ငံများတွင် ပါတီစုံအခြေပြု EMB များကိုသာရွေးချယ်လေ့ရှိကြသည်။ ထိုကဲ့သို့သော အသိုင်းအဝိုင်းများတွင် ပြည်သူ့ဝန်ထမ်းများသည် အာဏာရှင်၏ တစ်ချိန်က အာဏာရပါတီ သို့မဟုတ် စစ်အစိုးရလက်ထက်တွင် ကိုယ်စားလှယ်များ ဖြစ်ခဲ့ဖူးသော သမိုင်းရှိသောကြောင့် ရွေးကောက်ပွဲဆိုင်ရာမူဝါဒ ချမှတ်သူများအနေနှင့် အရေအတွက်တော်တော်များများ၏ ယုံကြည်ထောက်ခံခြင်းကိုမခံရရန် ရာခိုင်နှုန်းများလေသည်။ အာဏာရှင်စနစ်ကို တိုက်ထုတ်ရာတွင် တစ်ဖက်စွန်းကို ရောက်လွန်းသော အခြေအနေဖြစ်သွားနိုင်ပြီး အကူးအပြောင်းကာလ ရွေးကောက်ပွဲတွင် EMB ၌ တာဝန်ထမ်းဆောင်ရန် သမာသမတ်ရှိသည်ဟု အများကလက်ခံသော လူထုခေါင်းဆောင်ပုံရိပ်ကို ရှာဖွေရန် ခက်ခဲကောင်း ခက်ခဲသွားနိုင်သည်။ ဥရောပဗဟိုနှင့် အရှေ့ပိုင်းဆိုင်ရာ နိုင်ငံတော်တော်များများကမူ ၎င်းတို့၏ အကူးအပြောင်းကာလတွင် ပါတီစုံအခြေပြု EMB များကို အသုံးပြု ခဲ့ကြသည်။

ပါတီစုံ EMB များတွင် နိုင်ငံရေးပါတီများမှ ရွေးကောက်ခံထားရသော လူမျိုးစုံ ရောနှောပါဝင်နေသည်။ ဥပဒေမူဘောင်ကမူ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော အသိအမှတ်ပြုထားသော သို့မဟုတ် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ အားလုံးကို EMB အတွင်း ညီတူမျှတူ ကိုယ်စားလှယ်ပြုနိုင်ရေးချမှတ်ကောင်း ချမှတ်ပေးလိမ့်မည်ဖြစ်သည် (ဂူအမ်နိုင်ငံတွင်ကဲ့သို့) သို့မဟုတ် သတ်မှတ်ထားသော အတိုင်းအတာတစ်ခုက ကိုယ်စားပြုခြင်းကို ကန့်သတ်ကောင်း ကန့်သတ်ထားနိုင်ပေလိမ့်မည်။ ဥပမာအားဖြင့် လွှတ်တော်ထဲတွင် ကိုယ်စားပြုသောပါတီများ သို့မဟုတ် လွှတ်တော်တွင်းတွင် ပြဋ္ဌာန်းထားသော အချိုးအစားထက်များပြားသောအဖွဲ့ဝင်များရှိနေသော ပါတီများအစရှိသည်တို့ဖြစ်သည်။ ဂီနီယာနိုင်ငံတွင် နိုင်ငံရေးပါတီများမှ တရားဝင်ခန့်အပ်ထားသော အဖွဲ့ဝင် အယောက် ၂၀ တွင် တစ်ဝက်မှာ သမ္မတ၏ နိုင်ငံရေးပါတီနှင့် အခြားမှာ ကျန်အတိုက်အခံပါတီတို့မှ ရွေးချယ်ထားခြင်းဖြစ်သည်။ အယ်လ်

ဘေးနီးယားနိုင်ငံတွင် ပါတီနှင့်ပတ်သက်နေသော အဖွဲ့ဝင်များသည် လွှတ်တော်အတွင်းရှိ နေရာများဖြန့်ဝေခြင်းကို ကိုယ်စားပြုသည်။ ဗင်နီဇွဲလားနိုင်ငံတွင် ၁၉၉၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းလောက်က ပါတီကြီးများတွင် ၎င်းတို့ကိုယ်ပိုင် ကိုယ်စားလှယ်ရှိပြီး လက်ထဲနှင့် လက်ယာနိုင်ငံ ပါတီငယ်များတွင် ကိုယ်စားလှယ်မှာ စုပေါင်းပြီးမှ တင်မြောက်ရခြင်းဖြစ်သည်။

နိုင်ငံရေးပါတီ အခြေပြု ရာထူးခန့်အပ်ရေးသည် မကြာခဏဆိုသလိုပင် EMB အဖွဲ့ဝင်များသည် EMB တွင်နိုင်ငံရေးပါတီကိုယ်စားလှယ်များ သို့မဟုတ် အေးဂျင့်များအသွင်နှင့် တာဝန်ထမ်းဆောင်နေသကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အဂတိကင်းကင်းနှင့် စီမံခန့်ခွဲကာ ၎င်းတို့အား ရွေးချယ်ထားသော ပါတီ၏ အကျိုးစီပွားကိုကာကွယ်ရန်အတွက် တာဝန်ထမ်းဆောင်နေဟန် သွယ်ဝိုက်သတ်မှတ်ခံရသည်။ မည်သို့ပင် ဆိုစေကာမူ အဖွဲ့ဝင်တစ်ယောက်ချင်းစီသည် ပါတီနှင့် မသက်ဆိုင်သကဲ့သို့ ခွဲမြင်ခံရပြီး၎င်းတို့တစ်ယောက်ချင်းစီကလည်း အခြားသူတို့ပါတီရေးရာဆိုင်ရာတို့တွင် အခွင့်အရေးမယူရန် စောင့်ကြပ်လေသည်။ ထို့ကြောင့် မည်သို့ပင်ဆိုစေကာမူ EMB သည်အဂတိလိုက်စားမှုကင်းစင်သော ဌာနဟု ယုံယုံကြည်ကြည်သတ်မှတ်နိုင်လေသည်။ နိုင်ငံရေးပါတီ အခြေပြုအဖွဲ့ဝင်များသည် မကြာခဏ တာဝန်ထမ်းဆောင်သက် ပုံသေသတ်မှတ်ထားသော စနစ်ဖြင့် ရုံးထိုင်ရလေ့ရှိပြီး ၎င်းတို့၏ တာဝန်ဝတ္တရားများကို ချိုးဖောက်ခြင်း သို့မဟုတ် ၎င်းတို့ကို ရွေးချယ်ခဲ့သော တာဝန်ရှိပုဂ္ဂိုလ် နုတ်ထွက် သွားခြင်းကဲ့သို့သော ကိစ္စမျိုးကြောင့်မှ လွဲ၍ ထုတ်ပယ်၍မရချေ။ မည်သို့ပင်ဆိုစေကာမူ ပါတီများ၏ ၎င်းတို့၏ ကိုယ်စားလှယ်များကို မကြာခဏ အစားထိုးလဲလှယ်မှုများသည် EMB ၏ လုပ်ငန်းများကို အနှောင့်အယှက် ပြုဖွယ်ရှိလေသည်။

ဂီနီယာနှင့် မိုဇမ်ဘစ်က် နိုင်ငံတွင် EMB အတွက် နိုင်ငံရေးပါတီမှ ရွေးချယ်ထားသူများသည် အဂတိကင်းစင်ရေးနှင့် ပညာရှင်ဆန်ခြင်းဆိုင်ရာကိစ္စတို့အတွက် စံချိန်စံညွှန်းမြင့်မြင့်ထိန်းသိမ်းရန် လိုအပ်သော ဂုဏ်သရေရှိလူများဖြစ်ကြပြီး ၎င်းတို့အနေနှင့်လည်း နိုင်ငံရေးပါတီကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်ခြင်း မရှိကြချေ။

ရွေးကောက်ပွဲ ခွဲခြမ်းစိတ်ဖြာသုံးသပ်သူ တော်တော်များများက ယုံကြည်ကြသည်မှာ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များကို EMB တွင်ရှိစေခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ ပြိုင်ဆိုင်မှုနှင့် ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ရာတွင် လှုပ်ရှားသူတို့အကြား သဘောတူညီချက်ကို ဖြစ်ပေါ်စေသည်ဟု ယုံကြည်ကြကာ ထိုနစ်ခုလုံးမှရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့အပေါ် ယုံကြည်စိတ်ချမှုကိုတိုးမြင့် စေနိုင်သည်။ မဲဆန္ဒရှင်များအနေနှင့် နိုင်ငံရေးပါတီခေါင်းဆောင်များသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွပါဝင် လှုပ်ရှားပါက အထူးသဖြင့် EMB တွင် ကိုယ်စားပြုခြင်းများပြုလုပ်ပါက ရွေးကောက်ပွဲတွင် ပါဝင်လှုပ်ရှားရန် ပိုမိုအားဖြစ်လေ့ရှိသည်။

သို့သော်လည်း နိုင်ငံရေးပါတီ အခြေပြု EMB သည် ဆုံးဖြတ်ချက်ချခြင်းများ ပြုလုပ်ရာတွင် ချိန်နဲ့ခြင်း သို့မဟုတ်အန္တရာယ်ရှိခြင်းများ ဖြစ်ပေါ်စေနိုင်သည် အထူးသဖြင့် နိုင်ငံရေးပါတီများ၏ အဓိက အကျိုးစီးပွားဆိုင်ရာတို့နှင့် သက်ဆိုင်သော ကိစ္စများတွင်ဖြစ်သည်။ EMB တွင် နိုင်ငံရေးသမားများ ရှိနေခြင်းသည် လျှို့ဝှက်မဲပစ္စည်းများ၏ လုံခြုံရေးကဲ့သို့သော လျှို့ဝှက်သိုသိပ်မှုနှင့်ဆိုင်သောကိစ္စများကို အားနည်းစေနိုင်သည်။ ပါတီစုံ အခြေပြု EMB များသည် စိတ်မကျေလည်မှုမျိုးကိုလည်းဖြစ် ပေါ်စေနိုင်သည်။ အထူးသဖြင့် လွှတ်တော်ထဲတွင် ကိုယ်စားပြုတက်ရောက်ရခြင်းမရှိသော သို့မဟုတ် EMB အဖွဲ့ဝင်များ စတင်ခန့်အပ်မှုနှင့်ဆိုင်သော ဆွေးနွေးညှိနှိုင်းမှုတွင် မပါဝင်သောကြောင့် EMB မှ ပယ်ထုတ်ခြင်းခံရသော နိုင်ငံရေးပါတီ လူနည်းစုအကြားတွင် ပိုဖြစ်နိုင်သည်။

ပါတီစုံ EMB များသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ ကနဦးအဆင့်များတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ယုံကြည်မှုနှင့် စိတ်ချရမှုကို မြှင့်တင်ကောင်း မြှင့်တင်ပေးနိုင်သည်။ EMB များမှ နိုင်ငံရေးသမားများ ဖယ်ထုတ်လိုက်ခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် တွင် ပိုမိုယုံကြည်စိတ်ချမှု ကြီးထွားလာနိုင်သောကြောင့် ပိုမိုသင့်တော်လေသည်။

## ပညာရှင်အခြေပြု EMB များ

ပညာရှင်အခြေပြု သို့မဟုတ် ပါတီအခြေမပြုသော EMB များသည် ဥပဒေမူဘောင်အား ၎င်းတို့၏ ပညာရပ်ပိုင်းဆိုင်ရာ ရပ်တည်မှုအပေါ် အခြေပြုပြီး ခန့်အပ်ထားသောသူများမှ ရေးဆွဲရန် လိုအပ်လေသည်။ အချို့သော ကိစ္စများတွင် ပညာရှင်အခြေပြု EMB အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများ သို့မဟုတ် အရပ်ဖက် အဖွဲ့အစည်းများ၏ ရွေးချယ်ခြင်းခံရထားသူများ ဖြစ်ကောင်းဖြစ်နိုင်ကြသည်။ သို့သော်လည်း ထိုအချက်က ၎င်းတို့သည် ၎င်းတို့အားခန့်အပ်သော နိုင်ငံရေးပါတီအပေါ် တွင် ဘက်လိုက်ရန်အတွက် ၎င်းတို့ကိုရွေးချယ်ထားသော နိုင်ငံရေးပါတီများ၏ လမ်းညွှန်ခြင်းကိုခံရမည်ဟု အဓိပ္ပာယ် မသက်ရောက်ပေ။ မက္ကဆီကိုတွင် EMB သည် မဲထောက်ခံမှုဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားသော ပုံသေအဖွဲ့အစည်းဖြစ်သော်လည်း လွှတ်တော်တွင်းနှင့် နိုင်ငံရေးအုပ်စု တစ်ခုချင်းစီနှင့် အမျိုးသားနိုင်ငံရေးပါတီတစ်ခုစီမှ မဲထောက်ခံမှုနှင့် မဟုတ်သော ကိုယ်စားလှယ်တစ်ဦးစီ ထည့်သွင်းထားလေသည်။

ပညာရှင်အခြေပြု EMB တစ်ခု၏ အဖွဲ့ဝင်ဖြစ်ရန် လိုအပ်သော အရည်အချင်းများတွင် ဘက်မလိုက်ခြင်းအသက်ပြည့်မီခြင်း၊ ပညာရပ်ပိုင်းဆိုင်ရာ အရည်အသွေးပြည့်မီခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတရှိခြင်းတို့ဖြစ်သည်။ ပညာရှင် အခြေပြု EMB များသည် အများအားဖြင့် ဥပဒေ၊ လူထုစီမံ လမ်းညွှန်ရေး၊ နိုင်ငံရေးသိပ္ပံသို့မဟုတ် မီဒီယာလောကမှ ကျွမ်းကျင်အတွေ့အကြုံရှိသော နိုင်ငံရေးဆိုင်ရာ အမြင်မျှတမှုနှင့်ပတ်သက်ပြီး နာမည်ကြီးသော ဂုဏ်သရေရှိ လူသိများသူများဖြစ်ကြသည်။ ပညာရှင်အခြေပြု EMB များသည် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ ကော့စတာရီကာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ပိုလန်၊ ထိုင်း နှင့် ယူကရိန်းတို့ကဲ့သို့သောနိုင်ငံများတွင် တွေ့ရသည်။ ထိုနိုင်ငံများရှိ ဥပဒေတွင် ထုတ်ပြန်ထားသည်မှာ EMB အဖွဲ့ဝင်များသည် လတ်တလောအတိတ်ကာလအတွင်း ပါတီနိုင်ငံရေး လှုပ်ရှားမှုလှုပ်ရှားမှု မရှိစေရဟု ဖြစ်ကာ EMB အဖွဲ့ဝင်တစ်ဦးအနေနှင့် EMB တွင် တာဝန်ထမ်းဆောင်နေစဉ် အတွင်းတွင် နိုင်ငံရေးပါတီဝင် မဖြစ်ရပေ။ သို့သော်လည်း နိုင်ငံရေးနှင့် မြင့်မြင့်မားမား ပတ်သက်လာသော ကိစ္စများတွင် ရွေးကောက်ခံအမတ်များအနေနှင့်လည်း နိုင်ငံရေးပါတီတစ်ခုသို့မဟုတ် အတိုက်အခံအစိတ်အပိုင်း တစ်ခုနှင့် ထွေးရောယှက်တင် ရှိနေဟန်ကို မြင်ရကောင်းမြင်ရနိုင်သည်။ ထို့အပြင် နိုင်ငံရေးပါတီများသည် ထိုအချက်များကို လက်ခံနိုင်သော အဂတိကင်းသည့်အဖွဲ့ဝင်ကို မရွေးချယ်ဘဲ ၎င်းတို့အကြားတွင်ပင် ရာထူးနေရာများကို ခွဲဝေယူလိုက်သည်ဟူသော ထင်မြင်ယူဆချက်မျိုး ရှိနိုင်သည်။

မြင်ရိုးမြင်စဉ်ဖြစ်သော ပညာရှင်အခြေပြု EMB သည် တရားစီရင်ရေး EMB ဖြစ်သည်။ ဘရာဇီးတွင် ဥပမာအားဖြင့်ရွေးကောက်ပွဲများသည် နိုင်ငံနှင့် ပြည်နယ်ဆိုင်ရာ ရွေးကောက်ပွဲခုံရုံးများ၏ တာဝန်ဖြစ်ပြီး ၎င်းတို့သည် တရားစီရင်ရေးမဏ္ဍိုင်၏ အထူးအစိတ်အပိုင်းအဖြစ်သတ်မှတ်ခြင်း ခံထားရလေကာ အဆင့်အတန်းအမျိုးမျိုး ရာထူးအမျိုးမျိုးဖြစ်သော တရားသူကြီးများနှင့် ကျွမ်းကျင်ရှေ့နေ အနည်းငယ်ခန့်ဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ခုံရုံး၏အောက်တွင်သာမန်ရိုးရိုး တရားသူကြီးများကို အချိန်ပိုင်းကာလတိုမျှ ခန့်အပ်ထားပြီး ရွေးကောက်ပွဲ ခရိုင်တစ်ခုချင်းစီ၌ ရွေးကောက်ပွဲဆိုင်ရာ ပြင်ဆင်မှုနှင့် လည်ပတ်မှုတို့ကို

စောင့်ကြည့်ရန်အတွက် ထားလေသည်။ ကော့စတာရီကာနှင့် ဂွါတီမာလာတို့၏ EMB များသည် တရား စီရင်ပိုင်ခွင့်လည်းရှိကာ ၎င်းတို့၏ အဖွဲ့ဝင်များသည် တရားသူကြီးများဖြစ်ကြသည်။

## ပါတီစုံစနစ်နှင့်ပညာရှင်အခြေပြုစနစ် နှစ်ခုလုံးပါသော EMB များ

အချို့သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များက ရှင်းပြထားသည်မှာ ပါတီကိုယ်စား လှယ်များနှင့် နိုင်ငံရေးအရ အထောက်အပံ့ကင်းသော အဖွဲ့ဝင်များဖြစ်သော တရားသူကြီးများ၊ ပညာ တတ်များ၊ အရပ်ဖက်လူမှုဆိုင်ရာ ကိုယ်စားလှယ်များနှင့် ပြည်သူ့ဝန်ထမ်းများနှင့် ဖွဲ့စည်းထားသော အဖွဲ့ဝင်များ ရောနှောတည်ရှိသည့် EMB များ ရှိသည်ဟူ၍ ဖြစ်သည်။ ဥပမာအားဖြင့် ကုတ်ဒီဗွားနိုင်ငံတွင် EMB အဖွဲ့ဝင်များသည် နိုင်ငံရေး ပါတီများ ဥပဒေလောကနှင့် တရားစီရင်ရေး အသိုင်းအဝိုင်းနှင့် အစိုးရ ဝန်ကြီးဌာနများမှ ခန့်အပ်ထားသော သူများဖြစ်သည်။ ထိုအချက်သည် ပုံစံနှစ်မျိုးမှ အားသာချက်များကို ပေါင်းစုနိုင်ကောင်းမည်ဖြစ်ပြီး ဟန်ချက်ညီသော နိုင်ငံရေးပါတီ မူဝါဒများကိုလက်ခံပြီး ၎င်းတို့၏ လည်ပတ် မှုများတွင် ပွင့်လင်းမြင်သာမှုရှိသောဌာနများကို ဖွဲ့စည်းနိုင်မည်ဖြစ်သည်။

ထိုပေါင်းစပ်ထားသော ပုံစံသည် နည်းအမျိုးမျိုးနှင့်လည်း အကောင်အထည်ဖော်နိုင်သေးသည်။ မက္ကဆီကိုတွင် အဖွဲ့ဝင်များသည် စကားစစ်ထိုးပွဲများတွင် ပါဝင်နိုင်သော်လည်း ဆုံးဖြတ်ချက် များအတွက် မူ မဲမပေးနိုင်ချေ။ မိုဇမ်ဘစ်က်တွင် လွှတ်တော်အတွင်းရှိပါတီများမှ ခန့်အပ်ထားသော အဖွဲ့ဝင်ငါးဦးက CSOs (အရပ်ဖက်လူ့အဖွဲ့အစည်းဆိုင်ရာ အစည်းအရုံးများ) က တင်ပြသော ရွေးချယ်ထားသည့်သူများ အထဲမှ ပညာရှင်ကျွမ်းကျင်သူ အဖွဲ့ဝင်ရှစ်ဦးအား ထပ်မံရွေးကောက်လေသည်။ ခရိုအေးရှားတွင် လက်ရှိ ရှိနေသော နိုင်ငံအဆင့် EMB တွင် တရားရုံးချုပ်မှ တရားသူကြီးများနှင့် အခြားသောမတူကွဲပြားသော ရှေ့နေများသည် လွှတ်တော်ကိုယ်စားလှယ်အများစုနှင့် အမျိုးသားလွှတ်တော်ရှိ အတိုက်အခံနိုင်ငံရေး ပါတီများက ရွေးကောက်ပွဲကာလအတွက် တိုးချဲ့ခန့်ထားခြင်းခံရသည်။ ရွေးကောက်ပွဲဆိုင်ရာ ခရိုင်တစ်ခု ချင်းစီတွင် ဖွဲ့စည်းပုံတူသော EMB များရှိတတ်သည်။

ပါတီစုံ EMB များနှင့် မတူသည်မှာ ပေါင်းစပ်ထားသော EMB များသည် ဆုံးဖြတ်ချက်ချရာတွင် ခက်ခဲမှုရှိနိုင်သည်ဥပမာအားဖြင့် ၁၉၉၉ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲတွင် ပေါင်းစပ် EMB တစ်ခု သည် ရွေးကောက်ပွဲရလဒ်များကို အတည်မပြုပေးနိုင်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် အချို့သောအင်အား အင်မတန်နည်းသည့် နိုင်ငံရေးပါတီမှ အဖွဲ့ဝင်များသည် ၎င်းတို့ မဲမနိုင်သောကြောင့် မဲရသောနေရာများကို ခွဲမပေးသောကြောင့် လက်မှတ်မရေးထိုးသောကြောင့် ဖြစ်သည်။ စာမျက်နှာ ၁၅၇ ရှိ ဇယားအမှတ် ၇ တွင် ပါတီစုံ ပညာရှင် အခြေပြုနှင့် ပေါင်းစပ်ထားသော EMB တို့၏ အဓိကအားသာချက်နှင့် အားနည်းချက်များကို ပြသထားလေသည်။

## အဖွဲ့ဝင်များ အချိန်ပြည့်လောအချိန်ပိုင်းလော

EMB အဖွဲ့ဝင်များအနေနှင့် အချိန်ပြည့်သည် ပိုမိုသင့်တော်သလော၊ အချိန်ပိုင်းသည် ပိုမို သင့်တော်သလောဟူသည် ရွေးကောက်ပွဲနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဖြစ်စဉ်များပေါ် မူတည်သည်။ ပုံသေ ခန့်အပ်ထားသော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဆိုင်ရာဌာန) များတွင် ရွေးကောက်ပွဲလည်ပတ်ပုံ တစ်လျှောက် တွင် လုပ်ရမည့်အလုပ်များများသောကြောင့် EMBအဖွဲ့ဝင်များအနေနှင့်လည်း အချိန်ပြည့် အလုပ်လုပ်ရန်လိုအပ်ပြီး တိုင်ပင်ဆွေးနွေးမှုများနှင့် ဆုံးဖြတ်ချက်များကို လျင်လျင်မြန်မြန် ပြုလုပ်ရန် အဆင်သင့်ရှိနေမည်ဖြစ်သည်။ အချိန်ပြည့်တာဝန်ထမ်းဆောင်သော EMB အဖွဲ့ဝင်များသည် မကြာခဏ

ပြန်လည်ဖြစ်တတ်သော လှုပ်ရှားမှုများရှိတတ်သော ဥပမာ တစ်စိတ်တစ်ဒေသ သို့မဟုတ် လူစားထိုး ရွေးကောက်ပွဲများ မကြာခဏကျင်းပရလေ့ရှိသော၊ မဲဆန္ဒရှင် ပညာပေးလုပ်ငန်းများဆက်တိုက် လုပ်ဆောင်လျက်ရှိပြီး သတင်းအချက်အလက်၊ စဉ်ဆက်မပြတ် မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းခြင်း သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြောင်းလဲခြင်းများ ရှိတတ်သော နေရာများအတွက်ဆိုလျှင်မူ ရွေးချယ်မှုကောင်းတစ်ခုပင် ဖြစ်သည်။ EMB ၏ အထွေထွေ အတွင်းရေးမှူးဌာန၏ အဂတိကင်းခြင်းနှင့် အရည်အသွေးကို သံသယရှိသော နေရာများတွင်လည်း EMB အဖွဲ့ဝင်များ အချိန်ပြည့်တာဝန်ထမ်းဆောင်ခြင်းသည် သင့်တော်ပါသည်။

အင်ဒိုနီးရှားနိုင်ငံကဲ့သို့သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များသည် EMB ခန့်အပ်ထားသော ဝန်ထမ်းများအား အချိန်ပြည့်တာဝန်ထမ်းဆောင်ရန်တောင်းဆိုထားသည်။ ဂမ်ဘီယာ ကဲ့သို့သော နိုင်ငံများတွင် ဥပဒေက မပြဋ္ဌာန်းထားသော်ငြားလည်း EMB အဖွဲ့ဝင်များကို အချိန်ပြည့်တာဝန်ထမ်းဆောင်ရန် ခန့်အပ်ထားသည်။ ရွေးကောက်ပွဲပြုလုပ်မည့် ရက်စွဲများ ပုံသေချမှတ်ထားပြီး EMB များအနေနှင့် ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခုကြားတာဝန်အကန့်အသတ်ရှိသော နိုင်ငံများတွင် အချိန်ပိုင်း EMB အဖွဲ့ဝင်များထားရှိရန် အကြံပေးခြင်းမှာ ပိုသင့်တော်လိမ့်မည်။ ဂါနာနှင့် ဆူဒန်တောင်ပိုင်းတွင် EMB အဖွဲ့ဝင်များမှာ အချိန်ပိုင်းသမားများဖြစ်ကြပြီး ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌသာလျှင် အချိန်ပြည့် တာဝန်ထမ်းဆောင်သူများဖြစ်ကြသည်။ အဖွဲ့ဝင်များအနေနှင့် ရွေးကောက်ပွဲကာလမဟုတ်သော အချိန်များတွင် အချိန်ပိုင်းတာဝန်ထမ်းဆောင်ပြီး ရွေးကောက်ပွဲကာလအတွင်းသာ အချိန်ပြည့် တာဝန်ထမ်းဆောင်ခြင်မျိုးလည်း ပြုလုပ်နိုင်သည်။

## EMB အဖွဲ့ဝင် မည်မျှ ခန့်အပ်မည်နည်း

ယေဘုယျအားဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်သည် EMB အဖွဲ့ဝင် အရေအတွက်ကို သတ်မှတ်လေ့ရှိသည်။ မည်သို့ပင် ဆိုစေကာမူ ပါတီစုံ EMB တွင်အသင်းဝင်ဖြစ်ရေးသည် လွှတ်တော်အတွင်း၌ ပါတီကိုယ်စားပြုခြင်းကဲ့သို့သော အချက်အလက်များနှင့်ဆုံးဖြတ်ပါက အဖွဲ့ဝင်အရေအတွက် အတိအကျ သတ်မှတ်ရန်မဖြစ်နိုင်ချေ၊ အဘယ်ကြောင့်ဆိုသော် ထိုအရေအတွက်သည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်သောကြောင့် ဖြစ်သည်။

EMB ၏ အဖွဲ့ဝင် အရေအတွက်သည် ကမ္ဘာ့အနှံ့အပြားတွင်တိုင်းပြည်၏ ပမာဏနှင့် မသက်ဆိုင်ဘဲ အမျိုးမျိုးကွဲပြားလျက်ရှိသည်။ ဥပမာအားဖြင့် တိုင်းပြည်ငယ်လေးဖြစ်သော လီဆိုသိုတွင် EMB ၌ အဖွဲ့ဝင်သုံးဦး သာရှိသည်။ ပိုကြီးသော နိုင်ဂျီးရီးယားကဲ့သို့သော တိုင်းပြည်တွင် EMB အဖွဲ့ဝင် ၁၃ ဦး ရှိသည်။ သို့သော်လည်း တိုင်းပြည်ပမာဏ အတန်ငယ်ကြီးသော ကနေဒါနှင့် အိန္ဒိယကဲ့သို့ မဲဆန္ဒရှင် သန်း၇၀၀ခန့်ရှိသော နိုင်ငံတွင် EMB အဖွဲ့ဝင် အရေအတွက်မှာ တစ်ဦးနှင့် သုံးဦးသာရှိလေသည်။ EMB အဖွဲ့ဝင်များပါက ပိုပြီးကိုယ်စားပြုမှုများပြားနိုင်ပြီး နည်းပါက ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ လုပ်ဆောင်နိုင်လေသည်။ အဖွဲ့ဝင်အရေအတွက် မ,ဂဏန်းရှိခြင်းသည် ဆုံးဖြတ်ချက်ချရာတွင် EMB ဥက္ကဋ္ဌကို မဲတောင်းစရာမလိုဘဲ မဲများရာဘက် ဆုံးဖြတ်ချက်ချနိုင်လေသည်။ နိုင်ငံရေးပါတီ ရွေးကောက်ခံ အမတ်များပါဝင်သော EMB များသည် ကျွမ်းကျင်သူအခြေပြု EMB များထက် နိုင်ငံရေးအကျိုးစီးပွား ယှဉ်ပြိုင်နိုင်လောက်သော ပမာဏရရှိရန်အတွက် အဖွဲ့ဝင် ပိုများလေ့ရှိသည်။

ဂွါတီမာလာနှင့် တူရကီကဲ့သို့သောနိုင်ငံများ၏ ရွေးကောက်ပွဲဥပဒေတွင် အစားထိုး သို့မဟုတ် လွှတ်တော်အမတ်အဖွဲ့ဝင်များအား EMB တွင် ခန့်အပ်ခွင့် ခွင့်ပြုထားလေသည်။ အချို့သော အခြေအနေ

များတွင် လွှတ်တော်အမတ်သည် ထိုရာထူးကို အလိုအလျောက်ရယူပြီး အဖွဲ့ဝင်တစ်ဦး၏ လုပ်ပိုင်ခွင့်များ အတိုင်း ကျင့်သုံးနိုင်သည်။

## ပုံသေ EMB များရှိ အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်သက် ပုံသေ

EMB တော်တော်များများတွင် အဖွဲ့ဝင်များ၌ တာဝန်ထမ်းဆောင်သက် အတိအကျ သတ်မှတ်ထားခြင်းရှိသည်။ ၂၀၁၃ခုနှစ် အကုန်တွင် မော်လ်တာနှင့် ရဝမ်ဒါ၌ တာဝန်ထမ်းဆောင်သက်သည် သုံးနှစ်ဖြစ်ပြီး ဒိုမီနီကမ်သမ္မတနိုင်ငံ၊ ဟွန်ဒူရာစ်၊ ဂျာမေကာ၊ လာတ်ဗီယာနှင့် ပါလာအူတွင် လေးနှစ်ဖြစ်ကာ ကီရီဘာတီ၊ လီဆိုသိုနှင့် ထရီနီဒတ်တွင် ငါးနှစ်၊ နီပေါလ်တွင် ခြောက်နှစ်၊ ဖိလစ်ပိုင်၊ တောင်အာဖရိက၊ ယူဂန်ဒါနှင့် ယူကရိန်းတွင်တွင် ခုနစ်နှစ်၊ ရိုမေးနီးယားတွင် ရှစ်နှစ်နှင့် ဘော့စ်တ်နာဝါတွင် ဆယ်နှစ် (အချပ်ပို က တွင်ကြည့်) အချို့သော EMB များ၏ တာဝန်ထမ်းဆောင်သက်သည် လွှတ်တော်အမတ်တာဝန် ထမ်းဆောင်သက်နှင့် ဆက်စပ်လျက်ရှိသည်။ ဘော့စ်တ်နာဝါတွင် EMB ၌ ခန့်အပ်ထားသော ပုံသေ အထွေထွေအတွင်းရေးမှူးတစ်ဦး ရှိသော်လည်း EMB အဖွဲ့ဝင်များသည် ရွေးကောက်ပွဲကာလ အတွင်းသာ အလုပ်လုပ်ခွင့်ရှိပြီး တာဝန်ကိုလည်း လွှတ်တော်တာဝန် ဆက်တိုက်နှစ်ဆက် (ဆယ်နှစ်ကြာအောင်) ထမ်းဆောင်ခွင့်ရှိသည်။ ဘူတန်၊ အိန္ဒိယနှင့် နီပေါလ်၌ အဖွဲ့ဝင်တစ်ဦးသည် ၎င်းတို့တာဝန် ထမ်းဆောင်သက် မပြည့်မီ အသက် ၆၅ နှစ်ပြည့်သွားပါက အငြိမ်းစားယူရလေသည်။

## ဇယား ၇ : ပါတီစုံ၊ ပညာရှင်နှင့် ပေါင်းစည်း EMB တို့၏ အားသာချက်နှင့် အားနည်းချက်များ

| | အားနည်းချက်များ | အားသာချက်များ |
|---|---|---|
| **ပါတီစုံ EMB များ** | • ရွေးကောက်ပွဲ၌ အတိုက်အခံနိုင်ငံရေး အင်အားစုအနေနှင့် မြင့်တင်ပေးနိုင်မည်။<br>• မဲဆန္ဒရှင်များ ပါဝင်နိုင်ရန် အားပေးသည်<br>• ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှုကို အားပေးသည်။<br>• နိုင်ငံရေးပါတီများ၏ အားစိုက်ထုတ်မှုကို EMB(ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာ ဌာန) ၏ မူဝါဒတိုးတက်ရေးအတွက် ဖြစ်စေမည်။<br>• အဓိက အရေးကြီးသော ရွေးကောက်ပွဲဆိုင်ရာ ရင်းနှီးမြုပ်နှံသူတို့နှင့် ချိတ်ဆက်မှု ရနိုင်သည်။<br>• စီမံခန့်ခွဲမှုနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့တွင် နိုင်ငံရေး အတွေ့အကြုံနှင့် ယှဉ်လုပ်နိုင်သည်။ | • အဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များတွင် နိုင်ငံရေးအရ တင်းမာမှုများ ကပ်ပါနိုင်သည်။<br>• သင့်တော်သော ပညာရှင်ဆန်သည့် အတွေ့အကြုံ သို့မဟုတ် အရည်အချင်းရှိချင်မှ ရှိလိမ့်မည်။<br>• ပါတီများအားလုံးကို ကိုယ်စားပြုပါက လုပ်ပိုင်ခွင့်အရ နည်းနိုင်သည်<br>• အချို့သောပါတီများ ပယ်ထုတ်ခံရပါက သို့မဟုတ် နိုင်ငံရေးပါတီများ လေးစားမှုမခံရပါက ယုံကြည် ရနိုင်မှု လျော့ကျစေနိုင်သည်<br>• သဘောတူညီချက်ရယူပြီး ဆုံးဖြတ်ချက်ချနိုင်ရန် ခက်ခဲလိမ့်မည်<br>• ပါတီများအချင်းချင်း လူသိရှင်ကြား ပဋိပက္ခများ ဖြစ်ခြင်းကြောင့် EMB ၏ စည်းလုံးမှု ထိခိုက်ကောင်းထိခိုက်နိုင်မည်။ |

| | အားနည်းချက်များ | အားသာချက်များ |
|---|---|---|
| **ပညာရှင် EMB များ** | • အဂတိကင်းခြင်းနှင့် ဘက်မလိုက်သော အသင်းဝင်ခြင်းက EMB(ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာ ဌာန) ၏ ယုံကြည်ရနိုင်မှုကို မြင့်တက်စေသည်။<br>• နိုင်ငံရေးဖိအားများကိုပယ်ရှားနိုင်ဖို့များသည်။<br>• အဖွဲ့ဝင်များလည်း ကျွမ်းကျင်ကာ ပညာရှင်ဆန်ကြသည်။<br>• EMB(ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာ ဌာန) အတွက်ရနိုင်သော ကျွမ်းကျင်သူဆိုင်ရာ ဗဟုသုတများ အမြောက်အမြား ပြုလုပ်ပေးနိုင်သည်။<br>• ဂုဏ်သရေရှိ လူသိများသောသူများဖြစ်သောအဖွဲ့ဝင်များက EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာဌာန) ၏ ဂုဏ်သိက္ခာကိုတက်စေသည်။<br>• EMB(ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာ ဌာန) အနေနှင့် ရေးဆွဲနိုင်သော ကျွမ်းကျင်မှုဆိုင်ရာ ကွန်ယက်ကို ပမာဏကျယ်ကျယ် ရရှိနိုင်သည်။ | • သက်ဆိုင်ရာ နိုင်ငံရေးအချက်အလက်များကို အမြဲတမ်း သိချင်မှ သိလိမ့်မည်။<br>• နိုင်ငံရေးသမားအနေနှင့် EMB(ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာ ဌာန) လုပ်ရှားမှုများသို့ အတိုင်းအတာတစ်ခုထိသာထိတွေ့သိရှိနိုင်မည်။<br>• ရွေးကောက်ပွဲဆိုင်ရာ အဓိကကျသော ရင်းနှီးမြှုပ်နှံသူများနှင့် အချိတ်အဆက် ကောင်းကောင်း ရှိချင်မှ ရှိလိမ့်မည်။<br>• အဖွဲ့ဝင်များအနေနှင့် EMB(ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာ ဌာန) ၏ လုပ်ဆောင်ချက်များအကြား ရပိုင်ခွင့်များနှင့် ၄င်းတို့ လာသော အဖွဲ့အစည်းများ၏ ရှုထောင့်များ ပဋိပက္ခဖြစ်ပါက ဖြေရှင်းရန်လိုသည်။<br>• အတော်ဆုံးသော "ကျွမ်းကျင်သူများ" အနေနှင့် တာဝန်ထမ်းဆောင်လိုစိတ် မရှိခြင်း ဖြစ်နိုင်သည်။<br>• အကူးအပြောင်းကာလတွင် "ဘက်မလိုက်သော" အဖွဲ့ဝင်ကို ရှာဖွေရန် ခက်နိုင်သည်။ |

| | အားနည်းချက်များ | အားသာချက်များ |
|---|---|---|
| **ပေါင်းစည်းထားသော EMB** | • နိုင်ငံရေးနှင့် နည်းပညာဆိုင်ရာ စဉ်းစားဆုံးဖြတ်ချက်များတွင် ဟန်ချက်ညီနိုင်သည်။<br>• ဝင်ရောက်ပါဝင်ခြင်းကို အားပေးနိုင်ပြီး ပညာရှင် အဖွဲ့ဝင်များအနေနှင့် ဘက်လိုက်မှုများရှိလာပါက တန်ပြန် ဟန်ချက် ထိန်းနိုင်သည်။<br>• EMB ဘက်မှ နိုင်ငံရေးအရပါဝင်သောသူများကို ပွင့်လင်းမြင်သာမှုရှိပြီးပညာရှင်ဆန်သော ယုံကြည်ရနိုင်မှု အချို့ရှိသည်။<br>• နိုင်ငံရေးဆိုင်ရာနှင့် ပညာရပ်ပိုင်းဆိုင်ရာ ဗဟုသုတနှစ်မျိုးလုံးသည် EMB အတွက် အကျိုးရှိပါသည်။<br>• အဓိကကျသော ရွေးကောက်ပွဲဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၊ လူသိများကျော်ကြားသူများနှင့် ချိတ်ဆက်ထားသည်<br>• နိုင်ငံရေးအရအတွေ့အကြုံနှင့် ပညာရပ်ပိုင်းဆိုင်ရာအရပါ ဆက်သွယ်နိုင်သော စွမ်းအားနှစ်ခုလုံးရှိသည်။ | • နိုင်ငံရေးနှင့် ပညာရှင်များအကြားတွင် မတူညီသောအချက်အလက်များ ရှိနိုင်သေးသည်။<br>• EMB ဘက်မှ ဖွဲ့စည်းဌာနအချင်းချင်း တစ်ခုနှင့်တစ်ခုကြား သတင်းအချက်အလက်များ အပြိုင်အဆိုင် ပေါက်ကြားခြင်းတို့ ကြုံတွေ့ရနိုင်သည်။<br>• နိုင်ငံရေးရာနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ အားလုံး ကိုယ်စားပြုပါက ထိန်းချုပ်ရခက်နိုင်သည်။<br>• အချို့သော ပါတီများ ချန်ထားခံခဲ့ရပါက ယုံကြည်ရနိုင်မှု လျော့ကျသွားနိုင်သည်။<br>• သဘောတူညီချက်ယူပြီး ဆုံးဖြတ်ချက်ချရသည်မှာ ခက်ခဲသည်။<br>• အရည်အသွေးမြင့် ကျွမ်းကျင်သူများမှာ နိုင်ငံရေးကိစ္စများနှင့် တွဲကာ အလုပ်လုပ်ချင်မှ လုပ်လိမ့်မည် |

## ဇယား ၈ : ၂၀၁၂ ခုနှစ်ကဲ့သို့ ပါတီအခြေပြုနှင့် ပညာရှင်အခြေပြု EMB တို့၏ ရွေးချယ်သော အဖွဲ့ဝင်အရေအတွက်

| ပါတီအခြေပြု EMB ဌာနများရှိ အဖွဲ့ဝင်အရေအတွက် | |
|---|---|
| ၃၁ | အစ္စရေး (Israel) |
| ၁၁ | လိုက်ခ်တန်စတိန်း (Liechtenstein) |
| ၅ | အီရီထရီယာ (Eritrea) |
| **ကျွမ်းကျင်သူအခြေပြု EMB ဌာနများရှိ အဖွဲ့ဝင်အရေအတွက်** | |
| ၁၅ | ယူကရိန်း (Ukraine) |
| ၇ | ဖိလစ်ပိုင်၊ တူရကီ၊ ယူဂန်ဒါ (Philippines, Turkey, Uganda) |
| ၅ | အီကွေဒေါ၊ ဂမ်ဘီယာ (Ecuador, Gambia) |
| ၁ | ပါပူအာနယူးဂီနီ (Papua New Guinea) |

ကမ္ဘောဒီးယား၊ ကနေဒါ၊ ဂါနာနှင့် မလေးရှားတို့တွင် EMB များ၏ တာဝန်ထမ်းဆောင်သက်မှာ အတိအကျ သတ်မှတ်ထားခြင်းမရှိချေ။ တစ်ခါ ခန့်အပ်ပြီးခြင်းခံရပါက အဖွဲ့ဝင်များအနေနှင့် ၎င်းတို့ ပင်စင်ယူသက်မရောက်မီအထိ ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် ဖယ်ရှားခြင်းမခံရမီအချိန်အထိ တာဝန်ထမ်းဆောင်ရလေသည်။ ကနေဒါနှင့် မလေးရှားတွင် ရုံး၌ ဥက္ကဋ္ဌသည် အသက် ၆၅ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ရလေသည်။

တာဝန်ထမ်းဆောင်သက်ကို ကန့်သတ်လိုက်ခြင်းမှရသော အားသာချက်မှာ လူသစ်များခန့်အပ်ခြင်းမှ အကြံဉာဏ်သစ်များကို အစဉ်အဆက်အလိုက် အမြဲမပြတ်ရရှိရေးကိုတိုးမြှင့်စေခြင်းပင် ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ ထိုအချက်သည် အသင်းအဖွဲ့ဆိုင်ရာ အတွေ့အကြုံကို အားနည်းစေသည် အထူးသဖြင့် ရွေးကောက်ပွဲလည်ပတ်ပုံ တစ်ကျော့နှင့် EMB အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်သက် တိုက်ဆိုင်သွားချိန်တို့တွင် ဖြစ်သည်။ EMB အဖွဲ့ဝင်များအတွက် တာဝန်ထမ်းဆောင်သက်ကို ကန့်သတ်ရှင်းပြထားသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအများအပြားသည် ခန့်အပ်သောအာဏာပိုင်အရာရှိနှင့် ခန့်အပ်ခြင်းခံရသူအကြား နှစ်ဦးသဘောတူညီချက်ဖြင့် ပြန်လည်ခန့်အပ်ခွင့်ကို ပေးအပ်ထားလေသည်။ တောင်အာဖရိကနှင့် ဇမ်ဘီယာတွင်မတော့ EMB အဖွဲ့ဝင်များကို ရာထူးသက်တမ်းနှစ်ဆက်သာ ထမ်းဆောင်ရန် ကန့်သတ်ထားလေကာ ပါကစ္စတန်နှင့် ရုရှားတို့တွင် EMB အဖွဲ့ဝင်တို့၏ တာဝန်ထမ်းဆောင်သက်ကို မကန့်သတ်ထားပေ။ ပြန်လည်ခန့်အပ်ခြင်းသည် မက္ကစီကိုနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ ဥပဒေအရ ကန့်သတ်ထားခြင်းကို ခံရလေသည်။

တောင်အာဖရိကတွက် EMB အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်သက်များသည် မတည်ငြိမ်ပေ။ ခုနစ်နှစ်တစ်ခါ ရာထူးခန့်အပ်ခြင်း အသစ်လုပ်လေ့ရှိပြီး အခြားသောအဖွဲ့ဝင်များ၏ ကျန်ရှိနေသော တာဝန်ထမ်းဆောင်သက်ကို ထည့်တွက်လေ့ မရှိကြပေ။ ဆီနီဂေါ်နိုင်ငံတွင် EMB အဖွဲ့ဝင်များ၏ သုံးပုံတစ်ပုံသည် သုံးနှစ်လျှင် တစ်ကြိမ်ခန့်အပ်ခြင်းပြုကြလေသည်။ မက္ကစီကိုသည်လည်း ရာထူးခန့်အပ်ခြင်းနှင့် ပတ်သက်လျှင် သိပ်မတည်ငြိမ်လှပေ။ ဂူအမ်၊ ဂီနီယာနှင့် ဆီနီဂေါ်တွင် နေရာတစ်နေရာ လွတ်ပါက အစားထိုးသော သူသည် ၎င်းတို့အစားထိုးသောသူ၏ ကျန်ရှိသော တာဝန်ထမ်းဆောင်သက် ပြီးဆုံးသည့်အချိန်အထိသာ ဆက်လက်ထမ်းဆောင်ရလေသည်။

EMB အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်သက်များကို ပြောင်းလဲပစ်ခြင်းသည် အသင်းအဖွဲ့ဆိုင်ရာ အတွေ့အကြုံများရရှိနိုင်စေခြင်းနှင့် ခေါင်းဆောင်အပြောင်းအလဲလုပ်ရာတွင် ချောမွေ့ခြင်း ဖြစ်စေရန် ကောင်းစွာကူညီလေသည်။ ထိုကဲ့သို့ ရာထူးခန့်အပ်ခြင်းများကို အပြောင်းအလဲမလုပ်ပါကလည်း EMB အဖွဲ့ဝင်သစ်များသည် ၎င်းတို့ရှေ့က EMB အဖွဲ့ဝင်ဟောင်းများ ၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ အကဲဖြတ်ချက်များကို ပြီးဆုံးအောင်ပြုလုပ်ရန်နှင့် အစီရင်ခံစာတင်ပြီးချိန်အထိနှင့် နောက်ထပ် EMB အဖွဲ့ဝင်အသစ်များက ရွေးကောက်ပွဲကာလ မစတင်မီတွင် ၎င်းတို့ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ကျွမ်းကျင်ပိုင်နိုင်စေရန်အတွက် နောက်ထပ်ရွေးကောက်တင်မြှောက်မှု မလုပ်မီအထိ တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြား ကြားခုလတ် ကာလတစ်ပိုက်တွင်လည်း ဖြစ်နိုင်သည်။

## EMB အဖွဲ့ဝင်များ စုဆောင်ခြင်းနှင့် ခန့်အပ်ခြင်း

EMB အဖွဲ့ဝင်များ ခန့်အပ်ခြင်း လုပ်ငန်းစဉ်သည် ရွေးကောက်ခြင်း သို့မဟုတ် ကြေငြာခြင်း၊ ရွေးချယ်ခြင်းနှင့် ခန့်အပ်ခြင်းတို့ပါဝင်သည်။ အချို့သော နိုင်ငံများတွင် ဥပဒေသည် လုပ်ငန်းစဉ်အတွင်းရှိ ထိုအဆင့်သုံးဆင့်လုံးအတွက် အတိအကျထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများရှိသည်။ သို့သော်

လည်းအခြားသောနေရာများတွင်မူ ခန့်အပ်ခြင်းပြုလုပ်သောဌာနအတွက်ကိုသာ အတိအကျထုတ်ပြန်ထား လေသည်။

## *လူသိရှင်ကြား ကြေငြာသော နည်းစနစ်ဖြင့် လူစုဆောင်းခြင်း*

အီရတ်တွင် ကျွမ်းကျင်သူအခြေပြု EMB များအတွက် အဖွဲ့ဝင်များသည် လူသိရှင်ကြား ကြေငြာ ချက်ထုတ်ပြန်ကာ စုဆောင်းခြင်းဖြစ်သည်။ စိတ်ဝင်စားသော လျှောက်ထားသူများသည် ရာထူးခန့်အပ်ခြင်း ခံရရန်အတွက် ထည့်သွင်းစဥ်းစားခြင်းခံရရန် သို့မဟုတ် ပြည်သူမှ ရွေးကောက်တင်မြှောက်ခြင်းခံရရန် အတွက် တိုက်ရိုက်လျှောက်ထားခွင့်ရှိသည်။ လျှောက်လွှာများမှာ လွတ်လပ်သော ဌာနတစ်ခုမှ (လူသိ ရှင်ကြား ပြုလုပ်သော အင်တာဗျူးများမှတစ်ဆင့်) လက်ခံရယူပြီး စစ်ဆေးခြင်းဖြစ်သည်။ လက်ရွေးစင် ရွေးချယ်ပြီးဖြစ်သော လျှောက်ထားသူများ၏ နာမည်စာရင်းများမှာ တိုင်းပြည်အုပ်ချုပ်အာဏာရှိသူထံသို့ နောက်ဆုံးအဆင့် ခန့်အပ်ခြင်းပြုရန်အတွက် တင်သွင်းခြင်းခံရလေသည်။

လူသိရှင်ကြား ကြေငြာချက်ထုတ်ခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစဥ်တို့သည် EMB အဖွဲ့ ဝင်များအား ရာထူးခန့်အပ်ခြင်းအတွက် လျှောက်ထားသူအရေအတွက် များပြားစေနိုင်ပြီး အဖွဲ့ဝင်ရွေးချယ် ရာတွင် အပြိုင်အဆိုင်နှုန်းကို မြင့်တက်စေနိုင်သော်လည်း သင့်တော်သော သူများကျိန်း သေပေါက် အရွေး ခံရနိုင်မည်ဟူသော အချက်ကိုမူ  အာမမခံပေ။ EMB အဖွဲ့ဝင်များအား စစ်ဆေးခြင်းနှင့် ခန့်အပ်ခြင်းကို လုပ်ဆောင်ခြင်းသည် နိုင်ငံရေးအုပ်စုတစ်စု၏ လက်ထဲတွင်ရှိပြီး ထိုအုပ်စု၏ မျက်နှာသာပေးခြင်းကို မခံရ သော အရည်အချင်းရှိသည့် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရနိုင်ရန်အတွက် အခွင့်အလမ်း နည်းပါးလေသည်။

## ဇယား ၉ : EMB (ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးဌာန အဖွဲ့ဝင်များအတွက် လူသိရှင်ကြား ကြေငြာရာတွင် ရရှိနိုင်သော အားသာချက်နှင့် အားနည်းချက်များ)

| အားသာချက် | အားနည်းချက် |
|---|---|
| • ခန့်အပ်ရာတွင်ပွင့်လင်းမြင်သာမှုရှိစေသည်။<br>• အရည်အချင်းရှိသော အဖွဲ့ဝင်များအရေအတွက် အမြောက်အမြားကို ပေးအပ်လေသည်။<br>• အရည်အချင်းအလိုက် ပွင့်လင်းစွာရွေးချယ်ခွင့် ပေးလေသည်။<br>• ရင်းနှီးမြှုပ်နှံသူအားလုံးကို လျှောက်ထားသူများ အား ရွေးချယ်ခွင့်ပြုခြင်းဖြင့် အားလုံးပါဝင်နိုင်မှု ကို မြှင့်တင်လေသည်။<br>• ရွေးကောက်ခြင်း၊ စစ်ဆေးခြင်းနှင့် ခန့်အပ်ခြင်း ဆိုင်ရာတာဝန်တို့သည် ဌာနကွဲအမျိုးမျိုးတွင် တာဝန် ကျရောက်နိုင်သောကြောင့် စစ်ဆေး ခြင်းနှင့်ထိန်းညှိခြင်း ပြုလုပ်နိုင်စေလေသည်။<br>• မျက်နှာသာပေးခံရသော အခွင့်ထူးခံများ၏ ပြင်ပမှ လျှောက်ထားသူများအတွက် အခွင့်အလမ်းများ ပွင့်လမ်းလာစေနိုင်လေသည်။ | • နာမည်ကျော် သိက္ခာရှိ ပညာရှင်များသည် ၎င်းတို့ကိုယ်၎င်းတို့ လူပုံအလယ်တွင် အစစ်ဆေးခံခြင်းမျိုး အလုပ်ခံရခြင်း ခံချင်မှခံလိမ့်မည်။<br>• လူအများစုမှာလည်း ခန့်အပ်ခြင်းမခံရကြောင်းအများသိမှာ စိုးသောကြောင့် လျှောက်ထားရန်အတွက် အားပေးခြင်း ခံရလိမ့်မည် မဟုတ်ချေ။<br>• ကြေငြာစရိတ်နှင့် စစ်ဆေးခြင်းတို့အတွက်ကျသင့်ငွေများ<br>• ခန့်အပ်ခြင်းဆိုင်ရာလုပ်ငန်းစဉ် ပြီးမြောက်ရန်အတွက် ကုန်သော အချိန်<br>• အဖွဲ့ဝင်ခြင်းနှင့် စစ်ဆေးသော ကော်မတီတို့၏ လုပ်ဆောင်ချက်တို့အား စစ်ဆေးရန် လိုအပ်ကောင်းလိုလိမ့်မည်။<br>• လူသိရှင်ကြားကြေငြာခြင်းနှင့် ရွေးကောက်ခြင်းဆိုင်ရာ လုပ်ရပ်သည် အာဏာလွှမ်းမိုးသော နိုင်ငံရေးအုပ်စုကEMB အဖွဲ့ဝင်ရေးကို ဆုံးဖြတ်နေဆဲဖြစ်ကြောင်း ကို ဖုံးလွှမ်းစေနိုင်မည်။ |

## EMB အဖွဲ့ဝင်များ ခန့်အပ်ခြင်း

နိုင်ငံတော်တော်များများတွင် EMB အဖွဲ့ဝင်များကို နိုင်ငံ့ခေါင်းဆောင်မှ ခန့်အပ်လေ့ရှိသည်။ ကနေဒါ၊ လတ်ဗီယာနှင့် မက္ကစီကိုတွင် လွှတ်တော်ဘက်မှရာထူးခန့်အပ်ရေးအတွက် တာဝန်ရှိပြီးကော့စတာ ရီကာတွင် တရားရုံးကခန့်အပ်ရန် တာဝန်ရှိလေသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်(နှင့် တရားစီရင်ရေးမဏ္ဍိုင်) တို့အကြား EMB ခန့်အပ်ရေး အာဏာခွဲဝေပေးလိုက်ခြင်းသည် ခန့်အပ်ရေးလုပ်ငန်း စဉ်အား စစ်ဆေးထိန်းညှိပြီးသား ဖြစ်သွားစေသကဲ့သို့ ခန့်အပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကိုလည်း အဆင့်မြှင့် ပေးလေသည်။ အစိုးရ၏မဏ္ဍိုင်တစ်ခု (အထူးသဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်မှ) EMB အဖွဲ့ဝင်များကို ခန့်အပ် နိုင်ရေးအတွက် တာဝန်လုံးလုံးလျားလျားရှိသွားလျှင် ခန့်အပ်ခံရသောသူအတွက် အန္တရာယ်ရှိပြီး ၎င်းတို့ အနေနှင့် ဂုဏ်သရေရှိ လူကြီးလူကောင်းဖြစ်နေပါစေ၊ ပြည်သူလူထု အထူးသဖြင့် အတိုက်အခံပါတီဘက်မှ ခန့်အပ်ထားသောအာဏာပိုင်၏ နယ်ရုပ်မျှသာဖြစ်သည်ဟု မြင်သွားစေနိုင်သည်။

EMB အဖွဲ့ဝင်များအား ခန့်အပ်ရေးနှင့်ဆိုင်သော အာဏာသည်အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး မဏ္ဍိုင်တို့အကြား ခွဲဝေပေးထားစေကာမူ မဏ္ဍိုင်နှစ်ရပ်လုံးကို ပါတီတစ်ခုတည်းက လွှမ်းမိုးထားပါက ထို အစီအစဉ်သည် တုပ်နှောင်မှုအောက်တွင်သာရှိနေမည်ဖြစ်သည်။ ထိုကဲ့သို့ဖြစ်ပါက EMB အဖွဲ့ဝင် ခန့်အပ် ရေးအတွက် လွှတ်တော်အတွင်းရှိ အဖွဲ့ဝင် သုံးပုံနှစ်ပုံ၏ ထောက်ခံမှုရရေးသည် အသုံးဝင်သော ဖြေရှင်း နည်းကောင်းတစ်ရပ် ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ပါတီငယ်များကို ဗီတိုအာဏာ

ပေးကောင်းပေးသောကြောင့် ဖြစ်သည်။ ထိုကဲ့သို့သော မဲပေးစနစ်သည် မက္ကစီကို၊ နိုင်ဂျီးရီးယား၊ ဥရုဂွေး နှင့် ယီမင်တို့တွင် အသုံးပြုလေသည်။

နိုင်ငံခေါင်းဆောင်သည် သူ့ဘက်မှ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမည်ဟူသော အတိုင်းအတာကို တိုင်ပင်ဆွေးနွေးပြီး သို့မဟုတ် အခြားမှ ဆုံးဖြတ်ချက်ရယူပြီးမှ ဆုံးဖြတ်ချက်အတိုင်း ရွေးချယ်ခြင်းဖြစ်သည်။ ပါကစ္စတန်တွင် နိုင်ငံ့ခေါင်းဆောင်မှာ အဖွဲ့ဝင်များကို ရွေးချယ်ခြင်းဖြစ်သည်။ ဂူယာနာနှင့် စိန့်လူစီယာတွင် နိုင်ငံ့ခေါင်းဆောင်မှ အဖွဲ့ဝင်အကုန်လုံးကို ခန့်အပ်သော်လည်း အချို့ကိုသာ ရွေးချယ်လေသည်။ EMB အဖွဲ့ဝင်များကို တစ်ဦးတည်းသဘောဖြင့်ခန့်အပ်ခြင်း၊ အထူးသဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်မှ ထိုသို့ပြုလုပ်ခြင်းသည် လေ့လာရေးပညာရှင်အများစု၏ ဝေဖန်ရှုံ့ချခြင်းကိုခံခဲ့ရပြီး ပညာရှင်များက ထိုသို့ပြုလုပ်ခြင်းသည် အစိုးရနှင့် အာဏာရပါတီအား ဘက်မလိုက်စတမ်းဝေဖန် ဆုံးဖြတ်မည့်သူများထက် ကာကွယ်ပေးမည်သူများသာ ခန့်အပ်ပေးခြင်းကဲ့သို့သော လုပ်ရပ်များဖြစ်လာစေရန် အားပေးနိုင်စေလိမ့်မည်ဟုလည်း ငြင်းခုန်ပြောဆိုခဲ့သည်။

EMB အဖွဲ့ဝင်များကို ခန့်အပ်ရာတွင် အချို့သော ဆွေးနွေးမှုများမှာ ပို၍ရိုးစင်းလေသည်။ လွှတ်တော်၏ ပယောဂပါဝင်စေပြီး အတိုက်အခံပါတီများကိုပါ ပါဝင်စေခြင်းဖြင့် အတည်ပြုသော လုပ်ငန်းစဉ်သည် ရာထူးခန့်အပ်ခြင်းအား ပါတီစုံတို့၏ ထောက်ခံမှုကို အတိုင်းအတာတစ်ခုထိ ပေးစွမ်းနိုင်လေသည်။ လွှတ်တော်အတွင်းတွင် အယူဝါဒကွဲပြားသူများနှင့် အုပ်စုများသည် ယူကရိန်းနိုင်ငံတွင်ဆိုလျှင် တိုင်ပင်ဆွေးနွေးမှုပြုလုပ်ကြပြီး ထရီနီဒတ်နှင့် တိုဘာဂိုတွင် ရာထူးခန့်အပ်ခြင်းများသည် အတိုက်အခံခေါင်းဆောင်နှင့် တိုင်ပင်ဆွေးနွေးမှုအပြီးတွင် ဝန်ကြီးချုပ်၏ပေးသောအကြံအတိုင်းအခြေခံပြီး ဆောင်ရွက်ရခြင်းဖြစ်သည်။

နောက်ဆုံးသော ဆုံးဖြတ်ချက်ကို နိုင်ငံ့ခေါင်းဆောင် သို့မဟုတ် လွှတ်တော်၊ ရွေးချယ်ရေးကော်မတီ သို့မဟုတ် နည်းစနစ်တကျဖွဲ့စည်းထားခြင်းမျိုးမဟုတ်သော တစ်သီးပုဂ္ဂလ မည်သူတို့မှ ချမှတ်မည်လောဆိုသည့်အချက်ကို အချို့သော ဖြစ်ရပ်များ၏ လုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးချကြလေသည်။ ဂွါတီမာလာတွင် ရွေးချယ်ရေးကော်မတီတွင် တက္ကသိုလ်မှ ပါမောက္ခချုပ်များ၊ ဌာနမှူးများနှင့် ရှေ့နေအသင်းအဖွဲ့ဖြစ်သော bar association မှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘူတန်တွင် ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ စည်းကမ်းထိန်းသိမ်းရေးမှူး၊ အမျိုးသားကောင်စီ၏ ဥက္ကဋ္ဌနှင့် အတိုက်အခံပါတီ၏ ခေါင်းဆောင်တို့မှာ အဆိုတင်သွင်းထားသော စာရင်းတိုလေးကိုပါ ပူးတွဲတင်ပြလေသည်။ ပါပူဝါ နယူးဂီနီတွင် ရွေးကောက်ပွဲကော်မရှင်ခန့်အပ်ရေး ကော်မတီသည် ဝန်ကြီးချုပ်၊ အတိုက်အခံခေါင်းဆောင်၊ ရာထူးခန့်အပ်ရေးလွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် ပြည်သူ့ဝန်ထမ်းကော်မရှင်ဥက္ကဋ္ဌတို့ဖြင့် ဖွဲ့စည်းထားသည်။ ဗါနွာသူတွင် သမ္မတမှတရားစီရင်ရေး ဝန်ဆောင်မှုကော်မရှင်မှပေးသော အကြံဉာဏ်ပေါ်တွင် မူတည်ပြီး ခန့်အပ်သည်။ မလေးရှားတွင် သမ္မတက အုပ်ချုပ်ရေးမှူးများ (မလေးရှားနိုင်ငံရှိ ပြည်နယ်တစ်ခုချင်းစီ၏ ခေါင်းဆောင်တို့နှင့်ဖွဲ့စည်းထား)နှင့် တွေ့ဆုံပွဲလုပ်ကာ တိုင်ပင်ဆွေးနွေးပြီးနောက် သမ္မတမှခန့်အပ်သည်။ ဖိလစ်ပိုင်တွင် သမ္မတမှ ရာထူးခန့်အပ်ရေး ကော်မရှင်၏ သဘောတူညီချက်ဖြင့် ခန့်အပ်သည်။ ဇမ်ဘီယာတွင် သမ္မတက တရားရုံးချုပ်နှင့် အခြေခံဥပဒေဆိုင်ရာခုံရုံး၊ အရပ်ဖက်ဝန်ဆောင်မှုဆိုင်ရာ ကော်မရှင်၊ တရားစီရင်မှုဆိုင်ရာ ဝန်ဆောင်မှု ကော်မရှင်၊ ချာ့ချ်များမှ ကိုယ်စားလှယ်များနှင့် တိုင်ကြားရေးအရာရှိတို့ဖြင့် ဖွဲ့စည်းထားသော ရွေးချယ်ရေးကော်မတီကို အသုံးပြုသည်။ တောင်အာဖရိကတွင် ဝင်ရောက်ယှဉ်ပြိုင်သူများကိုအခြေခံဥပဒေခုံရုံး ဥက္ကဋ္ဌ၊ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်တစ်ဦး၊ ကျား/မ လိင်တန်းတူအခွင့်အရေးဆိုင်ရာကော်မရှင် ကိုယ်စားလှယ်တစ်ဦးနှင့် ပြည်သူ့တရား

လို အရာရှိတစ်ဦးတို့ဖြင့် ဖွဲ့စည်းထားသော အဖွဲ့မှ ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ ဆူဒန်တောင်ပိုင်းတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အမျိုးသမီးနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းဆိုင်ရာ အုပ်စုတို့နှင့် တိုင်ပင်ဆွေးနွေးခြင်း ပါဝင်ရမည်ဖြစ်သည်။ ဇမ်ဘီယာတွင် ထိုစာရင်းတိုလေးသည် ပြည်သူအားလုံး စစ်ဆေးကြည့်ရှုနိုင်ရန် ကြေငြာချက်ထုတ်ပြန်ထားလေသည်။

ကိစ္စတော်တော်များများတွင် ရွေးချယ်ရေး ကော်မတီဘက်မှ မည်သူ့ကိုခန့်အပ်မည်ဆိုသည်ကို ရွေးချယ်ခြင်း ဖြစ်သော်လည်း အချို့သောကိစ္စများတွင်မူ ကော်မတီဘက်မှ ဖြည့်စွက်ရမည့်နေရာပမာဏ အရေအတွက်ထက် များပြားသော အမည်စာရင်းကို တင်သွင်းပြသတတ်ကာ နောက်ထပ်ဌာနတစ်ခုမှ ထို အုပ်စုထဲမှ သူများအတွက် နောက်ဆုံးဆုံးဖြတ်ချက် တစ်ခုကိုချမှတ်ပေးလေသည်။ အင်ဒိုနီးရှားနှင့် တောင်အာဖရိကတွင် လွှတ်တော်မှနေပြီး အဖွဲ့မှရွေးချယ်ထားသော နာမည်စာရင်းထဲမှ လူများကို ရွေးချယ်ခြင်းဖြစ်သည်။ ဘရာဇီးတွင် သမ္မတမှ အထက်ပြည်ထောင်စု တရားရုံးချုပ်မှ စာရင်းတင်သွင်းသော စာရင်းမှ လူခြောက်ဦး အနက်မှနှစ်ဦးကို ရွေးချယ်သည်။ လီသူဝါးနီးယားတွင် တရားရေးဆိုင်ရာ ဝန်ကြီးနှင့် Bar association (ရှေ့နေများအဖွဲ့အစည်း) တို့မှ စာရင်းတိုလေးများ တင်သွင်းပြီး အဖွဲ့ဝင်များကို မဲနှိုက်ပြီး ရွေးချယ်ကြရသည်။

EMB ဝန်ထမ်းများကို ခန့်အပ်ရေး ရာထူးနေရာအား ခွဲဝေနည်း နောက်တစ်နည်းမှာ အဖွဲ့ဝင်များအားလုံးကို တစ်နည်းတည်းဖြင့် ရွေးချယ်မည့်အစား ဌာနတစ်ခုအား အဖွဲ့ဝင်ရာခိုင်နှုန်း အတိုင်းအတာ တစ်ခုထိ ရွေးချယ်စေခြင်းပင် ဖြစ်သည်။ ဥပမာအားဖြင့် တောင်ကိုရီးယားနိုင်ငံတွင် ကိုးဦးအနက်မှာ သုံးဦးသည် သမ္မတမှ ခန့်အပ်ထားခြင်းဖြစ်ပြီး နောက်ထပ်သုံးဦးမှာ အမျိုးသားလွှတ်တော်မှ ခန့်အပ်ထားခြင်းဖြစ်ကာ နောက်ဆုံးသုံးဦးမှာ တရားရေးရာဝန်ကြီးနှင့် bar association (ရှေ့နေများအဖွဲ့) မှ ခန့်အပ်ခြင်းဖြစ်သည်။ လာတ်ဗီးယားတွင် တရားရုံးချုပ်က EMB အဖွဲ့ဝင်တစ်ဦးကို ခန့်အပ်ပြီး ဘော့စ်တနာဝါတွင် တရားစီရင်ရေးဆိုင်ရာ ဝန်ဆောင်မှု ကော်မရှင်က ပါတီစုံတွေ့ဆုံပွဲမှ ချမှတ်ထားသော ထောက်ခံစာရှိစာရင်းပါ လူခုနစ်ဦး အနက်မှ ငါးဦးကို ရွေးချယ်သည်။ ပေါ်တူဂီတွင် အဓိက အစိုးရဌာနတစ်ခုချင်းစီက EMB ၏ အဖွဲ့ဝင် တစ်ဦးချင်းစီကို ခန့်အပ်သည်။

အချို့သော ဖြစ်ရပ်များတွင် တစ်သီးပုဂ္ဂလသမားများသည် EMB အဖွဲ့ဝင်များ ဖြစ်လေ့ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် စာရင်းစစ်ချုပ်(တွန်ဂါ)၊ စာရင်းအင်းဌာနဆိုင်ရာ ဥက္ကဋ္ဌ (ဂျာမနီ) သို့မဟုတ် မောင်ရီလန်း တရားရုံး၏ တရားသူကြီးချုပ် (နယူးဇီလန်တွင် ၂၀၁၀ မတိုင်မီက) ကဲ့သို့သော အခြားသော ရာထူးများကိုလည်း ပိုင်ဆိုင်ထားသောကြောင့်ဖြစ်သည်။

## ခန့်အပ်ရန်အတွက် လိုအပ်သော အရည်အချင်းများ

EMB တွင် ခန့်ထားခြင်းခံရရန်အတွက် လိုအပ်သော အရည်အသွေးများကို EMB သည် ကျွမ်းကျင်သူ အခြေစိုက်လော သို့မဟုတ် ပါတီစုံ အခြေစိုက်စနစ်လောဟူသည့် အချက်ပေါ် ယေဘုယျ မူတည်ပြီး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွင် အသေးစိတ်ဖော်ပြထားသည်။

အချို့သော ပါတီစုံ EMB များတွင် အဖွဲ့ဝင်များအတွက် ရှိရန်လိုအပ်သော အချက်များကို ထုတ်ပြန်ထားသည်တို့ရှိသည်။ ဥပမာအားဖြင့် ပါတီလှုပ်ရှားသူမဖြစ်ရ သို့မဟုတ် လောလောလတ်လတ်တွင် နိုင်ငံရေးဌာနတွင် တာဝန်ထမ်းဆောင်နေခြင်းမဖြစ်ရ အစရှိသည်တို့ဖြစ်သည်။ ဥပမာအားဖြင့် မိုဇမ်ဘစ်ဂ်တွင် ပါတီစုံ EMB ၏ အဖွဲ့ဝင်များသည် ပညာရှင်အဆင့်ကျွမ်းကျင်စွာ တတ်မြောက်ရန်နှင့် ၎င်းတို့၏

တာဝန်များကို သိက္ခာရှိရှိ၊ လွတ်လွတ်လပ်လပ်နှင့် အဂတိကင်းကင်း လုပ်ဆောင်နိုင်စေရန်အတွက် ဥပဒေမှ ပြဋ္ဌာန်းထားလေသည်။ ဆိုလိုရင်းမှာ နိုင်ငံရေးပါတီများမှ ထိုကဲ့သို့ အဂတိလိုက်စားမှုကင်းကာ လွတ်လပ်သော ဝင်ရောက်ယှဉ်ပြိုင်သူများကိုသာ ရွေးချယ်ရမည် ဖြစ်သည်။ ထိုကဲ့သို့သော ရွေးကောက်ခံပုဂ္ဂိုလ်များမှာလည်း သူတို့ကိုရွေးချယ်သော နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များထက် အသိုင်းအဝိုင်းအတွင်းရှိ ဂုဏ်သရေရှိပုဂ္ဂိုလ်များ ဖြစ်လေ့ရှိကြသည်။

ကျွမ်းကျင်သူ အခြေစိုက် EMB တွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေက EMB အဖွဲ့ဝင်များအတွက် လိုအပ်ချက်များကို အင်ဒိုနီးရှားတွင်ကဲ့သို့ ချဲ့ထွင်ပြဋ္ဌာန်းကောင်းပြဋ္ဌာန်းထားမည် ဖြစ်လေသည်။ နောက်တစ်နည်းအနေနှင့်လည်း ဥပဒေက ၎င်း၏ EMB ထံမှ အဖွဲ့ဝင်များကို ခန့်အပ်ရန်အတွက် မျှော်လင့်ထားသော အပြုအမူနှင့် လုပ်ဆောင်ချက်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ်တွင်လည်း မှီခိုကောင်းမှီခိုမည်ဖြစ်သည်။ ဥပမာအားဖြင့် စာရိတ္တပိုင်းဆိုင်ရာ ဖြောင့်မတ်မှု၊ နလုံးရည်ပိုင်းဆိုင်ရာ ရိုးသားမှု၊ အဂတိကင်းမှုနှင့် ဘက်မလိုက်မှုတို့ဖြစ်သည်။ (ဆီနီဂေါတွင်ကဲ့သို့)

EMB အဖွဲ့ဝင်များအား ပညာရှင်ဆန်သော အရည်အချင်းနှင့် နိုင်ငံရေးဆိုင်ရာ အဂတိကင်းစင်မှုတည်းဟူသော အရည်အချင်းတို့ပြည့်စုံစေရန် မျှော်လင့်သည်မှာ လုပ်ရိုးလုပ်စဉ်သာဖြစ်သည်။ မက္ကဆီကို၊ ဖိလစ်ပိုင်နှင့် ဗာနူဝါတူတို့တွင် ပြီးခဲ့သောရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ပြီးသားသူများ ထပ်မံယှဉ်ပြိုင်ခွင့် မရှိသကဲ့သို့ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ မက္ကဆီကို၊ မော်ဒိုဗာ၊ နီပေါလ်နှင့် တောင်အာဖရိကတို့တွက် နိုင်ငံရေးဆိုင်ရာနာမည်ကျော် ပုဂ္ဂိုလ်များကို ထည့်သွင်းစဉ်းစားခြင်းမရှိပါ။

အချို့သောနိုင်ငံများတွင် ခန့်အပ်ခြင်းသည် တရားရေးရာဆိုင်ရာ လေ့ကျင့်သင်ကြားမှုရှိသူတို့အတွက်သာလျှင် ဖြစ်ပေသည်။ ပါကစ္စတန်၊ ပိုလန်နှင့် တူရကီတို့မှ EMB အဖွဲ့ဝင်များအားလုံးသည် လက်ရှိ သို့မဟုတ် ယခင်က အကြီးတန်းရှေ့နေအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်ရမည်ဖြစ်ပြီး၊ ဩစတြေးလျ၊ ဘော့စတနာဝါ၊ ပေါ်တူဂီနှင့် တန်ဇနီးယားတို့တွင် ထိုနေရာမျိုးကို ဥက္ကဋ္ဌက ယူရလေသည်။ လီသူဝါးနီးယား၊ မက္ကဆီကို၊ နီပေါလ်၊ ဖိလစ်ပိုင်၊ ရုရှားနှင့် ယူကရိန်းတို့တွင် EMB အဖွဲ့ဝင်များသည် အနည်းဆုံး တက္ကသိုလ်မှ ဘွဲ့ရသူဖြစ်ရမည်ဖြစ်သည်။ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီနား မောရီးတီးယပ်စ်နှင့် ဖိလစ်ပိုင်တို့တွင် ဥပဒေဘွဲ့ရရန်နှင့် ရှေ့နေအဖြစ်လုပ်ကိုင်သက် ရှိခဲ့ဖူးရန် လိုအပ်လေသည်။

EMB အဖွဲ့ဝင်ဖြစ်နိုင်ရေးအတွက် အခြားလိုအပ်သော လိုအပ်ချက်များမှာ နိုင်ငံသား ဖြစ်ရမည်ဆိုသော အချက်နှင့် မကြာခဏဆိုသလို အသက်ပြည့်မီရန်လိုအပ်ချက်တို့ ပါဝင်လေသည်။ အခန်း ၃ တွင် EMB အဖွဲ့ဝင်များအကြား လိင်အမျိုးအစားနှင့် တိုင်းရင်းသာလူမျိုးတို့၏ အရေအတွက် ဟန်ချက်အကြောင်းကို ပြောဆိုခဲ့ပြီး ဖြစ်လေသည်။ နိုင်ငံသားဖြစ်ရန် လိုအပ်ချက်မှာတော့ သာမန်လိုအပ်ရိုးလိုအပ်စဉ်သာဖြစ်လေသည် (ဥပမာအားဖြင့် လိုင်ဘေးရီးယား၊ လီသူဝါးနီးယား၊ ဖိလစ်ပိုင်၊ ဆီနီဂေါနှင့် တောင်အာဖရိကတို့ဖြစ်သည်) မည်သို့ပင်ဆိုစေကာမူ အီရတ်တွင် အဖွဲ့ဝင်ကိုးဦးအနက်တွင် နှစ်ဦးမှာ နိုင်ငံသားဖြစ်ရန်မလိုအပ်ချေ။ တွန်ဂါနှင့် ဖီဂျီတွင် ဥက္ကဋ္ဌဖြစ်ရန်အတွက် နိုင်ငံသားဖြစ်ရန်မလိုအပ်ချေ၊ နယူးဇီလန်တွင်လည်း မလိုအပ်ချေ။ အနည်းဆုံးပြည့်မီရမည်ဖြစ်သော အသက်အကြောင်းကိုလည်းထည့်သွင်းဖော်ပြထားသော်လည်း ဂီနီယာတွင် အနည်းဆုံး ၂၅ နှင့် မက္ကဆီကိုတွင် ၃၀နှစ်၊ လိုင်ဘေးရီးယားနှင့် ဖိလစ်ပိုင်တွင် ၃၅ နှစ်၊ ပါကစ္စတန်တွင် ၄၀နှင့် နီပေါလ်တွင် ၄၅ နှစ် စသည်ဖြင့် အမျိုးမျိုးကွဲပြားကြလေသည်။

EMB အဖွဲ့ဝင်များအားခန့်အပ်ရန်အတွက် ရွေးချယ်ပုံသည် ရွေးချယ်ခံရသော သူအပေါ်တွင် လွှမ်းမိုးမှုရှိနိုင်ပြီး ထိုအချက်က လူ့အသိုင်းအဝိုင်း၏တစ်စိတ်တစ်ဒေသကို အားသာချက်ဖြစ်နိုင်စေသကဲ့သို့

အားနည်းချက်လည်း ဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် ၂၀၀၁ ခုနှစ်တွင် အင်ဒိုနီးရှား၌ အသစ်ဖွဲ့စည်းသော EMB အတွက် အဖွဲ့ဝင်များကို ပမာဏရွေးချယ်မှုသည် မတူညီသော ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ရွေးချယ်ခြင်းသက်သက်ဖြစ်ပြီး ရွေးချယ်ခံရသူအများစုမှာ ပညာရှင်များသာလျှင်ဖြစ်ကြသည်။ ပွင့်လင်းစွာ လုပ်ဆောင်မှုသည် EMB တို့အားခန့်အပ်မှုအပေါ်တွင် ထိန်းချုပ်ထားသော ပတ်ဝန်းကျင်ကို ဖုံးကွယ်ပေးထားနိုင်သည်။ ဥပမာအားဖြင့် အက်ဇာဘိုင်ဂျန်ရှိ ၁၉၉၉ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွင် EMB အဖွဲ့ဝင်တစ်ဝက်ကို လွှတ်တော်မှခန့်အပ်ရန်နှင့် ကျန်တစ်ဝက်ကို သမ္မတမှခန့်အပ်ရန် ပြဌာန်းထားလေသည်။ သမ္မတ၏ပါတီသည်လည်း လွှတ်တော်မှ ထိန်းချုပ်ထားသောကြောင့် ထိုအရာသည် အမည်အားဖြင့်တော့ ဘက်မလိုက်သော်ငြားလည်း အမှန်တစ်ကယ်တွင်တော့ အစိုးရထိန်းချုပ်သော EMB ဖြစ်သာဖြစ်လေသည်။

အချို့သော ရွေးကောက်ပွဲဥပဒေများက EMB အဖွဲ့ဝင်များသည် အလုပ်အကိုင်ရာထူး မည်သို့မည်ပုံရှိရမည်ဟု သတ်မှတ်ထားပြီး အနည်းငယ်မျှကဖြင့် သင့်လျော်သော် အတွေ့အကြုံ သို့မဟုတ် အရည်အချင်းတို့ရှိရန် ပြဌာန်းထားလေသည်။ အရည်အချင်းတောင်းဆိုချက်တို့ လိုအပ်လာသောအခါ ထိုအချက်များသည်လည်း ယေဘုယျအားဖြင့်တရားဝင်ဖြစ်လာလေသည်။ ကော်ပိုရိတ်လောက အတွင်းတွင် EMB ကဲ့သို့ လုပ်ဆောင်ချက်များ များပြားကြီးကျယ်သော ကုမ္ပဏီများသည် နယ်ပယ်ကျဉ်းကျဉ်း စူးစိုက်မှုပြုလုပ်ရန် မဖြစ်နိုင်လှပေ။

## ဇယား ၁၀ :ဆူဒန်တောင်ပိုင်းနှင့် ဘူတန်ရှိ ပညာရှင်အခြေစိုက် EMB နှစ်ခုခန့်အပ်ရန် အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားသော လိုအပ်ချက်များ

| | ဆူဒန်တောင်ပိုင်း | ဘူတန် |
|---|---|---|
| ဘက်မလိုက်မှု | ရှိသည် | မရှိပါ |
| ကိုယ်ပိုင်ဂုဏ်သိက္ခာနှင့် မျှတမှု | ရှိသည် | မရှိပါ |
| နိုင်ငံသားဖြစ်ရန် လိုအပ်ချက် | ရှိသည် | နိုင်ငံသားအဖြစ် မွေးဖွားလာရန် လိုအပ်သည် (ထို့ပြင် ဘူတန်နိုင်ငံသား ကို လက်ထပ်ထားရန်လိုအပ်သည်) |
| အနည်းဆုံးရှိရန် လိုအပ်သောအသက် | ၃၅ | မရှိပါ |
| ပညာရပ်ပိုင်းဆိုင်ရာ အရည်အချင်း ပြည့်မီမှု | အနည်းဆုံး အလယ်တန်းကျောင်း အောင်လက်မှတ် သို့မဟုတ် ၎င်းနှင့် ညီမျှသော ပညာအရည်အချင်း | မရှိပါ |
| ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများတွင် ဗဟုသုတရှိရန် | မလိုအပ်ပါ | မလိုအပ်ပါ |
| ရုပ်ပိုင်း၊စိတ်ပိုင်း ကျန်းမာရန် | မလိုအပ်ပါ | မလိုအပ်ပါ |
| နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှု | အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဖူးသူ သို့မဟုတ် ကော်မရှင်အရာရှိမဖြစ်ခင် သုံးနှစ်အတွင်း ယှဉ်ပြိုင်သူ တစ်ဦးဦး၏ ကိုယ်စားလှယ်မဖြစ်ဖူးရန် လိုအပ်သည် | မလိုအပ်ပါ |
| မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်ရန် | မလိုအပ်ပါ | မလိုအပ်ပါ |
| နောက်ထပ်ရုံးတစ်ရုံးတွင် တာဝန်ထမ်းဆောင်ရန် လိုအပ်ချက် | မလိုအပ်ပါ | မလိုအပ်ပါ |
| အခြားသော ရုံးဌာနများတွင် တာဝန်ထမ်းဆောင်ခြင်းကို ပိတ်ပင်ခြင်း | မရှိပါ | မရှိပါ |

| | ဆူဒန်တောင်ပိုင်း | ဘူတန် |
|---|---|---|
| စာရိတ္တကောင်းမွန်ကြောင်းလို အပ်ချက် | လွန်ခဲ့သည့် ခုနစ်နှစ်အတွင်း လိမ်လည် မဲ့ အကျင့်စာရိတ္တဖောက်ပြန်မှုတို့ဖြင့် စွဲချက်တင်ခံထားရသူ မဖြစ်စေရ သို့မဟုတ် ကင်းလွတ်ခွင့်ရစေကာမူ ရွေးကောက်ပွဲ စည်းကမ်းများကို ဖောက်ဖျက်သူ မဖြစ်စေရ | မည်သည့် ရာဇဝတ်မှုမျိုးနှင့်မှ စွဲချက်တင်ခံထားရသူမဖြစ်စေရ သို့မဟုတ် အခွန်ပေးရန်ကျန်နေခြင်း အစိုးရသို့ အခြားပေးစရာများ ကျန်နေသူမဖြစ်ရ |
| နိုင်ငံအတွင်းတွင် နေထိုင်သူဖြစ်ရန် | မလိုအပ်ပါ | မလိုအပ်ပါ |

## တာဝန်ထမ်းဆောင်မှုဆိုင်ရာ စည်းမျဉ်းနှင့် EMB အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်သက်ဆိုင်ရာ လုံခြုံမှု

အချိန်ပြည့်တာဝန်ထမ်းဆောင်သော EMB အဖွဲ့ဝင်များရှိသော နိုင်ငံများတွင် ၎င်းတို့၏ တာဝန်ထမ်းဆောင်သောစည်းမျဉ်း၊ အထူးသဖြင့် လစာနှင့် အကျိုးခံစားခွင့်ဆိုင်ရာတို့သည် ယေဘုယျအားဖြင့် အများသိသော ကိစ္စများဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြည်သူ့ဌာနများတွင် EMB များအတွက် တာဝန်ထမ်းဆောင်မှုဆိုင်ရာ စည်းမျဉ်းများသည် လွှတ်တော်အမတ်များ၊ တရားသူကြီးများနှင့် အခြားသော ကိုယ်စားလှယ်များအား ငွေပေးချေရေးကော်မရှင် (တောင်အာဖရိက) သို့မဟုတ် ပြည်သူ့ဝန်ထမ်းများအား ငွေပေးချေရေးဆိုင်ရာဥပဒေ(လာတ်ဗီးယား) ကဲ့သို့သော အများပြည်သူဆိုင်ရာဌာနများအတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးသော လွတ်လပ်သောဌာနတစ်ခုမှ သတ်မှတ်ပေးခြင်းဖြစ်သည်။ EMB အဖွဲ့ဝင်များသည်လည်း အကြီးတန်းတရားစီရင်ရေးဆိုင်ရာ အရာရှိများ သို့မဟုတ် အခြားသော အကြီးတန်း ပြည်သူ့အရာရှိများကဲ့သို့ တာဝန်ထမ်းဆောင်ခြင်းနှင့် လစာခံစားခွင့် တို့အပါအဝင်တို့တွင် တူညီသော စည်းမျဉ်းစည်းကမ်းများအတိုင်း ခန့်အပ်ခြင်းခံရနိုင်သည်။ဥပမာအားဖြင့် ဂါနာတွင် ဥက္ကဋ္ဌသည်လည်း အယူခံတရားရုံးရှိ တရားသူကြီးမင်းအတွက်ချမှတ်ထားသော စည်းမျဉ်း၏အောက်တွင်ပင် ရှိလေသည်။ အခြားသော ကော်မရှင်အရာရှိများမှာမူ အထက်တရားရုံး၏ တရားသူကြီးနှင့် တူလေသည်။ ဘင်္ဂလားဒေ့ရှ်နှင့်လိုင်ဘေးရီးယားကဲ့သို့သောနိုင်ငံများတွင်EMBအဖွဲ့ဝင်များသည်၎င်းတို့၏အထက်ရာထူးအကြီးများကို လူသိရှင်ကြား အတည်ပြုပေးရာတွင် ရဲအကာအကွယ်ရသည်။

အချိန်ပိုင်းတာဝန်ထမ်းဆောင်သော EMB အဖွဲ့ဝင်များသည် ၎င်းတို့ EMB အစည်းအဝေးများ တက်ရောက်ရာတွင် တက်ရောက်ခ အခကြေးငွေရလေသည်။ အချို့သောနိုင်ငံများတွင် ထိုအချက်ကို လစဉ်စုဆောင်းထောက်ပံ့ငွေဖြင့်ပေးရန် ငြင်းခုံနေဆဲဖြစ်သည်။ ထိုကဲ့သို့သော ထောက်ပံ့ငွေမျိုးသည် ၎င်းကိုယ်ပိုင်မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းရှိသော အစိုးရကသာ သတ်မှတ်ပေးရလေသည်။

EMB အဖွဲ့ဝင်များအား အခကြေးငွေပေးခြင်းသည်လည်း တလုံးတစည်းတည်း စုထားသော ရန်ပုံငွေအတွင်းမှ မကြာခဏ တိုက်ရိုက် ပေးလေ့ရှိသည်။ ထိုကဲ့သို့လုပ်ခြင်းသည် အဖွဲ့ဝင်များအား ၎င်းတို့ တာဝန်ထမ်းဆောင်နေစဉ်တွင် ၎င်းတို့၏ အကျိုးအမြတ်နှင့် လစာအတွက် တာဝန်ခံပြီး ၎င်းတို့ကို အလုပ်လုပ်ရာတွင် လွတ်လပ်မှုကို ပြည့်ဝစွာရစေသည်။

EMB အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုသက်တမ်း လုံခြုံမှုနှင့် လစာဖြတ်ခြင်း၊ တာဝန်ထမ်းဆောင်စဉ် ခံစားခွင့်များလျှော့ချခြင်း သို့မဟုတ် မုန်းတီးစိတ်နှင့် တရားလိုဘက်မှစွဲဆိုခြင်းတို့ကဲ့သို့သော ဝရမ်းမဲ့ စော်ကားခြင်းများမပြုလုပ်နိုင်စေရန်နှင့် အခြားသော စီမံကြီးကြပ်သူနှင့် အခြားသော အာဏာပိုင်တို့က ရုံးဌာနမှ ထုတ်ပယ်ခြင်းရန်ကိုမခံရစေရန် EMB အဖွဲ့ဝင်များ ၎င်းတို့၏ အလုပ်ကို ဘက်မလိုက်ဘဲ၊ ပညာရှင်ဆန်ဆန်၊ အဂတိမပါဘဲ နိုင်ငံရေးဖိအားဒဏ်များကိုလည်း ခံနိုင်စေရန်အတွက် မူဘောင်ချမှတ်ပေးထားရသည်။ EMB အဖွဲ့ဝင်များအနေနှင့် အုပ်ချုပ်သူ သို့မဟုတ် လွှတ်တော်မှ သဘောမကျသော ဆုံးဖြတ်ချက်များကိုချမိပါက ၎င်းတို့အနေနှင့် ရုံးမှထုတ်ပယ်ခြင်းခံရမည်ကို စိုးသောကြောင့် သို့မဟုတ် တရားဥပဒေနှင့် အညီမဟုတ်ဘဲ လစာအဖြတ်ခံရမည်ကိုစိုးသောကြောင့် ယုံကြည်ချက်နည်းနိုင်သည်။

နိုင်ငံအများအပြားတွင် EMB အဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအတွင်း တာဝန်ထမ်းဆောင်သက် အကာအကွယ်သည် အကြီးတန်းတရားဥပရေးရာ အရာရှိများနှင့် အတူတူပင်ဖြစ်သည်။ ၎င်းတို့အား လုပ်ငန်းခွင့်စည်းကမ်းဖောက်ဖျက်မှု သို့မဟုတ် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများ ဖြစ်မှသာလျှင် ထုတ်ပယ်ခွင့်ရှိသည်။ မလေးရှား၊ ပါကစ္စတန်နှင့် ဇမ်ဘီယာတို့တွင် ထိုအတိုင်းပင်ဖြစ်သည်။ အိန္ဒိယတွက်မှု EMB အဖွဲ့ဝင်တစ်ဦးကို ထုတ်ပယ်ရန်အတွက် လုပ်ငန်းခွင်စည်းကမ်းဖောက်ဖျက်ကြောင်း သက်သေပြနိုင်စေကာမူ လွှတ်တော်အတွင်းရှိ သုံးပုံနှစ်ပုံ၏ ထောက်ခံချက်လိုအပ်သည်။ အခြားသော နေရာများတွင် EMB အဖွဲ့ဝင်များသည် ၎င်းတို့၏ ရာထူးအတွက် လုံခြုံမှုသိပ်မရဘဲ လွှတ်တော်မှ ပြန်လည်ရုပ်သိမ်းနိုင်လေသည် (လာတ်ဗီယာတွင်ကဲ့သို့) သို့မဟုတ် လုပ်ငန်းခွင် စည်းကမ်းဖောက်ဖျက်ပါက (လိုင်ဘီးရီးယားတွင်ကဲ့သို့) လည်း ပြန်လည်ရုပ်သိမ်းနိုင်သည်။ ဆူဒန်နိုင်ငံတောင်ပိုင်းတွင် ကော်မရှင်အရာရှိ စ်ဦးသည် EMB တာဝန်များကို ထပ်ကာထပ်ကာ ပျက်ကွက်ပါက သမ္မတမှ ရာထူးထုတ်ပယ်နိုင်လေသည်။ လိမ်လည်မှု၊ မရိုးသားမှု သို့မဟုတ် စာရိတ္တပိုင်းဆိုင်ရာ ပျက်ယွင်းမှုတို့နှင့် သက်ဆိုင်သော အမှုအခင်းတစ်ခုကို ကျူးလွန်မိပါက သို့မဟုတ် ကော်မရှင်အရာရှိ သုံးပုံနှစ်ပုံက ဘက်လိုက်ခြင်း၊ အရည်အချင်းမရှိခြင်း သို့မဟုတ် EMB လုပ်ငန်းရေးရာတာဝန်ကို ကြီးကြီးမားမား အမှားအယွင်းလုပ်ခြင်းတို့ကြောင့် ထုတ်ပယ်ရန် ပြောဆိုလာပါကလည်း ထုတ်ပယ်နိုင်လေသည်။ အကြောင်းမဲ့ လစာဖြတ်ခြင်းနှင့် တာဝန်ထမ်းဆောင်မှုဆိုင်ရာ စည်းမျဉ်းနုတ်ပယ်ခြင်းတို့ကိုမှု ပြုလုပ်၍မရစေရန် ဥပဒေမှ ကာကွယ်ပေးထားသည်။

နိုင်ငံရေးပါတီအချို့ ကြိုက်နှစ်သက်ခြင်းမရှိသော ဆုံးဖြတ်ချက်များကို ချမှတ်ရကောင်းချမှတ်ရသော ကော်မရှင်အရာရှိများအတွက် နောက်ထပ်အကာအကွယ်တစ်ရပ်မှာ EMB တွင်တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ပြုလုပ်ခဲ့သောအရာများအတွက် တရားစွဲဆိုခံခြင်းမှကင်းလွတ်ခွင့်ဖြစ်သည်။ ဆီနီဂေါနိုင်ငံ၏ EMB အဖွဲ့ဝင်များသည် ၎င်းတို့ EMB တွင်ပြုလုပ်ခဲ့သော အရာများအတွက် စုံစမ်းစစ်ဆေးခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် တရားစွဲဆိုခြင်းတို့ကို မပြုလုပ်နိုင်ပေ။ မိုဇမ်ဘစ်ဂ်တွင်လည်း မလျော်ကန်သော ရွေးကောက်ပွဲရလဒ်ဖြစ်လာသော နောက်ဆက်တွဲရလဒ်မှအပ တရားဥပဒေအရ မစွဲဆိုနိုင်ပေ။ ဂီနီယာနှင့် ဆူဒန်နိုင်ငံတောင်ပိုင်းတွင် ကော်မရှင်အရာရှိများအား ၎င်းတို့အနေနှင့် ရာဇဝတ်မှု ကျူးလွန်မှသာလျှင် ဖမ်းဆီးမှု ပြုလုပ်နိုင်လေသည်။

ပါတီစုံ EMB များတွင် ပါတီကိုယ်စားလှယ်များ၏ တာဝန်ထမ်းဆောင်သပ်ကို အကာအကွယ်ပေးခြင်းသည် ရှုပ်ထွေးလှသော ကိစ္စတစ်ရပ်ဖြစ်လေသည်။ ပါတီများဘက်မှ ၎င်းတို့၏ကိုယ်စားလှယ်များကို ခန့်အပ်ခြင်း နှင့် ထုတ်ပယ်ခြင်းအတွက် တာဝန်ရှိပါလျှင် ၎င်းတို့အနေနှင့် သူတို့အား မက္ကဆီကိုနိုင်ငံတွင် ပြုလုပ်သကဲ့သို့ အလိုရှိသလို အစားထိုးနိုင်ခွင့်ရှိရှိမည် ဖြစ်သည်။

## ပဋိပက္ခဖြေရှင်းခြင်း သို့မဟုတ် ကတိကဝတ်ခံခြင်း

နိုင်ငံတော်တော်များများတွင် ဥပမာအားဖြင့် ဘော့စ်တဝါနီးယား၊ လီသူဝါးနီးယား၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ဆီနီဂေါ၊ ဆူဒန်တောင်ပိုင်းနှင့် ယူကရိန်းတို့တွင် EMB အဖွဲ့ဝင်များသည် လိုက်နာရန်၊ သစ္စာစောင့်သိရန်နှင့် ဂုဏ်သိက္ခာနှင့် အညီလုပ်ဆောင်ရန်အတွက် တာဝန်မထမ်းဆောင်မီတွင် စည်းစနစ်နှင့်တကွ ပဋိညာဉ်ခံယူရလေသည်။ ထိုပဋိညာဉ်ခံယူခြင်းသည် အကြီးတန်းအရာရှိ သို့မဟုတ် တရားရေးရာအရာရှိမှ ကြီးကြပ်ကာ လုပ်ပေးရလေသည်။ ဥပမာအားဖြင့် လီသူဝါးနီးယားနိုင်ငံရှိ ဆိုင်မားစ်(လွှတ်တော်) ဥက္ကဋ္ဌ သို့မဟုတ် လက်ထောက်ဥက္ကဋ္ဌကဲ့သို့ဖြစ်သည်။ EMB အဖွဲ့ဝင်များအား ပဋိညာဉ်ခံယူစေခြင်းသည် တိုင်းပြည်၏ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေတို့အား ထိန်းသိမ်းလိုက်နာစေရန်အတွက် စောင့်ရှောက်ပေးလေသည်။ ပဋိညာဏ်ယူရာတွင် ရွတ်ဆိုရမည့်စာသားမှာ ရိုးရိုးရှင်းရှင်း ဖြစ်နိုင်သလို အသေးစိတ်ရေးထားခြင်းမျိုးလည်း ဖြစ်နိုင်သည်။ လုပ်ဆောင်စဉ်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် EMB အဖွဲ့ဝင်များအတွက် အကျိုးစီပွားဆိုင်ရာ ပဋိပက္ခများကို အုပ်ချုပ်သော မည်သည့်ဥပဒေကိုမဆို ထည့်သွင်းခြင်း သို့မဟုတ် ရည်ညွှန်းခြင်းတို့ကို ပြုလုပ်ကောင်း ပြုလုပ်နိုင်သည်။

ဥပမာအားဖြင့် ဂီနီယာတွင် အသုံးပြုသော ပဋိညာဉ်သည် "ကျွန်ုပ်သည် ကျွန်ုပ်၏ ဂုဏ်သိက္ခာအပေါ်တွင် ထပ်ကာသစ္စာရှိရှိနှင့် ရိုးရိုးသား CENI ၏ အဖွဲ့ဝင် တာဝန်များကို ထမ်းရွက်ပါမည်။ အက်ဥပဒေ၏ အာဏာကိုသာလျှင် လိုက်နာပါမည်။ အမှီအခိုကင်းသော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင် (INEC) ၏ လွတ်လပ်မှု၊ မျှတမှုပွင့်လင်းမြင်သာမှုနှင့် အဂတိကင်းမှုတို့ကို ထိခိုက်စေနိုင်သော မည်သည့်လုပ်ရပ်မျိုးကိုမှ မလုပ်ပါ။ လျှို့ဝှက်လွတ်လပ်စွာ မဲပေးခြင်းကိစ္စများကိုလည်း ကျွန်ုပ်တာဝန်ထမ်းဆောင်မှု ရပ်ဆိုင်းသွားသည့်တိုင်အောင်လျှို့လျှို့ဝှက်ဝှက်ထားပေးပါ့မည်။ ဖောက်ဖျက်မှုမှန်သမျှတို့အတွက် ကျွန်ုပ်သည် တရားဥပဒေ၏ ပြင်းထန်စွာစီရင်ခြင်းကိုခံပါ့မည်" ဟု ဖြစ်သည်။

## အတွင်းပိုင်းရှိ စည်းမျဉ်းစည်းကမ်းများ

EMB သည် ယေဘုယျအားဖြင့် အတွင်းပိုင်းတွင် လည်ပတ်နေသော တာဝန်များနှင့် လုပ်ဆောင်ချက်များကို လွှမ်းမိုးသော စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပြုလုပ်ရန် လိုအပ်လေသည်။ ထိုအရာတို့တွင် စီမံခန့်ခွဲခြင်း၊ ငွေရေးကြေးရေးနှင့် နည်းပညာပိုင်းဆိုင်ရာကိစ္စများ ဥပမာအားဖြင့် ဝန်ထမ်းများ၏ အန္တရာယ်ကင်းစင်စေရေးနှင့် လုံခြုံရေး၊ မီဒီယာများနှင့် စကားပြောဆိုဆက်ဆံခြင်းကိုထိန်းချုပ်ခြင်း၊ တွေ့ဆုံရာတွင် လုပ်ဆောင်ပုံအဆင့်ဆင့်နှင့် အစီအစဉ်များကိုပြုလုပ်ခြင်း၊ အတွင်းပိုင်းကော်မတီများ၏ အဖွဲ့ဝင်ခြင်းဆိုင်ရာ ကိစ္စများ၊ အရွှေ့အပြောင်းဆိုင်ရာ ထိန်းချုပ်မှု၊ ဝယ်ယူခြင်း၊ ပိုင်ဆိုင်မှုများကိုထိန်းချုပ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်းနှင့် မှတ်တမ်းမှတ်ရာများစီမံခန့်ခွဲခြင်း။ ထိုစည်းမျဉ်းစည်းကမ်းများသည် EMB အဖွဲ့ဝင်များ (သို့မဟုတ် အစိုးရ EMB ၏ အထွေထွေ အတွင်းရေးမှူးဌာန၏ ဥက္ကဋ္ဌ) သည် ထိုစည်းမျဉ်းများကို လိုက်နာရန် သဘောတူထားခြင်း သို့မဟုတ် နည်းစနစ်နှင့်တကွ ထုတ်ပြန်ထားခြင်းမျိုး လုပ်ထားလျှင် ပိုပြီးသက်ရောက်မှု ပြင်းထန်နိုင်သည်။

EMB များသည် အထွေထွေအတွင်းရေးမှူးဌာန၏ အဖွဲ့ဝင်တစ်ဦးဦးအား အတွင်းပိုင်းဆိုင်ရာ စည်းကမ်းများ ပြင်းပြင်းထန်ထန် သက်ရောက်မှုနည်းပါးစေရန်အတွက် အာဏာလွှဲပြောင်းပေးနိုင်သည်။ ထိုစည်းမျဉ်းများကို EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ (ဗဟိုရုံးဌာနအပါအဝင် ဒေသနှင့် မြို့နယ် ဆိုင်ရာရုံးများအတွင်း) အား ဖြန့်ဝေလိုက်ခြင်းသည် စည်းကမ်းလိုက်နာမှုကို မြှင့်တင်ပေးလေသည်။ ထိုစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက ရှင်းလင်းပြတ်သားပြီး ထိရောက်သောပိတ်ပင် အရေးယူမှုများသည်

လည်း လုပ်ရန်လိုအပ်သည်။ အရေးယူသော လုပ်ငန်းစဉ်ဆောင်ရွက်မှုများသည်လည်း ပြည့်ပြည့်စုံစုံနှင့် ပွင့်ပွင့်လင်းလင်းအဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုထားသင့်သည်။ ထို့နောက်တွင် လက်ခံထားသော စည်းမျဉ်း စည်းကမ်းအတိုင်းကို ဆက်လျှောက်ရမည်ဖြစ်သည်။ အစိုးရ EMB များနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ဝန်ထမ်းများကို အသုံးပြုနေသော အခြား EMB များအတွက် သင့်တော်သော ပြည်သူ့ ဝန်ဆောင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည်လည်း အလိုလျောက် သက်ရောက်သင့်သည် EMB အားမွမ်းမံ ပြင်ဆင်ခြင်းသည် ဖြစ်နိုင်သကဲ့သို့ ရည်လည်းရည်စူးနိုင်သည်။

## EMB ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာ လုပ်ငန်း

EMB ၏ ဆုံးဖြတ်ချက်များကို ချမှတ်ခြင်းဆိုင်ရာ နည်းစနစ်များသည် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဆိုင်ရာပုံစံ၊ နိုင်ငံတစ်နိုင်ငံ၏ ဆုံးဖြတ်ချက်ချရာတွင် လုပ်လေ့လုပ်ထရှိသော ပုံစံနှင့်၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၏ လိုအပ်ချက်တို့အပေါ်တွင် မူတည်ပြီး မျိုးစုံကွဲပြားနိုင်သည်။ အစိုးရပုံစံကို အသုံးပြုသောအခါ EMB များသည်“အဖွဲ့ဝင်” ရှိခဲလေသည်။စီမံခန့်ခွဲရေးမှာလည်း အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်မှ ညွှန်ကြားခြင်းကို ခံရလေသည်။ ထို့ကြောင့်ပင် အစိုးရ EMB ၏ နေရာသည် ဆုံးဖြတ်ချက်ချရသောလုပ်ငန်းစဉ်များ လုပ်ဆောင်သကဲ့သို့ အဆိုတင်သွင်းရသည့် တာဝန်ကြီးမားမှုမျိုးရှိလေသည်။ မူဝါဒများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများကို ဆုံးဖြတ်ချက်ချရန်အတွက် အာဏာသည် EMB အထွေထွေအတွင်းရေးမှူးဌာန၏ ခေါင်းဆောင်ထံသို့ ၎င်းတည်ရှိသောနေရာ၏ အစိုးရအဖွဲ့အစည်းမှာ လွှဲပြောင်းကောင်း လွှဲပြောင်းပေးမည်ဖြစ်သည်။

လွတ်လပ်သော ပုံစံအောက်ရှိ EMB များနှင့် ပုံစံအရောအောက်ရှိ လွတ်လပ်သော ပုံစံ EMB ဖွဲ့စည်းမှုတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသည် အချို့သောဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ဆိုင်သော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောပြခြင်းမျိုး ပြုလုပ်ကောင်းပြုလုပ်လိမ့်မည်။ ဥပမာအားဖြင့် ဥက္ကဋ္ဌရွေးချယ်ခြင်း၊ EMB ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်ချနိုင်သော အာဏာနှင့်/သို့မဟုတ် အဖွဲ့ဝင်များ တွေ့ဆုံမှု။ လူများစုမဲ သို့မဟုတ် အများစု ထက်ဝက်ကျော် ဆန္ဒမဲကောက်ခံမှု၊ မဲဆန္ဒပေးရာတွင် ဥက္ကဋ္ဌ၏ အခန်းကဏ္ဍနှင့် နောက်ဆုံးအဆုံးအဖြတ်မဲကို အသုံးပြုပုံအစရှိသည်တို့ဖြစ်သည်။

အချို့သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတို့၏ အဓိကကျသော အချက်များသည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် လုံလောက်သော်လည်း EMB ၏ ဆုံးဖြတ်ချက်ချခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းစဉ်ဆိုင်ရာ အသေးစိတ်များအား EMB အဖွဲ့ဝင်များက ဆုံးဖြတ်ရသော အုပ်ချုပ်စီမံရေးလုပ်ငန်းစဉ် သို့မဟုတ် တည်ဆဲအမိန့်အာဏာတို့တွက် အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းပြထားသည်မှာ ပုံမှန်ပင်ဖြစ်သည်။ တော်တော်များများက ၎င်းတို့ တိုင်းပြည်တွင်အသုံးပြုသော သာမန်တည်ဆဲအမိန့်အာဏာကိုသာ သုံးလေ့ရှိပြီး သီးသန့်တစ်ခုအသစ် ဖန်တီးလေ့မရှိကြချေ။ ထိုကဲ့သို့သော စာရွက်စာတမ်းများသည် ကိစ္စတော်တော်များများကို ဖွင့်ဆိုပေးပြီး EMB အဖွဲ့ဝင်များ၏ အာဏာလုပ်ဆောင်ချက်များဖြစ်သော

- ဥက္ကဋ္ဌ၏နေရာ အခန်းကဏ္ဍ
- ဆုံးဖြတ်ချက်ချရာတွင် လိုအပ်သော တာဝန်များနှင့် ထိုတာဝန်များကို လွှဲပြောင်းပေးနိုင်ခြင်း
- EMB အစည်းအဝေးများ ခေါ်ပုံနည်းစနစ်
- အစည်းအဝေးတွေ့ဆုံမည့် အကြိမ်ရေ
- အစည်းအဝေး အစီအစဉ်အတွက် တာဝန်ယူမှု
- ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ် : ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းနှင့်မဲဆန္ဒပေးနည်း အမျိုးအစား

အမျိုးမျိုးနှင့်/သို့မဟုတ် အရေအတွက် စာရင်းကောက်ယူရန်အတွက် လိုအပ်ချက်

- အစည်းအဝေး တက်ရောက်သူစာရင်းနှင့် အထမြောက်ရန် အနည်းဆုံးလိုအပ်သောလူ
- အထွေထွေအတွင်းရေးမှူးဌာနဝန်ထမ်းများ၏ အစည်းအဝေးတွင်းရှိအခန်းကဏ္ဍနှင့် ရပိုင်ခွင့်များ
- EMB ( ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု ဌာန) အစည်းအဝေးများသို့ ပြင်ပမှသူများကို ဖိတ်ကြားခြင်း
- အစည်းအဝေးမှတ်တမ်းများကို မှတ်ယူခြင်း၊ စစ်ဆေးခြင်းနှင့် ထုတ်ပြန်ခြင်း
- EMB မူဝါဒများနှင့် လမ်းညွှန်ချက်များကို ထုတ်ပြန်ခြင်း နည်းစနစ်
- တည်ဆဲအမိန့်များကို ဆိုင်းငံ့ထားသော သို့မဟုတ် ပြောင်းပြန်လုပ်လိုက်သောနည်းစနစ်များနှင့်
- မီဒီယာတွေ့ဆုံပွဲများအတွက် တာဝန်များ

## EMB အဖွဲ့ဝင်များ အစည်းအဝေးပြုလုပ်ခြင်း

EMB အဖွဲ့ဝင်များ မှန်မှန်တွေ့ဆုံခြင်းများ ပြုလုပ်ခြင်းသည် မူဝါဒဆိုင်ရာ လမ်းညွှန်များ၊ EMB စွမ်းဆောင်ရည်နှင့် EMB အထွေထွေအတွင်းရေးမှူးဌာနရှိ ဝန်ထမ်းများကို လမ်းညွှန်ပေးမည့် မူဝါဒချမှတ်ရေးကို သဘောတူညီချက်ရယူနိုင်ရန် တည်ထောင်ပေးနိုင်လေသည်။ မည်မျှအသေးစိတ်မည်ဟူသော အဆင့်သည် အထွေထွေအတွင်းရေးမှူးဌာန သို့မဟုတ် ရွေးကောက်ပွဲ အရာရှိချုပ်ထံသို့ မည်သည့်လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးနေသည့်မူဝါဒကို ချမှတ်လွှဲပြောင်းမည်နည်းဟူသော အတိုင်းအတာပမာဏ အပေါ်တွင်မူတည်သည်။

ဥပမာတော်တော်များများတွင် အနည်းဆုံးအထမြောက်ရန် လူအရေအတွက်သည် အဖွဲ့ဝင်၏ ၅၀ ရာခိုင်နှုန်းဖြစ်ပြီး တစ်ခါတစ်ရံတွင် ဘော့စ်တနာဝါတွင်ကဲ့သို့ ၎င်းတို့ထဲမှ တစ်ဦး သည်ပင်လျှင် ဥက္ကဋ္ဌ သို့မဟုတ် ၎င်းတို့၏ ဒုတိယဥက္ကဋ္ဌ ဖြစ်ရလေသည်။ ဆုံးဖြတ်ချက်ချသော စည်းမျဉ်းအမျိုးမျိုးရှိလေသည်။ နေရာတော်တော်များများတွင် ဘူတန်၊ ဘော့စတာနာဝါနှင့် လာတ်ဗီးယားတို့ အပါအဝင် ထိုနေရာများ၏ လူအများစုက ဆုံးဖြတ်ချက်ချမှတ်ခြင်းကိုလုပ်နိုင်ပြီး ထို့ကြောင့်ပင် အဖွဲ့ဝင်တစ်ဝက်က ရည်ရွယ်သော ဆုံးဖြတ်ချက်တစ်ခုကို အဖွဲ့ဝင်လေးပုံတစ်ပုံလောက်က ပြုလုပ်နိုင်လေသည်။ ဂျော်ဂျီယာနိုင်ငံတွင်အစည်းအဝေး၌ပင် လူအများစု၏ဆန္ဒမဲဖြင့် အဖွဲ့ဝင်စုစုပေါင်း၏ သုံးပုံတစ်ပုံ ရှိနေသမျှကာလပတ်လုံး ဆုံးဖြတ်ချက်ချမှတ်ခြင်း ပြုလုပ်လေသည်။ ဂူအမ်နှင့် စိန့်လူစီယာတွင် ဆုံးဖြတ်ချက်များချမှတ်ရန်အတွက် အဖွဲ့ဝင် တစ်ဝက်၏ သဘောတူညီချက် ရရှိရန်လိုအပ်သည်။ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတွင် အဖွဲ့ဝင် သုံးပုံနှစ်ပုံထောက်ခံရန်လိုအပ်သည်။ အကယ်၍ထိုကဲ့သို့သော ဖြစ်ရပ်မျိုး ကိစ္စတစ်ရပ်ရပ်တွင် အစည်းအဝေး နှစ်ခု ဆက်တိုက်မဖြစ်ပါက အဖွဲ့ဝင်များအားလုံး၏အများစုက ထိုဆုံးဖြတ်ချက်ကို အတည်ပြုပေးရမည်။ ဂျော်ဂျီယာနှင့် လာတ်ဗီယာတွင် သဘောမတူကန့်ကွက်လိုသော အဖွဲ့ဝင်တစ်ဦးသည် သူ၏ထင်မြင်ချက်များကို စာနှင့်ရေးပြီး အစည်းအဝေးမှတ်တမ်းအတွင်းတွင် ပူးတွဲတင်ပြစေသည်။ မည်သို့ပင်ဆိုစေကာမူ သူသည် အများစု၏ ဆုံးဖြတ်သောဆုံးဖြတ်ချက်ကိုမူ တားဆီးနိုင်လိမ့်မည် မဟုတ်ချေ။ EMB အဖွဲ့ဝင် အစည်းအဝေးများတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ လက်မှတ်ရေးထိုးသည်ဆိုသည်မှ လုပ်ရိုးလုပ်စဉ်သာ ဖြစ်သည်။ အချို့သောကိစ္စများတွင် (အထူးသဖြင့် ပါတီစုံ EMB များတွင်) EMB အဖွဲ့ဝင်များအားလုံးက ထိုအရာများကို စစ်ဆေးရန်အတွက် လက်မှတ်ရေးထိုးပေးရမည်။

အချိန်ပြည့်တာဝန်ထမ်းဆောင်သော EMB အဖွဲ့ဝင်များသည် EMB အထွေထွေ အတွင်းရေးမှူးရုံးဝန်ထမ်းကို လမ်းညွှန်ချက်များပေးရန်အတွက် နေ့စဉ်ပြုလုပ်နိုင်သော်လည်း အချိန်ပိုင်း အဖွဲ့ဝင် များကမူ ရံဖန်ရံခါလောက်သာ မူဝါဒများနှင့် EMB ၏ လုပ်ငန်းစဉ်များကို ပုံဖော်မည့်လုပ်ငန်းစဉ်များကို စဉ်းစား

ညှိနိုင်းရန် တွေ့ဆုံမှုပြုလုပ်ကြသည်။ ရွေးကောက်ပွဲကာလမဟုတ်သည့် အချိန်များတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်သော EMB များသည် အပတ်စဉ်တွေ့ဆုံလေ့ရှိကြပြီး အချိန်ပိုင်းတာဝန်ထမ်းဆောင် သော EMB များမှာမူ အကြိမ်ရေနည်းနည်းသာ တွေ့ဆုံလေ့ရှိကြသည်။ မကြာခဏဆိုသလို တစ်လတစ်ခါ လောက်သာတွေ့ကြသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ် အချိန်ကာလ အမြင့်ဆုံးရောက်နေချိန်တွင် တွေ့ဆုံ ချိန်မှာ ပုံမှန်ပင် အကြိမ်ရေစိပ်လာလေသည်။ အချိန်ပြည့် တာဝန်ထမ်းဆောင်သော EMB များသည် မကြာခဏဆိုသလို နေ့စဉ်ပင်တွေ့လေ့ရှိကြသည်။

## *တံခါးပိတ် သို့မဟုတ် လူသိရှင်ကြားလုပ်သော EMB အစည်းအဝေးများ*

လူသိရှင်ကြား ပြုလုပ်သော EMB အစည်းအဝေးများသည် EMB အပေါ် ယုံကြည်မှုကို ပိုမိုတိုး မြင့်စေသည်။တွေ့ဆုံပွဲများသည် အများသိအောင်လုပ်ရသောကြောင့် EMB အနေနှင့် အစည်းအဝေး လုပ်မည့် ရက်စွဲများကို အများသိအောင် ကြေငြာချက်ထုတ်ရန် လိုအပ်သည်။ EMB လုပ်ငန်းဆိုင်ရာ အချိန် အတွင်း လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် လုံခြုံရေးထိန်းသိမ်းရန်အတွက် ရဲနှင့်လည်းပူးပေါင်းရန် လိုအပ်လေသည်။ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ လီသူဝါးနီးယားနှင့် မော်လ်ဒိုဗာတွင် ဥပဒေမှ EMB အစည်းအဝေးများကို ပြည်သူထဲတွင် အပါအဝင်ဖြစ်သော အဖွဲ့ဝင်များထံဖွင့်ချရန်အတွက် ပြဋ္ဌာန်းပေးထား လေသည်။ ပြည်သူလူထုအတွင်းရှိ အဖွဲ့ဝင်များကလည်း EMB လုပ်ငန်းပိုင်းဆိုင်ရာတို့ကို ဆောင်ရွက် နေစဉ်တွင် မှတ်တမ်းတင်ခွင့်ရှိသကဲ့သို့ ထိုကဲ့သို့ပြုမူခြင်းသည်လည်း လုပ်ငန်းဆောင်တာတို့ကို အနှောင့် အယှက် မဖြစ်စေရပေ။ လီသူဝါးနီးယားတွင် EMB အစည်းအဝေးများသည် ၎င်းတို့၏ ဝဘ်ဆိုက်တွင် တိုက်ရိုက်ထုတ်လွှင့်လေသည်။ ဂူအမ်တွင် EMB ဘက်မှလစဉ် တတိယအပတ်ကြာသာပတေးနေ့ ၄ နာရီ တွင် အများပြည်သူတို့နှင့် တွေ့ဆုံစည်းဝေးပွဲ လုပ်ပေးလေသည်။

တောင်အာဖရိကတွင် EMB တွေ့ဆုံပွဲများသည် အဖွဲ့ဝင်မဟုတ်သူများအတွက် အထူးတလည် ဖိတ်ကြားခြင်း ခံရသည့်ကိစ္စမျိုးနှင့် အကြောင်းထူးရှိသည့်ကိစ္စမှလွဲကာ ပိတ်ပင်ထားလေသည်။တံခါးပိတ် ဆွေးနွေးမှု ပြုလုပ်ခြင်းသည် ပို၍ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်စေရန်အားပေးလေသည်။ အထူးသဖြင့် ထိရှလွယ်သောအကြောင်းအရာများတွင်ဖြစ်သည် အဖွဲ့ဝင်များအနေနှင့်လည်း ၎င်းတို့ EMB ထံသို့ ယူလာသော အကြံဉာဏ်များအတွက် ပြည်သူများထံမှာ ပုဂ္ဂိုလ်ရေးဆန်ဆန် ပြန်တုံ့ပြန်ခံရမည့်ဘေးကို ကြောက်ရွံ့နေစရာမလိုတော့ချေ။ ဆုံးဖြတ်ချက်များကိုလည်း EMB တစ်ခုလုံးမှ ချမှတ်သကဲ့သို့ ဆောင် ရွက်နိုင်သည်။ မဲစာရင်းမည်မျှကပ်သည် ဆိုသည်ကိုလည်း အစီရင်ခံစာ တင်ရန်မလိုချေ။ ထို့ကြောင့် EMB ၏ တစည်းတလုံးတည်းသော အသံကိုပေးနိုင်သည်။ ဝက်စ်မင်စတာပုံစံရှိ ဝန်ကြီးများအဖွဲ့ ဆုံးဖြတ် ချက်နှင့် ပုံစံတူလေသည်။ မည်သို့ပင်ဆိုစေကာမူ တံခါးပိတ်ဆွေးနွေးပွဲများသည် EMB ၏ ပွင့်လင်းမြင် သာမှုများကို လျှော့ချပြီး EMB အပေါ်တွင်ရှိနေသော လွှမ်းမိုးမှုများအတွက် ပြည်သူ့ထံမှ သံသယတို့ ဖြစ် နိုင်လေသည်။ တံခါးပိတ် EMB အစည်းအဝေးများသည်လည်းပြုလုပ်ပြီး မကြာမီပင် ပြည်သူလူထုကို ကြေငြာခြင်း သို့မဟုတ် ၎င်းတို့၏ဆွေးနွေးတိုင်ပင်ချက်များနှင့် ရလဒ်အပေါ် မီဒီယာတွေ့ဆုံပွဲပြုလုပ်ခြင်း တို့ ပြုလုပ်သင့်သည်။

အစည်းအဝေးတစ်ခုချင်းစီတွင် ပြုလုပ်ခဲ့သော ဆုံးဖြတ်ချက်များသည် ပြည်သူလူထုကို ကြေငြာ ရန် လိုတော့မလိုအပ်ပါ။ ဥပဒေတွင်လည်း အချို့သောဆုံးဖြတ်ချက်များကို အစိုးရသတင်းစာ သို့မဟုတ် စနစ်တကျ ထုတ်ဝေသော သတင်းစာအတွင်းတွင် ထည့်သွင်းပါဝင်စေရမည်ဟု ပြဋ္ဌာန်းထားလေသည်။ EMBတော်တော်များများက ၎င်းတို့၏ ဆုံးဖြတ်ချက်များကို ၎င်းတို့၏ဝဘ်ဆိုက်တွင် တင်လေ့ရှိသည်။

## EMB အဖွဲ့ဝင် ကော်မတီများ

အဖွဲ့ဝင်အရေအတွက် အထိုက်အလျောက်များသော EMB များအတွက် ၎င်း၏လုပ်ရှားမှုများအား ကြီးကြပ်စီမံကြည့်ရှုရန် သို့မဟုတ် ကွပ်ကဲရန်အတွက် ကော်မတီတစ်ခု ဖွဲ့စည်းခြင်းသည် အားသာချက်များစွာရှိနိုင်လေသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ထိုကဲ့သို့သော ကော်မတီဖွဲ့စည်းလိုက်ခြင်း သည် EMB အဖွဲ့ဝင် ဖြစ်ခြင်းကို ပြည့်ပြည့်ဝဝသက်ရောက်ပြီး အဓိကကျသော မူဝါဒဆိုင်ရာ လုပ်ဆောင်ချက်များတွင် EMB အဖွဲ့ဝင်များအဖို့ အာရုံစူးစိုက်နိုင်ရန်နှင့် ပိုမိုအထူးပြုနိုင်စေရန် လုပ်ဆောင်ပေးလေသည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ထိပ်ဆုံးရောက်နေချိန်တွင် လုပ်ငန်းစဉ်များအား ကြီးကြပ်ပြီး ဆင်ခြင်သုံးသပ်ခြင်းသည် အကျိုးကျေးဇူးများရှိကောင်းရှိနိုင်လေသည်။ အချို့သောကိစ္စများတွင် ထိုကဲ့သို့သော ကော်မတီများသည် EMB အဖွဲ့ဝင်မဟုတ်သောသူများနှင့် ယှဉ်တွဲလုပ်ဆောင်ရန်အတွက် အာဏာရှိလေသည်။ ဥပမာအားဖြင့် EMB သို့မဟုတ် EMB အတွင်းရေးမှူးဌာနရုံးပြင်ပမှ ပညာရှင်များ အစရှိသည်တို့ဖြစ်သည်။ မက္ကဆီကိုတွင် ဥပဒေက ကော်မတီခြောက်မျိုးကို ပုံသေအသုံးပြုရန်အတွက် ပြဋ္ဌာန်းထားသည် ရွေးကောက်ပွဲဆိုင်ရာ လေ့ကျင့်ရေးနှင့် ပြည်သူ့အသိပညာပေးရေး၊ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများ နိုင်ငံရေးပါတီများ၊ ပညာရှင်အဆင့် ရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုများပေးသောဌာနများ၊ မဲဆန္ဒရှင်မှာ မှတ်ပုံတင်နှင့် အစီရင်ခံစာနှင့် တိုင်ကြားစာများ တင်သွင်းရာဌာနတို့ဖြစ်ပါသည်။ နိုင်ဂျီးရီးယား EMB တွင် အရွေ့အပြောင်းဆိုင်ရာ ကိစ္စများအပါအဝင် အဖွဲ့အစည်းနှင့်ဆိုင်သော ကိစ္စများဖြစ်သော တင်ဒါခေါ်ယူခြင်းနှင့် ဝန်ထမ်းဖူလုံရေးကဲ့သို့သော ရွေးကောက်ပွဲဆိုင်ရာအရေးကြီး ကိစ္စများအတွက် ကော်မတီ ၁၅ ခုရှိသည်။

## EMB အထွေထွေ အတွင်းရေးမှူးဌာနနှင့် EMB အဖွဲ့ဝင်များ၏ ဆက်ဆံရေး

လွတ်လပ်သောပုံစံ သို့မဟုတ် ပုံစံအရောကို သုံးသောနေရာများတွင် EMB အဖွဲ့ဝင်များနှင့် EMB အထွေထွေအတွင်းရေးမှူးဌာနတို့၏ ဆက်ဆံရေးသည် အရေးပါသည်။ EMB အဖွဲ့ဝင်များ၏ သင့်တော်သော ရာထူးကာလများသည် အင်မတန်ကို ကျယ်ကျယ်ပြန့်ပြန့် များပြားနိုင်သည်။ အချိန်ပိုင်းဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော EMB များသည်လည်း ဘုတ်အဖွဲ့၏ မူဝါဒဆိုင်ရာ အကဲဖြတ်မှုနှင့် ကြီးကြပ်မှုအတွက် မိမိကိုယ်ပိုင် ဆုံးဖြတ်ချက်ချမှတ်စေသော နည်းစနစ်ကို အသုံးပြုနိုင်ချေပိုရှိကာ အချိန်ပြည့်တာဝန်ထမ်းဆောင်သော အဖွဲ့ဝင်များမှာမူ တိုက်ရိုက်ပါဝင်ပတ်သက်လျက်ရှိသည်။ လွတ်လပ်သော EMB အောက်တွင်ရှိသော အဖွဲ့ဝင်များသည် အသေးစိတ် စီမံခန့်ခွဲရေးနှင့်ဆိုင်သော ကိစ္စများတွင် ပါဝင်ပတ်သက်နိုင်မှုနှုန်း နည်းနိုင်ကာ လုပ်ငန်းစဉ်တစ်ခုလုံး၏ ဂုဏ်သိက္ခာနှင့် အရည်အသွေးထိန်းချုပ်ရေးတွင် ပိုမိုပါဝင်လေ့ရှိသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲနေသော ရွေးကောက်ပွဲတွင် EMB လွတ်လပ်သော ပုံစံအောက်တွင်ရှိသော အဖွဲ့ဝင်များသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၏ ယုံကြည်ရနိုင်မှုကို မြှင့်တင်သောအားဖြင့် အများပြည်သူ မြင်နိုင်သိနိုင်သော လုပ်ငန်းခွင်ဆိုင်ရာ စီမံခန့်ခွဲရေးရာထူးကို ယူရန်အတွက် အင်မတန်မှ သတိထားကောင်းထားနိုင်လိမ့်မည်ဖြစ်သည်။ EMB အဖွဲ့ဝင်များသည် EMB ၏ လုပ်ရှားမှုများအတွက် နေ့စဉ်နှင့်အမျှခေါင်းဆောင်ပြီး စီမံခန့်ခွဲသော ကိစ္စများတွင် ပါဝင်ပတ်သက်ကာ ၂၀၀၄ ခုနှစ် အင်ဒိုနီးရှားတွင် ဖြစ်သွားသော ကိစ္စများကဲ့သို့ပင် အထူးလမ်းညွှန်ချက်များပေးလျက် တာဝန်ဝတ္တရားများကို ရှင်းလင်းပြသကာ အထွေထွေအတွင်းရေးမှူးရုံးဝန်ထမ်းများကိုလည်း ပိုမိုရှင်းလင်းစေလေသည်။ ထိုင်းနိုင်ငံရှိ EMB ၏ တစ်သီးပုဂ္ဂလဆိုင်ရာ အဖွဲ့ဝင်များသည်လည်း အလားတူပင် စီမံခန့်ခွဲမှုကို ဦးစားပေးသော ရာထူးကိုပင် ယူလေသည်။

အထွေထွေအတွင်းရေးမှူးဌာနနှင့် EMB အဖွဲ့ဝင်များအကြားရှိ လုပ်ငန်းခွင်ဆက်ဆံရေးကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်သော အရာများတွင် အဖွဲ့ဝင်များနှင့် အထွေထွေအတွင်းရေးမှူး ဌာန အကြား လုပ်ပိုင်ခွင့်နှင့် တာဝန်များကို တိတိပပရှင်းလင်းဖော်ပြချက်၊ ထိုနစ်ခုကြားရှင်းလင်းသော အထက်အောက်လုပ်ငန်းခွင်တာဝန်ယူမှုနှင့် အပြန်အလှလေးစားမှုကိုဖြစ်စေနိုင်သော အရည်အသွေးပြည့်မီသော ခန့်အပ်မှု တို့ပါဝင်သည်။ လွတ်လပ်သော ပုံစံအောက်တွင် EMB ၏ အထွေထွေအတွင်းရေးမှူးဌာန၌ ပြည်သူ့ဝန်ထမ်းများပါဝင်နေပြီး ၎င်းတို့အနေနှင့် EMB ကိုသာ အစီရင်ခံစာတင်ရန်နှင့် ပြင်ပအစိုးရဌာနသို့ အစီရင်ခံစာမတင်ရန်လည်းလိုအပ်သည်။ ပုံစံအရော သို့မဟုတ် အစိုးရပုံစံကို အသုံးပြုသောအခါ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများအတွက် တစ်ခုတည်းသော ဌာနဆိုင်ရာ အစီရင်ခံစာများကို တာဝန်ယူမှုကို အစိုးရ EMB ၏ အထွေထွေအတွင်းရေးမှူးဌာနရုံးဝန်ထမ်း ကကိုင်ကွယ်ခြင်းသည်လည်း ထိုအကြောင်းပြချက်ကြောင့်ပင် အများကြီးပိုမို ကောင်းမွန်ခြင်းဖြစ်သည်။

အထွေထွေအတွင်းရေးမှူးဌာနအရာရှိ သို့မဟုတ် သူ၏ ရွေးကောက်ထားသောသူ၏ EMB ၏ အစည်းအဝေးများတွင် ဖိတ်ကြားခံ မိန့်ခွန်းပြောသူ သို့မဟုတ် ညွှဲ့သည်တော်အဖြစ် တက်ရောက်ခြင်းသည်၊ မဲမပေးသော EMB အဖွဲ့ဝင် သို့မဟုတ် ရပိုင်ခွင့် အပြည့်အဝရှိသော EMB အဖွဲ့ဝင် (ဩစတြေးလျတွင်ကဲ့သို့) သည် EMB အဖွဲ့ဝင်များနှင့် အထွေထွေ အတွင်းရေးမှူး ဌာနရုံးဝန်ထမ်းများအကြားတွင် ဆက်နွယ်မှုကို အင်အားကောင်းစေနိုင်လေသည်။ထိုနောက် အစည်းအဝေးများ အားလုံးသည်လည်း EMB လက်တွေ့အကောင်အထည်ဖော်မှုအတွက် အစည်းအဝေးများအားလုံးသည် အကြံဉာဏ်ဆိုင်ရာ အကျိုးအမြတ်များ ရရှိစေရေးကို ဖြစ်ပေါ် စေလေသည်။

## အခန်းအနှစ်ချုပ်

- လွတ်လပ်သော EMB များသည် လွတ်လပ်သော ပုံစံနှင့် ပုံစံအရော နှစ်ခုလုံးအောက်တွင် တွေ့နိုင်ပြီး EMB အဖွဲ့ဝင်များ၏ လမ်းညွှန်ပေးခြင်းကို ခံရလေသည်။ ချွင်းခြက်အနည်းငယ်မှလွဲ၍ အစိုးရပုံစံအောက်ရှိ EMB များနှင့် ပုံစံအရောအောက်ရှိ အစိုးရ EMB များသည် EMB အဖွဲ့ဝင် မရှိပါ အထွေထွေအတွင်းရေးမှူးဌာန ဝန်ထမ်းသာလျှင်ရှိလေသည်။
- EMB အဖွဲ့ဝင် အရေအတွက်မှာ အကောင်းဆုံးသတ်မှတ်ထားသော အရေအတွက် မရှိပါ။ ထို့အပြင် အချိန်ပြည့်နှင့် အချိန်ပိုင်းခန့်အပ်မှု မည်သည်ကပိုကောင်းသလောဟူသည့် ခွဲခြားပြနိုင်သည့် နည်းစနစ်လည်းမရှိပါ။ တိုင်းပြည်၏ ပမာဏနှင့် ၎င်း၏လူဦးရေ၊ စီးပွားရေးနှင့် ပထဝီဝင် နိုင်ငံရေးကိစ္စများ၊ EMB ၏ အာဏာနှင့် လုပ်ဆောင်ချက်များ၊ ၎င်း၏ အထွေထွေ အတွင်းရေးမှူးဌာန၏ အင်အားနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုသည် လွတ်လပ်သော သို့မဟုတ် ပုံစံအရောမည်သည့်ပုံစံကို ရွေးသည်ဆိုသည့်အပေါ် တွင် မူတည်ပြီး EMB အဖွဲ့ဝင်ခြင်း၏ ပမာဏနှင့် လုပ်ငန်းခွင် အချိန်ဇယားကို အဆုံးအဖြတ်ပေးလေသည်။
- EMB အဖွဲ့ဝင်များအနေနှင့် ၎င်းတို့အား အသိုင်းအဝိုင်း၏ အခြားသောအပိုင်းများမှ လေးစားသမှုရှိရန်အတွက် ထိုက်တန်သော အနေအထားတစ်ခုရှိရန်လိုအပ်လေပြီး ၎င်းတို့၏ တာဝန်ထမ်းဆောင်မှု စည်းကမ်းနှင့် တာဝန်ထမ်းဆောင်သက် လုံခြုံရေးအတွက် အခြေခံဥပဒေ သို့မဟုတ်ဥပဒေက တာဝန်ယူရမည်ဖြစ်ပြီး ထိုမှသာ၎င်းတို့ကိုအဂတိကင်းကင်းနှင့်လှုပ်ရှားမှုပြုနိုင်စေမည်ဖြစ်သည်။
- လွတ်လပ်သော၊ ပုံစံအရောအောက်တွင်ရှိသော လွတ်လပ်သော EMB များတွင် ပါတီစုံစနစ်ဖြစ်သော အဖွဲ့ဝင်စနစ်များ ပါတတ်သည်။ (လုပ်ပိုင်ခွင့်ရှိသော နိုင်ငံရေးပါတီများမှ လုပ်ခြင်းဖြစ်သည်) သို့မဟုတ် ကျွမ်းကျင်သူပါလည်း ပါဝင်နိုင်သည်။ (နိုင်ငံရေးအရ အထောက်အပံ့ယူမှု

ကင်းပြီး ၎င်းတို့၏ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုကြောင့် ခန့်အပ်ထားသူများ) သို့မဟုတ် နိုင်ငံရေးအရနှင့် ပညာရပ်ဆိုင်ရာအရ ခန့်အပ်ထားသူများလည်း ပါဝင်နိုင်သည်။ နိုင်ငံတစ်နိုင်ငံအတွက် သင့်တော်သော အဖွဲ့ဝင်ခန့်အပ်မှုပုံစံသည် ၎င်း၏နိုင်ငံရေးအရဆက်ဆိုင်သော ပတ်ဝန်းကျင်နှင့် ဒီမိုကရေစီဆိုင်ရာ တိုးတက်မှုအပေါ်တွင် မူတည်သည်။

- EMBအဖွဲ့ဝင်များအတွက် ပုံသေသတ်မှတ်ပြီး လုံခြုံအောင်ပြုလုပ်ထားသော တာဝန်ထမ်းဆောင်သက်သည် အဖွဲ့အစည်းအရ ယုံကြည်မှုရှိစေခြင်းနှင့် အသစ်ပြန်လည်လဲလှယ်မှုလုပ်နိုင်ရန်အတွက် ခွင့်ပြုပေးလေသည်။ EMB အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်သက်များကို ပုံသေမထားဘဲ ပြောင်းပေးနေခြင်းက ကမောက်ကမမဖြစ်အောင် ထိန်းသိမ်းပေးပြီး EMB ၏ အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ်ကိုတိုးတက်စေသည်။
- အရည်အသွေးပြည့်မီသော EMB အသင်းဝင်မှုဆိုင်ရာ ရွေးချယ်မှုသည် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပွင့်ပွင့်လင်းလင်းကြေငြာပြီး လျှောက်ထားသူများကို ပွင့်လင်းမြင်သာမှုရှိသော "တိကျသင့်တော်သော" စစ်ဆေးချက်များပြုလုပ်ကာ အဆင့်အတန်းခွဲခြား သတ်မှတ်ပေးခြင်းဖြင့် ရရှိနိုင်သည် EMB ခန့်အပ်ရေးအတွက် အများဆုံးလက်ခံထားသော လုပ်ငန်းစဉ်အဆင့်မှာ အစိုးရ၏မဏ္ဍိုင်တစ်ခုကရွေးချယ်ပြီး နောက်ထပ်မဏ္ဍိုင်တစ်ခုက အတည်ပြုပေးခြင်းပင် ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များသည်လည်း အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးနှင့်စပြီး ဥပဒေပြုရေးတွင်ဆုံးလေ့ရှိကာ အပြန်အလှန်သွားလျက်ရှိသည်။
- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် အများအားဖြင့် EMB အဖွဲ့ဝင်များ၏ အရည်အသွေးပြည့်မီမှုကို ပြဋ္ဌာန်းထားလေ့ရှိသည်။ ထိုအချက်များတွင် နိုင်ငံသားဖြစ်မှု၊ ဂုဏ်သိက္ခာရှိမှု၊ အဂတိကင်းကင်း လုပ်ဆောင်နိုင်မှုနှင့် ပညာရှင်ဆန်သော အရည်အချင်းပြည့်ဝမှုသို့မဟုတ် ဗဟုသုတရှိမှုတို့အပါအဝင်ဖြစ်သည်။၎င်းတို့တွင်အခြားသောအချက်အလက်များဖြစ်သောအသက်အရွယ်၊ ကျန်းမာရေး၊ ရာထူးတစ်ခုကို ထမ်းဆောင်ခြင်း၊ မထမ်းဆောင်ခြင်းနှင့် နေထိုင်ရာ ဒေသတို့ပါဝင်သည်။
- EMB အဖွဲ့ဝင်များသည် EMB အမျိုးအစားနှင့် တိုင်းပြည်၏ စီမံခန့်ခွဲမှုပုံစံကိုလိုက်သော သင့်တော်သည့် ဆုံးဖြတ်ချက်ချရေးနှင့် စီမံခန့်ခွဲရေးစနစ်ကိုတည်ထောင်သင့်သည်။ ၎င်းတို့အနေနှင့်လည်း EMB အစည်းအဝေးနှင့် ဆုံးဖြတ်ချက်ချရေး လုပ်ငန်းစဉ်တို့တွင် ပွင့်လင်းမြင်သာမှုရှိစေသော လုပ်ဆောင်ပုံများကိုလည်း အသုံးချသင့်သည်။ ပြီးနောက်တွင် ထိရောက်သော EMB စီမံခန့်ခွဲရေး တစ်ခုဖြစ်ရန်အတွက်လည်း အတွင်းပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အသုံးချရမည်။ ထိုအချက်သည်လည်း ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးအတွက် ကွဲပြားသောရှုထောင့်များနှင့် ဆက်ဆံရသော ဆပ်ကော်မတီများကို ဖွဲ့စည်းသော EMB အဖွဲ့ဝင်ရေးအတွက် အသုံးဝင်ကောင်းဝင်နိုင်လေသည်။
- EMB အစည်းအဝေးများသည် လူသိရှင်ကြားပြုလုပ်ခြင်းဖြစ်သလို တံခါးပိတ်ဆွေးနွေးခြင်းမျိုးလည်း ဖြစ်နိုင်သည်။ လူသိရှင်ကြားအစည်းအဝေး ပြုလုပ်ခြင်းများသည် EMB နှင့် ၎င်း၏ လုပ်ဆောင်ချက်များအပေါ် ယုံကြည်မှုပိုမိုမြင့်တက်စေပြီး တံခါးပိတ်ဆွေးနွေးပွဲများကထိရှလွယ်သောအကြောင်းအရာများကို ပိုမိုပွင့်ပွင့်လင်းလင်း ဆွေးနွေးဖြစ်စေနိုင်သည်။
- EMB တစ်ခု အလုပ်ကောင်းကောင်း ထိထိရောက်ရောက် လုပ်ရန်အတွက် EMB အဖွဲ့ဝင်များနှင့် ၎င်း၏အထွေထွေအတွင်းရေးမှူးရုံးတို့ ကောင်းမွန်သော ဆက်ဆံရေးတစ်ခု ရှိရန်လိုအပ်သည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# နိုင်ဂျီးရီးယား : လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲ*

Olufunto Akinduro

## နောက်ခံအကြောင်းအရာ

နိုင်ဂျီးရီးယားသည် ဗြိတိန်ထံမှ ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရခဲ့ခြင်းဖြစ်သည်။ အခြားသော ဗြိတိသျှ ကိုလိုနီနယ်များကဲ့သို့ပင် ၎င်း၏ရွေးကောက်ပွဲများသည်လည်း ပုံသေခန့်အပ်ထားသော EMB တို့မှ စီမံခန့်ခွဲခြင်းများပြုလုပ်နေခြင်းဖြစ်သည်။ နိုင်ဂျီးရီးယား၏ နိုင်ငံရေးသမိုင်းသည် စစ်အုပ်ချုပ်ရေးနှစ်ပေါင်းများစွာနှင့် အရပ်သားသမ္မတအစိုးရ လေးဆက်အုပ်ချုပ်ခဲ့လေသည်။ အသွင်ကူးပြောင်းရေး အဆင့်တိုင်းဖြင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေး အာဏာပိုင်များလည်း ပေါ်ပေါက်လာသည်။ ခြုံငုံပြောရမည်ဆိုလျှင် နိုင်ဂျီးရီးယားတွင် EMB ငါးခုရှိသည်။ ၁၉၆၄ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲများနှင့် ၁၉၆၅ ခုနှစ် ဒေသဆိုင်ရာ ရွေးကောက်ပွဲများကို ကျင်းပပေးခဲ့သော ဖက်ဒရေးရှင်း၏ ရွေးကောက်ပွဲကော်မရှင် (ECF)။ ၁၉၇၉ ခုနှစ်တွင် အသွင်ကူးပြောင်းရေး ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ပဋိပက္ခဖြစ်ဖွယ်ရွေးကောက်ပွဲ ကိုကျင်းပခဲ့သောကြောင့် စစ်အုပ်ချုပ်ရေးအောက် ပြန်လည်ရောက်ရှိခဲ့စေခဲ့သော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (FEDECO) အသွင်ကူးပြောင်းရေး သုံးနှစ်စီမံကိန်းကို စီမံခန့်ခွဲခြင်းပြုလုပ်ခဲ့ပြီး ၁၉၉၃ ခုနှစ် ရွေးကောက်ပွဲဖျက်သိမ်းရခြင်းကို ဖြစ်ပေါ်စေခဲ့သော အမျိုးသားရွေးကောက်ပွဲ ကော်မရှင် (NEC) နိုင်ဂျီးရီးယား အမျိုးသားရွေးကောက်ပွဲကော်မရှင် (NECON) သည် ဗိုလ်ချုပ်ကြီး Sani Abacha က သူ၏ အသွင်ကူးပြောင်းရေးစီမံကိန်းကို စီမံခန့်ခွဲရန်အတွက် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် သူ ကွယ်လွန်သောအခါ ဖျက်သိမ်းလိုက်ရသည်။ ပြီးနောက်တွင် လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲ ကော်မရှင် (INEC) တို့ဖြစ်ကြသည်။ ၎င်းသည် ယခု ဖြစ်ရပ်လေ့လာခြင်း၏ အဓိကအာရုံစိုက်သော အရာလည်းဖြစ်ပြီး ၎င်းသည် နိုင်ဂျီးရီးယားသမိုင်းတွင် သက်တမ်းအကြာဆုံးသော EMB လည်း ဖြစ်သည်။ ၎င်း အနေနှင့်လည်း ရွေးကောက်ပွဲလေးခုကို ကျင်းပပေးခဲ့ဖူးပြီး ၎င်းတို့မှာ ၁၉၉၉ ခုနှစ် အသွင်ကူးပြောင်းရေး ရွေးကောက်ပွဲ နိုင်ဂျီးရီးယားတွင် အရပ်သားအစိုးရလက်အောက်တွင် ပထမဆုံးအောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သော သမိုင်းဝင် ၂၀၀၃ ခုနှစ် ရွေးကောက်ပွဲ၊ နိုင်ဂျီးရီးယားတွင် ပထမဦးဆုံးသော အရပ်သား အစိုးရ အပြောင်းအလဲကို ဖြစ်စေခဲ့သော ၂၀၀၇ခုနှစ် ရွေးကောက်ပွဲနှင့် ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတို့ ဖြစ်သည်။[၁]

* နိုင်ဂျီးရီးယားဖြစ်ရပ်လေ့လာခြင်း မူရင်းစာမူကို Carl Dundas, 'Nigeria: A Need for Modernization', Electoral Management Design: The International IDEA Handbook (Stockholm: International IDEA, 2006), pp. 253–55. တွင် လေ့လာနိုင်ပါသည်

## နိုင်ဂျီးရီးယားရှိ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်

နိုင်ဂျီးရီးယားတွင် ကိုလိုနီအုပ်ချုပ်ရေး စနစ်ခေတ်မှစပြီး ၂၀၁၀ ပြည့်နှစ်အထိ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာအပြောင်းအလွဲများ သမိုင်းကြာရှည်စွာရှိခဲ့သည်။ ပြီးနောက်တွင်လည်း ရွေးကောက်ပွဲဆိုင်ရာ အပြောင်းအလွဲများသည်လည်း ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲပြီးချိန်မှစကာ ဆက်တိုက် စကားနိုင်လုနေဆဲပင်ဖြစ်သည်။ တစ်ခု အရေးတကြီးမှတ်သားထားရန် လိုအပ်သည်မှာ ဖြစ်ပေါ်ခဲ့သော အဓိကကျသော အခြေခံဥပဒေဆိုင်ရာ အပြောင်းအလွဲများသည် နိုင်ဂျီးရီးယားနိုင်ငံ အသွင်ကူးပြောင်းရေးစီမံကိန်း သမိုင်းနှင့် နီးကပ်စွာချိတ်ဆက်နေသည်ဟု ဖြစ်သည်။ လွတ်လပ်ရေးရပြီးကတည်းက EMB များသည် သမ္မတမှခန့်အပ်ခြင်းဖြစ်ပြီး လွှတ်တော်မှစစ်ဆေးအတည်ပြုပေးရလေသည်။ စစ်အစိုးရလက်ထက်က တည်ထောင်ခဲ့သော EMB များသည် ပြည်ထောင်စုအုပ်ချုပ်ရေးကောင်စီက ခန့်အပ်ခြင်းဖြစ်သည်။ အရေးတကြီးဖော်ပြရန် ကျန်ရှိသည်မှာ ၁၉၇၉ ခုနှစ် အခြေခံဥပဒေတွင် ပါဝင်သော ပြည်ထောင်စု ဝိသေသလက္ခဏာစည်းမျဉ်း (ဒေသဆိုင်ရာ သို့မဟုတ် ပြည်နယ်နှင့်ဆိုင်သော ကိုယ်စားလှယ်ပြုခြင်းများ) မိတ်ဆက်အရ ထိုအချက်သည်လည်း ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်ရန်အတွက် လိုအပ်သော အချက်တစ်ချက်အနေနှင့် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။[၂]

နိုင်ဂျီးရီးယားရှိ ရွေးကောက်ပွဲများသည် လက်ရှိတွင် ၁၉၉၉ ခုနှစ် အခြေခံဥပဒေ (ပြင်ဆင်ထားသည့် အတိုင်း) စည်းမျဉ်းနှင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအက်ဥပဒေ (ပြင်ဆင်ထားသည့်အတိုင်း) အတိုင်း ပြုလုပ်နေခြင်းဖြစ်သည်။ ယခင် အခြေခံဥပဒေများတွင် INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်)သည် အုပ်ချုပ်ရေးဌာနတစ်ခုအဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အခြေခံဥပဒေဘက်မှ ကော်မရှင်၏အာဏာနှင့် တာဝန်များကို သတ်မှတ်ပေးလိုက်ခြင်းဖြစ်ကာ ၎င်း၏လွတ်လပ်မှုနှင့် ဘဏ္ဍာငွေထောက်ပံ့ရေးတို့ပင် ပါဝင်လေသည်။ ၁၉၉၉ ခုနှစ် အခြေခံဥပဒေက ပြည်ထောင်စုအတွင်းရှိ ပြည်နယ်တစ်ခုချင်းစီတွင် လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင် ၃၆ခု (SIECs)များကိုတည်ထောင်ခြင်းကို မိတ်ဆက်ပေးခဲ့လေသည်။[၃] ၎င်းတို့အနေနှင့်လည်း ဒေသဆိုင်ရာ အစိုးရရွေးကောက်ပွဲများကို ကျင်းပပေးရန်အတွက် တာဝန်ရှိလေသည်။ အခြေခံဥပဒေက ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို သမ္မတမှ ခန့်အပ်ရန်အတွက် ပြဋ္ဌာန်းထားလေပြီး အထက်လွှတ်တော်မှ အတည်ပြုပေးရမည်ဖြစ်သည်။ ပြည်နယ်အဆင့်တွင်မတော့ ပြည်နယ်အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌရာထူးနှင့် SIECs (လွတ်လပ်သောရွေးကောက်ပွဲကော်မရှင် ၃၆ ခု) အဖွဲ့ဝင်များကို အမျိုးသားလွှတ်တော်မှ အတည်ပြုကာ ခန့်အပ်ရလေသည်။ အခြေခံဥပဒေအတွင်းတွင် နိုင်ငံရေးပါတီများအား မှတ်ပုံတင်ရန်အတွက်လည်း ပြဋ္ဌာန်းထားလေသည်[၄]

ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေသည် ကော်မရှင်၏ တည်ဆောက်မှုပိုင်းဆိုင်ရာ၊ လုပ်ပိုင်ခွင့်များနှင့် မဲဆန္ဒရှင်များအား မှတ်ပုံတင်ရန် စည်းမျဉ်းစည်းကမ်းများ၊ ရွေးကောက်ပွဲလုပ်ဆောင်ရန် လုပ်ငန်းစဉ် အဆင့်ဆင့် စာရင်းရေးသွင်းခြင်းနှင့် နိုင်ငံရေးပါတီများအတွက် စည်းမျဉ်းစည်းကမ်းများ၊ ရွေးကောက်ပွဲအတွင်း စည်းမျဉ်းဖောက်ဖျက်မှုများနှင့် ဖောက်ဖျက်မှုများအတွက် စီရင်ချက်ချပုံတို့ကိုလည်း အသေးစိတ်ပြောပြထားသည်တို့ ရှိလေသည်။

နိုင်ဂျီးရီးယားရှိ ရွေးကောက်ပွဲအတွက် ဥပဒေဆိုင်ရာ မူဘောင်သည် ၁၉၉၉ ခုနှစ်မှစပြီး ပြောင်းလဲခြင်းများ အမျိုးမျိုးဖြတ်သန်းခဲ့ရသည်။ ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေသည် ၂၀၀၁ ခုနှစ်တွင် အတည်ပြုလိုက်ပြီး အခြားသော ဥပဒေပြုချက် သုံးခုသည်လည်း ၂၀၀၂၊ ၂၀၀၆ နှင့် ၂၀၁၀ တို့တွင် အတည်ပြုပြီးဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် အခြားသောအပြောင်းအလွဲများကို စတင်မိတ်ဆက်ပြီးသည့်နောက် ၎င်းအနေနှင့် ကော်မရှင်ကိုလည်း မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် စည်းကမ်းဖောက်ဖျက်

သူများအား အရေးယူရန် ကိုယ်ပိုင်အတွင်းရေးမှူးခန့်အပ်ရန်အတွက် တာဝန်ပေးအပ်ပြီးဖြစ်သည်။ ဥပဒေကလည်း ခန့်အပ်ခြင်းနှင့်သက်ဆိုင်သော ဒွိဟာဝေခွဲမရသည့် ကိစ္စများကိုနှင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အရာရှိများ (RECs) ကို ပယ်ဖျက်ရန်အတွက် ဖော်ပြပြီးဖြစ်သည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေတွင် ထို့ကြောင့်ပင် ၁၉၉၉ ခုနှစ် အခြေခံဥပဒေ၏ ပြင်ဆင်ချက်လိုအပ်သောကြောင့် ပြီးခဲ့သော ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုက မဖြေရှင်းနိုင်သော ကိစ္စများကို အာရုံစိုက်ခြင်းဖြစ်သည်။ ထိုအက်ဥပဒေသည် ၂၀၁၁ ခုနှစ်မတိုင်မီကလည်း မဲဆန္ဒရှင် မှတ်ပုံတင်ရေးကြာချိန်ကို တိုးမြှင့်ရန်နှင့် ရွေးကောက်ပွဲကို ဇန်နဝါရီမှ ဧပြီလ ၂၀၁၁ ထိ ပြောင်းရွှေ့နိုင်ရန်၊ ၎င်း၏ အာဏာကို နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများအား စည်းကမ်းကြပ်မတ်ရာတွင် ချောမွေ့စေရန် အထူးသဖြင့် ပါတီရွေးကောက်ပွဲများမှ တစ်ဆင့် အမတ်လောင်းများ ရွေးချယ်ရာတွင်ချောမွေ့စေရန်အတွက် တစ်ခါပြင်ဆင်ပြီးဖြစ်သည်။[၅] ၂၀၁၀ ခုနှစ် အက်ဥပဒေသည် ပါတီများကို အမတ်လောင်းအဖြစ်ဝင်ရောက် အရွေးချယ်ခံထားသော သူများအား အမည်ပြောင်းလဲခြင်းကို တားမြစ်ထားပြီး၊ မဲဆွယ်ရာတွင်လည်း သုံးရမည့်အသုံးစရိတ်ကိုလည်း အသတ်ပြုပြင် ကန့်သတ်ထားသည်။ INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) ကိုလည်း ဥပဒေမှ ပြဋ္ဌာန်းထားသည့် အခြေခံအချက်အလက်များနှင့် မကိုက်ညီသော နိုင်ငံရေးပါတီများကို မှတ်ပုံတင်ရုပ်သိမ်းခွင့် ပေးထားကာ ရွေးကောက်ပွဲ ဆန္ဒလက်မှတ်ကောက်ယူရာခုံရုံး၏ အာဏာကိုလည်း ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်နိုင်ခွင့်အား ကန့်သတ်လိုက်ကာ ခုံရုံးကိုလည်း အမတ်လောင်းများအား ရွေးကောက်ပွဲတွင် အနိုင်ရသူအဖြစ် ကြေငြာပိုင်ခွင့်ကိုလည်း ပိတ်ပင်လိုက်သည်။ ထိုအက်ဥပဒေသည် ရွေးကောက်ပွဲရလဒ်များအား ကြေငြာခြင်းနှင့် ထုတ်ပြန်ခြင်းများကို မဲရုံများတွင် မဖြစ်မနေပြုလုပ်ရန် သတ်မှတ်လိုက်ပြီး ရွေးကောက်ပွဲစည်းမျဉ်းများကို ဖောက်ဖျက်သူများအား ရာဇဝတ်မှုဥပဒေများ ထုတ်ပြန်ခြင်းကိုလည်း မိတ်ဆက်ပေးခဲ့ပြီး INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) ကို ဖောက်ဖျက်ကျူးလွန်သူများအား တရားစွဲဆိုပိုင်ခွင့် ပေးထားသည်။

၁၉၉၉ ခုနှစ် အခြေခံဥပဒေသည် တစ်နိုင်ငံလုံးဆိုင်ရာ အခြေခံဥပဒေပြင်ဆင်ရန်အတွက် ဆယ်နှစ်ကျော်ခန့် တိုင်ပင်ဆွေးနွေးပြီးနောက် ၂၀၁၀ ပြည့်နှစ်မတိုင်မီတွင် နှစ်ကြိမ်ခန့် ပြန်လည်ပြုပြင်ခြင်းခံခဲ့ရလေသည်။[၆] ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲများပြီးချိန်တွင် ဖြစ်လာသော ဖြစ်ရပ်များသည် အစီရင်ခံစာများအရ တိုင်းပြည်၏ ရာဇဝင်တွင် အဆိုးဆုံးဟူသော ဖြစ်ရပ်များဖြစ်လာခဲ့ပြီး နောက်တက် သမ္မတဟာအဒူဝါသည် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးကော်မတီ (ERC) ကို နိုင်ဂျီးရီးယား၏ ရွေးကောက်ပွဲဆိုင်ရာ သမိုင်းကို ပြန်လည်စစ်ဆေးရန် တည်ထောင်ခဲ့ပြီး ရွေးကောက်ပွဲကျင်းပရန် ဥပဒေနှင့် အသင်းအဖွဲ့ဆိုင်ရာ မူဘောင်တို့ အတွက်လည်းအပါအဝင်ဖြစ်ကာ ပြုပြင်ပြောင်းလဲရေးအတွက်လည်း အဆိုတင်သွင်းနိုင်ရန်ဖြစ်သည်။ ERC (ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်ပြုပြင်ရေးကော်မတီ) သည် အကျယ်တဝင့်တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး အမှာစာ ၁၄၆၆ ခု လက်ခံရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် တင်သွင်းခဲ့သော ၎င်း၏ အစီရင်ခံစာသည် နိုင်ဂျီရီးယားနိုင်ငံသားများ၏ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအပေါ် ထင်ဟပ်နိုင်စွမ်းရှိသောကြောင့် ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသည်။ ထိုအစီရင်ခံစာသည်လည်း ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲမတိုင်မီက ဖြစ်ပွားခဲ့သော အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့ ဖြစ်ပေါ်စေရန်အတွက် အများကြီးအကျိုးဖြစ်စေခဲ့သည်။ ၎င်း၏ နိုင်ဂျီးရီးယားရှိ ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်မှုရှိ စိန်ခေါ်မှုများကို တိုးချဲ့ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်တွင် ERC (ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်ပြုပြင်ရေး ကော်မတီ) မှ မှတ်ချက်ပြုထားသည်မှာ INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်) သည် အင်မတန်မှ အလုပ်ဝန်ပိနေသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၎င်း၏ တာဝန်များကို ထမ်းရွက်ရန်အတွက် အခြားသော အဖွဲ့အစည်းသုံးခုကို ဖန်တီးရန်အတွက် အဆိုတင်သွင်းထားလေသည်။ ERC ဘက်မှ အဆိုတင်သွင်းထားသည်မှာလည်း INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ

ရွေးကောက်ပွဲ ကော်မရှင်) ၏ ရာထူးခန့်အပ်မှုဆိုင်ရာ အာဏာကို သမ္မတမှ အမျိုးသား တရားစီရင်ရေး ကောင်စီထံ လွှဲပြောင်းပေးရန် အဆိုတင်သွင်းထားလေပြီး ကော်မရှင်ကို လူသိရှင်ကြားလုပ်ဆောင်သော လုပ်ငန်းစဉ်များမှ တစ်ဆင့် အဖွဲ့ဝင်စုဆောင်းရန်လည်း အကြံပေးထားလေသည်။ ထိုအစီရင်ခံစာ၏ တစ်စိတ်တစ်ဒေသအဖြစ် ERC ဘက်မှ နိုင်ဂျီးရီးယားနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်၏ မတူ ကွဲပြားသော ရှုထောင့်များကို ပြုပြင်ပြောင်းလဲရန်အတွက် ဥပဒေမူကြမ်းငါးခုကို အဆိုတင်သွင်းထားပြီး သုံးခုမှာ INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) ကို ပြန်လည်ဖြည့်ထုတ်ပြီး တည်ဆောက်ရန်အတွက် အဓိကပြောဆိုထားခြင်းဖြစ်သည်။

အုပ်ချုပ်ရေးဘက်မှ ထို ERC အစီရင်ခံစာတွင်ပါဝင်သော အချက်အလက်များကို ပြည့်ပြည့်စုံစုံ မကျင့်သုံးရသေးသော်ငြားလည်း ၂၀၁၁ ခုနှစ်ရွေးကောက်ပွဲ မတိုင်မီတွင်အခြေခံဥပဒေနှင့် ရွေးကောက်ပွဲ ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့အား နိုင်ငံအဆင့်စဉ်းစားညှိနှိုင်းမှုပြုရန်အတွက် ပဏာမအဆင့်ခင်းကျင်းမှု ပြုပြင်ပြီးဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် အုပ်ချုပ်ရေးမဏ္ဍိုင်မှ အမျိုးသားလွှတ်တော်အား ၁၉၉၉ ခုနှစ် အခြေခံဥပဒေအား ပြုပြင်ရန်အတွက် ဥပဒေကြမ်းကို မူကြမ်းရေးဆွဲပြီးနောက် တင်သွင်းခဲ့သည်။ အခြေခံ ဥပဒေအား ပြန်လည်ဆန်းစစ်ရေးလုပ်ငန်းစဉ်တွင် ဖိအားပေးသော အမျိုးသားရေးဆိုင်ရာကိစ္စများကို ဖြေရှင်းရန် စာရင်းလိုက်ချိုးပြီးရှိသော်လည်း ဦးစားပေးအဆင့်မှာမူ ရွေးကောက်ပွဲဆိုင်ရာကိစ္စများကို ရှေ့ထားလိုက်လေသည်။ ၁၉၉၉ ခုနှစ် အခြေခံဥပဒေ၏ပထမဆုံးသော ပြင်ဆင်ချက်က INEC (လွတ်လပ် သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) အားငင်း၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ နိုင်ငံ့ဘဏ္ဍာ အခွန်ငွေတွင်ပါဝင်သော ဘတ်ဂျက်ငွေနှင့် လစာငွေများကို ဘဏ္ဍာရေးဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ပေးထားလေသည်။ ကော်မရှင်အဖွဲ့ဝင်များအား ဘက်မလိုက်ရန်နှင့် အဂတိကင်းရန်အတွက်လည်း ပြင် ဆင်ချက်အတွင်းတွင်ပါဝင်သည် ရွေးကောက်ပွဲများကျင်းပချိန်၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စများအတွက် ဆန္ဒမဲကောက်ခံယူမှုများကို တရားရုံးမှ ဆုံးဖြတ်စီရင်ပုံနှင့် ရွေးကောက်ပွဲဆိုင်ရာ ဆန္ဒမဲလက်မှတ် ခုံရုံးများ ၏ ဖွဲ့စည်းပုံနှင့် ရွေးကောက်ပွဲဆိုင်ရာ ဆန္ဒမဲလက်မှတ်ကောက်ခံခြင်းများ၏ အချိန်အတိုင်းအတာကို ကန့်သတ်မှုတို့အတွက်ပါ ပါဝင်သည်။[၇] ၁၉၉၉ ခုနှစ် အခြေခံဥပဒေအား ပြင်ဆင်ရန် ဒုတိယမြောက် ဥပဒေမူကြမ်းတွင် အမျိုးသားရွေးကောက်ပွဲများ လုပ်ဆောင်ရန်အတွက် အချိန်ဇယားအသစ်များအား ပြန် လည်ဆန်းစစ်ရန်တို့ ပါဝင်သည်။[၈]

## အဖွဲ့အစည်း၏ တည်ဆောက်ပုံ

နိုင်ဂျီးရီးယားနိုင်ငံတွင် အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်းထားသော အစိုးရပြည်ထောင်စုစနစ်ရှိသည့် လွှတ်တော်နှစ်မျိုးလည်း ပါဝင်သည်။ ပထမအဆင့်မှာ ပြည်ထောင်စုအဆင့်ဖြစ်ပြီး ဒုတိယအဆင့်မှာ ပြည်နယ်အဆင့်ဖြစ်သည်။ ထိုဒုတိယအဆင့်တွင် ၃၆ ပြည်နယ်နှင့် ပြည်ထောင်စု မြို့တော် နယ်နိမိတ် (FCT) များပါဝင်သည်။ ပြီးနောက် တတိယ အဆင့်တွင် ပါဝင်သော အစိုးရအဖွဲ့တွင် မြို့နယ်ဧရိယာ ၇၇၄ ခုမှ အစိုးရများပါဝင်သည်။ အဆင့်တစ်ခုချင်းစီတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်များရှိကြ သည်။ ပြည်နယ်အဆင့်တွင် ပြည်နယ်အဆင့်လွှတ်တော်ရှိသည်။ မြို့နယ်အဆင့်တွင်လည်း မြို့နယ် အစိုးရကောင်စီရှိသည်။ ပြည်ထောင်စုနှင့် ပြည်နယ်အဆင့် ရွေးကောက်ပွဲများကို INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင် ) က ပြုလုပ်ပေးပြီး မြို့နယ်အဆင့် အစိုးရရွေးကောက်ပွဲများကို SIECs (ပြည်နယ်အဆင့်လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) မှ ကျင်းပပြုလုပ်ပေးသည်။ အုပ်ချုပ် ရေးဆိုင်ရာ ကိစ္စများအတွက် တိုင်းပြည်သည် ပထဝီဝင်နိုင်ငံရေးနယ်မြေ ဖုန်ခြောက်ပိုင်းခြားထားရလေ သည်။ ထိုစီမံအုပ်ချုပ်ရေးတိုင်းဒေသများမှာ နိုင်ဂျီးရီးယား၏ နိုင်ငံရေးအတွက် အဓိကကျလေသည်။

INEC (ပြည်နယ်အဆင့်လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) ၃၆ ပြည်နယ်လုံးတွင် ရုံးစိုက်ပြီး FCT (ပြည်ထောင်စု မြို့တော်နယ်နိမိတ်) ပြည်ထောင်စုအတွင်းရှိ ၇၇၄ ခုသော မြို့နယ်အစိုးရဧရိယာများတွင် တည်ရှိသည်။ (သီးခြားရုံးခွဲကာ တည်ရှိနိုင်သကဲ့သို့ မြို့နယ်အစိုးရအာဏာပိုင်နှင့်လည်း မျှဝေခြင်းဖြစ်နိုင်သည်) ကော်မရှင်တွင် အာဏာကိုဗဟိုပြုချုပ်ကိုင်မှုကင်းမဲ့သော တည်ဆောက်ပုံ ရှိသော်လည်း မူဝါဒချမှတ်ရေးသည် နိုင်ငံတော်အဆင့်တွင် ကော်မတီစနစ်မှတစ်ဆင့် ဗဟိုပြုချုပ်ကိုင်ထားပြီး မူဝါဒရေးရာ လက်တွေ့အကောင်အထည်ဖော်ရေးသည် ဗဟိုပြုခြင်း ကင်းမဲ့လေသည်။ INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) ဥက္ကဋ္ဌသည်လည်း နိုင်ငံတော်အဆင့်တွင် အုပ်ချုပ်ရေးခေါင်းဆောင်အရာရှိဖြစ်ပြီး ပြည်နယ်အဆင့်တွင် REC (အခြေကျ နေထိုင်သော ရွေးကောက်ပွဲဆိုင်ရာအရာရှိ) က အုပ်ချုပ်ရေးခေါင်းဆောင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ကာ စာရင်းစစ်အရာရှိချုပ်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ ခေါင်းဆောင်ဖြစ်သော ပုံသေခန့်အပ်ထားသော ဝန်ထမ်းအဖွဲ့ဝင်တစ်ဦးက စီမံခန့်ခွဲရေးဆိုင်ရာ အတွင်းရေးမှူးအဖြစ် အထောက်အပံ့ပေးလေသည်။ မြို့နယ်အစိုးရအဆင့်တွင် ရွေးကောက်ပွဲဆိုင်ရာ အရာရှိတစ်ဦးစီ ကော်မရှင်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်လေသည်။

ကော်မရှင်တွေ ရွေးကောက်ပွဲကော်မရှင်အရာရှိချုပ်သည် ကော်မရှင်တွင် ဥက္ကဋ္ဌအနေနှင့် ပါဝင်သည်။ ပြီးနောက် အမျိုးသားရွေးကောက်ပွဲကော်မရှင်အရာရှိများအဖြစ် အဖွဲ့ဝင် ၁၂ ဦး ပါဝင်သည်။ ကော်မရှင်သည် ၃၆ ပြည်နယ်လုံးတွင် ရုံးစိုက်ပြီး RECs (အခြေကျနေထိုင်သော ရွေးကောက်ပွဲဆိုင်ရာအရာရှိ) များ က FCT (ပြည်ထောင်စု မြို့နယ်နယ်နိမိတ်) ကိုဦးဆောင်သည်။ REC (အခြေကျ နေထိုင်သော ရွေးကောက်ပွဲဆိုင်ရာ အရာရှိ) များကို သမ္မတက ခန့်အပ်ခြင်းဖြစ်ပြီး ဆီးနိတ်အထက်လွှတ်တော်က အတည်ပြုပေးရခြင်းဖြစ်လေသည်။ အမျိုးသား ကော်မရှင်အရာရှိနှစ်ဦးမှာ ပထဝီဝင်နိုင်ငံရေးဇုန်နယ်များ တစ်ခုချင်းစီမှ ခန့်အပ်ထားခြင်းဖြစ်ပြီး REC (အခြေကျနေထိုင်သော ရွေးကောက်ပွဲဆိုင်ရာအရာရှိ) ကလည်း အဖွဲ့၏ ပြည်နယ်တစ်ခုချင်းစီမှ ခန့်အပ်ထားခြင်းဖြစ်ပြီး ၎င်းတို့၏ မူလပြည်နယ်များ၏ ပြင်ပမှ INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) ရုံးများသို့ တာဝန်လွှဲပြောင်းခန့်အပ်လေသည်။ သမ္မတရွေးကောက်ပွဲများအတွက် ကော်မရှင်ဥက္ကဋ္ဌသည် ရွေးကောက်ပွဲကျင်းပပေးပြီး မဲစာရင်းကြေငြာပေးရသော အရာရှိဖြစ်လေသည်။ RECs (အခြေကျနေထိုင်သော ရွေးကောက်ပွဲဆိုင်ရာအရာရှိ) များသည် မြို့ဝန်နှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲများအတွက် တာဝန်ရှိလေသည်။ ကော်မရှင်အရာရှိများနှင့် RECs (အခြေကျနေထိုင်သော ရွေးကောက်ပွဲဆိုင်ရာအရာရှိ) များသည် အသစ်ပြန်လည်တိုးချဲ့နိုင်သော ငါးနှစ်သက်တမ်းတာဝန်ကို ထမ်းဆောင်ရလေသည်။

တစ်ခုမှတ်ထားရန်အတွက် အရေးတကြီးလိုသည်မှာ ၂၀၀၆ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေနှင့် ၁၉၉၉ ခုနှစ် အခြေခံဥပဒေအား ၂၀၁၀ ပြည့်နှစ်တွင် ပြင်ဆင်မှုကို မပြဋ္ဌာန်းမီတွင် ကော်မရှင်နှင့် RECs (အခြေကျနေထိုင်သော ရွေးကောက်ပွဲဆိုင်ရာအရာရှိ) တို့အကြားရှိ အာဏာကူးပြောင်းပုံအဆင့်ဆင့်သည် မသေချာမရေရာခဲ့။ ပြီးနောက် ဥပဒေဆိုင်ရာ မူဘောင်သည်လည်း ၎င်းတို့အား ရာထူးမှထုတ်ပယ်ခြင်းကိစ္စနှင့်ပတ်သက်သော လုပ်ငန်းစဉ်များအပေါ်တွင် ဘာမှပြောကြားထားခြင်း မရှိပေ။ ထိုအခါ RECs (အခြေကျနေထိုင်သော ရွေးကောက်ပွဲဆိုင်ရာအရာရှိ)များက ကော်မရှင်ကို အစီရင်ခံရန်မလိုဘဲ ၎င်းတို့အား ခန့်အပ်ထားသော သမ္မတကိုသာ အစီရင်ခံရသောကြောင့် စိန်ခေါ်မှုတစ်ရပ်အနေနှင့် ရှုမြင်ခြင်းကို ခံခဲ့ရသည်။[၉] ထိုကိစ္စကိုလည်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွင်းတွင် RECs (အခြေကျနေထိုင်သော ရွေးကောက်ပွဲဆိုင်ရာအရာရှိ) များ၏ တာဝန်ထမ်းဆောင်မှု သက်တမ်းနှင့် ကော်မရှင်အပေါ်တွင် တာဝန်ခံရန်အတွက် ပြဋ္ဌာန်းလိုက်ခြင်းဖြင့် ဖြေရှင်းနိုင်လိုက်လေသည်။ အခြေခံဥပဒေအား ပြင်ဆင်ချက်တွင် RECs (အခြေကျနေထိုင်သော ရွေးကောက်ပွဲဆိုင်ရာအရာရှိ) များကိုရာထူးမှ ထုတ်ပယ်ရန်အတွက် လိုအပ်သောအဆင့်များကို ပြဋ္ဌာန်းရန် လိုအပ်ချက်များကိုလည်း ထည့်သွင်း စဉ်းစားထားသည်။[၁၀]

ကော်မရှင် အတွင်းရေးမှူးသည် ကော်မရှင်အထွေထွေအတွင်းရေးမှူးဌာန၏ ခေါင်းဆောင်အချုပ်ဖြစ်ပြီး စီမံခန့်ခွဲရေး၏ ခေါင်းဆောင်လည်းဖြစ်သည်။ ၂၀၀၆ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေမတိုင်မီက ကော်မရှင်အတွင်းရေးမှူးသည် ပုံသခန့်အပ်ထားသော အတွင်းရေးမှူးများ၏ ကော်မရှင်သို့ ပြည်သူ့ဝန်ထမ်းခေါင်းဆောင်၏ ထောက်ခံချက်ပေးမှုရလေသည်။ ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲမတိုင်မီတွင်ဖြစ်ပေါ်ခဲ့သော ကော်မရှင်၏တည်ဆောက်မှုပိုင်းဆိုင်ရာ ပြန်လည်ပြုပြင်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အတွင်းရေးမှူးခန့်အပ်နိုင်ခွင့်ရှိသော အာဏာသည် ကော်မရှင်ထံသို့ လွှဲပြောင်းရောက်ရှိသွားလေသည်။ ၎င်းအား ပြည်ထောင်စုအုပ်ချုပ်ရေးမဏ္ဍိုင်အဖြစ် တည်ထောင်လိုက်သော အကျိုးကျေးဇူးကြောင့် ကော်မရှင်သည်လည်း အစိုးရ၏ကိုယ်စားလှယ်တည်းဟူသော  အခြေအနေတစ်ခုကို ရရှိသွားလေသည်။ ၎င်းသည် ပြည်ထောင်စု ပြည်သူ့ဝန်ဆောင်မှုထံမှလည်း လွတ်လပ်လေသည်။ ၎င်းအနေနှင့် ၎င်း၏ဝန်ထမ်းများအား ခန့်အပ်နိုင်ခွင့်နှင့် စည်းမျဉ်းစည်းကမ်းများကို ကျင့်သုံးထိန်းချုပ်နိုင်ခွင့် ရှိလေသည်။

INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲကော်မရှင်) ပြည်နယ်ရုံးများရှိ စီမံခန့်ခွဲရေးဆိုင်ရာ ခေါင်းဆောင်များသည် စီမံခန့်ခွဲရေးဆိုင်ရာ ခေါင်းဆောင်များဖြစ်ပြီး ကော်မရှင်အတွင်းရှိ အကြီးပိုင်းခေါင်းဆောင်များလည်း ဖြစ်သည်။ မြို့နယ်ခေါင်းဆောင်မှု အဆင့်အပိုင်းတွင် ရွေးကောက်ပွဲအရာရှိများဖြစ်သော ပုံသေခန့်အပ်ထားသည့် INES ဝန်ထမ်းများသည် INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲကော်မရှင်) ရုံးလုပ်ငန်းများနှင့် ပတ်သက်ပြီး တာဝန်ယူရသည်။ ပြီးနောက် ၎င်းတို့က RECs (အခြေကျ နေထိုင်သောရွေးကောက်ပွဲဆိုင်ရာအရာရှိ) များထံသို့ အစီရင်ခံစာ တင်ရသည်။

INEC (လွတ်လပ်သောနိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) သည် အစိုးရ၏ ဒုတိယအကြီးဆုံးသော ကိုယ်စားလှယ်အေဂျင်စီအဖွဲ့ဖြစ်သည်။ ဝန်ထမ်းအင်အား ရာထူးအရကြည့်မည်ဆိုလျှင် နိုင်ဂျီးရီးယား ရဲဌာနနောက် ဒုတိယ အဆင့်ချိတ်လေသည်။ ဒီဇင်ဘာလ ၂၀၁၃ ခုနှစ်တွင် ကော်မရှင်ရှိ ဝန်ထမ်းအင်အားမှာ ပျမ်းမျှအားဖြင့် အချိန်ပြည့်တာဝန်ထမ်းဆောင်သူ ဝန်ထမ်းပေါင်း ၁၄၀၀၀ ခန့် တစ်နိုင်ငံလုံးအနှံ့တွင် ရှိလေသည်။[၁၁] ကော်မရှင်ဘက်မှ အထူးခန့်အပ်ထားသော ဝန်ထမ်းများကို ရွေးကောက်ပွဲတာဝန်အတွက်လည်း ခန့်အပ်လေသည် (၂၀၁၁ ရွေးကောက်ပွဲအတွက် ၃၀၀၀၀၀ ခန့် လူစုဆောင်း ပြီးဖြစ်လေသည်)[၁၂] ကော်မရှင်၏ ပုံသေခန့်အပ်ဝန်ထမ်းများနှင့် အထူးခန့်အပ်ဝန်ထမ်းများ၏ အရေအတွက်သည် ၎င်း၏စီမံခန့်ခွဲရေးဆိုင်ရာ စနစ်၏ ထိရောက်မှုနှင့် ၎င်းဝန်ထမ်းများ၏ ပညာရှင်ဆန်မှုတို့အတွက် စိုးရိမ်ပူပန်မှုများ ရှိလာကြသည်။ တစ်ခုအရေးတကြီးဖော်ပြရန်ရှိသည်မှာ INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) ဝန်ထမ်းများသည်လည်း အရပ်သားဝန်ဆောင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခန့်အပ်ပြီး ဖြစ်သည်ဆိုသော အချက်ပင်ဖြစ်သည်။ ဇွန်လ ၂၀၀၅ ခုနှစ်တွင် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများသည် နိုင်ဂျီးရီးယား၏ ရွေးကောက်ပွဲများကို စီမံခန့်ခွဲရာတွင် ပညာရှင်ဆန်စေရန်နှင့် ၎င်း၏ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန်အတွက် ကော်မရှင်၏ အားစိုက်ထုတ်မှု တစ်စိတ်တစ်ဒေသအနေနှင့် တည်ထောင်ခဲ့သည်။ ထိုအဖွဲ့အစည်းသည် အဘူဂျာတွင် ဌာနချုပ်ရှိပြီး ရွေးကောက်ပွဲ စီမံခန့်ခွဲရေးတို့အတွက် ဒီပလိုမာနှင့် အောင်လက်မှတ်များ ထုတ်ပေးသော သင်ရိုးများ သင်ကြားပေးသည့် သင်ကြားရေးဌာနများလည်းရှိသည်။ ထိုဌာနများအနေနှင့် လည်း ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာ ပညာရှင်အသိုင်းအဝိုင်း တည်ထောင်ရာတွင် တစ်တပ်တစ်အား ပါဝင်ပေးခဲ့ပြီး ရွေးကောက်ပွဲကာလအတွင်း အထူးတာဝန်ထမ်းဆောင်ရန်အတွက် ဝန်ထမ်းများကို ထိုအသိုင်းအဝိုင်းအတွင်းမှ ခေါ်ယူခဲ့ရသည်။

ထိရောက်မှုရှိစေရန်အတွက်ကော်မရှင်၏ စီမံခန့်ခွဲရေးဆိုင်ရာ တည်ဆောက်မှုများသည် ၁၉၉၉ ခုနှစ်မှစကာ အကြိမ်ပေါင်းများစွာ ပြန်လည်တည်ဆောက်ပြီးဖြစ်သည်။ ခေတ်ကာလများ မတူသည့်အတွက်

ခေါင်းဆောင်မှုပိုင်းဆိုင်ရာ မူဝါဒတို့နှင့် ကိုက်ညီစေရန်ဖြစ်သည်။ ၁၉၉၉ တွင် စတင်တည်ထောင်ပြီး ကော်မရှင်အနေနှင့် အဖွဲ့သုံးဖွဲ့နှင့် ဌာနရှစ်ခုရှိသည်။[၃၃] အချို့သောနေရာများတွင် ခေါင်းဆောင်ပိုင်းဆိုင်ရာတို့က ချောမွေ့စေရန် ဌာနဆိုင်ရာတို့ကို ခြောက်ခု၊ ညွှန်ကြားရေးဌာနသုံးခုနှင့် အစီရင်ခံစာတင်ရန် လမ်းကြောင်းသုံးခုထားရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။[၃၄] ၂၀၀၃ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ၎င်းအား ဌာနအရေအတွက်ပိုများရန်နှင့် အစီရင်ခံစာတင်သော လမ်းကြောင်းပိုများများနှင့် တည်ဆောက်ရန်အတွက် ပြန်လည်ပြုပြင်ခဲ့သည်။ ဇူလိုင်လ ၂၀၁၀ ပြည့်နှစ်တွင် ကော်မရှင်၌ ခေါင်းဆောင်အပြောင်းအလဲဖြစ်သောအခါ ၎င်းတွင် ဌာန ၁၆ ခုရှိသွားပြီး နောက်ထပ်ဌာနလေးခုရှိသော ရွေးကောက်ပွဲအဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်လာသည်။[၃၅] ခေါင်းဆောင် အသစ်အောက်တွင် လတ်တလောဖြစ်သွားသော အသစ်ပြန်လည်တည်ဆောက်ခြင်း ဖြစ်ရပ်သည် ဖွန်လ ၂၀၁၀ တွင် ဖြစ်သွားသည်။ ထိုလုပ်ငန်းစဉ်သည် ဧပြီလ ၂၀၁၃ တွင် ဖြစ်ပွားခဲ့ပြီး ကော်မရှင်ဘက်မှ လက်တလောတွင် ဌာနပေါင်း ၂၀ နှင့် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းတွင် ဌာနသုံးခုရှိသည်။[၃၆]

## ကော်မရှင်၏ အာဏာနှင့် လုပ်ဆောင်ချက်များ

၁၉၉၉ ခုနှစ် အခြေခံဥပဒေက ကော်မရှင်ကို ရွေးကောက်ပွဲများအား အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအပိုင်းများအဖြစ် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် ခွဲခြားစီစဉ်ပေးရန်၊ နိုင်ငံရေးပါတီများ၏ လုပ်ဆောင်ပုံများအား စောင့်ကြည့်ပြီး စည်းကမ်းသတ်မှတ်ရန်၊ ပါတီဘဏ္ဍာများနှင့် မဲဆွယ်ခြင်းတို့ကို စောင့်ကြည့်ရန်၊ မဲပေးရန်အတွက် အရည်အသွေးပြည့်မီသူများ၏စာရင်းကို ဖန်တီးထိန်းသိမ်းခြင်း၊ အခြေခံဥပဒေအတွင်းတွင် ပြဋ္ဌာန်းထားသည့် နေရာအရေအတွက်နှင့်အညီ အမျိုးသားလွှတ်တော်အတွင်းတွင် ကိုယ်စားလှယ်ပြုတက်ရောက်နိုင်ရန်အတွက် မဲဆန္ဒနယ်များကိုကန့်သတ်ခြင်း၊ ၎င်း၏အာဏာကို RECs (အခြေကျနေထိုင်သော ရွေးကောက်ပွဲဆိုင်ရာ အရာရှိ) များထံသို့ လွှဲပေးခြင်းနှင့် ၎င်းအပေါ်တွင် စဉ်းစားထားသော အချက်များကို အမျိုးသားလွှတ်တော်၏ အက်ဥပဒေနှင့်အညီ ဆောင်ရွက်ရန်တို့ကို အမိန့်ချမှတ်ထားလေသည်။ ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေတွင် မဲဆန္ဒရှင်အသိပညာပေးရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းတို့ကို ဖောက်ဖျက်သူများအား အရေးယူခြင်းတို့ကို ထပ်မံပေါင်းထည့်ထားလေသည်။ ကော်မရှင်ဘက်မှလည်း ၎င်း၏ ဝန်ထမ်းများကို ကိုယ်တိုင်ခန့်အပ်ခွင့်နှင့် လမ်းညွှန်ချက်များနှင့် စည်းကမ်းများကို ရွေးကောက်ပွဲကျင်းပရာတွင် လမ်းညွှန်ပြသရန် ပြဋ္ဌာန်းခွင့်တို့ကို ရရှိထားလေသည်

## ရွေးကောက်ပွဲ ကော်မရှင်၏ လွတ်လပ်မှု

ကော်မရှင်၏ ခန့်အပ်မှုဆိုင်ရာ ပုံစံသည် ၎င်း၏လွတ်လပ်မှုအတွက် စိုးရိမ်စရာကိစ္စတစ်ခုအဖြစ် ကျန်ရှိနေဆဲ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော ၎င်းသည် ခန့်အပ်သော အာဏာပိုင်ပေါ်မူတည်ပြီး ဘက်လိုက်နိုင်သောကြောင့် ဖြစ်လေသည်။ ၁၉၉၉ခုနှစ် အခြေခံဥပဒေပြင်ဆင်ချက်သည် ကော်မရှင်၏ လွတ်လပ်ခွင့်အား ၎င်းအတွက် ဘဏ္ဍာငွေကြေးဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေးလိုက်ခြင်းဖြင့် အားကောင်းစေရန် မြှင့်တင်ပေးခဲ့လေသည်။ ၎င်းအား တိုင်းပြည်အခွန်ဘဏ္ဍာငွေထဲမှ ထောက်ပံ့ခြင်းဖြစ်ပြီး ၎င်းအနေနှင့် လုပ်ငန်းဆောင်ရွက်စရာ ရှိသည်တို့ကို ဗျူရိုကရေစီနည်းလမ်းအရ ဘတ်ဂျက်ငွေတောင်းခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေခြင်းလုပ်ငန်းစဉ်ပေါင်း မြောက်များစွာတို့ဖြင့် နှောင့်နှေးကြန့်ကြာမနေစေရန် သေချာစေလေသည်။

၎င်း၏ဘဏ္ဍာငွေပိုင်းဆိုင်ရာ လွတ်လပ်မှု၏နောက်ကွယ်တွင် အခြေခံဥပဒေသည်လည်း ကော်မရှင်၏ တာဝန်ထမ်းဆောင်သက် လုံခြုံရေးအတွက် RECs အဖွဲ့ဝင်များအား (လုပ်ငန်းခွင် စည်းကမ်း

ဖောက်ဖျက်မှုနှင့် ရုံးတာဝန်များကို ထမ်းဆောင်ရန်ပျက်ကွက်မှုများကိုအခြေခံပြီး) သမ္မတနှင့် ဆီးနိတ် အထက်လွှတ်တော်၏ သုံးပုံနှစ်ပုံ၏ ထောက်ခံချက်နှင့်သာလျှင် ဖယ်ရှားနိုင်ရန် ပြဋ္ဌာန်းထားလေသည်။

ပြင်ဆင်ချက်က ပြီးခဲ့သောရှေ့က ကော်မရှင်အဖွဲ့ဝင်များ၏ အရည်အသွေးပြည့်မီမှုကြောင့် မြင့်တက်လာသော စိုးရိမ်ပူးပန်မှုများကို ဖြေရှင်းပေးသည်။ ပြင်ဆင်ချက်မပြုလုပ်မီက ကော်မရှင်အဖွဲ့ဝင်များသည် အောက်လွှတ်တော်အဖွဲ့ဝင်များနှင့် တန်းတူသော အရည်အချင်းမျိုးရှိရန်လိုအပ်လေသည်။ ထိုအချက်ကို အဓိပ္ပာယ်ဖွင့်ပါက ၎င်းကိုလည်းနိုင်ငံရေးပါတီဝင်များဖြစ်ရန် မျှော်မှန်းထားသည်ဟူသော အဓိပ္ပာယ်မျိုးဖြစ်သည်။ အခြေခံဥပဒေအား ပြင်ဆင်ချက်သည် ကော်မရှင်အတွင်းခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်သည် နိုင်ငံရေးပါတီဝင်ဖြစ်စရာမလိုဟူသော အချက်ကို ရှင်းရှင်းလင်းလင်းပြသသွားလေသည်။

ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေသည် ကော်မရှင်အား မအပ်စပ်သော အုပ်ချုပ်ရေးမဏ္ဍိုင်၏ လွှမ်းမိုးမှုများ မခံရစေရန် အလို့ငှာ RECs (အခြေကျနေထိုင်သော ရွေးကောက်ပွဲဆိုင်ရာအရာရှိ) များကို ကော်မရှင်အတွက် တာဝန်ခံထားစေပြီး ကော်မရှင်အား ၎င်း၏ဝန်ထမ်းနှင့် အတွင်းရေးမှူးအား ခန့်အပ်စည်းကမ်းကြပ်မတ်စေရန်အတွက် အာဏာပေးထားလေသည်။

## နိုင်ငံရေးပါတီများ ၊ CSOs (အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ)၊ မီဒီယာနှင့် အခြားသောအစိုးရ ကိုယ်စားလှယ်အေဂျင်စီများနှင့် ဆက်ဆံရေး

နိုင်ဂျီးရီးယားတွင် ရွေးကောက်ပွဲလုပ်ခြင်းသည် ရင်းနှီးမြှုပ်နှံသူအားလုံးနှင့် အစိုးရကိုယ်စားလှယ်အဖွဲ့အစည်းများ အားလုံး၏ အားစိုက်ထုတ်မှုလိုအပ်သော ကြီးမားလှသည့် တာဝန်တစ်မျိုးဖြစ်သည်။ တိုင်းပြည်၏ ရှည်လျားလှသောအလိမ်အညာနှင့် အကြမ်းဖက်မှုတို့ ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲများကို ထည့်သွင်းစဉ်းစားလျှင် လုံခြုံရေးအေဂျင်စီများသည် ရွေးကောက်ပွဲလုပ်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ စတင်တည်ထောင်ချိန်မှစကာ ကော်မရှင်ဘက်မှ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့၏ လုံခြုံရေးအတွက် အာမခံနိုင်ရန် ရဲ၊ လက်နက်ကိုင် တပ်ဖွဲ့တို့နှင့် နီးနီးကပ်ကပ်တွဲကာ အလုပ်လုပ်ခဲ့ရသည်။ စစ်တမ်းအနေနှင့်လည်း ၎င်းမဲပေးရာ နေရာများသို့ တာဝန်မကျသောအခါ၊ ရွေးကောက်ပွဲကာလအတွင်း နှစ်နယ်ထိစပ်နေသော နယ်စပ်များကို စောင့်ကြည့်ရသော နေရာကဏ္ဍကို တာဝန်ယူလေသည်။ ရေတပ်နှင့် လေတပ်တို့ကလည်း ရွေးကောက်ပွဲတွင်အသုံးပြုမည့် ပစ္စည်းများကို ခက်ခဲသောနယ်မြေများတွင် ဖြန့်ဝေပေးခြင်းခြင်းဖြင့် အထောက်အပံ့ပေးလေသည်။

ကိုယ်စားလှယ် အေဂျင်စီများအား ရွေးကောက်ပွဲ လုံခြုံရေးအတွက် တိုင်ပင်ဆွေးနွေးပေးသော ကော်မတီများကို ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲများအတွင်း လုံခြုံရေးစောင့်ကြည့်ရေးတွင် ပါဝင်သော မတူညီသည့် လုံခြုံရေးအေဂျင်စီများ၏ အားထုတ်မှုများကိုပူးပေါင်းရန်အတွက် တည်ထောင်ခဲ့လေသည်။ ထိုအချက်များသည် ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲအောင်မြင်စေခဲ့ခြင်းနှင့် တိုင်းပြည်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သောရွေးကောက်ပွဲအပြီး ဖြစ်ပွားသည့် အကြမ်းဖက်မှုများကိုလည်း ထိန်းသိမ်းရာရောက်စေခဲ့သည်။[၁၇]

ရွေးကောက်ပွဲကာလအတွင်းတွင် INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်) သည် နိုင်ငံရေးပါတီများ နှင့် အရပ်ဖက်ဆိုင်ရာလူမှု အဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြင်ဆင်မှုများကို အသစ်ထပ်မံပြောကြားသိရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံရေးပါတီများနှင့် INEC ၏ ဆက်ဆံရေးသည် အမြဲတမ်းလိုလို အဆင်ပြေချောမွေ့ခဲ့သည် မဟုတ်ပေ။ မယုံကြည်မှုများလည်း ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ပြီး ကော်မရှင်အနေနှင့်လည်း လွတ်လပ်သည်ဟု သတ်မှတ်

ခြင်း မခံခဲ့ရပေ။ မည်သို့ပင်ဆိုစေကာမူ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွင် ကော်မရှင်၏ အသစ်ပြောင်းလဲသွားသော ခေါင်းဆောင်မှုက ကော်မရှင်၏ လုပ်ဆောင်မှုများတွင် ပွင့်လင်းမြင်သာမှုရှိစေခြင်းအတွက် အားစိုက်ထုတ်မှုကို မြင့်တက်စေခဲ့သည်။ နိုင်ငံရေးပါတီ ငါးဆယ့်နှစ်ခုလုံးက ရွေးကောက်ပွဲမတိုင်မီတွင် လိုက်နာရမည့် စည်းကမ်းများကို လက်မှတ်ရေးထိုးထားရပြီး ကော်မရှင်ကလည်း ရင်းနှီးမြှုပ်နှံသူတို့အပေါ်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား သန့်ရှင်းမှုရှိစေရန် စည်းကမ်းဖောက်ဖျက်သူများနှင့် ရွေးကောက်ပွဲဆိုင်ရာ ကိုယ်စားလှယ်တို့အားအရေးယူခြင်းတို့ လုပ်ပေးပါမည်ဟူသော ကတိကို အာမခံထားရလေသည်။[၁၈] လက်ရှိကော်မရှင်အနေနှင့်လည်း ပြည်သူလူထု၏ယုံကြည်မှုကို မြင့်မြင့်မားမားခံစားလျက်ရှိသည်။ အထောက်အထားအနေနှင့်လည်း ၂၀၁၁ခုနှစ် ရွေးကောက်ပွဲ ရလဒ်များကိုလက်ခံကြလေသည်။

၂၀၁၁ ခုနှစ် ရွေးကောက်ပွဲ အောင်မြင်ရခြင်းသည် လက်ရှိကော်မရှင်၏ ပွင့်လင်းမှုနှင့် ပွင့်လင်းမြင်သာ ရှိမှုတို့ကြောင့်ဖြစ်သည်။ပွင့်လင်းမြင်သာမှု၏ အခန်းကဏ္ဍသည် အချို့နေရာများတွင် ဆန္ဒမဲကောက်ခံမှုများ ပြုလုပ်ပြီးနောက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို တစ်ပတ်နောက်ဆုတ်ရန် ဆုံးဖြတ်လိုက်ချိန်တွင် ဖြစ်သည်။ ထိုဆုံးဖြတ်ချက်ကြောင့် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းမရှိပါ၊ အဘယ်ကြောင့်ဆိုသော် ရင်းနှီးမြှုပ်နှံသူများအနေနှင့်လည်း ကော်မရှင်ကိုယုံကြည်သောကြောင့်ဖြစ်ပြီး ရွှေ့ပြောင်းရေးဆိုင်ရာ စိန်ခေါ်မှုများအကြောင်းကိုလည်း သိပြီးသားဖြစ်သောကြောင့်ဖြစ်သည်။ ပါတီ အကြားအကြံပေးရေးကောင်စီကိုလည်း တည်ထောင်လိုက်ပြီး ထိုအချက်ကိုပင်ကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား အပြန်အလှန်ဆွေးနွေးမှုအဖြစ် အဆင့်မြှင့်တင်လိုက်ကြသည်။

ကော်မရှင်နှင့် မီဒီယာ၏ဆက်ဆံရေးသည်လည်း ဆက်ဆံရေးဆိုင်ရာအတွက် အရေးကြီးသော နောက်ထပ် ရှုထောင့်တစ်ခုပင်ဖြစ်သည်။ မီဒီယာအားစည်းကမ်းတင်းကြပ်ရေး တာဝန်သည် နိုင်ဂျီးရီးယားနိုင်ငံရုပ်သံလွှင့်ဌာနအစည်းအရုံး (BON) မှ တာဝန်ယူထားရသည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ ဥပဒေ၏ ပုဒ်မ (၁၀၀) တွင် ရွေးကောက်ပွဲကာလအတွင်း ကိုယ်စားလှယ်လောင်းများ၏ မီဒီယာဖော်ပြခံမှုနှင့် ပတ်သက်ပြီး ညွှန်းဆိုဖော်ပြထားသည်။ BON (နိုင်ဂျီးရီးယားနိုင်ငံရုပ်သံ လွှင့်ဌာန အစည်းအရုံး) နှင့် INEC (လွတ်လပ်သောနိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) က မီဒီယာဘက်မှ ရုပ်သံထုတ်လွှင့်ပုံ အကြမ်းဖျဉ်းနှင့် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းများနှင့် မီဒီယာဘက်မှကိုက်ညီခြင်းရှိကြောင်းကို အတူတကွယှဉ်တွဲ၍ လုပ်ဆောင်ရမည်ဖြစ်သည်။

ကော်မရှင်ဘက်မှလည်း ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွင်း အထူးဝန်ထမ်းများ ငှားရမ်းရန်နှင့် လူငယ်တပ်ဖွဲ့ဝင်များအား စုဆောင်းရန်အတွက် အမျိုးသားလူငယ်ဝန်ဆောင်မှုတပ်ရင်းနှင့်တွဲပြီး အလုပ်လုပ်လေ့ရှိသည်။

နိုင်ငံတကာအလှူရှင် ကိုယ်စားလှယ်အဖွဲ့အစည်းများနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့ပေးရေး အုပ်စုများမှလည်း နိုင်ဂျီးရီးယားနိုင်ငံတွင် ရွေးကောက်ပွဲ ကျင်းပရာ၌ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လေသည်။ INEC သည်လည်း ထို့ကြောင့်ပင် ထိုအုပ်စုများနှင့် ရေရှည်လက်တွဲလာသော ဆက်ဆံရေးရှိသည်။ နှစ်ပေါင်းများစွာပင် IFES နှင့် UNDP တို့က ကော်မရှင်တွင် ကျွမ်းကျင်လုပ်သားများ ပါဝင်လုပ်ကိုင်နိုင်ရန်အတွက်လည်း စုဆောင်းရာတွင် ပါဝင်လျက်ရှိသည်။ အလှူရှင်ကိုယ်စားလှယ် အဖွဲ့အစည်းများကလည်း လူသူအင်အားအထောက်အပံ့စုစည်းရန်လိုအပ်သော ရွေးကောက်ပွဲ၏ အချို့သောကိစ္စများအတွက် ဘဏ္ဍာငွေထောက်ပံ့ရန်အတွက် ကော်မရှင်နှင့် ချိတ်ဆက်လျက်ရှိသည်။

## INEC ဘဏ္ဍာငွေထောက်ပံ့ရေး

INEC သည်လည်း ပြည်ထောင်စုဆိုင်ရာ စာရင်းထဲမှ တိုက်ရိုက်ဘဏ္ဍာငွေရနေခြင်းဖြစ်သည်။ INEC ၁၉၉၉ ခုနှစ် အခြေခံဥပဒေ ပြင်ဆင်ချက်မပြုမီတွင် ထိုကဲ့သို့သော ကိစ္စမျိုးဖြစ်လေ့ဖြစ်ထ မရှိပါ။ ၎င်းအနေနှင့်လည်း ၎င်း၏ ဘတ်ဂျက်ငွေကို အမျိုးသားလွှတ်တော်မှ ထောက်ခံချက်ရရန်အတွက် အဆို တင်သွင်းခြင်းပြုရလေပြီး ဗျူရိုကရေစီယန္တရားအတိုင်း ဘဏ္ဍာငွေခွဲဝေပေးမှုကို စောင့်ရလေသည်။ ၁၉၉၉၊ ၂၀၀၃ နှင့် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲကျင်းပရန်အတွက် ဘဏ္ဍာငွေများခွဲဝေမှုသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွင်း အင်မတန်ကြီးမားလှသော နှောင့်နှေးမှုများကို ဖြစ်စေသော အဓိက စိန်ခေါ်မှုကြီးများ ဖြစ်ခဲ့သည်။ ဥပမာအားဖြင့် မဲဆန္ဒရှင်စာရင်းကောက်ခံခြင်းသည် ၂၀၀၃ နှင့် ၂၀၀၇ တွက် ဘဏ္ဍာငွေဖြန့်ဝေမှု နှောင့်နှေးခြင်းကြောင့် ကြန့်ကြာခဲ့ရသည်။

ကော်မရှင်အား တိုင်းပြည်အခွန်ဘဏ္ဍာငွေထဲမှ တိုက်ရိုက်ဘဏ္ဍာငွေထောက်ပံ့သော လက်ရှိ စနစ်အောက်တွင် ကော်မရှင်က ထောက်ခံချက်ရယူရန်အတွက် ၎င်း၏ဘတ်ဂျက်ငွေကို ပြင်ဆင်နိုင်သည်။ ပြီးနောက်တွင် ၎င်းကိုကော်မရှင်သို့ လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင် ဘဏ္ဍာငွေထောက်ပံ့ရေးမှ (INEC fund) တိုက်ရိုက်ဖြန့်ဝေပေးအပ်ခြင်းပြုလုပ်လေသည်။ ၎င်းသည် ၂၀၀၆ နှင့် ၂၀၁၀ ရွေးကောက်ပွဲ ဆိုင်ရာ အက်ဥပဒေများတွင် မိတ်ဆက်ခဲ့ပြီးဖြစ်သည်။ ထိုကဲ့သို့ ဘဏ္ဍာငွေကို တည်ထောင်ခြင်းသည် ကော်မရှင်အား ၎င်း၏ဘဏ္ဍာငွေ ဖြန့်ဝေပေးအပ်မှုကို တိုက်ရိုက် စီမံခန့်ခွဲနိုင်စေလေသည်။

## INEC ၏ တာဝန်ခံနိုင်မှု

အမျိုးသားလွှတ်တော်သည် ကော်မရှင်အား ၎င်း၏ လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လုပ် ရည်ကိုင်ရည်ကို အကဲဖြတ်ကြည့်ရှုရန်အတွက် စောင့်ကြည့်ရသော တာဝန်ရှိသည်။ ကော်မရှင်နှင့် အမျိုး သားလွှတ်တော် ကော်မတီတို့အကြားတွင် မဖြစ်မနေ တာဝန်အရလုပ်ရသော အစီရင်ခံစာတင်မှုဆိုင်ရာ ဆက်နွယ်ခြင်းမရှိသော်လည်း လိုအပ်လာပါက ထိုကော်မတီများသို့ အစီရင်ခံစာ တင်ရလေသည်။ ပြည်သူအတွက် တာဝန်ခံမှုပိုင်းဆိုင်ရာလုပ်ငန်းစဉ် တစ်စိတ်တစ်ဒေသအနေနှင့် ကော်မရှင်သည်လည်း ၎င်း၏ လုပ်ဆောင်ချက်များကို ပြည်သူလူထုအား အချိန်နှင့်တပြေးညီ အစီရင်ခံစာ တင်ရလေသည်။

ဘဏ္ဍာရေးပိုင်းဆိုင်ရာ တာဝန်ယူမှုအနေနှင့် ကော်မရှင်၏ ဘတ်ဂျက်သည် သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကော်မတီအား တင်ပြရလေသည်။ နှစ်ကုန်သောအခါ အထွေထွေစာရင်းစစ်ရုံးထံသို့ အစီရင်ခံစာတင်ရန် အမိန့်ချမှတ်ထားသည်။[၁၉] ရွေးကောက်ပွဲတွင်အသုံးပြုသော ပစ္စည်းများကိုထုတ်ယူရာ တွင် စစ်ဆေးကြည့်ရှု ရာဖြတ် ထောက်လှမ်းရေး ဗျူရိုယူနစ် (BMPIU) မှတစ်ဆင့် လိုအပ်သော အချက် အလက်များနှင့် ကိုက်ညီအောင်လုပ်ရလေသည်။[၂၀]

## ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေး စီမံခန့်ခွဲရေးတွင် INEC

INEC ဘက်မှ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲရေးကိစ္စများတွင် တစ်နိုင်ငံလုံး အတိုင်းအတာ ရှင်းလင်းတင်ပြမှုများ၌ အင်မတန်မှ ပွင့်ပွင့်လင်းလင်းရှိလှပေသည်။ တစ်ခုဖော်ပြရန်ကျန် သည်မှာ ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူကြမ်းသည် ကော်မရှင်မှရေးဆွဲခြင်းဖြစ်ပြီး အမျိုးသား လွှတ်တော်သို့ တင်သွင်းလိုက်ခြင်းဖြစ်ကာ နောက်ပိုင်းတွင် ထိုရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေကို ၂၀၀၆ ခုနှစ်တွင် အတည်ပြုပေးခဲ့သည်။ ထိုနည်းစနစ်သည် ကြိုတင်ပြဋ္ဌာန်းထားသော လုပ်ကိုင်ပုံတို့နှင့်

အညီတင်သွင်းခြင်း မဟုတ်သောကြောင့် ဝေဖန်ခြင်းများကို ခံခဲ့ရသည်။[၂၁] ကော်မရှင် ဘက်မှလည်း ရွေး ကောက်ပွဲအပြီးတွင် ပြန်လည်ပြုပြင်ရန်အတွက် သတ်မှတ်ထားသည်တို့ကို ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်း စဉ်များ လုပ်ဆောင်လေသည်။

## အခွင့်အလမ်းများနှင့် တားမြစ်ချက်များ

ပြီးခဲ့သောနှစ်များအတွင်းတွင် ကောမရှင်၏ တာဝန်ထမ်းဆောင်သက်နှင့် တည်ငြိမ်မှုသည် စိန်ခေါ်ခံခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော INEC (လွတ်လပ်သော နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်) ၏ ဥက္ကဋ္ဌတိုင်းသည် ရွေးကောက်ပွဲတစ်ပွဲသာလျှင် လုပ်ခဲ့ဖူးသောကြောင့်ဖြစ်သည်။ မည်သို့ ပင်ဆိုစေကာမူ၊ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွင် ကော်မရှင် တာဝန်ကျသောအချိန်သည် ကော်မရှင်ကို ရွေးကောက်ပွဲနှစ်ခုကျင်းပနိုင်ရန်အတွက် အခွင့်အလမ်းပေးလိုက်သောကြောင့် ဆက်လက် လုပ်ဆောင် နိုင်ရန်အတွက် အခွင့်အလမ်းရှိသွားလေသည်။ ထိုအရာသည် ကော်မရှင်၏သမိုင်းတွင် ပထမဆုံးပင် ဖြစ်လိမ့်မည်ထင်သည်။ တစ်ခုမှတ်သားထားရန်လိုသည်မှာလည်း အချို့သော နိုင်ငံသား ကော်မရှင်အရာရှိ များ၏ တာဝန်ထမ်းဆောင်သက်ကို အသစ်တိုးပေးခြင်း၊ RECs (အခြေကျ နေထိုင်သော ရွေးကောက်ပွဲ ဆိုင်ရာအရာရှိ) များခန့်အပ်ခြင်းနှင့် နိုင်ငံသားကော်မရှင် အရာရှိများခန့်အပ်ခြင်း၊ တည်ငြိမ်မှု အတွက် အခွင့်အလမ်းနှင့် မူဝါဒပိုင်းဆိုင်ရာ ဆက်လက်လည်ပတ်ခြင်းကိုလည်း ဖြစ်ပေါ်စေသည်။

ကော်မရှင်၏လူအင်အားပမာဏ များပြားခြင်းသည်လည်း အခွင့်အလမ်းဖြစ်နိုင်သကဲ့သို့ အတား အဆီး အပိတ်အဆို့လည်း ဖြစ်နိုင်သည်။ ကော်မရှင်အနေနှင့်လည်း နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲများ ပြုလုပ်ရန်အတွက် အထူးခန့်အပ်ထားသော ဝန်ထမ်းများကို မှီခိုရင်း ပုံသေတာဝန်ထမ်းဆောင်သော ဝန်ထမ်းများ ခန့်အပ်နိုင်သော်လည်း ထိုမျှလောက်များပြားသော ဝန်ထမ်းများသည် လက်ရှိလိုအပ်သော ကြီးကြပ်ရေးတာဝန်အရ အတားအဆီးအပိတ်အဆို့ပင် ဖြစ်နေသည်ဟု သတ်မှတ်နိုင်သည်။ ထိရောက် သော ခေတ်မီစီမံခန့်ခွဲရေး အဆောက်အဦးမရှိသောကြောင့် ဝန်ထမ်းအများကြီးရှိသော်လည်း အလုပ် မတွင် ဖြစ်တတ်သည်။

ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း၏ တည်ထောင်မှုနှင့် အပြည်ပြည်ဆိုင်ရာ IDEA (အပြည် ပြည်ဆိုင်ရာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့အသင်း) UNDP (ကုလသမဂ္ဂ၏ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းများ) နှင့် IFES (ရွေးကောက်ပွဲစနစ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း) ကဲ့သို့သော နည်းပညာပိုင်းဆိုင်ရာ လက်တွဲဖော်များ၏ အထောက်အပံ့သည် ကော်မရှင်အား ပညာရှင် ဆန်စေခြင်းနှင့် ၎င်းဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်ကို တိုးတက်စေခြင်း၊ ဥပမာအားဖြင့် BRIDGE (ဒီမို ကရေစီတွင်း၊ အစိုးရအောက်နှင့် ရွေးကောက်ပွဲအတွင်း အရင်းအမြစ်များတည်ဆောက်ခြင်း) လေ့ကျင့်ရေး များမှတစ်ဆင့် တို့မှတစ်ဆင့် အခွင့်အလမ်းကို ဖန်တီးပေးလေသည်။ လက်ရှိအချိန်တွင် ကော်မရှင်မှရနေ သော မြင့်မားသည့် ယုံကြည်မှုသည်လည်း ၎င်းအား အနာဂတ်တွင်ယုံကြည်မှုနှင့် ပွင့်လင်းမြင်သာမှု တို့ရှိသော ရွေးကောက်ပွဲများအား စီမံကိန်းဆွဲနိုင်ရန်အတွက် အခွင့်အလမ်းကို ဖန်တီးပေးလေသည်။

## မှတ်သားရန်များ

၁။ အနောက်အာဖရိက၏ ရွေးကောက်ပွဲစီမံခန့်ခွဲမှု အကြောင်းကို “Jinadu, Adele, ‘Nigeria’, in Ismaila M. Fall, Mathias Hounkpe, Adele L. Jinadu and Pascal Kambele (eds), Election Management Bodies in West Africa (OSIWA, 2011). တွင် လေ့လာနိုင်သည်။

၂။ ဤအကြောင်းအရာအသေးစိတ်ကို “Ibrahim, Jibrin and Garuba, D. Governance and Institution-Building in Nigeria: A Study of the Independent National Electoral Commission (Abuja: Center for Democracy and Development, 2008), စာမျက်နှာ ၂၇။” တွင် ဖတ်ရှုလေ့လာနိုင်သည်။
Ibrahim, Jibrin နှင့် Garuba တို့ရေးသားသော နိုင်ဂျီးရီးယားနိုင်ငံ၏ အုပ်ချုပ်မှုနှင့် အင်စတီကျူးရှင်း တည်ဆောက်ခြင်း ‘လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင်ကို လေ့လာခြင်း’ (Abuja: Center for Democracy and Development၊ ၂၀၀၈)၊ စာမျက်နှာ ၂၇။

၃။ ၁၉၉၉ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အပိုဒ် (၁၉၇)။

၄။ ၁၉၉၉ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ တတိယပိုင်း (အပိုဒ် ၁၅၃)။

၅။ ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၀။

၆။ Jinadu ၂၀၁၁၊ စာမျက်နှာ ၁၅၃။

၇။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (ပထမအကြိမ် ပြောင်းလဲခြင်း) ၂၀၁၀။

၈။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (ဒုတိယအကြိမ် ပြောင်းလဲခြင်း) ၂၀၁၀။

၉။ Guobadia နှင့် Abel I. တို့ရေးသားသော ‘နိုင်ဂျီးရီးယားနိုင်ငံ၏ ရွေးကောက်ပွဲအင်ပါယာအတွက် သုံးသပ်ချက်များ’ (Benin City: Mindex Publishing Co, ၂၀၀၉)။

၁၀။ ရွေးကောက်ပွဲဥပဒေ ၂၀၀၆ ခုနှစ်၏ အပိုင်း (၇) နှင့် ရွေးကောက်ပွဲဥပဒေ ၂၀၁၀ ခုနှစ်၏ အပိုင်း (၆) တို့သည် RECs (ဒေသဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အရာရှိများ) ၏လက်ဝယ်ထားရှိပိုင်ခွင့်နှင့် ကော်မရှင်နှင့် RECs (ဒေသဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အရာရှိများ) အကြား ထိန်းချုပ်ဆက်ကြိုးတို့ကို ထောက်ပံ့ပေးသည်။

၁၁။ ကော်မရှင်အရာရှိများနှင့် အကြီးတန်း ကော်မရှင် ဝန်ထမ်းများကို တွေ့ဆုံမေးမြန်းခြင်း၊ ဩဂုတ်လ (၁-၁၆) ရက်၊ ၂၀၁၀ နှင့် ဇွန်လ ၂၈ ရက်၊ ၂၀၁၄ ခုနှစ်၊ Abuja။

၁၂။ Jega နှင့် Attahiru တို့ရေးသားသော “နိုင်ဂျီးရီးယားနိုင်ငံ၏ ရွေးကောက်ပွဲများတိုးတက်လာခြင်း: ၂၀၁၁ ခုနှစ်အတွေ့အကြုံများနှင့် ၂၀၁၅ ခုနှစ်သို့ လှမ်းမျှော်ကြည့်ခြင်း” (London: Chatham House, ၂၀၁၂)။

၁၃။ လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင် [INEC], ပြုလုပ်ဆောင်ရွက်ချက်များအတွက် အစီရင်ခံစာ၊ ဩဂုတ်လ ၁၉၉၈- ဒီဇင်ဘာလ ၁၉၉၉ (Abuja: INEC, ၁၉၉၉)။

၁၄။ လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင် [INEC], ပြုလုပ်ဆောင်ရွက်ချက်များအတွက် အစီရင်ခံစာ၊ ၂၀၀၀-၂၀၀၃ (Abuja: INEC, ၂၀၀၃)၊ စာမျက်နှာ ၃၅-၃၉။

၁၅။ ကော်မရှင်အရာရှိများနှင့် အကြီးတန်း ကော်မရှင် ဝန်ထမ်းများကို တွေ့ဆုံမေးမြန်းခြင်း။

၁၆။ ရွေးကောက်ပွဲ အင်စတီကျုနှင့် ကော်မရှင်၏ အကြီးတန်း ဝန်ထမ်းများကို တွေ့ဆုံမေးမြန်းခြင်း။ အသေးစိတ်ကို ဤတွင်ကြည့်ရှုပါ။
<http://www.inecnigeria.org/wp-content/uploads/2013/09/INDEPENDENT-NATIONAL-ELECTORAL-COMMISSION-LIST-OF-DIRECTORS11.pdf>

၁၇။ Jega၊ ၂၀၁၂။
၁၈။ International Crisis Group [ICG]၊ နိုင်ဂျီးရီးယားနိုင်ငံ၏ ၂၀၁၁ ခုနှစ်ရွေးကောက်ပွဲအတွေ့အကြုံများ၊ မူဝါဒ အနှစ်ချုပ် စာစဉ် ၈၁ (ICG၊ ၂၀၁၁)၊ စာမျက်နှာ ၂။ Jega၊ စာမျက်နှာ ၆။
၁၉။ ၂၀၁၀ ရွေးကောက်ပွဲ ဥပဒေ ပြင်ဆင်ထားသည့်အတိုင်း အပိုင်း ၃-၅။
၂၀။ Jinadu ၂၀၁၁၊ စာမျက်နှာ ၁၃၄။
၂၁။ ၂၀၀၄ခုနှစ် ရွေးကောက်ပွဲဥပဒေကြမ်းတွင် ပုဂ္ဂလိက အဖွဲ့ဝင်ဥပဒေကြမ်း သို့မဟုတ် အခွင့်အာဏာရှိသူ ဥပဒေကြမ်းတို့ မပါဝင်ပါ။

## ကျမ်းကိုးများ

*Africa Programme Meeting Summary* (London: Chatham House, 2012)

Commonwealth Secretariat, *Report of the Commonwealth Observer Group on the Nigeria National Assembly and Presidential Elections,* 2011

Constitution of the Federal Republic of Nigeria (first alternation) Act 2010

Constitution of the Federal Republic of Nigeria (second alteration) Act 2010

Constitution of the Federal Republic of Nigeria 1999

Electoral (amendment) Act 2010

Electoral Act 2010

Electoral Act 2006

Guobadia, Abel I., *Reflections of a Nigerian Electoral Umpire.* (Benin City: Mindex Publishing Co., 2009)

Ibrahim, Jibrin and Garuba, D., *Governance and Institution-Building in Nigeria: A Study of the Independent National Electoral Commission* (Abuja: Center for Democracy and Development, 2008), p. 27

Independent National Electoral Commission (INEC), *Report of Activities, August 1998–December 1999* (Abuja: INEC, 2003)

Independent National Electoral Commission, *Report of Activities 2000–2003* (Abuja: INEC, 2003)

International Crisis Group, *Lessons from Nigeria's 2011 Elections*, Policy Brief No. 81, 2011

Jega, Attahiru, 'Improving Elections in Nigeria: Lessons from 2011 and Looking to 2015', Africa Programme Meeting Summary, 4 July 2012, Chatham House London Jinadu Adele, 'Nigeria' in Ismaila M. Fall, Mathias Hounkpe, Adele L. Jinadu and Pascal Kambele, *Election Management Bodies in West Africa* (OSIWA, 2011)

ဖြစ်ရပ်များကိုလေ့လာခြင်း

# နော်ဝေး : အစိုးရဖွဲ့စည်းသော၊ ဗဟိုပြုခြင်းကင်းပြီး ယုံကြည်ရခြင်း

Kåre Vollan

နော်ဝေးနိုင်ငံတွင် စုစည်းထားသော EMB မရှိပါ။ ရွေးကောက်ပွဲအတွက် စီမံခန့်ခွဲရေးနှင့် ဥပဒေပြုရေးတာဝန်များမှာ ခွဲဝေထားခြင်းဖြစ်ပြီး နိုင်ငံလုံးဆိုင်ရာအဆင့်မှ မြို့နယ်အဆင့်ထိ ဗဟိုပြုခြင်းကင်းသော ပုံစံနှင့် ဗဟိုပြုပုံစံအထိ ဌာနအချင်းချင်းကြား ခွဲဝေခြင်းဖြစ်သည်။ ဗဟိုပြုဌာနတစ်ခုရှိကာ မြို့နယ်ဆိုင်ရာဌာနများမှ ၎င်းတို့ဆိုင်ရာ အာဏာများကိုယူထားသော တစ်ခုတည်းစုစည်းထားသော အဖွဲ့အစည်းတည်ဆောက်မှုပုံသဏ္ဍာန်မှာ မရှိပါ။ ဗဟိုပြုအဆင့်တွင် မြို့နယ်အစိုးရဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးရေး (ယခုနေရာမှစပြီး ဝန်ကြီးဌာနဟုသာ သုံးစွဲတော့မည်) တို့က EMB ၏ အဓိက တာဝန်များကို ဖြည့်ဆည်းပေးကြသည်။ မည်သို့ပင်ဆိုစေကာမူ အတိုင်းအတာကန့်သတ်ထားသော အာဏာရှိသည့် အမျိုးသားရွေးကောက်ပွဲ ဘုတ်အဖွဲ့ (Riksvalgstyret, NEB) ရှိသေးလေသည်။ နောက်ဆုံးအတည်ပြု ထောက်ခံရာတွင် နောက်ဆုံးဆုံးဖြတ်ချက်ချရသူမှာ လွှတ်တော်ဖြစ်ပြီး ၎င်း၏ကိုယ်တိုင်ရွေးချယ်ထားသော အဖွဲ့ဝင်များ၏ ရွေးကောက်ခံထားရမှုကို အတည်ပြုပေးခြင်းဖြစ်သည်။

NEB (အမျိုးသားရွေးကောက်ပွဲဘုတ်အဖွဲ့) နှင့် လွှတ်တော်သည် လွှတ်တော်ရွေးကောက်ပွဲများတွင်သာ ရာထူးအာဏာရှိကြလေသည်။ မြို့နယ်အဆင့် ရွေးကောက်ပွဲများကို စီမံခန့်ခွဲသူများမှာ မြို့နယ်အာဏာပိုင်များဖြစ်ပြီး အထူးကြီးကြပ်မှုအောက်နှင့် ဝန်ကြီးဌာန၏ အချို့အဝက်လမ်းညွှန်ချက်အောက်တွင် လုပ်ရခြင်းဖြစ်သည်။ နော်ဝေးရှိ ရွေးကောက်ပွဲများ ရွေးကောက်ပွဲများသည် စီမံခန့်ခွဲရေးသုံးဆင့်ကို ခွဲခြားစုစည်းရန်အတွက် ပြုလုပ်ခြင်းဖြစ်သည်

- လွှတ်တော် (Stortinget) နိုင်ငံအဆင့်
- ၁၉ပြည်ထောင် အစည်းအရုံး (fylkesting) နှင့်
- ၄၂၈ မြူနီစီပယ်ကောင်စီ (kommunestyrer)

မြို့တော်ဖြစ်သော အော်စလိုမြို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်လည်း ရသလို ကိုယ်ပိုင်အစိုးရလည်းရှိသည်။ ပြီးနောက်တွင် မြို့နယ်ကောင်စီက နှစ်ဆင့်လုံးရှိ အာဏာကိုယူလေသည်။ (ထိုလွှတ်တော် (Sametinget) အတွက် ရွေးကောက်ပွဲသည်ပင် ၁၉၈၇ ခုနှစ် ဥပဒေ (Sameloven) အရ ဒေသခံ တိုင်းရင်းသားများမှ ရွေးကောက်သော ကိုယ်စားပြုလွှတ်တော်ဖြစ်ကာ ယခုလေ့လာမှုနှင့် မသက်ဆိုင်ပေ)

လွှတ်တော်ကိုယ်စားလှယ် ၁၆၉ ဦး တွင် ၁၅၀ မှာ PR စနစ်အရ စီရင်စုကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်သည်။ ကျန် ၁၉ ဦး မှာ တစ်နိုင်ငံလုံးအတိုင်းအတာ အချိုးအစား

ရလဒ်ထွက်လာသောအခါ သွေဖည်ခြင်းများရှိလာပါက အစားထိုးဖြည့်စွက်ပေးနိုင်ရန်အတွက် အထူးနေရာသဘောမျိုးနှင့် ဖြည့်စွက်ရွေးကောက်ထားခြင်းဖြစ်သည်။ ရွေးကောက်ထားသော လွှတ်တော်အားလုံးအတွက် တာဝန်ထမ်းဆောင်သက်မှာ လေးနှစ်ဖြစ်သည်။ ရုံးဌာနများ၏ကာလမှာ ပုံသေသတ်မှတ်ထားခြင်းမရှိပေ။ စီရင်စုများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် ရွေးကောက်ပွဲများမှာ လွှတ်တော်ရွေးကောက်ပွဲအပြီး နှစ်နှစ်အကြာတွင် ဆက်တိုက်ဆိုသလို ကျင်းပခြင်းဖြစ်သည်။ မည်သည့်ဌာနကိုမှ ဖျက်သိမ်းခွင့်မပိုင်ချေ။ အစားထိုး ရွေးကောက်ခြင်းလည်းပြုလုပ်၍ မရနိုင်ချေ။ ထို့ကြောင့် ရွေးကောက်ပွဲများကို ရေးကနဦးကတည်းက ကြိုတင်ကာ အစီအစဉ်ရေးဆွဲထားရလေသည်။

## နောက်ခံအကြောင်းအရာ

နော်ဝေးနိုင်ငံတွင် ၁၈၁၄ ခုနှစ်ကတည်းက ရွေးကောက်ခံလွှတ်တော်ရှိခြင်းဖြစ်သည်။ ၎င်းကို ၁၉၀၆ ခုနှစ်ကတည်းက မဲဆန္ဒရှင်များက တိုက်ရိုက်ရွေးကောက်ခြင်းဖြစ်သည်။ ယောက်ျားများအားလုံးအတွက် မဲပေးခွင့်သည် ၁၈၉၈ မှ စပြီး အမျိုးသမီးများအတွက်မှာမူ ၁၉၁၃ တွင် စတင်ရရှိလေသည်။ တိုက်ရိုက် ရွေးကောက်တင်မြှောက်ထားသောမြို့နယ်ကောင်စီများမှာ ၁၈၃၆ ခုနှစ် တွင် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်လေသည်။ (ကန့်သတ်ထားသော မဲပေးပိုင်ခွင့်နှင့် ဖြစ်သည်)

ရွေးကောက်ပွဲစီမံခန့်ခွဲရေးသည်လည်း အခြားသော ပြည်သူ့ဝန်ဆောင်မှုများနှင့် ကွာခြားသည်ဟူ၍ တစ်ခါမှ သတ်မှတ်ခြင်းမခံခဲ့ရပေ ပြီးနောက်တွင် ရွေးကောက်ပွဲလုပ်ဆောင်ပုံတို့မှာ ထို့ကြောင့်ပင် သာမန် စီမံခန့်ခွဲရေးနှင့် ရွေးကောက်ပွဲဆိုင်ရာဌာနများသို့ ထားထားခြင်းခံရခြင်းဖြစ်သည်။ မြို့နယ်နှင့် လွှတ်တော်ရွေးကောက်ပွဲများသည် ရွေးကောက်ခံ မြို့နယ်အာဏာပိုင်များမှ ပြုလုပ်ပေးခြင်းဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးမှာ အထောက်အပံ့ပေးလေသည်။

၁၉၈၅ မှစ၍ ရွေးကောက်ပွဲ အာဏာပိုင်များသည်လည်း မြူနီစီပယ်ကောင်စီ၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်များ ဖြစ်လာလေသည်။ ကောင်စီမှ PR စနစ်နှင့် ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်ပြီး ကောင်စီအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၎င်းတို့သည် မြူနီစီပယ်စနစ်၏ အမြင့်ဆုံးသော နိုင်ငံရေးဘုတ်အဖွဲ့ဖြစ်ပြီး မြို့တော်ဝန်မှ ဦးဆောင်လေသည်။ ဘုတ်အဖွဲ့မှာ မြူနီစီပယ် စီမံခန့်ခွဲရေးကို ၎င်းတို့အား ထောက်ပံ့ကူညီမှုပြုရန်အတွက် အလှည့်ကျစီ မဲရုံဝန်ထမ်းများကို ခန့်အပ်မည်ဖြစ်သည်။ ၎င်းတို့သည်လည်း ရွေးကောက်ပွဲ မျိုးစုံတို့အတွက် မဲဆန္ဒခံယူခြင်းများကို လုပ်ပေးလေသည်။ မြူနီစီပယ် ရွေးကောက်ပွဲများအတွက် ဘုတ်အဖွဲ့မှ အောင်လက်မှတ်များကို ထုတ်ပေးပြီးနောက် ၎င်းတို့၏ရွေးကောက်ပွဲအား အရည်အသွေးရှိသော အမတ်များရစေရန်အတွက် သေချာအောင် ပြုလုပ်ပေးလေသည်။

စီရင်စုဆိုင်ရာ ရွေးကောက်ပွဲဘုတ်အဖွဲ့သည် စီရင်စုကောင်စီအစည်းအရုံး၏ အချိုးကျ ရွေးကောက်စနစ်နှင့် ရွေးချယ်ခံထားရခြင်းဖြစ်သည်။ ၎င်းတို့က စီရင်စုအစည်းအရုံးနှင့် လွှတ်တော်၏ ရွေးကောက်ပွဲအတွက် မြူနီစီပယ်အုပ်ချုပ်ရေးဆိုင်ရာ ဘုတ်အဖွဲ့များထံမှ ရွေးကောက်ပွဲရလဒ်များ၏ လုပ်ငန်းစဉ်တို့ကို လိုက်လံစုဆောင်းလေပြီး ရွေးကောက်ခံ စီရင်စုအစည်းအရုံးနှင့်အဖွဲ့ဝင်များကို အောင်လက်မှတ်များကို စီရင်စုအစည်းအရုံးနှင့် လွှတ်တော်၏ရွေးကောက်ပွဲအတွက် ထုတ်ဝေပေးလေသည်။

ပထမဆုံးအစည်းအဝေးတွင် လွှတ်တော်ဘက်မှ ရွေးကောက်ပွဲကို အတည်ပြုမည်ဖြစ်သည်။ ရွေးကောက်ပွဲနှင့်ပတ်သက်သော မကျေနပ်ချက်ဟူသမျှသည် မြူနီစီပယ်ရွေးကောက်ပွဲတို့အတွက် အုပ်ချုပ်ရေးဘုတ်အဖွဲ့မှ၊ စီရင် အစည်းအရုံးရွေးကောက်ပွဲအတွက် စီရင်စုရွေးကောက်ပွဲဆိုင်ရာ ဘုတ်အဖွဲ့

နှင့် လွှတ်တော်အတွက် လွှတ်တော်ကိုယ်တိုင်မှ ဆုံးဖြတ်ပေးမည်ဖြစ်သည်။ ရွေးကောက်ပွဲများ အားလုံး အတွက် ဝန်ကြီးဌာနမှညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို ထုတ်ပြန်ကာလိုအပ်သောအခါကြီးကြပ် မည်ဖြစ်သည်။

၁၉၈၅ ခုနှစ်တွင် ရွေးကောက်ပွဲဥပဒေ အသစ်တစ်ရပ်ကို စတင်ကျင့်သုံးလိုက်ပြီး ရွေးကောက်ပွဲ ၏ အဆင့်သုံးဆင့်လုံးရှိ ပြဋ္ဌာန်းချက်များကို ပထမဆုံးအကြိမ်အနေနှင့် ပေါင်းစည်းနိုင်ခဲ့သည်။ လွှတ်တော် ရွေးကောက်ပွဲများအတွက် ဥပဒေတစ်ခုထုတ်ပြန်ထားပြီး မြို့နယ်အဆင့်နှစ်ခုအတွက် တစ်ခုထုတ်ပြန်ထား သည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအတွက် အဓိကအပြောင်းအလွဲမှာ အမျိုးသားရွေးကောက်ပွဲဘုတ်အဖွဲ့ (NEB)အား မိတ်ဆက်ခဲ့ခြင်း ဖြစ်သည်။ ထိုဌာနသည် အစိုးရမှ ဖွဲ့စည်းခြင်းဖြစ်ပြီး လုပ်ရိုးလုပ်စဉ်အရ (ဥပဒေကြောင့်မဟုတ်ဘဲ) လွှတ်တော်အတွင်းတွင်ရှိသော ပါတီအားလုံးမှ ကိုယ်စားလှယ်များလည်းပါဝင် သည်။ NEB အား မိတ်ဆက်ခဲ့ရခြင်းသည် လွတ်လပ်သော EMB ၏ လိုအပ်ချက်ကြောင့် လုပ်ခဲ့ရခြင်း မဟုတ်ပေ။ ထိုမျှမက နိုင်ငံအဆင့်တွင် လိုအပ်သော အစားအဖြည့်ခံနေရာများအတွက် အာဏာလုပ်ပိုင်ခွင့် ပေးရန်အတွက် လိုအပ်ချက်ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပြီး ၎င်းတို့ကိုလည်း ဥပဒေအရပင် စတင်လုပ် ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စပြီးသည့်နောက်တွင် NEB သည်လည်း ရွေးကောက်ပွဲများ၏ တရားဝင် ဖြစ်ခြင်းမဖြစ်ခြင်းအတွက် နောက်ဆုံးအဆင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်ကို တစ်စိတ်တစ်ပိုင်း သို့မဟုတ် တစ်ခုလုံးအနေနှင့်ရှိသော်လည်း လွှတ်တော်၏ ရွေးကောက်ထားသော အဖွဲ့ဝင်များကို အတည်ပြုပေး လိုက်သည်။ NEB သည် ရွေးကောက်ပွဲများကို စောင့်ကြည့်ရန် သို့မဟုတ် ကြီးကြပ်ရန်အတွက် အလုံးစုံ အာဏာရထားခြင်းမဟုတ်ပေ။

၂၀၀၂ ခုနှစ်တွင် နောက်ထပ် ရွေးကောက်ပွဲဥပဒေအသစ် ကျင့်သုံးပြန်လေသည်။ ရွေးကောက်ပွဲ ဆိုင်ရာ စီမံခန့်ခွဲရေးများကို ရုတ်ချည်းပြောင်းခိုင်းသည်တို့မှလွဲ၍ ထိုဥပဒေသည် ကိုယ်စားလှယ်ပြုစနစ် ကို အရေးကြီးသော ထပ်မံပြင်ဆင်မှု အချို့နှင့် ရွေးကောက်ပွဲကျင်းပခြင်းတို့အား စတင်ဖော်ထုတ်ခဲ့သော် လည်း ဥပဒေဆိုင်ရာ အချက်အလက်များကို ချောမွေ့သွားစေသည်။ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုတို့ အနက်မှ အရေးအကြီးဆုံးဖြစ်ပွားခဲ့သော ပြောင်းလဲမှုများမှာ NEB သည် မည်သည့် အဆင့်တွင်မဆို ဖြစ်ပွားသော လွှတ်တော်နှင့် သက်ဆိုင်သည့် အသနားခံချက်များအား တရားစီရင်ပိုင်ခွင့်ပေးအပ်ခြင်း ခံရခြင်းတို့ဖြစ်သည်။ မဲပေးခွင့်နှင့်ဆိုင်သော ကိစ္စများအတွက် လွှတ်တော်သည် နောက်ဆုံးအဆုံးအဖြတ် ပေးသော အာဏာရှိ သူဖြစ်သော်လည်း အခြားသောကိစ္စများအတွက်မူ NEB ဘက်မှ နောက်ဆုံးအဆင့် တရားစီရင်ပိုင်ခွင့်ရှိလေသည် (လူတစ်ဦးတစ်ယောက်အပေါ်၌ ရာဇဝတ်မှုကျူးလွန်သော ကိစ္စမျိုးမှလွဲ၍) လွှတ်တော်ဘက်မှသာလျှင် ထိုကဲ့သို့သော ရွေးကောက်ပွဲမျိုးကို အတည်ပြုမပြု နောက်ဆုံးဆုံးဖြတ်ခြင်း မျိုးပြုလုပ်ပြီး ရွေးကောက်ပွဲနောက်တစ်ကျော့ပြုလုပ်ခွင့် ပေးအပ်ရန်အတွက်လည်း ဆုံးဖြတ်ချက်ချလေ သည်။ မြူနီစီပယ်အဆင့်တွင်မူ မြူနီစီပယ်ကောင်စီမှ အုပ်ချုပ်ရေးဘုတ်အဖွဲ့မှ ရွေးကောက်ပွဲကို ကိုယ်တိုင် စီမံခန့်ခွဲမည်လော သို့မဟုတ် သီးသန့်မြူနီစီပယ် ရွေးကောက်ပွဲဆိုင်ရာ ဘုတ်အဖွဲ့တစ်ခုကို ရွေးချယ်မည် လောဆိုသည်ကို ရွေးချယ်ဆုံးဖြတ်ခွင့် ရှိပြီဖြစ်သည်။ နောက်ပိုင်းတွင်ပါသော ဖြစ်ရပ်အတွက်မှာမူ ရွေး ကောက်ပွဲဆိုင်ရာ ဘုတ်အဖွဲ့၏ နိုင်ငံရေးဆိုင်ရာဖွဲ့စည်းမှုက မြူနီစီပယ်ကောင်စီ၏ ဖွဲ့စည်းမှုကို အခြား သော ကောင်စီ၏ ကော်မရှင်များ၏ ဖွဲ့စည်းမှုအတိုင်းပင် ထင်ဟပ်လေသည်။ ရွေးကောက်ပွဲအတွက် ဝင်ရောက် ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများသည်လည်း မြူနီစီပယ်ဌာနမှ ဘုတ်အဖွဲ့သီးခြား ဖွဲ့စည်းပေးထားသည့်တိုင်အောင် တာဝန်ထမ်းဆောင်နေသော ရွေးကောက်ပွဲဆိုင်ရာ ဘုတ်အဖွဲ့ဝင်များ ဖြစ်နိုင်လေသည်။

## ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်

ရွေးကောက်ပွဲများသည် အခြေခံဥပဒေအရနှင့် ၂၀၀၂ ခုနှစ် ရွေးကောက်ပွဲဥပဒေအရ စည်းမျဉ်း သတ်မှတ်ခြင်း ဖြစ်သည်။ ၎င်းတို့က မြူနီစီပယ်ဌာနများကို ရွေးကောက်ပွဲကျင်းပရန်အတွက် တာဝန်ပေး ထားပြီး ရွေးကောက်ပွဲစာရင်းဇယားများနှင့် ဆန္ဒမဲကောက်ယူမှုများကို ဥပဒေအရထိန်းချုပ် ကြပ်မတ်မည် ဖြစ်ကြောင်းလည်း ပြောဆိုသည်။ အခြေခံဥပဒေက လွှတ်တော်အား ရွေးကောက်ခံအဖွဲ့ဝင်များ၏ ပညာ ရပ်ဆိုင်ရာ အရည်အချင်းများကို အတည်ပြုရေးတာဝန်ကိုပေးထားပြီး ၎င်းအား မဲပေးပိုင်ခွင့်နှင့်ဆိုင်သော ကိစ္စများနှင့် ပတ်သက်သည့်ငြင်းခုံပဋိပက္ခဖြစ်မှုများနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များအတွက်အသနား ခံစာများကို ဆုံးဖြတ်ရေး တာဝန်များလည်း ပေးအပ်ထားလေသည်။

၂၀၀၅ ခုနှစ်တွင် ထပ်မံပြင်ဆင်မှုပြီးနောက်တွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေက အောက်ပါ ရွေးကောက်ပွဲဆိုင်ရာဌာနများကို ဖွင့်ဆိုရှင်းလင်းခဲ့သည်။

- ရွေးကောက်ပွဲဆိုင်ရာ ဘုတ်အဖွဲ့အား မြူနီစီပယ်ကောင်စီမှ ရွေးချယ်သည်။
- မဲရုံကော်မတီများအား မြူနီစီပယ်ကောင်စီ သို့မဟုတ် ၎င်းတို့၏ဆုံးဖြတ်ချက်ဖြင့် ရွေးကောက်ပွဲ ဆိုင်ရာ ဘုတ်အဖွဲ့မှ ခန့်အပ်သည်။
- စီရင်ပဲ ရွေးကောက်ပွဲဆိုင်ရာ ဘုတ်အဖွဲ့အား စီရင်စုဆိုင်ရာ လွှတ်တော်မှ ရွေးကောက်ပြီး
- အမျိုးသားရွေးကောက်ပွဲဆိုင်ရာ ဘုတ်အဖွဲ့မှာ လွှတ်တော်ရွေးကောက်ပွဲရှိပါက အစိုးရမှ နှစ်ပိုင်း အတွင်း ပြန်လည်ခန့်အပ်သည်။

ပထမဌာန နှစ်ခုမှ ရွေးကောက်ပွဲအားလုံးအတွက် ဆိုင်ရာတာဝန်ရှိသည်။ စီရင်စုဆိုင်ရာ ရွေး ကောက်ပွဲ ဘုတ်အဖွဲ့သည်လည်း စီရင်စုဆိုင်ရာ လွှတ်တော်နှင့် ပါလီမန်လွှတ်တော်အတွက် ရွေးကောက် ပွဲတွင် တာဝန်ရှိပြီး NEB သည် လွှတ်တော်ရွေးကောက်ပွဲအတွက်သာလျှင် တာဝန်ရှိလေသည်။

၂၀၀၅ နှစ်မှစ၍ အခြားသောကိစ္စများထက် ရွေးကောက်ပွဲအတွက် အမတ်လောင်းများ မှတ်ပုံ တင်ရေး ကိစ္စအတွက်သာလျှင် စည်းကမ်းကြပ်မတ်သော သီးခြားပါတီ ဥပဒေရှိလေသည်။ ပါတီမှတ်ပုံ တင်ရေးအတွက် စီမံခန့်ခွဲရေးဆိုင်ရာတာဝန်သည် ကုမ္ပဏီများကို မှတ်ပုံတင်သော အမျိုးသားစီမံရေး ဆိုင်ရာဌာနများသို့ ပေးအပ်ခြင်းခံရလေသည်။ အစိုးရဘက်မှ ပါတီဥပဒေတိုင်ကြားချက်ဆိုင်ရာ ကော်မရှင် ကိုခန့်အပ်ခြင်းပြုလေသည်။ တရားသူကြီးတစ်ယောက်က ဦးဆောင်ခြင်းဖြစ်ပြီး ပါတီမှတ်ပုံတင်ရေးနှင့် ဘဏ္ဍာငွေကိစ္စများနှင့်ဆိုင်သော တိုင်ကြားချက်များကို စီရင်ချက်ချရန်အတွက်ဖြစ်သည်။

ထို့ကြောင့် ရွေးကောက်ပွဲကျင်းပရေးအတွက် စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်ဌာနသည် အင် မတန်ကို အာဏာဗဟိုပြုစနစ် ကင်းလေသည်။ ဗဟိုပြုခြင်းရှိသော အဆင့်တွင် ပါတီစုံဌာန (NEB) တစ်ခု သာလျှင်ရှိပြီး အကန့်အသတ်ရှိသောသ စနစ်တကျပိုင်းဆိုင်ရာ အာဏာပိုင်စနစ်မျိုးနှင့်ဖြစ်သည်။ နိုင်ငံ အဆင့်ရှိသော အခြားသော တာဝန်များမှာ ဝန်ကြီးဌာနများမှ လုပ်ဆောင်ခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ ကာမူ အခြားသောစီမံခန့်ခွဲရေးဌာနများသည်လည်း ရွေးကောက်ပွဲအတွင်းတွင်ပါဝင်လေသည်။ ရွေး ကောက်ပွဲဆိုင်ရာ စာရင်းဇယားများသည်လည်း အရပ်ဖက်ဆိုင်ရာ စာရင်းဇယားများမှ ကောက်နုတ်ထား ခြင်းဖြစ်ပြီး အမျိုးသားကောက်ခွန် အာဏာပိုင်များလက်အောက်ရှိ အဖွဲ့တစ်ခုမှ စီမံခန့်ခွဲခြင်းဖြစ်သည်။ အသနားခံစာများသည်လည်း ဝန်ကြီးဌာနမှ ခန့်အပ်ထားသောဌာနနှင့် တင်သွင်းခြင်းပြုလုပ်နိုင်သည်။

## မြို့နယ်အစိုးရဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု

ရွေးကောက်ပွဲအတွက် ဝန်ကြီးဌာန၏တာဝန်များသည် နယ်ပယ်သုံးခုသို့ သွားကျရောက်လေသည်။

၁။ ဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ။ ထိုနယ်ပယ်တွင် ရွေးကောက်ပွဲကို စီမံခန့်ခွဲနေသော ဥပဒေများ၏ အပြောင်းအလဲအတွက် ပြင်ဆင်ခြင်း၊ ဥပဒေမူဘောင်အတွင်းမှ အသေးစိတ် သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲသူများနှင့် ပြည်သူလူထုအား ဥပဒေနှင့် အချက်အလက်များကို အဓိပ္ပာယ်ပြန်ဆိုရေးအတွက် အထောက်အပံ့ပြုရေးတို့ ပါဝင်သည်။

၂။ ရွေးကောက်ပွဲများကျင်းပခြင်း။ ဝန်ကြီးဌာန၏တာဝန်များထဲတွင် အသေးစိတ်ရေးသားထားသော အချက်အလက်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား အဓိပ္ပာယ်ဖွင့်ဆိုချက်များ အပါအဝင်ကို ပြဋ္ဌာန်းခြင်း။ ရွေးကောက်ပွဲတွင် အသုံးပြုသော ပစ္စည်းကိရိယာများ မဲစာရွက်၏ ပုံနှင့် ဒီဇိုင်းအပါအဝင်ကို ထုတ်လုပ်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူကိုယ်စားလှယ်သို့ သတင်းအချက်အလက်များပေးပို့ခြင်း မြို့နယ် စီမံခန့်ခွဲရေးမှူးများကို အစီရင်ခံစာ ပုံစံအလွတ်များပေးခြင်း၊ မဲဆန္ဒရှင် အသိပညာပေးရေး လှုပ်ရှားမှုများ၊ e-voting စနစ်စီစဉ်မှုများကို အတည်ပြုပေးခြင်း၊ NEB (အမျိုးသားရွေးကောက်ပွဲဘုတ်အဖွဲ့) အတွက် အထွေအထွေအတွင်း ရေးမှူးဌာနအဖြစ် တာဝန်ထမ်းဆောင်ပေးခြင်း လွှတ်တော်၏ နောက်ဆုံးဆုံးဖြတ်ချက်အတွက် လွှတ်တော်ရွေးကောက်ပွဲနှင့် သက်ဆိုင်သော မကျေနပ်ချက်များအတွက် ပြင်ဆင်ခြင်းနှင့် မြို့နယ်ဆိုင်ရာ ရွေးကောက်ပွဲများအတွက် မကျေနပ်ချက်များကို တရားစီရင်ပေးရခြင်း (နောက်ဆုံးနေနှင့်) အပါအဝင် အကြံဉာဏ်များပေးခြင်း၊ ဝန်ကြီးဌာနမှ လိုအပ်ပါက အပြစ်တစ်ခုခုကြောင့် ရလဒ်ကို သက်ရောက်ခဲ့ပါက ရွေးကောက်ပွဲကိုထပ်မံကျင်းပရန်အတွက် အမိန့်ပေးပိုင်ခွင့်ရှိသည်။

၃။ ဘတ်ဂျက်နှင့် ဘတ်ဂျက်ငွေထိန်းသိမ်းရေး။ ဝန်ကြီးဌာနမှ ရွေးကောက်ပွဲအတွက် ဘတ်ဂျက်ငွေကို စီမံထိန်းချုပ်ခြင်းသည် ဗဟိုပြုအဆင့်တွင်သာ ရှိလေသည်။ အဓိက ကျသင့်သော ကျသင့်ငွေများမှာ မြို့နယ်အဆင့်တွင်လုပ်ပြီး စုစုပေါင်းရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်များကို ခြုံငုံစစ်ဆေးခြင်းမရှိပါ။ ဝန်ကြီးဌာနအတွက် ကုန်ကျသော ဘတ်ဂျက်ငွေမှာ ၂၀၁၃ ခုနှစ်တွင် ယူရို ၆ သန်းခန့် ကုန်ကျလေသည်။ ဝန်ကြီးဌာနတွင် ရွေးကောက်ပွဲအတွက်လုပ်သောသူ ၁၆ ဦးခန့်ရှိပြီး ယခင်နှစ်များနှင့်စာလျှင် သိသိသာသာ တိုးတက်လာခြင်းဖြစ်သည်။ထိုသို့တိုးလာ ခြင်းမှာလည်း ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအတွက် ဗဟိုပြုလည်ပတ်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်လာခြင်းကြောင့်ဖြစ်သည်။ မြူနီစီပယ်အဆင့်ရှိရွေးကောက်ပွဲဘုတ်အဖွဲ့များသည် အရည်အချင်းပြည့်မီသော ရွေးကောက်ပွဲဆိုင်ရာဝန်ထမ်းများခန့်အပ်ထားရန်အတွက် တာဝန်ရှိသော အဓိကအာဏာပိုင်များဖြစ်သည်။

## အမျိုးသားရွေးကောက်ပွဲ ဘုတ်အဖွဲ့

NEB သည် ပုံသေခန့်အပ်ထားသော ဌာနတစ်ခု မဟုတ်ပါ။ ၎င်းဌာန၏ တာဝန်ထမ်းဆောင်သက်သည် လွှတ်တော်ရွေးကောက်ပွဲများအတည်ပြုပြီးသောအခါ ပြီးဆုံးလေသည်။ ၎င်းတွင် အနည်းဆုံး အဖွဲ့ဝင် ငါးဦးရှိလေသည်။ လွှတ်တော်အတွင်းရှိ ကိုယ်စားလှယ်နှင့် ပါတီတစ်ခုချင်းစီက အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ခန့်အပ်ရန်အတွက် အဆိုတင်သွင်းပြီး အစိုးရဘက်မှလည်း တစ်ဦးကိုခန့်အပ်ပြီး တစ်ဦးကို အရံသဘောမျိုးထားလေသည်။ NEB ၏ အာဏာသည်

- နိုင်ငံလုံးဆိုင်ရာ အစားထိုးဖြည့်စွက် နေရာများကို ဖြန့်ဝေခြင်း
- လွှတ်တော်၏ ရွေးကောက်ခံအဖွဲ့ဝင်များ အားလုံးကို ထောက်ခံချက် လက်မှတ်များ ထုတ်ပေးခြင်းနှင့် စီရင်စုဆိုင်ရာရွေးကောက်ပွဲ ဘုတ်အဖွဲ့အား ရလဒ်အကြောင်း အသိပေးခြင်း နှင့်
- မကျေနပ်ချက် တိုင်ကြားချက်များကို တရားစီရင်ဆုံးဖြတ်ခြင်းတို့အတွက် ကန့်သတ်ထားလေသည်။ မဲပေးခွင့်နှင့်ဆိုင်သော ကိစ္စများ သို့မဟုတ် လွှတ်တော်ရွေးကောက်ပွဲအတွက် အတည်ဖြစ်မှုတို့အတွက်မှာမူ လွှတ်တော်သည်သာလျှင် နောက်ဆုံးဆုံးဖြတ်ချက်ချရမည် ဖြစ်သည်။ NEB တွင် ကြားနာပြီးနောက် အခြားသော ကိစ္စများသည် NEB က နောက်ဆုံးတရား စီရင်ရမည့် ကိစ္စသာလျှင်ဖြစ်သည်။

## ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု ပြန်လည်ပြင်ဆင်ခြင်း

၁၉၈၅ နှင့် ၂၀၀၂ ခုနှစ် ရွေးကောက်ပွဲဥပဒေထွက်လာပြီးနောက်တွင် ကိုယ်စားလှယ်ပြုခြင်းစနစ်နှင့်ပတ်သက်ပြီး နိုင်ငံရေးလောကတွင် နိုင်ငံရေးဆိုင်ရာဝါဒကွဲလွဲပြိုင်ဆိုင်မှုများဖြစ်လာသည်။ ဖြစ်ရပ်နှစ်ခုလုံးတွင် အစိုးရကကော်မရှင် နှစ်ခုလုံးကို ကျွမ်းကျင်သူများနှင့် နိုင်ငံရေးလောကမှ ကိုယ်စားလှယ်များအား ခန့်အပ်ထားသည်။ ၎င်းတွင်လည်း ပြောင်းလဲမှုများကို အဆိုတင်သွင်းရန်အတွက် အမိန့်အာဏာကျပြီးဖြစ်သည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဆိုင်ရာ တည်ဆောက်ပုံတို့သည် ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကော်မရှင်မှ သုံးသပ်စစ်ဆေးပြီး ၎င်း၏ အစီရင်ခံစာကို ၂၀၁၁ ခုနှစ်တွင် တင်သွင်းခဲ့လေသည်။ ထိုတည်ဆောက်ပုံသည် ပြီတိန်ပုံစံလွှမ်းမိုးခြင်းခံရသောကြောင့် လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်အား အဓိကကျသော မူဝါဒရေးရာဆိုင်ရာတာဝန်များနှင့် တိုက်ရိုက်ညွှန်ကြားရေးတာဝန်အနည်းငယ်တို့ဖြင့် အဆိုတင်သွင်းခဲ့သည်။ ထိုကဲ့သို့သော အဆိုတင်သွင်းခြင်း ထွက်ပေါ်လာရသည်မှာလည်း ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးတစ်ခုတည်းအတွက် အဓိကအာရုံစိုက်သော ဌာနတစ်ခုထားရှိခြင်းမှရလာသော အားသာချက်များကြောင့်ဖြစ်ပြီး ရွေးကောက်ပွဲစီမံခန့်ခွဲရေးထဲမှ ပိုမိုလွတ်လပ်ခွင့်တောင်းခံခြင်းထက် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအား အစိုးရစီမံခန့်ခွဲရေးတွင် သာမန်အစိတ်အပိုင်းများအတွက်ထားခြင်း တို့ကြောင့်ဖြစ်သည်။ ထိုကဲ့သို့သော ကော်မရှင်သည် နော်ဝေးအား နိုင်ငံတကာစံနှုန်းနှင့် ဒီမိုကရေစီအသစ်ကျင့်သုံးကာစနိုင်ငံများတွင် ညွှန်းဆိုသောစံနှုန်းများနှင့် ပိုမိုနီးစပ်စေရန် ဆွဲခေါ်လိမ့်မည်။ ထိုအဆိုပြုချက်မှာလည်း ထောက်ခံချက်များစွာ မရခဲ့ချေ အဘယ်ကြောင့်ဆိုသော် လက်ရှိစီစဉ်မှုများကောင်းစွာအလုပ်မလုပ်သောကြောင့်ဖြစ်သည်။ ရွေးကောက်ပွဲတွင်ရှိသော စီမံခန့်ခွဲရေးဆိုင်ရာအလုပ်များကို ဝန်ကြီးဌာနမှ ပြည်သူ့စာရင်းကို ထိန်းသိမ်းထားသော အခွန်ဘဏ္ဍာရေးဆိုင်ရာ အာဏာပိုင်ဌာနထံသို့ လွှဲပြောင်းရေးကိုကျင့်သုံးရန် ဒုတိယအဆိုလည်း ထိုနည်းတူပင်ဖြစ်သည်။

၂၀၁၀ ခုနှစ်တွင် ဝန်ကြီးဌာနမှ အကြံဉာဏ်နှစ်ခုကို ယူခဲ့သည်။ တစ်ခုမှာ ရွေးကောက်ပွဲဆိုင်ရာအထောက်အပံ့တွင် ဗဟိုပြုစီမံခန့်ခွဲခြင်းကို ပြုပြင်ပြောင်းလဲရေးနှင့် တစ်ခုမှာ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအား အနည်းငယ်အပြောင်းအလဲလုပ်ရန်ဖြစ်သည်။ စီမံခန့်ခွဲရေးဆိုင်ရာဘက်တွင် အစိုးရဘက်မှ ညွှန်ကြားရေးဌာနဘက်မှ အစီရင်ခံစာတင်သည်မှာ ဗဟိုရွေးကောက်ပွဲဌာနအသစ်သည် ညွှန်ကြားရေးဌာနတစ်ခုအဖြစ်တည်ထောင်သင့်သည်ဟု ဖြစ်သည်။ ထိုမှသာလည်း နိုင်ငံရေးသမားတို့ ဦးဆောင်သော ဝန်ကြီးဌာနမှ လွတ်လပ်မှုကို အတိုင်းအတာတစ်ခုထိ ရမည်ဖြစ်ပြီး ဝန်ကြီးဌာနယူထားသော တာဝန်တော်တော်များများကို ရယူနိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။ ထိုအချက်ကို အနာဂတ်တွင်ဖြစ်လာမည်ကို ကြိုမြင်ပြီးဖြစ်သည်။ ရွေးကောက်ပွဲ နည်းပညာသစ်များအတွက် ပိုမိုအားကောင်းသော တိုးတက်မှုနှင့် စမ်းသပ်မှုများ လိုအပ်မည်ဖြစ်သည်။ မကျေနပ်ချက်များ ဖြေရှင်းပေးသောကော်မတီကို ခွဲထုတ်ရန်အတွက်၊ ပဋိပက္ခ

များကို ဖြေရှင်းရန်အတွက် အာဏာပိုင်များကို ဖယ်ရှားပစ်ရန် အကြံပေးခဲ့ပြီး ယနေ့အချိန်တွင် ဝန်ကြီးဌာနသို့ ရောက်လာသည်။ ဝန်ကြီးဌာနမှလည်း ရင်းနှီးမြှုပ်နှံသူများ၏ အကြံဉာဏ်များကို ထိုအကြံပြုချက်အတွက် တောင်းခံသော်လည်းငင်းတို့အနေနှင့် လွှတ်တော်အတွက် မည်သည့်စနစ်တကျ အဆိုတင်သွင်းမှုမျိုးကိုမှ မလုပ်ရသေးချေ။

၂၀၀၉ ခုနှစ်တွင် OSCE/ODIHR (ဒီမိုကရေစီ အသင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ရုံး) ၏ ၂၀၀၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲကို သုံးသပ်စစ်ဆေးရန် ချမှတ်သော မှတ်ချက်တစ်စိတ်တစ်ပိုင်းကို အခြေခံပြီး ဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ်တွင် လွှတ်တော်မှ အတည်ပြုထားသော ဥပဒေများအား ပြင်ဆင်ရန်အချို့ကို အကြံပေးပြောကြားလိုက်သည်။ ထိုကိစ္စနှင့် အဆိုင်ဆုံးသော ပြင်ဆင်ချက်မှာ အမတ်လောင်းနေနှင့် ရွေးကောက်ပွဲ ဘုတ်အဖွဲ့ဝင်လည်း မဖြစ်နိုင်သကဲ့သို့ မဲဆန္ဒကော်မတီ ဝန်ထမ်းအတွက်လည်း တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိစေရ ဟူသောအချက် ဖြစ်သည်။

## နည်းပညာအသစ်များ

၂၀၀၃ ခုနှစ် မြို့နယ်ရွေးကောက်ပွဲတွင် မြူနီစီပယ်ဌာန နှင့် Spitsbergen သုံးခုတို့က မဲရုံများတွင် e-voting စနစ်ကို စမ်းသပ်သုံးကြည့်ခဲ့ကြသည်။ ထို့နောက်တွင်မှ အစိုးရကော်မရှင်က ဖေဖော်ဝါရီလ ၂၀၀၆ ခုနှစ်တွင် e-voting စနစ် ကိုအဆိုပြုသော အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ခြင်းဖြစ်သည်။ ကော်မရှင်ဘက်မှ အကြံပေးသည့်အရာများတွင် အင်တာနက် မဲပေးစနစ်ကိုအသုံးပြုရန် ပါဝင်လေသည်။ ဝန်ကြီးဌာနဘက်မှလည်း ရွေးကောက်ပွဲ စီမံခန့်ခွဲရေးစနစ်နှင့် အဝေးမှ အင်တာနက်စနစ်နှင့် မဲပေးခြင်းအပါအဝင် ICT စီမံကိန်းအကြီးစားကို မြူနီစီပယ် နယ်ပယ် ၁၀ ခုတွင် ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲကာလက စတင်ခဲ့သည်။ နိုင်ငံရေးအရ အင်တာနက်မှမဲပေးသောစနစ်ကို ထိန်းချုပ်မထားသော စနစ်တွင် ခွင့်ပြုခြင်းနှင့်ဆိုင်သော ကိစ္စစည်းမျဉ်းများနှင့်သက်ဆိုင်ပြီး အငြင်းပွားမှုများဖြစ်ကာ ထိုလုပ်ငန်းစဉ်ကို ပြည့်ပြည့်ဝဝ ကျင့်သုံးမည် ဟုတ်၊ မဟုတ် ဟူသော ဆုံးဖြတ်ချက်ကို ချမှတ်ရန်လည်း ကျန်နေသေးသည်။

## အခွင့်အလမ်းနှင့် အတားအဆီးများ

နော်ဝေးနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုသည် မည်သည့်အခါကမှ နိုင်ငံရေးဝင်ရောက်ယှဉ်ပြိုင်သူများ၏ စိန်ခေါ်မှုကို မခံခဲ့ရပါ။ ယေဘုယျအားဖြင့် ပြောရမည်ဆိုလျှင် အစိုးရ စီမံခန့်ခွဲရေး စနစ်သည် ၎င်း၏ ဂုဏ်သိက္ခာနှင့် လွတ်လပ်ရေးအပေါ်တွင် နိုင်ငံရေးအရ ခန့်အပ်ထားသော ဝန်ကြီးများအောက်တွင် ရှိသော်လည်း ယုံကြည်မှု အဆင့်မြင့်မြင့်မားမားရှိသည်။ ရွေးကောက်ပွဲများသည်လည်း လွတ်လပ်သော စီမံခန့်ခွဲရေးစနစ် မလိုသယောင် ထင်ရလေသည်။ ရှားရှားပါးပါး အမှားအယွင်း ကြီးကြီးမားမားတစ်ခု ဖြစ်သွားသောအခါ (ဥပမာအားဖြင့် ၁၉၉၃ လွှတ်တော်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာ မှတ်ပုံတင်စာရင်းမှတ်သော IT စနစ်ပျက်သွားသော အခါတွင်ကဲ့သို့) ၎င်းတို့အား လုပ်မှားကိုင်မှားဖြစ်သော အသေးအဖွဲလောက်ပင် သဘောထားလေသည်။

ရွေးကောက်ပွဲ ကျင်းပရာနှင့် ပတ်သက်သော အခြေခံကျသည့် မေးခွန်းများမှာ ပေါ်ထွက်မလာသေးချေ."မပျက်ရင်မပြင်နဲ့" ဟူသော စည်းမျဉ်းသည် ယခုအချိန်ထိ နော်ဝေးနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအတွက် လုပ်ငန်းစဉ်များအတွက် ဆုံးဖြတ်ချက်ချရေးလုပ်ငန်းစဉ်တွင် အရေးပါတွင်ကျယ်လျက်ရှိကြောင်း သက်သေပြလျက်ရှိသည်။

# အခန်း ၅

5

# EMB လုပ်ရှားမှုများအား စီမံကိန်းချခြင်းနှင့် အကောင်အထည်ဖော်ခြင်း

## EMB

EMB အားလုံးတွက် EMB အထွေထွေအတွင်းရေးမှူးရုံးတွင် မူဝါဒဆိုင်ရာ အကောင်အထည် ဖော်ရေးအတွက် အရေးပါသော ဖွဲ့စည်းပုံတစ်ရပ်ဖြစ်သည်။ အစိုးရ ပုံစံအောက်ရှိ EMB များတွင် အထွေထွေအတွင်းရေးမှူးဌာနသည် EMB တစ်ခုနီးပါးပင်ဖြစ်ကာ အစိုးရ၏အုပ်ချုပ်ရေးမဏ္ဍိုင်၏ လမ်းညွှန်ချက်နှင့်အညီ မူဝါဒချမှတ်ရေးတွင် အကူအညီပြုကောင်းပြုနိုင်သည်။ EMBအထွေထွေ အတွင်းရေးမှူးဌာနသည် မူဝါဒချမှတ်သော/ကြီးကြပ်စောင့်ကြည့်သော EMB အဖွဲ့ဝင် အဆင့် တည်ဆောက်ပုံ၏ အောက်တွင်ရှိကာ ရွေးကောက်ပွဲလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးအတွက် တာဝန်ရှိသော EMB တာဝန်ရှိသူများအား လည်း ပါဝင်စေလေသည်။ ပုံစံအရောကို သုံးသည့်အခါ ပါဝင်ဖွဲ့စည်းထားသော အစိုးရ EMB သည် အထွေထွေအတွင်းရေးမှူးဌာနဖြစ်ပြီး စီမံကိန်းလက်တွေ့အကောင် အထည်ဖော်ရန်အတွက် တာဝန်ရှိလေသည်။ ပါဝင်ဖွဲ့စည်းထားသော လွတ်လပ်သည့် EMB သည်လည်း ၎င်း၏ ကိုယ်ပိုင်စီမံခန့်ခွဲရေးဆိုင်ရာ လိုအပ်ချက်များအတွက် အမှုတော်ဆောင်ရန် ကိုယ်ပိုင်အထွေထွေအတွင်းရေးမှူးဌာနတစ်ခု ထားရှိမည် ဖြစ်သည်။

လွတ်လပ်သော ပုံစံကို သုံးသည့်အခါ EMB ၏ အဖွဲ့ဝင်ခြင်းနှင့် အထွေထွေအတွင်းရေးမှူးဌာနတို့မှာ ဖွဲ့စည်းပုံအရ လွတ်လပ်သွားလေသည်။ ညီတူမျှတူပြောရလျှင် အစိုးရပုံစံသုံးသည့်အခါ အဖွဲ့ဝင်ခြင်း (ပေးဝင်လျှင်) နှင့် အထွေထွေအတွင်းရေးမှူးဌာနတို့မှာ အုပ်ချုပ်ရေးမဏ္ဍိုင်၏ အစိတ်အပိုင်း ဖြစ်သွားလေသည်။ ပုံစံအရောကို သုံးသည့်အခါ မူဝါဒချမှတ်ရေးအဆင့်သည် အများအားဖြင့် အုပ်ချုပ်ရေးနှင့် မဆိုင်ဘဲ လွတ်လပ်လေ့ရှိပြီး လက်တွေ့အကောင်အထည်ဖော်ရေးမှာလည်း အုပ်ချုပ်ရေးမဏ္ဍိုင်၏ တစ်စိတ်တစ်ပိုင်းဖြစ်လေကာ အတွင်းဝန်ကြီးဌာန သို့မဟုတ် တရားရေးရာ ဝန်ကြီးဌာနတို့၏အောက်တွင် ရှိလေ့ရှိသည်။

## ဇယား ၁၁ :ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာ ပုံစံသုံးမျိုး၏ မူဝါဒချမှတ်ရေးနှင့် အကောင်အထည်ဖော်ရေး တို့တွင်သုံးသော အချက်အလက်များ

| | လွတ်လပ်သော ပုံစံ | ပုံစံအရော | အစိုးရပုံစံ |
|---|---|---|---|
| မူဝါဒချမှတ်သော ဖွဲ့စည်းပုံ | အစိုးရ၏ အုပ်ချုပ်ရေး မဏ္ဍိုင်မှ လွတ်လပ်သည် | အစိုးရ၏ အုပ်ချုပ်ရေး မဏ္ဍိုင်မှ လွတ်လပ်သည် | အုပ်ချုပ်ရေး မဏ္ဍိုင်အောက်တွင် အဖွဲ့အစည်းအရ တစ်စိတ် တစ်ပိုင်း/ထည့်သွင်း/ တည်ထောင်ထားသော အုပ်ချုပ်ရေး မဏ္ဍိုင်အောက် တွင်ရှိသည် |
| ရွေးကောက်ပွဲ လုပ်ငန်းစဉ် အကောင် အထည် ဖော်သော ဖွဲ့စည်းပုံ | အစိုးရ၏ အုပ်ချုပ်ရေး မဏ္ဍိုင်မှ လွတ်လပ်သည် | အုပ်ချုပ်ရေး မဏ္ဍိုင် အောက်တွင် အဖွဲ့အစည်း အရ တစ်စိတ်တစ်ပိုင်း/ ထည့်သွင်း/တည်ထောင် ထားသော အုပ်ချုပ်ရေး မဏ္ဍိုင် အောက်တွင်ရှိသည် | အုပ်ချုပ်ရေး မဏ္ဍိုင်အောက်တွင် အဖွဲ့အစည်းအရ တစ်စိတ်တစ် တစ်ပိုင်း/ထည့်သွင်း/ တည်ထောင်ထားသော အုပ်ချုပ်ရေး မဏ္ဍိုင်အောက် တွင်ရှိသည် |

အစိုးရပုံစံနှင့် ပုံစံအရောအောက်တွင် ပါဝင်သော အစိုးရ EMB ဆိုင်ရာအထွေထွေ အတွင်းရေး မှူးရုံးဝန်ထမ်းများသည် ယာယီခန့်အပ်ထားသူများဖြစ်နိုင်ပြီး ရွေးကောက်ပွဲ မရှိသည့်အခါတွင် အခြားသော တာဝန်များကို ထမ်းဆောင်နေရသောသူများ ဖြစ်နိုင်သည်။ လွတ်လပ်သော ပုံစံအောက်ရှိ EMB များတွင် အထွေထွေအတွင်းရေးမှူးဌာနသည် ယေဘုယျအားဖြင့် အချိန်ပြည့်အုပ်ချုပ်သော စီမံခန့်ခွဲရေးမှူး၏ ခေါင်းဆောင်မှုအောက်တွင် ရှိကာ သူ့အနေနှင့်လည်း ရွေးကောက်ပွဲညွှန်ကြားရေးမှူး ရာထူးရရှိထားသူ (တန်ဇနီးယားနှင့် ဇမ်ဘီယာ) အထွေထွေအတွင်းရေးမှူးနေရာ (ဘာကီနာဖာဆို၊ FYROM နှင့် ထိုင်းနိုင်ငံ) ရွေးကောက်ပွဲအရာရှိချုပ်(အာဖဂန်နစ္စတန်) သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်အရာရှိ (ဩစတြေးလျ) ရာထူးများရထားသူဖြစ်နိုင်သည်။ အချို့သောနိုင်ငံများတွင် ဥပမာအားဖြင့် ဩစတြေးလျနှင့် တွန်ဂါတို့တွင် အထွေထွေအတွင်းရေးမှူးခေါင်းဆောင်တို့မှာလည်း ကိုယ်တိုင်က EMB ခေါင်းဆောင်များဖြစ်တတ်သည်။

## EMB အထွေထွေအတွင်း ရေးမှူးဌာနနှင့် ပြည်သူ့ဝန်ဆောင်မှု

EMB အထွေထွေအတွင်းရေးမှူးဌာနများ ခန့်အပ်ပုံ အဆင့်ဆင့်သည် အမျိုးမျိုးကွဲပြားနိုင်သည်။ အစိုးရပုံစံ သို့မဟုတ် ပုံစံအရောကို သုံးသောနိုင်ငံများတွင် ရွေးကောက်ပွဲများသည် ဝန်ကြီးဌာန သို့မဟုတ် မြို့နယ်အာဏာပိုင်တို့မှတစ်ဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်မှ လုပ်ဆောင်သည်။ EMB အထွေထွေအတွင်းရေးမှူး ဌာန ရုံးဝန်ထမ်းများသည် အများအားဖြင့် ပြည်သူ့ဝန်ထမ်းများဖြစ်လေ့ရှိကြပြီး အခြားသော ပြည်သူ့ဝန်ထမ်း များကိုခန့်အပ်သောစည်းမျဉ်းစည်းကမ်းများနှင့်အညီအုပ်ချုပ်ရေးမဏ္ဍိုင်မှခန့်အပ်ထားခြင်းဖြစ်ကာပြည်သူ့ ဝန်ထမ်းဌာနဆိုင်ရာ မူဝါဒများအောက်တွင် အလုပ်ခန့်ကျ၊ လေ့ကျင့်သင်ကြားရေးနှင့် ရာထူးမှထုတ်ပယ်ခြင်း တို့ကို လုပ်ဆောင်ရလေသည်။ ထိုကိစ္စများနှင့်ပတ်သက်လျှင် ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို သာမန် အားဖြင့် ဖော်ပြလေ့မရှိပါ။

ထိုပြည်သူ့ဝန်ထမ်းများသည်လည်း ချက်သမ္မတနိုင်ငံ၊ ဂရိ၊ မော်ရိုကိုနှင့် နော်ဝေးတို့တွင်ကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နေသူ ဖြစ်နိုင်သည်။ သို့မဟုတ်

ရွေးကောက်ပွဲကာလ မဟုတ်ချိန်တွင် အခြားသောတာဝန်များကိုထမ်းဆောင်ပြီး ရွေးကောက်ပွဲ ကာလတွင်သာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ပါဝင်လုပ်ဆောင်ခြင်းဖြစ်နိုင်သည်။ ထိုအခါတွင် ၎င်းတို့သည် ရွေးကောက်ပွဲရုံးတွင် နယ်နိမိတ်ကန့်သတ်ခြင်း မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် အသိပညာပေးရေး၊ နိုင်ငံရေးပါတီနှင့် အမတ်လောင်းများ မှတ်ပုံတင်ခြင်း၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း ကဲ့သို့သော တာဝန်များစွာတို့ကို ကူညီရန်အတွက် လွှဲအပ်ခြင်းသို့မဟုတ် အတည်ပြုထောက်ခံခြင်းတို့ကို ခံရလေသည်။ စံပြပြောဆိုရလျှင် ထိုကဲ့သို့သော ဝန်ထမ်းများသည် ရေ့ကရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံတို့ ရှိလိမ့်မည်ဖြစ်ပြီး ဝန်ထမ်းများကို လုံးလုံးအစအဆုံး လူလဲလှယ်လိုက်ပါက ထိုသို့ဖြစ်ရန်အတွက် အာမမခံနိုင်တော့ချေ။ ထိုကဲ့သို့သော စီစဉ်ပုံမျိုးသည် ဘာမြူဒါ၊ ဆိုင်းပရပ်စ်နှင့် အိုင်ယာလန်သမ္မတနိုင်ငံတို့တွင် အသုံးပြုသည်။

လွတ်လပ်သော ပုံစံသုံးသော အချို့သောနိုင်ငံများတွင် EMB အထွေထွေ အတွင်းရေးမှူးဝန်ထမ်းများသည် ကမ္ဘောဒီးယားနိုင်ငံရှိ EMB ၏ ဆုံးဖြတ်ချက် အောက်တွင်ရှိသော အချက်အလက်များနှင့် ဝန်ထမ်းခန့်အပ်ရေး တည်ဆောက်ပုံ EMB မှ တိုက်ရိုက်ခန့်အပ်ခြင်းဖြစ်ကာ အခြားသောနိုင်ငံများတွင်မူ ၎င်းတို့သည် ပြည်သူ့ဝန်ထမ်းများပင်ဖြစ်ကာ ၎င်းတို့၏လစာများနှင့် တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ အချက်အလက်များသည်လည်း ထိုပြည်သူ့ဝန်ထမ်းများနှင့် ချိတ်ဆက်နေလေသည်။ အထွေထွေအတွင်းရေးမှူးရုံးဝန်ထမ်းများ ပြည်သူ့ဝန်ထမ်းဖြစ်နေသည့် နေရာတွင်ပင် ၎င်းတို့အနေနှင့် ရွေးကောက်ပွဲ ဥပဒေအောက်တွင် ဥပဒေအရခန့်အပ်ထားသော ခန့်အပ်မှုမျိုး ရှိနိုင်သည်။

အစိုးရဌာန သို့မဟုတ် စီမံခန့်ခွဲရေး ဝန်ကြီးဌာန(အင်ဒိုနီးရှား) ကဲ့သို့ဌာန သို့မဟုတ် ပြည်သူ့ဝန်ထမ်းကော်မရှင် (နီပေါ) ကဲ့သို့သော EMB ဝန်ထမ်းခန့်အပ်ခြင်းကို ပြင်ပမှ ထိန်းချုပ်ခြင်းသည် စိန်ခေါ်မှုအများအပြားကို ဖြစ်ပေါ်စေသည်။ EMB အနေနှင့်အထွေထွေအတွင်းရေးမှူးဌာန ဝန်ထမ်းခန့်အပ်ခြင်းအပေါ်တွင် ထိန်းချုပ်နိုင်စွမ်း မရှိသလောက် သို့မဟုတ် အနည်းငယ်သာ ရှိပေမည်။ ကာလအတိုင်းအတာပုံသေသတ်မှတ်ထားသော ဝန်ထမ်းများကို အထက်အောက် နေရာအပြောင်းအရွှေ့လုပ်စေသော မူဝါဒများ သို့မဟုတ် ဌာနမှ အမိန့်နှင့် အငြိမ်းစားပေးခံရခြင်းမလုပ်မီ ပြည်သူ့ဝန်ထမ်းတစ်ဦးသည် မည်မျှကြာအောင် အကြီးတန်းရာထူးထမ်းဆောင်ပြီးဖြစ်ရမည်ဟူသော ကန့်သတ်ချက်များသည် အသင်းအဖွဲ့၏ တာဝန်ထမ်းဆောင်နိုင်စွမ်းနှင့် မှတ်ဉာဏ်ကို ထိခိုက်စေနိုင်လေပြီး အဆိုးဆုံးဖြစ်သွားနိုင်သော အခြေအနေများတွင် ဝါရင့်ဝန်ထမ်းများကို ရွေးကောက်ပွဲတစ်ခုထက်ပိုပြီး စီမံခန့်ခွဲခြင်းမပြုနိုင်အောင် တားမြစ်ခြင်းတို့ ဖြစ်နိုင်လေသည်။ ထိုကဲ့သို့သော မူဝါဒများနှင့် ဆက်နွယ်နေသော အဆုံးသတ်ကာလ အချိန်များသည်လည်း ရွေးကောက်ပွဲလည်ပတ်ပုံအတွင်းသို့ ထည့်သွင်းရေတွက်ခြင်း ပြုနိုင်ရန်အတွက် ပြုနိုင်လိမ့်မည် မဟုတ်ချေ။ ထိုအချက်သည် အရေးကြီးအချိန်များတွင် အဓိကကျသော ဝန်ထမ်းများရာထူးမှ နုတ်ထွက်ခြင်းတို့ကို ဖြစ်စေနိုင်လိမ့်မည်။

EMB အနေနှင့် ၎င်း၏ ပြည်သူ့ဝန်ထမ်းများအား မည်မျှအထိ ရာထူးခန့်အပ်နိုင်သည် ထုတ်ပယ်နိုင်သည်ဟူသော ပမာဏသည် ၎င်း၏ အစိုးရထံမှ လွတ်လပ်မှုကို ပြသသော လက္ခဏာဖြစ်နိုင်သည်။ အိန္ဒိယ၊ မက္ကဆီကို၊ တောင်အာဖရိကနှင့် ဥရုဂွေးနိုင်ငံတို့တွင် EMB များသည် ထိုအာဏာရှိကြသည်။ အခြားနိုင်ငံများဖြစ်သော အန်တီဂွါနှင့် ဘာဘူဒါ၊ ဘော့စတာနာဝါ တန်ဇနီးယားနှင့် ယီမင်တို့တွင် သမ္မတက အထွေထွေအတွင်းရေးမှူးဌာန၏ခေါင်းဆောင်ကို ရွေးချယ်ပေးရလေသည်။

ဂျော်ဂျီယာတွင် EMB ဝန်ထမ်းများအားလုံးသည် ပြည်သူ့ဝန်ထမ်းများသာ ဖြစ်ကြသည်။ နမ်ဘီးယန်းနိုင်ငံ EMBရှိ ဝန်ထမ်းများသည်လည်း ပြည်သူ့ဝန်ထမ်းများသာ ဖြစ်ကြသည်။ အစိုးရက EMB

ဝန်ထမ်းရာထူးများ ဖန်တီးခြင်းကို အတည်ပြုပေးလေသည်။ ပြီးနောက်တွင် EMB ရာထူးခန့်အပ်ခြင်းများ သည် ပြည်သူ့ဝန်ထမ်းဌာနလစာငွေနှင့် တာဝန်ထမ်းဆောင်စဉ်လိုက်နာရမည့် အချက်အလက်များနှင့် သွားချိတ်ဆက်နေလေသည်။ EMB ဘက်မှမဲရုံဝန်ထမ်းကဲ့သို့သော ယာယီရွေးကောက်ပွဲ ဝန်ထမ်းများ အတွက် တာဝန်ထမ်းဆောင်စဉ်လိုက်နာရမည့် အချက်အလက်များကို ဆုံးဖြတ်သတ်မှတ်ပေးသည်။ သို့သော်လည်း ၎င်းတို့အား ပေးမည့်အခကြေးငွေကိုမူ ဘဏ္ဍာရေးဝန်ကြီးဌာနမှ အတည်ပြုပေးရမည်။

ကနေဒါနှင့် ကင်ညာတွင် အမျိုးသားရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ ခရိုင်အဆင့် တွင် ခန့်အပ်ထားသော EMB ၏ ရွေးကောက်ပွဲကျင်းပရေးနှင့် မဲစာရင်းကြေငြာရေးအရာရှိတို့သည် နိုင်ငံ ယှဉ်ကြည့်ပါက အနည်းငယ်မျှ EMB မှ ခန့်အပ်သည်ထက် အစိုးရကခန့်အပ်သည်က ပိုစောလေသည်။ ထိုနည်းစနစ်သည် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးတွင် အားအင်ချိနဲ့သော အချိတ်အဆက်အဖြစ် သတ်မှတ် ခြင်းခံရလေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည်ရွေးကောက်ပွဲများ ကျင်းပရာတွင် EMB ၏ ခြုံငုံ လွှမ်းမိုးသော အာဏာကို ထိခိုက်နိုင်စွမ်းရှိပြီး စီမံခန့်ခွဲရေးနှင့် မဲစာရင်းကြေငြာသော အရာရှိများ၏ အဂတိ ကင်းစင်မှုကို မေးခွန်းထုတ်ချင်စရာ ဖြစ်လာနိုင်သောကြောင့်ဖြစ်သည်။ ကနေဒါနိုင်ငံတွင် ပြည်ထောင်စု ရွေးကောက်ပွဲများအတွက် စီမံခန့်ခွဲရေးနှင့် မဲစာရင်းကြေငြာရသော အရာရှိများသည် ၂၀၀၇ ခုနှစ်မှစပြီး ရွေးကောက်ပွဲ အရာရှိချုပ်၏ အရည်အချင်းပေါ် မူတည်ပြီး ခန့်အပ်ခြင်းခံရခြင်းဖြစ်သည်။ ကင်ညာနိုင်ငံတွင် ထိုကဲ့သို့သော ခန့်အပ်မှုမျိုးသည် EMB မှ ၂၀၁၁ တွင်မှ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

## ဇယား ၁၂ : ပြည်သူ့ဝန်ထမ်းများကို အထွေထွေအတွင်းရေးမှူး၏ ဌာနရုံးဝန်ထမ်း အဖြစ်ခန့်အပ်လိုက် သောအခါ ဖြစ်လာနိုင်သော အားသာချက်နှင့် အားနည်းချက်များ

| အားသာချက် | အားနည်းချက် |
|---|---|
| • ပြည်သူ့ဝန်ထမ်းဌာန အနေနှင့် အဂတိကင်းစင်သော ထုံးစံရှိခဲ့ပါက ၎င်းဘက်မှလည်း ပညာရှင်ဆန်သော မှန်ကန်သော ဝန်ဆောင်မှုမျိုးပေးနိုင်လိမ့်မည်။<br>• ပြည်သူလူထုအပေါ် စီမံခန့်ခွဲရေး နည်းပညာဆိုင်ရာ ကိစ္စများအပေါ် သိရှိနားလည်ခြင်းသည် EMB ဘက်မှ လိုအပ်သောလေ့ကျင့် သင်းကြားမှုများကို လျှော့ချ ပေးနိုင်လိမ့်မည်။<br>• ပြည်သူ့ဝန်ထမ်း ဌာနအတွင်းတွင် ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ရှားမှုများကို အထောက်အပံ့ပေးသော (ဥပမာ- ပစ္စည်းကိရိယာများ ယူခြင်း၊ နိုင်ငံပိုင် ပစ္စည်းများ သုံးစွဲခြင်း) ကွန်ယက်များရှိကောင်းရှိနိုင်လိမ့်မည်။<br>• EMB အတွင်းမဟုတ်လျှင်တောင်မှ ရှင်းလင်းသော လုပ်ငန်းဆိုင်ရာ အခွင့်လမ်းကြောင်းကို ပေးနိုင်လေ သည်။<br>• ငွေကုန်ကြေးကျ ထိရောက်သက်သာပြီး ဝန်ထမ်းများ လိုအပ်သော အရာများကို ပြည့်စုံစေရန် လိုက်လျော ညီထွေသုံးနိုင်သော ဝန်ထမ်းအသိုင်းအဝိုင်းကိုပေးနိုင် လေသည်။<br>• အလုပ် လုံခြုံရေးသည်လည်း ဝန်ထမ်းများ၏ စဉ်ဆက် မပြတ် တာဝန်ထမ်းဆောင်မှုနှင့်အဖွဲ့ အစည်းဆိုင်ရာ သင်ကြားလေ့လာမှုတို့အား မြှင့်တင်ပေးနိုင်ပေလိမ့်မည်။ | • အဂတိကင်း၊ ဘက်မလိုက်ဟု မသတ်မှတ်သော ကြောင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ ယုံကြည် နိုင်ရမှုကို လျော့ကျစေနိုင်သည်။<br>• လိုအပ်သော ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်မှု တစ်ခုခု ချို့ယွင်းနိုင်သည်။<br>• ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၏အချိန်န င့်အမှုအရေးကြီးတတ်သော သဘောသဘာဝ နှင့် မရင်းမနှီး ဖြစ်ကောင်းဖြစ်နိုင်သည်။<br>• EMB အတွင်းမှ သတိပေးခြင်းမရှိဘဲပြောင်းရွှေ့ ခြင်း၊ ထုတ်ပယ်ခြင်းတို့ ပြုလုပ်ခံရနိုင်သော ကြောင့် အရေးကြီးသော အရည်အချင်းရှိသူများ ကို ဆုံးရှုံးရနိုင်သည်။<br>• လစာပေးနှုန်းသည်လည်း လုပ်ငန်းစွမ်းဆောင် ရည် ကောင်းမွန်ရန်နှင့် သစ္စာရှိစေလောက် အောင် လုံလောက်ချင်မှ လုံလောက်လိမ့်မည်။<br>• အခကြေးငွေနည်းပါးသောကြောင့် အခြား ဒုတိယ အလုပ်လုပ်ရမည်ဖြစ်ပြီး အရေးကြီး သော အချိန်များအပေါ် အင်တိုက်အားတိုက် လုပ်နိုင်မှုအပေါ် သက်ရောက်စေနိုင်လိမ့်မည်။ |

ပြည်သူ့ဝန်ထမ်းများကို EMB အထွေထွေအတွင်းရေးမှူး ရုံးဝန်ထမ်းများ အဖြစ်ခန့်အပ်ရေးကို ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အဓိကကျသော အချက်များမှာ နိုင်ငံရေးဆိုင်ရာ အဂတိ ကင်းစင်မှုနှင့် "လုပ်ငန်းနှင့် သင်တော်သော" သို့မဟုတ် ကျွမ်းကျင်မှုအဆင့်ဖြစ်သည်။ ပြည်သူ့ဝန်ထမ်း များကို ပြည်သူအများစုက အစိုးရ၏ လွှမ်းမိုးမှုလွယ်လွယ်နှင့် ခံရနိုင်သော သို့မဟုတ် အစိုးရနှင့် ဆက်နွယ် နေသည်ဟု သက်မှတ်ကောင်း သတ်မှတ်နိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေနှင့် ၎င်းတို့ အား ရာထူးခန့်အပ်ရေး၊ ရာထူးတိုးရေးနှင့် လစာများအတွက် အစိုးရအပေါ် တွင် မှီခိုနေရသောကြောင့်ဖြစ်ပြီး ထိုအချက်က EMB ၏ ယုံကြည်ရနိုင်မှုကို ထိခိုက်နိုင်လေသည်။ လွတ်လပ်သော သို့မဟုတ် ပုံစံအရော အောက်တွင်ရှိသော အင်အားကောင်းလွတ်လပ်သော EMB များအနေနှင့် ထိုအယူအဆမျိုးကို ကျော်လွှား နိုင်လေသည် နိုင်ငံတော်တော်များများတွင် ပြည်သူ့ဝန်ထမ်းများသည့် ကျကျနနလေ့ကျင့်သင်ကြားမှု ရချင်မှရနိုင်မည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေနှင့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများကို ခဏခဏ မလုပ်ရသောကြောင့် သို့မဟုတ် ပြည်သူ့ဝန်ထမ်းဌာနများ၏ အလှည့်ကျလှည့်လည်သော မူဝါဒကြောင့် ရွေးကောက်ပွဲဆိုင်ရာ တာဝန်များတွင် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုရှိချင်မှ ရှိလိမ့်မည်။ ပြည်သူ့ဝန်ထမ်း ဌာန အတွင်းတွင်ရနိုင်သော ကျွမ်းကျင်မှုများကို ပြင်ပမှခန့်အပ်မှုနှင့် ပေါင်းစပ်ရောမွှေခြင်းနှင့် အတိုင်ပင်ခံ

သို့မဟုတ် အကြံပေးပုဂ္ဂိုလ်အသုံးပြုခြင်းသည် ကျွမ်းကျင်မှုအဆင့်များကို မြင့်တက်စေနိုင်သည်။ နိုင်ငံ အမြောက်အမြား အင်ဒိုနီးရှား၊ တွန်ဂါနှင့် တီမောလက်စ်တီ အပါအဝင်တွင် EMB သည် မဲဆန္ဒရှင် အသိ ပညာပေးရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာဆိုင်ရာ လုပ်ငန်းတာဝန်များအတွက် အတိုင် ပင်ခံများနှင့်/သို့မဟုတ် ကန်ထရိုက်တာများနှင့် တွဲလုပ်ခြင်း သို့မဟုတ် ခန့်အပ်ခြင်းများကို အောင်အောင် မြင်မြင် ပြုလုပ်ပြီးဖြစ်ကာ EMB ၏ ပြည်သူ့ဝန်ထမ်းဌာနဝန်ထမ်းများကို ကျွမ်းကျင်အောင် ပြုလုပ်ပေးပြီး ဖြစ်သည်။

## အထွေထွေအတွင်းရေးမှူးဌာနအား တည်ဆောက်ခြင်း

EMB မှ မည်သည့်ပုံစံကို သုံးသည်ဖြစ်စေ၊ ဘတ်ဂျက်ငွေကြေးတည်းခြင်းသည် EMB မှ ထောက်ပံ့နိုင်သော ဘဏ္ဍာငွေများ၏ အရေအတွက်နှင့် အမျိုးအစား ပုံသဏ္ဍာန်အမျိုးမျိုးကို ခြုံငုံပြီး အတား အဆီးသဖွယ် ဖြစ်စေနိုင်လိမ့်မည်။ လွတ်လပ်သော ပုံစံနောက်ကိုလိုက်သော EMB များသည် ဝန်ထမ်းများ ကိုခန့်အပ်ခွင့် ထုတ်ပယ်ခွင့်ရှိပြီး ၎င်းတို့၏ ကိုယ်ပိုင်တည်ဆောက်ပုံကို ဆုံးဖြတ်သတ်မှတ်ရန်အတွက် အကောင်းဆုံးသောနေရာတွင် တည်ရှိနေခြင်းလည်းဖြစ်နိုင်သည်။ ထိုကဲ့သို့သော ကိစ္စများတွင်ပင် မည်သို့ ပင်ဆိုစေကာမူ အစိုးရနှင့် စည်းမျဉ်းစည်းကမ်းတို့က အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှုတို့၏ အဓိကကျ သော အချက်အလက်များဖြစ်သော အကြီးပိုင်းအုပ်ချုပ်ရေးရာထူးများနှင့် လိုအပ်သော လုပ်ဆောင်မှုပိုင်း ဆိုင်ရာခွဲဝေမှုများကို ဆုံးဖြတ်သတ်မှတ်ပြီးသား ဖြစ်နိုင်သည်။

၎င်းတို့၏ အထွေထွေအတွင်းရေးမှူးဌာနဆိုင်ရာ ရုံးဝန်ထမ်းများ ခန့်အပ်ရေးအတွက် ပြည်သူ့ ဝန်ထမ်းဌာန ဝန်ထမ်းများကို ခန့်အပ်ခြင်းအပေါ်တွင် မှီခိုသော EMB အားလုံးတို့သည် ၎င်းတို့၏ အဖွဲ့ အစည်းဆိုင်ရာ တည်ဆောက်မှုအပေါ်တွင် ဆုံးဖြတ်နိုင်စွမ်းအပေါ်၌ အတားအဆီးများကို ကြုံတွေ့ရမည် ဖြစ်သည်။ ပြည်သူ့ဝန်ထမ်းဌာနများ၏ ဥပဒေနှင့်လုပ်ဆောင်ပုံ အကြမ်းဖျဉ်းတို့သည် ဗဟိုကြီးကြပ်ရေး ဌာနမှ အသင်းအဖွဲ့ဆိုင်ရာဌာနများ အကုန်လုံးထံမှထောက်ခံချက် လိုကောင်းလိုနိုင်သည်။ ဌာနများ၊ ဌာနခွဲများ၊ ဆပ်ဌာနခွဲများနှင့် အခြားတာဝန်ထမ်းဆောင်သော အဖွဲ့အများအတွက် ချမှတ်ထားသော တင်းကြပ်သော စံနှုန်းများကိုလည်း တည်ဆောက်ထားရမည်။ သို့မဟုတ် ပြည်သူ့ဝန်ထမ်းဌာန ကန်ထရိုက် တာ မဟုတ်သော သို့မဟုတ် ကျွမ်းကျင်သူမဟုတ်သော သူများကို အသုံးပြုခြင်းကို တားမြစ်ရမည်။ အစိုးရပုံစံ သို့မဟုတ် ပုံစံအရောအနှောက်တွင် အလုပ်လုပ်သောအစိုးရ EMB ဝန်ထမ်းများ အနေနှင့် ပြည်သူ့ဝန်ထမ်းဌာနများအတွင်းတွင် အလုပ်လုပ်သော အားလုံး သို့မဟုတ် အားလုံးနီးပါးသော သူတို့အနေ နှင့် ပို၍ပင် အတားအဆီးများကို ကြုံတွေ့ရလေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေနှင့် ယာယီ ရွေးကောက်ပွဲအဖွဲ့အစည်း၏ တည်ဆောက်ပုံအတွင်းတွင် ကိုက်ညီရန်လိုအပ်သည်သာမက ဆက်လက် လည်ပတ်လျက်ရှိသော ၎င်းတို့ဌာနတည်ဆောက်ပုံ သို့မဟုတ် အာဏာပိုင်၏ အခြားသော လုပ်ငန်းတာဝန် များနှင့်လည်း ကိုက်ညီရန်လိုအပ်သောကြောင့်ဖြစ်သည်။ လွတ်လပ်သော ပုံစံအောက်တွင်ရှိသော ၎င်းတို့ စိတ်ကြိုက်ဝန်ထမ်းခန့်အပ်နိုင်သော EMB များအနေနှင့် တည်ဆောက်မှုပိုင်းဆိုင်ရာ လိုက်လျောညီထွေမှု ပိုရှိသည်။

EMB များအတွက် "တိုးတက်နေဆဲ" ဟူသော စကားသည် အဓိကကျသော စကားတစ်ခွန်းဖြစ် သည်။ ကနဦးရှိပြီးသား တည်ဆောက်ပုံကို အသုံးချခြင်းသည် ပထမအဆင့်ဖြစ်သော်လည်း ဆင့်ကဲ တိုးတက်နေသော ဥပဒေမူဘောင်နှင့် ဆက်လက်ညီသော တည်ဆောက်ပုံတစ်ခုကို ထိန်းသိမ်းခြင်း ၊ရွေး ကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာများ လျှင်မြန်စွာတိုးတက် ရေးနှင့် ရင်းနှီးမြှုပ်နှံသူများ၏ မျှော်လင့်ချက်များသည်သာလျှင် တစ်ကယ့်စိန်ခေါ်မှုများဖြစ်သည်။ အဖွဲ့

အစည်းဆိုင်ရာ တည်ဆောက်ပုံစည် တစ်စိတ်တစ်ပိုင်း သို့မဟုတ် တစ်ခုလုံးလုံးသည် EMB မဟုတ်သော ဌာနများ၏ ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ၏အောက်တွင်ရှိလျှင် သို့မဟုတ် EMB ၏ တည်ဆောက်ပုံနှင့် ဝန်ထမ်းခန့်အပ်မှုဆိုင်ရာတို့သည် ပြည်သူ့ဝန်ထမ်းဌာန၏ ယေဘုယျဥပဒေအောက်တွင်ရှိနေလျှင်ဖြစ်စေ ထိုတောင်းဆိုချက်များနှင့် ကိုက်ညီအောင် လိုက်လျောညီထွေရှိရန်မှာ ခက်လှပြီဖြစ်သည်။ လက်ရှိအသင်းအဖွဲ့ဆိုင်ရာ ပြောင်းလဲမှုများက မတည်မငြိမ်ဖြစ်စေနေချိန်တွင် အဓိကကျသော သုံးသပ်ချက်များအပေါ် တည်ဆောက်မှုပိုင်းဆိုင်ရာ အကဲဖြတ်ချက်ထုတ်ခြင်းအပါအဝင်နှင့် EMB အား အဖွဲ့အစည်း တည်ဆောက်မှုပိုင်းဆိုင်ရာတို့အပေါ် ပြောင်းလဲစေနိုင်ရန် သို့မဟုတ် ထပ်ပေါင်းစေနိုင်ရန်အတွက် အာဏာလုပ်ပိုင်ခွင့် ပေးအပ်လိုက်ခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေး၏ထိရောက်မှုကို မြှင့်တင်နိုင်လိမ့်မည်။

EMB ၏ မတူညီသော အစိတ်အပိုင်းများမှ ယူထားသော စီမံကိန်းအဖွဲ့များ သို့မဟုတ် ယာယီတာဝန်အဖွဲ့များသည် အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံအပေါ် အဓိကကျသော အပြောင်းအလဲများထက် ဆင့်ကဲပြောင်းလဲလာသော အချက်များအပေါ် ထိရောက်သော ရေတိုတုံ့ပြန်မှုဖြစ်နိုင်ပြီး အထူးသဖြင့် လျင်မြန်သောအရေးယူလုပ်ဆောင်မှု လိုအပ်နေချိန်နှင့် အဓိကကျသော ပြန်လည်ပြင်ဆင်မှုတို့အား ဝင်ရောက်နှောင့်ယှက်ခြင်းသည် မည်သည့်ချက်ခြင်းဖြစ်သွားနိုင်မည့် အကျိုးကျေးဇူးတို့အပေါ် အလွန်အမင်းဝန်ပိစေနိုင်သော ကိစ္စများအတွက်လည်း ထိုကဲ့သို့ပင် ဖြစ်နိုင်သည်။

## အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှု ဇယား

EMB တစ်ခု၏ အတွင်းပိုင်းဆိုင်ရာ လုပ်ငန်းလုပ်ဆောင် ဆက်နွယ်မှုတို့အပေါ် ဆုံးဖြတ်သတ်မှတ်ခြင်းသည် အဆင့်အတန်းမြင့် စီမံကိန်းရေးဆွဲခြင်း၊ ဝန်ဆောင်မှုပို့ဆောင်ခြင်းနှင့် စီမံခန့်ခွဲ ထိန်းချုပ်ခြင်းတို့အပေါ် ထိထိရောက်ရောက် ကိုင်တွယ်အသုံးချနိုင်သော အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှုဇယား (organigram) တည်ဆောက်ရေးက ကပ်ပါလာသည်။ စာမျက်နှာ ၂၁၄-၂၁၈ တွင် သရုပ်ဖော်ပုံ ၃ မှ ၇အထိ တောင်အာဖရိက၊ အာဖဂန်နစ္စတန်၊ နယူးဇီလန်၊ ကော့စတာရီကာနှင့် တွန်ဂါတို့တွင် အသုံးပြုသော organigram များကို ဥပမာအနေနှင့် ပြထားလေသည်။

EMB အနေနှင့်လည်း ၎င်းထံတွင်ကျွမ်းကျင်သူရှိပါက ကိုယ်ပိုင်အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံကို ဒီဇိုင်းရေးဆွဲနိုင်သည်။ သို့မဟုတ် ၎င်းအနေနှင့် ကျွမ်းကျင်သော အတိုင်ပင်ခံသို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အခြား EMB မှ ကူညီရန်အတွက် ဌားရမ်းနိုင်လေသည်။ EMB တစ်ခု သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်အနေနှင့် ၎င်း၏လုပ်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံသူတို့ ပါဝင်ပတ်သက်မှုကို မြှင့်တင်နိုင်ရေးအတွက် ၎င်း၏ အဖွဲ့အစည်းဆိုင်ရာ ဇယားအပေါ် အကျယ်တဝင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်သည်။ ရင်းနှီးမြှုပ်နှံသူများ ပါဝင်လာခြင်းသည် EMB အနေနှင့် အတွင်းပိုင်းမှ စီမံခန့်ခွဲရေးဆိုင်ရာ လိုအပ်ချက်ထက် အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှုကို စစ်ဆေးသုံးသပ်စဉ် သို့မဟုတ် တည်ထောင်စဉ်တွင် ပြင်ပမှ ဝန်ဆောင်မှုဆိုင်ရာပေးပို့မှုကို မျှော်လင့်သည်ဟူသောအချက်ကို အသေအချာ ပြောဆိုနိုင်စေလေသည်။

ဝန်ထမ်းရာထူးနေရာတော်တော်များများကိုလည်း ဖန်တီးရမည်ဖြစ်ပြီး ၎င်းတို့၏ ရာထူးအကြီးအငယ်နှင့် ၎င်းတို့၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆက်ဆံမှုများသည်လည်း EMB ၏ အာဏာတာဝန်ကို ထိထိရောက်ရောက် ဖြည့်စွမ်းနိုင်ရန်အတွက် မည်သည့်အရာတို့ လိုအပ်သည်ဟူသောအချက်ကို မူတည်ပြီး ဆုံးဖြတ်သတ်မှတ်မည်ဖြစ်သည်။ စံပြပြောဆိုရလျှင် ထိုတည်ဆောက်မှုသည် ဝန်ထမ်းများ၏ ရရှိနိုင်သော အရည်အချင်းထက် EMB ၏ လုပ်ငန်းစဉ်နှင့် လုပ်ဆောင်ချက်များအပေါ်တွင် ရောင်ပြန်ထင်ဟပ်စေရ

မည်ဖြစ်သည်။ ထိုချဉ်းကပ်နည်းစနစ်သည် တင်းကြပ်သော ပြည်သူ့ဝန်ထမ်းဌာနဝန်ထမ်း ခန့်အပ်မှု မူဘောင်အပေါ်တွင် လုံးလုံးလျားလျား မှီခိုနေရသော EMB များအတွက် ပိုမိုခက်ခဲစေလိမ့်မည်။

အဖွဲ့အစည်းဆိုင်ရာ ဇယားတစ်ခုရေးဆွဲတည်ဆောက်ရာတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆက်လက်လည်ပတ်နေစေရန် ထိန်းသိမ်းထားနိုင်ခြင်းသည်လည်း အဓိကကျသော ထည့်သွင်းစဉ်းစားရမည့် အချက်ဖြစ်သည်။ EMB ၏ လုပ်ဆောင်ချက်၏ ကြာချိန်သည်လည်း လုပ်ဆောက်ချက် အရေးကြီးသကဲ့သို့ပင် အရေးကြီးသည်။ ၎င်းတို့တွင် အမြဲတမ်းအခြေခံအဆင့်တွင် ပုံသေဝန်ထမ်းလိုအပ်သည်ဟု ထင်နိုင်စရာရှိသော စစ်ဆေးသုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ အခြေခံစီမံခန့်ခွဲရေးဆိုင်ရာရွေးကောက်ပွဲ စီမံကိန်းချခြင်းနှင့် ပြင်ဆင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များရှိသည်။ EMB အနေနှင့်လည်း လက်ရှိလုပ်ဆောင်နေသော အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကိစ္စရပ်များလိုအပ်သော အခြားသော လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ဆောင်ချက်များ ရှိကောင်းရှိနိုင်သည်။ ဥပမာအားဖြင့် မဲဆန္ဒရှင်နှင့် ပါတီမှတ်ပုံတင်ရေးကဲ့သို့သော ကိစ္စများ၊ ဘဏ္ဍာငွေများကို စောင့်ကြည့်ခြင်းနှင့် မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် သတင်းအချက်အလက်မျှဝေခြင်းတို့ဖြစ်သည်။ ၎င်းတို့ထံတွင် နှိုင်းရအားဖြင့် ဆက်တိုက်လုပ်ရန်လိုအပ်သော တာဝန်အနည်းငယ်ရှိနေလျှင်ပင် EMB အနေနှင့် လှုပ်ရှားမှုဆိုင်ရာ ထိပ်တန်းအခြေအနေများကို ထိရောက်စွာကိုင်တွယ်ရန်အတွက် လုပ်ဆောင်ချက်များ အားလုံးထဲမှ အင်အားကောင်းကောင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ပုံသေခန့်အပ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုကို ထိန်းသိမ်းထားခြင်းကြောင့် အကျိုးကျေးဇူးရနိုင်လေသည်။

EMB အဖွဲ့အစည်းဆိုင်ရာ ဇယားအပေါ်တွင် ရာထူးနေရာများ အလွန်အမင်း အများအပြားတည်ဆောက်လိုက်ခြင်းသည် ပြည်သူလူထု၏ ဝေဖန်ခံရနိုင်မှုကို မြင့်တက်စေလေသည်။ အထူးသဖြင့် ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခုကြားကာလများတွင်ဖြစ်သည်။ ပြည်သူများအနေနှင့် EMB ဝန်ထမ်းများ ဘာတာဝန်ထမ်းဆောင်နေသည် ဆိုသည်ကို ပုံဖော်ရန်ခက်ခဲသွားသည်။ ညီတူမျှတူပြောရလျှင် လူနည်းသောဖွဲ့စည်းတည်ဆောက်ပုံတစ်ခုကို ထိန်းသိမ်းထားခြင်းသည်လည်း လုပ်စရာနည်းသောကာလများတွင် ထိရောက်မှု မြင့်တက်စေနိုင်သော်လည်း တိုးတက်မှုနှင့် စဉ်ဆက်မပြတ်လည်ပတ်နိုင်မှုတို့ကို ထိခိုက်စေနိုင်သည်။ "နည်းပါသော" ဝန်ထမ်းခန့်အပ်မှုဆိုင်ရာ စီမံကိန်းကို အကောင်အထည်မဖော်မီတွင် အလုပ်အများဆုံးသောကာလများတွင် ထပ်တိုးဝန်ထမ်းရရှိနိုင် ချေပမာဏနှင့် ဝန်ထမ်းအသစ်များကို လေ့ကျင့်သင်ကြားမှုလုပ်ပေးရန်အတွက် ဌာနတွင်းမှ စွမ်းဆောင်နိုင်သော ပမာဏကို သေသေချာချာ သုံးသပ်သင့်သည်။ ထိုရှုထောင့်မှကြည့်လျှင် ပမာဏများသော လုပ်ငန်းခွင်တာဝန်များကို ကိုင်တွယ်နိုင်ရန် ထပ်တိုးပြည်သူ့ဝန်ထမ်းဌာနဆိုင်ရာများကို ယူနိုင်သော EMB များ အထူးသဖြင့် အစိုးရနှင့်ပုံစံအရော EMB များသည် ထိရောက်မှုနှုန်း ထိပ်တန်းတွင် စဉ်ဆက်မပြတ်ရှိနေစေရန်အတွက် တာဝန်ချမှတ်ထားသင့်သည်။

---

EMB ဝန်ထမ်းခန့်အပ်မှုများ၏ ပမာဏနှင့် အရည်အသွေးသည် EMB ၏ ဗျူဟာ စီမံကိန်းမှ လိုအပ်သော ရလဒ်၊ အားစိုက်ထုတ်မှုတို့နှင့် ကိုက်ညီသင့်သည်။

---

## *အဖွဲ့အစည်းဆိုင်ရာဇယား တည်ဆောက်ပုံ*

အဖွဲ့အစည်းဆိုင်ရာဇယားတစ်ခု တည်ဆောက်ခြင်းနှင့်ဆိုင်သော လုပ်ငန်းတာဝန်သည် EMB ဘက်မှ

- EMB သို့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်မှပေးသော အာဏာ၊ လုပ်ဆောင်ချက်နှင့် တာဝန်၊
- ထိုတာဝန်များကို အကောင်အထည်ဖော်ရန် လိုအပ်သော ကာလကြာချိန်၊
- လုပ်ဆောင်ချက် သို့မဟုတ် တာဝန်များကို ထမ်းဆောင်ရန်အတွက် လိုအပ်သော ပုံသေခန့်အပ်ဝန်ထမ်းပမာဏ ၊
- လုပ်ငန်းတာဝန်များပြားသော အချိန်များတွင် ဖြေရှင်းရန်အတွက် လိုအပ်သော ယာယီဝန်ထမ်းနှင့် အကြံပေးပုဂ္ဂိုလ်တို့၏ အရေအတွက်နှင့် ပမာဏ၊
- သတ်မှတ်ထားသော လုပ်ဆောင်ချက်နှင့် တာဝန်တို့အား လုပ်ဆောင်ရန်အတွက် လိုအပ်သော အရည်အသွေး ပြည့်မီမှုနှင့် အတွေ့အကြုံပမာဏ၊
- EMB အဆင့်ဆင့် စီမံခန့်ခွဲ အုပ်ချုပ်ပုံတွင် မည်သူကမည်သူ့ကို အစီရင်ခံခွင့် ရှိကြောင်းနှင့်
- ဒေသဆိုင်ရာ တည်နေရာများတွင် ပုံသေ သို့မဟုတ် ယာယီ ရာထူးများ ခန့်အပ်ရန် လိုအပ်ချက် အပါအဝင် EMB အဆင့် အမျိုးမျိုးအကြား ဆက်ဆံရေးနှင့် EMB တည်နေရာအမျိုးမျိုးကြားနှင့် အတွင်းရှိ ယုံကြည်စိတ်ချရနိုင်မှု၏ အဆင့်ဆင့်အုပ်ချုပ်ပုံတို့နှင့် တည်ဆောက်ပုံတို့အား သတ်မှတ် အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်သည်။

## *စံပြ အထွေထွေအတွင်းရေးမှူးရုံး တည်ဆောက်ပုံ*

EMB တည်ဆောက်ပုံများသည် ရှုပ်ထွေးပွေလီသော သို့မဟုတ် ပဋိပက္ခဖြစ်စေသော လက်တွေ့ဘဝရှိ အခြေအနေများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လုံလောက်သော ကြံ့ခိုင်မှုရှိရမည်။ EMB အတွက် အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှုများတွင် ဖြစ်နိုင်ချေရှိသော ပွားများနိုင်မှုများရှိစေကာမူ၊ ယခုအရာများသည် အထွေထွေအတွင်းရေးမှူးဌာနတစ်ခု တည်ဆောက်ရာတွင် ထည့်သွင်းစဉ်းစားသင့်သော ယေဘုယျအချက်အလက်အချို့ဖြစ်သည်။

၁။ အရည်အသွေးကောင်းမွန်သော အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှုများ (စီမံခန့်ခွဲရေး အဆင့်များ နည်းသွားသည်) သည် ဝန်ဆောင်မှုများကို ပို၍မြန်မြန်ပေးနိုင်သည်၊ မကြာခဏဆိုသလို ပို၍လည်း ထိထိရောက်ရောက်လုပ်ပေးနိုင်ပြီး မထိရောက်သော အဖွဲ့အစည်း တည်ဆောက်မှုကြီးကို လျှော့ချပစ်နိုင်သည်။

၂။ ဖွဲ့စည်းတည်ဆောက်ပုံများသည် EMB ၏ ဗျူဟာစီမံကိန်းနှင့် ရှင်းရှင်းလင်းလင်း ချိတ်ဆက်ထားပါက အထိရောက်ဆုံးဖြစ်သည်။

၃။ ရင်းနှီးမြှုပ်နှံသူများထံသို့ ဝန်ဆောင်မှုပေးရေးကို အာရုံစိုက်သော ပြင်ပအာရုံစိုက်တည်ဆောက်မှုများသည် စီမံခန့်ခွဲရေး သို့မဟုတ် အထောက်အပံ့ပေးရေး လုပ်ဆောင်ချက်များကို အာရုံစိုက်သော အတွင်းအာရုံစိုက် တည်ဆောက်မှုများထက် ပိုကောင်းသည်။

၄။ တည်ဆောက်ပုံများအနေနှင့် EMB အတွင်းတွင် အထက်အောက်ရော ရာထူးတူ အချင်းချင်း ဆက်သွယ်ခြင်း နှစ်ခုလုံးကို အသုံးပြုသင့်သည်။

၅။ ရှင်းလင်းသော လုပ်ငန်းအားစိုက်ထုတ်မှု မျှော်မှန်းချက်များနှင့် ဝန်ဆောင်မှုအတွက် တာဝန်ခံမှုများသည် အဖွဲ့အစည်းဆိုင်ရာ အသင်းတစ်ခုစီအတွက် ပုံဖော်ရေးဆွဲထားသင့်သည်။

၆။ တည်ဆောက်မှုများသည်လည်း ကော်ပိုရိတ် ဝန်ဆောင်မှု (ဥပမာအားဖြင့် ဘဏ္ဍာရေးနှင့် ကိုယ်စားလှယ်ဆိုင်ရာ) နယ်ပယ်များဖြင့် လုပ်ငန်းဆိုင်ရာ နယ်ပယ်များကို အထောက်အပံ့ပေးမှုကို မြှင့်တင်သင့်သည်

၇။ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့် ပြုပြင်ခြင်းဟူသော ရွေးကောက်ပွဲဆိုင်ရာ လည်ပတ်မှု၏ လုပ်ဆောင်ချက်ဆိုင်ရာ ထင်ရှားမှုကို ရရှိထားသောကြောင့် ၎င်းအနေနှင့် EMB တည်ဆောက်မှု၏ အထောက်အပံ့နှင့် ထင်ဟပ်မှုကိုပြသသည်ဟု ပြောပြနိုင်သည်။

၈။ ထိုအချက်နှင့် တစ်ပေါင်းတည်းအဖြစ် အထွေထွေအတွင်းရေးမှူးဌာန တည်ဆောက်ပုံကို ဖြတ်သန်းကာ အထွေထွေအတွင်းရေးမှူးဌာန၏ ခေါင်းဆောင် သို့မဟုတ် EMB အဖွဲ့ဝင်များကို တိုက်ရိုက်အစီရင်ခံစာတင်သော လွတ်လပ်သော အတွင်းပိုင်းရှိ စာရင်းစစ် အစီအစဉ်သည် ဂုဏ်သိက္ခာရှိခြင်းနှင့် ရိုးသားမှုအတွက် သေချာစေသည်။

အာဏာဗဟိုပြုခြင်းကင်းသော EMB များအနေနှင့် ဒေသဆိုင်ရာ ရုံးများ၏ တာဝန်ယူနိုင်မှုနှင့် ဆိုင်သော တည်ဆောက်ပုံကို ဆုံးဖြတ်သတ်မှတ်သင့်သည်။ ၎င်းတို့အနေနှင့် EMB အဖွဲ့ဝင်များထံသို့ တိုက်ရိုက်အစီရင်ခံစာ တင်သလော သို့မဟုတ် အမျိုးသား အထွေထွေအတွင်းရေးမှူးဌာန၏ ခေါင်းဆောင်ထံသို့ တင်သလော၊ မည်သည့်လမ်းကြောင်းက ပို၍လုပ်ရိုးလုပ်စဉ် ဖြစ်သနည်း။ ဒေသဆိုင်ရာနှင့် အောက်အဆင့်များ နှစ်ခုစလုံးတွင် ခန့်အပ်ထားသော ဒေသဆိုင်ရာ EMB နှင့် EMB အထွေထွေအတွင်းရေးမှူးဌာနများရှိသော တည်ဆောက်ပုံတစ်ခုကို ဥပဒေဆိုင်ရာ မူဘောင်မဖွင့်ဆိုရှင်းပြ ထားပါက ထိုအခြေအနေမှာ ပို၍ရှုပ်ထွေးသွားနိုင်သည်။ ထိုကဲ့သို့သော ပြဿနာမျိုး အင်ဒိုနီးရှားတွင်လည်း ဖြစ်ပွားခဲ့ဖူးလေသည်။ ခန့်အပ်ထားသော ဒေသဆိုင်ရာ EMB အဖွဲ့ဝင်များက သူ့ထက် ပထဝီဝင်အနေအထားအရ တစ်ဆင့်မြင့်သော EMB အဖွဲ့ဝင်များထံသို့ အဆင့်ဆင့် အစီရင်ခံစာတင်၍ ဒေသဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာနက နောက်တစ်ဆင့်မြင့်သော EMB အထွေထွေ အတွင်းရေးမှူးဌာနခေါင်းဆောင်ထံသို့ အစီရင်ခံစာတင်သည်။ ထိုကဲ့သို့ ရှုပ်ထွေးလှပြီး ခွဲခြားထားသော အစီရင်ခံစာတင်ပုံတို့သည် ဝန်ထမ်းတို့အား မည်သူက နောက်ဆုံး ဆုံးဖြတ်ချက်ချသနည်းဟူသောအချက်ကို ရှုပ်ထွေးစေသည်။

လွတ်လပ်သောပုံစံ သို့မဟုတ် ပုံစံအရောတို့ကို သုံးသောအခါ မည်သည့် မူဝါဒချမှတ်ရေး/ကြီးကြပ်ရေးဆိုင်ရာ EMB အဖွဲ့ဝင် တစ်ဦးများက အထွေထွေအတွင်းရေးမှူးဌာနနှင့် ၎င်း၏ဝန်ထမ်းများနှင့် အဆက်အဆံလုပ်မည်ဟူသော နည်းလမ်းကို ရှင်းပြထားခြင်းရှိရမည်။ အကယ်၍ မူဝါဒချမှတ်ရေးဆိုင်ရာဌာနက အားလုံးတညီတည်း ဆုံးဖြတ်ချက်ချပြီး အထွေထွေအတွင်းရေးမှူးဌာနခေါင်းဆောင်ကို လက်တွေ့အကောင်အထည်ဖော်ရန် ဆက်သွယ်လိုက်သောအခါ မည်သူတာဝန်ရှိ သနည်းဟု ရှုပ်ထွေးစရာဖြစ်ပေါ်နိုင်ချေကို လျှော့ချပစ်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ မူဝါဒချမှတ် လုပ်ဆောင်ရေး အဖွဲ့ဝင်များသည် အဓိကကျသော လုပ်ရှားမှုများအတွက် မတူညီကွဲပြားသော တာဝန်များပေးအပ်ခြင်းခံရလျှင် ၎င်းတို့၏ တာဝန်အခန်းကဏ္ဍများသည် အထွေထွေအတွင်းရေးမှူးဌာန တွင်ပါဝင်သော ခေါင်းဆောင်များ၏ တာဝန်နှင့် သွားရောက်ငြိစွန်းနိုင်သော အန္တရာယ်ရှိသည်။ ထိုကဲ့သို့သော အခြေနေသည် မူဝါဒချမှတ်ရေးဌာန၌ သို့မဟုတ် ဌာနတွင် နိုင်ငံရေးပါတီကိုယ်စားလှယ်များရှိနေပါကပြဿနာဆီသို့ ဦးတည်သွားနိုင်လေသည်။

အချို့သော EMB များသည် အပိုင်းနှစ်ပိုင်းခွဲခြားထားလေသည်။

၁။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ : မဲဆန္ဒရှင် မှတ်ပုံတင်ခြင်း၊ နယ်နိမိတ်များအား ကန့်သတ်သတ်မှတ်ခြင်း၊ မဲပေးခြင်းနှင့် မဲရေခြင်းတို့ကို လုပ်ဆောင်ခြင်း၊ ပါတီနှင့် အမတ်လောင်းများအား မှတ်ပုံတင်ခြင်း ရွေးကောက်ပွဲဆိုင်ရာလေ့ကျင့်သင်ကြားရေးနှင့် တိုးတက်ထူထောင်ခြင်း၊

သုတေသနပြုခြင်း၊ ဝန်ဆောင်မှုနှင့် ထုတ်ဝေဖြန့်ချိမှုများနှင့် ဥပဒေရေးရာကိစ္စများ အစရှိသော အပိုင်းခွဲများပါ ပါဝင်လေပြီး

၂။ ကော်ပိုရိတ် ဝန်ဆောင်မှုများ : ဘဏ္ဍာငွေကြေး စီမံခန့်ခွဲမှုများ၊ လူသားအရင်းအမြစ် စီမံခန့်ခွဲမှုများ ၊ ဗဟုသုတဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် IT တည်ဆောက်ပုံဆိုင်ရာ စီမံခန့်ခွဲမှုများ ကဲ့သို့သော အပိုင်းခွဲများကို တာဝန်ယူခြင်းပါ ပါဝင်သည်။

မည်သို့ပင်ဆိုစေကာမူ အချို့သော အစီအစဉ်များသည် အထက်ပါအပိုင်းနှစ်ပိုင်းလုံးတွင် လွယ်လွယ်ကူကူ မဝင်သည်တို့ရှိသည်။ ဥပမာအားဖြင့် ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံရေး၊ နိုင်ငံတကာဆိုင်ရာ ဆက်ဆံရေးနှင့် EMB အဖွဲ့ဝင်များအတွက် အထောက်အပံ့ပေးခြင်းဆိုင်ရာ အစရှိသည်တို့ဖြစ်ကာ အထွေထွေ အတွင်းရေးမှူးဌာန၏ ခေါင်းဆောင်အရာရှိနှင့် တိုက်ရိုက်ချိတ်ဆက်ထားကောင်း ထားနိုင်လေသည်။ စာရင်းစစ်ရလဒ်များနှင့် အကဲဖြတ်ချက်များသည် EMB အဖွဲ့ဝင် သို့မဟုတ် ဥက္ကဋ္ဌထံသို့ တိုက်ရိုက် အစီရင်ခံစာတင်ခြင်းသည် လွတ်လပ်သော EMB ပုံစံအရောအောက်ရှိ ပါဝင်ဖွဲ့စည်းထားသော EMB တို့အောက်တွင် ဖြစ်နိုင်သော်လည်း အစိုးရပုံစံ သို့မဟုတ် ပုံစံအရောအောက်တွင်မူ EMB ၏ အုပ်ချုပ်ရေးမှူး အရာရှိထံသို့ တင်ပြခြင်းမှာ ပိုဖြစ်နိုင်သည်။

ထိုကဲ့သို့ နှစ်ပိုင်းခွဲထားသော တည်ဆောက်ပုံမှာ မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲပတ်ဝန်းကျင်အနေထားနှင့်ကွက်တိပုံစံမကျနိုင်ပါ။ EMB များမှာ သတ်မှတ်ထားသော သင့်တော်သည့် ဖွဲ့စည်းတည်ဆောက်ပုံဟူသည်မှာ ကွာခြားချက်များစွာရှိနေလေသည်။ အချို့သောအချက်များမှာ ဖြစ်ရပ်များကို လေ့လာရာတွင် ထည့်သွင်းပါဝင်ပြီးဖြစ်သည်။ သင့်တော်သော ဖွဲ့စည်းတည်ဆောက်ပုံအတွက် အကဲဖြတ်ဆုံးဖြတ်ရာတွင် EMB တစ်ခုချင်းစီက ပတ်ဝန်းကျင်၊ အစီအစဉ်လုပ်ဆောင်ပုံ၊ ဦးစားပေးအဆင့်များနှင့် ဗျူဟာများကို စိတ်ထဲထည့်ပြီး လုပ်ရမည်ဖြစ်သည်။

## ဗျူဟာစီမံကိန်းရေးဆွဲခြင်း

ဗျူဟာစီမံကိန်းရေးဆွဲခြင်းသည် EMB၏ တရားဥပဒေအရ ဖွင့်ဆိုထားသော တာဝန်ဝတ္တရားများအပေါ် အခြေခံထားသော သဘောတူလက်ခံထားသည့် ပန်းတိုင်လုပ်ဆောင်ချက်များကို ရရှိရန်အတွက် EMB ၏ အားစိုက်ထုတ်မှုများအပေါ် ကို စူးစိုက်ရာတွင် အခြေခံကျသော ခြေလှမ်းဖြစ်သည်။ စီမံကိန်းဗျူဟာဆိုသည်မှာ EMB၏ လှုပ်ရှားမှုများရွေ့လျားပုံတို့၏ အခြေခံဆုံးဖြတ်ချက်မှလာသော စီမံခန့်ခွဲရေးဆိုင်ရာ ကိရိယာတစ်မျိုးဖြစ်သည်။ လုပ်ဆောင်ချက်များကို စီမံကိန်းရေးဆွဲပြီး ဦးစားပေးစီစဉ်ခြင်း၊ အရင်းအမြစ်များကို ခွဲဝေပေးခြင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ စံနှုန်းများသတ်မှတ်ပေးခြင်းတို့ ဖြစ်သည်။ စီမံကိန်းဗျူဟာသည် EMB အား ဝန်ဆောင်မှုနှင့်အဖွဲ့အစည်းဆိုင်ရာ အင်အားတောင့်တင်းမှု၊ ပေါင်းစည်းမှုနှင့် တိုးတက်မှုဖြစ်စေရန်အတွက် ပုံစံချပေးလေသည်။ ၎င်းကလည်း EMB ကို ပြောင်းလဲနေသော ပတ်ဝန်းကျင်တွင် လည်ပတ်နိုင်ရန်နှင့် နားလည်နိုင်ရန်အတွက် ကူညီပေးလေသည်။

စီမံကိန်းဗျူဟာဆိုသည်မှာ EMB ၏ရပ်တည်ချက်များ၊ တာဝန်များနှင့် အကြောင်းပြချက်များ အတွက် မှတ်တမ်းတစ်ခုလိုရပ်တည်သော အများပြည်သူသိရှိနိုင်သော စာတမ်းတစ်ခုဖြစ်သည်။ ထိုအရာသည် EMB အား သတ်မှတ်ထားသော အချိန်တစ်ခုအတွင်း လမ်းညွှန်ပြီး အားအင်လှုံ့ဆော်ပေးသော လမ်းပြမြေပုံတစ်ခုလည်းဖြစ်ကာ ၎င်း၏စွမ်းဆောင်ရည်ကို တိုင်းတာသော ရင်းနှီးမြှုပ်နှံသူတို့အပေါ်တွင်လည်း မှတ်သားသူ ပြန်လုပ်လေသည်။

စီမံကိန်းဗျူဟာ မရှိသော EMBတစ်ခုသည် သံလိုက်အိမ်မြှောင် မပါသော လေယာဉ်မှူးကဲ့သို့ပင် ဖြစ်လေသည်။

ထိရောက်သော EMB စီမံကိန်းဗျူဟာတစ်ခုသည် ပွင့်လင်းသော၊ ဒီမိုကရေစီကျကာ တာဝန်ခံနိုင်သော အဖွဲ့အစည်းတစ်ခုကို ချမှတ်ပေးနိုင်လေသည်။ ၎င်းသည် EMB ၏ ရထားသော လုပ်ပိုင်ခွင့်နှင့်လည်းကိုက်ညီပြီး အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေတို့၏ မူဘောင်အတွင်းတွင် အကောင်အထည်ဖော်ထားခြင်း ဖြစ်သည်။ ၎င်းကလည်း EMB၏ တာဝန်စွမ်းဆောင်ရည်ကို ထိခိုက်နိုင်သော အရာများဖြစ်သော စည်းမျဉ်းဆိုင်ရာ လုပ်ရှားမှုများ၊ နည်းပညာများ၊ ပဋိပက္ခဖြစ်ပွားနိုင်မှုများ၊ ရင်းနှီးမြှုပ်နှံသူတို့၏ ပါဝင်ပတ်သက်မှု သို့မဟုတ် မဲဆန္ဒရှင်တို့၏ မသိနားမလည်မှုနှင့် EMB နှင့် အစိုးရတို့၏ ဆက်ဆံရေးများကိုပါ ထည့်တွက်လေသည်။

EMB၏ စီမံကိန်းဗျူဟာတစ်ခုတွင် နိုင်ငံတစ်ခု၏ ရွေးကောက်ပွဲလည်ပတ်ပုံ တစ်ခုမကပါဝင်နေခြင်းသည် လုပ်ရိုးလုပ်စဉ်တော့ မဟုတ်ချေ။ ရွေးကောက်ပွဲပြီး သုံးသပ်ချက်ရလဒ်များသည် ရွေးကောက်ပွဲ စီမံခန့်ခွဲသော ပတ်ဝန်းကျင်အပေါ်တွင် မူတည်ပြီး သိသိသာသာပြောင်းလဲသွားနိုင်သောကြောင့် ဖြစ်သည်။ စီမံကိန်းဗျူဟာသည်လည်း ပြင်မရ၊ ပြောင်းမရအောင် လုပ်ထားခြင်းမဟုတ်ချေ။ ၎င်းသည်လည်း လက်တွေ့ကျသော၊ ဗျူဟာလမ်းညွှန်ဖြစ်ပြီး ပြင်ပ သို့မဟုတ် အတွင်းပိုင်းဆိုင်ရာ ပတ်ဝန်းကျင်တို့ရှိ သိသာထင်ရှားသော အပြောင်းအလဲတို့က ပြန်လည်ထပ်ကျော့လိုသော ဗျူဟာလိုလာပါက ဆင့်ကဲတိုးတက်ပြောင်းလဲပေးရမည်သာ ဖြစ်သည်။

ယခုအချိန်ထိလည်း စီမံကိန်းဗျူဟာအနေနှင့် ကမ္ဘာအနှံ့ အင်တာနက်သုံးနှုန်းမြင့်တက်လာမှု သို့မဟုတ် နိုင်ငံပြင်ပမှ မဲပေးမှုများ တောင်းခံမှုမြင့်တက်လာခြင်းကဲ့သို့သော ရွေးကောက်ပွဲပတ်ဝန်းကျင်က လွယ်လွယ်ကူကူပင် ရွေးကောက်ပွဲများကျင်းပသော အကြောင်းအရာပုံစံကို ပြောင်းပစ်လိုက်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ အချက်များကို ထည့်တွက်ရန် အတွက်လည်း အရေးကြီးသည်။ စာမျက်နှာ ၂၁၃ ရှိ သရုပ်ဖော်ပုံအမှတ် ၈ သည်လည်း စီမံကိန်းဗျူဟာနှင့် ပတ်သက်သော တိကျရှင်းလင်းသည့် အတိုချုံး ဥပမာတစ်ရပ်ဖြစ်ကာ ဩစတြေးလျ EMB က တည်ထောင်ထားခြင်းဖြစ်သည်။

စီမံကိန်းဗျူဟာ၏ အခြေခံအချက်အလက်များမှာ

၁။ ရည်မှန်းချက် : EMB ဖြစ်လိုသော အရာများ
၂။ ရည်ရွယ်ချက် ၊ လမ်းစဉ် သို့မဟုတ် တာဝန် : EMB၏ အခြေခံ စူးစိုက်လိုသော အချက်များ
၃။ တန်ဖိုး : EMB၏ လှုပ်ရှားမှုများကို အခြေခံသော ကျင့်ဝတ်အယူများ။ ဥပမာအားဖြင့် ဘက်မလိုက်မှု၊ တာဝန်ယူမှု၊ လွတ်လပ်မှု၊ ပညာရှင်ဆန်မှု၊ ထိရောက်မှု၊ မျှတမှုနှင့် ဝန်ဆောင်မှုကို အာရုံစိုက်မှုတို့ဖြစ်သည်။
၄။ ရလဒ်နှင့် စူးစိုက်ချက်များ : EMB ၏ ရယူလိုသော အချက်များ
၅။ အဓိကကျသော ရလဒ်များ : EMB အနေနှင့် ၎င်း၏ ပတ်ဝန်းကျင်အပေါ်တွင် ရှိစေလိုသော အကျိုးသက်ရောက်မှုများ
၆။ လက္ခဏာများ : EMB အနေနှင့် ၎င်းရည်ရွယ်ထားသော ရလဒ်များကို မည်မျှကောင်းကောင်းရယူထားနိုင်ပြီဆိုသောအချက်ကို ကူညီဆုံးဖြတ်ရန်အတွက် ကူညီပေးသောတိုင်းတာရေး ဆိုင်ရာ ပန်းတိုင်များ

၇။ EMB အချက်အလက်များ : EMB ၏ တည်ထောင်မှု၊ တည်ဆောက်ပုံ၊ ဖွဲ့စည်းပုံနှင့်

၈။ စွမ်းဆောင်ရည် စီမံခန့်ခွဲမှု ဗျူဟာ : EMB အနေနှင့် မည်ကဲ့သို့ လူတစ်ဦးချင်း အုပ်စုနှင့် အသင်းအဖွဲ့ဆိုင်ရာ စွမ်းဆောင်ရည်များကို စည်းစည်းလုံးလုံး၊ စနစ်ကျကျနှင့် ကြာရှည်ခံနိုင်သော နည်းစနစ်နှင့် မည်ကဲ့သို့ မြှင့်တင်မည်ဆိုသော နည်းလမ်း

EMB တစ်ခုအား ၎င်း၏ အားသာချက်၊ အားနည်းချက်များ၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှုများကို ခွဲခြားစိတ်ဖြာ ဝေဖန်ခြင်းသည် ဗျူဟာစီမံကိန်းကို တိုးတက်အောင် လုပ်ဆောင်ရာတွင် အရေးကြီးသော အရာတစ်ခုဖြစ်နိုင်သည်။ ရရှိအောင်မြင်လာသော အရာများကို အဆင်ပြေပြေ သုံးသပ်အကဲဖြတ်မှုလုပ်နိုင်ရန် စီမံကိန်းဗျူဟာဆိုင်ရာ ရည်ရွယ်ထားသော ရလဒ်များအပေါ် အခြေအနေနဲ့ သက်ဆိုင်သော အချက်အလက်များကို ခွဲခြားသတ်မှတ်ခြင်းဖြစ်သည်။ ထိုသတ်မှတ်ထားသော အခြေအနေများတွင် ရင်းနှီးမြှုပ်နှံသူများ၏ ပါဝင်ပတ်သက်မှု၊ စီမံကိန်းဗျူဟာကို အထောက်အပံ့ပြုရန် လုံလောက်သော ဖွဲ့စည်းတည်ဆောက်ပုံနှင့် အရည်အချင်းရှိပြီး အရည်အသွေးပြည့်မီသော ဝန်ထမ်းများကို စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ တိတိကျကျသတ်မှတ်ထားသော အဆင့်အမျိုးမျိုး ပါဝင်နိုင်သည်။ တိုင်းပြည် တစ်ပြည်ချင်းစီသည် ထူးခြားကွဲပြားသော အခြေအနေများရှိနိုင်သည်။ ဥပမာအားဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်သော EMB ၏ အားစိုက်ထုတ်နိုင်မှု၊ ဥပမာအားဖြင့် တိုင်းရင်းသားပြဿနာများ သို့မဟုတ် ၎င်း၏ဝန်ထမ်းများအပေါ် HIV/AIDS ၏ သက်ရောက်မှု အစရှိသည်တို့ဖြစ်သည်။

စီမံကိန်းဗျူဟာကို တိုးတက်စေရန်၊ စောင့်ကြည့်ရန်နှင့် သုံးသပ်ချက်ထုတ်ရန်အတွက် ၎င်း၏ ရင်းနှီးမြှုပ်နှံသူများနှင့် EMB ဘက်မှ တိုင်ပင်ဆွေးနွေးမှုပြုရန် အရေးတကြီးလိုအပ်သည်။ ထိုအချက်က EMB ၏စိန်ခေါ်မှုများနှင့် အားသာချက်များအပေါ် ရင်းနှီးမြှုပ်နှံသူတို့သိရှိစေပြီး လက်ခံနိုင်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ ပြီးနောက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့အပေါ်တွင် ၎င်းတို့၏ လက်ခံနိုင်စွမ်းကို ယေဘုယျအားဖြင့် မြင့်တက်စေနိုင်သည်။ ထိုအချက်ကလည်း EMB ရင်းနှီးမြှုပ်နှံသူများ၏ မျှော်လင့်ချက်များနှင့် ဦးစားပေးအချက်အလက်များကိုသိရှိရေးကို မြှင့်တင်နိုင်လေသည်။

## လုပ်ငန်းစဉ်ဆိုင်ရာ စီမံကိန်းချခြင်း

လုပ်ငန်းစဉ်ဆိုင်ရာ အယူအဆများသည် စီမံကိန်းဆိုင်ရာဗျူဟာအောက်တွင် လုပ်ငန်းစဉ်ကို စီမံကိန်းချနိုင်ရန်အတွက် မူဘောင်ချမှတ်ပေးသည်။ လုပ်ငန်းစဉ်၏ အယူအဆများကို ရွေးကောက်ပွဲလည်ပတ်ပုံနှင့် ပေါင်းစည်းနိုင်ရန် အရေးကြီးသည်။ ပြီးနောက်တွင် လည်ပတ်ပုံ၏ တစ်ဆင့်ချင်းစီနှင့် လုပ်ငန်းဆိုင်ရာစီမံကိန်းကိုတို့ ချိတ်ဆက်နိုင်ရန်အရေးကြီးသည်။ လုပ်ငန်းဆိုင်ရာ အယူအဆများသည် သင့်တော်ပြီးပုံစံကျနသော ဥပဒေဆိုင်ရာမူဘောင်၊ သဘောသဘာဝနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ နယ်ပယ်တည်ထောင်ရေးကို ထည့်တွက်သည်။ EMB ၏ စီမံကိန်းများအပေါ်ကျရောက်သော မည်သည့် အတားအဆီးကိုမဆို အသိအမှတ်ပြုရန်လိုအပ်ပြီး လုံခြုံရေးနှင့် တည်ငြိမ်ရေးကဲ့သို့သော ကိစ္စများတွင် အယူအဆများကို လက်တွေ့ကျရန်နှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေး၊ ပြင်ဆင်ရေးနှင့် ရွေးကောက်ပွဲကျင်းပရေးကိုလည်း သက်ရောက်စေနိုင်သော ကြိုတင်မတွက်ဆနိုင်သည့် နောက်ဆက်တွဲဖြစ်ရပ်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ရင်းနှီးမြှုပ်နှံသူတို့၏ ပြည့်ပြည့်ဝဝ ပါဝင်ပတ်သက်ခြင်းဆိုင်ရာ အရေးကြီးမှုသည်လည်း လုပ်ငန်းပိုင်းဆိုင်ရာ အရေးကြီးသော အယူအဆများတွင် အထူးပြုပြောဆိုသင့်သည်။

ထိရောက်သော အသေးစိတ်စီမံထားနိုင်သော စီမံခန့်ခွဲရေးတစ်ခုအတွက် လုပ်ငန်းပိုင်းဆိုင်ရာ အယူအဆသည်လည်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်ကို အပိုင်းပိုင်းခွဲခြားလိုက်နိုင်လေသည်။

## သရုပ်ဖော်ပုံ ၃ : အမှီအခိုကင်းသော တောင်အာဖရိက ရွေးကောက်ပွဲကော်မရှင်၏ အဖွဲ့အစည်းတည်ဆောက်ပုံ




Source: Website of the Independent Electoral Commission of South Africa <http://www.elections.org.za/content/Dynamic.aspx?id=391&LeftMenuId=79&name=About%20Us&BreadCrumbId=212>, accessed on 12 August 2014.

## သရုပ်ဖော်ပုံ ၄:အာဖဂန် EMB ၏ အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံ




Source: Website of the Independent Election Commission of Afghanistan, <http://iec.org.af/2012-05-29-07-06-38/iec-structure>, accessed 12 August 2014.

## သရုပ်ဖော်ပုံ ၅ : နယူးဇီလန် ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်၏ ဖွဲ့စည်းပုံဇယား




Source: New Zealand Electoral Commission, 2013. <http://www.elections.org.nz/sites/default/files/bulk-upload/documents/electoral_commission_annual_report_2013.pdf>, accessed 12 August 2014.

## သရုပ်ဖော်ပုံ ၆ : ကော့စတာရီကာရှိ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်း တည်ဆောက်ပုံ




Source: Website of the Tribunal Supremo de Elecciones (TSE), <http://www.tse.go.cr/organigrama.htm>, accessed 12 August 2014.

### သရုပ်ဖော်ပုံ ၇ : တွန်ဂါနိုင်ငံရှိ ရွေးကောက်ပွဲစီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်း




Source: ACE Project, <http://aceproject.org/ace-en/topics/em/eme/eme02/eme02d>, accessed 12 August 2014.

ဥပမာအားဖြင့် ဥပဒေရေးရာနှင့် စီမံခန့်ခွဲရေးမူဘောင် တည်ထောင်မှု၊ မဲဆန္ဒရှင်များ မှတ်ပုံတင်ရေးအတွက် ပြင်ဆင်မှု၊ မဲဆန္ဒရှင် မှတ်ပုံတင်ရေး၊ မဲပေးရန်အတွက် ပြင်ဆင်ခြင်းနှင့် မဲရေတွက်ခြင်း၊ အမတ်လောင်းများ မှတ်ပုံတင်ခြင်း နိုင်ငံရေးမဲဆွယ်မှုများ၊ မဲပေးခြင်း၊ ရလဒ်များကို ရေတွက်ခြင်းနှင့် ကြေငြာခြင်းနှင့် ရွေးကောက်ပွဲ နောက်ပိုင်းလုပ်ရပ်များကို လုပ်ဆောင်ခြင်း အစရှိသည်တို့ဖြစ်သည်။ လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ရှားမှုတစ်ခုချင်းစီသည် စီမံကိန်းဗျူဟာ တစ်ခုချင်းစီအတွင်းတွင် ထားရှိသော ရည်ရွယ်ချက်များကို ပစ်မှတ်ထားသင့်သည်။

လုပ်ငန်းပိုင်းဆိုင်ရာများကို စီမံကိန်းရေးဆွဲခြင်းသည် စီမံကိန်းရေးဆွဲရာတွင် ဝန်ထမ်းများနှင့် ဆိုင်သော အကောင်အထည်ဖော်ရေးလှုပ်ရှားမှုများ ပါဝင်လာလျှင် အသင့်တော်ဆုံးဖြစ်သည်။ လုပ်ငန်းပိုင်းဆိုင်ရာ စီမံကိန်းများသည် နှစ်စဉ် သို့မဟုတ် နှစ်ရှည်လုပ်ငန်း ရည်ရွယ်ချက်များထားရှိနိုင်ပြီး နှစ်ဝက်၊ သုံးလတစ်ကြိမ်၊ တစ်လတစ်ကြိမ်နှင့် အပတ်စဉ်အပိုင်းများ ခွဲခြားထားနိုင်လေကာ ထိရောက်သော ရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရရှိနိုင်သောရင်းမြစ်များနှင့် ဥပဒေနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အဆုံးသတ်မှတ်ချက် ပမာဏများကို ထည့်သွင်းသတ်မှတ်ခြင်းဖြစ်သည်။ EMB တစ်ခုချင်းစီ၏ လုပ်ငန်းစဉ်ဆိုင်ရာ စီမံကိန်းများသည် လုပ်ငန်းတစ်ခုချင်းစီအလိုက် အပိုင်းပိုင်းခွဲခြားထားသင့်ပြီး အထွေထွေအတွင်းရေးမှူး အကြီးပိုင်းဝန်ထမ်းများ ကော်မတီမှတစ်ဆင့် ညီညွတ်မျှတအောင် လုပ်ပေးသင့်ကာ EMB အဖွဲ့ဝင်များ၏ ပါဝင်ပတ်သက်မှုနှင့်ဆိုလျှင် ဖြစ်နိုင်ပါသည်။ EMB အဖွဲ့ဝင်ခြင်း၏ လုပ်ငန်းစီမံကိန်း တစ်ခုကို ပုံစံအရလက်ခံအတည်ပြုခြင်းသည် စီမံကိန်း၏ ထင်ရှားမှုဆိုင်ရာတို့ကို အထူးပြုလေသည်။ ပိုင်းခြားထားသော စီမံကိန်းများကိုလည်း အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ မျှော်မှန်းချက်တို့နှင့် ကိုက်ညီကာ EMB ဝန်ထမ်းတစ်ဦးချင်းစီ၏ အရေးပါမှုကို မြှင့်တင်နိုင်ရန်အတွက် လုပ်ငန်းဆိုင်ရာ အုပ်စုများနှင့် လူတစ်ဦးတစ်ယောက်ချင်းစီဆိုင်ရာ အဆင့်တို့အထိ ခွဲခြားထားသင့်ပြီး ဝန်ထမ်းနှင့် လုပ်ငန်းအုပ်စု တာဝန်ထမ်းဆောင်မှုတို့ကို စောင့်ကြည့်မည့် လုပ်ငန်းစဉ်တစ်ခုထားရှိရန် လိုအပ်သည်။

## ရွေးကောက်ပွဲ ပြက္ခဒိန်

ရွေးကောက်ပွဲ ပြက္ခဒိန်၏ အဓိကရည်ရွယ်ချက်မှာ EMB အား ၎င်း၏ စီမံကိန်းများနှင့် ပြင်ဆင်ချက်များကို ဥပဒေနှင့် စီမံခန့်ခွဲရေးမှ ချမှတ်ထားသော အတိုင်းအတာပမာဏများနှင့် ကိုက်ညီကာ အချိန်ကိုက်ဖြစ်စေရန် ကူညီရေးဖြစ်သည်။ ထိုပြက္ခဒိန်မှ ပြည်သူ၊နိုင်ငံရေးပါတီများနှင့် မီဒီယာတို့ကိုအရေးကြီးသောနေ့များကို အသိပေးမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုနှင့် EMB ၏ ပြည်သူမှသတ်မှတ်သော ပုံရိပ်ကို မြင့်တက်စေသည်။

ရွေးကောက်ပွဲဆိုင်ရာ ပြက္ခဒိန်သည် EMB လှုပ်ရှားမှုများ၏ ပမာဏနှင့် အစဉ်များကို ပြသလေသည်။ EMB တစ်ခုသည် ဌာနအတွင်းပိုင်းတွင် သုံးရန်အတွက် အသေးစိတ် အဆင့်အမျိုးမျိုးနှင့် ရေးဆွဲထားသောပြက္ခဒိန်များကိုထုတ်ကောင်းထုတ်လိမ့်မည်ဖြစ်ကာ(ဥပမာ-ပုံနှိပ်စက်မှရွေးကောက်ပွဲဖောင်များ ရယူရန်ရက်စွဲများ) နှင့် အမတ်လောင်းများ မှတ်ပုံတင်စာရင်းသွင်းခြင်း၊ မဲဆွယ်ခြင်းနှင့် မဲဆွယ်ခြင်းဆိုင်ရာ ဘဏ္ဍာငွေများ၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့်ရလဒ်များကို ဆုံးဖြတ်ခြင်းတို့အတွက် ပါပါဝင်သည်။

သရုပ်ဖော်ပုံ ၉ နှင့် ၁၀ တွင် ပြထားသော (စာမျက်နှာ ၂၂၇ နှင့် ၂၂၉) ရိုးရှင်းလှသည့် အကျဉ်းချုပ် ပြက္ခဒိန်တစ်ခုသည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ပြည်သူနှင့် မီဒီယာနားလည်နိုင်စေရန် မြှင့်တင်ပေးနိုင်ပြီး အင်မတန်မှ အသေးစိတ်ရေးထားသော စာရွက်စာတမ်းများကို ပြည်သူလူထုဆီ ချပြ

ပေးလိုက်ပါက ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ လုံခြုံရေးဆိုင်ရာ ကိစ္စများမရှိသည့်တိုင်အောင် EMB အနေနှင့် ရင်းနှီးမြှုပ်နှံသူများဖြစ်သော နိုင်ငံရေးပါတီများ၊ အမတ်လောင်းများ၊ ရွေးကောက်ပွဲဝန်ထမ်းများ၊ NGO များနှင့် အလှူရှင်အေဂျင်စီများသို့ ၎င်း၏ ဌာနတွင်းဆိုင်ရာ စီမံခန့်ခွဲရေး ပြက္ခဒိန်ကို မိတ္တူတောင်းလာပါက မပေးနိုင်စရာ အကြောင်းရှိကိုမရှိချေ။

စီမံကိန်း စီမံခန့်ခွဲရေး ဆော့ဖ်ဝဲများသည်လည်း EMB ကို ရှင်းလင်းပြတ်သားသော မှတ်တိုင်သတ်မှတ်ချက်များ၊ အချိန်ဘောင်များ၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ တာဝန်များနှင့် လုပ်ရှားမှုများ၏ လွတ်လပ်မှုတို့ပါဝင်သော ခေတ်မီသည့် ရွေးကောက်ပွဲ လှုပ်ရှားမှုဆိုင်ရာစီမံကိန်းအဖြစ် အသုံးပြုနိုင်သော ရှင်းလင်းသည့် ရွေးကောက်ပွဲပြက္ခဒိန်တစ်ခုကို တည်ထောင်နိုင်လေသည်။ ထိုကဲ့သို့သော ပြက္ခဒိန်သည်လည်း ရင်းနှီးမြှုပ်နှံသူများနှင့် ဝန်ထမ်းများအကြား ၎င်းတို့၏ တိုးတက်မှုကို စီမံရန်နှင့် တာဝန်များကိုလုပ်ဆောင်ရန် အခြေခံစနစ်အဖြစ် မျှဝေနိုင်သည်။

ရွေးကောက်ပွဲဆိုင်ရာပြက္ခဒိန်သည် မဲဆန္ဒရှင်မှတ်ပုံတင်ရေး၊ မဲရုံတွင် အသုံးချသော ကိရိယာတန်ဆာပလာများ အချိန်နှင့် တပြေးညီ လုပ်ဆောင်နိုင်ရန်အတွက် အထောက်အကူပြုလေသည်။ ၎င်းအနေနှင့် ရွေးကောက်ပွဲတွင် အမတ်လောင်းများကို ရွေးချယ်ချယ်ခြင်းမပြုမီ နိုင်ငံရေးပါတီ အကြိုရွေးချယ်မှုများ သို့မဟုတ် အခြားသော အတွင်းပိုင်းအမတ်ရွေးချယ်မှုများကို လုပ်ရသော ကင်ညာနှင့် နိုင်ဂျီးရီးယားကဲ့သို့သော နိုင်ငံများရှိ နိုင်ငံရေးပါတီများအတွက်လည်း အသုံးဝင်သော လမ်းညွှန်တစ်ခုဖြစ်ပြီး နိုင်ငံရေးပါတီများ အနေနှင့်လည်း ရွေးကောက်ပွဲအချိန်ဇယားနှင့် ရင်းနှီးစေရန် လိုသောနေရာများတွင် အထောက်အကူဖြစ်စေသည်။ ရွေးကောက်ပွဲတစ်ခုပြီးချိန် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ပြက္ခဒိန်ကို စစ်စစ်ပေါက်ပေါက် လေ့လာဆန်းစစ်ခြင်းသည် အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှုများ၊ အရင်းအမြစ်ခွဲဝေမှုများ သို့မဟုတ် ဥပဒေရေးရာ သို့မဟုတ် စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်များ မည်သည့်နေရာတွင် ပြောင်းလဲသွားသည်ဆိုသည်ကို ကူညီသတ်မှတ်ပေးမည်ဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို တိုးတက်စေလိမ့်မည်။

## သရုပ်ဖော်ပုံ ၈ : ဩစတြေးလျ ရွေးကောက်ပွဲ ကော်မရှင် (AEC) ၏ စီမံကိန်း ဗျူဟာ မှ ကောက်နှုတ်ချက်

| | |
|---|---|
| ကျွန်ုပ်တို့ကို အဘယ်ကြောင့် ခန့်အပ်ထား သနည်း | ဓနသဟာယတိုင်းပြည်များ၏ ရွေးကောက်ပွဲဆိုင်ရာဥပဒေ အက်ဥပဒေ ၁၉၁၈ အတိုင်း ဩစတြေးလျ ပြည်သူများ၏ မဲပေးပိုင်ခွင့်ကို ပေးအပ်ရန် ဖြစ်ပါသည်။ |
| ကျွန်ုပ်တို့ တာဝန်မှာ အဘယ်နည်း | 1. ဥပဒေပြုချက်ထဲတွင် ပါဝင်သော လွှတ်တော်၏ ရွေးကောက်ပွဲဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များကို အကောင်အထည်ဖော်ပါသည်။<br>2. ကျွန်ုပ်တို့ကို ကဏ္ဍာသုံးရပ်အတွက် ဘဏ္ဍာငွေထောက်ပံ့ထားခြင်းဖြစ်ပြီး အမည်တပ်ပြောရလျှင် :ဩစတြေးလျနိုင်ငံသားများအတွက် မဲပေးခွင့်ရရှိရေးနှင့် ရွေးကောက်ပွဲများ ထောက်ပံ့ကူညီရေးနှင့် တိကျသော ခေတ်မီသောရွေးကောက်ပွဲဆိုင်ရာစာရင်းကို ထိန်းသိမ်းခြင်းဖြင့် ပြန်လည် ဖြန့်ဝေခြင်း<br>3. ဩစတြေးလျပြည်သူများအတွက် ဘက်မလိုက် လွတ်လပ်သော ရွေးကောက်ပွဲဆိုင်ရာ စနစ်တစ်ခုကို ရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းဖြင့် ပေးဆပ်ခြင်း၊ ဩစတြေးလျ ပြည်သူတို့အား ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုမှတဆင့် သတင်းများ သိရှိစေရေးတို့ ဖြစ်ပါသည်။ |
| ထို့ကြောင့် ကျွန်ုပ်တို့သည် | • ပြည်ထောင်စု ရွေးကောက်ပွဲစာရင်းကို စီမံခန့်ခွဲရပါမည်။<br>• ရွေးကောက်ပွဲများ၊ ဆန္ဒခံယူပွဲများ၊ အခကြေးငွေယူသော ဝန်ဆောင်မှုများအပါအဝင် လုပ်ငန်းပိုင်းဆိုင်ရာ ရွေးကောက်ပွဲများ၊<br>• အသိုင်းအဝိုင်းအား ရွေးကောက်ပွဲဆိုင်ရာ ရပိုင်ခွင့်များနှင့် တာဝန်များအကြောင်း အသိပညာပေးရေးတို့ကို ပြုလုပ်ရပါမည်။<br>• လွှတ်တော်၊ အခြား အစိုးရများနှင့် အေဂျင်စီများနှင့် အသိအမှတ်ပြုဌာနများ အား သုတေသနပြုချက်များ၊ အကြံဉာဏ်များ နှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့များ ပေးရပါမည်။<br>• ပိုမိုကျယ်ပြန့်သော အစိုးရ ပဏာမခြေလှမ်း ဖြစ်ပေါ်စေရေး အထောက်အကူပြုရန်အတွက် နိုင်ငံရပ်ခြားတွင် ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲများ အထောက်အပံ့ပေးခြင်း<br>• ရွေးကောက်ပွဲ ဘဏ္ဍာငွေများကို ကိုင်တွယ်ခြင်း၊ ငွေစာရင်း ထုတ်ဖော်ရှင်းပြခြင်းနှင့် ပါတီမှတ်ပုံတင်ရေးဆိုင်ရာ လိုအပ်ချက်များနှင့်<br>• ရွေးကောက်ပွဲ ပြန်လည်ဖြန့်ဝေရေးဆိုင်ရာတို့ကို အထောက်အပံ့ပြုခြင်းတို့ကို လုပ်ဆောင်ရပါမည်။ |
| ကျွန်ုပ်တို့ မည်သူ့အတွက် လုပ်ရပါသနည်း | ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊လွှတ်တော်၊ အစိုးရနှင့် ရွေးကောက်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလိုအပ်သော အဖွဲ့အစည်းများမှ သုံးရပါသည်။ ထိုနယ်ပယ်တစ်ခုချင်းစီတွင် စံနှုန်းမြင့်မြင့်ထားရခြင်း၏ရည်ရွယ်ချက်မှာ ဩစတြေးလျနိုင်ငံသားများအားလုံး တိုင်းပြည်၏ အစိုးရအတွက်ဝင်ရောက် ပါဝင်နိုင်ရေးဖြစ်သည်။ |

| | |
|---|---|
| ကျွန်ုပ်တို့ တန်ဖိုးထားသည့် အရာများ | လွတ်လပ်သော ဥပဒေနှင့်အညီဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့သည် ဩစတြေးလျ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ တန်ဖိုးများကို အဆင့်မြင့်မြင့် ကျွန်ုပ်တို့၏ နိစ္စဓူဝပြုမူမှုများထဲတွင် ထားရှိပါမည်။ တိတိကျကျပြောရလျှင် -<br>• ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ပုံများကို မျှတမှု၊ ဘက်မလိုက်မှုနှင့် အဂတိကင်းကင်း လုပ်ဆောင်ပါမည်။<br>• အဆင့်အတန်းမြင့်မြင့် သိက္ခာနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုများကို ထိန်းသိမ်းပါမည်။<br>• ဥပဒေကို ရိုသေစောင့်ရှောက်ပါမည်။<br>• ကွဲပြားမှုများကို သည်းခံပါမည်၊<br>• အထူးလိုအပ်ချက်များကို သတိထားကာ တစ်ဦးကိုတစ်ဦးလေးစားသမှု ထားပါမည်။<br>• ကျွန်ုပ်တို့ လုပ်သမျှတွင် ပွင့်လင်း၊ ပွင့်လင်းမြင်သာမှုရှိပြီး၊တာဝန်ယူနိုင်မှုရှိကာ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုယူသူများနှင့် ရင်းနှီးမြှုပ်နှံသူများကို လေးစားမှုရှိပြီးနားထောင်ကာ အပြန်အလှန် ပြုမူပါမည်။ |
| ကျွန်ုပ်တို့ဘက်မှ အောက်ပါ စည်းမျဉ်းများ ကို လိုက်နာပါ သည်။ | • ကျွန်ုပ်တို့သည် ဩစတြေးလျပြည်သူများနှင့် ပြည်ထောင်စု လွှတ်တော်ကို အလုပ်အကျွေးပြုပါမည်။<br>• အကောင်းဆုံးဖြစ်စေရန် ကြိုးပမ်းပါမည်။<br>• ကျွန်ုပ်တို့သည်အခြားတပါးသောသူများအား သိသိလျက်နှင့် လှည့်ဖျားခြင်းမပြုပါ |
| ကျွန်ုပ်တို့ အလုပ်လုပ် သော ပတ်ဝန်းကျင် | AEC (ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင်) သည် များစွာသော ရင်းနှီးမြှုပ်နှံသူများနှင့် ရှုပ်ထွေးလှသော ပတ်ဝန်းကျင်တွင် လုပ်ကိုင်လေသည်။ ကျွန်ုပ်တို့ဘက်မှလည်း အခွင့်အလမ်းများနှင့်အန္တရာယ်များကို ဆက်တိုက်ဆိုသလို လေ့လာစစ်ဆေးနေသည်။ ထိုမှသာလည်း ကျွန်ုပ်တို့ဘက်မှကမ္ဘာ့အဆင့်မီ ရွေးကောက်ပွဲဝန်ဆောင်မှုများကို ပေးနိုင်သည်ဟု အာမခံနိုင်မည် ဖြစ်သည်။ AEC (ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင်) ၏ လုပ်ဆောင်မှုများကို နောက်ငါးနှစ်တွင် လွှမ်းမိုးနိုင်သော အဓိက အကြောင်းအရာများမှာ -<br>• ဩစတြေးလျ၏ ပြောင်းလဲနေသော ပြည်သူဆိုင်ရာအချက်အလက်ပြ စာရင်းဇယား<br>- အသက်အရွယ်ပြ ဇယား၊ လူမျိုးရေးဆိုင်ရာ ရောနှောမှု၊ မျိုးဆက်ရောနှောမှု<br>• အသိုင်းအဝိုင်းဘက်မှ မျှော်လင့်ထားသော အရာများကို ပြောင်းလဲခြင်း<br>- ဝန်ဆောင်မှုပေးရန် မဲဆန္ဒရှင်ဌာနထားရှိရန် လိုအပ်မှု<br>- စံနှုန်းသတ်မှတ်ထားသော လုပ်ငန်းစဉ်များနှင့် နည်းစနစ်များမှတစ်ဆင့် နိုင်ငံနှင့် အဝှမ်း ဝန်ဆောင်မှု မှန်မှန်ပို့ဆောင်နိုင်ခြင်း<br>- မဲဆန္ဒရှင်နှင့် အပြန်အလှန် ဆက်သွယ်မှု ပြုနိုင်ခြင်း<br>- မဲဆန္ဒရှင်နှင့် လွှတ်တော် အပြန်အလှန်ဆက်သွယ်မှုပြုခြင်းအား ဝန်ဆောင်မှုပေးနိုင်စွမ်း မြှင့်တင်ရေးအတွက် ပြန်လည်စစ်ဆေးခြင်း<br>• ဝန်ဆောင်မှု ပေးရန်အတွက် အင်တာနက်နှင့် အွန်လိုင် ဝန်ဆောင်မှုကို ဖြန့်ကားလက်ခံခြင်း<br>- အစိုးရ ဝန်ဆောင်မှုပေးရာတွင် ထိထိရောက်ရောက် ပေးပို့နိုင်စွမ်းကို စဉ်ဆက်မပြတ်ပို့ခြင်း<br>• မူဝါဒပိုင်းဆိုင်ရာ တိုးတက်ရန်နှင့် ဝန်ဆောင်မှု ပေးပို့နိုင်ရန်အတွက် အစိုးရအဖွဲ့တစ်ခုလုံးချဉ်းကပ်သောနည်းကို လက်ခံနှုန်းမြင့်တက်လာခြင်း<br>• ပြောင်းလဲနေသော လုပ်နိုင်စွမ်းအင်၊ AEC (ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင်) အတွင်းနှင့် ကျွန်ုပ်တို့စုဆောင်းထားသော လူစုအတွင်းမှ နှစ်ခုလုံးအပါအဝင်ဖြစ်သည်။<br>• ကျွန်ုပ်တို့လက်ရှိလုပ်နေသော နည်းလမ်းကို သိသိသာသာပြောင်းလဲပစ်နိုင်သော အစိုးရနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စတို့အတွက် ပူးတွဲကော်မတီတို့မှ ပြုလုပ်သောလက်ရှိလုပ်နေသည့် စစ်ဆေးချက်များ |

**ကျွန်ုပ်တို့၏ ဗျူဟာပိုင်း ဆိုင်ရာ စူးစိုက်ချက်**

ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများတွင် ဩစတြေးလျပြည်သူများ စိတ်ဝင်စားမှု လျော့ကျလာကြောင်း အထောက်အထားများ တွေ့လာရသည်။ထိုအချက်ကို မဲပေးခွင့်ရှိသူ ဩစတြေးလျ မဲဆန္ဒရှင်များ စာရင်းလာမပေးခြင်းနှင့် စာရင်းပေးထားသော မဲဆန္ဒရှင်များ ရွေးကောက်ပွဲနေ့တွင် လာရောက် မဲမပေးခြင်းတို့ပေါ် မူတည်ပြီး တိုင်းတာခြင်းဖြစ်သည်။ထိုအရာများကို ဖြေရှင်းရန်အတွက် AEC (ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင်) ၏ နောက်ငါးနှစ်အတွင်းလုပ်မည့် လုပ်ရပ်များသည် ခေတ်နှင့်အညီပြုပြင်ခြင်း၊ ပေါင်းစည်းခြက်းနှင့် ကျွန်ုပ်တို့၏ ပြည်သူများအတွင်းသို့ ရင်းနှီးမြှုပ်နှံခြင်းတည်းဟူသော ဗျူဟာသုံးခုအနားဗဟိုပြုကာ လှုပ်ရှားမှုအများအပြားဖြင့် ပုံဖော်မည်ဖြစ်သည်။ ထိုနယ်ပယ်များကို အာရုံစိုက်ခြင်းဖြင့် AEC (ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင်) သည်လည်းလုပ်ငန်းလုပ်ပုံနှင့် အနာဂတ်တွင် ကြုံတွေ့ရဖွယ်ရှိသော စိန်ခေါ်မှုများကိုရင်ဆိုင်ရန် အနေအထားတို့ တိုးတက်ကောင်းမွန်သွားမည်ဖြစ်သည်။

**ကျွန်ုပ်တို့၏ ဗျူဟာပိုင်း ဆိုင်ရာ စူးစိုက်ချက်**

ကျွန်ုပ်တို့၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် အဖွဲ့အစည်းကို ခေတ်နှင့်အညီပြုပြင်ရမည်

- ဥပဒေပြုရေး၊ အုပ်ချုပ်ပုံ၊ မူဝါဒများ၊ နည်းစနစ်များနှင့် လုပ်ငန်းဆောင်တာများ
  - ရွေးကောက်ပွဲ ဥပဒေများ ခေတ်နှင့်ညီစေရန်မည်သို့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကို ပြုပြင်ယူရမည်ကို စဉ်းစားပါ၊ခေတ်အမြင်ရှိ ဥပဒေပြုသူများနှင့် အတူတကွလုပ်ပါ။
  - ကျွန်ုပ်တို့၏ တာဝန်ခံနိုင်မှုနှင့် ပတ်သက်သော နည်းစနစ်များကို တိုးတက်စေမည်
  - ကျွန်ုပ်တို့၏ မူဝါဒများနှင့် လုပ်ငန်းဆောင်ရွက်မှုများ ပေါင်းစည်းပြီးဖြစ်သည်။
  - ကျွန်ုပ်တို့ ကော်မတီ၏ တည်ဆောက်ပုံကို စစ်ဆေးကြည့်ရှုပြီး တိုးတက်စေမည်။
  - ကျွန်ုပ်တို့၏ အသင်းအဖွဲ့ဆိုင်ရာ တည်ဆောက်မှုကြီးသည် ကျွန်ုပ်တို့၏ အားစိုက်ထုတ်မှုနှင့် ကိုက်ညီအောင် ပြုပြင်ထိန်းညှိထားပြီး ကျွန်ုပ်တို့အား ထိရောက်မှုနှင့် အကျိုးဖြစ်ထွန်းမှုကို ပေးစွမ်းသည်။
- အခွင့်အလမ်းရရှိနိုင်မှုများကို တိုးတက်စေရန်အတွက် ကျွန်ုပ်တို့နှင့် မဲဆန္ဒရှင်များ၏ ဆက်ဆံရေးဆိုင်ရာ နည်းစနစ်များကို စစ်ဆေးကြည့်ရှုခြင်း
  - အခွင့်အလမ်းများပိုမို တိုးတက်လာရန်နှင့် လုပ်ဆောင်မှုများချောမွေ့စေရန် ခေတ်သစ်နည်းပညာများကို အသုံးပြုခြင်း
- AEC (ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင်)အတွင်းတွင် ကျွန်ုပ်တို့လုပ်သော အခြားသော နည်းလမ်းရှုထောင့်များ :
  - ကျွန်ုပ်တို့၏ ရွေးချယ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ နည်းစနစ်များသည် အရည်အချင်းအပေါ်တွင်မူတည်ပြီး ပိုမိုကျယ်ပြန့်သော ပါဝင်ပတ်သက်မှုကို အားပေးသောရွေးချယ်ရေး နည်းလမ်းများကို သုံးခြင်းဖြစ်သည်။
  - ကျွန်ုပ်တို့ အသုံးပြုမည့် စနစ်သည် မဲဆန္ဒရှင်ဗဟိုပြုစနစ် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းပါ

- ထိရောက်ခြင်းဖြစ်စေရန်အတွက် အခြားသော ရွေးကောက်ပွဲဆိုင်ရာ ဌာနများနှင့်
  - စာရင်းများ စီစဉ်ခြင်း
  - ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာ အရာရှိများအတွက် နိုင်ငံလုံးဆိုင်ရာ စံနှုန်းများ
- ဩစတြေးလျ ရွေးကောက်ပွဲကောက်စီသို့ ပိုမိုစူးစိုက်နိုင်စွမ်းရှိသည်။
- အခြားသော အနောက်နိုင်ငံများနှင့် ယှဉ်ကြည့်လျှင် အကောင်းဆုံးသော ရွေးကောက်ပွဲဌာနကို အသုံးချနိုင်ခြင်းမျိုး ပြုလုပ်နိုင်သည်။

**ကျွန်ုပ်တို့၏ ဗျူဟာပိုင်းဆိုင်ရာ စူးစိုက်ချက်**

ရင်းနှီးမြှုပ်နှံ၍ကျွန်ုပ်တို့၏ ပြည်သူများအား တိုးတက်အောင် ပြုလုပ်ပေးပါ။
ထိုနည်းဖြင့် ကျွန်ုပ်တို့သည်လည်း ဝန်ထမ်းဈေးကွက်အတွင်းတွင် အရည်အချင်းရှိရှိနှင့် ရပ်တည်နိုင်ရန်နှင့် အရည်အသွေးကို မြင့်မြင့်မားမား ထိန်းသိမ်းထားနိုင်ရန်အတွက် ကျွန်ုပ်တို့သည် :

- APS နည်းစနစ်ကိုသာ ရွေးချယ်ပါ၊ အဘယ်ကြောင့်ဆိုသော် လူသားအရင်းအမြစ်လုပ်ရှားမှုများထဲတွင်အကောင်းဆုံးဖြစ်သောကြောင့်ဖြစ်သည်။
- ဝန်ထမ်းများမှ တာဝန်ထမ်းဆောင်ရာပြည်နယ်နှင့်ဆိုင်သော စစ်တမ်းထဲတွင် ပြောပြသောအကြောင်းအရာများကို ဖြေရှင်းရန်အတွက်လည်း သန္နိဋ္ဌာန်ချထားပြီးဖြစ်ကာ အဖွဲ့အစည်း၏ အခြေအနေတစ်ရပ်လုံးကို တိုးတက်စေမည်ဖြစ်သည်။
- ဝန်ထမ်းများ၏ ပညာရပ်ဆိုင်ရာ ၊စီမံခန့်ခွဲရေးဆိုင်ရာနှင့် ခေါင်းဆောင်ပိုင်းဆိုင်ရာ အရည်အသွေးများကိုလည်း တိုးတက်စေလေသည်။
- ဇူလိုင်လ ၂၀၁၀ တွင် ဝန်ထမ်းတိုးတက်ရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ စီမံကိန်းချမှတ်ရေးတို့အတွက်စွမ်းဆောင်ရည်ဆိုင်ရာ စီမံခန့်ခွဲရေးအစီအစဉ် အသစ်တစ်ခုကို ထည့်သွင်းဖွဲ့စည်းသည်။
- စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်းများအားလုံးအတွက် ခေါင်းဆောင်နိုင်မှု စွမ်းရည်ကောင်းကို အဓိကစွမ်းဆောင်ရည်အဖြစ် အသိအမှတ်ပြုသည်။

Source: Extracted from Australian Electoral Commission, Strategic Plan 2009–14 (<http://www.aec.gov.au/About_AEC/Publications/Corporate_Publications/index.htm>).

## သရုပ်ဖော်ပုံ ၉ : ဇမ်ဘီယာနိုင်ငံတွင်းရှိ ၂၀၁၁ခုနှစ် သမ္မတ၊ လွှတ်တော်နှင့် မြို့နယ်ဆိုင်ရာ ရွေးကောက်ပွဲ ပြက္ခဒိန်

| No. | Activity | Start Date | End Date |
|---|---|---|---|
| 1 | Certification of the 2011 register of voters | 31 July | 31 July |
| 2 | Campaign period | 29 July | 06:00<br>18 September |
| 3 | Notices of nomination centres and returning officers | | |
| | Gazetting of statutory instrument | 29 July | 29 July |
| | Gazetting of nomination centres and returning officers | 2 August | 6 August |
| 4 | Briefings | | |
| | Briefing of Political Party Liaison Committee | 2 August | 2 August |
| | Briefing of aspiring presidential candidates and party secretaries general | 3 August | 3 August |
| | Briefing ambassadors and high commissioners accredited to Zambia | 3 August | 3 August |
| | Briefing civil society organizations | 4 August | 4 August |
| 5 | Accreditation | | |
| | Accreditation: international observers (Electoral Commission of Zambia HQ) | 2 August | 16 September |
| | Accreditation: local monitors (district councils) | 3 August | 16 September |
| | Accreditation: elections results centre | 10 September | 19 September |
| | Accreditation of election and polling agents—district councils | 8 August | 16 September |
| 6 | Nominations | | |
| | Presidential nominations (09:00–16:00) | 7 August | 10 August |
| | Briefing of election agents/observers and monitors for NAE/LGE | 10 August | 10 August |
| | Parliamentary and local government nominations (08:00–16:00) | 12 August | 12 August |
| | Publication of validly nominated candidates | 13 August | 19 August |
| 7 | Polls | | |
| | Briefing of elections/polling agents, monitors and observers | 17 September | 17 September |
| | Election day | 20 September | 20 September |
| 8 | Verification of ballot paper accounts' forms | 26 September | 26 September |

Source: Electoral Commission of Zambia (<http://www.elections.org.zm/news/press_release_-_2011_elections_100043.php>).

### သရုပ်ဖော်ပုံ ၁၀ : ၂၀၁၃ ဘူတန်နိုင်ငံရှိ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ပြက္ခဒိန်

| No. | Event | Date |
|---|---|---|
| 1 | Issue of royal decree calling the National Assembly elections and setting the process in motion. | 28 April |
| 2 | Election Commission of Bhutan (ECB) notification on the National Assembly election schedule. | 29 April |
| 3 | Registered political parties to commence submission of letter of intent to contest primary round. | 29 April |
| 4 | Eligible postal voters to start submitting application for postal ballot to respective returning officer. | 29 April |
| 5 | Last date for submission of the letter of intent by registered political parties. | 5 May |
| 6 | Scrutiny of letter of intent by the Election Commission. | 6 May |
| 7 | Start of application for election campaign fund by political parties. | 6 May |
| 8 | Commencement of the election campaign. | 6 May |
| 9 | Release of the election campaign fund. | 7 May |
| 10 | Last date for withdrawal from the elections. | 17:00, 8 May |
| 11 | Returning officer to start sending/mailing postal ballots. | 17:00, 8 May |
| 12 | Last date/time for receipt of application for postal ballots by returning officer. | 17:00, 8 May |
| 13 | First public debate for the primary round: ideology. | 17:00, 8 May |
| 14 | Second public debate for the primary round: issue based. | 10 May |
| 15 | Start of the common forum in all 47 demkhongs. | 11 May |
| 16 | End of election campaign. | 9:00, 29 May |
| 17 | Last day/time for receiving postal ballots. | 17:00, 30 May |
| 18 | Primary round poll day. | 31 May |
| 19 | Counting of results. | 31 May |
| 20 | Declaration of results and submission of the results to His Majesty the Druk Gyalpo. | 1 June |
| 21 | Start filing of nominations by candidates of the two parties that secured the highest and second-highest total votes in the primary round. | 1 June |
| 22 | Last date for filing nominations by candidates of the two parties that secured the highest and second-highest total votes in the primary round. | 11 June |
| 23 | Scrutiny of nominations of candidates. | 12 June |
| 24 | Candidates start submitting application for election campaign fund. | 12 June |
| 25 | Commencement of the election campaign. | 12 June |

| No. | Event | Date |
|---|---|---|
| 26 | Release of the election campaign fund by ECB. | 13 June |
| 27 | Last date for withdrawal of candidature. | 14 June |
| 28 | Returning officer to start sending postal ballot to postal voters. | 14 June |
| 29 | Last date of receipt of application for postal ballots by returning officer (in case of change in postal address from the application submitted for the primary round). | 14 June |
| 30 | End of election campaign. | 9:00, 11 July |
| 31 | Last day/time for receiving postal ballots. | 17:00, 12 July |
| 32 | General elections poll day. | 13 July |
| 33 | Counting of results. | 13 July |
| 34 | Declaration of results and submission of the results to His Majesty the Druk Gyalpo. | 14 July |
| 35 | Start of election petition period. | 14 July |
| 36 | Issuance of the certificate of election. | 19 July |
| 37 | Completion of election petition period. | 26 July |

Source: Election Commission of Bhutan, *Strategy for the Conduct of The Second Parliamentary Elections 2013: National Assembly* (<http://www.election-bhutan.org.bt/wp-content/uploads/2013/04/StrategyforNAElections2013.pdf>)

## အနှစ်ချုပ်

- EMB များအနေနှင့် ၎င်းတို့၏ အထွေထွေအတွင်းရေးမှူးဌာနများအတွက် တိုက်ရိုက်ခန့်အပ်ပြီး ထုတ်ပယ်နိုင်ခြင်းနှင့် သတ်မှတ်ချက် အခြေအနေများကို ချမှတ်နိုင်ခွင့်ရရှိထားပါက ရွေးကောက်ပွဲဆိုင်ရာ လုပ်ရှားမှုများတွင် ပို၍ ထိရောက်သော ထိန်းချုပ်မှုရရှိမည် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ EMB ၏ အထွေထွေအတွင်းရေးမှူးဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများမှ ကောက်နုတ် ရွေးချယ်ထားခြင်းဖြစ်ပြီး အနည်းနှင့်အများဆိုသလို EMB ၏ လူသားရင်းမြစ်ဆိုင်ရာ လိုက်လျောညီထွေရှိမှုနှင့် ၎င်း၏ ပညာရှင်ဆန်သော ရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုတွင် ဆက်တိုက်ဆိုသလို တိုးတက်မှုကို တားမြစ်နိုင်သော သာမန်ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဥပဒေများ အောက်တွင် အနည်းနှင့် အများဆိုသလိုရှိနိုင်သည်။
- EMB တစ်ခုချင်းစီသည်လည်း တာဝန်ခံနိုင်မှုအပြည့်အဝရှိသော လုံလောက်သော အရေအတွက်ရှိ အရည်ချင်းရှိဝန်ထမ်းများကို ကိုက်ညီသောရာထူးနှင့် အဆင့်အတန်းပေးထားပြီးခန့်အပ်ထားခြင်းဖြင့် ၎င်း၏ စီမံကိန်းဗျူဟာကို ငွေကုန်ကြေးကျဖြစ်သလောက်နှင့်တန်အောင် အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံတစ်ခုကိုတည်ထောင်ရန် လိုအပ်သည်။
- EMB တစ်ခု၏ စီမံကိန်းဗျူဟာသည် ၎င်း၏လုပ်ရှားများအတွက် အခြေခံဖြစ်သည်။ EMB ၏ ရည်ရွယ်ချက်များအတွက် အချိန်အတိုင်းအတာကာလကို ပြဌာန်းခြင်း၊ လုပ်ရပ်၊ တန်ဖိုး၊ ရည်မှန်းထားသော ရလဒ်၊ ရလဒ်ထွက်လာရန် အားစိုက်ထုတ်မှုနှင့် စွမ်းဆောင်ရည်ကို ညွှန်းဆိုသော အရာများ အားလုံးအတွက်ဖြစ်သည်။ EMB ၏ စီမံကိန်းဗျူဟာအား စစ်ဆေးကြည့်ရှု ကြီးကြပ်ရာတွင် ဝန်ဆောင်မှုပေးရေး ကိုစီမံကိန်းချခြင်းအား စူးစိုက်ပြီး EMB အပေါ်တွင် ယုံကြည်မှုကို မြှင့်တင်နိုင်သည်။
- EMB တစ်ခုအနေနှင့် စီမံကိန်းဗျူဟာများအပေါ် အခြေခံထားသော လုပ်ငန်းလုပ်ဆောင်မှုဆိုင်ရာ စီမံကိန်း အကြံဉာဏ်များလည်း လိုအပ်ပြီး ၎င်းတို့၏ တစ်ဦးချင်းစီ၏ အလုပ်လုပ်ဆောင်မှုနှင့် ၎င်းတို့၏ ပေါင်းစပ်မှု၊ နောက်ဆုံးအဆုံးသတ်အချိန်နှင့် တာဝန်များအပေါ်တွင် အသေးစိတ်ဖော်ပြထားချက်တို့ လိုအပ်သည်။ ထိုအချက်များကိုပင် အသုံးဝင်ဝင်နှင့် အသေးစိတ်ရေးဆွဲထားသော ရွေးကောက်ပွဲပြက္ခဒိန်အဖြစ် ရေးဆွဲထားခြင်းဖြစ်သည်။ သတင်းအချက်အလက်များ ရယူရန် အရေးကြီးသော ရင်းမြစ်တစ်ခုဖြစ်ပြီး ပြည်သူကို ဖြန့်ဝေရန်အတွက်လည်း ပွင့်လင်းမြင်သာမှုကိုတိုးမြှင့်ပေးနိုင်သော အရာဖြစ်သည်။

ဖြစ်ရပ်များကို လေ့လာခြင်း

# ဆီနီဂေါနိုင်ငံ : ဆာဟာရတောင်ပိုင်းနိုင်ငံ ပါတီစုံရွေးကောက်ပွဲ စနစ်*

Vincent Tohbi

## နောက်ခံအကြောင်းအရာများ

ဆီနီဂေါနိုင်ငံသည် လွတ်လပ်ရေးရပြီးသော ၁၉၆၀ ပြည့်နှစ်မှစကာ ရွေးကောက်ပွဲများကို ပုံမှန်ကျင်းပလာသော ဆာဟာရတောင်ပိုင်း ဒီမိုကရေစီနိုင်ငံဖြစ်သည်။ ၁၉၆၃ ခုနှစ် အခြေခံဥပဒေက ပါတီစုံစနစ်ကို အသိအမှတ်ပြုထားသော်လည်း ၁၉၇၆ နှင့် ၁၉၇၈ ဥပဒေတို့က တစ်ပါတီစနစ်ကို အဆုံးသတ်စေခဲ့ပြီး နိုင်ငံရေးပါတီအမြောက်အမြား ပါဝင်စေသော အပြိုင်အဆိုင်များသည် ရွေးကောက်ပွဲများထံသို့ နိုင်ငံရေးနယ်ပယ်ကို ဖွင့်လှစ်ပေးခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ၁၉၈၃ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်ရွေးကောက်ပွဲများတွင် အကြမ်းဖက်မှုများကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့သည်။ ထိုစဉ်က သမ္မတတာဝန်ထမ်းဆောင်ခဲ့သော သမ္မတ အဘ်ဒူ ဒီအုဖ်က အမျိုးသားလွှတ်တော်အတွင်းသို့ ဥပဒေနည်းလမ်းနှင့်တကွ တင်ခြင်းခံခဲ့ရသော ၁၉၉၂ ခုနှစ်တွင် ထောက်ခံချက်အများအပြား ထုတ်လုပ်ပေးနိုင်ခဲ့သော ရွေးကောက်ပွဲအက်ဥပဒေပြင်ဆင်မှုအတွက် အမျိုးသားရွေးကောက်ပွဲကော်မရှင်ကို စတင်တည်ထောင်ခဲ့သည်။

- မဲပေးခွင့်ရှိသော အသက်မှာ ၂၁ မှ ၁၈ သို့ လျှော့ကျသွားသည်
- မဲပေးရန်အတွက် မဲရုံများကို မဖြစ်မနေတည်ဆောက်စေခဲ့သည်။
- မဲမပေးမီ မဲဆန္ဒရှင် သက်သေခံကဒ်ပြားကို မဖြစ်မနေ ပြစေခဲ့သည်။
- ဖျက်မရသော မင်ကို တာဝန်အရမဖြစ်မနေသုံးခိုင်းခဲ့သည်။
- တည်ထောင်ထားသော နိုင်ငံရေးပါတီများ၏ ကြီးကြပ်မှုအောက်တွင် နိုင်ငံတွင်းမဲဆန္ဒရှင် စာရင်းအသစ်များရေးဆွဲခဲ့သည်။
- ပါတီကိုယ်စားလှယ်များကို မဲရုံအတွင်း မဲပေးမှုအား စောင့်ကြည့်စေသည်။
- ပါတီကိုယ်စားလှယ်၏ ရှေ့မှောက်တွင် မဲဆန္ဒရှင်ကဒ်ပြား ပေးရလေသည်။
- မဲရေတွက်ခြင်းအတွက် အဓိက တာဝန်ရှိသော နိုင်ငံလုံးဆိုင်ရာ (နှင့် စီရင်စုဆိုင်ရာ) ကော်မရှင်များကို တည်ထောင်ခဲ့သည်။ ရာဇဝတ်တရားသူကြီးက ဦးဆောင်ပြီး ပါတီကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း ထားသည်။

* မူရင်းလက်စွဲစာအုပ် : Claude Kabemba and Andrew Ellis တွင် ဖော်ပြပါရှိသော ဆီနီဂေါနိုင်ငံ၏ ဖြစ်ရပ်ကို လေ့လာနိုင်သည်။ 'ဆီနီဂေါ : ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှု အရေးအနေအပုံစံတွင် လွတ်လပ်မှုကို အားဖြည့်ခြင်း' , ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ဒီဇိုင်း: International IDEA လက်စွဲစာအုပ် (Stockholm: International IDEA, 2006), စာမျက်နှာ ၁၁၀-၁၂။

- သမ္မတရွေးကောက်ပွဲနှင့်လွှတ်တော်ရွေးကောက်ပွဲအား မတူညီသောရက်များတွင်လုပ်ရန် တာဝန်ချမှတ်ခဲ့သည်။
- ရွေးကောက်ပွဲဆိုင်ရာ မကျေမနပ် ငြင်းခုံချက်များကိုဖြေရှင်းရင် အသနားခံစာတင်နိုင်သော တရားရုံးအား တာဝန်ချမှတ်ခြင်းခံခဲ့ရကာ
- လွှတ်တော် ရွေးကောက်ပွဲရှိ ဌာနအဆင့်တွင်ရှိသော FPTP(မဲနိုင်သူ အကုန်ယူစနစ်) ရွေးကောက်ပွဲစနစ်နှင့်နိုင်ငံအဆင့်တွင်ရှိသော PR (အချိုးကျ ကိုယ်စားလှယ်တင်သွင်းစနစ်) တို့သည် ပါတီငယ်များ၏ ကိုယ်စားပြုနိုင်ရေးကို အသားပေးရန်အတွက် ပေါင်းစည်းလိုက်သည်။

မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေအသစ်သည် နိုင်ငံအား ၁၉၉၃ ခုနှစ် သမ္မတနှင့် လွှတ်တော်ရွေးကောက်ပွဲနှင့် ၁၉၉၆ ခုနှစ်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲတို့တွင် ပြိုင်ဆိုင်မှုများ အသစ်ဖြစ်ပေါ် စေခြင်းအား မတားဆီးနိုင်ခဲ့ချေ။ ပြောင်းလဲမှုအသစ်များအား ဆွေးနွေးတိုင်ပင်ပြီး ကျင့်သုံးခဲ့ကြလေကာ အမျိုးသားရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်လေ့လာရေးဌာနကို ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အမျိုးသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရွေးကောက်ပွဲ ကော်မရှင်ဖြစ်သွားလေသည်။

## EMB

အခြားသော အာဖရိကနိုင်ငံများနှင့် မတူဘဲ၊ မတူညီသော အဖွဲ့အစည်းတော်တော်များများသည် ဆီနီဂေါနိုင်ငံရှိရွေးကောက်ပွဲများ၏ ရှုထောင့်တော်တော်များများအား စီမံခန့်ခွဲရန်အတွက် တာဝန်ရှိလေသည်။

## *ပြည်ထဲရေးဝန်ကြီးဌာန*

နိုင်ငံအတွင်းတွင် ဝန်ကြီးဌာနသည် ရွေးကောက်ပွဲစီမံခန့်ခွဲရေး၏ နောက်ခံကျောရိုး ဖြစ်နေကြပင်ဖြစ်သည်။ ဆီနီဂေါနိုင်ငံသည် ပြင်သစ်ကိုလိုနီနယ်မြေဖြစ်ခဲ့ဖူးသောကြောင့် ပြင်သစ်စီမံခန့်ခွဲရေး အစဉ်အလာမှ အမွေဆက်ခံခြင်းဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် အစိုးရ၊ မြို့နယ်အာဏာပိုင်တို့နှင့် တွဲပြီး အလုပ်လုပ်သည် (préfets နှင့် sous-préfets တို့ဖြစ်ကြသည်)။ ၁၉၉၇ ခုနှစ်တွင် ရွေးကောက်ပွဲစီမံခန့်ခွဲရေး၏တာဝန်သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ရွေးကောက်ပွဲဆိုင်ရာ အထွေထွေညွှန်ကြားရေးသို့ လွှဲပြောင်းရောက်ရှိသွားသည်။ မေလ ၂၀၀၃ခုနှစ်တွင်ထုတ်ပြန်သော စီရင်ချက်အမှတ် N° 2003–292 သည် ရွေးကောက်ပွဲဆိုင်ရာ အထွေထွေညွှန်ကြားရေး၏ တာဝန်များကို ပြောင်းလဲလိုက်ပြီး ၎င်းအား အောက်ပါတာဝန်များကို ပေးလိုက်လေသည်။

- မဲဆန္ဒရှင် စာရင်းများအား ရေးဆွဲပြန်လည် စစ်ဆေးခြင်း
- ရွေးကောက်ပွဲဆိုင်ရာ မှတ်တမ်းမှတ်ရာနှင့် စာရွက်စာတမ်းများ အားလုံးကို မှတ်ယူ ထိန်းသိမ်းခြင်း
- မဲဆန္ဒရှင် သက်သေခံကတ်ပြားများအား ဖြန့်ဝေခြင်းကို လုပ်ခြင်းနှင့် နောက်ဆက်တွဲများကို တာဝန်ယူခြင်း
- လျှို့ဝှက်မဲစာရွက်များကို ပုံနှိပ်ရာတွင် ကြီးကြပ်ခြင်း
- ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ အန္တရာယ်ကင်းစေပြီး လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများကို အထောက်အပံ့ပေးခြင်း
- တရားစီရင်ရေးကဲ့သို့သော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၏ ရှုထောင့်တော်တော်များများကိုစီမံရာတွင် တာဝန်ရှိသော အဖွဲ့အစည်းများကို လေ့ကျင့်သင်ကြားပေးခြင်း
- မဲဆန္ဒရှင်များအား အသိပညာပေးခြင်း

- အိုင်တီနည်းပညာသစ်များကို အသုံးပြုခြင်းနှင့်
- ရွေးကောက်ပွဲကို ခွဲခြမ်းစိတ်ဖြာခြင်း

## နိုင်ငံခြားရေးရာ ဝန်ကြီးဌာန

ထိုဝန်ကြီးဌာနသည် ပြည်ပရောက် ဆီနီဂေါနိုင်ငံသားများ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော အရာများကို ပြည်ထဲရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင်လုပ်ကိုင်ပြီး အထက်ပါအတိုင်း တာဝန်ကို ကျေကျေနပ်နပ်ယူလေသည်။

## အမျိုးသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရွေးကောက်ပွဲကော်မရှင်

ဘက်လိုက်မှုနှုန်းဖြစ်နိုင်ချေနည်းသော အရပ်သားဝန်ထမ်းများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ရွေးကောက်ပွဲစီမံခန့်ခွဲရေးအပေါ်တွင် ယုံကြည်မှုမြင့်တက်စေရန်အတွက် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရွေးကောက်ပွဲကော်မရှင် (Commission Electorale Nationale Autonome, CENA) ၏ ဝန်ကြီးဌာန၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို သေချာစေရန်အတွက် နိုင်ငံရေးပါတီများအကြားတွင် သဘောတူညီချက်ရယူခဲ့သည်။ မေလ၁၁ရက် ၂၀၀၅ခုနှစ် ဥပဒေN°3 2005–07 အရ CENA၏ တာဝန်မှာ -

- မဲဆန္ဒရှင်များ၏ အမှတ်စဉ်များကို ကြီးကြပ်ထိန်းချုပ်ရန်
- မဲဆန္ဒရှင် သက်သေခံကတ်ပြားများကို ဝယ်ယူခြင်း၊ ပုံနှိပ်ခြင်းနှင့် ဖြန့်ဝေခြင်းတို့အား ကြီးကြပ်ပြီး ထိန်းချုပ်ရန်
- ပါတီများအတွက် မဲဆန္ဒရှင်စာရင်းများကို အသုံးချခြင်း
- မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲနှင့်ဆိုင်သော လှုပ်ရှားမှုများအားလုံးအတွက် ကြီးကြပ်ကွပ်ကဲခြင်း
- ရလဒ်များကို စုဆောင်းခြင်း၊ ရေတွက်ခြင်း၊ အာဏာလွှဲပြောင်းခြင်းနှင့်
- ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို တိုးတက်စေရန်အတွက် အကြံပေးခြင်းတို့ကို ဆောင်ရွက်ခြင်းဖြစ်သည်။

CENA တွင် အဖွဲ့အစည်းအများအပြားနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် သမ္မတ၏ စီရင်မိန့်ဖြင့် ခန့်အပ်ထားသောလွတ်လပ်ကာ ဘက်မလိုက်သော အဖွဲ့ဝင် ၁၂ ဦးရှိသည်။ ၎င်းတို့ထံတွင် ၆ နှစ် တာဝန်ထမ်းဆောင်ခွင့်ရှိပြီး သုံးနှစ်တစ်ခါ အဖွဲ့အစည်း၏ သုံးပုံတစ်ပုံကို လဲလှယ်ခြင်းပြုလေသည်။ CENA သည်လည်း ဌာနဆိုင်ရာနှင့် ဒေသဆိုင်ရာတို့တွင် ကိုယ်စားလှယ်များ ခန့်အပ်ခြင်းရှိလေကာ မဲပေးမည့်နေ့တွင် မဲရုံတိုင်း၌ အဖွဲ့ဝင်များရှိလေသည်။ လက်ရှိတွင် ၎င်း၌ နည်းပညာပိုင်းဆိုင်ရာ ဝန်ထမ်း ၄၈ ဦး ရှိလေသည်။

## မဲရေတွက်ခြင်းဆိုင်ရာ အမျိုးသားကော်မရှင်

မဲရေတွက်ခြင်းဆိုင်ရာ အမျိုးသားကော်မရှင် (Commission Nationale de Recensement des Votes, CNRV) သည် အထက်တွင်ဖော်ပြခဲ့သော ၁၉၉၂ ခုနှစ် ပြန်လည်ပြုပြင်ရေးတွင် ဖန်တီးခဲ့ခြင်းဖြစ်သည်။ ၎င်းတွင် ဒေသဆိုင်ရာကော်မရှင် ၁၄ ခုနှင့် ဌာနဆိုင်ရာ ကော်မရှင် ၄၅ ခုရှိသည်။ အမျိုးသားကော်မရှင်အား အသနားခံစာတင်ရာ တရားရုံးဥက္ကဋ္ဌနှင့် တရားသူကြီးနှစ်ဦးတို့မှ ဦးဆောင်သည်။ ပါတီတိုင်းတွင် ပါတီစာရင်း သို့မဟုတ် အမတ်လောင်းများသည် အမျိုးသားကော်မရှင်တွင် ကိုယ်စားလှယ်ရှိသည်။ ဒေသဆိုင်ရာကော်မရှင် ၁၄ခု၏ တစ်ခုချင်းစီတို့သည် ဒေသဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၏ ဦးဆောင်မှု

အောက်တွင်ရှိသည်။ ဒေသဆိုင်ရာ ကော်မရှင်များသည် တရားသူကြီးနှစ်ဦး၊ ပါတီတစ်ခုချင်းစီ၏ ကိုယ်စားလှယ်နှင့် အမတ်လောင်းတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဌာနဆိုင်ရာကော်မရှင်ဌာနတစ်ခုချင်းစီသည် အသနားခံခြင်းဆိုင်ရာ တရားရုံးနှင့် ပါတီတစ်ခုချင်းစီ သို့မဟုတ် အမတ်လောင်းတို့၏ ကိုယ်စားလှယ်တို့မှ ခန့်အပ်ထားသော ရာဇဝတ်တရားသူကြီး သုံးဦးဖြင့် ဖွဲ့စည်းထားသည်။

၁၉၉၂ ရွေးကောက်ပွဲ အက်ဥပဒေပါ ပုဒ်မ ၁၃၄၊ ၁၈၂၊ ၂၁၇၊ ၂၁၈နှင့် ၂၁၉တို့အရ CNRV (မဲရေတွက်ခြင်းဆိုင်ရာ အမျိုးသားကော်မရှင် ) သည် မဲရုံဝန်ထမ်းမှ လာပေးသော ရလဒ်စာရွက်အပေါ်တွင် မူတည်အခြေပြုကာ မဲများကို ရေတွက်ရမည်ဖြစ်သည်။ ဌာနကော်မရှင်၊ အမျိုးသားနှင့် ဒေသဆိုင်ရာ ကော်မရှင်တို့နှင့်မတူဘဲ ၎င်းတို့က ရလဒ်များကို တရားမဝင်ပယ်ဖျက်ကြောင်း ကြေငြာခြင်း သို့မဟုတ် မဲရုံမှ ရလဒ်စာရွက်များကို တစ်ခုချင်းစီ စစ်ဆေးခြင်းတို့ကို လုပ်နိုင်လေသည်။ အမျိုးသားကော်မရှင်ဘက်မှ သမ္မတနှင့် လွှတ်တော် ရွေးကောက်ပွဲတို့တွင် စီရင်စုဆိုင်ရာ ရလဒ်များကို ကြေငြာပေးလေသည်။

## *ရုပ်မြင်သံကြား နှင့် ရေဒီယို စည်းကမ်းသတ်မှတ်ရေး အမျိုးသားကောင်စီ*

ရုပ်မြင်သံကြားနှင့် ရေဒီယို စည်းကမ်းသတ်မှတ်ရေး အမျိုးသားကောင်စီ (Conseil National de Régulation de l’Audiovisuel, CNRA) သည် ဇန်နဝါရီလ ၄ ရက်နေ့ ၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်သော ဥပဒေ N°2006–04 အရတည်ထောင်ထားခြင်းဖြစ်သည်။ ၎င်းတွင် အခြားသော သူများအနက်မှ ပညာရှင်များ၊ မီဒီယာပညာရှင်များ၊ NGO လှုပ်ရှားရေးသမားများနှင့် အနုပညာရှင်များအနက်မှ ရွေးချယ်ထားသူ အဖွဲ့ဝင် ကိုးဦးဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့၏ တာဝန်များ ရွေးကောက်ပွဲကာလအတွင်း နိုင်ငံရေးပါတီများနှင့် အမတ်လောင်းများအတွက် မီဒီယာအသုံးပြုခွင့်ကို တန်းတူရည်တူရရှိရေးအတွက် ပုဂ္ဂလိကနှင့် အများပြည်သူဆိုင်ရာ တီဗွီနှင့် ရေဒီယို အစီအစဉ်များကို စည်းကမ်းကြပ်မတ်ရန်ဖြစ်သည်။

## EMB ဘဏ္ဍာငွေထောက်ပံ့ရေးနှင့် တာဝန်ယူမှု

အထက်ပါအဖွဲ့အစည်းများအားလုံးသည်၎င်းတို့၏ဘဏ္ဍာငွေများကိုအစိုးရထံမှရခြင်းဖြစ်သည်။ ဆီနီဂေါနိုင်ငံတွင် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအတွက် ပြင်ပဘဏ္ဍာရေးဆိုင်ရာ မှီခိုရေးဌာနမရှိချေ။ အစိုးရဘက်မှ ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်များကို ကျခံခြင်းဖြစ်လေသည်။ မည်သို့ပင်ဆိုစေကာမူ အလှူရှင်များထံမှ အထောက်အပံ့ရယူသော အကူ သို့မဟုတ် ပူးတွဲစီမံကိန်းများရှိလေသည် (ဥပမာ- မဲဆန္ဒရှင် အသိပညာပေးရေးနှင့်လုံခြုံရေးတို့ဖြစ်သည်) ပြည်ထဲရေးဝန်ကြီးဌာနမှ ဘဏ္ဍာရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာတွင် အစိုးရကို တာဝန်ယူရသည်။

CENA (နိုင်ငံလုံးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကော်မရှင်)မှ ပြည်ထဲရေးဝန်ကြီးဌာနတွင် ပါဝင်သော ၎င်း၏ ဘတ်ဂျက်ငွေကို ရယူရန်အတွက် ငြင်းဆန်သည်။ ၎င်းထံတွင်ယခု ဘဏ္ဍာငွေကြေးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အမျိုးသားလွှတ်တော်အတွက် တာဝန်များရှိသွားပြီဖြစ်သည်။ CNRV( မဲရေတွက်ခြင်း နိုင်ငံလုံးဆိုင်ရာ ကော်မရှင်)က တရားစီရင်ရေးမဏ္ဍိုင်အတွက် တာဝန်ရှိသွားပြီဖြစ်သည်။ အခြားသော အဖွဲ့အစည်းများသည်လည်း အစိုးရအတွက် တာဝန်ရှိသည်။

## ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကို ဖြေရှင်းခြင်း

စီနီဂေါနိုင်ငံတွင် ပဋိပက္ခဖြေရှင်းရန်အတွက် အခြားနည်းဖြင့် ဆောင်ရွက်နိုင်သော နည်းစနစ်ပိုင်းဆိုင်ရာ စနစ်မရှိသေးချေ။ ပဋိပက္ခများအားလုံးသည် စီမံခန့်ခွဲရေးရာနည်းဖြင့် CENA (နိုင်ငံလုံးဆိုင်ရာ ကို

ယ်ပိုင်အုပ်ချုပ်ခွင့်ရကော်မရှင်) နှင့် CNRA (ရုပ်မြင်သံကြားနှင့်ရေဒီယို စည်းကမ်းသတ်မှတ်ရေး အမျိုးသားကောင်စီ) တို့ကသာလျှင် ကိုင်တွယ်လေသည်။ သို့မဟုတ် တရားရုံးများက ဥပဒေအရ ဖြေရှင်းပေးလေသည်။ ဒါကာမြို့ရှိ အသနားစာတင်ရာ တရားရုံးသည် လွှတ်တော်နှင့် မြို့နယ်ဆိုင်ရာ ရွေးကောက်ပွဲများမှ ဖြစ်လာသောပဋိပက္ခများကို ဖြေရှင်းရန်အတွက် အဓိကကျသောနေရာမှ ထမ်းဆောင်ပေးလေသည်။ အခြေခံဥပဒေဆိုင်ရာကောင်စီမှ သမ္မတ ရွေးကောက်တင်မြှောက်ခြင်းနှင့်ဆိုင်သော ရွေးကောက်ပွဲများနှင့် ဆိုင်သော ပဋိပက္ခများကိုကိုင်တွယ်ဖြေရှင်းပေးလေသည်။

## ရွေးကောက်ပွဲ၏ ဥပဒေမူဘောင်များ

ရွေးကောက်ပွဲ ကျင်းပပုံတို့ကို မတူညီသော ဥပဒေတို့က စည်းမျဉ်းသတ်မှတ်ထားသည်။ ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့က ထုတ်ပြန်သော ဥပဒေ Nº89–36 အရ နိုင်ငံရေးပါတီများသည် လွှတ်လပ်လေသည်။ သို့သော်လည်း ၎င်းတို့အနေဖြင့် လူမျိုး၊ တိုင်းရင်းသား အုပ်စု၊ လိင်၊ ဘာသာစကား သို့မဟုတ် ဒေသအပေါ် တွင်မူတည်ပြီး ပါတီတည်ထောင်ခွင့်မရှိချေ။

မီဒီယာ စည်းမျဉ်းအရ ၁၉၉၆ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့ဥပဒေ Nº96–04 စာနယ်ဇင်း လွတ်လပ်ခွင့်ကို ပေးထားလေသည်။ ထိုအချက်က မီဒီယာကုမ္ပဏီအများအပြား သို့မဟုတ် ပုံနှိပ်ကိုယ်စားလှယ်လုပ်ငန်းများ အများအပြားကို ပေါ်ပေါက်လာစေသည်။ တစ်နိုင်ငံလုံးအနှံ့လွှင့်သော စီပွားဖြစ်ရေဒီယို အစီအစဉ်ဌာနငါးခု၊ မြို့တစ်မြို့ချင်းစီအတွက် ရေဒီယိုဌာနအများအပြား၊ အသိုင်းအဝိုင်းဆိုင်ရာ ရေဒီယို ဌာန ၇၀ နှင့် အထက်နှင့် တစ်နိုင်ငံလုံးအနှံ့ပြသော တီဗွီချန်နယ် ၉ ခုရှိလေသည်။ ပုံနှိပ်မီဒီယာအတွက် နေ့စဉ်ထုတ်သတင်းစာ အစောင်၂၀ရှိပြီး အပတ်စဉ်ထုတ် ၁၂ ခုနှင့် အထက်ရှိသည်။ ရွေးကောက်ပွဲကာလတွက် ပုဂ္ဂလိကနှင့် အများပိုင်တီဗွီနှင့် ရေဒီယိုဌာနများသည် CNRA (ရုပ်မြင်သံကြားနှင့် ရေဒီယိုစည်းကမ်းသတ်မှတ်ရေး အမျိုးသားကောင်စီ) ၏ စစ်ဆေးမှုအောက်တွင်သာလျှင် တည်ရှိလေသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေအသစ်ကို ချမှတ်လိုက်သည်။ ပြီးခဲ့သော အထွေထွေရွေးကောက်ပွဲသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့ ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေအမှတ် 2012–01 အရ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုဥပဒေကလည်း ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင်ချမှတ်ထားသော ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေ အမှတ် 92–16 အား အစားထိုးထားခြင်းဖြစ်သည်။

## အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် စောင့်ကြည့်လေ့လာသူများနှင့် ဆက်ဆံရေး

နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တွင် ပေါင်းစပ်ပါဝင်သော အပိုင်းတစ်ပိုင်းဖြစ်သည်။ ထို့ပြင် EMB များတွင်လည်း ကိုယ်စားလှယ်များရှိပြီး ပြည်ထဲရေးဝန်ကြီးဌာနတွင်တော့ ချွင်းခြက်အနေနှင့် မပါဝင်ပေ။ ပါလီမန်မှတစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် လုပ်နေသော အဓိကလှုပ်ရှားသူများလည်း ရှိသည်။

အရပ်ဖက် အဖွဲ့အစည်းများကလည်း CENA (နိုင်ငံလုံးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကော်မရှင်) နှင့် CNRA (ရုပ်မြင်သံကြားနှင့် ရေဒီယိုစည်းမျဉ်းကြီးကြပ်ရေးအမျိုးသားကောင်စီ)တွင်ပါဝင်သော်လည်း EMB တိုင်ပင်ရေးကိစ္စများတွင် ပါဝင်မှုနည်းပါလေသည်။ ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲတွင် အရပ်ဖက်

အဖွဲ့အစည်းများသည် မဲဆန္ဒရှင်များအား အသိပညာပေးရေး လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကာ ပဋိပက္ခကာကွယ်ရေး ပဏာမခြေလှမ်းများတွင်လည်းပါဝင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုရွေးကောက်ပွဲများသည် အင်မတန်မှ ထိရှလွယ်သော အခြေအနေအောက်တွင် ကျင်းပခဲ့ရသောကြောင့်ဖြစ်သည်။

နိုင်ငံရေးပါတီများနှင့် CSO (အရပ်ဖက် အဖွဲ့အစည်း) များသည်လည်း Comité de Suivi et de Veille (စောင့်ကြည့်လေ့လာရေးနှင့် နောက်ဆက်တွဲများကို ဆောင်ရွက်သော ကော်မတီ) ဟုခေါ်သော ပွဲကိုင်သည့် ကော်မတီတွင်ပါဝင်ပြီး ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများအားလုံးကို တိုင်ပင်ဆွေးနွေးပြီး ဖြစ်သည်။

၎င်း၏ အများနှင့်ယှဉ်ကြည့်လျှင် တည်ငြိမ်သည်ဟု ဆိုရမည်ဖြစ်သော ဒီမိုကရေစီစနစ်ကို ကျေးဇူးတင်ရမည် ဖြစ်သည်။ ဆီနီဂေါသည် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများကို အများအပြားတာဝန်လွှဲအပ်ခြင်း လုပ်နေကြမဟုတ်ချေ။ မည်သို့ပင်ဆိုစေကာမူ ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်မီတွင် လပိုင်းအလိုက ဖြစ်ပွားခဲ့သော တင်းမာသည့်အခြေအနေအရ ထိုတိုင်းပြည်အနေနှင့် စံချိန်တင်ရလောက်အောင်များပြားသော နိုင်ငံတကာမှစောင့်ကြည့်လေ့လာသူ အရေအတွက်ရှိခဲ့ကာ အယောက် ၃၀၀၀ ဖြစ်သည်။ ရွေးကောက်ပွဲများကို တိုင်းပြည်အတွင်း အမြဲစောင့်ကြည့်လေ့လာနေကြဖြစ်သော နိုင်ငံသားစောင့်ကြည့်လေ့လာသူများအနေနှင့်မူ ၂၀၁၂ ခုနှစ်တွင် ၆၀၀၀ နှင့် အထက်ရှိသည်။ ပြည်ထဲရေးဝန်ကြီးဌာနဘက်မှ စောင့်ကြည့်လေ့လာသူများကို ခန့်အပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်သည် မြန်ဆန်ပြီး လွယ်ကူသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

## အခြားသော အဖွဲ့အစည်း အေဂျင်စီများနှင့် ဆက်ဆံရေး

တစ်ခုအရေးတကြီးပြောရန်ရှိသည်မှာ ရွေးကောက်ပွဲကျင်းပရာတွင် အဖွဲ့အစည်း အများအပြားပါဝင်သော်လည်း ၎င်းတို့ကြားရှိ ဆက်ဆံရေးနှင့် ပေါင်းစည်းလုပ်ဆောင်မှုများ ခြုံငုံကြည့်ပါက ချောမွေ့ပြီး သဟဇာတဖြစ်လှပေသည်။ ရွေးကောက်ပွဲမတိုင်မီ ရက်သတ္တပတ်များအလိုက ဖြစ်ပွားခဲ့သော ဖြစ်ရပ်ကြီးကြီးမားမားတစ်ခု ရှိသော်လည်း EMB နှင့် ရဲဌာနအကြား ဆက်ဆံရေးကဲ့သို့ပင်ဖြစ်သည်။

## ရွေးကောက်ပွဲကို သုံးသပ်ခြင်းနှင့် ကောက်ချက်ချခြင်း

ကံမကောင်းစွာပင် EMB တော်တော်များများတွင် စနစ်တကျ ပြုလုပ်ထားသောစုစည်းထားသော ရွေးကောက်ပွဲဆိုင်ရာ သုံးသပ်ချက်များမရှိချေ။ EMB တစ်ခုချင်းစီတွင် အကြမ်းရေးဆွဲထားသော အချိန်အပိုင်းအခြားအလိုက်တင်ရသော အစီရင်ခံစာ၊ အောင်မြင်မှုနှင့် အားနည်းချက်များကို ထောက်ပြသော တိုးတက်ရန်အတွက် အကြံပေးချက်များပြုထားသော မှတ်တမ်းများရှိလေသည်။ အချို့သော အစီရင်ခံစာများသည် ပြည်သူ့ထံသို့ချပြခြင်းမရှိသကဲ့သို့ အကြံပေးချက်အချို့ကိုလည်း လိုက်နာခြင်းမရှိပေ။ ဥပမာအားဖြင့် CNEA (နိုင်ငံလုံးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကော်မရှင်) သည် ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲ မတိုင်မီတွင် ၂၀၀၉ ခုနှစ်တွင် လက်တွေ့အကောင်အထည်ဖော်ရန် ပြုပြင်ပြောင်းလဲရေးကို အဆိုတင်သွင်းခဲ့သော်လည်း ဥပဒေတွင်းသို့ ပြဋ္ဌာန်းခြင်းမရှိခဲ့ပေ။ ထိုအကြံပေးချက်များအနက်မှတွင် အသနားခံစာတင်သော တရားရုံးအားဒေသဆိုင်ရာနှင့် စီရင်စုဆိုင်ရာ အသနားခံစာတင်ရာရုံးသို့ ပဋိပက္ခဖြေရှင်းခြင်းနှင့်ဆိုင်သောတာဝန်အား  လွှဲပြောင်းပေးရန် အကြံပေးချက်ပါဝင်သည်။ အခြားသော အကြံပေးချက်များတွင် CNEA (နိုင်ငံလုံးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကော်မရှင်) ၏ အာဏာကို မဲရုံဝန်ထမ်းများခန့်အပ်ခြင်းဖြင့် တိုးမြှင့်ရန်၊ မဲရေတွက်ကာရလဒ် စာရွက်များကို CNRV (မဲရေတွက်ခြင်း နိုင်ငံလုံးဆိုင်ရာ

ကော်မရှင်) ထံသို့ လွှဲပြောင်းပေးရန်နှင့် ထူးခြားကွဲပြားသော မဲစာရင်းစာရွက်များကို မိတ်ဆက်ပေးခြင်းတို့လည်း ပါဝင်သည်။ ဆီနီဂေါနိုင်ငံတွင် လျှို့ဝှက်မဲစာရွက်အများအပြားကို ဆက်လက်သုံးစွဲနေဆဲပင်ဖြစ်ပြီး ၎င်းတို့မှာ ကုန်ကျစရိတ်များပြားခြင်း၊ ပတ်ဝန်းကျင်အား ထိခိုက်အန္တရာယ်ရှိခြင်းနှင့် မသမာမှုများ ပြုလုပ်ခံရနိုင်ခြင်းတို့ ရှိလေသည်။

စောင့်ကြည့်လေ့လာရေးနှင့် နောက်ဆက်တွဲများကိုဆောင်ရွက်သော ကော်မတီတွင် EMB များအားလုံး၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် စောင့်ကြည့်လေ့လာသူများ ပါဝင်ပြီး ၂၀၁၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းကိုတည်ထောင်ခဲ့ခြင်းသည် မဲဆန္ဒရှင်များ၏ အမှတ်စဉ်များကို ယုံကြည်ရနိုင်မှုနှင့်ပတ်သက်ပြီး ရွေးကောက်ပွဲတွင် ရင်းနှီးမြှုပ်နှံသူများအကြားတွင် ယုံကြည်မှုပိုင်းဆိုင်ရာ အခက်အခဲ အကြပ်အတည်း ကြုံတွေ့လာမှုကြောင့်ဖြစ်သည်။ ကော်မတီအနေနှင့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများတိုင်ပင်ဆွေးနွေးစရာများရှိပါက တွေ့ဆုံလေ့ရှိပြီး ၎င်းတို့၏ အကြံပေးချက်များကို အစိုးရနှင့်လွှတ်တော်ထံသို့ တင်ပို့လေ့ရှိသည်။ ၎င်းအနေနှင့် ပြုပြင်ပြောင်းလဲရေးများ၊ ဥပဒေများနှင့် ပြင်ဆင်ချက်များကိုလည်း အဆိုတင်သွင်းခွင့်ရှိသည်။

## လေ့ကျင့်သင်ကြားခြင်းနှင့် EMB ဝန်ထမ်းများ၏ ပညာရှင်ဆန်မှု

EMB ဝန်ထမ်းများအနေနှင့် ပြန်လှန်လေ့ကျင့်သင်ကြားခြင်းမရှိချေ။ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ပွဲကဏ္ဍများသည် ရွေးကောက်ပွဲနီးချိန်၊ သို့မဟုတ် ရွေးကောက်ပွဲ ကျင်းပချိန်တွင်သာပြုလုပ်ခြင်းဖြစ်သည်။ သို့သော်လည်း ဆီနီဂေါတွင် နှစ်နှစ်တစ်ကြိမ်နီးပါး ရွေးကောက်ပွဲများ (မြို့နယ်အဆင့် သို့မဟုတ် နိုင်ငံအဆင့်) ရှိနေသောကြောင့် (မြို့နယ်အဆင့် သို့မဟုတ် နိုင်ငံအဆင့်) များအနေနှင့် ၎င်းတို့၏ ဝန်ထမ်းများကို ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများအကြောင်း၊ စည်းမျဉ်းအသစ်များနှင့် နည်းပညာအသစ်များအကြောင်း ဖြည့်စွက်ပြောဆိုထားနိုင်လေသည်။

မဲရုံဝန်ထမ်းများ၏ ပညာရှင်ဆန်မှုမှာ ချီးကျူးရလောက်ပေသည်။ ၎င်းတို့၏တာဝန်များကို အင်မတန်မှ ကောင်းကောင်းမွန်မွန်ဆောင်ရွက်သွားပြီး မဲဆန္ဒရှင်များ၏ ယုံကြည်မှုကိုလည်း ခံခဲ့ကြရသည်။ တိုင်းပြည်၏ ရှည်လျားလှသော ရွေးကောက်ပွဲဆိုင်ရာသမိုင်းသည် ရွေးကောက်ပွဲဆိုင်ရာကိစ္စများကို ပညာရှင်ဆန်ဆန် ကိုင်တွယ်သူ၏ လက်ထဲသို့ ကျရောက်သွားပြီဖြစ်သည်။

## နည်းပညာအသစ်များ အသုံးပြုခြင်း

၂၀၀၇ ခုနှစ်မှ စ၍ ပြည်ထဲရေးဝန်ကြီးဌာနက ၎င်း၏စွမ်းဆောင်ရည်မြှင့်တက်ရန်အတွက် နည်းပညာအသစ်များကို မိတ်ဆက်ပေးလျက်ရှိသည်။ ဒီဂျစ်တယ်နှင့် ဘိုင်အိုမက်ထရစ်စနစ်များသည် နိုင်ငံတွင်းရှိ မဲဆန္ဒရှင်များ၏ အမှတ်စဉ်များကို ပြုလုပ်ပေးရန်နှင့် မှတ်ပုံတင်များထုတ်ပေးရန်နှင့် မဲဆန္ဒရှင်သက်သေခံကတ်ပြားများထုတ်ပေးရန်အတွက် အသုံးပြုသည်။ မှတ်ပုံတင်ဌာနများအားလုံးအားကွန်ပြူတာ များနှင့် လက်ဗွေ နှင့် ဓါတ်ပုံရိုက်ယူနိုင်သော ကိရိယာများတပ်ဆင်ထားသည်။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံရေးပါတီများအနေနှင့် မှတ်ပုံတင်အတုပြုလုပ်ခြင်းကို ခြေရာခံရန်အတွက် နည်းပညာအသစ်များရရှိထားပြီး မဲဆန္ဒရှင် အတုအလိမ်ပေါင်း ၅၅၈၅၆ ယောက်ကို ဖော်ထုတ်နိုင်ခဲ့သည်။

CENA (နိုင်ငံလုံးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကော်မရှင်) မှ မဲရုံများအတွင်းတွင် မဲပေးခြင်းနှင့်ဆိုင်သော သတင်းအချက်အလက်များ ရယူနိုင်သော အိုင်တီအဖွဲ့ကို ၂၀၁၂ ခုနှစ်တွင် ခန့်အပ်ထားနိုင်လေသည်။

## အခွင့်အလမ်းများနှင့် အတားအဆီးများ

၂၀၁၂ခုနှစ် သမ္မတနှင့် လွှတ်တော်ရွေးကောက်ပွဲများသည် ဆီနီဂေါဒီမိုကရေစီ၏ ရင့်ကျင့်မှုကို ပြသပြီးဖြစ်သည်။ နိုင်ငံရေးကွင်းပြင်တွင် သဘောတူညီချက်ရယူခဲ့ရသော မဲဆန္ဒရှင်စာရင်းဆွေးနွေးမှုမှ လွဲ၍ ကျန်ရွေးကောက်ပွဲဆိုင်ရာလုပ်ဆောင်မှုများတွင် မည်သည့်အမှားအယွင်း ကြီးကြီးမားမားမှ မရှိပါ။ ရွေးကောက်ပွဲတွင် ယေဘုယျအားဖြင့် ယုံကြည်ချက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ဆီနီဂေါသည် ၎င်း၏ စနစ်အား ပြန်လည်ဆန်းစစ်မှုပြုလုပ်သင့်ပြီဖြစ်ပြီး လက်ရှိ EMB အနေနှင့် လွတ်လပ်စွာလှုပ်ရှားလည် ပတ်နိုင်ပြီး ထိုကဲ့သိုသော ယုံကြည်မှုမျိုးရနိုင်၊မရနိုင် ဆန်းစစ်သင့်ပြီဖြစ်သည်။

မတူကွဲပြားသော လျှို့ဝှက်မဲစာရွက်သုံးခြင်းသည်  ဆက်လက်ဆွေးနွေးရမည့် ကိစ္စဖြစ်သည်။ အရပ်သားဝန်ထမ်းများအနေနှင့် ဘက်မလိုက်ဘဲလုပ်ဆောင်ရန် ၎င်းတို့၏ အထက်အောက် အုပ်ချုပ်ပုံကို လိုက်နာရန် အားထားလွန်းပါက လက်ရှိလွှမ်းမိုးနေဆဲဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန၏ ရာထူးနေရာများမှာ စိုးရိမ်ဖွယ်ရာဖြစ်လာနိုင်သည်။ သို့သော်လည်း ယခုလက်ရှိတွင် EMB များသည် အခြားအရာများနှင့်ယှဉ်ကြည့်ပါက ယုံကြည်ဖွယ်ရာရှိပြီး ၎င်းတို့၏တာဝန်ကို ပညာရှင်ဆန်ဆန် ဖြည့်ဆည်းက ဆီနီဂေါနိုင်ငံတွင် ငြိမ်းချမ်းရေးပေးစွမ်းလျက်ရှိသည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# ကိုရီးယား သမ္မတနိုင်ငံ : လွတ်လပ်ပြီး ဘက်မလိုက်မျှတသော ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန

Jeong-Gon Kim

မဲပေးရန်အရည်အသွေးပြည့်မီသူများအား တိုက်ရိုက် လျှို့ဝှက်မဲပေးနိုင်သော တူညီသော အခွင့်အလမ်းကို ပေးခဲ့ခြင်းအားဖြင့် ကိုရီးယားနိုင်ငံတွင် ဒီမိုကရေစီရွေးကောက်ပွဲဆိုင်ရာစနစ်သည် အခြေခံဥပဒေဆိုင်ရာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဖြင့် ၁၉၄၈ ခုနှစ်တွင် စတင်ခဲ့သည်။ ကိုရီးယားအစိုးရ စတင်တည်ထောင်သောအခါ ရွေးကောက်ပွဲကော်မရှင်သည်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်၏ တစ်စိတ်တစ်ပိုင်းရှိပြီး ၎င်းအားဘက်မလိုက်ရန် ထိန်းသိမ်းကာကွယ်ရသည်မှာ အင်မတန်မှခက်ခဲလှသည်။ နောက်ဆက်တွဲအနေနှင့်ပင် ရွေးကောက်ပွဲ ကော်မရှင်သည်လည်း ၁၉၆၃ ခုနှစ်တွင် လွတ်လပ်သော အခြေခံဥပဒေဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့အစည်းတစ်ခုအဖြစ် တိုင်းပြည်၏ အခြေခံဥပဒေကို ပဉ္စမအကြိမ်မြောက်ပြင်ဆင်ရာတွင် ရွေးကောက်ပွဲကော်မရှင်ကို တတိယ ကိုရီးယားသမ္မတနိုင်ငံတွင် ပြန်လည်တည်ထောင်ခဲ့သည်။

## နောက်ခံအကြောင်းအရာ

အစကနဦးပိုင်းတွင် ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများ ရွေးကောက်ပွဲ ဥပဒေနှင့်အညီ မျှမျှတတ စီမံခန့်ခွဲရေးနှင့် မဲဆန္ဒရှင်ပြည်သူတို့၏ အချုပ်အခြာအာဏာမြှင့်တင်ရေးအတွက် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် တစ်ချိန်က ရုံးဌာနအဆင့်သာရှိခဲ့သော ရွေးကောက်ပွဲကော်မရှင်သည် ဒုဝန်ကြီးအဆင့်သို့ မြှင့်တင်ပေးခြင်းခံခဲ့ရသည်။ ၁၉၈၇ ခုနှစ်တွင် ၁၃ ကြိမ်မြောက် တိုက်ရိုက်သမ္မတရွေးကောက်ပွဲကို စတင်မိတ်ဆက်ပေးနိုင်ခဲ့ကာ ဒီမိုကရေစီလမ်းစဉ်သို့ လှမ်းချီနိုင်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားမှုများ၏ လွတ်လပ်မှုသည်လည်း တော်တော်တိုးတက်လာခဲ့သည်။ သို့သော်လည်း တရားမဝင်မဲဆွယ်သော လှုပ်ရှားမှုများမှာလည်း အင်မတန်မှ မြင့်မားလျက်ရှိသည်။ လွတ်လပ်ပြီး တရားမျှတကာ ယုံကြည်ရနိုင်သော ရွေးကောက်ပွဲတစ်ခုဖြစ်ပေါ်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်ဘက်မှ ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို တင်းတင်းကြပ်ကြပ်ထုတ်ပြန်ထားရပြီး ထိုလုပ်ဆောင်ချက်များသည်လည်း လူထုထောက်ခံမှုကို ရရှိစေနိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ၎င်း၏တရားမဝင်မဲဆွယ်မှုများအား ထိန်းချုပ်နိုင်ခွင့်သည် တိုးမြှင့်ခြင်းခံခဲ့ရပြီး၊ တာဝန်ချမှတ်ခြင်းလည်း ခံခဲ့ရသည်။ ကော်မရှင်ဘက်မှလည်းရွေးကောက်ပွဲ ကော်မရှင်ဆိုင်ရာ အက်ဥပဒေသည်လည်း ဥပဒေအသစ်ပြဋ္ဌာန်းရန်လိုအပ်သည့်အခါ သို့မဟုတ် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် လက်ရှိဥပဒေတစ်ခုကို ပြုပြင်ရန်လိုအပ်သည့်အခါ အမျိုးသားလွှတ်တော်သို့ ကော်မရှင်ဘက်မှ အဆိုတင်သွင်းနိုင်ရန်အတွက် ပြန်လည်ပြုပြင်ခြင်း

ခံခဲ့ရသည်။ ပြန်လည်ပြုပြင်လိုက်သော ဥပဒေက ကော်မရှင်ကို ဝန်ကြီးဌာနအဆင့်ထိ တိုးမြှင့်လိုက်ပြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးကို စနစ်တကျ လုပ်ဆောင်ခဲ့သည်။

၁၉၉၆ခုနှစ်တွင် ရွေးကောက်ပွဲကော်မရှင်တွင် ထိပ်တန်းဌာနဖြစ်သော အမျိုးသားရွေးကောက်ပွဲကော်မရှင် (NEC)က ကိုရီးယား ဒီမိုကရေစီရေးရာ ပြည်သူ့အသိပညာပေးရေးအသင်းကို တည်ထောင်လိုက်ပြီး ထိုအချိန်မှစကာ နိုင်ငံရေးပါတီများ၊ အမတ်လောင်းများနှင့် ပြည်သူလူထုအထွေထွေ လူတန်းစားများအတွက် ပြည်သူများကိုအသိပညာပေးရေးတို့ကို ပြုလုပ်ပေးခဲ့သည်။ ထိုရွေးကောက်ပွဲကော်မရှင်မှ ပညာပေးရေးအတွက် ကြီးကြပ်ရေးမှူးတာဝန်ထမ်းဆောင်သကဲ့သို့ ပညာပေးကော်မတီအတွက် အဖွဲ့ဝင်များရွေးချယ်ရာတွင်လည်း ကြီးကြပ်စီစဉ်ပေးပေးခဲ့လေသည်။

၂၀၀၄ ခုနှစ်တွင် ကျင်းပခဲ့သော ၁၇ ကြိမ်မြောက် အမျိုးသားလွှတ်တော် အဖွဲ့ဝင် ရွေးကောက်ပွဲသည် လွတ်လပ်၊ မျှတ၊ ယုံကြည်ရသော ရွေးကောက်ပွဲများဖြစ်လာရန်အတွက် အလှည့်အပြောင်းတစ်ခု ဖြစ်ခဲ့သည်။ ထိုရွေးကောက်ပွဲက ကုန်ကျစရိတ်များပြားလှသော နိုင်ငံတွင်းရှိ ပါတီဌာနခွဲများနှင့် မဲဆွယ်ခြင်းဆိုင်ရာ နည်းစနစ်များကို ဖယ်ရှားနိုင်ခဲ့သည်။ တရားမဝင်ပြုလုပ်သော မဲဆွယ်ခြင်းများကို တားဆီးရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ချိုးဖောက်ချက်များအပေါ် သတင်းပေးသောသူတို့အား ဆုငွေပေးခြင်းများပြုလုပ်ခဲ့သည်။ အုပ်ချုပ်ရေးဌာနမှ အမတ်လောင်းများထံမှ တရားမဝင်တံစိုးလက်ဆောင် (ဥပမာ- ငွေကြေး၊ အစားအစာ အစရှိသည်ဖြင့်) လက်ခံသူများကို ဒဏ်ငွေချမှတ်ခဲ့သည်။ ထိုကဲ့သို့ လုပ်ဆောင်ချက်များကြောင်း လွတ်လပ်မျှတ ယုံကြည်ရသော ရွေးကောက်ပွဲဖြစ်လာခဲ့သည်။

NEC (အမျိုးသားရွေးကောက်ပွဲ ကော်မရှင်) ဘက်မှလည်း ရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲ ရုပ်သံလွှင့် ကော်မရှင် (EBDC) နှင့် အင်တာနက် ရွေးကောက်ပွဲသတင်းများ စဉ်းစားဆုံးဖြတ်ရေး ကော်မရှင် (IENDC) ကို တည်ထောင်လိုက်သည်။ EBDC (ရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲ ရုပ်သံလွှင့် ကော်မရှင်) ဘက်မှလည်း နိုင်ငံရေးပါတီများအကြား ဆွေးနွေးရေးနှင့် စကားစစ်ထိုးပွဲများကို လှုပ်ရှားနေစေရန်အတွက် အားပေးပြီး IENDC (အင်တာနက် ရွေးကောက်ပွဲသတင်းများ စဉ်းစားဆုံးဖြတ်ရေး ကော်မရှင်) မှ တိကျမှန်ကန်သော သတင်းများကို အစီရင်ခံစာတင်နေကြောင်း သေချာစေရန်အတွက် စောင့်ကြည့်ပေးခြင်းတို့ကို ပြုလုပ်ပေးလေသည်။ ရွေးကောက်ပွဲကော်မရှင်၏ တာဝန်အာဏာသည် နိုင်ငံရေးဘဏ္ဍာငွေများကို တရားမဝင် သုံးစွဲနေခြင်းအား စုံစမ်းစစ်ဆေးနိုင်ခွင့်နှင့် ဆက်သွယ်ရေးဆိုင်ရာ စာရွက်စာတမ်းများကို စစ်ဆေးရန်၊ တင်သွင်းရန်အတွက် တောင်းခံနိုင်မှုတို့ ရရှိနိုင်စေရန်အတွက် ထပ်မံအင်အားတိုးချဲ့လိုက်သည်။ ကော်မရှင်ဘက်မှလည်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများချိုးဖောက်မှုများအတွက် ဆိုက်ဘာရွေးကောက်ပွဲ စောင့်ကြည့်ရေးအဖွဲ့အား စတင် ပြုလုပ်ခဲ့သည်။

၂၀၀၄ ခုနှစ်တွင်ပြုလုပ်သော နိုင်ငံသားများ၏ ဆန္ဒခံယူပွဲအား စီမံခန့်ခွဲရာတွင်စတင်ခဲ့ပြီး ကော်မရှင်ဘက်မှ မြို့နယ်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သစ်တောဆိုင်ရာ သမဝါယမလုပ်တို့၏ ခေါင်းဆောင်များနှင့် ၂၀၀၅ ခုနှစ်မှစ၍ အမျိုးသား တက္ကသိုလ်ပါမောက္ခချုပ် ရွေးချယ်ရေးအတွက် ရွေးကောက်ပွဲများကို စီမံရာတွင် ယုံယုံကြည်ကြည်နှင့် အပ်နှံခြင်းခံခဲ့ရသည်။ ၂၀၀၆ ခုနှစ်တွင် ကော်မရှင်ဘက်မှ မဲဆန္ဒရှင်နိုင်ငံသားများ၏ မြို့နယ်ဆိုင်ရာ အစိုးရနှင့် ကောင်စီအဖွဲ့ဝင်တို့နှင့် သက်ဆိုင်သော ရာထူးမှ ထုတ်ပယ်ရေးဆိုင်ရာ ဆန္ဒမဲများအတွက် စီမံခန့်ခွဲရေးကို စတင်လုပ်ဆောင်ခဲ့သည်။

မြို့နယ်နိမိတ်ရေိယာနှင့် မြို့နေပြည်သူများ၏ နေထိုင်မှုဆိုင်ရာ အခြေအနေများအား ထိန်းသိမ်းတိုးတက်ရေးဆိုင်ရာ အက်ဥပဒေအား ၂၀၁၀ ပြည့်နှစ်တွင် ပြင်ဆင်ပြီးသကာလ ရွေးကောက်ပွဲ ကော်မရှင်

၏ တာဝန်များထဲတွင် ပြည်သူ့ဝန်ထမ်းအရာရှိမဟုတ်သော သူများအား ရွေးကောက်ရေးကိုပါ စီမံခန့်ခွဲပေး ရသော အိုးအိမ်စီမံကိန်းနှင့်ဆိုင်သော အဖွဲ့အစည်းတို့၏ ဘုတ်အဖွဲ့ဝင်များအား ရွေးကောက်ရေး အစ ရှိသည်တို့ကိုပါ တာဝန်ယူပေးရလေသည်။

ရွေးကောက်ပွဲကော်မရှင်အနေနှင့် ၎င်းတို့၏ နိုင်ငံတကာရေးရာ ပူးပေါင်းဆောင်ရွက်မှုအား အာရှရွေးကောက်ပွဲ အာဏာပိုင်များ အဖွဲ့အစည်း (AAEA) သို့ ၂၀၀၈ခုနှစ်တွင် ဝင်ရောက်ပြီး ၂၀၁၁ ခုနှစ် တွင် ဥက္ကဋ္ဌဖြစ်လာခြင်းဖြင့် နေရာကဏ္ဍကို တိုးမြှင့်ပေးနိုင်ခဲ့သည်။ ၎င်းအနေနှင့်လည်း ရွေးကောက်ပွဲ ဆိုင်ရာနယ်ပယ်ထဲတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်သော ဆက်ဆံရေးမျိုးကို ထူထောင်နိုင်ရန် အတွက် အခြားသောနိုင်ငံများရှိ ရွေးကောက်ပွဲစီမံခန့်ခွဲရေးဆိုင်ရာဌာနများနှင့် နားလည်မှုယူရေး အမှာစာ ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုကော်မရှင်မှလည်း တွေ့ဆုံဆွေးနွေးပွဲများနှင့် လေ့ကျင့်သင်ကြားရေး ဆိုင်ရာအချိန်များကို နိုင်ငံရပ်ခြားရှိ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများအတွက် ပြုလုပ်ပေးကာ မတူညီ ကွဲပြားသော ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့၏ အတွေ့အကြုံများနှင့် အမြင်များကို မျှဝေရန်ဆောင်ရွက်ခဲ့ သည်။

၂၀၀၉ ခုနှစ်တွင် ပြင်ဆင်လိုက်သော ပြည်သူ့တရားဝင် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေ ပြင် ဆင်ချက်အရ အခြားသော နိုင်ငံများသို့ အလည်အပတ်သွားရောက်သော သို့မဟုတ် နေထိုင်သော ကိုရီးယားနိုင်ငံသားများသည် (အမြဲတမ်း နေထိုင်ခွင့် ဗီဇာရရှိထားသူများပါ အပါအဝင်) သမ္မတနှင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများအတွက် မဲပေးနိုင်ခွင့်ရှိလေသည်။

## ဥပဒေဆိုင်ရာ မူဘောင်

ထိုတိုင်းပြည်၏ အခြေခံဥပဒေတွင်ပါသော အပိုဒ် ၁၊ ပုဒ်မ ၁၁၄ ပြဋ္ဌာန်းချက်အရ NEC (အမျိုး သား ရွေးကောက်ပွဲကော်မရှင်) သည် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးဘဏ္ဍာငွေများနှင့် သက်ဆိုင်သော စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများကို ကိုင်တွယ်ရန်နှင့် မျှတသော ရွေးကောက်ပွဲနှင့် နိုင်ငံလုံးကျွတ်ဆန္ဒခံယူပွဲ များအတွက် အမျိုးသားလွှတ်တော်၊ အစိုးရ၊ တရားရုံးနှင့် ကိုရီးယားနိုင်ငံ အခြေခံဥပဒေဆိုင်ရာ တရားရုံး တို့နှင့်အညီ လွတ်လပ်သော အခြေခံဥပဒေဆိုင်ရာ ကိုယ်စားလှယ် အေဂျင်စီတစ်ခုအနေနှင့် ၁၉၆၂ ခုနှစ် တွင် ရွေးကောက်ပွဲကော်မရှင် အက်ဥပဒေအရ တည်ထောင်ထားခြင်းဖြစ်သည်။ ရွေးကောက်ပွဲ ကော်မရှင် ဆိုင်ရာ အက်ဥပဒေသည် ရွေးကောက်ပွဲကော်မရှင် အဆင့်အသီးသီး၏ တည်ထောင်မှုနှင့် တာဝန်များ၊ ရွေးကောက်ပွဲ ကော်မရှင်အရာရှိများ၏ ခန့်အပ်မှုဆိုင်ရာလုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များနှင့် ဥက္ကဋ္ဌနှင့် အချိန်ပြည့်တာဝန်ထမ်းဆောင်သော ကော်မရှင်အရာရှိ၏ အာဏာနှင့် တာဝန်ကဏ္ဍများအပေါ်တွင် စည်း မျဉ်းစည်းကမ်းများ ချမှတ်လေသည်။

၁၉၆၀ ခုနှစ် မတ်လ ၁၅ရက်နေ့တွင် တရားမဝင်ရွေးကောက်ပွဲကိစ္စနှင့် ပတ်သက်ပြီး မိမိကိုယ် ကိုယ်ပြန်လည်စစ်ဆေးရာမှ NEC သည် ၁၉၆၃ ခုနှစ် အခြေခံဥပဒေ ပဉ္စမအကြိမ်မြောက် ပြင်ဆင်ရေးနှင့် ၏ နောက်ဆက်တွဲအနေဖြင့် အခြေခံဥပဒေဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဖြစ်သွားခဲ့သည်။ အခြေခံဥပဒေနှင့် အက်ဥပဒေနှင့် ပြဋ္ဌာန်းထားသည့် အတိုင်းပင်ရွေးကောက်ပွဲကော်မရှင် အရာရှိတစ်ဦးချင်းစီ၏ တာဝန် ထမ်းဆောင်သက်နှင့် ရာထူးများမှာ ခိုင်ခိုင်မာမာ အာမခံရရှိထားပြီးဖြစ်ကာ ပြင်ပဝင်ရောက်စွက်ဖက်မှု မပါဝင်ဘဲ တာဝန်များကို မျှမျှတတထမ်းဆောင်နိုင်ရေးအတွက် ဖြစ်သည်။

## အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံနှင့် ပညာရှင်ဆန်ခြင်း

ကိုရီးယားနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင်သည် တစ်နိုင်ငံလုံးအနှံ့တွင် တည်ရှိသောပုံသေခန့်အပ်ထားသည့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာနဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်တွင် အဆင့်လေးဆင့်နှင့် သတ်မှတ်ထားသောတည်ဆောက်ပုံရှိပြီး ထိပ်ဆုံးတွင် NEC (အမျိုးသားရွေးကောက်ပွဲ ကော်မရှင်) ဖြစ်ကာ Si (အထူးမြို့နယ်၊ မြို့တော်) Do (စီရင်စု) ရွေးကောက်ပွဲကော်မရှင် (ECs) များ၊ Gu (ခရိုင်)/ Si(မြို့)/Gun (ကောင်တီ) ECs (ရွေးကောက်ပွဲကော်မရှင်များ) နှင့် Eup/Myeon/Dong (မြို့နယ်) ECs (ရွေးကောက်ပွဲကော်မရှင်များ) ဖြစ်ကြသည်။ သမ္မတနှင့်အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများအတွက် ပြည်ပမဲပေးရေးဆိုင်ရာ ကော်မတီများကို ကိုရီးယားနိုင်ငံခြားရေး တာဝန်များ ချမှတ်ပေးထားလေသည်။ လက်ရှိတွင်မတော့ Si/Do ၁၆ခု ၊Gu/Si/Gun ၂၅၁ခု နှင့် Eup/Myeon/Dong ၃၄၇၀ ပေါင်း ရွေးကောက်ပွဲ ကော်မရှင်များ (ECs) ရှိလေသည်။

အမျိုးသားရွေးကောက်ပွဲကော်မရှင် NEC တွင် ကော်မရှင်အရာရှိ ၉ ဦးရှိပြီး ဥက္ကဋ္ဌတစ်ဦး ပါအဝင်နှင့် အချိန်ပြည့်တာဝန်ထမ်းဆောင်သော ကော်မရှင်အရာရှိ တစ်ဦးပါဝင်သည်။ ဥက္ကဋ္ဌသည် လက်ရှိတွင် တရားရုံးချုပ်တွင် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နေသောကြောင့် အချိန်ပြည့်တာဝန်ထမ်းဆောင်ခြင်းမျိုးမရှိချေ။ ဝန်ကြီးအဆင့်ရှိသော ကော်မရှင် အရာရှိက ဥက္ကဋ္ဌကို အထောက်အကူပြုရန်နှင့် အထွေထွေအတွင်းရေးမှူးဌာနကို ကြပ်မတ်ရန်အတွက် အချိန်ပြည့် တာဝန်ထမ်းဆောင်ခြင်းမျိုးကို ပြုလုပ်ရသည်။

အထွေထွေအတွင်းရေးမှူးဌာနသည်လည်း ဝန်ကြီးအဆင့်ရှိသော အထွေထွေအတွင်းရေးမှူး တစ်ဦးနှင့် ဒုဝန်ကြီးချုပ်အဆင့်ရှိသော လက်ထောက်အထွေထွေအတွင်းရေးမှူးတို့ပါဝင်ပြီး ရုံးနှစ်ရုံး၊ ဗျူရိုဌာနတစ်ခု၊ ဌာနဆိုင်ရာခြောက်ခုနှင့် ဌာနခွဲ ၂၇ ခုတို့ပါဝင်ပြီး ကိုရီးယားဒီမိုကရက်တစ် ပြည်သူနှင့် နိုင်ငံရေးဆိုင်ရာအသိပညာ ပြည်သူအသိပညာပေးရေးအသင်းအဖွဲ့တို့ပါဝင်သည်။ IENDC (အင်တာနက် ရွေးကောက်ပွဲသတင်းများစဉ်းစားဆုံးဖြတ်ရေးကော်မရှင်) နှင့် EBDC (ရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲ ရုပ်သံလွှင့်ကော်မရှင်) တို့သည် NEC ၏ လက်အောက်တွင် ရှိလေသည်။ Si/Do ECs (ရွေးကောက်ပွဲကော်မရှင်) ၁၆ ခုတွင် ပြည်သူ လူထုဆိုင်ရာတာဝန်ယူထားသော အချိန်ပြည့်တာဝန်ထမ်းဆောင်သော ကော်မရှင်အရာရှိတစ်ဦးရှိကာ အချိန်ပြည့်တာဝန် မထမ်းဆောင်သော ကော်မရှင်အရာရှိများမှာမူ အထွေထွေအတွင်းရေးမှူးဌာနနှင့် EBDC (ရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲ ရုပ်သံလွှင့်ကော်မရှင်) တွင် ရှိလေသည်။ အထွေထွေအတွင်းရေးမှူးဌာနကို အထွေထွေညွှန်ကြားရေးမှူးတစ်ဦးက ခေါင်းဆောင်ပြီး ဌာနခွဲခြောက်ခု ရှိလေသည်။ Gu/Si/Gun ၂၅၁ခုသော ECs(ရွေးကောက်ပွဲ ကော်မရှင်များ)သည် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြပြီး အထွေထွေအတွင်းရေးမှူးဌာန ရှိကြလေသည်။ Gu/Si/Gun ကော်မရှင်များသည် အချိန်ပြည့်တာဝန်ထမ်းဆောင်ခြင်းမျိုးမလုပ်ကြချေ။

အချိန်ပြည့်တာဝန်ထမ်းဆောင်သော NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) ကော်မရှင် အရာရတစ်ဦးရှိသည်မှအပ ရွေးကောက်ပွဲကော်မရှင်အရာရှိကြီးများသည် အချိန်ပြည့်တာဝန် ထမ်းဆောင်ခြင်းမျိုး မလုပ်ကြချေ။ ထို့ကြောင့်ပင် အဆင့်အားလုံးရှိ ရွေးကောက်ပွဲကော်မရှင်များသည် ရွေးကောက်ပွဲဆိုင်ရာကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အထွေထွေအတွင်းရေးမှူးဌာန တစ်ခုရှိသည်။ EC အထွေထွေအတွင်းရေးမှူးဌာန၏ တာဝန်ထမ်းဆောင်သော ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်ပြီး ပြည်သူ့ဝန်ထမ်းစစ်ဆေးမှု သာမေးပွဲကို အောင်မြင်ပြီးကြသော သူများဖြစ်ကြသည်။ NEC (အမျိုးသား ရွေးကောက်ပွဲကော်မရှင်) ၏ အချိန်ပြည့် တာဝန်ထမ်းဆောင်သော ကော်မရှင်အရာရှိများနှင့် အထွေထွေ

အတွင်းရေးမှူးဌာနခေါင်းဆောင်နှင့် အထွေထွေအတွင်းရေးမှူးတို့သည် အားလုံးဝန်ကြီးအဆင့်ရှိသော တာဝန်ရှိပုဂ္ဂိုလ်များဖြစ်ကြသည်။ ကော်မရှင်အရာရှိအနေနှင့် ခြောက်နှစ်သာတာဝန်ထမ်းဆောင်ခွင့်ရှိကာ အချိန်ပြည့်တာဝန်ထမ်းဆောင်ခြင်း မလုပ်သော်လည်း အထွေထွေအတွင်းရေးမှူးဌာနရှိ ပြည်သူ့ဝန်ထမ်းများအနေနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးတွင် ကျွမ်းကျင်မှုနှင့် တာဝန်ထမ်းဆောင်သက်များ များစွာရှိနေပြီဖြစ်ကာ ၎င်းတို့အား လုပ်ငန်းခွင်ဆိုင်ရာ တာဝန်ထမ်းဆောင်မှုနှင့် သက်ဆိုင်သောနေရာများတွင် ကော်မရှင်ထံမှ အတိုင်းအတာတစ်ခုထိ လွတ်လပ်ပြီဟု ပြောနိုင်လေသည်။ ထို့အပြင် ကော်မရှင်၏ ဆုံးဖြတ်ချက်များကို လိုအပ်သောနေရာများမှ လွှဲပြီး (ဥပမာအားဖြင့် ရွေးကောက်ပွဲကော်မရှင်၏ စည်းမျဉ်းစည်းကမ်းများ၊ တာဝန်လွှဲအပ်ရေးနှင့် တရားစီရင်ဆုံးဖြတ်ရေး၊ အမတ်လောင်းများအား မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲ ရလဒ်များ ကြေငြာခြင်း၊ ရွေးကောက်ခံရသူကို ဆုံးဖြတ်ချက်ပေးခြင်း၊ စည်းကမ်းများကိုပြန်လည်ပြင်ဆင်ခြင်းနှင့် အရေးယူခြင်း၊ လုပ်ရိုးလုပ်စဉ်များကို ပြောင်းလဲခြင်း) ၎င်း၏ အာဏာနှင့် လုပ်ပိုင်ခွင့်များသည် အထွေထွေအတွင်းရေးမှူးဌာနသို့ လွှဲပြောင်းထားခြင်းခံရလေကာ ၎င်းဌာနက တာဝန်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လွတ်လပ်မှုတို့ဖြင့် ကိုင်တွယ်နိုင်သည်။

အထွေထွေအတွင်းရေးမှူးဌာန၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် ၎င်းတို့၏ တာဝန်များကို ဘက်မလိုက်စတမ်း လုပ်ဆောင်မှုအပေါ်တွင် အခြေခံကျကျမူတည်ကာ ဥပဒေပြုရေးလွှတ်တော်၊ တရားစီရင်ရေးဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေးနှင့် နိုင်ငံရေးပါတီများ သို့မဟုတ် အတိုက်အခံပါတီမှ လွတ်လပ်မှုရနိုင်စေလေသည်။

## အာဏာနှင့် လုပ်ဆောင်ချက်များ

NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) အနေနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးနှင့် သက်ဆိုင်သော အက်ဥပဒေ၏ အတိုင်းအတာအတွင်းရှိ နိုင်ငံရေးပါတီများနှင့် သက်ဆိုင်နေသော အုပ်ချုပ်ရေးဆိုင်ရာကိစ္စများ၊ ဆန္ဒခံယူပွဲများနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ကောင်း ထုတ်ပြန်လိမ့်မည် ဖြစ်သည်ကာ ရွေးကောက်ပွဲအက်ဥပဒေ (အခြေခံဥပဒေ ပုဒ်မ ၁၁၄၊ အပိုဒ် ၆ ) နှင့် ကိုက်ညီသော အတွင်းပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများလည်း ပါဝင်သည်။

ပါတီများနှင့် အမတ်လောင်းများကို ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းနှင့် အညီလုပ်ဆောင်ရန်အတွက်နှင့် ညီတူညီမျှ အခွင့်အရေးရရှိစေရန် အာမခံ ကြိုးစားနေစဉ်တွင်ပင် ECs (ရွေးကောက်ပွဲကော်မရှင်များ) ကလည်း ပြည်သူများကို ရွေးကောက်ပွဲဥပဒေများမှ သွေဖည်သွားစေမည့် လုပ်ရပ်များဖြစ်စေနိုင်မည့် အရာတို့ကို ကာကွယ်တားဆီးနိုင်မည့်အရာတို့ကို လုပ်ဆောင်လျက် မျှတသောရွေးကောက်ပွဲဖြစ်စေရန်အတွက် လုပ်ရပ်များကိုစောင့်ကြည့်လျက် ထိန်းချုပ်ကြလေသည်။

တိတိကျကျပြောရလျှင်၊ ကော်မရှင်အရာရှိနှင့် EC (ရွေးကောက်ပွဲကော်မရှင်) ဝန်ထမ်းတို့သည် အများပြည်သူဆိုင်ရာ ရွေးကောက်ပွဲ အက်ဥပဒေ သို့မဟုတ် နိုင်ငံရေးဘဏ္ဍာငွေ အက်ဥပဒေတို့အပေါ်တွင် စုံစမ်းစစ်ဆေးရန်အတွက် ထိုကဲ့သသို့သော ချိုးဖောက်ပါသည်ဟူသော အထောက်အထားနှင့် မေးမြန်းစစ်ဆေးရန်လိုသော လူကို သူကိုယ်တိုင် EC (ရွေးကောက်ပွဲကော်မရှင်) ရုံးသို့ ကိုယ်တိုင်လာရောက်ရန်အတွက် မေးမြန်းခွင့်ရှိသည်။ စည်းကမ်းဖောက်ဖျက်သည်ဟု သံသယဖြစ်လျှင် ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူသည် သက်ဆိုင်ရာအဖွဲ့အစည်းကို ဘဏ္ဍာငွေဆိုင်ရာ ငွေအသွင်း အထုတ်နှင့် ဆက်သွယ်ရေးဆိုင်ရာမှတ်တမ်းများ တင်သွင်းရန်အတွက် တောင်းဆိုခွင့်ရှိသည်။ ရွေးကောက်ပွဲဆိုင်ရာ ဒဏ်ငွေများသည် ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို ချိုးဖောက်ပါက ရလဒ်အနေနှင့် ခံစားရမည်ဖြစ်ပြီး တားမြစ်ခြင်း၊

ပြင်ဆင်ရန်အတွက် အမိန့်ပေးခြင်းသို့မဟုတ် သတိပေးခြင်းတို့ကိုလည်း ထုတ်ပြန်မည်ဖြစ်သည်။ တားမြစ်ခြင်း၊ ပြင်ဆင်ရန်အတွက် အမိန့်ပေးခြင်း သို့မဟုတ် သတိပေးခြင်းတို့လည်း မလုပ်ဘဲ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအား ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာကိုကျဆင်းစေလောက်အောင် ပြင်းပြင်းထန်ထန် ချိုးဖောက်ထားသည်ဟု ယူဆရလျှင် ထိုအမှုအား တရားလိုရှေ့နေရုံးသို့ ပို့ဆောင်မည်ဖြစ်သည်။

ထပ်ပေါင်းပြောဆိုရလျှင်၊ ဒီမိုကရက်တစ်ပြည်သူနှင့် ပညာပေးရေး အစီအစဉ်များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မဲဆန္ဒရှင်များ ပါဝင်နိုင်ရန်၊ ၎င်းတို့အား မဲပေးပိုင်ခွင့်ကို အသုံးချနိုင်စေရန်နှင့် နေ့စဉ်ဘဝတွင် ဒီမိုကရေစီကို အသုံးချနိုင်ရေးအတွက် အားပေးရန်လုပ်ပေးထားခြင်းဖြစ်သည်။

နိုင်ငံရေးဆိုင်ရာ အကျိုးအမြတ်ကိစ္စများနှင့် မူဝါဒ သို့မဟုတ် နိုင်ငံရေးရာ ညှိနှိုင်းယူသော ကိစ္စများတွင် မကြာခဏအများပြည်သူဆိုင်ရာ တရားဝင် ရွေးကောက်ပွဲအက်ဥပဒေ၊ နိုင်ငံရေးပါတီများ အက်ဥပဒေနှင့် နိုင်ငံရေးဘဏ္ဍာအက်ဥပဒေတို့ကို သက်ရောက်စေခြင်းနှင့် ပြင်ဆင်ချက်ပြုခြင်းတို့ရှိသည်။ NEC (အမျိုးသားရွေးကောက်ပွဲ ကော်မရှင်) က ပြည်သူ့အမြင်များကို သတိထားစောင့်ကြည့်ပြီးနောက် အမျိုးသားလွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများ၏ အကျိုးစီးပွားနှင့် ဒွိဟဆန့်ကျင်နိုင်မည့် ဥပဒေနှင့် ပြင်ဆင်ချက်များအတွက် ဥပဒေမူကြမ်းများ တင်သွင်းလေသည်။

## ဘဏ္ဍာရေး

အမျိုးသား ဘဏ္ဍာရေးအက်ဥပဒေ ပုဒ်မ ၄၉နှင့်အညီ NEC ( အမျိုးသားရွေးကောက်ပွဲ ကော်မရှင်)၊ အမျိုးသားလွှတ်တော်၊ တရားရုံးချုပ်နှင့် အခြေခံဥပဒေဆိုင်ရာ တရားရုံးတို့အတွက် ဘတ်ဂျက်ငွေများကို ပြင်ဆင်ရာတွင် ငွေရေးကြေးရေးဆိုင်ရာ တာဝန်ရှိသူ အာဏာပိုင်ကလွတ်လပ်သော ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်ထံသို့ ထင်မြင်ချက်များကို မေးမြန်းမည်ဖြစ်ပြီး ထိုထင်မြင်ချက်များအား တတ်နိုင်သမျှ အမြင့်ဆုံးအတိုင်းအတာအထိ လေးစားသမှုပြမည်ဖြစ်သည်။

ဘတ်ဂျက်ငွေများကို ပြင်ဆင်ရာတွင် ငွေကြေးဆိုင်ရာ တာဝန်ရှိသူများက မဖြစ်မနေလိုအပ်သော အသုံးစရိတ်များမှအပ အခြားဘတ်ဂျက်ငွေများကို လျှော့ချလေ့ရှိသည်။ မည်သို့ပင်ဆိုစေကာမူ အများပြည်သူဆိုင်ရာ တရားဝင်ရွေးကောက်ပွဲများ၏ ကုန်ကျစရိတ်များမှာ လွန်ကဲစွာစရိတ်များ သတ်မှတ်ထားခြင်း မဟုတ်ပေ။ ၎င်းတို့ကိုယ်တိုင် သည်လည်း ဥပဒေမှချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းစဉ် လုပ်ဆောင်မှုနှင့် လုပ်ရသောကြောင့် ဖြစ်သည်။ ထိုကဲ့သို့ပင် ငွေကြေးဆိုင်ရာ အာဏာပိုင်များနှင့် NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) တို့သည် ဆွေးနွေးနေစဉ်ကာလအတွင်း ဆွေးနွေးမှုများနှင့် ပူးပေါင်းစီမံမှုများရှိလာပါက မျှတသောရွေးကောက်ပွဲကျင်းပရန်အတွက် လိုအပ်သော ကုန်ကျငွေများမှာ လျှော့နှုတ်ထားသော ဘတ်ဂျက်ငွေပမာဏ အတိုင်းအတာလောက်ပင် တာသွားအကောင်အထည် ပေါ်နိုင်လေသည်။

ငွေကြေးဆိုင်ရာ အာဏာရှိသူသည် NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) နှင့် တိုင်ပင်ဆွေးနွေးပြီးနောက်တွင် အမျိုးသားလွှတ်တော်သို့ ဘတ်ဂျက်ငွေအတွက် အဆိုတင်သွင်းလေသည်။ လွှတ်တော်မှ ဘတ်ဂျက်ငွေ အဆိုတင်သွင်းလွှာအတွက် မဲခွဲဆုံးဖြတ်ပြီး ဘတ်ဂျက်ငွေအား (တိုးရန်/လျှော့ရန်) ဆွေးနွေးပြီး နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်လေသည်။ ငွေကြေးဆိုင်ရာ တာဝန်ရှိသူအာဏာပိုင် သို့မဟုတ် အမျိုးသားလွှတ်တော်က နောက်ဆုံးပိတ် ချမှတ်အတည်ပြုပြီးသော ဘတ်ဂျက်ငွေကို နှုတ်ယူခွင့်မရှိပါ အခြားသောအသင်းအဖွဲ့များ ကိုယ်စားလှယ်အဖွဲ့များနှင့် ဆက်ဆံရေးအခြေခံဥပဒေ

ဆိုင်ရာ ပုဒ်မ ၁၁၅ နှင့် အများပြည်သူဆိုင်ရာ တရားဝင် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေအရ အဆင့်တိုင်းရှိ ECs (ရွေးကောက်ပွဲကော်မရှင်များ) အနေနှင့် သက်ဆိုင်ရာစီမံခန့်ခွဲရေး ကိုယ်စားလှယ် အဖွဲ့များဖြစ်သော အစိုးရ၊ မြို့နယ်အစိုးရနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးနှင့်ဆိုင်သော အများပြည်သူဆိုင်ရာ ကိုယ်စားလှယ် အဖွဲ့အစည်းများကို ကိုယ်စားလှယ်/ကိရိယာဆိုင်ရာ အထောက်အပံ့များ၊ ရွေးကောက်ပွဲများကို ကြေငြာခြင်း၊ ရွေးကောက်ပွဲဥပဒေချိုးဖောက်သူများကို အရေးယူခြင်းအစရှိသည်တို့ အပါအဝင်တို့အတွက် အထောက်အပံ့တောင်းယူရမည်။ ကိုယ်စားလှယ်အဖွဲ့အစည်းတို့အနေနှင့်လည်း အကူအညီတောင်းခံခြင်းခံရလာပါက ၎င်း၏ ပြဌာန်းချက်များကို အရေးကြီးမှုအစီအစဉ်လိုက် စီစဉ်ခြင်းတို့ လုပ်ရမည်။

## ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေး စီမံခန့်ခွဲခြင်း

ရွေးကောက်ပွဲ ကော်မရှင်အက်ဥပဒေ အပိုဒ် ၂၊ ပုဒ်မ ၁၇ အောက်တွင် NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) က ပြည်သူလူထုတို့ သက်တောင့်သက်သာရှိရန်နှင့် မျှတသော ရွေးကောက်ပွဲဖြစ်နိုင်ရေးအား အာမခံနိုင်ရန်အတွက် ဥပဒေပြုရေးမဏ္ဍိုင်အား တိုးတက်စေရေးကို ပုံမှန်တိုးတက်အောင်လုပ်ဆောင်ပေးလျက်ရှိသည်။ ရွေးကောက်ပွဲစနစ်ကိုလည်း တိုးတက်စေပြီး အများပြည်သူဆိုင်ရာ တရားဝင်ရွေးကောက်ပွဲ အက်ဥပဒေအပေါ်ရှိ အဆိုပြုချက်ကို ရှေ့သို့တင်ပို့လိုက်ခြင်းဖြင့် သက်တောင့်သက်တာမဖြစ်စေသောအရာများကို ဖြေရှင်းလိုက်နိုင်လေသည်။

၂၀၀၈ ခုနှစ်တွင် NEC ဘက်မှ အများပြည်သူဆိုင်ရာ တရားဝင်ရွေးကောက်ပွဲ ဥပဒေ ပြင်ဆင်ရေးအတွက် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သော်လည်း ထိုအက်ဥပဒေကိုပြင်ဆင်ခြင်းမရှိခဲ့ချေ။ ရည်ရွယ်ချက်မှာ နိုင်ငံရပ်ခြားရှိ မဲဆန္ဒရှင်များ၏ အခွင့်အရေးများကို ရစေရန်နှင့် အင်တာနက်ရွေးကောက်ပွဲ မဲဆွယ်မှုနှင့် အမတ်လောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်မှုဆိုင်ရာ အကြိုဖြစ်စဉ်များကို ကျယ်ပြန့်စေကာ လွတ်လပ်သောရွေးကောက်ပွဲကို မြှင့်တင်ကြေငြာရန်ဖြစ်သည်။ ထိုပြင်ဆင်ရန် ဥပဒေမူကြမ်းတွင် ရုပ်သံလွှင့်ညှိနှိုင်းဆွေးနွေးရေးဆိုင်ရာကော်မတီကို ထူထောင်ရန်နှင့် လုပ်ဆောင်ရန်တို့ပါဝင်ပြီး အခြားတပြားသူအား ထိခိုက်နစ်နာစေသောနည်းဖြင့် မဲဆွယ်ခြင်း၊ သိက္ခာချခြင်းနှင့် မဟုတ်မမှန် ဝါဒဖြန့်ခြင်းတို့ အပါအဝင်တို့အား ပိုမိုတင်းကြပ်သော စည်းမျဉ်းစည်းကမ်းများချမှတ်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် NEC (အမျိုးသားရွေးကောက်ပွဲ ကော်မရှင်) မှ အများပြည်သူဆိုင်ရာ တရားဝင်ရွေးကောက်ပွဲအက်ဥပဒေအား ထပ်မံပြင်ဆင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ နောက်ထပ် ပြင်ဆင်ရေးဆိုင်ရာ ဥပဒေမူကြမ်း နောက်တစ်စောင်ကို တင်သွင်းလိုက်လေသည်။ ထိုတင်သွင်းမှုဆိုင်ရာ ဥပဒေမူကြမ်းသည် နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများနှင့် အမတ်လောင်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်မှုတို့အပေါ် ချမှတ်ထားသော စည်းမျဉ်းများကို ပယ်ဖျက်ပေးပြီး ရွေးကောက်ပွဲမဲဆွယ်ရေးကို ပိုမိုလွတ်လပ်စေရန်မြှင့်တင့်ရေးအတွက် တင်သွင်းခဲ့ခြင်းဖြစ်သည်။

အခြေခံဥပဒေဆိုင်ရာ တရားရုံးက ၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်မှာ ရွေးကောက်ပွဲမဲဆွယ်ရေးတွင် အင်တာနက်ကို ပိတ်ပင်ခြင်းသည် အခြေခံဥပဒေအား ဖောက်ဖျက်ခြင်းဖြစ်သည်ဟုဆိုသည်။ ၂၀၁၂ ခုနှစ်တွင် NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) မှ မဲဆွယ်ရာတွင် မည်သည့်အချိန်တွင်မဆို လူမှုကွန်ယက်ဝန်ဆောင်မှုအားအသုံးပြုရန် ခွင့်ပြုရန်အတွက် ဆုံးဖြတ်လိုက်သည်။ ပြီးနောက်တွင် အမျိုးသားလွှတ်တော်မှ NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) မှ ဆုံးဖြတ်ရန်အတွက် အများပြည်သူဆိုင်ရာ တရားဝင် ရွေးကေကာက်ပွဲဥပဒေကိုပြင်ဆင်ရာတွင် ထိုဥပဒေကိုရည်ရွယ်ပြောကြားခဲ့သည်။ အွန်လိုင်းမဲဆွယ်မှုကို တစ်နှစ်ပတ်လုံးခွင့်ပြုလိုက်ခြင်း (ရွေးကောက်ပွဲနေ့မှလွဲ၍) သည် မဲဆန္ဒရှင်များ၏ နိုင်ငံရေးအပေါ်

လွတ်လပ်စွာ သုံးသပ်မှုအမြင် အကျယ်ပမာဏကို ချဲ့ထွင်လိုက်ခြင်းပင်ဖြစ်သည်။ လမ်းညွှန်ပြသချက်အသစ်များအောက်တွင် အမတ်လောင်းများနှင့် ၎င်းတို့၏ ထောက်ခံသူများသည် အင်တာနက်ပေါ်တဲလ်ဆိုက်များ၊ ဘလော့ဂ်များ၊ အီးမေးလ်များ၊ မိုဘိုင်း မက်ဆေ့ချ်များနှင့် လူမှုကွန်ယက်ဆိုက်များကိုအသုံးပြုကာ မဲဆွယ်ခြင်းတို့ကို လုပ်ဆောင်နိုင်လေသည်။

# အခန်း ၆

6

# ပညာရှင်ဆန်သော ရွေးကောက်ပွဲစီမံခန့်ခွဲရေး တည်ဆောက်ခြင်း

ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းစည်းကမ်း၊ လုပ်ငန်းစဉ်များနှင့် လုပ်ဆောင်နည်းတို့ အပါအဝင် ဥပဒေမူဘောင်နှင့်အညီ လုပ်ဆောင်ခြင်းသည် EMB ၏ ပညာရှင်ဆန်ခြင်းကို ဖြစ်ပေါ်စေရန် ကနဦး ကတည်းက လိုအပ်သောအရာတစ်ခုဖြစ်သည်။ "ရွေးကောက်ပွဲ စီမံညွှန်ကြားရေးပညာရှင်" ဟူသော ဝေါဟာရသည် အခြားသော နယ်ပယ်များထက် နည်းပညာပိုင်းဆိုင်ရာ သို့မဟုတ် စီမံခန့်ခွဲရေး အရည်အသွေးပြည့်မီမှုများနှင့် ဆက်နွယ်သောအရာများ ထက်ကျော်လွန်သော ကျွမ်းကျင်မှုအတိုင်းအတာ ပမာဏကို လိုအပ်လေသည်။ သူ့အနေနှင့်လည်း

- ဒီမိုကရေစီဆိုင်ရာ တိုးတက်မှုများကို အားကောင်းစေရန် ဗျူဟာများကို နားလည်ခြင်း
- ကောင်းမွန်သော ရွေးကောက်ပွဲဆိုင်ရာ ကျင့်ထုံးများကို အခြေခံစည်းမျဉ်းမှုစပြီး ကျင့်သုံးရန် သန္နိဋ္ဌာန်ချမှတ်ခြင်းနှင့်
- ရင်းနှီးမြှုပ်နှံသူများအားလုံးကို အရည်အသွေးမြင့်မားသော ရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှု ပေးရန် မြင့်မားသောစိတ်ပိုင်းဖြတ်မှုတို့ လိုအပ်လေသည်။

ပညာရပ်ဆိုင်ရာအထူးကျွမ်းကျင်သော ထောက်ခံချက်အရည်အချင်းများနှင့် သက်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် နည်းပညာဆိုင်ရာ အတွေ့အကြုံများသည် EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများကို ပညာရှင်အဆင့် ကျွမ်းကျင်သော ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားသူများဖြစ်လာစေရန် ကူညီပေးလေသည်။ ၎င်းတို့အနေနှင့်လည်း ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်ကောင်း စည်းမျဉ်းများကိုကျင့်သုံးရန် သန္နိဋ္ဌာန် ချမှတ်ထားရလေသည်။ ထိုချမှတ်ထားသော အချက်များတွင် -

- *သိက္ခာရှိရေး* : နိုင်ငံရေး အကျိုးစီပွားတစ်ခုအမြတ်ရရှိစေရန် မလုပ်ဆောင်ခြင်းနှင့်/သို့မဟုတ် အဂတိလိုက်စားခြင်းဖြင့် တာဝန်ဝတ္တရားများကို ဘက်မလိုက်သောနည်းဖြင့် ထမ်းဆောင်နိုင်သော အရည်အချင်းဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊စည်းမျဉ်းနှင့်၊လိုက်နာရမည့် အချက်အလက်များနှင့်အညီ လုပ်ဆောင်ခြင်းဖြစ်သည်။
- *အဂတိကင်းခြင်း* : ရင်းနှီးမြှုပ်နှံသူများအား ညီတူညီမျှရှိသော ယှဉ်ပြိုင်ရန်နေရာများတွင် ညီမျှပြီး ရိုးသားသောဆက်ဆံရေးနှင့်တကွ မျှမျှတတဆက်ဆံနိုင်ပြီး ရင်းနှီးမြှုပ်နှံသူများအားလုံးကို ဘက်မလိုက်သောသာတူညီမျှ ဆက်ဆံရေးဖြင့် ဆက်ဆံခြင်း

- လွတ်လပ်ခြင်း : အစိုးရသို့မဟုတ် အာဏာရပါတီကဲ့သို့သော ပြင်ပဖိအား၏ ထိန်းချုပ်မှုအောက် သို့မဟုတ်လွှမ်းမိုးမှုအောက်တွင် မရှိဘဲ တာဝန်လုပ်ဆောင်နိုင်စွမ်း
- *ပွင့်လင်းမြင်သာမှု* : EMB ၏ ပွင့်လင်းပြီး ရိုးသားမှုနှင့် အချိန်မှန်မှန် သတင်းအချက်အလက်များ ထုတ်ဖော်ကြေငြာပြီး EMB ၏ မှတ်တမ်းများကို ရင်းနှီးမြှုပ်နှံသူများအားလုံးထံသို့ ရရှိနိုင်ရန် ပြုလုပ်ပေးခြင်း
- *ထိရောက်မှု* : ရင်းမြစ်များအားလုံးကို ထိထိရောက်ရောက် အသုံးချခြင်းဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ ဘဏ္ဍာငွေများကို ဆင်ဆင်ခြင်ခြင်သုံးစွဲခြင်းနှင့် လုပ်ဆောင်ချက်များကို ကြာရှည်လုပ်နိုင်ပြီး ငွေကုန်သည်နှင့် တန်သောလုပ်ဆောင်ပုံမျိုးနှင့် ပုံစံရေးဆွဲပြီးဆောင်ရွက်ခြင်း
- *ဝန်ဆောင်မှုကို ဦးစားပေးခြင်း* : လှုပ်ရှားမှုအားလုံးသည် ရင်းနှီးမြှုပ်နှံသူများနှင့် အထူးသဖြင့် မဲဆန္ဒရှင်များထံသို့ အဆင့်မြင့်ဝန်ဆောင်မှုများ ပေးအပ်စေနိုင်ရန် ဆောင်ရွက်ခြင်းနှင့်
- *ပညာရှင်ဆန်ခြင်း* : ယုံကြည်စိတ်ချရနိုင်သော ရွေးကောက်ပွဲများကျင်းပနိုင်ခြင်း၏ အဓိကသော့ချက်ဖြစ်သော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို တိတိကျကျနှင့် ဂရုတစိုက်အကောင်အထည်ဖော်ခြင်းဖြစ်သည်။ EMB များ အနေနှင့်လည်း ရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူများ ပင်မဝန်ထမ်း သို့မဟုတ် ယာယီဝန်ထမ်းများသည် ကောင်းမွန်စွာ လေ့ကျင့်သင်ထားပြီးဖြစ်ကာ ပညာရှင်အဆင့် မြင့်မြင့်မားမားအသုံးချနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုရှိစေရန် ဆောင်ရွက်ရန် လိုအပ်သည်။ ပညာရှင်ဆန်ဆန် လေ့ကျင့်သင်ကားပေးခြင်းသည် ပြည်သူလူထုမှ လုပ်ငန်းစဉ်တစ်ရပ်လုံးသည် "ကျွမ်းကျင်သူလက်ထဲ" တွင်ရှိနေသည်ဟု မဆိုင်းမတွ ယုံကြည်စေလေသည်။

 မည်မျှပင်အလုပ်ထဲတွင် စိတ်ပါဝင်စားမှုရှိနေပါစေ၊ EMB ဝန်ထမ်းအများစုသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအား ဦးဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်သော တာဝန်များကို အပြည့်အဝ ထမ်းဆောင်နိုင်ရန်အတွက် အတွေ့အကြုံမရှိသေးချေ။ EMB အဖွဲ့ဝင်များကို ပညာရှင်ဆန်စေရန်လေ့ကျင့် သင်ကြားပေးခြင်းသည် EMB စွမ်းဆောင်ရည် မြင့်မြင့်မားမားရစေရန် နှင့် ထိန်းသိမ်းထားနိုင်ရန်အတွက် EMB အထွေထွေအတွင်းရေးမှူး ဝန်ထမ်းများကို ပျိုးထောင်သကဲ့သို့ပင် မရှိမဖြစ် အရေးပါလေသည်။

---

ဂါနာနိုင်ငံရှိ ရွေးကောက်ပွဲအရာရှိချုပ် လေ့လာသိရှိရသလောက် အသိုင်းအဝိုင်း အတွင်းရှိသူများသည် ရွေးကောက်ပွဲ စီမံညွှန်ကြားရေးမည်သို့ လုပ်သည်ဆိုသည်ကို မသိကြပဲ EMB အတွင်းရေးမှူးများ၊ ယာဉ်မောင်းများ သို့မဟုတ် လုံခြုံရေးဝန်ထမ်းများကို လုပ်ငန်းတာဝန်ထမ်းဆောင်ရေး ဝန်ထမ်းများအလား သတင်းအချက်အလက် စုံစမ်းမေးမြန်းခြင်းများပြုလုပ်ကြသည်။ EMB အနေနှင့်လည်း ထို့ကြောင့်ပင် ၎င်း၏ လေ့ကျင့်သင်ကြားရေးထဲတွင် ဝန်ထမ်းများအားလုံးသည် ၎င်း၏တာဝန်နှင့် စည်းမျဉ်းစည်းကမ်းများကို အခြေခံသဘော နားလည်စေရန် သင်ကြားပေးရလေသည်။

---

 EMB တစ်ခု၏ ၎င်း၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက်နှင့် တာဝန်များကို ထိထိရောက်ရောက်စွမ်းဆောင်နိုင်မှုသည် အထွေထွေအတွင်းရေးမှူးရုံးဝန်ထမ်းများ၏ လုပ်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်အပေါ်တွင် အများကြီးမူတည်သည်။ ယာယီနှင့် ပုံသေဝန်ထမ်းများအားလုံး၏ စွမ်းဆောင်ရည်တို့သည် သင့်တော်သော လူသစ်စုဆောင်းရေးဗျူဟာနှင့် အင်တိုက်အားတိုက် လေ့ကျင့်သင်ကြားမှုနှင့် တိုးတက်ရေး စီမံကိန်းများဖြင့် တိုးမြှင့်နိုင်လေသည်။ ကြုံတွေ့ရသော ကိစ္စတော်တော်များများသည် ရွေးကောက်ပွဲ စီမံခန့်ခွဲရေး ပုံစံသုံးမျိုးနှင့် ဆင်တူမည်ဖြစ်သော်လည်း ၎င်းကိစ္စများအနေနှင့်ကမူ မတူညီသော ပုံစံများ ဖြစ်နိုင်လေသည်။

EMB ၏ ပညာရှင်ဆန်မှုနှင့် ပတ်သက်သော ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုသည် အဖွဲ့အစည်း တစ်ခုလုံးပြန်လည်ပြင်ဆင်ရသည်အထိ ဖြစ်သွားနိုင်လေသည်။ (မက္ကဆီကိုနှင့် ကင်ညာတို့၏ ဖြစ်ရပ်များ ကို ကြည့်ပါ)။ မည်သို့ပင်ဆိုစေကာမူ တန်ဖိုးအစွမ်းအစမြင့်မားသော EMB များအနေနှင့် ၎င်းတို့သည် ပညာရှင်ဆန်သောဝန်ထမ်းများကို ပျိုးထောင်နေဆဲဖြစ်သော ကာလတွင်ပင် ရင်းနှီးမြှုပ်နှံသူများလက်ခံ နိုင်သော ရလဒ်များကိုထုတ်ပေးနိုင်သော ရွေးကောက်ပွဲများကို ကျင်းပပေးနိုင်သည်။ (ဥပမာအားဖြင့် ဘူတန်နိုင်ငံ)

## EMB အထွေထွေအတွင်းရေးမှူးဌာနများအတွက် ပြည်သူ့ဝန်ထမ်းများကို အသုံးချခြင်း

EMB တော်တော်များများသည် ၎င်းတို့၏ဌာနများ ဝန်ထမ်းခန့်အပ်ရန်အတွက် ပြည်သူ့ဝန်ထမ်း ဌာနများကို မှီခိုရလေသည်။ထိုအချက်ကို အစိုးရ EMB နှင့် အစိုးရမူဝါဒချမှတ်ထားသော အခြားသောပုံစံ များတွင်လည်း တွေ့နိုင်သည်။ ၎င်းတို့ကိုယ်ပိုင် ဝန်ထမ်းခန့်အပ်ရေး စည်းမျဉ်းစည်းကမ်းများရှိသော လွတ် လပ်သော EMB များသည် ၎င်းတို့၏ ဝန်ထမ်းများကို အထွေထွေအတွင်းရေးမှူးဌာန၏ ရာထူးတော်တော် များများ၏ အရေအတွက်နည်းပြီး အထူးပြုတာဝန်ရှိတတ်သော သဘောသဘာဝကြောင့် လုပ်ငန်းဆိုင်ရာ နေရာကောင်းကောင်းပေးနိုင်ရန် အခက်အခဲရှိလေသည်။ ထို့ကြောင့်ပင် ပြည်သူ့ဝန်ထမ်းဌာနမှ ဝန်ထမ်း များကို မှီခိုခြင်းသည် ပိုမိုထိရောက်သည်ဟု သတ်မှတ်ကောင်း သတ်မှတ်နိုင်လိမ့်မည်။ ထိုကဲ့သို့သော မှီခိုမှုမျိုးသည် ၎င်းအနေနှင့် အလိုအလျောက်ပညာရှင်ဆန်ခြင်း ဖြစ်ပေါ်လာစေသည် မဟုတ်ပေ။ အိန္ဒိယ နိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်ကို ဥပမာပေးရလျှင် ရွေးကောက်ပွဲဆိုင်ရာပြင်ဆင်မှုများအတွက် အထောက် အပံ့ပြု ကူညီပေးရန် ပြည်သူ့ဝန်ထမ်း အမြောက်အမြားကို ယှဉ်တွဲလုပ်ဆောင်စေပြီးပညာရှင်ဆန်သော ရွေးကောက်ပွဲ စီမံခန့်ခွဲရေးစနစ်ကို လည်ပတ်စေလေသည်။ EMB အား ပြည်သူ့ဝန်ထမ်းဖြစ်သော အထွေ ထွေအတွင်းရေးမှူးဌာနဝန်ထမ်းများအတွက် ကိုယ်ပိုင်စည်းမျဉ်းများ ချမှတ်စေခြင်းသည် အကျိုးရှိလှပေ သည်။ထိုစည်းမျဉ်းများသည် EMB မှ အရေးကြီးသော အချိန်များတွင် ဌာနအပြောင်းအလဲလုပ်ခြင်းမှ ကာကွယ်ပေးနိုင်ကာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၏ ဖိအားမြင့်ပတ်ဝန်းကျင်နှင့် သင့်တော် သော ဝန်ဆောင်မှုဆိုင်ရာ အခြေအနေမျိုးကို ပေးစွမ်းနိုင်လေသည်။

မည်သည့်ဖြစ်ရပ်တွင်မဆို EMB များသည် တစ်ကွေ့မဟုတ်တစ်ကွေ့တွင် EMB သို့ ခန့်အပ် ထားသော ပြည်သူ့ဝန်ထမ်းဌာနဝန်ထမ်းများ ပြောင်းရွှေ့ခြင်းကိုတွေ့ကြုံဖြေရှင်းရမည်သာ ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံရှိသောဝန်ထမ်းများ အခြားသောအစိုးရရာထူးတစ်နေရာသို့ ပြောင်း ရွှေ့သွားသောအခါ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသောသူများ လစ်လပ်သွားလေသည်။ အစိုးရအောက် တွင်ရှိသော အစိုးရ EMB များနှင့် ပုံစံအရောအောက်တွင်ရှိသော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ လုပ်နိုင်သော ပြည်သူ့ဝန်ထမ်းများသည် ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြားတွင် သဘောသဘာဝ လုံးလုံး ကွဲပြားသော အလုပ်တာဝန်များကို လုပ်ဆောင်ရသော ကာလရှည်ကြီးရှိလေသည်။ ပုံမှန်တိုးတက်ရေး လုပ်ဆောင်ချက်များဖြစ်သော ပြန်လှန်လေ့လာရေးသင်ရိုးနှင့် ရွေးကောက်ပွဲဆိုင်ရာပစ္စည်းများကို သိမ်း ဆည်းထားခြင်းသည် ၎င်းတို့အနေနှင့်လည်း အလွယ်တကူ ရယူနိုင်ပြီး ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်မှု အဆင့်များကို ထိန်းသိမ်းရာတွင် အထောက်အပံ့ပြုနိုင်လေသည်။

## ပုံသေနှင့် ယာယီဝန်ထမ်းများ

မည်သည့် EMB မှ မဲရုံတိုင်းတွင်လိုအပ်သော ဝန်ထမ်းအရေအတွက်ကို ပုံသေခန့်အပ်ထိန်းသိမ်း ထားနိုင်သော အစွမ်းမရှိပါ (အင်ဒိုနီးရှားကဲ့သို့သော နိုင်ငံမျိုးတွင် ဝန်ထမ်းအရေအတွက် ၄ သန်းကျော်

သည်) ထိရောက်မှုအတွက် ထည့်သွင်းစဉ်းစားရာတွင် အထွေထွေအတွင်းရေးမှူးဌာနသို့မဟုတ် အငယ်စား EMB များဖြစ်သော ဒေသဆိုင်ရာနှင့် မြို့နယ်ဆိုင်ရာ သို့မဟုတ် ရွေးကောက်ပွဲကာလအတွင်းသာ လိုသော လုပ်ဆောင်ချက်တစ်ရပ်အတွက် ပုံသေဝန်ထမ်းအပြည့်ပမာဏတို့ကို ပုံသေထိန်းသိမ်းခြင်းတို့အပေါ်တွင် တားဆီးပိတ်ပင်ကောင်း ပိတ်ပင်ထားနိုင်မည်။ အစိုးရပုံစံနှင့် ပုံစံအရောအောက်ရှိ အစိုးရ EMB များအောက်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် စီမံခန့်ခွဲရေးဆိုင်ရာတည်ဆောက်ပုံများ၏ ပုံစံအများစုသည် ယာယီခန့်အပ်မှု သို့မဟုတ် အခြားသော ပြည်သူ့ဝန်ထမ်းဌာနမှ ထောက်ခံချက်ရ ထားသော ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယာယီ EMB များသည် ရွေးကောက်ပွဲမတိုင်မီ အချိန်အတိုင်းအတာ လုံလုံလောက်လောက်အချိန်တွင် ခေါ်ယူစုဆောင်ထားခြင်းဖြစ်ပြီး ရွေးကောက်ပွဲပြီးချိန်တွင်လည်း အချိန်အတိုင်းအတာတစ်ခုထိ နေနေရသေးသည်။ ၎င်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာတို့အတွက် အလုံးစုံ လေ့ကျင့်သင်ကြားရန်အတွက်ဖြစ်သည်။

EMB တစ်ခုချင်းစီသည် ယာယီဝန်ထမ်းများကို ထိထိရောက်ရောက် အသုံးပြုရေးကိုမြှင့်တင်ရန်အတွက် သင့်လျော်သောဗျူဟာကို အသုံးချရန်လိုသည်။ထိုဗျူဟာများတွင် အချိန်နှင့်တပြေးညီ လူသူစုဆောင်းသော လုပ်ငန်းစဉ်၊ ရွေးကောက်ပွဲတစ်ခုစီပတွက် ကျွမ်းကျင်ဝန်ထမ်းများရရှိနိုင်ရန်အတွက် လုပ်ဆောင်မှုများ၊ အကျိုးဆောင်ခပေးခြင်းနှင့် ဆက်သွယ်ရန်လိပ်စာ အချက်အလက်ဒေတာဘေ့စ်များ၊ ကြေငြာစာတမ်းများ၊ ပြန်လည်တွေ့ဆုံခြင်းအစည်းအဝေးများ သို့မဟုတ် ပြန်လှန်သင်ကြားခြင်း သင်ရိုးများ အစရှိသော ရွေးကောက်ပွဲ တစ်ခုနှင့်တစ်ခုကြား ယာယီဝန်ထမ်းနှင့် ထိတွေ့မှုရှိစေရန်လုပ်ဆောင်ရမည့်အချက်များဖြစ်ကြသည်။ထိုလုပ်ဆောင်ချက်များသည် ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြား ပုံသေ သတ်မှတ်ထားသောကြားကာလ အချိန်မရှိသော နိုင်ငံများရှိ EMB များအတွက် သင့်တော်သည်။

ထိုကဲ့သို့သော ချဉ်းကပ်မှု စနစ်မျိုးသည် မက္ကဆီကိုကဲ့သို့ ရွေးကောက်ပွဲတစ်ခုစီအတွက် မဲရုံတာဝန်ကျသော အရာရှိများကို မဲနှိုက်ဆုံးဖြတ်သော စနစ်မျိုးနှင့်ရွေးချယ်သော EMB မျိုးအတွက် မဖြစ်နိုင်ချေ။ ထိုကဲ့သို့မျိုးဖြစ်ရပ်မျိုးတွင် ဦးဆောင်ရန်အတွက် ကျကျနနလုံလောက်သော အချိန်နှင့် အင်မတန်မှငွေအားကောင်းကောင်းထောက်ပံ့ပြီး လူသူစုဆောင်းခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းတို့လုပ်ရန် မဖြစ်မနေ လိုအပ်သည်။

## ရာထူးခန့်အပ်ခြင်းနှင့်ဆိုင်သော အချက်အလက်များ : EMB အတွက် အထူး သို့မဟုတ် ပြည်သူ့ဝန်ထမ်းဌာန ဝန်ထမ်းများအတွက်

အစိုးရပုံစံနှင့် ပုံစံအရောအောက်တွင်ရှိသော အစိုးရ EMB ဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းများကို အသုံးပြုသော လွတ်လပ်သောပုံစံနှင့် ပုံစံအရောတို့အောက်ရှိ လွတ်လပ်သော ပုံစံရှိဝန်ထမ်းများသည် အများအားဖြင့် ရာထူးတူပြီး ဝါကြီးသော ပြည်သူ့ဝန်ထမ်းများနှင့် ပျမ်းမျှအားဖြင့် အချက်အလက် အနေအထားတူညီစွာဖြင့် ခန့်အပ်ထားခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံတွင် ပြည်သူ့ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများက EMB ကို (အခြားသော ပြည်သူ့ကိုယ်စားလှယ်အဖွဲ့အစည်းများနှင့် အတူတူ) ၎င်းအား ဝန်ထမ်းခန့်အပ်ရေးတွင် အတိုင်းအတာတစ်ခုထိ လိုက်လျောညီထွေဖြစ်အောင် လုပ်ပေးထားလေသည်။ ရွေးကောက်ပွဲအတွက် အထူးထောက်ပံ့ငွေများ ရွေးကောက်ပွဲကာလအတွင်းတွင် နာရီပေါင်းများစွာ လုပ်ကိုင်ရခြင်းအတွက်ကြောင့် အပိုထပ်ဆောင်းကြေးပေးခြင်းကိုလည်း ပြုလုပ်နိုင်သည်။

ကိုယ်ပိုင်ဝန်ထမ်းခန့်အပ်နိုင်သော လွတ်လပ်သော EMB များတွင် အကြီးတန်း အထွေထွေအတွင်းရေးမှူးများ၏ လစာနှင့် သတ်မှတ်ချက်များသည် အကြီးတန်း ပြည်သူ့ဝန်ထမ်းများနှင့် တန်းတူ

သတ်မှတ်ထားလေသည်။ ရိုမေးနီးယားတွင် EMB ဝန်ထမ်းများသည် လွတ်တော်ဝန်ထမ်းများနှင့် တူညီသော သတ်မှတ်ချက်အချက်အလက်များပါဝင်သည့် စာချုပ်ဖြင့် ခန့်အပ်ထားခြင်းဖြစ်သည်။ လစာနှင့် ခံစားခွင့်ကို ပြည်သူ့ဝန်ထမ်းတို့၏ စံထက်ကောင်းမွန်ပါက အရည်အသွေးအကောင်းဆုံးသော ပုံသေနှင့် ယာယီဝန်ထမ်းများကို ရရှိနိုင်လိမ့်မည်ဖြစ်သည်။ ရွေးကောက်ပွဲကာလအတွင်း နာရီပေါင်းများစွာလုပ်ရခြင်းကြောင့် အပိုထပ်ဆောင်းပေးသော အခကြေးငွေလည်း ထိုကဲ့သို့ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခုကြားတွင် လွတ်လပ်သော EMB များအနေနှင့် အရာရှိများကို လစာပိုမိုမြင့်မြင့်မားမားပေးခြင်းသည် အကျိုးမရှိဟု ဝေဖန်ခြင်းကို ခံနေရလေသည်။

အစိုးရမူဝါဒများက ပြည်သူ့ကိုယ်စားလှယ်အဖွဲ့ အစည်းများနှင့် ဌာနတွင်းဆိုင်ရာကျွမ်းကျင်မှုများ မရရှိနိုင်သော သို့မဟုတ် လွယ်လွယ် မထိန်းသိမ်းနိုင်သောနေရာများရှိ ဝန်ထမ်းဦးရေကို လျှော့ချရန် ကန့်သတ်ရန် ကြံစည်နေချိန်တွင် EMB များက (တောင်အာဖရိကတွင် ၁၉၉၄ ခုနှစ်က ပြုလုပ်ခဲ့သလိုမျိုးနှင့် အင်ဒိုနီးရှားတွင် ၁၉၉၈ မှစကာ ဖြစ်ရပ်တော်တော်များများတွင် ပြုလုပ်ခဲ့သကဲ့သို့) ပြင်ပမှ တစ်သီးပုဂ္ဂလ သို့မဟုတ် ကော်ပိုရိတ် ကန်ထရိုက်တာများကို မကြာခဏ အသုံးပြုခဲ့သည်။အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာတိုးတက်မှုနှင့် အထောက်အပံ့ပေးရေး လုပ်ငန်းစဉ်များတွင် သုံးသည်။ အများအားဖြင့် ပြည်သူ့ဝန်ထမ်းခထက် အခြေခံကုန်ကျစရိတ် များတတ်သော်လည်း ပင်စင်လစာနှင့် ပံ့မှန်ထောက်ပံ့ကြေးမလိုပေ။ ထိုကဲ့သို့သော ချဉ်းကပ်နည်းမျိုးသည် သတိထားပြီး စီမံခန့်ခွဲသင့်ကာ EMB ဝန်ထမ်းများ၏ မိမိရာထူးမမြဲမည်ကို ကြောက်ရွံ့သောကြောင့် အသံထွက်ခြင်းနှင့် ၎င်းတို့၏ အခြေခံလုပ်ခမှာ ပိုပြီးနည်းသည်ကို သိရှိသွားနိုင်လေသည်။ ထိုအရာက EMB ၏ လုပ်ဆောင်မှုများကို ရေရှည်လုပ်ဆောင်နိုင်ရန် ခက်ခဲစေလေသည်။

## ဝန်ထမ်းပင်စင်

EMB တော်တော်များများသည် ၎င်းတို့၏ ဝန်ထမ်းပင်စင်များကို ပြည်သူ့ဝန်ထမ်းဌာနမှ ပေးသည်တို့နှင့် ချိတ်ဆက်ထားလေပြီး အထွေထွေအတွင်းရေးမှူးရုံးဝန်ထမ်းများအနေနှင့် ပြည်သူ့ ဝန်ထမ်းဖြစ်သော EMB များတွင် ထိုကဲ့သို့ လုပ်သည်မှာ လုပ်ရိုးလုပ်စဉ်ပင်ဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းက EMB များအတွက် ပြည်သူ့ဝန်ထမ်းဌာနများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ချိတ်ဆက်မှုများကို ထိန်းသိမ်းရာတွင် ပိုတန်ပြီး သက်တောင့်သက်သာ ပိုရှိလေကာ EMB ဝန်ထမ်းများအတွက် ပိုမိုလုံခြုံသော သို့မဟုတ် ပိုမိုများပြားသော ပင်စင်အငြိမ်းစား အခကြေးငွေကိုရရှိကောင်းရရှိနိုင်မည်ဖြစ်သည်။ဩစတြေးလျနိုင်ငံတွင် EMB ၏ ပင်စင်ပမာဏသည် ပြည်သူ့ဝန်ထမ်း ပင်စင်လစာနှင့်ချိတ်ဆက်ထားသော ဥပဒေအရဆောင်ရွက်ကာ ၎င်း၏ လွတ်လပ်မှုကိုလည်း ထိပါးခြင်းမပြုပေ။

## ပညာရှင်အဆင့်ရွေးကောက်ပွဲ အရာရှိများအတွက် တာဝန်ထမ်းဆောင်ရာ အခွင့်အလမ်းများ

EMB တစ်ခုနေနှင့် လွတ်နေသော နေရာများကို ဖြည့်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု အရည်အချင်းများနှင့် ပြည့်စုံသောသူများကို ဌာနတွင်းဆိုင်ရာ ရာထူးများခန့်အပ်ရာတွင် ပိုမို ဦးစားပေးခြင်းဖြင့် ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များကို အလုပ်အကိုင်အခွင့်အလမ်းများ ဖွင့်လှစ်ပေးနိုင်သည်။ အိန္ဒိယ၊ မက္ကဆီကို သို့မဟုတ် နိုက်ဂျီးရီးယားတွင်ကဲ့သို့ ပိုမိုကြီးမားသော EMB များတွင်မူ ဒေသဆိုင်ရာနှင့် ဗဟိုအဆင့်နှစ်ခုလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှိနိုင်သည်။

## EMB ဝန်ထမ်းများခန့်အပ်ရာတွင် ကျင့်သုံးရသည့် စည်းမျဉ်းများ

EMB များတွင် အထွေထွေအတွင်းရေးမှူးဌာနရုံးဝန်ထမ်း ခန့်အပ်ရေးအတွက် နည်းလမ်းအမျိုးမျိုးရှိလေသည်။ ပြည်သူ့ဝန်ထမ်းဌာန၏ ဝန်ထမ်းများကို မှီခိုရသောအစိုးရ EMB နှင့် အခြားသော EMB များအတွက်မူ ၎င်းတို့ကိုယ်ပိုင် ဝန်ထမ်းခန့်အပ်မှုစနစ်ကို အကောင်အထည်ဖော်ရန် လွတ်လပ်ချင်မှ လွတ်လပ်လိမ့်မည်။ အင်ဒိုနီးရှားနိုင်ငံတွင် EMB အနေနှင့် အရပ်ဖက်ဝန်ဆောင်မှုဌာနမှ ချမှတ်သော မည်သည့်အရာကိုမဆို အထွေထွေအတွင်းရေးမှူးဌာန ဝန်ထမ်းများမှ လုပ်ပေးရလေသည်။ အချို့သော နိုင်ငံများတွင် ပြည်သူ့ဝန်ထမ်းဌာန ဝန်ထမ်းများကို လှည့်လည်ခန့်အပ်ခြင်းသည် အဖွဲ့တစ်ဖွဲ့အား အဂတိလိုက်စားသော အရာရှိ၏ လွှမ်းမိုးမှု မခံရအောင် ကာကွယ်ပေးနိုင်သော လာဘ်စားမှုကို ဆန့်ကျင်သော လုပ်ဆောင်ချက်တစ်ရပ်အဖြစ် ရှုမြင်ကြသည်။ သို့သော်လည်း ထိုကဲ့သို့ ဝန်ထမ်းခန့်အပ်မှု ပြောင်းရွှေ့လှည့်လည်ခြင်းသည် အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ်နှင့် ရိုးသားသောအရာရှိများ တတ်ကျွမ်းထားသော ကျွမ်းကျင်မှုများကို ထိခိုက်စေသည်။

ကောင်းမွန်သော လုပ်ဆောင်ချက်မှာ ဂျော်ဂျီယာနိုင်ငံတွင် လုပ်သကဲ့သို့ ပွင့်လင်းစွာ လူသိရှင်ကြား ခေါ်ယူခြင်းပင်ဖြစ်သည်။ ရာထူးအတွက် လျှောက်ထားလိုသည့်သူများကို ကျယ်ကျယ်ပြန့်ပြန့် ကြေငြာမောင်းခတ်ဖိတ်ခေါ်ကာ ရာထူးတစ်နေရာစီအတွက် လိုအပ်သော ကျွမ်းကျင်မှုများ၊ အရည်အချင်းများနှင့် ကိုယ်ရည်ကိုယ်သွေးများကိုလည်း တိတိကျကျဖော်ပြထားခြင်းမျိုးဖြစ်သည်။ ထိုဖြစ်ရပ်မျိုးသည် ဥပမာပြရလျှင် ဩစတြေးလျကဲ့သို့သော EMB ဝန်ထမ်းများ ပြည်သူ့ဝန်ထမ်းများဖြစ်နေသော နေရာမျိုးတွင်ပင်ဖြစ်နိုင်သည်။ ထိုကဲ့သို့သော ဖြစ်ရပ်မျိုးသည် အစိုးရ EMB အထွေထွေအတွင်းရေးမှူး ဝန်ထမ်းများ အချိန်ပိုင်း သို့မဟုတ် အချိန်အတိအကျ သတ်မှတ်ထားသော ရွေးကောက်ပွဲဆိုင်ရာ တာဝန်များရှိနေပြီး ရွေးကောက်ပွဲဆိုင်ရာကျွမ်းကျင်မှုများသည်ဝန်ထမ်းတစ်ဦးအတွက်လိုအပ်သောကိုယ်ရေးအချက်အလက်များလည်း ပြည့်စုံချင်မှပြည့်စုံ လိမ့်မည်ဖြစ်ပြီး သို့မဟုတ် ပြည်သူ့ဝန်ထမ်း လူရွေးချယ်ခန့်အပ်မှုဆိုင်ရာ ကျင့်သုံးပုံများက အဓိက အထူးပြုကျွမ်းကျင်မှုများထက် ယေဘုယျအကြမ်းဖျဉ်း လိုအပ်ချက်များပေါ် မူတည်ပြီး ရွေးကောက်ပါက ပိုမိုခက်ခဲနိုင်မည်ဖြစ်သည်။

EMB များအနေနှင့် တန်းတူညီမျှဆက်ဆံကြောင်းကို ဥပမာချပြရမည် ဖြစ်သောကြောင့် ၎င်းတို့အနေနှင့် EMB ဝန်ထမ်းများအတွင်းတွင် ကျား၊မ လိင်အချိုးညီကာ အမျိုးသမီးများကို လုပ်ငန်းခွင်အတွင်း နေရာပေးမှုကို မြှင့်တင်သော လူရွေးချယ်မှုနှင့် ရာထူးခန့်အပ်မှုဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော် ကျင့်သုံးရမည်။ အမျိုးသမီးနှင့် အမျိုးသားများအားလုံးသည် ပုံသေနှင့် ယာယီ EMB နေရာများအတွက် ရာထူးခန့်အပ်မှု၊ လေ့ကျင့်သင်ကြားမှု၊ ရာထူးတိုးမြှင့်ခြင်းနှင့် အကျိုးအမြတ်ဆိုင်ရာတို့အတွက် အခွင့်အလမ်းများကို တန်းတူညီမျှ ရရှိနိုင်ရန် လိုအပ်လေသည်။ EMB အဖွဲ့ဝင်ခြင်းမှ အဖွဲ့အစည်း၏ အဆင့်များအားလုံးမှ မဲရုံဝန်ထမ်းအဆင့်အထိ အမျိုးသမီးများကို ရွေးကောက်ပွဲစီမံခန့်ခွဲရေးနေရာများတွင် ခန့်အပ်ရန်အတွက် ချမှတ်ကျင့်သုံးနိုင်သော လိုအပ်ချက်များကလည်း ထိုကိစ္စမျိုးကို အထောက်အကူပြုနိုင်သည်။ ဥပမာအားဖြင့် တီမော-လက်စ်တီတွင် ဥပဒေက အမျိုးသမီးရေးရာ အဖွဲ့အစည်းအပြင် အခြားသော အမျိုးသမီးသုံးဦးတို့က အမျိုးသားရွေးကောက်ပွဲကော်မရှင်သို့ ခန့်အပ်ခြင်းပြုရသည်။ အချို့သော ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများ၊ ဥပမာအားဖြင့် အမျိုးသမီးနှင့် အမျိုးသားများအတွက် မဲရုံခွဲထားခြင်းကဲ့သို့သော အရာများသည် ကျား၊မ အချိုးညီရေးဆိုင်ရာ အသေးစိတ်အချက်အလက်များကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ထိခိုက်စေနိုင်သည်။

တည်ထောင်ပြီးသော ပုံသေ EMB အထွေထွေအတွင်းရေးမှူးဌာနတွင် ကျား၊မ လိင် အချိုးညီရေးကို လက်တွေ့အကောင်အထည်ဖော်ခြင်းသည် အချိန်ယူနိုင်ပြီး နေရာလွတ်များကို ဖြည့်ရန်အတွက် မူဝါဒများကို ဆုံးဖြတ်ချက်ချရာတွင် သတိထားရန်လည်းလိုအပ်သည်။ ထိုကဲ့သို့သော ပြဿနာ အတားအဆီးမျိုးသည် EMB အသစ်တည်ထောင်ရာတွင် မဖြစ်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ပြီးပြည့်စုံသော EMB အထွေထွေအတွင်းရေးမှူးဌာန တစ်ခု၏ အဆင့်အားလုံးအတွက် သင့်တော်သောသူများ ရှာဖွေစုဆောင်းခန့်အပ်ရင်း ထို ကျား၊မ လိင်အချိုးညီရေးကိစ္စ ပျောက်သွားနိုင်သည်။ တောင်အာဖရိကတွင် ဖြစ်ခဲ့သော အတိတ်ကသင်ခန်းစာအရ ပြောခြင်းဖြစ်သည်။

အချို့သော နိုင်ငံများတွင် သင့်တော်သော EMB ဝန်ထမ်းများ ရရှိနိုင်ရန်အတွက် နိုင်ငံရေးပါတီများကို အသုံးပြုသည်။ အမေရိကန်တွင် ပါတီများမှ ရွေးကောက်ခံထားရသူများအနေနှင့် အထူးသဖြင့် မြို့နယ်အဆင့်နှင့် နိုင်ငံအဆင့်များတွင် ရွေးကောက်ပွဲဦးစီးရေးတွင် ဝင်ရောက်ပါဝင်ခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်သည်။

လူသူစုဆောင်းရာတွင် အရေးအကြီးဆုံးသော တာဝန်မှာ ရေတိုတာဝန်ထမ်းဆောင်မည့် ရွေးကောက်ပွဲဝန်ထမ်း အထူးသဖြင့် မဲရုံဝန်ထမ်းရှာဖွေရေးပင်ဖြစ်သည်။ ဟန်ဂေရီနိုင်ငံတွင် မြို့နယ်အစိုးရက မဲရုံဝန်ထမ်းများကို ရှာဖွေစုဆောင်းပေးလေသည်။ ယာယီ မဲရုံဝန်ထမ်းရှာဖွေစုဆောင်းရေး ပြုလုပ်ပေးသော အရာများမှာ ကော်ပိုရေးနှင့် လုပ်အားပေးအဖွဲ့အစည်းများပင်ဖြစ်သည်။

EMB အနေနှင့် ရင်ဆိုင်ရသော အဓိကရွေးချယ်မှုများအနက်မှ တစ်ခုမှာ မဲရုံဝန်ထမ်း ခန့်အပ်ရာတွင် ယခင်က ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံရှိခဲ့ပြီးဖြစ်သာ သူတို့အား ဦးစားပေးရွေးချယ် မည်လော သို့မဟုတ် ပွဲတစ်ခုချင်းစီအတွက် ပိုမိုကျယ်ပြန့်ပွင့်လင်းသော လူသူစုဆောင်းမှုမျိုးကို လုပ်မည်လော ဟူသည့်အချက်ဖြစ်သည်။ အတွေ့အကြုံရှိပြီး ထိရောက်စွာတာဝန်ထမ်းဆောင်နိုင်သော ဝန်ထမ်းများသည် ဆန္ဒမဲကောက်ခံခြင်းကို ပိုမိုချောမွေ့စေရန် ပြုလုပ်ပေးနိုင်သော်လည်း ယခင်က လုပ်ခဲ့ဖူးသော အတွေ့အကြုံ ရှိသော်ငြား အရည်အချင်းနှင့် မပြည့်စုံသော ဝန်ထမ်းများကို မခန့်အပ်ရန်အတွက် စနစ်တကျ ဝန်ထမ်းများကို အကဲဖြတ်သုံးသပ်ခြင်းမျိုးကို ပြုလုပ်ရန်လိုအပ်လေသည်။ ပိုမိုပွင့်လင်းသော လူသူစုဆောင်းရေးဆိုင်ရာ လုပ်ဆောင်မှုမျိုးသည် ရွေးကောက်ပွဲအတွက် အလုပ်လုပ်ခဲ့ဖူးသောသူများ ပိုမိုများပြားလာစေရန် ကူညီပေးနိုင်လေကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် စံပြဖြစ်သော ကိုယ်စားလှယ်များလည်းပိုမိုပါဝင်လာနိုင်လေသည်။ တောင်အာဖရိကတွင် EMB သည် ရွေးကောက်ပွဲအရာရှိတာဝန်ထမ်းဆောင်ရန်အတွက် အမျိုးသမီးများ၊ လူငယ်များနှင့် အလုပ်လက်မဲ့များကိုအပေါ်တွင် အားထုတ်ကြိုးပမ်းမှုတွင် သိသိသာသာအောင်မြင်ခဲ့လေသည်။

တစ်ကမ္ဘာလုံး အင်တာနက်အသုံးပြုမှု မြင့်တက်လာသည်နှင့်အမျှ အွန်လိုင်းမှ လူသူစုဆောင်းခြင်းနှင့် ဝန်ထမ်းများကို စီမံခန့်ခွဲခြင်းသည် EMB များအတွက် ထည့်သွင်းစဉ်းစားရမည့် ရွေးချယ်စရာ တစ်ခုအဖြစ် အခွင့်အလမ်းတိုးတက်လာမည်ဖြစ်သည်။ ဩစတြေးလျတွင် EMB သည် ထိုစနစ်ကို လူသူခေါ်ယူစုဆောင်းရန်နှင့် မဲရုံဝန်ထမ်းများကို လေ့ကျင့်သင်ကြားရန်အတွက် တွင်တွင်ကျယ်ကျယ်သုံးလျက်ရှိသည်။

ဥရုဂွေးနိုင်ငံတွင် မည်သည့် အရပ်ဖက်ပြည်သူ့ဝန်ထမ်းမဆို ထိုတာဝန်မျိုးကို မဖြစ်မနေ ရယူနိုင်ပြီး မက္ကဆီကိုနှင့်စပိန်တွင် ထိုကဲ့သို့သော မဖြစ်မနေတာဝန်မျိုးသည် မဲဆန္ဒရှင်များထံသို့ပင် ကျရောက်နိုင်သည်။ မက္ကဆီကိုတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေက EMB အား မဲရုံယာယီဝန်ထမ်းခန့်အပ်ရေး

ပဏာမရွေးချယ်ရေးအတွက် သင့်တော်သော ပြည်သူများကို မဲနိုက်ခိုင်းသော စနစ်ပါဝင်သည့် အဆင့်ပေါင်းများစွာပါဝင်သည့် လုပ်ငန်းစဉ်ကို အသုံးပြုလေသည်။ နောက်ဆုံးသော ရွေးချယ်မှုလုပ်အပြီးတွင် ထိုရွေးချယ်ပြီးသော သူများလည်း လေ့ကျင့်သင်ကြားပြီးဖြစ်ကာ၊ ဝန်ထမ်းများကိုလည်း မဲရုံများရှိ သက်ဆိုင်ရာနေရာများသို့ နေရာချမှတ်ပြီး ဖြစ်လေသည်။

ယာယီ သို့မဟုတ် ပုံသေ EMB ဝန်ထမ်းများ ခန့်အပ်ရေးအတွက် လျှောက်ထားသူများကို စစ်ဆေးကြည့်ရှုခြင်းသည် ပွင့်လင်းမြင်သာမှုကို မြင့်တက်စေနိုင်သော လူသူစုဆောင်းရေးနှင့် ခန့်အပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်တွင် မရှိမဖြစ်ပါဝင်သော အချက်ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းက ဝန်ထမ်းများကို သတ်မှတ်အရည်အချင်းနှင့် ပြည့်မီစေရန်၊ အကျင့်စာရိတ္တကောင်းစေရန်နှင့် နိုင်ငံရေးလှုပ်ရှားမှု မရှိစေရန် သို့မဟုတ် အခြားသောနည်းဖြင့် မလျော်မကန်ခြင်းတို့မရှိစေရန် သေချာအောင် ရည်ရွယ် ပြုလုပ်ခြင်းဖြစ်သည်။ နိုင်ငံရေးပါတီများအောက်တွင်ထားမည့်အစား EMB အောက်တွင် ရိုးရိုးရှင်းရှင်းနှင့် မြန်မြန်ဆန်ဆန်ဖြစ်အောင်ထားခြင်းက (အမေရိကန်တွင်ကဲ့သို့) အကောင်းဆုံးဖြစ်သည်။ ရွေးကောက်ပွဲအများစုတွင် တာဝန်ထမ်းဆောင်သော ယာယီမဲရုံဝန်ထမ်းများ၏ အရေအတွက်သည် လူသူစုဆောင်းခြင်းကို စီမံခန့်ခွဲသော EMB ဝန်ထမ်းအရေအတွက်ထက် ပိုမိုများပြားနေမည်ဖြစ်သည်။ စစ်ဆေးခြင်းနှင့် လူသူ စုဆောင်းခြင်းသည် နောက်ဆုံးအချိန်ကပ်မှ ကပ်လုပ်ရန်မသင့်ပါ။ (မဲပေးမည့်နေ့တွင်ပင်) ဝန်ထမ်းမှ နှုတ်ထွက်ခြင်းတို့ဖြစ်ပေါ်လာပါက ထိန်းသိမ်းစီမံရမည့် အကြံများသည်လည်း ရှိရန်လိုအပ်လေသည်။

## EMB အထွေထွေအတွင်းရေးမှူးဌာန ဝန်ထမ်းများ ခန့်အပ်ရေးအတွက်လုပ်ဆောင်ပုံအဆင့်ဆင့်များ

EMB အထွေထွေအတွင်းရေးမှူးဌာန ဝန်ထမ်းများခန့်အပ်ရာတွင် ထိန်းကျောင်းရသော စဉ်းစားရမည့်အချက်များသည် အသင့်တော်ဆုံးသော လျှောက်ထားသူကို ရွေးချယ်ရန်အတွက် သင့်တော်သော ရွေးချယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်ပင်ဖြစ်သည်။ EMB တစ်ခုအနေနှင့် ထို ခန့်အပ်ခွင့်ရှိသော အာဏာကို အထွေထွေအတွင်းရေးမှူးဌာနခေါင်းဆောင်ထံသို့ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးထံသို့ မကြာခဏဆိုသလို လွှဲပေးကောင်းလွှဲပေးနိုင်ပြီး ၎င်းမှတဆင့် အခြားသော အောက်အဆင့်ရှိ အရာရှိများကို ခန့်အပ်ရန်အတွက် အခြားသော အထွေထွေအတွင်းရေးမှူးဌာနဝန်ထမ်းများထံသို့ ထပ်မံလွှဲပြောင်းကောင်း လွှဲပြောင်းနိုင်လေသည်။ မဲဆန္ဒရှင် မှတ်ပုံတင်ရေးနှင့် မဲရုံတာဝန်များအတွက် ယာယီဝန်ထမ်းများ ခန့်အပ်ခြင်းသည် မကြာခဏဆိုသလို ကော်မတီနှင့် ကျင်းပကြေငြာရေးအရာရှိများက သို့မဟုတ် ၎င်းတို့နှင့် အဆင့်တူသူများက ခရိုင်အဆင့်နှင့် မြို့အဆင့် ရွေးကောက်ပွဲဆိုင်ရာတို့တွင် ပြုလုပ်ပေးလေ့ရှိသည်။

ခန့်အပ်ခြင်းအတွက် လိုက်နာရမည့်အချက်အလက်များအနေနှင့် EMB ၏ ကျင့်ဝတ်များကို EMB ဝန်ထမ်းများအား လက်မှတ်ထိုးစေခြင်းသည် အလေ့အထကောင်း တစ်ခုပင်ဖြစ်သည်။ EMB ဆိုင်ရာ အကြီးတန်းရာထူးများနှင့် အထွေထွေအတွင်းရေးမှူးဌာန ရာထူးများအား EMB ဝဘ်ဆိုက်များ၊ သတင်းစာနှင့် အခြားသော မီဒီယာများတွင် လူသိရှင်ကြား ကြေငြာခြင်းသည် ကောင်းသောအလေ့အထဖြစ်သည်။ EMB ဝန်ထမ်းသစ်များ ခန့်အပ်ခြင်းအား မြန်ဆန်စေရန်အတွက် အဖွဲ့အစည်းအနေနှင့် ရှင်းလင်းပြည့်စုံသော အလုပ်သင် အစီအစဉ်ကို ဝန်ထမ်းအသစ်များအား အလုပ်ခန့်ပြီး ပထမရက်သတ္တပတ်များအတွင်း မဖြစ်မနေလေ့ကျင့်သင်ကြားရန်အတွက် တည်ထောင်ချမှတ်ရန်လိုအပ်သည်။

မက္ကဆီကိုကဲ့သို့သော အချို့သောနိုင်ငံများတွင် EMB များသည် ၎င်း၏အထွေထွေအတွင်းရေးမှူးဌာန ဝန်ထမ်းများအား ငှားရမ်းခွင့်နှင့် ထုတ်ပယ်ခွင့်အာဏာ အပြည့်အဝရှိသည်။ ဥပဒေအရလည်း စီမ

ခန့်ခွဲရေး၊ ကြီးကြပ်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာ EMB တာဝန်ရှိသူများသည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတွက်သာ သီးသန့်အာရုံစိုက်ထားသော အထူးပြုအရပ်ဖက် အဖွဲ့အစည်းဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာဝန်ဆောင်မှု ပညာရှင်အဖွဲ့ဝင်များဖြစ်ရမည်ဟု ပါဝင်သည်။ ပြည်သူများအနေနှင့်လည်း ထိုဝန်ဆောင်မှုမျိုးကို တရားဥပဒေနှင့်အညီရရှိရန် လေ့ကျင့်သင်ကြားရေး သင်တန်းများ တက်ရောက်သင်ယူခြင်း၊ အဖွဲ့ဝင်ပြိုင်ပွဲတွင် အနိုင်ရရှိခြင်း သို့မဟုတ် စစ်ဆေးမှုအောင်မြင်ခြင်းတို့ ရရှိရန်လိုအပ်သည်။ အဖွဲ့ဝင်တစ်ဦးအဖြစ် အပြည့်အဝဖြစ်နိုင်ရန် လိုအပ်သော နှစ်စဉ်စွမ်းဆောင်ရည်အကဲဖြတ်မှုကို အောင်မြင်ခြင်း၊ အဆင့်မြင့်လေ့ကျင့်သင်ကြားရေးများကို သင်ယူခြင်းနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးတွင် ပါဝင်ခြင်းတို့ပြုလုပ်ပြီးမှ ရရှိနိုင်မည်ဖြစ်လေသည်။ ၁၉၉၂ ခုနှစ် ကနဦး လူသူစုဆောင်းမှုများသည် နိုင်ငံလုံးဆိုင်ရာ မီဒီယာလှုပ်ရှားမှုကို တုံ့ပြန်ရာမှ ရရှိလာခြင်းဖြစ်သည်။

## ဝန်ထမ်းများကို လေ့ကျင့်သင်ကြားခြင်းနှင့် တိုးတက်အောင်ပြုလုပ်ခြင်း

ပညာရှင်ဆန်ရေးဟူသော မဏ္ဍိုင်တွင် ရွေးကောက်ပွဲဆိုင်ရာ ဦးစီးမှုဟူသည် လက်ရှိလုပ်ဆောင်နေသော သင့်တော်သည့် လေ့ကျင့်သင်ကြားမှုများနှင့် ပင်မအရေးကြီးသော ပုံသေခန့်အပ် EMB ဝန်ထမ်းများကို တိုးတက်စေရေး။ အချို့သောရွေးကောက်ပွဲဆိုင်ရာ ပွဲစဉ်များအတွက် ယာယီခန့်အပ်ထားသော စီမံခန့်ခွဲရေးဝန်ထမ်းများနှင့် ရွေးကောက်ပွဲ၊ ဆန္ဒခံယူပွဲများ သို့မဟုတ် သန်းခေါင်းစာရင်းကောက်ယူခြင်း ဆန်သော မဲဆန္ဒရှင်မှတ်ပုံတင်ရေး တို့ကဲ့သို့သော ပွဲကြီးများအတွက် ယာယီခန့်အပ်ထားသော ကွင်းဆင်းဝန်ထမ်းများပါဝင်သည်။ ကောင်းမွန်သောရွေးကောက်ပွဲဆိုင်ရာ ကျင့်သုံးမှုတစ်ခုဖြစ်စေရန် စည်းမျဉ်းစည်းကမ်းများဖြစ်သော ဘက်မလိုက်မှု၊ ပွင့်လင်းမြင်သာရှိမှု၊ မဲပေးရာတွင် လျှို့ဝှက်လုံခြုံမှုရှိခြင်း၊ တူညီသော အခွင့်အရေးရခြင်း၊ တာဝန်ခံနိုင်မှုရှိခြင်းနှင့် ထိရောက်မှုရှိခြင်း တို့သည် EMB ဝန်ထမ်း လေ့ကျင့်သင်ကြားပေးရေး၏ အခြေခံပင်ဖြစ်သည်။ ဝန်ထမ်းလေ့ကျင့်သင်ကြားရေးနှင့်တိုးတက်စေရေးတို့သည် ဆက်တိုက်ပြုလုပ်ရမည့် လှုပ်ရှားမှုဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ပုံအစဉ်အဆက်များနှင့် ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြား အချိန်ကွာဟမှုကြောင့် အတွေ့အကြုံအရှိဆုံးတည်းဟူသော ဝန်ထမ်းများပင် ၎င်းတို့၏ အတွေ့အကြုံသက်သက်ကို အားမကိုးနိုင်ပေ။

အဘယ်ကြောင့်ဆိုသော် လေ့ကျင့်သင်ကြားရေးနှင့် တိုးတက်ရေးတို့သည် မဲပုံးနှင့် မဲဆန္ဒရှင်အသိပညာပေးရေး တို့ကဲ့သို့ လက်ဆုပ်လက်ကိုင်ပြရခက်သောကြောင့် အစိုးရအား ထိုကဲ့သို့သော ကိစ္စများအတွက် လုံလောက်သောဘဏ္ဍာငွေထောက်ပံ့ရန်အတွက် နားချရန်ခက်ခဲရသည်။ လေ့ကျင့်သင်ကြားရေးနှင့် တိုးတက်ရေးတို့သည်လည်းအသင်းအဖွဲ့၏ ဦးစားပေးလုပ်ငန်းစဉ်အတွင်း ဘတ်ဂျက်ကိစ္စပါ အပါအဝင်ဖြစ်ရန်အတွက် လုံလောက်သော သဒ္ဒါရှိသည့် အကြီးတန်း ပုဂ္ဂိုလ်တစ်ဦး၏ စီမံခန့်ခွဲမှုရရှိရန် လိုအပ်သည်။

---

ကနေဒါနိုင်ငံ၏ ရွေးကောက်ပွဲအရာရှိချုပ်၏ လေ့လာချက်အရ မဲဆန္ဒရှင်များသည် ဝန်ထမ်း ၁၉၀၀၀၀ ဦးစလုံးထံမှ ကာလကြာလေ့ကျင့်ထားသော ရွေးကောက်ပွဲပညာရှင် ဖြစ်စေ၊ နစ်နာရီမျှသာလေ့ကျင့်သင်ကြားခဲ့ရသောသူ ဖြစ်စေ၊ တူညီသော အဆင့်မြင့် ဝန်ဆောင်မှုမျိုးကိုသာရရှိရန် မျှော်လင့်သည်ဟု ဆိုသည်။

---

## ပုံသေခန့်အပ်ဝန်ထမ်းများအတွက် EMB အဖွဲ့အစည်းနှင့် ဝန်ထမ်းတိုးတက်မှု

EMB အတွက် အဖွဲ့အစည်းနှင့် ဝန်ထမ်းတိုးတက်ရေး (OSD) သည် ၎င်းတို့၏ ကာလရှည် စွမ်းဆောင်ရည် မြှင့်တင်မှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပေးလေကာ ဝန်ထမ်း၏ လုပ်ငန်းဆိုင်ရာ တိုးတက်မှုလည်း အပါအဝင်ဖြစ်သည်။ OSD (အဖွဲ့အစည်းနှင့် ဝန်ထမ်းတိုးတက်ရေး) က ထိုအချက်များကိုရရှိရန်နှင့် ၎င်းဝန်ထမ်းများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ပုဂ္ဂလိကဆိုင်ရာ တိုးတက်မှုများအတွက် EMB ၏ ဗျူဟာဆိုင်ရာ ရည်ရွယ်ချက်များနှင့် လိုအပ်သော ကျွမ်းကျင်မှုများကို ပေါင်းစည်းလိုကြသည်။ လည်ပတ်လျက်ရှိသော OSD (အဖွဲ့အစည်းနှင့် ဝန်ထမ်းတိုးတက်ရေး) သည် EMB ၏ ရေရှည်လည်ပတ်နိုင်မှုကို အထောက်အပံ့ပေးနိုင်လိမ့်မည်။

EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)တစ်ခုအနေနှင့် ၎င်း၏ OSD( အဖွဲ့အစည်းနှင့် ဝန်ထမ်းတိုးတက်ရေး) လိုအပ်ချက်များအတွက် ရေတိုနှင့် ရေရှည် ဗျူဟာနှစ်ရပ်လုံးကို တည်ထောင်ထားရန် လိုအပ်သည်။ OSD (အဖွဲ့အစည်းနှင့် ဝန်ထမ်းတိုးတက်ရေး) သည်လည်း ပုံမှန်၊ သီးသန့်ခွဲပေးလျှင် ပို အဆင်ပြေသော၊ ရည်ရွယ်ထားသော ဘတ်ဂျက်ငွေရှိလျှင်ပိုကောင်းသည်။ ထို့ကြောင့် EMB အနေနှင့် ၎င်း၏ လေ့ကျင့်သင်ကြားမှုများနှင့် တိုးတက်ရေးဆိုင်ရာလိုအပ်ချက်များကို ဦးစားပေးရန်လိုအပ်သည်။ ဥပမာအားဖြင့် ရုရှား EMB သည် ၎င်း၏ ပင်မဝန်ထမ်းများကို (မဲရုံတာဝန်ကျ ဝန်ထမ်းများထက်) ပိုပြီး အရေးကြီးသည်ဟု ထင်သည်။

EMB တစ်ခုအနေနှင့် ၎င်း၏ OSD ( အသင်းအဖွဲ့နှင့် ဝန်ထမ်းတိုးတက်ရေး) အတွက် ရေတိုနှင့် ရေရှည်ဗျူဟာများကို ချမှတ်ထားရန်လိုသည်။ ISD (အသင်းအဖွဲ့နှင့် ဝန်ထမ်းတိုးတက်ရေး) သည် လိုအပ်ချက်သုံးသပ်ခြင်းအပေါ် တွင် မူတည်ကာ ထိုအရာသည်လည်း ဌာနတွင်း သို့မဟုတ် ပြင်ပကန်ထရိုက်တာများ သို့မဟုတ် စီမံခန့်ခွဲရေး အတိုင်ပင်ခံများနှင့် လုပ်ရမည်ဖြစ်သည်။ ထိုလိုအပ်ချက် သုံးသပ်မှုက EMB ၏ တာဝန်များကို ထုတ်ဖော်ပြသလေပြီး ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအဆင့်ကို ထိုတာဝန်များနှင့် နှိုင်းယှဉ်ဆုံးဖြတ်ကာ ကွာဟချက်များကို ထုတ်ဖော်လေကာ မည်သည့်အဖွဲ့အစည်းနှင့် ဝန်ထမ်းတစ်ဦးချင်းစီက လေ့ကျင့်သင်ကြားရန်လိုအပ်သည်ဟူသောအချက်နှင့် သင့်တော်သော လေ့ကျင့်သင်ကြားရေး နည်းစနစ်များကို ဆုံးဖြတ်နိုင်လေသည်။ OSD (အသင်းအဖွဲ့နှင့် ဝန်ထမ်းတိုးတက်ရေး) အစီအစဉ်များမှာလည်း EMB ဝန်ထမ်းများတစ်ဦးချင်းစီကို သူတို့၏ တာဝန်များကို အမြင့်မားဆုံးထိထိရောက်ရောက်နှင့် ပညာရှင်ဆန်ဆန် လုပ်ဆောင်နိုင်ရန် လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်လေသည်။ လိုအပ်ချက်များကိုသုံးသပ်ပြီး OSD (အသင်းအဖွဲ့နှင့် ဝန်ထမ်းတိုးတက်ရေး) စီမံကိန်းများကို တည်ထောင်ရာတွင် EMB အနေနှင့် (၁) ဝန်ထမ်းများကို ၎င်းတို့လက်ရှိထမ်းဆောင်နေသော တာဝန်များကို လုပ်ဆောင်နိုင်ရန်အတွက် ကျွမ်းကျင်မှုရှိစေရန် လေ့ကျင့်သင်ကြားပေးခြင်း၊ (၂)၎င်းတို့အား ယခုချက်ခြင်းမလိုသေးသော်လည်း အချိန်ကြာလာသည်နှင့်အမျှ လုပ်ငန်းတာဝန်အမျိုးမျိုးကို ထမ်းဆောင်နိုင်စွမ်း မြှင့်တင်နိုင်သောခိုင်မာသည့် ရွေးကောက်ပွဲဆိုင်ရာ ဦးစီမှုများ၏ ပင်မစည်းမျဉ်းများပေါ် တွင်အခြေခံထားသော ကျွမ်းကျင်မှုတို့ကို သင်ကြားပေးခြင်းတို့ အကြားတွင် ရွေးချယ်ရန်လိုအပ်လာပြီဖြစ်သည်။ EMB ဘက်မှ အခိုင်အမာပြောဆိုသည်မှာ ကျွမ်းကျင်သော အရာများများသော ဝန်ထမ်းများအနေနှင့် ရေရှည်တွင် အပြောင်းအလဲနှင့် လိုက်လျောညီထွေရှိပြီး ပိုမိုနေသားကျစေမည်ဖြစ်သည်။ပြီးနောက် အဆင့်ဆင့်ပြောင်းလဲနေသော ရွေးကောက်ပွဲပတ်ဝန်းကျင်၏ တောင်းဆိုမှုများကို ပိုမိုမြန်မြန်ဆန်ဆန် တုံ့ပြန်နိုင်မည်ဖြစ်ကာ လက်ရှိသိသာထင်ရှားသော လိုအပ်ချက်များကို စူးစိုက်သော ဝန်ထမ်းများထက် ပိုမိုမြန်ဆန်မည်ဖြစ်သည်။

လိုအပ်ချက်ကိုခွဲခြမ်းစိတ်ဖြာချက်အပေါ် တွင်မူတည်ပြီး၊ OSD(အဖွဲ့အစည်းနှင့်ဝန်ထမ်းတိုးတက်ရေး)ဘက်မှ

- အထွေထွေကျွမ်းကျင်မှုများ တိုးတက်ရေး ဥပမာအားဖြင့်-
  – အရေး၊ အပြော ဆက်သွယ်မှုပိုင်းဆိုင်ရာ တိုးတက်မှု
  – တီထွင်၊ ဆန်းသစ်မှုနှင့် လုပ်ငန်းသစ်စတင်မှု
  – အသင်းအဖွဲ့တည်ဆောက်မှု
  – အချက်ကျကျ၊ ဗျူဟာမြောက်မြောက်တွေးတောခြင်းနှင့် ပြဿနာဖြေရှင်းခြင်း
  – ကိုယ်တိုင်ကိုယ်ကျ စီမံခန့်ခွဲခြင်း
  – ပဋိပက္ခ ဖြေရှင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှု
  – စီမံကိန်း စီမံခန့်ခွဲမှု
  – နည်းပညာအသုံးပြုရေး
  – ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ သင်ကြားမှုနှင့် ကြီးကြပ်ရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့်/သို့မဟုတ်
- EMB ၏ အချို့သော အပိုင်းများနှင့် သက်ဆိုင်သော နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို တိုးတက်တည်ထောင်ရေး

ဝန်ထမ်းများကို တိုးတက်တည်ထောင်ရေးသည် အခြေခံပုံစံတော်တော်များများ လိုအပ်ကောင်း လိုအပ်နိုင်သည် ဥပမာအားဖြင့် အထူးမွမ်းမံထားသော ရေတို အလွတ်တန်းလေ့ကျင့်သင်ကြားမှုများကို ဝန်ထမ်းအစည်းအဝေးနှင့် သုံးသပ်ချက်ကဲ့သို့ ပြုလုပ်ခြင်း၊ အနားယူခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်းများ၊ ဝန်ထမ်းများကို အလွတ်တန်းဖြစ်စေ ပုံစံတကျဖြစ်စေ EMB အကြီးတန်းဝန်ထမ်းသို့မဟုတ် အခြားသော အဖွဲ့အစည်းမှ အရာရှိ၏သင်ကြားပြသမှုကို ခံယူစေခြင်းနှင့် ပုံစံတကျစီစဉ်ထားသော ကာလရှည်လေ့ကျင့်သင်ကြားမှုဆိုင်ရာ သင်ရိုးများ သို့မဟုတ် ပညာရေးတိုးတက်မှုဆိုင်ရာ အစီအစဉ်များဖြစ်သည်။ ဆက်တိုက်လုပ်ဆောင်သော EMB အတွင်းရှိ ရာထူးတူချင်းနှင့် အထက်အောက်ဆိုင်ရာ ဆက်သွယ်မှုများသည် ဦးတည်ချက်များကို တိုးတက်စေရုံမျှမက အဖွဲ့အစည်းဆိုင်ရာ အာရုံစူးစိုက်မှုနှင့် ဝန်ထမ်းတို့၏ စွမ်းဆောင်ရည်ကိုလည်း ထိန်းသိမ်းထားပေးနိုင်လေသည်။ ပွင့်လင်းသော ဌာနတွင်းဆိုင်ရာ ဆက်သွယ်မှုသည် ပွင့်လင်းမြင်သာမှုရှိခြင်း၏အရေးပါမှုကို အထောက်အပံ့ပြုလျက်ရှိကာ ပုံဟံတကျ လေ့ကျင့်သင်ကြားသော သို့မဟုတ် ကြီးကြပ်ထိန်းကျောင်းမှု၏ ပြင်ပတွင်ရှိသော ဝန်ထမ်းများကိုလည်း အဖွဲ့အစည်းဆိုင်ရာနှင့် ပုံမှန်လုပ်ဆောင်သော အခြေခံအချက်များတွင် ဗဟုသုတဆိုင်ရာတို့ တိုးတက်စေရန် ကူညီပေးလေသည်။

အချို့သော EMB များတွင် ပင်မ EMB ဝန်ထမ်းများနှင့် မဲရုံဝန်ထမ်းများကို လေ့ကျင့်သင်ကြားရေးနှင့် တိုးတက်စေရေးပြုလုပ်ရာတွင် တာဝန်ကို အဖွဲ့အစည်းကိုယ်တိုင်အားဖြင့် ခွဲဝေထားခြင်းမျိုးရှိသည်။ မဲရုံဝန်ထမ်းနှင့်ဆိုင်သော ကိစ္စများတွင် ရေရှည်ဝန်ထမ်းဆိုင်ရာတိုးတက်မှုများထက် မဲရုံဆိုင်ရာ လုပ်ဆောင်မှုများကို အထူးပြုသော နယ်များပါဝင်လေသည်။ ထိုကဲ့သို့သော ချဉ်းကပ်နည်းမျိုးသည် ပင်မ EMB ဝန်ထမ်းများ၏ အဓိကရင်းမြစ်သည် မဲရုံဝန်ထမ်းဖြစ်နေသောနိုင်ငံများတွင် အကောင်းဆုံးမဖြစ်နိုင်ချေ။

## နိုင်ငံတကာ အတွေ့အကြုံများကို အသုံးချခြင်း

အဖွဲ့အစည်းနှစ်ခုနှင့် အဖွဲ့အစည်းများစွာ ပူးပေါင်းခြင်းဖြင့် EMB အများအပြားတို့သည် ၎င်းတို့၏ ဝန်ထမ်းများကို ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးဆိုင်ရာတို့ကို အခြားသောနိုင်ငံများတွင် လေ့လာရန် သို့မဟုတ် ၎င်းတို့အား အခြားသော EMB များတွင် လေ့ကျင့်သင်ကြားရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းတို့အား မတူညီသောချဉ်းကပ်ပုံတို့ကို သိရှိနိုင်ရန်စေလွှတ်ခြင်းတို့ကို ပြုလုပ်ပြီးဖြစ်လေသည်။

ထိုနည်းသည် ရွေးကောက်ပွဲဆိုင်ရာ ဦးစီးရေးတို့တွင် အမှုအကျင့်ကောင်းများကို ရရှိနိုင်စေရန်နှင့် အကြံဉာဏ်သစ်များရရှိနိုင်စေရန် မြန်ဆန်ပြီးနှိုင်းရအားဖြင့် ငွေကုန်ကြေးကျ သက်သာသောနည်းဖြစ်သည်။ EMB အကြီးများဖြစ်သော မက္ကဆီကိုရှိ INE နှင့် တောင်ကိုရီးယားရှိ NEC တို့သည် နိုင်ငံခြားဧည့်သည်တော်များကို ၎င်းတို့၏ ရွေးကောက်ပွဲများအတွက် လာရောက်လည်ပတ်နိုင်စေရန်အတွက်အစီအစဉ်ရေးဆွဲပေးထားသည်။ ဒေသခံရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများသည်လည်း သတင်းအချက်အလက်များကို မျှဝေဖလှယ်ခြင်းတို့ပြုလုပ်နိုင်ပြီး ရွေးကောက်ပွဲဦးစီးမှူးများကို အခြားသောဌာနများသို့ ပို့ဆောင်ခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းတို့ ပြုလုပ်နိုင်သည်။ (အခန်း ၁၁ တွင် ကြည့်ပါ)

အပြည်ပြည်ဆိုင်ရာ ကြေငြာသူများနှင့် အတိုင်ပင်ခံများမှာ ခက်ခဲသော ပြဿနာများကို ဖြေရှင်းရန်အတွက် EMB အား ကူညီနိုင်သော အစွမ်းအစရှိကြသည်။ EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား ၎င်းတို့၏ လုပ်ဆောင်ပုံများကို နိုင်ငံတကာအဆင့်အတန်းနှင့် ညီစေရန် အကြံပေးရန်နှင့် EMB ၏ ဌာနတွင်းဆိုင်ရာ ပြဿနာဖြေရှင်းကိုင်တွယ်ရေးအစွမ်းအစကို မြှင့်တင်ရန်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲဆိုင်ရာ နည်းပညာနယ်ပယ် တစ်ခုခုတွင် ကျွမ်းကျင်သူ သို့မဟုတ် ကျွမ်းကျင်သော ရွေးကောက်ပွဲစီမံခန့်ခွဲသူတစ်ဦး ဖြစ်ကောင်းဖြစ်နိုင်မည်ဖြစ်သည်။ သို့သော်လည်း အခြားနိုင်ငံမှ အတွေ့အကြုံရှိသောအကြံပေးနှင့် အတိုင်ပင်ခံပုဂ္ဂိုလ်များကို အသုံးပြုသော EMB စီမံကိန်းများသည် EMB ဝန်ထမ်းများကို ပုံစံတကျ သို့မဟုတ် အလွတ်တန်း တစ်ဦးချင်းစီကို ပဲ့ကိုင်သင်ကြားသောသဘောမျိုးဖြင့် ကျွမ်းကျင်မှုဆိုင်ရာ လွှဲပြောင်းသင်ကြားပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ သေချာပေါက်ပြုလုပ်နိုင်စေရန် တည်ဆောက်ထားရမည်ဖြစ်ပြီး ထိုမှသာလျှင် စီမံကိန်း၏ရရှိလာသော အချက်အလက်များသည် အကြံပေးပုဂ္ဂိုလ်များနှင့် ကွဲကွာမှုမရှိမည်ဖြစ်သည်။ EMB တစ်ခုသို့ အကြံပေးပုဂ္ဂိုလ်များ အဖွဲ့လိုက်အမြောက်အမြား ခန့်အပ်ခြင်းခံလိုက်ရသောအခါ ၎င်းတို့အနေနှင့် အခြားသောသူများနှင့် အဆက်အဆံမလုပ်ဘဲ ၎င်းတို့အချင်းချင်းသား ဆက်ဆံသော လျှို့ဝှက်သည့် အုပ်စုတစ်စုအသွင်မျိုး အဖွဲ့အစည်းအတွင်းဖြစ်မသွားရန် ရှောင်ရှားဖို့အရေးတကြီးလိုမည်ဖြစ်သည်။

## ဦးဆောင်သင်ကြားပေးခြင်း

ရွေးချယ်ထားသော ပုံသေခန့်အပ်ဝန်ထမ်းများကို ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုရှိစေရန်အတွက် တစ်ဦးချင်းစီ ဦးဆောင်သင်ကြားပေးခြင်းသည် နိုင်ငံတကာ အကြံပေးပုဂ္ဂိုလ်များနှင့် ပြုလုပ်သော စီမံကိန်းများအတွက်သာ ကန့်သတ်ထားခြင်း မဟုတ်ဘဲ EMB အတွင်းတွင်လည်း ကောင်းမွန်သော အရာများဖြစ်ပေါ်နိုင်စေရန်အတွက် အသုံးချနိုင်သည်။ ပုံစံတကျ ဦးဆောင်သင်ကြားပြသခြင်းသည် ကနဦးကတည်းကပင် ဦးဆောင်သင်ကြားရေး အစီအစဉ်များ၏ အချက်အလက်နှင့် ပန်းတိုင်များကို ရှင်းရှင်းလင်းလင်း တည်ထောင်ထားခြင်းမျိုး လုပ်ဆောင်ထားရမည်ဖြစ်သည်။ အလွတ်တန်း ဦးဆောင်သင်ကြား ပြသသောပုံစံသည် မည်သည့် ကြီးကြပ်ရေးမှူး/လက်အောက်ခံ မဆို ဆက်ဆံရေးတွင် တစ်ပိုင်းတစ်စ ဖြစ်သင့်ပြီး တည်ဆောက်ပုံနည်းလေသည်။ ဦးဆောင် သင်ကြားရေး အစီအစဉ်များကလည်း EMB ကို ၎င်း၏ ညီမျှရေးဆိုင်ရာ ဦးတည်ချက်အချို့ကို ရရှိနိုင်စေရန် ကူညီပေးလေသည်။ ဥပမာအားဖြင့် အမျိုးသမီး သို့မဟုတ် အခြားရည်ရွယ်ထားသော လူမှုရေးဆိုင်ရာ သို့မဟုတ် လူမျိုးစုဆိုင်ရာအုပ်စုတစ်ခုကို ပိုမိုရာထူးမြင့်သော စီမံခန့်ခွဲရေး သို့မဟုတ် နည်းပညာဆိုင်ရာ ရာထူးရရှိထားသူများ၏ အရေအတွက်ကို မြှင့်တင်ခြင်းတို့ဖြစ်သည်။ ဌာနတွင်းဆိုင်ရာ ဦးဆောင်သင်ကြားခြင်း အစီအစဉ်များအပြင် EMB ဝန်ထမ်းများကို အခြားသော ပြည်သူ့ဌာနခွဲကိုယ်စားလှယ်ဌာန သို့မဟုတ် ပြည်သူ့ဌာနခွဲ အဖွဲ့အစည်းရှိ ဦးဆောင်သင်ကြားသူထံသို့ ကာလတိုအားဖြင့် စေလွှတ်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။

## EMB ဝန်ထမ်းများအတွက်  ပညာရေးနှင့် တိုးတက်ရေးဆိုင်ရာ သင်ရိုးများ

EMB ဝန်ထမ်းများ ၎င်းတို့၏ အမှန်တစ်ကယ်နှင့် သတ်မှတ်ထားသော ပညာရှင်ဆန်ခြင်းမျိုး ရှိရန်အတွက် ရွေးကောက်ပွဲစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးတွင် ဘွဲ့ရသို့မဟုတ် ဘွဲ့လွန်အရည်အသွေး ပြည့်မီရေးအတွက်ကိစ္စများ အားကောင်းလျက်ရှိသည်။ အဆင့်မြင့်ပညာသင်ကြားရေးအတွက် အမေရိကန်တက္ကသိုလ်(USA)၊ ဂရစ်ဖစ်တက္ကသိုလ် (ဩစတြေးလျ) နှင့် ပါရီတက္ကသိုလ် II  (ပြင်သစ်) တို့ အပါအဝင် အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲဦးစီးရေးကို သင်ရိုးများနှင့် သင်ကြားပေးသော တက္ကသိုလ်များလည်း ပိုမိုများပြားလာပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ IDEA (အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့အသင်း) မှ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးတွင် ဘွဲ့လွန်ပညာရှင်ဆန်သော အသိပညာမျိုးကို အားပေးရန်အတွက် ရွေးကောက်ပွဲမူဝါဒနှင့် ဦးစီးရေး မဟာဘွဲ့သင်တန်းများအတွက် သင်ရိုးညွှန်းတမ်းပုံစံကို တည်ထောင်ခဲ့လေသည်။

ရွေးကောက်ပွဲဆိုင်ရာ ဦးစီးလုပ်ဆောင်မည့်သူများအတွက် ရနိုင်သော အကောင်းဆုံးသော ပညာရှင်ဆိုင်ရာ တိုးတက်မှုသင်ရိုးမှာ  ဒီမိုကရေစီ၊ အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲများအတွက် အရင်းအမြစ်များတည်ဆောက်ရေး (BRIDGE) ဖြစ်ပြီး  ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင် (AEC)၊ အပြည်ပြည်ဆိုင်ရာ IDEA (အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့အသင်း)၊ IFES (ရွေးကောက်ပွဲစနစ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း)၊ UNDP (ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ) နှင့် ကုလသမဂ္ဂ ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေးဌာနခွဲ ( UNEAD) တို့နှင့် မိတ်သဟာယပြုပြီး အထောက်အပံ့ရယူထားသည်။ BRIDGE (ဒီမိုကရေစီ၊ အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲများအတွက် အရင်းအမြစ်များတည်ဆောက်ရေး) သင်တန်းများတွင် သင်ကြားသူများမှာ ထောက်ခံချက်ရထားသော BRIDGE (ဒီမိုကရေစီ၊ အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲများအတွက် အရင်းအမြစ်များ တည်ဆောက်ရေး) မှ ကျွမ်းကျင်သူများက သင်ကြားခြင်းဖြစ်ပြီး သင်ယူသူများအတွက်လည်း သင်ရိုးများမှာ ကမ္ဘာ့အဆင့်မီ အခမဲ့ရရှိနိုင်သောအရာများ ဖြစ်သည်။ BRIDGE (ဒီမိုကရေစီ၊ အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲများအတွက် အရင်းအမြစ်များတည်ဆောက်ရေး) သင်ရိုးများတွင် သီးသန့်ခွဲထုတ်ထားသော သင်ရိုးအပိုင်း ၂၄ ပိုင်းရှိပြီး ပင်မသုံးပိုင်းခွဲထားခြင်းဖြစ်သည် (အခြေခံသင်ရိုးအပိုင်း၊ ရွေးကောက်ပွဲဆိုင်ရာ ရင်းနှီးမြှုပ်နှံပါဝင်သူများနှင့် လုပ်ငန်းလုပ်ဆောင်ရေးနှင့် လုပ်ငန်းလည်ပတ်ရေး) ထို့ကြောင့် မည်သည့် သင်ရိုးမဆို EMB ၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု လိုအပ်ချက်တို့နှင့် ပူးတွဲနိုင်လေသည်။ BRIDGE (ဒီမိုကရေစီ၊ အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲများအတွက် အရင်းအမြစ်များတည်ဆောက်ရေး) သင်ရိုးများ အားလုံးမှာ အင်္ဂလိပ်ဘာသာနှင့် ရရှိနိုင်လေသည်။ အချို့မှာလည်း အာရဗီ၊ အာမေးနီးယန်း၊ ဒါရီနှင့် ပါရှ်တို (ပါရှန်)၊ ပြင်သစ်၊ ဂျော်ဂျီယန်၊ အင်ဒိုနီးရှန်း၊ ပေါ်တူဂီ၊ ရိုမေးနီးယန်း၊ရုရှား၊ စပိန်နှင့် တန်တွမ်တို့ဖြစ်သည်။ ဇူလိုင်လ ၂၀၁၄ ခုနှစ်တွင် BRIDGE ၏ (ဒီမိုကရေစီ၊ အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲများအတွက် အရင်းအမြစ်များတည်ဆောက်ရေး) သင်ရိုးပေါင်း ၉၀၀ ခန့်သည် ၉၃ နိုင်ငံတွင် ပြုလုပ်ခဲ့လေပြီး ကျင်းပသော အကြိမ်ရေများမှာလည်း နှစ်စဉ် ဆတိုးဆတိုး များများလာလေသည်။

ဗြိတိန်တွင် ရွေးကောက်ပွဲဆိုင်ရာ စီစဉ်ညွှန်ကြားသူများအသင်း (AEA) က ရွေးကောက်ပွဲဆိုင်ရာ ဦးစီးစီစဉ်သူများအတွက်  ပုံမှန်လေ့ကျင့်သင်ကြားရေးနှင့် အသိပညာပေးရေးတို့ကို ပြုလုပ်လျက်ရှိသည်။ ဗြိတိန်ရှိ EMB များသည် ပုံမှန်အားဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သော ရာထူးများကို ဝင်ရောက်လျှောက်ထားသူများအား သက်ဆိုင်ရာ AEA ထောက်ခံချက်ရရှိထားရန် တောင်းဆိုထားလေသည်။ တောင်အာဖရိက EMB ကလည်း ရွေးကောက်ပွဲတွင် ဝင်ရောက်ပါဝင်သူများနှင့် အရည်အသွေး

ပြည့်မီသော ရွေးကောက်ပွဲစီမံခန့်ခွဲသူများအတွက် ထောက်ခံချက်ပေးသော လုပ်ငန်းစဉ်အတွက် ပုံစံတကျ လေ့ကျင့်သင်ကြားရေးနှင့် ပညာပေးသင်ရိုးများကို တည်ထောင်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ် EMB သည် ဒါကာမြို့တွင် ရွေးကောက်ပွဲလေ့ကျင့်သင်ကြားရေးတက္ကသိုလ်ကို တည်ထောင်ထားပြီး ရွေးကောက်ပွဲဆိုင်ရာ ဝန်ထမ်းများ အဆင့်အားလုံးအတွက် ကြပ်ကြပ်မတ်မတ် လေ့ကျင့်သင်ကြားမှုများ လုပ်ပေးလျက်ရှိကာ မျက်နှာချင်းဆိုင် သင်ကြားပေးရုံမျှမက အီလက်ထရွန်းနစ်စနစ်နှင့်ပါ သင်ကြားပေးသည်။ မက္ကဆီကိုရှိ EMB ၏ ပညာရှင်ရွေးကောက်ပွဲဝန်ဆောင်မှု ဌာနသို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် ထောက်ခံချက်နှင့် စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိသော ပညာရှင်ဆိုင်ရာ တိုးတက်ရေးလိုအပ်ချက်များ လိုအပ်သည်။

**အကွက် ၃ : အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအနေနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအား တိုးတက်တည်ဆောက်ရာတွင်အရေးကြီးသော အဆင့်များ**

- ပုံစံတကျ လေ့ကျင့်သင်ကြားခြင်းနှင့် အရည်အသွေးပြည့်မီရေးများကို မိတ်ဆက်ခြင်း
- ရွေးကောက်ပွဲစီမံဦးစီးရေးအား လုံခြုံစေရန်နှင့်မြင့်တက်စေရန်၊ ၎င်းတို့၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှု စည်းမျဉ်းများကို တင်းကြပ်ရန်အတွက် ပညာရှင်ဆန်ပြီး ရေရှည်လုပ်ဆောင်နိုင်သော EMB တစ်ခုကို တည်ထောင်ခြင်း
- ရင်းမြစ်ဆိုင်ရာ ဌာနတစ်ခုနှင့် ရွေးကောက်ပွဲ လုပ်ရှားသူများ အကြံဉာဏ် တောင်းခံနိုင်ရန် နှင့် ၎င်းတို့၏ ပညာရပ်ဆိုင်ရာ တာဝန်များ ထမ်းဆောင်နေစဉ် တိုင်ပင်ဆွေးနွေးနိုင်ရန် ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းထားသော ကွန်ယက်နှင့်
- ရွေးကောက်ပွဲဆိုင်ရာ ဦးစီးလုပ်ဆောင်သူများ၏ လုပ်ငန်းပိုင်းဆိုင်ရာနှင့် အခွင့်အလမ်း တိုးတက်မှု

## လုပ်ငန်းလှုပ်ရှားမှုဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း

ရွေးကောက်ပွဲဆိုင်ရာ ပွဲစဉ်များကို ချောမွေ့စွာလုပ်ဆောင်နိုင်ရန်အတွက် EMB ဝန်ထမ်းများအနေနှင့် ပုံသေခန့်အပ်ရော ယာယီခန့်အပ်ရောပါ သင့်တော်သော လုပ်ငန်းပိုင်းဆိုင်ရာ လေ့ကျင့် သင်ကြားမှုရရှိရန်လိုအပ်ပြီး ထိုမှသာလျှင် ၎င်းတို့ထံမှပေးအပ်ရန်လိုအပ်သော လုပ်ငန်းတာဝန်များကို ပြည့်ပြည့်ဝဝနားလည်မည်ဖြစ်သည်။ အထူးသဖြင့် မဲဆန္ဒရှင်များနှင့် ပြောဆိုဆက်ဆံနေစဉ် သို့မဟုတ် အခြားသော လုပ်ငန်းဖော်များနှင့် ပြောဆိုဆက်ဆံစဉ်၊ မဲစာရွက်များကိုင်တွယ်စဉ် သို့မဟုတ် အခြားသော တာဝန်ယူရမည်ပစ္စည်းများ ကိုင်တွယ်လျှင် သို့မဟုတ် ထိရှလွယ်သော ကိစ္စများအား ကိုင်တွယ်လျှင် အစရှိသော ကိစ္စများကိုဆိုလိုသည်။ အနည်းဆုံး ထိုကဲ့သို့သော လေ့ကျင့်သင်ကြားမှုများသည်အဓိကလိုအပ်ချက်များဖြစ်သော ဥပဒေကိုလေးစားရန်၊ ဘက်မလိုက်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန်နှင့် ဝင်ရောက်ပါဝင်လုပ်ဆောင်သူများကို ၎င်းတို့ လုပ်သောတာဝန်နှင့်ပတ်သက်ပြီး ပြည့်ပြည့်ဝဝနားလည်မှုရှိရန် အရေးကြီးကြောင်းကို အထောက်အပံ့ပြုပြီး ပြနိုင်ရမည်။ ယာယီဝန်ထမ်းများအတွက် ထိုအချက်သည် အဓိကအာရုံစိုက်သော အချက်ဖြစ်မည်ဖြစ်ပြီး၊ လုပ်ဆောင်ပုံနှင့် စစ်ဆေးရန်အချက်များသည် အဓိကအချက်များဖြစ်လိမ့်မည်။ ပုံသေခန့်အပ်ဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားမှုသည် အောက်ခြေတွင်ရှိသော စနစ်နှင့် ၎င်းတို့အနေနှင့် တာဝန်ရှိသော ရုတ်တရက်အရေးပေါ် တာဝန်ယူမှုဆိုင်ရာ အစီအစဉ်ချခြင်း၊ နောက်ခံလုပ်ဆောင်မှု ယန္တရားများနှင့် ပြဿနာဖြေရှင်းခြင်းတို့ အပါအဝင်တို့ကို အထူးပြုနိုင်သင့်သည်။

## လေ့ကျင့်သင်ကြားရေး နည်းစနစ်

ရွေးကောက်ပွဲမတိုင်မီ ယာယီဝန်ထမ်းများကို ပြင်းပြင်းထန်ထန် လေ့ကျင့်သင်ကြားပေးရေးသည် ရွေးကောက်ပွဲဆိုင်ရာဝန်ဆောင်မှု ပေးအပ်ရေးနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့ အတွက် အဓိက အရေးကြီးသောအချက်ဖြစ်သည်။ ဂုဏ်သိက္ခာနှင့် ရွေးကောက်ပွဲဆိုင်ရာ အလေ့အထကောင်းတို့ အပေါ်တွင် အခြေခံထားသော အရည်အသွေးမြင့်ဝန်ဆောင်မှုသည် ယာယီဝန်ထမ်းများအား လေ့ကျင့်သင်ကြားရေး၏ နောက်တွင်ရှိသော အဓိကအချက်ဖြစ်သည်။ EMB အနေနှင့်လည်း ရွေးကောက်ပွဲကာလအတွင်း လေ့ကျင့်သင်ကြားမှုယူထားပြီး ကျေနပ်လောက်ဖွယ်ရာ လုပ်ဆောင်မှုပေးနိုင်ခဲ့သော ယာယီဝန်ထမ်းများအား စာရင်းဒေတာဘေ့စ်ပြုပြုထားသင့်ကာ ထိုမှသာလျှင် နောက်ထပ် ရွေးကောက်ပွဲများရှိလျှင် ၎င်းတို့အား ဆက်သွယ်နိုင်မည်ဖြစ်သည်။

အတွေ့အကြုံကပြောသည်မှာ ၎င်းတို့၏တာဝန်များနှင့် သက်ဆိုင်သော လုပ်ငန်းဆိုင်ရာများအား သတ်သတ်မှတ်မှတ်ထားပြီး ယာယီဝန်ထမ်းများအား အထူးပြုလေ့ကျင့်သင်ကြားပေးပါက ပိုမို အကျိုးရှိလေသည်။ မဲဆန္ဒရှင်များအား မှတ်ပုံတင်ခြင်း၊မဲပေးခြင်းနှင့် မဲရေတွက်ခြင်းကဲ့သို့သော တာဝန်တို့သည် ခွဲခြားမရအောင်ပင် သဏ္ဍာန်ယူလေ့ကျင့်ခြင်း သို့မဟုတ် အစမ်းလေ့ကျင့်ခန်းကဲ့သို့သော သရုပ်ဖော်လေ့ကျင့်မှုများနှင့် အထောက်အပံ့ပြုလိုက်ပါက ပိုမိုထိရောက် အကျိုးရှိနိုင်လေသည်။ လေ့ကျင့်ချိန် အချိန်တိုင်းအား ထိုပါဝင်တက်ရောက် သူများနှင့် အကဲဖြတ်သုံးသက်မှုများပြုလုပ်ခြင်းသည် တိုးတက်ပြီးသော လေ့ကျင့်သင်ကြားရေး စွမ်းဆောင်ရည်အတွက် အရေးပါသည်။

### *အထက်အောက် လေ့ကျင့်သင်ကြားခြင်း*

အထက်အောက် လေ့ကျင့်သင်ကြားခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ နည်းစနစ်ကိစ္စများနှင့် လေ့ကျင့်ရေးနည်းစနစ်များတွင် အဓိကအရေးပါသော လေ့ကျင့်သင်ကြားသူများအား လေ့ကျင့်သင်ကြားရေးဟူသောအချက် ကပ်ပါလာသည်။အခြားသော အောက်အဆင့်ရှိသူများကို ပြန်လည်လေ့ကျင့်သင်ကြားပေးရမည် လေ့ကျင့်ရေးနည်းပြများအား ပြန်လည်လေ့ကျင့်သင်ကြားပေးရခြင်းဖြစ်သည်။ ဒုတိယအဆင့်မှ တတိယအဆင့်သို့ ပြန်လည်လေ့ကျင့်သင်ကြားပေးပြီး ထိုကဲ့သို့ အဆင့်ဆင့်သွားခြင်းဖြစ်ကာ ဝန်ထမ်းအားလုံး လေ့ကျင့်သင်ကြားပြီး ဖြစ်သည်အထိ ဆင်းသွားခြင်းဖြစ်သည်။ အထက်အောင်လေ့ကျင့်သင်ကြားရေး နည်းစနစ်၏ နှိုင်းရအားဖြင့် ကျသင့်ငွေနှင့် ထိရောက်ထိုက်တန်မှုနှင့် အချိန်တိုအတွင်းတွင် လူအရေအတွက် အများကြီးကို လေ့ကျင့်သင်ကြားနိုင်စွမ်းသည် ၎င်းအားတည်ထောင်ပြီးနှင့် တည်ထောင်ကာစ EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဌာန) တော်တော်များများတွင် အသုံးပြုမိစေလေသည်။ ထိုပုံစံသည် ဝန်ထမ်းများပြားလှသော ပမာဏကို တာဝန်ယူရသော လုပ်ငန်းတာဝန်များ သို့မဟုတ် လေ့ကျင့်သင်ကြားမှုကို တပြိုင်နက်ဆက်တိုက် သို့မဟုတ် ဆက်တိုက်နီးပါ ပထဝီဧရိယာကျယ်ကျယ်ပြန့်ပြန့်တွင် လုပ်ရသော တာဝန်မျိုးတွင် မရှိမဖြစ် အရေးပါသည်။ဥပမာအားဖြင့် မဲဆန္ဒရှင်များ မှတ်ပုံတင်ခြင်းနှင့် မဲရုံဝန်ထမ်းဆိုင်ရာကိစ္စများ အစရှိသည်တို့ ဖြစ်သည်။အဆင့်တိုင်းရှိ လေ့ကျင့်သင်ကြားပေးသူများသည် EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဌာန) အဖွဲ့ဝင်များ သို့မဟုတ် ဝန်ထမ်းများဖြစ်နိုင်သည် သို့မဟုတ် ပြင်ပမှ ပညာရှင်အဆင့် လေ့ကျင့်သင်ကြားပေးသူများ၊ ပညာရှင်များ သို့မဟုတ် CSO (အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်း) များမှ ဂုဏ်သရေရှိအဖွဲ့ဝင်များ ပါဝင်နိုင်သည်။ EMB (ရွေးကောက်ပွဲစီမံခန့်ခွဲမှုဌာန) ဝန်ထမ်းများနှင့် ပြင်ပလေ့ကျင့်ရေးမှူးများသည် မူဝါဒကိုလက်ခံခြင်းနှင့် ရေရှည်လုပ်ဆောင်နိုင်ခြင်းတည်းဟူသော အားသာချက်ကို ရရှိနိုင်လေသည်။

အထက်အောက်လေ့ကျင့်သင်ကြားရေးသည် အဆင့်အမျိုးမျိုးရှိ လေ့ကျင့်သင်ကြားရေးသည် အချိန်တိုအတွင်း လုပ်ရန်စီစဉ်ထားပါလျှင် ပြီးနောက် ထိုအထက်အောက် အစဉ်အဆက်၏ အောက်ဆုံးအဆင့် (ဥပမာ-မဲရုံဝန်ထမ်း) သည် ရွေးကောက်ပွဲမစမီ ရက်အနည်းငယ်အလိုမှ စတင်လုပ်ဆောင်ခြင်းမျိုး ပြုရသော အနေအထားမျိုးတွင် သင့်တော်သည်။ ထိုနည်းစနစ်သည် လေ့ကျင့်သင်ကြားရေးအချိန်များနှင့် လေ့ကျင့်သင်ကြားရေး နည်းစနစ်အတွင်းရှိ အကြောင်းအရာများကို ပြည့်ပြည့်ဝဝနားလည်သော လေ့ကျင့်ရေးမှူးအရေအတွက် များစွာလိုအပ်သည်။ အထက်အဆင့်တွင် လွဲချော်မှု သို့မဟုတ် နားလည်မှုလွဲမှားခြင်းတစ်ခုခုဖြစ်ခဲ့ပါက ထိုအချက်သည် အောက်အဆင့်များကိုပါ လက်ဆင့်ကမ်းပါသွားမည်ဖြစ်ပြီး လုပ်ငန်းစဉ်တစ်ရပ်လုံးကို ထိခိုက်စေနိုင်လေသည်။ အရည်အသွေးထိန်းသိမ်းရသော လုပ်ဆောင်ချက်များဖြစ်သော အထက်အောက်စဉ်ဆက်တွင် ကန့်သတ်ထားသော အဆင့်အရေအတွက်များရှိနေခြင်းနှင့် နေရာများကို စစ်ဆေးနေသော လေ့ကျင့်သင်ကြားရေး အပိုင်းအချိန်များသည် လေ့ကျင့်သင်ကြားရေး အချိန်များအားလုံးသည် တိကျစွာနှင့် စဉ်ဆက်မပြတ်လုပ်ဆောင်နေစေရန် ပြုလုပ်ပေးသည်။

## *ရွေ့လျားအသင်းများနှင့် လေ့ကျင့်သင်ကြားခြင်း*

လေ့ကျင့်ရေးမှူးများကို ရွေ့လျားအသင်းငယ်များ အရေအတွက် အနည်းငယ်စီနှင့် ဖွဲ့ကာ ရှိရှိသမျှသော အဆင့်တိုင်းရှိ ရွေးကောက်ပွဲဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးနိုင်လေသည်။ ထိုနည်းစနစ်တွင် သတင်းအချက်အလက်များသည် အရည်အချင်းပြည့်မီသော လေ့ကျင့်ရေးမှူးများမှ တစ်ဆင့် ဖြန့်ဝေခံရခြင်းဟူသော အားသာချက်ရှိလေသည်။ မည်သို့ပင်ဆိုစေကာမူ ထိုအချက်သည် အချိန်ပိုကြာလေသည်။ အဘယ်ကြောင့်ဆိုသော် အဖွဲ့ငယ်အုပ်စုအသေးလေးများက တစ်နိုင်ငံလုံးအနှံ့ရှိ ရွေးကောက်ပွဲဆိုင်ရာ ဝန်ထမ်းများကို လေ့ကျင့်သင်ကြားရန်အတွက် တာဝန်ရှိသောကြောင့်ဖြစ်သည်။ ထိုအချက်သည် ပထဝီဝင်မြေအနေအထားအရ အင်မတန် သေးငယ်သော ဧရိယာအတွင်းတွင် ပြုလုပ်သော ရွေးကောက်ပွဲများအတွက် ထိရောက်သော ဖြေရှင်းနည်း ဖြစ်နိုင်သော်လည်း အခြားသောနေရာများတွင် ပြုလုပ်ရန်မဖြစ်နိုင်ချေ။ ဝန်ထမ်းအရေအတွက် အမြောက်အမြားအနေနှင့် လေ့ကျင့်သင်ကြားရန် လိုအပ်ပြီး ရွေ့လျားအဖွဲ့အစည်းက မဲပေးရမည့် နေ့မတိုင်မီ အတန်ကြာလိုသေးသော အချိန်ကတည်းက စတင် လေ့ကျင့်သင်ကြားမှုပြုလုပ်ထားပါလျှင် စောစောလေ့ကျင့်သင်ကြားမှုယူထားသော အဖွဲ့များအနေနှင့် ၎င်းတို့သင်ယူထားသော အရာများကို ပြန်လည်မေ့သွားနိုင်သော အချက်တစ်ချက်လည်း ရှိသေးလေသည်။

## *ဆက်တိုက်လေ့ကျင့်သင်ကြားခြင်း*

ဆက်တိုက်လေ့ကျင့်သင်ကြားရေးသည် ယာယီဝန်ထမ်းများအားလုံးကို တစ်ရက်အတွင်း သို့မဟုတ် ရက်ဆက်တိုက် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စများပါဝင်သည်။ ထိုကဲ့သို့သော ချဉ်းကပ်နည်းမျိုးသည် ရွေးကောက်ပွဲအတွက် ပြင်ဆင်ရန်အချိန်နည်းနေနေပါက သို့မဟုတ် ကမ္ဘောဒီးယားတွင် ၁၉၉၃ ခုနှစ်က ဖြစ်သွားသကဲ့သို့ အုပ်စုအများစုပြီး လေ့ကျင့်သင်ကြားရေး ပြုလုပ်ခြင်းသည် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)အတွက် ပုံရိပ်မြှင့်တင်ရေးလုပ်ငန်းစဉ် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရေးတွင် သို့မဟုတ် ရွေးကောက်ပွဲတွင်စိတ်ဝင်စားမှုမြှင့်တင်နိုင်ရန် အသုံးဝင်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုအရာသည်လည်း ပြင်ပမှငှားရမ်း ခေါ်ဆောင်ရန်လိုပြီး နည်းစနစ်ကျကျလေ့ကျင့်သင်ကြားပေးရန်လိုသော အရည်အချင်းရှိ လေ့ကျင့်ရေးမှူးများများစွာလိုအပ်လေသည်။ ထိုအရာက အင်မတန်မှလည်း ငွေကုန်ကြေးကျများလှပြီး အကောင်အထည်ဖော်ရာတွင် အင်မတန်မှ စီမံကိန်းကို အားစိုက်ထုတ်ရေးဆွဲရန် လိုအပ်လေသည်။ ဗွီဒီယိုနည်းပညာကို သုံးပြီးနောက် ရှေ့ယခင်က အတွေ့အကြုံရှိခဲ့ပြီးသော ယာယီဝန်ထမ်းများကို ယခင်တစ်ခေါက်ကလုပ်ခဲ့သော ရွေးကောက်ပွဲနှင့်မတူဘဲ လုပ်

ဆောင်ပုံများတွင် ပြောင်းလဲသွားသော အချက်များကို အကျဉ်းချုံးရှင်းပြခြင်းသည်လည်း ဆက်တိုက် လေ့ကျင့်ခြင်းကို ဆောင်ရွက်ရန်ကောင်းသော နောက်တစ်နည်းပင်ဖြစ်လေသည်။

## လေ့ကျင့်သင်ကြားရန်လိုအပ်သော အရာများ

### *လမ်းညွှန်ချက်များ*

လမ်းညွှန်းချက်များကို ဖတ်ရန်လွယ်ကူသော စာရွက်ပုံစံများနှင့် မှတ်စုအတိုမှတ်သော စာရင်းပုံစံမျိုးဖြင့် လုပ်လာခြင်းသည် ဥပမာအားဖြင့် မဲရုံလုံခြုံရေး အရာရှိများ၊ မဲရုံဝန်ထမ်းများနှင့် မဲရေတွက်သော ဝန်ထမ်းများကဲ့သို့ အချို့သော အဆင့်ရှိ မဲရုံဝန်ထမ်းများကို အထက်အောက် လေ့ကျင့်သင်ကြားမှုလုပ်ရာတွင် အထောက်အကူဖြစ်ခဲ့လေသည်။ ဥပမာအားဖြင့် ထိုကဲ့သို့သော မှတ်စုအတိုမှတ်သော စာရင်းပုံစံသည် တွန်ဂါတွင် ၂၀၁၀ ပြည့်နှစ်တွင် သုံးခဲ့လေသည်။ ထိုကဲ့သို့သော ပစ္စည်းများသည် စက်ရုံရှိပါက အီလက်ထရွန်းနစ်ပုံစံဖြင့် ရနိုင်လေသည်။

### *လေ့ကျင့်နည်းလမ်းညွှန်များ*

EMB အများစုသည် လေ့ကျင့်နည်းလမ်းညွှန်များကို ရွေးကောက်ပွဲ အရာရှိများအား လုပ်ဆောင်ပုံများ သင်ကြားပြသရာတွင် မှီခိုအသုံးပြုလေသည်။ တိကျ၊ လွယ်ကူ၊ သပ်ရပ်ပြီး အဓိပ္ပာယ်ပြန်ဆိုရလွယ်ကူပြီး ပြန်လည်အသုံးပြုနိုင်သော လမ်းညွှန်များမှာ ဖြန့်ဝေနိုင်သော လေ့ကျင့်သင်ကြားရေး သင်ထောက်ကူ ပစ္စည်းများဖြစ်သည်။ အမျိုးမျိုးသောထမ်းဆောင်ရသည့်တာဝန် မတူညီသော ဝန်ထမ်းများအတွက် လမ်းညွှန်စာအုပ်တွက် မတူညီကွဲပြားသောအပိုင်းများ ထည့်ပေးထားလျှင် ၎င်းတို့ မဖြစ်မနေ ထမ်းဆောင်ရသော တာဝန်များအတွက် ရိုးရှင်းသော မှတ်စုစာရင်းနှင့် ၎င်းတို့၏ ဗဟုသုတကို စစ်ဆေးရန်အတွက် မေးခွန်းလေးများ ထည့်ပေးထားလျှင် အကျိုးရှိနိုင်မည် ဖြစ်သည်။ စာအုပ်အနေနှင့်ထုတ်ာထးသော လမ်းညွှန်စာအုပ်များကို ထပ်တိုးထားသော အရာများအား ပုံနှိပ်ထုတ်ဝေနိုင်သော soft copy များနှင့် အပိုထပ်ဆောင်း ထည့်ပေးနိုင်သည်။ လုံလောက်သော လမ်းညွှန်စာအုပ် မိတ္တူများကို ရွေးကောက်ပွဲအရာရှိများအား လေ့ကျင့်သင်ကြားမှုပြီးသောအခါတွင် အိမ်သို့ယူသွားရန် သို့မဟုတ် ၎င်းတို့အလုပ်လုပ်နေစဉ် အကိုးအကားအနေနှင့် အသုံးပြုနိုင်ရန် သို့မဟုတ် ထပ်မံဖတ်ရှုနိုင်ရန်အတွက် မိတ္တူများကို လုံလုံလောက်လောက် ထုတ်ထားသင့်သည်။ ဟန်ဂေရီတွင် လေ့ကျင့်သင်ကြားရေးအတွက် အီလက်ထရောနစ်ကိရိယာများကို အသုံးချကြလေကာ အီလက်ထရွန်းနစ်လမ်းညွှန်နှင့် ၎င်းတွင်ပါဝင်သော အချက်များအား စစ်ဆေးချက်များအတွက်လည်း ပါဝင်သည်။

EMB များအနေနှင့်လည်း ၎င်းတို့၏ အမျိုးမျိုးသော ပါဝင်လှုပ်ရှားသူများဖြစ်သော နိုင်ငံရေးပါတီများနှင့်အမတ်လောင်းများ၊ ပါတီကိုယ်စားလှယ်များ၊ မီဒီယာနှင့် ရွေးကောက်ပွဲစောင့်ကြည့်သူများ အတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို လမ်းညွှန်စာအုပ် ထုတ်ပေးထားသည်ဟု ပြောဆိုနိုင်လေသည်။ ပါဝင်လှုပ်ရှားသူများအနေနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ပိုမိုကျေကျေညက်ညက် နားလည်လေ၊ EMB ၏ လုပ်ငန်းလုပ်ဆောင်မှုဆိုင်ရာတို့ ပိုမိုကောင်းမွန်ရန် လွယ်ကူလေဖြစ်သည်။

### *သရုပ်ဖော်လေ့ကျင့်ခြင်းများနှင့် ဗွီဒီယိုများ*

မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကဲ့သို့သော သရုပ်ဖော်လေ့ကျင့်မှုများသည် လူသုံးများသော လေ့ကျင့်နည်းစနစ်ဖြစ်သည်။ သရုပ်ဖော်လေ့ကျင့်ခြင်းများနှင့်

ဆင်တူသော ကိုယ်တိုင်ကိုယ်ကျ လုပ်ရသော အပြန်အလှန်လုပ်ရသော လေ့ကျင့်ရေးနည်းစနစ်များသည် ယေဘုယျအားဖြင့် ယာယီ EMB ဝန်ထမ်းများကို လေ့ကျင့်သင်ကြားရာတွင် အထိရောက်ဆုံးသော နည်းစနစ်ဖြစ်ပြီး လေ့ကျင့်ချိန်တိုင်းတွင် ပါကိုပါသင့်လေသည်။

လေ့ကျင့်သင်ကြားသည့် စာများနှင့် သင်ခန်းစာများကို ပုံဖော်ရန်နှင့် အထောက်အကူဖြစ်စေရန် အတွက် ဗွီဒီယိုနှင့်သရုပ်ဖော်ပုံများကို အသုံးပြုခြင်းနှင့် သရုပ်ပြအဖွဲ့များကို အုပ်စုကလေးများ ခွဲထားခြင်း တို့သည် လေ့ကျင့်ရေမှူးများ အကြားတွင် နာမည်ကျော်လာသည်။ ထိုအရာများသည် ရွေးကောက်ပွဲဆိုင်ရာ လေ့ကျင့်သင်ကြားရေး၏ အခြေခံထက် အထောက်အကူအနေနှင့် သုံးလာကြသည်။ ဗွီဒီယို သရုပ်ဖော်များအနေနှင့် လုပ်ငန်းစဉ် တစ်ရပ်ချင်းစီကို သရုပ်ဖော်ပြီး သရုပ်ဆောင်လေ့ကျင့်မှုကို လမ်းညွှန်ပေးနိုင်သော တိုတောင်းပြီး သီးသန့်ရည်ရွယ်သော အပိုင်းလေး များဖြင့်ပြသပါက အထိရောက်ဆုံးဖြစ်ပေလိမ့်မည်။ EMB အနေနှင့် သင့်တော်သော ဗွီဒီယိုကိရိယာများအနေနှင့် လေ့ကျင့်သင်ကြားရေး ပြုလုပ်သောနေရာ တိုင်းတွင်ရနိုင်ပြီး တတ်နိုင်ကြောင်း သေချာစေရန်ပြုလုပ်ရမည်ဖြစ်သည်။

## EMB ၏ ပညာရှင်ဆန်မှုကို တားဆီးနိုင်သော အချက်များ

EMB တစ်ခုအနေနှင့် လက်ခံနိုင်လောက်သော ပညာရှင်အဆင့်သို့ ရောက်ရှိနိုင်ရန် ပြဿနာ တော်တော်များများကို ကျော်လွှားရမည်ဖြစ်သည်။ အချို့သော အရာများသည် EMB အတွင်းတွင်ဖြစ်ပြီး လုပ်ဆောင်ပုံ၊ စီမံကိန်းချခြင်း သို့မဟုတ် ရင်းမြစ်များကို ဦးစားပေးစီစဉ်ရေးကိစ္စများသာဖြစ်သည်။ အခြားမှာ ပြင်ပပတ်ဝန်းကျင်ရှိ အရာများကြောင့် ဖြစ်လာသော အရာများဖြစ်ကာ

- ရွေးကောက်ပွဲအတွင်းရှိသော နိုင်ငံရေးအခြေအနေသည် ရွေးကောက်ပွဲ၏ ယုံကြည်ရနိုင်မှုနှင့် တရားဝင်မှုကိုတော်တော်များများ အဆုံးအဖြတ်ပေးလေသည်။ နိုင်ငံရေးအရ ကြောက်ရွံ့မှုများ၊ ခြိမ်းခြောက်မှုများနှင့်အကြမ်းဖက်မှုများ လွှမ်းမိုးနေသော၊ အသိုင်းအဝိုင်းများကလည်း ဥပဒေကို လေးစားလိုက်နာမှုမရှိသော သို့မဟုတ် အစိုးရကိုယ်တိုင်က ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူနိုင်မှုမရှိသော ပတ်ဝန်းကျင်တွက် ယုံကြည်ရနိုင်သော ရွေးကောက်ပွဲတစ်ခုစီမံခန့်ခွဲရန် ခက်ခဲလှသည်။ မည်သို့ပင်ဖြစ်စေကာမူ ပညာရှင်ဆန်သော EMB တစ်ခုသည် ထိုကဲ့သို့သော အခြေအနေမျိုးတွင်လည်း ကြိုးစားလုပ်ဆောင်ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် ယုံကြည်မှုကို တည်ဆောက်ပေးနိုင်သော ကျင့်ဝန်ပိုင်းဆိုင်ရာတွင် မြဲမြံမှုတို့ကိုပြသနိုင်မည် ဖြစ်သည်။ ခက်ခဲလှသော အခြေအနေအောက်တွင် လက်ခံနိုင်လောက်သော ရလဒ်များကို ရအောင်လုပ်ပေးနိုင်ခဲ့သော EMB များ၏ ဥပမာများတွင် အာဖဂန်နစ္စတန် (၂၀၀၄)၊ အီရတ် (ဇန်နဝါရီ ၂၀၀၅)၊ မိုဇမ်ဘစ် (၁၉၉၄)၊ နီပေါ (၂၀၀၈)၊ နီကာရာဂွါ (၁၉၉၀)၊ ပါလက်စတိုင်း (၂၀၀၆) တောင်အာဖရိက (၁၉၉၄) နှင့် တီမော် လက်စ်တီ (၁၉၉၉) တို့အပါအဝင်ဖြစ်သည်။
- ရွေးကောက်ပွဲတစ်ခုကို အောင်အောင်မြင်မြင် စီမံကိန်းချရန်၊ ကျင်းပရန်နှင့် EMB တစ်ခုကို ပညာရှင်ဆန်ရေး လုပ်ဆောင်ရန်အတွက် ပြည့်စုံကျနသောရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင် တစ်ခု မဖြစ်မနေလိုအပ်သည်။ ဥပဒေမူဘောင်တစ်ခုအနေနှင့် လက်ခံနိုင်သော သက်မှတ်ချက် အတွင်း ဘောင်မဝင်သည့်အခါ EMB တစ်ခုအနေနှင့် ပါဝင်လှုပ်ရှားသူများအားလုံးလက်ခံနိုင်သော ရွေးကောက်ပွဲတစ်ခုလုပ်ရန် ခက်ခဲမည်ဖြစ်ပြီး ပညာရှင်မဆန်ရာ ရောက်မည်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်သော နိုင်ငံရေး အာရုံလွှဲမှုများနှင့် အခြားသော မရေရာမှုများကို ရှောင်ရှားနိုင်စေရန်အတွက် ဥပဒေမူဘောင်အားအပြောင်းအလဲပြုလုပ်ခြင်းများသည် ရွေးကောက်ပွဲမလုပ်မီ အတော်ကြာကြာကတည်းက အပြီးသတ်ထားသင့်စည်။

ထိုမှသာလျှင် EMB အနေနှင့် ၎င်း၏ ပါဝင်ပတ်သက်သူများကို အပြောင်းအလဲအကြောင်းအသိ ပညာပေးရန်နှင့် ၎င်း၏ လုပ်ဆောင်ပုံများကို လိုအပ်သောပြုပြင်မွမ်းမံမှုများ လုပ်ဆောင်ရန်နှင့် ၎င်း၏ဝန်ထမ်းများကို လေ့ကျင့်သင်ကြားရန် အချိန်လုံလုံလောက်လောက်ရှိမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းက ပါတီများနှင့် အမတ်လောင်းများကို လိုအပ်ပါက ၎င်းတို့၏ အစီအစဉ်များကို ညှိနှိုင်းပြင်ဆင်ရန်လည်း ခွင့်ပေးလိုက် သကဲ့သို့ဖြစ်ချေ၏။ သို့သော်လည်း EMB တော်တော်များ များ၏ အတွေ့အကြုံအရ၊ အထူးသဖြင့် ဒီမိုကရေစီရကာစနိုင်ငံများတွင် နောက်ဆုံးအချိန်နီးမှ ဥပဒေမူဘောင် ပြောင်းလဲခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်သည်။

- စဉ်ဆက်မပြတ်လုပ်ဆောင်မှုမရှိခြင်းသည် EMB များ ယာယီဌာနများဖြစ်နေသော နေရာများ တွင် ပညာရှင်ဆန်မှုကို တိုးတက်ထူထောင်ရာတွင် ထိခိုက်မှုကို ဖြစ်စေနိုင်လေသည်။ ပုံသေ ခန့်အပ်ထားသော EMB တစ်ခုအနေနှင့် ရွေးကောက်ပွဲ တစ်ခုနှင့်တစ်ခုကြား ၎င်း၏ ဝန်ထမ်းများ ကို လေ့ကျင့်သင်ကြားမှုပြုရန်အတွက် အချိန်နှင့် ရင်းမြစ်များရှိသော်လည်း ယာယီခန့်အပ်ထား သော EMB များမှာမူ တာဝန်ထမ်းဆောင်ချိန်မှာ အကန့်အသတ်ရှိလေသည်။ ဖြစ်ရပ်တော် တော်များများတွင် ရက်၉၀အောက်သာရှိလေပြီး ရေရှည်လေ့ကျင့်သင်ကြားမှုနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ကို အင်မတန်မှ ခက်ခဲစေလေသည်။ ယာယီလွှဲပြောင်းပေးထားသော ပြည်သူ့ ဝန်ထမ်းများကို တော်တော်များများ အားကိုးရသော ယာယီ EMB အနေနှင့် ၎င်းတို့၏ ပညာရှင် ဆန်မှုကို ထိခိုက်နိုင်လေသည်။ အထူးသဖြင့် ၎င်းတို့အား စေလွှတ်လိုက်သော ရုံးကိုယ်တိုင်မှ ရွေးကောက်ပွဲတိုင်းအတွက် ထိုဝန်ထမ်းကိုသာ အမြဲတမ်းတသမတ်တည်း စေလွှတ်နိုင်မည် မဟုတ်သောကြောင့် ဖြစ်သည်။
- လုံလောက်သော အချိန်မီသော ဘဏ္ဍာငွေထောက်ပံ့ရေး စနစ်မရှိခြင်းသည်လည်း EMB ၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု အစီအစဉ်များကို ထိခိုက်စေနိုင်လေသည်။ အချို့သော EMB များသည် အထူးသဖြင့် ဒီမိုကရေစီ အပျံသင်ကာစနိုင်ငံများသည် ရွေးကောက်ပွဲအတွက် ရံပုံငွေ ကို အသည်းအသန်ရှာနေရခြင်းဖြစ်လေသည်။ နောက်ဆုံး ရန်ပုံငွေရှိလျှင်ပင် အဓိပ္ပာယ်ရှိသော ဝန်ထမ်းလေ့ကျင့်သင်ကြားမှုဆိုင်ရာ လုပ်ငန်းများလုပ်ရန် နောက်ကျနေပြီ ဖြစ်နိုင်သည်။ အထူး သဖြင့် ယာယီဝန်ထမ်းကိစ္စမျိုးတွင်ဖြစ်သည်။ ဘဏ္ဍာငွေထောက်ပံ့မှုစနစ်သည်လည်း EMB ၏ ဝန်ထမ်းခန့်အပ်မှုပုံစံ သို့မဟုတ် တိုးတက်မှုပုံစံကို မလျော်ကန်သောနည်းဖြင့် ကန့်သတ်ပိတ်ပင် သော အခြေအနေများထဲတွင် ပါဝင်လေသည်။

## အခန်း အနှစ်ချုပ်

- ပညာရှင်ဆန်သော EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် သိက္ခာ၊ အဂတိကင်းရှင်းမှု၊ လွတ် လပ်မှု၊ ပွင့်လင်းမြင်သာမှု၊ ထိရောက်မှုနှင့် ဝန်ဆောင်မှုကို အသားပေးမှု အပါအဝင် သင့်တော် သော ကျွမ်းကျင်မှုများနှင့် အရေးအကြီးဆုံး ရွေးကောက်ပွဲစီမံခန့်ခွဲရေး၏ စည်းမျဉ်းစည်းကမ်းများ ကို အပြည့်အဝလိုက်နာမှုရှိရန် လိုအပ်လေသည်။
- EMB အထွေထွေအတွင်းရေးမှူးဌာနတွင် ပြည်သူ့ဝန်ထမ်းများကို အသုံးပြုခြင်းသည် ပြည်သူ့ ဝန်ထမ်း အစိတ်အပိုင်းများအတွက် အတွေ့အကြုံရသောအကျိုးကို ရရှိနိုင်လေသည်။ သို့သော် လည်း EMB ၏ ပညာရှင်ဆန်မှုအပေါ် စိန်ခေါ်မှုများဖြစ်စေနိုင်လေသည်။ အထူးသဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများသည် EMB ဝန်ထမ်းများအတွက် အသက်မွေးဝမ်းကျောင်း ပညာတစ်ရပ်လို မတတ်ကျွမ်းသော အစိုးရ EMB များတွင်ဖြစ်သည်။ ၎င်းတို့၏ ကိုယ်ပိုင်ဝန်ထမ်း ဌားသော EMB များအနေနှင့် ပြည်သူ့ဝန်ထမ်းဌာန စည်းကမ်းအောက်တွင်မရှိဘဲ အရည်

အသေးမြင့်ဝန်ထမ်းများ ခေါ်နိုင်ရန်အတွက် အခြားသော ခံစားခွင့်များကိုလည်း ပေးကောင်းပေး နိုင်လိမ့်မည်။ EMB များတွင် ဆွဲဆောင်မှုရှိသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းစဉ်များရှိခြင်းသည် ပညာရှင်ဆန်စေလိမ့်မည်ဖြစ်ပြီး ဝန်ထမ်းများကိုလည်း မြဲစေလိမ့်မည်။

- EMB ဝန်ထမ်းများ၏ လိုအပ်ချက်များမှာ အလှည့်ကျ လှည့်လည်နေခြင်းဖြစ်သည်။ အင်မတန်မှ အရေးကြီးသော အချိန်များတွင်လည်း ရွေးကောက်ပွဲ လည်ပတ်မှု တစ်ခုအတွင်းလုံလောက်သော ပုံသေဝန်ထမ်းများကို ထိန်းသိမ်းထားနိုင်ခြင်းမရှိချေ။ EMB တစ်ခုချင်းစီအနေနှင့် ထိရောက်သော ယာယီဝန်ထမ်းများကို အသုံးပြုခြင်းကို မြှင့်တင်ပေးနိုင်သော အချိန်ကျ လူရွေးကောက်ခြင်း လုပ်ငန်းစဉ်၊ ခံစားခွင့်များနှင့် လေ့ကျင့်သင်ကြားရေးအခွင့်အလမ်းများနှင့် ပုံမှန်စာချုပ်ချုပ်ခြင်းတို့ပါဝင်သော လုပ်ဆောင်မှုယန္တရားတို့ပါဝင်သော သင့်တော်သည့် ဗျူဟာများကို အသုံးချသင့်သည်။
- ပွင့်လင်းသော၊ အရည်အသွေးကို အခြေခံရွေးချယ်သော လုပ်ငန်းစဉ်၊ လိင်ညီမျှရေးကို ဦးစားပေးပြီး မျှတအန္တရာယ်ကင်းသော လုပ်ငန်းခွင်တို့ အပါအဝင်ဖြစ်သော ညီမျှသော လူသူခေါ် ယူရေးနှင့် အလုပ်ခန့်အပ်မှု ကျင့်သုံးပုံများသည် EMB ၏ ပြည်သူ့ဘဝတွင် ညီမျှရေးကို မြှင့်တင်သော ဌာနတစ်ခုဖြစ်သောဌာနတွင် တာဝန်ကိုဖြည့်ဆည်းရာ ရောက်လေသည်။
- ဝန်ထမ်းလေ့ကျင့်သင်ကြားရေးနှင့် တိုးတက်ရေးတို့အပေါ် ရင်းနှီးမြှုပ်နှံခြင်းသည် EMB ၏ ခြုံငုံထိရောက်မှုအတွက် အရေးပါလေသည်။ ထိုအရာများသည် ဌာနတွင်းဆိုင်ရာသင်တန်းများ၊ ပညာရှင်ဆန်သော အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ အရည်အချင်းပြည့်မီခြင်းများ သို့မဟုတ် တိုင်ပင်ဆွေးနွေးခြင်းနှင့် အကြီးပိုင်းဝါရင့် မန်နေဂျာများမှတစ်ဆင့် ကျွမ်းကျင်မှုများကို လွှဲပြောင်းအနီးကပ်သင်ကြားပေးခြင်း သို့မဟုတ် BRIDGE (ဒီမိုကရေစီတွင်း၊ အစိုးရအောက်နှင့် ရွေးကောက်ပွဲအတွင်း အရင်းအမြစ်များတည်ဆောက်ခြင်း) ကဲ့သို့သော သင်တန်းများ၏ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု သင်ရိုးညွှန်းတန်းများအား အသုံးချခြင်းမှ တစ်ဆင့် ဖြစ်စေပြုလုပ်နိုင်သည်။
- ယာယီဝန်ထမ်းများအား လုပ်ငန်းခွင်အတွက် လေ့ကျင့်သင်ကြားပေးခြင်းသည် အထူးလိုအပ်သော နည်းပညာပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များအပေါ် နှင့် သရုပ်ဖော်လေ့ကျင့်ခြင်း၊ လမ်းညွှန်စာအုပ်နှင့် မှတ်စုစာရင်း၊ လိုက်နာရန်အချက်များ၊ သင့်တော်သော ရုပ်သံဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် ကြွတ်မတ်သောလေ့ကျင့်မှုပိုင်းဆိုင်ရာတို့ကို အကဲဖြတ်ခြင်းတို့ကဲ့သို့သော အရည်အသွေးကောင်း အထောက်အကူပြုအရာများ အပါအဝင်တို့အပေါ် အာရုံစူးစိုက် မှုထားပါက အထိရောက်ဆုံးဖြစ်ပေလိမ့်မည်။ ပုံသေခန့်အပ်သော EMB ဝန်ထမ်းများကို ထိုကဲ့သို့သော လေ့ကျင့်သင်ကြားမှုမျိုးပေးမည်ဆိုပါလျှင်စနစ်၊ အရေးပေါ် လုပ်ဆောင်ရန် စီမံကိန်းများနှင့် ပြဿနာဖြေရှင်းခြင်းတို့အပေါ် ပိုမိုအထူးပြုရန် လိုအပ်သည်။
- EMB များအနေနှင့် ရွေးကောက်ပွဲဆိုင်ရာ ဝန်ထမ်းပမာဏအပြောင်းအလဲများအတွက် လုပ်ငန်းပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားရေးကို လျင်လျင်မြန်မြန်လုပ်ပေးရန် လိုအပ်လေသည်။ ရွှေ့လျားအသင်းများနှင့် လေ့ကျင့်သင်ကြားခြင်းသည် နှိုင်းယှဉ်ကြည့်ပါက လေ့ကျင့်ရန်အချိန် ကြာတတ်ပြီးဆက်တိုက်လေ့ကျင့်သင်ကြားခြင်းသည် နှိုင်းယှဉ်ကြည့်ပါက လေ့ကျင့်ရေးမျုး အပြောင်းအပြား လိုအပ်လေသည်။ အထက်အောက် လေ့ကျင့်သင်ကြားသောစနစ်ကို အများအားဖြင့် သုံးလေ့ရှိကြသော်လည်း ထိုနည်းသည် အချိန်တိကျမှု တင်းကြပ်ရန်နှင့် တိကျပြည့်စုံသော သတင်းအချက်အလက်များ အောက်အဆင့်များသို့ အချိန်မီရောက်ရှိကြောင်း သေချာစေရန် အရည်အသွေးစစ်ခြင်းမျိုးလုပ်ရလေသည်။

- EMB များအနေနှင့် ပဋိပက္ခဖြစ်ပွားသော ပတ်ဝန်းကျင်၊ မှားယွင်းနေသော ဥပဒေမူဘောင်၊ EMB တို့၏ ယာယီသာတည်တတ်သော သဘော သို့မဟုတ် မလုံလောက်သော သို့မဟုတ် နောက်ကျသော ဘဏ္ဍာငွေထောက်ပံ့ခြင်း ကဲ့သို့သော ၎င်းတို့၏ ပညာရှင်ဆန်မှုကို ထိခိုက်စေနိုင်သော မကောင်းသည့်လွှမ်းမိုးမှုများကို ရှောင်ရှားနိုင်ရမည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# လိုင်ဘီးရီးယား : အမျိုးသားရွေးကောက်ပွဲကော်မရှင်

Jebeh Kawa

## နောက်ခံအကြောင်းအရာ

လိုင်ဘီးရီးယားတွင် အမျိုးသားရွေးကောက်ပွဲကော်မရှင် ပေါ်ပေါက်လာခြင်းသည် နိုင်ငံအတွင်းတွင် ၁၄ နှစ်တိုင်တိုင် ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကို ရပ်တန့်နိုင်ခဲ့သည့် ၂၀၀၃ ခုနှစ် ပြည့်စုံသောငြိမ်းချမ်းရေးသဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။ NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) သည် ၁၉၈၆ ရွေးကောက်ပွဲကော်မရှင်ကို အစားထိုးလိုက်နိုင်လေသည်။ ထိုအရာသည် တိုင်းပြည်၏ ၁၉၈၆ အခြေခံဥပဒေအရ တည်ထောင်ထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်သူ့ ကော်မရှင် သုံးခုအနက်မှ တစ်ခုဖြစ်သည်။

## ဥပဒေဆိုင်ရာ မူဘောင်

လိုင်ဘီးရီးယားတွင် ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲကို ပြုလုပ်ရန်အတွက် သတ်မှတ်သော ဥပဒေမူဘောင်တွင် အခြေခံဥပဒေ၊ ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲပြန်လည်ပြင်ဆင်ရေးဆိုင်ရာ ဥပဒေအရ သတ်မှတ်ထားသော ရွေးကောက်ပွဲဥပဒေ၊ တရားရုံး၏ အခြေခံဥပဒေနှင့်အညီ ချမှတ်ထားသော ဥပဒေ၊ နိုင်ငံရေးပါတီများ၏ ဥပဒေနှင့် NEC ၏ စည်းမျဉ်းစည်းကမ်းနှင့် ဆုံးဖြတ်ချက်များ ပါဝင်သည်။

အစိုးရ၏မည်သည့်မဏ္ဍိုင်နှင့်မဆို ကင်းလွတ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရကိုယ်စားလှယ်အဖွဲ့ ဖြစ်သည့်အလျောက် ကော်မရှင်၏ အာဏာနှင့် လုပ်ပိုင်ခွင့်များတွင်

- လိုင်ဘီးရီးယားသမ္မတနိုင်ငံတစ်ခုလုံးတွင် ရွေးကောက်ပွဲစည်းမျဉ်းနှင့် သက်ဆိုင်သော ဥပဒေများကို ဦးစီးစီမံပြီး ကျင့်သုံးခြင်း
- လိုအပ်လာပြီး ကော်မရှင်အတွက် ထိရောက်သော လုပ်ဆောင်မှုတစ်ရပ် ဖြစ်နိုင်ပါက ကော်မရှင်အတွက် ရုံးဖွဲ့ခွင့်ရှိခြင်းနှင့်
- ရွေးကောက်ပွဲဥပဒေ၏ မည်သည့်ပြဋ္ဌာန်းချက်ကိုမဆိုကျင့်သုံးစေရေး၊ ပြင်ဆင်စေရေး သို့မဟုတ် ပယ်ဖျက်စေရေးအတွက် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခွင့်ရှိခြင်းတို့ပါဝင်သည်။

NEC(အမျိုးသားရွေးကောက်ပွဲ ကော်မရှင်) ကိုယ်တိုင်က ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တွင် ၁၉၈၆ ခုနှစ် ရွေးကောက်ပွဲဥပဒေပြင်ဆင်ရေးတွင်ပါဝင်ခဲ့ပြီး ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်းများအတွက်

လမ်းညွှန်ချက် အတော်များများကို ပြဋ္ဌာန်းခဲ့ပြီး

- NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) အလုပ်လုပ်စဉ်လိုက်နာရမည့် စည်းကမ်း
- နိုင်ငံရေးပါတီများ အလုပ်လုပ်စဉ် လိုက်နာရမည့် စည်းကမ်း
- မီဒီယာများ အလုပ်လုပ်စဉ် လိုက်နာရမည့် စည်းကမ်း
- NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) ကိုယ်စားလှယ်များ အလုပ်လုပ်စဉ် လိုက်နာရမည့် စည်းကမ်းများနှင့်
- ပြည်သူ့အသိပညာပေးရေးတွင်ပါဝင်သော NGO များအတွက် လိုက်နာရမည့် လမ်းညွှန်ချက်များပါပါဝင်သည်။

## အသင်းအဖွဲ့ဆိုင်ရာ တည်ဆောက်ပုံ

NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်)၏ အဖွဲ့ဝင် ခုနစ်ဦး ပါဝင်သော ကော်မရှင်အရာရှိတို့တွင် ဥက္ကဋ္ဌ၊ ပူးတွဲဥက္ကဋ္ဌနှင့် ကော်မရှင်အရာရှိ ငါးဦးပါဝင်သည်။ တစ်ဦးချင်းစီတွင် ခန့်အပ်ထားသောလူဦးရေ အထူတပ်ဆုံးသောဒေသများကို ကြီးကြပ်စောင့်ကြည့်နေသော ဥက္ကဋ္ဌတစ်ဦးရှိသည့် နိုင်ငံရေးဆိုင်ရာ နယ်ပယ်ခွဲများကိုကြီးကြပ်ရန် တာဝန်ခန့်အပ်ထားခြင်း ခံရလေသည်။ ကော်မရှင်အရာရှိ တစ်ဦးဖြစ်ရန်အတွက် လိုအပ်ချက်များမှာ အများကြီးမရှိပါ။ ၎င်းတို့ဘက်မှလိုအပ်သည်မှာ ထိုပုဂ္ဂိုလ်သည် လိုင်ဘီးရီးယား နိုင်ငံသားဖြစ်ရမည် အနည်းဆုံးအသက် ၃၅ နှစ်ရှိရမည်၊ အကျင့်စာရိတ္တကောင်းမွန်ရမည်၊ မည်သည့်နိုင်ငံရေးပါတီနှင့်မျှ ဆက်နွယ်မှုမရှိစေရန်နှင့် အခြားသော ကော်မရှင်အရာရှိတို့နှင့် ကောင်တီနယ်နိမိတ် နေထိုင်ရာမတူရန်တို့ဖြစ်သည်။

ကော်မရှင်တွင် ကြီးကြပ်ညွှန်ကြားရေးမှူးတစ်ဦး ရှိပြီး၊ ရှိရှိသမျှသော ရွေးကောက်ပွဲ ဥပဒေများကို ဦးစီးစီမံခြင်းနှင့်ဆက်နွယ်သော ဥပဒေဆိုင်ရာတာဝန်များကိုထမ်းဆောင်ရန် တာဝန်ရှိကြောင်းပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မလည်းရှိသည်။ ရွေးကောက်ပွဲဆိုင်ရာ ရာဇဝတ်တရားသူကြီးများကို လိုင်ဘီးရီးယား၏ နိုင်ငံရေးဆိုင်ရာ နယ်ပယ်ခွဲ ၁၅ ခုသို့ တစ်ခုချင်းစီ ခန့်အပ်ထားပြီး လူဦးရေထူထပ်သော ဒေသများတွင် တရားသူကြီးတစ်ဦးနှင့် အထက်ကိုခန့်အပ်လေ့ရှိသည်။ ရာဇဝတ်တရားသူကြီးများသည်လည်း ကော်မရှင်နှင့် ကောင်တီ သို့မဟုတ် ခရိုင်ကြား ၎င်းတို့ကိုယ်စားပြုသော ရွေးကောက်ပွဲဆိုင်ရာကိစ္စများအတွက် သံတမန်ကဲ့သို့ ဆောင်ရွက်ပေးသည်။

ပြည်သူ့အသိပညာပေးရေး ညွှန်ကြားရေးမှူး၊ နိုင်ငံရေးပါတီသံတမန်များ၊ နည်းပညာ အထောက်အကူပြု ကိုယ်စားလှယ်များ၊ မှတ်ပုံတင်မှတ်သူများ၊ ဥက္ကဋ္ဌပြသူ အရာရှိများနှင့် အခြားသော မဲရုံအရာရှိများ အပါအဝင် အကူအညီပေးရသော ပင်မရုံးနှင့် နိုင်ငံရေးဆိုင်ရာ ဒေသခွဲများတွင်ရှိသော ဝန်ထမ်းများအားလုံးကို ကော်မရှင်မှ ခန့်အပ်ခြင်းဖြစ်သည်။

## အာဏာနှင့် လုပ်ပိုင်ခွင့်များ

NEC (အမျိုးသားရွေးကောက်ပွဲ ကော်မရှင်)၏ အဓိက တာဝန်များအပြင်၊ အောက်ပါတို့သည်လည်း ကော်မရှင်၏ မလုပ်မဖြစ် တာဝန်များတွင် အပါအဝင်ဖြစ်သည်။

၁။ ကော်မရှင်မှ ချမှတ်ထားသော အနည်းဆုံးလိုအပ်ချက်များနှင့် ကိုက်ညီသော နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ အမတ်များကို ထောက်ခံချက်ပေးခြင်းနှင့် မှတ်ပုံတင်ခြင်း

၂။ ကော်မရှင်၏ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းအတိုင်း ပယ်ချနိုင်သော လိုအပ်ချက် တစ်ချက်ချက်အပေါ် တွင် အခြေခံပြီး မည်သည့်နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ အမတ်လောင်းများထံမှ ထောက်ခံချက်တောင်းခံခြင်းကို ပယ်ချခြင်း၊ မှတ်ပုံတင်ပြီးဖြစ်ပါက ထောက်ခံချက်ပေးထားသော ထောက်ခံစာကို ပြန်လည်သိမ်းယူခြင်း

၃။ ခေါင်းဆောင်ပိုင်းဆိုင်ရာ ရွေးကောက်ပွဲနှင့် ဆန္ဒမဲကောက်ခံခြင်းအပါအဝင် ရွေးကောက်ပွဲကျင်းပပိုင်ခွင့်ရှိသော ဌာနအားလုံးအတွက် ရွေးကောက်ပွဲများ ကျင်းပပေးခြင်း

၄။ ရွေးကောက်ပွဲ ကျင်းပပိုင်ခွင့်ရှိသော ပြည်သူ့ဝန်ထမ်း အရာရှိများတွက် ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ထိန်းချုပ်သော ရွေးကောက်ပွဲဥပဒေနှင့် အခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်တို့နှင့် ကိုက်ညီသော လမ်းညွှန်ချက်များကို တီထွင်ခြင်းနှင့် ကျင့်သုံးခြင်း

၅။ လိုင်ဘီးရီးယားနိုင်ငံ၏ သမ္မတနှင့် အခြားသင့်လျော်သော အစိုးရအရာရှိများနှင့် တိုင်ပင်ပြီး ကော်မရှင်၏ တာဝန်နှင့် လုပ်ဆောင်ချက်ချက်များကို ထိထိရောက်ရောက် စွမ်းဆောင်နိုင်ရန်အတွက် လိုအပ်သော ဝန်ထမ်းများနှင့် အရာရှိများကို ခန့်အပ်ခြင်း

၆။ သင့်တော်သော မြို့နယ်အရာရှိနှင့် တိုင်ပင်ပြီး ကော်မရှင်၏ လမ်းညွှန်ချက်နှင့် ကြီးကြပ်မှုအတိုင်း ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်နိုင်သော ရွေးကောက်ပွဲဆိုင်ရာ အရာရှိများကို ကောင်တီနယ်အတွင်းရှိ နိုင်ငံရေး နယ်ပယ်ခွဲများတွင် ခန့်အပ်ခြင်း

၇။ မဲပေးပိုင်ခွင့်ရှိသော သူများအားလုံး၏ စာရင်းမှတ်ပုံတင်များကို ထိန်းသိမ်းထားခြင်း

၈။ ရှိရှိသမျှသော နိုင်ငံရေးနယ်ပယ်ခွဲများတွင် မဲဆန္ဒနယ်များတည်ဆောက်ခြင်း၊ လိုအပ်ပါက ပြန်လည်ခွဲခြမ်းပြီး လူဦးရေးပမာဏပေါ် တွင် မူတည်ပြီး အခြေအနေနှင့်အညီ လိုက်နာ ဆောင်ရွက်ပါ (၂၀၁၁ ခုနှစ်တွင်ပြဋ္ဌာန်းထားသော နယ်နိမိတ် ကန့်သတ်ချက်အတိုင်း လွှတ်တော်ကိုယ်စားလှယ်ရုံးအတွက် ရွေးကောက်ပွဲခရိုင်များကို ပြန်လည်ရေးဆွဲခဲ့ရပြီး ၆၄ မှ ၇၃ အထိ တိုးတက်သွားသည်)

၉။ အခြေခံဥပဒေ၏ စာရင်း၊ ပူးပေါင်းဆောင်ရွက်ရေး အပိုဒ်များနှင့် နိုင်ငံရေးပါတီ၊ တစ်သီးပုဂ္ဂလ အမတ်များနှင့် ၎င်းတို့၏ အဖွဲ့အစည်းများ၏ စည်းကမ်းများကို ထိန်းသိမ်းရေး

၁၀။ ရွေးကောက်ပွဲ ကျင်းပပိုင်ခွင့်ရှိသော ပြည်သူပိုင်ဌာနများအတွက် ဝင်ရောက်ယှဉ်ပြိုင်သူများသည် ကော်မရှင်၏ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့် အညီ လုပ်ဆောင်နိုင်မှု ရှိ၊မရှိ သုံးသပ်ခြင်း

၁၁။ နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလအမတ်များနှင့် ၎င်းတို့၏ အဖွဲ့အစည်းများ သိမ်းထားရမည့် မှတ်တမ်းများကိုဖော်ပြခြင်း

၁၂။ နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလအမတ်များနှင့် ၎င်းတို့၏အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးအဝင်အထွက် စာရင်းများကိုလွတ်လပ်စွာ ငှားရမ်းထားသော ပြည်သူ့စာရင်းစစ် (မည်သည့် နိုင်ငံရေးပါတီ၏ အဖွဲ့ဝင်မှမဟုတ်သော သို့မဟုတ် မည်သည့်တစ်သီးပုဂ္ဂလအမတ်၏ အဖွဲ့အစည်း၏ အဖွဲ့ဝင်မဟုတ်သော)ဖြင့် စစ်ဆေးပြီးစာရင်းစစ် (သို့မဟုတ် စာရင်းစစ်ရန် အာဏာပေး) စေခြင်း

၁၃။ ရွေးကောက်ပွဲရလဒ်နှင့် သက်ဆိုင်သည်များကို အဆုံးအဖြတ်ပေးခြင်း (ကော်မရှင်၏ ဆုံးဖြတ်ချက်များသည် တရားရုံးချုပ်သို့ အသနားခံရာရောက်သည်)

၁၄။ နည်းစနစ်ကျကျ သမ္မတအဖြစ်၊ ဒုသမ္မတအဖြစ်၊ အမျိုးသားလွှတ်တော် အဖွဲ့ဝင်အဖြစ်၊ ထိပ်သီးခေါင်းဆောင်အဖြစ်၊ မျိုးနွယ်စု၊ မြို့နယ်ခေါင်းဆောင်နှင့် မြို့ဝန်များအဖြစ်ခန့်အပ်ခြင်း ခံရသော အောင်မြင်သွားသော အဖွဲ့ဝင်များနှင့် ၎င်းတို့၏ သာမန် ကောင်စီအဖွဲ့ဝင်များကို ထောက်ခံစာပေးခြင်းတို့ပြုလုပ်ခြင်း

၁၅။ ကော်မရှင်၏ ယေဘုယျလုပ်ဆောင်ချက်များအား အမျိုးသားလွှတ်တော်နှင့် လိုင်ဘီးရီးယား

သမ္မတထံသို့ နှစ်စဉ်အစီရင်ခံစာတင်ခြင်း

၁၆။ နိုင်ငံရေးပါတီများ သို့မဟုတ် ၎င်းတို့၏ ခေါင်းဆောင်များကို တိုင်တန်းချက်များနှင့် သက်ဆိုင်လာပါက ရှေ့သို့ဆင့်ခေါ်ရန်အတွက် ဆင့်ခေါ်စာများ ထုတ်ပြန်ခြင်း၊ တရားခွင်တွင် မျက်မြင်သက်သေရရှိရန်အတွက် သက်သေဆင့်ခေါ်စာများကို ထုတ်ဝေခြင်း

၁၇။ နိုင်ငံရေးပါတီ၊ မဟာမိတ် သို့မဟုတ် ညွန့်ပေါင်းအဖွဲ့များ၏ ထောက်ခံစာ သို့မဟုတ် ထောက်ခံချက်များကို ပြန်လည်သိမ်းယူခြင်း၊ ပြင်းထန်သော ဒဏ်ငွေများချမှတ်ခြင်း သို့မဟုတ် မထေမဲ့မြင်ပြုမှု၊ နှောင့်ယှက်မှု သို့မဟုတ် ၎င်း၏ အမိန့်အာဏာကို ဖီဆန်မှုအတွက် အပြစ်ဒဏ် ချမှတ်မှုနှင့်

၁၈။ အစိုးရနှင့် မသက်ဆိုင်သော၊ အသိုင်းအဝိုင်းအခြေပြု CSO (အရပ်ဖက်လူမှုအဖွဲ့အစည်း) များကဲ့သို့သော NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်နှင့်) ပြင်ပအဖွဲ့အစည်းများမှ လုပ်ဆောင်သော ပြည်သူအသိပညာပေးရေး လှုပ်ရှားမှုများအပါအဝင် ဥပဒေမှပြဋ္ဌာန်းထားသောအခြားသော တာဝန်နှင့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ခြင်း

## EMB အဖွဲ့ဝင်များ၏ ဖွဲ့စည်းပုံနှင့် ခန့်အပ်သော စနစ်

NEC (အမျိုးသားရွေးကောက်ပွဲ ကော်မရှင်) ကော်မရှင်အရာရှိ ခုနစ်ဦးကို လိုင်ဘီးရီးယားသမ္မတမှ ခန့်အပ်ခြင်း ဖြစ်ပြီး၎င်းတို့အနေနှင့် စည်းကမ်းမဖောက်ဖျက်သမျှ ကာလပတ်လုံး ခုနစ်နှစ်တိုင်တိုင် ကော်မရှင်ရေးရာများအား အုပ်ချုပ်ခွင့်ကို အထက်ဆီးနိတ်လွှတ်တော်၏ အကြံပေးချက်နှင့် သဘောတူညီချက်အရ ခန့်အပ်ထားခြင်းဖြစ်သည်။ ဆီးနိးအထက်လွှတ်တော်၏ သဘောတူညီချက်အရ သမ္မတမှ ကြီးကြပ် ညွှန်ကြားရေးမှူးတစ်ဦးကို ရွေးချယ်ပြီး သမ္မတစိတ်ကြိုက် တာဝန်ထမ်းဆောင်ရလေသည်။

လိုင်ဘီးရီးယားနိုင်ငံ တရားရုံးချုပ်မှ တရားသူကြီးနှင့် တရားရေးရာဝန်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေးပြီးနောက်တွင် ကော်မရှင်ကရွေးချယ်ကာ လိုင်ဘီးရီးယားနိုင်ငံ သမ္မတ၏ သဘောတူညီချက်နှင့်အညီ ကော်မရှင်သဘောအတိုင်း တာဝန်ထမ်းဆောင်ရသော ဥပဒေကောင်စီများနှင့် သုတေသန အရာရှိများကို ခန့်အပ်လေသည်။ အခြားသော ဥပဒေပိုင်းရှိ ဝန်ထမ်းများသည် ၎င်းတို့၏ အရပ်ဖက်ဝန်ထမ်းမှုအရည်အချင်းများအပေါ်တွင် အခြေခံကာ ကော်မရှင်က ခန့်အပ်ခြင်းဖြစ်ပြီး ကော်မရှင်၏သဘောအတိုင်း တာဝန်ထမ်းဆောင်လေသည်။ ကော်မရှင်ဘက်မှ ကောင်တီသို့မဟုတ် ခရိုင်တစ်ခုအတွင်း ရွေးကောက်ပွဲဆိုင်ရာရာဇဝတ်တရားသူကြီးများ လိုအပ်သလောက်အရေအတွက်ကိုခန့်အပ်လေကာ ခရိုင်ရာဇဝတ်တရားသူကြီးမှ ထောက်ခံချက်ပေးသော မြို့ခံ ခရိုင်လုပ်သားများကိုလည်း ခန့်အပ်လေသည်။ ကော်မရှင်ဘုတ်အဖွဲ့က ဗဟိုရုံးဌာန၏ အထောက်အကူပြု ဝန်ထမ်းများကို ခန့်အပ်ခြင်းဖြစ်သည်။

## ဘဏ္ဍာရေး

NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်)က လိုင်ဘီးရီးယား ဘတ်ဂျက်ငွေ ဗျူရိုအဖွဲ့အစည်းကို စဉ်းစားရန်နှင့် အတည်ပြုပေးရန်အတွက် နှစ်စဉ် ဘတ်ဂျက်ငွေစာရင်းကို တင်သွင်းရလေသည်။ ဘတ်ဂျက်ငွေ လက်ခံမှုပြုပြီးသောအခါ၊ ဘဏ္ဍာငွေများကို အချိန်မှန်မှန်ပေးရလေသည်၊ NEC မှ တည်ထောင်ထားသော စာရင်းထဲသို့ စီမံကိန်းချထားသည့် ပမာဏအတိုင်းပေးရခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွင်တော့ လျော့နည်းလေသည်။ NEC အနေနှင့် ၎င်း၏ ၂၀၁၁ ရွေးကောက်ပွဲ ရလဒ်များကို မထုတ်ပြန်ချိန်တွင် ၂၀၁၀-၁၁ ခုနှစ်၏ ခန့်မှန်းဘတ်ဂျက်မှာ ၃၈ သန်းကျော်ပြီး ယူအက်စ်ဒေါ်လာ ၂၇ သန်းကျော် (၇၀ရာခိုင်နှုန်း) မှာ နိုင်ငံတကာ အလှူရှင်များထံမှ လာခြင်းဖြစ်သည်။

၂၀၁၀-၁၁ ရွေးကောက်ပွဲ လည်ပတ်မှုပုံစံတွင် ကျား၊မလိင်ပိုင်းဆိုင်ရာ အခွင့်အရေးမြှင့်တင်မှု စီမံကိန်းများသည် ပြတ်တောင်းပြတ်တောင်းဆိုသလို အမျိုးသားရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ပိုမိုအရေးပါသော မဲဆန္ဒရှင်မှတ်ပုံတင်ရေး၊ မဲရုံလုပ်သားများ၊ လေ့ကျင့်ရေးနှင့် နည်းပညာများ စုံစမ်းရေး ကဲ့သို့သော လုပ်ရပ်များထက် ပိုမိုအရေးပါသယောင် လွှဲပြောင်းပေးခြင်းခံခဲ့ရသည်။

## တာဝန်ယူနိုင်မှု

NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်)သည် ဘတ်ဂျက်ငွေ ဗျူရိုအဖွဲ့အစည်းနှင့် သဘော တူညီချက်ရယူ ထားသည့်အတိုင်းနှစ်စဉ် ထပ်မံမွမ်းမံထားသော ဗျူဟာကို နှစ်စဉ်စီမံကိန်းနှင့် ထိုနှစ် အတွက် ဘဏ္ဍာငွေကျသင့်နှုန်းတို့ကိုပါ ထုတ်ဝေရန်ပြဋ္ဌာန်းထားလေသည်။ ထို့အပြင် ၎င်း၏ယေဘုယျ လုပ်ငန်းစဉ်များအတွက် အမျိုးသားလွှတ်တော်နှင့် လိုင်ဘီးရီးယားသမ္မတကို နှစ်စဉ်အစီရင်ခံစာတင်ရန် အတွက်လည်း လိုအပ်လေသည်။

ကော်မရှင်အနေနှင့်လည်း နှစ်စဉ်အစီရင်ခံစာနှင့် ၎င်း၏ရရှိသောငွေများနှင့် သက်ဆိုင်သော ပြင်ပမှ စစ်ဆေးထားသော စာရင်းများနှင့် နှစ်စဉ်စီမံကိန်းနှင့် နှိုင်းယှဉ်ထားသော လှုပ်ရှားမှုများကိုပါ တင်ပြ ရလေသည်။ အစီရင်ခံစာသည် လိုင်ဘီးရီးယား အစိုးရ၏ရင်းမြစ်နှင့် အသုံးချပုံနှင့် ပြင်ပဘဏ္ဍာငွေနှင့် အခြားသော ရင်းမြစ်များကို ထင်ဟပ်ရလေမည်။

## ရွေးကောက်ပွဲ တရားစီရင်ရာ လုပ်ငန်းစဉ်

စိန်ခေါ်မှုများနှင့် တိုင်တန်းချက်များကို NEC မှ ပြဋ္ဌာန်းထားသည့် စည်းမျဉ်းလုပ်ဆောင်ချက် များနှင့်အညီ သုံးသပ်ခြင်း၊စုံစမ်းစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ချက်ချစီရင်ခြင်းတို့ကို လုပ်ဆောင်ရလေသည်။ ကြီးလေးသော ကိစ္စများကို NEC ကော်မရှင်အရာရှိ ဘုတ်အဖွဲ့သို့ ထောက်ခံချက်များပေးသော မွန်ရိုး ဗီးယားရှိ ကြားနာရေးအရာရှိချုပ်က ကြားနာလေသည်။ အခြားသောကိစ္စများမှာ မြို့နယ်ကြားနာရေး အရာရှိတစ်ဦးက လက်ထောက်ပြုပေးသော ရာဇဝတ်တရားသူကြီးတစ်ဦးက စုံစမ်း၊ ကြားနာပြီး ဆုံးဖြတ် စီရင်ချက်ချလေသည်။ NEC သို့မဟုတ် ရာဇဝတ်တရားသူကြီး၏ စီရင်ချက်သည် NEC သို့မဟုတ် ရာဇဝတ် တရားသူကြီး ရုံးတွင် ထုတ်ပြန်ကြေငြာလေသည်။ ရာဇဝတ်တရားသူကြီးချမှတ်လိုက်သော စီရင်ချက်ကို NEC ကော်မရှင်အရာရှိများထံ ၇၂ နာရီအတွင်း သွားရောက်အသနားခံနိုင်သည်။

တိုင်တန်းချက်တစ်ခုအပေါ် NEC (အမျိုးသားရွေးကောက်ပွဲကော်မရှင်) ကော်မရှင်အရာရှိဘုတ် အဖွဲ့မှ ချမှတ်လိုက်သောစီရင်ချက်သည် စီရင်ချက်ချပြီးချင်း လိုင်ဘီးရီးယားနိုင်ငံ တရားရုံးချုပ်သို့ ၄၈ နာရီထက်နောက်မကျမီတွင် သွားရောက် အသနားခံနိုင်လေသည်။ နောက်ဆုံးရလဒ်များ ကြေငြာပြီး ချိန်တွင် တိုင်တန်းချက်များသည် NEC ထံတွင် စီစဉ်ပြီးဖြစ်လိမ့်မည်။ NEC ၏ ဆုံးဖြတ်ချက်သည် တရားရုံး ချုပ်ထံသို့ အသနားခံစာတင်နိုင်လေသည်။ တရားစီရင်ရေး မဏ္ဍိုင်က တရားရုံးချုပ်ထံသို့ ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အသနားခံစာ တင်ထားသမျှတိုင်ကြားမှုများကို ကြားနာပြီး တရား စီရင်ချက်ချပေးလေသည်။

## ပညာရှင်ဆန်ဆန် စွမ်းဆောင်ရည်တိုးတက်မှုဆိုင်ရာ လေ့ကျင့်သင်ကြားမှု

ဆက်တိုက်လေ့ကျင့်သင်ကြားမှုမှတစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာ အရာရှိများသည် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင်ကျား၊မလိင်ပိုင်းဆိုင်ရာ အရိပ်အကဲဆိုင်ရာ ကိစ္စမျိုးမှလွဲပြီး ကျန်ကိစ္စ များတွင် အင်မတန်မှ ကျွမ်းကျင်ကြလေသည်။ (အောက်တွင် ဆွေးနွေးထားသည်)

## မီဒီယာဆက်ဆံရေး

မီဒီယာသည် ရွေးကောက်ပွဲဆိုင်ရာ ဖော်ပြချက်များအတွက် လိုင်ဘီးရီးယားအမျိုးသား ပုံနှိပ်စည်းမျဉ်းစည်းကမ်း အတိုင်းလိုက်နာရလေသည်။ လိုင်ဘီးရီးယန်း ဂျာနယ်လစ်များသည် NEC ၎င်း၏ လက်တွဲဖက်များနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများတွင်ပါဝင်ကာ ဆက်လက်အလုပ်လုပ်လျက်ရှိသည်။ ရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်း NEC ၏ မီဒီယာအသုံးပြုခွင့်ကို တိတိပပပြဌာန်းထားသော ပြဌာန်းချက်မှာ တစ်ခုသာရှိပြီး ရွေးကောက်ပွဲဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၀.၁၂ ဖြစ်ကာ ထိုဥပဒေမှ ပြောထားသည်မှာ "နိုင်ငံရေးပါတီများသည် မည်သည့် ပြည်သူပိုင် အဆောက်အအုံကိုမဆို သို့မဟုတ် ထိုကဲ့သို့သော အဆောက်အဦကိုမဆို ၎င်းတို့၏ ရည်ရွယ်ချက်အတွက်လိုအပ်ပြီး သင့်တော်သောအရာကို အသုံးပြုခွင့်ရရမည်ဖြစ်ပြီး အသုံးပြုခွင့်ငြင်းပယ်ခံရခြင်း မရှိစေရ" ဟုဖြစ်ကာ "အချိန်မီ ခွင့်ပြုချက်" တောင်းခံရမည်ဟု ပါသည်။ NEC သည် နိုင်ငံရေးပါတီများ၏ ပုဂ္ဂလိကပိုင်မီဒီယာများကို စည်းကမ်းကြပ်မတ်ရန် တိုက်ရိုက်အာဏာမရှိပါ။

## အခြားသော အဖွဲ့အစည်းများ ကိုယ်စားလှယ်အဖွဲ့များနှင့် ဆက်ဆံရေး

NEC သည် နိုင်ငံရေးပါတီများနှင့် အမတ်လောင်းများ၊ အုပ်ချုပ်ရေး အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်အမတ်များ၊ တရားစီရင်ရေးနစ်၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် နိုင်ငံသား နှင့် ပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မီဒီယာ၊ မဲဆန္ဒရှင်၊ အစိုးရနှင့် မသက်ဆိုင်သော အသင်းအဖွဲ့အစည်းများနှင့် အလှူရှင်များနှင့် ရွေးကောက်ပွဲဆိုင်ရာအထောက်အပံ့ပေးရေး ကိုယ်စားလှယ်အဖွဲ့အစည်းများ အပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်းရှိ ပါဝင်လှုပ်ရှားသူများနှင့်လည်း အတိုင်းအတာတစ်ခုထိ သံတမန်တစ်ဆင့်ခံအရာရှိမှသာ တစ်ဆင့်ဆက်ဆံမှုပြုလေသည်။ NEC သည် လေ့ကျင့်သင်ကြားရေးနှင့် သတင်းအချက်အလက်ဆိုင်ရာဖြန့်ဖြူးရေး အလုပ်ရုံဆွေးနွေးပွဲများ၊ လုပ်ဆောင်ပုံစည်းကမ်းနှင့် နားလည်မှုဆိုင်ရာ အမှာစာတို့ အပါအဝင် ရွေးကောက်ပွဲအောင်အောင်မြင်မြင်လုပ်ဆောင်နိုင်ရန် အရေးကြီးသောမိတ်ဆွေဖွဲ့မှု၊ သဘောတူညီချက်ရယူမှုနှင့် နားလည်မှုတို့အား အမြောက်အမြား အားပေးမြှင့်တင်ခြင်းတို့ကို လုပ်လေသည်။

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတွင်း NEC၊ နိုင်ငံရေးပါတီများနှင့် မီဒီယာတို့၏ ဆက်ဆံရေးသည် ဖြစ်ရပ်တော်တော်များများတွင် တွေ့ကြုံခဲ့ရသော ကော်မရှင်၏ လုပ်ဆောင်ချက်များတွင် ဘက်လိုက်မှုများပါသောကြောင့် ကျဲလာပြီဖြစ်သည်။ NEC ၏ ဥက္ကဋ္ဌသည် ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ခန့်အပ်ထားခြင်းခံရသော အမတ်လောင်းတစ်ဦးအပေါ်တွင် ဥက္ကဋ္ဌက ဘက်လိုက်သည်ဟုဆိုကာ အဓိက အတိုက်ခံပါတီမှ ပြင်းထန်စွာ ဖိအားပေးသောကြောင့် နုတ်ထွက်သွားလေသည်။

## EMB ၏ ကြာရှည်လုပ်ကိုင်နိုင်မှု

ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ဆိုင်ရာ မြှင့်တင်မှုနှင့် ပြည်သူအသိပညာပေးရေးတို့ အပါအဝင် ဘဏ္ဍာရေးနှင့် ရွှေ့ပြောင်းရေးဆိုင်ရာ အထောက်အပံ့တို့သည် ကော်မရှင် အောင်အောင်မြင်မြင် အလုပ်လုပ်ကိုင်နိုင်မှုအပေါ် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသေးသည်။

## နည်းပညာအသစ်များ

NEC ၏ ဗဟိုနှင့် ဂြိုဟ်တု တည်ဆောက်မှုတွင် နည်းပညာနှင့် ကြေးနန်း ဆက်သွယ်ရေး အပိုင်း ပါဝင်သည်။ နည်းပညာအပိုင်းသည် ရွေးကောက်ပွဲကာလအတွင်းက တည်ထောင်တိုးမြှင့်ခံခဲ့ရသော အဓိကကျသော အဖွဲ့နှင့် သာမန်အားဖြင့် လုပ်ကိုင်လည်ပတ်လေသည်။

အဝေးမှ လျှပ်စစ်စွမ်းအားပေးနိုင်ရန်အတွက် ဆိုလာပြားကဲ့သို့သော နည်းပညာများ သတင်း လွှင့်ရန်အတွက် ဂြိုဟ်တုစလောင်းများနှင့် မိုဘိုင်းဖုန်းများသည် ၂၀၁၁ ရွေးကောက်ပွဲကာလအတွင်းက ရွေးကောက်ပွဲသတင်းများ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံရန်အတွက် အင်မတန်မှ အရေးပါခဲ့သည်။

## အခွင့်အလမ်းများနှင့် အတားအဆီးများ

NEC ၏ တည်ဆောက်ပုံသည် ပြည်သူ့နှင့်(ပါတီများ၏) ၎င်းအပေါ်တွင် ယုံကြည်မှုကို အခြေခံ ပြီး အမျိုးသား ရွေးကောက်ပွဲ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ကာ နိုင်ငံရေး (ယခုနေရာတွင် လူမှုရေးနှင့် စီးပွားရေး) တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ကာတာဌာနမှ ပြောသည်မှာ “၂၀၁၁ ရွေးကောက်ပွဲအတွင်း၊ NEC သည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသော ယုံကြည်ရသည် ရွေး ကောက်ပွဲတစ်ခုကို ဦးစီးစီမံပြကာ ၎င်း၏ နည်းပညာပိုင်းဆိုင်ရာ ပြည့်စုံမှုနှင့် ထိရောက်မှုကို ပြသနိုင်ခဲ့ ပါတယ်။ သို့သော်လည်း အကြီးအကျယ်ပဋိပက္ခများဖြစ်ပွားစေခဲ့သော အမှားအယွင်းများ၊ NEC ဝန်ထမ်း များအား ဆက်တိုက်စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားရေးနှင့် နိုင်ငံရေးပါတီများနှင့် ယေဘုယျနှင့် မဲပေး သော ပြည်သူများ၊ မီဒီယာနှင့် အခြားသော ပါဝင်လုပ်ရှားသူများအား သတင်းအချက်အလက် ဖြန့်ဖြူးခြင်း တို့တွင်ရှိသော အမှားအယွင်းများကို ဖြေရှင်းရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လက်ရှိရသောရလဒ်များ ဆက်လက်ရရှိရန်အတွက် ထိန်းသိမ်းထားရန် မဖြစ်မနေလိုအပ်ကြောင်း” ပြော ဆိုခဲ့ပါသည်။

## လိင်အမျိုးအစား

NEC သည် ၎င်း၏ ကျား/မ လိင် တန်းတူအခွင့်အရေးမြှင့်တင်ရေးအတွက် ၂၀၁၀ ခုနှစ်တွင် ကျား/မ လိင်မှုရေးရာ ရုံးကို ဖွင့်လှစ်ထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချက်သည် ရွေးကောက်ပွဲ လည်ပတ်ပုံ၏ အရှိန်အမြင့်နှင့်လည်း သက်ဆိုင်သောကြောင့် ဖြစ်သည်။ ကော်မရှင်၏ အားစိုက်ထုတ်မှု များမှာ ရွေးကောက်ပွဲ၏ ရှုထောင့်များအကုန် အထူးသဖြင့် ဝင်ရောက်ယှဉ်ပြိုင်သောနေရာ၊ မှတ်ပုံတင်ခြင်း နှင့် မဲပေးခြင်းတို့တွင် အမျိုးသမီးများ ပါဝင်လာရေး မြင့်တက်လာရေးအတွက် ပြင်ပပိုင်းဆိုင်ရာတို့ကို အာရုံစိုက်ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ် အမျိုးသားရွေးကောက်ပွဲ လည်ပတ်မှုတွင် NEC ၏ လုပ်ဆောင်ပုံမှာ အဖွဲ့အစည်း၏ အဆင့်အားလုံးတွင် ကော်မရှင်အရာရှိ ဘုတ်အဖွဲ့မှလွဲပြီး ကျန်နေရာများတွင် အမျိုးသားများ လွှမ်းမိုးထား လေသည်။ NEC ဝန်ထမ်းများကို ခွဲခြမ်းစိတ်ဖြာကြည့်ကြည့်မည်ဆိုပါလျှင် ကော်မရှင်အရာရှိ ဘုတ်အဖွဲ့ သည် ၄၇ ရာခိုင်နှုန်း အမျိုးသမီးများဖြစ်ကြသည်ကို တွေ့ရမည်ဖြစ်သည် (ခုနစ်ဦးတွင် သုံးဦးနှုန်း) ပြီးနောက်တွင် အုပ်ချုပ်ရေးနှင့် ဒုအုပ်ချုပ်ရေး ညွှန်းမှူးများတွင် (အဖွဲ့ဝင်ငါးဦး) အမျိုးသမီး မပါဝင်ပါ။ ညွှန်ကြားရေးမှူး ၁၄ ဦး တွင် နှစ်ဦး (၁၄ ရာခိုင်နှုန်း)မှာ အမျိုးသမီးဖြစ်ပြီး အရာရှိနှင့် ကြီးကြပ်ရေးမှူးတို့၏ ၂၇ ရာခိုင်နှုန်း (၇၈ဦး တွင် ၂၁ဦး ) ပါဝင်ပြီး အရာရှိမဟုတ်သူများတွင် ၁၁ ရာခိုင်နှုန်း (၂၃၉ဦး တွင် ၂၇ ဦး)

ပါဝင်သည်။ မဲရုံလုပ်သားများ နှင့် သက်ဆိုင်သော အချက်အလက်များကို ကျား/မ လိင် အမျိုးအစားဖြင့် ခွဲခြားမထားပါ။

ဒီဇင်ဘာ ၂၀၁၃ခုနှစ်တွင် NEC(အမျိုးသားရွေးကောက်ပွဲ ကော်မရှင်)တွင် ကျား/မ လိင်မှုရေးရာ မူဝါဒ မရှိသေးပါ။ သို့သော်လည်း အကြမ်းဖျဉ်းရေးဆွဲထားသော ကျား/မ လိင်မှုရေးရာ မူဝါဒသည်လည်း ရေးဆွဲပြီး ကော်မရှင်၏ ဒါရိုက်တာဘုတ်အဖွဲ့ထံသို့ စစ်ဆေးကြည့်ရှုရန်ရောက်နေပြီဖြစ်သည်။ ထိုမူဝါဒ အကြမ်းတွင်

၁။ ကျား/မ လိင်ပိုင်းဆိုင်ရာ မညီမျှမှုများကို ဖြေရှင်းရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီး အင်အားထုကို မြှင့်တင်ရန်အတွက် NEC (အမျိုးသားရွေးကောက်ပွဲ ကော်မရှင်) ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ကို အင်အားကောင်းအောင် ပြုလုပ်ရန်

၂။ ကျား/မ လိင်ပိုင်းဆိုင်ရာ ညီမျှရေးနှင့် အမျိုးသမီးများ၏ လုပ်ငန်းခွင်အတွင်း အင်အားကောင်း လာစေရန် မြှင့်တင်ပေးသော အဖွဲ့အစည်းဆိုင်ရာ လုပ်ဆောင်ပုံများနှင့် မူဝါဒများကို တည် ထောင်ရန်နှင့်

၃။ ကျား/မ လိင် တန်းတူအခွင့်အရေးနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၏ နယ်ပယ်အစုံတွင် အမျိုး သမီးများအင်အားကောင်းလာစေရန် အစီအစဉ်ရေးဆွဲမှုကို မြှင့်တင်ခြင်းတို့လုပ်ရမည်ဖြစ်သည်။

၂၀၁၁ ရွေးကောက်ပွဲ၏ လုပ်ငန်းပိုင်းဆိုင်ရာ စီမံကိန်းသည် လုပ်ငန်းခွင်ထဲတွင် လုပ်နေသော အမျိုးသမီးများ၏နေရာကဏ္ဍ ထူးကဲစွာ လိုအပ်နေမှုကို လျှော့တွက်ခဲ့လေသည်။ ဥပမာအားဖြင့်ဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် (မှတ်ပုံတင်ခြင်း၊ မဲပေးခြင်း) လုပ်နေစဉ်ကာလအတွင်း အမျိုးသမီးဝန်ထမ်းများ အလုပ်လုပ်ခဲ့သည်နေရာများတွင် ရေအိမ်များကို ကောင်းကောင်းမွန်မွန်မလုပ်ပေးခဲ့ချေ။

NEC ၏ ခေါင်းဆောင်မှုတွင် ကျား/မ လိင်ပိုင်းဆိုင်ရာ ညီမျှမှုကို မြှင့်တင်ရေးတွင် ပိုမိုစိတ်အား ထက်သန်မှုကို ပြသသည့်အနေနှင့် ပြင်ပ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် ပြသခဲ့သည်။ ဘတ်ဂျက်ငွေကြေးနှင့် ရွှေ့ပြောင်းမှုဆိုင်ရာ အထောက်အပံ့များအား အခြားသောရွေးကောက်ပွဲလုပ်ငန်း စဉ်များနှင့် ရင်းမြစ်များအတွက်ကြပ်တည်းစွာ ယှဉ်ပြိုင်နေသည့်ကြားမှ ရွေးကောက်ပွဲအတွင်းတွင် အမျိုး သမီးနှင့် အမျိုးသားများ ညီမျှစွာပါဝင်နိုင်ရေး မြှင့်တင်ရန်အတွက် စီမံကိန်းတော်တော်များများကို အထောက် အပံ့ပေးနိုင်ရန် တိုးချဲ့ခြင်းခံခဲ့ရသည်။ တစ်နှစ်အတွင်းတွင်ပင် ကျား/မ လိင်မှုရေးရာရုံးသည် ကျား/မ လိင် တန်းတူအခွင့်အရေးရရေးကို မြှင့်တင်သောလုပ်ဆောင်ချက် အဓိကငါးချက်ကို လုပ်ဆောင်ခဲ့သည်။ သတင်းအချက်အလက်ဆိုင်ရာ လှုပ်ရှားမှု၊ အမတ်လောင်းများအတွက်နှင့် ကျား/မ လိင်မှုရေးရာ ရုံး ဝန်ထ မ်းစွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားမှုနှင့် ရွေးကောက်ပွဲလုပ်ငန်း လုပ်ဆောင်မှုများတွင် အမျိုးသမီးများ၏ ပါဝင်ပတ်သက်မှုကို ပြင်းပြင်းထန်ထန် လွှမ်းမိုးသောမီဒီယာနှင့် နိုင်ငံရေးပါတီများကဲ့သို့ သော အခြားသောပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်များအပါအဝင်ကို ထပ်မံ ပေါင်းထည့်ထားခြင်းဖြစ်သည်။

ကျား/မ လိင်မှုရေးရာရုံး အစီအစဉ်များမှ တစ်ဆင့် ဘေလ်ဘုတ်များ၊ လက်ကမ်းစာစောင်များ၊ တီရှပ်များနှင့် တီဗွီသီချင်းများနှင့် အခြားသော ထူးထူးထွေထွေများအပါအဝင် NEC (အမျိုးသား ရွေး ကောက်ပွဲကော်မရှင်) မှ ကျား/မ လိင်မှုရေးရာ ကိစ္စများကို သိရှိစေရန်နှင့် ညီမျှရေးကိုမြှင့်တင်ရန် အရာ တော်တော်များများကို ပြုလုပ်ချမှတ်ခဲ့သည်။

၂၀၁၁ ခုနှစ်အထိ အဖွဲ့အစည်းလိုက် လေ့ကျင့်သင်ကြားမှုများသည် ထပ်ကာထပ်ကာ အဆို တင်သွင်းထားသော်လည်း BRIDGE (ဒီမိုကရေစီတွင်း၊အစိုးရအောက်နှင့် ရွေးကောက်ပွဲအတွင်း အရင်း အမြစ်များတည်ဆောက်ခြင်း) ကျား/မ လိင်မှုရေးရာနှင့် ရွေးကောက်ပွဲဆိုင်ရာလေ့ကျင့်မှုနှင့် UNDP (ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ) ကူးပြောင်းရေးနှင့် ကျား/မ လိင်ပိုင်းဆိုင်ရာ ကိစ္စများ အတွက် ရွေးကောက်ပွဲစီမံခန့်ခွဲရေး အလုပ်ရုံဆွေးနွေးပွဲများအပါအဝင် ကျား/မ လိင်ပိုင်းဆိုင်ရာ ရုံးဝန်ထမ်း များသာ တက်တက်ကြွကြွနှင့် စဉ်ဆက်မပြတ်ဆိုသလို ကျား/မ လိင်အခွင့်အရေးမြှင့်တင်ရေး စည်းမျဉ်း စည်းကမ်းများနှင့် အညီ လေ့ကျင့်သင်ကြားခြင်းခံခဲ့ရသည်။

၂၀၁၀-၁၁ ရွေးကောက်ပွဲ လည်ပတ်မှုပုံစံ၏ အချို့သော နေရာများတွင် ရာဇဝတ် တရားသူကြီး များသည် မှတ်ပုံတင်သူများနှင့် မဲဆန္ဒရှင်များ၏ ကျား/မ အချိုးကို မှတ်တမ်းတင်ထားရန် လိုအပ်ခဲ့လေ သည်။ သို့သော်လည်း မဲရုံများတွင် ယာယီ NEC ဝန်ထမ်းများအတွက် ထိုကဲ့သို့သော အချက်အလက်များ မှတ်တမ်းတင်ခဲ့ခြင်း မရှိခဲ့ပါ။ ထို့အပြင်လည်း ကောက်ယူရရှိခဲ့သော အချက်အလက်များကို အသင်းအဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာ စီမံကိန်းရေးဆွဲမှုတွင် ကျား/မ လိင်ပိုင်းဆိုင်ရာ အခွင့်အရေး မြှင့်တင်ရေးအတွက် ထည့်သွင်းစဉ်းစား အသုံးပြုခြင်း မရှိခဲ့ချေ။

NEC ကျား/မ လိင်ပိုင်းဆိုင်ရာ ရုံးသည် ၂၀၁၀-၁၁ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များများ တွင် အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ ပါဝင်ပတ်သက်မှုကို မြှင့်တင်နိုင်ရန် သတင်းအချက်အလက် ဖြန့်ဖြူးခြင်းဆိုင်ရာ လှုပ်ရှားမှုများနှင့် နိုင်ငံရေးပါတီများနှင့် CSOs (အရပ်ဖက် လူမှုဆိုင်ရာ အဖွဲ့အစည်း) များနှင့် တိုင်ပင်ဆွေးနွေးမှုများနှင့် အလုပ်ရုံဆွေးနွေးပွဲ များကို လုပ်ဆောင်ခဲ့ပြီး

- NEC - အပြည်ပြည်ဆိုင်ရာ IDEA ၏ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးပါတီများ၏ ရွေးကောက်မှုတွင် ကျား/မ လိင်တန်းတူညီမျှရှိရေး မီဒီယာတွေ့ဆုံဆွေးနွေးပွဲများ
- NEC -အပြည်ပြည်ဆိုင်ရာ IDEA ၏ ၂၀၁၁ခုနှစ် လိုင်ဘီးရီးယားနိုင်ငံ အမျိုးသားရွေးကောက်ပွဲ အတွက် ရေဒီယို ဇာတ်လမ်းတွဲများ ထုတ်လွှင့်ခြင်း
- NEC - ECOWAS (အနောက်အာဖရိကပြည်နယ်များ၏ စီးပွားရေးဆိုင်ရာ အသိုင်းအဝိုင်း)၏ ၂၀၁၁ ခုနှစ် လိုင်ဘီးရီးယား အမျိုးသားရွေးကောက်ပွဲတွင် ၂၀၁၁ခုနှစ်အတွက် ကျား/ မလိင်မှုပိုင်းဆိုင်ရာ ကိစ္စတို့ကို သိရှိစေရန် လှုပ်ရှားသော CSOs (အရပ်ဖက်လူမှုဆိုင်ရာ အဖွဲ့အစည်း)များနှင့် စီမံကိန်း
- NEC - အပြည်ပြည်ဆိုင်ရာ IDEA နှင့် CSO(အရပ်ဖက်လူမှုဆိုင်ရာ အဖွဲ့အစည်း) တို့က လိုင်ဘီးရီးယားနိုင်ငံ၏ ၂၀၁၁ခုနှစ် အမျိုးသားရွေးကောက်ပွဲအတွက် ကျား/မ လိင်ပိုင်းဆိုင်ရာ သိရှိရေး အသိပညာပေးရေး
- NEC ၏ တစ်ရက်တာကျင်းပခဲ့သော ၂၀၁၁ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွက် အမျိုးသမီးများ စည်းလုံးရေး ဆွေးနွေးပွဲ ပြင်ဆင်ခြင်းနှင့်
- ၂၀၁၁ ခုနှစ် ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင် အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင် မှုကို မြှင့်တင်နိုင်ရန် NEC ကျား/မ အခွင့်အရေးဆိုင်ရာရုံးမှ ကောင်တီနယ်သုံးခုကို လှုံ့ဆော်ရေး ခရီးစဉ်များ ပြုလုပ်ခဲ့သည်။

NEC သည် မေလ ၂၀၁၁တွင် လိုင်ဘီးရီးယားနိုင်ငံ၏ အမျိုးသားလွှတ်တော်သို့ လိင်အချိုးအစား နှင့်သက်ဆိုင်သော ဥပဒေမူကြမ်းတစ်ခု မိတ်ဆက်ပေးခြင်းကို ပြင်းပြင်းထန်ထန် ထောက်ခံခဲ့လေသည်။ NEC ကျား/မ လိင်ပိုင်းဆိုင်ရာရုံးသည် ဆီးနိတ်အထက်လွှတ်တော်တွင် သရုပ်ဖော်ဆန္ဒပြခြင်းကိုဝင်ရောက်

ပါဝင်ခဲ့ပြီး ထိုဥပဒေမူကြမ်းကို မိတ်ဆက်ရာတွင် ဆီးနိတ်အထက်လွှတ်တော်ကို လေ့လာစောင့်ကြည့်ခြင်းဖြင့် အရပ်ဖက်အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများကို အထောက်အပံ့ပြုခဲ့သည်။ ထိုဥပဒေမူကြမ်းနှင့် ထိုဥပဒေအား မွမ်းမံဆက်ခံသူတို့မှာ ဆီးနိတ် လွှတ်တော်တွင် ပင်ကျန်ခဲ့ပြီး ကိုယ်စားလှယ်များရုံးသို့ ရောက်မလာတော့ချေ။ လိင်အချိုးအစား ဥပဒေသာမရှိလျှင် NEC သည် သာမန်တွေ့ရိုးတွေ့စဉ်လုပ်အားပေးအချိုးအစားများကိုအကောင်အထည်ဖော်ရခြင်းနှင့်လက်မခံပယ်ချခြင်းတို့ကြောင့် ဝတ်ကျေတမ်းကျေသာ လုပ်ခြင်းနှင့် အမျိုးသားများ အပေါ်ခွဲခြားဆက်ဆံခြင်းတို့ကို ဖိတ်ခေါ်ခြင်းတည်းဟူသော ပုံမှန်စိန်ခေါ်မှုများကို တွေ့ကြုံရမည်ဖြစ်သည်။

## မှတ်သားရန်များ

၁။ လိုက်ဘီးရီးယားနိုင်ငံ၊ ရွေးကောက်ပွဲဥပဒေသစ် (စက်တင်ဘာလ၊ ၁၉၈၆၊ မွမ်းမံပြင်ဆင်သည့်နှစ် ၂၀၀၃၊ ၂၀၀၄)။

၂။ အမျိုးသားဖွဲ့စည်းပုံအခြေခံဥပဒေ ကော်မတီ၊ လိုက်ဘီးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (Monrovia: လိုက်ဘီးရီးယား၊ ၁၉၈၆)။

၃။ ကာတာစင်တာ၊ လိုက်ဘီးရီးယားနိုင်ငံ အမျိုးသားရွေးကောက်ပွဲ အပြီးသတ်အစီရင်ခံစာ၊ ၂၀၁၁ ခုနှစ်။

၄။ ရွေးကောက်ပွဲဥပဒေအသစ်၊ အပိုင်း ၂.၉။ အာဏာနှင့်တာဝန်များ။

၅။ Ibid.

၆။ UNDP လိုက်ဘီးရီးယား၊ ၂၀၁၀-၂၀၁၂ လိုက်ဘီးရီးယား ရွေးကောက်ပွဲစက်ဝန်းကို ပံ့ပိုးသော စီမံချက် စာတမ်း၊ (Monrovia: UNDP, ၂၀၁၀)။

၇။ ရွေးကောက်ပွဲစနစ်များအတွက် နိုင်ငံတကာ အုတ်မြစ်၊ လိုက်ဘီးရီးယားနိုင်ငံ၏ နိုဝင်ဘာ ၈ ရက်နေ့ရွေးကောက်ပွဲများ သမ္မတနေရာ ယှဉ်ပြိုင်ပွဲ၊ မေးလေ့ရှိသောမေးခွန်းများ (Monrovia: IFES, ၂၀၁၁)။

၈။ NEC အင်တာနက်စာမျက်နှာ၊ http://www.necliberia.org/other.php?&7d5f44532cbfc489b8db9e12e44eb820=NTI0

၉။ လိုက်ဘီးရီးယားနိုင်ငံ၊ ရွေးကောက်ပွဲဥပဒေသစ်၊ အပိုင်း ၁၀.၂၁။ နိုင်ငံအနှံ့လွတ်လပ်စွာခရီးသွားခြင်းနှင့် နိုင်ငံရေးပါတီများအားဖြင့် အများပြည်သူအထောက်အပံ့ (စက်တင်ဘာလ၊ ၁၉၈၆ခုနှစ် ၊ မွမ်းမံနှစ် ၂၀၀၃၊ ၂၀၀၄)

၁၀။ ကာတာစင်တာ ၂၀၁၁ ခုနှစ်။

၁၁။ NEC လူသားအရင်းအမြစ်ရုံးမှ ကောက်ခံထားသောအချက်အလက်များ၊ မေလ ၂၀၁၁ခုနှစ်။

## ဖြစ်ရပ်များကိုလေ့လာခြင်း

# တီမောလက်စ်တီ : ရွေးကောက်ပွဲ ဦးစီးစီမံခြင်း

Michael Maley

တီမောလက်စ်တီပြည်သူများသည် အင်ဒိုနီးရှားနိုင်ငံ၏ ၂၄ နှစ် နီးပါးမျှ သိမ်းပိုက်ခံပြီးနောက်တွင် ၎င်းတို့နိုင်ငံ၏ လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် သောင်းသောင်းဖြဖြပင် ၁၉၉၉ ခုနှစ်တွင် မဲထည့်ခဲ့ကြပြီးနောက် "လူသိများသော တိုင်ပင်ဆွေးနွေးမှု" ကို မဲဆန္ဒခံယူပွဲတွင် (သံခင်းတမန်ခင်းနည်းအရ) ထည့်ခဲ့သည်။ ထိုအချိန်မှစကာ မဲဆန္ဒပေးခြင်းဘက်သို့ ဆယ်ဆပိုပြီး ရောက်သွားလေသည်။ ၂၀၀၁ခုနှစ်တွင် မဲဆန္ဒနယ်များဆိုင်ရာလွှတ်တော်အတွက် ရွေးကောက်ခြင်းပြုလုပ်ခဲ့ပြီး (ထိုမှတစ်ဆင့်နောက်ပိုင်းတွင် အခြေခံဥပဒေပေါ်ထွက်လာပြီး နိုင်ငံ၏ပထမဆုံးသော အမျိုးသားလွှတ်တော် ဖြစ်လာသည်) ၂၀၀၂ ခုနှစ်တွင် သမ္မတရွေးကောက်ရန်ဖြစ်လာသည်။ ၂၀၀၄-၂၀၀၅ နှင့် ၂၀၀၉ တို့တွင် မြို့နယ်ဆိုင်ရာ ကိုယ်စားပြုဌာနများအတွက် ရွေးကောက်ရန်ဖြစ်ပေါ်လာပြီး ၂၀၀၇ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် သုံးကြိမ်စီ ကျင်းပခဲ့ကာ ပထမဆုံးအကြိမ်တွင် သမ္မတအတွက်နှင့် နောက်တစ်မဲမှာ နောက်ဆက်တွဲသရေကျသောကြောင့် ထပ်ပေးရသောမဲဖြစ်ကာ၊ နောက်တစ်မဲမှာအမျိုးသားလွှတ်တော်အတွက် ရွေးချယ်ရန်ဖြစ်သည်။

တီမောနိုင်ငံသားများ၏ အသင်းအဖွဲ့အတွင်းနှင့် လူသိများသော တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရေးတွင် ပါဝင်ပတ်သက်မှုမှာ အင်မတန်မှ အကန့်အသတ်ရှိလေသည်။ ကုလသမဂ္ဂစေတနာ့ဝန်ထမ်းများအပါအဝင် တီမော်လက်စ်တီရှိ ကုလသမဂ္ဂတာဝန်ထမ်းဆောင်နေသော နိုင်ငံတကာမှဝန်ထမ်းများသည် ရာထူးကြီးများနှင့် တာဝန်များအားလုံးကို ယူထားပြီးဒေသခံဝန်ထမ်းများမှာ ဘာသာစကားဆိုင်ရာ အထောက်အကူနှင့် အနီးကပ်ကြီးကြပ်မှုအောက်တွင်လုပ်ရသော မဲရုံဝန်ထမ်းအရာရှိနေရာများသာ တာဝန်ထမ်းဆောင်ရလေသည်။ နာမည်ကျော် တိုင်ပင်ဆွေးနွေးမှုနှင့် မေလ ၂၀၀၂ ခုနှစ် လွတ်လပ်ရေးရပြီး ကြားကာလတွင် တီမောလက်စ်တီသည် ကုလသမဂ္ဂ၏ အကူးအပြောင်းဆိုင်ရာ ဦးစီးစီမံမှုအောက်တွင်သာ ရှိလေသည်။ မတ်လ ၂၀၀၁ ခုနှစ်တွင် လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင် (IEC)ကို စည်းကမ်းကြပ်မတ်လိုက်ခြင်းဖြင့်  ဖန်တီးလိုက်သော အကူးအပြောင်းဆိုင်ရာ ဦးစီးစီမံအရာရှိသည် ၂၀၀၁ နှင့် ၂၀၀၂ ခုနှစ် ရွေးကောက်ပွဲများကို အင်မတန်မှ ကောင်းကောင်းမွန်မွန် ကျင်းပပေးသွားလေသည်။ တီမောနိုင်ငံသား အရာရှိများသည်လည်း ကော်မရှင်အရာရှိ ဘုတ်အဖွဲ့ဝင်ရာထူးအပါအဝင် ပိုမိုထင်ရှားသောရာထူးအခန်းကဏ္ဍများကို ထမ်းဆောင်သွားလေသည်။ ဒုတိယအကြိမ် ရွေးကောက်ပွဲကျင်းပသောအခါတွင် ထိုဌာနသည် ယခင်တစ်ခေါက်ထက် ပိုမိုစည်းလုံးမှုရှိသော ဌာနတစ်ခုဖြစ်သွားလေသည်။ မည်သို့ပင်ဆိုစေကာမူ နောက်ကွယ်တွင် အကျိုးအမြတ်ရနိုင်သော ကိစ္စများရှိနေသလောက်ဟု မေးခွန်းထုတ်ချင်

စရာကောင်းလောက်သည့် လှုပ်ရှားမှုမျိုးနှင့် အကူးအပြောင်းဆိုင်ရာ ဦးစီးစီမံဌာနအရာရှိသည် IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်)ကို သူ၏ တာဝန်ထမ်းဆောင်သက် ကုန်ခါနီးတွင် ဖျက်သိမ်းလိုက်ပြီးနာမည် ချွတ်စွပ်တူသော်လည်း အကြံပေးနိုင်သည့်ပမာဏ အကန့်အသတ်ရှိကာ အများကြီးပိုမိုသေးငယ်သောဌာနတစ်ခုဖြင့် အစားထိုးလိုက်သည်။

နောက်ဆက်တွဲအနေနှင့် တီမောနိုင်ငံအစိုးရ၏ နောင်အနာဂတ်တွင်လာမည့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန၏ ပုံစံသည် နိုင်ငံ၏အခြေခံဥပဒေ ပုဒ်မ ၆၅၊ အမှတ် ၆ အရ ပုံဖော်ထားခြင်းဖြစ်ပြီး ထိုဥပဒေမှ ပြောထားသည်မှာ "မဲဆန္ဒရှင်များအား ကြီးကြပ်စောင့်ကြည့်ရန်။ မှတ်ပုံတင်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေများသည် လွတ်လပ်သော ဌာနတစ်ခုအပေါ်တွင်သာ တာဝန်ရှိမည်ဖြစ်ပြီး ထိုဌာန၏အရည်အချင်း၊ ဖွဲ့စည်းပုံ၊ အသင်းအဖွဲ့ ပုံစံနှင့် လုပ်ဆောင်ပုံတို့သည် ဥပဒေမှသတ်မှတ်မည်ဖြစ်သည်။"

"ကြီးကြပ်သည်" ဟူသော စကားကို စောင်းပါးရိပ်ခြေ သုံးနှုန်းထားခြင်းသည် ထိုနိုင်ငံတွင် ရွေးကောက်ပွဲဆိုင်ရာ ဌာနနှစ်ခုပါဝင်သော ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုပုံစံအရောကို သုံးမည်ဟူသောသဘောကြောင့် ဖြစ်သည်။ ရွေးကောက်ပွဲများကို ဦးစီးပြီးကျင်းပမည့် ဌာနနှင့် ထိုလုပ်ငန်းစဉ်ကို ကြီးကြပ်မည့်ဌာနတစ်ခုဖြစ်သည်။ ထိုဌာနများအနက်မှ ပထမတစ်ခုမှာ ရွေးကောက်ပွဲစီမံဦးစီးရေးအတွက် နည်းပညာပိုင်းဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန (Secretariado Técnico de Administração Eleitoral, STAE) ဖြစ်ပြီး တိုင်းပြည်ဦးစီးရေးဝန်ကြီးဌာန၏ ဌာနခွဲတစ်ခုအဖြစ် ဇူလိုင်က ၂၀၀၃ ခုနှစ်တွင် အစိုးရစီရင်မိန့်ဖြင့် ဖန်တီးထားခြင်းဖြစ်ကာ အစားထိုးထားသောဌာနဖြစ်သော်လည်း ကုလသမဂ္ဂမှ ချန်ထားခဲ့သော အကြံပေးခြင်းဆိုင်ရာ IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပူးပေါင်းလုပ်ဆောင်မှုရှိသည်။ တစ်ခုစီက အမျိုးသားရွေးကောက်ပွဲကော်မရှင် (Comissão Nacional De Eleições, CNE) ကို ခန့်အပ် ဖန်တီးပြီးဖြစ်သည်။ ပထမတစ်ခု မှာ ၂၀၀၄-၀၅ ခုနှစ် မြို့နယ်ကိုယ်စားလှယ်ရွေးကောက်ရေးအတွက် တည်ထောင်ထားခြင်းဖြစ်ပြီး ၎င်း၏ တာဝန်ထမ်းဆောင်သက် ပြည့်သွားသောအခါ ပြန်လည်ဖျက်သိမ်းခြင်းကို ခံလိုက်ရသည်။ ပုံသေဖြစ်သော ဒုတိယတစ်ခုဖြစ်သည့် CNE (နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) သည် ၂၀၀၇ ခုနှစ် အစောပိုင်းကာလတွင် ခန့်အပ်ခြင်း ခံခဲ့ရလေသည်။

STAE (ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးရုံး) နှင့် CNE (နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်)တို့သည် EMB ၏ အဓိကပြီးအယူခံရုံး (တရားစီရင်ရေးဆိုင်ရာ တရားရုံးချုပ်၏ ခန့်အပ်မှုကို စောင့်နေဆဲ) သည်လည်း ရွေးကောက်ပွဲကဏ္ဍတွင် ထမ်းဆောင်စရာ တာဝန်တော်တော်များများရှိသည်။ အထူးသဖြင့် နိုင်ငံရေးပါတီများ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ ဆက်ဆံရေးများ၊ သမ္မတခန့်အပ်မှုဆိုင်ရာရွေးကောက်မှုများကို လက်ခံအတည်ပြုရေးနှင့် နောက်ဆုံးရွေးကောက်ပွဲရလဒ်ကို ထောက်ခံအတည်ပြုခြင်းတို့ဖြစ်သည်။

## ဥပဒေဆိုင်ရာ မူဘောင်

STAE (ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန) နှင့် CNE (နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်)၏ လုပ်ဆောင်ပုံများကို ထိန်းချုပ်သော အဓိကစာရွက်စာတမ်းမှာ ဒီဇင်ဘာ ၂၈ ၂၀၀၆ ခုနှစ်တွင် ချမှတ်ခဲ့သော ဥပဒေအမှတ် ၅/၂၀၀၆ ဖြစ်ပြီး ရွေးကောက်ပွဲ ဦးစီးစီမံရေးဌာနများအဖြစ် (ဖွန်လ ၂၂ရက် ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေအမှတ် ၆/၂၀၁၁ အရလုပ်ထားသော ဥပဒေပြင်ဆင်ချက်များအရ) ထိုအချက်သည် အဖွဲ့အစည်းနှစ်ခုလုံးကို နည်းစနစ်ကျကျတည်ထောင်နိုင်ပြီး ၎င်းတို့၏အာဏာနှင့်လုပ်ဆောင်ချက်များကို အသေးစိတ်ဖော်ပြထားသည်။

ထိုဥပဒေသည် CNE (နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မတီ) အား မည်သည့် ဗဟိုပြု သို့မဟုတ် မြို့နယ်ဆိုင်ရာ ဌာနတို့နှင့်မှ မသက်ဆိုင်လွတ်လပ်ကြောင်း ဖွင့်ဆိုထားလေပြီး ဘဏ္ဍာရေးဆိုင်ရာ၊ ဦးစီးစီမံရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုလည်း ပေးထားလေသည်။ ထိုဥပဒေတွင် ဖွင့်ဆိုထားသည်မှာ STAE (ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန) ကို "ကိုယ်ပိုင် ဘတ်ဂျက်ငွေနှင့် နည်းပညာပိုင်း၊ ဦးစီးမှုပိုင်းဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော အစိုးရ၏အထောက်အပံ့နှင့် ကြီးကြပ်မှုအောက်တွင်ရှိသော တိုင်းပြည် သွယ်ဝိုက်ဦးစီးရေး ဝန်ဆောင်မှုဌာန (Administração Indirecta do Estado)" ဟု အဓိပ္ပာယ်ဖွင့်ဆိုထား လေသည်။ သို့သော်လည်း သိသိသာသာပင် ဖွင့်ဆိုထားသော တစ်ချက်မှာလည်း "မဲဆန္ဒရှင်မှတ်ပုံတင်ရေး၊ ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲများနှင့် သက်ဆိုင်သော လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော STAE (ရွေးကောက်ပွဲဆိုင်ရာစီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန) ၏ ချမှတ်သော ဆုံးဖြတ်ချက်များနှင့် လုပ်ကိုင်သော လုပ်ဆောင်ချက်များအားလုံးသည် CNE (နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်) ၏ ကြီးကြပ်မှုအောက်တွင်သာ ရှိရမည်ဟူ၍ ဖြစ်သည်။"

STAE (ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန) ၏ လုပ်ဆောင်ချက်နှင့် လုပ်ငန်းလုပ်ဆောင်မှုဆိုင်ရာနည်းများသည် ဇန်နဝါရီလ ၁၈ ရက် ၂၀၀၇ ခုနှစ် တွင်ပြဋ္ဌာန်းခဲ့သော စီရင်ချက်ဥပဒေ အမှတ် 01/2007 တွင် ရှင်းပြထားပြီး အခြားသော အရာများအနက်မှ STAE (ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန) ကို ရွေးကောက်ပွဲဆိုင်ရာ ဦးစီးစီမံရေး၏ နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးအဖြစ် အခြေခံဥပဒေကို မူတည်သောဥပဒေတစ်ရပ်ကို ထုတ်ပြန်လိုက်ပြီး တိုင်းပြည်ဦးစီးစီမံရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်နှင့် အာဏာအောက်တွင်ထည့်လိုက်ပြီး ဝန်ကြီးအပေါ်တွင် အာဏာပမာဏတော်တော်များများ လွှဲပြောင်းပေးလိုက်လေသည်။ ထိုအာဏာတွင် STAE (ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန) ဗျူဟာများနှင့် မူဝါဒများကို ပြဋ္ဌာန်းခွင့်၊ ၎င်း၏ ဘတ်ဂျက်ငွေ စီမံခန့်ခွဲရေး အစီရင်ခံစာများ၊ စာရင်းများ၊ ဘဏ္ဍာရေးစီမံကိန်းများ၊ ဌာနတွင်းဆိုင်ရာ စည်းကမ်းများနှင့် ဝန်ထမ်းခန့်အပ်ရေးနှင့် STAE (ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန) ဌာနများရှိ ဝန်ထမ်းများကို ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို ထောက်ခံချက် ပြုခြင်းတို့ပါဝင်သည်။

သမ္မတနှင့် အမျိုးသားလွှတ်တော်၏ ရွေးကောက်ပွဲအတွက် အထူးတလည် ကိုင်တွယ်ရသော ကွဲပြားသည့်ဥပဒေများသည် ပိုမိုများပြားအသေးစိတ်သောတာဝန်များ၊ အာဏာများနှင့် လုပ်ပိုင်ခွင့် များကို CNE (နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲကော်မရှင်) နှင့် STAE (ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန) တို့အတွက် ချမှတ်လေသည်။

## ဖွဲ့စည်းပုံနှင့် ခန့်အပ်ပုံများ

CNE (နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲကော်မရှင်)တွင် ကော်မရှင်အရာရှိ ၁၅ ဦး ပါဝင်လေသည်။

- ရီပက်ဘလစ် သမ္မတနိုင်ငံတော်၏ သမ္မတမှ ခန့်အပ်သော သုံးဦး
- အမျိုးသားလွှတ်တော်မှာ ခန့်အပ်သော သုံးဦး
- အစိုးရမှ ခန့်အပ်သော သုံးဦး
- သူ၏ လုပ်ဖော်ကိုင်ဖက်များမှတစ်ဦး စီခန့်အပ်သော တရားစီရင်ရေးဆိုင်ရာ ရာဇဝတ်တရား

သူကြီးတစ်ဦး၊ ပြည်သူ့တရားလိုဆိုင်ရာ ရာဇဝတ်တရားသူကြီးနှင့် ပြည်သူ့တရားခံရှေ့နေတစ်ဦး

- ကက်သလစ်ဘုရားကျောင်းမှ ရွေးချယ်သူတစ်ဦး
- အခြားသော ကျန်ဘာသာရေးများမှ ရွေးကောက်သောသူတစ်ဦး နှင့်
- အမျိုးသမီးရေးရာ ကိုယ်စားလှယ်တစ်ဦးတို့ဖြစ်ကြသည်။

ကော်မရှင်အရာရှိများသည် ခြောက်နှစ်တာဝန်ထမ်းဆောင်သက်တမ်းရှိပြီး နောက်ထပ်သက်တမ်းတစ်ခုသာ ထပ်မံတာဝန်ထမ်းဆောင်ခွင့်ရှိကာ STAE (ရွေးကောက်ပွဲ ဆိုင်ရာ စီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန)၏ အထွေထွေညွှန်ကြားရေးမှူးသည် CNE အစည်းအဝေးများတွင် ဝင်ရောက်ပါဝင်ခွင့်ရှိသော်လည်း မဲပေးခွင့်မရှိချေ။

## အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံ

CNE တွင် ကော်မရှင်အရာရှိများမှ ၎င်းတို့နှင့် ရာထူးတူသူများထဲမှ ရွေးကောက်တင်မြှောက်ထားသော ဥက္ကဋ္ဌတစ်ဦးရှိပြီး နိုင်ငံရေးပါတီများနှင့် အမတ်လောင်းအဖြစ်ဝင်ရောက် ယှဉ်ပြိုင်မှုများနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ဒေတာဘေ့စ်များ၊ ပြည်သူ့အသိပညာပေးရေး၊ ဥပဒေရေးရာနှင့် တရားရင်ဆိုင်ရေးနှင့် ပြည်သူ့ရေးရာနှင့် ဆက်ဆံရေးအတွက် ဆပ်ကော်မရှင်များလည်းရှိသည်။ အဓိကကျသော လုပ်ဆောင်မှုပိုင်းဆိုင်ရာ နယ်ပယ်များဖြစ်သော စီမံကိန်းရေးဆွဲခြင်း၊ ဦးစီးစီမံခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာများ၊ ဆက်ဆံရေးများ၊ မှတ်တမ်းတင်ရေးနှင့် ဥပဒေဆိုင်ရာ အထောက်အပံ့တို့ အပါအဝင် ကော်မရှင်၏ လုပ်ဆောင်ချက်များသည် ဒီလီရှိ အထွေထွေအတွင်းရေးမှူးတစ်ခုမှ အထောက်အပံ့ပြုထားပြီး အထွေထွေညွှန်ကြားရေးမှူးတစ်ဦးမှ ဦးဆောင်လေသည်။ CNE သည် ခရိုင် ၁၃ ခု တစ်ခုချင်းစီအတွက် ကွင်းဆင်းဝန်ထမ်းများလည်း ခန့်အပ်ထားလေသည်။

STAE ကို အထွေထွေညွှန်မှူးတစ်ဦးက ဦးဆောင်ပြီး ဝန်ထမ်း ၁၂၀ ဦး ခန့်ရှိကာ၊ အများစုမှာ ခရိုင်ရုံးများတွင်တည်ရှိလေသည်။ STAE ၏ အဓိကတာဝန်များတွင် လေ့ကျင့်သင်ကြားရေး၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာများ၊ မဲဆန္ဒရှင် ဒေတာဘေ့စ်နှင့် စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးနှင့် ရွှေ့ပြောင်းရေးတို့ပါဝင်သည်။ STAE အတွက် ထပ်တိုးဝန်ထမ်းများမှာ ရွေးကောက်ပွဲကာလအတွင်း ထပ်မံခန့်အပ်လေသည်။

## အာဏာနှင့် လုပ်ဆောင်ချက်များ

CNE (နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲကော်မရှင်) ၏ ဥပဒေအရပြဋ္ဌာန်းထားသော လုပ်ဆောင်ချက်များတွင်

- ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ကြီးကြပ်ခြင်း
- သက်ဆိုင်ရာ ဖွဲ့စည်းပုံနှင့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသက်ဝင်စေရန် ပြုလုပ်ပေးခြင်း
- အမတ်လောင်းများ၊ စောင့်ကြည့်သူများ၊ လေ့လာသူများနှင့် မီဒီယာပညာရှင်များအတွက် လုပ်ဆောင်ပုံ လိုက်နာရမည့် စည်းကမ်းအပါအဝင် ဥပဒေပြဋ္ဌာန်းချက်ပြုထားသော စည်းမျဉ်း စည်းကမ်းများကိုအတည်ပြုခြင်း
- မီဒီယာမှတစ်ဆင့် ရွေးကောက်ပွဲ လုပ်ဆောင်မှုဆိုင်ရာ အချက်အလက်များကို ကြေငြာခြင်း
- မဲဆန္ဒရှင် မှတ်ပုံတင်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက်များအတွက် ပြည်သူများကို တန်းတူညီမျှ ဆက်ဆံခွင့်ရရှိစေရန် ပြုပေးခြင်း

- ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းအတွင်း အမတ်လောင်းများအတွက် မဲဆွယ်စည် လွတ်လပ်စွာ ဝါဒဖြန့်ခွင့်ရရေးနှင့် အခွင့်အရေးများ ညီတူညီမျှရရှိစေရန် လုပ်ပေးခြင်း
- သံသယရှိသော ရွေးကောက်ပွဲဆိုင်ရာ ကျူးလွန်သော ပြစ်မှုများအတွက် ပြည်သူ့တရားလို စွဲချက်တင်ရာရုံးသို့ အသိပေးခြင်း
- အထွေထွေရွေးကောက်ပွဲ၏ နောက်ဆုံးရလဒ်များ တရားဝင်ရန်နှင့် ကြေငြာပြီးဖြစ်ရန်အတွက် နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲရလဒ်များကို ထုတ်ပြန်ပေးသော ပြဋ္ဌာန်းချက်ဆိုင်ရာ စာရွက်စာတမ်းများ အယူခံရုံးသို့ ပြင်ဆင်ခြင်းနှင့် တင်သွင်းခြင်းနှင့်
- မှတ်ပုံတင်ပြီးဖြစ်သော မဲဆန္ဒရှင်များအတွက် STAE ဒေတာဘေ့စ်များကို အတည်ပြုပေးခြင်းတို့ လုပ်ရန် ပါဝင်သည်။

STAE ၏ ဥပဒေဆိုင်ရာ မူဘောင်အတွင်းတွင်

- ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်၊ ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာ မှတ်ပုံတင်ရေးတို့ အချိန်နှင့်တပြေးညီပြီးမြောက်နိုင်ရန်အတွက် လုပ်ဆောင်စရာရှိသည်တို့ကို လုပ်ဆောင်ခြင်း
- ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဆန္ဒခံယူပွဲများနှင့် ရွေးကောက်ပွဲဆိုင်ရာ မှတ်ပုံတင်ရေးတို့တွင် ပြည်သူများ ပါဝင်နိုင်မှုအတွက် ရှင်းလင်းခြင်း၊ ပညာပေးရေးနှင့် သတင်းအချက်အလက်ဆိုင်ရာများအတွက် သင့်တော်သော လုပ်ဆောင်ချက်များကို အဆို တင်သွင်းခြင်း
- ကော်ပိုရေးနှင့်နှင့် ရှိပြီးသော ဦးစီးစီမံရေး တည်ဆောက်ပုံများမှတစ်ဆင့် နိုင်ငံအဆင့်နှင့် မြို့နယ်အဆင့် နှစ်မျိုးလုံးအတွက် ရွေးကောက်ပွဲ၊ ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာ မှတ်ပုံတင်ရေး ထပ်တိုးအချက်အလက်များကို စီမံကိန်းချခြင်းနှင့် လုပ်ဆောင်ရေးများအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များပေးခြင်း
- ရွေးကောက်ပွဲဆိုင်ရာ မှတ်ပုံတင်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဆန္ဒခံယူပွဲများတွင် ပါဝင်သော စာရင်းအင်းအချက်အလက်များကို စုပေါင်းခြင်းနှင့် ထုတ်ဝေခြင်း
- CNE နှင့် ပူးပေါင်းဆောင်ရွက်၊ ထောက်ပံ့ခြင်းနှင့်
- နည်းပညာပိုင်းဆိုင်ရာ လုပ်ဆောင်စဉ်များကို အဆိုတင်သွင်းခြင်း၊ မဲဆန္ဒရှင်များအား မှတ်ပုံတင်ထားသော ဗဟိုဒေတာဘေ့စ်များကို စုစည်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဖြင့် CNE ၏ ကြီးကြပ်မှုအောက်တွင် ရွေးကောက်ပွဲမှတ်ပုံတင်စာရင်းကို တည်ထောင်ခြင်းနှင့် ထပ်မံမွမ်းမံခြင်း CNE ရော STAE ရောသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် (ထိုအချက်သည် အယူခံတရားရုံး၏ တာဝန်ဖြစ်)၊ ရွေးကောက်ပွဲနေ့ကို သတ်မှတ်ခွင့် (ထိုအချက်သည် ရီပက်ဘလစ်သမ္မတနိုင်ငံ သမ္မတ၏ တာဝန်ဖြစ်) သို့မဟုတ် နယ်နိမိတ်ကန့်သတ်သတ်မှတ်ခြင်း (ထို့ကြောင့်ပင် တီမောလက်စ်တီရှိ ရွေးကောက်ပွဲများ အားလုံးသည် နိုင်ငံနှင့် အဝှမ်းလုပ်လျှင်လုပ် သို့မဟုတ်လျှင် ရှိပြီးသား ဦးစီးစီမံမှ သတ်မှတ်သောနယ်နိမိတ်အတွင်းသာလုပ်ခြင်းဖြစ်သည်) လုပ်ပိုင်ခွင့်မရှိချေ။

CNE နှင့် STAE တို့အကြားတွင် လုပ်ဆောင်ရမည့် တာဝန်များ သွားတူနေခြင်းနှင့် မသဲကွဲခြင်းများရှိနေခြင်းကြောင့် ၎င်းတို့၏ လက်ရှိရှိနေသော ဆက်ဆံရေးအား နည်းလမ်းပေါင်းများစွာဖြင့် စိန်ခေါ်လျက် ရှိသည်။ စည်းမျဉ်းစည်းကမ်းဆိုင်ရာ တည်ထောင်ရေးနှင့်ဆိုင်သော ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များတွက် ရှင်းလင်းမှုမရှိခြင်းသည် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲနားနီးသောအချိန်တွင် ကြီးကြီးကျယ်ကျယ်သဘောထား ကွဲလွဲမှုများ ဖြစ်ပေါ်စေခဲ့ပြီး CNE က စည်းမျဉ်းစည်းကမ်းများကို နိုင်ငံပိုင်သတင်းစာသို့ တိုက်ရိုက်ပို့ပြီး ထုတ်ဝေဖြန့်ချိခိုင်းလိုက်မှပင် ပြေလည်သွားခြင်းဖြစ်သည်။ ထို့ကြောင့်ပင် STAE နှင့် CNE တို့ ညီညီညွတ်ညွတ်ပေါင်းလုပ်သည့်အချိန်ထက် ယှဉ်ပြိုင်လုပ်သည့် ကာလမျိုးများရှိခဲ့ဖူးလေသည်။ ထို

ကဲ့သို့သောရှိခဲ့သော စိန်ခေါ်မှုများသည် မည်သို့ပင်ဆိုစေကာမူ အချိန်ကြာလာသည်နှင့်အမျှ လုပ်ဆောင်ပုံယန္တယားများ၏ ကျင့်သုံးပုံများကြောင့် စံပြအနေနှင့် မဟုတ်လျှင်တောင် အနည်းဆုံးတော့ လုပ်ဆောင်၍ ရလာပြီဟူသောသဘောကို သက်သေပြလျက်ရှိသည်။

## ဘဏ္ဍာငွေကြေးနှင့် တာဝန်ခံနိုင်မှု

STAE ရော CNE ရောသည် တိုင်းပြည်ဘဏ္ဍာအတွင်းမှ ဘတ်ဂျက်ငွေ ရရှိခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်အတွက် CNE သည် ယူအက်စ်ဒေါ်လာ ၅.၈၅ သန်းကို ဘတ်ဂျတ်ထောက်ပံ့ငွေအဖြစ် ရရှိခဲ့ပြီး ယူအက်စ်ဒေါ်လာ ၃ သန်းမှာ အမျိုးသား လွှတ်တော်အတွင်းတွင် ကိုယ်စားလှယ်ရှိသော နိုင်ငံရေးပါတီများအား ဘဏ္ဍာငွေထောက်ပံ့ခြင်း ပြုလုပ်လိုက်လေသည်။ STAE အား သမ္မတနှင့် လွှတ်တော် ရွေးကောက်ပွဲများပြုလုပ်ရန်အတွက် ကျသင့်သောအရာများကို သုံးစွဲရန်အတွက် ယူအက်စ်ဒေါ်လာ ၈ သန်းကို ချပေးခဲ့လေသည်။ ထိုပမာဏနှစ်ခုစလုံးသည် အဖွဲ့အစည်းနှစ်ခုစလုံးအတွက် ကျသင့်သော ဦးစီးစီမံရေး အဖိုးအခ သာမန်ကျသင့်ငွေများမပါဝင်ပါ။

STAE နှင့် CNE တို့သည် အလှူရှင်များနှင့် ကုလသမဂ္ဂမှ ထောက်ပံ့သော အစီအစဉ်များမှ အကျိုးအမြတ်ငွေများ ရရှိလေခြင်းဖြစ်ပြီး ထိုသို့မဟုတ်ပါက ၎င်းတို့ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ခြင်း သို့မဟုတ် ကိုယ်တိုင် ဘဏ္ဍာငွေအထောက်အပံ့ယူခြင်းတို့ပြုလုပ်ရမည်ဖြစ်သည်။ ယေဘုယျအားဖြင့်ပြောရလျှင် အဖွဲ့အစည်းနှစ်ခုစလုံးသည် အထောက်အပံ့ကောင်းကောင်းရထားပြီး တီမောလက်စ်တီသည် အခြားသောနိုင်ငံများနှင့် ယှဉ်ကြည့်လျှင် ရွေးကောက်ပွဲဆိုင်ရာ အရာရှိများ ပိုများလေသည်။

CNE (နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်) သည် လွတ်လပ်သော်လည်း အမျိုးသား လွှတ်တော်သို့ နှစ်စဉ်အစီရင်ခံစာတင်ရသော တာဝန်ကိုယူရလေသည်။ ထိုအပိုင်းတွင် STAE (ရွေးကောက်ပွဲဆိုင်ရာ စီမံညွှန်ကြားခြင်းတို့အတွက် နည်းပညာဆိုင်ရာ အထွေထွေအတွင်းရေးမှူးဌာန)အနေနှင့် အခက်အခဲများ ကြုံတွေ့ခဲ့ရပြီး ၎င်း၏ တာဝန်များကို လုပ်ရန်အတွက် (တစ်နည်းတစ်ဖုံ)အားဖြင့် CNE (နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်) နှင့် ဝန်ကြီးထံသို့ တာဝန်ခံရာတွင် အခက်အခဲရှိလေသည်။

## ပညာရှင်ဆန်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အရာရှိများ

CNE နှင့် STAE ၏ အဓိကအတွင်းပိုင်းဆိုင်ရာ ဝန်ထမ်းများသည် ယေဘုယျအားဖြင့် နှိုင်းယှဉ်ကြည့်လျှင် အတွေ့အကြုံရှိ၊ ပညာရပ်ပိုင်းဆိုင်ရာ အရည်အချင်းပြည့်ဝပြီး နိုင်ငံရေးအရလည်း အဂတိကင်းရှင်းလေသည်။ STAE ၏ အကြီးတန်း ဝန်ထမ်းအများစုသည် မူလက IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) အတွက်တာဝန်ထမ်းဆောင်ရန် ၂၀၀၁-၀၂ ခုနှစ်က ကုလသမဂ္ဂက ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ အလုပ်ခန့်အပ်ထားခြင်းခံရချိန်တွင် ၎င်းတို့သည် ယခုအချိန်တွင် BRIDGE (ဒီမိုကရေစီတွင်း၊ အစိုးရအောက်နှင့် ရွေးကောက်ပွဲအတွင်း အရင်းအမြစ်များတည်ဆောက်ခြင်း) သင်ရိုးဟု နိုင်ငံတကာအသိအမှတ်ပြုဖြစ်လာမည့် အစောဆုံးပုံစံကိုအခြေခံထားသော များပြားလှသည့် စွမ်းဆောင်ရည်မြှင့်တင်တည်ဆောက်မှုဆိုင်ရာ အစီအစဉ်များကို IEC (လွတ်လပ်သောရွေးကောက်ပွဲ ကော်မရှင်) နှင့် ဩစတြေးလျရွေးကောက်ပွဲကော်မရှင်တို့၏ အကောင်အထည်ဖော်မှုမှတစ်ဆင့် အကျိုးအမြတ်ရရှိတတ်မြောက်ထားလေသည်။ သမိုင်းတစ်လျှောက်တွင် STAE သည် ဩစတြေးလျ၊ ပေါ်တူဂီနှင့် အင်ဒိုနီးရှားအပါအဝင် အခြားသော EMB များနှင့် အဆက်အသွယ်များကို ပျိုးထောင်ပုံလောက်မကဘဲ၊ တက်တက်ကြွကြွပင် ဝန်ထမ်းတိုးတက်ရေးများကို အားပေးရှေ့တန်းတင်ခဲ့လေသည်။ STAE ဝန်ထမ်းများ

သည့် မကြာခဏဆိုသလိုပင် တီမောလက်စ်တီ နိုင်ငံ၏ ပြင်ပတွင်ရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ခြင်းနှင့် ကွန်ယက်ဆိုင်ရာ ဆွေးနွေးပွဲများတွင် ပါဝင်ဖူးလေသည်။

CNE သည်လည်း သူ့အောက်ရှိအဖွဲ့အစည်းမှတစ်ဆင့် ဝန်ထမ်းတိုးတက်ရေးကို ဦးစားပေးခဲ့လေသည်။ ၎င်းသည်လည်း ၂၀၀၇ ခုနှစ်မှစပြီး ၎င်း၏ အဖွဲ့ဝင်များ၏ နှိုင်းရအားဖြင့် တည်ငြိမ်မှုနှင့် ၂၀၀၄-၀၅ မှစပြီး ပထမဆုံးသော CNE တွင် တာဝန်ထမ်းဆောင်ဖူးသော အရေအတွက် အတိုင်းအတာတစ်ခုထိရှိခြင်းအပေါ်တွင် အကျိုးအမြတ်များ ရရှိထားလေသည်။ CNE အနေနှင့်လည်း ပညာရပ်ပိုင်းဆိုင်ရာ စည်းလုံးမှုပမာဏ အဆင့်ကောင်းကောင်းတွင်ရှိပြီး နောက်ခံပတ်ဝန်းကျင်မတူညီသော နယ်ပယ်ကွဲများမှလူများကို ခေါ်သုံးရန် ပုံစံရေးဆွဲထားသော အဖွဲ့အစည်း တစ်ခုမျိုးဖြစ်ရန်မလိုပါ။

ထိုဌာနနှစ်ခုလုံးသည် ကုလသမဂ္ဂ၊ ဖက်စပ်အလှူရှင်များနှင့် အခြားသော နယ်များရှိ EMB နှင့် ပိုမိုကျယ်ပြန့်သော ပေါ်တူဂီစကားပြောနိုင်ငံ အသိုင်းအဝိုင်းများမှ အထောက်အပံ့များမှ အကျိုးကျေးဇူးကောင်းကောင်းခံစားရလိုက်သည်။

## မီဒီယာ၊ အခြားသော ဌာနများနှင့် ဆက်ဆံရေး

CNE နှင့် STAE သည် ယေဘုယျအားဖြင့် မီဒီယာ၊ အခြားသောဌာနများအား အတိုင်းအတာတစ်ခုအထိ အတော်အတန် ပွင့်လင်းမြင်သာမှုရှိသော ဆက်ဆံရေးတစ်ခု ထိန်းထားနိုင်လေသည်။ရွေးကောက်ပွဲစည်းကမ်းဖောက်ဖျက်မှုနှင့် CNE ၏မီဒီယာအတွက် လုပ်ဆောင်ပုံကျင့်ထုံး ကြေငြာခြင်းတို့အတွက်တော့မပါချေ။ ၎င်းတို့အနေနှင့် မီဒီယာစည်းကမ်းထုတ်ပြန်ရန်အတွက် အာဏာမရှိချေ။ အဖွဲ့အစည်းနှစ်ခုလုံးက ၎င်းတို့၏ ဝဘ်ဆိုက်များတွင်အပါအဝင် တက်တက်ကြွကြွပင် အသုံးဝင်သော အရာများကို ပုံနှိပ်ဖြန့်ချိခြင်းပြုလေသည်။ ၎င်းတို့အနေနှင့်လည်း ပြည်သူ၏ယုံကြည်မှုကို တော်တော်တန်တန်မြင့်မြင့်မားမားရရှိထားပြီးနောက် ၎င်းတို့၏ အဂတိကင်းစင်မှုနှင့် လုပ်ငန်းထိရောက်မှုအပေါ် သိသိသာသာ လူထုမှမေးခွန်းထုတ်ခြင်းသည်လည်း မရှိသလောက် ပင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သမ္မတနိုင်ငံ အဖွဲ့အစည်းမှစေခိုင်းပြီး နိုင်ငံနှင့်အဝှမ်း ထင်မြင်ချက်များ ကောက်ခံခဲ့ရာတွင် ၂၀၀၈ ခုနှစ် နိုဝင်ဘာ/ဒီဇင်ဘာလတွင် ကောက်ခံခဲ့ရာ STAE အကဲဖြတ် စောင့်ကြည့်သော သူတို့က "ကောင်းသည်" သို့မဟုတ် "အလွန်ကောင်း" ဟု သတ်မှတ်ခဲ့ကြောင်း တွေ့ရသည်။

## နောင်အနာဂတ်

တီမောလက်စ်တီတွင် ကောင်းမွန်စွာ ရေရှည်လုပ်နိုင်သော ရွေးကောက်ပွဲဆိုင်ရာ ဦးစီးစီမံရေးဖြစ်ပေါ်နိုင်ချေမှာ အင်မတန်မှ အားရဖွယ်ဖြစ်သည်။ နောင်တက်လာသည့် အစိုးရကလည်း နိုင်ငံ၏၏ EMB များအပေါ် ရင်းနှီးမြှုပ်နှံလိုသောဆန္ဒကိုပြသခဲ့ပြီး ရေနံနှင့်ဓါတ်ငွေ့ဆိုင်ရာ အခွန်ဘဏ္ဍာများမှ ရရှိသော တိုင်းပြည်ဘဏ္ဍာလောက်လောက်လားလား တိုးတက်ခြင်းသည်လည်း နောင်ခန့်မှန်းနိုင်သော အနာဂတ်တွင် လိုအပ်သော ရင်းမြစ်များ ရနိုင်မည်ဟူသော အချက်ကို ခန့်မှန်းရနိုင်သည်။ STAE နှင့် CNE တို့သည် အသုံးပြုနိုင်သော နည်းပညာများကို ရွေးချယ်ရာတွင် ခိုင်လုံသော သတ်မှတ်ဆုံးဖြတ်ချက်တို့ကို ပြသနိုင်ခဲ့လေပြီး STAE ၏ မဲဆန္ဒရှင် မှတ်ပုံတင်ရေး ဒေတာဘေ့စ်နှင့် ပိုပြီးယေဘုယျအားဖြင့်ပြောရလျှင် မဲဆန္ဒရှင် မှတ်ပုံတင်ခြင်းသည် ယုံကြည်ရနိုင်ပြီး ထိရောက်သည်ဟု သတ်မှတ်ခံရလေသည်။ STAE နှင့် CNE တို့ကလည်း နိုင်ငံရေးထိပ်သီးများနှင့် လူဦးရေတော်တော်များများက ၎င်းတို့အပေါ် လေးစားသမှုရှိပြီး

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအပေါ် တွင် ကူညီထောက်ပံ့သောကြောင့် ၎င်းတို့အတွက် အကူအညီများစွာ ရသကဲ့သို့ပင်ဖြစ်လေသည်။

နိုင်ငံတော်တော်များများတွင် ဖြစ်နေသကဲ့သို့ပင် တစ်ကမ္ဘာလုံးအနှံ့အပြားတွင် လျင်မြန်စွာ ပြောင်းလဲနေသော ရွေးကောက်ပွဲ ပတ်ဝန်းကျင်သည် တီမောလက်စ်တီ၏ EMB များအတွက် စိန်ခေါ် မှုများ ဖြစ်ပေါ် စေမည်ဟူသော အချက်သည် ရှောင်လွှဲမရနိုင်ချေ။ ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲအတွက် နိုင်ငံခြားမဲများ ကောက်ခံမှုသည် ဦးစီးစီမံရေးဆိုင်ရာ အခက်အခဲများကြောင့် မဖြစ်နိုင်တော့သော်လည်း ထိုကဲ့သို့သော ဝန်ဆောင်မှုမျိုးကို တောင်းဆိုနေမှုများကတော့ လွင့်ပျောက်သွားလိမ့်မည် မဟုတ်ချေ။ CNE နှင့် STAE တို့တွင် ရှိနေသော ကျွမ်းကျင်မှုများသည် ထိုကဲ့သို့သော အဆိုတင်သွင်းမှုမျိုးကို ထိထိရောက်ရောက် ခွဲခြမ်းစိတ်ဖြာနိုင်လိမ့်မည်ဖြစ်ပြီး အမျိုးသားလွှတ်တော်ကိုလည်း ပညာရှင်ဆန်ဆန်ပင် အကြံဉာဏ်ပေးနိုင်လိမ့်မည်ဖြစ်သည်။

CNE နှင့် STAE တို့ အနာဂတ်တွင် တွေ့ရလတ္တံ့သော အကြီးမားဆုံးသော စိန်ခေါ် မှုများသည် ပုံစံအရော ဦးစီးစီမံမှု၏ ကွဲပြားထူးခြားမှုမှ လာမည်ဖြစ်ပြီး သဘောသဘာဝအားဖြင့် ပဋိပက္ခဖြစ်နိုင်ချေ မြင့်မားသောဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလိုအပ်ကြောင်းပြန်လည်ညှိနှိုင်းလာမည်ဖြစ်သည်။ ထိုကိစ္စသည် ၂၀၀၇ ခုနှစ်က အကြီးအကျယ်ဖြစ်ခဲ့ကာ အချိန်ကြာလာသည်နှင့်အမျှ ကောင်းမွန် လာသော်လည်း တစ်ချိန်မဟုတ်တစ်ချိန်တွင် ပြန်လည်ပြဿနာ ဖြစ်နိုင်သေးသည်။

# အခန်း ၇

# EMB များအား ဘဏ္ဍာငွေ ထောက်ပံ့ခြင်း

## သာမန် EMB များ၏ ဘဏ္ဍာငွေထောက်ပံ့မှုဆိုင်ရာ ပြဿနာများ

ရွေးကောက်ပွဲအတွက် ဘဏ္ဍာငွေထောက်ပံ့မှုဆိုင်ရာတို့သည် ကုန်ကျစရိတ်များပြားလှပြီး အခြားသော ကာကွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သော နိုင်ငံရေးရာအကျိုး တိုက်ရိုက် ရရှိသော မရှိမဖြစ် နိုင်ငံ့ဝန်ဆောင်ရေးဌာနတို့ဖြင့် ပြိုင်ဆိုင်နေရခြင်းဖြစ်သည်။ အစိုးရဘက်မှ လုံလောက် သင့်လျော်သော ငွေပမာဏချပေးရန် မလုံလောက်သော အခါ သို့မဟုတ် လက်ခံထားသော ငွေပမာဏကို အချိန်မီ မဖြန့်ဖြူးပေးနိုင်သောအခါ ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့အတွက် မလုံလောက်သော သို့မဟုတ် အချိန်မီ မရောက်သော ဘဏ္ဍာငွေထောက်ပံ့မှုတို့ ဖြစ်စေနိုင်သည်။

EMB ဆိုင်ရာလိုအပ်ချက်များသည် ရွေးကောက်ပွဲ လည်ပတ်ပုံအပေါ်တွင်မူတည်ပြီး ရွေးကောက်ပွဲ ရှိသောနှစ်နှင့် မရှိသောနှစ်များအကြားလည်း အများအပြားကွာခြားလေသည်။ အခြားသော ထင်ရှားသော အချက်အလက်များသည်လည်း အမျိုးမျိုးကွဲပြားသော လုပ်ဆောင်ချက်နှင့်တာဝန်များ၊ အသုံးပြုသော ရွေးကောက်ပွဲစီမံခန့်ခွဲမှုပုံစံ၊ ရှိပြီးသောရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲကျင်းပသော အကြောင်းရေတို့ ဖြစ်သည်။ EMB များသည် ပုံမှန်ဆိုသလိုပင် ဈေးကြီးလှသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု များဖြစ်သော ထိထိရောက်ရောက် အသုံးမကျသော အဆင့်မြင့်နည်းပညာပစ္စည်းများကို အသုံးပြုသည် ဟူသောအချက်နှင့် စွပ်စွဲခြင်းခံရသည်။ အချို့သော EMB များသည် မဲစာရွက်အတွက် လိုအပ်သောပစ္စည်း များ ပိုမိုရိုက်နှိပ်ခြင်းနှင့် လိုအပ်သော ရွေးကောက်ပွဲဝန်ထမ်း ပမာဏထက် ပိုမိုခန့်အပ်ခြင်းများ ပြုလုပ် သည်ဟု စွပ်စွဲခြင်းခံရလေသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်အောက်မှ EMB အချို့၏ လွတ်လပ်မှုသည် အစိုးရ ကိုယ်စားလှယ်ဌာနများအတွက် သက်ရောက်သော အသုံးစရိတ်ဆိုင်ရာ ထိန်းချုပ်မှုများအောက်မှပါ လွတ် လပ်သည်ဟု ဆိုလိုရာရောက်နိုင်လေသည်။

အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား၊ ဟေတီ၊ အင်ဒိုနီးရှား၊ အီရတ်နှင့် လိုင်ဘီးရီးယားရှိ EMB တော်တော်များများသည် ဘတ်ဂျက်ငွေကြေးဆိုင်ရာ အမြောက်အမြား ထောက်ပံ့မှုနှင့်နည်းပညာပိုင်းဆိုင် ရာ အထောက်အပံ့အတွက် နိုင်ငံတကာအလှူရှင်များကို မှီခိုခဲ့ရလေသည်။ ဖြစ်ပေါ်ခဲ့သော ရေရှည် လုပ်ဆောင်မှုပိုင်းဆိုင်ရာ ပြဿနာများမှလွဲကာ (ဤလက်စွဲစာအုပ်၏ အခန်း ၁၁ တွင်ကြည့်ပါ) နိုင်ငံတကာ အလှူရှင်ကိုယ်စားလှယ် အဖွဲ့များ၏ EMB များအပေါ်တွင်တင်သော ပဋိပက္ခဖြစ်ဖွယ်ရာ လိုက်နာရန်

အချက်များနှင့် ၎င်းတို့အစိုးရ၏ တောင်းဆိုချက်များပေါင်းလိုက်သောအခါ ၎င်းတို့အတွက် ဘဏ္ဍာငွေ ထောက်ပံ့မှုများသည် အချိန်မီနှင့် ကျကျနနတာဝန်ယူနိုင်မှုရှိရန်အတွက် ခက်ခဲသွားနိုင်သည်။

EMB များအနေနှင့် အထူးသဖြင့် အီလက်ထရွန်းနစ် မဲပေးခြင်းဆိုင်ရာ ကိစ္စများကဲ့သို့သော မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းတို့အတွက် နည်းပညာအသစ်များကို မည်သို့ ဘဏ္ဍာငွေထောက်ပံ့မည်နည်း။ ဘဏ္ဍာငွေထောက်ပံ့မှုလုပ်မည်၊ မလုပ်မည်ဟူသောမေးခွန်းမျိုးကို ဖြေ ကြားခဲ့ရခြင်းမျိုးများရှိခဲ့ပြီးဖြစ်သည်။ အခြားသော အသုံးပြုမှုလွယ်ကူရေးနှင့် ပတ်သက်သောပြဿနာများ ရွှေ့လျားမဲရုံများချမှတ်ပေးခြင်း၊ (နိုင်ငံတွင်းနှင့်ပြည်ပ) မဲမပေးနိုင်သူများအတွက် ဝန်ဆောင်မှုများ၊ မသန် စွမ်းနှင့် အခြားသောဘာသာစကားပြောဆိုသူတို့အတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်း အချက်အလက် များပေးသည့်ဝန်ဆောင်မှုများကိုတိုးမြှင့်အာရုံစိုက်ခြင်းသည်လည်းဘဏ္ဍာရေးဆိုင်ရာလက်တွေ့အကောင် အထည်ဖော်ရမည့် ကိစ္စများရှိသည်။ ဒီမိုကရေစီ စတင်တည်ထောင်ကာစ နိုင်ငံများတွင် ပြည်သူ့ဌာနများကို ချွေတာရေး အစိုးရမူဝါဒများက EMB များ၏ ဘဏ္ဍာရေးဆိုင်ရာရေရာမှုများ အထူးသဖြင့် ဝန်ထမ်းလစာများ အတွက် ရေရာမှုကို လျှော့ချလိုက်သည်။

## မည်သို့သော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များက ထောက်ပံ့ရန်လိုအပ်သနည်း

ရွေးကောက်ပွဲဆိုင်ရာ ဘဏ္ဍာငွေကြေးဟူသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ရပ်ကို စီမံရန်နှင့် ကျင်းပရန်အတွက် EMB များနှင့် အခြားသော ကိုယ်စားလှယ်အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများကြောင့် တိုင်းပြည်တစ်ပြည်အနေနှင့် ကုန်ကျသော ရွေးကောက်ပွဲဆိုင်ရာ ဘတ်ဂျက်ငွေ သို့မဟုတ် ကုန်ကျငွေ စရိတ်ကို ဆိုလိုခြင်းဖြစ်သည်။ အချို့သော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များသည် EMB များ အတွက် လွယ်လွယ်ကူကူပင်သတ်မှတ်နိုင်သော ကုန်ကျစရိတ်များဖြစ်သော်လည်း အချို့မှာမူအခြားသော အစိုးရကိုယ်စားလှယ်အဖွဲ့အစည်းများ၏ အထွေထွေဝန်ဆောင်မှုဆိုင်ရာ ဘတ်ဂျက်ငွေအတွင်းတွင် ပါဝင် နေသောကြောင့် ပမာဏသတ်မှတ်ရခက်ခဲလေသည်။ မတူညီသောနိုင်ငံများအကြား ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များနှိုင်းယှဉ်ခြင်းသည် အင်မတန်မှခက်ခဲလေသည် အဘယ်ကြောင့်ဆိုသော် ကွဲပြားသော ရွေးကောက်ပွဲရေမြေအနေအထားနှင့် အသုံးပြုသော ရွေးကောက်ပွဲစီမံခန့်ခွဲရေးဆိုင်ရာ ပုံစံအမျိုးမျိုးရှိ ကွဲပြားသော အချက်အလက်များသည် ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ဟု အမည်တပ်၊ ပမာဏတပ်၍ ရနေသောကြောင့်ဖြစ်သည်။ UNDP (ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ) နှင့် IFES (ရွေး ကောက်ပွဲစနစ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း) တို့မှ ဦးစီးထောက်ပံ့သော ရွေးကောက်ပွဲနှင့် မှတ်ပုံတင်ရေးဆိုင်ရာ ကုန်ကျစရိတ် (CORE) စီမံကိန်းမှ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များကို အတန်းအစားသုံးမျိုး ခွဲခြားပြလေသည်။

၁။ *အဓိကကုန်ကျစရိတ် (သို့မဟုတ် တိုက်ရိုက်ကုန်ကျငွေ)* : တည်ငြိမ်သော ရွေးကောက်ပွဲပတ်ဝန်း ကျင်တစ်ခုတွင်ပုံမှန် အကောင်အထည်ဖော်သော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဆက်နွယ်နေသည်။

၂။ *ကွဲပြားသော ကုန်ကျစရိတ် (သို့မဟုတ် သွယ်ဝိုက်ကျသင့်သော ကုန်ကျစရိတ်)* : ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ကူညီသော ကိုယ်စားလှယ်ဌာနများ၏ အထွေထွေကုန်ကျစရိတ်များမှ ဖယ်ရှားမရနိုင်သော ရွေးကောက်ပွဲနှင့် ဆက်စပ်သောဝန်ဆောင် မှုများနှင့်

၃။ *နည်းစနစ်ကျနမှု ကုန်ကျစရိတ်* : အဓိကကုန်ကျစရိတ်၏ အထက်တွင်ရှိပြီး လုံခြုံမှု၊ ဂုဏ်သိက္ခာ၊ နိုင်ငံရေးဆိုင်ရာ အဂတိကင်းရှင်းမှုနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် တန်းတူရည်တူရှိသော ယှဉ်ပြိုင်ရာနေရာ တစ်ခုဖြစ်ရန်အတွက် လိုအပ်သော အရာများဖြစ်သည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် အရှိန်ယူကာစ နိုင်ငံများတွင် နည်းစနစ်ကျနမှု ကုန်ကျစရိတ်များသည် EMB များ၏ ပြင်ပမှဖြစ်သော အဓိကအားဖြင့် အလှူ့ရှင်အသိုင်းအဝိုင်းမှ အမြောက်အမြားလာလေ့ရှိသည်၊ ဥပမာအားဖြင့် အာဖဂန်နစ္စတန်နှင့် အီရတ်တွင် အသွင်ကူးပြောင်းရေး ရွေးကောက်ပွဲအတွက် ခေတ်မီပြီး နိုင်ငံတကာမှ ထောက်ပံ့ထားသော ရွေးကောက်ပွဲအချက်အလက် တွက်ချက်ရေးဆိုင်ရာနှင့် ထုတ်လုပ်ရေးဆိုင်ရာ လုပ်ဆောင်မှုများဖြစ်သည်။ ထိုကဲ့သို့သော ထပ်တိုး ကုန်ကျစရိတ်များသည် EMB ၏ လုပ်ဆောင်ရမည့် တာဝန်များထဲတွင်ပါသော်လည်း EMB ဘတ်ဂျက်ငွေ ခွဲခြမ်းစိတ်ဖြာချက်တွင် ပါချင်မှပါလိမ့်မည်။ CORE (ရွေးကောက်ပွဲနှင့် မှတ်ပုံတင်ရေးဆိုင်ရာကုန်ကျစရိတ်) စီမံကိန်းအရ တည်ငြိမ်သော ဒီမိုကရေစီနိုင်ငံများတွင် ပင်မကုန်ကျစရိတ်များသည် အချိုးအစားအရ အမြင့်ဆုံးဖြစ်သည်။ ဒီမိုကရေစီ အားကောင်းစည်းလုံးလာအောင် ရှေ့သို့တက်သည်နှင့်အမျှ နည်းစနစ်ကျနမှုပိုင်းဆိုင်ရာ ကုန်ကျစရိတ်များ လျော့နည်းလာပြီး ပင်မကုန်ကျစရိတ်များ တိုးမြင့်လာသည်။ ပိုမိုပါဝင်ပတ်သက်မှု တောင်းဆိုသောကြောင့် ပင်မကုန်ကျစရိတ် မြင့်တက်လာခြင်းသည် ပိုမိုအဆင်ပြေပြေ လုပ်ဆောင်နိုင်သော ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်မှုများမှတစ်ဆင့်နှင့် မဲဆန္ဒရှင်များအား မှတ်ပုံတင်ခြင်း၊ မဲပေးခြင်းနှင့် ရွေးကောက်ပွဲရလဒ်မှာ ထုတ်လွှင့်ကြေငြာခြင်းတို့ အသုံးပြုခြင်းတို့အား အားကောင်းအောင်ပြုလုပ်ခြင်းကြောင့်ဖြစ်သည်။

CORE (ရွေးကောက်ပွဲနှင့် မှတ်ပုံတင်ရေးဆိုင်ရာကုန်ကျစရိတ်) စီမံကိန်းမှ ထပ်မံပြသည် မှာ ကွဲပြားသော ကုန်ကျစရိတ်များသည် တည်ငြိမ်ပြီးသော ဒီမိုကရေစီနိုင်ငံများ အထူးသဖြင့် ဥရောပအနောက်ဘက်များတွင် ပိုမိုမြင့်မားနိုင်ကြောင်း တင်ပြလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရပ်ဒေသများတွင် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို အစိုးရပုံစံ သို့မဟုတ် ပုံစံအရောအောက်တွင်ရှိသော အစိုးရ EMB များမှ လုပ်ဆောင်ပြီး ထိုရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုများကို အကောင်အထည်ဖော်ရန် အစိုးရကိုယ်စားလှယ်ဌာန တော်တော်များများကို အသုံးပြုရသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် ဟန်ဂေရီနှင့် နော်ဝေးတို့ကဲ့သို့ အမျိုးသားမှတ်ပုံတင်ရေးဌာနမှ ရွေးကောက်ပွဲမှတ်ပုံတင် အချက်အလက်များကို ထုတ်ဝေရန် တာဝန်ကျသောအခါ တစ်နိုင်ငံလုံးအနှံ့ မှတ်ပုံတင်ကောက်ခံခြင်းကြောင့် ကျသင့်သောကုန်ကျစရိတ်နှင့် ခွဲခြားရန် ခက်ခဲနိုင်သော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့နှင့် စပ်ဆိုင်သော ကုန်ကျစရိတ်များကို တောင်းခံနိုင်လေသည်။ အစိုးရအနေနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့အတွက် အစိုးရကိုယ်စားလှယ်ဌာနတို့အတွက် ကုန်ကျစရိတ် ပြန်လည်ဆယ်ယူနိုင်သော မူဝါဒချမှတ်ထားလျှင်ပင် ကုန်ကျစရိတ်များကို တောင်းခံချင်မှ တောင်းခံလိမ့်မည်ဖြစ်သည်။

လွတ်လပ်သော ပုံစံအောက်ရှိ EMB များသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက်များအတွက် ၎င်းတစ်ခုတည်းတွင်သာ တာဝန်ရှိနိုင်ပြီး ထို့ကြောင့်ပင် တိုက်ရိုက် ကုန်ကျစရိတ်များ သိသိသာသာပင် အဆင့်သင်ဆိုသလို မြင့်မြင့်မားမားကုန်ကျနိုင်ပြီး အစိုးရပုံစံနှင့် ပုံစံအရောတို့အောက်ဘက်ရှိ EMB များထက် ကွဲပြားသော ကုန်ကျစရိတ်ပိုမိုလျော့နည်းနိုင်လေသည်။ သိသိသာသာပင် အဆင်သင့်ထွက်ပြီးသားဖြစ်သော နာမည်တပ်နိုင်သော ပိုမိုမြင့်မားသည့်ကုန်ကျစရိတ်များသည် ပိုမိုမြင့်မားသော အမှန်တစ်ကယ်ကုန်ကျငွေ ဖြစ်သယောင်ယောင် ထင်မှတ်မှားနိုင်စေသည်။

## ဇယား ၁၃ : ရွေးကောက်ပွဲဆိုင်ရာ အမိက၊ကွဲပြားသော နှင့် နည်းစနစ်ကျနမှု ကုန်ကျစရိတ်များ၏ ဂုဏ်သတ္တိနှင့် ဥပမာများ

| | အမိက ကုန်ကျစားရိတ် | ကွဲပြားသော ကုန်ကျစရိတ် | နည်းစနစ်ကျနမှု ကုန်ကျစရိတ် |
|---|---|---|---|
| ဂုဏ်သတ္တိများ | • ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၏ အခြေခံ ကုန်ကျစရိတ်များ ကိုပေးချေနိုင်သည်။ EMB သို့မဟုတ် အခြားရွေးကောက်ပွဲအတွက် တာဝန်ရှိသော အာဏာပိုင်ဌာန၏ ဘတ်ဂျက်ငွေထဲတွင် စာရင်းပြနိုင်သည်။ ကိုယ်စားလှယ်ဌာန များကွဲပြားသွားပါက ပမာဏ သတ်မှတ်ခြင်းနှင့် ပေါင်းစည်းခြင်း လုပ်ရန် ခက်သွားနိုင်သည်။ | • ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတွက် အထောက်အပံ့ပေးရေး ကျသင့်ငွေများသည် အခြားသော ကိုယ်စားလှယ်ဌာနများမှ ပေးခြင်းဖြစ်သည်။<br>• ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်ကို သီးသန့်ခွဲထုတ်ရန် ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။<br>• ကိုယ်စားလှယ်ဌာန တော်တော်များများ၏ အထွေထွေဘတ်ဂျက်ငွေအတွင်း မကြာခဏဆိုသလို ပါဝင်နေသောကြောင့် ပမာဏသတ်မှတ်ရန် ခက်ခဲလိမ့်မည်။ | • ထိရှလွယ်သော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတွက် နည်းစနစ် ကျနစေရန် ထပ်တိုးကုန်ကျစရိတ်များ ရှိနိုင်သည်။<br>• EMB သို့မဟုတ် အခြားသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတွက် တာဝန်ရှိသော အခြားသောအာဏာပိုင်ဌာန၏ဘတ်ဂျက်ငွေထဲတွင် စာရင်းပြနိုင်သည်။<br>• ကိုယ်စားလှယ်ဌာနများအကြား ခွဲခြားလိုက်ပါက ပမာဏ သတ်မှတ်ရန် ခက်ခဲသွားနိုင်သည်။<br>• အရေးအခင်းနောက်ပိုင်းနှင့် ဒီမိုကရေစီရကာစ နိုင်ငံများတွင် ဖြစ်လေ့ဖြစ်ထရှိသည် |
| ဥပမာများ | • မဲဆန္ဒရှင် မှတ်ပုံတင်ခြင်း၊<br>• မဲဆန္ဒရှင် တို့၏ သတင်းအချက် အလက်၊ မဲစာရွက်များ ပုံနှိပ်ခြင်း၊ မဲပေးခြင်း၊ မဲရေခြင်း နှင့် ရလဒ်ကြေငြာခြင်းတို့ အတွက် အခြေခံကုန်ကျ စရိတ်များ | • ရဲများ၏ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှု<br>• နိုင်ငံသားမှတ်ပုံတင် ကိုယ်စားလှယ်ဌာနမှ ပေးသော မဲဆန္ဒရှင်၏အချက်အလက်များ<br>• သယ်ယူပို့ဆောင်ရေး သို့မဟုတ် နေရာဌာနကဲ့သို့သော ရွှေ့ပြောင်းမှုဆိုင်ရာ ထောက်ပံ့မှု အစိုးရမှ ပေးခြင်း စာရင်းအင်းဆိုင်ရာ IT စနစ်ရှိသည်။<br>• မဲရုံအရာရှိများအဖြစ် လွှဲပြောင်းခြင်း ခံထားရသော ကျောင်းဆရာများအတွက် လစာများရှိသည်။ | • ဖျက်မရသော မင်နှင့် စစ်ဆေးသော ဘူးကဲ့သို့သော အဆင့်မြင့် မဲပေးရာတွင် လုံခြုံမှုပေးနိုင်သောအရာများ၊<br>• မဲမှတ်ပုံတင်စာရင်းများကို ပြင်ပမှလုပ်ဆောင်ခြင်း<br>• မဲစာရွက်အတွက် အထူးလုံခြုံသည့် စက္ကူ ရိုက်နှိပ်ခြင်း<br>• နိုင်ငံတကာ ငြိမ်းချမ်းရေး တာဝန်များအတွက် ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ကုန်ကျစရိတ်များ<br>• ပါတီမဲဆွယ်ရေးနှင့် မီဒီယာစောင့်ကြည့်ရေး ကဲ့သို့သော နိုင်ငံရေးအရ ညီမျှမှု ဖြစ်စေရန် ကုန်ကျသော စရိတ်များ |

## မည်သူက EMB များသို့ ဘဏ္ဍာငွေ ထောက်ပံ့ပြီး မည်သို့ ထောက်ပံ့နေသနည်း

### *တိုင်းပြည် သို့မဟုတ် ပြည်သူ့ဘဏ္ဍာ*

ရွေးကောက်ပွဲဟူသည် ဒီမိုကရေစီပြည်ထောင်စု တစ်ခုအတွက် အဓိကအရေးပါသော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ ထို့ကြောင့်ပင်လျှင် တိုင်းပြည်သည် EMB အများစု၏ အဓိကကျသော ကုန်ကျစရိတ်များအတွက် ပင်မဘဏ္ဍာရေးဆိုင်ရာအရင်းအမြစ်သဖွယ် ဖြစ်နေလေသည်။ ရွေးကောက်ပွဲဆိုင်ရာ ဘတ်ဂျက်ငွေသည် နှစ်စဉ်စုပေါင်းတိုင်းပြည်ဘဏ္ဍာ ဘတ်ဂျက်ငွေထဲတွင် ပါသော်လည်း EMB မတူပါက ၎င်းတို့၏ ဘဏ္ဍာငွေများကို နည်းအမျိုးမျိုးနှင့် လမ်းကြောင်းအမျိုးမျိုးမှ ရရှိနိုင်သည်။

### *တိုင်းပြည်ဘဏ္ဍာများကို ခွဲဝေဖြန့်ဖြူးခြင်းဆိုင်ရာ နည်းစနစ်*

ဥပမာအားဖြင့် အယ်လ်ဘေးနီးယား၊ ဂါနာနှင့် ကိုဆိုဗို ကဲ့သို့သော လွတ်လပ်သော ပုံစံအောက်ရှိ EMB အများအပြားသည် တိုင်းပြည်ဘဏ္ဍာအတွင်းမှ သီးသန့်ကွဲပြားသော အကြောင်းအရာတစ်ခုဖြစ်ပြီး EMB များသို့ အကောက်ခွန်ဌာနမှ တိုက်ရိုက်လွှဲခြင်းဖြစ်သည်။ အချို့သော သူများအတွက် EMB ဘတ်ဂျက်ငွေသည် အစိုးရဝန်ကြီးဌာနများမှ တစ်ဆင့်လွှဲပေးခြင်းဖြစ်သည်။

အစိုးရပုံစံအောက်ရှိ EMB များအတွက် ဘတ်ဂျက်ငွေသည် အများအားဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ လက်တွေ့အကောင်အထည်ဖော်ရန် တာဝန်ရှိသော အစိုးရဝန်ကြီးဌာနများ၏ ဘတ်ဂျက်ငွေ တစ်စိတ်တစ်ပိုင်း အများအားဖြင့် ဖြစ်လေ့ဖြစ်ထရှိသည်။ ခွတ်ခ်အိုင်လန်၊ ဒိန်းမတ်နှင့် စင်ကာပူတို့တွင်ကဲ့သို့ဖြစ်သည်။ ပုံစံအရောကိုသုံးပါက ပါဝင်ဖွဲ့စည်းထားသော လွတ်လပ်သည့် EMB ၏ ဘတ်ဂျက်ငွေသည် ပြင်သစ်တွင် အတွင်းဝန်ကြီးဌာနမှလုပ်သကဲ့သို့ ကြားခံဆက်သွယ်ဝန်ကြီးဌာနတစ်ခုမှ တစ်ဆင့်လာမည်ဖြစ်သည်။

### *တလုံးတခဲ သို့မဟုတ် ဖြန့်ဖြူးပြီးသား ရွေးကောက်ပွဲဆိုင်ရာ ဘတ်ဂျက်ငွေများ*

ရွေးကောက်ပွဲဆိုင်ရာ ဘတ်ဂျက်ငွေသည် နိုင်ငံ့ဘဏ္ဍာငွေထဲတွင် တလုံးတခဲတည်း ပေါင်းစည်းထားသော ခေါင်းစဉ်တစ်ခုဖြစ်နိုင်သကဲ့သို့ အစိုးရကိုယ်စားလှယ်ဌာနအမျိုးမျိုးသို့ ခွဲခြားထားသော ဘတ်ဂျက်ငွေများထဲတွင် အမြောက်အမြားလည်း ပါဝင်နေနိုင်ပြန်သည်။ အမျိုးသား၊ ဒေသဆိုင်ရာနှင့် မြို့နယ်ဆိုင်ရာ အစိုးရဘတ်ဂျက်ငွေများ တစ်ခုချင်းစီသည် EMB များအတွက် ဘဏ္ဍာငွေများထောက်ပံ့ကြလေသည်။ အင်ဒိုနီးရှားကျွန်းစုနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ အမျိုးသားနှင့် တိုင်းဒေသဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲတို့အတွက် နိုင်ငံ့ဘဏ္ဍာက EMB ကို ပြည့်ပြည့်ဝဝ ထောက်ပံ့သော်လည်း တိုင်းဒေသဆိုင်ရာနှင့် မြို့အာဏာပိုင်တို့ကစီရင်စုအုပ်ချုပ်ရေးမှူးနှင့် မြို့ဝန်ရွေးကောက်ပွဲတို့အတွက် ထောက်ပံ့ဘဏ္ဍာအများစုကို ပေးရလေသည်။ ထိုကဲ့သို့သော ဆောင်ရွက်မှုမျိုးသည် ပြည်ထောင်စုနိုင်ငံများတွင် ပိုအသုံးများလေသည်။ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားကဲ့သို့သော နိုင်ငံမျိုးတွင် EMB များအတွက် ဘဏ္ဍာငွေများကို အစိုးရ၏ အဆင့်လေးဆင့်လုံးက ထောက်ပံ့ရလေသည်။ ၎င်းတို့၏ ထောက်ပံ့မှုပမာဏသည် ရွေးကောက်ပွဲ အမျိုးအစားပေါ် မူတည်ပြီး ပမာဏကွဲပြားလေသည်။ အိန္ဒိယနှင့် မက္ကဆီကိုတွင် နိုင်ငံတော်အစိုးရသည် EMB ကို နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများ ပြုလုပ်ရန်အတွက် ထောက်ပံ့လေပြီး ဒေသဆိုင်ရာ အစိုးရက၎င်းတို့၏ ရွေးကောက်ပွဲများ နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများနှင့် ထပ်တူကျသွားသည့်အခါမျိုးတွင် ဘဏ္ဍာငွေထောက်ပံ့ခြင်းမျိုး ပြုလေသည်။ ဗြိတိန်တွင် ရွေးကောက်ပွဲကုန်ကျစရိတ်များသည် မြို့အာဏာပိုင်များမှ ဘဏ္ဍာငွေထောက်ပံ့ရပြီး ဗဟိုအစိုးရက သတ်မှတ်ထားသော အဆင့်အလိုက်ပြန်လည်ငွေပေးချေလေသည်။

## *အလှူရှင်များမှ ဘဏ္ဍာငွေထောက်ပံ့ခြင်း*

အချို့သော အရေးအခင်းပဋိပက္ခဖြစ်ပွားပြီးကာလ နိုင်ငံအချို့သည် ကုလသမဂ္ဂ သို့မဟုတ် အခြားသော အစိုးရကိုယ်စားလှယ်အဖွဲ့များအား ၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ ဘတ်ဂျက်ငွေကို လုပ်ငန်းစဉ်တစ်ခုလုံးအတွက် သို့မဟုတ် ထင်ရှားသောတစ်ပိုင်းတစ်စအတွက်ထောက်ပံ့ရန် အလှူရှင်တို့၏ အထောက်အပံ့ကို မှီခိုခဲ့ရသည်။ ဥပမာပြရလျှင် ကမ္ဘောဒီးယား (၁၉၉၃)၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား (၁၉၉၆)၊ တီမောလက်စ်တီ (၂၀၀၀)၊ ဆယ်ရာလီရုန်း (၂၀၀၂)၊ အာဖဂန်နစ္စတန် (၂၀၀၄)၊ အီရတ် (၂၀၀၅)နှင့် ပါလက်စတိုင်း (၂၀၀၅-၀၆) တို့ဖြစ်သည်။ အရေးအခင်းဖြစ်ပြီးကာလ ရွေးကောက်ပွဲများတွင် အလှူရှင်တို့၏ အထောက်အပံ့သည် မရှိမဖြစ်လိုအပ်သည်။ အထူးသဖြင့် နိုင်ငံဆိုင်ရာ အသင်းဌာနများ ပျက်စီးသွားခြင်းကြောင့် ၎င်းတို့အနေနှင့် အခွန်မကောက်ခံနိုင်တော့သော အခြေအနေမျိုးတွင် ပိုလိုအပ်သည်။

ကုလသမဂ္ဂမှ၊ ဥရောပကော်မရှင်၊ နိုင်ငံတကာတိုးတက်ရေးအတွက် အမေရိကန် ကိုယ်စားလှယ်အဖွဲ့အစည်း (USAID) နှင့်အခြားသောနေရာတို့မှ အလှူရှင်အထောက်အပံ့တို့သည် နိုင်ငံအတော်များများတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဘဏ္ဍာငွေထောက်ပံ့ရန်အတွက် ထိထိရောက်ရောက်ထောက်ပံ့နိုင်ခဲ့ကြလေသည်။ ဒေသဆိုင်ရာ အလှူရှင်အထောက်အပံ့ လမ်းကြောင်းပုံစံမျိုးလည်း တိုးတက်လာပြီ ဖြစ်သည်။ ဥပမာအားဖြင့် တောင်အာဖရိကနှင့် အခြားသော SADC (တောင်အာဖရိကဖွံ့ဖြိုးရေးအုပ်စု) နိုင်ငံများမှ EMB နှင့် အခြားသော SADC (တောင်အာဖရိကဖွံ့ဖြိုးရေးအုပ်စု) အဖွဲ့ဝင်နိုင်ငံများအား ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရန်ကမ်းလှမ်းထားပြီး အခြားသော OAS (အမေရိကပြည်နယ်များဆိုင်ရာအသင်း) ကလည်းအခြားသော ဟေတီကဲ့သို့သောနိုင်ငံများကို ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့များ ပေးထားလေသည်။

လစ်ဗျားကဲ့သို့သော ဒီမိုကရေစီရကာလ နိုင်ငံများတွင် နိုင်ငံတကာသတ်မှတ်ချက်နှင့် ကိုက်ညီသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်အတွက် အထောက်အပံ့ လိုအပ်နိုင်သည်။ အပျံသင်ကာလ အတိုက်အခံပါတီများကိုလည်း ရွေးကောက်ပွဲတွင် နှိုင်းရအားဖြင့် အပြိုင်အဆိုင်ပုံစံ ပါဝင်ယှဉ်ပြိုင်နိုင်စေရန် အထောက်အပံ့မှာလည်း မဖြစ်မနေလိုအပ်သည်။ ပါပူဝါနယူးဂီနီကဲ့သို့သော ၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာဝန်ဆောင်မှုများကို အဆင့်မြှင့်လိုသော နိုင်ငံများတွင် အသင်းအဖွဲ့များ၏ အထွေထွေစွမ်းဆောင်ရည်နှင့် အသိပညာပေးရေးတို့တွင် လေ့ကျင့်သင်ကြားရေးနှင့် အသိပညာပေးရေးကဲ့သို့သော "လက်ဆုပ်လက်ကိုင်မပြနိုင်သည့်" အရာများနှင့် ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်တွင် ပြည့်ပြည့်ဝဝတည်ထောင်ရန် ဖြစ်နိုင်ချင်မှဖြစ်နိုင်လိမ့်မည်။ ဒီမိုကရေစီ အထိုက်အလျောက်ရင့်ကျက်သော နိုင်ငံများတွင်ပင် ဦးစီးဦးဆောင် ကွင်းဆင်းလုပ်ဆောင်ရသော အချက်အလက်များအား တွက်ချက်ခြင်းနှင့် ဆက်သွယ်ရေးတို့တွင် အလှူရှင်အထောက်အပံ့ လိုကောင်းလိုလိမ့်မည်။ အချို့သော ဒီမိုကရေစီရကာလနိုင်ငံများသည် ၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ ဘတ်ဂျက်ငွေများကို ဘဏ္ဍာငွေထောက်ပံ့ရန်အတွက် ပြည်ပအလှူရှင်အထောက်အကူကို အင်မတန်မှ မှီခိုကြသည်။ ထိုမှ ရလာသောရေရှည်လုပ်နိုင်သည့် ပြဿနာကိစ္စများမှာ ဤစာအုပ်၏ အခန်း ၁၁ တွင် စစ်ဆေးပြသထားပါသည်။

အလှူရှင်တို့၏ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ကို အလှူရှင်ထောက်ပံ့ရေးဆိုင်ရာ လည်ပတ်မှုက အကျိုးသက်ရောက်မည်ဖြစ်ပြီး EMB လိုအပ်ချက်များ၏ ချိန်ကိုက်မှုနှင့် ကွက်တိဝင်ရန် လုပ်ဆောင်ဖို့ ခက်ခဲကောင်း ခက်ခဲနိုင်သည်။ အလှူရှင်အထောက်အပံ့သည် EMB သို့ တိုက်ရိုက်လွှဲလျှင်လွှဲ၊ သို့မဟုတ် အစိုးရဝန်ကြီးဌာနတစ်ခုခုမှ လွှဲပြောင်းခြင်းလုပ်လေ့ရှိသည်။ ကမ္ဘောဒီးယား နိုင်ငံတွင် EMB သည် အမျိုးသားအကောက်ခွန်ဌာနတွင် အရင်းအမြစ်များအားလုံးထံမှ ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာ ဘဏ္ဍာငွေ

အတွက် ရည်ရွယ်ပြီးတည်ထောင်ထားသော စာရင်းတစ်ခုရှိသည်။ အလှူရှင်အမြောက်အမြား ထံမှလာသော စာရင်းအင်းဆိုင်ရာ လိုအပ်ချက်အများအပြားသည် EMB ၏ ဘဏ္ဍာရေးအစီရင်ခံရာ ယန္တရားကို ရှုပ်ထွေးစေနိုင်လိမ့်မည်။ သို့သော်လည်း ထိုကဲ့သို့သော လိုအပ်ချက်များကို တွေ့ကြုံလိုက်ရသောကြောင့် EMB များကို ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းအင်းစနစ်ကို ပြန်လည်ဆန်းစစ် တိုးတက်အောင် လုပ်နိုင်ရန် အားပေးနိုင်သည်။

ဘဏ္ဍာငွေများကို ထိန်းချုပ်ရေးသည် အငြင်းပွားဖွယ်ရာဖြစ်သော ကိစ္စတစ်ရပ်ဖြစ်သည်။ အလှူရှင်များမှာ လှူဒါန်းလိုက်သော ဘဏ္ဍာငွေများအား အစိုးရဝန်ကြီးဌာနများမှ တစ်ဆင့်သွားခြင်းသည် နှောင့်နှေးကြန့်ကြာခြင်း သို့မဟုတ် အစိုးရ၏ ဗျူရိုကရေစီ သို့မဟုတ် အကျင့်ပျက်ခြစားမှုတို့ကြောင့် ဘဏ္ဍာငွေကြေးများ ခွဲဝေရာတွင် လွဲမှားခြင်းများ ဖြစ်နိုင်သည်။ သို့သော် လက်ခံရာအိမ်ရှင်နိုင်ငံများကမူ အလှူရှင်များထက် ၎င်းတို့၏ဘဏ္ဍာရေးဆိုင်ရာ ဦးစားပေးမှုများ အထမြောက်ရန်အတွက် ထိုနည်းစနစ်ကိုသာ ကျင့်သုံးရန် တိုက်တွန်းကောင်း တိုက်တွန်းနိုင်သည်။ အလှူရှင်များ၏ ကိုယ်စားလှယ်များအားလုံး အပါအဝင်၊ EMB နှင့် ဖြစ်နိုင်ပါက အစိုးရပါပါသော ကော်မတီယန္တရားကို ပွဲကိုင်ခြင်းသည် ထိရောက်သောဖြေရှင်းနည်းတစ်နည်းဖြစ်နိုင်ပြီး ဘဏ္ဍာငွေများကိုပွားယူခြင်းမျိုးလည်း မလုပ်နိုင်အောင်တားဆီးနိုင်မည်။ UNDP ကဲ့သို့သော ကိုယ်စားလှယ်အဖွဲ့အစည်းမျိုးကို စနစ်တကျ သို့မဟုတ် အလွတ်တန်း အသုံးပြုကာ EMB အတွက် အလှူငွေများကို စနစ်တကျလည်ပတ်စေရန် ပြုလုပ်ခြင်းသည်လည်း ထိရောက်နိုင်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၄ ခုနှစ်၌ အလှူရှင်အမြောက်အမြား၏ ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ဖြစ်ရေးအတွက် လှူဒါန်းထားသော ဘဏ္ဍာငွေများ၏ အမြောက်အမြားသော ဝေစုအပုံသည် UNDP ၏ ယုံကြည်အပ်နှံ ရံပုံငွေမှတစ်ဆင့် EMB မှ တည်ထောင်ထားသော ဦးစားပေးအဆင့်များအလိုက် ခွဲဝေပေးခဲ့သည်။

EMB ဘက်မှ သတိပြုရန်လိုသည်မှာ အလှူရှင်တို့က ထောက်ပံ့လိုက်သော အထောက်အပံ့များသည် အလှူရှင်တို့မှပေးသော အတိုင်ပင်ခံ သို့မဟုတ် အလှူရှင်နိုင်ငံတို့မှပေးသော ကိရိယာတို့၏ အကျိုးအမြတ်၏ လွှမ်းမိုးမှုကိုမခံဘဲ ၎င်းတို့၏ ဦးစားပေးအချက်အလက်များနှင့် ကိုက်ညီမှုရှိစေရန် သတိပြုရမည်။ အလှူရှင်များမှ ထောက်ပံ့သော နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့တို့တွင် လေ့ကျင့်သင်ကြားမှုနှင့် ကျွမ်းကျင်မှုတို့အား EMB ၏ တာဝန်ထမ်းဆောင်သော ဝန်ထမ်းများသို့ လွှဲပြောင်းပေးရန်လိုသည်။ ထိုမှသာလျှင် EMB မှ နောင်အနာဂတ်ရှိ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် ပြည့်ပြည့်ဝဝ ပိုင်ဆိုင်မှုရှိမည်ဖြစ်သည်။ အလှူရှင်များအနေနှင့် ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို EMB အတွက် တိုက်ရိုက်ချုပ်ဆိုဆက်သွယ်မှုလုပ်ပေးရန် ပိုမိုလိုလားသော်လည်း ထိုသို့လုပ်လိုက်ပါက ပြည်ပဝင်ရောက်စွက်ဖက်မှုနှင့်ပတ်သက်ပြီး ပြည်သူများထံမှ မေးခွန်းများထွက်လာနိုင်လေသည်။ အလှူရှင်တို့အနေနှင့်လည်း ၎င်းတို့ပေးကမ်းသော စနစ်၊ ကိရိယာနှင့် အခြားသော လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အရာများကို ၎င်းတို့ဇာတိနိုင်ငံမှ ရောင်းချသူများထံမှ ဝယ်ယူမှုကို လိုလားကောင်းလိုလားပေမည်။ သို့သော်လည်း အတွေ့အကြုံအရ တီမော-လက်စ်တီတွင် ၂၀၀၀ ခုနှစ်၌ မဲဆန္ဒရှင်မှတ်ပုံတင်ရေးအတွက် ကိရိယာရွေးချယ်ခြင်းကဲ့သို့သော ပြင်ပမှ စက်ပစ္စည်းကိရိယာများကို အသုံးချဖြေရှင်းနည်းသည် လက်ရှိပြည်တွင်း ရေမြေသဘောသဘာဝနှင့် မကိုက်ညီဖို့များသည်။

## ဇယား ၁၄ : ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတွက် နိုင်ငံတကာ အလှူရှင်ဘဏ္ဍာငွေထောက်ပံ့မှုရှိခြင်း၏ အဓိက အားသာချက်နှင့် အားနည်းချက် အချို့များ

| အားသာချက်များ | အားနည်းချက်များ |
|---|---|
| • ရွေးကောက်ပွဲကို ကျိန်းသေပေါက်လုပ်ပေးရန် အာမခံပေးဖို့လိုမည်<br>• အလှူရှင်မှထောက်ပံ့သော ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့သည် ရွေးကောက်ပွဲဆိုင်ရာ ဦးစီးစီမံမှု စံနှုန်းများ ပြဋ္ဌာန်းလာနိုင်သည်။<br>• နိုင်ငံတကာ စံချိန်စံနှုန်းများကို အကောင်အထည်ဖော်ရာတွင် အထောက်အကူအဖြစ် အသုံးချခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်၏ လွတ်လပ်မှုနှင့် မျှတမှုကို မြှင့်တင်စေနိုင်သည်။<br>• နည်းပညာပိုင်းဆိုင်ရာ အထောင်အပံ့မှ ကျွမ်းကျင်မှုများကို လွှဲပြောင်း ပေးလိုက်ခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ရေရှည်တိုးတက်မှုကို ဖန်တီးပေးနိုင်သည်။<br>• ပူးပေါင်းထားသော အလှူရှင် အထောက်အပံ့များသည် EMB ၏ ဘတ်ဂျက်အတွင်း လစ်ဟာနေသောနေရာများကို ဖြည့်ဆည်းပေးနိုင်သည်။<br>• ဘဏ္ဍာငွေထောက်ပံ့ခြင်းသည် သင့်တော်သော နည်းပညာများ ရယူခြင်းဖြင့် EMB ၏ ဝန်ဆောင်မှုနှင့် ယုံကြည်ရနိုင်စွမ်းကို မြင့်တက်စေရန် အထောက်အကူပြုနိုင်လိမ့်မည်<br>• EMB များကို ၎င်းတို့၏ ဘတ်ဂျက်နှင့် စာရင်းအင်းဆိုင်ရာ လုပ်ဆောင်မှုများ တိုးတက်စေရန် အားပေးကောင်း အားပေးနိုင်မည်။ | • ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတွက် နိုင်ငံခြားဘဏ္ဍာထောက်ပံ့မှုကို ငွေကုန်ကြေးကျများပြီး ရေရှည်မလုပ်နိုင်သော ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ပုံများကို အစပျိုးသလို ဖြစ်သွားနိုင်သည်။<br>• သေသေချာချာမလုပ်ဆောင်ပါက ဘဏ္ဍာငွေများ နှစ်ခါပွားလိုက်သလိုဖြစ်သွားမည်။<br>• နာမည်ထွက်မည့် ကိစ္စများကိုသာ အာရုံစိုက်နေသောကြောင့် မရှိမဖြစ်လိုအပ်သော အရာများထိခိုက်ခြင်းကို ဖြစ်စေနိုင်ခြင်း<br>• လုံလောက်သော ဘဏ္ဍာငွေအထောက်အပံ့ အချိန်မီ ရောက်လာမည်ဟု အာမမခံနိုင်ပေ<br>• EMB တွင် မထိရောက်သော သို့မဟုတ် မသင့်တော်သော ပြင်ပမှ ထိန်းကျောင်းသည့် နည်းပညာဆိုင်ရာ ဖြေရှင်းနည်းများ ပေါ်ပေါက်လာနိုင်သည်။<br>• အလှူရှင်အများအပြားက တောင်းဆိုသောကြောင့် စာရင်းအင်းဆိုင်ရာ တွက်ချက်မှု ယန္တရားများ ကွဲပြားစွာ လုပ်ဆောင်ရန် ခက်ခဲကောင်း ခက်နိုင်မည်။ |

### *EMB ၏ အခြားသော ဘဏ္ဍာငွေ ထောက်ပံ့မှုဆိုင်ရာ ရင်းမြစ်များ*

အချို့သော EMB များအနေနှင့် ဝင်ငွေများကို ရွေးချယ်ကောက်ယူခ၊ ပျောက်ဆုံးအပ်ငွေ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်ခြင်း သို့မဟုတ် အခြားသော စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်းကြောင့် ဒဏ်ငွေချမှတ်ခြင်းမှ ရှိနိုင်သည်။ ထိုဝင်ငွေများကို ပြည့်ပြည့်ဝဝနှင့် ပွင့်လင်းမြင်သာမှုရှိစွာ တာဝန်ယူနိုင်ရန် အရေးကြီးသည်။

EMB များသည်လည်း ဘဏ္ဍာငွေထောက်ပံ့ကြေးနှင့် အလှူငွေများကို ကော်ပိုရေးရှင်းကြီးများ၊ စီးပွားရေးအသိုင်းအဝိုင်းနှင့် ပရဟိတသမားများထံမှ ရရှိကောင်းရရှိနိုင်သည်။ EMB များဘက်မှ သတိထားရန် လိုသည်မှာ ကော်ပိုရိတ်အပိုင်းများမှ ၎င်းတို့ ဘဏ္ဍာငွေထောက်ပံ့မှုများ ရရှိခြင်းသည် ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ ရိုးသားမှု၊ ဘက်မလိုက်မှု သို့မဟုတ် ယုံကြည်ရမှုနှင့်ဆိုင်သော ခံယူချက်များကို သက်ရောက်မှု မရှိစေရပေ။

ဩစတြေးလျနိုင်ငံမျိုးတွင်ရှိသော အချို့သော EMB များသည် ပညာရှင်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ကုန်သွယ်ရေးသမဂ္ဂများကဲ့သို့သောဌာနများ၏ ကိုယ်စားရွေးကောက်ပွဲများကို ဦးစီးစီမံပေးခြင်းဖြင့် အချို့သော ဘဏ္ဍာငွေများကို ရှာဖွေပေးလေသည်။ အခြားသော မောရီးတီးယပ်စ်နိုင်ငံများတွင် နိုင်ငံရေးပါတီများသို့ ဖြန့်ဝေသော ရွေးကောက်ပွဲမှတ်ပုံတင်များ၏ ပုံနှိပ်မိတ္တူများ၏ ကုန်ကျစရိတ်များကို ကာမိစေရန် အဖိုးအခကောက်ခံလေသည်။

## EMB များ၏ ဘတ်ဂျက်ငွေ တွက်ချက်နည်း

ပုံသေခန့်အပ်ထားသော EMB များအတွက် ထင်ရှားသော ဘတ်ဂျက်ငွေနှစ်မျိုးရှိသည်။ တစ်ခုမှာ လက်ရှိလည်ပတ်နေစဉ်ကျသော အဖိုးအခနှင့် နောက်တစ်ခုမှ မဲဆန္ဒရှင်မှတ်ပုံတင် ထပ်တိုး ဖြည့်စွက်ခြင်း၊ မဲဆန္ဒရှင် အသိပညာပေးရေး မဲဆွယ်မှုနှင့် ရွေးကောက်ပွဲကဲ့သို့သော အရာများအတွက် ကျသင့်ငွေများဖြစ်သည်။ ထိုဘတ်ဂျက်ငွေ နှစ်မျိုးအတွက် မတူညီသော ချဉ်းကပ်နည်းများကိုယူပြီး တွက်ချက်ကြည့်နိုင်သည်။ ဘတ်ဂျက်ငွေနှင့် ပတ်သက်ပြီး EMB ၏ ချဉ်းကပ်ပုံသည် တိုင်းပြည်၏ ပြည်သူ့ဌာနအပိုင်းများကို ထင်ဟပ်စေပြီး အထူးသဖြင့် ထိုအပိုင်းသည် အထွေထွေပြည်သူ့အပိုင်း ဘဏ္ဍာရေးဆိုင်ရာ စည်းကမ်းများဖြင့် ချုပ်ထိန်းထားလျှင် ပိုထင်ဟပ်သည်။

ဘတ်ဂျက်ငွေဆိုင်ရာ လုပ်ငန်းစဉ်များအားလုံးသည် ပုံမှန်လိုလိုပင် EMB ၏ ဗျူဟာစီမံကိန်းနှင့် လာမည့်နှစ်များအတွက် ချမှတ်ထားသော လုပ်ရှားမှုဆိုင်ရာ စီမံကိန်းများတွင် ဖော်ပြထားသော ရည်ရွယ်ချက်များ၊ စီမံကိန်းများနှင့် ချိတ်ဆက်နေသည်။ ထိုဆက်နွယ်မှုသည် ဩစတြေးလျ EMB မှ လုပ်သကဲ့သို့ EMB ၏ လှုပ်ရှားမှုဆိုင်ရာ ကုန်ကျစရိတ်များမှာ သီးသန့်ကျသင့်ပြီးဘတ်ဂျက်ငွေများမှာ အထူးသီးသန့်ရလဒ်ပစ်မှတ်များနှင့် ရည်ရွယ်ချက်များကို ချိတ်ဆက်ထားသော "အစီအစဉ်" သို့မဟုတ် "စွမ်းဆောင်ရည်" ဆိုင်ရာ ဘတ်ဂျက်ငွေ ချဉ်းကပ်နည်းကိုသုံးရန် အားပေးထားလေသည်။ ထို့ကြောင့် EMB တစ်ခုလုံးကို ယူမည့်အစား၊ ဝန်ထမ်းခန့်အပ်ခြင်း၊ ဖောင်များပုံနှိပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လုံခြုံရေး၊ ဒေသဆိုင်ရာ ရုံးဌာနတို့၏ ကျသင့်ငွေများကဲ့သို့သော မည်သည့် EMB ဝန်ဆောင်မှု သို့မဟုတ် ထုတ်ကုန်ဟု သတ်မှတ်ရန်ခက်ခဲသော ယေဘုယျဘတ်ဂျက်ငွေအမျိုးအစားများနှင့် သက်ဆိုင်သော ကျသင့်ငွေများကို ဘတ်ဂျက်ငွေချပေးပြီး မဲစာရွက်ပုံနှိပ်ထုတ်ဝေခြင်းနှင့် ဖြန့်ဝေခြင်း၊ ဝန်ထမ်းလေ့ကျင့်သင်ကြားရေး သို့မဟုတ် နိုင်ငံရေးပါတီများအတွက် သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကဲ့သို့သော အစီအစဉ် သို့မဟုတ် စီမံကိန်းတစ်ခုခုထံသို့ ပေါင်းထည့်လိုက်သင့်သည်။

ဗျူဟာစီမံကိန်းပေါ်တွင် အခြေခံပြီး ဘတ်ဂျက်ငွေချမှတ်ပေးခြင်းသည် EMB ၏ ပြည်သူ့ဘဏ္ဍာနှင့် အခြားသော ဘဏ္ဍာငွေများကို အသုံးချမှုတွင် တာဝန်ယူမှုကိုအများကြီး မြင့်တက်စေနိုင်ပြီး ငွေကုန်သည်နှင့်တန်သော ဝန်ဆောင်မှုကို ပေးစွမ်းနိုင်မှုအား အာရုံစိုက်နိုင်ရန် ကူညီပေးလေသည်။ထိုကဲ့သို့ လုပ်ဆောင်ခြင်းသည်လည်း EMB အတွင်းရှိဌာနများ အားလုံးကို ၎င်း၏ဗျူဟာဆိုင်ရာ ရည်မှန်းချက်များနှင့် ကိုက်ညီသော လိုအပ်သော ရလဒ်ကိုအမည်တပ်ထားသော ပုဂ္ဂလဆိုင်ရာ လုပ်ငန်းခွင်စီမံကိန်းများကို ရရှိရန်ချမှတ်ထားသော၊ တိုင်းတာနိုင်သော ရလဒ်ပစ်မှတ်များနှင့် ထိုပစ်မှတ်များကို ရရှိရာတွင် ပြသနိုင်သောအချက်များပေါ်တွင် အခြေခံထားသော စွမ်းဆောင်ရည်ဆိုင်ရာရည်ရွယ်ချက်များပါဝင်ရန် လိုအပ်လေသည်။ လုပ်ငန်းခွင် စီမံကိန်းတစ်ခုချင်းစီသည် EMB ၏ ခြုံငုံထားသော ဗျူဟာစီမံကိန်းကို ထောက်ပံ့နိုင်သော ရည်ရွယ်ချက်များကိုရရှိနိုင်ရန် ရည်ရွယ်ထားပြီး အထူးသီးသန့် ဘတ်ဂျက်ငွေဆိုင်ရာတည်ဆောက်ပုံရှိသည်။ ထိုနည်းဖြင့် ဘတ်ဂျက်ငွေများကို ဗျူဟာစီမံကိန်းနှင့် ချိတ်ဆက်ထားခြင်းသည် ရည်ရွယ်ချက်

တစ်ခုချင်းစီကို ရောက်ရှိအောင်မြင်ရန်အတွက် ဘဏ္ဍာငွေများကို မည်မျှအကျိုးရှိရှိ ချဲ့ထွင်ပြီးသည်ဟူသော ပမာဏကို ဆုံးဖြတ်ရန် လွယ်ကူပြီး ဘဏ္ဍာငွေတောင်းခံလွှာများကို မည်သည့်နေရာ သို့မဟုတ် မည်သည့် ပမာဏအထိ ဖြတ်တောက်ပစ်ရမည် သို့မဟုတ် တိုးမြှင့်ရမည်ဟူသည်ကို ဆုံးဖြတ်ရန် ပိုမိုလွယ်ကူနိုင်သည်။

လက်ရှိလည်ပတ်သောနှင့် ရွေးကောက်ပွဲဆိုင်ရာ ဘတ်ဂျက်ငွေတို့အတွင်းတွင် အသေးစိတ်များ အလွှာများစွာပါဝင်သည်။ အတည်ပြုရန် တင်သွင်းထားသော ဘတ်ဂျက်ငွေတွင် မကြာခဏဆိုသလို ပူးပေါင်းမှုများအဆင့်မြင့်မြင့်ပါဝင်လေ့ရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်း သို့မဟုတ် မဲဆန္ဒရှင်များအသိပညာပေးရေးကဲ့သို့သော လုပ်ဆောင်မှုဆိုင်ရာ နယ်ပယ်တစ်ခုလုံးအတွက် ပမာဏအတိုင်းအတာတစ်ခုထိ ထောက်ပံ့မည်ဖြစ်သည်။ အတွင်းပိုင်းဆိုင်ရာ ကိစ္စများအတွက် အသေးစိတ်များကို ထပ်မံတင်ပြမည် ဖြစ်သည်။ ဥပမာအားဖြင့် လူများ ရုံးကုန်ကျစရိတ်များနှင့် ပစ္စည်းကိရိယာများ၏ လုပ်ဆောင်ရာ နယ်ပယ်တစ်ခုအတွက် ဘတ်ဂျက်ငွေအတွင်း ကုန်ကျစရိတ်များကို ပြသခြင်းကဲ့သို့သော ဖြစ်ရပ်မျိုးဖြစ်သည်။

ထိုကဲ့သို့ မတူကွဲပြားသော ဘတ်ဂျက်အဆင့်များကို ဖန်တီးရန်အတွက် ကွဲပြားသော နည်းလမ်းအမျိုးမျိုးကိုလည်း သုံးနိုင်လေသည်။ ဥပမာအားဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန သို့မဟုတ် လွှတ်တော်က EMB ကို လက်ရှိလည်ပတ်နေသော စုစုပေါင်း ကုန်ကျဘတ်ဂျက်ငွေသည် မနှစ်ကအတိုင်းဖြစ်လျှင်ဖြစ်၊ သို့မဟုတ် ငွေကြေးဖောင်းပွနှုန်းနှင့် အညီပမာဏတစ်ခုအထိသာ တက်မည် (ပုံမှန်တိုးမြှင့်နှုန်း သို့မဟုတ် အခြေခံသတ်မှတ် ဘတ်ဂျက်ပုံစံဟု သိကြသည်) ဟု ပြောကောင်းပြောနိုင်မည်။ ထိုကဲ့သို့သော ကိစ္စများတွင် EMB သည်လည်း စီမံကိန်းဗျူဟာအတွင်းတွင်ပါဝင်သော ပန်းတိုင်များနှင့် ဆက်စပ်နေသော အသေးစိတ် ကုန်ကျငွေများကို သုံးသပ်ရမည်ဖြစ်ပြီး ဘတ်ဂျက်ငွေအတွင်းဝင်သော ဆုံးဖြတ်ချက်များကို ချမှတ်ရမည် ဖြစ်သည်။ ချွေတာရမည့်ကာလများတွင် နိုင်ငံမှ ဘဏ္ဍာငွေထောက်ပံ့ထားသောဌာနများအားလုံးသည် ၎င်းတို့၏ ဘတ်ဂျက်ငွေများ ရာခိုင်နှုန်းအတိုင်းအတာတစ်ခုအထိ အဖြတ်ခံရမည်ဖြစ်ကြောင်း ပြောခံရမည် ဖြစ်သည်။ ထပ်မံပြောဆိုရလျှင် EMB အနေနှင့် စီမံကိန်းဗျူဟာအတွင်း ရွေးစရာရှိသည်တို့ကို ရွေးရမည်ဖြစ်သည်။ ဒီမိုကရေစီတည်ငြိမ်ပြီးသား နိုင်ငံများတွင် မဲဆန္ဒရှင်မှတ်ပုံတင် ထပ်မံတိုးချဲ့ခြင်း သို့မဟုတ် ရွေးကောက်ပွဲကဲ့သို့သော ပွဲစဉ်များ၏ ဘတ်ဂျက်ငွေများအတွက် ယခင်ကဘတ်ဂျက်ငွေကို ငွေကြေးဖောင်းပွမှု လက်ခံလိုက်ကာ တိုးမြှင့်လိုက်ပြီး အချို့သောကိစ္စများတွင် လူဦးရေတိုးမြင့်မှုကို ထည့်တွက်ရသည်။ ထပ်မံပြောဆိုရလျှင် EMB အနေနှင့် သတ်မှတ်ထားသော ဘတ်ဂျက်ငွေအတွင်း စီမံကိန်းဗျူဟာမှ ရည်မှန်းချက်များနှင့်လည်း ကိုက်ညီစေရန် နှင့် တိုးမြင့်လာသောကုန်ဈေးနှုန်းနှင့်လည်း အဆင်ပြေစေရန် မည်သို့ပွဲကိုဖြစ်အောင် စီမံခန့်ခွဲရမည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

ဘတ်ဂျက်စီမံသော အခြားသော နည်းလမ်းတစ်လမ်းမှာ သုညအခြေပြု (ထားသော) ပုံစံဖြစ်ပြီး ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်တစ်ခုချင်းစီ သို့မဟုတ် ရွေးကောက်ပွဲနှင့်သက်ဆိုင်သော စီမံကိန်းများအတွက် လိုအပ်သောဘတ်ဂျက်ငွေ စုစုပေါင်းကို ခန့်မှန်းတွက်ချက်ခြင်းဖြစ်သည်။ EMB ၏ အထွေထွေ အတွင်းရေးမှူးဌာနရှိ စီမံကိန်းရေးဆွဲရေးနှင့် ဘဏ္ဍာရေးရာဌာနပိုင်းက ထိုကဲ့သို့သော တွက်ချက်မှုမျိုးအတွက် တာဝန်ရှိကောင်းရှိနိုင်သည် သို့မဟုတ် လာမည့်နှစ်တွင် ၎င်းတို့အား ချမှတ်ထားသော တာဝန်များကို ထမ်းဆောင်ရာတွင် ခန့်မှန်းသတ်မှတ်ခြင်းစည် ဌာနခွဲတစ်ခုစီ၏ တာဝန်လည်းဖြစ်လာနိုင်သည်။ နယ်ပယ်တစ်ခုချင်းစီအတွက် ကုန်ကျစရိတ်များကိုလည်း တိကျမှုရှိစေရန်အတွက် စစ်ဆေးပြီး ဗျူဟာစီမံကိန်းနှင့် လိုက်လျောညီထွေမှု ရှိ၊မရှိကိုလည်း စစ်ဆေးရသည်။

ပြီးခဲ့သောနှစ်က လုပ်ဆောင်မှု သို့မဟုတ် ပြီးခဲ့သော ရွေးကောက်ပွဲများကပါဝင်ကျသင့် ခဲ့သော ကုန်ကျစရိတ်များသည် ယခုလုပ်ငန်းစဉ်အား ထောက်ပံ့ရန်အတွက် မကြာခဏသုံးလေ့ရှိပြီး ဘတ်ဂျက်ငွေ

၏ ပါဝင်ဖွဲ့စည်းမှုတစ်ခုတိုင်းသည် လက်ရှိအခြေအနေနှင့် သုံးသပ်ပြီး ညှိနှိုင်းရန်လိုအပ်လေသည်။ ဤကဲ့သို့သော ချဉ်းကပ်နည်းစနစ်သည် ပြီးခဲ့သောရွေးကောက်ပွဲမှ စကာကြီးကြီးမားမား ပြောင်းလဲမှုများ ဖြစ်ခဲ့လျှင် သို့မဟုတ် မဲပေးစက်ကဲ့သို့ သို့မဟုတ်ရွေးကောက်ပွဲစနစ်အတွင်း အပြောင်းအလွဲတစ်ခုကဲ့သို့ အပြောင်းအလဲကြီးကြီးမားမားတစ်ခု ပြုလုပ်ရန် အဆိုတင်သွင်းခဲ့ပါလျှင် အသုံးပြုသည်။ EMB များကို ငွေများအလုံးအရင်းလိုက် တစ်ခါတည်း တန်းပေးခြင်းမဟုတ်သောကြောင့် သတ်မှတ်ထားသောဘတ်ဂျက်ငွေအတွင်းတွင် စတင်သုံးစွဲသောအခါ တစ်ကယ်ကုန်ကျသောငွေသည် ခန့်မှန်ထားသောကုန်ကျငွေထက် မြင့်နေလျှင် သို့မဟုတ် မမျှော်လင့်သော ကုန်ကျစရိတ်များမြင့်တက်လာလျှင် ရွေးချယ်မှုများ ပြုလုပ်ရတော့မည်ဖြစ်သည်။ အလျှုရှင် ဘဏ္ဍာထောက်ပံ့ရေးသည် စီမံကိန်းအခြေစိုက်ဖြစ်ပါက ဘတ်ဂျက်ငွေများသည် ထိုပုံစံကိုသုံးပြီး ဖန်တီးထားလေ့ ရှိကြသည်။

## *ဘတ်ဂျက်ငွေတွက်ယူခြင်းနှင့် လက်ခံအတည်ပြုခြင်းလုပ်ငန်းစဉ်*

အယ်လ်ဂျီးရီးယား၊ ဘော့စ်တနာဝါ၊ အိုက်စ်လန်၊ လီဆိုသို၊ နူဝီနှင့် တွန်ဂါတို့တွင် လွှတ်တော်မှ EMB ဘတ်ဂျက်ကို ပြီးခဲ့သော ကုန်ကျစရိတ်များနှင့် အစီရင်ခံစာများကို ဘဏ္ဍာရေးဆိုင်ရာအခြေခံအဖြစ် တွက်ချက်ပြီး နှစ်စဉ်ဘတ်ဂျက်ငွေဆိုင်ရာ လုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် ဆုံးဖြတ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ဘတ်ဂျက်နှင့် စီမံခန့်ခွဲရေးဌာနက ပြည်သူပိုင်ဌာနများအတွက် ဘတ်ဂျက်ငွေကို ဆုံးဖြတ်သည်။

EMB များအနေနှင့် ကိုယ်ပိုင်ဘတ်ဂျက်ငွေများကို တွက်ချက်ပြီး အတည်ပြုချက်ရရန်အတွက် တောင်းခံခြင်းသည် ပုံမှန် လုပ်ရိုးလုပ်စဉ်ပင်ဖြစ်သည်။ အချို့သော ဖြစ်ရပ်များတွင် ဘတ်ဂျက်ငွေသည် အစိုးရထံသို့ခွင့်ပြုချက်ရရန် တင်သွင်းရလေ့ရှိပြီး (ဥပမာအားဖြင့် အန်ဂိုလာ၊ ဘာကီနာဖာဆို၊ ကင်မရွန်းနှင့် ချဒ် နိုင်ငံများ) ပုံမှန်အားဖြင့်တော့ ခွင့်ပြုချက်ရရန် လွှတ်တော်ကိုသာ တင်သွင်းရလေ့ရှိသည်။ ( ဥပမာအားဖြင့် ဘိုလီဗီးယား၊ ဘရာဇီးလ်၊ ဂမ်ဘီယာ၊ ဂူအမ်၊ ဂူယာနာ၊ မက္ကဆီကို၊ ပါကစ္စတန်နှင့် ဗင်နီဇွဲလား နိုင်ငံများ) ဘတ်ဂျက်ငွေစာရင်းပြုဟု တွက်ချက်ခြင်းသည်နှင့် အတည်ပြုရေးဆိုင်ရာ လုပ်ငန်းစဉ်တွင် ဘဏ္ဍာရေးရာဝန်ကြီးဌာနနှင့် ဆွေးနွေးရသည်တို့ ပါလာလေ့ရှိသည်။ ဥပမာအားဖြင့် တောင်ကိုရီးယားတွင် EMB သည် ဘတ်ဂျက်ကို တွက်ချက်ပြီးနောက်စီမံကိန်းရေးဆွဲရေးနှင့် ဘတ်ဂျက်ရေးရာ ဝန်ကြီးဌာနမှ ညှိယူလိုက်ပြီး ခွင့်ပြုရန်အတွက် စဉ်းစားခြင်းကို လွှတ်တော်မှ လုပ်လေသည်။ ကော့စတာရီကာကဲ့သို့သော နိုင်ငံမျိုးတွင် လွှတ်တော်သည် EMB ၏ အဆိုတင်သွင်းထားသော ဘတ်ဂျက်ငွေ၏ မည်သည့်အစိတ်အပိုင်းကိုမှ ပြောင်းလဲခွင့် ပယ်ချခွင့်မရှိချေ။ (စာမျက်နှာ ၁၂၈ ရှိ ဖြစ်ရပ်များကို လေ့လာခြင်းဆိုင်ရာ စာမျက်နှာကိုကြည့်ပါ)။ အခြားသောနိုင်ငံများတွင် EMB ၏ အဆိုတင်သွင်းထားသော ဘတ်ဂျက်ငွေ ၏ တစ်စိတ်တစ်ပိုင်းသာလျှင် (ဥပမာ- အဖွဲ့ဝင်များ၏ လစာနှင့် ပုံမှန်ထောက်ပံ့ကြေး ဆိုင်ရာ ကိစ္စများကိုင်တွယ်ခြင်း) အုပ်ချုပ်ရေး သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်အဖွဲ့အစည်းများက ပြောင်းလဲ၍မရနိုင်ခြင်းဖြစ်သည်။

အချို့သောနိုင်ငံများတွင် EMB ၏ ဘတ်ဂျက်သည် နှစ်ပိုင်းရှိသည်။ ပုံမှန်ပေးရသော ဘတ်ဂျက်ဟူသော ပုံသေခန့်အပ်ဝန်ထမ်းများနှင့် အခြားစပ်ဆက် ပစ္စည်းကိရိယာအထောက်အပံ့များအတွက် ပေးချေရသော ဘတ်ဂျက်ငွေဖြစ်ပြီး ရွေးကောက်ပွဲဘတ်ဂျက်တည်းဟူသော ရွေးကောက်ပွဲ သို့မဟုတ် ဆန္ဒခံယူပွဲများနှင့် တိုက်ရိုက်ဆက်နွယ်သော ထပ်တိုးကုန်ကျစရိတ်များကို ပေးချေသောစရိတ်ဖြစ်သည်။ ပုံမှန်ပေးရသော ဘတ်ဂျက်ငွေကိုမူ အစိုးရဘက်မှ ပြောင်းလဲခွင့်ရှိပြီး ရွေးကောက်ပွဲဘတ်ဂျက်ကိုမူ ပြောင်းလဲခွင့်မရှိချေ။ EMB က ၎င်း၏ နှစ်စဉ်ခန့်မှန်း ရွေးကောက်ပွဲဘတ်ဂျက်ငွေများကို အစိုးရထံသို့ တင်ပြပြီး ထိုခန့်မှန်းပမာဏထက် ပိုမိုသုံးစွဲပိုင်ခွင့်ရှိသည်။ ရွေးကောက်ပွဲပြီးနောက်တွင် EMB က ထို အသုံးစရိတ်များ

ကို တရားစီရင်ရေးဆိုင်ရာ ကော်မတီအား တာဝန်ယူတင်ပြရလေသည်။ ထိုကဲ့သို့သော ဘတ်ဂျက်ငွေ ပုံစံနှစ်မျိုးကို ကင်မရွန်း၊ ဂျော်ဂျီယာ၊ လိုင်ဘီးရီးယား၊ မက်ဒါဂတ်စကားနှင့် ရဝန်ဒါတို့တွင်သုံးသည်။

## *ဘတ်ဂျက်ဘဏ္ဍာငွေ ထောက်ပံ့မှု ရရှိနိုင်ခြေ*

နိုင်ငံတော်တော်များများတွင် အကောက်ခွန်ဌာနမှ EMB မှ လွှတ်တော်မှ လက်ခံအတည်ပြု လိုက်ပြီးနောက်တွင် စုစုပေါင်းတစ်စုတစ်စည်းတည်း ပေးလိုက်လေသည်။ သို့မဟုတ် ဆီနီဂေါ်နိုင်ငံ တွင် ကဲ့သို့ ဘဏ္ဍာရေးနှစ်တစ်နှစ်၏ အစတွင် ပေးလိုက်လေသည်။ ထိုကဲ့သို့သော ပုံစံမျိုးသည် EMB တွင် ၎င်း၏ ဘဏ္ဍာရေးရာများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြီး အများအားဖြင့် ဂမ်ဘီယာကဲ့သို့ ကိုယ်ပိုင်ဘဏ် စာရင်းရှိသော နေရာများတွင် အသုံးပြုလေသည်။ အချို့သော ဖြစ်ရပ်များတွင် EMB ဘဏ္ဍာများကို ဘဏ္ဍာရေးရာဝန်ကြီးဌာနမှ သိမ်းပြီး စီမံခန့်ခွဲထားကာ EMB မှ ၎င်း၏ မြီရှင်များနှင့် ဝန်ထမ်းများကို ပေး ရန်အတွက် အဓိကအားဖြင့် ချက်လက်မှတ်ဖြင့် ဝန်ကြီးဌာနသို့ တောင်းခံလေသည်။ EMB ၏ ဘတ်ဂျက် ငွေသည် အချို့သောနိုင်ငံများတွင် တစ်လုံးတစ်ဝတည်း ပေါင်းစည်းထားသော ဘဏ္ဍာငွေထံမှာ တိုက်ရိုက် ယူခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဘူတန်၊ ဂါနာ၊ဆယ်ရာလီရုန်း၊ ဆိုလိုမွန်ကျွန်းစုများနိုင်ငံ၊ တန်ဇနီးယား၊ ယူဂန်ဒါနှင့် ဇမ်ဘီယာတို့ ဖြစ်သော်လည်း ထိုချဉ်းကပ်နည်းကို အခြားသောနိုင်ငံများတွင် အသုံးမချမီ ထင်ရှားသော ဥပဒေရေးရာနှင့် ဦးစီးမှုရေးရာ အတားအဆီးများကို ဖြတ်ကျော်ရကောင်း ကျော်ရဦးမည် ဖြစ်သည်။ အစိုးရပုံစံနှင့် ပုံစံရောအောက်ရှိ အစိုးရ EMB များတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် ဘဏ္ဍာငွေသည် လက်ခံဦးဆောင်သော ဝန်ကြီးဌာနသို့ လွှဲပေးလိုက်ခြင်းဖြစ်ပြီး ထိုဝန်ကြီးဌာနကပင် ခွဲပေးရခြင်းဖြစ်သည်။ သို့မဟုတ် အကောက်ခွန်ဌာန ဘဏ်စာရင်းမှ တိုက်ရိုက်သွားခြင်းဖြစ်သည်။

## *EMB ဘဏ္ဍာငွေ ထောက်ပံ့မှုကို ထိန်းသိမ်းခြင်း*

ရွေးကောက်ပွဲကာလအတွင်း ဘဏ္ဍာငွေများရနိုင်မှုသည် အလွန်အရေးကြီးသည်။ သို့မှသာလျှင် ယာယီဝန်ထမ်းများလည်း ငွေရမည်ဖြစ်ပြီး ရွှေ့ပြောင်းစရာရှိသည်တို့လည်း မနှောင့်နှေးမည်ဖြစ်သည်။ ဌာနခွဲ ဆိုင်ရာ ဘဏ်အကောင့်ထဲသို့ မြို့နယ်ဝန်ထမ်းများကို ပေးရမည့်ငွေ မလွှဲရသေးသောကြောင့် ရွေးကောက်ပွဲကျင်းပမည့်နေ့ကို နှောင့်နှေးရန်မှာ မဖြစ်နိုင်ပေ။ ဥပဒေမူကြမ်း ချမှတ်ရာတွင်တော့ လ အတန်ကြာ နှောင့်နှေးတတ်သည်မှာ ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်သည်။ ရွေးကောက်ပွဲကျသင့်ငွေ တော်တော် များများသည် ရွေးကောက်ပွဲနေ့မတိုင်မီတွင် ပြန်လည်ရရှိပြီးဖြစ်ရမည်ဖြစ်သည်။ ထို့ကြောင့် ထိုအရေးကြီး သောအချိန်တွင် ဘဏ္ဍာငွေများအသင့် ကျိန်းသေပေါက်ရှိစေရန် သေချာအောင်ပြုလုပ်ခြင်းသည် ရွေး ကောက်ပွဲအတွက် ရွှေ့ပြောင်းမှုဆိုင်ရာ စီမံကိန်းတစ်ပိုင်းတစ်စအဖြစ် မှတ်ယူရမည်။ ဒီမိုကရေစီသတင် ကျင့်သုံးကာစနိုင်ငံများတွင် အဓိကကျသော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်ကြီးများကို အချိန်မီမီ၊ လုံ လုံလောက်လောက်ထောက်ပံ့နိုင်ရန် အများအားဖြင့် မလုပ်နိုင်ကြပေ။ EMB ၏ အသုံးစရိတ်လုပ်ငန်းစဉ် များနှင့် ငွေကြေးလည်ပတ်မှုသည် အစိုးရဝန်ကြီးဌာန၏ ထိန်းချုပ်မှုကိုခံရပြီး အစိုးရ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းစဉ်အောက်တွင် ရှိသောကြောင့် အဓိက အရေးကြီးသော ဘဏ္ဍာငွေများကို ဖြန့်ဝေရာတွင် နှောင့် နှေးမှုများရှိနိုင်သည်။

EMB အား ငွေဖြန့်ဝေရန် နှောင့်နှေးခြင်းသည် ရွေးကောက်ပွဲဦးစီးစီမံရေးတွင် ပြဿနာ အကြီး အကျယ် ဖြစ်စေနိုင်သည်။ ထိုဖြစ်စဉ်သည် ဆုံးဖြတ်ချက်များကို နှောင့်နှေးစေသကဲ့သို့ EMB အတွက် ရိုးသားသော တင်ဒါဆိုင်ရာလုပ်ငန်းများလုပ်ရန် သို့မဟုတ် ရွေးကောက်ပွဲအတွက် လက်ခံနိုင်လောက် အောင် အရည်အသွေးကောင်းသော ပစ္စည်းများကို စုဆောင်းရန် အချိန်မလုံလောက် ခြင်းတို့ဖြစ်နိုင်သည်။

ပစ္စည်းတင်ပို့သူများကို ငွေပေးချေရန်နောက်ကျခြင်းသည် အချိန်အရေးကြီးသော ရွေးကောက်ပွဲ ပတ်ဝန်းကျင်များအား ထောက်ပံ့တင်ပို့ရေးများတွင် အနှောင့်အယှက်ဖြစ်နိုင်သည်။ ပါပူဝါနယူးဂီနီတွင် ဖြစ်ခဲ့သော ဝန်ထမ်းများအား ငွေပေးချေရန် နောက်ကျခြင်းသည်လည်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ခြိမ်းခြောက်နိုင်လေသည်။ EMB နှင့် အစိုးရတို့ဘဏ္ဍာငွေ ဖြန့်ဝေရေးဆိုင်ရာ အစီအစဉ်များနှင့် သက်ဆိုင်သော နားလည်မှုယူသည့် အမှာစာတမ်းတွင် သဘောတူညီချက်ရယူခြင်းက ပိုမိုအကျိုးများစေလိမ့်မည်။

ဝန်ကြီးဌာနက EMB ကို ထိန်းချုပ်ပါက EMB ကို အစိုးရထိန်းချုပ်သည်ဟု မြင်သွားမည်ဖြစ်ပြီး ၎င်း၏ ယုံကြည်ရနိုင်စွမ်းတို့ကို ခြိမ်းခြောက်နိုင်သည်။ EMB အနေနှင့် အခြေခံဥပဒေတွင် အစိုးရထံမှ လွတ်လပ်ခွင့်ရထားသော နေရာများတွင်ပင်လျှင် အစိုးရ၏ ဘဏ္ဍာငွေပိုင်းဆိုင်ရာ ပေးအပ်မှုစနစ် ချိတ်ဆက်နေခြင်းက ၎င်း၏ ကိုယ်ပိုင်အုပ်ချုပ်နိုင်စွမ်းကို အကန့်အသတ်ရှိစေသည်။

EMB များကို ၎င်းတို့ကိုယ်ပိုင် ငွေပေးချေရေး လုပ်ငန်းစဉ်များနှင့် စနစ်များကို ထိန်းချုပ်ခွင့် ပေးလိုက်ခြင်းသည် အစိုးရမှ လွတ်လပ်ခြင်းဖြစ်ကာ ၎င်းတို့၏ ယုံကြည်ရနိုင်မှုကို မြင့်တက်စေပြီး ငွေပေးချေရာတွင် ပိုမိုမြန်ဆန်သော လုပ်ဆောင်မှုကို ဖြစ်စေသည်။ မည်သို့ပင်ဆိုစေကာမူ ထိုလုပ်ရပ်သည် EMB က ပေးစရာရှိသည်များကို မှန်မှန်ကန်ကန်၊ အချိန်မှန်ပေးပြီး ရိုးသားမှုကို အဆင့်အမြင့်ဆုံး ကျင့်သုံးကြောင်း သေချာစေရန်အတွက် ထပ်တိုးလုပ်ဆောင်ရသော အလုပ်များနှင့် သိသိသာသာ ပိုမိုကြီးမားသော ထိန်းချုပ်ရသည့် ဝန်ထုပ်ဝန်ပိုးရှိလာသည်။ EMB ကို ငွေပေးချေရေး ထိန်းချုပ်မှုတာဝန် လွှဲမပေးခင် ၎င်းထံတွင် ရင်းမြစ်များ၊ ကျွမ်းကျင်မှုနှင့် ထိန်းချုပ်မှုစနစ်များ ၎င်းကိုယ်တိုင် ၎င်း၏ငွေပေးချေမှုကိုနေရာတကျထိန်းချုပ်ရန် လုံလုံလောက်လောက်ရှိရမည်ဖြစ်သည်။ တောင့်တင်းသော တာဝန်ယူနိုင်မှု ဆိုင်ရာစနစ်များ အတွင်းနှင့်အပြင် စာရင်းစစ်ခြင်းနှင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကဲ့သို့ ပါဝင်ပတ်သက်သူများအား အစီရင်ခံစာတင်ခြင်းတို့သည် မရှိမဖြစ်ဖြစ်သည်။

## EMB လက်ခံမှုဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များ

အစိုးရပုံစံနှင့် ပုံစံအရောအနှောက်ရှိ အစိုးရ EMB များသည် အစိုးရ၏ လက်ခံမှုဆိုင်ရာလမ်းညွှန်ချက်များနှင့် ကျင့်သုံးပုံများဖြင့် မကြာခဏဆိုသလို ချည်နှောင်ခံထားရလေသည်။ လွတ်လပ်သောပုံစံနှင့် ပုံစံအရောအနှောက်ရှိ EMB များသည် အစိုးရလက်ခံရယူမှုဆိုင်ရာ လိုအပ်ချက်များဖြင့် ချည်နှောင်ခြင်းခံထားရနိုင်သည် (လက်ခံရယူရာတွင် ရိုးသားမှုနှင့် ထိရောက်မှုကို မြှင့်တင်နိုင်ခြင်းကို ရည်ရွယ်သော အရာများ) သို့မဟုတ် ၎င်းတို့သည်လည်း ၎င်းတို့၏ လက်ခံရယူမှုဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များ၏ အချို့ သို့မဟုတ် အကုန်လုံးကို ဆုံးဖြတ်နိုင်စွမ်းရှိကောင်းရှိလိမ့်မည်။

အချို့သော EMB များသည် အထွေထွေအစိုးရ သို့မဟုတ် ပြည်သူ့အဝယ်တော် ကိုယ်စားလှယ်ဌာနပိုင်းကို လက်ခံရယူမှုတိုင်းအတွက် သုံးရန်လိုအပ်သည်။ အချို့သောဖြစ်ရပ်များတွင် ဝယ်ယူမှုဆိုင်ရာ စည်းကမ်းများမှာ ရှုပ်ထွေးသောကြောင့် EMB အနေနှင့် ထိုကဲ့သို့သောတာဝန်မျိုးကို အတွင်းပိုင်းဆိုင်ရာနှင့် တာဝန်ယူသည်ထက် ထိုကဲ့သို့သော အေဂျင်စီမျိုးကို အသုံးပြုခြင်းက အများအားဖြင့်ပိုမို ထိရောက်လေ့ရှိသည်။ EMB အနေနှင့် အစိုးရတစ်ရပ်လုံးတွက် ဝယ်ယူရေးကိုယ်စားလှယ်ဌာနများကို အသုံးပြုရသောအခါ ကျသင့်သည်တို့အတွက် ဝယ်ယူပြီးနောက် အတည်ပြုနိုင်ခွင့် သို့မဟုတ် ဝယ်ယူရေး ကိုယ်စားလှယ်အဖွဲ့မှ ကင်းလွတ်ခွင့်ပေးထားသော ဝယ်ယူမှုအချို့ကိုသာ ပြုလုပ်ခြင်း လုပ်ကောင်းလုပ်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုကဲ့သို့သော ကျင့်သုံးပုံသစ်သည် ယေဘုယျအားဖြင့် ကောင်းမွန်သော အစိုးရမှုနှင့် ထိရောက်မှုတို့၏ စည်းမျဉ်းစည်းကမ်းများနှင့် မကိုက်ညီဟု သတ်မှတ်ခြင်း ခံထားရလေသည်။

အစိုးရတစ်ရပ်လုံးအတွက် ဝယ်ယူရေးကိုယ်စားလှယ်အဖွဲ့များကို အသုံးပြုခြင်းသည် ထိရောက်သော EMB လက်ခံရယူမှုတစ်ခု ဖြစ်မလာနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် အစိုးရဗျူရိုကရေစီအတော်များများသည် အချိန်အင်မတန်တိုပြီး အကန့်အသတ်ရှိသော အချိန်သတ်မှတ်ချက်နှင့်ညီအောင်လုပ်နိုင်လိမ့်မည်မဟုတ်ဘဲ ပျမ်းမျှခြင်းအားဖြင့် EMB များ၏ ရွေးကောက်ပွဲဆိုင်ရာ ကုန်ပစ္စည်းများ ဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းတို့အတွက် ဖီလာဆန့်ကျင်မှုများ ဖြစ်ပေါ်စေလိမ့်မည်။ EMB များသည် ထို့ကြောင့် ၎င်းတို့ကိုယ်ပိုင်ဌာနတွင်း ဝယ်ယူမှုဆိုင်ရာ ဘုတ်အဖွဲ့များကို တည်ထောင်ပြီး ၎င်းတို့၏လက်ခံရယူမှုကို လွတ်လပ်စွာ လုပ်ဆောင်ကာ EMB ၏ လက်ခံရယူခြင်းဆိုင်ရာ စည်းကမ်းများနှင့်အချိန်များအပေါ်တွင် သက်ဆိုင်သော ထိန်းချုပ်မှုကို မြှင့်တင်လိုက်သလိုပင်ဖြစ်သည်။ သို့သော်လည်းလက်ခံရယူမှုအကုန်လုံးအတွက် တာဝန်ခံရမည်ဖြစ်သည်။

EMB လက်ခံရယူမှု ဆုံးဖြတ်ချက်၏ ရိုးသားမှုနှင့် သင့်လျော်မှုအပေါ် ပြည်သူဘက်မှ ဖြစ်စေအစိုးရဘက်မှဖြစ်စေ ဝေဖန်ခြင်းသည် EMB ၏ ယုံကြည်ရနိုင်မှု အလုံးစုံအပေါ် လျင်မြန်စွာပင် ထင်ဟပ်နိုင်သည်။ EMB များကလည်း ၎င်းတို့၏ဝယ်ယူမှုဆိုင်ရာ လုပ်ငန်းစဉ်များသည် ပြည့်ပြည့်ဝဝ ပွင့်လင်းမြင်သာမှုရှိ၊ ရိုးသားမှုအဆင့်အမြင့်ဆုံးဖြစ်၊ ဘက်မလိုက်ဘဲ၊ စစ်မှန်သော အပြိုင်အဆိုင် သဘောရှိသည့်လေလံဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်ပါဝင်၊ အနိုင်ရရှိသော လေလံဆွဲသူကို တရားသောနည်းဖြင့် ယှဉ်ပြိုင်နိုင်သော နေရာတွင်ရွေးပြီး အကျင့်ပျက်ခြစားမှုများမှလည်း ကင်းဝေးရမည်။ EMB ကို လက်ခံရယူမှုဆိုင်ရာထိန်းချုပ်မှု မချမှတ်မီ ၎င်းဘက်မှလည်း လုံလောက်သော ရင်းမြစ်များ၊ ကျွမ်းကျင်မှုများနှင့် ကျင့်သုံးနိုင်သောလုပ်ဆောင်မှုဆိုင်ရာ စည်းကမ်းများနှင့် အကျိုးစီးပွားဝိရောဓိများကို ဖြေရှင်းရေးအတွက် ပြဋ္ဌာန်းချက်များအပါအဝင် နေရာတကျထိန်းချုပ်သောစနစ်များရှိရမည်ဖြစ်သည်။

အရေးကြီးသော လက်ခံရယူမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် ခိုင်မာသော စစ်ဆေးပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းစဉ်များ လိုအပ်သကဲ့သို့ လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များနောက်ကျခြင်း သို့မဟုတ်ဘဏ္ဍာငွေထုတ်ပေးမှု နှောင့်နှေးခြင်းတို့ကြောင့် အမြန်ဝယ်ယူမှုလုပ်လိုက်ရသော ဖိအားဒဏ်ကို ခံနိုင်ရန်အတွက်လည်း ထိန်းချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ လုံလောက်အောင် တင်းကြပ်သင့်သည်။ EMB တစ်ခု၏ လက်ခံရယူမှုဆိုင်ရာ လုပ်ငန်းစဉ်များသည် ကုန်ပစ္စည်းတစ်မျိုးမျိုး သို့မဟုတ် ဝန်ဆောင်မှုတစ်ခုခုနှင့် ထိုအရာများကို ရွေးကောက်ပွဲမတိုင်မီတွင် တင်ဒါခေါ်ရန်ဖိတ်ခေါ်ခြင်းခံရသူ ကနဦးပိုင်းကပြောခဲ့သော ရွေးကောက်ပွဲလည်ပတ်ခြင်းဆိုင်ရာထဲရှိ ထောက်ပံ့သူများအတွက် ကြိုတင်လိုအပ်ချက်များပြဋ္ဌာန်းထားသော လုပ်ငန်းစဉ်များရှိပါက ဂုဏ်သိက္ခာဆုံးရှုံးမှုမရှိဘဲ ချောချောမွေ့မွေ့နှင့် လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကြိုတင်ပြဋ္ဌာန်းထားသော အရည်အချင်းပြည့်မီမှုဆိုင်ရာလုပ်ငန်းစဉ်များသည် ရယူလက်ခံမှုဆိုင်ရာ စည်းမျဉ်းများကဲ့သို့ပင် ပွင့်လင်းမြင်သာမှုရှိပြီး တင်းကြပ်ရမည်။ လေလံဆွဲသူများကို EMB လုပ်ပုံလုပ်နည်းစည်းကမ်းများကို လက်ခံကြောင်း စာချုပ်ချုပ် ဆိုခြင်းသည်လည်း အလေ့အကျင့်ကောင်းတစ်ခုပင်ဖြစ်သည်။

## EMB ဘဏ္ဍာရေးဆိုင်ရာ ထိန်းချုပ်မှု လုပ်ငန်းစဉ်များ

EMB တွင် ထိန်းချုပ်မှုဆိုင်ရာ အဆင့်အတန်းလေးခုရှိသည် : ဝယ်ယူခြင်းနှင့် အသုံးစရိတ်အား အတည်ပြုလက်ခံခြင်းအဆင့်၊ ဌာနတွင်းဆိုင်ရာ စောင့်ကြည့်ခြင်း၊ ဌာနတွင်းစစ်ဆေးပြင်ဆင်ခြင်းနှင့် ဌာနပြင်ပဆိုင်ရာ စစ်ဆေးပြင်ဆင်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းတို့ဖြစ်သည်။ ထိုကဲ့သို့သော ထိန်းချုပ်မှုများသည် အမှားများကို ပြင်ဆင်ပေးရန်နှင့် အကျင့်ပျက်ခြစား သို့မဟုတ် တရားမဝင်သော လုပ်ရပ်များကို

ကာကွယ်ရာရောက်အောင် ပြုလုပ်ထားရန်အတွက် လိုအပ်လေသည်။ အခြေခံအဆင့် ထိန်းချုပ်ခြင်းသည် EMB ၏ လုပ်ငန်းစဉ်ဖြစ်သော ဝယ်ယူခြင်းများကို အတည်ပြုခြင်းနှင့် အသုံးစရိတ်များကို ကြီးကြပ်ပေးခြင်းတို့ဖြစ်သည်။ အသုံးစရိတ်များကို သတ်မှတ်ထားသော ဘဏ္ဍာရေးဆိုင်ရာ အကန့်အသတ်အထိသာ အတည်ပြုလက်ခံပေးခြင်းသည် မကြာခဏဆိုသလိုပင် သင့်တော်သော သမ္မာရှိသည့် အထွေထွေအတွင်းရေးမှူးဝန်ထမ်းထံသို့ ထိထိရောက်ရောက် လွှဲပြောင်းပေးလေ့ရှိသည်။ အဓိက အရေးကြီးသောအချက်မှာ ထိန်းချုပ်မှုကို ခွဲထုတ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် အရောင်းအဝယ် ထောက်ခံချက်ကို :

- ဘဏ္ဍာရေးဆိုင်ရာ ကတိကဝတ်တောင်းခံသော လုပ်ငန်းဆိုင်ရာနယ်ပယ်
- ထိုကတိကဝတ်များသည် EMB ဗျူဟာညွှန်ကြားချက်များ ဘဏ္ဍာရေးဆိုင်ရာ ပေါ်လစီများနှင့် ကိုက်ညီမှုရှိ/မရှိကို စစ်ဆေးသော ဘဏ္ဍာရေးထိန်းချုပ်နယ်ပယ်နှင့်
- အရောင်းအဝယ်အတွက် ငွေပေးချေမှုကို ကြီးကြပ်သော ဘဏ္ဍာရေးဆိုင်ရာ ငွေဖြန့်ဝေမှု နယ်ပယ်တို့ထံမှ တောင်းခံခြင်းမျိုးဖြစ်သည်။

ဌာနတွင်းဆိုင်ရာစောင့်ကြည့်လေ့လာမှုကို ဆောင်ရွက်ရသူများမှာ အဆင့်အကုန်လုံးရှိ ဘဏ္ဍာရေးဆိုင်ရာ ရင်းမြစ်များကို စီမံခန့်ခွဲရာတွင် တာဝန်ရှိသော EMB ဝန်ထမ်းများဖြစ်သည်။ ထိုအထဲတွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်နေပြီး စစ်ဆေးပြုပြင်နေကာ ၎င်းတို့၏ ဌာနခွဲဆိုင်ရာ ဘတ်ဂျက်ငွေများကို စီမံခန့်ခွဲရသော ဌာနခွဲဆိုင်ရာခေါင်းဆောင် ပါဝင်သည်။ အားလုံးကိုခြုံငုံပြီး ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု ပြုလုပ်ရခြင်းသည် ဌာနခွဲ၏တာဝန်ဖြစ်ပြီး အများအားဖြင့် ဘဏ္ဍာရေးဆိုင်ရာ ဌာနခွဲ၏တာဝန်ဖြစ်ကာ အထွေထွေလယ်ဂျာ၊ ဂျာနယ်များနှင့် ဆိုင်းငံ့စာရင်းများကဲ့သို့သော စာရင်းမှတ်တမ်းများမှ တစ်ဆင့် EMB ကုန်ကျစရိတ်များနှင့် ငွေကြေးဖလှယ်မှုများကို စီမံခန့်ခွဲရန် တာဝန်ရှိလေသည်။ ထိုဌာနခွဲမှ ဘတ်ဂျက်ငွေ၏အလုံးစုံကို ပုံမှန်အားဖြင့် ထိန်းချုပ်လေ့ရှိပြီး ငွေထုတ်ယူမှုအပါအဝင် ပုံမှန်ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း ထုတ်လုပ်သည်။

အချို့သော EMB များတွင် အထူးအဖွဲ့ဝင်များ၏ ဘဏ္ဍာရေးဆိုင်ရာတို့အတွက် ဆပ်ကော်မတီရှိပြီး အထွေထွေအတွင်းရေးမှူးအား ဘဏ္ဍာရေးဆိုင်ရာကိစ္စများအတွက် အကြံဉာဏ်များပေးလေ့ရှိပြီး အဆိုတင်သွင်းထားသော EMB ဘတ်ဂျက်ငွေအဆိုကို အတည်ပြုပေးနိုင်ခွင့်နှင့် ဌာနပြင်ပ စာရင်းစစ်ခန့်အပ်ခွင့်ရှိသည်။ ထိုနည်းသည် အတိုင်းအတာပမာဏ နိမ့်ပါးလွန်းပါက EMB ၏ လုပ်ငန်းများ နှောင့်နှေးနိုင်သော်လည်း အသုံးစာရိတ်အတိုင်းအတာပမာဏကို ထိန်းချုပ်ရာတွင် ထက်မြက်သော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။

EMB တွင် ဌာနတွင်းစာရင်းစစ်လည်း ရှိကောင်းရှိနေနိုင်သေးတယ်။ ထိုသူသည်အထွေထွေအတွင်းရေးမှူး ရုံးဝန်ထမ်းသာဖြစ်ပြီး သူ၏တာဝန်များ ဘဏ္ဍာရေးဆိုင်ရာဖြစ်စဉ်များ၏ မှုမှန်မှု၊ EMB ၏ ဘတ်ဂျက်ငွေ အထောက်အပံ့နှင့် ဝန်ထမ်း၏ စွမ်းဆောင်ရည်နှင့် သူ၏ဗျူဟာစီမံကိန်းတို့ကို သေချာအောင် ကြပ်မတ်ပေးရန်သာဖြစ်သည်။ ၎င်း၏ ဌာနတွင်းဆိုင်ရာ စာရင်းစစ်မှုလုပ်ငန်းစဉ်၏ လွတ်လပ်မှုကို ထိန်းသိမ်းရန်အတွက် ၎င်းသည် EMB သို့မဟုတ် အထွေထွေအတွင်းရေးမှူး ဌာနခေါင်းဆောင်ထံသို့သာ တိုက်ရိုက်အစီရင်ခံစာတင်ပြီး အထွေထွေ အတွင်းရေးမှူးဌာန၏ ဌာနခွဲမှတင်လေ့မရှိချေ။ ဌာနတွင်းပိုင်းဆိုင်ရာ စာရင်းစစ်၏ အဓိကလုပ်ဆောင်ချက်မှာ EMB ကို တိကျစေရန်နှင့် ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများတွင် သိက္ခာရှိရေးတို့အတွက်ဖြစ်ပြီး ဌာနတွင်းပိုင်းဆိုင်ရာ အကျယ်တိုးတက်မှုများကိုလည်း လုပ်နိုင်ပြီး EMB အတွင်း အကဲဖြတ်ပေးသည့် ရာထူးကိုလည်းယူနိုင်သည်။ ၎င်းအနေနှင့် စနစ်တော်တော်များများ၊ အထူးသဖြင့် နည်းပညာအသစ်ပေါ်တွင် အခြေခံထားသော စနစ်များကို စာရင်းစစ်ရန်

အကြံလည်းပေးနိုင်ပြီး EMB လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များအတွက် ဌာနတွင်းပိုင်းဆိုင်ရာ အကဲဖြတ်မှု အစီရင်ခံစာများမှ တစ်ဆင့် ပြောင်းလဲရန် လှုံ့ဆော်မှုများ လုပ်ပေးနိုင်သည်။

ဘဏ္ဍာရေးဆိုင်ရာ ထိန်းချုပ်မှုလုပ်ငန်းစဉ်များတွင် အနည်းဆုံးတစ်နှစ်တစ်ခါ လိုအပ်ပြီး မကြာခဏဆိုသလို ထင်ရှားသော ရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်များအပြီးတွင် လုပ်ရလေ့ရှိသော ဌာနပြင်ပဆိုင်ရာ စာရင်းစစ်ခြင်းများပါဝင်သည်။ အစိုးရပုံစံနှင့် ပုံစံအရောအောက်တွင် ပါဝင်သော အစိုးရပုံစံ EMB များတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို စာရင်းစစ်ခြင်းသည် မူလဇစ်မြစ်ဌာန၏ ဌာနပြင်ပဆိုင်ရာ စာရင်းစစ်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်သည်။ ဌာနပြင်ပဆိုင်ရာ စာရင်းစစ်ခြင်းများသည် အစိုးရ စာရင်းစစ် ကိုယ်စားလှယ်(ရှိလျှင်) သို့မဟုတ် ပုဂ္ဂလိက ကန်ထရိုက်တာတစ်ဦးမှလုပ်ခြင်း ဖြစ်ကောင်း ဖြစ်နိုင်ပြီး EMB ၏ ဘဏ္ဍာရေးဆိုင်ရာ အဝင်အထွက်များကို အချိန်အတိုင်းအတာနှင့် အစီရင်ခံစာများ အတိုင်းအတာတစ်ခုအထိ ၎င်းတို့၏ မှုမမှန်မှုများကိုစစ်ဆေးပေးပြီး တိုးတက်ရန် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ နယ်ပယ်များကိုလည်း ထုတ်နုတ်ပြောပြလေသည်။

ဘဏ္ဍာရေးထိန်းချုပ်မှု၏ နောက်ဆုံးအဆင့်တွင် ပြည်သူကို ချပြခြင်းပါဝင်ပြီး ဂူယာနာနှင့် နိုင်ဂျီးရီးယားတွင်လည်းထိုကဲ့သို့မကြာခဏဆိုသလို EMB၏ရွေးကောက်ပွဲ သို့မဟုတ် နှစ်စဉ်အစီရင်ခံစာများနှင့် စာရင်းစစ်ထားသော ဘဏ္ဍာရေးဆိုင်ရာ မှတ်ချက်များကို လွှတ်တော်ကို ချပြလေ့ရှိသည်။ EMB များရှိ တာဝန်ခံနိုင်မှုဆိုင်ရာ ယန္တရားသည် အခန်း၁၀တွင် အသေးစိတ်ရှင်းပြထားပါသည်။

## ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲခြင်း

EMB ၏ ပိုင်ဆိုင်မှုများသည် ပြည်သူပိုင်ပစ္စည်းဖြစ်သည်။ ထို့ကြောင့် EMB တစ်ခုသည် ၎င်းတို့၏ ဂုဏ်သိက္ခာကို ရှိရှိသမျှပိုင်ဆိုင်မှုများဖြစ်သော ကိရိယာများ၊ ပစ္စည်းပစ္စယများနှင့် အခြားသော ဆော့ဖ်ဝဲကဲ့သို့ ပိုင်ဆိုင်မှုပစ္စည်းများကို ဝယ်ယူပြီးနောက် ထိန်းသိမ်းထားရမည်။ပိုင်ဆိုင်မှု စီမံခန့်ခွဲရေးအတွက် တာဝန်များသည် EMB ဖွဲ့စည်းပုံနှင့် ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များထဲတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားသင့်သည်။အလှူရှင်များဘက်ကလည်း EMB ကလည်း EMB သည် ၎င်းတို့ ပေးအပ်သောပစ္စည်းများ အားလုံးကို စီမံခန့်ခွဲနိုင်သည်ဟုသာ မြင်လိုကြသည်။

EMB ၏ ပိုင်ဆိုင်မှုများကို အခြေခံ ထိန်းသိမ်းရာတွင် EMB မှတ်ပုံတင်အမှတ်များကို ပစ္စည်းတစ်ခုစီပေါ်တွင် တင်ခြင်း၊ ရှင်းလင်းပြီး ခေတ်မီသော ပိုင်ဆိုင်မှုဆိုင်ရာ မှတ်ပုံတင်များထားရှိခြင်း၊ ပိုင်ဆိုင်မှုများ လွှဲပြောင်းရာတွင် စာရင်းခြေရာချန်ခဲ့ခြင်း၊ ပိုင်ဆိုင်မှုများကို စာရင်းရေးမှတ်ခြင်းကို ပုံမှန်လုပ် ဆောင်ခြင်းနှင့် ကွာခြားချက်များတွေ့ပါက သင့်တော်သော စုံစမ်းခြင်းမျိုးနှင့် အရေးယူပိတ်ပင်ခြင်းမျိုး လုပ်ဆောင်ခြင်းတို့ပါဝင်သည်။ စာရင်းဇယားများသည် တစ်နှစ်တစ်ခါ အနည်းဆုံး လုပ်သင့်သည်။ ပိုင်ဆိုင်မှု ပစ္စည်းမှတ်ပုံတင်တွင် ပိုင်ဆိုင်မှုပစ္စည်းအမည်၊ အမှတ်နှင့် မှတ်ပုံတင်နံပါတ်၊ ဝယ်ယူသောနေ့နှင့် ကျသင့်ငွေ လက်ရှိနေရာနှင့် ယခင်ကရှိခဲ့သောနေရာ၊ တန်ဖိုးလျော့ကျသော အချက်အလက်များ လက်ရှိတန်ဖိုး၊ လက်ရှိအခြေအနေ၊ နောက်ဆုံးစာရင်းမှတ်သော ရက်စွဲနှင့် စွန့်ပစ်ရန် သတင်းအချက်အလက်တို့ အပါအဝင် အခြားသက်ဆိုင်သော အချက်အလက်များ အားလုံးကိုမှတ်ထားရန်လိုအပ်သည်။

ပိုင်ဆိုင်မှုများကို ဝယ်ယူသည့်အခါ EMB များအနေနှင့် ၎င်းတို့၏ သက်တမ်းလည်ပတ်မှုကို ပြည့်ပြည့်ဝဝနားလည်ရန်လိုအပ်သည်။ ပစ္စည်းကို အချိန်ကိုက်ဝယ်ယူခြင်းသည် ဘဏ္ဍာငွေကို အကျိုးရှိရှိ အသုံးပြုရန်နှင့် ရွေးကောက်ပွဲဆိုင်ရာပွဲစဉ်များအတွက် ပစ္စည်းများရရှိနိုင်ရေးကို ပြုလုပ်ပေးရေးအတွက်

အရေးပါပြီးထုတ်ဝေသော ဦးဆုံးအချိန်၊ သို့ရောက်ရန် ကျသင့်ငွေနှင့် ဖြန့်ဝေခြင်းဆိုင်ရာ ဝန်ဆောင်မှုများ ကဲ့သို့သောကိစ္စများကို စဉ်းစားရန် လိုအပ်သည်။

## မှတ်တမ်းများကို စီမံခန့်ခွဲခြင်း

EMB ပစ္စည်းများကို မှတ်တမ်းတင်ထားရန်သည် အသင်းအဖွဲ့ဆိုင်ရာ ရာဇဝင်ကိုကာကွယ်ရန်နှင့် EMB ၏ မှတ်ဉာဏ်ကို ကာကွယ်ရန်အရေးကြီးကာ လိုအပ်လာသော အချိန်တွင် အကိုးအကားပြုလုပ်ရန်တို့ ရှိရန်ပြုလုပ်ပေးပါ။ မော်ကွန်းတင်ရေး မူဝါဒများတွင် စာရွက်စာတမ်းလုံခြုံရေးများ လက်ရှိစာရွက်စာတမ်း ပုံစံ၏ တည်နေရာနှင့် တည်ဆောက်ပုံနှင့် အီလက်ထရွန်းနစ် ဖိုင်မှတ်တမ်းများ (အီလက်ထရွန်းနစ် ဖိုင် နောက်ခံသိမ်းထားသော မူဝါဒ အပါအဝင်)၊ သမိုင်းမှတ်တမ်းကို တည်နေရာနှင့် တည်နေရာ ပြင်ပတွင် သိမ်းဆည်းရေးနှင့် အလိုမရှိတော့သော မှတ်တမ်းများကို လွှင့်ပစ်ရာတွင် လွှင့်ပစ်ပုံနှင့် အချိန်တို့ ပါဝင်ရန် လိုအပ်သည်။ ရှင်းလင်းစွာ မော်ကွန်းမှတ်တမ်းတင်ခြင်း၊ EMB ကိရိယာများနှင့် ပစ္စည်းများကို စွန့်ပစ်ပုံနှင့်/ သို့မဟုတ် ဖျက်ဆီးပုံတို့မှာ မရှိမဖြစ်လိုအပ်ပြီး အထူးသဖြင့် သေချာပေါက် အရေးတကြီးလုပ်ဆောင်ရန်မှာ နောင်အနာဂတ် တရားရေးရာကိစ္စများတွင် ပြန်သုံးနိုင်သော သို့မဟုတ် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို တိုးတက်ရန်သုတေစန လုပ်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ ပစ္စည်းများမှာသေသေချာချာ ထိန်းသိမ်း ထားသင့်သည်။ မလိုအပ်တော့သော ပိုင်ဆိုင်မှုများကို ပတ်ဝန်းကျင်မထိခိုက်အောင်စွန့်ပစ်ခြင်း၊ ဥပမာ အားဖြင့် အသုံးပြုပြီးသော မှတ်ပုံတင်ဘူး၊ အထုပ်များကို ၁၉၉၈ ခုနှစ်တွင် ကမ္ဘောဒီယားတွင် ပြုလုပ် သကဲ့သို့ လုပ်ခြင်းသည်လည်း အလေ့အထကောင်း တစ်ရပ်ပင် ဖြစ်သည်။

## EMB ဘဏ္ဍာရေးစီမံခန့်ခွဲရေးအတွက် စည်းမျဉ်းစည်းကမ်းများ

ဘတ်ဂျက်ငွေသတ်မှတ်ခြင်း၊ ရယူလက်ခံခြင်း၊ အသုံးစရိတ်များကို ကြီးကြပ်ပေးခြင်း၊ ဘဏ္ဍာ ရေးဆိုင်ရာ အစီရင်ခံစာတင်ခြင်းနှင့် စာရင်းစစ်ခြင်းကဲ့သို့သော အဓိက EMB တွင် လိုအပ်သောအချက် များသည် ဥပဒေ၊ စာရင်းအင်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာလုပ်ထုံး သို့မဟုတ် EMB သို့မဟုတ် အစိုးရ စည်းမျဉ်းစည်းကမ်းတို့တွင် ပါကောင်းပါနိုင်သည်။ EMB တစ်ခုကို စီမံခန့်ခွဲရန်အတွက် ရှင်းလင်းသော ဥပဒေမူဘောင်တစ်ခုသည် သေချာသော၊ မှန်ကန်သော၊ တည်ကြည်ပြီး ကောင်းမွန်သော အစိုးရမှုကို EMB အတွင်း အားပေးမွေးမြူလေသည်။ ဥပဒေမူဘောင်ကဲ့သို့ပင် EMB ဘဏ္ဍာရေးနှင့် လုပ်ဆောင်စဉ်များ အတွက် အခြေခံကျင့်ဝတ်ကောင်းများဖြစ်သော အခြေခံစည်းမျဉ်းစည်းကမ်းများ ရှိသေးလေသည်။

## *ပွင့်လင်းမြင်သာမှု*

ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိခြင်းသည် ပါဝင်ပတ်သက်ရင်းနှီးမြှုပ်နှံသူများနှင့် ပြည်သူ တို့၏ EMB ၏ တည်ဆောက်ပုံနှင့် အစီအစဉ်များအကြောင်း၊ ဘဏ္ဍာရေးမူဝါဒများနှင့် စိန်ခေါ်မှုများကို သိနားလည်စေပြီး EMB ၏ စွမ်းဆောင်ရည်အပေါ်တွင် ပါဝင်ပတ်သက်သူများ၏ ယုံကြည်ချက်ကို အားကောင်းစေနိုင်သည်။ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုသည် ကောင်းမွန်သောအစိုးရမှုကို ဖြစ်စေ နိုင်ပြီး လာဘ်စားခြင်းနှင့် EMB အတွင်း အတုအယောင်လိမ်ညာခြင်းများကို အင်တိုက်အားတိုက် တားဆီး နိုင်လေသည်။ မကောင်းသော သို့မဟုတ် မရိုးသားသော လုပ်ရပ်များလုပ်ကြောင်း စွပ်စွဲလာသောအခါ EMB အနေနှင့်၎င်း၏ ယုံကြည်နိုင်မှုကို ထိုပြဿနာများကို ဖုံးကွယ်ခြင်းထက် အချက်ပေးမည့်သူများကို ကာကွယ်ထားခြင်း အပါအဝင် ထိုကဲ့သို့ တင်းကြပ်သော ကျင့်ထုံးများပြသခြင်းဖြင့် ကာကွယ်သင့်၊ ကာ ကွယ်နိုင်သည်။

ရွေးကောက်ပွဲ ဘတ်ဂျက်ငွေများအား ပြင်ဆင်ခြင်း၊ ညှိနှိုင်းခြင်းနှင့် အတည်ပြုခြင်းတို့တွင် ပွင့်လင်းမြင်သာမှုရှိခြင်းသည် EMB ၏ စီမံခန့်ခွဲမှုအပေါ်တွင် ပြည်သူ၏ ယုံကြည်မှုကို တည်ဆောက်လိုက်ခြင်းဖြစ်သည်။ တင်းကြပ်သော ပြည်သူ၏ဆန်းစစ်မှုနှင့် ဥပဒေရေးရာတာဝန်ယူမှု တို့သည် EMB အား ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ ဂုဏ်သိက္ခာအပေါ်တွင် သံနှိဗ္ဗာန်ခိုင်မာမှုကို လူသိရှင်ကြားပြသရန် အတွက် အခွင့်အရေး ပေးလိုက်ခြင်းပင်ဖြစ်သည်။ EMB အနေနှင့် လက်ခံ ရယူမှုများ လုပ်ဆောင်ရာတွင်အထူးသဖြင့် ရွေးကောက်ပွဲဆိုင်ရာ နောက်ဆုံးသတ်အချိန်များတွင် အချိန်မီပြီးရန်အတွက် အမြန်နည်းများကို သုံးရသောအခါများတွင် ပွင့်လင်းမြင်သာမှုရှိခြင်းသည် အလေ့အထ ကောင်းဖြစ်သည်။

EMB ၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းစစ်ချက်များနှင့် ရယူလက်ခံရေးဆိုင်ရာ စာချုပ်များ ပေးအပ်ခြင်းနှင့်ဆိုင်သော အစီရင်ခံစာများအပေါ် ပြည်သူလူထုအား တခဏချင်းချပြခြင်းသည် ဘဏ္ဍာရေးရာ မှုမမှန်မှုများ၊ လာဘ်စားခြင်းနှင့် စာချုပ်အပေါ်တွင် အပေးအယူ လုပ်ခြင်းတို့ မဖြစ်စေရန် ကာကွယ်ပေးလေသည်။ EMB တစ်ခုအနေနှင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန် အခြေခံအကျဆုံးသောနည်းလမ်းမှာ စာရင်းစစ်ထားသော ဘဏ္ဍာရေးဆိုင်ရာမှတ်ချက်များ အပါအဝင် ၎င်း၏ နှစ်စဉ်စွမ်းဆောင်ရည်မှတ်တမ်းကို ထုတ်ဝေရန်ဖြစ်ပြီး ၎င်းတို့ကို လွှတ်တော်၊ နိုင်ငံရေးပါတီနှင့် ပြည်သူများထံ အပါအဝင် အခြားသောပါဝင်ပတ်သက်နေသူများထံသို့ တင်ပြလိုက်ခြင်းဖြစ်သည်။

## *အလုပ်တွင်မှုနှင့် ထိရောက်နှုန်း*

ပြည်သူ့ဘဏ္ဍာများကို စောင့်ရှောက်သူအနေနှင့် EMB သည် ထိုတာဝန်များကို ချဲ့ထွင်ရန်နှင့် ၎င်း၏ ဘဏ္ဍာရေး၊ လူသားနှင့် ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာ ရင်းမြစ်များကို စီမံခန့်ခွဲရာတွင် အလုပ်တွင် ထိရောက်မှုရှိစေရန်အတွက်လည်း လိုက်နာရလေသည်။ EMB ၏ ဘတ်ဂျက်ငွေ မှန်မှန်စစ်ဆေးခြင်း၊ ဝန်ထမ်းစွမ်းဆောင်ရည် နှင့်ဘဏ္ဍာရေးမှတ်တမ်းများကို ပုံမှန် စာရင်းစစ်ခြင်းဖြင့် ရလဒ်အခြေပြု ချဉ်းကပ်ခြင်းသည် ၎င်း၏ ဘဏ္ဍာငွေများကို အသုံးချရာတွင် အလုပ်တွင်ရန်နှင့် ထိရောက်မှု မြှင့်တင်ရေးကို အထောက်အကူပြုလေပြီး ထိုအချက်က၎င်း၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို စီမံခန့်ခွဲမှုအပေါ် ပြည်သူတို့၏ ယုံကြည်ချက်ကို မြင့်တက်စေသည်။

## *ဂုဏ်သိက္ခာ*

EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအားလုံးတို့၏ ၎င်းတို့၏ လုပ်ဆောင်မှုများကို ဂုဏ်သိက္ခာရှိရှိ လုပ်ရန် သံန္နိဌာန်ချမှတ်ခြင်းသည် အဖွဲ့အစည်း၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အခြေခံဖြစ်သည်။ အကျိုးစီးပွားဆိုင်ရာဝိရောဓိဖြစ်သည့် ကိစ္စများအပေါ် လုပ်ဆောင်ပုံစည်းကမ်းနှင့် မူဝါဒ အားကောင်းကောင်း ချမှတ်ခြင်းသည် အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာ၏ အခြေခံဖြစ်သည်။ ဘဏ္ဍာရေးစီမံခန့်ခွဲမှုတွင် သိက္ခာရှိခြင်းဟူသည် ငွေရေးကြေးရေး အပေးအယူနှင့် ဉာဏပိုင်ပစ္စည်းများကို လေးစားမှုရှိခြင်းကဲ့သို့သော ကိစ္စများလည်း ပါဝင်သည်။ ရှင်းလင်းသော စာရင်းစစ်ဆေးမှု လမ်းကြောင်းပါသော ပေါင်းစည်းထားသည့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို တိုးတက်အောင် ပြုလုပ်ခြင်းသည် ဘဏ္ဍာရေးဆိုင်ရာ ဂုဏ်သိက္ခာစံနှုန်းများကို ချိုးဖေါက်ပါက ရှာဖွေတွေ့ရှိပြီးအစီရင်ခံစာတင်ခံရစေရန် ပြုလုပ်ထားခြင်း ဖြစ်သည်။ ထို ဂုဏ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို ချိုးဖောက်ခြင်းတို့အတွက် တင်းကြပ်သော ပိတ်ဆို့အရေးယူမှုစနစ်များရှိခြင်းနှင့် ထိုစနစ်များကို အသုံးပြုရန် မကြောက်ခြင်းတို့သည် EMB အပေါ် ပြည်သူတို့၏ ယုံကြည်ချက် မြင့်တက်လာစေမည်။

## အခန်းအကျဉ်းချုပ်

- နည်းပညာသစ်များနှင့် ဂုဏ်သိက္ခာမြင့်မားမှုကို တောင်းဆိုမှုများနှင့် ကျယ်ကျယ်ပြန့်ပြန့်ထိတွေ့နိုင်သော ရွေးကောက်ပွဲများသည် ရွေးကောက်ပွဲ ဘဏ္ဍာငွေအပေါ်သို့ တောင်းဆိုချက်အသစ်များချမှတ်ပြီး အချို့သော ဒီမိုကရေစီစတင်ကျင့်သုံးကာစနိုင်ငံများတွင် အလှူရှင်ထောက်ပံ့မှုအပေါ် မှီခိုနေရလေသည်။ EMB ၏ ဘဏ္ဍာငွေထောက်ပံ့မှုသည် နှစ်တစ်ခုနှင့်တစ်ခုကြား သိသိသာသာလိုအပ်ပြီး စီမံကိန်းရေးဆွဲထားသော ဗျူဟာရလဒ်တို့အတွက် လိုအပ်သောရင်းမြစ်တို့အပေါ်တွင် အခြေခံသော တိကျသည့် ဘတ်ဂျက်ငွေ ခန့်မှန်းချက်လည်း လိုသည်။
  - UNDP(ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ) IFES (ရွေးကောက်ပွဲစနစ် ဆိုင်ရာအပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း)မှ ဦးစီးထောက်ပံ့သော စီမံကိန်းက ရွေးကောက်ပွဲကုန်ကျစရိတ်များကို အမျိုးအစား သုံးမျိုးခွဲထားပြီး ၎င်းတို့မှာ
    - အဓိက (တိုက်ရိုက်) ကုန်ကျစရိတ်များ : "သာမန်" တိုက်ရိုက် သက်ရောက်သော ရွေးကောက်ပွဲကုန်ကျစရိတ်များ
    - ကွဲပြားသော (သွယ်ဝိုက်) ကုန်ကျစရိတ်များ : EMB အသင်းအဖွဲ့များ၏ ဘတ်ဂျက်ငွေများအတွက် ပုန်းကွယ်နေသော ကျသင့်ငွေ အထောက်အပံ့များနှင့်
    - နည်းစနစ်ကုန်ကျစရိတ်များ : ထိရှလွယ်သော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၏ ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် လိုအပ်သော ထပ်တိုးကုန်ကျစရိတ်များ

- ရွေးကောက်ပွဲကုန်ကျစရိတ်များသည် အချက်အလက် အမျိုးမျိုးဖြင့်တိုင်းတာပြီး နိုင်ငံအမျိုးမျိုးတွင် အဖြစ်လည်းအမျိုးမျိုးကွဲပြားပြီး ငွေကုန်သည်နှင့် မည်သည်ကပိုတန်သနည်း ဟူသောအချက်ကို တိုင်းတာရန် ခက်ခဲစေသည်။
- ရွေးကောက်ပွဲများအတွက် နိုင်ငံ့ဘတ်ဂျက်ထောက်ပံ့မှုများသည် ရင်းမြစ်တစ်ခု သို့မဟုတ် ရင်းမြစ်အများ သို့မဟုတ် EMB မှ အဆိုပြုထားသည့်အတိုင်းဖြစ်နိုင်သည်။ ဘဏ္ဍာငွေ ထောက်ပံ့ခြင်းသည် ကိစ္စတော်တော်များများတွင် လွှတ်တော်မှအတည်ပြုပြီး ဤနည်းသည် EMB ၏ အချိန်မီလွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်မှုကို ထိခိုက်စေနိုင်သော်လည်း EMB သို့ အစိုးရဝန်ကြီးဌာနတစ်ခုမှပင် ခွဲဝေပေးလေသည်။
- အထူးသဖြင့် ဒီမိုကရေစီစတင်ကျင့်သုံးခါစ နိုင်ငံများတွင် ရွေးကောက်ပွဲ ဘဏ္ဍာငွေထောက်ပံ့မှုတော်တော်များများသည် အလှူရှင် ကိုယ်စားလှယ်အဖွဲ့အစည်းများမှ လာခြင်းဖြစ်သည်။ အလှူရှင်အထောက်အပံ့သည်ရွေးကောက်ပွဲ၏ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့နှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာတို့ကို ကောင်းကျိုးရှိစေနိုင်သော်လည်း EMB ၏ ဦးစားပေးလုပ်ရပ်များသို့သာ သတိရှိရှိနှင့် ချိန်ရွယ်လုပ်ဆောင်ရမည်ဖြစ်ပြီး အလှူရှင်များနှင့် လက်ခံရာနိုင်ငံများ ပူးပေါင်းလုပ်ဆောင်ပါက အလှူရှင်ကို မှီခိုခြင်းထက် ရေရှည်လုပ်ဆောင်နိုင်မှုကို မြင့်တက်စေမည်ဖြစ်ပြီး EMB ကို ဘဏ္ဍာငွေအား ထိထိရောက်ရောက် သုံးနိုင်ခွင့်ရစေရန် သင့်တော်သော ထိန်းချုပ်မှုအောက်တွင် ရှိစေသည်။
- EMB များသည် ရွေးကောက်ပွဲဆိုင်ရာဘတ်ဂျက်ငွေများ သတ်မှတ်ရန်အတွက် အခြေခံ ဘတ်ဂျက်သတ်မှတ်ခြင်း (အတိတ်ကဘဏ္ဍာငွေထောက်ပံ့မှုပေါ်မူတည်ခြင်း) သို့မဟုတ် သုညအခြေ (ထားပြီး) ဘတ်ဂျက်ငွေသတ်မှတ်ခြင်း (ဗျူဟာစီမံကိန်းများအတိုင်းဖြစ်လာစေရန် အနာဂတ်လှုပ်ရှားမှုများ၏ လိုအပ်ချက်များကိုအခြေခံခြင်း) တို့ကို သုံးသည်။ သုညအခြေထားပြီး တွက်

ချက်ခြင်းသည် ကနဦးတွင် ကျွမ်းကျင်မှုနှင့် အားစိုက်ထုတ်မှုပိုမိုအပ်မည် ဖြစ်သော်လည်း EMB ၏ လုပ်ရှားမှုများနှင့် ဗျူဟာစီမံကိန်းဖြစ်လာစေရန် စွမ်းဆောင်ရည်အား ပိုမိုထိထိရောက်ရောက် ချမှတ်ပေးသော ရင်းမြစ်များနှင့် တာဝန်ယူမှုများ ပိုမိုရှိလာစေသည်။

- မိမိ၏ အသုံးစရိတ်လုပ်ငန်းစဉ်နှင့် ငွေကြေးလည်ပတ်မှုကို ကိုယ်တိုင်ထိန်းချုပ်သော EMB သည် ပိုမိုယုံကြည်ရနိုင်လောက်အောင် လွတ်လပ်ပြီး ရွေးကောက်ပွဲဘဏ္ဍာငွေများကို အချိန်နှင့် တပြေးညီ ပိုမိုကောင်းကောင်းမွန်မွန် ဖြန့်ဝေနိုင်လေသည်။ မည်သို့ပင်ဆိုစေကာမူ အမှားအယွင်း နှင့် အလိမ်အညာများကင်းဝေးစေရန်အတွက် ၎င်း၏ အသုံးစရိတ်နှင့် ငွေပေးချေမှုအပေါ် လုံလုံလောက်လောက် တင်းကြပ်သော ချုပ်ထိန်းမှုရှိရန် လိုအပ်လေသည်။
- အချို့သော ရှုပ်ထွေးလှသည့် ဝယ်ယူရေးပတ်ဝန်းကျင်များတွင် EMB အနေနှင့် ပြည်သူ့ ဌာနပိုင်း လိုက်ပမာဏရှိသော ရယူလက်ခံရေး ကိုယ်စားလှယ်အဖွဲ့ကို သုံးခြင်းက ပိုသင့်တော်သည်။ မည်သို့ပင်ဆိုစေကာမူ EMB တစ်ခုသည် လုံလောက်သော ရင်းမြစ်များ၊ ကျွမ်းကျင်မှုနှင့် ငွေရယူ လက်ခံရန် ဂုဏ်သိက္ခာနှင့် တန်ဖိုးကို အာမခံရန် ဌာနတွင်းဆိုင်ရာ ထိန်းချုပ်မှု ရှိပြီး ၎င်းကိုယ်တိုင် ဝယ်ယူမှုများကို လွတ်လပ်စွာ စီမံခန့်ခွဲသောကြောင့် ရွေးကောက်ပွဲဆိုင်ရာ ရယူလက်ခံခြင်းများ အတွက် နီးကပ်လှသော အဆုံးသတ်ရက်များအတွက် လုပ်ဆောင်ရာတွင် ပိုမိုကောင်းကောင်း မွန်မွန်လုပ်ဆောင်နိုင်သည်။ အကျိုးစီးပွားဝိရောဓိဖြေရှင်းရန် အသုံးချနိုင်သောအရာနှင့် လုပ်ဆောင်နည်းကျင့်ထုံးများသည် မရှိမဖြစ်လိုအပ်သော ထိန်းချုပ်မှုများအတွင်းပါဝင်ပြီး ဝယ်ယူမှုများကို ရောင်းချသူဘက်က ထိန်းချုပ်ထားခြင်းမျိုးမရှိအောင် လုပ်ဆောင်ရမည့်အရာများ မရှိမဖြစ်လိုအပ်သည်။
- EMB များအနေနှင့် ဘဏ္ဍာရေးဆိုင်ရာ ထိန်းချုပ်မှုကို ရယူလက်ခံခြင်းနှင့် ခွဲဝေခြင်းကိုခွဲဝေလက်ခံခြင်း၊ EMB တစ်ခုလုံးလိုက် ဘဏ္ဍာရေး စောင့်ကြည့်ခြင်းနှင့် လုပ်ငန်းအဖွဲ့များနှင့် ပုံမှန်ဌာနတွင်းနှင့် ဌာနပြင် ဘဏ္ဍာရေးဆိုင်ရာစာရင်းစစ်ခြင်း ကဲ့သို့သော ပညာအဆင့်မြင့် ဆန်ဆန်မျိုး ဖွဲ့စည်းသင့်သည်။
- EMB တို့သည် ပြည်သူပိုင်ပစ္စည်းများကို ကိုယ်တွယ်ထားပြီး ၎င်းတို့အား အသုံးပြုခြင်း၊ လုံခြုံစွာ သိမ်းဆည်းခြင်းနှင့် သင့်တော်သော မော်ကွန်းပြုထိန်းသိမ်းခြင်း သို့မဟုတ် ၎င်းတို့ကို အသုံးပြုပြီးသော အခါ စွန့်ပစ်ခြင်းတို့အတွက် တာဝန်ရှိလေသည်။ ပညာရှင်ဆန်သော ပိုင်ဆိုင်မှု စီမံခန့်ခွဲရေးစနစ်၊ ပုံမှန်စစ်ဆေးထားသော ပိုင်ဆိုင်မှုဆိုင်ရာ မှတ်ပုံတင်စာရင်းသည်လည်း မရှိမဖြစ်ပင်ဖြစ်သည်။
- EMB ၏ ဘဏ္ဍာရေးဆိုင်ရာ ထိန်းချုပ်မှုသည် ပွင့်လင်းမြင်သာရှိမှု၊ အလုပ်တွင်မှု၊ ထိရောက်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ရေရှည်လုပ်ကိုင်နိုင်မှုဆိုင်ရာ စည်းမျဉ်းတို့နှင့် ကိုက်ညီရလေမည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# တွန်ဂါ : ကျွန်းနိုင်ငံငယ်လေးပေါ်မှ ကော်မရှင်သစ်

Vake Blake

## နောက်ခံအကြောင်းအရာ

ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ အက်ဥပဒေအရ တွန်ဂါ နိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုဆိုင်ရာ တစ်စိတ်တစ်ပိုင်းအဖြစ် ပေါ်ထွက်လာခြင်းဖြစ်သည်။ ၎င်းကပင် ထို ဘုရင်နိုင်ငံတွင် ကော်မရှင်ကို ပေါ်ထွန်းစေကာ အထွေထွေရွေးကောက်ပွဲကို ကြီးကြပ်စေခဲ့ခြင်းဖြစ်ပြီး ထိုလှုပ်ရှားမှုများသည် လွတ်လပ်ပြီးမျှတသော ပတ်ဝန်းကျင်တွင် လုပ်ခြင်းဖြစ်စေရန်လည်း ပြုလုပ်စေခဲ့ လေသည်။ ကော်မရှင်သည် မြို့နယ်ဆိုင်ရာ ရွေးကောက်ပွဲများစီစဉ်ရန်နှင့် ကျင်းပရေးများ လုပ်ဆောင်ခဲ့ပြီး အခြားသော ရွေးကောက်ပွဲများကိုလည်း အထောက်အပံ့ပြုခဲ့သည်။

ပြီးခဲ့သောနှစ်များဆီက ရှိရှိသမျှသော ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများအားလုံးသည် ဝန်ကြီးချုပ် ရုံး ကသာလျှင် ဦးစီးပြီး စီမံခန့်ခွဲခဲ့ခြင်းဖြစ်သည်။ ထိုတာဝန်ကို ယခုအချိန်တွင် ကော်မရှင်မှ ယူလိုက်ပြီဖြစ်ပြီး ၎င်း၏ လုပ်ဆောင်ချက်နှင့် တာဝန်များအကြားပါဝင်သွားပြီဖြစ်ကာ ကော်မရှင်သည်လည်း လွတ်လပ်တော့ မည်ဖြစ်သည်။

တွန်ဂါနိုင်ငံရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင် အရေအတွက် ၄၂၀၀၀ ခန့်ရှိပြီး လူဦးရေ ၁၀၀၀၀၀ ခန့်ရှိသော  တွန်ဂါပြည်သူများကို အမှုထမ်းလျက်ရှိသည်။

## ဥပဒေဆိုင်ရာမူဘောင်

အောက်ပါအက်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများသည် ကော်မရှင်မှပြုလုပ်သောလုပ်ရပ်အများစု အတွက် ဥပဒေမူဘောင်ကို ဖော်ပြလေသည် : တွန်ဂါနိုင်ငံ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ၊ ရွေးကောက်ပွဲ အက်ဥပဒေ၊ ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်း၊ ရွေးကောက်ပွဲကော်မရှင် အက်ဥပဒေ၊ လွှတ်တော်စည်းရုံး ရေးအက်ဥပဒေ၊ ခရိုင်နှင့် မြို့အရာရှိများ အက်ဥပဒေ၊ ခရိုင်နှင့်မြို့အရာရှိများ (ရွေးကောက်ပွဲ) စည်းကမ်း များ၊ အမျိုးသားအငြိမ်းစား အကျိုးအမြတ် အကြံအစည် အက်ဥပဒေနှင့် အမျိုးသားအငြိမ်းစား အကျိုး အမြတ် အကြံအစည် (ရွေးကောက်ပွဲ) စည်းကမ်းတို့ ဖြစ်ကြသည်။

ရွေးကောက်ပွဲကော်မရှင်သည် ဝန်ကြီးများအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရွေးကောက်ပွဲအက်ဥပဒေ အ ဖော်ဆောင်ရန် မရှိမဖြစ်လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို ချမှတ်နိုင်ပြီး အထူးသဖြင့်

၁။ အထက်ပါ ဖော်ပြထားသည့်ပုံစံအတိုင်း ရွေးကောက်ပွဲအရာရှိများကို ရုံးတွင် ပဋိညာဉ်ကျိန်ဆိုရန်၊
၂။ ရွေးကောက်ပွဲတွင် အမတ်လောင်းအဖြစ်ပါဝင်လိုသော မည်သည့် ပြည်သူ့ဝန်ထမ်းအတွက်မဆို လုပ်ထုံးလုပ်နည်းများ ချမှတ်ပေးရန်၊
၃။ လူစာရင်းကို စုပေါင်းထိန်းသိမ်းထားရန် စည်းကမ်းထုတ်ပြန်ခွင့်၊
၄။ မဲပေးမည့်နေ့နှင့် ပေးပြီးနောက်တွင် မဲရုံအရာရှိများ၏ လုပ်ဆောင်ချက်များနှင့် သက်ဆိုင်ခြင်း၊
၅။ မဲပုံးမည်သည့်နေရာတွင်ထားမည်၊ မဲစာရွက်များမည်သည့်နေရာတွင်ထားမည်နှင့် ရွေးကောက်ပွဲပြီးနောက် မည်သို့စွန့်ပစ်မည်စုသော နည်းများကို အမိန့်ပေးခြင်း၊
၆။ မျက်မမြင်၊ သို့မဟုတ် ကိုယ်လက်အင်္ဂါမသန်စွမ်းသော မဲဆန္ဒရှင်များ၊ မဲရုံတွင် အထူးအကူအညီလိုသော မဲဆန္ဒရှင်များအတွက် အထောက်အပံ့ပေးခြင်း၊
၇။ ရွေးကောက်ပွဲ ကြေငြာရန်နှင့် မဲဆွယ်ရန်နှင့်
၈။ မဲဆန္ဒရှင်များအတွက် အမည်ထုတ်ဖော်ရန်နှင့်မှတ်ပုံတင်ရာတွင် အထောက်အပံ့ပြုရန် အမျိုးသား မှတ်ပုံတင် ကတ်ပြားကို အသုံးပြုခွင့်ပေးရန်

## အာဏာနှင့်လုပ်ဆောင်ချက်များ

ရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားရွေးကောက်ပွဲအတွက် အထွေထွေဦးစီးရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် တာဝန်ရှိသည်။ ၎င်း၏ အဓိကလုပ်ဆောင်ချက်များ ၎င်း၏ ရည်မှန်းထားသော တာဝန်နှင့်ကိုက်ညီသောလွတ်လပ်ပြီး၊ တရားမျှတကာ ယုံကြည်ရနိုင်သော ရွေးကောက်ပွဲတစ်ခု ကျင်းပပေးကာ:

- ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များသည် လက်ရှိသက်ဆိုင်သော ဥပဒေများနှင့်ကိုက်ညီကြောင်း သေချာစေရန်
- ပြောင်းလဲနေသော အသိုင်းအဝိုင်း၏လိုအပ်ချက်နှင့် ကိုက်ညီစေရန် လက်ရှိဥပဒေနှင့်မူဝါဒများကို စဉ်ဆက် မပြတ်ပြန်လည်ဆန်းစစ်ပြီး ပြန်လည်ပြင်ဆင်မှုလုပ်ရန်နှင့်
- လက်ရှိ သက်ဆိုင်ရာရွေးကောက်ပွဲ သတင်းအချက်အလက်များကို မဲဆန္ဒရှင်တို့အား သင့်တော်သော မဲဆန္ဒရှင် အသိပညာပေးရေး အစီအစဉ်တို့မှတစ်ဆင့် ဖြန့်ဝေခြင်း

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကော်မရှင် အက်ဥပဒေမှ ချမှတ်ထားသော ကော်မရှင်၏ အဓိက အခန်းကဏ္ဍများမှာ :

- သင့်တော်သောရွေးကောက်ပွဲကျင်းပရေးအတွက် ရေရှည်စီမံကိန်း ချမှတ်ပေးရန်နှင့် သင့်တော်သော မှတ်တမ်းနှင့် လူစာရင်းများတည်ထောင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊
- ရွေးကောက်ပွဲအက်ဥပဒေတွင် ၎င်းကို ပေးထားသော အာဏာအတိုင်းပင် အယူခံဝင်မှုများကို ဆုံးဖြတ်ခွင့် အခြားသောစွဲချက်များနှင့် ပဋိပက္ခများကို ဆုံးဖြတ်ပိုင်ခွင့်၊
- သင့်တော်ပြီး ထိရောက်သော ရွေးကောက်ပွဲနှင့် အခြားသော စပ်ဆက်လှုပ်ရှားမှုများအတွက် စည်းမျဉ်းများနှင့် အခြားသော စည်းကမ်းများ၏ လိုအပ်ချက်များကို စဉ်းစားပေးရန်၊
- ဥပဒေမှပေးထားသော အာဏာအရစည်းမျဉ်းများကို ပြုလုပ်ခွင့်၊ ပြင်ဆင်ခွင့်နှင့် ၎င်းတို့ကို စစ်ဆေးကြည့်ရှုခွင့်၊
- ရွေးကောက်ပွဲစည်းမျဉ်းများကို ဖောက်ဖျက်မှုများအတွက် အရေးယူရန် တိုက်တွန်းခွင့်ရှိခြင်း၊
- မဲဆန္ဒရှင်၊ အမတ်လောင်းနှင့် အခြားသော ရွေးကောက်ပွဲတွင် ပါဝင်သောသူများအတွက် အသိပညာပေးရေးကို ကျင့်သုံး၊ တာဝန်ယူပြီး စစ်ဆေးခွင့်ရှိခြင်း၊

- ရွေးကောက်ပွဲနှင့်ဆိုင်သော ကိစ္စများအားစုပေါင်းပြီး အစီရင်ခံစာတင်ရန်နှင့် ရွေးကောက်ပွဲစနစ်ကို တိုးတက်စေရန်အတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းကိုပြောင်းလဲရန် အကြံဉာဏ်ပေးပိုင်ခွင့်၊
- ကော်မရှင်မှ သင့်တော်သည်ဟုယူဆသော ရွေးကောက်ပွဲနှင့်ဆိုင်သော အချက်အလက်များနှင့် အစီရင်ခံစာများကဲ့သို့သော အထွေထွေအချက်အလက်များကို ပုံနှိပ်ဖြန့်ချိခြင်း၊
- မည်သည့်အထွေထွေရွေးကောက်ပွဲပြီးချိန်မဆို သုံးလအတွင်းတွင် ဝန်ကြီးများအဖွဲ့အား နောက်ထပ် အထွေထွေရွေးကောက်ပွဲမတိုင်မီတွင် ၎င်းအကြံဉာဏ်ပေးထားသော၊ လက်တွေ့အကောင်အထည်ဖော်နေသော မည်သည့်အပြောင်းအလဲကိုမဆို အစီရင်ခံစာ တင်ပိုင်ခွင့်ရှိခြင်း၊
- အမတ်လောင်းများအားလုံးအတွက် မျှတမှုနှင့် ညီမျှသော တန်းတူအခွင့်အရေးရရန်တို့ အတွက်နှင့် မတရားမှုကိုကာကွယ်ရန် ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်နှင့် အခြားသော နိုင်ငံရေးအသိပညာပေးစာများ အစီရင်ခံစာများ၊ အယူခံစာများနှင့် ကြေငြာစာရွက်များကို ရွေးကောက်ပွဲကာလအတွင်း စည်းကမ်းသတ်မှတ်ရန်၊
- ရွေးကောက်ပွဲ အက်ဥပဒေ၏ ပုဒ်မ ၂၄ နှင့်အညီ အမတ်လောင်းများ၏ ရွေးကောက်ပွဲ အသုံးစရိတ်အား စည်းမျဉ်းသတ်မှတ်ရန်နှင့် စောင့်ကြည့်ရန်၊
- ရွေးကောက်ပွဲ အက်ဥပဒေ သို့မဟုတ် အခြားသော မည်သည့်အက်ဥပဒေတွင်မဆို ၎င်းအတွက် ပြဋ္ဌာန်းထားသော မည်သည့်လုပ်ဆောင်ချက်ကို မဆိုလုပ်ရန်၊

နောက်မဝေးသောအနာဂတ်အတွက် ကော်မရှင်၏ ဦးစားပေးအချက်များအနက်မှ အချို့မှာ

- နောင်လာမည့် ရွေးကောက်ပွဲအကြီးစားအတွက် အပါအဝင် နောင်လေးနှစ်အတွက် ကာမိအောင် ဗျူဟာစီမံကိန်းတစ်ခု ဖန်တီးခြင်း၊
- နှစ်စဉ်လုပ်ငန်းစီမံကိန်း ရေးဆွဲရန်၊
- ကြားဖြတ်ရွေးကောက်ပွဲစီမံကိန်း ရေးဆွဲရန်၊
- ဝန်ထမ်းတိုးတက်ရေးနှင့် လေ့ကျင့်သင်ကြားရေး စီမံကိန်းများ ရေးဆွဲရန်၊
- ရွေးကောက်ပွဲနှင့် ဝန်ထမ်း စီမံခန့်ခွဲရေးပါဝင်သော ကော်မရှင်၏ နေ့စဉ်နှင့်အမျှ လုပ်ဆောင်ရန် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ဆိုင်ရာ လုပ်ဆောင်နည်းနှင့် လုပ်ငန်းစဉ်ရေးဆွဲခြင်း၊
- ကော်ပိုရိတ်၊ လူသားအရင်းအမြစ်များ၊ ဘဏ္ဍာရေး၊ ရွှေ့ပြောင်းရေးနှင့် လုပ်ငန်းအကြောင်းအရာတို့ပါဝင်ရန် အတွက် ရုံးတွင်း လုပ်ငန်းစဉ်လုပ်ဆောင်ပုံ စုပေါင်းပေးရန်၊
- သင့်တော်သောစီမံကိန်း လက်တွေ့လုပ်ဆောင်ပုံ တည်ထောင်ခြင်းနှင့် ပေးအပ်ခြင်းခြင်းမှ တစ်ဆင့် ပြည်သူ့အသိပညာပေးရေး အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်း၊
- မဲရုံများသို့ မီဒီယာဝင်ရောက်ခွင့်ရစေရန် မူဝါဒများ ထူထောင်ပေးခြင်း၊
- ကော်မရှင်ဝဘ်ဆိုက် ဖန်တီးပေးခြင်း၊
- မဲဆန္ဒရှင်၏ အခန်းကဏ္ဍကို ထိန်းသိမ်းခြင်း : လက်ရှိဖြစ်နေသော၊ ကြီးထွားမှု၊ မှတ်ပုံတင်ကတ်၊ ပြန်လည်ဖြန့်ဝေခြင်းနှင့်
- မဲရုံအရာရှိများကို လေ့ကျင့် သင်ကြားပေးခြင်း၊

## ဖွဲ့စည်းပုံနှင့် ခန့်အပ်ပုံ

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ ကော်မရှင် အက်ဥပဒေ ပုဒ်မ ၄ အရ၊ ကော်မရှင်အဖွဲ့ဝင်များတွင် အောက်ပါတို့ပါဝင်ရမည် :

၁။ ဘုရင်က ငါးနှစ်သက်တမ်းနှင့် ခန့်အပ်ထားသောသူတစ်ဦး ပါဝင်ပြီး ဥက္ကဋ္ဌဖြစ်ရမည်။
၂။ ရွေးကောက်ပွဲ ကြီးကြပ်ရေးမှူးနှင့်
၃။ ဘုရင်မှ ခန့်အပ်သောသူ

ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အောက်တွင် ကော်မရှင်၏နေ့စဉ် လုပ်ငန်းလည်ပတ်ချက်များသည် ရွေးကောက်ပွဲ ကော်မရှင်အရာရှိနှင့် ရွေးကောက်ပွဲ ကြီးကြပ်ရေးမှူးတို့၏ ကြီးကြပ်ရေးမှူးတို့၏ အောက်တွင်ရှိပြီး အထောက်အပံ့ပေးသူတို့မှာ ဝန်ထမ်းများဖြစ်သော ကျောင်းပကြေငြာရေးအရာရှိချုပ်နှင့်လက်ထောက်ရွေးကောက်ပွဲ ကြီးကြပ်ရေးအရာရှိ။ ကျောင်းပကြေငြာရေးအရာရှိ အကြီးစား၊ grade III အဆင့် ကွန်ပြူတာကိုင်တွယ်သူတစ်ဦးနှင့် ဒရိုင်ဘာတစ်ဦး ရှိသည်။

## ဘဏ္ဍာငွေထောက်ပံ့မှု

ကော်မရှင်၏ ဘဏ္ဍာငွေ ထောက်ပံ့မှုတွင်

- လွှတ်တော်အစည်းအရုံးမှ ချမှတ်ပေးသော ငွေ
- ဌာနပြင်ပ ကိုယ်စားလှယ်အဖွဲ့ သို့မဟုတ် အစိုးရမှ အထွေထွေကိစ္စများအတွက်၊ အထူးကိစ္စအတွက် သို့မဟုတ် တာဝန်ထမ်းဆောင်ခနှင့် ကျွမ်းကျင်သူပညာရှင်များ၏အကျိုးအမြတ်အတွက် (သို့မဟုတ်ထိုအရာအားပေးသော) ငွေကြေးတို့ရှိသည်။

## EMB(ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ တာဝန်ခံနိုင်မှု

၂၀၁၀ခုနှစ် ရွေးကောက်ပွဲကော်မရှင် အက်ဥပဒေ ပုဒ်မ ၁၄မှ ပြောထားသည်မှာ "ကော်မရှက်အနေနှင့် သူ၏ ရှင်ဘုရင်မင်းမြတ်နှင့် လွှတ်တော်အစည်းအရုံး၏ ဥက္ကဋ္ဌအား သူ၏တစ်နှစ်စာလုပ်ခဲ့သောအရာများကို နောက်နှစ် မတ်လ ၃၀ရက်တွင် ပြန်လည်အစီရင်ခံစာ တင်ရမည်ဖြစ်ပြီး မည်သည်အထွေထွေရွေးကောက်ပွဲကိစ္စနှင့်မဆိုပတ်သက်ပြီး မည်သည့်အတွေ့အကြုံအရာဖြစ်ဖြစ် အထွေထွေရွေးကောက်ပွဲ၏ သုံးလအတွင်း အစီရင်ခံစာတင်ရမည်" ဟုဖြစ်သည်။

## ရွေးကောက်ပွဲဆိုင်ရာ တရားမျှတမှုအတွက် တာဝန်များ

ရွေးကောက်ပွဲဆိုင်ရာ တရားမျှတမှုနှင့်သက်ဆိုင်သောကော်မရှင်၏ တာဝန်များထဲမှ အချို့သည် ၎င်း၏ လုပ်ဆောင်ချက်များအတွက် ဖော်ပြပြီးဖြစ်လေသည်။ထို့အပြင်ထက်ပြောရလျှင် ရွေးကောက်ပွဲဆိုင်ရာ လက်မှတ်ထိုး ဆန္ဒထုတ်ဖော်ပွဲရှိသောအခါ "ရွေးကောက်ပွဲ သို့မဟုတ် ရလဒ်ကို မကျေနပ်ကြောင်း တိုင်တန်းခံရသည့် အဖွဲ့ဝင်သည် ထိုလက်မှတ်ထိုး ဆန္ဒပြုမှုကို ပြန်လည်ဖြေရှင်းရမည်ဖြစ်ပြီး အရာရှိတစ်ဦးဦး၏ လုပ်ရပ်ကို လက်မှတ်ရေးထိုးဆန္ဒပြ တိုင်ကြားခြင်းပြုပါက ရွေးကောက်ပွဲကော်မရှင်၏ ဥက္ကဋ္ဌသည်လည်း ပြန်လည်တုံ့ပြန်ရမည်" ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ အက်ဥပဒေ ပုဒ်မ ၂၆(၂)

## ပညာရှင်ဆန်ခြင်းနှင့် ရွေးကောက်ပွဲအရာရှိများ

တွန်ဂါနိုင်ငံသည် ပစိတ်ဖိတ်နိုင်ငံများ၊ ဩစတြေးလျနှင့် နယူးဇီလန် ရွေးကောက်ပွဲစီမံခန့်ခွဲရေးကွန်ယက် (PIANZEA) မှ လူပ်ရှားအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ထိုအဖွဲ့ဝင်ဩစတြေးလျရွေးကောက်ပွဲ ကော်မရှင်က အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခြင်းဖြစ်သည်။ တွန်ဂါနိုင်ငံ ရွေးကောက်ပွဲ

ကော်မရှင်ရှိ ဝန်ထမ်းများသည် BRIDGE (ဒီမိုကရေစီတွင်း၊ အစိုးရအောက်နှင့် ရွေးကောက်ပွဲအတွင်း အရင်းအမြစ်များတည်ဆောက်ခြင်း) လေ့ကျင့်သင်ကြားရေး သင်ရိုးများကို တက်ရောက်သင်ယူပြီး ဖြစ်သည်။

ဓနသဟာရ ရွေးကောက်ပွဲကွန်ယက်ကလည်း ၎င်း၏ EMB ၏ ဝန်ထမ်းငယ်များ လေ့ကျင့်သင်ကြားရေးအတွက် အငယ်တန်းရွေးကောက်ပွဲပညာရှင်များအား အစီအစဉ်တစ်ခု တည်ထောင်ပေးထားလေသည်။ ထိုအစီအစဉ်နှင့် လေ့ကျင့်သင်ကြားရေးများသည် ဝန်ထမ်းတစ်ဦး ချင်းစီ၏ စွမ်းဆောင်ရည်နှင့် အရည်အချင်းများကို မြင့်တက်စေခြင်းဖြင့် အကျိုးရှိစေခဲ့ပြီး EMB အတွက်ကိုမူ တစ်ခုလုံးတိုးတက်မြင့်မားစေခဲ့သည်။

## မီဒီယာဆက်ဆံရေးများ

ကျွန်းစုသေးသေးလေးများစုထားသော ကျွန်းနိုင်ငံငယ်လေးဖြစ်သောကြောင့် မီဒီယာသည် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရန်အတွက် အရေးပါသော အရာတစ်ခုဖြစ်ချေသည်။ ၎င်းသည်လည်း ရွေးကောက်ပွဲကာလအတွင်း မဲဆွယ်ရန် ထိရောက်သော အရာတစ်ခုဖြစ်ခဲ့လေသည်။ ရွေးကောက်ပွဲအက်ဥပဒေက မဲပေးခြင်းမပြုမီ ၂၄ နာရီအလိုတွင် အလုံးစုံ တိတ်ဆိတ်မှုပြုရန် ထုတ်ပြန်ထားလေသည်။ မဲပေးသည့်အကြောင်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လော်စပီကာ သို့မဟုတ် အများပြည်သူကြားနိုင်သော ကိရိယာတစ်ခုခု သို့မဟုတ် ရုပ်ရှင် သို့မဟုတ် တယ်လီဗွီးရှင်း၊ ဗွီဒီယို၊ ရေဒီယိုကိရိယာတို့ဖြင့် ပြောဆိုခြင်းသည် တရားဥပဒေအရ ပိတ်ပင်ထားသည်။

## အခြားသောအဖွဲ့အစည်းနှင့် ကိုယ်စားလှယ်အဖွဲ့များနှင့် ဆက်ဆံရေး

ကော်မရှင်ဘက်မှလည်း အမျိုးမျိုးသို့ ပါဝင်ပတ်သက်သူများဖြစ်သော ခရစ်ယာန်ဘုရားကျောင်း၊ အရပ်ဖက်လူမှုအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ မီဒီယာများ၊ အစိုးရဝန်ကြီးဌာနများ၊ အလှူရှင်များနှင့် ပုဂ္ဂလိကဌာနပိုင်းများနှင့်လည်း မဲဆန္ဒရှင်မှတ်ပုံတင်ရေး၊ ပြည်သူအသိပညာပေးရေး၊ အထောက်အပံ့ပေးရေး၊ အသိနိုးကြားရေးနှင့် အထောက်အပံ့ဆိုင်ရာတို့မှတစ်ဆင့် ရင်းနှီးသောဆက်ဆံရေး တည်ဆောက်နိုင်ခဲ့ခြင်းသည် မဲဆန္ဒရှင်အရေအတွက် ၉၀ လောက် ၂၀၁၀ တွင် တိုးတက်လာခဲ့သည်။

## EMB

ဩစတြေးလျနှင့် နယူးဇီလန်တို့မှ ကော်မရှင်ထံသို့ ဘဏ္ဍာငွေများနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများအနေနှင့် မည်သည့်အချိန်လိုလို စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိသည်။ နိုင်ငံတော်အစိုးရကလည်း ထောက်ပံ့သည်။

## နည်းပညာအသစ်များကို ရယူခြင်းနှင့် စီမံခန့်ခွဲခြင်း

ကော်မရှင်သည်ဝဘ်ဆိုက်အသစ်ကို ၂၀၁၂ ခုနှစ်တွင် တရားဝင်တည်ထောင်လိုက်ပြီဖြစ်သည်။ ၎င်းသည် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကိုများများနိုင်မှုများများ မျှဝေနိုင်ရန်အတွက် အင်္ဂလိပ်နှင့် တွန်ဂန်ဘာသာတို့ဖြင့် ပြုလုပ်ရေးဆွဲထားခြင်းဖြစ်သည်။

ကော်မရှင်ဘက်မှလည်း ဝဘ်ဆိုက်သည် တွန်ဂါရှိ ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွက် ပြူတင်းပေါက်သဖွယ် ဖြစ်လိမ့်မည်ဟုမျှော်လင့်ထားပြီး လာရောက်ကြည့်ရှုသူများကို မဲဆန္ဒနယ်များ ချမှတ်ပုံ၊

အမတ်လောင်းများအတွက် လမ်းညွှန်၊ မဲရုံနေရာများ၊ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၊ ရွေးချယ်ခြင်း လုပ်ငန်းစဉ်များ၊ မဲပေးခြင်းလုပ်ငန်းစဉ်များနှင့် ကော်မရှင်၏လုပ်ငန်းနှင့် သက်ဆိုင်သော ဥပဒေများနှင့်ဆိုင်သော သတင်းအချက်အလက်များကို ပေးလေသည်။ ဝဘ်ဆိုက်မှလည်း စတင်တည်ထောင်သော ပထမလတွင်ပင် ကမ္ဘာအနှံ့ကဝင်ကြည့်နှုန်း ၃၁၀၀၀ ခေါက်ရှိသွားပြီးဖြစ်ပြီး ကိန်းအရေအတွက်မှာ ဆက်လက်တိုးတက်လျက်ရှိသည်။

## ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ရေး စီမံခန့်ခွဲမှု

ကော်မရှင်နှင့် ဥပဒေမူဘောင်တို့၏ နေရာကဏ္ဍနှင့်လုပ်ဆောင်ချက်တို့တွင် ပြောထားသည့်အတိုင်း "ရွေးကောက်ပွဲကော်မရှင်သည် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေများ ဆောင်ရွက်ရန်လိုအပ်သောစည်းမျဉ်းများကိုပြဋ္ဌာန်းခွင့်ရှိသည်။ "ကော်မရှင်ဘက်မှလည်း လိုအပ်လာသည့် အချိန်တိုင်းတွင် တရားရုံးချုပ်မှ တောင်းဆိုချက်/တောင်းခံချက်များကို တုံ့ပြန်သွားမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ၎င်းအနေနှင့် မကြာခဏဆိုသလိုပင် ခရောင်းဥပဒေဌာနတွင် ဥပဒေပြုချက်များ သို့မဟုတ် ပြဿနာကိစ္စများနှင့် ပတ်သက်ပြီးရှင်းလင်းရန် ဥပဒေအကြံဉာဏ် တောင်းခံနေရဆဲဖြစ်သည်။

## အခွင့်အရေးနှင့် အတားအဆီးများ

ကော်မရှင်ဘက်မှ ယခုလောလောဆယ်တွင် ပြီးပြည့်စုံသော လုပ်ဆောင်နည်းလမ်းညွှန်တစ်ခုကို ၎င်းလုပ်ပြီး ၎င်းတာဝန်ရှိသောအရာများအတွက် လက်ရှိတွင်ရေးဆွဲနေလေသည်။ ယခုလောလောဆယ်တွင် လက်ရှိရှိနေသော ဝန်ထမ်းများသည် အင်မတန်မှ ကျွမ်းကျင်ပြီး ၎င်းတို့အားလိုအပ်သောနေရာများတွင်လည်း ရှိသင့်ရှိထိုက်သော အရည်အချင်းများ ကျွမ်းကျင်နေသောကြောင့် ဝန်ထမ်းများဆုံးရှုံးသွားပါက ၎င်း၏ လည်ပတ်နိုင်စွမ်းကို သိသိသာသာထိခိုက်လိမ့်မည်ဖြစ်သည်။

ကော်မရှင်အနေနှင့်လည်း အသစ်သာသာရှိသေးပြီး ရွေးကောက်ပွဲနှင့် မဲဆန္ဒရှင်များစာရင်းပြုစုရန် အာရုံစိုက်ထားလေသည်။ နောက်ဆက်တွဲအနေနှင့် ရေရှည်စီမံကိန်းတစ်ခုမှ မလုပ်ရသေးပေ။ ၎င်းအနေနှင့် ပိုမိုပြီးတည်ဆောက်ပုံ စနစ်ကျသော စီမံကိန်းစနစ်ကို ဖန်တီးရန်လိုအပ်ပြီး လွှတ်တော်အစည်းအရုံးရွေးကောက်ပွဲ၊ စာရင်းစီမံခန့်ခွဲခြင်းနှင့် လှုံ့ဆော်ရေးစီမံကိန်းများနှင့် ပြည်သူ့အသိပညာပေးရေးပဏာမလှုပ်ရှားမှုများကဲ့သို့သော ပွဲကြီးများအတွက်အလုပ်စီမံကိန်းနှင့်အတူတွဲပြီးလုပ်ရမည်။ ထိုအထဲတွင် နှစ်စဉ် လုပ်ငန်းစီမံကိန်း၊ ဘေးထွက်ဆိုးကျိုးများ စီမံခန့်ခွဲသော စီမံကိန်း၊ ကြားဖြတ်ရွေးကောက်ပွဲစီမံကိန်းနှင့် ဝန်ထမ်းတိုးတက်ရေးနှင့် လေ့ကျင့်သင်ကြားရေး စီမံကိန်းများပါဝင်သည်။

# အခန်း ၈

8

# ပါဝင်ပတ်သက်သူတို့နှင့် ဆက်ဆံရေး

## ပါဝင်ပတ်သက်သူဆိုသည်မှာ မည်သူတို့ဖြစ်သနည်း နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ၎င်းတို့၏ အခန်းကဏ္ဍမှာ မည်သည်တို့ဖြစ်သနည်း

ပါဝင်ပတ်သက်သူဟူသည်မှာ EMB လုပ်ငန်းစဉ်အတွင်း "အကျိုးအမြတ်" ပါဝင်ပတ်သက်နေသော တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များ၊ အုပ်စုများနှင့်အဖွဲ့အစည်းများကို ခေါ်ဆိုခြင်းဖြစ်သည်။ ၎င်းတို့ကို EMB ၏ လုပ်ရှားမှုများ၊ မူဝါဒများနှင့် ကျင့်သုံးပုံများကြောင့် တိုက်ရိုက်အကျိုးသက်ရောက်မှုကို ခံစားရခြင်း၊ သို့မဟုတ် ၎င်းတို့က တိုက်ရိုက်သက်ရောက်သော အဓိက ပါဝင်ပတ်သက်သူများနှင့် EMB နှင့် ပိုမိုလျော့ရဲသော ဆက်ဆံရေးသာရှိသည့် ဒုတိယတန်းစား ပါဝင်ပတ်သက်သူများဟု အမျိုးအစားခွဲခြားနိုင်သည်။ ပါဝင်ပတ်သက်သူများနှင့် စစ်မှန်ပြီး ပွင့်လင်းသော အပြန်အလှန်ဆွေးနွေးမှုမျိုးကို ပြုလုပ်နိုင်ခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အတွင်း ယုံကြည်မှုကို မြင့်တက်စေနိုင်ပြီး EMB ၏ လုပ်ဆောင်ချက်များကိုလည်း ပိုမိုယုံကြည်လာစေနိုင်သည်။

## အဓိက ပါဝင်ပတ်သက်သူများ

အဓိကပါဝင်ပတ်သက်သူများတွင် အောက်ပါ အုပ်စုများပါဝင်သည်။

- နိုင်ငံရေးပါတီနှင့် အမတ်လောင်းများ
- EMB ဝန်ထမ်းများ
- အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်
- လွှတ်တော်များ
- ရွေးကောက်ပွဲပဋိပက္ခ ဖြေရှင်းရေးဌာနများ
- တရားစီရင်ရေးစနစ်
- ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနှင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာမှ စောင့်ကြည့်လေ့လာသူများ
- မီဒီယာ
- မဲဆန္ဒရှင်များ : မဲဆန္ဒရှင်များနှင့် နောင်မဲပေးရမည့်သူများ

- CSOs (အရပ်ဖက်ဆိုင်ရာ လူ့အဖွဲ့အစည်းများ)နှင့်
- အလှူရှင်အသိုင်းအဝိုင်းနှင့် ရွေးကောက်ပွဲအထောက်အပံ့ ကိုယ်စားလှယ်ဌာနများ

## *နိုင်ငံရေးပါတီများနှင့် အမတ်လောင်းများ*

နိုင်ငံရေးပါတီများနှင့် အမတ်လောင်းများသည် အဓိက ပါဝင်ပတ်သက်သူများဖြစ်သည်။ EMB များ အနေနှင့် မူဝါဒနှင့် လုပ်ဆောင်ချက်များကို ပုံစံရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော်သည့်အခါ ၎င်းတို့၏ ထင်မြင်ချက်များနှင့် အကျိုးအမြတ်များကိုပါ ထည့်သွင်းစဉ်းစားပေးရမည်။ အကယ်၍ EMB မှ နိုင်ငံရေးပါတီများနှင့် ဆက်ဆံရေးကောင်းမွန်ခြင်းမရှိ ၎င်းတို့အပေါ်တွင် ယုံကြည်ခြင်းမရှိဘဲ ၎င်းတို့၏ မူဝါဒများနှင့် အစီအစဉ်များသည် ခြုံငုံပါဝင်ပတ်သက်သူ၏ထောက်ခံမှုကို ရရှိနိုင်ရန် ခက်ခဲစေမည့် ဝေဖန်ချက်များကို ဖြစ်ပေါ်လာစေမည်ဆိုပါက တစ်မျိုးတစ်ဖုံပြောင်းလုပ်ရမည်ဖြစ်သည်။ ဂျော်ဂျီယာ နိုင်ငံတွင် ကဲ့သို့ EMB တွင် နိုင်ငံရေးပါတီမှရွေးကောက်ခံများက အခွင့်အပြည့်ရ အဖွဲ့ဝင်များအဖြစ် ခန့်အပ်ခြင်းခံထား ရလျှင် သို့မဟုတ် မက္ကဆီကိုတွင်ကဲ့သို့ မဲပေးခွင့်မရှိသော အဖွဲ့ဝင်များအဖြစ် ခန့်အပ်ထားခြင်းခံထား ရလျှင် နိုင်ငံရေးပါတီများနှင့် EMB အပြန်အလှန်ဆွေးနွေးမှုလုပ်ရန်အတွက် ပုံသေတည်ဆောက်ထားသော ဖွဲ့စည်းပုံတစ်ရပ်ရှိလေသည်။

နိုင်ငံရေးပါတီများနှင့် အမတ်လောင်းများသည် တံခါးဖွင့်မူဝါဒကိုထိန်းသိမ်းကျင့်သုံးသော၊ နိုင်ငံရေးပါတီများအားလုံးနှင့် အမတ်လောင်းများကို လေးစားသမှုနှင့် ဆက်ဆံသော၊ ဘက်လိုက်ခြင်းကင်းပြီး မျှတကာ ၎င်းတို့၏ ထင်မြင်ချက်နှင့်အကြံပေးချက်များကိုအရေးတယူရှိသော EMB အပေါ်တွင် ယုံကြည်မှု ပိုမိုရှိနိုင်ချေရှိသည်။ နိုင်ငံရေးပါတီများအနေနှင့် ၎င်းတို့သည် သာတူညီမျှ ဆက်ဆံခြင်းခံရပြီး EMB က အခွင့်အလမ်းအတူတူနှင့် သတင်းအချက်အလက် အတူတူပေးကမ်းခြင်းခံရသည်ဟု ယုံကြည်ရန် အရေးကြီးသည်။ နိုင်ငံရေးပါတီများနှင့် ပုံမှန်တွေ့ဆုံခြင်း၊ ရွေးကောက်ပွဲကာလအတွင်း ဖြစ်နိုင်ပါက ပိုမိုအကြိမ်ရေ စိတ်စိတ်တွေ့ဆုံခြင်းသည် အပြန်အလှန်ဆက်သွယ်မှုအတွက် မူဘောင်တစ်ခုကို ချမှတ်ပေးနိုင်ပြီး EMB ၏ အချိန်ဇယားများ၊ လုပ်ငန်းစဉ်နှင့် ရလဒ်များကို လက်ခံနိုင်မှု မြှင့်တင်နိုင်လေသည်။

ထိုကဲ့သို့သော ကိစ္စမျိုးများအတွက် ကနေဒါ၊လီဆိုသိုနှင့် တောင်အာဖရိကတို့တွင် စီမံချက်များ ရှိသည်။ ကင်ညာနိုင်ငံတွင် EMB သည် စနစ်တကျ ဖွဲ့စည်းထားသော နိုင်ငံရေးပါတီများနှင့် ဆက်ဆံရေး ကော်မတီတွင် နိုင်ငံရေးပါတီများနှင့် ဆက်ဆံရေးရှိသည်။ တောင်အာဖရိကတွင် ဥပဒေအရ EMB သည် အစိုးရအဆင့်တိုင်းတွင် မြို့အဆင့်မှ နိုင်ငံလုံးဆိုင်ရာအဆင့်အထိ နိုင်ငံရေးပါတီ ဆက်ဆံရေး ကော်မတီ များတည်ထောင်ရန် ပြဋ္ဌာန်းထားလေပြီး မက္ကဆီကိုတွင် EMB ၏ နိုင်ငံရေးပါတီများ၏ မဲပေးခွင့် မရှိသော အဖွဲ့ဝင်များသည်လည်း ထိုကဲ့သို့လုပ်ရသည်။ အခြားသော ဩစတြေးလျကဲ့သို့သော နိုင်ငံမျိုးတွင်လည်း ၎င်းတို့အနေနှင့် ဥပဒေက ဤကဲ့သို့လုပ်ရန် ပြဋ္ဌာန်းမထားသော်လည်း တိုင်ပင်နီးနှောရန်အတွက် အဖွဲ့အစည်းတစ်ခုကို တည်ထောင်ပြီးဖြစ်လေသည်။ EMB အနေနှင့် ၎င်း၏ ဆုံးဖြတ်ချက်နှင့် မူဝါဒများကို ဆွေးနွေးရန်အတွက် နိုင်ငံရေးပါတီများနှင့်တစ်ပြိုင်တည်း (တစ်ခေါက်စီခွဲမတွေ့ဘဲ) တွေ့ဆုံရန်လိုသည်။ အစည်းအဝေးမှတ်တမ်းများသည်လည်း နိုင်ငံရေးပါတီများထံသို့ ၎င်းတို့တက်ရောက်သည်ဖြစ်စေ၊ မမှတ်မိသည် ဖြစ်စေ ပြရန်လိုအပ်သည်။

ထိုကဲ့သို့သော ပုံမှန်အစည်းအဝေးများအပြင် EMB တစ်ခုအနေနှင့် EMB မှ ကြီးမှူးကျင်းပသော အခန်းအနားများတွင် နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များကို ပါဝင်စေခြင်းဖြင့် နိုင်ငံရေးပါတီများနှင့် ၎င်း၏ ဆက်ဆံရေးကိုမြှင့်တက်စေနိုင်သည်။ ထိုကဲ့သို့ပူးပေါင်းလုပ်ဆောင်မှုများနှင့် ပတ်သက်သော

ဥပမာများမှာ မဲဆန္ဒရှင်မှတ်ပုံတင်ရေးဌာနများသို့ ရင်းနှီးစေရန် သွားရောက်ခြင်း၊ မဲဆန္ဒရှင် အသိပညာပေးရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ခြင်း၊ ပူးတွဲလုပ်ဆောင်သော မီဒီယာအင်တာဗျူးများ သို့မဟုတ် EMB မှ ဦးစီးကျင်းပသော အမတ်လောင်းများအချင်းချင်း လူသိရှင်ကြား စကားစစ်ထိုးပွဲများ ကျင်းပခြင်းတို့ဖြစ်သည်။ နိုင်ငံရေးပါတီ/အုပ်စုများနှင့် အမတ်လောင်းများ အားလုံးကို တန်းတူညီမျှသော ပါဝင်ယှဉ်ပြိုင်ခွင့် ပေးထားသင့်သည်။

နိုင်ငံရေးပါတီများကို EMB ၏ ဗျူဟာ ဦးတည်ချက်များနှင့် ၎င်း၏စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်းတို့ တည်ဆောက်ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး နိုင်ငံရေးပါတီများနှင့် တိုင်ပင်ဆွေးနွေးခြင်းများ ပြုလုပ်ရန် အရေးကြီးသည်။ EMB နှင့် အဓိက ဆက်ဆံနေရသူများဖြစ်သောကြောင့် EMB ၏ စူးစိုက်မှုများ၊ဦးစားပေးချက်များနှင့် ဝန်ဆောင်မှုများအပေါ်တွင် ပေးသောနိုင်ငံရေးပါတီများနှင့် အမတ်လောင်းများ၏ ထင်မြင်ချက်များသည် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေး တိုးတက်စေရန်အတွက် အသုံးဝင်လှသော နည်းတစ်နည်းဖြစ်သည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်ခုပြီးတိုင်း EMB အနေနှင့် နိုင်ငံရေးပါတီများကို ပါဝင်ပတ်သက်သူများနှင့် ရွေးကောက်ပွဲဆိုင်ရာမှုဘောင်ကို တိုးတက်အောင်မည်သို့လုပ်မည်ဟူသော အထွေထွေတိုင်ပင်ဆွေးနွေးမှုမျိုးတွင် ထည့်သွင်းခြင်းသည်အကျိုးရှိစေပြီး ရွေးကောက်ပွဲဆိုင်ရာ မည်သည့် ပြောင်းလဲမှုမျိုးမဆိုအတွက် ၎င်းတို့၏မည်သည့်အဆိုကိုမဆို ထည့်သွင်းစဉ်းစားခြင်းသည်လည်း အရေးပါလှသည်။

## EMB ဝန်ထမ်းများ

အဖွဲ့အစည်းတစ်ခု၏ အကြီးမားဆုံးသော ပိုင်ဆိုင်မှုမှာ ပုံသေ၊ ယာယီနှင့် စာချုပ်နှင့်ခန့်အပ်ထားသော ဝန်ထမ်းဟူသည့် လူ့စွမ်းအားအရင်းအမြစ်ပင်ဖြစ်သည်။ EMB အနေနှင့် ဝန်ထမ်းများ၏အကျိုးစီးပွားကို ကာကွယ်ပေးခြင်းနှင့် ၎င်းတို့၏ ထင်မြင်ချက်များကို တုံ့ပြန်ခြင်းမရှိပါက အောင်မြင်သော ရွေးကောက်ပွဲ တစ်ခု ဖြစ်လာနိုင်မည်မဟုတ်ချေ။ EMB နှင့် ၎င်း၏ စည်းမျဉ်းစည်းကမ်းများအပေါ် သစ္စာမရှိသော ဝန်ထမ်းများသည် EMB ၏ အစီအစဉ်များကို ကမောက်ကမဖြစ်စေလိမ့်မည့် သို့မဟုတ် တင်ဒါနိုင်လိုသော ပစ္စည်းတင်ပို့သူတို့၏လာဘ်ထိုးခြင်းသို့မဟုတ် ရွေးကောက်ပွဲနိုင်လိုသော နိုင်ငံရေးသမားတို့၏လာဘ်ထိုးဖျက်ဆီးခြင်းကို ခံရလိမ့်မည်။ မပျော်ပိုက်သောဝန်ထမ်းများသည် ရွေးကောက်ပွဲကာလအတွင်းတွင်ပင် ဆန္ဒပြခြင်းမျိုးဖြစ်လာနိုင်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့ကို လမ်းချွတ်ချော်စေလိမ့်မည်။

EMB အနေနှင့် ၎င်း၏ ဝန်ထမ်းများသည် သစ္စာရှိပြီး အလိုအလျောက် မှုဝေခြင်းနှင့် EMB ၏ တန်ဖိုးမြင့်တက်စေရန် လုပ်ဆောင်အကောင်အထည်ဖော်ရန် ကြိုးစားလိမ့်မည်ဟု တထစ်ချယူဆခြင်း မပြုနိုင်ပေ။ ထိုကဲ့သို့သော သစ္စာရှိခြင်းနှင့် ပညာရှင်ဆန်ခြင်းတို့ဖြစ်ပေါ်စေရန် ထောက်ပံ့ခြင်းတို့ ပြုလုပ်ရန်လိုသည်။ ပညာရှင်ဆန်သော EMB တစ်ခု၏ အကြီးမားဆုံးသော အားသာချက်တစ်ချက်မှာ ၎င်း၏ဝန်ထမ်းများအား ၎င်းတို့၏လုပ်ဆောင်ချက်နှင့် အဖွဲ့အစည်း၏ လုပ်ဆောင်ချက်တို့သည် သဘောသဘာဝအရကိုပင် အချိန်ကုန်သည်နှင့်ထိုက်တန်ပြီး တိုင်းပြည်သာယာဝပြောရေးအတွက် ကြီးကြီးမားမားအထောက်အပံ့ဖြစ်စေသည်ဟု ရိုးရိုးသားသားပြောနိုင်ခြင်းပင်ဖြစ်သည်။ ထိုအချက်သည်လည်း အမြဲမပြတ် အာရုံစိုက်ထားသင့်သည်။ EMB အနေနှင့်၎င်း၏ဝန်ထမ်းများအား ရိုးရိုးသားသားနှင့် မျှမျှတတဆက်ဆံရန် လိုအပ်သည်။ လစာနှုန်းထားနှင့် စည်းမျဉ်းများကိုအပြိုင်သဘောမျိုးဖြစ်စေရန် ချမှတ်ပေးခြင်း၊ လုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများ လိုအပ်ခြင်းကို သတိပြုပေးခြင်း၊ ဝန်ထမ်းတို့၏ အောင်မြင်မှုကိုအသိအမှတ်ပြုပေးခြင်း၊ အန္တရာယ်ကင်းရှင်းသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်း၊ တူညီသောအခွင့်အရေးရစေရန် ပြုလုပ်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထကို ပျိုးထောင်ပေးခြင်း၊ ဝန်ထမ်းများကို

၎င်းတို့၏ အရည်အချင်းများကို တိုးမြင့်ပြီး ကျွဲပြားစွာ ဆောင်ရွက်နိုင်စေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းနှင့် အဖွဲ့အစည်းထဲတွင် ဝန်ထမ်းများကို ပါဝင်စေခြင်းနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို စီမံကိန်းရေးဆွဲပေးခြင်းတို့လုပ်ပေးရန် လိုအပ်သည်။

ရွေးကောက်ပွဲကာလတွင် ခန့်အပ်ခဲ့သော ယာယီဝန်ထမ်းများမှာ မဲဆန္ဒရှင်အများအစုအတွက်နှင့် EMB ၏ ပြည်သူတို့နှင့် ထိတွေ့ဆက်ဆံရေး အတွက်ဖြစ်သည်။ နိုင်ငံတော်တော်များများတွင် ရွေးကောက်ပွဲတစ်ခုစီတွင် အလုပ်လုပ်သည့် စိတ်တူကိုယ်တူလူသိုက် အုပ်စုများဖွဲ့စည်းသည်။ ထို့ကြောင့်ပင် ရွေးကောက်ပွဲ ကာလတွင်သာမဟုတ်ဘဲ ၎င်းတို့၏ အသိုင်းအဝိုင်းအတွင်းတွင် စနစ်တကျရောအလွတ်တန်းသဘောမျိုးနှင့်ပါ အသင်းအဖွဲ့ကို ကိုယ်စားပြုကြလေပြီး ပြည်သူလူထု၏ ယုံကြည်မှုကို အားကောင်းလာစေပြီးရွေးကောက်ပွဲလုပ်ငန်းစဉ်တို့အပေါ် အရိုန်ကြာလာသည်နှင့်အမျှအထောက်အပံ့ရစေလေသည်။ ထိုအချက်သည် ဝန်ထမ်းများနှင့် ပြည်သူများကို အပြန်အလှန်ဆက်သွယ်ရသော လုပ်ဆောင်မှုယန္တရားပါဝင်မှု နည်းသောစနစ်မျိုးဖြစ်သော အားလုံး စာပို့စနစ်နှင့် မဲပေးခြင်း နည်းစနစ်ကဲ့သို့သော နည်းမျိုးကို စဉ်းစားနေသော နိုင်ငံများအနေနှင့် ထည့်သွင်းစဉ်းစားသင့်သည်။

---

EMB အနေနှင့် ၎င်းတို့၏ဝန်ထမ်းများကို အထောက်အကူပြုရန် ဆုံးဖြတ်ချက်ချပြီး အားထုတ်ကြိုးပမ်းသင့်သည်။ ၎င်းတို့ကို ပညာရှင်အဆင့် ရွေးကောက်ပွဲဦးစီးစီမံခန့်ခွဲရေး၏ တန်ဖိုးများကို ဖြည်းဖြည်းချင်းနားလည်အောင်ပြောပြပြီး ၎င်းတို့၏လိုအပ်ချက်များကို အပြည့်အဝမှန်ကန်စွာ တုံ့ပြန်ရမည်။

---

အစိုးရပုံစံအောက်ရှိ EMB များနှင့် ပြည်သူ့ဝန်ထမ်းများကို ခန့်အပ်ထားသောEMB များသည် ၎င်းတို့၏ ဝန်ထမ်းပါဝင်ပတ်သက်သူများနှင့် အဆင်အပြေဆုံးပုံစံနှင့် ဆက်ဆံခြင်းကို ကန့်သတ်နိုင်မည့် ပြည်သူ့ဝန်ထမ်းခြင်းတစ်ခုလုံးနှင့်ဆိုင်သည့် စည်းမျဉ်းနှင့် မူဝါဒများနှင့် ချုပ်နှောင်ထားခြင်း ခံထားရနိုင်သည်။ ထိုကဲ့သို့သော EMB မျိုးတွင် ဝန်ထမ်းများနှင့်ဆက်ဆံရေးသည် EMB ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အကျိုးအမြတ်ပေးစွမ်းခြင်းထက် EMB ၏ ဝန်ထမ်းများကို စီမံခန့်ခွဲရာတွင်ထားသော စိတ်နေစိတ်ထားပေါ်တွင် ပိုမိုမူတည်နိုင်သည်။

## *အုပ်ချုပ်ရေးမဏ္ဍိုင်*

EMB အနေနှင့် အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြင့် အားကောင်းသော ဆက်ဆံရေးတစ်ခုဖြစ်အောင် မြှင့်တင်ရန်အတွက် အကြောင်းပြချက်များစွာရှိသည်။ EMB ၏ ဘတ်ဂျက်ငွေအတွက် အကောက်ခွန် (သို့မဟုတ်) ဘဏ္ဍာရေးဝန်ကြီးဌာနတွင် တာဝန်ရှိသည်။ အစိုးရပုံစံအောက်တွင်ရှိသော EMB များသည် သတ်မှတ်ထားသော ဝန်ကြီးဌာန၏ ဘောင်အကန့်အသတ်အတွင်းတွင်သာလုပ်ရပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ဆောင်ရွက်သောမြို့အာဏာပိုင်များနှင့်ရင်းနှီးသောဆက်ဆံရေးတစ်ခု တည်ထောင်ထားရန်လည်းလိုအပ်သည်။ ကိစ္စတော်တော်များများတွင် EMB သည် အစိုးရဝန်ကြီးဌာနများကို (ဒေသဆိုင်ရာ EMB များအနေနှင့်လည်း မြို့အာဏာပိုင်ကို) မဲရုံအခန်းများနှင့် အစိုးရ ကိုယ်စားလှယ်ဌာနများမှ ရွေးကောက်ပွဲတာဝန်ရှိသူအဖြစ် တာဝန်ထမ်းဆောင်ရန် စေလွှတ်လိုက်သောဝန်ထမ်းများကို ကြိုပို့သယ်ယူခြင်းကဲ့သို့သော သယ်ယူပို့ဆောင်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ရွှေ့ပြောင်းရေးကိစ္စများအတွက် မှီခိုအားထားနေရလေသည်။ ကိုယ်စားလှယ်ဌာနများကိုဝယ်ယူခြင်း သို့မဟုတ် လိုင်စင်ကိုယ်စားလှယ်ဌာနများကို တင်သွင်းခြင်းအတွက် အစိုးရထံမှ ခွင့်ပြုချက်တောင်းခံခြင်းသည် မရှိမဖြစ်လိုအပ်သော ရယူလက်ခံမှုလုပ်ရန်အတွက် လိုအပ်လေသည်။ EMB များအနေနှင့်လည်း နိုင်ငံတော် စာရင်းစစ်အာဏာ

ပိုင်၏ စာရင်းစစ်ခြင်းကိုခံရနိုင်ပြီး ခြစားမှုတိုက်ဖျက်ရေးနှင့် တိုင်ကြားစာစစ်ဆေးရေးမှုးတို့၏ စုံစမ်းစစ်ဆေးမှုတို့ကိုလည်း ပြန်လည်တုံ့ပြန်ရနိုင်သည်။ EMB အနေနှင့် လုံခြုံရေးအတွက် ရဲဌာနကို မှီခိုနေရပြီး အချို့သော နိုင်ငံများတွင် စစ်တပ်ကို လုံခြုံရေးအတွက် မှီခိုရကာရွေးကောက်ပွဲကာလတွင် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုအချို့ကို မှီခိုရနိုင်သည်။

EMB အနေနှင့်သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများအားလုံးနှင့် ကိုယ်စားလှယ်အဖွဲ့အစည်းများထံမှ ၎င်း EMB လိုအပ်မည့် ဝန်ဆောင်မှုနှင့် အထောက်အပံ့များအတွက် ၎င်းတို့၏ လုပ်ဆောင်မှုများကို အသိပေးပြီး ပုံမှန်တိုင်ပင်ဆွေးနွေးခြင်းတို့လုပ်ပါက ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းထိန်းချုပ်ရေးတို့ အဆင့်မြင့်သွားမည်ဖြစ်သည်။ EMB နှင့် ရွေးကောက်ပွဲဖြစ်စဉ်တို့အတွက် ရင်းမြစ်များကို EMB မှ မှီခိုနေရသော အစိုးရကိုယ်စားလှယ်ဌာနတို့အတွက် ပါဝင်ပတ်သက်နေသော ပုံသေအလုပ်လုပ်ဆောင်သည့် အုပ်စု သို့မဟုတ် အပြန်အလှန်ပတ်သက်မှုရှိသည့် ကော်မတီတစ်ခုရှိပါက အသုံးဝင်နိုင်လေသည်။ လွတ်လပ်သော EMB တစ်ခုအတွက် အတွင်းဝန်ကြီးဌာန သို့မဟုတ် တရားရေးရာဝန်ကြီးဌာနကဲ့သို့သော ဝန်ကြီးဌာနတစ်ခုသည် ဝန်ကြီးများအဖွဲ့ သို့မဟုတ် လွှတ်တော်သို့ကိုယ်စားပြုရန်အတွက် အပြန်အလှန်ပတ်သက်သော ဝန်ကြီးဌာနတစ်ခု ဖြစ်နိုင်သည်။ ကနေဒါနိုင်ငံတွင် ရွေးကောက်ပွဲအရာရှိချုပ်မှူးသည် အစိုးရကို ထိုကိစ္စအတွက် သီးသန့်ခန့်အပ်ထားသော ဝန်ကြီးတစ်ဦးမှတစ်ဆင့် ဆက်သွယ်လေသည်။

EMB အနေနှင့် ၎င်း၏ ဘတ်ဂျက်တောင်းခံလွှာများကို နောက်ကြောင်းပြန်စစ်ပြီး ၎င်း၏ ဘဏ္ဍာငွေကို ချမှတ်ပေးရသော ဌာနနှင့် ဆက်ဆံရေးကောင်းတစ်ခုကို ထိန်းသိမ်းထားပြီး ထိုဌာနသည် EMB ၏ အစီအစဉ်များနှင့် ၎င်း၏ အချိန်နှင့်အမျှအရေးကြီးသော ဘဏ္ဍာငွေလိုအပ်မှု သဘောသဘာဝကို ရင်းနှီးမှုရှိအောင်လုပ်ထးရမည်။ ဆက်ဆံရေးကောင်းရန်အတွက်လည်း အကောက်ခွန် သို့မဟုတ် ဘဏ္ဍာရေးဝန်ကြီးဌာနမှ EMB ၏ ဘတ်ဂျက်ငွေဆိုင်ရာ စာရင်းအင်းဆိုင်ရာ၊ ဘဏ္ဍာငွေထိန်းသိမ်းမှုနှင့် အစီရင်ခံစာတင်သောစနစ်တို့ကို ယုံကြည်ရန် အရေးကြီးသည်။

EMB ၏ လွှတ်တော်၊ ဘဏ္ဍာရေး သို့မဟုတ် ရွှေ့ပြောင်းမှုဆိုင်ရာ အခက်ခဲများကဲ့သို့သော အစီအစဉ်နှင့် စိန်ခေါ်မှုများအကြောင်းကို ပိုမိုသိရှိစေရန်အတွက် နိုင်ငံခေါင်းဆောင်အပါအဝင် အစိုးရ ခေါင်းဆောင်များထံသို့ EMB ၏ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များထံသို့ သွားရောက်လည်ပတ်နိုင်ရန်အတွက် စီစဉ်ပေးမှုသည် EMB နှင့် ၎င်း၏ အုပ်ချုပ်ရေးဆိုင်ရာ ပါဝင်ပတ်သက်သူတို့၏ ကဏ္ဍပုံစံကို မြှင့်တင်ပေးလိမ့်မည်ဖြစ်သည်။

## *ဥပဒေပြု လွှတ်တော်*

EMBများအနေနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များ တိုးတက်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ရင်းမြစ်များ ချမှတ်ပေးခြင်းတို့တွင် ၎င်းတို့၏ ထင်မြင်ချက်များ သေချာပေါက်ထည့်သွင်း စဉ်းစားခြင်းခံရစေရန်နှင့် အရေးကြီးသော ပါဝင်ပတ်သက်သူထံမှ ၎င်းတို့၏ စွမ်းဆောင်ရည်ကို တုံ့ပြန်မှုရစေရန်အတွက်ဥပဒေပြုလွှတ်တော်နှင့်ထိတွေ့ဆက်ဆံခွင့်ရရှိရန်လိုအပ်သည်။ ထိုကဲ့သို့ထိတွေ့ဆက်ဆံခွင့်ရရန်မှာလည်း လွှတ်တော်တွင် လုပ်ပုံလုပ်နည်းအတိုင်း ဆက်သွယ်လိုက်ရုံပင် ဖြစ်သည်။ ဥပမာအားဖြင့် ဩစတြေးလျတွင် ထိုအရာသည် လွှတ်တော်အတွက် အထူးသီးသန့် ရပ်တည်နေသော ကော်မတီဖြစ်ပြီး နမ်ဘီယာတွင် ထိုအရာသည် လွှတ်တော်အတွက် ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။ ဆော်လမွန်ကျွန်းစုနိုင်ငံတွင် လွှတ်တော်၏ ပြောရေးဆိုခွင့်ရှိသူ ပုဂ္ဂိုလ်မှ EMB ၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။

ဥပဒေပြုလွှတ်တော်ဟူသည်မှာ ရွေးကောက်ပွဲဥပဒေအပါအဝင်၊ ဥပဒေများစွာတို့ကို ချမှတ်ရန်နှင့် အစိုးရဘတ်ဂျက်ကို အတည်ပြုရန်နှင့် အများပြည်သူဆိုင်ရာ စာရင်းများအားလုံး၊ EMB ၏ စာရင်းအပါအဝင်တို့ကို စစ်ဆေးရန်တာဝန်ရှိခြင်းဖြစ်သည်။ နိုင်ငံတော်တော်များများတွင် ဥပဒေ သို့မဟုတ် သဘောတူညီချက်စာချုပ်အရ EMB သည် လွှတ်တော်သို့ ရွေးကောက်ပွဲအစီရင်ခံစာနှင့် လွှတ်တော်အစီရင်ခံစာတို့ကို တင်သွင်းရလေသည်။ လွှတ်တော်နှင့် ကောင်းမွန်သော ဆက်ဆံရေးရှိခြင်း သည် EMB အား ၎င်း၏ဘတ်ဂျက်ငွေအဆိုများနှင့် ၎င်းတို့သည် ၎င်းတို့၏ လုပ်ငန်းစဉ်များကို နားလည်မှု အချို့တဝက်ရှိသောဌာနဖြင့် ဆက်ဆံကိုင်တွယ်ခြင်းပြုမည်ဟူသော အသိပေးအစီရင်ခံစာကို တင်ပြနိုင်လေသည်။

ကော့စတာရီကာတွင် EMB ဘက်မှ နေပြီး လွှတ်တော်သို့ ရွေးကောက်ပွဲဥပဒေများ ပြင်ဆင်ရန် အဆိုတင်သွင်းနိုင်လေသည်။ ကနေဒါနှင့် ပါလက်စတိုင်းတွင်မူ၊ ထိုကိစ္စမျိုးကို သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရရုံးမှ လုပ်ရခြင်းဖြစ်သော်လည်း EMBဘက်မှ ရွေးကောက်ပွဲ ဥပဒေများပြင်ဆင်ရန်အတွက် အကြံပြုချက်များ တင်သွင်းခွင့်ရှိသည်။ ရွေးကောက်ပွဲ ဥပဒေများနှင့်ပတ်သက်ပြီး ပြင်ဆင်ရန် အကြံပြုချက်များသည် ဆန္ဒခံယူပွဲအတွက် EMB အနေနှင့် တာဝန်ထမ်းဆောင်ခဲ့သော်လည်း (စာမျက်နှာ ၄၂၂ ရှိ ဖြစ်ရပ်များကို လေ့လာခြင်းကို ကြည့်ပါ) ရွေးကောက်ပွဲများ ကျင်းပပေးရန်တာဝန်မရှိသော ဗြိတိန် ရွေးကောက်ပွဲကော်မရှင်၏ သက်ဆိုင်ရာအပိုင်း၏ အဓိကအစိတ်အပိုင်းလည်းဖြစ်သည်။ ဒီမိုကရေစီပေါ် ပေါက်ကာစနိုင်ငံများတွင် EMB များသည် ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင် ဖန်တီးရေးအတွက် အထူးအရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ EMB များအနေနှင့် EMBကို သင့်တော်သော ပြင်ဆင်မှုများ လုပ်ခွင့်မပေးမီတွင် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်ချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေများ ပြင်ဆင်ရေး၏ အရေးပါပုံတို့ကို အချိန်အတိုင်းအတာတစ်ခုထိ ကောင်းကောင်း သိရှိနားလည်စေရန် လွှတ်တော်နှင့် အပြန်အလှန် တာဝန်အရဆက်ဆံမှုမျိုးပြုလုပ်သင့်သည်။ မာလာဝီတွင် ၁၉၉၇ နှင့် တီမော-လက်စ်တီတွင် ၂၀၀၆-၂၀၀၇ တွင် ဖြစ်သွားသကဲ့သို့ အချိန်ဆွဲနေးဖင့်ခြင်း သို့မဟုတ် လွှတ်တော်နှင့် EMB ကြား သို့မဟုတ် လွှတ်တော်နှင့် နိုင်ငံခေါင်းဆောင်ကြားတွင် နားလည်မှု သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကြောင့် ဥပဒေပြုရေးနှောင့်နှေးပြီး ရွေးကောက်ပွဲဆိုင်ရာ စွမ်းဆောင်ရည်တို့ကို ထိခိုက်ခဲ့ရသော ဥပမာအမြောက်အမြားရှိသည်။

## ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများအား ဖြေရှင်းပေးမည့်ဌာနများ

EMB အနေနှင့် EMB ၏ ဆုံးဖြတ်ချက်ကို စိန်ခေါ်မှုများ၊ EMB အချင်းချင်းနှင့် အခြားသော ပါဝင်ပတ်သက်သူများအကြား ပဋိပက္ခဖြစ်မှုများ၊ EMB စည်းမျဉ်းစည်းကမ်းများတွင် ပါဝင်သောအရာတို့၏ တရားဝင်မှု သို့မဟုတ် ရွေးကောက်ပွဲရလဒ်တို့ကို စိန်ခေါ်သောအရာများ အစရှိသောကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန်အာဏာရှိသော ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများအား ဖြေရှင်းပေးသည့်ဌာနများနှင့် ဆက်ဆံရနိုင်သည်။ ၎င်းတို့သည် တရားစီရင်ရေး သို့မဟုတ် တရားစီရင်ရေးတစ်ပိုင်းတစ်စပါသော သို့မဟုတ် သီးပ်စနစ်တကျမဟုတ်သော ညှိနှိုင်းဆွေးနွေးရေးဌာနများဖြစ်နိုင်သည်။ ၎င်းတို့၏ဆုံးဖြတ်ချက်များသည် EMB ၏ လုပ်ရှားမှုများနှင့် ပြည်သူ့ဘက်မှ ထင်မြင်ချက်တို့ကို သက်ရောက်မှုအားကောင်းနိုင်သည်။

EMB ၏ လှုပ်ရှားမှုများကို ထိုသူတို့အား အသိပေးခြင်းနှင့် ပုံမှန်အစည်းအဝေးပြုလုပ်ပြီး ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ EMB ၏ ထုတ်ပြန်ချက်များအားလုံးကို ရရှိစေခြင်းနှင့် EMB ၏ လုပ်ငန်းဆောင်ရွက်ပုံများအားလုံးကို လာရောက်စစ်ဆေးရန်အတွက် ဖိတ်ခေါ်ခြင်းအပါအဝင် ထိုဌာနများနှင့် အထွေထွေ ပွင့်လင်းမှုရှိခြင်းသည် ဆက်ဆံရေးကို ကောင်းမွန်စေနိုင်သည်။ ထိုအရာကို လုပ်ဆောင်ရာတွင် EMB သို့မဟုတ် ထိုပဋိပက္ခဖြေရှင်းရေးဌာန၏ ဆုံးဖြတ်ချက်ချရေးနှင့်ဆိုင်သော လွတ်လပ်မှုကို ဆုတ်ယုတ်စေ

ခြင်း၊ ဆုတ်ယုတ်မည့်ဟန်မပေါက်အောင်မဖြစ်အောင် လုပ်ရမည်ဖြစ်သည်။ ထိုကိစ္စမျိုးသည့် EMB ဘက်မှ ပဋိပက္ခများကို ဖြေရှင်းရသည့် တာဝန်ကဏ္ဍကို ချမှတ်ခြင်းခံထားရလျှင် ပိုအရေးကြီးပြီး မကြာခဏလည်း ထိုသို့ဖြစ်တတ်ပါသည်။ (EMB သို့ တိုင်ကြားချက်များအရင်ရောက်ပြီး နောက်မှအဆင့်တက်သွားသည်ဟု ပုံစံဖြင့် တွက်လျှင်ပင်ဖြစ်သည်)

ထိုဌာနများ၏ ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများကို စုံဟမ်းစစ်ဆေးရာတွင် EMB ဘက်မှ ပညာရှင်ဆန်ပြီး ပူးပေါင်းပါဝင်ရန် အင်မတန်မှအရေးပါလှသည်။ EMB ဘက်မှ ဖြေရှင်းရေးဌာန၏ ဆက်ဆိုင်သော ရွေးကောက်ပွဲဆိုင်ရာပစ္စည်း သို့မဟုတ် နေရာကိုကြည့်ရှုကိုင်တွယ်မှုကို နှောင့်ယှက်လျှင်၊ ထိုဌာနများ၏ အာဏာလုပ်ပိုင်ခွင့်ကို ကန့်သတ်လျှင် သို့မဟုတ် ပဋိပက္ခနှင့် ပတ်သက်ပြီး ပြသသော အထောက်အထားမှာ ပညာရှင်မဆန်လျှင် ကောင်းမွန်သောဆက်ဆံရေးတစ်ခု တည်ဆောက်ရန် ခက်ခဲလိမ့်မည်။

### *တရားစီရင်ရေးမဏ္ဍိုင်*

တရားစီရင်ရေးစနစ်တွင် ပါဝင်သော ဌာနတော်တော်များများသည် EMB ၏ လုပ်ကိုင်မှုများနှင့် ဆက်နွယ်နေနိုင်သည်။ EMB အနေနှင့် ရွေးကောက်ပွဲ ဆိုင်ရာ စည်းကမ်းချိုးဖောက်သည်ဟု မသင်္ကာသော အရာများကို စုံစမ်းစစ်ဆေးရန်နှင့် ရာဇဝတ်တရားသူကြီး သို့မဟုတ် တရားရေးဆိုင်ရာ ကိစ္စအဖြေတစ်ခုခု ထုတ်ရန်အတွက် စီမံခန့်ခွဲရေး တရားရုံးစနစ်ရှေ့မှောက်သို့သွားရန်အတွက် ရဲဌာနနှင့်တရားလိုရှေ့နေ အာဏာပိုင်တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုကောင်းလိုလိမ့်မည်။ EMB ၎င်း၏ အဖွဲ့ဝင်များ သို့မဟုတ် ၎င်း၏ ဝန်ထမ်းများသည် တရားရေးရာစုံစမ်းစစ်ဆေးမှုများ သို့မဟုတ် အရပ်သားတို့၏ တရားစွဲဆိုချက် ပြုခြင်းတို့ကို ခံရနိုင်ပြီး။ EMB ၏ ဦးစီးစီမံရေး မူဝါဒများနှင့် ကျင့်သုံးပုံများမှာလည်း ခုံရုံးအတင်ခံရနိုင်လေသည်။ ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခဖြေရှင်းရေးဌာနများနှင့် ဆက်ဆံသကဲ့သို့ပင် EMB ဘက်မှလည်း တရားစီရင်ရေးစနစ်နှင့် ဆက်ဆံရာတွင် ပညာရှင်ဆန်၊ ထိတွေ့ဝင်ရောက်နိုင်ပြီး ပူးပေါင်းဆောင်ရွက်မှုမျိုး ရှိစေရန် အင်မတန်ကို အရေးကြီးသည်။

### *ရွေးကောက်ပွဲစောင့်ကြည့်ရေး/ထောက်ခံအတည်ပြုရေး အဖွဲ့များ နှင့် ပြည်တွင်းနှင့် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများ*

EMB အနေနှင့် ရွေးကောက်ပွဲကိုကြီးကြပ်ကြည့်ရှုသူများ၊ ထောက်ခံအတည်ပြုပေးသော အဖွဲ့များ (ခန့်ထားသောနေရာတွင်) နှင့် စောင့်ကြည့်လေ့လာသူများနှင့် ဆက်ဆံရေးကောင်းတစ်ခုကို ထိန်းသိမ်းဖန်တီးထားရန် အရေးကြီးသည်။ ရွေးကောက်ပွဲ ကြီးကြပ်ကြည့်ရှုသူများ (ရွေးကောက်ပွဲ လုပ်ငန်းစဉ် အတွင်းဝင်ရောက်ကူညီနိုင်ပြီး လိုအပ်သောအရာများကို ပြင်ဆင်ပေးနိုင်သူများ) ထောက်ခံ အတည်ပြုပေးသောအဖွဲ့များ (သဘောတူညီချက်ရယူထားသော သုံးသပ်ခြင်းနှင့် အတည်ပြုရေး (ထိုသို့မဟုတ်ပါက) ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခု၊ အထူးသဖြင့် အဓိကရလဒ်းပြီးချိန်ပတ်ဝန်းကျင်) နှင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာမှ စောင့်ကြည့်လေ့လာသူများ (ဝင်ရောက်ကူညီနိုင်သော အာဏာမရှိဘဲ သတင်းအချက်အလက်ယူပြီး အစီရင်ခံရုံမျှသာလုပ်ရသော) သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း အဓိကအရေးပါသော သူများ ဖြစ်လာနိုင်သည်။ EMB အနေနှင့် ထောက်ခံချက်ရထားသော ရိုးရှင်းသောလုပ်ငန်းစဉ်များချပြပြီး စံချိန်စံညွှန်းမီသော ထိရောက်ပြီး အချိန်တကျလုပ်ဆောင်မှုယန္တရားများကို ကျင့်သုံးပြသွားရန်လိုသည်။

EMB အနေနှင့် စောင့်ကြည့်လေ့လာသူများအား ရွေးကောက်ပွဲမတိုင်မီ လုပ်သည့် ဟောပြောပွဲများကို ကျင်းပပြီး/သို့မဟုတ် ပါဝင်နိုင်ပြီး မဲပေးရမည့်နေ့မတိုင်မီ ရက်သတ္တပတ်အနည်းငယ် အလိုတွင် ရေရှည်စောင့်ကြည့်လေ့လာရေးမှူးလုပ်မည့်သူများနှင့် စောင့်ကြည့်လေ့လာရေးစီမံကိန်းရေးဆွဲမည့်သူများ

အတွက် လုပ်ခဲ့ပြီးဖြစ်သည်။ မဲပေးရမည့်ရက်မတိုင်မီ ရက်အနည်းငယ်အလို ပြည်သူအများစုနှင့် ရေတို အပြည်ပြည်ဆိုင်ရာ စောင့်ကြည့်လေ့လာသူများ တာဝန်ချမှတ်ရန် အဆင်သင့်ဖြစ်နေချိန်တွင် နောက်ထပ် ရှင်းလင်းဟောပြောပွဲ ထပ်လုပ်နိုင်သေးသည်။ EMB များအနေနှင့် နိုင်ငံရေးပါတီများနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များကို စောင့်ကြည့်လေ့လာသူများအတွက် ပြုလုပ်သော ဟောပြောပွဲများ တက်ရောက်စေကာ စောင့်ကြည့်လေ့လာသူများအား EMB ၏ ရွေးကောက်ပွဲအပေါ် ကြိုတင်ပြင်ဆင် ထားမှုနှင့် ပတ်သက်၍ ၎င်းတို့၏ထင်မြင်ချက်ကို ပြောပြစေခြင်းမှာ နောက်ပိုင်းတွင် ပြုလုပ်သူများ များလာ သည်။ EMB မှ ပြင်ဆင်ပေးထားသော စောင့်ကြည့်လေ့လာသူတို့၏ ရှင်းလင်းပြောကြားခြင်းဆိုင်ရာ အစီ အစဉ်မှာလည်း စောင့်ကြည့်လေ့လာသူများအား ရွေးကောက်ပွဲ၏မူဘောင်နှင့် လုပ်ငန်းဆိုင်ရာ အဆင့်ဆင့် တို့ကိုနားလည်နိုင်စေရန် ကူညီပေးနိုင်သည်။

စောင့်ကြည့်လေ့လာသူများ အနေနှင့်လည်း ၎င်းတို့အား ထောက်ခံအတည်ပြုပေးရာတွင် တစ်စိတ်တစ်ဒေသ ပါဝင်သော ၎င်းတို့ သို့မဟုတ် ၎င်းတို့အား ဦးစီးကမကထလုပ်ပေးသော အသင်းအဖွဲ့ အား ၎င်းတို့ကြုံတွေ့နေရသော ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုင်ရာ ပြဿနာများကို EMB ၏ ရှေ့မှောက် သို့ယူလာရန် ပြဋ္ဌာန်းထားသော EMB လုပ်ပုံလုပ်နည်းကျင့်ထုံးကို စံပြအနေနှင့် လိုက်နာရန်လိုသည်။ စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များသည် ပုံမှန်အားဖြင့် ၎င်းတို့၏ အဖွဲ့ဝင်များထံမှ ၎င်းတို့မျှော်လင့် ထားသော လုပ်ထုံးလုပ်နည်း စံညွှန်းများကို သတ်မှတ်လိုကြသည်။ လုပ်ထုံးလုပ်နည်းများကို ချိုးဖောက် ခြင်းကြောင့်ဖြစ်လာမည့် ဆက်နွယ်နေသော လုပ်ရိုးလုပ်စဉ် ပိတ်ပင်အရေးယူမှုများတွင် ထောက်ခံအတည် ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း ပါနိုင်သော်လည်း ထိုအချက်သည် ရွေးကောက်ပွဲပြီးချိန်မှသာ အကျိုး သက်ရောက်မှုရှိမည်ဖြစ်ပြီး မလိုလားအပ်သော သံတမန်ရေးရာဆိုင်ရာ ပြန်လည်ရိုက်ခတ်မှုများ ရှိနိုင် သောကြောင့် ကျယ်ကျယ်ပြန့်ပြန့်သုံးရန် မဖြစ်နိုင်ချေ။

## ***ရေးရိုးစဉ်လာ မီဒီယာ***

ရေးရိုးစဉ်လာမီဒီယာဟူသည်မှာ ပြည်သူလူထုအား EMB ၏ ချမှတ်သောတာဝန်နှင့် လုပ်ဆောင် ချက်များအပါအဝင် မဲဆန္ဒရှင်များအား ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကြောင်း အကြောင်းကြားခြင်းဖြင့် EMB ၏ အဓိက မဟာမိတ်ဖြစ်နိုင်သော ပုံနှိပ်နှင့် အီလက်ထရွန်းနစ်၊ အများပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် တို့ဖြစ်သည်။ သတင်းစာဖတ်သော၊ ရုပ်မြင်သံကြားကြည့်ပြီး ရေဒီယိုမှန်မှန် နားထောင်သောသူများသည် အခြားသူများအား ၎င်းတို့ဖတ်ခဲ့၊ ကြည့်ခဲ့၊ ကြားခဲ့ရသည်တို့ကို ပြောပြလိုစိတ် ရှိကြသည်။

EMB တစ်ခုအနေနှင့် မီဒီယာနှင့် အပြုသဘောဆောင်သော ပုံမှန်ဆက်သွယ်ရေးတစ်ခုကို မြှင့် တင်ပေးနိုင်သည့် မီဒီယာ ဆက်ဆံရေးဗျူဟာတစ်ခုလိုပြီး EMB ၏ လှုပ်ရှားမှုများအပါအဝင် မီဒီယာသည် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို တိတိကျကျ သေချာပေါက်သိရှိစေရန်လည်း လုပ် ဆောင်ရမည်။ EMB အနေနှင့် မီဒီယာနှင့်ပွင့်လင်းမြင်သာသော ဆက်ဆံရေးတစ်ခုဖြစ်အောင် မမြှင့်တင် နိုင်ခဲ့ပါက မမှန်ကန်သောသတင်းအချက်အလက်များက ၎င်း၏ယုံကြည်ရနိုင်မှုကို ယိုယွင်းစေနိုင်သော ဆိုးကျိုးဖြစ်ပေါ်လာနိုင်ချေများသည်။

မည်သည့် EMB အတွက်မဆို မီဒီယာဆက်ဆံရေးဗျူဟာ လက်တွေ့အကောင်အထည်ဖော်ရေး အတွက် ပါဝင်သော အရာများတွင် :

၁။ သက်ဆိုင်ရာ မီဒီယာနှင့် ၎င်းတို့၏ ဖော်ပြချက်များအား ရွေးချယ်သတ်မှတ်ခြင်း
၂။ EMB ၏ လှုပ်ရှားမှုများကို ထိထိရောက်ရောက်နှင့် တိတိကျကျ သတင်းထုတ်ပြန်နိုင်သော မီဒီယာ အမျိုးမျိုးရှိ အဓိကကျသော သူများကို ရွေးချယ်သတ်မှတ်ခြင်း

၃။ မီဒီယာအား သတင်းအချက်အလက်ထုတ်လွှင့်ရာတွင် ပွင့်လင်းမြင်သာပြီး တက်ကြွလှုပ်ရှားမှုရှိခြင်း
၄။ မီဒီယာအား ပေးသောသတင်းအချက်အလက်တို့သည် ရှင်းလင်း၊တိကျပြီး လွယ်လွယ်ကူကူ နားလည်နိုင်စေရန် ပြုခြင်း
၅။ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များပေးရန်အတွက် အချိန်ဇယား ရေးဆွဲခြင်း
၆။ မီဒီယာအတွက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးခန့်အပ်ပြီး မီဒီယာအတွက် EMB အတွင်းတွင် ဦးစီးမှုဆိုင်ရာ အဆက်အသွယ်တစ်နေရာ ဖန်တီးပေးထားခြင်းနှင့်
၇။ EMB အတွင်း မီဒီယာ ဌာနတစ်ခု တည်ထောင်ခြင်းတို့ပါဝင်သည်။

မီဒီယာနှင့် ဆက်ဆံရေးတွင် EMB အား အထောက်အကူဖြစ်စေမည့် အချို့သော လုပ်ရပ်များတွင် :

၁။ ဂျာနယ်လစ်များအတွက် လေ့ကျင့်သင်ကြားရေး အစီအစဉ်များ ပြုလုပ်ပေးခြင်း
၂။ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများအတွက် မီဒီယာဖြန့်ဝေမှုများ ပုံမှန်ပြုလုပ်ခြင်း
၃။ မီဒီယာတွေ့ဆုံရှင်းလင်းပွဲများ ပုံမှန်ပြုလုပ်ကျင်းပပေးခြင်း
၄။ အသင့်ရှိသော EMB မီဒီယာ အပြန်အလှန် ဆက်ဆံရေးအရာရှိ တစ်ဦးထားရှိခြင်း
၅။ ရွေးကောက်ပွဲတစ်ခုချင်းစီအတွက် မီဒီယာသတင်းအချက်အလက်ဆိုင်ရာ လက်စွဲစာအုပ် ပြင်ဆင်ခြင်းနှင့်
၆။ ရွေးကောက်ပွဲဆိုင်ရာ နည်းပညာ ကိစ္စများအတွက် မီဒီယာဟောပြောပွဲများ ပြုလုပ်ခြင်းနှင့်
၇။ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ မီဒီယာသို့ လွယ်လွယ်ကူကူနှင့် လွတ်လွတ်လပ်လပ် ရရှိစေခြင်းတို့ ပါဝင်သည်။

ရွေးကောက်ပွဲ ကာလများအတွင်းတွင် မီဒီယာရှင်းလင်းပွဲများသည် အနည်းဆုံး အပတ်စဉ် ပြုလုပ်သင့်ပြီး လိုအပ်လျှင် လိုအပ်သလောက် အခြားအချိန်များတွင်လည်း ပြုလုပ်ပေးရမည်။ EMB အနေနှင့် မီဒီယာဆက်နွယ်ရေးအတွက် တာဝန်ယူရန်အချိန်ပြည့် တာဝန်ထမ်းဆောင်သော အဖွဲ့တစ်ဖွဲ့ တည်ထောင်ရန်နှင့် ခိုင်မာသောမီဒီယာလောက နောက်ခံရှိပြီး မီဒီယာအသိုင်းအဝိုင်းမှ လေးစားခြင်းခံရသောသူ တစ်ဦးအား ပြောရေးဆိုခွင့်ရှိသူအဖြစ်ခန့်အပ်ရန်အတွက် အကြံပေးခြင်းကို လက်ခံသင့်သည်။

EMB များအနေနှင့်လည်း ကြေငြာကိစ္စနှင့်ပတ်သက်ပြီး မီဒီယာနှင့်ဆက်ဆံခြင်းမျိုးများဖြစ်သော ရွေးကောက်ပွဲဆိုင်ရာ ကြေငြာများ သို့မဟုတ် EMB အနေနှင့် နိုင်ငံရေးမဲဆွယ်ပွဲများတွင် နေရာကဏ္ဍတစ်ခုမှ ပါဝင်ပါက ပုံမှန်လုပ်ရိုးလုပ်စဉ် ကိစ္စအနေနှင့်ဆက်ဆံရန်လိုအပ်သည်။ ထိုကဲ့သို့သော ဆက်ဆံရေးများတွင် ပညာရှင်ဆန်ပြီး ရိုးသားမှုကို ထိန်းသိမ်းထားနိုင်ပါက ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားမှုများတွင် မီဒီယာ၏ အစီရင်ခံမှုအတွက် ကောင်းမွန်သောပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်လိမ့်မည်ဖြစ်သည်။

အကြောင်းပြချက်တော်တော်များများရှိသောကြောင့် EMB အနေနှင့် ရေးရိုးစဉ်လာမီဒီယာများမှ ထုတ်ဝေသော အချက်အလက်များကို ကြီးမှူးစောင့်ကြည့်ရန် လိုအပ်ကောင်းလိုနိုင်မည်။ ဥပဒေ သို့မဟုတ် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းကို ဖောက်ဖျက်မှုများ အကြောင်းပါဝင်သော သို့မဟုတ် ထောက်ပြထားသော သတင်းများကိုလည်း နားစွင့်နေရန် လိုအပ်လိမ့်မည်။ ၎င်းအနေနှင့် မဲဆွယ်မှုအသုံးစရိတ်ကန့်သတ်ချက်နှင့် ကိုက်ညီမှုရှိ/မရှိ ကို ကြီးကြပ်စောင့်ကြည့်ရာတွင် ပါတီများ သို့မဟုတ် အမတ်လောင်းများ၏ မဲဆွယ်ပွဲကျော်ကြားမှု၏ ပမာဏအလျောက် အချက်အလက်များကို ကောက်ခံရန်လိုအပ်သည်။ EMB အနေနှင့် ရွေးကောက်ပွဲကျင်းပခြင်း လုပ်ရပ်နှင့်ဆိုင်သော သို့မဟုတ် ဝေဖန်ထောက်ပြသော လူသိ

ရှင်ကြားထုတ်ဖော်ပြောကြားထားသည့် အချက်များကို တာဝန်ခံရန်လိုအပ်လိမ့်မည်။ သင့်လျော်သော မီဒီယာ စောင့်ကြည့်ကြီးကြပ်မှုများသည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကွာခြားနိုင်ပြီး ဌာနတွင်းမှ သို့မဟုတ် စီးပွားဖြစ်လုပ်ဆောင်သော မီဒီယာစောင့်ကြည့်လေ့လာရေး ဝန်ဆောင်မှုများအသုံးပြုခြင်းမှတစ်ဆင့်နှင့် စာနယ်ဇင်းများ၏ ဖော်ပြချက်ဆောင်းပါးများကို စုဆောင်းချက်များ၊ တီဗွီနှင့် ရေဒီယိုမှတ်တမ်းများနှင့် အင်တာနက် သတင်းအချက်ပေးခြင်းများလည်း ပါဝင်နိုင်သည်။

## *လူမှုမီဒီယာ*

နိုင်ငံတော်တော်များများတွင် လူမှုမီဒီယာများ အသုံးပြုမှု လတ်တလောကာလတွင် မြင့်တက်လာခြင်းသည်လည်း EMB များအတွက် သိသာထင်ရှားသော စိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။ စောင့်ကြည့်ရန်လွယ်ကူသော အကန့်အသတ်ရှိသော မီဒီယာများ (သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများ) မှ ထုတ်ဝေခြင်းထက် သတင်းအချက်အလက်များသည် လူမှုမီဒီယာ သုံးသူများအကြား ဆက်တိုက်နီးပါးဆိုသလိုပင် ပျံ့နှံ့လျက်ရှိကာ အလုံးစုံခြုံငုံသုံးသပ်လေ့လာမှုပြုရန်မှာ မဖြစ်နိုင်သလောက်ပင်ဖြစ်သွားသည်။ အခြားသော နိုင်ငံများတွင် အထိုင်ချသော အင်တာနက်ဆိုက်များမှ ထုတ်ဝေလျက်ရှိသော အရာများသည် ထိုအရာများအား တရားဥပဒေအရ အရေးယူခြင်းနှင့် သက်ဆိုင်သော လုပ်ဆောင်ချက်များကို မဖြစ်နိုင်သလောက်ကို ခက်ခဲသွားစေသည်။ EMB တွင် ပါဝင်ပတ်သက်နေသူ တော်တော်များများမှာလည်း သတင်းအချက်အလက်များရယူရန်နှင့် မျှဝေရန်အတွက် လူမှုမီဒီယာကို သုံးလေ့ရှိကြပြီး EMB ကိုလည်း ရှိစေချင်ကြကာ မေးခွန်းများနှင့် ပေါ်ပေါက်လာသော ပြဿနာများကို တိတိကျကျနှင့် မြန်မြန်ဆန်ဆန် ဖြေရှင်းပေးစေလိုကြသည်။ လူမှုမီဒီယာများကိုသုံးသောသူများသည်လည်း အင်တာနက်ကို ပုံသေအထိုင်ချစက်များထက် မိုဘိုင်းဖုန်းများနှင့် အသုံးပြုမှုတိုးတက်မြင့်မားလာသည်။

ထိုကဲ့သို့သော ပတ်ဝန်းကျင် အနေအထားမျိုးတွင် မီဒီယာဆက်သွယ်မှုများ အားလုံးကို EMB အား ကိုယ်စားပြုသော သတ်မှတ်ထားသော ပြောရေးဆိုခွင့်ရှိသူထံမှ တစ်ဆင့် စာနယ်ဇင်းရှင်းလင်းပွဲများနှင့် စနစ်ကျပြင်ဆင်တည်ဆောက်ထားသော မီဒီယာထုတ်လွှင့်မှုများကို ပြုလုပ်ခြင်းမျိုးသည် သိပ်မဆီလျော်လှပါ။ သတ်မှတ်ထားသောအနေနှင့်လည်း ထိုကဲ့သို့သော မီဒီယာချန်နယ်အများအပြား (ဥပမာ- ဖေ့စ်ဘွတ်ခ်၊ ယူကျူဘ်၊ တွစ်တာ အစရှိသည်ဖြင့်) နှင့် တွေ့ဆုံကာ ထိုချန်နယ်မှခွင့်ပြုသော ကန့်သတ်ဘောင်အတွင်းတွင် သတင်းအချက်အလက် ပေးနိုင်ရန် ပြင်ဆင်ထားသင့်ပြီး ထိုကဲ့သို့သော ချန်နယ်များနှင့် တွေ့ဆုံဆက်သွယ်ရသော တာဝန်ကို သွက်သွက်လက်လက်ဖြေကြားနိုင်ပြီး အချက်အလက်အများစုကို အဆင့်ဆင့်ခွင့်တောင်းပြီးမှ ဖြေကြားရသော ဗျူရိုကရက်တစ်မဆန်သော ဝန်ထမ်းတစ်ဦးကို လွှဲပေးထားသင့်သည်။

## *မဲဆန္ဒရှင်များ*

EMB တည်ရှိနေရခြင်းသည် ပုံမှန်မဲပေးသော သူများသာမဟုတ်ဘဲ မဲပေးပိုင်ခွင့်ရှိသောသူများကိုပါ ဝန်ဆောင်မှုပေးရန်အတွက် အဓိကအနေနှင့် တည်ရှိနေရခြင်းဖြစ်သည်။ မဲဆန္ဒရှင်များကိုယ်စား EMB က များပြားပြီး ဝန်ကျယ်လှသော တာဝန်များကို ထမ်းဆောင်နေရသောကြောင့် မဲဆန္ဒရှင်များအား ၎င်း၏ လုပ်ရှားမှုနှင့် အစီအစဉ်များကို အမြဲမပြတ် အသိပေးနေရပြီး EMB ၏ လုပ်ငန်းစဉ်များနှင့် စွမ်းဆောင်ရည်များအပေါ် သူတို့၏ ထင်မြင်ချက်များကိုတောင်းခံရမည်။ နိုင်ငံရေးပါတီများ၊ CSOs (အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ)၊ လွှတ်တော်နှင့် အစိုးရတို့သည်သာလျှင် မဲဆန္ဒရှင်အများစုကို ကိုယ်စားပြုသော အဖွဲ့အစည်းများဖြစ်ပြီး EMB အနေနှင့် ထိုကဲ့သို့သော အဖွဲ့အစည်းများနှင့်သာ ဆက်ဆံရန်လိုပြီး မဲဆန္ဒရှင်များအား လျစ်လျူရှုထားနိုင်သည် ဟူသောယူဆချက်သည် မှားယွင်းလေသည်။

EMB အနေနှင့် မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ဆက်သွယ်မှုလမ်းကြောင်းများ ဖန်တီးခြင်းမှအကျိုးအမြတ်များ ရရှိနိုင်သည်။ လုပ်ယူနိုင်သော နည်းလမ်းများတွင် တယ်လီဖုန်းနှင့် စုံစမ်းနိုင်သော ဝန်ဆောင်မှုများ၊ အများပြည်သူမေးမြန်းနိုင်သော ရုံးများနှင့် ဈေးများ၊ ဈေးဝယ်စင်တာများ သို့မဟုတ် သယ်ယူပို့ဆောင်ရေးဌာနများတွင် အကြံပေးစာထည့်ရန် ပုံများထားရှိခြင်းနှင့် အပြန်အလှန် ဆက်သွယ်မှုမျိုးရှိသော ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များနှင့် EMB အဖွဲ့ဝင်များပါဝင်သော "ခန်းမကျယ်" တွေ့ဆုံဆွေးနွေးပွဲများတို့ ပါဝင်သည်။ EMB ၏ ဆက်သွယ်နိုင်သောလူများ၏ စာရင်းနှင့် ၎င်းတို့၏ဆက်သွယ်ရန် အချက်အလက်အသေးစိတ်တို့ကို ပုံမှန်ဆိုသလို ပြည်သူလူထုအကြားချပြပေးနေခြင်းသည် အင်မတန်မှ အဖိုးတန်လှသော ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးအက်ဥပဒေနှင့်အညီ သတင်းအချက်အလက်များကို နိုင်ငံတော်အဆင့်ရှိ ၎င်း၏ဝဘ်ဆိုက်တွင် ဆက်သွယ်ရန် သတင်းအချက်အလက်များကို လမ်းညွှန်တစ်ခုအနေနှင့် EMB မှ ထုတ်ဝေထားလေပြီး နိုင်ငံတော်အဆင့်ရှိ ရာထူးအကြီးစားဝန်ထမ်းများမှာ ပြည်သူလူထုအား သတင်းအချက်အလက်မျှဝေရေးအရာရှိများအဖြစ် ခန့်အပ်ထားခြင်းခံရလေသည်။ ဖီဂျီတွင် ၂၀၀၆ ခုနှစ်၌ လုပ်သွားသော အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲရုံးသည် ရွေးကောက်ပွဲလုပ်ပုံလုပ်နည်းများကို မဲဆန္ဒရှင်တို့၏ ထင်မြင်ချက်နှင့် တိုက်ရိုက်တုန့်ပြန်မှုအပေါ် စစ်တမ်းကောက်ယူရန်အတွက် မဲဆန္ဒရှင်တို့၏ စိတ်ထားသဘောထား ကျေနပ်မှုစစ်တမ်းကို နမူနာပြုလုပ်ထားသော မဲရုံများတွင် ဖြန့်ကျက်ပြုလုပ်ခဲ့သည်။ ဩစတြေးလျရှိ ရွေးကောက်ပွဲ တော်တော်များများတွင် EMB သည် မဲရုံမှမဲပေးပြီးထွက်ခွာလာသော မဲဆန္ဒရှင်များအား အင်တာဗျူးလုပ်သော စစ်တမ်းကောက် စနစ်တစ်ခုကို စီစဉ်ထည့်သွင်းပြီးနောက် ၎င်းအနေနှင့်လည်း အမတ်လောင်းများ၊ နိုင်ငံရေးပါတီများ၊ မီဒီယာနှင့်နိုင်ငံတော်ရွေးကောက်ပွဲရုံးများကို အာရုံစိုက်သော ပါဝင်ပတ်သက်သူတို့ ကျေနပ်နှစ်သိမ့်မှုကို စစ်တမ်းကောက်မှုကို လည်းချမှတ်ခဲ့သည်။ ပို၍ယေဘုယျအားဖြင့် မဲဆန္ဒရှင်များထံမှ တုံ့ပြန်ချက်များသည် အုပ်စုလိုက် စူးစမ်းရှာဖွေ သုတေသနပြုမှုများနှင့် မဲဆန္ဒရှင်များအား ပိုမိုကျယ်ကျယ်ပြန့်ပြန့် စစ်တမ်းကောက်ယူခြင်းမှ ရရှိနိုင်သည်။

EMB အနေနှင့် ပြည်သူထံမှလာသော မှတ်ချက်များနှင့် မေးခွန်းများအား မြန်မြန်ဆန်ဆန်နှင့် တိတိကျကျ တုန့်ပြန်ဖြေဆိုနိုင်ရန် အရေးကြီးသည်။ နှောင့်နှေးသော တုံ့ပြန်ဖြေဆိုချက် သို့မဟုတ် တုံ့ပြန်ဖြေဆိုခြင်း အလျင်းမရှိခဲ့ပါက EMB အနေနှင့်ပြည်သူအား မဲဆန္ဒရှင်တို့အပေါ် အမှုထမ်းရွက်ရန်အတွက် စိတ်ဝင်စားမှုမရှိသော ထိရောက်မှုမရှိသည့် အဖွဲ့အစည်းတစ်ခုအဖြစ် မြင်သွားစေနိုင်သည်။ EMB အနေနှင့်လည်း မသန်စွမ်း၊ စာမတတ်သော သို့မဟုတ် ဝေးလံခေါင်သီသောကြောင့် အခက်တွေ့နေရသော သူတို့အား ရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုများ၊ ပစ္စည်းများနှင့် သတင်းအချက်အလက်များ ပေးစွမ်းနိုင်ရန်အတွက် ပိုမိုအားထုတ်ကြိုးပမ်းခြင်းပြုလုပ်သင့်သည်။ EMB အနေနှင့် မဲဆန္ဒရှင်များအား ရွေးကောက်ပွဲအတွက်အသိပညာပေးပြီးသတင်းအချက်အလက်များသိနားလည်စေရန်အတွက်မီဒီယာကိုအသုံးချနိုင်ပြီး ပုံနှိပ်လုပ်ငန်းနှင့် ရုပ်မြင်သံကြားဆိုင်ရာ အသိပညာပေးရေး ထုတ်ကုန်များနှင့် ပုံမှန်ဆင့်ကဲမွမ်းမံမှုများ လုပ်ထားသော ဝဘ်ဆိုက်ကဲ့သို့ ၎င်း၏ ကိုယ်ပိုင်ကြေငြာရေး အစီအစဉ်များနှင့်လည်း မဲဆန္ဒရှင်များကို ၎င်း၏ လှုပ်ရှားမှုများနှင့် အမြဲတစေထိတွေ့နေစေရန် ဆောင်ရွက်နိုင်သည်။ မီဒီယာဆက်ဆံရေးနှင့် မဲဆန္ဒရှင် အသိပညာပေးရေးတို့အတွက် EMB အတွင်းတွင် ပညာရှင်ဆန်ဆန်ဖွဲ့စည်းထားသော အဖွဲ့တစ်ခုကို တည်ထောင်ခြင်းသည်လည်း အထောက်အကူဖြစ်စေသည်။

## *အရပ်ဖက်လူမှုအဖွဲ့အစည်းများ*

ကိစ္စတော်တော်များများကို ကိုင်တွယ်ဆက်ဆံနေရသော အရပ်ဖက်လူမှုအဖွဲ့အစည်းများကဲ့သို့သော ဒီမိုကရက်တစ်တိုးတက်ရေး၊ အမျိုးသမီးကဏ္ဍတိုးတက်ရေး၊ ဥပဒေပြုပြင်ပြောင်းလဲရေးများ၊ လူ့

အခွင့်အရေးများပြည်သူတို့အား အသိပညာပေးရေး၊ မသန်စွမ်းသူများအတွက် အုပ်ချုပ်မှုနှင့် အခွင့်အရေးများတို့သည်လည်း EMB ၏ လှုပ်ရှားမှုထဲတွင် ပါဝင်ပတ်သက်နေသည်။ ဒီမိုကရက်တစ် ပြည်သူ့နိုင်ငံများဖြစ်သော ကွန်ဂို၊ ဂါနာနှင့် တောင်အာဖရိကတို့တွင် ကျင့်သုံးသကဲ့သို့ ထိုအဖွဲ့အစည်းများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခြင်းသည် EMB အား ၎င်းတို့၏ လိုအပ်ချက်များကို တိုက်ရိုက်အကြံပေးမှုပြုနိုင်ပြီး ၎င်းတို့အထောက်အပံ့ပြုနေသော EMB ၏ အစီအစဉ်များကို ဆွေးနွေးခြင်းနှင့် ကြေငြာထုတ်ပြန်ခြင်းတို့အတွက် ဆွေးနွေးခန်းတစ်ခု တည်ဆောက်ပေးနိုင်သည်။ EMB အနေနှင့်လည်း CSOs (အရပ်လူမှုအဖွဲ့အစည်းများ) နှင့် ၎င်းတို့ကို ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားမှုများ လက်တွေ့အကောင်အထည်ဖော်ရေးတွင် လုပ်ငန်းဖော်အဖြစ် အသုံးချရင်း ကောင်းမွန်သော ဆက်ဆံရေးတစ်ခု တည်ဆောက်နိုင်လိမ့်မည်ဖြစ်သည်။ ဥပမာ- ယာယီရွေးကောက်ပွဲ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း သို့မဟုတ် မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် သတင်းအချက်အလက် ဝေမျှရေးအစီအစဉ်တို့တွင် ဖြစ်သည်။ အချို့သော EMB များသည် အရပ်ဖက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များကိုပါ ထည့်သွင်းထားကြလေသည်။ ဥပမာအားဖြင့် တီမောလက်စ်တီတွင် အဖွဲ့ဝင်စနစ်တွင် အရပ်ဖက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်အနည်းဆုံး သုံးဦး ပါဝင်ရမည်ဟု ခန့်မှန်းထားလေသည်( စာမျက်နှာ ၂၈၀ ရှိ ဖြစ်ရပ်များကို လေ့လာခြင်းကဏ္ဍကို ကြည့်ပါ)

## *အလှူရှင်အသိုင်းအဝိုင်းနှင့် မဲဆန္ဒရှင်များအား ကူညီပေးသော ကိုယ်စားလှယ်အဖွဲ့အစည်းများ*

အလှူရှင်ကိုယ်စားလှယ်အဖွဲ့အစည်းများ၏ ကမ္ဘာအနှံ့ ဒီမိုကရေစီတည်ထောင်ရေးနှင့် ရွေးကောက်ပွဲ အထောက်အပံ့ပေးရေးဆိုင်ရာတို့တွင် ပါဝင်သော အခန်းကဏ္ဍသည် ၎င်းတို့အား EMB အများအပြားအတွက် ဖြန့်ဝေခြင်းမပြုနိုင်သော လုပ်ငန်းဖော်ဌာနတစ်ခုဖြစ်စေသည်။ အလှူရှင်တို့၏ ဘဏ္ဍာထောက်ပံ့ငွေများသည် EMB ထံသို့တိုက်ရိုက် သို့မဟုတ် ကြားခံမှတစ်ဆင့် အစိုးရဝန်ကြီးဌာနများကဲ့သို့ သွားခြင်းဖြစ်သည်။ အလှူရှင်နှင့် တိုက်ရိုက်အပြန်အလှန် ရွေးကောက်ပွဲဆိုင်ရာအထောက်အပံ့အတွက် သဘောတူညီချက်ရယူထားသည်တို့ ရှိနိုင်သကဲ့သို့ ကုလသမဂ္ဂရံပုံငွေကဲ့သို့သော အစီအစဉ်မျိုးဖြင့်လည်း တစ်ဆင့်လွှဲပြောင်းပေးခြင်းကဲ့သို့ (၂၀၀၈ ခုနှစ်တွင် နီပေါတွင် ပြုလုပ်သွားသကဲ့သို့နှင့် ပြီးခဲ့သော ၂၀၁၂ ရွေးကောက်ပွဲတွင် တီမောလက်စ်တီတွင် လုပ်သွားသကဲ့သို့) ကုလသမဂ္ဂ စုပေါင်းအလှူငွေကဲ့သို့ (ကင်ညာ၊ ဆူဒန်နှင့် ယီမင်တွင် လုပ်သွားသကဲ့သို့)လည်း လုပ်နိုင်သည်။ ထိုဖြစ်ရပ်များအားလုံးတွင် EMB အနေနှင့် ဘတ်ဂျက်ငွေ၊ စီမံကိန်းအကောင်အထည် ဖော်ရေးဆိုင်ရာ အစီရင်ခံစာများနှင့် ဘဏ္ဍာရေးအစီရင်ခံစာများ အပါအဝင် ကျန်အလှူရှင်တို့၏ တောင်းဆိုသော တောင်းဆိုချက်များနှင့် EMB ၏ လုပ်ဆောင်ချက်များကို ဝင်ရောက်စစ်ဆေးကြည့်ရှုခွင့်တောင်းခံသော မည်သည့်တောင်းခံချက်များမဆိုသည် ထိရောက်မှု အမြင့်ဆုံးနှင့် အချိန်မီအတွင်း ဖြည့်ဆည်းပေးနိုင်ခဲ့သည်သာဖြစ်သည်။ အလှူရှင်များ၏ တွေ့ဆုံဆွေးနွေးပွဲများသည်လည်း EMB အတွက် ၎င်း၏ရွေးကောက်ပွဲဆိုင်ရာ ဦးစီးစီမံမှုများနှင့် အလှူဘဏ္ဍာငွေများ အသုံးပြုမှုဆိုင်ရာ တိုးတက်မှုပြအစီရင်ခံစာများကို ပြသသောယန္တရားဖြစ်စဉ်တစ်ခုအဖြစ် အသုံးချနိုင်သည်။ အလှူရှင်များအနေနှင့်လည်း EMB ဘက်မှ ၎င်းတို့၏ အလှူငွေဆိုင်ရာ ထောက်ပံ့မှုများကို ၎င်း၏ ပြည်သူများနှင့် ထိတွေ့ဆက်ဆံရေးပွဲများ၊ ထုတ်ဝေမှုများနှင့် မီဒီယာဖြန့်ဝေမှုများတွင် ထည့်သွင်း အသိအမှတ်ပြုပေးရန်အတွက် တောင်းဆိုကောင်းတောင်းဆိုနိုင်ပြီး သေချာပေါက်လည်း ကျေနပ်လက်ခံလိမ့်မည်ဖြစ်သည်။

## ဒုတိယအဆင့် ပါဝင်ပတ်သက်သူများ

EMB ၏ ဒုတိယအဆင့် ရင်းနှီးမြှုပ်နှံသူများ၏ ပမာဏသည် အောက်ပါတို့အပါအဝင် အမျိုးမျိုး ကွဲပြားနိုင်လေသည်။

၁။ EMB အတွက် ပစ္စည်းပေးသွင်းသူများ
၂။ ပြည်သူအများစုနှင့်
၃။ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ကွန်ယက်များ

### *EMBအတွက် ပစ္စည်းပေးသွင်းသူများ*

EMBသည် နည်းပညာ၊ ကိရိယာ၊ ယာဉ်များနှင့် ရွေးကောက်ပွဲဆိုင်ရာ ပစ္စည်းပစ္စယများကဲ့သို့သော ထုတ်ကုန်များအပြင် တိုင်ပင်ဆွေးနွေးရေးကဲ့သို့သော ဝန်ဆောင်မှုများအတွက် ပစ္စည်းပေးသွင်းသူ အများအပြားကို မှီခိုရလေသည်။ EMB ဘက်မှ ထိုကဲ့သို့သော ပစ္စည်းပေးသွင်းသူများနှင့် ကောင်းမွန်သော ဆက်ဆံရေးတစ်ခု ထိန်းသိမ်းထားနိုင်ခြင်းမရှိပါက ၎င်း၏ စွမ်းဆောင်ရည်များသည်လည်း ဆိုးဆိုးရွားရွား ထိခိုက်မည်သာဖြစ်သည် ဥပမာအားဖြင့် ပစ္စည်းထောက်ပံ့သူများမှအချိန်မီမလုပ်ပေးခြင်း သို့မဟုတ် စံချိန်စံညွှန်း အရည်အသွေးမပြည့်မီသော ထုတ်ကုန်နှင့် ဝန်ဆောင်မှုများပေးသွင်းခြင်းတို့ဖြစ်သည်။

ပစ္စည်းထောက်ပံ့ပေးသွင်းသူများနှင့် ကောင်းမွန်သောဆက်ဆံရေးတစ်ခုရစေရန်အတွက် EMB သည် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများပေးသွင်းရေး စိတ်ဝင်စားမှုပြသလာစေရန်အတွက် ပွင့်လင်းမြင်သာမှု၊ ပညာရှင်ဆန်မှုနှင့် လုပ်ငန်းထိရောက်မှုတို့ရှိစေရန် လုပ်ဆောင်သင့်သည်၊ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ဂုဏ်သိက္ခာ၊ ပညာရှင်ဆန်ခြင်းနှင့် ထိရောက်မှုတို့ကို တင်းတင်းကြပ်ကြပ်လိုက်နာခြင်းကဲ့သို့သော EMB ၏ ဂုဏ်သိက္ခာတန်ဖိုးနှင့်ဆိုင်သော သတင်းအချက်အလက်များကို ပစ္စည်းထောက်ပံ့ ပေးသွင်းသူများနှင့် ထောက်ပံ့ပေးသွင်းသူ ဖြစ်လာနိုင်ချေရှိသူများထံသို့ မျှဝေခြင်း၊ ပစ္စည်းပေးသွင်းသူများကို သဘောတူညီချက်ယူထားသော နောက်ဆုံးရက်အချိန်မီ ငွေပေးချေခြင်းနှင့် ၎င်းတို့၏ထင်မြင်ချက်များကို ဆွေးနွေးရန်နှင့် သဘောတူညီချက်ရနိုင်သော ဖြေရှင်းချက်များကို ဖော်ထုတ်နိုင်စေရန်အတွက် ပစ္စည်းပေးသွင်းသူများ၏ သတင်းအချက်အလက် ဆွေးနွေးခန်းများကိုစီစဉ်ပေးခြင်းတို့ လုပ်ပေးရန်လိုအပ်သည်။

### *ပြည်သူအများစု*

ပြည်သူအများစုသည်လည်း EMBတွင် ပါဝင်ပတ်သက်နေသူများပင်ဖြစ်လေသည်။ ဒီမိုကရက်တစ်တန်ဖိုးနှင့် အာဏာပိုင်စိုးမှုကို မြှင့်တင်နေသော အဖွဲ့အစည်းတစ်ခုအနေနှင့် EMB သည်လည်း ကောင်းမွန်သော ကော်ပိုရိတ်ပြည်သူတစ်ဦးဖြစ်ရန်အတွက် တာဝန်ရှိလေသည်။ ၎င်း၏ လှုပ်ရှားမှုများထဲတွင် ၎င်းအနေနှင့် အသိုင်းအဝိုင်း၏ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်သည်လည်း ဘေးရန်ကင်းရှင်းမှု ရှိ/မရှိကိုလည်း ထည့်သွင်းစဉ်းစားရန်လိုသည်။၎င်း၏ ဌာနအတွင်းအပြင်ဆိုင်ရာ ဆက်ဆံရေးများတွင် EMB အနေနှင့် ၎င်းကိုယ်စားပြုသော တန်ဖိုးများဖြစ်သော ဒီမိုကရက်တစ်ဆုံးဖြတ်ချက်ချရေး လုပ်ငန်းစဉ်များ၊ ဥပဒေစည်းကမ်းကို လေးစားမှုရှိခြင်း၊ ခြိမ်းခြောက်မှုကင်းသော လုပ်ငန်းစဉ်များ၊ ရိုးသားမှုနှင့် လာဘ်စားမှုကင်းစင်ရေး၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အားနည်းသော ခွဲခြားခံဖြစ်သော မသန်စွမ်းသူများ၊ စာမတတ်မြောက်သူများ သို့မဟုတ် ဝေးလံခေါင်သီသောအရပ်တွင် နေထိုင်သူများ အပါအဝင် လူမှုရေးဆိုင်ရာအဖွဲ့များသို့ ဝင်ထွက်ခွင့်ရှိခြင်းနှင့် ကျား/မ အရေးအတွက် ညီမျှရေးကဲ့သို့သော ၎င်း

ကိုယ်စားပြုတင်ပြသော တန်ဖိုးတို့ကို ကောင်းမွန်စွာ ကျင့်သုံးရန်အတွက် တာဝန်ရှိသည်။ EMB အနေနှင့် လူမှုရေးတာဝန်အစီအစဉ်များကို တည်ထောင်ရန်အတွက် အသိုင်းအဝိုင်းသို့ ကျွမ်းကျင်မှု၊ ဗဟုသုတနှင့် အခြားသော ရင်းမြစ်များကို ပေးကမ်းခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်သည်။

### *ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ကွန်ယက်များ*

EMBတွင် ၎င်း၏ လက်ရှိပတ်ဝန်းကျင်တွင် မပါဝင်သော်လည်း ထိုပတ်ဝန်းကျင်၏ မူဝါဒနှင့် အစီအစဉ်များကို ဆက်လက်ကိုင်စွဲထားသော ပါဝင်ပတ်သက်သူများရှိသည်။ EMB များနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအကြားရှိ ဆက်ဆံရေးသည် ဒီမိုကရေစီမြှင့်တင်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာအထောက်အကူပြုရေးတို့တွင် နိုင်ငံတကာ ပူးပေါင်းလုပ်ဆောင်မှု အရှိန်ပြင်းထန်လာသောကြောင့် အားကောင်းလာလေသည်။ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲကွန်ယက်များ ဖန်တီးလိုက်ခြင်းသည် EMB များအတွက် ပုံမှန်တွေ့ဆုံပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ရန်နှင့် လေ့လာရေးအလည်အပတ်ခရီးစဉ်များနှင့် အခြားသော ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများ လုပ်ဆောင်နိုင်ရန်အတွက် အခွင့်အလမ်းများ ဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ (ထိုလက်စွဲစာအုပ်၏ အခန်း ၁၁ ကိုရှုပါ) ဒေသဆိုင်ရာ ကွန်ယက်များက ဗဟုသုတနှင့် ပစ္စည်းကိရိယာများမျှဝေရေးနှင့် အချင်းချင်းအပြန်အလှန် စစ်ဆေးကြည့်ရှုခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့အတွက် မိတ်သဟာယဖွဲ့ရန် အခွင့်အလမ်းများ ချမှတ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

နိုင်ငံတကာနှင့် ဒေသဆိုင်ရာ စာချုပ်စာတမ်းများသည် ရွေးကောက်ပွဲ၏ အရည်အသွေးကို ဆန်းစစ်ရာတွင် အခြေခံအဓိကအားဖြင့်လိုအပ်သော အချက်တစ်ချက်ဖြစ်ပြီး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကလည်း တွင်တွင်ကျယ်ကျယ်သုံးကြလေသည်။ ကုလသမဂ္ဂနှင့် တစ်ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများက အောက်တိုဘာလ ၂၀၀၅ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့သော တစ်ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအတွက် လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေသများအား ကြေငြာချက်သည် ဥပမာပင်ဖြစ်သည်။ နာမည်ကောင်း ရယူလိုသော EMB တစ်ခုသည် ၎င်း၏ ကျင့်သုံးပုံနှင့် မူဝါဒများကို နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အသိအမှတ်ပြုထားသော စည်းမျဉ်းဥပဒေသများနှင့်အညီ လိုက်နာရန်လိုအပ်ပြီး ရွေးကောက်ပွဲ စီမံခန့်ခွဲမှုတွင် နိုင်ငံတကာတွင်ဖြစ်နေသော ခေတ်ရေစီးကြောင်း အခြေအနေကိုလည်း သိနားလည်ရန်လိုသည်။

## ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရေးကို ထိန်းသိမ်းခြင်း

EMB အနေနှင့် ၎င်း၏ မူဝါဒများနှင့် အစီအစဉ်များကို ထောက်ခံမှုရရန်နှင့် ၎င်းတို့၏ EMB ၏ စွမ်းဆောင်ရည်အပေါ်တွင် ထားရှိသော ယုံကြည်မှုကို အားကောင်းစေရန်အတွက် ၎င်း၏ ပါဝင်ပတ်သက်သူများနှင့် ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုမျိုးကို မွေးမြူရန်အရေးကြီးသည်။ အချို့သော EMB များသည် ၎င်းတို့၏ "လွတ်လပ်မှု" အရ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်သောသူများနှင့် ခပ်တန်းတန်းသာနေသောချဉ်းကပ်မှုမျိုးကို သုံးသည့် အချိန်မျိုးရှိခဲ့ဖူးသော်လည်း ထိုနည်းသည် အကျိုးမဖြစ်လှကြောင်း သက်သေအရမြင်တွေ့ပြီးဖြစ်ပါသည်။ EMB ဘက်မှ ကြိုးစားပန်းစားနှင့် ၎င်း၏ပါဝင်ပတ်သက်သော သူများနှင့် ခိုင်မြဲသောဆက်ဆံရေးတစ်ခု တည်ထောင်ပြီး ထိန်းသိမ်းရန်မပြုပါက ၎င်း၏ လုပ်ဆောင်မှုများအပေါ်တွင် နားလည်မှုလွဲမှားခြင်းနှင့် သံသယဖြစ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထိုအချက်သည် EMB နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့အပေါ် ပြည်သူယုံကြည်မှုနှင့် စိတ်ချမှုကို ပျက်ပြယ်စေနိုင်သည်။

အင်ဒိုနီးရှားကဲ့သို့သော နိုင်ငံရှိ ဥပဒေမူဘောင်သည် EMBအား ပါဝင်ပတ်သက်သော သူများနှင့် ဆက်သွယ်မှုပြုစေရန်အတွက် လိုက်နာစေသည်။ထိုကဲ့သို့ ဥပဒေမှ မပြဋ္ဌာန်းသည့်တိုင်အောင် ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင် (AEC) သည် ၎င်းအနေနှင့် ပါဝင်ပတ်သက်သူများနှင့် မည်ကဲ့သို့ ဆက်ဆံမှုမျိုးကို ပြုပါမည်ဟူသော တရားဝင်ကတိကဝတ်ပေးခြင်းမျိုးကို ထုတ်ပြန်ပြီးဖြစ်သည်။ (သရုပ်ဖော်ပုံ ၁၁)

## သရုပ်ဖော်ပုံ ၁၁ - ပါဝင်ပတ်သက်သူများ စေ့စပ်-စည်းမျဉ်းများထုတ်ပြန်ခြင်း

| ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင် (AEC) သည် ပါဝင်ပတ်သက်သူ အုပ်စုသုံးမျိုးနှင့် စေ့စပ်ညှိနိုင်းသည်။ | |
|---|---|
| နိုင်ငံရေး | နိုင်ငံရေးအရ ပါဝင်ပတ်သက်သူများသည် ရွေးကောက်ပွဲ မူဝါဒကို ပုံဖော်နိုင်သည်။ ပါလီမန်လွှတ်တော်၊ နိုင်ငံအထူးဝန်ကြီး၊ အမတ်လောင်းများနှင့် နိုင်ငံရေးပါတီများသည်လည်း ပါဝင်ပတ်သက်သူများထဲတွင် ပါသည်။ |
| အစိုးရနှင့် ကော်ပိုရိတ် | ပုဂ္ဂိကနှင့် အများပိုင်း ဌာနပိုင်းများသည် ကျွန်ုပ်တို့၏ဝန်ဆောင်မှုများကိုပြည်သူများထံရောက်စေရန် ကူညီပေးလေသည်။ ပါဝင်ပတ်သက်သူများထဲတွင် အစိုးရအေဂျင်စီများ၊ နိုင်ငံရွေးကောက်ပွဲကော်မရှင်များ၊ ကန်ထရိုက်တာများနှင့် အခြားသော ပုဂ္ဂလိကကုမ္ပဏီများ ပါဝင်သည် |
| အသိုင်းအဝိုင်း | အသိုင်းအဝိုင်းအတွင်းရှိ ပါဝင်ပတ်သက်သူများသည် မဲဆန္ဒရှင်ဗဟိုပြု ဝန်ဆောင်မှုစနစ်ကို ပုံဖော်ရာတွင် အထောက်အကူဖြစ်လေသည်။ အသိုင်းအဝိုင်းဆိုင်ရာ ကိုယ်စားလှယ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မီဒီယာများ၊ ပညာရှင်အသိုင်းအဝိုင်း၊ ပညာရေးဆိုင်ရာ ထောက်ပံ့သူများနှင့် ပြည်သူလူထုတို့ပါဝင်သည်။ |

| ပါဝင်ပတ်သက်သူများနှင့် စေ့စပ်ညှိနိုင်းခြင်း |
|---|
| AEC (ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင်) ၏ ပါဝင်ပတ်သက်သူများအပေါ် ချဉ်းကပ်ပုံသည်ကမ္ဘာ့အဆင့်မီ ရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုပေးရန်အတွက် လိုအပ်သော ပန်းတိုင်များနှင့်ကိုက်ညီသည်။ |
| AEC (ဩစတြေးလျ ရွေးကောက်ပွဲ ကော်မရှင်)မှလည်း စနစ်တကျတည်ဆောက်ထားပြီး အေဂျင်စီနှင့်ကိုက်ညီသော တိကျရှင်းလင်းသည့် အချက်အလက်များကို ပါဝင်ပတ်သက်သူများအား ပေးအပ်သည် |
| AEC (ဩစတြေးလျရွေးကောက်ပွဲကော်မရှင်) ဘက်မှမျှဝေထားသော ရည်ရွယ်ချက်များကို ဖော်ထုတ်ပြီး နှစ်ဖက် အပြန်အလှန်ဆက်ဆံရေးကို အားပေးသည်။ |

| AEC( ဩစတြေးလျရွေးကောက်ပွဲကော်မရှင်) ၏ ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းမှုကို လမ်းညွှန်ပြသသော စည်းမျဉ်းစည်းကမ်း ခြောက်ချက် | |
|---|---|
| အားလုံးပါဝင်နိုင်ပြီး ရည်ရွယ်ထားသော အချက်အလက် ရှိခြင်း | ကျွန်ုပ်တို့၏ ဝန်ဆောင်မှုတွင် ပါဝင်ပတ်သက်သော သို့မဟုတ် အကျိုးသက်ရောက်ခံရမည်ဖြစ်သော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို တက်တက်ကြွကြွဖော်ထုတ်ပြီး စေ့စပ်ညှိနိုင်းခြင်း။ ပါဝင်ပတ်သက်သူများ၏ အားစိုက်ထုတ်မှုသည် ၎င်းတို့အတွက် အရေးပါသောကိစ္စများအပေါ်တွင် ရာဖွေရမည်ဖြစ်သည်။ |

| | |
|---|---|
| ပွင့်လင်းမြင်သာမှုရှိသော | ပါဝင်ပါသတ်သူများနှင့် ပေါ်ပေါ်တင်တင်တွေ့ဆုံပြီး ကျွန်ုပ်တို့၏ရည်ရွယ်ချက်များ၊ပန်းတိုင်များနှင့် တာဝန်များ၊ မျှော်လင့်သောအရာများနှင့် အတာအဆီးများအား ရှင်းရှင်းလင်းလင်းပြုလုပ်ခြင်း။<br><br>AEC (ဩစတြေးရွေးကောက်ပွဲကော်မရှင်)သည် အဂတိကင်းစင်ပြီး လုပ်ငန်းစဉ်ကိုသာ ဦးတည်သည်။ |
| သင့်တော်ပြီး လက်တွေ့ကျင့်သုံးနိုင်သော | သိသာထင်ရှားသော ပြဿနာများအားဖော်ထုတ်ပြီး သင့်တော်သလို တုံ့ပြန်ခြင်း၊ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းပြီး နှစ်ဦးနှစ်ဖက်အကျိုးစီးပွားကို ရှာဖွေခြင်း။ AEC (ဩစတြေးလျ ရွေးကောက်ပွဲ ကော်မရှင်) ဘက်မှလည်း လိုအပ်ချက်များကို လိုက်လျောညီထွေရှိပါသည်။ |
| ဝင်ရောက်ထိတွေ့ အသုံးပြုနိုင်ပြီး ဆန်းသစ်မှုရှိသော | ရှင်းလင်းပြီး ထိတွေ့အသုံးပြုနိုင်သော သတင်းအချက်အလက်များကိုပေးခြင်း။ လက်ရှိဖြစ်နေသော တိုးတက်မှုကို အားပေးရန်နှင့် တီထွင်ဆန်းသစ်သော ယဉ်ကျေးမှုကိုမွေးမြူရန် ကျွန်ုပ်တို့၏ စေ့စပ်ညှိနှိုင်းမှုကို အကဲဖြတ်ခြင်း |
| လေးလေးစားစား ရှိခြင်း | ပါဝင်ပတ်သက်သူများအား ၎င်းတို့ကို သက်ရောက်နိုင်မည့် ပြဿနာများကို အသိပေးပြီး အပြန်အလှန်လေးစားသမှုနှင့် ယုံကြည်မှုကို အားပေးသော ပုံစံဖြင့် စေ့စပ်ညှိနှိုင်းရမည်။ ကျွန်ုပ်တို့၏ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရာတွင် AEC (ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင်) ဘက်မှ ရိုးသားပြီး အချိန်မီရန် လုပ်ဖို့လိုအပ်သည်။ |
| အထောက်အကူဖြစ်သော | AE (ဩစတြေးလျရွေးကောက်ပွဲကော်မရှင်) ဝန်ထမ်းများကို ကျွန်ုပ်တို့၏ ပါဝင်ပတ်သက်သူများနှင့် စေ့စပ်ညှိနှိုင်းနိုင်ရန် ပညာရှင်ဆန်ဆန်နှင့် ပုံမှန်အထောက်အပံ့ပေးခြင်း |

သတင်းရင်းမြစ်: AEC website (<http://www.aec.gov.au/About_AEC/Publications/engage.htm>).

အခြားသော စီးပွားရေးလုပ်ငန်းများကဲ့သို့ပင် EMB အနေနှင့်လည်း ၎င်း၏ပါဝင်ပတ်သက်သူများ (ဝန်ဆောင်မှုယူသူများ) မျှော်လင်သော အရာများကို သိရှိရန် "မိမိ၏ ဈေးကွက်ကို သိနားလည်စေရန်" အထောက်အကူဖြစ်စေသော တိုင်ပင်ဆွေးနွေးရေး လှုပ်ရှားမှုမျိုးကို လုပ်ဆောင်ရန်လိုသည်။ သို့သော်လည်း တိုင်ပင်ဆေးနွေးရေး သက်သက်က မလုံလောက်ပေ။ EMB အနေနှင့် ၎င်း၏ ပါဝင်ပတ်သက်သူများ၏ မျှော်လင့်ချက်နှင့် လိုအပ်ချက်များကို တုံ့ပြန်နိုင်သော လုပ်ဆောင်မှုပိုင်းဆိုင်ရာ အလေ့အထမျိုးကို တည်ထောင်ရန်လိုသည်။ ထိုအချက်သည် EMB ၏ မူဝါဒနှင့် ကျင့်သုံးပုံများကို အထောက်အပံ့ဖြစ်စေလိမ့်မည် ဖြစ်ပြီး ၎င်းထံတွင် ပါဝင်ပတ်သက်သူများ၏ ယုံကြည်ရနိုင်မှုကို မြင့်တက်စေလိမ့်မည်။ ဥပမာအားဖြင့် EMB တစ်ခုသည် နည်းပညာအရာ အင်မတန်မှရှုပ်ထွေးပြီး လုပ်ဆောင်ပုံ အမှားအယွင်းမရှိသော ရွေးကောက်ပွဲတစ်ခုကို ဝင်ရောက်ဦးစီးကျင်းပကောင်း ကျင်းပလိမ့်မည်။ သို့သော်လည်း ပါဝင်ပတ်သက်သူများက ဝင်ပါခြင်းမရှိပဲလုပ်ဆောင်ပုံများအတွင်း "ပတ်လည်ရိုက်" ခံနေရပါက ၎င်းတို့၏ သံသယများနှင့် မယုံကြည်မှုများသည် ရွေးကောက်ပွဲရလဒ်ကို ပယ်ချခံရခြင်း ဖြစ်စေနိုင်သည်။

ပါဝင်ပတ်သက်သူတစ်ဦး၏ ပေါင်းစပ်ထားသော အာဏာ၊လွှမ်းမိုးနိုင်စွမ်းနှင့်စိတ်ဝင်စားမှုတို့သည် EMB ၏ မူဝါဒနှင့် ကျင့်ထုံးတို့အတွက် ထိုပါဝင်ပတ်သက်သူ၏တန်ဖိုးဟု ခေါ်ဆိုနိုင်သည်။ ပါဝင်ပတ်သက်သူတစ်ဦး၏ တန်ဖိုးဟူသည်မှာ EMB တစ်ခုက ပါဝင်ပတ်သက်သူတစ်ဦးချင်းစီနှင့် ခိုင်မာသော ဆက်ဆံရေးတစ်ခုဖြစ်အောင် မြှင့်တင်ရာတွင်သင့်တော်သောဗျူဟာတစ်ခုကို တည်ဆောက်ရေးအတွက် အခြေပြုနိုင်သောအရာတစ်ခုဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံရေးပါတီများသည် ယေဘုယျအားဖြင့် အကျိုးစီးပွားဆိုင်ရာ မြင့်မား/အာဏာမြင့်မားသော ရွေးကောက်ပွဲတွင်ပါဝင်ပတ်သက်သူဖြစ်သည်။ (နိုင်ငံအချို့

တွင် နိုင်ငံရေးပါတီ အမျိုးမျိုးသည် အရွယ်အစား၊ အရေးပါမှုနှင့် လွှမ်းမိုးမှုကွဲပြားနိုင်သည်) ထင်ရှားသော နိုင်ငံရေးပါတီတစ်ခုမှ EMB ၏ ရွေးကောက်ပွဲကျင်းပကိုင်တွယ်ပုံကို မယုံသောကြောင့် ရွေးကောက်ပွဲ ရလဒ်များကို ပယ်ချလိုက်ပါက EMB အနေနှင့် ဒုက္ခရောက်သွားနိုင်သည်။ ထို့ကြောင့် EMB သည် နိုင်ငံရေး ပါတီများနှင့်  ဆက်ဆံရေးကို အင်မတန်မှ အလေးထားသင့်သည်။ EMB အနေနှင့် ၎င်း၏ဆက်ဆံရေးများ နှင့် အရံသဘောအကျိုးစီးပွားဆိုင်ရာလောက်သာ သက်ဆိုင်သော အကျိုးစီးပွား/အာဏာ နိမ့်ပါးသော ပါဝင်ပတ်သက်သူများအပေါ်တွင် အာရုံစိုက်မှုလျော့နည်းခြင်းများ ဖြစ်ကောင်းဖြစ်နိုင်သည်။

ပါဝင်ပတ်သက်သူတစ်ဦးချင်းစီနှင့် ဆက်ဆံရာတွင် အသုံးချရမည့် EMB ၏ ဗျူဟာသည် EMB အပေါ် ပါဝင်ပတ်သက်သူတစ်ဦးချင်းစီမှ မြင်သည့်အမြင်ပေါ်တွင် မူတည်ပြီး လမ်းကြောင်းပြေသ သွားမည် ဖြစ်သည်။ ဥပမာအားဖြင့် ပါဝင်ပတ်သက်သူတစ်ဦးသည် EMB ၏မူဝါဒများနှင့် ကျင့်သုံးပုံများကိုထောက်ခံ ပါလျှင် EMB အနေနှင့် ၎င်း၏ လှုပ်ရှားမှုများထဲတွင် ထိုသူကို ပါဝင်စေခြင်းသည် အကျိုးရှိနိုင်မည်ဟု ထင် မြင်ကောင်းထင်မြင်နိုင်မည်။ ထိုကဲ့သို့ပြုလုပ်ခြင်းမျိုးသည် ပါဝင်ပတ်သက်သူ၏ ပါဝင်မှုက EMB ၏ လုပ် ဆောင်ချက်ပိုင်းဆိုင်ရာ လွတ်လပ်မှုကိုထိခိုက်နိုင်မည်ဆိုပါကမသင့်တော်နိုင်ပါ။ ပါဝင်ပတ်သက်သူတစ်ဦး က လုပ်နိုင်စွမ်းနည်းလျှင် သို့မဟုတ် EMB ၏ မူဝါဒများအပေါ် လွှမ်းမိုးမှုနည်းလျှင် EMB အနေနှင့် ၎င်းကို စောင့်ကြည့်ရန်လိုအပ်ပြီး EMB ၏ လုပ်ဆောင်ချက်များကို အမြဲတစေအကြောင်းကြားနေရမည်၊ သို့သော် လည်း ၎င်းကို ပါဝင်စေရေးအတွက် အားစိုက်ထုတ်မှုများ အလွန်အမင်း ရင်းနှီးမြှုပ်နှံရန်မလိုအပ်ပါ။ EMB အနေနှင့် လုံးလုံးအထောက်အကူမဖြစ်သော ပါဝင်ပတ်သက်သူတစ်ဦးကို တွေ့ရှိခဲ့ပါလျှင် ထိုပါဝင်ပတ် သက် သူ၏လက်ရှိရည်ရွယ်ချက်နှင့် EMB ၏ လုပ်ဆောင်ချက်များအပေါ် တုံ့ပြန်ချက်များကို ခွဲခြမ်းစိတ်ဖြာ ရန်လိုအပ်ပြီး ထိုပါဝင်ပတ်သက်သူပါပါဝင်သော ဗျူဟာတစ်ခုကို တည်ထောင်ရန်လိုအပ်သည်။ ပြီးနောက် တွင် ထိုလုပ်ရပ်မအောင်မြင်ခဲ့ပါက သင့်တော်သော ကာကွယ်ရေးဗျူဟာတစ်ခု ချမှတ်ထားရန်လည်းလို သည်။

EMB အနေနှင့်လည်း အောက်ပါတို့အပါအဝင် ပါဝင်ပတ်သက်သူများနှင့် ကောင်းမွန်သော ဆက်ဆံရေးတစ်ခုတည်ထောင်နိုင်ရန်အတွက် အခြေခံလုပ်ဆောင်ချက်အချို့ကို လုပ်ဆောင်နိုင်သည်။

- ပါဝင်ပတ်သက်သူများနှင့် ပွင့်လင်းသော အပြန်အလှန်ဆက်ဆံရေးမျိုးကို ထိန်းသိမ်းခြင်း၊
- ပါဝင်ပတ်သက်သူများ၏ လိုအပ်ချက်များနှင့် ထင်မြင်ချက်များကို နားစွင့်ခြင်း၊
- ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ပတ်သက်သူတို့၏ ထင်မြင်ချက်များကိုပါ လေးလေးနက်နက် ထည့်သွင်းစဉ်းစားခြင်း၊
- ပါဝင်ပတ်သက်သူများအား ညီညီမျှမျှဆက်ဆံသောကြောင့် မည်သူမှ EMB ၏ လုပ်ဆောင်ပုံ များကြောင့် မမျှမတမျက်နှာသာပေးခြင်း ဖိနှိပ်ခံရခြင်းမရှိခြင်း၊
- ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း၊ ဆန်းစစ်သုံးသပ်ခွင့်ရှိသော အစည်းအဝေးများနှင့် နောက် ဆက်တွဲများ၊
- ကျင့်ဝတ်၊ လူ့အခွင့်အရေးလေးစားမှု၊ ဘက်မလိုက်မှုတို့ကိုထိန်းသိမ်းပြီး ပါဝင်ပတ်သက်သူများ နှင့် ဆက်ဆံရေးကို ဂရုစိုက်ခြင်းနှင့်
- EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအကြား လိုအပ်ချက်များပဋိပက္ခဖြစ်ခြင်းကို ညီညီမျှမျှဖြေရှင်း ခြင်းနှင့် အခြားသော ပါဝင်ပတ်သက်သူများကိုလည်း ထိုကဲ့သို့ဆောင်ရွက်ပေးခြင်း၊

EMB အနေနှင့် ၎င်း၏ ပါဝင်ပတ်သက်သူများ၏ ၎င်း၏လုပ်ဆောင်မှုများကို သိနားလည်မှုနှင့် ၎င်းတို့၏ သစ္စာရှိမှုကိုရရှိရန်အတွက် ငွေကုန်ကြေးကျအနည်းငယ်ပို၍ သက်သာသည်ဟုဆိုရမည့် နည်း

လမ်းမှာ ပွင့်လင်းသောဆက်သွယ်မှုနှင့် အပြန်အလှန်ဆွေးနွေးပွဲများကို မြှင့်တင်ရေးအတွက် စဉ်ဆက်မပြတ်အားထုတ်ခြင်းပင်ဖြစ်သည်။ ထိုနည်းတွင် နှစ်စဉ်အစီရင်ခံစာ၊ ရွေးကောက်ပွဲအစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် သတင်းလွှာကဲ့သို့သော ထုတ်ဝေသည့်အရာများကို မျှဝေခြင်းနှင့် ပါဝင်ပတ်သက်သူများကိုဖိတ်ခေါ်ပြီး သတင်းအချက်အလက်မျှဝေရေးဆိုင်ရာ အစည်းအဝေးများကို မှန်မှန်ကျင်းပပေးခြင်းတို့ ဖြစ်နိုင်သည်။

EMB အနေနှင့် ပါဝင်ပတ်သက်သော သူများ၏ အခွင့်အရေးကို ထင်ဟပ်စေပြီး ထိုလုပ်ငန်းတာဝန် (အခြားပြည့်သူဝန်ထမ်းဌာနများတွင် အသိအမှတ်မပြုသော တန်ဖိုးတစ်ခု)နှင့် တွဲနေသောအရေးကြီးသည့်အချက်များကို EMB ဝန်ထမ်းများအား အကျယ်ချဲ့နိုင်မည့်ပွင့်လင်းမြင်သာမှုရှိသည့် နည်းစနစ်ကျကျ မူဝါဒတစ်ခုကို ကျင့်သုံးနိုင်လေကာ မည်ကဲ့သို့ရရမည်ဆိုသည်ကိုလည်း ရှင်းလင်းတင်ပြနိုင်ရမည်။ ထိုကဲ့သို့သော မူဝါဒမျိုး၏ အဓိက ပါဝင်ရသောအချက်မှာ ထိုကဲ့သို့သော အဓိကကျသည့် ဆုံးဖြတ်ချက်မျိုးကို အထောက်အပံ့ပေးသည့် ကြိုးကြောင်းဆီလျော်သည့် နည်းစနစ်ကျသည့်အဆိုများကို ပြင်ဆင်ခြင်းနှင့် ထုတ်ပြန်ခြင်းဆိုင်ရာ ကျင့်ထုံးတို့ဖြစ်နိုင်သည်။ ထိုကဲ့သို့သော အဆိုပြုချက်မျိုးကို ပြင်ဆင်ရန် လိုအပ်ချက်သည် EMB ၏ ဆုံးဖြတ်ချက်ချပေးသော အရည်အသွေးကို ရှုပ်ထွေးသော သို့မဟုတ် ထိရှလွယ်သော မေးခွန်းများအား စဉ်းစားသုံးသပ်ခြင်းဖြင့် တွေးခေါ်ခြင်းကို ထက်မြက်အောင်လုပ်ခြင်းဖြင့် ကူညီနိုင်သည်။ ၎င်းတို့ ထုတ်ဝေသော အချက်အလက်များကလည်း ပါဝင်ပတ်သက်သူများအား ပိုမိုအလွယ်တကူ လက်သင့်ခံနိုင်သော ခက်ခဲသည့် ဆုံးဖြတ်ချက်များအောက်တွင်ရှိနေသော ကြောင်းကျိုးဆက်စပ်မှုများကိုနားလည်မှုရရှိစေရန် ပြုလုပ်ပေးနိုင်သည်။

## ပေါင်းသင်းဆက်ဆံရခက်ခဲသော ပါဝင်ပတ်သက်သူများကို ကိုင်တွယ်ဖြေရှင်းခြင်း

ရှိရှိသမျှသော ပါဝင်ပတ်သက်သူတိုင်းက EMB ထံသို့ စိတ်ပါလက်ပါ ပံ့အပ်လိမ့်မည်မဟုတ်ချေ။ အချို့ကမူ EMB က ၎င်းတို့ကို မျှမျှတတ၊ လေးစားသမှုနှင့် ဘက်မလိုက်ဘဲ ဆက်ဆံမှုမရှိသောကြောင့်ဟူသော ကြောင်းကျိုးဆီလျော်သော အကြောင်းပြချက်များကြောင့်ဖြစ်ပြီး အခြားကမူ စရိုက်ချင်း မတူသောကြောင့်၊ အတိတ်မှနားလည်မှုလွဲခဲ့သောဖြစ်ရပ်များ သို့မဟုတ် နိုင်ငံရေးအရ အသာစီးယူလို သောကြောင့်ဟူသော အကြောင်းပြချက်များကြောင့် ပေါင်းသင်းဆက်ဆံရခက်ခဲနေခြင်း ဖြစ်နိုင်သည်။ အချို့သော အမတ်လောင်းများနှင့် နိုင်ငံရေးပါတီများက EMB ၏ အရည်အသွေးမပြည့်မီမှု သို့မဟုတ် ဘက်လိုက်မှု သို့မဟုတ် ၎င်းတို့ မဲရှုံးသောအခါ EMB ကို အပြစ်တင်ခြင်းသည် သိပ်မဆန်းသော ဖြစ်ရပ်ပင်ဖြစ်သည်။ ထိုကဲ့သို့ဖြစ်ရခြင်းသည် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) အနေနှင့် မျှတပြီး အဂတိကင်းစင်ရန်အတွက် EMB ၏ ထိန်းချုပ်မှုအောက်မှ ကင်းလွတ်သောဌာနများ၏စနက်ကြောင့် သို့မဟုတ် ထိုနိုင်ငံရေးပါတီများ သို့မဟုတ် အမတ်လောင်းများကို ပြည်သူ၏ထောက်ပံ့မှုမရှိသောကြောင့် EMB အနေနှင့် ၎င်း၏တာဝန်ကို အပြည့်အဝထမ်းဆောင်ရန်အတွက် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိခြင်းမျိုး ဖြစ်နိုင်သည်။

အားလုံးပါဝင်နိုင်ရေးအတွက် ကြိုးပမ်းမှုကျရှုံးသောအခါ EMB အနေနှင့်ဆုံးဖြတ်ရမည်မှာ ပေါင်းသက်ဆက်ဆံရခက်ခဲသော ပါဝင်ပတ်သက်သူနှင့် တိုက်ရိုက်ဆက်ဆံမည်လော သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် ဆက်ဆံမည်လော သို့မဟုတ် သူနှင့်ဆက်ဆံရာတွင် ထိုးစစ်မှ နေမည်လော ခံစစ်မှနေမည်လောကို ဆုံးဖြတ်ရန်လိုအပ်သည်။ နောက်လိုက်နောက်ပါနည်းသော နိုင်ငံရေးပါတီ အသေးလေးက ရွေးကောက်ပွဲကို သပိတ်မှောက်သည်ဆိုပါက EMB ဘက်မှလည်း ၎င်း၏အနေအထားကို ပြန်လည်ကြေငြာပြီးနောက်တွင် အနေအထားကိုသာ စောင့်ကြည့်ရန်ဖြစ်သည်။ ကြီးမားလှပြီး ဩဇာရှိလှသော ပါတီက ရွေးကောက်ပွဲကိုသပိတ်မှောက်ရန် ကြေငြာပါက EMB အနေနှင့် ကြားလူ၏ဝင်ရောက်ညှိနှိုင်းပေးခြင်းမျိုးကို

ပြုရန်လိုပြီဖြစ်သည်။ EMB နှင့် ပါဝင်ပတ်သက်သူကြားတွင် တရားဥပဒေနှင့် ဖြေရှင်းရန်လိုလာပြီးဆိုပါက နောက်ဆုံး ဆုံးဖြတ်ချက်ချရန် အတွက် တရားရုံးသို့ ချဉ်းကပ်ခြင်းသည် အားသာချက်တစ်ချက်ဖြစ်နိုင်သည်။

အရပ်ဖက်လူမှုအဖွဲ့ အစည်းများ သို့မဟုတ် ပစ္စည်းထောက်ပံ့ပေးသွင်းသူများ၊ လွှတ်တော် ကော်မတီ သို့မဟုတ် နိုင်ငံရေးပါတီ အပြန်အလှန်ဆက်သွယ်ရေးကော်မတီများကဲ့သို့သော အပြန်အလှန် ဆက်ဆံရေးဆိုင်ရာ ဌာနများသည် EMB နှင့် ပါဝင်ပတ်သက်သူများကြား ကွာခြားချက်များကို လျှော့ချခြင်း သို့မဟုတ် ဖြေရှင်းခြင်းတို့ ပြုလုပ်ရာတွင် အသုံးဝင်နိုင်သည်။ အပြန်အလှန်ဆက်ဆံရေး အုပ်စုထဲရှိ လူအများစုက EMB ၏ အမြင်ကို ထောက်ခံပါလျှင် ဆက်ဆံရ ခက်ခဲသော ပါဝင်ပတ်သက်သူ၏ ကွဲပြားသော တင်ပြချက်အမြင်သည် ပယ်ဖျက်ခြင်း သို့မဟုတ် တားဆီးခြင်းခံရမည်။ သို့သော်လည်း အပြန်အလှန် ဆက်ဆံရေးအုပ်စုထဲရှိ လူအများစုက ထိုဆက်ဆံရခက်သော ပါဝင်ပတ်သက်သူ၏အမြင်ကို ထောက်ခံ ပါလျှင် EMB အနေနှင့် ၎င်းသည် ဆက်ဆံရခက်ခဲသော ပါဝင်ပတ်သက်သူနှင့်ဆက်ဆံနေရခြင်း မဟုတ်ဘဲ ၎င်း၏ စွမ်းဆောင်ရည်ကို သာမန်မျှသာ သုံးသပ်ထင်မြင်ခြင်းဟု သတ်မှတ်နိုင်ပြီး ထိုကဲ့သို့သော ဖြစ်ရပ်မျိုး တွင် ၎င်း၏မူဝါဒနှင့် ဆုံးဖြတ်ချက်များကို စဉ်းစားသင့်သည်။

EMBနှင့် ဆက်ဆံရခက်သော ပါဝင်ပတ်သက်သူအကြားရှိ ကွာခြားချက်များသည် ညှိနှိုင်းမရ သလောက်ဖြစ်နေသောအခါများတွင် EMB အနေနှင့် ၎င်းကိုယ်၎င်းတိုက်ခိုက်ခံရခြင်းမှ ကာကွယ်နိုင်သည့် နည်းဗျူဟာကို ရွေးချယ်နိုင်လေသည်။ မီဒီယာထုတ်လွှင့်မှုများနှင့် သတင်းများနှင့် အခြားသော အစီအစဉ် များတွင် EMB၏ ပြောရေးဆိုခွင့်ရှိသူ ပါဝင်မှုများနှင့်အခြားသော EMB ၏ ဝဘ်ဆိုက်ကဲ့သို့သော ပြည်သူ အသိပေးအခွင့်အလမ်းများသည် EMB ၏ဘက်မှ ဇာတ်လမ်းကို ပြည်သူများသိနားလည်စေရန် ရှင်းပြရန် အတွက် အသုံးချနိုင်သည်။ EMB အနေနှင့် ကွာခြားချက်ဧရိယာကို အကျယ်ချဲ့ပြသည်ထက် ၎င်းအနေနှင့် မတူညီသော ပါဝင်ပတ်သက်သူများနှင့် ယှဉ်တွဲလုပ်ပြနိုင်ပါသည်ဟူသောအချက်ကို ပြသသည့်အနေနှင့် သဘောတူညီချက်ရှိသော နေရာများကို ပြည်သူလူထုအား ကြေငြာပြသင့်သည်။ ထိုကဲ့သို့သော အခြေ အနေမျိုးတွင် EMB အနေနှင့် ၎င်းကိုယ်၎င်း ဘက်မလိုက်သော၊ အမှန်တရားကို အခြေခံသော၊ အစွဲကင်း သော၊ သိက္ခာရှိပြီး ညှိနှိုင်းရနိုင်သောပုံစံမျိုးဖြစ်အောင် ပြသသင့်သည်။ ၎င်းအနေနှင့် ထိုရေရှည် (ရေတို လည်းဖြစ်နိုင်သော) ထိခိုက်မှုကြီး အပေါ် တွင် အကဲဖြတ်သော ဒိုင်လူကြီးပုံစံထက် ကစားသမားကဲ့သို့သော ပုံစံမျိုးဖြစ်အောင် မည်သည့်ထင်မြင်ချက်မျိုးမဆိုဖြစ်အောင် ပုံဖော်ရမည်ဖြစ်သည်။

၎င်း၏ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရာတွင် ပွင့်လင်းမြင်သာမှု၊ ဘက်မလိုက်မှု၊ သိက္ခာရှိမှု၊ ဂုဏ်သရေရှိမှု၊ ပညာရှင်ဆန်မှု၊ ဝန်ဆောင်မှုနှင့် ထိရောက်မှုတို့အား ထိန်းသိမ်းထားခြင်းဖြင့် ၎င်းသည် ၎င်း၏ လုပ်ဆောင်ချက်များအပေါ် ပြန်လည်၍ ချဉ်းကပ်ရနိုင်သည်ဟူသော အချက်ကို သေချာစေရန်ပြုလုပ် ခြင်းဖြင့် လုပ်ဆောင်ပုံများအား EMB အနေနှင့် ပြစ်တင်သူများရန်မှကာကွယ်ရန် အကာအကွယ် ကောင်း ကောင်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## အခန်းအနှစ်ချုပ်

- EMB တစ်ခု၏ ပါဝင်ပတ်သက်သူဟူသည် ၎င်း၏လုပ်ရပ်များကို သက်ရောက်စေသူ သို့မဟုတ် ၎င်းလုပ်ရပ်များ၏ သက်ရောက်ခြင်းကို ခံရသူနှင့် ထိုကိစ္စရပ်အပေါ် တာဝန်ခံရသူတို့ဖြစ်သည်။ အဓိက ပါဝင်ပတ်သက်သူများထဲတွင် လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ အစိုးရ အုပ်ချုပ်ရေးမဏ္ဍိုင်၊ EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) ဝန်ထမ်းများ၊ မဲဆန္ဒရှင်များ၊ မီဒီယာ၊ မဲဆန္ဒနယ်၊ မီဒီယာ၊ CSOs (အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့ အစည်းများ) တရားစီရင်ရေးမဏ္ဍိုင်၏ ဖွဲ့ စည်းထားသော

ဌာနများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် အလှူရှင်များပါဝင်သည်။ ဒုတိယအဆင့် ပိုမိုလျော့ရဲသော ဆက်နွယ်မှုဖြင့် ပစ္စည်းတင်သွင်းသူများနှင့် ပြည်သူအများစုတို့က ပါဝင် ပတ်သက်သူများ အနေနှင့် ပါဝင်သည်။

- EMB တစ်ခုအနေနှင့် ပါဝင်ပတ်သက်သူများနှင့် အားလုံးပါဝင်နိုင်သော၊ ပွင့်လင်းမြင်သာသော၊ သင့်တော်သော၊ ရယူအသုံးပြုနိုင်သော၊ လေးစားဖွယ်ကောင်းပြီး အထောက်အပံ့ဖြစ်စေသော နည်းဖြင့် ဆက်ဆံသင့်သည်။ EMB တစ်ခုအနေနှင့် ပါဝင်ပတ်သက်သူများအား မျှမျှတတ ဆက်ဆံရန်လိုအပ်ပြီး အပြန်အလှန်ဆက်ဆံမှုနှင့် ၎င်းတို့နှင့်တိုင်ပင်ဆွေးနွေးရေးကို ပုံမှန် ထိန်းသိမ်းထားရန်လိုအပ်သည်။ ထိုနည်းစနစ်များထဲတွင် မူဝါဒများကိုတိုင်ပင်ရန် ဆွေးနွေးရန်အတွက် အစည်းအဝေးများ၊ ပါဝင်ပတ်သက်သူများနှင့် EMB လုပ်ဆောင်ချက်များအတွက် မီဒီယာ ရှင်းလင်းပွဲများနှင့် EMB အစီရင်ခံစာများအား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးခြင်းတို့ ပါဝင်သည်။
- EMB သည် ဗျူဟာစီမံကိန်းများ၊ ရွေးကောက်ပွဲအချိန်ဇယားများနှင့် လုပ်ငန်းစဉ်များ ရွေးကောက်ပွဲပြန်လည်ပြုပြင်ရေးများနှင့် မဲဆန္ဒရှင်အသိပညာပေးရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ လိုအပ်ချက်ဆိုင်ရာတို့တွင် ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်မှုပြုခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ ပြုလုပ်ကောင်းပြုလုပ်နိုင်သည်။ ပါဝင်ပတ်သက်သူများနှင့် EMB ၏ ပုံမှန် ဆက်သွယ်ရေးကိစ္စများတွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ ပညာရှင်ဆန်ခြင်းနှင့် မှီခိုအားထားနိုင်မှုရှိခြင်းသည် ၎င်းအပေါ်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တို့အပေါ် ယုံကြည်ချက်တိုးမြင့်နိုင်သည်။
- EMB ၏ လုပ်ရိုးလုပ်စဉ်တွင်လည်း ပါဝင်ပတ်သက်သူတို့၏ လိုအပ်ချက်နှင့် မျှော်လင့်ချက်တို့အပေါ် နားစွင့်နေသင့်သည်။ ရည်ရွယ်ချက်ကောင်းနှင့် ယုံကြည်ရနိုင်မှုတို့ကို တိုးမြှင့်ရန်အတွက် ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရေးတွင် EMB ၏ လူပ်ရှားမှုစဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုရှိရန်လိုအပ်သည်။ ပါဝင်ပတ်သက်သူတစ်ဦးကို EMB ပေးသော အာရုံစိုက်မှုသည် ၎င်း၏အရေးပါမှုနှင့် အာဏာပေါ်မူတည်ပြီး ကွဲပြားနိုင်သည်။
- EMB ၏ အကောင်းဆုံး အားစိုက်ထုတ်မှုများ ပေးနေသော်လည်း ၎င်းအနေနှင့် ပေါင်းသင်းဆက်ဆံရခက်ခဲသော ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရနိုင်သည်။ EMB များအနေနှင့် ထိုအရာများကို တိုက်ရိုက်ရွေးချယ်မည်လော (ဥပမာ- ပါဝင်ပတ်သက်သူများ အဖွဲ့ဝင် ပမာဏများသော အပြန်အလှန်ဆက်ဆံရေးဆိုင်ရာ ကော်မတီမှတစ်ဆင့်) သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် ဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတွက် ရင်ဆိုင်ရာတွင် တရားရုံးကဲ့သို့သော အဖွဲ့အစည်းများကိုအသုံးချခြင်း လုပ်မည်လောဟူသည့်အချက်ကို ရွေးချယ်ရမည်ဖြစ်သည်။
- EMB အနေနှင့် ၎င်း၏ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် ခံစစ်ပုံစံမျိုးနှင့် ချဉ်းကပ်သင့်သည်၊ ပါဝင်ပတ်သက်သူများနှင့် ကွာခြားချက်များဆိုင်ရာတို့တွင် ၎င်း၏ဘက်မှဖြစ်ရပ်များကို ဖြေရှင်းရန်အတွက် မီဒီယာနှင့် အခြားသော ပြည်သူအများသိရှိနိုင်သည့် အခွင့်အလမ်းများကိုသုံးပြီး ဖြေရှင်းခြင်းမျိုးကဲ့သို့ ကိစ္စမျိုးဖြစ်သည်။ EMB ၏ အကောင်းဆုံးသောခံစစ်မှာ ၎င်း၏ လုပ်ဆောင်ပုံအဝဝတို့တွင် အဆင့်မြင့်သော ပညာရှင်ဆန်မှု၊ ဂုဏ်သိက္ခာရှိမှု၊ ပွင့်လင်းမြင်သာမှု၊ ဘက်မလိုက်မှုတို့ရှိစေရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# အမေရိကန်၏ ရွေးကောက်ပွဲဦးစီး စီမံမှု : အာဏာဖြန့်ဝေသော၊ ခေတ်သစ်အကြိုနှင့် ကျေနပ်ဖွယ်ရာကောင်းသော

Robert A. Pastor

ကမ္ဘာပေါ်တွင် အမေရိကန်သည် အစောဆုံးသော အခြေခံဥပဒေနှင့် ရီပက်ဘလစ်သမ္မတနိုင်ငံဖြစ်ပြီး ရွေးကောက်ပွဲများသည် ၁၇ရာစုအစောပိုင်း အင်္ဂလိပ်များ စတင်အခြေစိုက်ကတည်းက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လွတ်လပ်ရေးမရမီ နှစ် ၁၅၀ စောလေသည်။ လက်ရှိတွင် အမေရိကန်သည် ပြည်ထောင်စု၊ ပြည်နယ်နှင့် မြို့အဆင့်အတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့်၊ တရားစီရင်ရေးဆိုင်ရာအရာရှိများ ရာထူးနေရာ ၅၀၀၀၀၀ နှင့်အထက် ရွေးကောက်လေ့ရှိသည်။ ရွေးကောက်ပွဲများသည့် အမေရိကန်နိုင်ငံရေး၏ အဓိကကျသောနေရာတွင် တည်ရှိသည်သာ မဟုတ်ဘဲ ရာစုနှစ်တစ်ခုနှင့်အထက် ဒီမိုကရေစီနှင့် လွတ်လပ်သော ရွေးကောက်ပွဲများသည် ယူအက်စ်နိုင်ငံခြားရေးရာမူဝါဒအတွက် အရေးကြီးသောတာဝန်တစ်ခုလည်း ဖြစ်သည်။

သို့သော်လည်း ထူးဆန်းလှသည်မှာ ယူအက်စ်အစိုးရအနေနှင့် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများသို့မဟုတ် ရွေးကောက်ပွဲများ ကျင်းပရန်အတွက် လုပ်ငန်းစဉ်များကို တွက်ချက်ခြင်းအပေါ် ဘဏ္ဍာငွေထောက်ပံ့မှုမရှိသလောက်နည်းပါနေခြင်းနှင့် အာရုံစူးစိုက်မှု နည်းလွန်းခြင်းပင်ဖြစ်သည်။ အမေရိကန်တွင် အမျိုးသားရွေးကောက်ပွဲကော်မရှင်မရှိပါ။ ထိုအစား လုပ်ဆောင်ပုံမတူသည့် မြို့အဆင့်ဌာနပေါင်း ၁၃၀၀၀ က ရွေးကောက်ပွဲများကို စီမံခန့်ခွဲကြလေသည်။ ပြည်နယ်ပေါင်း ၅၀ သည် ရွေးကောက်ပွဲများအား စီမံကြီးကြပ်ရန်အတွက် စာတွေ့သဘောအရဆိုလျှင် တာဝန်ရှိသူများဖြစ်ကြလေသည်။ သို့သော်လည်း လက်တွေ့ကျင့်သုံးသူ မရှိလောက်ဖြစ်ကာ ကြီးကြပ်ခြင်းပင်မရှိကြချေ။ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသော ကိစ္စပြဿနာများအတွက် ပြည်သူ့မူဝါဒများကို ပုံဖော်ရာတွင် နက်နက်ရှိုင်းရှိုင်း ပါဝင်နေသော်လည်း အမေရိကန် ပြည်သူများသည် ထိုအခြေအနေအတိုင်းကိုပင်လက်ခံထားပြီး ရွေးကောက်ပွဲကျင့်သုံးပုံ ပြောင်းလဲရန် တိုက်တွန်းခြင်းမရှိကြချေ။ ကိစ္စဖြစ်ရပ်အချို့အနည်းငယ်မှအပ ပြည်သူများသည့် ရွေးကောက်ပွဲများ လွတ်လပ်ပြီး တရားမျှတမှုရှိခြင်း/မရှိခြင်းအပေါ် အမှုမထားကြချေ။ ထိုကဲ့သို့သော ခံယူချက်နှင့် အစိုးရအုပ်ချုပ်မှုကို နည်းစေလိုသော ယေဘုယျရည်မှန်းချက်နှင့် ပေါင်းလိုက်သောအခါ ရွေးကောက်ပွဲဆိုင်ရာ စွန့်ဦးအကြံဉာဏ်သစ်နှင့် ရွေးကောက်ပွဲစနစ်ကို ခေတ်နှင့်အညီပြင်ဆင်ရန် အဘယ်ကြောင့် မဖြစ်နိုင်ရသနည်းဆိုသည်ကို သိနိုင်ကောင်းပေသည်။

အမေရိကန်သမိုင်းကို လူနည်းစုဖြစ်သော လူဖြူပုရိသပစ္စည်းရှိလူတန်းစား၏ ၎င်းတို့ပိုင်ဆိုင်မှုများကိုချဲ့ထွင်ရန် ကြိုးစားမှုတစ်ခုအဖြစ် ရှုမြင်နိုင်သည်။ ရွေးကောက်ပွဲများစီမံခန့်ခွဲခြင်းသည် အမြဲတမ်းလိုလို မြို့နယ်အစိုးရအပေါ်တွင်သာ တာဝန်ကျလာလေ့ရှိသည်။ ပထမဦးဆုံးသော ခေတ်သစ်တွင်

ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရန် ပေါ်ပေါက်လာရခြင်းသည် ၂၀၀၀ ပြည့်နှစ်တွင် မျှတသော၊ အရည်အသွေးမီသော ရွေးကောက်ပွဲကျင်းပရန် ဖလော်ရီဒါပြည်နယ်တွင် မကျင်းပနိုင်ခဲ့သောကြောင့်ဖြစ်သည်။ ဖလော်ရီဒါတွင် သမ္မတရွေးကောက်ရန်အတွက် ၅၃၇ မဲနှင့် ရွေးကောက်တင်မြောက်ခဲ့ပြီး နိုင်ငံနှင့်အဝှမ်း အာရုံစိုက်မှုသည် ရွေးကောက်ပွဲအတွင်း ဖြစ်ပွားခဲ့သော အမှားအယွင်းများအပေါ် တွင် စူးစိုက်လျက်ရှိသည်။

ရွေးကောက်ပွဲစနစ်အပေါ် တွင်ရှိသည့် ယုံကြည်မှုမှာလည်း ယိမ်းယိုင်လာပြီး လွှတ်တော်အနေနှင့် ၂၀၀၂ ခုနှစ်တွင် ရွေးကောက်ပွဲဦးစီးစီမံရေးအတွက် ပထမဦးဆုံးသော ပြည်ထောင်စုဥပဒေကို ပြဋ္ဌာန်းရန်ဖြစ်လာပြီး အမေရိက မဲပေးခြင်း ကူညီရေးအက်ဥပဒေ (HAVA) ဖြစ်လာသည်။ ထိုဥပဒေသည် တာဝန်ထမ်းဆောင်မှု၏ ချိန့်နေသောအရာများကိုပြသသော်လည်း ပြည်ထောင်စုအစိုးရက ထိုအချိန်မှစပြီး ဘာမှ မကူညီသလောက်ပင်ဖြစ်သည်။ ပြည်နယ်တော်တော်များများကလည်း လိုက်နာဆောင်ရွက်ခဲ့သော်လည်း ပြည်နယ်ဆိုင်ရာ ဥပဒေများတွင် အဂတိပိုင်းဆိုင်ရာကိစ္စများ ထင်ဟပ်နေသည်။ အချို့သော ပြည်နယ်များတွင် ရီပက်ဘလစ်ကန်များ လွှတ်တော်အတွင်း ကြီးစိုးသောနေရာများတွင် မဲဆန္ဒရှင်များ တုပ၍လိမ်ညာမရစေရန် ဓါတ်ပုံအသိအမှတ်ပြုကတ်ပြားများတောင်းခံပြီး မဲပေးခြင်းပြုလုပ်နိုင်မည့် အချိန်နှင့် လုပ်ပုံလုပ်နည်းကို ကန့်သတ်သောဥပဒေများကို ပြဋ္ဌာန်းလေသည်။ ဒီမိုကရက်တစ်ပါတီက ထိုစွပ်စွဲချက်ကို ဆန့်ကျင်ပြီး ထိုကဲ့သို့လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ နွမ်းပါးသူများနှင့် လူနည်းစုမဲဆန္ဒရှင်များ၏ မဲပေးသော အရေအတွက်အား ဖိနှိပ်ရန်ဟုဆိုသည်။ ထိုအထိ ဥပဒေများအနေနှင့် မဲပေးခြင်းအပေါ် သိသာသောသက်ရောက်မှု မရှိသေးသော်လည်း ထပ်တိုးလာသော ဥပဒေအသစ်များက ပိုမိုတင်းကြပ်လာသောကြောင့် နောင်လာမည့် ရွေးကောက်ပွဲများ ပြောင်းလဲသွားနိုင်ချေရှိသည်။

## ရွေးကောက်ပွဲ ဦးစီးစီမံမှုဆိုင်ရာ သမိုင်းကြောင်းနောက်ခံ

၁၇၈၇ ယူအက်စ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများ၏ မဲပေးပိုင်ခွင့်ကို လုံးဝ အာမခံကန့်သတ် မထားချေ။ အမှန်တစ်ကယ်ကိုပင် ရွေးကောက်ပွဲဦးစီးစီမံရေးအတွက် မပြောထား သလောက်ပင်ဖြစ်ပြီး ပြည်နယ်များအနေနှင့် သမ္မတရွေးချယ်ရေးအဖွဲ့တွင် ပါဝင်သော မဲဆန္ဒရှင်များနှင့် သမ္မတနှင့် ဒုသမ္မတကို နောက်ဆုံးအဆင့်အနေနှင့် ရွေးချယ်ရာတွင် ကြားခံဆောင်ရွက်ပေးသူများဖြစ်သော ရွေးကောက်ရေးအဖွဲ့ရှိ ရွေးချယ်သူများကို တင်မြောက်ရာတွင် ဆောင်ရွက်သောအဆင့်များကို ဆုံးဖြတ်ရန်အတွက် တာဝန်ရှိသည်ဟု အကြံပေးထားသောအချက်သာ ပါလေသည်။ ထိုအချက်သည် ၁၈ ရာစုတွင် ခေတ်မီဆန်းသစ်သော အကြံဉာဏ်ဖြစ်နိုင်သော်ငြား ၂၁ ရာစုတွင်တော့ ခေတ်နောက်ကျနေပြီဖြစ်သည်။

အချိန်ကြာလာသည်နှင့် အမျှ ပြည်နယ်တစ်ခုချင်းစီသည် မြို့နယ်အဆင့် ရွေးကောက်ပွဲများအား ဦးစီးစီမံရေးအတွက် တာဝန်ယူခြင်းကို ဆောင်ရွက်လာကြသည်။ အဘယ်ကြောင့်ဆိုသော် ရွေးကောက်ပွဲတော်တော်များများသည် မြို့ဆိုင်ရာရုံးများအတွက်သာဖြစ်ပြီး နိုင်ငံတော်အဆင့်ရွေးကောက်ပွဲများသည်လည်း ထိုအချိန်တွင်ပင် ကျင်းပလေ့ရှိသောကြောင့်ဖြစ်သည်။ ကောင်တီနယ်များနှင့် စီရင်စုများသည်ပင် မဲဆန္ဒရှင်များကို စာရင်းရေးသွင်း၊ လျှို့ဝှက်မဲစာရွက်ကို ဒီဇိုင်းရေးဆွဲ၊ မဲပေးစက်ကိုဝယ်ယူပြီး မဲရုံ ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ပြုလုပ်ပေးလေသည်။ ပြည်နယ်အများစုတွင် မြို့အဆင့် ရွေးကောက်ပွဲတာဝန်ရှိသူများအားကူညီရန် ဘတ်ဂျက်ငွေမရှိချေ။ ထို့ကြောင့်ပင် ၎င်းတို့သည် ရွေးကောက်ပွဲဆောင်ရွက်ရေးတွင် အာဏာမရှိသလောက်ဖြစ်နေသည်။

အမေရိကန်များအနေနှင့် နိုင်ငံတော်ဆင့်ရာထူးများ (သမ္မတ၊ ဒုသမ္မတ၊ ဆီးနိတ်အမတ်နှင့် လွှတ်တော်အမတ်) အတွက် မဲပေးရသော်လည်း တစ်ကယ်နိုင်ငံတော်အဆင့် ရွေးချယ်ပေးရသူမှာ ရွေးကောက်ရေးအဖွဲ့ဖြစ်ပြီး ယှဉ်ပြိုင်သူ အမတ်လောင်း၊ သမ္မတလောင်းများက ထိုရွေးကောက်သူများကို ရွေး

ချယ်ခြင်းဖြစ်ပြီး ထိုသူတို့က သမ္မတကို ရွေးချယ်ခြင်းဖြစ်သည်။ ကျန်သော ရွေးကောက်ပွဲများအားလုံးသည် ကောင်တီနှင့် စီရင်စုပေါင်း ၁၃၀၀၀ တို့က ဆောင်ရွက်သော်လည်း အမှန်က ပြည်နယ်၏တာဝန်ဖြစ်သည်။ ထိုအဆင့်တွင်ရှိသော ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများမှာ မတူညီသောနည်းလမ်းပေါင်းစုံနှင့် ရွေးချယ်ခြင်း၊ အစားထိုးခြင်းတို့လုပ်ခြင်းခံရလေသည်။ အရာရှိတော်တော်များများသည် မြို့တော်ဝန်မှခန့်အပ်ထားခြင်းဖြစ်ပြီး ၎င်းတို့သည်လည်း မြို့အဆင့်ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသူများဖြစ်သည်။ အချို့သောသူများမှာ နိုင်ငံရေးပါတီအရာရှိများက ခန့်အပ်ထားခြင်းဖြစ်ပြီး အချို့မှာပြည်သူ့ဝန်ထမ်းများဖြစ်သည်။ အချို့သောအရာရှိများမှာ ပါတီစွဲရှိလေသည်။ အချို့သော ပြည်နယ်များသည် နှစ်ဘက်ပါတီမျှမျှတတ ပါသောဦးစီးစီမံခြင်းမျိုး လိုအပ်လျက်ရှိပြီး ပါတီစွဲကင်းသည်ဆိုသည်မှာမရှိသလောက်ပင်ဖြစ်သည်။ ရလဒ်အနေနှင့် ဦးစီးမှုပိုင်းနှင့် နည်းပညာပိုင်း လုပ်ဆောင်မှုတို့တွင်များပြား၊ ကွဲပြားသော လုပ်ဆောင်ရန်အဆင့်များ ပေါ်ထွက်လာခြင်းပင်ဖြစ်သည်။

၁၉ ရာစု ကုန်ခါနီးအထိ မဲပေးခြင်းဆိုင်ရာ စည်းမျဉ်းတကျပုံစံသည် နိုင်ငံရေးပါတီများမှာ မဲဆန္ဒရှင် တစ်ဦးချင်းထံသို့ မဲစာရွက်ပေးရခြင်းဖြစ်သည်။ ထိုကဲ့သို့သော လုပ်ဆောင်စဉ်သည် မဲဝယ်ခြင်းမျိုး ဖြစ်သွားနိုင်လေသည်။ ၁၈၈၀ ပြည့်လွန်နှစ်များတွင် ပြည်နယ်များသည် "သြစတြေးလျပုံစံ" လျှို့ဝှက်မဲပေးခြင်းမျိုး တစ်ဖြည်းဖြည်းကျင့်သုံးလာကြသည်။ စာမျက်နှာတစ်ခုတည်းပေါ်တွင် ယှဉ်ပြိုင်သူ အမတ်လောင်း၊ သမ္မတလောင်းများကို ဖော်ပြထားပြီး မဲဆန္ဒရှင်များအား ၎င်းထောက်ခံသောသူအပေါ် လျှို့ဝှက်ရွေးချယ်ခွင့်ပေးလေသည်။

၂၀ ရာစုအစပိုင်း ပြုပြင်ပြောင်းလဲရေးကာလတွင် အချို့သော ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့ပြီး အမတ်လောင်း၊ သမ္မတလောင်းများ ၎င်းတို့၏မဲဆွယ်ပွဲများတွင် ပုဂ္ဂလိကဘဏ္ဍာထောက်ပံ့ရေးအတွက် ကြာရှည်စွာမှီခိုခဲ့ပြီး ဆက်လက်မှီခိုလျက်လည်းဖြစ်သော ကော်ပိုရိတ်ဘဏ္ဍာထောက်ပံ့မှုကို ပိတ်ပင်လိုက်ခြင်းသည် ထင်ရှားလှပေသည်။ ပြည်နယ်နှင့် မြို့အဆင့် ရွေးကောက်ပွဲများအတွက် မဲဆွယ်ရေး ဘဏ္ဍာငွေအတွက် ပြည်နယ် ဥပဒေက စည်းကြပ်သော်လည်း ၁၉၇၄ ဝါးတာဂိတ်အရှုပ်တော်ပုံအပြီးတွင် ပထမဆုံးအကြိမ် ပြည်ထောင်စုအဆင့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ဘဏ္ဍာငွေအက်ဥပဒေကို ကြီးကြီးမားမားပြောင်းလဲခဲ့ခြင်းဖြစ်သည်။

၂၀၀၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော သမ္မတလောင်းဖြစ်သည် ဆီးနိတ်အမတ် အဲလ်ဘတ်ဂေါသည် ပြည်သူများမှပေးသော မဲကိုနိုင်သော်လည်း ပြည်နယ်ဝန်ကြီးချုပ် ဂျော့ဂျ်ဒဗလျူဘုရှ်က ဖလော်ရီဒါပြည်နယ်တွင် ၅၃၇ မဲနှင့် နိုင်သောကြောင့် ရွေးကောက်ရေးမဲတွင် ရှုံးနိမ့်ခဲ့ရလေသည်။ ဂေါနှင့် ဒီမိုကရက်တစ်ပါတီက ပြောသည်မှာ စနစ်အတွင်းရှိ အမှားအယွင်းများသည် ဘက်လိုက်မှုရှိနေပြီး သူ့အားရှုံးနိမ့်စေခဲ့သည်ဟုဆိုသည်။ ၎င်းတို့ဘက်မှ မဲပြန်ရေရန် တောင်းဆိုခဲ့သော်လည်း တရားရုံးချုပ်၏ ၅-၄ မဲ ဆုံးဖြတ်ချက်က မဲပြန်ရေခြင်းကို တားမြစ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်ကြောင့်သာပင် ဒီမိုကရက်တစ်ပါတီဝင် တော်တော်များများသည် ရွေးကောက်ပွဲသည်မမျှတဟု ထင်မှတ်ခဲ့ကြသည်။ ရီပက်ဘလစ်ကန်တော်တော်များများက ထိုသုံးသပ်ချက်ကို လက်မခံကြပေ။

ယူအက်စ်သမ္မတဟောင်း ဂျင်မီကာတာနှင့် ဂျရဲလ်ဒ်ဖော့ဒ်တို့ဦးဆောင်သော နှစ်ပါတီကော်မရှင်က ရွေးကောက်ပွဲစနစ်ကို တိုးတက်စေနိုင်ရန်အတွက် အကြံပြုချက်အများအပြားပါဝင်သော အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ လွှတ်တော်မှ စစ်ဆေးကြည့်ရှုပြီးနောက်တွင် အကြံပေးချက်အချို့ကို HAVA (အမေရိက မဲပေးခြင်း ကူညီရေးအက်ဥပဒေ) ရွေးကောက်ပွဲဦးစီးစီမံရေး၏ ပထမဦးဆုံးသော ပြည်ထောင်စုဥပဒေအတွင်း ထည့်သွင်းခဲ့သည်။

## ဥပဒေဆိုင်ရာ မူဘောင်

ရွေးကောက်ပွဲ အများစုအတွက် လိုက်နာရမည့် ဥပဒေဆိုင်ရာလိုအပ်ချက်များသည် ပြည်နယ် ၅၀ မှပြဋ္ဌာန်းထားသော ဥပဒေများအတိုင်း ဖွင့်ဆိုထားခြင်းဖြစ်သည်။ HAVA (အမေရိကမဲပေးခြင်း ကူညီရေးအက်ဥပဒေ) သည် ရွေးကောက်ပွဲဦးစီးစီမံရေးအတွက် ပြဿနာများကိုဖြေရှင်းရာတွင် သုံးသော တစ်ခုတည်းသော နိုင်ငံတော်အဆင့် အက်ဥပဒေဖြစ်သည်။ ၎င်းဘက်မှ မဲပေးခြင်းနှင့်ဆိုင်သော နိုင်ငံတော်အဆင့် စံနှုန်းများနှင့်လိုအပ်ချက်များကို ချမှတ်လေသည်။ သို့သော်လည်း ထိုကဲ့သို့သော အချက်များကို ပြုလုပ်ခြင်းသည် ထိုဥပဒေအရ တည်ထောင်ထားသော ရွေးကောက်ပွဲအထောက်အကူပြု ကော်မရှင် (EAC) ၏ ဘဏ္ဍာရေး အထောက်အပံ့ကို ပြည်နယ်များမှ လက်ခံခြင်းမခံခြင်းပေါ် မူတည်သည်။ ဘဏ္ဍာငွေဖြန့်ဝေခြင်းနှင့် ပြည်နယ်များမှ သတ်မှတ်သော လိုအပ်ချက်များနှင့် နိုင်ငံလုံးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရန်အတွက် စီမံကိန်းများချမှတ်ရေးဆွဲခြင်းနှင့် နိုင်ငံလုံးအနှံ့ ကွန်ပြူတာအခြေပြု မဲစာရင်းရေးသွင်းမှုစနစ်များမှတစ်ဆင့် ဥပဒေအသစ်သည် ပြည်နယ်များအား ရွေးကောက်ပွဲကျင်းပပုံကို ကျော်လွန်ပြီး ဩဇာရရှိစေရန်နှင့် နိုင်ငံအဆင့်တွင် ညီညွတ်တူညီမှု အတိုင်းအတာတစ်ခုထိ ဖြစ်စေရန်အတွက် အကူအညီပေးလေသည်။ ပြည်နယ်များ အနေနှင့်လည်း ဇန်နဝါရီလ ၁ ရက်နေ့ ၂၀၀၆ ခုနှစ်တွင် ထိုဥပဒေကို အပြည့်အဝလိုက်နာရန်အတွက် ဥပဒေချမှတ်ပြီးသားဖြစ်လေသည်။ သို့သော်လည်း လိုက်နာခြင်းမပြုနိုင်သေးသည့် အုပ်စုများစွာ ရှိနေသေးသည်။ ၂၀၀၉ ခုနှစ်တွင် ၄၁ ပြည်နယ်သည် အထက်မှ အောက်သို့သွားသော စနစ်အတိုင်းလုပ်ခဲ့သော်လည်း ပြည်နယ်များအနေနှင့် ၎င်းတို့၏ မဲဆန္ဒရှင်စာရင်းများကို ပေါင်းစည်းပြီးဖြစ်လေသည်။ ကယ်လီဖိုးနီးယား၊ နယူးယောက်နှင့် အီလီနွိုက်စ် အပါအဝင် ပြည်နယ်ရှစ်ခုသည် ကောင်တီနယ်များကို ထိုစာရင်းအား အောက်ခြေမှ အထက်သို့တင်သွားသောစနစ်အတိုင်း ပြုလုပ်ခွင့်ပေးခဲ့သည်။ ပြည်နယ်တစ်ခု (တက္ကဆက်) သည် စနစ်နှစ်ခုစလုံးကိုပေါင်းစည်းပြီး လုပ်ဆောင်သွားလေသည်။ ဖျူး သုတေသနဌာနမှ စေ့စေ့ပေါက်ပေါက် လေ့လာချက်အရ ပျမ်းမျှ ၂၄ သန်း (ရှစ်ပုံတစ်ပုံ) သော စာရင်းအတွင်းရှိ အမည်များမှာတရားမဝင်ခြင်း သို့မဟုတ် တိကျမှုမရှိခြင်းတို့ ဖြစ်နေသည်ဟုဆိုသည်။ ထို့ကြောင့် တိုးတက်အောင်ပြုလုပ်ရန်အတွက် အများကြီးကျန်ပါသေးသည်။

၂၀၀၈ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသောသူ အရေအတွက်မှာ ၂၀၆ သန်းရှိပြီး ထိုအထဲမှမဲပေးရန် မှတ်ပုံတင်စာရင်းသွင်းထားသောသူ ၇၁ ရာခိုင်နှုန်းရှိကာ။ ၁၃၁ သန်းမှ မဲပေးခဲ့လေသည်။ (မဲစာရင်းပေးသွင်းသူ၏ ၉၀ ရာခိုင်နှုန်းရှိပြီး မဲပေးပိုင်ခွင့်ရှိသူ၏ ၆၃ ရာခိုင်နှုန်းရှိသည်) HAVA (အမေရိက မဲပေးခြင်း ကူညီရေးအက်ဥပဒေ) အနေနှင့် တူညီသော စံချိန်စံညွှန်းများချပေးခြင်းမရှိ သလို EAC (ရွေးကောက်ပွဲ အထောက်အပံ့ပေးရေးကော်မရှင်) သည်လည်း အင်မတန်အားနည်းလေသည်။

သမ္မတဟောင်း ဂျင်မီကာတာနှင့် ပြည်ထဲရေးအတွင်းဝန်ဟောင်း ဂျိမ်းစ်အေဘိတ်ခါတို့မှ ဥက္ကဋ္ဌအရာနေပြီး ဒီမိုကရေစီနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးဆိုင်ရာ အမေရိကန်တက္ကသိုလ်ဌာနမှ ဖွဲ့စည်းကာစနစ်အတွင်းရှိ ကျန်ရှိနေသော ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အကြံပေးချက် ၈၇ ချက်ကို ပြောပြခဲ့သည်။ ၎င်း၏ အစီရင်ခံစာသည် ၂၀၀၅ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီးဖြစ်သည်။

## အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံ

EAC (ရွေးကောက်ပွဲ အထောက်အပံ့ပေးရေးကော်မရှင်) သည် HAVA (အမေရိက မဲပေးခြင်း ကူညီရေးအက်ဥပဒေ) ၏ ဒုတိယလုပ်ပိုင်ခွင့် (အများပြည်သူဆိုင်ရာ ဥပဒေအမှတ် ၁၀၇-၂၅၂) အရ တည်ထောင်ထားခြင်းဖြစ်သည်။ အဖွဲ့ဝင်လေးဦးရှိပြီး နှစ်ဦးမှာ လွှတ်တော်အတွင်းရှိ ရီပက်ဘလစ်ကန်တို့မှ ရွေး

ကောက်ထားခြင်းဖြစ်ပြီး ကျန်နှစ်ဦး မှ ဒီမိုကရက်တို့မှ ရွေးကောက်ထားခြင်းဖြစ်သည်။ (ပြည်ထောင်စု ရွေးကောက်ပွဲဆိုင်ရာကော်မရှင် FEC သည်လည်း ထိုနည်းတူပင်ဖွဲ့စည်းထားသည်။ သို့သော်လည်းငင်း၏ တစ်ခုတည်းသောတာဝန်မှာ မဲဆွယ်ပွဲဘဏ္ဍာငွေ ဥပဒေအား ကြီးကြပ်ခြင်းနှင့်သာသက်ဆိုင်လေသည်)

EAC သည် EMB မဟုတ်ပါ။ ၎င်း၏ အဓိကတာဝန်မှာ မဲပေးခြင်းဆိုင်ရာ ကိရိယာ တန်ဆာပလာများနှင့် နိုင်ငံလုံးအနှံ့ မဲမှတ်ပုံတင်စာရင်းတွင် ပြည်နယ်အစိုးရမှ ရင်းနှီးမြှုပ်နှံရန်အတွက် ပြည်ထောင်စု ဘဏ္ဍာငွေများကို လွှဲပေးရန်ဖြစ်ပြီး ထိုဘဏ္ဍာငွေများ၏ အားလုံးနီးပါးသည် နှစ်အနည်းငယ်အတွင်း သုံးပြီး သားဖြစ်လေသည်။

ရွေးကောက်ပွဲ ဦးစီးစီမံရေးအတွက် တာဝန်ရှိသော အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှုများ သည် ပြည်နယ်နှင့် မြို့နယ်အဆင့်တွင်သာ ရှိနေသေးသည်။ ပြည်နယ်တော်တော်များများတွင် ပြည်ထဲရေး အတွင်းဝန်ကြီးသည် ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် တာဝန်ရှိသူဖြစ်သည်။ သို့သော်လည်း ကောင် တီနယ်များနှင့် မြို့အဆင့် ရွေးကောက်ပွဲများတွင်မူ EMB မှ တာဝန်ရှိပြီး၊ သူတို့က ရွေးကောက်ပွဲများကို ကျင်းပပေးသည်။ ပြည်ထဲရေးအတွင်းဝန်များကိုလည်း ရွေးကောက်ပြီးဖြစ်ပြီး အများစုမှာ ပိုမိုမြင့်မားသော နိုင်ငံရေးရာထူးတာဝန်များကို ထမ်းဆောင်လိုသော တစ်သီးပုဂ္ဂလများဖြစ်ကြသည်။ ပြည်နယ်နှင့် မြို့ အဆင့် အရာရှိများသည် ပါတီဆိုင်ရာအရာရှိများမှခန့်အပ်ခြင်းကို ခံရလေ့ရှိသော်လည်းအချို့မှာမူ ပြည်သူ့ ဝန်ထမ်းများဖြစ်လေ့ရှိပြီး သို့မဟုတ် မြို့အဆင့် ရွေးကောက်ခံအရာရှိများမှ ခန့်အပ်ခြင်းကိုခံရလေသည်။

## EAC ၏ အာဏာနှင့် လုပ်ဆောင်ချက်များ၊ ပြည်ထဲရေးအတွင်းဝန်များနှင့် မြို့အဆင့် အရာရှိများ

EAC သည် မဲပေးခြင်းဆိုင်ရာစနစ်၏ ဟာဒ်ဝဲနှင့် ဆော့ဖ်ဝဲများကို စမ်းသပ်စစ်ဆေးခြင်း၊ ထောက်ခံ ချက်ပေးခြင်း၊ ထောက်ခံချက်များ ပြန်လည်ရုပ်သိမ်းခြင်းနှင့် ပြန်လည်ထုတ်ပေးခြင်းတို့ကို ပြုလုပ်ပြီး၊ ရွေးကောက်ပွဲဆိုင်ရာ ထောက်ခံချက်များ ထုတ်ပေးခြင်းနှင့် ပြည်နယ်များအား ကိုယ်ထူကိုယ်ထ လမ်း ကြောင်းပြသခြင်းတို့ပြုလုပ်ရန်လည်း အားပေးလေသည်။ မည်သည့် EAC ၏ လုပ်ရပ်မဆိုလုပ်ရန်အတွက် အဖွဲ့ဝင် သုံးဦး၏ ထောက်ခံချက်လိုသည်။ သို့သော်လည်း ၎င်း၏ စည်းမျဉ်းရေးဆွဲရေးအတွက် အာဏာ များမှာ ကြတ်ကြတ်မတ်မတ်ကို ကန့်သတ်ထားလေသည်။ ၎င်းအနေနှင့် ဥပမာအားဖြင့် "ကြိုက်သော စည်းကမ်းများထုတ်ခြင်း၊ လုပ်ဆောင်ပုံစည်းမျဉ်းများစိတ်ကြိုက် ကြေငြာခြင်း သို့မဟုတ် အခြားသောအရာ များ ဆောင်ရွက်ခြင်း" ကဲ့သို့သော မည်သည့်ပြည်နယ် သို့မဟုတ် မြို့ကိုမဆို လိုအပ်ချက်များ ပြဌာန်းနိုင် သောအရာများကို မဆောင်ရွက်နိုင်ပါ။

၁၃၀၀၀ သော တစ်သီးပုဂ္ဂလ ကောင်တီနယ်များနှင့် စီရင်စုများသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၏အဆင့်တိုင်းကို မမြင်ရသောနည်းဖြင့် ဆက်လက်စီမံခန့်ခွဲလျက်ရှိသည်။ လွှတ်တော်ထဲရှိ ရီပက်ဘလစ်ကန် ခေါင်းဆောင်များသည် EAC ၏ အသုံးဝင်ပုံကိုမေးပြီး ရံပုံငွေများကို ထိန်းသိမ်းထားလေ ကာ ကော်မရှင်အရာရှိများကိုလည်း လွှတ်တော်က အကြံပြုခြင်း သို့မဟုတ် လက်ခံအတည်ပြုခြင်းမျိုးမလုပ် သေးချေ။

## ရွေးကောက်ပွဲ ဦးစီးစီမံရေး၏ ဘဏ္ဍာငွေထောက်ပံ့မှုနှင့် တာဝန်ခံနိုင်မှု

HAVA (အမေရိက မဲပေးခြင်း ကူညီရေး အက်ဥပဒေ) မတိုင်မီအထိ ပြည်ထောင်စုအစိုးရမှ ရွေးကောက်ပွဲအတွက် ငွေတစ်ပြားတစ်ချပ်မှ သုံးစွဲခြင်းမရှိချေ။ ပြီးနောက်တွင် ပြည်နယ်များ ကိုယ်တိုင်

ကလည်း ငွေကိုမသုံးသလောက်ပင်ဖြစ်သည်။ ဘဏ္ဍာငွေအများစုမှာ မြို့အဆင့်တွင်ပင်မတည်ပြီး သုံးလိုက်ရသည်သာ ဖြစ်စည်။ HAVA ပြဋ္ဌာန်းပြီးနောက်တွင် ပြည်ထောင်စုအစိုးရသည် ပြည်နယ်များကို ကွန်ပြူတာ အခြေပြု၊ နိုင်ငံအဆင့် မဲစာရင်းများပြုစုရေးအပါအဝင် စက်အသစ်များဝယ်ရန်နှင့် နိုင်ငံနှင့် အဝှမ်း စီမံကိန်းများချမှတ်ရန်အတွက် ၂၀၀၃-၀၅ အတွင်း ယူအက်စ်ဒေါ်လာ ၃ ဘီလျံနီးပါးခန့် ပြည်နယ်များသို့ လွှဲပြောင်းပေးခဲ့သည်။ ထိုငွေများ နှစ်အနည်းငယ်အတွင်း ကုန်သွားသောအခါ၊ EAC ၏ ဘတ်ဂျက်ငွေသည် တစ်နှစ်လျှင် ယူအက်စ်ဒေါ်လာ သန်း၂၀ အောက်သို့ လျော့ကျသွားသည်။

EAC သည် FEC ကဲ့သို့ပင် လွှတ်တော်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားရုံးများထံသို့ အစီရင်ခံရလေသည်။ မြို့အဆင့် အာဏာပိုင်များက ၎င်းတို့၏ဆိုင်ရာ အသိုင်းအဝိုင်းများနှင့် ဒုတိယအဆင့်အားဖြင့် ပြည်နယ်အာဏာပိုင်များနှင့် တရားရုံးများသို့ အစီရင်ခံရလေသည်။

## နည်းပညာ

၂၀၀၀ ပြည့်နှစ် သမ္မတ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၏ တစ်ဝက်ကျော်ကျော်သည် ပန့်ချ်ကတ် (Punch card) သို့မဟုတ် မောင်းတံနှင့်ဆွဲပြီး မဲပေးသောစနစ်ကို အသုံးပြုခဲ့ကြသည်။ ရွေးကောက်ပွဲအား ပြန်လည်ဆန်းစစ်သောအခါ ၎င်းတို့၏ အများများသည်လည်း ထင်ရှားလာပေတော့ သည်။ ပန့်ချ်ကတ် (Punch card) အတွင်းရှိ အပေါက်ကလေးများမှာ ပြန်မဖယ်မိသောကြောင့် ထိုမဲများမှာ ထည့်သွင်းရေတွက်ခြင်းမခံခဲ့ရပေ။ လွန်ခဲ့သော နှစ်တစ်ရာခန့်က တည်ဆောက်ခဲ့သော မောင်းတံသုံး စက်များသည်လည်း ပျက်သွားလေသည်။ ရလဒ်အနေနှင့် အီလက်ထရွန်းနစ်စက်များအတွက် ဘဏ္ဍာငွေအမြောက်အမြားကို အသုံးပြုခဲ့ရသည်။ ၂၀၀၈ခုနှစ်တွင် မဲဆန္ဒရှင်များ အားလုံး၏ ၈၉ ရာခိုင်နှုန်းသည် အီလက်ထရွန်းနစ်စက်များကို အသုံးပြုခဲ့ပြီး (DRE နှင့် မျက်စိ scan ဖတ်ခြင်းများ) ၇ ရာခိုင်နှုန်းနှင့် အောက်သာ ပန့်ချ်ကတ် (Punch card) နှင့် မောင်းတံစက်များကို သုံးတော့သည်။

ထိုအပြောင်းအလဲသည် ကွန်ပြူတာအခြေခံစနစ်ဆီသို့ ပြောင်းလဲစေခဲ့သော်လည်း ပြဿနာအသစ်များကိုပါ ဖြစ်ပေါ်စေခဲ့သည်။ မဲရုံဝန်ထမ်းများသည်လည်း စက်များမည်ကဲ့သို့လုပ်သည်ကို သရုပ်ပြရန်နှင့် ပျက်လျှင်ပြင်ရန်အတွက် လေ့ကျင့်သင်ကြားမှုများ ပိုမိုလိုအပ်လာသည်။ ပိုအရေးကြီးသည်မှာ အချို့သော ကွန်ပြူတာအခြေပြု ပျောက်ဆုံးသွားသော မဲများပင်ဖြစ်သည်။ ထို့ကြောင့်ပင် လွှတ်တော်အဖွဲ့ဝင် အတော်များများနှင့် ပြည်နယ်လွှတ်တော်များက မဲဆန္ဒရှင်ဘက်မှ စစ်ဆေးထားသော စာရွက်စာတမ်း စစ်ဆေးမှုလမ်းကြောင်း (VVAPT) ကို သုံးရန် အားပေးတိုက်တွန်းခြင်းဖြစ်သည်။ ထိုစက်ကိရိယာမှ စက်မှ မဲပျောက်သွားနိုင်သော ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်၏ လျှို့ဝှက်မဲစာရွက်အပေါ် ပိုမိုနှစ်မြို့က်စေသည်။ မဲရုံများအနေနှင့်လည်း၎င်းတို့၏ မဲရေတွက်မှု စာရင်းများနှင့် ၎င်းတို့၏ စက်ကိရိယာများကို ရွေးကောက်ပွဲတစ်ခုပြီးတိုင်း ပြန်လည်စစ်ဆေးသင့်သည်။ ထိုစွန့်ဦး လုပ်ဆောင်မှုသည် ဖြည်းဖြည်းချင်း စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် ပြည်နယ် ၃၅ ခုသည် ထိုအရာ၏ ပုံစံကွဲအချို့ကို ကျင့်သုံးလာကြသည်။

## ပညာရှင်ဆန်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အရာရှိများ

ယူအက်စ် သမိုင်းတော်တော်များများတွင် ရွေးကောက်ပွဲဆိုင်ရာ အရာရှိရာထူးသည် အာဏာရပါတီများမှ ချီးမြှင့်သော နာယကရာထူးအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ အတိုင်းအတာ ကြီးကြီးမားမား တစ်ခုအထိ ထိုကိစ္စက ပြောင်းလဲမသွားပေ။မြို့အဆင့်တွင် ယာယီလုပ်သားများ ငှားရမ်းရာ၌ အခက်အခဲများကြီးမားစွာ ကြုံတွေ့ရပြီး ရလဒ်အနေနှင့် ရလာသောဝန်ထမ်းများမှာလည်း အရွယ်အတော်အိုလေပြီး

(ပျမ်းမျှအသက်မှာ ၇၂နှစ်ဖြစ်သည်) ကြာရှည်စွာ ဖိဖိစီးစီးလုပ်ရသောနေ့မျိုးတွင် အခက်အခဲရှိလေသည်။ ၂၀၀၈ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် ပျမ်းမျှ လူပေါင်း ၁၃၁ သန်းသည် မဲရုံဌာနပေါင်း ၂၀၀၀၀၀ တွင် မဲပေးခဲ့ကြသည်။ ထိုအတွက် မဲရုံလုပ်သားပေါင်း နှစ်သန်းခန့် လိုအပ်သည်။ သို့သော်လည်း ၁.၅ သန်းနီးပါး လောက်သာ ရှိခဲ့ပြီး လေ့ကျင့်သင်ကြားမှုလည်း မရှိသလောက် ပင်ဖြစ်သည်။ ၎င်းတို့အား ရွေးကောက်ပွဲ ဦးစီးမှူး ၂၀၀၀၀ ခန့်က ကြီးကြပ်လေသည်။ ရွေးကောက်ပွဲဆိုင်ရာ ပညာရှင်ဆန်မှုသည် ယခင်ကရော၊ ယခုရော ကျယ်ပြန့်စွာကွဲပြားနေဆဲပင်ဖြစ်သည်။

## အမေရိကန်ရွေးကောက်ပွဲ ဦးစီးစီမံမှု၏ အားသာချက်နှင့် အားနည်းချက်များ

အမေရိကန်ရွေးကောက်ပွဲ ဦးစီးစီမံမှုစနစ်၏ အားသာချက်နှင့် အားနည်းချက်နှစ်ခုစလုံးသည် ၎င်း၏ အာဏာဗဟိုပြုမှုကင်းသော သဘောသဘာဝမှ ဖြာထွက်လာခြင်းဖြစ်သည်။ ၎င်းအနေနှင့် ကြီးမားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကွဲပြားမှုများကို ရရှိနိုင်သော်လည်း တူညီမှုလုံးဝမရှိတော့ချေ။ အမေရိကန်တော်တော်များများကလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့၏ အာဏာဗဟိုပြုမှုကင်းခြင်းကို ကျေနပ်ကြပြီး ကွန်ဂရက်လွှတ်တော် အဖွဲ့ဝင်တော်တော်များများကလည်း ရွေးကောက်ပွဲအပေါ် ပြည်နယ်အာဏာပိုင်တို့၏ အာဏာလွှမ်းမိုးမှုကိုပယ်ဖျက်ရန် တွန့်ဆုတ်နေကြသည်။ ထို့ကြောင့် ကွန်ဂရက်လွှတ်တော်အနေနှင့် အတည်ပြုရန်မဆိုထားနှင့် အရိုးရှင်းဆုံး ပြင်ဆင်မှုမျိုးဖြစ်သော ရွေးကောက်ပွဲတွင် စက်ပျက်သွားပါက နောက်ခံအစီအစဉ်အနေနှင့် စက္ကူမဲစာရွက်များထားရန်လိုအပ်ချက်မျိုးကိုပင် ထည့်သွင်းစဉ်းစားရန် ခက်ခဲလှသည်။ မဲပေးခြင်းဆိုင်ရာ အကြပ်အတည်း ဒုက္ခရောက်ခြင်းမျိုးလည်း မရှိသောကြောင့် စနစ်ကြီးတစ်ခုလုံးကို အစအဆုံးပြောင်းလဲခြင်းမျိုးဖြစ်သော ဥပမာ- နိုင်ငံအဆင့်၊ ပါတီစွဲကင်းသော၊ လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်တစ်ခုမှ ရွေးကောက်ပွဲများကိုကျင်းပရေးအတွက် ဖြစ်တန်စွမ်းသည် အင်မတန်မှ အလှမ်းဝေးလွန်းလှသည်။

၂၁ ရာစု၏ အစတွင် အမေရိကန်နိုင်ငံရေး၏ အစွန်းနှစ်ဖက် ကွာဟမှုသည် မျှတသော ရွေးကောက်ပွဲတစ်ခုဖြစ်စေရေးအတွက် စည်းမျဉ်းစည်းကမ်းများကို သက်ရောက်၊ထိခိုက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ ပြည်နယ်အများအပြားရှိ ရီပက်ဘလစ်ကန်များလွှမ်းမိုးသော ပြည်နယ်လွှတ်တော်များတွင် မဲပေးခြင်းဆိုင်ရာ သက်သေခံအရာဝတ္ထုနှင့် မဲဆန္ဒရှင်များအား မှတ်ပုံတင်ရာတွင် ပိုမိုတင်းကြပ်သော ကန့်သတ်ချက်များကို ဖြစ်ပေါ်စေသော ဥပဒေပြုချက်များကို ပြဋ္ဌာန်းခြင်းမျိုး ပြုလုပ်လေသည်။ ရီပက်ဘလစ်ကန်များဘက်က ၎င်းတို့သည် မဲလိမ်ခြင်းနှင့် လျှို့ဝှက်မဲတို့၏ ဂုဏ်အရည်အသွေးကို ထိန်းသိမ်းလိုသောစိတ် အရှိဆုံးဖြစ်ကြောင်း တိုက်တွန်းပြောဆိုသော်လည်း ဒီမိုကရက်များက ၎င်းတို့အား ဒီမိုကရက်တစ်ပါတီ၏ မဲဆန္ဒရှင်များ၏ ယခင်ကတည်းက အရေးကြီးအစိတ်အပိုင်းများအဖြစ် ကိုယ်စားပြုသောနွမ်းပါးပြီး လူနည်းစုဖြစ်သော မဲဆန္ဒရှင်များအား မဲပေးခွင့်မရစေရန် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု စွတ်စွဲလေသည်။ ထိုပြည်နယ်ဥပဒေ တော်တော်များများသည်လည်း တရားရုံးတွင် အမှုရင်ဆိုင်ခံရလေသည်။ အမေရိကန်တရားရုံးချုပ်သည် မဲဆန္ဒရှင် အသိသက်သေပြုအရာဝတ္ထုအား အသုံးပြုခြင်းသည် ကျိုးကြောင်းဆီလျော်ကြောင်းသိရှိသော်လည်း ထိုဥပဒေကို လက်တွေ့တွင် မည်သို့လုပ်နေသည်ဟူသော အချက်အပေါ်တွင် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

ထို့အပြင် အမေရိကန်ပြည်သူ တော်တော်များများကလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်ထက် ရလဒ်ကို ပိုပြီးအာရုံစိုက်ကြလေသည်။ ရွေးကောက်ပွဲများ နီးကပ်သောအခါ လူများအနေနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ပိုမိုနီးနီးကပ်ကပ် လေ့လာနိုင်သည်ဟူသော အချက်သည် မှန်ကန်လေပြီး ၂၀၀၀ပြည့်နှစ်က ရွေးကောက်ပွဲပြဿနာသည် ကွန်ဂရက်လွှတ်တော်ကို အချို့သောပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက်

တွန်းအားပေးခဲ့သော်လည်းနိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲစနစ်တစ်ခုလုံးကိုခေတ်နှင့်အညီပြုပြင်ပြောင်းလဲရေးလုပ်ရန်အတွက် အရည်အသွေးပြည့်မီခြင်းမျိုး မရှိသေးချေ။ မှန်းဆရနိုင်သော အနာဂတ်တွင်မူ အမေရိကန်၏ ရွေးကောက်ပွဲစနစ်သည် ပြည်နယ်အဆင့် စီမံခန့်ခွဲမှုမျိုး ဖြစ်လာနိုင်ပါသည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# တူနီးရှား ။ ရွေးကောက်ပွဲအတွက် လွတ်လပ်သော ရာထူးမြင့် အာဏာပိုင်အဖွဲ့

Mohamed Chafik Sarsar

## နောက်ခံ အကြောင်းအရာ

တူနီးရှားနိုင်ငံအနေနှင့် ၎င်း၏ခေတ်သစ်သမိုင်းတစ်လျှောက်တွင် ဒီမိုကရက်တစ် ရွေးကောက်ပွဲမျိုးကို တစ်ခါမှတွေ့ကြုံဖူးခြင်းမရှိချေ။ အနှစ်ငါးဆယ်လုံးလုံး ပြည်ထဲရေးဝန်ကြီးဌာနက ရွေးကောက်ပွဲများအတွက်တရားဝင် တာဝန်ရှိသော်လည်း လက်တွေ့တွင်မူ အာဏာရပါတီက ထိုအရာများကို ထိန်းချုပ်ထားခြင်းသာ ဖြစ်သည်။ ၁၉၆၉ ခုနှစ် ရွေးကောက်ပွဲဥပဒေသည် ပြင်ဆင်ချက်များရှိသော်လည်း လွတ်လပ်ပြီးရိုးသားသော ဒီမိုကရက်တစ်ရွေးကောက်ပွဲများအတွက် မူဘောင်ကိုတည်ထောင်ခဲ့ခြင်းမျိုး မရှိချေ။

၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းဥပဒေစီရင်ချက် အမှတ် ၂၀၁၁-၂၇ ° သည် ရွေးကောက်ပွဲအတွက် လွတ်လပ်သော ရာထူးမြင့်အာဏာပိုင်စနစ်ကို ဖော်ဆောင်ခဲ့ပြီး (ပြင်သစ်လို အတိုကောက် ISIE ဟု သိကြသည်) နိုင်ငံတော် မဲဆန္ဒနယ်များဆိုင်ရာ လွှတ်တော်အတွက် ရွေးကောက်ပွဲကိုကြီးကြပ်ရန်အတွက် ဖြစ်သည်။ လွှတ်တော်ရွေးကောက်ပွဲများ၏ ရလဒ်များကို ကြေငြာချက် ထုတ်ပြန်ပြီးချိန်တွင် ၎င်း၏တာဝန်ပြီးပြီမှန်သော်လည်း ၎င်းအနေနှင့် တူနီးရှား၏ ရွေးကောက်ပွဲဆိုင်ရာ ဦးစီးစီမံမှုဆိုင်ရာသမိုင်းကို ပြောင်းလဲနိုင်ခဲ့လေသည်။

ပြဋ္ဌာန်းချက် ဥပဒေအမှတ် ၂၀၁၁-၃၅ ၏ နိဒါန်း (မေလ ၂၀၁၁ နှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး နိုင်ငံတော် မဲဆန္ဒနယ်များဆိုင်ရာ လွှတ်တော်နှင့် သက်ဆိုင်သည်) သည်  ဒီမိုကရေစီဆန်မှု၊ ညီမျှမှု၊ ဗဟုဝါဒ၊ မျှတမှုနှင့် ပွင့်လင်းမြင်သာမှုတည်းဟူသော စည်းမျဉ်းစည်းကမ်းများနှင့် အညီရှိသော အများပြည်သူနှင့်ဆိုင်သော လွတ်လပ်သော၊ တိုက်ရိုက်ကျပြီး လျှို့ဝှက်သော မဲစနစ်၏ အရေးပါပုံကို အကျယ်တဝင့်ပြောထားလေသည်။ သို့သော်လည်း လက်ရှိအခြေအနေများကြောင့် ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲအတွက် ဥပဒေမူဘောင်သည် ယာယီသာဖြစ်ခဲ့ပြီး ဥပဒေစာပိုဒ်များ၏ အကျိုးသက်ရောက်မှု၏ အဆုံးသည် လွှတ်တော်ရွေးကောက်ပွဲ ဖြစ်လာစေခဲ့သည်။

ISIE (လွတ်လပ်သော ရာထူးမြင့်အာဏာပိုင်) သည် အောက်တိုဘာ ၂၀၁၁ ခုနှစ်ထက် ပိုပြီးသက်တမ်းရှည်ကြာခဲ့သော်လည်း အချိန်အကြပ်အတည်း ဖိအားနှင့် တူနီရှားတွင် လုပ်ရိုးလုပ်စဉ် မရှိသည့်ကြားမှပင် နိုင်ငံရေး လူပ်ရှားသူများအနေနှင့် ရွေးကောက်ပွဲများကို စီမံခန့်ခွဲရန်အတွက် ပုံသေခန့်အပ်ထားသောဌာနတစ်ခုကို တည်ထောင်ရန် ရွေးချယ်ခဲ့သည်။ လွတ်လပ်သော ရာထူးမြင့် အာဏာပိုင်စနစ်ကို

ရွေးချယ်မှုသည် ယခုတွင် တူနီးရှားနိုင်ငံ၏ နိုင်ငံရေးသမားအများစုက လိုက်လံသုံးစွဲနေကြပြီဖြစ်ပြီး ထို ရွေးချယ်ခဲ့မှုကြောင့်ပင် ဒီဇင်ဘာ ၂၉၊ ၂၀၁၂ တွင် သတ်မှတ်သော အခြေခံဥပဒေ အမှတ် ၂၀၁၂-၂၃ ကို နိုဝင်ဘာ ၁ ရက် ၂၀၁၃ ခုနှစ်တွင် သတ်မှတ်ခဲ့သော အခြေခံဥပဒေ အမှတ် ၂၀၁၃-၄၄ နှင့် အစားထိုး ပြင်ဆင်ခဲ့ခြင်းဖြစ်ကာ ပုံသန်ခန့်အပ်သတ်မှတ်ထားသော EMB ကို ဖန်တီးခဲ့ပြီး ရွေးကောက်ပွဲအတွက် လွတ်လပ်သော ရာထူးမြင့်အာဏာပိုင်ဌာနဟုလည်း ခေါ်သည်

## ဥပဒေဆိုင်ရာ မူဘောင်

မတ်လ ၂၀၁၁ ခုနှစ်တွင် တူနီးရှားနိုင်ငံ၏ အခြေခံဥပဒေအား တစ်ပိုင်းတစ်စ ဆိုင်းငံ့ခြင်းမျိုး ပြုလုပ်ပြီးနောက်တွင် တူနီးရှားနိုင်ငံ၏ ဒီမိုကရက်တစ် အကူးအပြောင်း ကာလအတွက် အောက်ခြေတည် ဆောက်မှုများကို ဖန်တီးရန်အတွက် ပြုလုပ်ထားသော တော်လှန်ရေးရည်ရွယ်ချက်များ၊ ရရှိရေးအတွက် ရာထူးမြင့်အာဏာပိုင်ဌာနမှ နိုင်ငံ၏ ရွေးကောက်ပွဲကို ထိန်းချုပ်သော ဥပဒေမူဘောင်ကို တင်ပြလာလေ သည်။ ထိုမူဘောင်အတွင်းတွင်

- ဧပြီလ ၁၈ရက် ၂၀၁၁ခုနှစ်တွင် တည်ထောင်ခဲ့သော ပြဋ္ဌာန်းဥပဒေအမှတ် ၂၀၁၁-၂၇သည် ပိုမို ရာထူး မြင့်မားသော လွတ်လပ်သည့် ရွေးကောက်ပွဲကော်မရှင်ကို တည်ထောင်ခဲ့သည်။
- နိုင်ငံတော် မဲဆန္ဒနယ်များဆိုင်ရာ လွှတ်တော်နှင့်ဆိုင်သော မေလ ၁၀ ရက် ၂၀၁၁ တွင် ပြဋ္ဌာန်း ခဲ့သော ပြဋ္ဌာန်းဥပဒေ အမှတ် ၂၀၁၁-၃၅ သည် ဩဂုတ်၃ရက် ၂၀၁၁ တွင် ပြဋ္ဌာန်းခဲ့သော ပြဋ္ဌာန်းဥပဒေအမှတ် ၂၀၁၁-၇၂ နှင့် အစားထိုးခြင်းခံလိုက်ရသည်။
- နိုင်ငံတော် မဲဆန္ဒနယ်များဆိုင်ရာ လွှတ်တော်အတွက် မဲဆွယ်ရေးဆိုင်ရာ ဘဏ္ဍာငွေ ထောက်ပံ့မှု ကို ကြီးမှူးသော စာရင်းစစ်ခုံရုံးအား ထိန်းချုပ်သောနည်းစနစ်နှင့် အဆင့်များအတွက် စက်တင် ဘာလ ၂၉ ရက် ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းဥပဒေအမှတ် ၂၀၁၁-၉၁ ကို ပြဋ္ဌာန်းခဲ့လေသည် (စာရင်းစစ်ခုံရုံးထိန်းချုပ်မှု၏ အတိုင်းအတာပမာဏနှင့် သဘောသဘာဝ၊ ရွေးကောက်ပွဲမဲဆွယ် ဘဏ္ဍာ ထောက်ပံ့ရေးကို စည်းမျဉ်းသတ်မှတ်ရာတွင် တာဝန်ရှိသောဌာန) နှင့်
- ဩဂုတ်လ ၃ ရက် ၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်သော စည်းမျဉ်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက် အမှတ် ၂၀၁၁-၁၀၈၇ တို့ဖြစ်ကြသည်။

အခြေခံဥပဒေမရှိသေးသောကြောင့် တူနီးရှားနိုင်ငံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးသည် ဒုတိယအဆင့်တွင်ပင် ရှိနေသေးသည်ဟု သတ်မှတ်ခြင်းခံရသည်။ စီရင်စုဆိုင်ရာ အဖွဲ့အစည်းများ၏ ပြည်သူ့ အာဏာပိုင်များနှင့် သက်ဆိုင်သော ဒီဇင်ဘာလ ၁၆ ရက် ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းသော မဲဆန္ဒရှင် ဥပဒေ အမှတ် ၂၀၁၁-၆ သည် ပုံသေသတ်မှတ် ISIE (လွတ်လပ်သော ရာထူးမြင့်အာဏာပိုင်) ဌာနတစ်ခု တည်ဆောက်ရေးအတွက် ပြဋ္ဌာန်းထားသည်။

ISIE (လွတ်လပ်သော ရာထူးမြင့်အာဏာပိုင်) အားရွေးချယ်မှုသည် အခြေခံဥပဒေမူကြမ်း၏ ပြဋ္ဌာန်းချက်များကြောင့် ပိုမိုခိုင်မာလာပြီး ၎င်း၏ ၂၀၁၃ ဇွန်လ တွင်မှ ပြဋ္ဌာန်းထားသော ပုဒ်မ ၁၂၃ မှ "စံပြ ရွေးကောက်ပွဲ"ကျင်းပနိုင်ခွင့်ကို ချီးမြှင့်ထားပြီး ၎င်းက ဖွင့်ဆိုထားသည်မှာ 'ရွေးကောက်ပွဲဆိုင်ရာဌာနသည် စီမံခန့်ခွဲရေး၊ ရွေးကောက်ပွဲအဖွဲ့အစည်း၊ ဆန္ဒခံယူပွဲများနှင့် အခြေအနေအဆင့် အမျိုးမျိုးအတွက် ၎င်း တို့၏ ကြီးကြပ်စောင့်ကြည့်မှုဆိုင်ရာတို့တွင် တာဝန်ရှိသည်။ ထိုဌာနသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း စဉ်များ စဉ်ဆက်မပြတ်လုပ်ကိုင်နိုင်မှု၊ အရည်အသွေးနှင့် ပွင့်လင်းမြင်သာမှုတို့ကို သေချာပေါက်ရှိစေရန် လုပ်ဆောင်ရမည်ဖြစ်ပြီး ရလဒ်များကို ကြေငြာရမည်။ ထိုဌာနတွင် ၎င်း၏ ကျွမ်းကျင်ရာနယ်ပယ်တို့၌

စည်းမျဉ်းသတ်မှတ်ရေး အာဏာပိုင်ရှိစေရမည်’ ဟုဖြစ်သည်။ ထိုပြဋ္ဌာန်းချက်သည် အခြေခံဥပဒေထဲတွင် ပြဋ္ဌာန်းခံအဆင့်ရှိသော ပုံသေခန့်အပ်သတ်မှတ်ဌာနတစ်ခုကို တည်ထောင်စေလိုသောဆန္ဒကို ထင်ဟပ်လေသည်။

## ISIE ၏ တည်ဆောက်ပုံ

ISIE (လွတ်လပ်သော ရာထူးမြင့်အာဏာပိုင်) တွင် ဆုံးဖြတ်ချက်ချမှတ်ရေး အာဏာပိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ပါဝင်သော ကောင်စီတစ်ခုပါဝင်သည်။ အဖွဲ့ဝင်ကိုးဦးပါဝင်ပြီး တရားစီရင်ရေး ရာဇဝတ်တရားသူကြီး၊ ဦးစီးစီမံရေးရာဇဝတ်တရားသူကြီး၊ ရှေ့နေတစ်ဦး၊ နိုတြီသို့ ဘိလစ်စာရေး၊ တက္ကသိုလ်ပါမောက္ခတစ်ဦး၊ IT စနစ်နှင့် လုံခြုံရေးတွင် အထူးပြုလေ့လာထားသော အင်ဂျင်နီယာတစ်ဦး၊ ဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူ၊ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူနှင့် ပြည်ပရောက် တူနီးရှားနိုင်ငံသားများအား ကိုယ်စားပြုသော အဖွဲ့ဝင်တစ်ဦး တို့ပါဝင်သည်။

ISIE ကောင်စီအဖွဲ့ဝင်များကို နိုင်ငံတော် မဲဆန္ဒနယ်ဆိုင်ရာ လွှတ်တော်၏ စုံညီ အစည်း အရုံးမှ ရွေးကောက်ခြင်းဖြစ်သည်။ ISIE ဥက္ကဋ္ဌကို ထို ရွေးကောက်ခံ အဖွဲ့ဝင်ကိုးဦးထဲတွင် ပါဝင် သောသူများအနက်မှ စုံညီအစည်းအရုံးက ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်သည်။

ရွေးချယ်ခံအဖွဲ့ဝင်များသည် ပထမ အပိုင်းတွင်တွေ့ဆုံကြပြီး ဒုဥက္ကဋ္ဌကို အားလုံးသဘောတူညီချက်ဖြင့် ရွေးချယ်ကြသည်။ ထိုသို့မဖြစ်နိုင်ပါက အဖွဲ့ဝင်တို့၏ အများစုသဘောထားအရ ရွေးချယ်သည်။ အဖွဲ့ဝင်တို့၏ တာဝန်ထမ်းဆောင်သက်မှာ ခြောက်နှစ်ဖြစ်ပြီး နောက်ထပ်သက်တမ်း တာဝန်ထမ်းဆောင်၍ မရပါ။ ISIE ကောင်စီ ၏ သုံးပုံတစ်ပုံသည် နှစ်နှစ်တစ်ခါ အမြဲတမ်းပြောင်းလဲနေရသည်။

ISIE အနေနှင့် ၎င်း၏ တာဝန်များကို ထမ်းဆောင်ရာတွင် လက်ထောက်အဖြစ် လုပ်ကိုင်ရန်အတွက် ဒေသဆိုင်ရာ အာဏာပိုင်များကို ရွေးကောက်ပွဲသို့ ဆန္ဒခံယူပွဲများ မတိုင်မီတွင် ဖန်တီးနိုင်သည်။ ISIE ကောင်စီသည် ဒေသဆိုင်ရာ အာဏာပိုင်ဌာနတို့၏ ဖွဲ့စည်းပုံကို ဆုံးဖြတ်ချက်ချရမည်။ ဒေသဆိုင်ရာ အာဏာပိုင်ဌာနတစ်ခုစီတွင် အဖွဲ့ဝင်လေးဦးထက် မများစေရ။ လျှောက်ထားသူများကို ISIE ကောင်စီမှ လူများစု၏သဘောထားဖြင့်သာစည်းမျဉ်းစည်းကမ်းမှပြဋ္ဌာန်းထားသည်တို့နှင့်အညီရွေးချယ်ခြင်းပြုရမည်။

ISIE ကောင်စီအနေနှင့် ၎င်း၏ ဒေသဆိုင်ရာ အာဏာပိုင်ဌာနများကို ၎င်း၏ လုပ်ပိုင်ခွင့် အာဏာများအနက်မှ အချို့တစ်ဝက်ကို လွှဲပြောင်းပေးနိုင်ပြီး ၎င်းတို့အနေနှင့်လည်း ထိုကောင်စီ၏ ကြီးကြပ်မှုအောက်နှင့် ကောင်စီ၏ဆုံးဖြတ်ချက်နှင့်အညီ လုပ်ဆောင်ရမည်ဖြစ်သည်။

ISIE အနေနှင့် ဦးစီးမှု၊ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းတွင် တာဝန်ယူထားသော ISIE ကောင်စီ၏ကြီးကြပ်မှုအောက်တွင် အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ခုရှိရန်လိုအပ်ပြီး အုပ်ချုပ်ညွှန်ကြားရေးမှူး တစ်ဦးက ခေါင်းဆောင်ရမည်။

## အာဏာနှင့် လုပ်ဆောင်ချက်များ

ISIE သည် ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲများ ကျင်းပရေးဦးစီးစီမံရေးနှင့် ကြီးကြပ်ရေးတို့နှင့် ဆိုင်သော လုပ်ဆောင်ပုံမှန်သမျှကို တာဝန်ယူရမည်ဖြစ်ပြီး။ အောက်ပါ လုပ်ဆောင်ချက်တို့ကိုလည်း တာဝန်ယူရမည်။

၁။ မဲဆန္ဒရှင်စာရင်းကို စဉ်ဆက်မပြတ် ထိန်းသိမ်းထားရမည်ဖြစ်ပြီး အမြဲဆိုသလို ထပ်မံဖြည့်စွက်ခြင်းများလည်း လုပ်ပေးနေရမည်။ ရွေးကောက်ပွဲ သို့မဟုတ် ဆန္ဒခံယူပွဲတစ်ခုချင်းစီအတွက် မဲဆန္ဒရှင်စာရင်းကို ပြင်ဆင်ပေးရမည်။ လိုအပ်ပါက ပြင်ဆင်ပေးရမည်၊ ထို့နောက် ရွေးကောက်ပွဲ ဥပဒေမှ သတ်မှတ်ထားသော နောက်ဆုံးရက်အမီ ISIE ၏ တရားဝင်ဝဘ်ဆိုက်ပေါ်တွင် တင်ပေးရမည်။

၂။ မဲဆန္ဒရှင်များ၏ မဲပေးပိုင်ခွင့် အခွင့်အရေး သေချာပေါက်ရရှိစေရန် အာမခံနိုင်ရမည်။ ပြီးနောက် ရွေးကောက်ပွဲ သို့မဟုတ် ဆန္ဒခံယူပွဲ လုပ်ငန်းစဉ်များတွင် မဲဆန္ဒရှင်များ၊ အမတ်လောင်း၊ သမ္မတလောင်းများနှင့် ပါဝင်ပတ်သက်သူများအားလုံးအတွက် တူညီသော ဆက်ဆံရေးမျိုးရရှိစေရန် လုပ်ပေးရမည်။

၃။ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေမှ ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများအတွက် ရွေးကောက်ပွဲပြက္ခဒိန်များကို သတ်မှတ်၊ ထုတ်ဝေပြီး လက်တွေ့အကောင်အထည် ဖော်ရမည်။

၄။ ရွေးကောက်ပွဲဥပဒေ၏ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးကောက်ပွဲအတွက် အမတ်လောင်း၊ သမ္မတလောင်း လျှောက်လွှာများကို လက်ခံရယူခြင်းနှင့် အတည်ပြုပေးခြင်း

၅။ အသင်းအဖွဲ့၊ ဦးစီးရေးနှင့် ထိန်းချုပ်ရေးတို့အတွက် လုပ်ဆောင်ပုံယန္တရားများကို တည်ထောင်ကာ ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲတို့၏ ပွင့်လင်းမြင်သာမှုနှင့် အရည်အသွေးပိုင်းကို သေချာစေရန် ဆောင်ရွက်ပေးရမည်။

၆။ မဲများကို ရေတွက်ပြီး ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲတို့၏ ပဏာမနှင့် နောက်ဆုံးသော ရလဒ်များကို ကြေငြာခြင်း

၇။ ရွေးကောက်ပွဲ လုပ်ဆောင်ရာတွင် လိုက်နာရန် စည်းမျဉ်းစည်းကမ်းများ၊ ဂုဏ်သိက္ခာ အရည်အသွေးပိုင်းဆိုင်ရာ၊ ပွင့်လင်းမြင်သာမှုဆိုင်ရာ၊ ဘက်မလိုက်မှု၊ ပြည်သူ့ဘဏ္ဍာများကို ကောင်းမွန်စွာစီမံခန့်ခွဲရေးနှင့် အကျိုးစီးပွား ဝိရောဓိမဖြစ်ရေးတို့အတွက် စည်းမျဉ်းစည်းကမ်းများကို အာမခံခြင်း

၈။ မဲရုံထဲရှိ အမတ်လောင်း၊ သမ္မတလောင်းတို့၏ ကိုယ်စားလှယ်များကို ထောက်ခံချက်ထုတ်ပေးခြင်း၊ ပြည်တွင်းပြည်ပမှ စောင့်ကြည့်လေ့လာသူများ၊ ဧည့်သည်တော်များနှင့် ဂျာနယ်လစ်များကို ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အဆင့်များကို လိုက်နာရန်အတွက် ထောက်ခံချက်များ ထုတ်ပေးခြင်း

၉။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ် အပိုင်းကဏ္ဍအပိုင်းအမျိုးမျိုးတွင်ပါဝင်သော ကြီးကြပ်ရေးမှူးများကို လေ့ကျင့်သင်ကြားပေးခြင်း

၁၀။ မဲဆန္ဒရှင် အသိပညာပေးရေးနှင့် အသိနိုးကြားရေး စီမံကိန်းများကို တည်ထောင်ပြီး ထိုမူဘောင်နှင့် အခြားသောရွေးကောက်ပွဲဆိုင်ရာနယ်ပယ်တွင် ပြည်တွင်းပြည်ပ လှုပ်ရှားမှုရှိသော အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏အခြားသောဖွဲ့စည်းထားသည့်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

၁၁။ ရွေးကောက်ပွဲ ဥပဒေမှ ပြဋ္ဌာန်းထားသည့်တိုင်း စည်းမျဉ်းစည်းကမ်းများကို အတိအကျ လိုက်နာခြင်းနှင့် ရွေးကောက်ပွဲ မဲဆွယ်ရေးတို့အပေါ် ထိန်းသိမ်းမှုရှိခြင်းနှင့် ပြည်သူ့ဝန်ထမ်းဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် တရားဥပဒေကို ရိုသေလေးစားမှုရှိစေခြင်း

၁၂။ ရွေးကောက်ပွဲ မဲဆွယ်ရေးတို့အတွက် ဘဏ္ဍာငွေထောက်ပံ့မှုကို ထိန်းချုပ်ခြင်းနှင့် လိုအပ်သော သက်ဆိုင်ရာ ဆုံးဖြတ်ချက်တို့ကို သက်ဝင်စေခြင်း၊ အမတ်လောင်း၊ သမ္မတလောင်းများ အပေါ်တွင်လည်း ပြည်သူ့ဘဏ္ဍာငွေ ထောက်ပံ့မှုပိုင်းဆိုင်ရာတို့တွင် သာတူညီမျှမှုရှိစေခြင်း

၁၃။ ရွေးကောက်ပွဲစနစ် တိုးတက်ရေးအတွက် ထင်မြင်သုံးသပ်ချက်များကို အဆိုပြုတင်သွင်းခြင်းနှင့် ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲတို့နှင့် သက်ဆိုင်သော မူကြမ်းများအပေါ်တွင် ထင်မြင်သုံးသပ်ချက်များပေးခြင်းနှင့်

၁၄။ ရွေးကောက်ပွဲ သို့မဟုတ် ဆန္ဒခံယူပွဲ လုပ်ငန်းစဉ်တစ်ခုချင်းစီ၏ ရလဒ်ကို အထူးအစီရင်ခံစာတင်ရန်အတွက် ပြင်ဆင်ခြင်းနှင့် ရီပက်ဘလစ်သမ္မတထံသို့၊ လွှတ်တော်ဥက္ကဋ္ဌထံသို့နှင့် အစိုးရအဖွဲ့၏ သမ္မတထံသို့တင်ပို့ခြင်း။ ထိုအစီရင်ခံစာကို အစိုးရ သတင်းစာနှင့် ISIE ဝဘ်ဆိုက်ပေါ်တွင် တင်ခြင်း။

ISIE ကောင်စီအနေနှင့်လည်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုရေး၏ လုပ်ဆောင်အကောင်အထည်ဖော်ပုံများအတွက်နှင့် ISIE အား တိုင်ပင်ပြောကြားလာသော ကိစ္စများအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို တည်ထောင်ခြင်း

## တာဝန်ခံနိုင်မှုရှိခြင်း

ISIE သည် ရွေးကောက်ပွဲ၏ တိုးတက်မှုအခြေအနေအပေါ် အသေးစိတ်ရေးသားထားသော အစီရင်ခံစာအား တင်သွင်းပြီး ၎င်းအစီရင်ခံစာသည်လည်း တူနီးရှား ရီပက်ဘလစ်သမ္မတနိုင်ငံ၏ အစိုးရသတင်းစာနှင့် ကော်မရှင်၏ဝဘ်ဆိုက်တွင် နောက်ဆုံးရလဒ်များကို ကြေငြာချက်နှင့်အတူ ထုတ်လွှင့်ဖြန့်ချိမည်ဖြစ်သည်။

ISIE ၏ သမ္မတ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးသည် သူ၏ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုမလိုက်နာဘဲ ကြီးမားသောအမှားအယွင်းများ ကျူးလွန်ခြင်း သို့မဟုတ် နိုင်ငံတကာ ပြစ်မှုချိုးဖောက်မှု သို့မဟုတ် ရာဇဝတ်မှုတို့ဖြင့် ယတိပြတ် စွဲချက်တင်စွတ်စွဲခံရခြင်း၊ သို့မဟုတ် ထိုအဖွဲ့ဝင်သည် ISIE ကောင်စီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ရန် လိုအပ်သောအချက်အလက်များနှင့် ကိုက်ညီမှုမရှိတော့ခြင်းတို့ ဖြစ်လာပါက ရာထူးမှ ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။ ရာထူးပြန်လည်ရုပ်သိမ်းရန်အတွက် အဆိုပြုလွှာကို ISIE ကောင်စီ၏ အဖွဲ့ဝင် အနည်းဆုံးတစ်ဝက်မှ တင်သွင်းရမည်ဖြစ်ပြီး လွှတ်တော်အမတ်များ၏ အများစုထောက်ခံအတည်ပြုချက်ရရန်အတွက် ဥပဒေပြုလွှတ်တော်၌ စုံညီစည်းဝေးချိန်တွင် တင်ပြရမည်။

အဖွဲ့ဝင်တစ်ဦး အနေနှင့် အကျိုးစီးပွား ဝိရောဓိဖြစ်လာပါက သူသည် ISIE ကောင်စီအား ထိုကိစ္စကို ကြေငြာပြီး ISIE မှ ထိုကိစ္စနှင့် ပတ်သက်သော ကြေငြာချက်မထုတ်မီအထိ သက်ဆိုင်ရာ အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်ချရေးတို့တွင် ပါဝင်ခြင်းမှရှောင်ကြဉ်ရမည်။ သက်ဆိုင်ရာအဖွဲ့ဝင်ဆီမှ အကျိုးစီးပွားဝိရောဓိ ဖြစ်နေကြောင်းကို ကြားပြီးပါက ISIE ကောင်စီသည် စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည်။အဖွဲ့ဝင်တစ်ဦးသည် သိသိလျက်နှင့် အကျိုးစီးပွား ဝိရောဓိအကြောင်းကို ထိန်ချန်ထားပါက သူသည် ရာထူးမှထုတ်ပယ်ခြင်းခံရမည်။

ISIE ၏ သမ္မတနှင့် ကောင်စီအဖွဲ့ဝင်တို့အား ၎င်းတို့ ISIE အတွင်း တာဝန်အရ ဆောင်ရွက်ရသောကိစ္စများ သို့မဟုတ် အလုပ်များနှင့်ပတ်သက်ပြီး တရားစွဲဆိုခြင်း သို့မဟုတ် ဖမ်းဆီးခြင်းတို့ကို သက်ဆိုင်ရာ အဖွဲ့ဝင်၊ သို့မဟုတ် ISIE ကောင်စီ၏ အဖွဲ့ဝင် သုံးပုံနှစ်ပုံ သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်တို့၏ တောင်းဆိုချက်အရ ၎င်း၏အဖွဲ့ဝင်များနှင့် ဥပဒေပြုရေးလွှတ်တော်တွင် စုံညီအစည်းအဝေးတက်ရောက်ပြီး အများစုသဘောတူညီချက်ဖြင့် ၎င်းတို့၏ ဥပဒေကင်းလွတ်ခြင်းကို မရုပ်သိမ်းမချင်း ပြုလုပ်ခွင့်မရှိပါ။ တရားစီရင်ရေးအာဏာပိုင်ထံမှ တင်ပြသော တရားဥပဒေမှကင်းလွင့်ခွင့်ကို ရုပ်သိမ်းရန်

လျှောက်ထားစာသည် သက်ဆိုင်ရာ အမှုတွဲဖိုင်နှင့် တွဲလျက်တင်ပြရမည်ဖြစ်ပြီး စစ်ဆေးခြင်းကို ခံယူရမည်ဖြစ်သည်။

ISIE ၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၎င်းတို့၏ လုပ်ဆောင်ပုံများနှင့် သက်ဆိုင်သော သို့မဟုတ် ကော်မရှင်အတွင် ၎င်းတို့၏ တာဝန်နှင့်သက်ဆိုင်သော လုပ်ဆောင်ပုံများနှင့်သက်ဆိုင်သော လုပ်ရပ်များ အတွက် ၎င်း၏အဖွဲ့ဝင် သုံးပုံနှစ်ပုံ၏ အာဏာခွင့်ပြုချက်မရှိဘဲ တရားစွဲဆိုခံရခြင်း သို့မဟုတ် အဖမ်းဆီးခံရခြင်း မရှိစေရပါ။

## ရွေးကောက်ပွဲအရာရှိများ၏ ပညာရှင်ဆန်မှု

ISIE ၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ၎င်း၏ကောင်စီသည် အောက်ပါလိုက်နာရန် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်သည်။

- အနည်းဆုံး ဆယ်နှစ်အတွေ့အကြုံ
- အဂတိကင်းစင်ရေး
- နှုတ်လုံမှု
- ISIE ကောင်စီ၏ အစည်းအဝေးများကို တက်ရောက်ရန်နှင့်
- ISIE ကောင်စီအဖွဲ့ဝင်အဖြစ် အချိန်ပြည့် တာဝန်ထမ်းဆောင်ရန်တို့ ဖြစ်သည်။

ထပ်ပေါင်းပြောဆိုရလျှင် ISIE ၏ ဥက္ကဋ္ဌနှင့် ၎င်း၏ကောင်စီအဖွဲ့ဝင်များသည် ၎င်းတို့ ISIE တွင် အဖွဲ့ဝင်ဖြစ်နေစဉ်ကာလနှင့် ၎င်းတို့တာဝန်ထမ်းဆောင်ပြီး နောက်ငါးနှစ်အတွင်း မည်သည့် ရွေးကောက်ပွဲတွင်မဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိချေ။ ၎င်းတို့သည်လည်း အစိုးရဝန်ထမ်းများနှင့် အချို့သော ပြည်သူ့ဝန်ထမ်းအရာရှိတို့၏ ဂုဏ်အဆင့်အတန်းဆိုင်ရာ ကြေငြာချက်ကိုအမှီပြုပြီး ရေးဆွဲထားသော ဥပဒေ၏ အဆင့်အလိုက် ပြုမူနေထိုင်ရမည်။

ISIE ဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များသည် ၎င်းတို့ ISIE အတွင်း တာဝန်ထမ်းဆောင်နေစဉ်အတွင်း မည်သည့်အကျိုးစီပွား ဝိရောဓိမျိုးကိုမဆို အစီရင်ခံရမည်။

## နိုင်ငံရေးပါတီများ၊ အခြားသော အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ဆက်ဆံရေး

၂၀၁၁တွင် ISIE သည် ၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့များပေးရန် ကမ်းလှမ်းသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တည်ထောင်ရန် ကြိုးစားခဲ့သည်။ ထို့အပြင် ၎င်းအနေနှင့် နိုင်ငံရေးပါတီများ၊ မီဒီယာနှင့် အရပ်ဖက်လူမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြန်အလှန်ဆွေးနွေးရေး၊ တိုင်ပင်ရေးတို့အတွက် နေရာဖန်တီးပေးခဲ့သည်။ ထိုလုပ်ရပ်များသည် လေ့ကျင့်သင်ကြားရေး အစီအစဉ်များသို့လိုက်နာရန် စည်းကမ်းများနှင့် တိုးတက်မှုများ ဖြစ်ပေါ်လာစေသည်။ ISIE သည် မဲဆန္ဒရှင်များ အသိပညာ နိုးကြားရေးလှုံ့ဆော်မှုများကိုလည်း လုပ်ဆောင်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ISIE သည် မကျေနပ်ချက် တိုင်တန်းမှုများနှင့် လုပ်ငန်းစဉ်အပေါ် အသနားခံစာတင်ခြင်းများနှင့် တရားဥပဒေကို ဖောက်ဖျက်မှုအပေါ် ဥပဒေအရာအရေးယူခြင်းတို့အပေါ် ပိုမိုနားလည်မှုရှိစေရန်အတွက် ရည်ရွယ်ထားသော အိမ်တိုင်ရာရောက်လုပ်ဆောင်ပေးသော အားထုတ်ကြိုးပမ်းမှုများကို နိုင်ငံရေးပါတီများနှင့် အမတ်လောင်းများအပေါ် လုပ်ဆောင်သင့်သည်။

## ဘဏ္ဍာငွေထောက်ပံ့ရေး

ISIE ၏ ရင်းမြစ်များတွင် တိုင်းပြည်ဘဏ္ဍာ၏ နှစ်စဉ်ဘဏ္ဍာ ထောက်ပံ့ငွေများ ပါရမည်ဖြစ်သည်။ ISIE ၏ ဘတ်ဂျက်ငွေ အသုံးစာရင်းတွင်

- ISIE ၏ လုပ်ငန်းလုပ်ဆောင်မှုပိုင်းဆိုင်ရာ အသုံးစရိတ်
- အဓိကအသုံးစရိတ်နှင့်
- ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲ အသုံးစရိတ်များ ပါဝင်သည်။

ISIE ဌာန ဘတ်ဂျက်များသည် ၎င်း၏ကောင်စီမှ အဆိုပြုချက်အပေါ်တွင် မီတည်စေရမည်။ ၎င်းအနေနှင့် တိုင်းပြည်ဘတ်ဂျက်ငွေဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ လွှတ်တော်သို့ လွှဲပြောင်းခြင်းမပြုလုပ်မီ အစိုးရထံသို့ ထင်မြင်ချက်တောင်းခံရန်အတွက် တင်သွင်းရမည်။

ISIE ကို ၎င်း၏ လုပ်ငန်းစဉ်များတွင် အထောက်အပံ့ပေးရန်အတွက် ပြည်သူ့ဦးစီးစီမံရေးဌာနများသည် တတ်နိုင်သမျှ အတိုင်းအတာတစ်ခုအထိ ISIE အား ပစ္စည်းနှင့် လူစွမ်းအားအရင်းအမြစ်များ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်သော စာရင်းနှင့်အချက်အလက်များ အပါအဝင် ဒေတာဘေ့စ်နှင့် သတင်းအချက်အလက်များ ထောက်ပံ့ကူညီရန်အတွက် တာဝန်ချမှတ်ထားခြင်းခံထားရသည်။ ဦးစီးစီမံရေး ကဏ္ဍတစ်ရပ်ရပ်တွင် ကျိုးကြောင်းမခိုင်လုံဘဲငြင်းပယ်ပါက ဦးစီးစီမံရေးတရားရုံးမှ ထိုအတွက် အမိန့်စာ တောင်းခံနိုင်သည်။ ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲများမတိုင်မီတွင် အစိုးရသမ္မတရုံးမှ ပြည်သူ့ဦးစီးစီမံရေးရုံးနှင့် ISIE အကြား ပူးပေါင်းဆောင်ရွက်နိုင်မှုဖြစ်ပေါ်စေရန် ကြိုးစားသင့်သည်။

ISIE ၏ငွေလက်ခံရယူမှုသည် ဥပဒေ၏ပြဋ္ဌာန်းချက်များအား မဖီဆန်သ၍ အများပိုင်ကုမ္ပဏီများ၏ ငွေလက်ခံမှုနှင့် သက်ဆိုင်သော လုပ်ငန်းလုပ်ဆောင်ပုံ အဆင့်ဆင့်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။ ISIE အသုံးစရိတ်များသည် ပြည်သူ့ဘဏ္ဍာအသုံးစရိတ်ထိန်းချုပ်မှုမတိုင်မီ ထိန်းချုပ်ခြင်းခံရခြင်းမှ ကင်းလွတ်စေရမည်။

ISIE အနေနှင့် ဦးစီးစီမံရေးဆိုင်ရာ၏ အတွင်းပိုင်းဆိုင်ရာ ထိန်းချုပ်မှုများကို အကောင်အထည်ဖော်ရေး၊ ဘေးရန်ကင်းရေး အရည်အသွေးကောင်းမွန်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုချက်များ၏ ပွင့်လင်းမြင်သာရှိမှုကို အာမခံနိုင်သော ဘဏ္ဍာရေးနှင့် စာရင်းအင်းဆိုင်ရာ လုပ်ဆောင်ပုံတို့နှင့် ၎င်းတို့၏ ကျင့်သုံးဥပဒေနှင့်ကိုက်ညီမှု ရှိ/မရှိကို စောင့်ကြည့်ကြီးကြပ်သင့်သည်။ စာရင်းစစ်နှင့် ဌာနတွင်းထိန်းချုပ်ရေးအဖွဲ့သည် ထို့ကြောင့် ဖွဲ့စည်းသင့်ခြင်းဖြစ်ပြီး အရည်အချင်းပြည့်မီသော စာရင်းကိုင်တစ်ဦး ဦးဆောင်မှုအောက်တွင်ရှိသင့်သည်။ ထိုအဖွဲ့စည်းသည် ၎င်း၏တာဝန်များကို နိုင်ငံတကာပညာရှင်အဆင့် စံချိန်စံညွှန်းမီသော ဌာနတွင်း စာရင်းစစ်နည်းနှင့်အညီနှင့် ISIE ကောင်စီမှ လက်ခံအတည်ပြုထားသော နှစ်စဉ်စီမံကိန်းအား လေ့လာစောင့်ကြည့်ခြင်းမှ တစ်ဆင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်၊ ဘေးအန္တရာယ် ထိန်းသိမ်းရေးနှင့် ISIE ၏ လုပ်ရပ်များအားလုံးကို ထိန်းချုပ်ရန် ဆောင်ရွက်နိုင်သည်။

စာရင်းစစ်အဖွဲ့နှင့် ဌာနတွင်းထိန်းချုပ်ရေးတို့သည် ISIE ကောင်စီထံသို့ တိုက်ရိုက်နှင့် မှန်မှန်အစီရင်ခံစာတင်သင့်သည်။ ISIE ၏ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုချက်များသည် လက်ရှိကျင့်သုံးနေသော ပြည်သူပိုင် အဖွဲ့အစည်းနှင့် ကုမ္ပဏီများနှင့် သက်ဆိုင်သော၊ သုံးနှစ်သက်တမ်းရှိပြီး သက်တမ်းတိုးနိုင်သော ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ISIE ကောင်စီမှ ခန့်အပ်ထားသော စာရင်းစစ်နှစ်ဦး၏ ထိန်းချုပ်မှုအောက်တွင် ရှိရမည်ဖြစ်သည်။ ISIE ၏ နှစ်စဉ် ဘဏ္ဍာငွေအဆိုပြုချက်များသည် ထိုစာရင်းစစ်နှစ်ဦး၏ အစီရင်ခံစာ

ပေါ်တွင် မူတည်ပြီး ISIE ကောက်စီမှ အတည်ပြုပေးသည်။ ထိုအစီရင်ခံစာသည်လည်း လွှတ်တော်၏ အတည်ပြုချက်ကို ယူရမည်ဖြစ်ပြီး နောင်နှစ် ဖွန်လ ၃၀ ရက်နေ့တွင် အစိုးရသတင်းစာနှင့် ISIE ဝဘ်ဆိုက်များတွင် ပါလာမည်ဖြစ်သည်။ လွှတ်တော်မှ ဘဏ္ဍာရေးအစီရင်ခံစာကို အတည်မပြုပါက စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုကို လွှတ်တော်မှခန့်အပ်သော အရည်အချင်းပြည့်မီသည့် စာရင်းကိုင်သုံးဦးနှင့် ဖွဲ့စည်းမည်ဖြစ်သည်။ ထိုအခါ ISIE ၏ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုချက်သည် စာရင်းစစ်ခုံရုံး၏ နောက်ကြောင်းပြန်စစ်ဆေးခြင်းကို ခံရမည်ဖြစ်သည်။ စာရင်းစစ်ခုံရုံးမှ ရွေးကောက်ပွဲတစ်ခုစီ သို့မဟုတ် ဆန္ဒခံယူပွဲ တစ်ခုစီ၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုကို အထူးအစီရင်ခံစာ တစ်စောင်ထုတ်ပြန်မည်ဖြစ်သည်။ ထိုအစီရင် ခံစာသည်လည်း အစိုးရထုတ် သတင်းစာတွင် ပါလာမည်ဖြစ်သည်။

ISIE ဌာန အသစ်သည် အောက်တိုဘာလ ၂၀၁၁ ခုနှစ်က လုပ်ခဲ့သော ရွေးကောက်ပွဲအပေါ် စာရင်းစစ်ခုံရုံးမှပေးသော ဝေဖန်မှုအား စဉ်းစားသုံးသပ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ငွေကြေးစီမံခန့်ခွဲရာတွင် အကောင်းဆုံးလုပ်ဆောင်နိုင်ရန်အတွက် အထူးအားထုတ်ရမည်ဖြစ်သည်။

## ISIE ဌာန၏ အနာဂတ်

ဦးစီးစီမံရေးခုံရုံး၏ ဆုံးဖြတ်ချက်အရ (နိုဝင်ဘာလ ၄ ရက်နှင့် ၇ ရက် ၂၀၁၃) သည် ISIE ဌာန၏ အမတ်လောင်း၊ သမ္မတလောင်းရွေးချယ်ရေးကော်မတီ၏ ရလဒ်များကို တရားမဝင်ဟုကြေငြာလိုက်ပြီး ISIE ဌာန၏ ဖြစ်တည်မှုကို နှောင့်နှေးစေခဲ့သည်။

နောင်အနာဂတ်ရှိ ရွေးကောက်ပွဲ ဦးစီးစီမံရေး၏ တာဝန်များမှာ ကောင်းလှပါသည်။ ၎င်းအနေနှင့် အုပ်ချုပ်ညွှန်ကြားရေးမှူးတစ်ဦး ဦးစီးသောအုပ်ချုပ်ရေးဌာန တစ်ခုကို တည်ဆောက်ရန်၊ ၂၀၁၁ ခုနှစ်ကို သင်ခန်းစာယူပြီး ကွာဟမှုများကို ရှောင်ရှားရန်နှင့် နိုင်ငံရေးသမားများနှင့် မဲဆန္ဒရှင်များ၏ ယုံကြည်မှုကို ခက်ခက်ခဲခဲနှင့် ပြန်ယူရမည်ဖြစ်သည်။

## မှတ်သားရန်များ

၁ အစိုးရလုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ကပြဌာန်းခဲ့သည့် ဥပဒေအမှတ် ၂၀၁၁-၁၄ အရ ရွေးကောက်ပွဲစနစ်၊ ငွေကြေးထောက်ပံ့မှုနှင့် နိုင်ငံရေးပါတီများအား ဖွဲ့စည်းမှု အစရှိသည့် ကိစ္စရပ်များအပါအဝင် အချို့သောကိစ္စရပ်များအတွက် ယာယီသမ္မတတွင် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အားထုတ်ပြန်ခွင့်ရှိသည်။

၂ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကပြဌာန်းခဲ့သည့် ဥပဒေအမှတ် ၂၀၁၁-၆ အရ တော်လှန်ရေး ရည်ရွယ်ချက်များအောင်မြင်ရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီ စနစ်သို့ ကူးပြောင်းရေးဆိုင်ရာဌာန (High Authority for the Achievement of the Revolution Objectives, Political Reform and Democratic Transition) အား ဖွဲ့စည်းခဲ့ပါသည်။

# အခန်း ၉

# ရွေးကောက်ပွဲဆိုင်ရာ နည်းပညာ

## လတ်တလော ဆယ်စုနှစ်များအတွင်းရှိ ရွေးကောက်ပွဲနည်းပညာ

လတ်တလောဆယ်စုနှစ်များတွင် ရွေးကောက်ပွဲကို ဦးစီးစီမံသူများသည် ရွေးကောက်ပွဲဆိုင်ရာ နည်းပညာအတွင်းတွင် နည်းပညာအမျိုးအစားအမျိုးမျိုးကို ထည့်သွင်းအသုံးပြုလာကြသည်။ ထိုကဲ့သို့သော နည်းပညာများသည် တိကျခြင်း၊ မြန်ဆန်ခြင်း၊ အချိန်ကုန်လူပန်းသက်သာခြင်းနှင့် ထိရောက်ခြင်းတို့ကို ဖြစ်ပေါ်စေသော်လည်း တစ်ဖက်မှာလည်း လုံခြုံရေး၊ ကျသင့်ငွေများ၊ ကြာရှည်လုပ်ကိုင်နိုင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ထိုနည်းပညာအား ရောင်းချသူအပေါ် မှီခိုရခြင်းကဲ့သို့သော အခက်အခဲမျိုးကို ဖြစ်ပေါ်စေသည်။

နည်းပညာဖြင့် အပြည့်အဝအသုံးပြုသော ရွေးကောက်ပွဲစီမံခန့်ခွဲရေးစနစ်များတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ရပ်လုံးဖြစ်သော မဲဆန္ဒရှင်များ၊ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ် ထောက်ခံချက်လက်မှတ်များအား အတည်ပြုပေးခြင်း၊ မဲစာရွက်များထုတ်ဝေပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ထောက်ပံ့ပို့ဆောင်ခြင်း လုပ်ငန်းများ၊ မဲဆန္ဒရှင်များအား သက်သေခံလက်မှတ်များ ထုတ်ပေးခြင်း၊ မဲရုံများတွင် မဲပေးခြင်း သို့မဟုတ် ဝေးလံခေါင်သီသော နေရာများတွင် မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ ရလဒ်များကို ထုတ်လွှင့်ခြင်းနှင့် ရလဒ်များကို ကနဦးနှင့် နောက်ဆုံးအပြီးသတ်ကြေငြာခြင်း စသည့် လုပ်ငန်းများကို အီလက်ထရွန်းနစ်စနစ်ဖြင့် ဒီဂျီတယ်ကိရိယာများဖြင့် လုပ်ဆောင်ခြင်းဖြစ်ပြီး လူသားများ၏ လုပ်ဆောင်ချက် ပါဝင်မှုမရှိသလောက် နည်းသည်။ လက်ရှိတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဆိုင်ရာကို အီလက်ထရွန်းနစ်စနစ်ဖြင့် အလိုအလျောက် လုပ်ဆောင်မှုစနစ်မျိုးကို နော်ဝေးနိုင်ငံကဲ့သို့သော နိုင်ငံအနည်းငယ်လောက်သာ လုပ်ဆောင်နိုင်သေးသည်။ EMB များသည် အများအားဖြင့် လက်ဖြင့်လုပ်သောလုပ်ငန်းစဉ်နှင့် အီလက်ထရွန်းနစ် နည်းပညာနှစ်မျိုးတို့ကို သင့်တော်သလို စုပေါင်းစပ်ပေါင်းပုံသဏ္ဌာန်အဖြစ်ပြောင်းလဲပြီး မိမိနိုင်ငံ၏အခြေအနေနှင့် လျော်ညီသော ထူးကဲသည့်ပုံစံအဖြစ် လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

## ရွေးကောက်ပွဲ နည်းပညာများ၏ အမျိုးအစားများနှင့် အဓိကအချက်အလက်များ

EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့ အစည်း) များအနေနှင့်ရွေးကောက်ပွဲ လုပ်ငန်းစဉ် အဆင့်ဆင့်အား စီမံခန့်ခွဲရာတွင် ရွေးကောက်ပွဲဆိုင်ရာ နည်းပညာများဖြင့် အသုံးပြုနိုင်ပါသည်။

- မဲဆန္ဒရှင်မှတ်ပုံတင်ရေးစနစ်များမဲပေးခွင့်ရှိသူများအားလုံးကိုအီလက်ထရွန်းနစ်စနစ်ပုံစံအတွင်းတွင် ပုဂ္ဂိုလ်ရေးရာ အသေးစိတ်အချက်အလက်များနှင့် မဲဆန္ဒရှင်မှတ်ပုံတင် စာရင်းကို တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း အချို့သောဖြစ်ရပ်များတွင် ဘိုင်အိုမက်ထရစ် စနစ်ကဲ့သို့သော ဓါတ်ပုံများဖြင့် လည်းကောင်း လက်ဗွေစနစ်ဖြင့် လည်းကောင်း ထိန်းသိမ်းခြင်း၊ အီလက်ထရွန်းနစ်စနစ်ဖြင့် ထိန်းသိမ်းသော မဲဆန္ဒရှင်ဆိုင်ရာ အချက်အလကများကို အမျိုးမျိုးပြန်လည် အသုံးပြု၍ရသည်။ (ဥပမာ- အချက်အလက်များကို အပြန်အလှန်စစ်ဆေးခြင်း၊ မိတ္တူပွားယူထားခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ မဲဆန္ဒရှင် သက်သေခံစာရွက်စာတမ်းများကို ထုတ်ပေးခြင်း၊ သတ်မှတ်ထားသော မဲဆန္ဒရှင်တို့၏ သတင်းအချက် အလက်ဆိုင်ရာများကို ပြုစုခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အရွှေ့အပြောင်းများ၊ မဲရုံများအတွက် မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်စာရင်းအား ထုတ်ပြန်ခြင်းနှင့် မဲဆန္ဒနယ်အတွက် ပြည်သူလူထု၏ လူမှုပထဝီဆိုင်ရာသတင်း အချက်အလက်များကို ထုတ်ပြန်ခြင်း)
- မဲဆန္ဒရှင် အသိအမှတ်ပြုစနစ် (အီလက်ထရွန်းနစ် မဲစာအုပ်) မဲရုံများတွင် မဲဆန္ဒရှင်တစ်ဦးချင်းစီ၏ မဲပေးပိုင်ခွင့်ရှိ/မရှိကိုၡင်းတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်ရေးအချက်အလက်များနှင့် မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များ၏ဒေတာဘေ့စ်များနှင့် အခြေခံသတင်းအချက်အလက်များဖြင့် တိုက်စစ်ပြီး စစ်ဆေးနိုင်သည်။
- ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ရေးစနစ် ရွေးကောက်ပွဲတစ်ခုအတွက် နိုင်ငံရေးဆိုင်ရာ ကိစ္စများ၏ မှတ်ပုံတင်ရေးကိစ္စများကို လမ်းကြောင်းလိုက် စစ်ဆေးရန်အတွက်၊ လိုအပ်သော ထောက်ခံချက်လက်မှတ်များကို စစ်ဆေးရန်နှင့် မဲစာရွက်နှင့် တာလီစာရွက်များ ဒီဇိုင်းရေးဆွဲရန်အတွက် အချက်အလက်များကို သင့်တော်သောပုံစံနှင့်ချပေးခြင်း မဲပေးသည့် စက်ကိရိယာများကို ပြင်ဆင်ခြင်း အစရှိသည်ဖြင့်
- ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား မှတ်ပုံတင်ရေးနှင့် အသိအမှတ်ပြုရေးစနစ် ပြည်တွင်းနှင့် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများအား အသိအမှတ်ပြုရေးလုပ်ငန်းစဉ်ကို လမ်းကြောင်းလိုက်စစ်ဆေးရန်အတွက်နှင့် ၎င်းတို့၏ အသိသက်သေခံ စာရွက်စာတမ်းများကို ထုတ်ပေးရန်အတွက်
- ခရိုင်နှင့် နယ်နိမိတ် ကန့်သတ်ရေးစနစ် ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်ဆိုင်ရာ စနစ်များကို အသုံးပြုပြီး နိုင်ငံရေးနယ်နိမိတ်များကို ကန့်သတ်ရေးနှင့် မဲရုံများနှင့် ဌာနများကို နေရာဖြန့်ချထားခြင်း
- အီလက်ထရွန်းနစ် မဲပေးရေးစနစ်နှင့် မဲရေခြင်းစနစ် စက္ကူမဲများကို စက်ဖြင့်ရေခြင်းမှ မဲရုံများတွင်သုံးသောသ မဲပေးသည့် စက်များနှင့် အင်တာနက်မဲပေးစနစ်တို့အထိ ပါဝင်လေသည်။ ထိုအရာတို့သည် မဲရေခြင်းစနစ်ကိုမြန်ဆန်စေပြီး လူအားဖြင့် ရေတွက်ရခြင်းကို လျှော့ချစေနိုင်ပါသည်။
- ရလဒ်များကို စီစဉ်ခြင်းနှင့် ထုတ်လွှင့်ခြင်းစနစ် အီလက်ထရွန်းနစ်နည်းဖြင့် ရရှိထားသော စုစုပေါင်းအရေအတွက်နှင့် ရလဒ်အချက်အလက်များကို တွက်ချက်ရန်နှင့်သက်ဆိုင်ရာ လုပ်ငန်းစဉ်တို့ကို မြန်ဆန်စေရန်နှင့် အလိုအလျောက်စက်စနစ်နှင့် လုပ်ဆောင်ခြင်းနှင့် အချက် အလက်များကို အပြန်အလှန် စစ်ဆေးခြင်းတို့ဖြင့် လူလုပ်သောကြောင့် မှားနိုင်သောအရာများကို ရှောင်ကြဉ်ပြီး ဖော်ထုတ်နိုင်ရန်အတွက် ဖြစ်သည်။
- ရလဒ်များကို ထုတ်ဝေခြင်းစနစ်များ မြေပုံ၊ ကားချပ်များ၊ အသေးစိတ်ရလဒ်များနှင့် သုံးသပ်ချက်များ အပါအဝင် ရွေးကောက်ပွဲရလဒ်များကို ပုံစံအမျိုးမျိုးဖြင့် တင်ပြပြီးပုံဖော်နိုင်ရန်

- မဲဆန္ဒရှင်အသိပညာပေးရေးစနစ်များ မဲဆန္ဒရှင်နှင့် အခြားသော ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များအကြောင်း အသေးစိတ်အချက်အလက်များ ပေးရန်အတွက်ဖြစ်သည်။ ထိုကဲ့သို့သော စနစ်မျိုးတွင် မဲဆန္ဒရှင်များကို မဲရုံများအလွယ်တကူ ရှာတွေ့နိုင်စေရန်အတွက် မဲရုံရှာသည့်စနစ်များ၊ လုပ်ဆောင်ပုံများအတွက် ဥပဒေ ဒေတာဘေ့စ်များ၊ ရွေးကောက်ပွဲအတွက် လုပ်နေသောပါတီနှင့် အမတ်လောင်းများ၏ သတင်းအချက်အလက်များ၊ အသေးစိတ်ရေးဖွဲ့ထားသော ရွေးကောက်ပွဲရလဒ်များနှင့် စာရင်းအင်း ဆိုင်ရာအချက်အလက်များကို ရရှိနိုင်သော ဒေတာဘေ့စ်များနှင့် အဓိကကျသော ပွဲစဉ်များနှင့် အဆုံးသတ်ရက်များအတွက် အမြဲပုံမှန်သတင်းအသစ်တက်လေ့ရှိသော ပြက္ခဒိန်များတို့ ပါဝင်သည်။
- E-ပညာသင်ကြားရေးစနစ် EMB ဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုရှိရန်အတွက် ဖြစ်သည်။

ထိုရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ဖြေရှင်းချက်များသည် ရိုးရိုးမိုဘိုင်းဖုန်းမှ ပုဂ္ဂလိကဂြိုဟ်တုလင့်ခ်များထိ စံသတ်မှတ်ထားသော ထုတ်လုပ်မှုနန်းနှင့် ပူးပေါင်း ဆောင်ရွက်ရေးစနစ်မှ အထူးပြု ဘိုင်အိုမက်ထရစ် ဒေတာဘေ့စ်အထိနှင့် ပုဂ္ဂလိက အင်ထရာနက်မှ အများပြည်သူဆိုင်ရာ ဝဘ်ဆိုက်နှင့် လူမှုမီဒီယာချန်နယ်များအထိ နည်းပညာနယ်ပယ် ကျယ်ကျယ်ဝန်းဝန်းကို အသုံးချသင့်သည်။

ကနဦးပိုင်းတွင်မူ ရွေးကောက်ပွဲ နည်းပညာများသည် EMB တစ်ခုချင်းစီအတွက် အထွေထွေ ICT စနစ် ရည်ရွယ်ချက်ကို အခြေခံကာ တစ်ခုလုံးကို သီးသန့်တည်ဆောက်လေ့ရှိသော အရာများဖြစ်သည်။ ထိုကဲ့သို့သော စနစ်မျိုးတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက်တစ်ခုချင်းစီသည်အကြမ်းမှ စရလေ့ရှိသည်။ လတ်တလောနှစ်များတင် ရွေးကောက်ပွဲ နည်းပညာရောင်းချသူများသည် ၎င်းတို့၏ ထုတ်ကုန်များ၏ ပမာဏအကျယ်အဝန်းကို တိုးချဲ့လိုက်ပြီးနောက် နေရာဒေသအခြေအနေကိုလိုက်ပြီး အနည်းငယ်မျှသာ ပြုပြင်ပြောင်းလဲမှုလုပ်ရန် လိုအပ်သော အသင့်သုံးနိုင်သည့် ဖြေရှင်းချက်များကို ပေးနေပြီဖြစ်သည်။

## ရွေးချယ်ထားမိသော ICT (သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ) အယူအဆနှင့် ရွေးကောက်ပွဲ နည်းပညာများအပေါ် သက်ရောက်မှု

### *ICT (သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ) တီထွင်ဖန်တီးမှု လည်ပတ်ရေးနှင့် ၎င်းတို့၏ ရွေးကောက်ပွဲ လည်ပတ်ပုံ ဆက်စပ်မှု*

ရွေးကောက်ပွဲစက်ဝန်း၏ ကြာချိန်နှင့် နှိုင်းယှဉ်ပါက ICT စနစ်များ၏ ဆင့်ကဲတိုးတက်မှုသည် အင်မတန်မှ မြန်ဆန်လှပေသည်။ ICT ကိရိယာတော်တော်များများ ဟာ့ဒ်ဝဲနှင့် ဆော့ဖ်ဝဲအပါအဝင် ၃-၅ နှစ်ခန့် ကောင်းကောင်း သုံးနိုင်လေသည်။ ထိုအချိန်ပြီးပါက ကိရိယာများသည် အစားထိုလျှင်ထိုးရ သို့မဟုတ် သိသိသာသာ ပြုပြင်ပြင်ဆင်ရ ပြီး ထပ်မံမွမ်းမံခြင်းများလည်း လုပ်ရသည်။ရွေးကောက်ပွဲဆိုင်ရာ ICT ကိရိယာများအတွက် ထိုအချက်သည် စိန်ခေါ်မှုကြီးကြီးမားမားကို ဖြစ်ပေါ်စေသည်။ ရွေးကောက်ပွဲ လည်ပတ်မှု တော်တော်များများသည် လေးနှစ်လောက်ကြာတတ်သောကြောင့် ရွေးကောက်ပွဲတစ်ခုအတွက် အောင်အောင်မြင်မြင် အသုံးချနိုင်ခဲ့သော ICT စနစ်သည် နောက်ရွေးကောက်ပွဲအတွက် အကြီးစား ပြင်ဆင်မှုများလုပ်ရခြင်း သို့မဟုတ် လုံးလုံးအစားထိုးရခြင်းများလုပ်ရန် လိုအပ်လာနိုင်သည်ဟု မျှော်လင့်ရနိုင်သည်။

ရွေးကောက်ပွဲများအကြားတွင် အချိန်များရှိပြီး ICT ကိရိယာများကို သုံးလို့ရလောက်သည်အထိ သုံးရန်အတွက် ချဉ်းကပ်နည်းများကို အသုံးပြုပါက ကိရိယာများကို ကြာရှည်လုပ်ကိုင်နိုင်မှုနှင့် ဝယ်ယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ သိမ်းဆည်းခြင်းတို့အတွက် အချက်အလက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်လာသည်။ အသုံးမပြုသော ကိရိယာများကို သိမ်းဆည်းရာတွင် ကုန်ကျသောမြင့်မားလှသည့် စရိတ်များကို ရှောင်ရှားရန်အတွက် EMB များသည် ရွေးချယ်ထားသော ကိရိယာများကို ငှားရမ်းနိုင်သည်။ အခြားနိုင်ငံများနှင့်မျှသုံးနိုင်သည် သို့မဟုတ် ပြန်သုံးရန်အတွက် စီမံချက်ချနိုင်သည်။ ရွေးကောက်ပွဲပြီးသွားသောအခါ ရွေးကောက်ပွဲမဟုတ်သော ကိစ္စများတွင် ပြန်သုံးရန်အတွက်ရောင်းချခြင်း လှူဒါန်းခြင်းများပြုလုပ်နိုင်သည်။

သရုပ်ဖော်ပုံ ၁၂ (စာမျက်နှာ ၃၆၄) တွင် ၁၉၉၂ မှ စသည့် လေးနှစ်တစ်ကြိမ် လည်ပတ်သော ရွေးကောက်ပွဲ လည်ပတ်မှုတစ်ခုဟု ယူဆပြီးနောက် လည်ပတ်ရေးစနစ်များ၊ အချက်အလက် ကူးပြောင်းရေး နည်းပညာများ မိုဘိုင်းကွန်ပျူတာ တွက်ချက်မှုနှင့် လက်ဖွေစနစ်များ၊ ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခုကြား တိုးတက်ပြောင်းလဲလာပုံများတို့ကို သရုပ်ဖော်ပုံနှင့် နှိုင်းယှဉ်ပြထားသည်။

## *"ရေချိုးဇလား သင်္ချာန်မျဉ်းကွေး" နှင့် ရွေးကောက်ပွဲ လည်ပတ်ပုံ*

ရှည်လျားလှသော ရွေးကောက်ပွဲ လည်ပတ်ပုံနှင့် နှိုင်းယှဉ်ပါက အသုံးဝင်ချိန် တိုတောင်းလှသော ICT တို့နှင့် ဆက်စပ်သော နောက်ထပ် စိန်ခေါ်မှုတစ်ရပ်မှာ အင်ဂျင်နီယာပညာရပ်တွင် နည်းပညာပိုင်းဆိုင်ရာစနစ်များ ကျရှုံးမှုနှင့်ဆိုင်သော ကိစ္စတို့ဖြစ်ပေါ်မှုကို ဖော်ပြရန်အတွက် ကျယ်ကျယ်ပြန့်ပြန့်သုံးသော ရေချိုးဇလား သင်္ချာန်ဇယားကို သုံးရာတွင် ထင်ရှားလာလေသည်။

ထိုမျဉ်းကွေးသည် စနစ်ကို စတင်အသုံးပြုသော အစောပိုင်းကာလများတွင် "စတင်အစမ်းကာလ"နှင့် စတင်လေသည်။ ထိုကာလသည် မရင့်ကျက်မှုများရှိနေသေးပြီး ကျရှုံးမှုနှုန်းမြင့်မားသော စနစ်အသွင်ပြသ ကြလေ့ရှိသည်။ ပြဿနာများကို တွေ့ပြီး၊ ဖြေရှင်းပြီးပါက အမှားအယွင်းနှုန်းလည်း နိမ့်လာပြီး စနစ်သည်လည်း ကျရှုံးနှုန်းအင်မတန်နိမ့်သော ၎င်းအနေနှင့် အသုံးဝင်သော ကာလသို့ ဝင်ရောက်လာပြီဖြစ်လေသည်။ နောက်ဆုံးတွင် စနစ်တစ်ခု၏ အသုံးဝင်သော သက်တမ်းကုန်သွားပြီး၊ ယိုယွင်းပျက်စီးမှုများက အမှားအယွင်းဖြစ်နှုန်းများကို ဖြစ်ပေါ်စေကာ နောက်ဆုံးတွင် စနစ်ကိုပြင်ဆင်တိုးမြှင့်ရန် သို့မဟုတ် အစားထိုးရန် ဖြစ်လာလေသည်။

ထိုဇယား၏ ဒုတိယကာလတွင် ရွေးကောက်ပွဲနှင့် မသက်ဆိုင်သော စနစ်များကိုသာ အဓိကသုံးနေခိုက်တွင် မမျှော်လင့်ဘဲ အပြောင်းအလွဲများဖြစ်တတ်သော ရွေးကောက်ပွဲ၏ သဘောတရားအရ ရွေးကောက်ပွဲဆိုင်ရာ နည်းပညာများသည် ၎င်းတို့ကိုပြုလုပ်ပြီး မကြာမီတွင်ပင် အသုံးချရလေ့ရှိပြီး ၎င်းတို့အနေနှင့် အမှားဖြစ်နိုင်သေးသော  စတင်အစမ်းကာလအတွင်းတွင်သာ ရှိနေနိုင်သေးသည်။ ထို့ကြောင့် ရွေးကောက်ပွဲဆိုင်ရာ နည်းပညာများ၏ အသုံးဝင်သောကာလများသည် ထိုစနစ်ကိုသုံးစရာသိပ်မလိုသော ရွေးကောက်ပွဲ တစ်ခုနှင့်တစ်ခုအကြား အချိန်အတွင်း ကျရောက်လေ့ရှိသည်။ ပြီးနောက်တွင် နှစ်အတော်ကြာပြီးနောက် နောက်ထပ်ရွေးကောက်ပွဲတစ်ခု ထပ်မံဖြစ်ပွားပါက ထိုစနစ်သည်လည်း အမှားအယွင်းဖြစ်နှုန်းများ မြင့်တက်နေသော ယိုယွင်းနေသည့်ကာလသို့ ရောက်လျှင်ရောက်၊ မရောက်ပါကလည်း ရောက်ရန် နီးကပ်နေနိုင်သည်။

ရေချိုးဇလားသင်္ချာန်မျဉ်းကွေးဇယားသည် အစမ်းကာလအနေနှင့် ရွေးကောက်ပွဲမတိုင်မီတွင် ပြုလုပ်နိုင်စေရန်နှင့် ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုအကြားရှိ အချိန်များကို နောက်ရွေးကောက်ပွဲအတွက် လိုအပ်သော အရာများကိုဖော်ထုတ်ပြီး မွန်းမံမှုများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ရွေးကောက်ပွဲ

နည်းပညာများကို မိတ်ဆက်ရာတွင် လိုအပ်သော ပြင်ဆင်ရန်လိုအပ်သည့် အချိန်ကြာမြင့်ကြောင်းကို ဖော်ပြလေသည်။

## သရုပ်ဖော်ပုံ ၁၂ : ICT ကိရိယာများ ရွေးကောက်ပွဲများတွင် ဆင့်ကဲပြောင်းလဲလာပုံ

| Election year | Operating System | Data Transfer | Mobile Computers | Biometrics Standard |
|---|---|---|---|---|
| 1992 |  |  |  | 1-1986 |
| 1996 |  |  |  | 1-1993 |
| 2000 |  |  |  | 1a-1997 |
| 2004 |  |  |  | 1-2000 |
| 2008 |  | |  | 1-2007 |
| 2012 |  |  |  | 1-2011 |

## သရုပ်ဖော်ပုံ ၁၃ : ရေချိုးဇလားပုံ မျဉ်းကွေး




### *ICT (သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ) စနစ်အတွက် ပိုင်ဆိုင်မှုကြေး စုစုပေါင်း ကျသင့်ငွေ*

ရွေးကောက်ပွဲနည်းပညာကို အထောက်အပံ့ပြုရာတွင် အဓိကအကျဆုံးသော အချက်တစ်ချက်မှာ ငွေကုန်ကြေးကျသက်သာခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အတွေ့အကြုံအရပြောရလျှင် ICT စနစ်ကို ဝယ်ယူရန်အတွက် လိုအပ်သော ကနဦးအရင်းအနှီးမတည်မြှုပ်နှံငွေသည် ၎င်း၏ခန့်မှန်းသက်တမ်းအတွက် ပိုင်ဆိုင်မှုကြေးစုစုပေါင်းကျသင့်ငွေ (TCO) ၏ ၂၅ ရာခိုင်နှုန်းလောက်အထိ လျော့နည်းနိုင်သည်။ TCO (ပိုင်ဆိုင်မှုကြေးစုစုပေါင်းကျသင့်ငွေ) သည် ကိရိယာများကို ဝယ်ယူခြင်း၊ လုပ်ကိုင်လည်ပတ်စေခြင်းနှင့် နောက်ဆုံးတွင် စွန့်ပစ်ခြင်းတို့ လုပ်ရာတွင်ပါဝင်သော တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကျသင့်သောငွေ၏ စုစုပေါင်းကုန်ကျစရိတ်ကို ဆိုလိုသည်။ ICT ကိရိယာများ၏ ကနဦးဝယ်ယူစဉ် ကျသင့်သော စရိတ်ကိုသာကြည့်ပြီး TCO (ပိုင်ဆိုင်မှုကြေးစုစုပေါင်းကျသင့်ငွေ) ကို လျှော့တွက်မိခြင်းမျိုးများ ဖြစ်လေ့ ဖြစ်ထရှိသည်။

ရွေးကောက်ပွဲဆိုင်ရာ ICT စနစ်များ၏ TCO(ပိုင်ဆိုင်မှုကြေး စုစုပေါင်း ကျသင့်ငွေ)ထဲတွင် :

- စနစ်အသစ်ကို မိတ်ဆက်ခြင်းအပေါ် လူသိရှင်ကြား အပြန်အလှန်ဆွေးနွေးမှုမျိုးပြုလုပ်ခြင်း
- စနစ်၏ ဟာ့ဒ်ဝဲနှင့် ဆော့ဖ်ဝဲလိုင်စင်များ ကို ဝယ်ယူခြင်းသို့မဟုတ် ပြုလုပ်ခြင်း
- စနစ်အား ထောက်ခံချက် လက်မှတ်များပြုလုပ်ပေးခြင်းနှင့် စာရင်းစစ်ခြင်း
- စနစ်အား ရုပ်ပိုင်းဆိုင်ရာရော နည်းပညာပိုင်းဆိုင်ရာပါ လုံခြုံမှုရှိစေရန်ပြုလုပ်ခြင်း
- စနစ်ကို လည်ပတ်စေနိုင်ရန်အတွက် လိုအပ်သော ဖွဲ့စည်းတည်ဆောက်ပုံကို ပြင်ဆင်ခြင်း
- ရွေးကောက်ပွဲအတွက် စနစ်ကို တာဝန်များချမှတ်ခြင်း၊ပြင်ဆင်ခြင်းနှင့် စမ်းသပ်ခြင်း
- စနစ်ကို အသုံးပြုရန်အတွက် ဝန်ထမ်းနှင့် အော်ပရေတာများကို လေ့ကျင့်သင်ကြားပေးခြင်း

- ရွေးကောက်ပွဲအတွင်း ကိရိယာများကို အသုံးပြုခြင်း
- ရွေးကောက်ပွဲအပြီးတွင် ကိရိယာများကို ပြန်လည်ရယူခြင်း
- ရွေးကောက်ပွဲ တစ်ခုနှင့်တစ်ခုကြား စနစ်ကို ထိန်းသိမ်းခြင်းနှင့် ကာကွယ်ခြင်း
- သဘာဝဘေးအန္တရာယ်များမှ ပြန်လည်ထူထောင်ခြင်း : အရံစီမံကိန်းများကို ပြင်ဆင်ထားခြင်း
- အစားထိုးခြင်းများ သို့မဟုတ် ထပ်မံမွမ်းမံခြင်းများ ဖြစ်နိုင်သမျှ ရွေးကောက်ပွဲတိုင်းတွင် ဖြစ်ပေါ်စေရန်နှင့်
- ခေတ်မမီတော့သော ကိရိယာများကို စွန့်ပစ်ခြင်းတို့ပါဝင်သည်။

ကျသင့်ငွေတော်တော်များများမှာ အရေအတွက်သတ်မှတ်ရန်အတွက်ခက်ခဲလွန်းလှပြီး ICT နည်းကိုသုံးသည့်အတွက် ကျသင့်သော တိကျသည့်ကုန်ကျငွေကို ခန့်မှန်းရန်၊ နည်းနစ်ခု အကြားရှိ ICT ကုန်ကျစရိတ်များကို နှိုင်းယှဉ်ရန် သို့မဟုတ် ရွေးကောက်ပွဲလုပ်ငန်းစဉ်ရှိ အလိုအလျောက်စက်နှင့် လုပ်သောကြောင့် ကာမိသောကုန်ကျစရိတ်များကို တွက်ချက်ရန်ပင်ခက်ခဲလေသည်။ TCO (ပိုင်ဆိုင်မှုကြေးစုစုပေါင်းကျသင့်ငွေ) တို့အား လက်တွေ့ကျကျ ခန့်မှန်းတွက်ချက်ရန်နှင့် လိုအပ်သော ရင်းမြစ်များကို လုံခြုံအောင် ထိန်းသိမ်းခြင်းတို့သည် ရွေးကောက်ပွဲနည်းပညာများအား ထိထိရောက်ရောက် ထိန်းချုပ်ရန်နှင့် စီမံခန့်ခွဲရန်အတွက် လိုအပ်လေသည်။ နည်းပညာအသစ်များမိတ်ဆက်ပြီး ချွေတာရန်အဆိုပြုချက်များ သို့မဟုတ် နည်းပညာနှစ်ခုကြားရှိကိစ္စများတွင် သေသေချာချာ လေ့လာစစ်ဆေးခြင်း ပြုမှုသင့်သည်။

## *ICT လုံခြုံရေးနှင့် ကုန်ကျစရိတ်များ*

ICT လုံခြုံရေးသည် ကာကွယ်ဆေးနှင့်တူပြီး ထိုအရာအလုပ်လုပ်နေသလော၊ သို့မဟုတ် မည်မျှစွမ်းသနည်းကို လွဲမှာချွတ်ချော်မှုဖြစ်ကာမှ သိရခြင်းဖြစ်သည်။ အီလက်ထရွန်းနစ် စနစ်တစ်ခုကို လုံခြုံအောင်ပြုလုပ်ရခြင်းသည် ထိုအရာကို ကာကွယ်ပေးနေသောသူနှင့် ထိုအရာကို ချိုးဖောက်ရန် ရင်နီးမြုပ်နှံနေသောသူတို့အကြား အားပြိုင်နေရခြင်းပင်ဖြစ်သည်။ ရွေးကောက်ပွဲတွင်ပါဝင်ပတ်သက်သူများသည် ရွေးကောက်ပွဲနည်းပညာအတွက် ဖြစ်နိုင်သမျှ လုံခြုံရေးကို အမြင့်ဆုံးတောင်းဆိုလေ့ ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ရွေးကောက်ပွဲနည်းပညာ ဆိုးဆိုးဝါးဝါး မှားယွင်းခြင်း သို့မဟုတ် မသမာမှု ပြုလုပ်ခံရပါက တိုင်းပြည်၏ ဒီမိုကရေစီနှင့် ရင်းလိုက်ရမည် စိုးသောကြောင့်ဖြစ်သည်။ သို့သော်လည်း အမြင့်ဆုံးတည်းဟူသော လုံခြုံရေးအဆင့်များမှာ ဈေးကြီးလေသည်။ EMB တစ်ခုချင်းစီမှ ပါဝင်ပတ်သက်သူများအားလုံးနှင့် တိုင်ပင်ပြီးနောက် ဆုံးဖြတ်ချက်ချရမည်။ ၎င်း၏ ICT စနစ်များ မည်မျှအန္တရာယ်နှင့် တွေ့ကြုံနေရသနည်း။ အမှားအယွင်းဖြစ်ရန် မည်မျှရာခိုင်နှုန်းနှင့် တွေ့ကြုံနေရသနည်း သို့မဟုတ် မည်သို့ တိုက်ခိုက်ခံရမှုများ ကြုံတွေ့နေရသနည်း။ ထိုကဲ့သို့ဖြစ်လာသောအရာများ၏ ရလဒ်မှာ မည်သည်တို့ဖြစ်သနည်းနှင့် လုံခြုံရေးတွင် ရင်းနှီးမြုပ်နှံမှုများ မည်မျှလိုအပ်၊ ဖြစ်နိုင်ပြီး၊ ကျိုးကြောင်းဆီလျော်သည်တို့ကို ဆွေးနွေးဆုံးဖြတ်ရမည်။

အင်တာနက်အခြေပြု စနစ်များအနေနှင့်လည်း ၎င်းတို့သည် အများပြည်သူဆိုင်ရာ ကွန်ယက်များနှင့် ချိတ်ဆက်ထားသောကြောင့် ထပ်တိုးမေးခွန်းများကို ဆက်လက်ဖြစ်ပေါ် စေခဲ့ပြီး ထိုသို့ဖြစ်ရခြင်းမှာ မသိနိုင်သော ခြိမ်းခြောက်မှုများရှိပြီး မသိနိုင်လောက်သော ဘေးအန္တရာယ်များကိုဖြစ် ပေါ် စေသည့်ပတ်ဝန်းကျင်နှင့် ထိတွေ့စေခြင်းကြောင့် ဖြစ်သည်။ ထိုပတ်ဝန်းကျင်သည် နိုင်ငံတော်အဆင့် လှုပ်ရှားသူများသာ ပါဝင်သည်မဟုတ်ဘဲ အွန်လိုင်းပတ်ဝန်းကျင်၏ အကျိုးဖြင့် နိုင်ငံခြားအစိုးရနှင့် ဟက်ကာများပါ ပါဝင်နေသည်။

## ရွေးကောက်ပွဲဆိုင်ရာ နည်းပညာရောင်းချသူများ

ပြီးခဲ့သောနှစ်များအတွင်း ရွေးကောက်ပွဲဆိုင်ရာ နည်းပညာရောင်းချသူများသည် ကမ္ဘာအနှံ့ရှိ EMB များထံသို့ ဝန်ဆောင်မှုများ ပို၍ပို၍ရောင်းချမှုများ လုပ်လာကြသည်။ ၎င်းတို့၏ ဖြေရှင်းနည်းများကို အခြေအနေပိုများများနှင့် ရွေးကောက်ပွဲများတွင် EMB တစ်ခုအနေနှင့် ထိထိရောက်ရောက် အသုံးချလာနိုင်သောကြောင့် ရောင်းချသူများအနေနှင့် နည်းပညာ၊ လုပ်ငန်းပိုင်းဆိုင်ရာနှင့် ရောင်းချမှုပိုင်းဆိုင်ရာ အတွေ့အကြုံများပိုမို တိုးတက်လာခဲ့လေသည်။ EMB များအနေနှင့် ရောင်းချသူများ၏ ကမ်းလှမ်းချက်များနှင့် မကြာခဏဆိုသလို ရွေးကောက်ပွဲဆိုင်ရာ နည်းပညာအသစ်များ ဝယ်ယူရန်နှင့် အကဲဖြတ်ရန်အတွက် ထိပ်တိုက်တွေ့ရလေ့ရှိသည်။ ရွေးကောက်ပွဲတစ်ခု ပြုလုပ်ရန်အတွက် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ကမ်းလှမ်းမှုပြုခြင်းသည် ကောင်းသော်လည်း ရွေးကောက်ပွဲတွင် ရောင်းချသူများ၏ ပါဝင်ပတ်သက်မှုများ တိုးမြင့်လာခြင်းနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများ အများအပြားရှိလာလေသည်။

### *လိုအပ်ချက်ကို ဦးစားပေးသော ချဉ်းကပ်နည်း*

ရောင်းချသူများအနေနှင့် ၎င်းတို့ပါဝင်ပတ်သက်နေသော ရွေးကောက်ပွဲကို ချောချောမွေ့မွေ့ပြီးစေရန်အတွက် စိတ်ပါဝင်စားမှုရှိသော်လည်း ၎င်းတို့၏ မူလရည်ရွယ်ချက်မှာ ၎င်းတို့၏စီးပွားရေးကို ချဲ့ထွင်ရန်သာဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို တိုးတက်အောင်လုပ်ရန်မဟုတ်ချေ။ ထို့ကြောင့်ပင် ရောင်းချသူများသည် ၎င်းတို့၏ အဆိုများကို ၎င်းတို့၏ထုတ်ကုန်ကို အများဆုံးအသုံးပြုစေရန်အတွက် ပုံဖော်မည်ဖြစ်ပြီး ၎င်းတို့၏ နည်းပညာများကို အသုံးပြုသောကြောင့် ဖြစ်လာမည့် ရွေးကောက်ပွဲရလဒ်များကို ကြည့်မည်မဟုတ်ချေ။ ရွေးကောက်ပွဲဆိုင်ရာ နည်းပညာများကို ရွေးချယ်ရာတွင် EMB ၏ ကဏ္ဍဆိုင်ရာ လိုအပ်ချက်သည် ပြောင်းပြန်ဖြစ်သင့်သည်။ ၎င်း၏ အဓိကရည်ရွယ်ချက်သည် ရရှိနိုင်သော ကွဲပြားခြားနားသည့် နည်းပညာ ရွေးချယ်မှုများကို သုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေ ရွေးကောက်ပွဲလုပ်ငန်းစဉ် တိုးတက်စေရေးသာလျှင် ဖြစ်ရမည်။

ထို့ကြောင့်ပင် EMB ၏ နည်းပညာတစ်ခုကို သုံးသပ်အကဲဖြတ်ရာတွင် မည်သည့်နည်းပညာကို အသုံးချရမည်နည်းဟူသော သုံးသပ်ချက်မျိုးလည်း မဖြစ်သင့်သကဲ့သို့ မည်သို့အကောင်အထည်ဖော်ရမည်နည်းလည်း မဖြစ်သင့်ပေ။ EMB တစ်ခုသည် ပထမဆုံးနှင့် အရင်ဆုံးအနေနှင့် မည်သည့်ရွေးကောက်ပွဲပြဿနာကို အရင်ဖြေရှင်းရမည်နည်းနှင့် မည်ကဲ့သို့သော ဖြေရှင်းနည်းသည် အကောင်းဆုံးဖြစ်သနည်းဟု အဓိပ္ပာယ်ဖွင့်ဆိုရမည်။

## အထောက်အပံ့ရယူခြင်း

ရွေးကောက်ပွဲများသည် တိုင်းပြည်တစ်ခုနှင့် တစ်ခုမတူညီဘဲ ကွဲပြားမှုများ ရှိတတ်ကြလေပြီး ရွေးကောက်ပွဲနည်းပညာသည် တိုင်းပြည်၏ မေးခွန်းများကို ဖြေရှင်းရန်အတွက် တစ်မူထူးခြားသော ဖြေရှင်းနည်းများကို ပေးနိုင်ရန်အတွက် လိုအပ်သည်။ ရွေးကောက်ပွဲတွင် အထောက်အပံ့ရယူခြင်းသည် သိက္ခာ၊ ပွင့်လင်းမြင်သာမှုနှင့် အပြိုင်အဆိုင်သဘောမျိုးဖြင့်ကို လုပ်ရန်လိုအပ်လေသည်။ သို့သော်လည်း ကိုင်တွယ်ရန် တန်ဖိုးကြီးလှသော စာချုပ်ချုပ်ဆိုမှုများ၊ ရှည်လျားလှသော အသနားခံစာတင်မှုများသည် နောင်အနာဂတ်စီမံကိန်း အချိန်ဇယားဘောင်အတွင်း ထည့်ထားရန် လိုအပ်သည်။ နည်းပညာပိုင်းဆိုင်ရာ ရယူခြင်းသည် ရှုပ်ထွေးလှသော လုပ်ငန်းစဉ်ဖြစ်ပြီး ကနဦးခန့်မှန်းထားသည်ထက်လည်း ကြာလေ့ရှိသည်။ ရွေးကောက်ပွဲနေ့ သတ်မှတ်အပြီး၊ ထိုအရာသည်လည်း ရွေးချယ်ပြီးသော ဖြေရှင်းနည်းကို အကောင်

အထည်ဖော်ကို ဖော်ရတော့မည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်နည်းပညာကိုသုံးမည်ဆိုသော အချက်အတွက် ရွေးကောက်ပွဲမတိုင်မီတွင် တင်ဒါခေါ်ယူခြင်းမျိုးကို ကောင်းစွာစတင်လုပ်ဆောင်ထားသင့်သည်။

အထောက်အပံ့ရယူခြင်းလုပ်ငန်းစဉ်တွင် ဝယ်ယူမည့် သင့်တော်သောစနစ်ကို သေသေချာချာ ရွေးချယ်စဉ်းစားခြင်း ပြုလုပ်ရန်လိုအပ်သည်။ ပြည့်ပြည့်ဝဝ လိုအပ်သည်တို့ကို အသေးစိတ်တွက်ထုတ်ခြင်းသည် ရောင်းချသူပါရန်မလိုအပ်ဘဲ တည်ထောင်ရေးဆွဲနိုင်သော်လည်း EMB အနေနှင့် လိုအပ်ချက်များအားလုံးကို ပြည့်ပြည့်ဝဝ အသေးစိတ် တွက်ထုတ်နိုင်မည်မဟုတ်သလို ဖြစ်နိုင်သမျှ နည်းပညာပိုင်းဆိုင်ရာ ဖြစ်နိုင်ချေတို့ကို နားစွင့်နေရမည်။ ထိုကဲ့သို့သော ကိစ္စမျိုးများတွင် အပြိုင်အဆိုင်သဘောမျိုးဆန်သော ဆွေးနွေးမှုများသည်လည်း အထောက်အပံ့ရယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်၏တစ်စိတ်တစ်ပိုင်းအဖြစ် သတ်မှတ် နိုင်လေသည်။ သင့်တော်သော ရောင်းချသူအချို့ကို ရွေးချယ်ပြီးနောက်တွင် EMB အနေနှင့် ၎င်းတို့အကုန်လုံးနှင့် ကြိုတင်ချမှတ်ပြီးသား ဆွေးနွေးမှုကို EMB ၏ လိုအပ်ချက်များအတွက် ကျိုးကြောင်းဆီလျော်သော အခြားသော ဖြေရှင်းချက်တစ်ခုကို ရွေးထုတ်နိုင်စေရန်အတွက် ဆွေးနွေးတိုင်ပင်မှုမျိုး လုပ်ရမည်။

## *ရောင်းသူတစ်ဦးတည်းကို ပုံသေမှီခိုရခြင်း*

နည်းပညာသည် ရောင်းချသူမှပိုင်သောအခါ အချက်အလက်ပုံစံများသည်လည်း ပွင့်လင်းမှုမရှိခြင်း သို့မဟုတ် EMB အနေနှင့် ၎င်း၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ အတွက် ရောင်းချသူတစ်ဦးအပေါ် သို့ အလွန်အမင်းမှီခိုရသည့် အခါမျိုးတွင် ရောင်းချသူတစ်ဦးတည်းတွင်ထံသာ ပုံသေဝယ်ယူနေရသည့် အခြေအနေမျိုးကို ဆိုက်ရောက်သွားနိုင်ခြေရှိသည်။ အခြားသော ဖြစ်ရပ်များတွင် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများသည် ကောင်းမွန်စွာအခြေကျနပြီး ယုံကြည်စရာကောင်းသော EMB အပေါ် ကို များစွာ လိုလားလေ့ရှိပြီး EMB ကို အခြားသော နည်းလမ်းမလုပ်စေချင်ပေ။ EMB တစ်ခုအနေနှင့် ၎င်းအသုံးချသောစနစ်များနှင့် ကျသင့်သော ငွေကြေးများကို ထိန်းချုပ်နိုင်ရန်အတွက် ရောင်းချသူတစ်ဦးတည်းနှင့် ထိုကဲ့သို့ အချည်အနှောင်သဘောမျိုးကို ရှောင်ကြဉ်သင့်သည်။

## *အဖွင့်စနစ်နှင့် ပိုင်ရှင်ရှိသောစနစ်တို့ကို နှိုင်းယှဉ်ချိန်ဆခြင်း*

ရွေးကောက်ပွဲ ICT အသုံးပြုခြင်းတွင် ပွင့်လင်းမြင်သာမှု ရှိခြင်းသည် ပါဝင်ပတ်သက်သူအားလုံးအတွက် အရေးပါသော်လည်း ၎င်းတို့အနေနှင့် အားလုံးအတွက် source code များရရှိနိုင်ပြီး ဆော့ဖ်ဝဲလိုင်စင်ရှိပြီး အခမဲ့အသုံးပြုနိုင်ကာ ဖြန့်ဝေခြင်းပြုနိုင်သော open source ဆော့ဖ်ဝဲများကို အသုံးပြုရန်မကြာခဏဆိုသလို တောင်းဆိုလေ့ရှိသည်။ Source code များကို ရရှိနိုင်ရေးသည် ICT စနစ် မည်သို့လည်ပတ်သည်ဆိုသည်ကို ပညာရှင်တို့ နားလည်နိုင်ရန်အတွက် လိုအပ်သော အချက်တစ်ချက်ဖြစ်သည်။ Open source ဆော့ဖ်ဝဲများအနေနှင့် ဈေးပေါသည်။ လုံခြုံသည်ဟု သတ်မှတ်ထားခြင်းခံရပြီး ၎င်းအနေနှင့် ရောင်းသူတစ်ဦးတည်းကိုသာ ပုံသေမှီခိုရခြင်းကို ကန့်သတ်ပေးလေသည်။ တစ်ချိန်တည်းတွင်ပင် ရောင်းချသူများအနေနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းပုံစံများကို Closed source code များနှင့် ပိုင်ရှင်ရှိသောစနစ်ပေါ် တွင်အခြေခံကာ ဆောက်လုပ်ရန်လိုလားလာကြပြီး လုပ်ရခြင်းမှာလည်း အဓိကအားဖြင့် ၎င်းတို့၏ ဉာဏပိုင်ဆိုင်မှုများကို ကာကွယ်ရန်နှင့် တခါတရံတွင် သေးငယ်သော ဌာနပိုင်းဆိုင်ရာ သုံးစွဲသူများကို လုံခြုံရေးဆိုင်ရာ ကိစ္စများရရှိနိုင်မှု ကန့်သတ်ရန်အတွက်လည်း ဖြစ်သည်။

Open source ရွေးကောက်ပွဲ စီမံခန့်ခွဲရေး ဆော့ဖ်ဝဲကို ထောက်ခံသူများက ပြောဆိုသည်မှာ ရွေးကောက်ပွဲနည်းပညာသည် ဒီမိုကရေစီအတွက် "အရေးကြီးသော တာဝန်" ဖြစ်ပြီး လုံး ပွင့်လင်းမြင်သာ

မှုရှိရန် လိုအပ်ကာ ပြည်သူပိုင်ဖြစ်ရန်လည်း လိုအပ်သည်ဟုဆိုသည်။ စွန့်ဦးလုပ်ရှားမှုများဖြစ်သော Open Source ဒီဂျစ်တယ် မဲပေးရေး ဖောင်ဒေးရှင်း (OSDV) သည် လုံးဝ Open source ဖြစ်သော ရွေးကောက်ပွဲ စနစ်များ တည်ထောင်ရေးအပေါ် တွင် အသုံးတည့်လေသည်။ သို့သော်လည်း ရွေးကောက်ပွဲ စီမံခန့်ခွဲမှုစနစ် အတွက် open source စွန့်ဦး လှုပ်ရှားမှုသည် လတ်တလောတွင် အရှိန်မရနိုင်သေးဘဲ ဈေးကွက်အတွင်း တွင် ရှိနှင့်ပြီးဖြစ်သော အတွေ့အကြုံရှိသည့် ရောင်းချသူများနှင့် ၎င်းတို့၏ ပိုင်ရှင်အုပ်စိုးထားသော စနစ် များ၏ ရင်ဆိုင်ခြင်းကိုတိုးမြင့်ပြီး ခံနေရလေသည်။

ရောင်းချသူများသည်လည်း ရွေးကောက်ပွဲ ပါဝင်ပတ်သက်သူများက မြင့်မားစွာတောင်းဆိုသော ပွင့်လင်းမြင်သာမှုကို ယခင်ကတင်ပိုမိုပြီး အသိအမှတ်ပြု လက်ခံလာပြီဖြစ်သည်။ နော်ဝေးအနေနှင့် ၎င်း၏ အင်တာနက်မဲပေး စနစ်အတွက် Open Source ဆော့ဖ်ဝဲများကို လိုအပ်ချက်တစ်ခုအနေနှင့် သတ်မှတ် လိုက်ပြီဖြစ်ပြီး သတ်မှတ်ထားသော ရောင်းချသူတို့၏ source code များသည်လည်း အွန်လိုင်းတွင် ဖြန့်ချိ ထုတ်ဝေပြီးဖြစ်သည်။

ရောင်းချသူများအနေနှင့် ၎င်းတို့၏ ဆော့ဖ်ဝဲများကို အခမဲ့ပေးသုံးရန်နှင့် open source စနစ်သို့ ပြောင်းရန် အမြဲတမ်း အဆင်သင့်မဖြစ်နိုင်သော်လည်း ၎င်းတို့အနေနှင့် ပြည်သူတို့ စစ်ဆေးကြည့်ရှုရန် အတွက် ၎င်းတို့၏ Source Code များကို ရှင်းပြရန် လိုလိုလားလားရှိလေ့ရှိသည်။ ထိုကဲ့သို့သော ဖွင့်ဟ ရှင်းပြမှုများသည် အချိန်မူဘောင်တစ်ခုအတွင်း သို့မဟုတ် ထိန်းချုပ်ထားသော ပတ်ဝန်းကျင် သို့မဟုတ် ရွေးချယ်ထားသော ပညာရှင်တို့၏ ကန့်သတ်ခြင်းကို ခံရနိုင်သကဲ့သို့ ၎င်းအနေနှင့် ပြီးပြည်စုံပြီး လူသိရှင် ကြားထုတ်ဖော်ပြသနိုင်သော အရာမျိုးလည်း ဖြစ်နိုင်သည်။ တိုးမြင့်လာသော ပွင့်လင်းမြင်သာမှုနှင့် ပိုင်ရှင် ထိန်းချုပ်ထားသော code များကို သိရှိခွင့်ရနိုင်ရေးသည် အများအားဖြင့် နောက်ဆက်တွဲ ကျသင့်ငွေများဖြင့် လာလေ့ရှိကာ မေးထားသော application အပေါ် တွင်လည်း မူတည်ပြီး လက်ခံနိုင်ဖွယ်ရာရှိသော အပြန် အလှန်အပေးအယူတစ်ခုခု လုပ်ရန်လည်း လိုအပ်နိုင်သည်။

### *စီးပွားဖြစ် အသစ်ကျပ်ချွတ်စနစ်နှင့် ပြုပြင်မွမ်းမံထားသော စနစ်တို့ကို ရေးဆွဲခြင်း*

ရွေးကောက်ပွဲ ဦးစီးစီမံသူများအနေနှင့် အခြေခံအကျဆုံးသော ဆုံးဖြတ်ချက်တစ်ခုမှ အသင့် လုပ်ပြီးသော ICT စနစ်ကို ယူမည်လော သို့မဟုတ် အထူးသီးသန့်ပြုလုပ်ထားသောစနစ်ကို ရေးဆွဲရေး နောက် လိုက်မည်လောဟူ၍ ဖြစ်သည်။ အသင့်ပြုလုပ်ပြီးဖြစ်သော စနစ်သည် အများအားဖြင့် အတိုင်း အတာတစ်ခုထိသာ သုံးစွဲ၍ရနိုင်ပြီး စနစ်နှင့်ကိုက်ရန်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ် လည်ပတ်နေစဉ် အတွင်း အပြောင်းအလဲများလုပ်ရန် လိုအပ်နိုင်လေသည်။ ထိုကဲ့သို့သော အပြောင်းအလဲများသည် အချို့သောဖြစ်ရပ်များတွင် အကျိုးရှိပြီး ရွေးကောက်ပွဲနည်းပညာများကို အသုံးချရန်အတွက် အကောင်းဆုံး သော ကျင့်ထုံးကို ထင်ဟပ်စေနိုင်သည်။ အချို့သောဖြစ်ရပ်များတွင်မူ ၎င်းတို့သည် ရွေးချယ်ထားသော စနစ်တစ်ခုလုံး၏ လက်ရှိအခြေအနေတွင် အလုပ်ဖြစ်ရန် တစ်ခုတည်းအတွက် လိုအပ်ခြင်းဖြစ်သည်။ ဆန့်ကျင်ဘက် အနေနှင့် လက်ရှိ ရှိနေသော ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွက် အထူးဖန်တီးထားသော စနစ်သည်ပိုမိုကွက်တိကျသင့်တော်နိုင်ရန် နီးစပ်လေသည်။ သို့သော်လည်းအထူးသီးသန့်ဖန်တီးထားသော ရေးဆွဲဖန်တီးမှုများသည် အချိန်ကြာပြီး ငွေကုန်ကြေးကျများလှသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကာ ရေးဆွဲ တည်ထောင်ရေး လုပ်ငန်းစဉ်ကို စီမံခန့်ခွဲရာတွင် စိန်ခေါ်မှုအပိုများကို ဖြစ်ပေါ် စေလေသည်။

## မဲဆန္ဒရှင်တို့ကို အသိပညာပေးခြင်းနှင့် ပြည်သူတို့ကို သတင်းအချက်အလက်များ မျှဝေခြင်း

မဲဆန္ဒရှင်များနှင့် အခြားသော ရွေးကောက်ပွဲတွင်ပါဝင်ပတ်သော သူများသည် ရွေးကောက်ပွဲ နည်းပညာ အများအပြားကို များစွာမတူညီကွဲပြားလှသောနည်းတို့ဖြင့် ထိတွေ့ကြုံဆုံခဲ့ရလေသည်။ ထို အချက်အရ မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် ပြည်သူတို့အား သတင်းအချက်အလက်များ မျှဝေခြင်းဆိုင်ရာ လှုပ်ရှားမှုများ လိုအပ်ခြင်းသည် ကွာခြားချက်အင်မတန်ကြီးမားလေသည်။ ခြုံငုံသုံးသပ် ရလျှင် လက်ခံနိုင်စွမ်းကို မြှင့်တက်ပြီး အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် နည်း ပညာအသစ်များကို မိတ်ဆက်ရာတွင် အသုံးပြုသူအမျိုးမျိုးတို့ကို ထည့်သွင်းပါဝင်နိုင်ရန် အရေးကြီးသည်။

အချို့သော နည်းပညာအသစ်များဖြစ်သော မဲရုံရှာဖွေရေးစနစ်များနှင့် အခြားသော မဲဆန္ဒရှင် အသိပညာပေးရေး စနစ်များသည် အများစုမှ အဆင်ပြေချောမွေ့စေသော ထပ်တိုးဝန်ဆောင်မှုများဖြစ်ပြီး မဲဆန္ဒရှင်များလည်း ပိုမိုနှစ်ခြိုက်လေသည်။ ထိုကဲ့သို့သော စနစ်မျိုးအတွက် ပြည်သူလူထုဆီ ရောက်နိုင် သော စနစ်သည်လည်း တတ်နိုင်သမျှ အသိပညာရရေးနှင့် ထိုစနစ်မျိုးကို အသုံးပြုရေးတို့အတွက်ကို အကျယ်ပြန့်ဆုံး အသုံးပြုနိုင်ရန်သာ အာရုံစူးစိုက်မှု ပြုလေသည်။

အခြားသော ဖြစ်ရပ်များတွင် မဲဆန္ဒရှင်များသည် လုပ်ဆောင်ပုံများကို စည်းကမ်းတကျ လိုက်နာ ရန်လိုအပ်ခြင်း သို့မဟုတ် ၎င်းတို့ကိုယ်တိုင် နည်းပညာကိုအသုံးပြုခြင်းနှင့် ဘာလုပ်ရမည်ကို သိရန်လိုအပ် သည်။ ၎င်း၏ ပုံမှန်လုပ်ရိုးလုပ်စဉ် ဆက်သွယ်ရေး ချန်နယ်များမှတစ်ဆင့် သတင်းအချက်အလက် ဖြန့်ဝေ ခြင်းအပြင် EMB သည် မဲဆန္ဒရှင်များအနေနှင့် နည်းပညာများကို ကိုယ်တိုင်စမ်းသုံးကြည့်နိုင်သော အများ ပြည်သူဆိုင်ရာ နေရာများတွင် သရုပ်ပြခြင်းများ ပြုလုပ်နိုင်သည်။ ဥပမာအားဖြင့် အီလက်ထရွန်းနစ်မဲ စမ်းပေးပြခြင်း သို့မဟုတ် ၎င်းတို့၏ မှတ်ပုံတင်ထားသောအချက်များကို အီလက်ထရွန်းနစ် မဲစာအုပ်ပေါ် တွင် ရွေးကောက်ပွဲမတိုင်မီ စစ်ဆေးပေးခြင်းတို့ဖြစ်သည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း အဓိကကျသောနေရာမှ ပါဝင်သော နည်းပညာသည်နိုင်ငံရေး ပါတီများ၊ မီဒီယာ သို့မဟုတ် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ အကျိုးစီးပွားတစ်ခုပင်ဖြစ်သည်။ EMB အနေနှင့် သင်တင့်လျောက်ပတ်သော အသေးစိတ်ရေးသားထားသည့် စာရွက်စာတမ်းများကို ပေး ရန်လိုအပ်ပြီး ဖြေကြားရန်အတွက် အရည်အချင်းရှိသော EMB ဝန်ထမ်းများကိုထားရှိရန် လိုအပ်သည်။

နည်းပညာများကို လက်မခံသော နေရာများတွင်၊ ဥပမာအားဖြင့် ကုန်ကျစရိတ်များပြားလွန်း ခြင်း သို့မဟုတ် ပါဝင်ပတ်သက်သူများမှ လက်ခံမှုမရှိသော အခြေအနေများတွင် သတင်းအချက်အလက် ပေးရေး လှုံ့ဆော်မှုများသည် နောက်တစ်ဆင့် တက်ရတော့မည်ဖြစ်သည်။ ထိုအခါတွင် EMB ကလည်း ပါဝင် ပတ်သက်သူများအား အဘယ်ကြောင့် ထိုနည်းပညာကို ရွေးချယ်ရသည်၊ မည်သည့်အပေးအယူနှင့် ရွေးချယ်မှုများကို သတ်မှတ်စဉ်းစားခဲ့ရပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ဖြစ်လာနိုင်ချေရှိသော တိုး တက်မှုများသည် ဖြစ်လာနိုင်သော ဆိုးကျိုးများကို လျော့ချပေးနိုင်ပုံတို့ကို အသိပညာပေး သို့မဟုတ် သတိပေးခြင်းများ ပြုလုပ်ရမည်။ ထိုကဲ့သို့သော အသိပညာပေးရေး လှုပ်ရှားမှုများသည် ရွေးကောက်ပွဲ ရှိချိန်နားနီးမှ လုပ်မည်သာမဟုတ်ဘဲ နည်းပညာတစ်ခုကိုစဉ်းစားပြီး ရွေးချယ်ပြီးသော ကနဦးအဆင့်များ ကတည်းကလုပ်ရမည်ဖြစ်ပြီးသက်ဆိုင်သောပါဝင်ပတ်သက်သူများကိုလည်း၎င်းတို့၏ထင်မြင်ချက်များကို ပြောဆိုရန်အတွက် အခွင့်အရေးပေးရမည်။

## လေ့ကျင့်ခြင်းနှင့် ကျွမ်းကျင်မှု

EMB အများစုတွင် လုပ်ငန်းလုပ်ဆောင်နေသော အနည်းဆုံး အဖွဲ့အစည်းမှ အသုံးပြုသော စံချိန်စံညွှန်း သတ်မှတ်ထားသော ICT နည်းစနစ်ကိုသုံးသော ICT ဌာနများရှိသည်။ ကြီးမားသော ICT ဌာနများသည် ရွေးကောက်ပွဲ နည်းပညာတစ်ခုကို တိုးတက်ရေး၊ မိတ်ဆက်ရေးနှင့် ထိန်းသိမ်းရေးတို့အတွက် ဦးဆောင်သော အခန်းကဏ္ဍမှ ပါဝင်သည်။ သို့သော်လည်း ပိုမိုရှုပ်ထွေးလာသော ရွေးကောက်ပွဲဆိုင်ရာ ဖြေရှင်းချက်များ ရှိလာသည်နှင့်အမျှ ပုဂ္ဂလိကကုမ္ပဏီများအနေနှင့်လည်း တိုးတက်ရေး၊ လုပ်ဆောင်မှုနှင့် သက်ဆိုင်ရာကျွမ်းကျင်မှုများအတွက် ဆိုင်ရာအခန်းကဏ္ဍများကို ပိုမိုပေးဆပ်လာလေသည်။ ထို့ကြောင့် EMB နှင့် ရောင်းချသူအကြား တာဝန်ရှိသောနယ်ပယ်များကို ရှင်းလင်းပြောပြရန် အရေးကြီးပြီး EMB ဝန်ထမ်းများထံသို့ လွှဲပြောင်းရောက်ရှိသွားသော ဗဟုသုတနှင့် ကျွမ်းကျင်မှုများသည် နေရာကျစေရန်လည်း လိုအပ်သည်။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည် ရောင်းချသူဘက်မှပေးသော အရာများအနက်မှ တစ်စိတ်တစ်ပိုင်း ဖြစ်သင့်သည်။

ရွေးကောက်ပွဲ နည်းပညာများ မဲရုံအဆင့်အထိဆင်းပြီး မိတ်ဆက်နေချိန်တွင် EMB ၏ ICT စွမ်းအင်လိုအပ်မှုသည် ICT ဌာနထက်ပိုပြီး ကျော်လွန်လေသည်။ ရှိရှိသမျှသော အဆင့်တိုင်းရှိ ယာယီနှင့် ပုံသေခန့်အပ်ဝန်ထမ်းများအားလုံးတို့သည် ၎င်းတို့၏ လုပ်သမျှအလုပ်တို့၏ ဘက်ပေါင်းစုံတို့တွက် နည်းပညာများကိုအသုံးပြုမှု တိုးတက်လာကြလေသည်။ ရွေးကောက်ပွဲနည်းပညာများကို အသုံးပြုရေးအတွက် ထိရောက်သော လေ့ကျင့်သင်ကြားမှုများသည် အနည်းဆုံးကွန်ပြူတာ သုံးတတ်ရန်လိုအပ်လေသည်။ ICT ကို အစမှနေ၍ လေ့ကျင့်သင်ကြားရခြင်းသည် ငွေကုန်ကြေးကျများပြီး အချိန်လည်းကုန်သည်။ ပြီးနောက် ရွေးကောက်ပွဲနည်းပညာအတွက် ဝန်ထမ်းခန့်အပ်ရာတွင် ကွန်ပြူတာသုံးတတ်သော ရွေးကောက်ပွဲ ဆိုင်ရာ ဝန်ထမ်းများရှိသော ရင်းမြစ်တစ်ခုရှိခြင်းသည် အဓိကအောင်မြင်ရေးနှင့် ကုန်ကျစရိတ်ပိုင်းဆိုင်ရာတို့အတွက် လိုအပ်သောအချက်ဖြစ်သည်။

ICT သည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်၏ အရေးကြီးသော အဆင့်များကို အသုံးပြုသော အခါ EMB ၏ IT ကျွမ်းကျင်မှုသည် ၎င်း၏နည်းပညာဌာနတစ်ခုတည်းတွင်သာ ဖြစ်မနေစေရန်အတွက် မျှော်လင့်ကြသော အရေအတွက်မှာ တိုးမြင့်လာသည်။ ရွေးကောက်ပွဲကော်မရှင်အရာရှိများ၊ ပြောရေးဆိုခွင့်ရှိသူများနှင့် အခြားသော ရာထူးမြင့် EMB ဝန်ထမ်းများသည်လည်း အခြားသောလုပ်ငန်းပိုင်းဆိုင်ရာ သို့မဟုတ် ဥပဒေရေးရာ ရှုထောင့်များကို ရှင်းပြသကဲ့သို့ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်များကို ယုံကြည်ချက်ရှိရှိနှင့် ရှင်းပြနိုင်ရန်၊ နားလည်သဘောပေါက်ထားရန်အတွင် မျှော်လင့်ထားမှုများလည်း တိုးမြင့်လျက်ရှိသည်။ အီလက်ထရွန်းနစ် မဲပေးခြင်းစနစ် မိတ်ဆက်ရာတွင် ဖိလစ်ပိုင်ကဲ့သို့သော နိုင်ငံသည် ကော်မရှင်အဆင့်တွင် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်ကို သတိထားမိသောကြောင့် ကော်မရှင်အရာရှိများကို ရွေးချယ်ရာတွင် ICT ကျွမ်းကျင်မှုများကို ပိုမိုအာရုံစူးစိုက်မှု ပြုလေသည်။

## စီမံညွှန်ကြားခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုဆိုင်ရာ ရည်ရွယ်ချက်များ

### *EMB ကြီးကြပ်မှုကို ထိန်းသိမ်းခြင်း*

EMB များအနေနှင့် လိုအပ်သော ရွေးကောက်ပွဲ နည်းပညာများအားလုံးကို ကိုယ်တိုင်ပြုလုပ်ရေးဆွဲနိုင်သည်ဆိုသည်မှာ ရှားလှသောကြောင့် အများစုမှာ ရောင်းချသူများကို အတိုင်းအတာတစ်ခုထိ အားကိုးရလေသည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အများအပြားသည် ပြင်ပမှတင်သွင်းခြင်းဖြစ်ပြီး

EMB နှင့် ရောင်းချသူတို့၏ ရာထူးကဏ္ဍနှင့် တာဝန်များအား ရှင်းရှင်းလင်းလင်းပြောပြထားရန် လိုအပ်ပြီး EMB အနေနှင့် လုပ်ငန်းစဉ်ကို ကြီးကြပ်မှုရရှိနိုင်စေရန် သေချာအောင်လုပ်ထားရမည်။ ကျိုးကြောင်းဆီလျော်သော ရွေးချယ်နိုင်သည့် နည်းလမ်းတစ်ခုမှာရောင်းချသူ၏ ရာထူးကဏ္ဍကို ရွေးကောက်ပွဲ ICT စနစ်တည်ထောင်ရေးဆွဲရေးနှင့် ထိန်းသိမ်းရေးလုပ်စေပြီး EMB ၏ အခန်းကဏ္ဍကို ရွေးကောက်ပွဲ လုပ်နေစဉ်အတွင်း ပြင်ဆင်သတ်မှတ်စေပြီး လည်ပတ်စေခြင်းပင်ဖြစ်သည်။

## *တာဝန်ခံနိုင်ခြင်းနှင့် ယုံကြည်စိတ်ချရမှု*

ကွန်ပြူတာ စနစ်အတွင်း အရောင်းအဝယ်စာရင်း လက်ဆုပ်လက်ကိုင် မပြနိုင်ခြင်းနှင့် လူအများ အပြားအား ကွန်ပြူတာ ပရိုဂရမ်းအကြောင်း မရှင်းပြနိုင်ခြင်းသည် ပွင့်လင်းမြင်သာမှု မရှိခြင်းကို ဖြစ်ပေါ်စေသည်။ ပွင့်လင်းမြင်သာမှုမရှိခြင်းကို အချက်အလက်များအား အဖျက်အမှောင့်ရှိနိုင်သော အန္တရာယ်နှင့် ကွန်ပျူတာ ဗိုင်းရပ်စ်များ၊ ဟက်ကာများနှင့် စစ်စတမ်းဖောက်ပြန်ခြင်းတို့ကို ကျယ်ကျယ် ပြန့်ပြန့်ထုတ်ဝေသော မီဒီယာတို့မှ အစီရင်ခံတင်ပြခြင်းနှင့် အွန်လိုင်းမှစောင့်ကြည့်ခြင်းနှင့် ပတ်သက်ပြီး အသိပညာပေးမှု မြင့်တက်လာခြင်းတို့သည် EMB ၏ ယုံကြည်ရနိုင်မှုကို ထိခိုက်စေနိုင်သည်။ မဲဆန္ဒရှင် မှတ်ပုံတင်စာရင်း သွင်းခြင်း မဲပေးခြင်းနှင့် မဲရေခြင်းတို့ကဲ့သို့သော အရေးကြီးကိစ္စများအတွက် ကွန်ပျူတာစနစ်များကို အားကိုးနေစဉ်တွင် EMB များအနေနှင့် ၎င်းတို့၏ နည်းပညာအသုံးပြုမှုဆိုင်ရာအတွက် ပွင့်ပွင့်လင်းလင်း တာဝန်ခံမှုရှိမည်ဟု ခန့်မှန်းရပါသည်။

EMB များအနေနှင့် ၎င်းတို့၏ ကွန်ပျူတာ အခြေပြုစနစ်များ၏ အရည်အသွေးကို သေချာနိုင်စေရန်အတွက် ပြုလုပ်နိုင်သော အရာများတွင် -

- ကွန်ပျူတာစနစ်များကို အသုံးမပြုမီ တင်းတင်းကြပ်ကြပ် စစ်ဆေးခြင်းနှင့် စစ်ဆေးမှုရလဒ်များကို လူသိရှင်ကြား ချပြခြင်း
- လက်ခံနိုင်ဖွယ်ရှိသော ရယူအသုံးပြုပိုင်ခွင့်နှင့် ICT ကိရိယာများနှင့် ဒေတာအချက်အလက်များ၊ ICT ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးများ၊အချက်အလက်များ လုံခြုံရေး၊ back-up ထားခြင်း၊ ထိန်းသိမ်းထားခြင်း၊ မှတ်တမ်းထိန်းသိမ်းထားခြင်းနှင့် စွန့်ပစ်ခြင်း၊ သင့်တော်သော အီးမေးလ်နှင့် လူမှုမီဒီယာများကို အသုံးပြုခြင်းနှင့် သိလျက်နှင့် ကျူးလွန်သော သို့မဟုတ် ပြင်းထန်သော ချိုးဖောက်မှုများအတွက် စည်းမျဉ်းဆိုင်ရာ လုပ်ဆောင်မှုများအပါအဝင် တောင့်တင်းခိုင်မာသော ရှိရှိသမျှသော နည်းပညာပိုင်းဆိုင်ရာတို့ကို အကျုံးဝင်စေသော ICT မူဝါဒများ
- ကွန်ပြူတာ စနစ်များကို ပုံမှန်စစ်ဆေးခြင်းနှင့် ၎င်းတို့၏ လုံခြုံရေးဆိုင်ရာ အချက်အလက်များကို အထူးအာရုံစိုက်ခြင်း
- ပြည်သူအများ မှတ်ချက်ပေးနိုင်ရန်အတွက် ကွန်ပျူတာစနစ်များ၏ source code များကို အစမ်းပုံစံများ ထုတ်လုပ်ခြင်း (ဉပမာအားဖြင့် ဩစတြေးလျ မြို့တော်နယ်နိမိတ်၏ ရွေးကောက်ပွဲကော်မရှင်သည် ၎င်း၏ကွန်ပျူတာအခြေစိုက် မဲမှတ်တမ်းတင်ခြင်းနှင့် မဲရေတွက်ခြင်း စနစ်တို့အတွက် အဆိုပြုတင်သွင်းထားသော code များကို ၎င်း၏ ဝဘ်ဆိုက်တွင်တင်ပြီး ကွန်ပျူတာ ပညာရှင်များ၏ မှတ်ချက်များကို ဖိတ်ခေါ်ခဲ့သည်)
- လွတ်လပ်သော၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များ၊ အကြံပြုချက်များနှင့် လိုအပ်ချက်များကို အခြေခံထားသော ကွန်ပျူတာစနစ်၏ ပြင်ပဌာနတစ်ခုမှ ထောက်ခံချက်ကို ထိုစနစ်သည် ပြဌာန်းပြီးသားဖြစ်သော နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များနှင့် စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း ထောက်ခံအတည်ပြုချက်ပေးရန်နှင့်

- အမေရိကန်မှ အကြံပေးသကဲ့သို့ အသုံးပြုနေသော code များ၏ မိတ္တူအစစ်အမှန်များကို လွတ်လပ်ပြီး လုပ်ငန်းခွင်နှင့် မဆိုင်သောနေရာတို့တွင် ထိန်းသိမ်းထားခြင်း။ ထို code များနှင့် EMB မှ သုံးနေသော code များကို ပုံမှန်နှိုင်းယှဉ်ကြည့်ပါက တရားမဝင်ပြောင်းလဲသွားသော အချက်များကိုသိရှိနိုင်ပြီး ဖယ်ရှားပစ်နိုင်သည်။

### *ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုလုံးကို အာရုံစိုက်ခြင်း*

နည်းပညာအသစ်တစ်ခုကို ပထမဆုံးအကြိမ်စတင် အသုံးချသောအခါ ရွေးကောက်ပွဲ ပြင်ဆင်ရေး၏ ထင်ရှားလှသော အစိတ်အပိုင်းနှင့် ဘတ်ဂျက်ငွေများ သိသိသာသာ ထိုနည်းပညာထဲ ရင်းနှီးမြှုပ်နှံထားသောအခါ၊ နည်းပညာ သက်ရောက်မှုကို ကြီးကြီးမားမားမျှော်လင့်ထားသည့်တို့ ရှိပါလျှင် ရွေးကောက်ပွဲ၏ ICT ရှုထောင့်သည် EMB နှင့် ပြည်သူတို့၏ စိတ်ဝင်စားမှုကို အင်မတန်မှ ဆွဲဆောင်လေသည်။ အရေးကြီးသည်မှာ ထိုကဲ့သို့သော အာရုံစိုက်မှုသည် အခြားသော တန်းတူအရေးကြီးသော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်၏ အရေးကြီးသော အချက်များကို ပေါ့လျော့မှု ဖြစ်မသွားစေရန် အရေးကြီးသည်။

### *အားလုံးပါဝင်နိုင်မှု*

နည်းပညာသည် ပို၍ပညာတတ်ပြီး ချမ်းသာကြွယ်ဝသော ပြည်သူများကို အကျိုးအမြတ်များ ပိုပေးနိုင်လေ့ရှိပြီး လူ့အသိုင်းအဝိုင်း၏ ဆိုးကျိုးတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် နည်းပညာအသစ်များ မိတ်ဆက်ခြင်းသည် အထူးလိုအပ်ချက်များရှိသော မဲဆန္ဒရှင်များ၊ ကျေးလက်တောရွာများရှိ ဖွဲ့စည်း တည်ဆောက်ပုံကို သိပ်ထိတွေ့နိုင်စွမ်းမရှိသော မဲဆန္ဒရှင်များ၊ သက်ကြီးရွယ်အို မဲဆန္ဒရှင်များနှင့် နည်းပညာ သုံးရန်အတွက် သိပ်ယုံကြည်မှု မရှိကြသူများတို့အပါအဝင် မဲဆန္ဒရှင်လူထုတစ်ရပ်လုံးအား ညီမျှသော အခွင့်အရေးပေးနိုင်မည့် လုပ်ဆောင်ချက်များပါ တွဲပါရန်လိုအပ်မည်။

### *အလှူရှင်တို့၏ ဘဏ္ဍာငွေထောက်ပံ့ထားသော နည်းပညာတို့၏ တာရှည်ခံမှု*

ငွေကုန်ကြေးကျများလှပြီး သုံးရသော သက်တမ်းတိုတောင်းသောကြောင့် ရွေးကောက်ပွဲ နည်းပညာသည် တာရှည်ခံရန် ခက်ခဲလှသည်။ အထူးသဖြင့် အရေးအခင်းဖြစ်ပြီးနောက်ပိုင်းကာလများနှင့် ဒီမိုကရေစီ ပေါ်ထွက်ကာစနိုင်ငံများ၊ စိန်ခေါ်မှုများ များပြားနေသော ပတ်ဝန်းကျင်များ၊ အကန့်အသတ်ရှိပြီး အားထားယုံကြည်ရနိုင်ခြင်းမရှိသော ဖွဲ့စည်းတည်ဆောက်ပုံများနှင့် လောလောလတ်လတ် တည်ထောင်ထားသော EMB အတွင်း ယုံကြည်မှု နည်းပါးခြင်းဖြစ်နိုင်ပြီး ပိုမိုရှုပ်ထွေးသော ICT ဖြေရှင်းနည်းများ လိုအပ်နိုင်သည်။ကံမကောင်းစွာပင် ထိုကဲ့သို့သော အခြေအနေမျိုးသည်ပင် အလှူရှင်များအနေနှင့် နည်းပညာပိုင်းဆိုင်ရာတို့အပေါ် ဖိဖိစီးစီးရင်းနှီး လှူဒါန်းလိုသော အနေအထားမျိုးဖြစ်နေပြီး ရွေးကောက်ပွဲကို ချောချောမွေ့မွေ့ လုပ်ဆောင်နိုင်ရန်အတွက်ဟူသော မျှော်လင့်ချက်နှင့် ဖြစ်သည်။ ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံလှူဒါန်းခြင်းသည် ရွေးကောက်ပွဲတစ်ခုလောက်ကို ကောင်းကောင်းမွန်မွန်ဦးစီးပြီး လုပ်နိုင်သော်လည်း ရေရှည်တွင် ကြာရှည်လုပ်ကိုင်နိုင်မှုအတွက် ပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ နောက်ထပ်ရွေးကောက်ပွဲတစ်ခုကိုသာ အာရုံစိုက်နေသောကြောင့် နည်းစနစ်ကို ထိန်းသိမ်းရန်နှင့် နောင်လာမည့်ရွေးကောက်ပွဲတို့အတွက် သက်ဆိုင်သောကျွမ်းကျင်မှုဆိုင်ရာတို့အတွက်လည်း ထည့်သွင်းစဉ်းစားမှုမှာ မရှိသလောက်ပင်ဖြစ်သည်။ အထူးသဖြင့် အလှူရှင်၏ဘဏ္ဍာငွေများ ဆက်လက်မရရှိတော့သော အချိန်မျိုးတွင်ဖြစ်သည်။ ၎င်းတို့၏ အထောက်အပံ့ပြုရေးဆိုင်ရာ လမ်းကြောင်းများနှင့် ကွန်ယက်များမှ အထောက်အပံ့နှင့် ထိထိ ရောက်ရောက်လာသောနည်းစနစ်များ၊ ဝန်ဆောင်မှုများနှင့် ကျွမ်းကျင်မှုများသည် ပြည်တွင်းဈေးကွက်တွင် နိုင်ငံတွင်း အထောက်အပံ့ရယူဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရရရှိရန်အတွက် ဈေးကြီးပြီးခက်ခဲမှုရှိနိုင်သည်။

## *သင့်တော်သော နည်းပညာကို ရွေးချယ်ခြင်း*

အဆင့်အမြင့်ဆုံးဖြစ်သော နောက်ဆုံးပေါ် နည်းပညာများသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် အသုံးပြုရန်အတွက် အသင့်တော်ဆုံးသော နည်းပညာတစ်ခု ဖြစ်ရန်မလိုအပ်ပါ။ သင့်တော်သော နည်းပညာဟူသည် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင် သက်ရောက်မှုအပြင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးအပေါ်တွင် သက်ရောက်မှုအပေါ်ကို ထည့်သွင်းစဉ်းစားပြီး ဒီဇိုင်း ရေးဆွဲရခြင်းဖြစ်သည်။ ရိုးရှင်းပြီး လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးနိုင်သော နည်းစနစ်များသည် အများအားဖြင့် ပိုမိုသင့်တော်လေ့ရှိကြပြီး ရင်းမြစ်နှင့် ထိန်းသိမ်းရေးများလည်း ပိုမိုလျော့နည်းစွာလိုအပ်ပြီး TCO လည်း ပိုမိုနည်းပါးလေ့ရှိသည်။

## အီလက်ထရွန်းနစ် နည်းပညာဖြင့် မဲဆန္ဒရှင်စာရင်းရေးသွင်းခြင်း၏ ပြဿနာများ

မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းရာတွင် ICT အသုံးပြုခြင်းသည် မကြာခဏဆိုသလို ပဋိပက္ခများ ဖြစ်ပွားနိုင်သော ကိစ္စမျိုးဖြစ်သည်။ ပြီးနောက်တွင် နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုသည်လည်း ထိုပြဿနာအတွက် ဖြေရှင်းနည်းလိုဖြစ်နေသည်။ မည်သို့ပင်ဆိုစေကာမူ မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းရေးသွင်းခြင်းသည် ကြီးမားလှပြီး ကုန်ကျစရိတ်များပြားလှသော လုပ်ထုံးတစ်ခုလိုဖြစ်ကာ ICT ကို မြင့်မားစွာ အသုံးပြုခြင်းကြောင့်လည်း ကုန်ကျစရိတ်များ ကျသင့်နေရာသည်။ နောက်ဆုံးပေါ် နည်းပညာများကို အသုံးပြုခြင်း၏ ကြာရှည်အသုံးခံနိုင်မှုသည် မေးခွန်းစရာပင်ဖြစ်သည်။ အထူးသဖြင့် ငွေကြေးအမြောက်အမြား လှူဒါန်းမည့် ဘဏ္ဍာငွေအထောက်အပံ့လိုသောအခါ သို့မဟုတ် မှတ်ပုံတင် စာရင်းရေးသွင်းခြင်းဘက်မှ အဓိကအားဖြင့် လာမည့်ပွဲစဉ်အတွက်သာ စာရင်းတစ်ခုတည်းပြုစုပြီး နောင်ဆက်တိုက်အသုံးပြုရန်အတွက် ထိုစာရင်းဇယားကိုထိန်းသိမ်းပြီး ပုံသေစနစ်တစ်ခုတည်းမထားသည့် အခါမျိုးတွင် ဖြစ်သည်။

လုပ်ငန်းပိုင်းဆိုင်ရာ ရှုပ်ထွေးမှုနှင့် မဲဆန္ဒရှင်မှတ်ပုံတင် စာရင်းသွင်းကြေး၏ ကုန်ကျစရိတ်သည် အများအားဖြင့် မဲဆန္ဒရှင်စာရင်းများမည်သို့ တည်ဆောက်ပြီး ထိန်းသိမ်းထားသည်ဟူသည့် အပေါ်တွင် မူတည်သည်။ EMB တစ်ခုအနေနှင့် အခြားသော ဦးစီးစီမံရေးဌာနများနှင့် အချက်အလက်များကို မျှဝေပြီး ရှိပြီးသား လူဦးရေစာရင်းပေါ်တွင် အခြေခံကာ မဲဆန္ဒရှင်စာရင်းတစ်ခုကို တည်ဆောက်နိုင်ပါက (ဥပမာ- အမျိုးသားမှတ်ပုံတင်ကတ် စနစ်၊ နိုင်ငံသား မှတ်ပုံတင်အချက်အလက်များ) ၎င်းအနေနှင့် မဲဆန္ဒရှင်၏ အချက်အလက်များကို ၎င်းကိုယ်တိုင် ကိုယ်တိုင်စုပေါင်းနေရခြင်းထက် နည်းပညာပိုင်းဆိုင်ရာ အားစိုက်ထုတ်မှုများ လျော့နည်းစွာသာ စိုက်ထုတ်ရန် လိုလိမ့်မည်။ ရွေးကောက်ပွဲများတွင် အသုံးချရန်အတွက်၊ လူဦးရေမှတ်ပုံတင်စာရင်းသည် ကျယ်ကျယ်ပြန့်ပြန့် လက်ခံယုံကြည်ထားကြသော အဖွဲ့အစည်းတစ်ခုမှ ထိန်းသိမ်းထားရမည်။ အရည်အသွေးမြင့် အချက်အလက်များကို အသုံးပြုကြရမည်၊ မှတ်ပုံတင်စာရင်းရေးသွင်းမှုနှုန်းမြင့်ရမည်။ (မှတ်ပုံတင်ရန် အားပေးသောအချက်အလက်များ များစွာရှိပြီး ဆိုးကျိုးများနည်းရမည်) ပြီးနောက် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွက် မဲပေးပိုင်ခွင့်ရှိသော ပြည်သူများ၏ သတင်းအချက်အလက်များ အားလုံးသည်လည်း ပါဝင်ရမည်။ ထိုအခြေအနေ အချက်အလက်များအားလုံးနှင့် တိုက်ဆိုင်ပါက ဈေးမကြီးဘဲ တိကျမှုနှုန်းမြင့်မားသော မဲဆန္ဒရှင် စာရင်းတစ်ခုကို ထိုကဲ့သို့သော စနစ်မျိုးမှ အလိုအလျောက် ရယူနိုင်သည်။

အခြားသော ဦးစီးစီမံရေးဌာနများနှင့် မျှဝေရန်လည်းမဖြစ်နိုင်ဘဲ EMB အနေနှင့်လည်း ၎င်းကိုယ်ပိုင် မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းကို လုပ်ရမည်ဆိုပါက ကုန်ကျစရိတ်များမှာ သိသိသာသာ မြင့်မားမည်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် EMB အနေနှင့် ပြည်သူများအားလုံးထံသို့ ရောက်အောင်သွားနိုင်ပြီး

မဲပေးပိုင်ခွင့်ရှိသော သူများအားလုံး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်အသေးစိတ်များကို ထပ်မံဖြည့်စွက်ရန် သို့မဟုတ် မှတ်တမ်းယူရန်အတွက်ဖြစ်သော စနစ်တစ်ခုကို လုပ်ဆောင်ရမည် ဖြစ်သောကြောင့် ဖြစ်သည်။ ထိုကဲ့သို့သော ကိစ္စမျိုးတွင် အရိုးရှင်းဆုံးသော ဖြေရှင်းနည်းမှာ စာရွက်ပေါ်တွင်သာ အခြေခံသော မှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းကို လုပ်ရန်ဖြစ်သည်။ သို့သော်လည်း စာရွက်ပေါ်တွင်သာလုပ်သော မဲဆန္ဒရှင်မှတ်ပုံတင်ရေး အချက်အလက်များသည် အများအားဖြင့် လုံလောက်လေ့ မရှိကြချေ။ အချက်အလက်တို့၏ အရည်အသွေးသည် နိမ့်ပါးနိုင်ပြီး၊ အချက်အလက်များကို အပြန်အလှန်စစ်ဆေးခြင်းနှင့် စာရင်းအတွက် လုံလောက်သောထပ်တိုးဖြည့်စွက်ချက်များ လုပ်ရန်အတွက်မှာလည်း မဖြစ်နိုင်ချေ။ ထို့အပြင် ဒေသကြီး သို့မဟုတ် တိုင်းပြည်တစ်ခုအတွက် စုစည်းထားသော စာရင်းများကို တည်ထောင်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းတို့ပြုလုပ်ရန်အတွက် ခက်ခဲ သို့မဟုတ် မဖြစ်နိုင်ပေ။ စာရင်းဇယားအား မတိကျဟု စွဲချက်တင်လာပါကလည်း စစ်ဆေးရန်ခက်ခဲသည်။

နည်းပညာအဆင့်ကို နောက်ထပ်တစ်ဆင့်တက်ပြီးသုံးသောအခါ အများအားဖြင့် စာရင်းရေးသွင်းခြင်းဆိုင်ရာ အချက်အလက်များကို အီလက်ထရွန်းနစ်စနစ်ဖြင့် ဖမ်းယူရန်အတွက် ဈေးအချိုဆုံးနည်းမှာ စက်ဖြင့်ဖတ်နိုင်သော စက္ကူမှတ်ပုံတင်စာရင်းစာရွက်များ သုံးရန်ပင်ဖြစ်သည်။ အချက်အလက်များကို လူကိုယ်တိုင် မျက်စိဖြင့်မြင်နိုင်သော အမှတ်ဖတ်စနစ် (OMR) ပုံစံများအတွင်း ထည့်သွင်းစေပြီး ကောက်ယူနိုင်သည်။ ထိုနည်းစနစ်၏ ဆိုးကျိုးမှာ အချက်အလက်ကို ဖမ်းယူသောအခါ အချက်အလက်၏ အရည်အသွေးကို စစ်ဆေးခြင်း မရှိခြင်း၊ မှတ်ပုံတင်နေစဉ်တွင် မည်သည့် ပြဿနာ ကိုမဆို တုံ့ပြန်မှုမရှိခြင်း၊ ပြန်လည်စစ်ဆေးသော လုပ်ငန်းစဉ်အဆင့်ရောက်ကာမှ မှားနေသော သို့မဟုတ် ကျန်ခဲ့သော အချက်များကိုတွေ့ပါက ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း ပြုလုပ်ရန်ခက်ခဲခြင်းနှင့် ထိုအခက်အခဲမျိုးတွင် ပုံစံအတွင်းတွင်  မမှန်မကန်ဖြည့်ထားသော အမှားများအတွက်လည်း ပါဝင်သည်။

နည်းပညာဆိုင်ရာ တိုးမြှင့်မှုများတွင် မှတ်ပုံတင်စာရင်းရေးသွင်းသော အဆင့်တွင် ရွေးကောက်ပွဲ မှတ်ပုံတင်စနစ်ကို အသုံးပြုခြင်းပါဝင်သည်။ အရိုးရှင်းဆုံးပြောရလျှင် ရွေးကောက်ပွဲ မှတ်ပုံတင်ရေးစနစ်သည် offline ဖြစ်ပြီး မှတ်ပုံတင်စာရင်းရေးသွင်းသူ၏ ကိုယ်ရေးအချက်အလက်အသေးစိတ်များကိုသာလျှင် ယူခြင်းဖြစ်သည်။ ထိုကဲ့သို့သော စနစ်မျိုးသည် မဲဆန္ဒရှင်၏ အသေးစိတ်အချက်အလက်များသည် ကျယ်ကျယ်ပြန့်ပြန့်ရနိုင်သော ကိုယ်ရေးဆိုင်ရာ အသိသက်သေခံ စာရွက်စာတမ်းများရှိပါက လုံလောက်အဆင်ပြေနိုင်သည်။ ထိုကဲ့သို့သော ဖြစ်ရပ်မျိုးသည် နိုင်ငံအတွင်းရှိ ပွားယူထားသော စာရင်းများနှင့် အချက်အလက်များရနိုင်ရေးသည်လည်း ဖြစ်နိုင်ရမည်။ မှတ်ပုံတင်သည့်အဆင့်တွင် အချင်အလက်များကို back-up လုပ်ခြင်းသည်လည်း လုပ်ထားရန်လိုပြီး ထိုမှသာလျှင် အချက်အလက်များ ပျောက်ဆုံးသွားပါက ပြန်လည်ရယူနိုင်မည်ဖြစ်သည်။

အွန်လိုင်းမှတ်ပုံတင်စနစ်သည်  ရှိရှိသမျှသော မှတ်ပုံတင်ရေး ကိစ္စများကို ချိတ်ဆက်ထားသော ဒေတာအချက်အလက် ချိတ်ဆက်မှု လိုအပ်သည်။ ၎င်းတို့ဘက်မှ မှတ်ပုံတင်သူ၏ အချက်အလက်များကို မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းကြီးတစ်ခုလုံးနှင့် ချက်ခြင်းဆိုသလို ပြန်လည်တိုက်စစ်ရန်လည်း ဖြစ်နိုင်ပြီး စာရင်းများကို ထပ်နေသော အချက်မျိုးကိုရှာဖွေပြီး ဖြေရှင်းနိုင်ခြင်းမျိုး ပြုလုပ်ခြင်းဖြစ်သည်။ ထိုကဲ့သို့သော စနစ်မျိုးသည်လည်း အချက်အလက်များကို ဗဟိုမှတ်ပုံတင်ရေးဌာနသို့ တိုက်ရိုက်တင်နိုင်ပြီး မှတ်ပုံတင်ရာတွင် အချက်အလက်များ ဆုံးရှုံးနိုင်ချေကို လျော့ကျစေသည်။

အပြည့်ဝအစုံလင်ဆုံးသော မှတ်ပုံတင်ရေးအချက်အလက်များ ကောက်ယူစုဆောင်းခြင်းသည် မှတ်ပုံတင်သူ၏ ဘိုင်အိုမက်ထရစ် အသေးစိတ်အချက်အလက်များဖြစ်သော လက်ဗွေနှင့် မျက်နှာ သို့မဟုတ်

သူငယ်အိမ်ဖတ်သည့် အချက်အလက်များပါဝင်နိုင်သည်။ ထိုစနစ်၏ ကုန်ကျစရိတ်သည် မှတ်ပုံတင်ရေး စနစ်တစ်ခုချင်းစီအတွက် ဘိုင်အိုမက်ထရစ် အချက်အလက်ဖမ်းယူသော ကိရိယာများ လိုအပ်ချက်ကို မြင့်တက်စေနိုင်သောကြောင့်အပြင် ဘိုင်အိုမက်ထရစ် အချက်အလက်များကို သိုလှောင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ရန် လိုအပ်သောအချက်အလက်များ ပြည့်စုံစွာတွက်ချက်နိုင်ရေးတို့ကြောင့်လည်း ဖြစ်သည်။ ဘိုင်အိုမက်ထရစ် စနစ်တည်ထောင်ခြင်း၏ ထပ်တိုးကုန်ကျသော ကုန်ကျစရိတ်သည် အများအားဖြင့် သက်သေခိုင်လုံသော အသိသက်သေခံ စာရွက်များမရှိသောကြောင့် မဲစာရင်းတင်သွင်းသူ၏ အချက်အလက်များကို တွက်ချက်ရန် ခက်ခဲမှုနှင့်ယှဉ်ကြည့်လျှင် ထိုက်တန်ပါသေသည်။

## အီလက်ထရွန်းနစ် မဲပေးစနစ်နှင့် မဲရေတွက်သော စနစ်တို့၏ နောက်ခံအကျဉ်း

ICT စနစ်အသစ်များကို မိတ်ဆက်ခြင်းသည် အမြဲတမ်းလိုလို စိန်ခေါ်မှုများဖြင့်ပြည့်နှက်လျက်ရှိသည်။ အီလက်ထရွန်းနစ် မဲပေးစနစ်(e-voting)သည် အငြင်းပွားဖွယ်ရာပင် အခက်ခဲဆုံးသော တိုးမြှင့်မွမ်းမံမှုတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုနည်းပညာသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အဓိကနေရာတွင် ပါဝင်နေသောအရာများဖြစ်သော မဲပေးခြင်းနှင့် မဲရေတွက်ခြင်းတည်းဟူသောကိစ္စများတွင် ပါဝင်နေသောကြောင့်ဖြစ်သည်။ E-voting သည် လူမှ တိုက်ရိုက်ထိန်းချုပ်ခြင်းနှင့် ထိုလုပ်ငန်းစဉ်အတွင်း လွှမ်းမိုးခြင်းကို ထိထိရောက်ရောက်လျှော့ချနိုင်လေပြီး အချို့သော ရွေးကောက်ပွဲပြဿနာ အဟောင်းတို့ကို ဖြေရှင်းနိုင်ရန် အခွင့်အလမ်းပေးလေသည်။ သို့သော်လည်း ၎င်းအနေနှင့် ပြဿနာ အသစ်များကိုလည်း မိတ်ဆက်ခေါ် ဆောင်လာလေသည်။ ထို့ကြောင့် e-voting သည် ရွေးကောက်ပွဲတွင်းရှိ အခြားသော ICT များထက် ဝေဖန်ချက်များနှင့် ဆန့်ကျင်ချက်များကို ပိုမိုခံရနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းရသည်။

E-voting နှင့် မဲရေတွက်ခြင်းစနစ်များကို မဲပေးခြင်းနည်းစနစ်နှင့် ကုန်ကျစရိတ် လျှော့ချရေးတို့ တိုးတက်အောင် ပြုလုပ်နိုင်သောနည်းလမ်းအဖြစ် ဈေးကွက်တွင် ကြေငြာနေသည်တို့ အမြောက်အမြား ရှိကြလေသည်။ အချို့သော စနစ်များသည် ရွေးကောက်ပွဲကိုမသမာမှုများ ပြုလုပ်ခြင်းကို ခုခံနိုင်စွမ်းနှင့် အားထားယုံကြည်နိုင်စွမ်း မြင့်မြင့်မားမား ပေးစွမ်းနိုင်သည်ဟု ယုံကြည်ကြလေသည်။

- တိုက်ရိုက်မှတ်တမ်းတင် ရွေးကောက်ပွဲ (DRE) မဲပေးစက်များသည် စက္ကူလမ်းကြောင်း (VVPAT သို့မဟုတ် မဲဆန္ဒရှင်များအား စစ်ဆေးသော စက္ကူစာရင်းစစ်လမ်းကြောင်း)တွဲလျက်လည်း ပါနိုင်သလို မတွဲဘဲလည်း ပါနိုင်သည်။ VVPAT (မဲဆန္ဒရှင်ဘက်မှ စစ်ဆေးထားသော စာရွက်စာတမ်း စစ်ဆေးမှု လမ်းကြောင်း) များသည် ပေးထားသည့် မဲများ၏ ရုပ်ပိုင်းဆိုင်ရာ အထောက်အထား ပြသရန်အတွက်ဖြစ်သည်။
- OMR (အလင်းဖြင့် အမှတ်ဖတ်စက်) နည်းစနစ်များသည် အထူးတီထွင်ထားသော စက်ဖြင့်ဖတ်၍ ရနိုင်သော မဲစာရွက်များအား မဲဆန္ဒရှင်၏ ရွေးချယ်မှုကိုသိနိုင်သော စကင်နာများ အပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ OMR (အလင်းမြင့် အမှတ်ဖတ်စက်) သည် ဗဟိုတွင် တွက်ချက်သော အလင်းဖြင့် စကင်ဖတ်ခြင်း (CCOS) စနစ် (မဲစာရွက်များအား အထူးရေတွက်သော ဌာနများတွင် စကင်ဖတ်ပြီး ရေတွက်ခြင်း) ဖြစ်နိုင်သကဲ့သို့ အကန့်အသတ်နှင့်တွက်ချက်ပြီး အလင်းဖြင့် စကင်ဖတ်ခြင်း (PCOS) စနစ် (မဲဆန္ဒရှင်များက မဲစက်ထဲသို့ ထည့်သွားပြီးနောက် မဲများကိုလည်း မဲရုံထဲတွင်ပင် တိုက်ရိုက်စကင်ဖတ်ခြင်းနှင့် ရေတွက်ခြင်း) လည်း ဖြစ်နိုင်သည်။
- အီလက်ထရွန်းနစ် မဲစာရွက် ပုံနှိပ်စက်များ (EBPs) များသည် DRE (အလင်းဖြင့် အမှတ်ဖတ်စက်) နှင့်ဆင်တူပြီး စက်ဖြင့်ဖတ်နိုင်သော စာရွက်များ သို့မဟုတ် မဲဆန္ဒရှင်၏ ရွေးချယ်မှုပါဝင်သော အီလက်ထရွန်းနစ် တိုကင်စာရွက်ကို ထုတ်ပေးလေသည်။ ထိုတိုကင်ကို သီးသန့်ခွဲခြားသော

မဲစာရွက် စကင်ဖတ်သော စက်အတွင်းသို့ ထိုးထည့်လိုက်ရပြီး ထိုအရာက အလိုအလျောက် မဲကိုရေတွက်ပေးလေသည်။

- အင်တာနက် မဲပေးစနစ်သည်လည်း မဲများကိုအင်တာနက်မှတစ်ဆင့် ဗဟိုမဲရေတွက်ရေး ဆာဗာထံသို့ ပို့ပေးလေသည်။မဲများသည် အများပြည်သူသုံး ကွန်ပျူတာများမှလည်း ထည့်နိုင်သကဲ့သို့ မဲရုံများရှိ မဲစက်များမှလည်း ထည့်နိုင်သည် သို့မဟုတ် ပိုပြီးအသုံးများသည့် မည်သည့်အင်တာနက်ချိတ်ဆက်ထားသည့် ကွန်ပျူတာကမဆို ထည့်နိုင်သည်။

ထိုစက်များ၏ တိကျမှုနှင့် အရည်အသွေးသည် ၎င်းတို့အား ဒီဇိုင်းဖန်တီး၊ ပရိုဂရမ်ဆွဲ၊ စမ်းသပ်ပြီး ထိန်းသိမ်းသော ကုမ္ပဏီများနှင့် လူများအပေါ် တွင်သာ မှီခိုခြင်းမျိုးမဟုတ်ဘဲ စနစ်စာရင်းစစ်နှင့် ထောက်ခံချက်အပါအဝင် EMB မှ မိတ်ဆက်သောစနစ်ကို ဆန်းစစ်ပြီး ဟန်ချက်ထိန်းခြင်းအပေါ် တွင်ပါ မူတည်လေသည်။

ပြည့်ပြည့်စုံစုံ ထိန်းချုပ်ခြင်းနှင့် တာဝန်ယူနိုင်ခြင်းတို့အတွက် လုပ်ဆောင်ရသော အရာတို့သည် ပေးဆပ်ရသော အရာများရှိလေသည်။ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး လုံခြုံသောစနစ်တစ်ခုသည် ကုန်ကျစရိတ်လည်း ပိုများလေသည်။ အမြင့်မားဆုံးသော ပွင့်လင်းမြင်သာမှုနှင့် လုံခြုံမှုရှိသော နည်းပညာသည် ကုန်ကျစရိတ်များကိုများစွာ တိုးမြင့်စေနိုင်သောကြောင့် e-voting ဖြေရှင်းနည်းများ၏ အကျိုးကျေးဇူးများသည် ကုန်ကျစရိတ်နှင့် မကာမိအောင်ပင် ဖြစ်နေ၏။

## ***နည်းပညာလိုအပ်ချက်များ၊ ထောက်ခံချက်များနှင့် စာရင်းစစ်ခြင်း***

အခြားသော မည်သည့် ရွေးကောက်ပွဲ နည်းပညာစနစ်ထက်မဆို ထောက်ခံချက်များနှင့် စာရင်းစစ်ခြင်းတို့သည် ယုံကြည်ရနိုင်သော e-voting နှင့် မဲရေသောစနစ်အတွက် တည်ဆောက်ရာတွင် အဓိကအရေးပါသောအရာများဖြစ်သည်။ ထောက်ခံချက်ပေးခြင်းနှင့် စာရင်းစစ်ချက်ပေးခြင်းတို့သည် ရှင်းလင်းစွာ ပြဋ္ဌာန်းပြီးဖြစ်သော လုပ်ဆောင်ချက်နှင့် လည်ပတ်မှုဆိုင်ရာ လိုအပ်ချက်များကို e-voting နှင့် ကိုက်ညီမှုရှိပါကြောင်း အတည်ပြုပေးနိုင်လေသည်။ အတိအကျ လိုအပ်သောအချက်များမှာ အခြေအနေကို လိုက်ပြီး ကွဲပြားလေပြီး တာဝန်ယူရာတွင် တရားဥပဒေပိုင်း၊ နည်းပညာပိုင်း၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာအပိုင်းနှင့် လုပ်ဆောင်မှုအပိုင်းတို့ကိုပါ တာဝန်ယူရန်လိုအပ်ပြီး အဓိကကျသော ပါဝင်ပတ်သက်သူများ၏ လိုအပ်ချက်များပါ ပါဝင်သည်။

စနစ်ကို အတည်ပြုထောက်ခံချက်ပေးခြင်းသည် EMB နှင့် ရောင်းချသူတို့၏ လွတ်လပ်မှု၊ e-voting နှင့် မဲရေတွက်ခြင်းစနစ်တို့သည် လိုအပ်ချက်များနှင့် ကိုက်ညီကြောင်းတို့ကို ပြင်ပဌာနတစ်ခု၏ ထောက်ခံချက်ပေးခြင်းမျိုးပေးလေသည်။ စနစ်ကို စာရင်းစစ်ရာတွင် e-voting နှင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ်တို့ ပုံမှန်အတိုင်း အလုပ် လုပ်၊ မလုပ် စစ်ဆေးရာတွင် အင်မတန်မှ တင်းကြပ်လှသော စမ်းသပ်ချက်များနှင့် အသုံးမပြုမီ၊ ပြုနေစဉ်နှင့် ပြုပြီးအချိန်တွင် စစ်ဆေးမှုပြုလေသည်။ မည်သို့ပင်ဆိုစေကာမူ ထောက်ခံ အတည်ပြုခြင်းနှင့် စာရင်းစစ်ခြင်းတို့သည် သိသာများပြားလှသော ထပ်တိုးကုန်ကျစရိတ်များကို ကျသင့်လေပြီး ပိုမိုသေးငယ်သော လုပ်ဆောင်အကောင်အထည်ဖော်ချက်များအတွက်လည်း စနစ်တစ်ခုလုံး၏ နည်းပညာကုန်ကျစရိတ်နီးနီးကိုပင် ကျသင့်လေသည်။

## ***မဲဆန္ဒရှင်ဘက်မှ စစ်ဆေးထားသော စာရွက်စာတမ်းများနှင့် စာရင်းစစ်ပုံ လမ်းကြောင်း***

E-voting စနစ်၏ အရည်အသွေး၊မှီခိုအားထားရနိုင်မှု၊ လုံခြုံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော စာရင်းစစ်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် လိုအပ်ချက်အပေါ် တစ်ချက်တည်း တုံ့ပြန်လိုက်ခြင်းသည်

မဲဆန္ဒရှင်ဘက်မှ စစ်ဆေးထားသော စာရွက်စာတမ်းများနှင့် စာရင်းစစ်ပုံလမ်းကြောင်း (VVPAT) လုပ်ငန်းစဉ်ဖြစ်သည်။ မဲဆန္ဒရှင်အား ပေးထားသောမဲများကို စာရွက်ပေါ်တွင် ပုံနှိပ်ပြီးနောက် ပြသထားလေကာ နေရာတွင်ပင် စစ်ဆေးနိုင်ပြီး ထို့နောက် မဲပုံးထဲသို့ ထည့်လိုက်ရုံပင်ဖြစ်သည်။ ထိုစနစ်သည် အလိုအလျောက်ပြုလုပ်ထားသောစနစ်များမှ ထုတ်ထားသော ပုံသဏ္ဍာန်များ၏ အတည်ပြုနိုင်၊ မပြုနိုင်ကို စစ်ဆေးရန် လိုအပ်လာသော အချိန်များတွင်သုံးသည်။ E-voting စနစ်တော်တော်များများတွင် နောက်ကြောင်းပြန် စစ်ဆေးသော စာရင်းစစ် လုပ်ဆောင်ချက်များ လုပ်ပေးလေ့ရှိကြသည်။ အီလက်ထရွန်းနစ်မဲပေးစက် (EVMs) များသည်လည်း အပါအဝင်ဖြစ်ကာ ဘယ်လ်ဂျီယံ ယူနိုက်တက်စတိတ်နှင့် ဗင်နီဇွဲလားတို့ကဲ့သို့သော နိုင်ငံများတွင် လက်တလောနှစ်များအတွင်း အသုံးပြုလာကြသည်။ ၂၀၁၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏တရားရုံးချုပ်က ရွေးကောက်ပွဲကော်မရှင်ကိုမဲပေးစက်များ၏စာရွက်စာတမ်းနောက်ကြောင်းများကို တင်ပြရန်အတွက် ညွှန်ကြားလိုက်သည် ထို့နောက် EMB သည်လည်း ထိုကဲ့သို့သော လုပ်ဆောင်ချက်မျိုးကို မပေးနိုင်သည် e-voting စက်များကို နှစ် ၂၀ ခန့် သုံးပြီးနောက် VVPAT(မဲဆန္ဒရှင်ဘက်မှ စစ်ဆေးထားသော စာရွက်စာတမ်းများနှင့် စာရင်းစစ်ပုံလမ်းကြောင်း) စက်ကို မိတ်ဆက်ရန်အတွက် လှုပ်ရှားခဲ့ခြင်းဖြစ်သည်။

မဲရေရန်အတွက် OMR(အလင်းဖြင့်အမှတ်ဖတ်စက်) စက်ကိုသုံးပြီး မဲရေခြင်းမျိုး၊ ဖိလစ်ပိုင်နိုင်ငံတွင် လုပ်သကဲ့သို့ လုပ်ခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း တိကျမှုနှင့် အချိန်အတွက် ထိရောက်မှုကိုပေးနိုင်သကဲ့သို့ စက္ကူမဲစာရွက်များ ထုတ်ဝေခြင်းသည်လည်း ရွေးကောက်ပွဲပြီးချိန်တွင် အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ပါက လိုအပ်ပါလျှင်ထုတ်ပြီး ကိုင်တွယ်စစ်ဆေးရမည်ဖြစ်သည်။

VVPATs (မဲဆန္ဒရှင်ဘက်မှ စစ်ဆေးထားသော စာရွက်စာတမ်းများနှင့် စာရင်းစစ်ပုံ လမ်းကြောင်း) များသည် ထိန်းချုပ်ထားသော မဲရုံ၏ပတ်ဝန်းကျင်ရှိ e-voting အတွက်သာ သုံးနိုင်လေသည် (ဥပမာ- အင်တာနက် မဲပေးစနစ်တွင် သုံး၍မရပါ)။ ဗင်းနစ်ကော်မရှင်မှ ပိုမိုကျယ်ပြန့်သော ဥရောပကောင်စီ၏ ရွေးကောက်ပွဲကောင်စီ၏ စံနှုန်းများနှင့် အဝေးရောက်မဲပေးခြင်းနှင့် e-voting တို့ ကိုက်ညီမှု ရှိ၊မရှိကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာချက် လုပ်ပြီးပြီဖြစ်သည်။

နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည် ပြဿနာများကို ကျော်လွန်ပြီး၊ အချို့သော စကားစစ်ထိုးပွဲများတွင် ရွေးကောက်ပွဲနည်းပညာများ၏ အရည်အသွေးသိက္ခာပိုင်းဆိုင်ရာကို ပြောဆိုရာတွင် နိုင်ငံရေးပါတီတစ်ခုခု၏ ထောက်ပံ့မှုကိုရယူထားသော သို့မဟုတ် နိုင်ငံခြားဩဇာလွှမ်းမိုးသော ရောင်းချသူများ၏ ပိုင်ဆိုင်မှုက ကပ်လျက်ပါလာသည်။ စက်ပိုင်းဆိုင်ရာ နှင့် e-voting စက်တို့၏ အရည်အသွေးပိုင်းဆိုင်ရာနှင့်ပတ်သက်သော မီဒီယာတို့၏ စွပ်စွဲပြောဆိုချက်များသည် EMB များအား ၎င်းတို့၏ ရင်းမြစ်များနှင့် နည်းပညာအသုံးချမှုအပေါ် ဖွင့်ဟတာဝန်ယူရန်အတွက် ဖိအားပေးမှု မြင့်တက်လာသည်။

## *ကျသင့်ငွေ*

မဲပေးခြင်းနှင့် မဲရေတွက်ခြင်းတို့အတွက် နည်းပညာအသစ်များကို သုံးရာတွင် ငွေကုန်ကြေးကျသက်သာသော လက်ခံနိုင်လောက်သည့် ခွဲခြမ်းစိတ်ဖြာချက်မရှိသေးသော်လည်း EVM (အီလက်ထရွန်းနစ်မဲပေးစက်) ကဲ့သို့သော နည်းပညာများသည် ရေရှည်တွင် ရွေးကောက်ပွဲမှကုန်ကျသော ကျသင့်ငွေများကို လျှော့ချပေးနိုင်သည်။ အထူးသဖြင့် မဲစာရွက်များပုံနှိပ်ခြင်းနှင့် သိုလှောင်သိမ်းဆည်းခြင်းနှင့် မဲရေတွက်ခြင်းတို့တွင် ကုန်ကျစရိတ် လျှော့ချပေးနိုင်သည်ဟူသော အထောက်အထားသည် အငြင်းပွားဖွယ်ရာဖြစ်သည်။ အိန္ဒိယတွင် ကုန်ကျစရိတ် သက်သာသည်ဟု ဆိုရနိုင်သော EVM (အီလက်ထရွန်းနစ်မဲပေးစက်)

များကို ဆယ်စုနှစ်များနှင့်ချီပြီး သုံးလာပြီဖြစ်ကာ EVM (အီလက်ထရွန်းနစ်မဲပေးစနစ်) အခြေပြုသော ရွေးကောက်ပွဲများသည် စက္ကူအခြေပြု ရွေးကောက်ပွဲများထက် ပိုပြီးများစွာ အကုန်အကျသက်သာသည်ဟု ဆုံးဖြတ်ချက် ချခဲ့ကြသည်။ သို့သော်လည်း နယ်သာလန်သည် ၂၀၀၇ ခုနှစ်တွင် EVM (အီလက်ထရွန်းနစ်မဲပေးစက်) စနစ်များကို ပိတ်ပင်လိုက်ကာ နောက်ဆက်တွဲ အနေနှင့် ခေတ်သစ်ပုံစံစနစ်ကို စတင်မိတ်ဆက်ရန်အတွက် စုံစမ်းလေ့လာတော့သည်။ ၂၀၁၃ ခုနှစ်တွင် ၎င်းတို့၏ တွေ့ရှိချက်များအရ EVM (အီလက်ထရွန်းနစ်မဲပေးစက်) အသစ်များနှင့် မဲပေးခြင်းသည် စက္ကူနှင့် မဲပေးခြင်းထက် နှစ်ဆပိုပြီး ဈေးကြီးသည်ဟူ၍ဖြစ်သည်။

## အခန်းအနှစ်ချုပ်

- ရွေးကောက်ပွဲ နည်းပညာ၏ အဓိက အကျိုးအမြတ်များတွင် တိကျမှု၊ မြန်ဆန်မှု၊ အလုပ်တွင်မှုနှင့် ထိရောက်မှုတို့ပါဝင်သည်။
- အဓိကကျသော စိန်ခေါ်မှုများသည် လုံခြုံရေး၊ ကျသင့်စရိတ်၊ ရေရှည်လုပ်ကိုင်နိုင်မှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် ရောင်းသူအပေါ် မှီခိုရမှုတို့ အပေါ်တွင် ကျန်ရှိနေသေးလေသည်။
- EMB တစ်ခုချင်းစီအတွက် သီးသန့်လုပ်ပြီးသား စနစ်များနှင့် ခေတ်ရေစီးကြောင်း ကွာဟမှုများဖြစ်လာပြီး ရောင်းချသူများ၏ အသင့်လုပ်ပြီးသားဖြေရှင်းနည်းများအပေါ် အာရုံစိုက်လာကြသည်။
- ICT တို့၏ သက်တမ်းသည် တိုတောင်းသောကြောင့် ကိရိယာအများစုသည် ရွေးကောက်ပွဲ တစ်ခုနှင့် တစ်ခုအကြား အကြီးစား တိုးချဲ့မြှင့်တင်မှုများနှင့် လုံးလုံးပြန်ပြင်ဆင်ရန် လိုအပ်ခြင်း တို့ဖြစ်လာကြသည်။.
- ICT ကိရိယာများသည် ရွေးကောက်ပွဲမတိုင်မီ အချိန်တိုအတွင်းတွင်သာ လာရောက်တပ်ဆင်ခြင်း ပြုလုပ်ခဲ့ပါက မရင့်ကျက်နိုင်သေးဘဲ အမှားအယွင်း ဖြစ်နှုန်းများလည်း မြင့်မားနိုင်သည်။
- ICT စနစ်များအား ကနဦးဝယ်ယူသောကြောင့် ကျသင့်သော ကုန်ကျစရိတ်များသည် ထို ကိရိယာ၏ သက်တမ်းတစ်လျှောက်တွင် ပိုင်ဆိုင်ကြေးစုစုပေါင်း ကုန်ကျငွေ၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်သည်ဟု မျှော်လင့်ရနိုင်သည်။
- အမြင့်မားဆုံးသော ICT လုံခြုံရေး အဆင့်များမှာ ဈေးကြီးလေသည်။ EMB တစ်ခုချင်းစီက မည်မျှလုံခြုံရေး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရမည်ကို ဆုံးဖြတ်ရန်လိုအပ်ပြီး ဖြစ်နိုင်ချေရှိကာ ကျိုးကြောင်းဆီလျော်ရန်လည်းလိုသည်။
- ရွေးကောက်ပွဲနည်းပညာ သီးသန့်ရောင်းချသော ကုမ္ပဏီများသည် EMB များအား ဝန်ဆောင်မှုများ အများအပြားကို အမြဲတစေ တိုးပေးနေမည်သာဖြစ်ပြီး EMB များအနေနှင့် ထိုကုမ္ပဏီများနှင့် ဆက်ဆံရာတွင် ပါဝင်လာသောစိန်ခေါ်မှုများကို သတိရှိရန် လိုအပ်သည်။
- မဲဆန္ဒရှင် အသိပညာပေးရေး၊ ပြည်သူတို့အား သတင်းအချက်အလက်များ ဖြန့်ဝေရေးနှင့် EMB ဝန်ထမ်းများ၏ ကျွမ်းကျင်မှုသည် ရွေးကောက်ပွဲနည်းပညာများ လက်တွေ့ အကောင်အထည်ဖော်ရေးတွင် အောင်မြင်ရန်အတွက် အရေးကြီးသော အချက်များဖြစ်သည်။
- EMB များ အနေနှင့်လည်း ရွေးကောက်ပွဲ နည်းပညာကို အသုံးချရာတွင် တာဝန်ခံနိုင်စွမ်းရှိရန်နှင့် စနစ်တစ်ခုလုံးကို နေရာတစ်ကျနှင့် ကြီးကြပ်နိုင်မှုစွမ်းအားကို ထိန်းသိမ်းထားနိုင်စွမ်း လိုအပ်သည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# ကင်ညာ ။ လွတ်လပ်သောရွေးကောက်ပွဲနှင့် နယ်နိမိတ် ကော်မရှင်

Shumbana Karume

## နောက်ခံအကြောင်းအရာ

ကင်ညာနိုင်ငံတွင် ၂၀၀၇-၂၀၀၈ ခုနှစ်ကဖြစ်ခဲ့သော ရွေးကောက်ပွဲအပြီးဖြစ်သည့် အကြမ်းဖက်မှုသည် ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့မှ စတင်ခဲ့သော လုပ်ဆောင်မှုဖြစ်ပြီး အထွေထွေအတွင်းရေးမှူးဟောင်း ကိုဖီအာနန် ဦးဆောင်သော ညှိနှိုင်းရေးအားစိုက်ထုတ်မှုမှာလည်း အဆုံးသတ်တွင် အောင်မြင်ခဲ့လေသည်။ ထိုကင်ညာအမျိုးသား ဆွေးနွေးညှိနှိုင်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး အက်ဥပဒေဟုခေါ်သော သဘောတူညီချက်သည် သဘောထားကွဲပြားသော အုပ်စုများနှင့် နိုင်ငံရေးပါတီများအကြားစေ့စပ်ပေးနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၈ ရက် ၂၀၀၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထိုရွေးကောက်ပွဲအပြီးကာလ ဖြစ်ပွားခဲ့သော ပဋိပက္ခများကိုဖြေရှင်းရန် ရည်ရွယ်ခဲ့သော သဘောတူညီချက်စာချုပ်သည် ရှိရှိသမျှသော ပါတီများကို အကြမ်းဖက်မှုများကို ချက်ခြင်းရပ်တန့်ရန် ကတိကဝတ်ပြုစေခဲ့ပြီး အခြေခံလူ့အခွင့်အရေးနှင့် လွတ်လပ်မှုများကိုလည်း ထိန်းသိမ်းကာ အခြေခံဥပဒေနှင့် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများအပါအဝင် ရေရှည်ဖြစ်ပေါ်နေသော ပြဿနာများကို ဖြေရှင်းပေးနိုင်ခဲ့သည်။ ထိုအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲမှုဟု ယူဆရသော ပြောင်းလဲမှုများဘက်သို့ ဦးတည်ရာတွင် ထိုသဘောတူညီချက်မှ လွတ်လပ်သော လေ့လာသုံးသပ်ရေးကော်မတီ (IREC) ကို ဖြစ်ပေါ်စေခဲ့သည်။ ၎င်း၏ ရည်ညွှန်းစည်းမျဉ်းများနှင့်အညီ IREC မှ ၎င်း၏ လေ့လာတွေ့ရှိထားသော အချက်များနှင့် အကြံပြုချက်များကို ခရိုဂ်လာအစီရင်ခံစာအတွင်းတွင် ဇန်နဝါရီလ ၂၀၀၉ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ အစီရင်ခံစာအတွင်းတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

ထိုအစီရင်ခံစာ၏ တွေ့ရှိချက်များသည် ၎င်း၏ ကင်ညာရွေးကောက်ပွဲမှုဘောင်၊ ကင်ညာနိုင်ငံရွေးကောက်ပွဲကော်မရှင်(ECK) ၏ တည်ဆောက်မှု၊ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲပုံကို ခွဲခြမ်းစိတ်ဖြာပြီး လေ့လာချက်အပေါ်တွင် အခြေခံထားပြီး တွေ့ရှိလာခြင်းဖြစ်ကာ ၎င်း၏အဖွဲ့အစည်းနှင့် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲလုပ်ဆောင် လည်ပတ်ပုံမှလည်း ပါဝင်သည်။ ထိုအစီရင်ခံစာမှ အဆုံးသတ်ကောက်ချက်ချထားသည်မှာ "၁၉၉၇ မှစပြီး စဉ်ဆက်မပြတ် ထပ်မံဖြည့်စွက်လာခဲ့သော မဲဆန္ဒရှင်စာရင်းသည် ၎င်းကိုယ်တိုင်က ရွေးကောက်ပွဲရလဒ်များ၏ အရည်အသွေးကို ထိခိုက်စေသောကြောင့် ရုပ်ပိုင်းဆိုင်ရာအရ ရှုထောင့်ပေါင်းစုံမှ အနာအဆာများ ရှိနှင့်ပြီးဖြစ်သည်။" ဟုပါပြီးနောက် "အဓိက နိုင်ငံရေးပါတီကြီးနှစ်ခုလုံး၏ အခိုင်အမာကိုင်စွဲထားသော အစီရင်ခံချက်အတွင်း ပြထားသောစုစုပေါင်းကိန်းဂဏန်း အရေအတွက်များအများအပြား

မဖြစ်နိုင်လောက်အောင် ဖြစ်နေခြင်းသည် အတိုင်းအတာတစ်ခုအထိ မဲလိမ်ခြင်း၏ အထောက်အထားပင် ဖြစ်သည်။ လူတစ်ဦးတည်းမှ မဲအများအပြားပေးခြင်းများ၊ ပျက်ကွက်မဲဆန္ဒရှင်များနေရာတွင် အုပ်စုလိုက် အယောင်ဆောင်မဲပေးခြင်း၊ မဲဝယ်ခြင်း နှင့်/သို့မဟုတ် လာဘ်ထိုးခြင်းများကြောင့် ဖြစ်နိုင်သည်” ဟုဖော်ပြထားသည်။[၁] ၎င်းအနေနှင့်လည်း ရွေးကောက်ပွဲအဖွဲ့အစည်းတစ်ခုအတွင်း ကျင့်ဝတ်ကောင်းဟုခေါ်ဆိုရမည့်အချက်များနှင့် မကိုက်ညီသော လုပ်ရပ်များကို ပြင်ဆင်ရန် အတိုင်းအတာတစ်ခုအထိ အသေးစိတ် အကြံပြုချက်များကို ပေးသွားလေသည်။ ထိုအစီရင်ခံစာမှ အချို့သော ချို့ယွင်းချက်များကို ပြင်ဆင်ရန် အတွက် လုပ်ဆောင်ရမည့်အချက်များကို ဖော်ထုတ်ပြသသွားသလို ECK(ကင်ညာနိုင်ငံရွေးကောက်ပွဲ ကော်မရှင်)ကိုလည်း နောင်လာမည့် ရွေးကောက်ပွဲများ တိုးတက်ရေးအတွက် ထိုအရာများကို အကောင် အထည်ဖော်လုပ်ဆောင်ရေးကိုလည်း အကြံပေးသွားလေသည်။

IREC ၏ နောက်ဆက်တွဲတွင် ပြည်သူလူထု၏ ထင်မြင်ချက်များနှင့်အညီ ကင်ညာနိုင်ငံ လွှတ်တော်သည် ECK ကို ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာနအသစ်နှင့် အစားထိုးရန်အတွက် ၂၀၀၈ ခုနစ်တွင် မဲပေးခဲ့လေသည်။ လွတ်လပ်သော ယာယီရွေးကောက်ပွဲကော်မရှင် (IIEC) သည် ထို့ကြောင့်ပင် မေလ ၂၀၀၉ ခုနစ်တွင် အခြေခံဥပဒေအဟောင်းဖြစ်သော ပုဒ်မ ၄၁ နှင့် ၄၁ (က) တို့ကို ပြင်ဆင်ပြီးနောက် ဖြစ်လာခြင်း ဖြစ်သည်။ ထို IIEC တွင် ဥက္ကဋ္ဌတစ်ဦးပါဝင်ပြီး လွှတ်တော်ရွေးချယ်ရေးကော်မတီ၏ အပြိုင်အဆိုင် ချိန်ထိုးရွေးချယ်မှုများမှတစ်ဆင့် ရွေးကောက်ထားသော ကော်မရှင်အရာရှိ ရှစ်ဦးပါဝင်ပြီး၊ အမျိုးသားလွှတ်တော်မှ အတည်ပြုခြင်းဖြစ်ကာ ဝန်ကြီးချုပ်နှင့် တိုင်ပင်ပြီးနောက်ပိုင် သမ္မတမှ ခန့်အပ်ခြင်းဖြစ်သည်။ အခြေခံဥပဒေ၏ ပြင်ဆင်ပြောင်းလဲချက်အရ အခြေခံဥပဒေအသစ် ကြေငြာပြီးသုံးလခန့်အကြာတွင် IIEC ၏ တာဝန်ထမ်းဆောင်သက်သည်လည်း ကုန်ဆုံးပြီဖြစ်ကာ ပုံသေခန့်အပ်ထားသော ရွေးကောက်ပွဲ ကော်မရှင်သည်လည်း IIEC ၏ တာဝန်များကို လက်ဆင့်ကမ်းယူပြီး ပြုပြင်ပြောင်းလဲရေးနှင့်ဆိုင်သော ၎င်း၏ တာဝန်များကို ယူရတော့မည်ဖြစ်သည်။ IIEC အနေနှင့် ၎င်း၏တာဝန်ကို စွန့်ခွါရန် စုစုပေါင်း ၁၂ လ အချိန် ရှိသည်။

IIEC ၏ လုပ်ဆောင်ရမည့် တာဝန်များမှာ အောက်ပါအချက်တို့ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ၎င်း၏ နယ်မြေကန့်သတ်ရေးနှင့်ဆိုင်သော တာဝန်များမှာ လွတ်လပ်သော ယာယီ နယ်မြေစစ်ဆေးရေး ကော်မရှင်ထံသို့ လွှဲပြောင်းပြီးဖြစ်သည်။[၂]

- လွတ်လပ်ပြီးမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ နှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးများကို ပြုပြင်ပြောင်းလဲခြင်း
- အလုပ်ကို ထိထိရောက်ရောက်နှင့် တွင်ကျယ်အောင်လုပ်နိုင်သော အထွေထွေအတွင်းရေးမှူး ဌာန တစ်ခု တည်ထောင်ခြင်း
- လွတ်လပ်ပြီးမျှတသော ရွေးကောက်ပွဲများကို လူသိများစေရန် ပြုလုပ်ခြင်း
- မဲဆန္ဒရှင်များကို ပြန်လည်မှတ်ပုံတင်ခြင်းနှင့် မဲဆန္ဒရှင်စာရင်းအသစ်ကို ပြန်လည်ဖန်တီးခြင်း
- ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲများကို ထိထိရောက်ရောက် လုပ်ဆောင်ခြင်းနှင့် ကြီးကြပ်ခြင်း
- ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို စုဆောင်း၊ စီစဉ်၊ ထုတ်လွှင့်ခြင်းနှင့် ရေတွက်ခြင်း တို့အတွက် ခေတ်နှင့်လျော်ညီသော စနစ်ကို တည်ထောင်ခြင်း
- ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများကိုစောင့်ကြည့်လေ့လာခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း တို့ပြုလုပ်ခြင်း
- မဲဆန္ဒရှင်အသိပညာပေးရေးနှင့် ဒီမိုကရေစီယဉ်ကျေးမှုကို မြှင့်တင်ခြင်း

- ဖြစ်နိုင်လျှင် တရားဥပဒေမှပြဋ္ဌာန်းထားသည့်အတိုင်းရွေးကောက်ပွဲကာလအတွင်းရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခဖြစ်စဉ်အသေးအမွှားများကို ဖြေရှင်းခြင်းနှင့်
- ဥပဒေမှ ပြဋ္ဌာန်းထားသည့် အခြားသောတာဝန်များကို ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

IIEC ၏ ထမ်းဆောင်ရမည့်တာဝန်မှာ IREC မှ အကြံပြုထားသော လက်ရှိမှတ်ပုံတင်စာရင်းများထဲတွင် ရှိနေသော အမှားအယွင်းကြီးကြီးမားမားများကြောင့် မဲဆန္ဒရှင် မှတ်ပုံတင်စာရင်း အသစ်ဖန်တီးခြင်းကဲ့သို့သော ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ ဖော်ဆောင်ရန်အတွက် အတိအလင်းပြဋ္ဌာန်းပြီးဖြစ်သည်။ IIEC သည်လည်း ယေဘုယျအားဖြင့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အများအပြားကို လုပ်နိုင်ခဲ့လေသည်။ ၎င်း၏ အသိသာဆုံးသော အောင်မြင်မှုမှာ ပါဝင်ပတ်သက်သူအားလုံးက အကြံပေးပြီး ပွင့်လင်းမြင်သာမှုရှိသည်ဟု အားလုံးကလက်ခံခဲ့ကြသော အခြေခံဥပဒေဆိုင်ရာ ဆန္ဒခံယူပွဲကို ဧပြီလ ၄ ရက် ၂၀၁၀ ပြည့်နှစ်တွင်ကျင်းပပြီး စီမံခန့်ခွဲနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ထိုဆန္ဒခံယူပွဲအနေနှင့် ထောက်ခံမဲ ၆၈ ရာခိုင်နှုန်းရထားသော အခြေခံဥပဒေအသစ်တစ်ခု ဖြစ်လာရန်အတွက် လမ်းပြနိုင်ခဲ့လေသည်။ ထိုအခြေခံဥပဒေအသစ်၏ ပုဒ်မ ၈၈ သည် လွတ်လပ်သော ရွေးကောက်ပွဲနယ်နိမိတ်သတ်မှတ်ရေးကော်မရှင် (IEBC) တည်ထောင်ရန်အတွက်လည်း ပြောထားလေသည်။ IEBC သည်လည်း အခြေခံဥပဒေအရဖွဲ့စည်းထားသော ကော်မရှင်များနှင့် လွတ်လပ်သောရုံးဌာနများထံသို့ သက်ရောက်သော အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ၏ အောက်တွင်ရှိပြီး ထိုပြဋ္ဌာန်းချက်များ၏ အသိအမှတ်ပြုခြင်းကို ခံထားရလေသည်။[၃]

အခြားသော အခြခံဥပဒေဆိုင်ရာ ကော်မရှင်များကဲ့သို့ပင် IEBC သည်လည်း အခြေခံ ဥပဒေကို သာလိုက်နာပြီး လွတ်လပ်ရမည်ဖြစ်ကာ အခြားသော လူပုဂ္ဂိုလ်တစ်ဦးတစ်ဦး သို့မဟုတ် အာဏာပိုင်ဌာနတစ်ခုခု၏ လမ်းညွှန်မှု သို့မဟုတ် ထိန်းချုပ်မှုအောက်တွင် မရှိရပါ။[၄] ထိုကဲ့သို့ အသင်းအဖွဲ့ဆိုင်ရာ လွတ်လပ်မှုကို လွတ်လပ်သော ရွေးကောက်ပွဲနှင့် နယ်နိမိတ်ဆိုင်ရာ ကော်မရှင် အက်ဥပဒေ၏ ပုဒ်မ ၂၅ (၂) က ထောက်ခံအားပေးခြင်းပြုထားပြီး ထိုဥပဒေက ဖွင့်ဆိုထားသည်မှာ ဤကော်မရှင်၏ အဖွဲ့ဝင်တစ်ဦးခြင်းစီနှင့် ဝန်ထမ်းများသည် ထိုအက်ဥပဒေတွင် ပြဋ္ဌာန်းထားသော တာဝန်များကိုထမ်းဆောင်ရာတွင်နှင့် ရရှိထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် လွတ်လပ်စွာကျင့်သုံးရမည်ဖြစ်ပြီး အခြားသော ပြည်နယ်အရာရှိ၊ ပြည်သူ့ဝန်ထမ်းအရာရှိ၊ အစိုးရအဖွဲ့အစည်း၊ နိုင်ငံရေးပါတီ သို့မဟုတ် အမတ်လောင်း သမ္မတလောင်း သို့မဟုတ် အခြားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့၏ လမ်းညွှန်ချက် သို့မဟုတ် ဝင်ရောက်စွက်ဖက်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားသည်။

## ကင်ညာနိုင်ငံရွေးကောက်ပွဲ ကော်မရှင်ကို စိုးမိုးသော ဥပဒေဆိုင်ရာ မူဘောင်များ

ဩဂုတ်လ ၂၀၁၀ တွင် အခြေခံဥပဒေအသစ်ကို ပြဋ္ဌာန်းလိုက်နိုင်ခြင်းသည် ကင်ညာနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာတိုးတက်မှုတွင် သိသာထင်ရှားလှသော အောင်မြေမှတ်တိုင်တစ်ခုစိုက်ထူလိုက်နိုင်ခြင်းပင် ဖြစ်သည်။ ထိုဥပဒေသည် အရေးပါလှသော အဖွဲ့အစည်းနှင့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့ကို အကောင်အထည်ဖော်ရန်အတွက် မူဘောင်တစ်ခုကို ချမှတ်ပေးကာ ထိုအနက်မှ တော်တော်များများမှာ မရှိသောကြောင့် အခြေခံဥပဒေအသစ်အောက်တွင် ရှိရန်လိုအပ်ပြီး သို့မဟုတ် ၎င်းတို့အား အခြားသော သက်ဆိုင်ရာဌာနခွဲများတွင်ရှိသော ဥပဒေနှင့် အက်ဥပဒေများမှာ အခြေခံဥပဒေနှင့် ကိုက်ညီမှုရှိကြောင်း သေချာစေရန်ပြုလုပ်ပေးရန် လိုအပ်ခြင်းဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာဌာနခွဲသည် တိုင်းပြည်၏ အခြေခံဖွဲ့စည်းပုံအသစ်ကြေငြာခြင်း၏ သက်ရောက်မှုကို အများဆုံးခံရလေသည်။ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်သော အခန်း(၇) ပုဒ်မ ၈၁-၉၂ သည် တိုးတက်ရေးကို ရှေးရှုသည်ဟုယူဆရပြီး အခြားသော နိုင်ငံများရှိ ဒီမိုကရေစီ ရွေးကောက်ပွဲများကျင်းပပုံများမှ ကျင့်သုံးပုံများကို ယူပြီးရေးဆွဲထားခြင်းဖြစ်သည်။ အခြေခံဥပဒေ၏ ပုဒ်မ ၈၈ သည် IEBC ၏ လုပ်ဆောင်ချက်များကိုဖွင့်ဆိုပြီး အဖွဲ့ဝင်တစ်ဦးဖြစ်ရန် လိုအပ်သော အချက်အလက်များနှင့် အဖွဲ့ဝင်များကိုခန့်အပ်ရန် ပုံသေနည်းများကိုလည်း ဖွင့်ဆိုထားသည်။ အခြေခံဥပဒေသည် ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများတွင် ကင်ညာနိုင်ငံသားများပါဝင်ခွင့်ရှိရေးအတွက် ဖွင့်ဆိုထားကာ (ပုဒ်မ ၈၃) ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ယဉ်ကျေးမှုဓလေ့အရ အပယ်ခံထားရသော အုပ်စုများ (ဥပမာ- အမျိုးသမီးများနှင့်မသန်စွမ်းသူများ) အား ပါဝင်နိုင်ရေးကို မြှင့်တင်ရန်အတွက် ပြဋ္ဌာန်းချက်များ ပါဝင်နိုင်ရေးလည်းပါသည်။ (ပုဒ်မ ၈၁)

အခြေခံဥပဒေအတွင်းတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေရေးဆွဲရေးအတွက်လည်း ပြဋ္ဌာန်းထားချက်များ ပါဝင်သည်။ ထိုပြဋ္ဌာန်းချက်က ဖွင့်ဆိုထားသည်မှာ ပါလီမန်လွှတ်တော်အနေနှင့် အမျိုးသားလွှတ်တော်နှင့်ကောင်တီလွှတ်တော်များရွေးကောက်ရေး၊ အမတ်လောင်း သမ္မတလောင်းများ ရွေးချယ်မှု၊ မဲဆန္ဒရှင်များကို မှတ်ပုံတင်စာရင်းရေးသွင်းရေးနှင့် ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲများလုပ်ဆောင်ခြင်းနှင့် ကင်ညာနိုင်ငံပြင်ပတွင်နေသော ပြည်သူများအတွက် တိုးတက်ခေတ်မီသော မှတ်ပုံတင်ရေးတို့အတွက် ဖြစ်သော ရွေးကောက်ပွဲအဖွဲ့၏ IEBC မှ ချမှတ်သော ကန့်သတ်ချက်များ ချမှတ်ပေးရန်အတွက် ဥပဒေပြုချက်များကို ပါလီမန်လွှတ်တော်က ချမှတ်ပေးရမည်ဟူ၍ဖြစ်သည်။

အခြေခံဖွဲ့စည်းပုံအသစ်သည် ရွေးကောက်ပွဲစနစ်၏ စည်းမျဉ်းစည်းကမ်းများနှင့် ဦးစီးစီမံရေးဆိုင်ရာ ဆုံးဖြတ်ချက်များ မိတ်ဆက်တင်သွင်းရန်အတွက် လမ်းညွှန်စည်းမျဉ်းများကိုလည်း အဓိပ္ပာယ်ဖွင့်ဆို ပေးလေသည်။ ပုဒ်မ ၈၁ က ရွေးကောက်ပွဲစနစ်အတွက်လည်း စည်းမျဉ်းလမ်းညွှန်ချက်များကို ချမှတ်ပေးထားပြီး ပြည်သူများအနေနှင့် ၎င်းတို့၏နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်အခွင့်အရေးများကိုလွတ်လပ်စွာ ကျင့်သုံးပိုင်ခွင့် ရရှိသင့်ကြောင်း ကျား၊မ လိင်တစ်မျိုးတည်းက ရွေးကောက်ခံဌာနများထဲတွင် သုံးပုံနှစ်ပုံကိုကျော်လွန်သော ပမာဏထက်ပိုပြီး ခန့်အပ်ပိုင်ခွင့်မရှိကြောင်း၊ ကိုယ်စားပြုရေးနှင့် မဲပေးရာတွင် ညီညွတ်မျှတမှုရှိရေးတို့တွင် မျှတသင့်ကြောင်း၊ လွတ်လပ်ပြီးမျှတသော ရွေးကောက်ပွဲဟူသည် လျှို့ဝှက်မဲစနစ်နှင့်သာ ပြုလုပ်သင့်ကြောင်း၊ အကြမ်းဖက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းတို့ ကင်းလွတ်သင့်ကြောင်းနှင့် လွတ်လပ်သောဌာနတစ်ခုမှ ဘက်မလိုက်၊ အဂတိမလိုက်စားသော ပုံစံဖြင့် လုပ်ဆောင် သင့်ကြောင်းတို့ကို ဖွင့်ဆိုထားလေသည်။ ထိုစည်းမျဉ်းစည်းကမ်းများသည် FPTP (နိုင်သောသူအကုန်ယူသောစနစ်) ကို PR (အချိုးကျကိုယ်စားပြုစနစ်) နှင့် အစားထိုးနိုင်ရန်အတွက် လမ်းခင်းပေးလေသည်။

အခြေခံဥပဒေအပြင် ကင်ညာနိုင်ငံရှိရွေးကောက်ပွဲများကိုအုပ်စိုးရန်အတွက် ဥပဒေများကိုလည်း ပြဋ္ဌာန်းထားသေးသည်။ ထိုလုပ်ဆောင်ချက်များသည် ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ မတူညီသောရှုထောင့်များကို တိုက်ရိုက်အုပ်စိုးသည်။ ပါဝင်ပတ်သက်သူများက အထူးဂရုစိုက်ပြောဆိုသည်မှာ အသစ်ပြဋ္ဌာန်းထားသော အက်ဥပဒေပြုချက်များအကြားရှိ ပဋိပက္ခဖြစ်ဖွယ် လိုအပ်ချက်များကို ရွေးကောက်ပွဲနေ့မတိုင်မီတွင် အဆင်ပြေအောင် ညှိနှိုင်းရမည်ဟူ၍ဖြစ်သည်။ အခြေခံဥပဒေအသစ် ရောက်မလာမီတွင် ကင်ညာနိုင်ငံရှိ ရွေးကောက်ပွဲများကို အုပ်စိုးထားသောဥပဒေများကို အက်ဥပဒေအများအပြားအကြား ပြန့်ကြဲလျက်ရှိကာ ထိုဥပဒေများကို လက်တွေ့ကျင့်သုံးနေသူတို့အပေါ် စိန်ခေါ်မှု အကြီးစားများဖြစ်ပေါ်စေသည်။ ၂၀၁၁ ခုနှစ်တွင် ဥပဒေအများအပြားကိုဆန်းစစ်ပြီး ပြန်လည်ခိုင်မာစေရန် ဖွဲ့စည်းခဲ့ကာ

ဥပဒေပြချက် အခိကအပိုင်း ၃ ပိုင်းပါဝင်သည် : IEBC အက်ဥပဒေ၊ နိုင်ငံရေးပါတီများဆိုင်ရာ အက်ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေတို့ဖြစ်သည်။

IEBC အက်ဥပဒေသာက်မှလည်း ကော်မရှင်နှင့် သက်ဆိုင်သောခန့်အပ်မှု၊ ထိရောက်သော လုပ်ငန်းလုပ်ဆောင်မှုနှင့် စီမံခန့်ခွဲရေးတို့အတွက် ပြည့်စုံသော လုပ်ဆောင်မှုယန္တရားနှင့် မူဘောင်များကို ပြဋ္ဌာန်းထားလေသည်။ ထိုအက်ဥပဒေ၏ အပိုင်း ၂ တွင် အတွင်းပိုင်းတည်ဆောက်ပုံများ၊ လုပ်ဆောင်ရန် တာဝန်များနှင့် ၎င်း၏အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား ခန့်အပ်ရေးနှင့် တာဝန်ထမ်းဆောင်သက်များ အပါအဝင် ကော်မရှင်ကို ဦးစီးစီမံရေးအတွက် ပြဋ္ဌာန်းထားသောအချက်အလက်များ ပါဝင်သည်။ အပိုင်း ၃တွင် IEBC ဘဏ္ဍာငွေနှင့် အခြားသောကော်မရှင်၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက်များကို တည်ထောင်ရန်နှင့် ဦးစီးစီမံရန်အတွက် ပြဋ္ဌာန်းထားပြီး အပိုင်း ၅ တွင် ကော်မရှင်၏ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မှု၊ လွတ်လပ်မှုနှင့် ၎င်း၏ သတင်းအချက်အလက်များကို စီမံခန့်ခွဲမှုတို့ကို အုပ်စိုးသော စည်းမျဉ်းစည်းကမ်းများနှင့်ဆိုင်သော သောင်းပြောင်းပြဋ္ဌာန်းချက်များပါဝင်သည်။ IEBC အက်ဥပဒေတွင် လုပ်ငန်းစဉ်ဇယားများပါဝင်ပြီး ပထမဆုံးအပိုင်းသည် ကော်မရှင်အရာရှိ ခန့်အပ်ရာတွင် လုပ်ဆောင်ရမည့် အချက်များကို ဖွင့်ဆိုထားခြင်းဖြစ်ပြီး ဒုတိယအပိုင်းသည် ကော်မရှင်၏လုပ်ငန်းဆောင်တာနှင့် ဆောင်ရွက်ဖွယ်ရှိသည်တို့ကို လုပ်ဆောင်ရာတွင် လုပ်ဆောင်ရမည့် နည်းလမ်းတို့ကိုပြဋ္ဌာန်းထားကာ တတိယအပိုင်းက အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးအတွက် ရာထူးတာဝန်နှင့်သက်ဆိုင်သော ပဋိညာဉ် သို့မဟုတ် ကတိကဝတ်ပြုချက်ကို ပြဋ္ဌာန်းရှင်းပြထားလေပြီး စတုတ္ထမြောက်အပိုင်းတွင် ကော်မရှင်၏အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ လုပ်ဆောင်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများပါဝင်သည်။[၅]

ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများတွင် အသုံးပြုသော လုပ်ဆောင်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများသည် ကင်ညာနိုင်ငံရွေးကောက်ပွဲနယ်ပယ်အတွက် အသစ်အဆန်းဖြစ်သည်။ ထိုစည်းမျဉ်းစည်းကမ်းများသည် IEBC ဝန်ထမ်းများ၏ ပညာရှင်ဆန်မှုကို အင်အားတိုးမြှင့်ပေးနိုင်သော၊ နိုင်ငံရေးပါတီများနှင့် ဆန္ဒမဲကောက်ခံရေးကော်မတီ အရာရှိများနှင့် အမတ်လောင်းသမ္မတလောင်းများကို အခြေခံဥပဒေ၏ စည်းမျဉ်းများနှင့် တန်ဖိုးများနှင့် အညီလိုက်နာစေရန် ဆောင်ရွက်ပေးသော အထိုက်အလျောက် အကျယ်တဝင့်ရှင်းပြထားသည့် စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ ထိုစည်းမျဉ်း စည်းကမ်းများသည် ကျန်သောအဖွဲ့ဝင်များနှင့် အလုပ်သမားများကို ပညာရှင်ဆန်ဆန်၊ ထိထိရောက်ရောက်၊ အဂတိကင်းကင်းနှင့် လွတ်လွတ်လပ်လပ် တာဝန်ထမ်းဆောင်နိုင်စေပြီး ဝန်ထမ်းများကို နောက်ထပ် ပြည်သူပိုင်ဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်ခြင်းမျိုးကိုမလုပ်ရန် တားမြစ်ထားလေသည်။ အဖွဲ့ဝင်များ အားလုံးသည် ပြည်သူ၏ ယုံကြည်မှုကို တည်တံ့စေနိုင်သောနည်းဖြင့် ၎င်းတို့၏တာဝန်များကို ထမ်းရွက်ရမည်ဖြစ်ပြီး လူအားလုံး၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို လေးစားခြင်းရှိရလေမည်။

## အာဏာနှင့် လုပ်ဆောင်ချက်များ

IEBC ၏ လုပ်ဆောင်ချက်များသည် အခြေခံဥပဒေ ပုဒ်မ ၈၈(ဃ)နှင့် ၂၀၁၁ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေတို့တွင် ပါပြီးဖြစ်သည်။

- ဆန္ဒခံယူပွဲများကို ပြုလုပ်ခြင်း သို့မဟုတ် ကြီးကြပ်ခြင်း
- အခြေခံဥပဒေအရ တည်ဆောက်ထားသော မည်သည့်ရွေးကောက်ပွဲဆိုင်ရာ ဌာနမျိုးကိုမဆို လုပ်ဆောင်ပြီး ကြီးကြပ်ပေးရမည်။

- ပါလီမန်လွှတ်တော်၏အက်ဥပဒေပြဋ္ဌာန်းချက်အရဖြစ်နိုင်သောအချက်များနှင့်အညီအခြားသော ရွေးကောက်ပွဲများကို ပြုလုပ်ခြင်းနှင့် ကြီးကြပ်ခြင်း
- ပြည်သူများကို မဲဆန္ဒရှင်များ အနေနှင့် စဉ်ဆက်မပြတ် မှတ်ပုံတင်စာရင်းရေးသွင်းခြင်း
- မဲဆန္ဒရှင်များကို စာရင်းရေးသွင်းရေးအတွက် ပုံမှန် စစ်ဆေးကြည့်ရှုခြင်း
- မဲဆန္ဒနယ်များနှင့် ရပ်ကွက်များကို နယ်နိမိတ်ကန့်သတ် သတ်မှတ်ခြင်း
- ရွေးကောက်ပွဲအတွက် ပါတီမှ အမတ်လောင်း၊ သမ္မတလောင်းများကို ရွေးကောက်သော လုပ်ဆောင်ချက်ကို စည်းမျဉ်းသတ်မှတ်ခြင်း
- ရွေးချယ်ရာမှဖြစ်ပေါ်လာသော သို့မဟုတ် ဆက်နွယ်သောအရာများ အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခဖြစ်စဉ်များကို ဖြေရှင်းပေးခြင်း၊ ရွေးကောက်ပွဲရလဒ် ကြေငြာပြီးနောက်ပိုင်းမှ ဖြစ်လာသော ရွေးကောက်ပွဲရလဒ်ကို ငြင်းဆယ်မှုများနှင့် လက်မှတ်ထိုးဆန့်ကျင်မှုများကို ဖယ်ရှားခြင်း
- ရွေးကောက်ပွဲများအတွက် အမတ်လောင်း၊ သမ္မတလောင်းများကို မှတ်ပုံတင်ခြင်း
- မဲဆန္ဒရှင်များကို အသိပညာပေးခြင်း
- ရွေးကောက်ပွဲများအတွက် စောင့်ကြည့်လေ့လာခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းများကို လုပ်ခြင်း
- မည်သည့်ရွေးကောက်ပွဲအတွက်မဆို အမတ်လောင်း၊ သမ္မတလောင်း သို့မဟုတ် ပါတီ၏ ကိုယ်စား သို့မဟုတ် ကိုယ်တိုင်သုံးမိလိုက်သောသ ငွေကြေးပမာဏကို စည်းမျဉ်းရေးဆွဲ ကြပ်မတ်ခြင်း
- ရွေးကောက်ပွဲအတွင်း ယှဉ်ပြိုင်နေသော အမတ်လောင်း၊ သမ္မတလောင်းများနှင့် ပါတီများ အကြား လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲပေးခြင်း
- ပါတီများ၏ အမတ်လောင်း၊ သမ္မတလောင်းရွေးချယ်ရေးနှင့် သက်ဆိုင်သော ဥပဒေပြုချက်များနှင့် ကိုက်ညီမှု ရှိ၊မရှိကို စစ်ဆေးကြည့်ရှုရန်နှင့်
- အမတ်လောင်း၊ သမ္မတလောင်း၊ နိုင်ငံရေးပါတီများ သို့မဟုတ် အခြားသော ကိုယ်စားလှယ်များပြုလုပ်သော ရွေးကောက်ပွဲ စည်းမျဉ်းဖောက်ဖျက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ဖြစ်သည်။

IEBC အနေနှင့် အခြေခံဥပဒေ သို့မဟုတ် အခြားသော ရေးဆွဲထားသည့် ဥပဒေများအရ အခြားသော တာဝန်နှင့် ဆောင်ရွက်မှုများကို ထမ်းရွက်ရန်လည်း နောက်ဆုံးအချိန်ထိလုပ်ပိုင်ခွင့် ရှိနေသေးသည်။ ထိုအချက်သည်လည်း ကော်မရှင်ကို ၎င်း၏ပုံမှန်ဥပဒေပြဋ္ဌာန်းထားသည့် တာဝန်ထမ်းဆောင်သက် ပြင်ပတွင်အလုပ်လုပ်ဆောင်နိုင်ခွင့်ကိုပေးလိုက်သကဲ့သို့ပင်ဖြစ်ပြီး ကင်ညာနိုင်ငံဥပဒေအဖွဲ့အစည်းကဲ့သို့သော အဖွဲ့အစည်းမျိုးအတွက် ရွေးကောက်ပွဲများကို စီမံခန့်ခွဲရေး သို့မဟုတ် အကြံပေးခြင်းကဲ့သို့သော လုပ်ရပ်များပါ ပါဝင်သည်။ ကော်မရှင်၏ ကြီးမားကျယ်ပြန့်လှသော လုပ်ပိုင်ခွင့်က ၎င်းအားရွေးကောက်ပွဲနှင့် ဆိုင်သော ကိစ္စများတွင် အကြံပေးပိုင်သော အာဏာပိုင်ဆိုင်သော အဓိကကျသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ခြင်းတည်းဟူသော နာမည်သတင်းကို ဖြစ်စေသည်။

## ကော်မရှင် အဖွဲ့ဝင်များ ဖွဲ့စည်းပုံနှင့် ခန့်အပ်ပုံ

IEBC အက်ဥပဒေ ပုဒ်မ ၅(၁)သည် ကော်မရှင်အား ဥက္ကဋ္ဌတစ်ဦး နှင့် အခြားသော အဖွဲ့ဝင်ရှစ်ဦး ရှိရန် ပြဋ္ဌာန်းထားလေသည်။ ၎င်းတွင် ဥက္ကဋ္ဌတစ်ဦး နှင့် ကော်မရှင်အရာရှိ ရှစ်ဦးရှိပြီး ယခင် ECK(ကင်

ညာနိုင်ငံရွေးကောက်ပွဲကော်မရှင်) တွင်ပါဝင်သော အဖွဲ့ဝင် ၂၂ ဦး ထက် အရေအတွက် နည်းပါးလေသည်။ ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ရေးဆိုင်ရာ နည်းဥပဒေသည် IEBC အက်ဥပဒေ၏ ပထမအပိုင်းထဲတွင် ပါဝင်လေသည်။ သမ္မတအနေနှင့်ထိုနေရာ လစ်လပ်သွားပါက ၁၄ ရက်အတွင်း ကော်မရှင်ဘက်မှ ရွေးချယ်ရေး အဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းရန် သက်ဆိုင်ရာကျွမ်းကျင်မှုများရှိသော ပုဂ္ဂလိက သို့မဟုတ် အများပိုင်ဌာနခွဲများမှ ပညာရှင်အသီးသီးကိုခေါ်ယူပြီး ဥက္ကဋ္ဌ တစ်ဦးနှင့် အဖွဲ့ဝင်ရှစ်ဦး ပါဝင်သော အဖွဲ့တစ်ခုအနေနှင့် ဖွဲ့စည်းပေးရမည်။[6] ၎င်းအနေနှင့် လျှောက်လွှာများခေါ်ယူခြင်းနှင့် လျှောက်ထားသူတို့၏ နာမည်များကို ထုတ်ဝေခြင်းပြုလုပ်ပြီး တစ်ပတ်အတွင်း ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ပြီးသောအခါ ထိုအဖွဲ့သည် ဥက္ကဋ္ဌအဖြစ်တင်မြှောက်ရန် အရည်အချင်းပြည့်မီသောသူ သုံးဦးနှင့် ကော်မရှင်အဖွဲ့ဝင် အဖြစ်သတ်မှတ်ရန် အရည်အချင်းပြည့်မီသောသူ ၁၃ ဦး တို့ကို ရွေးချယ်ပြီးနောက် ထိုနာမည်စာရင်းများကို သမ္မတထံတင်ပို့လိုက်ပြီး သမ္မတက ကိုယ်တိုင်ရွေးချယ်ပြီးနောက် ၎င်းတို့၏ ရွေးချယ်မှုများကို အမျိုးသားလွှတ်တော်မှ အတည်ပြုရမည်ဖြစ်သည်။ ခန့်အပ်ရန်အတွက် သမ္မတအနေနှင့် အခြေခံဥပဒေနှင့် ညီစေရန်အတွက် ဝန်ကြီးချုပ်နှင့် တိုင်ပင်ဆွေးနွေးမှု ပြုရန်လိုအပ်သည်။

အတည်ပြုရန် စဉ်းစားပြီးနောက်ပိုင်းတွင် အမျိုးသားလွှတ်တော်အနေနှင့် ထိုနာမည်များကို သမ္မတထံသို့ ခန့်အပ်ရန်အတွက် တင်ပေးလိုက်သည်။ အမျိုးသားလွှတ်တော်မှ မည်သည့် ခန့်အပ်မှုမျိုးကို မဆို ပယ်ချခြင်းပြုပါက ပြောကြားသူအနေနှင့် သမ္မတကို တတ်နိုင်သမျှ အစောဆုံး အသိပေးရန်လိုအပ်သည်။ ပယ်ချပြီး ၁၄ ရက် အတွင်းတွင် သမ္မတမှနေ၍ ရွေးချယ်ရေးအဖွဲ့မှရထားသော လက်ရွေးစင်စာရင်းထဲမှ အသစ်ထပ်မံရွေးချယ်ပြီးအမျိုးသားလွှတ်တော်ထံသို့တင်သွင်းရမည်။ ထိုအခါအမျိုးသားလွှတ်တော်မှ ထပ်မံနောက်ဆက်တွဲ တင်သွင်းသော လက်ရွေးစင်များကို အားလုံး သို့မဟုတ် အချို့ကို အတည်ပြုရေး ပါလီမန်လွှတ်တော် ကော်မတီအလိုအရ ပယ်ချလိုက်ပါက ရွေးချယ်ရေးအဖွဲ့အနေနှင့် သမ္မတကိုထိုစာရင်း မှတ်ပြီး တွေ့ဆုံမေးမြန်းထားသော သူများစာရင်းတွင် လူသစ်များကို ထည့်သွင်းပေးရမည်ဖြစ်ပြီး လုပ်ဆောင်ပုံအဆင့်ဆင့်မှာ အထက်ပါအတိုင်း ပြန်လှန် အစအဆုံး ပြန်ကျော့မည်ဖြစ်သည်။

IEBC အား ရာထူးခန့်အပ်ရေးနှင့် ထိရောက်သော လုပ်ဆောင်မှုများ လုပ်နိုင်ရန်အတွက် ပြဋ္ဌာန်းထားသော IEBC အက်ဥပဒေသည် ကော်မရှင်၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အရည်အသွေးကို ပြဋ္ဌာန်းသတ်မှတ်ထားလေသည်။ ဥက္ကဋ္ဌအနေနှင့် အခြေခံဥပဒေနှင့်အညီ တရားရုံးချုပ်တွင် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နိုင်လောက်သည်အထိ အရည်အချင်းပြည့်မီရမည်ဖြစ်ပြီး ကော်မရှင်အရာရှိများ အနေနှင့်လည်း ပြည်သူများဖြစ်ရမည်။ တရားဝင်အသိအမှတ်ပြု တက္ကသိုလ်တစ်ခုမှ ဒီဂရီတစ်ခုရထားရမည်။ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေး၊ ပြည်သူစီမံအုပ်ချုပ်ရေး သို့မဟုတ် ဥပဒေတို့တွင် သက်ဆိုင်ရာအတွေ့အကြုံများရှိကြောင်း သက်သေပြနိုင်ရမည်ဖြစ်ပြီး အခြေခံဥပဒေအခန်း ၆ တွင် ပြထားသည့်အတိုင်း ခေါင်းဆောင်မှုပိုင်းဆိုင်ရာနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် ပြည့်စုံရမည်။ ပြီးခဲ့သည့် ငါးနှစ်အတွင်း ဌာနတာဝန် ထမ်းဆောင်ခဲ့သူ၊ သို့မဟုတ် ပါလီမန်လွှတ်တော်အမတ်အဖြစ်နှင့်/သို့မဟုတ် နိုင်ငံရေးပါတီ၏ အုပ်ချုပ်ရေးကဏ္ဍတွင် ဝင်ရောက်အရွေးချယ်ခံခဲ့သူ သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးဌာနတာဝန်ထမ်းဆောင်သူမည်သူမဆို IEBC အဖွဲ့ဝင် ဖြစ်ပိုင်ခွင့်မရှိပါ။

ကော်မရှင်၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များသည် တာဝန်ခြောက်နှစ် ထမ်းဆောင်နိုင်ပြီး နောက်တစ်ကျော့ တာဝန်ထပ်ထမ်းဆောင်ခွင့်မရှိပါ။ သူတို့သည် အနည်းဆုံးအသက် ၇၀ ရှိရမည်။ IEBC အက်ဥပဒေ၏ အပိုဒ် ၇ တွင် ပြောထားသည်မှာ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့အနေနှင့် အချိန်ပြည့် တာဝန်ထမ်းဆောင်ရန်လိုအပ်ပြီး အခြားသော အဖွဲ့ဝင် ခုနစ်ဦးမှာမူ အချိန်ပိုင်းသာ တာဝန်ထမ်းဆောင်ရန်လို

သည်။ ကော်မရှင်အရာရှိများ အနေနှင့်လည်း အခြေခံဥပဒေ အခန်း ၁၅ ပုဒ်မ ၂၄၈(၁)နှင့် ၂၅၁ အရ တာဝန်ထမ်းဆောင်သက်နှင့်ဆိုင်သော လုံခြုံရေးစည်းကမ်းများကိုလည်း လိုက်နာရလေသည်။ အခြေခံဥပဒေပါ သို့မဟုတ် အခြားဥပဒေမှ ပြဋ္ဌာန်းချက်ကို ကြီးကြီးမားမားဖောက်ဖျက်မိပါက၊ ကြီးမား သော လုပ်ငန်းစည်းကမ်းဖော်ကဖျက်မှု၊ လုပ်ငန်းတာဝန် မထမ်းဆောင်နိုင်လောက်သည့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု၊ အရည်အချင်းမပြည့်မီမှု သို့မဟုတ် လူမွဲစာရင်းခံရခြင်းတို့ ဖြစ်ပါက ရာထူးမှ ထုတ်ပယ်နိုင်လေသည်။ ထုတ်ပယ်ရန်အတွက် အဆိုမေးမြန်းချက်များ ပေါ်ထွက်လာသောအခါ၊ သမ္မတမှနေ၍ အမျိုးသားလွှတ်တော်ဘက်မှ စဉ်းစားပြီးသောအခါ ရာထူးမှထုတ်ပယ်ရန် လက်မှတ်ရေးထိုးတောင်းဆိုချက်များကို စုံစမ်းစစ်ဆေးရန် ခုံရုံးဖွဲ့ ခွင့်ရထားလေသည်။ ခုံရုံးလက်မှလည်း သမ္မတကို ဆီလျော်သော အကြံပြုချက်များ တင်သွင်းပေးရန်လိုသည်။ သမ္မတဘက်မှလည်း အကြံပေးချက်နှင့်အညီ ရက် ၃၀ အတွင်း ဆောင်ရွက်ရမည်ဖြစ်သည်။

ကော်မရှင်၏ အတွင်းရေးမှူးနှင့် ကော်မရှင်၏ အထွေထွေအတွင်းရေးမှူးဌာနတို့သည် ပညာရှင်ဆန်သော နည်းပညာကျွမ်းကျင်သော၊ အုပ်ချုပ်ရေးအရာရှိများနှင့် အထောက်အပံ့ပြုသော ဝန်ထမ်းများနှင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ၎င်းတို့ကို ကော်မရှင်မှ ခန့်အပ်ရာတွင်လည်း အဖွင့်စနစ်၊ ပွင့်လင်းမြင်သာမှုရှိပြီး အပြိုင်အဆိုင် စနစ်မျိုးဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ပြည်သူ့ဝန်ထမ်းဌာနရှိ အရာရှိတစ်ဦးကို ကော်မရှင်ထံသို့လွှဲလိုက်ပါက ကော်မရှင်ဝန်ထမ်းဟု သတ်မှတ်မည်ဖြစ်ပြီး အခြေခံဥပဒေမှချမှတ်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်ပြီး တူညီသောခံစားခွင့်ကိုလည်း ရမည်ဖြစ်သည်။ ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များကဲ့သို့ပင် ကော်မရှင်၏အတွင်းရေးမှူးသည် ခြောက်နှစ်တာဝန်ထမ်းဆောင်သက်ရှိသော်လည်း ထပ်မံခန့်အပ်လျှောက်ထားခြင်း ပြုလုပ်နိုင်သည်။

## လွတ်လပ်သော ရွေးကောက်ပွဲ နယ်နိမိတ် သတ်မှတ်ရေး ကော်မရှင် (IEBC)

လွတ်လပ်သော ရွေးကောက်ပွဲ နယ်နိမိတ်သတ်မှတ်ရေးကော်မရှင် (IEBC) သည်လည်း မူဝါဒချမှတ်ရေးဌာနနှင့် အထွေထွေအတွင်းရေးမှူးဌာနအား မူဝါဒဖော်ဆောင်ရေးနှင့် အုပ်ချုပ်ရေးဌာနဟူ၍ တာဝန်ခွဲထားသကဲ့သို့ ကော်မရှင်အကြားတွင် တာဝန်များကို သတ်မှတ်ခွဲခြားထားမှုကို ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က ရှိသေလေးစားရန် လိုအပ်ကြောင်း ပြဋ္ဌာန်းထားသော IEBC အက်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တည်ဆောက်ထားခြင်းဖြစ်သည်။ ကော်မရှင်က မူဝါဒချမှတ်ပြီး ကော်မတီအများအပြားအနက်မှ တစ်ခုက အကောင်အထည်ဖော်ခြင်းဖြစ်သည်။

အထွေထွေအတွင်းရေးမှူးဌာနကို CEO တစ်ဦး က ဦးဆောင်ပြီး သူသည်ကော်မရှင်၏ ဆုံးဖြတ်ချက်များကို ဆောင်ရွက်ရန်အတွက် တာဝန်ရှိသူလည်းဖြစ်သည်။ သူမှနေ၍ တာဝန်များကို ခွဲဝေချမှတ်ပေးခဲ့ခြင်းဖြစ်ပြီး ကော်မရှင်အတွင်းရှိ ဝန်ထမ်းများကိုလည်း ကြီးကြပ်သူတစ်ဦးဖြစ်ကာ ကော်မရှင်၏ တာဝန်များကို ဆောင်ရွက်ရန် ပူးပေါင်းဦးဆောင်စီမံရန်နှင့် သေချာပေါက် ဆောင်ရွက်မှု ရှိစေရန်အတွက်လည်း တာဝန်ရှိလေသည်။ အတွင်းရေးမှူးသည် ကော်မရှင်၏ နေ့စဉ်နှင့်အမျှ လည်ပတ်နေမှုကို စီမံခန့်ခွဲသော အထွေထွေအတွင်းရေးမှူးဌာနကို ဦးဆောင်လေသည်။ အထွေထွေအတွင်းရေးမှူးဌာနတွင် ဒုတိယ CEO ၊ ညွှန်ကြားရေးမှူး ၉ ဦးနှင့် မန်နေဂျာ ၁၇ ဦးရှိသည်။ လက်ရှိ ညွှန်ကြားရေးမှူးအဖွဲ့ထဲတွင် မဲဆန္ဒရှင်မှတ်ပုံတင်ရေးနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ဆိုင်ရာဌာန၊ ICT၊ လူ့အရင်းအမြစ်နှင့် အုပ်ချုပ်ရေး၊ မဲဆန္ဒရှင်များ အသိပညာပေးရေးနှင့် လက်တွဲလုပ်ကိုင်ရေး၊ ဘဏ္ဍာရေးနှင့် အထောက်အပံ့ရယူမှု ဥပဒေရေးရာနှင့် အများပြည်သူဆိုင်ရာကိစ္စများ၊ သုတေသနနှင့် တိုးတက်ရေးဆိုင်ရာဌာန၊ ဘေးအန္တရာယ်များနှင့် စည်းကမ်းလိုက်နာမှုနှင့် နိုင်ငံရေးပါတီများ၏ မှတ်ပုံတင်စာရင်းများထိန်းသိမ်းရေး အရာရှိတို့ပါဝင်သည်။ ညွှန်

ကြားရေးဌာန တစ်ခုချင်းစီကို မန်နေဂျာအဖွဲ့တစ်ဖွဲ့စီ၊ အရာရှိနှင့် ဝန်ထမ်းအငယ်များက ထောက်ပံ့ကူညီသည်။ ကော်မရှင်တွင်ဒေသဆိုင်ရာ ရွေးကောက်ပွဲပူးပေါင်းဦးစီးသူများက အုပ်ချုပ်သော ဒေသဆိုင်ရာရုံး ၁၇ ခုရှိပြီး မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲပူးပေါင်းဦးစီးသူများက အုပ်ချုပ်သော မဲဆန္ဒနယ်အရာရှိပေါင်း ၂၁၀ ဦး ရှိကာ ၎င်းတို့သည် ဒေသတွင်းရှိကော်မရှင်၏ လုပ်ငန်းတာဝန်များကို ပူးပေါင်းဦးစီးရန်အတွက် တာဝန်ရှိလေသည်။

## ကော်မရှင်အား ဘဏ္ဍာငွေထောက်ပံ့ခြင်း

လွတ်လပ်သော ရွေးကောက်ပွဲ နယ်နိမိတ်သတ်မှတ်ရေးကော်မရှင် (IEBC) ကို အစိုးရက ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မဆက်စပ်တော့သော လွတ်လပ်သော ဘတ်ဂျက်ငွေထဲမှာ ပါလီမန်လွှတ်တော်မှ တစ်ဆင့် ဘဏ္ဍာငွေ ထောက်ပံ့လေသည်။ ပါလီမန်လွှတ်တော်အနေနှင့် ကော်မရှင်ကို ၎င်း၏ တာဝန်များ လုပ်ဆောင်နိုင်ရန်အတွက် လုံလောက်သော ဘဏ္ဍာငွေများထောက်ပံ့ရန် တာဝန်ရှိသည်။ မည်သို့ပင် ဆိုစေကာမူ ကော်မရှင်၏ ဘဏ္ဍာငွေများသည် အခြားသော ငွေကြေးများဖြစ်သော ဆုကြေး၊ လက်ဆောင်၊ အလှူငွေများ သို့မဟုတ် အခြားသော ကော်မရှင်သို့ချီးမြှင့် ပေးအပ်ထားသော အရာများဖြစ်နိုင်ပြီး ဘဏ္ဍာငွေများသည်လည်း တာဝန်ထမ်းဆောင်နေစဉ်တွင် ပိုင်ဆိုင်သွားသော သို့မဟုတ် ထပ်တိုးလာသည်တို့ ဖြစ်နိုင်လေသည်။

ဘဏ္ဍာငွေလက်ခံမှု လုပ်ငန်းစဉ်သည် IEBC ဘက်မှ ဘဏ္ဍာရေးနှစ် တစ်နှစ်ချင်းစီအတွက် ဘတ်ဂျက်ငွေ အဆိုတင်သွင်းပြီး ငွေတိုက်ဌာနသို့ စာရင်းတင်လိုက်ရခြင်းဖြစ်သည်။ ဘတ်ဂျက်ငွေကို လက်ခံပြီးသောအခါ ပါလီမန်လွှတ်တော်သို့စဉ်းစားကာ အတည်ပြုချက်ပေးရန် တင်သွင်းရသည်။ အတည်ပြုပြီးသောအခါ ထိုငွေများသည် ကော်မရှင် ဘဏ္ဍာငွေအကုန်လုံး ထိန်းသိမ်းရာဖြစ်သော အထူးဘဏ္ဍာငွေစာရင်းထဲသို့ ထည့်သွင်းလေသည်။ ထိုစုပေါင်းထားသော ဘဏ္ဍာငွေများကို ကော်မရှင်အတွင်းရေးမှူးမှ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးနှင့် သက်ဆိုင်သောဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံခန့်ခွဲလေသည်။ ထိုဘဏ္ဍာငွေထဲမှပင် ကော်မရှင်မှ ၎င်းတာဝန် ထမ်းဆောင်ခြင်းနှင့် သက်ဆိုင်သော ကျသင့်သည့် ကုန်ကျစရိတ်များကို ပေးချေရမည်။ ယခင်က လစာနှင့်ထောက်ပံ့ငွေများသည် စုပေါင်းဘဏ္ဍာငွေများအတွက် ကျသင့်သော စရိတ်များဖြစ်သော်လည်း ပြောင်းလဲပြီးချိန်မှစ၍ IEBC မှ ကျသင့်သော စရိတ်များ ပုံမှန်ကုန်ကျလေ့ရှိသော စရိတ်များနှင့် ပြန်လည်ပြုပြင်ပြောင်းလဲရေးအတွက် ကုန်ကျသောစရိတ်များနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ် ကုန်ကျစရိတ်များသည်လည်း ယခုအချိန်တွင် စုပေါင်းထားသော ဘဏ္ဍာငွေအတွင်းမှ ပေးဆောင်နေရပြီဖြစ်သည်။

IEBC ၏ ရှိရှိသမျှသော ရွေးကောက်ပွဲကုန်ကျငွေများကို စုပေါင်းဘဏ္ဍာငွေထဲမှ ယူခြင်းဖြင့် ကော်မရှင်၏ ဘဏ္ဍာရေးဆိုင်ရာလွတ်လပ်မှုကို တိုးတက်စေနိုင်ခဲ့သော်လည်း IEBC အနေနှင့် ၎င်း၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်ရန်အတွက် သက်ဆိုင်ရာအာဏာပိုင်ထံမှလုံလောက်သော ဘဏ္ဍာငွေကို အချိန်မီရရေးတွင် အခက်အခဲများ ဆက်လက်ကြုံတွေ့နေရသေးသည်။ ထို့ကြောင့် သည်ပင်လျှင် UNDP မှ ဦးစီးသော ကင်ညာနိုင်ငံ ရွေးကောက်ပွဲထောက်ပံ့ရေးအစီအစဉ်မှ တစ်ဆင့် ထောက်ပံ့လေ့ရှိသော အလှူရှင်ဘဏ္ဍာငွေထောက်ပံ့မှုနှင့် အကူအညီများကို ကော်မရှင်အနေနှင့် မှီခိုမှု ကြာမြင့်စေသည်။ IEBC ကို နယ်ပယ်အမျိုးမျိုးတွင် သက်ဆိုင်ရာ နည်းပညာ အထောက်အပံ့ပေးရန်အတွက် အထူးကူညီလှူဒါန်းသော အလှူရှင်များလည်းရှိသည်။ သက်တမ်းအစောပိုင်းကာလတွင် အလှူရှင်များသည် IEBC ကို ဒီမိုကရက်တစ် အစိုးရ အလှူရှင်အုပ်စု (DGDG) ၏ ရွေးကောက်ပွဲ အဖွဲ့ခွဲအောက်မှနေပြီး ဘဏ္ဍာငွေခွဲဝေပေးမည်ဟု ကတိကဝတ်ပြုထားခြင်းဖြစ်သည်။ ထိုအထောက်အပံ့သည်လည်း ပြန်ကျင့်သုံး

ရန်လိုအပ်ပြီး ခွဲတမ်းဘဏ္ဍာများလည်း ချမှတ်ပေးရန်လိုအပ်လေသည်။ အဘယ်ကြောင့်ဆိုသော် IEBC အနေနှင့် ၎င်း၏ ဘတ်ဂျက်ငွေအရင်းအနှီးလိုအပ်ချက်အတွက် အစိုးရဘဏ္ဍာငွေ အထောက်အပံ့မှ မရနိုင်သောကြောင့် ဖြစ်သည်။

## ကော်မရှင်၏ တာဝန်ခံနိုင်မှု

IEBC အနေနှင့် ၎င်းလုပ်ဆောင်နေသော လုပ်ငန်းအကုန်လုံးရှိ အစီရင်ခံစာတင်သော အချက်များကို စောင်ကြည့်လေ့လာရန်လိုသကဲ့သို့ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ဘဏ္ဍာငွေများကိုစီမံခန့်ခွဲရာတွင် သုံးသော စာရင်းအင်းတွက်ချက်မှုဆိုင်ရာ အဆင့်များကိုလည်း စောင့်ကြည့်လေ့လာရပြီး ထိုသို့ပြုရသည်မှာလည်း IEBC အက်ဥပဒေမှ ပုဒ်မ ၂၀နှင့် ၂၃ အတိုင်း လုပ်ရခြင်းဖြစ်သည်။ ကော်မရှင်အနေနှင့် ၎င်း၏နှစ်စဉ်အစီရင်ခံစာများကို သမ္မတထံသို့တင်သွင်းရန်လိုအပ်ပြီး တစ်နှစ်ကုန်ပြီးတိုင်း သုံးလအတွင်း ပါလီမန်လွှတ်တော်ထံသို့တင်သွင်းရသည်။နှစ်စဉ်အစီရင်ခံစာတွင် ကော်မရှင်၏ ဘဏ္ဍာငွေပိုင်းဆိုင်ရာ အဆိုပြုချက်များ၊ ၎င်းလုပ်ခဲ့သော အရာများနှင့် အခြားသောကော်မရှင်အနေနှင့် သက်ဆိုင်သည်ဟု ယူဆသော အချက်အလက်များ ပါဝင်သည်။ ကော်မရှင်ဘက်မှလည်း ထိုနှစ်စဉ်အစီရင်ခံစာကို အစိုးရသတင်းစာတွင် ထည့်သွင်းထုတ်ဝေရန်လိုအပ်ပြီး အနည်းဆုံးနိုင်ငံပိုင် သတင်းစာတစ်စောင်တွင်ပါရမည်။

IEBC ၏ ပုဒ်မ ၂၀ မှ ၂၂ တွင် ကော်မရှင်မှ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ ဘဏ္ဍာငွေ အစီရင်ခံချက်များနှင့် သက်ဆိုင်သော ထပ်မံပြဋ္ဌာန်းချက်များ ပါဝင်သည်။ ၎င်း၏ ဝင်ငွေ၊ အသုံးစရိတ်နှင့် ပိုင်ဆိုင်မှုများကို စနစ်တကျ စာအုပ်စာတမ်း မှတ်တမ်းမှတ်ရာများနှင့် စာရင်းပြုစုရန် လိုအပ်လေသည်။ ထိုမှတ်တမ်းများကို စာရင်းစစ်ချုပ်ထံသို့ ဘဏ္ဍာရေးနှစ်တစ်နှစ်ကုန်တိုင်း သုံးလအတွင်းတွင် စာရင်းစစ်ချုပ်ထံသို့ တင်သွင်းရလေပြီး၎င်း၏ ဝင်ငွေ/အသုံးစရိတ်နှင့် ပိုင်ဆိုင်မှု/တာဝန်ရှိမှုတို့ကို ဖော်ပြထားသော အဆိုများနှင့်ပါ ပူးတွဲတင်သွင်းရမည်ဖြစ်သည်။

## ရွေးကောက်ပွဲဌာနများ၏ ပညာရှင်ဆန်မှု

IEBC ၏ လုပ်ဆောင်ပုံ စည်းမျဉ်းစည်းကမ်းများသည် ပညာရှင်ဆန်မှုအပေါ်တွင် အထူးအားပြုလေသည်။ ၎င်းအနေနှင့် ကော်မရှင်မှာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများလိုက်နာရန် လိုအပ်သော ဂုဏ်သိက္ခာပိုင်း၊ ရိုးသားမှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် ပညာရှင်ဆန်မှုတို့နှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များ အများအပြားရှိလေသည်။ ရှိရှိသမျှသော အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ၎င်းတို့၏တာဝန်ကို ထမ်းဆောင်ရာတွင် ဂုဏ်သိက္ခာရှိရှိလုပ်ဆောင်ရန်၊ ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များကို လေးစားသမှုနှင့် ဆက်ဆံရန်၊ ၎င်းတို့နှင့် ဆက်ဆံသောသူများ၏ အခွင့်အရေးကို လေးစားမှုရှိရန်နှင့် ၎င်းတို့၏ တာဝန်များကို ပညာရှင်ဆန်၊ ထိရောက်၊ ပွင့်လင်းမြင်သာပြီး ထိရောက်စွာတရားဥပဒေနှင့်အညီ ဆောင်ရွက်ရန် လိုအပ်လေသည်။

ဥပမာအားဖြင့် ထိုအက်ဥပဒေမှဖွင့်ဆိုထားသည်မှာ ထိုကော်မရှင်၏အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းသည် ဌာနတွင် တာဝန်ထမ်းဆောင်နေစဉ် ကော်မရှင်အဖွဲ့ဝင်ဖြစ်ခြင်းကြောင့် သိရှိလာရသော လျှို့ဝှက်သတင်းအချက်အလက်များကို မိမိအကျိုးအတွက်သုံးခြင်း သို့မဟုတ် အကျိုးအမြတ်ရှာခြင်းတို့ မလုပ်ရန် ထုတ်ပြန်ထားလေသည် အဖွဲ့ဝင်များ သို့မဟုတ် ဝန်ထမ်းများအနေနှင့်လည်း ၎င်းတို့၏ ကိုယ်ရေးကိုယ်တာကိစ္စများကို ၎င်းတို့၏ဌာနနှင့် ကော်မရှင်တစ်ခုလုံးအပေါ် ပြည်သူ့ယုံကြည်စိတ်ချမှု မလျော့ကျစေမည့်နည်းဖြင့် လုပ်ဆောင် ကိုင်တွယ်ရမည်။ ထို့ကြောင့် လုပ်ဆောင်နည်း စည်းမျဉ်းစည်းကမ်းများသည် ဝန်ထမ်းများ၏ လုပ်ဆောင်ပုံအားပညာရှင်ဆန်ခြင်းကို အားကောင်းအောင်လုပ်ပေးပြီး ပညာရှင်ဆန်သော အရည်အသွေးများတက်လာစေရန်အတွက်လည်း ပြဋ္ဌာန်းချက်များ အမြောက်အမြား ပြသလေသည်။

IEBC ဘက်မှလည်း ကော်မရှင်၏ သင့်တော်သော အတွင်းပိုင်း ဒီမိုကရေစီလုပ်ရှားမှုပိုင်းဆိုင်ရာကို ဖြေရှင်းပေးလေပြီး စည်းမျဉ်းစည်းကမ်းများကိုလိုက်နာပါက အုပ်ချုပ်မှုကို ကောင်းမွန်စေပြီး၊ ပညာရှင်ဆန်ကာ ယုံကြည်ရနိုင်မှုကိုလည်း မြင့်တက်စေလိမ့်မည်။ အက်ဥပဒေ၏ ဒုတိယအပိုင်းသည် အစည်းအဝေးများကို ပုံမှန်လုပ်၊ အစည်းအဝေးတစ်ခုချင်းစီ၏မှတ်တမ်းများကို သေချာမှတ်တမ်းတင်ပြီး အကျိုးစီးပွား ဝိရောဓိဖြစ်နိုင်ပါက အဖွဲ့ဝင်များအနေနှင့် ရှင်းလင်းသော စည်းမျဉ်းနှင့် လုပ်ဆောင်ချက်များကို လိုက်နာကာ ကော်မရှင်၏ စီးပွားရေးကိစ္စများကို စည်းမျဉ်းသတ်မှတ်ရန် ရည်ရွယ်သည်။ ထိုပြဋ္ဌာန်းချက်များသည်လည်း ကော်မရှင်အနေနှင့် ၎င်း၏အရေးအရာကိစ္စများကို ဒီမိုကရေစီကျပြီး ပွင့်လင်း မြင်သာသော ပုံစံဖြင့် လုပ်ဆောင်နိုင်ရန် ကူညီလိမ့်မည်။

## ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေးနှင့်ဆိုင်သော တာဝန်များ

အခြေခံဥပဒေက ပါလီမန်လွှတ်တော်ကို ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများအချိန်မီဖြေ ရှင်းနိုင်သော ယန္တရားတစ်ခု တည်ထောင်နိုင်ရေးသော ဥပဒေပြုချက် ပြဋ္ဌာန်းရန်အတွက် တောင်းဆိုထားလေသည်။ ပုဒ်မ ၈၈(၄)(င) က IEBC အား ရွေးချယ်ရေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသော ပဋိပက္ခများ အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများဖြေရှင်းရန် တာဝန်ပေးထားသော်လည်း ရွေးကောက်ပွဲ လက်မှတ်ရေးထိုး ဆန္ဒထုတ်ဖော်မှုနှင့် ရွေးကောက်ပွဲရလဒ်ကြေငြာရာမှ နောက်ဆက်တွဲဖြစ်ပေါ်လာသော ပဋိပက္ခများအတွက် မပါဝင်ပါ။ အခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်ကို တုံ့ပြန်သည့်အနေနှင့် ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲ အက်ဥပဒေတွင် ရွေးကောက်ပွဲ ပဋိပက္ခဖြေရှင်းခြင်းနှင့် သက်ဆိုင်ကိုင်တွယ်သော ပြဋ္ဌာန်းချက်များ အမြောက်အမြား (အထူးသဖြင့် အပိုင်း ၆ တွင်) ပါဝင်လာသည်။ အပိုင်း ၆ တွင် ကော်မရှင်အနေနှင့် ဖြေရှင်းသင့်သော ရွေးကောက်ပွဲလက်မှတ်ရေးထိုး ဆန္ဒပြမှုများအတွက် အချိန်အတိုင်းအတာအကန့်အသတ်ကိုလည်း အတိအကျဖော်ပြထားလေသည်။

ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေနှင့်အညီ၊ ပဋိပက္ခများသည် ၎င်းတို့ကော်မရှင်နှင့် စတင်ဖြစ်ပေါ်ချိန်မှစပြီး ခုနစ်ရက်အတွင်း အဆုံးအဖြတ်ပေးရမည်။ ပဋိပက္ခတစ်ခုသည် ဖြစ်လတ္တံ့သော လက်ရွေးစဉ်ရွေးချယ်မှု သို့မဟုတ် ရွေးကောက်ပွဲနှင့် ဆက်စပ်နေသောအခါ ၎င်းကို ထိုရွေးကောက်မှု သို့မဟုတ် ရွေးကောက်ပွဲမတိုင်မီတွင် စီရင်ချက်ချဆုံးဖြတ်ပေးရမည်။ ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေကလည်း IEBC က ရလဒ်ကြေငြာအပြီး အချိန်အတိုင်းအတာ ၂၈ ရက် အတွင်းတွင်ရွေးကောက်ပွဲဆိုင်ရာ ဆန္ဒခံယူလက်မှတ်ရေးထိုးမှုများကို တင်သွင်းနိုင်ကြောင်း ချမှတ်ပေးထားသည်။[၇] ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေသည် IEBC ကို မကျေနပ်ချက်များအား ဖြေရှင်းပေးနိုင်သော ယန္တရားစနစ်ကို ပေးစွမ်းနိုင်သော စည်းမျဉ်းများလုပ်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများဖြေရှင်းရန် အာဏာပေးအပ်ထားသော်လည်း ထိုကိစ္စမျိုးနှင့် ပတ်သက်သော လမ်းညွှန်ချက်များမှာမူ မလုပ်ရသေးပေ။

ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် ဖော်ထုတ်ရန်အတွက် ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာများကိုပေးအပ်ထားခြင်း ခံရလေသည်။ IEBC အနေနှင့် စုံစမ်းစစ်ဆေးရေးနှင့် တရားစွဲဆိုရေးဆိုင်ရာဝန်ထမ်းများကို ၎င်း၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် စတင်စုဆောင်းခဲ့ပြီးဖြစ်သည်။ ဥပဒေမှ ပြဋ္ဌာန်းထားသော်လည်း ယနေ့ထက်ထိ IEBC အနေနှင့် လက်တလောကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲအချို့တွင် (မဲဝယ်ခြင်းနှင့် မဲဆန္ဒရှင်များအား လာဘ်ထိုးခြင်း) တွေ့ရခဲ့ခြင်းမှအပ အခြားမည်သို့သော ရွေးကောက်ပွဲဆိုင်ရာ မသမာမှုမျိုးကိုမှ ကိုင်တွယ်ဖြေရှင်းရခြင်း မရှိသေးချေ။

## ပါဝင်ပတ်သက်သူများနှင့် မီဒီယာဆက်ဆံရေး

၂၀၀၇ ရွေးကောက်ပွဲကာလတွင် ပဋိပက္ခဖြစ်ပွားခဲ့စဉ်က မီဒီယာဘက်ကို ပြင်းထန်သော တုံ့ပြန်မှုများ လာခဲ့လေသည်။ လွတ်လပ်သော လေ့လာသုံးသပ်ရေး ကော်မတီ (IREC) ဘက်မှ အစီရင်ခံစာတင်ခဲ့ရာတွင် အထူးသဖြင့် မီဒီယာကိုဖော်ပြမှုများ မှားယွင်းကြောင်းအပြစ်အနာအဆာများနှင့် အချင်းများစေပြီး ပါတီဘက်လိုက်မှုများရှိသော ထုတ်လွှင့်မှုများရှိခဲ့ခြင်းများကို အစီရင်ခံတင်ပြခဲ့သည်။ အစိုးရကိုယ်တိုင်ကလည်း မီဒီယာစည်းကမ်းသတ်မှတ်ရေးအတွက် ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်မှာလည်း ချို့နဲ့လှပေသောကြောင့် အပြစ်အနာအဆာ မကင်းပေ။ ဥပဒေပြုချက်အဟောင်းတို့အပေါ် ဥပဒေပြုချက်အသစ်များနှင့် ပြင်ဆင်ချက်များပြုလုပ်လိုက်ပြီး ထိုမူဘောင်များကို ပိုမိုခိုင်မာစေခဲ့သည်။ ဥပမာအားဖြင့် အခြေခံဥပဒေရှိ ပုဒ်မ ၃၄သည် မီဒီယာလွတ်လပ်ခွင့်ကိုအာမခံထားပြီး ထုတ်ပြန်ရှင်းလင်းထားသည်မှာ နိုင်ငံပိုင်မီဒီယာအားလုံး ဘက်မလိုက်ဘဲလွတ်လပ်ခွင့်ရရှိကာ ၎င်းတို့၏ ထုတ်လွှင့်သော အရာများနှင့် အခြားသော ဆက်သွယ်ရေးများကို အကြောင်းအရာများတည်းဖြတ်ရာတွင် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟုဆိုသည်။ တိုင်းပြည်တစ်ဝှမ်းလုံးရှိ မီဒီယာများအနေနှင့်လည်း မတူကွဲပြားသောအမြင်များနှင့် ဆန့်ကျင်ငြင်းပယ်သော ထင်မြင်ယူဆချက်များကို တင်ပြထုတ်ဖော်နိုင်ခွင့် မျှမျှတတရှိရမည်ဖြစ်သည်။ အခြေခံဥပဒေမှ ပါလီမန်လွှတ်တော်ကို  မီဒီယာစံနှုန်းများကို သတ်မှတ်ရေးအတွက် တာဝန်ရှိပြီး ထိုသတ်မှတ်ထားသောစံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊မရှိ စစ်ဆေးရန်နှင့် စည်းမျဉ်းသတ်မှတ်ရန်အတွက် တာဝန်ရှိသော လွတ်လပ်သောဌာနတစ်ခုတည်ထောင်ရေးအတွက် ပြဋ္ဌာန်းထားသောဥပဒေပြုချက်များကို ထုတ်ပြနိုင်ခွင့် ပေးအပ်ထားလေသည်။

ပါလီမန်ဘက်မှလည်း မီဒီယာစည်းမျဉ်းနှင့် ပတ်သက်သောအချို့သောစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ကင်ညာနိုင်ငံ ဆက်သွယ်ရေး ပြင်ဆင်မှုဆိုင်ရာ အက်ဥပဒေ (၂၀၀၉) ကို ထုတ်ပြန်ခဲ့သည်။ ထိုအက်ဥပဒေမှ ထုတ်လွှင့်သော အကြောင်းအရာများကို အကြံပေးသော ကောင်စီတစ်ခုကို ဖွဲ့စည်းရန်ပြဋ္ဌာန်းခဲ့ပြီး ထိုကောင်စီသည်လည်း ဇွန်လ ၂၀၁၀ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ အခြားသော သက်ဆိုင်ရာ ဥပဒေရေးရာ လုပ်ဆောင်မှုများအနေနှင့်လည်း ၂၀၁၀ မီဒီယာ အက်ဥပဒေပါဝင်ခဲ့ပြီး ကင်ညာနိုင်ငံမီဒီယာကောင်စီကိုတည်ထောင်ရန် ပြဋ္ဌာန်းခဲ့ပြီး မီဒီယာ၏ လုပ်ဆောင်ချက်များကို စည်းကမ်းကြပ်မတ်ရန်အတွက် တာဝန်ပေးအပ်ခဲ့လေသည်။ သို့သော်လည်း ပါလီမန်လွှတ်တော်ဘက်မှ မီဒီယာ၏ ပညာရပ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုများ တိုးတက်စေရန်အတွက် ဥပဒေမူကြမ်းများပြဋ္ဌာန်းရန် ကျန်ရှိနေသေးသည်။ ထိုကျန်ရှိနေသေးသောအရာများတွင် ၂၀၁၂ခုနှစ် မီဒီယာဥပဒေမူကြမ်းနှင့် ၂၀၁၂ ခုနှစ် သတင်းအချက်အလက်ဆိုင်ရာ လွတ်လပ်ခွင့်မူကြမ်းတို့ဖြစ်သည်။

မီဒီယာကောင်စီဘက်မှလည်း ၂၀၁၃ ရွေးကောက်ပွဲမတိုင်မီတွင် ပညာရှင်ဆန်သောလုပ်ဆောင်မှုများနှင့် အစီရင်ခံစာတင်မှုများ ကျိန်းသေပေါက်ဖြစ်နိုင်ရန်အတွက် လမ်းညွှန်ချက်များကို ထုတ်ဝေခဲ့သည်။ IEBC သည်လည်း မီဒီယာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးတွင် လမ်းညွှန်ချက်များ တည်ထောင်ရေးဆွဲပြီးရွေးကောက်ပွဲနှင့်ဆိုင်သော သတင်းအချက်အလက်များအားလုံးတရားဝင်ထုတ်လွှင့်ရေးအတွက် ဗဟိုဌာနတစ်ခုကို ပေးစွမ်းနိုင်သော မီဒီယာစင်တာတစ်ခုကို တည်ထောင်ခဲ့သည်။ ထိုကဲ့သို့သော အောင်မြင်မှုများ မည်မျှပင်ရနေပါစေ ယနေ့ထိ ရွေးကောက်ပွဲကာလအတွင်း မီဒီယာကိုတန်းတူရည်တူ အခွင့်အလမ်းပေးနိုင်မည်ဟု အာမခံနိုင်သော ဥပဒေမရှိသေးခြင်းပင်ဖြစ်သည်။ ၂၀၁၁ခုနှစ် ရွေးကောက်ပွဲအက်ဥပဒေသည်လည်း IEBC (လွတ်လပ်သော ရွေးကောက်ပွဲ နယ်နိမိတ်သတ်မှတ်ရေးကော်မရှင်) ကို မီဒီယာလွတ်လပ်ခွင့်အတွက် လိုအပ်သောစည်းမျဉ်းများ ပြဋ္ဌာန်းနိုင်ရန်အာဏာ ပေးအပ်ခဲ့လေသည်။ သို့သော်လည်း ထိုအရာများမှာ အကောင်အထည်မဖော်ရသေးပေ။

တရားဥပဒေမူဘောင်မှ နိုင်ငံတော်အဆင့်နှင့် ကောင်တီအဆင့်တွင် IEBC စနစ်တကျ တည်ဆောက်ပြီးဖြစ်သော အပြန်အလှန်ဆွေးနွေးမှုနှင့် တိုင်ပင်ဆွေးနွေးမှုများကို ပြုလုပ်နိုင်ရန်အတွက် ပြဋ္ဌာန်းဥပဒေနှင့်အညီတည်ထောင်ထားသော ဌာနတစ်ခုအဖြစ် ဥပဒေမူဘောင်မှ တည်ထောင်ထားသော နိုင်ငံရေးပါတီများ အပြန်အလှန်ဆက်နွယ်ရေးကော်မတီ (PPLC) အပါအဝင် ကော်မရှင်ဘက်မှ ပါဝင်ပတ်သက်သူများ၊ အထူးသဖြင့် နိုင်ငံရေးပါတီများနှင့် တိုင်ပင်ဆွေးနွေးမှုကို ချောမွေ့စေရန် အခြားသော အားစိုက်ထုတ်မှုများဖြင့် ကူညီပေးထားလေသည်။ IEBC ဘက်မှလည်း လောလောလတ်လတ်တွင် နိုင်ငံရေးပါတီများ၏ ကျင့်သုံးပုံများကို ကူညီလမ်းပြနိုင်ရန်အတွက် လမ်းညွှန်ချက်များကို ထုတ်ပြန်ထားပေးပြီး IEBC ၏ လူမှုဖိုရမ်နှင့် ပြည်သူများထံ အရောက်ကူညီနိုင်ရေးအတွက် စွန့်ဦးလုပ်ရှားမှုများကဲ့သို့ IEBC ၏ လုပ်ဆောင်မှုများတွင် စောင့်ကြည့်လေ့လာသူများအား ပါဝင်စေနိုင်ပြီး အလှူရှင်များအား IEBC နှင့် ပိုမိုနီးနီးကပ်ကပ်ဆက်သွယ်နိုင်စေရန်အထောက်အကူဖြစ်စေသော စနစ်ကျဖွဲ့စည်းတည်ဆောက်ထားသည့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များမှ တစ်ဆင့်လည်း ပါဝင်ပတ်သက်သူများအားလုံးကို သတင်းအချက်အလက်များ ပုံမှန်ပေးလျက်ရှိသည်။ ထိုကဲ့သို့ အားစိုက်ထုတ်နေသည့်ကြားမှ IEBC ပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးရေးမှာ မလုံလောက်သေးဟူသော ထင်မြင်ချက်များပေါ်ထွက်လာသေးလေသည်။ ထို့ကြောင့် ပိုမိုကြိုးမားပြီး အကြိမ်ရေစိတ်သော အစည်းအဝေးများပြုလုပ်ရန်အတွက် စဉ်းစားထားသင့်သည်။

## ရွေးကောက်ပွဲဆိုင်ရာ နည်းပညာအသစ်များ စီမံခန့်ခွဲရေးနှင့် ရယူနိုင်ရေးအတွက် စွမ်းဆောင်ရည်

၂၀၁၁ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း သင့်တော်သော နည်းပညာ ပေါင်းထည့်ရေးအတွက် ပြဋ္ဌာန်းထားလေသည်။ ၎င်း၏ ပြဋ္ဌာန်းချက်များနှင့်လည်းညီ ၂၀၀၇ ခုနှစ်၏ ရွေးကောက်ပွဲစိန်ခေါ်မှုများကိုလည်း တုံ့ပြန်သည့်အနေနှင့် IEBC အနေနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြဿနာအချို့ကို ဖြေရှင်းရန်အတွက် နည်းပညာအသစ်အမျိုးမျိုးကို မိတ်ဆက်လာကြသည်။ ပထမတစ်ခုမှ အီလက်ထရွန်းနစ် မဲဆန္ဒရှင် မှတ်ပုံတင်စနစ်( EVR) နှင့် အီလက်ထရွန်းနစ် မဲစာအုပ်ဖြစ်သည်။ ဘိုင်အိုမက်ထရစ် အချက်အလက်များဖြစ်သော လက်ဗွေနှင့် ဓာတ်ပုံများကိုအသုံး ပြုခြင်းသည် မှတ်ပုံတင်စာရင်းအများအပြားကို လွယ်ကူစွာလမ်းကြောင်းလိုက်နိုင်ရေးအတွက် အကူအညီပေးလေသည်။ ၎င်းအနေနှင့် မဲဆန္ဒရှင်၏ ကိုယ်ရေးအချက်အလက် အသေးစိတ်များကို နေရာတွင်ပင်ကြည့်နိုင်သောကြောင့် အလုပ်တွင်ပြီး တိကျမှုကိုပေးလေသည်။ အီလက်ထရွန်းနစ် မဲဆန္ဒရှင် မှတ်ပုံတင်စနစ် (EVR) ကို ၂၀၁၀ ပြည့်နှစ် နိုင်ငံလုံးကျွတ် ဆန္ဒခံယူပွဲတွင် အောင်အောင်မြင်မြင် အသုံးပြုနိုင်ခဲ့ပြီး အခြားသော လွှတ်တော်နှင့် မြို့နယ်ဆိုင်ရာ ကြားဖြတ်ရွေးကောက်ပွဲ များတွင် ထိုအချိန်မှစပြီး အသုံးပြုနိုင်ခဲ့သည်။ IEBC အနေနှင့် ရွေးကောက်ပွဲအပြီး ပဋိပက္ခများကို ဖြစ်ပွားစေနိုင်သော ရွေးကောက်ပွဲစာရင်းကြေငြာရာတွင် နှောင့်နှေးစေနိုင်သည့် ပြဿနာကို ဖြေရှင်းနိုင်သည့် အီလက်ထရွန်းနစ် မဲရေတွက်ရေးနှင့် ထုတ်လွှင့်ရေးစနစ် (EVT) ကိုလည်း ၂၀၁၂ ခုနှစ်တွင် မိတ်ဆက်နိုင်ခဲ့သည်။ E-မှတ်ပုံတင်စနစ်၊ E-မဲပေးစနစ်၊ E-ရလဒ်ထုတ်ပြန်ကြေငြာရေးတို့ အပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ပြည့်ပြည့်ဝဝ အလိုအလျောက်လည်ပတ်စေလိုခြင်းမှာ IEBC ၏ ရည်မှန်းချက်ဖြစ်သည်။

## မှတ်သားရန်များ

1. Kriegler နှင့် Waki တို့၏ ကင်ညာနိုင်ငံ ၂၀၀၇ ရွေးကောက်ပွဲအစီရင်ခံစာ၊ ဧပြီလ ၂၀၀၉။
2. ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ချက်၊ အပိုင်း ၄၁ (က)။
3. ကင်ညာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၁၅။
4. ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၈ (၅) နှင့် ၂၄၉ (၂)။
5. IEBC အက်ဥပဒေ ၂၀၁၁
6. IEBC အက်ဥပဒေ ၂၀၁၁၊ လေးကြိမ်မြောက်စာတမ်း_ ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ခြင်း လုပ်ထုံးလုပ်နည်းများ။
7. ၂၀၁၁ ရွေးကောက်ပွဲဥပဒေ၊ အပိုင်း ၆။

## ကျမ်းကိုးများ


*Ballot, The*, Official Newsletter of Interim Independent Electoral Commission, 1/1 (February 2011)

Commonwealth Observer Group, *Kenya General Elections, 27 December 2007*

Dundas, Carl W., *Close Elections and Political Succession in the African Union* (Bloomington, IN: Author House, 2012)

Dundas, Carl W., *The Lag of 21st Century Democratic Elections: In the African Union Member States* (Bloomington, IN: Author House, 2011)

Litscher, Jonathan, Mediation Support Project, 'Kenya, The National Accord Reconciliation Act 2008'

Kenya National Dialogue and Reconciliation, *Reforms and Preparedness for Elections Review Report*, May 2012

National Democratic Institute, 'Statement of the Pre-election Delegation to Kenya', May 2012

Ongoza, Z. Elisha and Otieno, Willis E., *Handbook on Kenya's Electoral Laws and Systems* (Johannesburg: Electoral Institute for Sustainable Democracy In Africa, 2012)

Progress project review of the Coordination and Liaison Office of the African Union Panel of Eminent African Personalities, 2009–2010

Yard, Mike, IFES chief of party in Kenya, public seminar on Kenya's new voting technology ahead of the March 2013 general elections, June 2012

# အခန်း ၁၀

# EMB ၏ စွမ်းဆောင်ရည်တို့ကို လေ့လာသုံးသပ်ခြင်း

## အဘယ်ကြောင့် EMB ၏ တာဝန်ယူနိုင်မှုသည် အရေးပါရသနည်း

တာဝန်ယူနိုင်ခြင်းဟူသည် EMB သည် ၎င်း၏လုပ်ဆောင်ချက်များတွင် တာဝန်ရှိသည်ဟူသော အဓိပ္ပာယ်ဖြစ်ပြီး ပါဝင်ပတ်သက်သူများနှင့် ပြည်သူအများစုအား ၎င်း၏လုပ်ဆောင်ချက်များသည် ထိရောက်ပြီး ၎င်း၏ ကြိုတင်ပြဋ္ဌာန်းရေးဆွဲထားသော ဥပဒေ၊ ကျင့်ဝတ်၊ ဝန်ဆောင်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီကြောင်း ပြသရန်အတွက် အထောက်အထားများကို အချိန်မှန်မှန် ပြသနေရမည်။ တာဝန်ယူနိုင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် EMB များကို ၎င်းတို့၏ မူဝါဒများ၊ ရည်ရွယ်ထားသော ရလဒ်များ၊ စွမ်းဆောင်ရည်များနှင့်ပြည်သူနှင့် အခြားသော ဘဏ္ဍာငွေများအပါအဝင် ၎င်းတို့သုံးခဲ့ပြီး သုံးရန်ရည်ရွယ်ထားသော ရင်းမြစ်များနှင့်ဆိုင်သော အကြောင်းအရာများကို လူသိရှင်ကြား ရှင်းရှင်းလင်းလင်း ပြည့်ပြည့်စုံစုံ တင်ပြရန်အတွက် ပြဋ္ဌာန်းထားလေသည်။ ထိုကဲ့သို့သော အချက်မျိုးသည် EMB ၏ စီမံအုပ်ချုပ်ရေး အစိုးရအောက်မှ လွတ်လပ်မှုသည် နိုင်ငံတော်တော်များများတွင်ရှိသော ပြည်သူ့စီမံ အုပ်ချုပ်ရေးဌာနများတွင်ပါသည့် ဝိသေသလက္ခဏာဖြစ်သော ဦးဆောင်စီမံခြင်းတည်းဟူသော တာဝန်ယူမှုမျိုး မပါသော အခါမျိုးတွင် အထူးအရေးပါသည်။

တာဝန်ယူနိုင်ခြင်းသည် EMB လုပ်ငန်းဆောင်ရွက်မှု အပေါ်တွင် ကောင်းကျိုးများ တော်တော်များများရှိလေသည်။ ၎င်းအနေနှင့်လည်း EMB ၏ ပွင့်လင်းမြင်သာမှုကို တိုးတက်စေနိုင်ပြီး အုပ်ချုပ်မှု စနစ်ကောင်းတစ်ခုကိုမြှင့်တင်ကာ ပြည်သူနှင့် အရေးကြီးသောပါဝင်ပတ်သက်သူများ အထူးသဖြင့် နိုင်ငံရေးပါတီများနှင့် အစိုးရဝန်ကြီးဌာနများ၏ ယုံကြည်မှုကိုရရှိနိုင်ရန် ကူညီပေးလေသည်။ သင့်တော် သော တာဝန်ယူနိုင်မှု ယန္တရားစနစ်မရှိခြင်းသည် လုပ်ငန်းလုပ်ဆောင်မှုဆိုင်ရာ ပွင့်လင်းမြင်သာမှု မရှိဟူသော စွပ်စွဲချက်ထံသို့ ဦးတည်သွားနိုင်သည်။

## EMB တာဝန်ခံနိုင်ခြင်းအတွက် အကောင်းဆုံးစည်းမျဉ်းများနှင့် ကျင့်ထုံးများ

ဤစာအုပ်၏ အခန်း ၇ တွင် ဆွေးနွေးပြထားသော ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံမှုစည်းမျဉ်း စည်းကမ်းများသည် EMB ၏ ယေဘုယျ တာဝန်ခံနိုင်မှု အပေါ်တွင်ပါ သက်ရောက်လေသည်။ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် စစ်မှန်ဂုဏ်သိက္ခာရှိခြင်းတို့သည် အထူးအရေးပါလေသည်။ ပွင့်လင်းမြင်သာမှုရှိခြင်းသည်

EMB ၏ လုပ်ဆောင်မှုများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုနှင့် စိတ်ချမှုတို့ကိုတိုးမြင့်စေပြီး မခိုင်လုံသော စွပ်စွဲချက်များမှ ကာကွယ်ပေးနိုင်လေသည်။

EMB တစ်ခုအနေနှင့် ၎င်း၏ တာဝန်ခံနိုင်မှု ဝတ္တရားအောက်တွင် လူသိရှင်ကြားထုတ်ဝေသော သတင်းအချက်အလက်များအပေါ်တွင် လုံလောက်သော အရည်အသွေးပိုင်းဆိုင်ရာ ထိန်းချုပ်မှုထားရှိရန် လိုအပ်လေသည်။ သိလျက်နှင့်ဖြစ်စေ၊ မသိသောကြောင့်ဖြစ်စေ မမှန်သော သို့မဟုတ် မခိုင်လုံသော သတင်းအချက်အလက်များကို ဖြန့်ဝေခြင်းသည် EMB အပေါ် ပြည်သူ၏ ယုံကြည်မှုနှင့် ၎င်း၏ ယုံကြည်ရနိုင်မှု သိက္ခာကျဆင်းလေသည်။ ၎င်းအနေနှင့် အရေးကြီးသော ကိစ္စများတွင် စိတ်မချရသော သတင်းအချက်အလက်များကိုပေးထားကြောင်း တွေ့ထားပါက ပြည်သူများအနေနှင့် EMB ၏ ရွေးကောက်ပွဲရလဒ်များကို မည်မျှပြည့်ပြည့်ဝဝ ယုံကြည်နိုင်ပါမည်နည်း။

## ပါဝင်ပတ်သက်သူများ၏ တာဝန်ခံနိုင်မှု

EMB အနေနှင့် ပါဝင်ပတ်သက်သူများအား တာဝန်ခံရန် ပြဋ္ဌာန်းစနစ်အရရော ပြဋ္ဌာန်း စနစ်အရ မဟုတ်သည်ရော ရှိသည်။ ထိုမှတစ်ဆင့် ပြည်သူတို့ထံတာဝန်ခံရခြင်းဖြစ်သည်။ EMB ၏ တာဝန်ခံနိုင်မှုသည် ပုံစံအဓိကသုံးမျိုးယူလေသည်။

၁။ တိုင်ပင်ဆွေးနွေးမှုနှင့် ဆက်သွယ်ရေး(အလွတ်တန်း) အဓိကကျသော ပါဝင်ပတ်သက်သူများနှင့် ပုံမှန်ဆက်သွယ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိသော လုပ်ဆောင်မှုစနစ်များနှင့် ပုံမှန်အစီရင်ခံစာတင်သော လုပ်ငန်းလုပ်ဆောင်ပုံများမှ တစ်ဆင့်

၂။ စွမ်းဆောင်ရည် တာဝန်ခံမှုရှိခြင်း (ပုံစံတကျ) နှစ်စဉ် လုပ်ဆောင်မှုဆိုင်ရာ အစီရင်ခံစာများကို တင်သွင်းခြင်း သို့မဟုတ် အဓိက ရွေးကောက်ပွဲကြီးများပြီးတိုင်းနှင့် စာရင်းစစ်ခြင်းများနှင့် လွှတ်တော် သို့မဟုတ် အစိုးရနှင့် အခြားအရေးပါသော ပါဝင်ပတ်သက်သူများထံသို့ သုံးသပ် အကဲဖြတ်ချက်များ တင်သွင်းခြင်းမှ တစ်ဆင့်နှင့်

၃။ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံနိုင်မှု (ပုံစံတကျ) EMB သို့ ချမှတ်ပေးထားသော ဘဏ္ဍာငွေများ မည်သို့ အသုံးပြုလိုက်သည်ကို ရှင်းပြရန်အတွက် အခြားသောဌာနများအနက်မှ လွှတ်တော် သို့မဟုတ် အစိုးရသို့ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုချက်နှင့် စာရင်းစစ်ချက်များ ပုံမှန်တင်သွင်းခြင်းပါ ပါလာသော တာဝန်

## တိုင်ပင်ဆွေးနွေးခြင်းနှင့် ဆက်သွယ်မှုပြုခြင်း

ပါဝင်ပတ်သက်သူများနှင့် ပုံမှန်တိုင်ပင် ဆွေးနွေးမှုပြုလုပ်ခြင်းသည် EMB ၏ လုပ်ငန်းဆောင်များအကြောင်းကို ပိုမိုသိရှိစေပြီး ပါဝင်ပတ်သက်သူများကို EMB ၏ လုပ်ဆောင်ချက်များ အပေါ် ၎င်းတို့၏ သုံးသပ်ချက်များကို တိုက်ရိုက်အကြံပေးစေပြီး ဖြစ်နိုင်ချေရှိသော တိုးတက်မှုများအတွက် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်စေရန်ပြုလုပ်ပေးလေသည်။ ထိုကဲ့သို့သော တိုင်ပင်ဆွေးနွေးခြင်းများသည် ပုံမှန်ဖြစ်နိုင်သလို ပွဲအခန်းအနားကြောင့်လည်းဖြစ်နိုင်ပြီး တာဝန်အရလည်းဖြစ်နိုင်သလို ကိုယ်တိုင်စိတ်ပါဝင်စားသောကြောင့်လည်းဖြစ်နိုင်သည်။ ဤစာအုပ်၏ အခန်း၈ တွင် အရေးပါသော ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်မှုပြုခြင်းနှင့်ဆိုင်သော ကိစ္စများအတွက် အသေးစိတ်ဆွေးနွေးထားသောအချက်များ ပါဝင် ပါသည်။

## စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ တာဝန်ခံနိုင်ခြင်း

EMB ၎င်း၏ တာဝန်လုပ်ပိုင်ခွင့်များနှင့် ထိုအရာတို့ အလုံးစုံအကောင်အထည် ဖော်နိုင်စေရေး အတွက် မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များ တည်ထောင်ရာတွင် တာဝန်ရှိလေသည်။

EMB များသည် :

- ရွေးကောက်ပွဲ ဦးစီးစီမံရေးနှင့် လုပ်ဆောင်ရေး
- သက်ဆိုင်ရာဥပဒေများ နှင့် စည်းမျဉ်းများနှင့် ကိုက်ညီစေရန်ဆောင်ရွက်ခြင်းနှင့်
- မဲဆန္ဒရှင်များနှင့်အခြားသောပါဝင်ပတ်သက်သူများကိုအရည်အသွေးကောင်းသောရွေးကောက် ပွဲဆိုင်ရာ ဝန်ဆောင်မှုတို့ပေးရန်အတွက် တာဝန်ရှိလေသည်။

## *အတွင်းပိုင်းစွမ်းဆောင်ရည်အတွက် တာဝန်ခံနိုင်ခြင်း*

အတွင်းပိုင်းစွမ်းဆောင်ရည်တာဝန်ခံနိုင်မှုဟူသည် :

- EMB ၏ အနိမ့်ပိုင်းဌာနများမှာ အနိမ့်ပိုင်းဌာနများကို ၎င်းတို့၏ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာနှင့် ပတ်သက်ပြီး တာဝန်ခံရခြင်းနှင့်
- EMB အတွင်းရှိ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်များကို ယူထားရသော ဝန်ထမ်းများသည် အဖွဲ့ အ စည်းဆိုင်ရာစွမ်းဆောင်ရည်များကို စောင့်ကြည့်သုံးသပ်ခြင်းနှင့် သတ်မှတ်ထားသော ပန်းတိုင်၊ ဝန်ဆောင်မှု အဆင့်များနှင့် စွမ်းဆောင်ရည်စံနှုန်းကို မရောက်ရှိသည့် လုပ်ရပ်များနှင့် သက် ဆိုင်သော လုပ်ဆောင်ချက်များတွင်သက်ဆိုင်သော မှန်ကန်သည့်လုပ်ရပ်များကို လုပ်ဆောင် ခြင်းတို့နှင့်ဆိုင်သော ယန္တရားလုပ်ဆောင်ချက်များ ပါဝင်သည်။

EMB စီမံခန့်ခွဲရေးဌာနဝန်ထမ်း၏ အဓိကတာဝန်သည် ၎င်း၏ဝန်ထမ်းများ၏ တာဝန်ထမ်း ဆောင်မှုတို့မှာ အဆင့်အတန်းမြင့်ပြီး အဖွဲ့အစည်း၏ ဗျူဟာရည်မှန်းချက်များတွင် အခြေစိုက်ထားသော လုပ်ငန်းဆိုင်ရာ စီမံကိန်းများကို ဖြည့်စွမ်းနိုင်ကာ စံနှုန်းများနှင့်ကိုက်ညီရေးဖြစ်သည်။ အတွင်းပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကို အခြေခံသော တာဝန်ခံနိုင်မှုသည် ပုံမှန်အသင်းအဖွဲ့ဆိုင်ရာ စွမ်းဆောင်ရည်များနှင့် စစ်ဆေးရန်အတွက် မွမ်းမံချက်များနှင့် မူဝါဒရေးရာဆိုင်ရာ စွန့်ဦးလုပ်ဆောင်ချက်များအတွက် ရလဒ်ပိုင်း ဆိုင်ရာတို့ကို စဉ်းစားခြင်းတို့လုပ်ရန်နှင့် တင်သွင်းရန်အတွက် အကြီးတန်းဝါရင့် EMB အထွေထွေအတွင်း ရေးမှူးဌာန ဝန်ထမ်းများလိုအပ်သည်။ EMB များအနေနှင့်လည်း အထွေထွေအတွင်းရေးမှူးဌာန၏ ခေါင်း ဆောင်၏ စွမ်းဆောင်ရည်ကို ပုံမှန်စစ်ဆေးရန်အတွက် ထိုပူးပေါင်းလုပ်ဆောင်သော ဘုတ်အဖွဲ့ နည်းစနစ် ကိုသုံးရန် စဉ်းစားလျက်ရှိသည်။

စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ မျှော်မှန်းသုံးသပ်ချက်များသည်လည်း EMB ၏ဗျူဟာနှင့်လုပ်ဆောင် မှုပိုင်းဆိုင်ရာ စီမံကိန်းများတွင် ချမှတ်ထားသည့် စွမ်းဆောင်ရည်ပြသသည့် အရာများနှင့် သက်ဆိုင်သော အရာများနှင့် ၎င်းတို့ကို တည်ထောင်စဉ်ကတည်းက ချမှတ်ထားသော မျှော်လင့်ထားသော ရလဒ်များ နှင့်အညီဖြစ်သင့်သည်။ ထိုအရာများသည်လည်း ထင်ရှားသော အဆင့်ဆင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်း အဖွဲ့များ (ညွှန်ကြားရေးမှူးများ၊ ဌာနကြီးများ၊ ဌာနခွဲများနှင့် ဌာနပိုင်းများ) အတွက် အဖွဲ့အစည်း၏ တည် ဆောက်ပုံအတင် ထပ်မံအကျယ်တဝင့်ရှင်းပြခြင်းတို့ လုပ်ရန်လိုအပ်သည်။ တစ်ခုချင်းစီတွင်လည်း မည်သို့ လုပ်မည်၊ မည်သူလုပ်မည်ဟူသော စီမံကိန်းထားသင့်ပြီး တိုးတက်မှုရလဒ်များကိုလည်း ကြီးကြပ်ကြည့်ရှု

သွားမည်ဖြစ်ပြီး အကဲဖြတ်သုံးသပ်သွားမည်လည်း ဖြစ်သည်။ ထိုကဲ့သို့သော စီမံကိန်းမျိုးသည် ဝန်ထမ်းများအနက်မှ တစ်ဦးချင်းစီအတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာ အလုပ်များ၏ အခြေခံအဖြစ် ဖွဲ့စည်းထားသင့်သည်။

EMB များသည်လည်း အတွင်းပိုင်းဆိုင်ရာ တာဝန်ခံမှုကို အားပေးမွေးမြူရန်အတွက် အတွင်းပိုင်း စာရင်းစစ်သည့်လုပ်ဆောင်ချက်စနစ်ကို အသုံးပြုနိုင်သည်။ အတွင်းပိုင်းရှိ စာရင်းစစ်များသည်လည်း ယခင်က မကြာခဏဆိုသလို အထူးသဖြင့် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုအပိုင်းတွင် စည်းမျဉ်းနှင့် မူဝါဒတို့နှင့် ညီမညီ အဖွဲ့အစည်းဆိုင်ရာ စောင့်ကြည့်ချက်များကို ကျဉ်းမြောင်းစွာလုပ်ခဲ့သော်လည်း အတွင်းပိုင်း စာရင်းစစ်ခြင်းသည် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ကိရိယာတစ်ခုအဖြစ် တိုးမြှင့်အသုံးချခြင်း ခံနေရပြီး EMB ၏ လုပ်ငန်းပိုင်းဆိုင်ရာ ထိရောက်မှုများကို တိုးတက်စေရန်အတွက် နည်းလမ်းများကိုရှာဖွေရန် အထက်ပိုင်းစီမံခန့်ခွဲရေးကို အထောက်အပံ့ပြုလျက်ရှိလေသည်။

## *အပြင်ပိုင်းစွမ်းဆောင်ရည်အတွက် တာဝန်ခံနိုင်ခြင်း*

ထိုစွမ်းဆောင်ရည်ပိုင်းဆိုင်ရာ တာဝန်ခံနိုင်မှု၏ ဒုတိယအဆင့်သည် အပြင်ပိုင်းစွမ်းဆောင်ရည် အတွက် တာဝန်ခံနိုင်ခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် EMB အနေနှင့် လွှတ်တော်သို့မဟုတ် အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်သို့ အစီရင်ခံစာတင်သည့်အခါ လိုအပ်သည့် အချက်များဖြစ်သည်။ ကမ္ဘောဒီးယား ဂျော်ဂျီယာ၊ ဟွန်ဒူရပ်စ်၊ လီဆိုသိုနှင့် ရုရှားနိုင်ငံရှိ EMB များသည် ၎င်းတို့၏ အစီရင်ခံစာများကို လွှတ်တော်သို့သာ တိုက်ရိုက်တင်သွင်းလေသည်။ ဖမ်ဘီယာနိုင်ငံရှိ EMB သည် သမ္မတထံသို့ အစီရင်ခံစာတင်သွင်းပြီး သမ္မတမှလည်း ရရှိပြီး ခုနစ်ရက်အတွင်း EMB ၏ အစီရင်ခံစာကို လွှတ်တော်ရှေ့မှောက်သို့ တင်သွင်းရလေသည်။ဗင်ဘာဇွေးနိုင်ငံတွင် EMB အနေနှင့် ၎င်း၏ နှစ်စဉ် အစီရင်ခံစာကို သမ္မတ၊ ဆီးနတ်လွှတ်တော် သမ္မတ၊ အမျိုးသားလွှတ်တော် ပြောရေးဆိုခွင့်ရှိသူနှင့် သက်ဆိုင်ရာဝန်ကြီး (အချို့သော ရွေးကောက်ပွဲများ နှင့်ဆိုင်သော အစီရင်ခံစာများကို ပြိုင်ဘက်နိုင်ငံရေးပါတီများထံသို့ ပေးရန်အတွက်လည်း လိုအပ်ပေ သည်) ထံသို့ တင်ပြရသည်။

အချို့သော နိုင်ငံများတွင် EMB များကို စွမ်းဆောင်ရည်အတွက် ပြင်ဆင်ရန်နှင့် စာရင်းစစ်ပြီး သော ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာတို့ကို နှစ်စဉ်ပြုလုပ်ရန်အတွက် အခွင့်အလမ်းပေးလေ့ရှိပြီး ဥပမာ အားဖြင့် ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ အီကွေဒေါ၊ နာမီဘီယာ၊ တောင်အာဖရိကနှင့် ဖမ်ဘီယာတို့ ဖြစ်သည်။ ဘိုလီးဗီးယားနိုင်ငံတွင် EMB အနေနှင့် လွှတ်တော်သို့ နှစ်စဉ်အစီရင်ခံစာ တင်သွင်းရလေသည်။ တောင်အာဖရိက EMB သည်လည်း တင်းကြပ်လှသော အစဉ်လိုက်ပြဋ္ဌာန်းထားသည့် တာဝန်ခံနိုင်မှုဆိုင်ရာ ယန္တရားများကို လက်ခံရလေသည်။ ၎င်းအနေနှင့် လုပ်ဆောင်မှုပိုင်းဆိုင်ရာတို့အတွက် (စာရင်းစစ် ထား သော ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုချက်များအပါအဝင်) လွှတ်တော်သို့ အစီရင်ခံစာတင်ရမည်။ နှစ်စဉ်လည်း တင်ရမည်ဖြစ်သလို ရွေးကောက်ပွဲကြီးတစ်ခုပြီးတိုင်းလည်း တင်ရမည်။ ပြီးနောက်တွင် နောင်လာမည့် ရွေးကောက်ပွဲဆိုင်ရာပွဲစဉ်များအတွက် အစီရင်ခံစာများကို အများပြည်သူအဆင်သင့် ရရှိနိုင်စေရန် အတွက် ပြင်ဆင်ပေးရမည်။ သမ္မတအနေနှင့် EMB ကို ရွေးကောက်ပွဲဆိုင်ရာကိစ္စတစ်ခုခုအတွက် သူ့အား အစီရင်ခံစာရေးတင်ရန် တောင်းခံကောင်းတောင်းခံနိုင်သည်။ အမေရိကန်တွင် (စာမျက်နှာ ၃၄၁ ရှိ ဖြစ်ရပ်များကို လေ့လာခြင်းကိုကြည့်ပါ) EMB များ၏ ဒေသဆိုင်ရာအာဏာပိုင်များသည် ၎င်းတို့၏ အသိုင်း အဝိုင်း၊ ပြည်နယ်အာဏာပိုင်များနှင့် တရားရုံးများကို တာဝန်ခံရလေသည်။

ကော့စတာရီကာ၊ ဥရုဂွေးနှင့် ယီမင်ကဲ့သို့သော နိုင်ငံမျိုးတွင် EMB များသည် သတ်သတ်မှတ်မှတ် ပြဋ္ဌာန်းထားသော စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ လိုအပ်ချက်များ သတ်မှတ်ထားခြင်းမရှိပေ။ ဩစတြေးလျ၊

ကော့စတာရီကာနှင့် နိုင်ဂျီးရီယားတို့တွင် EMB ၏ လုပ်ဆောင်ချက်များအပေါ် ကြီးကြပ်စောင့်ကြည့်သည့် ယန္တရားတစ်ခုအဖြစ် ဆောင်ရွက်ပေးသော ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများအတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီများရှိလေသည်။ ဥရုဂွေးနိုင်ငံ၏ EMB သည် ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာအဆုံးအဖြတ်ပြုချက်များကို ပြင်ပမှ စာရင်းစစ်ခြင်းမှတစ်ဆင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံမှုရှိလေပြီး ထိုသို့မဟုတ်ပါက တာဝန်ခံ၍မရနိုင်ပါ။ ပါလက်စတိုင်းတွင် EMB အနေနှင့် နောက်ဆုံးသော ရွေးကောက်ပွဲရလဒ်ကိုကြေငြာပြီး သုံးလအတွင်း ၎င်း၏ လုပ်ဆောင်မှုပိုင်းဆိုင်ရာတို့ရှိ ဘဏ္ဍာရေးဆိုင်ရာနှင့် စီမံညွှန်ကြားရေးဆိုင်ရာ အစီရင်ခံစာများကို ထုတ်ဝေရန်လိုအပ်ပြီး မိတ္တူများကိုလည်း ပါလက်စတိုင်းနိုင်ငံ အမျိုးသားအာဏာပိုင်ဌာန ဥက္ကဋ္ဌနှင့် ပါလက်စတိုင်းနိုင်ငံ ဥပဒေရေးရာကောင်စီထံသို့ တင်သွင်းရမည်။

EMB စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ အစီရင်ခံစာများအနေနှင့် အသေးစိတ်ပြီး ခွဲခြမ်းစိတ်ဖြာမှုများပါကာ ၎င်း၏ထိရောက်မှုကို မြှင့်တင်ပေးနိုင်မည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင် တို့ တိုးတက်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများပါဝင်သော ၎င်း၏စိန်ခေါ်မှုများကို မီးမောင်းထိုးပြထားလေသည်။ ထိုအစီရင်ခံစာများသည် လွှတ်တော်အထက်ထိ တက်သွားပြီး အစိုးရ၏ ဆုံးဖြတ်ချက်ချရေးကိစ္စများအပေါ် တွင် လွှမ်းမိုးမှုရှိသောကြောင့် ၎င်းတို့အနေနှင့် ပြည့်စုံရှင်းလင်းပြီး ဥပဒေပြုသူများ၏ အာရုံစူးစိုက်မှုနှင့် အကျိုးအမြတ်များကို ဖမ်းဆုပ်နိုင်ရန် ရှင်းလင်းပြတ်သားဖို့ လိုအပ်သည်။

EMB အစီရင်ခံစာများသည် အခြားသော ပါဝင်ပတ်သက်သူများဖြစ်သည့် နိုင်ငံရေးပါတီများ၊ အစိုးရဝန်ကြီးဌာနများ၊ အလှူရှင်များ၊ CSOs (အရပ်ဖက်လူမှုအဖွဲ့အစည်းများ) နှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးဆိုင်ရာ အသိုင်းအဝိုင်းနှင့် အများပြည်သူဆိုင်ရာ အကျိုးအမြတ်ပါဝင်သော အဖွဲ့ဝင်များအပေါ် ကို သက်ရောက်မှုရှိပြီး လည်ပတ်စေသည်။ အစီရင်ခံစာများသည်လည်း ငွေကုန်ကြေးကျသည်နှင့် တန်သော၊ လွယ်လွယ်ကူကူရနိုင်သည့် အရာများဖြစ်သည့် စျေးချိုသည် ပုံနှိပ်ခြင်း/ မိတ္တူပွားခြင်း သို့မဟုတ် CD-ROM ဖြင့် ထုတ်ဝေခြင်း သို့မဟုတ် EMB ၏ ဝဘ်ဆိုက်ပေါ် တွင် တင်ခြင်းတို့မှ တစ်ဆင့် ပြုလုပ်နိုင်သည်။ ထိုအစီရင်ခံစာ၏ မိတ္တူများကို နိုင်ငံတကာ ရွေးကောက်ပွဲသုတေသနဌာနများနှင့် အထောက်အပံ့ပေးရေး အဖွဲ့အစည်းများကို ပေးလိုက်ပါက EMB တည်ရှိသော နိုင်ငံအကြောင်းကို နိုင်ငံတကာမှ သိရှိအောင် လှုံ့ဆော်လိုက်သကဲ့သို့ ဖြစ်သည့်အပြင် ၎င်းရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ၎င်း၏ရွေးကောက်ပွဲများ သို့မဟုတ် ဒီမိုကရေစီ တည်ဆောက်ရာတွင် လိုအပ်သော အထောက်အပံ့များ အကြောင်းများကိုလည်း သိရှိနိုင်စေရန် လှုံ့ဆော်နိုင်သည်။

## ဘဏ္ဍာရေးပိုင်းဆိုင်ရာ တာဝန်ခံနိုင်ခြင်း

EMB တစ်ခုသည် ၎င်း၏ ဗျူဟာဆိုင်ရာ ရည်ရွယ်ချက်များကို အောင်မြင်နိုင်စေရန် အလို့ငှာ ၎င်း၏ ဘဏ္ဍာရေးနှင့် အခြားသော ရင်းမြစ်များကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန် တာဝန်ရှိသည်။ ၎င်းသည် :

- ငွေရေးကြေးရေး တန်ဖိုးများရရှိစေရန် ၎င်း၏ ရင်းမြစ်များကို ထိထိရောက်ရောက် အသုံးပြုခြင်း
- သက်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများဖြင့် ကိုက်ညီအောင်ပြုလုပ်ခြင်းနှင့်
- ကျင့်ဝတ်နှင့်ညီသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက်များ ပြုလုပ်ရန်အတွက် တာဝန်ခံရလေသည်။

ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံနိုင်မှုသည် လိုက်ဘေးရီးယားနိုင်ငံတွင်ကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင် အတွင်းချမှတ်ထားသည်တို့ဖြစ်နိုင်သကဲ့သို့ အများပြည်သူဆိုင်ရာ ဌာနပိုင်းများအတွက် ဥပဒေ

အရ လိုအပ်သော ယေဘုယျအချက်များအတွင်းတွင်လည်း ပါဝင်ပါသည်။ ယခင်က အချို့သော EMB များသည် ၎င်းတို့အား ပြဋ္ဌာန်းဥပဒေအရ တောင်းဆိုချက်များကို အနိမ့်ဆုံးထား၍ သတ်မှတ်ခြင်းမှာ သင့်တော်သည်ဟု ယူဆခဲ့ကြပြီး နည်းစနစ်အရလိုအပ်သည်ထက် ပို၍များသော ဘဏ္ဍာရေးအစီရင်ခံစာများကို ပို၍ ကမ်းလှမ်းထောက်ပံ့လေသည်။ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ တာဝန်ခံသကဲ့သို့ပင် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံမှု သည်လည်း ဖွဲ့စည်းပုံနှစ်ရပ်ရှိပြီး ၎င်းတို့မှာ အတွင်းနှင့်အပြင် ဖြစ်သည်။

## *အတွင်းပိုင်း ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံနိုင်ခြင်း*

အတွင်းပိုင်း ဘဏ္ဍာရေး တာဝန်ခံနိုင်ခြင်း ယန္တရားများသည် EMB ၏ ဘဏ္ဍာရေးဆိုင်ရာ ရင်းမြစ်များကို ထိန်းချုပ်မှုကို မြှင့်တင်သောအတွင်းပိုင်းရှိ လုပ်ငန်းစဉ်ဖြစ်သည်။ ၎င်းတို့ထံတွင်

- ဘဏ္ဍာရေးကိစ္စများကို ကြီးကြပ်သော EMB ဆပ်ကော်မတီတစ်ခု
- EMB ၏ အထွေထွေအတွင်းရေးမှူးဌာန အတွင်းရှိ စည်းမျဉ်းနှင့်အညီ ဘဏ္ဍာရေးအစီရင်ခံစာကို ပုံစံတကျပြုလုပ်ပြီး EMB ၏ အဖွဲ့ဝင်များ (သို့မဟုတ် အစိုးရ EMB များနှင့် တာဝန်ယူထားသော အစိုးရဌာနထံသို့) ထံသို့ တင်သွင်းခြင်း
- အသုံးစရိတ်များ အားလုံးသည် EMB ၏ လုပ်ငန်းပိုင်းဆိုင်ရာနှင့် ဗျူဟာပိုင်း ဆိုင်ရာ ရည်ရွယ်ချက်များနှင့် ကိုက်ညီကြောင်းပြသရန်အတွက် စွမ်းဆောင်ရည်ဘတ်ဂျက်ငွေ ကန့်သတ် သတ်မှတ်ခြင်းကို လုပ်ပြီး
- EMB ၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များနှင့် ၎င်းတို့၏ အကောင်အထည်ဖော်ချက်များကို စစ်ဆေးကြည့်ရှုရန်အတွက် ပုံမှန် အတွင်းပိုင်း စာရင်းစစ်ခြင်းများ ပြုလုပ်ခြင်း

EMB အနေနှင့် ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများ၏ ရိုးသားမှုနှင့် ထိရောက်မှုများကို သေချာစေရန်အတွက် ၎င်း၏အတွင်းပိုင်း ဘဏ္ဍာရေးဆိုင်ရာ တာဝန်ယူမှု ထိန်းချုပ်ခြင်းစနစ်များသည် လုံလောက်ကြောင်း သက်သေမပြနိုင်ပါက ပိုမိုအားစိုက်ထုတ်ရန် လိုအပ်သော ပြင်ပဘဏ္ဍာရေးတာဝန်ခံမှုထိန်းချုပ်ရေး စနစ်တစ်ခု ပေါ်ထွက်လာရေးအတွက် ဖိအားပိုများလာနိုင်သည်။ ထိုအချက်သည် EMB ၏ ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာလုပ်ဆောင်နိုင်သော စွမ်းဆောင်ရည်တို့အပေါ်ကို ဆိုးကျိုးလက္ခဏာများ သက်ရောက်စေလိမ့်မည်ဖြစ်ကောင်းဖြစ်နိုင်သည်။

## *အပြင်ပိုင်း ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံနိုင်ခြင်း*

အပြင်ပိုင်း ဘဏ္ဍာရေး တာဝန်ခံနိုင်မှု ယန္တရားသည် EMB ၏ ဘဏ္ဍာရေး လုပ်ရှားမှုများနှင့် အဆိုပြုချက်များကို အပြင်ပိုင်း စာရင်းစစ်ချက်များအပေါ်တွင် အဓိက အခြေခံထားသည်။ ထပ်ပေါင်း အပြင်ပိုင်း စာရင်းစစ်ခြင်းများသည် အထူးတလည်သတ်မှတ်ထားသော ဘဏ္ဍာရေးစနစ် (ဥပမာ - လစာပေးခြင်း) များတွင် လုပ်နိုင်သကဲ့သို့ EMB အတွင် အကျင့်ပျက်ခြစား သို့မဟုတ် ပုံမှန်မဟုတ်သော လုပ်ရပ်များကို ယိုးစွပ်ခံရပါက နောက်ဆက်တွဲအနေနှင့် လုပ်နိုင်သည်။ အကျင့်ပျက်ခြစား ကိစ္စမျိုးများတွင် လာဘ်စားမှုတိုက်ဖျက်ရေးဌာနများသည်လည်း အပြင်ပိုင်းစာရင်းစစ်ရေးတွင် ပါဝင်လာနိုင်သည်။

EMB များ၏ အပြင်ပိုင်းဘဏ္ဍာရေး စာရင်းစစ်ချက်များသည် ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတွက် နိုင်ငံလုံးဆိုင်ရာ စာရင်းစစ်ရုံးကလုပ်သကဲ့သို့၊ ဩစတြေးလျနှင့် ကနေဒါတွင် စာရင်းစစ်ချုပ်က လုပ်သကဲ့သို့၊ ဟွန်ဒူရပ်စ်နှင့် ပနားမားသမ္မတနိုင်ငံတော်တွင် ဘဏ္ဍာရေးမှူးချုပ်ကဲ့သို့သောသူများ ဖြစ်သော အစိုးရ စာရင်းစစ်ကိုယ်စားလှယ်ဌာနမှ တာဝန်ယူရသည်။ တူရကီနိုင်ငံရှိ EMB ၏ အပြင်ပိုင်း စာရင်းစစ်

ရေးသည် လွှတ်တော်ကိုအစီရင်ခံရသော စာရင်းစစ်ခုံရုံးမှ ပြုလုပ်ခြင်းဖြစ်သည်။ ပေါ်တူဂီနိုင်ငံတွင် အစိုးရ EMB များကို ဘဏ္ဍာရေးဝန်ကြီးဌာနမှင့် စာရင်းစစ်ခုံရုံးမှ စာရင်းစစ်ဆေးခြင်းများ ပြုလုပ်ကောင်း ပြုလုပ်နိုင်လေသည်။ ဖမ်ဘီယာနိုင်ငံတွင် EMB ဘဏ္ဍာရေး ကိစ္စများမှာ EMB မှ ခန့်အပ်ထားသော လွတ်လပ်သော စာရင်းစစ် များ၏ နှစ်စဉ်စာရင်းစစ်ဆေးခြင်းကိုခံရလေပြီး ရုရှားတွင် အပြင်ပိုင်း စာရင်းစစ်ဆေးခြင်းကို ပြည်ထောင်စုလွှတ်တော်မှ ၎င်း၏စာရင်းအင်းဆိုင်ရာ အဖွဲ့မှတစ်ဆင့် စစ်ဆေးခြင်းကို ပြုလုပ်လေသည်။ ပီရူးနိုင်ငံတွင် EMB ၏ ဘဏ္ဍာရေးဆိုင်ရာကိစ္စများသည် ရွေးကောက်ပွဲပြီး သုံးလထက်နောက်မကျမီ စာရင်းစစ်ဆေးခြင်း ပြုလုပ်ရမည်ဖြစ်သည်။

EMB သည် သာမန်အားဖြင့် စာရင်းစစ်ဆေးပြီးသား ဘဏ္ဍာရေးအဆိုပြုချက်များကို လွှတ်တော်နှင့် အခြားသော ပါဝင်ပတ်သက်သူများအား တင်သွင်းရန်အတွက် နှစ်စဉ် သို့မဟုတ် အခြားသော အစီရင်ခံစာများအတွင်း ပူးပေါင်းထည့်သွင်းလုပ်ဆောင်လေ့ရှိသည်။ ဥပမာအားဖြင့် ကင်မရွန်းနိုင်ငံတွင် စာရင်းစစ်ပြီးသော ဘဏ္ဍာရေးမှတ်တမ်းများသည် လွှတ်တော်သို့တင်သွင်းရပြီး စွမ်းဆောင်ရည်စစ်ဆေးချက်များသည် သမ္မတထံသို့ တင်သွင်းရလေသည်။

EMB ၏ ဘဏ္ဍာရေး စာရင်းများကို ပြည်သူလူထုထံသို့ EMB ၏ ဘဏ္ဍာရေးဆိုင်ရာ သိက္ခာရှိစစ်မှန်မှုကို ပြနိုင်သော စစ်ဆေးသည့် လွှတ်တော်ကော်မတီကို အများအားဖြင့် ပြည်သူ့စာရင်း ကော်မတီဟုလည်း ခေါ်လေ့ရှိသည်။ထိုစစ်ဆေးမှုများ၏ မူဘောင်က ကျိန်းသေပေါက် သေချာအောင် လုပ်ရမည်မှာ EMB ကို စစ်ဆေးရာတွင် နိုင်ငံရေး အမြတ်ထုတ်မှုမျိုးအတွက် မဟုတ်ဘဲ မျှမျှတတလုပ်ရန် ဖြစ်သည်။ စာရင်းစစ်ဆေးသူများအနေမှနှင့် ညံ့ဖျင်းသော ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်များကို တွေ့ရှိပါက အဖွဲ့ဝင်များ သို့မဟုတ် EMB ၏ ရာထူးကြီးပိုင်းရှိ အုပ်ချုပ်သူများကို ဆင့်ခေါ်ကာ ထိုဖြစ်ရပ်ကို ရှင်းပြခိုင်းမည်ဖြစ်ပြီး ဖြစ်ပြီးခဲ့သော အရာတို့အား မည်သို့ပြန်ဖာထေးမည်ကိုလည်း မေးမြန်းမည်ဖြစ်သည်။

## နည်းပညာ အခြေခံသော စနစ်တို့၏ တာဝန်ခံနိုင်ခြင်း

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စီမံခန့်ခွဲရေးများကို ကွန်ပြူတာ အခြေပြုစနစ်များဖြင့် လုပ်ကိုင်မှု မြင့်တက်လာခြင်းသည် EMB ၏ တာဝန်ခံနိုင်မှုအတွက် အပိုထပ်ဆောင်း စိန်ခေါ်မှုအချို့ကို ဖန်တီးလေသည်။ ရေရှည်သုံးစွဲနိုင်မှုနှင့်ဆိုင်သော ပြဿနာဖြင့် မပါဝင်ပါ (ဤစာအုပ်၏ အခန်း၉ တွင် ဆွေးနွေးခဲ့သကဲ့သို့) ၎င်းတို့၏ တိကျမှုအပေါ် ပြည်သူများ၏ ယုံကြည်မှုနှင့် မှီခိုအားထားနိုင်မှုများအား သေချာစေရန်ပြုရဦးမည်ဖြစ်သည်။

ကွန်ပြူတာစနစ်များ၏အသွင်းအထုတ်ပြုလုပ်ရာတွင် လက်ဆုပ်လက်ကိုင်ပြနိုင်သောအထောက်အထားမရှိခြင်း၊ ပြည်သူလူထု အတိုင်းအတာအပေါ် ကွန်ပြူတာပရိုဂရမ်မင်း၏ ရှင်းလင်းတိကျစွာ မပြသနိုင်ခြင်းနှင့် ဒေတာအချက်အလက်များအား ဝင်ရောက်နှောင့်ယှက်ခံရနိုင်မှု အန္တရာယ်များသည် ကွန်ပြူတာ worm များ ပိုင်းရပ်စ်များနှင့်ဟက်ကာများ၏ မီဒီယာအစီရင်ခံစာမှတစ်ဆင့် ပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိပြီးဖြစ်သည်။ ထိုအချက်များသည် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၊ မဲပေးခြင်းနှင့် မဲရေခြင်းကဲ့သို့သော မရှိမဖြစ်အရေးပါသော ကွန်ပြူတာစနစ်ကို မှီခိုရသော EMB ၏ ယုံကြည်ရနိုင်မှုတို့ကို ၎င်းတို့အနေနှင့် ၎င်းတို့၏ အသုံးပြုမှုကို ပွင့်လင်းစွာ တာဝန်ခံမထားနိုင်ပါက ထိခိုက်စေနိုင်လေသည်။

မဲပေးခြင်းနှင့် မဲရေခြင်းကဲ့သို့ ကိစ္စများအတွက် ကွန်ပြူတာ အခြေစိုက်စနစ်များ၏ မှီခိုအားထားရနိုင်မှုနှင့် လုံခြုံရေးမှာမူ ပြင်းပြင်းထန်ထန် ငြင်းခုံနေကြဆဲပင်ဖြစ်သည်။ ၂၀၀၀ ခုနှစ် သမ္မတ ရွေးကောက်

ပွဲအပြီးတွင် ထိုကဲ့သို့သောစနစ်မျိုး၏ စံနှုန်းကိုမေးခွန်းထုတ်ခြင်းသည် သစ်ဆန်းပြီး ထပ်မံကျယ်ပြန့်လာသော အာရုံစိုက်မှုများကို ရရှိခဲ့လေသည်။ ထိုကဲ့သို့သောစနစ်မျိုး၏ အရည်အသွေးကို မေးခွန်းထုတ်ချက်များအား ပြန်လည်တုံ့ပြန်သော ဖြေရှင်းနည်းမှာ VVPAT (မဲဆန္ဒရှင်ဘက်မှ စစ်ဆေးထားသော စာရွက်စာတမ်းစစ်ဆေးမှုလမ်းကြောင်း) ကို အသုံးပြုခြင်းပင် ဖြစ်သည်။( အခန်း ၉ တွင် ဆွေးနွေးပြီးဖြစ်သည်)

ထိုကဲ့သို့သော နည်းပညာပိုင်းဆိုင်ရာစွမ်းဆောင်မှု ပြဿနာများအလွန်တွင် ယူနိုက်တက်စတိတ်ကဲ့သို့သောနိုင်ငံမျိုးတွင်ပြုလုပ်သောဝါဒပြိုင်ပွဲများတွင်နိုင်ငံရေးအရအထောက်အပံ့ရယူထားသော ပစ္စည်းရောင်းချသူများ၏ အပြုအမူ ကျင့်ဝတ်ပိုင်းဆိုင်ရာတို့ပါ ပါဝင်လာလေသည်။ အမေရိကန်တွင် DRE "ဖန်သားပြင် မှ လုပ်ကိုင်နိုင်သော " မဲမှတ်တမ်းတင်ရေးစက်များ ( ၂၀၀၄ တွင် မယ်ရီလန်းပြည်တွင် လုပ်သွားသကဲ့သို့) အပါအဝင် ယန္တရားနှင့် e-voting စက်များ၏ အရည်အသွေးအပေါ် မီဒီယာ၏ ယိုးစွပ်မှုများသည် EMB များကို ၎င်းတို့၏ နည်းပညာများ အသုံးချမှုအပေါ်တွင်ပွင့်လင်းပြီး တာဝန်ခံနိုင်ရန်အတွက် ဖိအားများ တိုးမြင့်ခဲ့သည်။ ထိုအရာတို့နှင့်သက်ဆိုင်သောအချက်များသည် ၂၀၀၅ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေးအတွက် ဘိတ်ကာ-ကာတာ ကော်မရှင် အစီရင်ခံစာထဲတွင် အမြောက်အမြား ပါဝင်ပြီး ထိုကိစ္စအပေါ်တွင် ရေးသားထားသော စာပေအချက်အလက်များသည်လည်း လျင်မြန်စွာ တိုးတက်လာလေ့ရှိသည်။

## EMB သုံးသပ်သော နည်းစနစ်များ

အတွင်းနှင့် အပြင်ပိုင်း တာဝန်ခံနိုင်မှု လိုအပ်ချက်များနှင့် ပြည့်စုံရန်အတွက် EMB သည် ၎င်း၏ လုပ်ဆောင်ချက်များကို သုံးသပ်ပြီး ၎င်းကိုယ်တိုင်နှင့် ၎င်း၏ ပါဝင်ပတ်သက်သူများကို ၎င်း၏ လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများ၏ အရည်အသွေး၊ ထိရောက်မှုနှင့် ရိုးသားမှုတို့ကို အာမခံနိုင်သော ယန္တရားလုပ်ဆောင်ချက်တစ်ခု လိုအပ်သည်။ ထိုယန္တရားလုပ်ဆောက်ချက်များတွင် အတွင်းပိုင်း အရည်အသွေးထိန်းချုပ်မှုများ၊ စာရင်းစစ်ချက်များ၊ အချင်းချင်းအပြန်အလှန် စစ်ဆေးချက်များနှင့် ပြင်ပမှစစ်ဆေးကြီးကြပ်ခြင်းများ ပါဝင်သည်။

### *အတွင်းပိုင်းရှိ အရည်အသွေးကို ထိန်းချုပ်ခြင်း*

အတွင်းပိုင်း အရေးအသွေး စစ်ဆေးသောအစီအစဉ်များသည် EMB တစ်ခုနှင့် ၎င်း၏ ပါဝင်ပတ်သက်သူများအား EMB ၏ လုပ်ဆောင်ချက်များသည် ဝန်ဆောင်မှုပိုင်းဆိုင်ရာ၊ ထိရောက်မှုပိုင်းဆိုင်ရာနှင့် သင့်တင့်လျောက်ပတ်မှုပိုင်းဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီကြောင်းပြသရန်အတွက် စတင်သောနေရာဌာနဖြစ်သည်။ EMB များ အနေနှင့် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအား စံနှုန်းသတ်မှတ်ရေး လမ်းညွှန်ချက်များနှင့် စံနှုန်းများအတွက် လိုက်နာမှုပြုသင့်သည်။

အရည်အသွေး စစ်ဆေးရေး အစီအစဉ်များတွင် ပါဝင်သော အရာများမှာ:

- စနစ်အသစ် နှင့် နည်းအသစ်တို့အတွက် ပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း
- စနစ်တကျ စစ်ဆေးထားပြီး၊ တိုင်းတာသတ်မှတ်နိုင်သော ဒီဇိုင်းများနှင့် တိုးတက်ရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ခြင်း
- တင်းကြပ်သော အကောင်းအထည်မဖော်မီ စစ်ဆေးချက်
- ရှင်းလင်းတိကျသော လေ့ကျင့်သင်ကြားရေး အစီအစဉ်များ

- ပညာရှင်အဆင့် ကျွမ်းကျင်သူများသည် သင့်တင့်လျှောက်ပတ်သော ပညာရှင်အသင့်အဖွဲ့များ တွင် အဖွဲ့ဝင်များ ဖြစ်ခွင့်ရနိုင်ရေး ရှိစေရေး
- လုပ်ရိုးလုပ်စဉ်ဖြစ်သော လုပ်ငန်းအကောင်အထည်ဖော် အပြီး စစ်ဆေးရေး အစီအစဉ်များ နှင့်
- အပြစ်အနာအဆာများနှင့် ပြန်လည်ပြုပြင်ရေး လုပ်ငန်းစဉ်တို့အတွက် ခိုင်မာသော အစီရင်ခံစာ များတင်ခြင်း တို့ပါဝင်သည်။

အရည်အသွေးထိန်းချုပ်ရေးနှင့်ဆိုင်သော အရာတို့တွင် ထူးထူးခြားခြား အာရုံစိုက်ရန်လိုသော အရာမှာ အမှုအခင်းကိုလိမ်ညာတိုင်ကြားခြင်းမျိုးကို ဖော်ထုတ်ရေးနှင့် တားဆီးရေး သို့မဟုတ် လျှော့ချရေး တို့ပင်ဖြစ်သည်။ (ငွေကြေးချမ်းသာသူများကို ချိန်ရွယ်ပြီး လုပ်ဆောင်သည့် ဘဏ္ဍာရေးလိမ်လည်မှု ပုံစံ အသွင်ယူထားသော ပုံစံ သို့မဟုတ် ရွေးကောက်ပွဲရလဒ်များကို မသမာမှုပြုလုပ်ရန်အတွက် ရည်ရွယ်ချက် နှင့် ပြုလုပ်သောရွေးကောက်ပွဲလိမ်လည်မှု သို့မဟုတ် ၎င်းတို့၏ အစွမ်းအစကို ပြည်သူများ သံသယဖြစ်စေ ရန်အတွက် ပြုလုပ်သောအရာမျိုး) လိမ်ညာမှုများကို ထိန်းချုပ်သော အရည်အသွေးကောင်းပြီး ပြည့်စုံ ရှင်းလင်းသော လိမ်ညာမှုထိန်းချုပ်ရေး စီမံကိန်းမျိုးကိုတည်ထောင်ပြီး လက်တွေ့အကောင်အထည်ဖော် ရန်အတွက် EMB သည် အဖွဲ့အစည်းအတွင်းရှိ ဘဏ္ဍာရေး၊ လုပ်ဆောင်မှုပိုင်းဆိုင်ရာနှင့် ဥပဒေရေးရာ နေရာတို့မှ အားစိုက်ထုတ်ကူညီမှုများ လိုအပ်မည်ဖြစ်သည်။ လိမ်ညာမှုကို ထိန်းချုပ်ရေးဗျူဟာအား ထုတ်ဝေမှုပြုလိုက်ခြင်းသည် ရှောင်ရှားလိုသူတို့အား အချက်ပေးလိုက်သလိုဖြစ်သွားမည် စိုးသောကြောင့် စီမံကိန်း၏ မည်သည့်အပိုင်းများကို လျှို့ဝှက်ထားမည်ကဲ့သို့သောအရာမျိုးကို တိတိပပ ထည့်သွင်းစဉ်းစား ရန်လိုသည်။ တစ်ခုမှတ်ထားရန် လိုသည်မှာလည်း လိမ်ညာမှုဖြစ်နိုင်ချေကို လုံးလုံးပပျောက်အောင် ကြံရွယ်ထားသော လုပ်ဆောင်ချက် ယန္တရားများသည်လည်း ဘေးထွက်ဆိုးကျိုးများရှိနိုင်သည်။ ဥပမာ အားဖြင့် မဲဆန္ဒရှင်များ၏ ပါဝင်ပတ်သက်မှုကို ဖိနှိပ်ခြင်းမျိုးကဲ့သို့ဖြစ်ပြီး အင်မတန်မှ မလိုလားဖွယ်သက် ရောက်မှုဖြစ်သောကြောင့် ရှိရင်းစွဲအတိုင်းလက်ခံပြီး လိမ်ညာမှု၏ဘေးထွက်ဆိုးကျိုးတစ်ချို့ကို စီမံခန့်ခွဲရန် လိုသည်ဟု သတ်မှတ်ခြင်းက ပိုမိုလက်ခံနိုင်ဖွယ်ရာရှိသည်။

## *EMB များကို စာရင်းစစ်ခြင်း*

စာရင်းစစ်ခြင်းသည် EMB ၏ လှုပ်ရှားမှုများကို စစ်စစ်ပေါက်ပေါက် လေ့လာပြီး သုံးသပ်ခြင်းဖြစ်ပြီး ၎င်းချမှတ်ထားသော ဗျူဟာရည်မှန်းချက်များအတွင်းသာ တိတိပပ လုပ်ဆောင်ခြင်းဖြစ်သည်။ ပုံမှန်စာရင်း စစ်ခြင်းများ လုပ်ဆောင်ခြင်းသည် EMB အနေနှင့် ၎င်းလုပ်ဆောင်သော လုပ်ငန်းစဉ်များအတွက် တာဝန်ခံကြောင်း သေချာစေရန် မရှိမဖြစ်လုပ်ဆောင်ရသော နည်းလမ်းတစ်ခုဖြစ်သည်။ အထက်တွင် ဖော်ပြထားသကဲ့သို့ပင် စာရင်းစစ်ခြင်းသည် ဘဏ္ဍာရေးဆိုင်ရာ စည်းကမ်းလိုက်နာမှု စစ်ဆေးရန်ထက် ပိုသောအရာများအတွက် အသုံးပြုလာကြသည်။ စာရင်းစစ်ခြင်းသည် အများပိုင်ဘဏ္ဍာထောက်ပံ့ထား သော အဖွဲ့အစည်းများ၏ ဗျူဟာများ၊ လုပ်ငန်းဆိုင်ရာ နည်းစနစ်များနှင့် ပြည်သူအား ဝန်ဆောင်မှု ပေးရာ တွင် စွမ်းဆောင်ရည်၏ သင့်တော်မှုနှင့် ထိရောက်မှုကိုလည်း သုံးသပ်ရန်အတွက် သုံးလေသည်။

EMB တွင် စွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေးတို့အတွက် တာဝန်ခံရမှုများရှိသကဲ့သို့ EMB စာရင်း စစ်ခြင်းသည်လည်း စွမ်းဆောင်ရည်ပေါ်တွင် အခြေခံသော (စီးပွားရေး၊ အလုပ်တွင်မှု၊ ၎င်း၏ လုပ်ငန်းစဉ် များ၏ ထိရောက်မှုအပေါ်တွင် စူးစိုက်ခြင်း) သို့မဟုတ် ဘဏ္ဍာငွေအပေါ်တွင် အခြေခံသော ( EMB ၏ စာရင်းမှတ်တမ်းများကို ၎င်းကိုင်တွယ်သော ဘဏ္ဍာငွေများ၏ ဘဏ္ဍာငွေဆိုင်ရာ ရိုးသားမှုကို စစ်ဆေးရန် အတွက် စာရင်းစစ်ဆေးခြင်းဆိုင်ရာ စံနှုန်းများနှင့် တိုက်ပြီးစစ်ဆေးခြင်း) စနစ်လည်း ဖြစ်နိုင်သည်။ စာရင်းစစ်ခြင်းသည် စွမ်းဆောင်ရည်နှင့် ဘဏ္ဍာပိုင်းဆိုင်ရာ ပေါင်းစည်းထားခြင်းလည်း ဖြစ်နိုင်သကဲ့သို့

အကျယ်ဖြန့်ဗဟိုပြု (EMB ၏ စွမ်းဆောင်ရည်သို့မဟုတ် စာရင်းအဝင်အထွက်များကို ခြုံငုံစစ်ဆေးခြင်း) စစ်ဆေးခြင်း သို့မဟုတ် လုပ်ရပ်တစ်ခုတည်းကိုသာ သို့မဟုတ် EMB မှ လည်ပတ်စေသော စနစ်ကိုသာ စစ်ဆေးခြင်းမျိုးလည်း ဖြစ်နိုင်သည်။

မည်သို့သောနည်းဖြင့် စစ်ဆေးသည်ဖြစ်စေ ၎င်းသည် အများအားဖြင့် ပညာရှင်ဆန်ဆန် ပြုလုပ်ရသော စာရင်းစစ်ခြင်းဆိုင်ရာ စံနှုန်းများအရ ပြုလုပ်ရခြင်းသာဖြစ်သည်။ စာရင်းစစ်ဆေးခြင်းဆိုင်ရာ အစီရင်ခံစာများသည် အများအားဖြင့် လူသိရှင်ကြား ပြုလုပ်ရခြင်းဖြစ်ပြီး ထိုအရာသည် စည်းမျဉ်းနှင့် ညီ၊ မညီကို ပြသခြင်း သို့မဟုတ် အဘယ်ကြောင့် ထိုစံချိန်စံနှုန်းများ သုံးမရခြင်းနှင့် အသုံးပြုသောနည်းလမ်းနှင့် စံနှုန်းများကို ရှင်းပြရမည်ဖြစ်သည်။ စာရင်းစစ်စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်းသည် တွေ့ရှိသောကောင်းမွန်သည့် ကျင့်ထုံးများနှင့် ဆိုးရွားသောကျင့်ထုံးများကို ဖော်ထုတ်ပေးနိုင်မည်။ လုပ်ငန်းပိုင်းဆိုင်ရာ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာထိန်းချုပ်မှုများကိုသုံးသပ်နိုင်မည်။ဥပဒေသို့မဟုတ်မူဝါဒနှင့်မကိုက်ညီသောအချက်များကို ဖော်ထုတ်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ရိုးသားမှုများ သို့မဟုတ် လုပ်ငန်းပိုင်းဆိုင်ရာတို့၏ အရည်အသွေးများကို ချိုးဖောက်ခြင်းများကို ဖော်ထုတ်ခြင်း ယခင်တစ်ခေါက်စစ်ဆေးပြီးချိန်မှစကာ ဖြစ်လာသော တိုးတက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် အသုံးပြုထားသောနည်းလမ်းနှင့် စနစ်တို့၏ သင့်တော်မှုကို အကဲဖြတ်ခြင်း သို့မဟုတ် EMB ၏ ရည်ရွယ်ချက်များကို ရရှိနိုင်စေရန်ပေးထားရသော ဝန်ဆောင်မှုတို့ကို ဖော်ထုတ်ပေးနိုင်သည်။

ပညာရှင်ဆန်သော စာရင်းစစ် အစီရင်ခံစာသည် အမြဲတမ်းလိုလို လုပ်ငန်းသဘောကိုသာ ဦးတည်၊ မှန်ကန်၊ တိကျ၊ ပြည့်စုံပြီး မျှတကာ EMB ၏ အောင်မြင်မှုများအပြင် ကျရှုံးမှုများကိုပါ အထူးပြုဂရုပြု ဖော်ထုတ်ပေးခြင်းမျိုး ပြုလုပ်ပေးလေသည်။ EMB အား တုံ့ပြန်ဖြေရှင်းရန် အချိန်ပေးသည့် အနေနှင့် စာရင်းစစ်အရာရှိများအနေနှင့် EMB အတွက် ၎င်းတို့၏ အကြမ်းဖျဉ်းရှာဖွေတွေ့ရှိမှုများ အပြင် အကြံပြုချက်များကို ဆွေးနွေးခြင်းသည် ကောင်းသောအလေ့အထဖြစ်ပြီး EMB အနေနှင့်လည်း တုံ့ပြန်ဖြေရှင်းမှုပြုရာတွင် စာရင်းစစ်အစီရင်ခံစာ အဆုံးသတ်ပြီး ပြည်သူများထံသို့ ဖြန့်ဝေခြင်းမပြုမီ သေသေချာချာ စဉ်းစားရန် လိုအပ်သည်။

## *စွမ်းဆောင်ရည်ကို စစ်ဆေးခြင်း*

စွမ်းဆောင်ရည်ကို စစ်ဆေးခြင်းဟူသည် EMB တဟ်ခုအနေနှင့် ၎င်း၏ ရင်းမြစ်များကို မည်မျှ ထိထိရောက်ရောက်၊ တွင်တွင်ကျယ်ကျယ်နှင့် စီးပွားရေးတွက်ချေကိုက်အောင် အသုံးချသည်ဟူသော အချက်ကို သုံးသပ်စစ်ဆေးသော EMB ၏ လုပ်ဆောင်မှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စနစ်ကို လုပ်ငန်းစဉ် ရည်ရွယ်ချက်နှင့် ကိုက်ညီစွာ၊ လွတ်လပ်စွာနှင့် နည်းစနစ်ကျနစွာ စစ်ဆေးခြင်းပင်ဖြစ်သည်။ ၎င်းတို့ကို အတွင်းပိုင်းနှင့် အပြင်ပိုင်း နှစ်မျိုးလုံး စစ်ဆေးခြင်းဖြစ်နိုင်ပြီး EMB ၏ လုပ်ဆောင်ချက်များ တစ်ခုလုံးလည်း ဖြစ်နိုင်သလို လုပ်ဆောင်ချက် သို့မဟုတ် အစီအစဉ်တစ်ခုတည်းကိုသာ စစ်ဆေးခြင်းမျိုးလည်း ဖြစ်နိုင်သည်။ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ စာရင်းစစ်ဆေးခြင်းသည် EMB ၏ လုပ်ဆောင်ချက်များအတွင်း ရှိသော အားသာချက်နှင့် အားနည်းချက်များကို ဖော်ထုတ်ပေးလေပြီး သင့်တော်သော ပြင်ဆင်ပေးနိုင်မည့် လုပ်ရပ်မျိုးလုပ်ရန်အတွက် အကြံဉာဏ်ပေးလေသည်။ စွမ်းဆောင်ရည်ပိုင်းကို စာရင်းစစ်ဆေးခြင်းသည် ရွေးကောက်ပွဲစီမံခန့်ခွဲမှု၊ အလေ့အကျင့်ကောင်းများ မွေးမြူရေး၊ အများပြည်သူအပေါ် တာဝန်ခံနိုင်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ အရည်အသွေးဂုဏ်သိက္ခာမြင့်တက်ရေးတို့အတွက် အင်အားကောင်းအောင်ထောက်ပံ့ခြင်းတို့ကို တိုးတက်စေရန်အတွက် အရေးပါသော လုပ်ဆောင်မှုယန္တရားတစ်ခုဖြစ်သည်။

## နည်းစနစ်နှင့် စွမ်းဆောင်ရည်စာရင်းစစ်ခြင်း၏ ပမာဏအတိုင်းအတာ

စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ စာရင်းစစ်ဆေးခြင်းသည် အများအားဖြင့် EMB ၏ သက်ဆိုင်ရာ မူဝါဒများနှင့် မှတ်တမ်းများနှင့် သက်ဆိုင်ရာ EMB အဖွဲ့ဝင်များနှင့် အင်တာဗျူးလုပ်ခြင်း ကဲ့သို့သော အတွင်းပိုင်း စစ်ဆေးခြင်းနှင့် EMB ၏ ပါဝင်ပတ်သက် သူများကို အင်တာဗျူးခြင်းနှင့် ၎င်း၏ လုပ်ရပ်များကို မှတ်တမ်းတင်ထားသော မီဒီယာများနှင့် အခြားသော အစီရင်ခံစာများကို စစ်ဆေးပြီး EMB ၏ စွမ်းဆောင်ရည်ကို ပြင်ပမှ အကဲဖြတ်သတ်မှတ် ဆုံးဖြတ်ခြင်း ဖြစ်သည်။ထိုစာရင်းစစ်ချက်များသည် ငွေကုန်ကြေးကျသည်နှင့် ထိုက်တန်ပြီး ထိရောက်သော ခွဲခြမ်းစိတ်ဖြာသည့် နည်းစနစ်များကိုသုံးပြီး EMB ၏ စွမ်းဆောင်ရည်ကို ၎င်း၏ ဗျူဟာစီမံကိန်းများနှင့် တိုက်စစ်ပြီး သုံးသပ်ရန်အတွက် EMB သို့မဟုတ် ၎င်း၏ ပါဝင်ပတ်သက်သူများဘက်မှ မျှော်လင့်ထားသော သတ်မှတ်ထားသည့် ဝန်ဆောင်မှုဆိုင်ရာ စံချိန်စံနှုန်းနှင့် သင့်တော်သော နေရာများတွင် EMB ၏ ဗျူဟာ စီမံကိန်းများတွင် အပါအဝင်ဖြစ်သော စွမ်းဆောင်ရည်တိုင်းတာရေး ကိရိယာများကို အသုံးချလေသည်။

စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ စာရင်းစစ်ဆေးမှုများတွင် :

- အဓိကကျသော ပါဝင်ပတ်သက်သူများအား အင်တာဗျူးခြင်း နိုင်ငံရေးပါတီများ ၊ မဲဆန္ဒရှင်များ၊ လွှတ်တော်အမတ်များ၊ CSOs (အရပ်ဖက် လူမှုဆိုင်ရာ အဖွဲ့အစည်းများ)၊ မီဒီယာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရ ဝန်ကြီးဌာနများနှင့် ကိုယ်စားလှယ်အဖွဲ့အစည်းများနှင့် ပစ္စည်းတင်သွင်းသူများ အစရှိသူတို့ ဖြစ်ကြသည်။ ထိုအချက်ထဲတွင် ပါဝင်ပတ်သက်သူများနှင့် အလုပ်ရုံဆွေးနွေးပွဲ သို့မဟုတ် ဆွေးနွေးပွဲများတွင် ပူးပေါင်းဆွေးနွေးခြင်းတို့ ပါဝင်သည်။
- EMB အဖွဲ့ဝင်များကို အင်တာဗျူးခြင်း အထွေထွေအတွင်းရေးမှူးဌာနဝန်ထမ်းများ၊ သက်ဆိုင်သော နေရာများတွင် ယာယီဝန်ထမ်းများ သို့မဟုတ် လှုပ်ရှားမှုများကို စစ်ဆေးရန်စေ့ဆော်ထားသော ကန်ထရိုက်တာများ
- EMB ၏ ဗျူဟာပိုင်းဆိုင်ရာ စီမံကိန်းကိုစစ်ဆေးခြင်း စီမံခန့်ခွဲရေး တည်ဆောက်မှုများ၊ သက်ဆိုင်ရာ မူဝါဒများ၊ လုပ်ဆောင်မှုပိုင်းဆိုင်ရာ စီမံကိန်းများနှင့် တာဝန်များနှင့် စီမံချက် ရေးဆွဲပြီးဖြစ်သော လုပ်ဆောင်ချက်များကို လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့်
- သက်ဆိုင်ရာ အခြေခံဥပဒေပါ အချက်အလက်များကို ဆန်းစစ်ခြင်း ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ တရားရုံး သို့မဟုတ် ခုံရုံးဆုံးဖြတ်ချက်များ၊ လုပ်ဆောင်ပုံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် EMB ၏ ကွန်ပျူတာနှင့် အခြားသော စနစ်များ၊ အစီရင်ခံ စာများ၊ လုပ်ဆောင်စဉ်များ၊ လုပ်ဆောင်နည်းများ၊ လမ်းညွှန်များနှင့် သက်ဆိုင်ရာမှတ်တမ်းများ တို့ဖြစ်သည်။

စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ စာရင်းစစ်ခြင်းမှ တာဝန်ယူထားသော အဓိကလိုအပ်ချက်များနှင့် ပြဿနာများသည် စာရင်းစစ်ဆေးခြင်းခံရမည် လှုပ်ရှားမှု သို့မဟုတ် လှုပ်ရှားမှုများ၏ အုပ်စိုးမှုအောက်တွင် ရှိရမည်ဖြစ်သည်။ ဥပမာအားဖြင့် ရွေးကောက်ပွဲတစ်ခုတွင် EMB ၏ အစအဆုံး ဆောင်ရွက်သွားသော စွမ်းဆောင်ရည်ပိုင်းဆိုင်ရာကို စာရင်းစစ်ဆေးချက်အား ဇယားအမှတ် ၁၅ တွင်ပြထားသည့် သတ်မှတ်ချက်များ ဒီဇိုင်းပုံဖော်ပြီး ပြဿနာများကို ဖြေရှင်းနိုင်သည်။

### ဇယား ၁၅ : ရွေးကောက်ပွဲ စွမ်းဆောင်ရည် စစ်ဆေးခြင်း: သတ်မှတ်ချက်များနှင့် ပြဿနာများ

| ရွေးကောက်ပွဲ စွမ်းဆောင်ရည်ပြ ဇယား | အထူးသီးသန့် ရွေးကောက်ပွဲ စွမ်းဆောင်ရည် စာရင်းစစ်ဆေးမှု ပြဿနာများ |
|---|---|
| • ရွေးကောက်ပွဲ ပြင်ဆင်ရေးနှင့် ဒီဇိုင်းများ : ရွေးကောက်ပွဲ စီမံကိန်းအတွက် စပ်ဆက်စဉ်းစားပုံနှင့် ပြည့်စုံမှု<br>• ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ထိရောက်မှု : ကုန်ကျစရိတ်မှ ထုတ်လုပ်နိုင်မှုအချိုးနှင့် ရရှိလာသော အရည်အသွေး<br>• ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ထိရောက်မှု : ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအပေါ် EMB ပေးသော ဝန်ဆောင်မှုများမှ ပေးသော အရာများ ။<br>• သက်ရောက်မှု : ပိုမိုကျယ်ပြန့်သော ဒီမိုကရက်တစ်ပတ်ဝန်းကျင်နှင့် ပြည်နယ်တည်ငြိမ်ရေးတို့တွင် ရှိသော ရွေးကောက်ပွဲတို့အား EMB ၏ လုပ်ဆောင်ပုံ၏ ထိရောက်မှု ။<br>• ရေရှည် လုပ်ကိုင်နိုင်မှု : ရွေးကောက်ပွဲမှရသော အကျိုးအမြတ်များကိုထိန်းသိမ်းထားနိုင်သောအရည်အချင်း ။ | • EMB ၏ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများ၊ လုပ်ဆောင်စဉ်များ၊ စီမံကိန်းများ (လိမ်ညာမှုထိန်းချုပ်ရေးနှင့် သက်ဆိုင်သော အရာများ) နှင့် ရွေးကောက်ပွဲ ရည်ရွယ်ချက်များအတွက် စွမ်းဆောင်ရည် စံနှုန်း သတ်မှတ်ခြင်း EMB ၏ တည်ဆောက်ပုံ သင့်လျော်မှုနှင့် မျှော်မှန်းထားသည့်အတိုင်း ရွေးကောက်ပွဲ ဝန်ဆောင်မှုများ ပေးနိုင်ခြင်း။<br>• ရွေးကောက်ပွဲ၏ ဥပဒေမူဘောင်နှင့် ၄င်း၏အတွင်းပိုင်း စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ဆောင်စဉ်များနှင့် EMB ကိုက်ညီမှုရှိသည့် ပမာဏ EMB ၏ ရွေးကောက်ပွဲလှုပ်ရှားမှုများအကြားနှင့်ရွေးကောက်ပွဲနှင့် အခြားသော EMB အစီအစဉ်များအကြားရှိ ပဋိပက္ခများနှင့် ပုံတူကူးမှုများရှိသည့် ပမာဏ ။ EMB နည်းစနစ်အဆင့်ဆင့်ပိုင်းတွင်ရွေးကောက်ပွဲစနစ်၏ သက်ရောက်မှု။<br>• ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် နည်းပညာ အသုံးပြုခြင်းဆိုင်ရာ ထိရောက်မှုနှင့် ကြာရှည် အသုံးခံနိုင်မှု။ EMB အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအကြား ရွေးကောက်ပွဲအကြောင်း သိနားလည်မှု အဆင့် လေ့ကျင့်ခြင်း၏ ထိရောက်မှုနှင့် ထိုကိစ္စများအတွက် ဝန်ထမ်းတို့၏ တိုးတက်မှုများ။<br>• EMB ၏ သတင်းအချက်အလက်ဆိုင်ရာ လှုံ့ဆော်မှုများ၏ သက်ရောက်မှု ။<br>• ရွေးကောက်ပွဲအတွင်းရှိ ရာထူးကဏ္ဍရထားသော အခြားသော အဖွဲ့အစည်းနှင့် EMB အကြားဆက်ဆံရေးများ ထိရောက်မှု။ အဓိကကျသော ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ လုပ်ကိုင်ရာတွင် EMB ၏ စွမ်းဆောင်ရည်။<br>• ၄င်း၏ ပါဝင်ပတ်သက်သူများအပေါ် EMB ၏ တာဝန်ခံနိုင်မှု။ |

## စွမ်းဆောင်ရည် စစ်ဆေးခြင်းဆိုင်ရာ ရလဒ်များ

စွမ်းဆောင်ရည် စစ်ဆေးခြင်းဆိုင်ရာ ရလဒ်သည် EMB နှင့် ၎င်းတို့၏ ပါဝင်ပတ်သက်သော သူများအား ပေးသော ဝန်ဆောင်မှုများကို တိုးတက်မှုရှိစေရန် ကြိုးကြပ်နေသောဌာနများအား အထောက်အပံ့ပေးရေးကို ဦးတည်ထားသော အကြံပေးချက်များနှင့် စစ်ဆေပြီးဖြစ်သော လုပ်ငန်းစဉ်များ သို့မဟုတ် ထိုလှုပ်ရှားမှုများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ပါဝင်နိုင်ကောင်း၏ဟု ခန့်မှန်းရသည်။

စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ စစ်ဆေးချက်များသည် EMB နှင့် ပါဝင်ပတ်သက်သူများ၏ ယူဆချက်များအပေါ်တွင် ကျယ်ပြန့်လှသော အကျိုးသက်ရောက်မှုများ ရှိနိုင်လေသည်။ ထိုသက်ရောက်မှုများတွင် ရင်းမြစ်များကို အသုံးပြုရာတွင် စုဆောင်းထားသောအချက်များ၊ ပိုမိုမြင့်မားသော အလုပ်တွင်ကျယ်မှု၊ ပိုမိုအားကောင်းလာသော စီမံခန့်ခွဲရေးမူဝါဒများနှင့် ကျင့်ထုံးများ၊ တိုးတက်လာသော ဝန်ဆောင်မှုဆိုင်ရာ အရည်အသွေးနှင့် တာဝန်ခံနိုင်မှုကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်ခြင်းတို့ဖြစ်သည်။

## ဇယား ၁၆ : စွမ်းဆောင်ရည် စစ်ဆေးရာတွင် တွေ့နိုင်ချေရှိသော အချက်များနှင့် အကြံပေးချက်များ

| စွမ်းဆောင်ရည် စစ်ဆေးမှု ဘဏ္ဍာများ | စွမ်းဆောင်ရည် စစ်ဆေးမှု အကြံပြုချက်များ |
|---|---|
| • EMB ၏ စီမံခန့်ခွဲရေးစနစ်များနှင့် စီမံခန့်ခွဲရေးအဖွဲ့များအတွက် အားသာချက်နှင့် အားနည်းချက်များ။ | • စီမံခန့်ခွဲရေး၊ လုပ်ငန်းဆိုင်ရာနှင့် ဘဏ္ဍာရေးစနစ်များ တိုးတက်စေရေးအတွက်နည်းလမ်းများနှင့် EMB (ရွေးကောက်ပွဲစီမံ ခန့်ခွဲရေးဌာန) ၏ ရည်ရွယ်ချက်များနှင့်အညီ စွမ်းဆောင်ရည် တိုးမြှင့်နိုင်မည့် လုပ်ငန်းစဉ်များ။ |
| • သက်ဆိုင်ရာ လုပ်ရပ်များ သို့မဟုတ် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် သုံးသောနည်းလမ်းများ၏ အားသာချက်နှင့် အားနည်းချက်များ။ | • မျှော်မှန်းထားရသော အရည်အသွေးလည်းရ ရင်းမြစ်များကိုလည်း ပိုမိုစီးပွားရေးတွက်ချေကိုက်အောင် သုံးသောနည်း။<br>• EMB ၏ ရင်းမြစ်များကို ပိုမိုတွင်တွင်ကျယ်ကျယ် အသုံးပြုသော နည်းလမ်းများ၊ ကုန်ကျစားရိတ်နှင့် ထုတ်ကုန်အချိုးကို လျှော့ချခြင်း။<br>• EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) ၏ ထိရောက်မှုကို ၎င်းကြံရွယ်ထားသော မျှော်မှန်းချက်များ၊ စွမ်းဆောင်ရည်စံနှုန်းများနှင့် ဝန်ဆောင်မှုအဆင့်များအားရရှိအောင် လုပ်ခြင်းဖြင့်တိုးမြှင့်အောင်လုပ်ခြင်း ။ |
| • စစ်ဆေးခြင်းခံနေရသော လုပ်ရပ်များနှင့် စပ်ဆိုင်သည့် ရည်ရွယ်ချက်များကို ရရှိနိုင်သည့် EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) ၏ အရည်အချင်းကို အတားအဆီးများ သက်ရောက်နိုင်သည်။ | • EMB ကို ၎င်း၏ရည်ရွယ်ချက်များ အောင်မြင်နိုင်ပြီး ဝန်ဆောင်မှုပေးရာတွင်၊ ကြာရှည်တည်မြဲနိုင်မှုနှင့် ကြာရှည်လုပ်ကိုင်နိုင်မှုတို့ တိုးတက်ရေးအတွက် ထောက်ပံ့မည့် EMB ၏ ပြင်ပပတ်ဝန်းကျင်ကို ပြောင်းလဲပစ်နိုင်သည်။ |
| • EMB မှ သတ်မှတ်ပြီး ၎င်း၏ ပါဝင်ပတ်သက်သူများ မျှော်ခင်ထားသောရည်မှန်းချက်များ ၊ စွမ်းဆောင်ရည် အဆင့်များနှင့် ဝန်ဆောင်မှုအဆင့်အတန်းများကို လူပ်ရှားမှုများနှင့် ဆန်းစစ်ထားသော လုပ်ဆောင်မှုများမှ မည်မျှရရှိနေပြီကို ဆုံးဖြတ်သတ်မှတ်ခြင်း | • EMB ၏ မူဘောင်နှင့် စီမံထားသောရလဒ်များ၊ စွမ်းဆောင်ရည် စံနှုန်းများနှင့်ပါဝင်ပတ်သက်သူများအပေါ် ၎င်း၏ဝန်ဆောင်မှုကို မြှင့်တင်ပေးနိုင်မည့် ပုံစံဝင်အောင် EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန)ကို လုပ်ခွင့်ပေးနိုင်မည့် ဝန်ဆောင်မှုအဆင့်အတန်းများ တိုးတက်မှု။<br>• EMB (ရွေးကောက်ပွဲစီမံခန့်ခွဲမှုဌာန) ၏တာဝန်ခံနိုင်မှုနှင့် ပွင့်လင်းမြင်သာရှိမှုကို တိုးတက်စေရန် ပြောင်းလဲပေးခြင်းနှင့် အဖွဲ့အစည်းအတွင်း ပြည်သူတို့၏ ယုံကြည့်မှုရှိလာစေရန်ပြုလုပ်ခြင်း |

### *ဘဏ္ဍာငွေကို စာရင်းစစ်ခြင်း*

EMB ၏ အတွင်းပိုင်း ဘဏ္ဍာငွေစာရင်းစစ်ခြင်းသည် ဘဏ္ဍာရေးဆိုင်ရာရိုးသားမှုနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ရန်အတွက် ၎င်း၏ နောက်ဆုံးအတွင်းပိုင်း စစ်ဆေးရေးယန္တရားပင်ဖြစ်သည်။ EMB တစ်ခု၏ အပြင်ပိုင်း ဘဏ္ဍာငွေ စာရင်းစစ်ချက်သည် EMB ၏ စာရင်းကို၎င်းတို့၏ ပြည့်စုံသော၊ စည်းကမ်းနှင့် ညီသော၊ အရည်အသွေးကောင်းပြီး တိကျသောလွတ်လပ်သည့် ထင်မြင်ချက်များကိုပေးနိုင်ရန်အတွက် ပြန်လည်ဆန်းစစ်ခြင်းပြုလေသည်။ EMB အများစုမှာ နှစ်စဉ် အလုပ်စီမံကိန်းအပေါ်တွင် အခြေပြုထားသော အောင်မြင်မှုနှင့်ရရှိမှုများကို ချိတ်ဆက်ထားသော နှစ်စဉ်စာရင်းစစ်ဆေးပြီးသားစာရင်းကို ပြင်ဆင်ပြီး တင်သွင်းရန် တာဝန်ရှိလေသည်။ ထိုအစီရင်ခံစာထဲတွင် နိုင်ငံနှင့် ပြင်ပရင်းမြစ်များမှ ထောက်ပံ့သော ဘဏ္ဍာငွေများ၏ ပမာဏကို ထင်ဟပ်မှုများရှိပြီး သင့်တော်သောနေရာများတွင် ထိုဘဏ္ဍာငွေများကို အသုံးပြုသောပမာဏများကိုပါ ထင်ဟပ်ပြသနိုင်လေသည်။

ရွေးကောက်ပွဲများသည် ရွေးကောက်ပွဲဆိုင်ရာ တင်ပို့ကုန်များ၊ ပစ္စည်းများနှင့် ကိရိယာများနှင့် ထပ်တိုးဝန်ထမ်းများ အများအပြားထပ်မံ ခန့်အပ်ရာတွင်ဆက်စပ်ပြီး ကုန်ကျသော ဘဏ္ဍာရေးဆိုင်ရာ ငွေအဝင်အထွက်များကို များစွာဖြစ်ပေါ်စေသည်။ EMB တော်တော်များများသည် နှိုင်းရအားဖြင့် ဖြန့်ကြဲခန့်အပ်ထားသော ပမာဏများပြားလှသည့် ဝန်ထမ်းများနှင့် ယာယီဝန်ထမ်းထောင်ဂဏန်းပါ အပါအဝင်ဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာကိရိယာများ၊ ဝန်ဆောင်မှုများနှင့် ပစ္စည်းများအတွက် ဒေါ်လာသန်းပေါင်းများစွာတောင်းခံရလေ့ရှိပြီး များသောအားဖြင့် အချိန်တိုအတွင်းရရှိလေ့ရှိသည်။ ထိုကဲ့သို့သော ပတ်ဝန်းကျင်မျိုးတွင် ကျွမ်းကျင် လုံခြုံရေးဝန်ထမ်းများကို ခန့်အပ်မထားပါက အကျင့်ပျက်ခြစားခြင်းနှင့် လုပ်ပုံကိုင်ပုံလွဲမှားခြင်းတို့သည် ဖြစ်ပေါ်နိုင်လေသည်။

ဘဏ္ဍာရေးဆိုင်ရာ စာရင်းစစ်ချက်သည်လည်း စာရင်းစစ်ပြီးသော EMB ၏ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုချက်များသည် ဘဏ္ဍာရေးအနေအထား၊ အများစုလက်ခံထားကြသော စာရင်းအင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေးအစီရင်ခံခြင်း စံနှုန်းများနှင့်အညီ ငွေကြေးစီဆင်းမှုနှင့်လုပ်ငန်းရလဒ်တို့အား မှုတစွာတင်ပြပါမည်ဟူသော ကျိုးကြောင်းဆီလျော်သည့် အာမခံချက်ကိုပေးနိုင်ရန် ချိန်ရွယ်လျက်ရှိသည်။ ထိုကဲ့သို့သော စာရင်းစစ်ချက်သည် ရှိရှိသမျှသော ငွေအဝင်အထွက်စာရင်းများက ဘဏ္ဍာရေးစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာသောအခါမျိုးတွင် EMB ၏ ကိုယ်ပိုင်စည်းကမ်း စည်းမျဉ်းသို့မဟုတ် ယေဘုယျအများစု၏ဌာနပိုင်းဆိုင်ရာ ဘဏ္ဍာရေးတာဝန်ခံမှုဥပဒေများနှင့် စည်းမျဉ်းများပေါ်တွင် ထပ်မံအခြေခံကာ ပြုလုပ်လေ့ရှိကြသည်။ ၎င်းတို့ဘက်မှလည်း EMB ၏ အတွင်းပိုင်းရှိ ဘဏ္ဍာနှင့် ပစ္စည်းထိန်းသိမ်းရေး အတွင်းပိုင်းထိန်းချုပ်မှုစနစ်သည် လိမ်ညာမှုကိုကာကွယ်နိုင်ရန် ဘဏ္ဍာရေးစီမံခန့်ခွဲမှု မှတ်တမ်းတွင် တိကျမှုနှင့် မှန်ကန်မှုရှိအောင် ကျကျနန ပုံစံရေးဆွဲပြီး အကောင်အထည်ဖော်ထားခြင်းဖြစ်ကြောင်း ဟုတ်၊ မဟုတ် အကြံဉာဏ်ပေးနိုင်ရန်အတွက် သုံးသပ်ရသည်တို့လည်း ရှိလေသည်။

ဘဏ္ဍာရေးလိမ်လည်မှုသည် ထိုကိစ္စများ အချို့သို့မဟုတ် အားလုံးကို အကျုံးဝင်နိုင်လေသည်။

- ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုချက်များနှင့် သတင်းအချက်အလက်များ (ဥပမာအားဖြင့် အခွန်နှင့်ကုန်ကျငွေများ၊ ငွေကြေးလက်ခံရယူသည့် ဖြတ်ပိုင်းများနှင့် ခွဲဝေပေးခြင်းများနှင့် ပိုင်ဆိုင်မှုစာရင်းများ)
- ခန့်မှန်းနှင့် အမှန်တစ်ကယ် ကျသင့်သော ဘဏ္ဍာရေးကိစ္စများ၏ ကွာခြားချက်များနှင့် ဘတ်ဂျက်ငွေ တောင်းခံလွှာများ

- ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများနှင့်ညီခြင်း၊ အထူးသဖြင့်ငွေကြေးလက်ခံရယူခြင်း၊ စာရင်းအင်းကိစ္စများနှင့် စာချုပ်များနှင့်စုစုပေါင်းချပေးငွေပမာဏများနှင့် လာဘ်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များနှင့်
- ဘဏ္ဍာငွေများ၊ ပိုင်ဆိုင်မှုများနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကို အတွင်းပိုင်းမှ အစီရင်ခံစာတင်ခြင်း

## *EMB များ၏ အစီအစဉ်ကို အကဲဖြတ်ခြင်း*

အစီအစဉ်အကဲဖြတ်ရေးလုပ်ငန်းစဉ်သည် EMB များကို ၎င်းတို့၏တာဝန်ခံနိုင်မှုများ မြင့်တက်လာရေးအတွက် ကျယ်ပြန့်စွာသုံးသော ကိရိယာ နောက်တစ်ခုဖြစ်သည်။ စွမ်းဆောင်ရည် စစ်ဆေးခြင်းနှင့် အစီအစဉ် အကဲဖြတ်ခြင်းအကြားရှိ နယနမိတ်သည် မပြတ်သားပေ။ နှစ်ခုစလုံးက EMB တစ်ခု ၎င်း၏ ရင်းမြစ်များကို မည်သို့အသုံးချနိုင်သည်ဆိုသည်ကို လွတ်လွတ်လပ်လပ်နှင့် လုပ်ငန်းပဓာနထားပြီး ခွဲခြမ်းစိတ်ဖြာသော အရာများပင်ဖြစ်သည် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ စစ်ဆေးချက်သည် ၎င်း၏ ဗျူဟာစီမံကိန်းတွင် သို့မဟုတ် အခြားသောဥပဒေနှင့် လုပ်ငန်းဆိုင်ရာမူဘောင် စာရွက်စာတမ်းများထဲတွင် ဖော်ပြထားသော အရာများနှင့် ဆက်စပ်နေသော EMB ၏ စွမ်းဆောင်ရည်၏ ထိရောက်မှုနှင့် တွင်ကျယ်မှု၊ စီးပွားရေးတွက်ခြေကိုက်မှုတို့ကို ယေဘုယျအားဖြင့် စူးစိုက်ခြင်းများပြုလေသည်။ အစီအစဉ်အကဲဖြတ်ခြင်းစည် ရွေးကောက်ပွဲမူဘောင်နှင့် EMB ၏ ဗျူဟာရည်ရွယ်ချက်များသည် ပါဝင်ပတ်သက်သူ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိ၏လော မရှိ၏လောနှင့် စတင်မေးမြန်းလေ့ရှိသည်။

EMB ၏ လုပ်ရပ်များအားအစီအစဉ်ပိုင်းဆိုင်ရာ သုံးသပ်မှုပြုရန်အတွက် အဓိကကျသောမေးခွန်းများတွင်:

၁။ EMB ၏ လုပ်ရပ်များနှင့် EMB ၏ ရည်ရွယ်ချက်များအတွက် ဥပဒေမူဘောင်သည် ပါဝင်ပတ်သက်သူများ၏ လိုအပ်ချက်နှင့် ရည်ရွယ်ချက်တို့အတွက် ကိုက်ညီပါသလား
၂။ EMB ပေးသော ဝန်ဆောင်မှုမှာ လိုအပ်ပါသလား
၃။ EMB ၏ ဝန်ဆောင်မှုများကို သည့်ထက်ပိုပြီး ထိထိရောက်ရောက်ပေးနိုင်ပါသလား
၄။ ပေးနေသော ဝန်ဆောင်မှု၏ ရေရှည်နှင့် ရေတိုအကျိုးသက်ရောက်မှုများမှာ မည်သည် တို့ဖြစ်သနည်း

အစီအစဉ် အကဲဖြတ်ရေးသည် ရလဒ်ကိုသာ လုံးလုံးအာရုံစိုက်ခြင်းမျိုးဖြစ်ပြီး EMB ၏ ဗျူဟာစီမံကိန်း လည်ပတ်ပုံအတွင်းသို့သာ ပြန်သွားလေ့ရှိသည်။ ၎င်းတို့သည် EMB ၏ ဗျူဟာနှင့် လည်ပတ်ပုံပေါ်တွင် အခြေခံထားသော လိုအပ်ချက် သုံးသပ်ချက်များမှာ တရားဝင်သေး၏လော၊ မဝင်တော့၏လော အပါအဝင် EMB အနေနှင့် ၎င်း၏ ပါဝင်ပတ်သက်သူများကို မည်သို့ဝန်ဆောင်မှုပေးသည်ဆိုသည်ကို အာရုံစိုက်လေ့ရှိသည်။ ၎င်းတို့သည် ပါဝင်ပတ်သက်သူကို အဓိကထားသည့် အလျောက် ၎င်းတို့သည် ပါဝင်ပတ်သက်သူ၏ EMB အပေါ်ထားသော မျှော်လင့်ချက်ကိုရရှိရန်နှင့် ၎င်းတို့၏ သင့်တော်သောအရာများကို သတ်မှတ်ချက်နှင့် လက်ရှိတာဝန်များကို ထမ်းရွက်နိုင်စွမ်းကို အာရုံစူးစိုက်လေ့ရှိသည်။ နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်နေသော ပတ်ဝန်းကျင်များ ပတ်ဝန်းကျင်၏ စိတ်ဓာတ်ရေးရာ ပြောင်းလဲနေသော အချိန်များ နှင့် ဆင့်ကဲပြောင်းလဲနေသော နိုင်ငံရေးနှင့် ဥပဒေရေးရာ မူဘောင်များ ရှိသော ပတ်ဝန်းကျင်တွင် ထိုသုံးသပ်အကဲဖြတ်ချက်များသည် EMB ကို ၎င်း၏ ပါဝင်ပတ်သက်သူ၏ လိုအပ်ချက်များ ထိထိရောက်ရောက် ပြည့်ဝခြင်းမရှိတော့သောလုပ်ရှားမှု နယ်မြေများကို ဖော်ထုတ်နိုင်ရန်အတွက် အထောက်အပံ့ဖြစ်လေသည်။ အစီအစဉ် အကဲဖြတ်ခြင်းသည် မည်သည့် EMB ဝန်ဆောင်မှုမျိုးကို ဆက်လက် လိုအပ်နေသေး

သည် သို့မဟုတ် အခြားသောအဖွဲ့အစည်းများကို EMB ထက် အချို့သော ရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သော ဥပမာ- မဲဆန္ဒရှင် အသိပညာပေးရေးနှင့် သတင်းအချက်အလက်မျှဝေရေး တို့အတွက် ပြည်သူ့ဘဏ္ဍာများအားလုံး သို့မဟုတ် အချို့တစ်ဝက် သုံးစွဲခွင့် ပေးရန်သင့်မသင့်ကဲ့သို့သော ကိစ္စမျိုးကို ဆန်းစစ်ခြင်း ပြုလုပ်နိုင်သည်။

## ရွေးကောက်ပွဲအပြီး ဆန်းစစ်ချက်များ

EMB သည် ရွေးကောက်ပွဲအပြီး သုံးသပ်ချက်များအား ရွေးကောက်ပွဲ၏ဥပဒေနှင့်စီမံခန့်ခွဲရေး ဆိုင်ရာဌာနများ၏ အရည်အချင်းကို သုံးသပ်ရန်နှင့် ယုံကြည်ရလောက်သော ရွေးကောက်ပွဲများ ပြုလုပ် ပေးရာတွင် ၎င်းတို့၏ စွမ်းဆောင်ရည်ကို အသုံးပြုမှု မြင့်တက်လာကြလေသည်။ ထိုစစ်ဆေးချက်များသည် ဘဏ္ဍာရေးနှင့် စွမ်းဆောင်ရည်ပိုင်း စာရင်းစစ်ဆေးမှုအတွက် အထောက်အကူ သဖွယ်ပင်ဖြစ်သည်။ ရွေး ကောက်ပွဲကြီးတစ်ခုပြီးတိုင်း စွမ်းဆောင်ရည် အစီရင်ခံစာတောင်းခံသော နိုင်ငံများတွင် ဘော့စတနာဝါ နှင့် ဂျော်ဂျီယာပါဝင်သည်။ ဘော့စတနာဝါ EMB သည် ၂၀၀၄ ခုနှင့် အထွေထွေရွေးကောက်ပွဲများတွင် ၎င်း၏ စွမ်းဆောင်ရည်များကို စစ်ဆေးရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူများကို တာဝန်ပေး ခဲ့လေသည်။ ထိုစစ်ဆေးချက်တွင် အဓိကကျသော အကြံပေးချက်အပြောက်အများနှင့် အင်မတန် တာ သွားသော လက်တွေ့အကောင်အထည်ဖော်နည်းများ ထုတ်ဖော်ပြောကြားသွားလေပြီး အခြေခံဥပဒေနှင့် ဥပဒေဆိုင်ရာ ပြင်ဆင်ချက်များပြုရန် လိုအပ်ချက်များလည်း အပါအဝင်ဖြစ်သည်။ ၂၀၀၆-၂၀၀၇ တွင် တီမော-လက်စ်တီတွင် ပြုလုပ်မည့် ၂၀၀၇ ရွေးကောက်ပွဲအတွက် ကုလသမဂ္ဂမှ ခန့်အပ်ထားသော အတည်ပြုထောက်ခံရေးအဖွဲ့သည် ထိုလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အစီရင်ခံစာများ အပြောက်အများ ထုတ်ဝေခဲ့သော်လည်း စွမ်းဆောင်ရည် စစ်ဆေးခြင်းဟု နာမည်မတပ်သော်ငြား ထိုကဲ့သို့သော တူညီသော လုပ်ရပ်မျိုးကို ၎င်းထုတ်ဖော်ခဲ့သည့် အရာများတွင် အသေးစိတ်ဖော်ပြပြီး မှတ်တမ်းပြုစုခဲ့ခြင်းများ လုပ်ခဲ့ လေသည်။

ရွေးကောက်ပွဲပြီးချိန်တွင် တင်ပြသော အစီရင်ခံစာသည် မည်သည့်အရာက ကောင်းကောင်း မွန်မွန်ဖြစ်သည်။ မည်သည့်အရာက မဖြစ်ပေ၊ အဘယ်ကြောင့် မဖြစ်ရသနည်းတို့ကို ခွဲခြမ်းစိတ်ဖြာပြလေ သည်။ ၎င်းအနေနှင့် ရွေးကောက်ပွဲ စနစ်တစ်ခု၏ ရှုထောင့်ပေါင်းစုံဖြစ်သော ရွေးကောက်ပွဲစနစ်များ၊ လုပ်ငန်းစဉ်များနှင့် စီမံခန့်ခွဲရေး တည်ဆောက်ပုံများနှင့် စွမ်းဆောင်ရည်များကို တာဝန်ယူခြင်း ရှိကောင်း ရှိနိုင်ပြီး မှတ်တမ်းများကိုသာလျှင် စစ်ဆေးခြင်း မဟုတ်ဘဲ ခွဲခြမ်းစစ်ဆေးရေး အရာရှိ၏ ရွေးကောက်ပွဲ ဆိုင်ရာ တိုက်ရိုက်အတွေ့အကြုံကို အခြေခံထားပါက ပိုမိုအဆင်ပြေနိုင်မည်။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ်များ၊ မဲဆန္ဒရှင်များ၏ စိတ်ဓာတ်နှင့် EMB ၏ လုပ်ရပ်များအပေါ် ပါဝင်ပတ်သက်သူများ အမြင် တို့သည် ရွေးကောက်ပွဲအပြီး ဆန်းစစ်ချက်ရေးနိုင်ရန်အတွက် အခက်အခဲရှိနိုင်သည်။ ထိုကဲ့သော အစီရင် ခံစာသည်လည်း EMB ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းစဉ်များသည် ၎င်း၏ရေရှည်လုပ်ကိုင်နိုင်မှုကို မည်သို့ ကူညီနိုင်၊ နှောင့်နှေးစေနိုင်သည်ဟူသော အချက်မျိုးကို ဖြေရှင်း ပေးနိုင်သည်။ ထိုကဲ့သို့သော စစ်ဆေးသူ၏ အစီရင်ခံစာသည် EMB နှင့် ရွေးကောက်ပွဲမူဘောင်၏ အားသာချက်နှင့် အားနည်းချက်များကို စစ်ဆေး ပေးနိုင်ပြီး ပြန်လည်ပြုပြင် ပြင်ဆင်ရေးအတွက် သင့်တော်သောအကြံပေးချက်များ ပြုပေးနိုင်လေသည်။ ထို စစ်ဆေးကြည့်ရှုမှု၏ ရလဒ်သည် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ရွေးကောက်ပွဲ လည်ပတ် ပုံတစ်ခုလုံးအတွင်းရှိ EMB ၏ စနစ်တိုးတက် လည်ပတ်ပုံဆွေးနွေးအတွင်းသို့ ရောက်ရှိသွားလေသည်။

ရွေးကောက်ပွဲကာလအတွင်း ထိုကဲ့သို့လိုအပ်ချက် သုံးသပ်မှုများကို ပြိုင်တူစုံ အထွေထွေ ရွေးကောက်ပွဲ မတိုင်မီနှင့် ရွေးကောက်ပွဲပြီးချိန် စွမ်းဆောင်ရည်ကို စစ်ဆေးရာတွင် ရေရှည်တွင် လွတ်လပ်၊ မျှတပြီး ယုံကြည်ရနိုင်သော ရွေးကောက်ပွဲများ၏ ရေရှည်လုပ်နိုင်စွမ်းကို ဖော်ထုတ်နိုင်လေသည်။

## ဇယား ၁၇ : ၂၀၁၄ ခုနှစ် ဘော့စ်တနာဝါ ရွေးကောက်ပွဲအပြီး သုံးသပ်ချက်များ သတ်မှတ်ထားသော လုပ်ပိုင်ခွင့်များနှင့် တာဝန်များ

| | |
|---|---|
| ဥပဒေ မူဘောင် | • လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင် (IEC) အား ၎င်း၏တာဝန် (ရွေးကောက်ပွဲ အက်ဥပဒေနှင့် အခြေခံဥပဒေ) ကို ထမ်းဆောင်ရာတွင် လမ်းညွှန်ရန် ဥပဒေမူဘောင်၏ သက်ဆိုင်မှု၊ အရည်အသွေးပြည့်မီမှုနှင့် ထိရောက်မှုကိုသုံးသပ်ခြင်း<br>• ဥပဒေမူဘောင်၏ ရှင်းလင်းမှုကို ကော်မရှင်၏ တာဝန်သဘောသဘာဝနှင့်လိုက်ပြီး အထူးပြု သုံးသပ်မှုပြုခြင်း<br>• ဘော့စ်တနာဝါ အခြေခံဥပဒေအတွင်းပြဋ္ဌာန်းထားသည့် အတိုင်း IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) ၏ လုပ်ဆောင်ချက်များနှင့် ၎င်း၏ အတွင်းရေးမှူး၏ အရည်အချင်းကို သုံးသပ်ခြင်း<br>• IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) ၏ အမူအကျင့်၊ လုပ်ဆောင်ချက်များ၊ ၎င်း၏ ဝန်ထမ်းများနှင့် အခြားသောသက်ဆိုင်ရာ ဥပဒေကိစ္စများတွင် ပါလီမန်အက်ဥပဒေ၏ လိုအပ်ချက် တိတိပပကို ရှာဖွေခြင်း။<br>• ရှိပြီးသား ဥပဒေမူဘောင်ကို ပြန်လည်ပြင်ဆင်ရန် သို့မဟုတ် အခြားတစ်ခုခုလုပ်ရန် အဆိုတင်သွင်းခြင်း |
| လုပ်ငန်းပိုင်း ဆိုင်ရာမူဘောင် (တာဝန် ထမ်းဆောင် ခြင်း) | • ၂၀၀၄ ခုနှစ် အထွေထွေရွေးကောက်ပွဲများအတွက် IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) ၏ ပြင်ဆင်ထားမှု အဆင့်ကို သုံးသပ်ခြင်း။<br>• ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲများအတွက် IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်)၏ ပြင်ဆင်ထားမှုကို စောင့်ကြည့်ပြီး ၎င်း၏ တာဝန်များရှိ လက်ရှိဥပဒေ မူဘောင်အတွင်းတွင် ရှိ၊ မရှိ ကို အကဲဖြတ်ခြင်း<br>• IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) မှ ပြုလုပ်သော ပြည်သူနှင့် မဲဆန္ဒရှင်များအား အသိပညာပေးရေး အစီအစဉ်များသည် သက်ဆိုင်မှု၊ အရည်အသွေးပြည့်မီမှုနှင့် ထိရောက်မှု ရှိ ၊ မရှိကို သုံးသပ်ရန်<br>• ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲကို ကျင်းပရာတွင် IEC(လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင်) ၏ ထိရောက်မှုကိုသုံးသပ်ပြီး အမှန်တစ်ကယ်ဖြစ်နေပြီး၊ သိသာထင်ရှားသော ပြဿနာများနှင့် အားနည်းချက်များကို ဖော်ထုတ်ခြင်း<br>• ကော်မရှင်နှင့် ၎င်း၏အဓိကပါဝင်ပတ်သက်သူများ၏ ဆက်ဆံမှုကို သုံးသပ်ပါ။ ထိုသုံးသပ်ချက်သည် IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ပြီး ၎င်း၏လွတ်လပ်မှုကို မြှင့်တင်သော IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) နှင့် အစိုးရဆက်ဆံမှုကို အထိရောက်ဆုံး မြှင့်တင်ပေးနိုင်မည့် နည်းလမ်းကို အကြံဉာဏ်ပေးနိုင်ရန်အတွက် အုပ်ချုပ်ရေးအဖွဲ့နှင့် ကော်မရှင်၏ ဆက်ဆံရေးကို ဦးစားပေး သင့်သည်။<br>• ကော်မရှင်နှင့် အထွေထွေအတွင်းရေးမှူးဌာနအကြား ကောင်းမွန်သော ဆက်သွယ်ရေး တစ်ခု တည်ဆောက်ရေးကို မည်သို့မြှင့်တင်ရမည်ကို သုံးသပ်ရန် |

| | |
|---|---|
| ကော်မရှင် နှင့် သက်ဆိုင်ရာ ဝန်ထမ်းခန့်အပ်မှု ကိစ္စများ၏ ပြဿနာများ | • လိုအပ်ပါက ကော်မရှင်အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့အား၊ ၊ ခန့်အပ်ပုံအဆင့်များကို အကဲဖြတ်ပြီး တိုးတက်အောင်ပြုလုပ်နိုင်မည့် အချက်များကို အဆိုပြုရန်<br>• ကော်မရှင်၏ရွေးကောက်ပွဲ ဝန်ထမ်းများ၏ အရည်အချင်းနှင့် လုပ်ရည်ကိုင်ရည်ကို သုံးသပ်ခြင်း<br>• ချို့နဲ့သော ကွင်းဆက်များကို ဖော်ထုတ်ပြီးတိုးတက်ရေး ဖော်ဆောင်မှုများကို အဆိုတင်သွင်းခြင်း<br>• ကော်မရှင်အနေနှင့် အတွင်းရေးမှူး အပါအဝင် ၎င်း၏ ဝန်ထမ်းများအားလုံးကို ဌားရမ်း၊ စည်းကမ်းသတ်မှတ်ခြင်းနှင့် ထုတ်ပယ်ခြင်းတို့အတွက် အာဏာရှိသင့်မရှိသင့်ကို သုံးသပ်ရန် |
| ဘဏ္ဍာရေး | • IEC (လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင်) ၏ ဘဏ္ဍာရေးစနစ်၏ အရည်အချင်းနှင့် လက်ရှိ ဘဏ္ဍာငွေထောက်ပံ့ရေး ယန္တရားလုပ်ငန်းစဉ်၏ ထိရောက်မှုကို သုံးသပ်ချက် |
| IEC (လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင်) | • IEC (လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင်) အနေနှင့် မည်မျှအတိုင်းအတာ အထိ လွတ်လပ်နေပြီး မည်မျှအတိုင်းအတာအထိ လွတ်လပ်သင့်သည်ကို သုံးသပ်ခြင်း<br>• IEC ( လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) ၏ လွတ်လပ်မှုကို သတ်မှတ်သော နယ်နိမိတ်ဘောင်များကို အဆိုပြုခြင်း<br>• IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) အတွက် အစီရင်ခံစာတင်ရမည့် လမ်းကြောင်းများကို အဆိုပြုသတ်မှတ်ခြင်း |
| အနာဂတ်၏ စွမ်းဆောင်ရည်ကို သုံးသပ်ခြင်း | • IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) ၏ သာမန်လုပ်ရိုးလုပ်စဉ် ရွေးကောက်ပွဲ အပြီး လုပ်ငန်းစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် စွမ်းဆောင်ရည် သုံးသပ်အကဲဖြတ်မှုကို အဖွဲ့အစည်းတစ်ခု အနေနှင့်ပြုလုပ်နိုင်မည့်နည်းလည်းများကို ရှာဖွေခြင်း |
| အခြားသော ပြဿနာများ | • IEC ( လွတ်လပ်သောရွေးကောက်ပွဲ ကော်မရှင်) ၏ လက်ရှိ ဗျူဟာစီမံကိန်း၏ စပ်ဆိုင်မှုနှင့် ထိရောက်မှု နှင့် တိုးတက်ရေးအတွက် အဆိုတင်သွင်းမှုများ ပြုလုပ်ခြင်း။<br>• ကျား၊ မ လိင်အမျိုးအစားနှင့် ရွေးကောက်ပွဲများနှင့် သက်ဆိုင်သော ပြဿနာများ၊ IEC (လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်) အတွင်းရှိ ကျား၊ မ လိင်အချိုးညီရေးကိစ္စများ အပါအဝင်ကို ဖော်ထုတ်သတ်မှတ်ခြင်း။ |

ရင်းမြစ်: Dundas, Carl W., Maundeni, Zibani and Balule, T., 'Final Report: Audit of the Independent Electoral Commission's (IEC) Preparedness to Conduct Legitimate and Credible Elections in October 2004. Report of a Team of Consultants Appointed to Audit the Operation of the 2004 Elections in Botswana', December 2004.

## ဇယား ၁၈ : EMB ၏ ရွေးကောက်ပွဲအပြီး သုံးသပ်လည်ပတ်ပုံကိုစစ်ဆေးရမည့်စာရင်း

| တာဝန် | လုပ်ဆောင်မှု |
|---|---|
| EMB စီမံခန့်ခွဲရေး | • ရွေးကောက်ပွဲကာလ မစမီတွင်၊ အတိုင်းအတာ မူဘောင်နှင့် စစ်ဆေးချက်၏ အညွှန်းများကို တည်ထောင်ပြီး ပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးပါ။ ပြီးနောက်တွင် ထိုအတွက် တာဝန်ရှိသော EMB(ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) မန်နေဂျာများနှင့် စစ်ဆေးရေးအဖွဲ့များ ကို ခန့်အပ်ပါ ပြီး/သို့မဟုတ် ပြင်ပမှ အတိုင်ပင်ခံများကိုလည်း ခန့်အပ်ပါ (လိုအပ်ပါက)<br>• EMB ဝန်ထမ်းများအား စစ်ဆေးချက်၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်ကို ရှင်းပြပါ။ |
| စစ်ဆေးရေး အဖွဲ့ | • ရွေးကောက်ပွဲကာလ၊ ခွဲခြမ်းစိတ်ဖြာမှုနှင့် အစီရင်ခံမှု ပြုနေစဉ်နှင့် ပြုအပြီးတွင် သတင်းအချက်အလက် စုဆောင်းရေးအတွက် စီမံကိန်းနှင့် အချိန်ဇယားများကိုတည်ထောင်ခြင်း ။<br>• ဥပဒေမူဘောင်၊ EMB မူဝါဒနှင့် လုပ်ငန်းစဉ်များနှင့် သက်ဆိုင်ရာ အခြားသောဌာနများမှ ထုတ်ပြန်ထားသော<br>• စာရွက်စာတမ်းများကဲ့သို့သော ဆက်စပ်ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ဆောင်ချက် အတွက် မှတ်တမ်းတင်ရေး မူဘောင်ကို စစ်ဆေးရန်<br>• ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စောင့်ကြည့်၊ ပြင်ပ ပါဝင်ပတ်သက်သူများနှင့် EMB ဝန်ထမ်းများကို မေးမြန်းပြီး သက်ဆိုင်ရာရွေးကောက်ပွဲ စွမ်းဆောင်ရည် အချက်အလက်များကို ဆက်တိုက်စုဆောင်းမှုပြုလုပ်ခြင်း။<br>• ရွေးကောက်ပွဲအပြီး အင်တာဗျူးများလုပ်ခြင်း သို့မဟုတ် ရွေးကောက်ပွဲလုပ်ဆောင်မှု တစ်ခုလုံးအတွက် စစ်ဆေးချက်များအတွက် ပါဝင်ပတ်သက်သူများ ဝိုင်းထိုင်ဆွေးနွေးခြင်း။<br>• လက်ရှိ ရှိနေသော အချက်အလက်များအတွင်း ဟာနေသော ဟာပေါက်များနှင့် ရွေးကောက်ပွဲရလဒ် ပဋိပက္ခများကဲ့သို့သော ပြဿနာများအတွက် ရွေးကောက်ပွဲအပြီးတွင် အချက်အလက်များ ကောက်ခံရန်နှင့် အချက်အလက်နှင့် ပုံကြမ်းစစ်ဆေးမှု အစီရင်ခံစာကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း။ |
| EMB စီမံခန့်ခွဲရေး | • အချက်အလက်နှင့် ပုံကြမ်းစစ်ဆေးမှု အစီရင်ခံစာကို စစ်ဆေးပြီး တုံ့ပြန်ခြင်း။ |
| စစ်ဆေးရေး အဖွဲ့ | • EMB စီမံခန့်ခွဲရေးအတွက် တုံ့ပြန်မှုများကို ထည့်သွင်းစဉ်းစားကာ နောက်ဆုံးစစ်ဆေးမှု အစီရင်ခံစာကို အကြမ်းရေးဆွဲခြင်း။ |
| EMB စီမံခန့်ခွဲရေး | • ပါဝင်ပတ်သက်သူများကို စစ်ဆေးမှု အစီရင်ခံစာအကြောင်း တင်ပြပါ<br>• EMB ဝန်ထမ်းများ၏ စစ်ဆေးမှု အစီရင်ခံစာများအတွင်း အပြောင်းအလဲများကို အကြံပေး ဆွေးနွေးခြင်းများ ပြုလုပ်ခြင်း။<br>• စစ်ဆေးရေး အစီရင်ခံစာထဲတွင်ပါဝင်သော ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြံပေးချက်များတွင်ပါဝင်သော အစိုးရနှင့် လွှတ်တော်အပါအဝင် ပါဝင်ပတ်သက်သူများ၏ အခွင့်အရေးအား လှုံ့ဆော်ခြင်း။<br>• စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပေးချက်များနှင့် အခြားသော ရလာသည့် ရွေးကောက်ပွဲ ဥပဒေ ပြုပြင်ပြောင်းလဲရေးအပေါ်တွင် အခြေခံပြီးမူဝါဒအသစ်များနှင့် လုပ်ငန်းစဉ်များ တည်ထောင်ရေးဆွဲခြင်း။<br>• ပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးရာတွင် နောင်လုပ်မည့် ရွေးကောက်ပွဲအတွက် မူဘောင်နှင့် နောင်လုပ်မည့်ရွေးကောက်ပွဲ၏ စစ်ဆေးချက်အတွက် စံညွှန်းခြင်း အချက်အလက်များ ရေးဆွဲခြင်း၊ ပြီးခဲ့သော ရွေးကောက်ပွဲ၏ စစ်ဆေးချက်အတွင်း ပါဝင်သည့် ကိစ္စများကို အထူးအာရုံစိုက်ခြင်း။ |

### *ပညာရှင်အချင်းချင်းတို့၏ လေ့လာသုံးသပ်ချက်များ*

ပညာရှင်အချင်းချင်းတို့၏ လေ့လာသုံးသပ်ချက်များသည် အတွေ့အကြုံရှိပြီးသား ရွေးကောက်ပွဲ ပညာရှင်များ၏ ဗဟုသုတများကို အတွင်းနှင့်အပြင် စစ်ဆေးရေး (စာရင်းစစ်ခြင်းနှင့် သုံးသပ်ခြင်း) လုပ်ဆောင်ချက် ယန္တရားအတွင်းသို့ ယူဆောင်ပေးနိုင်လေသည်။ ပထဝီဝင် နယ်မြေတစ်ခုတွင်ရှိသော EMB အတွင်းရှိ ကွင်းဆင်းဝန်ထမ်းကို EMB ၏ နောက်ထပ်ပထဝီဝင်နယ်မြေ နောက်တစ်ခုတွင် ဩစတြေးလျ EMB ၁၉၉၀ ပြည့်လွန်နှစ်များတွက် ကျင့်သုံးသွားသကဲ့သို့ ဘဏ္ဍာရေး သို့မဟုတ် စွမ်းဆောင်ရည်ဆိုင်ရာစစ်ဆေးမှုများ သို့မဟုတ် ရွေးကောက်ပွဲအပြီး စစ်ဆေးသုံးသပ်ချက်များအတွက် အထောက်အကူအဖြစ် အသုံးချခြင်းသည် အင်မတန်မှအကျိုးဖြစ်ထွန်းစေလေသည်။ စာရင်းစစ်ဆေးခြင်းခံရသော EMB များသည်လည်း အလားတူစီမံခန့်ခွဲရေးပြဿနာများ ဖြေရှင်းနေရာသော ပညာရှင်အချင်းချင်းထံမှ မှတ်သားအကြံပေးစရာရှိသည်တို့ကို ပိုမိုနာယူမှတ်သားနိုင်ဖွယ်ရှိပြီး စစ်ဆေးသူနှင့် စစ်ဆေးခံရသူတို့သည် ၎င်းတို့၏ ဗဟုသုတများကို အကြံဉာဏ်များ ဖလှယ်ရာမှ ချဲ့ထွင်နိုင်လေသည်။ အလားတူ အကျိုးကျေးဇူးများသည် တစ်နိုင်ငံတည်း သို့မဟုတ် အခြားတစ်နိုင်ငံမှ ရွေးကောက်ပွဲဆိုင်ရာအတွေ့အကြုံရှိ ဝါရင့်ပညာရှင်များ၊ EMB ၏ ပြင်ပစစ်ဆေးရေးအဖွဲ့များ အပါအဝင်တို့မှလည်း ရရှိနိုင်သည်။

### *ပြင်ပပိုင်းဆိုင်ရာ သုံးသပ်မှု၏ ပြဿနာများ*

EMB ၏ ပြင်ပပိုင်းဆိုင်ရာ စာရင်းစစ်ခြင်းသည် ၎င်း၏ ပြင်ပပိုင်းဆိုင်ရာ တာဝန်ခံမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ပြင်ပစစ်ဆေးမှု သို့မဟုတ် အကဲဖြတ်ချက်များ၊ အရေးပေါ်လုပ်ရသော EMB လုပ်ဆောင်ချက်များ၏ စစ်ဆေးချက်များ သို့မဟုတ် အခြားအထူးသီးသန့်ခန့်အပ်ထားသော ဌာနများ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာကိစ္စ သို့မဟုတ် ပြည်သူ့စာရင်းကော်မတီကဲ့သို့ လွှတ်တော်၏ကော်မတီမှ ပြုလုပ်သော စစ်ဆေးချက်များကဲ့သို့သော ဆောင်ရွက်ချက် ယန္တရားများမှတစ်ဆင့် အကောင်အထည်ဖော်ပေးနိုင်လေသည်။

EMB အား ပြင်ပပိုင်းဆိုင်ရာ ကြီးကြပ်မှုအတွက် တာဝန်ယူရသော ဌာနတစ်ခုသည် အပြည့်အဝလွတ်လပ်ခြင်းမရှိပါလျှင် ၎င်းအနေနှင့် ၎င်း၏ နယ်ပယ်နှင့်/သို့မဟုတ် နည်းစနစ်များကို မသင့်လျော်သောနည်းဖြင့် ကန့်သတ်ထားခြင်း ခံရခြင်းဖြစ်နိုင်လေသည်။ ကြီးကြပ်ရေး အစီရင်ခံစာများ၏ အကြောင်းအရာများကိုလည်း ပြောင်းလဲခြင်း သို့မဟုတ် လွှမ်းမိုးခြင်းတို့ ပြုလုပ်ခြင်းများ ရှိနိုင်လေသည်။ ကြီးကြပ်ရေးဌာနများကို အတားအဆီးဖြစ်စေခြင်းတို့တွင် အကူအညီတောင်းခြင်းကို၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းအချက်အလက်ရယူခြင်း သို့မဟုတ် တာဝန်ထမ်းဆောင်ရန်အတွက် လုံလောက်သော ဘဏ္ဍာငွေများနှင့် အခြားသော ရင်းမြစ်များ ရယူခြင်းကို ကန့်သတ်ခြင်းတို့ပါဝင်နိုင်သည်။ ဥပမာတစ်ခုပြရမည်ဆိုလျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၄ ခုနှစ်ကဖြစ်သွားသော ရွေးကောက်ပွဲ စောင့်ကြည့်ရေးဌာန ပန်ဝါစ်နှင့် EMB အကြားတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခပင်ဖြစ်သည်။ ပန်ဝါစ် ၎င်း၏တာဝန်အရ ရွေးကောက်ပွဲလုပ်ဆောင်ပုံကို စောင့်ကြည့်ရေးနှင့် ရွေးကောက်ပွဲပဋိပက္ခတော်တော်များများကို စံနမူနာအနေနှင့် ကိုင်တွယ်ရသော ဌာနအနေနှင့် လွတ်လပ်စွာ တာဝန်ထမ်းဆောင်ရန်အတွက် မျှော်လင့်ထားကြသော်လည်း ၎င်းကိုခန့်အပ်ပြီး ဘဏ္ဍာငွေချပေးနေသည်မှာ EMB ဖြစ်သောကြောင့် EMB ၏ ဆုံးဖြတ်ချက်များအပေါ် ပန်ဝါစ်၏ စိန်ခေါ်မှုများကြောင့် EMB အနေနှင့် EMB ပါဝင်သော စိန်ခေါ်မှုများ သို့မဟုတ် ပဋိပက္ခများတွင် ပန်ဝါစ်၏ ပါဝင်မှုကို ပိတ်ပင်သော စည်းမျဉ်းများကိုထုတ်ပြန်ရန်ဖြစ်လာသည်။

ကြီးကြပ်ရေးဌာနများအနေနှင့်လည်း စာရွက်စာတမ်းနှင့် ကွန်ပြူတာဖိုင်များ၊ ပြည်သူ့ဘဏ္ဍာနှင့် ဝယ်ယူထားသော ဝန်ဆောင်မှုနှင့် ပိုင်ဆိုင်မှုများနှင့် EMB အဖွဲ့ဝင်များ၊ ဝန်ထမ်းနှင့် အခြားသောသူများကို အင်တာဗျူးခြင်း တို့ကိုစစ်ဆေးခွင့် ရရှိရန်လိုအပ်သည်။ထိုအချက်များသည် ဥပဒေမူဘောင် အတွင်း ပါရှိပြီးဖြစ်ပါကရရှိရန် အာမခံနိုင်ပါသည်။ မရပါကလည်း EMB အနေနှင့် ၎င်း၏ ယုံကြည်ရနိုင်မှုကို မြင့်တင်သည့်အနေနှင့် လွတ်လပ်ပြီး နှောင့်နှေးခြင်းကင်းသော လုပ်ပိုင်ခွင့်ကို ခွင့်ပြုနိုင်လေသည်။ တရားဝင် ကြီးကြပ် စောင့်ကြည့်ရေး အေဂျင်စီများသည်လည်း EM နှင့် အခြားသော အဖွဲ့အစည်းများကို စာရွက်စာတမ်းအချို့ကို မထုတ်မဖြစ်ထုတ်ပေးရန်အတွက် မဖြစ်မနေစေခိုင်းနိုင်သော၊ မလိုက်နာပါက ပိတ်ဆို့ အရေးယူမှုပြုနိုင်သော တရားရုံးအာဏာသက်ရောက်စေသည့် တရားရုံးဆင့်ခေါ်စာရရှိနိုင်သည်။ ကြီးကြပ်စောင့်ကြည့်ရေး ကိုယ်စားလှယ်ဌာနက စုံစမ်းစစ်ဆေးရေးအာဏာများ ရရှိထားသောအခါ ၎င်းအနေနှင့် အများအားဖြင့် အုပ်ချုပ်ရေးနှင့် ခံဝန်ချက်ထုတ်ပြန်ခြင်းတို့ကို ပဋိညာဉ်ယူပြီး လုပ်နိုင်လေသည်။

ထိရောက်မှုရှိရန်အတွက် ကြီးကြပ်ရေးသည်လည်း တင်းကြပ်သော အရည်အသွေးထိန်းချုပ်မှုအောက်တွင် ရှိရမည်ဖြစ်ပြီး ထိုမှသာလျှင် ၎င်းအနေနှင့်လည်း ပညာရှင်ဆန်၊ ဘက်မလိုက်ဘဲ၊ တိကျမှု ရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲ တာဝန်တစ်ခုအတွင်းရှိ ဥပဒေ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းဆိုင်ရာ မူဘောင်တို့ကို လိုလိုလားလားလိုက်နာသော ကျွမ်းကျင်ဝန်ထမ်းများ လုံလုံလောက်လောက်ရှိခြင်းသည် ကြီးကြပ်ရေးတာဝန်များကို ကောင်းကောင်းမွန်မွန် ထမ်းဆောင်စေလိမ့်မည်။ ကြီးကြပ်ရေးဌာနမှ တွေ့ရှိချက်များသည် လုပ်ငန်းသဘောကိုသာ ရှေးရှုပြီး EMB ၏ ဝန်ဆောင်မှုများ တိုးတက်ရေးအတွက် ချိန်ရွယ်ထားသင့်သည်။

## အခန်းအနှစ်ချုပ်

- ၎င်း၏ ပါဝင်ပတ်သက်သူများကို တာဝန်ယူခြင်းသည် EMB ၏ ပွင့်လင်းမြင်သာမှုကို တိုးတက်စေပြီး ပြည်သူ့အများစု၏ ၎င်း၏ ပညာရှင်ဆန်မှုနှင့် အဂတိကင်းစင်မှုကို အကောင်းဘက်မှ လွှမ်းမိုးနိုင်လေသည်။
- ပါဝင်ပတ်သက်သူများနှင့် ပုံမှန်တွေ့ဆုံပြီးအလွတ်တန်းသဘောမျိုး တာဝန်ခံခြင်းနှင့် စွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေးဆိုင်ရာနည်းစနစ်အရ တာဝန်ခံခြင်း ယန္တရားများသည် EMB အနေနှင့် ဥပဒေနှင့် အညီလိုက်နာရန်၊ ဘဏ္ဍာရေးဆိုင်ရာအရ ရိုးသားမှုရှိရန်၊ လုပ်ငန်းဆိုင်ရာ အရည်အသွေးကောင်းမွန်ရန်နှင့် ဝန်ဆောင်မှုရယူသူကို အာရုံစိုက်သော ထိရောက်သည့် လုပ်ရှားမှုတို့အတွက် တာဝန်ရှိကြောင်းကို သေချာစေရန်အတွက် လိုအပ်သော၊ အထောက်အကူအနေနှင့် လိုအပ်သောအရာများဖြစ်သည်။
- စွမ်းဆောင်ရည်ကို တာဝန်ခံခြင်းသည် အတွင်းနှင့်အပြင် နှစ်ပိုင်းရှိသည်။ အတွင်းပိုင်းရှိ လုပ်ဆောင်ရမည့်အရာများထဲတွင် စီမံခန့်ခွဲရေးကို ကြီးကြပ်ခြင်းနှင့် စွမ်းဆောင်ရည်ဆိုင်ရာ ပြဿနာများကိုစစ်ဆေးရန် အတွင်းပိုင်းစာရင်းစစ်ချက်များကို အသုံးပြုခြင်းတို့ပါဝင်သည်။ ပြင်ပပိုင်းဆိုင်ရာလုပ်ဆောင်မှုများတွင် လွှတ်တော်ကဲ့သို့သော ပါဝင်ပတ်သက်သူများကို အပြင်ပိုင်းရှိ စစ်ဆေးချက်များနှင့် လိုအပ်ချက်များကို အစီရင်ခံရေးများပါဝင်သည်။ EMB အစီရင်ခံစာများကို အများအပြားဖြန့်ဝေလိုက်ခြင်းသည် EMB ၏ စိန်ခေါ်မှုများနှင့် အောင်မြင်မှုများကို ပါဝင်ပတ်သက်သူအများအပြား သိရှိနိုင်စေလေသည်။
- ထိုနည်းတူပင် EMB သည် ဘဏ္ဍာရေးအရ အတွင်းရော အပြင်ရော တာဝန်ခံရလေသည်။ အတွင်းပိုင်းဆိုင်ရာ လုပ်ဆောင်မှုများတွင် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံချက်များနှင့် ထိန်းချုပ်ရေး

လုပ်ငန်းစဉ်များနှင့် ပုံမှန်အတွင်းပိုင်း စာရင်းစစ်ခြင်းတို့ပါဝင်သည်။ ပြင်ပပိုင်းဆိုင်ရာ လုပ်ဆောင်မှုများတွင် ပြင်ပပိုင်းဆိုင်ရာ စာရင်းစစ်ဆေးခြင်းနှင့် လွှတ်တော်နှင့် အလှူရှင်များကဲ့သို့ ပါဝင်ပတ်သက်သူများကို စာရင်းစစ်ဆေးထားသော ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုချက်များကို ပုံမှန်တင်သွင်းပြဋ္ဌာန်းခြင်းတို့ ပါဝင်သည်။

- အထူးသဖြင့် မဲပေးခြင်းနှင့် မဲရေခြင်းသို့သော ကိစ္စမျိုးများတွင် နည်းပညာအခြေပြုစနစ်များ အသုံးပြုခြင်းသည် ထိုစနစ်များကို ပါဝင်ပတ်သက်သူများအနေနှင့် အလွယ်တကူ နားလည်နိုင်မှုမရှိခြင်းသို့မဟုတ်ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ကြောင့်EMBအနေနှင့်တာဝန်ခံရခြင်းများအတွက် လိုအပ်ချက်များ ဖြစ်ပေါ်လာစေသည်။ အထောက်အထားနှင့် အရောင်းအဝယ် အသွင်းအထုတ်များအပါအဝင်အရည်အသွေးနှင့်စစ်မှန်မှုပိုင်းဆိုင်ရာအဆင့်မြင့်မှုတို့ကိုသေချာစေခြင်းကိုလည်း ထိန်းသိမ်းထားရမည်။
- ၎င်း၏ စွမ်းဆောင်ရည်ရိုးသားမှုနှင့် ထိရောက်မှုတို့အား ပါဝင်ပတ်သက်သူတို့ကို သေချာနိုင်စေရန်အတွက် EMB အနေနှင့် လုပ်ငန်းအကောင်အထည်မဖော်မီနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်း အရည်အသွေးထိန်းချုပ်မှုနှင့် နောက်ပိုင်းအချိန် စာရင်းစစ်ခြင်း၊ အဲဖြတ်ခြင်းနှင့် ပြင်ပ ကြီးကြပ်ရေးဆိုင်ရာ ယန္တရားများအပါအဝင် လုပ်ဆောင်ချက်များ အများအပြား အသုံးပြုနိုင်လေသည်။ ပညာရှင်အချင်းချင်း အပြန်အလှန်စစ်ဆေးသော လုပ်ငန်းစဉ်ကို အသုံးပြုခြင်းသည် စာရင်းစစ်ခြင်း၊ တွေ့ရှိချက်များကို သုံးသပ်အကဲဖြတ်ခြင်းနှင့် အကြံပေးခြင်းတို့အတွက် ပိုမိုယုံကြည်မှုရှိစေရန် ပေးစွမ်းနိုင်လေသည်။
- ဘဏ္ဍာရေးနှင့် ရွေးကောက်ပွဲ လုပ်ငန်းဆိုင်ရာတို့ကိုပါ တာဝန်ယူသော စနစ်တကျ၊ သေချာစဉ်းစားထားသော ပေါင်းစပ်ထားသည့် အလိမ်အညာများ လျှော့ချရေးနှင့် ထိန်းချုပ်ရေး စီမံကိန်းတစ်ခုတည်ဆောက်ခြင်းသည် ရွေးကောက်ပွဲ၏ အရည်အသွေးနှင့် ၎င်းတို့အပေါ် ပါဝင်ပတ်သက်သူများ၏ ယုံကြည်မှုကို မြင့်တက်နိုင်စေရန် မြှင့်တင်ရေးအတွက် အရေးပါသော ကိရိယာတစ်ခု ဖြစ်နိုင်လေသည်။
- အကဲဖြတ်ခြင်းဆိုသည်မှာ ရွေးကောက်ပွဲဆိုင်ရာ မူဘောင်ကြီးတစ်ခုလုံးကို ခွဲခြမ်းစိတ်ဖြာခြင်းဖြစ်ပြီး စစ်ဆေးခြင်းသည် မူဘောင်အတွင်းရှိ ပြဿနာများကို ခွဲခြမ်း/သုံးသပ်ရန်အတွက် သုံးသောနည်းစနစ်ဖြစ်သည်။ သုံးသပ်ခြင်းထဲတွင် စစ်ဆေးခြင်းပါသောလည်း စစ်ဆေးခြင်းထဲတွင် သုံးသပ်ခြင်း မပါနိုင်ပေ။
- စွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှုများသည် EMB မှ အသုံးပြုသော ကျင့်ထုံးကောင်းများကို ဖော်ထုတ်နိုင်သည်၊ လိမ်ညာမှု၊ လာဘ်စားမှုနှင့် မသမာမှုများကို ဖော်ထုတ်ပြီး ရပ်တန့်စေနိုင်သည်။ EMB တစ်ခုအနေနှင့် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီစေရေး နည်းလမ်းများကို မည်သို့မြင့်တက်စေမည်ဟူသော နည်းလမ်းများကို ဖော်ထုတ်ပေးနိုင်ကာ ၎င်း၏ ဗျူဟာစီမံကိန်းများ၏ ရည်မှန်းချက်များပြည့်စုံစေရန် လုပ်ငန်းပိုင်းဆိုင်ရာ စွမ်းဆောင်ချက်များနှင့် အသင်းအဖွဲ့ဆိုင်ရာ အရည်အသွေးများကိုလည်း တိုးတက်စေနိုင်သည်။
- စွမ်းဆောင်ရည်စစ်ဆေးချက်များသည် EMB လုပ်ဆောင်ချက်များ၏ စီးပွားရေးတွက်ချေကိုက်မှု၊ တွင်ကျယ်မှုနှင့် ထိရောက်မှုတို့ကို သုံးသပ်ပေးလေပြီး ၎င်း၏ အရည်အသွေးကို မြှင့်တင်ရာတွင်လည်း ထင်ရှားလှသော သက်ရောက်မှုရှိလေသည်။ ၎င်း၏ရင်းမြစ်များကို အသုံးချရေးသည် ပိုမိုငွေကုန်ကြေးကျ ထိရောက်ပြီး ရွေးကောက်ပွဲစီမံခန့်ခွဲရေးကို ခိုင်မာစေသည်။ ဘဏ္ဍာရေးဆိုင်ရာ စာရင်းစစ်ချက်သည် အတွင်းပိုင်းရှိ ဘဏ္ဍာရေးထိန်းချုပ်မှုများကို တိုးတက်စေပြီး၊ သက်

ဆိုင်ရာ စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိစေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ ရင်းမြစ်များကိုတွင် တွင်ကျယ်ကျယ် အသုံးပြုနိုင်ရန် ပြုလုပ်ပေးလေသည်။

- စာရင်းစစ်ချက်များ အပါအဝင် EMB သည် ၎င်း၏လုပ်ရှားမှုများ၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံး၏အစီအစဉ်ကို အကဲဖြတ်ခြင်းများ ပြုလုပ်နိုင်သည်။ အစီအစဉ်အကဲဖြတ်ချက်များသည် EMB အနေနှင့် ၎င်းရည်ရွယ်သောအရာများကို မည်မျှကောင်းကောင်းမွန်မွန် ပြုလုပ်သည်ဟူသော အချက်မျိုးကိုသာ စစ်ဆေးရုံမျှမက ၎င်း၏ဗျူဟာပိုင်းဆိုင်ရာ ရည်ရွယ်ချက်များသည် ၎င်း၏ပတ်ဝန်းကျင်နှင့် ပါဝင်ပတ်သက်သူတို့၏ လိုအပ်ချက်များနှင့် သင့်တော်ကိုက်ညီမှု ရှိ/မရှိ အတွက်ပါ ပါဝင်လေသည်။ EMB ကို ပြောင်းလဲနေသော ပြင်ပပတ်ဝန်းကျင်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ကူညီပေးရာတွင် ထိရောက်သော နည်းလမ်းများဖြစ်သည်။
- သေချာစွာစီစဉ်ထားသော ရွေးကောက်ပွဲအပြီး စစ်ဆေးချက်များသည် EMB များအတွက် အထူးပင် အသုံးဝင်လေသည်။ ထိုစစ်ဆေးချက်များမှလာသော အကြံပြုချက်များသည် EMB မူဝါဒ အတွင်းပိုင်းနှင့် လုပ်ငန်းစဉ်များကို ပြုပြင်ပြောင်းလဲရေးအတွက်၊ ပြီးနောက် ရွေးကောက်ပွဲ လည်ပတ်ပုံတစ်ရပ်လုံးအတွက် ရွေးကောက်ပွဲဆိုင်ရာ မူဘောင်များပြုပြင်ပြောင်းလဲရေးအတွက် EMB ၏ လုပ်ရှားမှုအတွက်လည်း အကျိုးပြုနိုင်သည်။
- EMB ၏ လွတ်လပ်သော ပြင်ပပိုင်းဆိုင်ရာ ကြီးကြပ်မှုသည် ပြင်ပစစ်ဆေးခြင်း သို့မဟုတ် အကဲဖြတ်ခြင်း၊ လက်ရှိ လွှတ်တော်ကော်မတီမှတစ်ဆင့် သို့မဟုတ် အရေးပေါ်ဖွဲ့စည်းထားသော အထူးဌာနမှတစ်ဆင့် ပြုလုပ်ကောင်း ပြုလုပ်နိုင်လေသည်။ ထိထိရောက်ရောက် လုပ်နိုင်ရန်အတွက် ကြီးကြပ်ရေးကို ပြုလုပ်သော ဌာနအနေနှင့်လည်း အခြား သက်ဆိုင်ရာ ကိရိယာများနှင့် ကိုယ်စားလှယ်များကို ဝင်ရောက်အသုံးပြု ထိတွေ့ခွင့်ရနိုင်ရန် လိုအပ်လေသည်၊ ပညာရှင်ဆန်၊ အဂတိကင်းစင်ပြီး လွတ်လပ်မှုလည်း များများစားစားရရှိရန်လိုအပ်ကာ တင်းကြပ်သော အရည်အသွေး ထိန်းချုပ်မှုလည်းရှိရန် လိုအပ်သည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# ဗြိတိန်နိုင်ငံ ː အကူးအပြောင်းကာလတွင် ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်မှု ရှိနေခြင်းလော*

Toby S. James

## မိတ်ဆက်ကဏ္ဍ

၂၁ ရာစုမရောက်မီအချိန်အထိ၊ ဗြိတိန်တွင်လုပ်သော ရွေးကောက်ပွဲများ၊ အဖွဲ့အစည်းနှင့် တာဝန်ရှိသော တစ်ဦးချင်းစီတို့၏ လုပ်ဆောင်ပုံတို့၏ အပြောင်းအလဲသည် မရှိသလောက်ပင်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ အက်ဥပဒေ၏ ကျင့်ထုံးသည် ၁၈၇၂ မြူနီစီပယ်အက်ဥပဒေနှင့် ၁၉၁၈ ပြည်သူ့ကိုယ်စားလှယ်အက်ဥပဒေတွင်သာ အခြေပြုအမြစ်တွယ်လျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ရာစုနှစ်အသစ်သို့ရောက်သောအခါ အပြောင်းအလဲများလည်း ကြီးကြီးမားမားဖြစ်ပေါ်လာသည်။ ၁၉၉၇-၂၀၁၀ အတွင်း တည်ရှိခဲ့သော အလုပ်သမားအစိုးရက မှတ်ပုံတင်စာရင်းများ ထည့်သွင်းခြင်း၊ လိုအပ်ပါက အဝေးရောက်မဲထည့်စနစ်များကို ခွင့်ပြုခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာထိန်းကျောင်းရေး စွန့်ဦးစီမံကိန်းများကဲ့သို့သော အပြောင်းအလဲများကို မိတ်ဆက်ခဲ့လေသည်။[၁] အပြောင်းအလဲများသည် ရွေးကောက်ပွဲ၏ ဖွဲ့စည်းပုံနှင့် အုပ်ချုပ်ရေးအပေါ်ကို သက်ရောက်ပြောင်းလဲစေခဲ့လေသည်။ ရွေးကောက်ပွဲကော်မရှင်ကို ၂၀၀၀ ပြည့်နှစ်တွင် တည်ထောင်ထားပြီး ရွေးကောက်ပွဲဥပဒေဆိုင်ရာ ကျွမ်းကျင်မှု ရင်းမြစ်တစ်ခုအဖြစ် လျင်မြန်စွာ ဖြစ်ပေါ်လာလေသည်။ ၎င်းအနေနှင့်လည်း အစိုးရကိုကြောက်ရွံ့စရာမလိုဘဲ လွတ်လပ်ပြီး ဗြိတိန်တွင် ကျင်းပသော ရွေးကောက်ပွဲများ၏ လုပ်ပုံကိုင်ပုံကို အရေးပါအရာရောက်စွာ လွှမ်းမိုးလေသည်။

မည်သို့ပင်ဆိုစေကာမူ ဗြိတိန်၏ ရွေးကောက်ပွဲအုပ်ချုပ်မှုပုံစံသည် ပိုမိုပြီးရှုပ်ထွေးပြီး သိမ်မွေ့လာမှု မြင့်တက်လာသည်။ အဘယ်ကြောင့်ဆိုသော ရွေးကောက်ပွဲများ ပြုလုပ်ရာတွင် အဖွဲ့အစည်း၏ တစ်စိတ်တစ်ပိုင်းကလည်း နေရာကဏ္ဍတစ်ခုကို ဝင်ရောက်ထမ်းဆောင်ရသောကြောင့်ဖြစ်သည်။ ရွေးကောက်ပွဲများကိုလည်းပတ်စေရန် တာဝန်အကြီးစားများမှာ မြို့အာဏာပိုင်များမှခန့်အပ်ထားသော အရာရှိများထံတွင်ရှိသည်။ ထို့ကြောင့် ဗြိတိန်သည် ရွေးကောက်ပွဲစီမံခန့်ခွဲရေးတွင် အစိုးရပုံစံနှင့် အကောင်းဆုံးအသင့်တော်ဆုံးဖြစ်သည်။သို့သော်လည်း ဗြိတိန်အတွင်းရှိမတူညီသော တရားစီရင်ရေး အမျိုးမျိုးတို့အတွက် မတူညီသောအစီအစဉ်များ အမျိုးမျိုးရှိကြလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရွေးကောက်ခံ စကော့တလန်အစိုးရ၊ ဝေလလွှတ်တော်အစိုးရနှင့် အိုင်ယာလန်မြောက်ပိုင် လွှတ်တော်အစည်းအရုံးကို လောလောလတ်လတ် တည်ထောင်လိုက်ခြင်း တစ်စိတ်တစ်ပိုင်းကြောင့်ဖြစ်သည်။ စကော့တလန်တွင် ယခု

---

* ဗြိတိန်နိုင်ငံ၏ ဖြစ်ရပ်များကို လေ့လာခြင်း မူရင်းစာမူကို Ellie Greenwod, 'The United Kingdom: Electoral Modernization', Electoral Management Design: The International IDEA Handbook (Stockholm: International IDEA, 2006), pp. 80–3. တွင် လေ့လာနိုင်ပါသည်။

ကိုယ်ပိုင် EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) ရှိပြီဖြစ်ပြီး ဝေလတွင်လည်း ရွေးကောက်ပွဲဥပဒေကို အာဏာဖဲဟိုပြုခြင်း ဖယ်ရှားရန် လတ်တလောတွင် ဆွေးနွေးပြီးဖြစ်သည်ဖြစ်ပြီး အိုင်ယာလန်မြောက်ပိုင်းသည်လည်း ယခင်ကြာရှည်လှစွာကတည်းက မတူကွဲပြားသော စီမံချက်များရှိပြီးဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်သည် အဖွဲ့အစည်းအသစ်ဖြစ်ပြီးဎင်း၏နေရာကဏ္ဍသည် ၂၀၀၀ ပြည့်နှစ် ၎င်းကို ဖန်တီးပြီးကတည်းက ပြောင်းလဲသွားပြီဖြစ်သည်။ ၎င်းကို မြို့အာဏာပိုင်များထက် မြင့်မားသော အာဏာပေးအပ်ထားပြီး ဖြစ်သော်လည်း ထပ်မံလိုချင်နေသေးသည်။ ထိုသို့ပေးအပ်လိုက်ပါကလည်း ၎င်းသည် အစိုးရပုံစံထက် ပုံစံအရောနှင့် ပိုတူနေပေလိမ့်မည်။ သို့သော်လည်း ဗြိတိသျှအခြေခံဥပဒေ၏ စည်းမျဉ်းဥပဒေထည့်သွင်းရေးဆွဲထားခြင်းမရှိသော သဘောသဘာဝကြောင့် အခြားသော ပြည်သူ့အဖွဲ့အစည်းများကဲ့သို့ပင် ရွေးကောက်ပွဲကော်မရှင်ကိုလည်း ပါလီမန်လွှတ်တော်အတွင်းမဲအသာရပါက အစိုးရက မည်သည့်အချိန်တွင်မဆို ဖျက်သိမ်းခြင်းပြုနိုင်သည်။

## ဗြိတိန် ရွေးကောက်ပွဲများ လည်ပတ်ခြင်း : ထင်ရှားသောသူများ အကြောင်း

ယခင်က ရွေးကောက်ပွဲများကို ကျင်းပကြေငြာရေးအရာရှိများကို ကျင်းပပေးခြင်းဖြစ်ပြီး ၎င်းတို့ကို မြို့အာဏာပိုင်များက ခန့်အပ်ခြင်းဖြစ်သည်။ ၎င်းတို့သည် မဲပေးခြင်းကိစ္စများအတွက် တာဝန်ရှိပြီး မဲရေတွက်ခြင်းနှင့်ဆိုင်သော ကြိမ်ရေများတွင် စောင့်ထိန်းရသည်တို့လည်းရှိသည်။ ရွေးကောက်ပွဲ မှတ်ပုံတင်အရာရှိသည် ရွေးကောက်ပွဲမှတ်ပုံတင်များ စုပေါင်းပေးရေးအတွက် တာဝန်ရှိလေသည်။ ကျင်းပကြေညာရေးအရာရှိနှင့် ရွေးကောက်ပွဲမှတ်ပုံတင်ရေး အရာရှိများသည် မြို့နယ်အစိုးရ၏ဝန်ထမ်းများဖြစ်ကြသော်လည်း ရွေးကောက်ပွဲတာဝန်များနှင့် သက်ဆိုင်လာသောအခါ ဗဟိုနှင့် မြို့နယ်အစိုးရတို့၏ အာဏာစက်မှ လွတ်ကင်းလေသည်။ ၎င်းတို့သည်လည်း လွတ်လပ်သောပြဋ္ဌာန်းဥပဒေဆိုင်ရာ အရာရှိများကဲ့သို့ တရားရုံးစနစ်အတွက်လည်း တာဝန်ရှိပြီး ၎င်းတို့၏တာဝန်များကို ချိုးဖောက်ပါကလည်း စွဲဆိုခြင်းများပြုလုပ်နိုင်သည်။၂

ဗြိတိန်တစ်လျှောက်တွင် အရေးပါသောအပြောင်းအလဲ ကိစ္စများရှိလေသည်။ အင်္ဂလန်နှင့်ဝေလတွင် ရွေးကောက်ပွဲမှတ်ပုံတင်ရေးအရာရှိနှင့် ကျင်းပကြေညာရေးအရာရှိတို့သည် မြို့နယ်အာဏာပိုင် ဌာနတစ်ခုအတွင်း အလုပ်လုပ်ကြသော သူများလည်းဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ စကော့တလန်တွင် ရွေးကောက်ပွဲမှတ်ပုံတင်ရေးကို ရာဖြတ်ပူးပေါင်းဘုတ်အဖွဲ့မှဆောင်ရွက်ပြီး ထိုအဖွဲ့သည် နိုင်ငံတွင်းအကောက်ခွန်များအတွက် ပစ္စည်းများကို တန်ဖိုးဖြတ်ပေးရသော တာဝန်ကို လုပ်ဆောင်ပေးရလေသည်။ ထို ရာဖြတ် ပူးပေါင်းဘုတ်အဖွဲ့၏ သုံးသပ်အကဲဖြတ်ရေး အရာရှိသည် ရွေးကောက်ပွဲ မှတ်ပုံတင်ရေးအရာရှိပင်ဖြစ်သည်။ အိုင်ယာလန်မြောက်ပိုင်းတွင် ရွေးကောက်ပွဲအရာရှိချုပ်သည် ကျင်းပကြေညာရေးနှင့် ရွေးကောက်ပွဲ မှတ်ပုံတင်ရေးအရာရှိ တာဝန်နှစ်မျိုးစလုံးကို ထမ်းဆောင်ရလေသည်။ သူ့ကို ထောက်ပံ့ထားသည်မှာ အိုင်ယာလန်မြောက်ပိုင်း ရွေးကောက်ပွဲရုံးဖြစ်ပြီး ခန့်အပ်ထားသည်မှာ အိုင်ယာလန်မြောက်ပိုင်းပြည်နယ် အတွင်းရေးမှူးဖြစ်သည်။

ဗြိတိန် ဗဟိုအစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်သည့်အတိုင်းပင် ရွေးကောက်ပွဲဥပဒေနှင့်အညီ ရွေးကောက်ပွဲများကို ရွေးကောက်ပွဲမှတ်ပုံတင်ရေး အရာရှိများနှင့် ကျင်းပကြေငြာရေးအရာရှိများက အကောင်အထည်ဖော်လုပ်ဆောင်နေခြင်းဖြစ်သည်။ ၂၀၀၀ ခုနှစ်မတိုင်မီတွင် ဌာနချုပ်မှအကြံဉာဏ်နှင့် သတင်းအချက်အလက်များကို တည်ထောင်ရန်အတွက် တာဝန်ထမ်းဆောင်ပေးသော ရွေးကောက်ပွဲဌာနအငယ်စားလေးကို ဖွဲ့စည်းခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ဗြိတိန် ရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲ စီမံ

ဦးဆောင်ရေးနှင့် နိုင်ငံရေးပါတီများ၏ ဘဏ္ဍာရေးကို စည်းကမ်းသတ်မှတ်ရာတွင် အကြံဉာဏ်နှင့် လမ်းညွှန်များပေးရန်အတွက် တည်ထောင်ခဲ့သည်။

အခြားသောတစ်ဖက်က ကြည့်ပါကလည်း ဤစာအုပ်တွင် သုံးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ရွေးကောက်ပွဲ ကော်မရှင်သည် EMB မဟုတ်ပါ။ ဆန္ဒခံယူပွဲများကို စီမံဦးဆောင်ရေးတွင် ပါဝင် သောအရာရှိများအား ညွှန်ကြားနိုင်သော အာဏာသာလျှင်ရှိခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ၎င်းအနေနှင့် ရွေးကောက်ပွဲ အုပ်ချုပ်ရေးနေရာတွင် ယုံမှားသံသယဖြစ်ဖွယ်ရာမရှိလောက်အောင်ပင် အရေးပါသောနေရာကို ထမ်းဆောင်သွားခြင်းဖြစ်သည်။ ပြီးနောက်ရလာသော ရလဒ်အနေနှင့်လည်း နေရာရာထူး ပိုမိုကြီးထွားလာခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ် ရွေးကောက်ပွဲဦးစီးရေးအက်ဥပဒေသည် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲများနှင့် ၂၀၀၀ ပြည့်နှစ် ဆန္ဒခံယူပွဲအက်ဥပဒေတို့အား ရွေးကောက်ပွဲကော်မရှင်ကို ကျင်းပကြေငြာရေးအရာရှိများ၊ ရွေးကောက်ပွဲမှတ်ပုံတင်ရေးအရာရှိများနှင့် ဆန္ဒမဲရေတွက်ရေး အရာရှိများ၏ စွမ်းဆောင်ရည်စံနှုန်းများကို သတ်မှတ်ရန်အတွက် ပြင်ဆင်ပေးခဲ့လေသည်။[၃] ထိုနည်းသည် ကော်မရှင်များအနေနှင့် ရွေးကောက်ပွဲ ဦးစီးစီမံသူများကို ပြဋ္ဌာန်းပုံစံအတိုင်း ထိန်းချုပ်စရာမလိုဘဲ စီမံခန့်ခွဲနိုင်သော အရေးကြီးသော နည်းလမ်းတစ်ခု ဖြစ်သည်။[၄]

စကော့တလန်နိုင်ငံ ရွေးကောက်ပွဲစီမံခန့်ခွဲရေး ဘုတ်အဖွဲ့မှာ နောက်ထပ်အဆင့်မှာ ထပ်မံဖန်တီးသည်တို့ ရှိသေးလေသည်။ ထိုအရာကို စကော့တလန် ပါလီမန်လွှတ်တော်အတွင်းတွင် စကော့တလန် အစိုးရကဖန်တီးခဲ့ခြင်းဖြစ်ပြီး (၂၀၁၁ ခုနှစ် မြို့နယ်ရွေးကောက်ပွဲ ဦးစီးစီမံရေး (စကော့တလန်) အက်ဥပဒေ) မြို့အာဏာပိုင်များကို အထောက်အကူဖြစ်စေရန်နှင့် အကောင်းဆုံးသော ကျင့်ထုံးများကို မြှင့်တင်နိုင်ရန်အတွက်ဖြစ်သည်။ ၎င်းကိုလုပ်ဆောင်ရသူမှာ ဝန်ကြီးများမှခန့်အပ်သော ကျင်းပကြေညာရေးအရာရှိဖြစ်သည်။ စကော့တလန် EMB အနေနှင့် မြို့အစိုးရရွေးကောက်ပွဲများတွင် မြို့ကျင်းပကြေငြာရေးအရာရှိများကို ညွှန်ကြားချက်ပေးနိုင်သည့်အာဏာကို ပြဋ္ဌာန်းဥပဒေအရ ပိုင်ဆိုင်ထားလေသည်။ ရွေးကောက်ပွဲ ကော်မရှင်အနေနှင့် စကော့တလန် EMB ၏ တည်ထောင်မှုကို ကြိုဆိုလေသည်။ ၎င်း၏ ပြဋ္ဌာန်းဥပဒေအရ ရရှိထားသော အာဏာသည် မြို့အဆင့် ရွေးကောက်ပွဲအထိသာ ကန့်သတ်ထားသည်ကို သိသော်လည်း ၎င်းအနေနှင့် အခြားသော ရွေးကောကင်ပွဲများအတွက် အကောင်းဆုံးသော ကျင့်ထုံးများကို ကျင့်သုံးစေနိုင်မည့် နည်းလမ်းများကို တည်ထောင်ရာတွင် ကူညီပေးကောင်းပေးနိုင်လိမ့်လေမည်။[၅] စကော့တလန်အစိုးရက အဆိုတင်သွင်းသည်မှာ လွတ်လပ်သော ဆန္ဒခံယူပွဲတစ်ခုအတွက် မဲပေးခြင်းနှင့် မဲရေခြင်းတို့သည် စကော့တလန် EMB ၏ လမ်းညွှန်ချက်ကို လိုက်နာသော မြို့အာဏာပိုင်များမှ လုပ်ဆောင်ရေးဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်သည်လည်း ထိုနည်းဖြင့် လှုပ်ရှားလုပ်ဆောင်မှု၏ အကြံဉာဏ်နှင့် စည်းမျဉ်းများကို ပေးလိမ့်မည်ဖြစ်သည်။[၆]

ဝေလနိုင်ငံတွင် ရွေးကောက်ပွဲ စီမံကိန်းချရေး အဖွဲ့ (ဝေလအစိုးရ၊ ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များနှင့် ကျင်းပကြေငြာရေးအရာရှိများပါဝင်သည်) သည် မြို့အဆင့်နှင့် ဝေလနိုင်ငံ လွှတ်တော်အစည်းအရုံးရွေးကောက်ပွဲအတွက် မဲရေတွက်ခြင်းအတွက် အချိန် စသော အရာများကို တူညီသော ချဉ်းကပ်မှုသဘောတူညီချက် ရရှိရန်အတွက် တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ကြလေသည်။ထိုအဖွဲ့တွင် ဥပဒေပြဋ္ဌာန်းချက်အရ ရရှိထားသော မည်သည့်အာဏာမှမရှိပါ။ မည်သို့ပင်ဆိုစေကာမူ ဝေလအစိုးရအနေနှင့် ဝေလနိုင်ငံ၏ အာဏာအချို့ကို ၎င်းအားချမှတ်ပေးလိုက်ပြီး မြို့နှင့် လွှတ်တော်ရွေးကောက်ပွဲများကို ဥပဒေပြုရေးမဏ္ဍိုင်အဆင့် ထိန်းချုပ်နိုင်ခွင့်ပေးရန် စဉ်းစားနေလေသည်။[၇]

အကြံပေးရေးနှင့် အစိုးရမဟုတ်သော နယ်နိမိတ်သတ်မှတ်ရေး ကော်မရှင်လေးခုရှိလေသည်

(အင်္ဂလန်၊ ဝေလ၊ စကော့တလန်နှင့် အိုင်ယာလန်မြောက်ပိုင်းတို့ဖြစ်ကြသည်) ၎င်းတို့က ပုံမှန် ရွေးကောက်ပွဲဆိုင်ရာ ခရိုင်များကို စစ်ဆေးခြင်းများပြုလုပ်ကြပြီး ပါလီမန်လွှတ်တော်ကို အပြောင်းအလဲများ ပြုလုပ်ရန်အတွက် အကြံပြုချက်များ တင်သွင်းလေသည်။ ၎င်းတို့၏ အဆိုပြုချက်များကို အောက်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ကြလေသည်။

ရွေးကောက်ပွဲတရားစီရင်ရေးသည် အဓိကအားဖြင့် တရားရုံးစနစ်နှင့်သာဖြေရှင်းခြင်းဖြစ်သည်။ ရွေးကောက်ပွဲရလဒ် တစ်ခုနှင့်ပတ်သက်ပြီး လက်မှတ်ရေးထိုးဆန္ဒထုတ်ဖော် စိန်ခေါ်မှုများ မြင့်တက်လာပါက တရားရုံးချုပ်မှ ရွေးကောက်ပွဲခုံရုံးပြုလုပ်နိုင်သည်။ ရွေးကောက်ပွဲကော်မရှင် အနေနှင့်လည်း ရွေးကောက်ပွဲဘဏ္ဍာငွေဥပဒေ (အောက်တွင်ကြည့်ပါ) အရ ပိတ်ဆို့အရေးယူခွင့်အချို့ရှိသည်။ သို့သော်လည်း ထိုအချက်များသည် အများအားဖြင့် ပိုမိုကျယ်ပြန့်သော ဥပဒေစနစ်ဖြင့် ဖြေရှင်းရလေ့ ရှိသည်။

အတိုချုပ်ပြောရလျှင် ပါလီမန်လွှတ်တော်အနေနှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၏ စီရင်ချက်ချမှတ်ခြင်းဆိုင်ရာ အချုပ်အခြာအာဏာကို ဆက်လက်ကိုင်စွဲထားပြီး ထိုဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်သည်မှာ မြို့အာဏာပိုင်များ၏ ဝန်ထမ်းများဖြစ်ကာ အခြားသောဌာနများက အကြံပေးသို့မဟုတ် ကြီးကြပ်ရေးကဏ္ဍများတွင် ဝင်ပါကြလေသည်။ ထိုအချက်သည် အဓိက EMB ဖြစ်သောကြောင့် ယခုဖြစ်ရပ် လေ့လာခြင်း၏ နောက်ပိုင်းများသည် ဗြိတိန် ရွေးကောက်ပွဲကော်မရှင်၏ ရာထူးနေရာကိုသာ အထူးပြုစူးစိုက် တော့မည်ဖြစ်သည်။

## ဥပဒေဆိုင်ရာ မူဘောင်

ရွေးကောက်ပွဲ ဥပဒေကို အားကောင်းစေသော သို့မဟုတ် ရွေးကောက်ပွဲအတွက် တာဝန်များကို ပြဋ္ဌာန်းထားသောဥပဒေပြဋ္ဌာန်းချက် တစ်ချက်မှမရှိပါ။ ဥပဒေ ကော်မရှင်က ထိုကိစ္စကို မေလ ၂၀၁၀ ရွေးကောက်ပွဲအတွက် မကြာသေးမီက ဖော်ပြပြီးနောက်တွင် ကွဲပြားသော ဥပဒေပြုချက် ၂၅ ချက်ကို ရွေးကောက်ပွဲ ဦးစီးစီမံသူများက တိုင်ပင်ဆွေးနွေးခဲ့ရပြီး အချို့မှာ ဗြိတိန်တစ်ခုလုံးအတွက် ဖြစ်ကာ အခြားမှာ ဗြိတိန်၏ တစ်စိတ်တစ်ပိုင်းနှင့်သာ သက်ဆိုင်လေသည်။[၈] အချို့သော ရွေးကောက်ပွဲ ဦးစီးစီမံရေးမှုးများအတွက် အပိုင်းပိုင်းအစစ ပြုလုပ်ထားသောဥပဒေမူဘောင်များမှာ ရှုပ်ထွေးနေသည်ဟုဆိုပြီး အစီရင်ခံစာ တင်လေ့တင်ထရှိသည်မှာ ထိုကဲ့သို့သော အရာမျိုးသည် ၎င်းတို့အား အမှားအယွင်းများ ပိုမိုဖြစ်ပေါ်စေသည်ဟု ဆိုသည်။[၉]

ရွေးကောက်ပွဲကော်မရှင်၏ နေရာကဏ္ဍကို ၂၀၀၉ ခုနှစ် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲအက်ဥပဒေက ပြင်ဆင်ထားသည့် ၂၀၀၀ ပြည့်နှစ် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲ အက်ဥပဒေက ပြဋ္ဌာန်းသတ်မှတ်လေသည်။ ရွေးကောက်ပွဲမှတ်ပုံတင်ရေး အရာရှိများနှင့် ကျင်းပကြေငြာရေး အရာရှိများ၏ တာဝန်များသည် အဓိကအားဖြင့် ၁၉၈၃ ခုနှစ် ပြည်သူ့ကိုယ်စားလှယ်ပြုရေး အက်ဥပဒေက ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အိုင်ယာလန်မြောက်ပိုင်း ရွေးကောက်ပွဲရုံး၏ ရာထူးကဏ္ဍသည် ၁၉၇၀ ပြည့်လွန်နှစ်များရှိ ဥပဒေပြုချက်အများအပြား၏ ပြဋ္ဌာန်းချက်များ ပါဝင်လျက်ရှိသည်။[၁၀] ပါတီဘဏ္ဍာရေး စည်းမျဉ်းများကို ၂၀၀၀ ပြည့်နှစ် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲ အက်ဥပဒေက လွှမ်းမိုးလျက်ရှိပြီး ထိုအက်ဥပဒေကို ၂၀၀၆ ခုနှစ် ရွေးကောက်ပွဲစီမံဦးစီးရေး အက်ဥပဒေနှင့် ၂၀၀၉ ခုနှစ် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲအက်ဥပဒေက ပြင်ဆင်ထားလေသည်။ တရားဥပဒေစိုးမိုးရေးအတွက် ကြီးမားအားကောင်းလှသော ကိစ္စတစ်ရပ်လည်း ရှိသေးသည်။

## ဗြိတိန် ရွေးကောက်ပွဲ ကော်မရှင်၏ အာဏာနှင့် လုပ်ဆောင်ချက်များ

ရွေးကောက်ပွဲဥပဒေသည် နယ်ပယ်ကြီး၄ခုတွင် လုပ်ဆောင်လေသည်။ ပထမအနေနှင့် ၎င်းသည် ရွေးကောက်ပွဲဘဏ္ဍာနှင့် ပါတီအလှူငွေများအား စည်းမျဉ်းသတ်မှတ်ရေးအတွက် တာဝန်ရှိလေသည်။ နိုင်ငံရေးပါတီများ နိုင်ငံလုံးဆိုင်ရာအဆင့်နှင့် မဲဆန္ဒနယ်တစ်ခုချင်းစီအတွက် မဲဆွယ်ရာတွင် အသုံးစရိတ်များမှာ အကန့်အသတ်ရှိလေသည်။ မည်သို့သော သူမျိုးကသာလျှင် နိုင်ငံရေးပါတီများကို လှူဒါန်းနိုင်ပြီး ထိုလှူဒါန်းစရိတ်၏ ပမာဏကိုလည်း စည်းမျဉ်းများသတ်မှတ်ထားလေသည်။ ကော်မရှင်ဘက်မှ နိုင်ငံရေးပါတီများ၏ အများပြည်သူသိစာရင်းကို ထိန်းသိမ်းထားပြီး ၎င်းတို့၏ အလှူငွေများ၊ ချေးငွေများ၊ မဲဆွယ်ပွဲအသုံးစရိတ်နှင့် နှစ်စဉ်စာရင်းများလည်း ပါဝင်သည်။ ကော်မရှင်ဘက်မှ ထိုအချက်အလက်များကို စုပေါင်းပြီး ပြည်သူများအား နားလည်လွယ်နိုင်သော ပုံစံဖြင့်ပြသခြင်းပြုလေသည်။ ၎င်းတို့သည် စည်းကမ်းချိုးဖောက်ခြင်းများနှင့် စည်းမျဉ်းများကိုလည်း စုံစမ်းမှုပြုလေသည်။ ၂၀၀၉ ခုနှစ် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲ အက်ဥပဒေကော်မရှင်အား ဥပဒေများကို ချိုးဖောက်ကြောင်း ခိုင်လုံထင်ရှားပါက ပေးနိုင်သော ပိတ်ဆို့အရေးယူမှု (ဥပမာ-ဒဏ်ငွေ) များကို ဖော်ပြပြဋ္ဌာန်းထားလေသည်။[၁၁] သို့သော်လည်း အချို့သော ချိုးဖောက်မှုများကမူ ရာဇဝတ်ရေးရာတရားစွဲဆိုပိုင်မှု အောက်တွင်ပင်ရှိလေသည်။ ကော်မရှင်အနေနှင့်လည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ရေးအတွက် တာဝန်ရှိလေသည်။

ဒုတိယအနေနှင့် ကော်မရှင်သည် လက်ခံနားလည်ရနိုင်လောက်သော မူဝါဒများနှင့် ရွေးကောက်ပွဲ ဦးစီးစီမံရေးရှိ သုတေသနများ၊ နိုင်ငံရေးသတင်း ထုတ်လွှင့်ချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာ ဘဏ္ဍာရေးများကိုတာဝန်ယူကိုင်တွယ်ရလေသည်။ ၎င်းသည်ဗြိတိန်တွင်ပြုလုပ်သော ရွေးကောက်ပွဲများ အကုန်လုံးကို ပူးပေါင်းဦးဆောင်ပြီး သုံးသပ်အကဲဖြတ်ပေးရန်အတွက် တရားဥပဒေမှပြဋ္ဌာန်းထားသော အချက်ရှိသည်။ ၎င်းအနေနှင့်လည်း အချို့သော စွန့်ဦးအသုံးပြုသော အရာများဖြစ်သော လက်တလောတွင် ဗြိတိန်အစိုးရမှ ပြုလုပ်လိုက်သည့် ရွေးကောက်ပွဲစာရင်းများတိုးတက်ရန်အတွက် အီလက်ထရွန်းနစ်ဒေတာဘေ့စ် အသုံးပြုခြင်းကဲ့သို့သော အရာများကိုသုံးသပ်အကဲဖြတ်ရန်အတွက်လည်း လုပ်ရသည်။[၁၂] နောက်ဆုံးအဆင့်အနေနှင့် ၎င်းသည် ရွေးကောက်ပွဲကိစ္စများကို စစ်ဆေးသုံးသပ်ခြင်းများ ပြုလုပ်ရလေသည်။ နောက်ဆုံးတစ်ခုသည် ကော်မရှင်အားအရေးကြီးသည်ဟု ယူဆရသော သုတေသန တစ်ချို့ပြုလုပ်ရန်အတွက် လွတ်လပ်ခွင့်အချို့ကို ပေးလေသည်။ ထို့ကြောင့်ပင်၎င်းအနေနှင့် ရှိပြီးသား ရွေးကောက်ပွဲကျင့်သုံးပုံများ၏ ထိရောက်မှုတို့ကို စစ်ဆေးပြီး ၎င်းတို့အပေါ်တွင်ထားရှိသော ပြည်သူတို့၏ ထင်မြင်ချက်များကိုလည်း စစ်ဆေးခြင်းဖြစ်သည်။ ဥပမာအားဖြင့် ၎င်းသည် ရွေးကောက်ပွဲမှတ်ပုံတင်စာရင်း[၁၃]၏ ပြည့်စုံမှုကို အကဲဖြတ်လိုက်ပြီး မည်သည့် နိုင်ငံရေးပါတီကမှ မတောင်းဆိုသော်ငြားလည်း မဲရုံများတွင် မဲဆန္ဒရှင် မှတ်ပုံတင်ရေး လိုအပ်ချက်များကို စစ်ဆေးရေးကိစ္စအား စစ်ဆေးကြည့်ရှုလိုကြောင်း ဖော်ပြလိုက်ခြင်းမျိုးဖြစ်သည်။ ထိုအစီရင်ခံစာများသည် မူဝါဒနေရာများရေးဆွဲရာတွင်သုံးပြီး ၎င်းတို့ကို ဥပဒေပြုချက် ထည့်သွင်းရေးဆွဲရာတွင် သုံးလိုက်ခြင်းဖြစ်သည်။

တတိယအနေနှင့် ကော်မရှင်သည် ပါတီရွေးကောက်ပွဲနှင့် ဆန္ဒမဲခံယူပွဲများထုတ်လွှင့်ရန် အကြံပေးသည်။ မူဝါဒပိုင်းဆိုင်ရာကို နောက်ဆုံးအဆုံးအဖြတ်ပေးသည်က ထုတ်လွှင့်သော အာဏာပိုင်များမှ လုပ်ခြင်းဖြစ်သော်လည်း ၎င်းတို့အနေနှင့်လည်း ကော်မရှင်၏ အမြင်များကို ထည့်သွင်းစဉ်းစားပေးရသည်။

စတုတ္ထအနေနှင့် ကော်မရှင်သည် ရွေးကော်ပွဲဆိုင်ရာ ဦးစီးစီမံသူများအား အထောက်အပံ့နှင့် လမ်းညွှန်မှုများပေးရလေသည်။ ဒေသခံအာဏာပိုင်ရုံးဌာနများတွင်ရှိသော ရွေးကောက်ပွဲလုပ်ဆောင်ပေးသည့် ဝန်ထမ်းများအတွက် ရင်းမြစ်များထုတ်ဝေပေးသည်။ ၎င်း၏ ဝဘ်ဆိုက်တွင်လည်း password

ခံထားသော ရင်းမြစ်များကိုအတိုင်းအတာတစ်ခုထိ ထုတ်ပေးထားသော နယ်မြေများရှိပြီး ၎င်းဘက်မှလည်း သောင်းပြောင်းထွေလာသော မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းမျိုးလုပ်လေသည်။ ၂၀၁၁-၁၂ တွင် ၎င်းဘက်ကပြောသည်မှာ ၎င်းသည် ရွေးကောက်ပွဲဥပဒေနှင့် ကျင့်ထုံးများနှင့် ပါတီနှင့် ရွေးကောက်ပွဲ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စတို့နှင့် ပတ်သက်သော မေးခွန်းပေါင်း ၄၀၀၀ လောက်ကို ဖြေကြားခြင်းပြုသည်ဟု ဆိုသည်။[၁၄] ဗြိတိန်ရှိ ရွေးကောက်ပွဲဥပဒေများမှာ ရှုပ်ထွေးလာလျက်ရှိသည်။ ထိုသို့ဖြစ်ရခြင်း၏ တစ်စိတ်တစ်ပိုင်းမှာ ရွေးကောက်ပွဲကျင်းပသော အကြိမ်ရေများ တိုးမြင့်လာသောကြောင့်ဖြစ်ပြီး အသုံးပြုသော ရွေးကောက်ပွဲစနစ်များ ကွဲပြားသောကြောင့်ဖြစ်ပြီး ရွေးကောက်ပွဲဦးစီးစီမံရေးမှူးများက အများအားဖြင့် ထိုရင်းမြစ်ကို တန်ဖိုးထားကြသည်။[၁၅] ကော်မရှင်ဘက်မှလည်း ပြည်သူအများစုအတွက် သတင်းအချက်အလက်များ ပေးစွမ်းလေသည်။ ထိုသို့ပေးစွမ်းသောအရာများတွင် ၂၀၁၀ အထွေထွေ ရွေးကောက်ပွဲအတွင်း ကောင်းစွာ အသုံးပြုခဲ့သော မဲပေးရန်အတွက်မည်သို့ မှတ်ပုံတင်ရမည်ဆိုသော ဝဘ်ဆိုက်တစ်ခုပါ အပါအဝင်ဖြစ်လေသည်။ ကော်မရှင်ကိုလည်း ပြဋ္ဌာန်းဥပဒေက သတ်မှတ်ထားသော အချက်တစ်ချက်ရှိပြီး ပြည်သူများပါဝင်ရေးကို မြင့်တက်လာစေရန်အတွက် စည်းမျဉ်းကန့်သတ်ထားသော GBP ၇.၅ သန်း ရှိသော်လည်း ကော်မရှင်၏ နေရာကဏ္ဍကို စစ်ဆေးသောကော်မတီက ၎င်းသည် ၎င်း၏ စည်းမျဉ်းကြပ်မတ်မှုဆိုင်ရာ လုပ်ဆောင်ချက်များကိုသာ စူးစိုက်သည်ဟု အကြံပြုလိုက်ပြီးနောက်တွင် ဖယ်ရှားခြင်းပြုခဲ့သည်။[၁၆]

ပဉ္စမမြောက်အနေနှင့် ကော်မရှင်သည် ကျင်းပကြေငြာရေးအရာရှိများ၊ ရွေးကောက်ပွဲမှတ်ပုံတင်ရေးအရာရှိများနှင့်ဗြိတိန်ရှိ ဆန္ဒခံယူမဲ ရေတွက်ရေးအရာရှိများ၏ စွမ်းဆောင်ရည် စံနှုန်းသတ်မှတ်ရန် အာဏာကို မကြာသေးမီကပေးအပ်ခြင်းခံထားရလေသည်။ ကော်မရှင်ဘက်မှ စံချိန်စံနှုန်းများကို ထုတ်ဝေလိုက်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲအရာရှိများက ၎င်းတို့သည် စံချိန်စံနှုန်း၏ "အောက်"၊ "ကွက်တိ" သို့မဟုတ် "အထက်" မည်သည့်နေရာတွင် ရောက်နေသည်ကို မိမိဘာသာ ဆန်းစစ်ရမည်ဖြစ်သည်။ ရလဒ်များသည် ရွေးကောက်ပွဲကော်မရှင် အစီရင်ခံစာများနှင့် အွန်လိုင်းမှရှာနိုင်သောနေရာများတွင် အများပြည်သူပါ ဖတ်ရှုနိုင်အောင် လုပ်ပေးထားလေသည်။ နိုင်ငံတကာ ရှုထောင့်ကကြည့်လျှင် ထိုအရာသည် ရှေ့ပြေးဆန်းသစ်သော ချဉ်းကပ်နည်းဖြစ်ပြီး ကော်မရှင်အနေနှင့် ရွေးကောက်ပွဲဦးစီးစီမံသူများကို တိုက်ရိုက်ထိန်းချုပ်စရာမလိုဘဲ စီမံခန့်ခွဲနိုင်သော အဖိုးတန်လှသည့် နည်းလမ်းတစ်ခုလည်းဖြစ်သည်။[၁၇]

မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲကော်မရှင်သည် ထိုစီမံချက်မည်သို့ အလုပ်လုပ်သည် ဆိုသည်ကို မကြာသေးမီက စစ်ဆေးခြင်းပြုလုပ်ခဲ့သည်။ မူလအားဖြင့် စံချိန်စံနှုန်းများကို ထုတ်ဝေပြီးနောက် ဦးစီးစီမံသူများမှာလည်း ရွေးကောက်ပွဲပြီးချိန်တွင် ၎င်းတို့၏ စွမ်းဆောင်ရည်များကို အစီရင်ခံစာတင်ရလေသည်။ မေလ ၂၀၁၂ တွင်လုပ်ငန်းအကောင်အထည်ဖော်ရေးတိုးတက်မှုကို ကော်မရှင်ဘက်မှ သုံးသပ်နိုင်ရန်အတွက် ၎င်းတို့ လုပ်ဆောင်သော တာဝန်လုပ်ငန်းများကို အချိန်နှင့် တပြေးညီအစီရင်ခံစာတင်ရင် တောင်းဆိုခြင်းခံရသော ကျင်းပညွှန်ကြားရေးအရာရှိများကို ညွှန်ပြရေးကိရိယာ နည်းလမ်းအသစ်တပ်ဆင်ချမှတ်ပေးခဲ့သည်။ ထိုလုပ်ရပ်သည် ဝေလနိုင်ငံလွှတ်တော်ကိုလည်း ထိုကဲ့သို့သော နည်းဖြင့်ချဉ်းကပ်စေပြီး ၂၀၁၁ ခုနှစ်ဆန္ဒမဲကောက်ခံပွဲကို ပြောင်းလဲစေခဲ့သည်။ ကော်မရှင်အနေနှင့် ရွေးကောက်ပွဲအတွက် တာဝန်တိတိပပ ထမ်းဆောင်ခြင်းမရှိသေးသော ရွေးကောက်ပွဲအရာရှိများကိုညွှန်ကြားရန်အတွက် အာဏာမရှိသေးပါ သို့သော်လည်း ထိုအာဏာရရှိထားသည့်ကိစ္စအတွက် ကိစ္စဖြစ်စဉ်တစ်ရပ်ကို ဖန်တီးထားပြီး ထိုဖြစ်စဉ်သည်လည်းကော်မရှင်ကို ထိန်းချုပ်ခွင့်ပိုမိုပေးမည်ဖြစ်ပြီး အစိုးရပုံစံထက် ပုံစံအရောနှင့် ပိုမိုနီးစပ်မည်ဖြစ်သောကြောင့် သိသာထင်ရှားသော တိုးတက်မှုဖြစ်လာမည်ဖြစ်သည်။

ထို့ကြောင့် ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို ၎င်းကိုယ်တိုင် မည်သို့သော အပြောင်းအလဲမျိုးကိုမှ စတင်လုပ်ဆောင်နိုင်ခွင့်မရှိချေ။ ပြီးနောက် ၎င်းထမ်းရွက်ရသော ရာထူးကဏ္ဍမှာလည်း ဆန္ဒမဲကောက်ခံပွဲမျိုးတွင် ပါဝင်ခြင်းမျိုးမှလွဲပြီး ကျန်နေရာများတွင် အကြံပေး အဆင့်သာ ရှိလေသည်။ မည်သို့ပင်ဆိုစေကာမူ ကော်မရှင်ဘက်မှ ထမ်းဆောင်သော တာဝန်ဖြစ်သည့် လုပ်ဆောင်ရေးတာဝန်များကို တစိုက်မတ်မတ် စစ်ဆေးရေးနှင့် အစိုးရနှင့် အခြားသောကိုယ်စားလှယ် ဌာနများကို အကြံပေးခြင်းသည် ၎င်းအနေနှင့် နိုင်ငံရေးကိစ္စများတွက် အချို့သောအရာများကို တင်သွင်း ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုရာတွင် ထိရောက်နေသည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ ဥပမာအား ဖြင့်ဗြိတိန်နိုင်ငံတွင်လူတစ်ဦးတစ်ယောက်ချင်းစီကိုမှတ်ပုံတင်ရေးကိုစတင်မိတ်ဆက်အသုံးပြုရန်အတွက် ကြာမြင့်စွာ ငြင်းခုံခြင်းများပြုလုပ်ခဲ့ရပြီး ယခုတွင် ထိုအရာကိုလည်း အကောင်အထည်ဖော်နေကြပြီဖြစ် သည်။ မည်သို့ပင်ဆိုစေကာမူ အစိုးရဘက်မှ ကော်မရှင်၏အကြံပေးချက်ကို လျစ်လျူရှုပြီး ပါတီဘက် လိုက်ခြင်းကင်းစေရန်အတွက် အပြောင်းအလဲကိစ္စများကို မိတ်ဆက်စတင်ခဲ့သည်။ ဥပမာအားဖြင့် အလုပ် သမားပါတီသစ်သည် ၎င်း၏ တစ်ဦးတစ်ယောက်ချင်းစီ မှတ်ပုံတင်ရေးအတွက်နှင့် အဝေးရောက် မဲပေးရေး စနစ်များအတွက် အကြံပေးချက်များကို ၂၀၀၄ ခုနှစ်ဥရောပရွေးကောက်ပွဲတွင် လျစ်လျူရှုခဲ့သည်။[၁၈]

## အခြားသော အဖွဲ့အစည်းများနှင့် ဆက်ဆံရေးများ

အထက်တွင် ဖော်ပြထားသကဲ့သို့ ဗြိတိန်တွင် ရွေးကောက်ပွဲကျင်းပရာ၌ အခြားသော လူပ်ရှား သူများလည်း ပမာဏ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ကြပြီး ကော်မရှင်ဘက်မှလည်း ၎င်းတို့တစ်ယောက်ချင်းစီနှင့် ပုံမှန်ဆက်ဆံရေးရှိလေသည်။ ကော်မရှင်ကို မီဒီယာကလည်း လေးစားသမှုရှိပြီး ဥပဒေအပေါ် အပြောင်း အလဲများဖြစ်ပါက သို့မဟုတ် ရွေးကောက်ပွဲနှင့်သက်ဆိုင်သော ကိစ္စရပ်များ ပြောစရာအသစ်ရှိလာပါက ၎င်း၏ ထင်မြင်ချက်များကို ဖော်ပြလေ့ရှိသည်။ ၂၀၀၀ ပြည့်နှစ် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲ အက်ဥပဒေသည် ကော်မရှင်ကို အကူအညီတောင်ခံလာပါက နိုင်ငံခြားအဖွဲ့အစည်းများနှင့် အစိုးရများကို ကူညီထောက်ပံ့ရန်အတွက် ခွင့်ပြုထားလေသည်။ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကိုရီးယား နှင့် ထိုင်ဝမ်ရှိ နိုင်ငံခြားမှစေလွှတ်လိုက်သော အဖွဲ့များသည်လည်း လက်တလောနှစ်များဆီက ရွေး ကောက်ပွဲများကို လေ့လာခြင်းများပြုသွားကြသည်။ OSCE (ဥရောပရှိလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ အသင်း) ကဲ့သို့သော အဖွဲ့အစည်းများကလည်း ဗြိတိန်ရှိရွေးကောက်ပွဲများ၏ အရည်အသွေးနှင့် ပတ်သက်သောအစီရင်ခံစာများကိုလည်း ထုတ်ဝေပြီးဖြစ်သည်။[၁၉]

## အသင်းအဖွဲ့ဆိုင်ရာ တည်ဆောက်ပုံနှင့် ခန့်အပ်ခြင်းနည်းလမ်းများ

ကော်မရှင်သည် အုပ်ချုပ်ရေးမှူး၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ဝန်ထမ်းပျမ်းမျှ ၁၄၀ခန့်ရှိသောသူများက အထောက်အပံ့ပေးသော ကော်မရှင်အရာရှိ ကိုးဦးမှ ဆယ်ဦးနှင့် ဖွဲ့စည်းထားသည်။ မူလတွင် ကော်မရှင် အရာရှိများသည် နိုင်ငံရေးပါတီများမှ လွတ်လပ်မှုရှိရန်လိုအပ်ခဲ့လေသည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၀၉ ခုနှစ် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲအက်ဥပဒေက အချို့သော ကော်မရှင်အရာရှိများသည် ၎င်းတို့၏ ပါတီနိုင်ငံရေး လက်တလောအတွေ့အကြုံများယူဆောင်လာတတ်သည်ဆိုသော အချက်ကြောင့် နိုင်ငံ ရေးလှုပ်ရှားမှုပိုင်းဆိုင်ရာတို့အတွက် တင်းကြပ်မှုများကို လျှော့ချပေးခဲ့သည်။ ထိုကဲ့သို့သော အပြောင်း အလဲများဖြစ်သားသောကြောင့် နိုင်ငံရေးလှုပ်ရှားမှုနှင့်ပတ်သက်သော ချုပ်ထိန်းမှုများအောက်တွင်ရှိသော "သာမန်" ကော်မရှင်အရာရှိ ခြောက်ဦးသာရှိတော့သည် ၎င်းတို့ကို အောက်လွှတ်တော်တွင် ကော်မတီ၏ နာယက က ရွေးချယ်ခြင်းဖြစ်သည်။ အောက်လွှတ်တော်အတွင်းတွင် နိုင်ငံရေးပါတီခေါင်းဆောင်များက

အမည်စာရင်းတင်သွင်းပြီး ကော်မတီ၏ နာယက က ရွေးချယ်ရသော "လက်ရွေးစဉ်" ကော်မရှင်အရာရှိ လေးဦးအထိရှိသည်။ ဝင်ရောက်ယှဉ်ပြိုင်သူများကို စဉ်စားရေးနှင့် ကော်မရှင်အရာရှိများကို ခန့်အပ်ရေး အတွက် အကြံပြုထောက်ခံချက်များ ပေးရသောကြောင့် နာယကများကော်မတီသည် နိုင်ငံရေးပါတီ ခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးရန် ဥပဒေမှ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်ရှိသည်။[၂၀] ကော်မရှင် အရာရှိများကို ခန့်အပ်ခြင်းသည် ပါတီဘက်လိုက်ခြင်းနှင့် မဆိုင်သော်လည်း ထိုကိစ္စနှင့် ပတ်သက်သော ဖြစ်ရမည့် ဘောင်အတိုင်းအတာရှိလေသည်။

ကော်မရှင်သည် အဓိကအားဖြင့် လန်ဒန်ရှိ ၎င်း၏ဗဟိုဌာနချုပ်တွင် တည်ရှိသော်လည်း ဘဲဖတ်စ်၊ ကာဒစ်ဖ်၊ ဒီဒင်ဘာ့ဂ်၊ ယော့က်နှင့် ခိုဗန်ထရီတို့တွင်လည်း အခြားသောဒေသဆိုင်ရာ ရုံးအငယ်စားလေးများရှိကြသည်။ ထိုရုံးများရှိ အဖွဲ့များသည် ထိုဒေသဆိုင်ရာ သို့မဟုတ် တိုင်းပြည်များတွင် အလုပ်လုပ်နေသော ရွေးကောက်ပွဲဦးစီးစီမံရေးအရာရှိများအား အထူးထောက်ပံ့ရေးနှင့် လေ့ကျင့်သင်ကြားရေးတို့ လုပ်ပေးလေသည်။

## တာဝန်ခံနိုင်မှုနှင့် ဘဏ္ဍာရေး

ကော်မရှင်သည် ဗြိတိန်၏ ပါလီမန်လွှတ်တော်အား တာဝန်ခံတင်ပြရလေပြီး ထိုလွှတ်တော်မှ ဘဏ္ဍာငွေထောက်ပံ့ခြင်း ဖြစ်သည်။ ထို တာဝန်ခံမှုဆိုင်ရာ လုပ်ဆောင်ချက်သည် အောက်လွှတ်တော်၏ နာယကက ဦးဆောင်သော ကော်မတီမှတစ်ဆင့် လုပ်ဆောင်ရခြင်းဖြစ်သည်။ နာယက၏ ကော်မတီသည် အောက်လွှတ်တော်ကို အစီရင်ခံစာတင်ရလေပြီး အနည်းဆုံးတစ်နှစ်တစ်ခါတင်ရကာ ရွေးကောက်ပွဲ ကော်မရှင်က ၎င်း၏တာဝန်များကို မည်သို့ဆောင်ရွက်ပါသည်ဟူသော အရာများကို တင်ပြရလေသည်။ ကော်မရှင်အနေနှင့်လည်း နာယက၏ ကော်မတီထံသို့ နှစ်စဉ်လိုအပ်သော ရင်းမြစ်တို့၏ လိုအပ်ချက်များကို တင်သွင်းရလေပြီး ထိုနာယက၏ ကော်မတီမှအတည်ပြုချက်တောင်းခံရန်အတွက် အောက်လွှတ်တော်ကို ဘဏ္ဍာငွေဆိုင်ရာ နောက်ဆုံးအဆိုပြုလွှာ မတင်သွင်းမီတွင် ပြင်ဆင်ကောင်း ပြင်ဆင်နိုင်လေသည်။ ကော်မရှင်ဘက်မှလည်း ၎င်း၏စာရင်းကို နာယက၏ ကော်မတီထံသို့တင်ပြရမည်။ ကော်မတီသည်လည်း ဘဏ္ဍာထိန်းနှင့် စာရင်းစစ်ချုပ်တို့ထံမှ ကော်မရှင်အနေနှင့် ၎င်း၏ရင်းမြစ်များကို မည်ကဲ့သို့ စီးပွားရေးတွက်ချေကိုက်အောင်၊ အလုပ်တွင်ကျယ်အောင်နှင့် ထိရောက်အောင် ဆောင်ရွက်သည်ဆိုသော အစီရင်ခံစာများကိုရရှိလေပြီး ကော်မရှင်အတွက် သီးသန့်စာရင်းကိုင်အရာရှိတစ်ဦးကို ခန့်အပ်ထားရလေသည်။ ကော်မရှင်အနေနှင့်လည်း ထိုနှစ်က တစ်ခေါက်သာ ပြုလုပ်သွားသော ဆန္ဒခံယူပွဲ၏ ကုန်ကျစရိတ်အား ပေးချေရန်အတွက် ထပ်ပေါင်းပေးထားသော GBP သန်း ၁၀၀ ပေးထားသော်လည်း ၂၀၁၁-၁၂ တွင် ပျမ်းမျှအားဖြင့် GBP ၂၁ သန်းခန့် ဘတ်ဂျက်ငွေအဖြစ် ရရှိခဲ့လေသည်။[၂၁]

## အရာရှိများ၏ ပညာရှင်ဆန်မှု

အခြားသော ဗြိတိန်ရှိ ပြည်သူ့အဖွဲ့အစည်း ဝန်ထမ်းအများစုကဲ့သို့ပင် ရွေးကောက်ပွဲကော်မရှင် ဝန်ထမ်းများ၏ ပညာရှင်ဆန်မှုကိုလည်း မည်သူမှ မေးခွန်းမထုတ်ခဲ့ကြပေ။ ဝန်ထမ်းခန့်အပ်ရာတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုကို အလေးထားပြီး ခန့်အပ်လေသည်။ ဝန်ထမ်းအချို့မှာ ယခင်ကတည်းက မြို့အဆင့်အာဏာပိုင်ဌာနများထံတွင် ရွေးကောက်ပွဲများ အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် ပါဝင်လုပ်ဆောင်ခဲ့ဖူးပြီး ရွေးကောက်ပွဲဆိုင်ရာ စီစဉ်ညွှန်ကြားသူများ အသင်း (AEA) ၏ အဖွဲ့ဝင် များလည်း ဖြစ်ကြသည်။ မြို့အဆင့် အာဏာပိုင်ဌာနများရှိ ဝန်ထမ်းအများစုမှာလည်း AEA (ရွေးကောက်ပွဲ စီစဉ်

ညွှန်ကြားသူများအသင်း) ၏ အဖွဲ့ဝင်များပင်ဖြစ်ကြသည်။ ထိုအဖွဲ့အစည်းသည် ရွေးကောက်ပွဲစီစဉ်ညွှန်ကြားရေးနှင့်ဆိုင်သော ကိစ္စများတွင် ပါဝင်သောသူများအား စနစ်တကျအရည်အသွေး ပြည့်မီစေရန်နှင့် လေ့ကျင့်သင်ကြားမှုများ လုပ်ပေးလေသည်။ ပညာရှင်ဆန်မှုလည်း အင်မတန်မှမြင့်မားကြသော်လည်း အချို့သော ရွေးကောက်ပွဲအရာရှိများသည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲကဲ့သို့သော ဖြစ်ရပ်မျိုးတွင် ၎င်းတို့၏ တာဝန်များကို ထိထိရောက်ရောက် အမြဲတမ်းထမ်းဆောင်ခဲ့ခြင်းမရှိဟူသော စွပ်စွဲ ပြောဆိုချက်များရှိလေသည်။ ယခုရွေးကောက်ပွဲအတွက် ပြဿနာကို ရွေးကောက်ပွဲကော်မရှင်က အစီရင်ခံခဲ့ရာတွင် မဲရုံများတွင် တန်းစီနေသော လူများအနက်မှ မဲဆန္ဒရှင်တစ်ချို့သည် မဲပေးပိုင်ခွင့် ငြင်းဆိုခံခဲ့ရသော ပြဿနာရှိခဲ့သည်ဟု တင်ပြခဲ့သည်။[၂၂]

## ရေရှည်လုပ်ကိုင်နိုင်မှု

ကော်မရှင်အနေနှင့် ပါလီမန်လွှတ်တော်မှ ရှိစေချင်သလောက်သာရှိမည်ဖြစ်သည်။ ဗြိတိသျှအခြေခံဥပဒေ၏ ဥပဒေပြဋ္ဌာန်းထားလေ့မရှိသော သဘောသဘာဝအရ အောက်လွှတ်တော် အတွင်းရှိ လူအများစုဖြစ်သော အစိုးရသည် ၎င်း၏ပါတီကို ထိန်းချုပ်ပြီး ၎င်းအလိုရှိသော မည်သည့် အပြောင်းအလဲကို မဆို လုပ်နိုင်လေသည်။ ထို့ကြောင့် ဝက်စ်မင်စတာ၏ အစိုးရအပြောင်းအလဲသည် ကော်မရှင်၏ ရာထူး အခန်းကဏ္ဍကို အပြောင်းအလဲ လုပ်နိုင်ပြီး လုံးလုံးလည်း ဖျက်ပစ်လိုက်နိုင်သည်။ ၂၀၁၀ ပြည်နှစ်တွင် ပြည်သူ့ပိုင် ဌာနပိုင်းဆိုင်ရာတို့၏ ဘဏ္ဍာရေးအသုံးစရိတ်များကို သိသိသာသာလျှော့ချရန်အတွက် လစ်ဘရယ် ဒီမိုကရက်များနှင့် ကွန်ဆာဗေးတစ်ပါတီများ ပေါင်းကာ ညွှန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့လိုက်သည်။ ထို့ကြောင့်ပင် "ကွမ်ဂို စည်းဝေးပွဲ" ကို လုပ်ခဲ့ပြီး အခြားသော စည်းမျဉ်းသတ်မှတ်ရေးဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော အမျိုးသားစာရင်းစစ်ရုံးတို့အား ဖျက်သိမ်းလိုက်ပြီး ၎င်းတို့၏ လုပ်ဆောင်ချက်တာဝန်များကို အခြားသော အဖွဲ့အစည်းများသို့ လွှဲပြောင်းခြင်းများ လုပ်ခဲ့လေသည်။ ရုံးမလားမီတွင် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောဆိုခဲ့သည်မှာ ကော်မရှင်သည် ၎င်း၏လုပ်ပိုင်ခွင့်ထက် "လွန်ကျူး" ပြီး လုပ်ဆောင်ခဲ့သည်ဟုဆိုသည်။[၂၃] ထိုစည်းဝေးပွဲတွင် ဖျက်သိမ်းသည့်အထဲ၌ ကော်မရှင်တော့ ပါမသွားချေ။ မည်သို့ပင်ဆိုစေကာမူ အစိုးရဘက်က ၎င်းသည် "ကျွန်ုပ်တို့၏ ဒီမိုကရေစီ လုပ်ငန်းစဉ်များတွင် လွတ်လပ်ပြီး ဘက်မလိုက်သော အင်မတန်မှအရေးကြီးသည့် ကြီးကြပ်မှုပေးသည်" ဟုဆိုထားသောကြောင့် ၎င်း၏ နေရာကဏ္ဍတိတိကျကျနှင့် လုပ်ဆောင်ချက်တာဝန်များအပေါ် အမြင်မတူညီ ကွဲပြားမှုများရှိသည့် တိုင်အောင် ကော်မရှင်၏ ရပ်တည်မှုအား အင်အားကြီးနိုင်ငံရေးပါတီကြီးများက လက်ခံကြဟန်ပေါ် လွင်သည်။

## နိဂုံးချုပ် : အကြောက်အရွံ့ကင်းသော၊ လွတ်လပ်သည့် အကြံပေးစောင့်ကြည့်သူလော

ကော်မရှင်၏ အဓိက အင်အားတစ်ရပ်မှာ ၎င်းသည် အကြော်အရွံ့ကင်းသော အဖွဲ့အစည်းဖြစ်နေခြင်းပင်ဖြစ်သည်။ ၎င်းသည် ဗဟိုအစိုးရထံမှ လွတ်လပ်ခွင့်ရထားပြီး လက်ရှိအစိုးရ၏ မူဝါဒကိုလည်း ပုံမှန်ဆိုသလို ဝေဖန်နေမည်ဖြစ်သည်။ ၎င်းအနေနှင့်လည်း အမြဲတမ်းပို၍ပို၍ တိုးတက်ရှုပ်ထွေးလာပြီး အစိတ်အပိုင်းများလွန်းလှသော စနစ်အတွင်းတွင် အရေးပါသော ပူးပေါင်းဦးဆောင်မှုနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးလေသည်။ သို့သော်လည်း အရေးကြီးတာဝန်များ ကိုမူ အခြားသော အဖွဲ့အစည်းများက လုပ်ဆောင်လေသည်။ ဥပမာအားဖြင့် AEA (ရွေးကောက်ပွဲဆိုင်ရာ စီစဉ်ညွှန်းကြားသူများအသင်း) သည် ရွေးကောက်ပွဲကို အဓိကနေရာမှ ပါဝင်လုပ်ဆောင်ပေးသော မြို့အဆင် အာဏာပိုင်ဌာနဝန်ထမ်းများကို လေ့ကျင့်သင်ကြားရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာတိုးတက်မှုတို့ရှိရေးတို့အား ဆက်လက်ဦးဆောင်လျက်ရှိသည်။ ကော်မရှင်ဘက်မှ ထပ်မံပြောဆိုသည်မှာလည်း ၎င်းအနေနှင့် အမှားအယွင်းများ

မပြုမိစေရန်အတွက် ရွေးကောက်ပွဲ စီမံညွှန်ကြားရာတွင် နောက်ထပ်အာဏာပိုင်စိုးမှု ထပ်မံလိုအပ်သည်ဟူ၍ ဖြစ်သည်။ ထိုအချက်သည် အားနည်းချက်ဟု ခေါ်နိုင်သော်လည်း ၎င်းသည် ရွေးကောက်ပွဲများ တိုးတက်နိုင်စေရန်အတွက် လိုအပ်၊ မလိုအပ်ဟူသော အချက်မှာမူ မရှင်းလင်းပေ။ ထိုအဖွဲ့အစည်း၏ အဓိက အားနည်းချက်မှာ ပါလီမန်လွှတ်တော်အနေနှင့် ၎င်းအား ကြိုက်သည့်အချိန်တွင် ဖျက်သိမ်းနိုင်ပြီး ၎င်းပေးသော အကြံများကိုလည်း မလိုက်နာပဲ လျစ်လျူရှုနိုင်ခြင်းပင် ဖြစ်သည်။

## မှတ်သားရန်အချက်များ


၁။ James ၂၀၁၂(က)၊ စာမျက်နှာ ၁၂၅-၆၈၊ ၂၀၁၂(ဂ)။
၂။ Gay ၂၀၁၀။
၃။ ရွေးကောက်ပွဲကော်မရှင် ၂၀၀၈၊ စာမျက်နှာ ၁။
၄။ James ၂၀၁၂(ခ)။
၅။ ရွေးကောက်ပွဲကော်မရှင် ၂၀၁၁(ခ)။
၆။ စကော့တလန်ရှိ အစိုးရ ၂၀၁၂၊ စာမျက်နှာ ၁၆-၂၂။
၇။ ဝေးလ်ရှိ အစိုးရ ၂၀၁၂၊ စာမျက်နှာ ၁၈-၁၉။
၈။ ဥပဒေကော်မရှင် ၂၀၁၁၊ စာမျက်နှာ ၁၄။
၉။ James ၂၀၁၂(ဃ)။
၁၀။ မြောက်အိုင်ယာလန်နိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်ရုံး၊ စာမျက်နှာ ၃-၄။
၁၁။ ရွေးကောက်ပွဲကော်မရှင် ၂၀၁၂ (ဂ)။
၁၂။ ရွေးကောက်ပွဲကော်မရှင် ၂၀၁၂ (ခ)။
၁၃။ ရွေးကောက်ပွဲကော်မရှင် ၂၀၁၂ (က)။
၁၄။ ရွေးကောက်ပွဲကော်မရှင် ၂၀၁၂(က)၊ စာမျက်နှာ ၁။
၁၅။ James ၂၀၁၂(ဃ)။
၁၆။ ပြည့်သူ့ဘဝအတွင်း ကော်မတီစံနှုန်းများ ၂၀၀၇၊ စာမျက်နှာ ၅။
၁၇။ James ၂၀၁၂(ခ)။
၁၈။ James ၂၀၁၂။
၁၉။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေးရုံး ၂၀၀၅။
၂၀။ လွှတ်တော်ဥက္ကဌများ၏ ကော်မတီ ၂၀၁၂။
၂၁။ ရွေးကောက်ပွဲကော်မရှင် ၂၀၁၂က၊ စာမျက်နှာ ၁၇။
၂၂။ ရွေးကောက်ပွဲကော်မရှင် ၂၀၁၀။

# ကျမ်းကိုးများ


Cameron, D., 'Cutting the Cost of Politics', 8 September 2009, available at <http://www.conservatives.com/News/Speeches/2009/09/David_Cameron_Cutting_the_Cost_of_Politics.aspx>

Committee on Standards in Public Life, *Review of The Electoral Commission* (London: The Stationery Office, 2007)

Electoral Commission, *Performance Standards for Electoral Registration Officers in Britain* (London: UK Electoral Commission, 2008)

Electoral Commission, *Report on the Administration of the 2010 UK General Election* (London: Electoral Commission, 2010)

Electoral Commission, *Great Britain's Electoral Registers 2011* (London: Electoral Commission, 2011a)

Electoral Commission, *Report on the Scottish Parliament Election on 5 May 2011* (London: Electoral Commission, 2011b)

Electoral Commission, *Annual Report and Accounts 2011–12* (London: Electoral Commission, 2012a)

Electoral Commission, *Data Matching Schemes to Improve Accuracy and Completeness of the Electoral Registers: Evaluation Report* (London: Electoral Commission, 2012b)

Electoral Commission, *Use of New Investigatory Powers and Civil Sanctions* (London: Electoral Commission, 2012c)

Electoral Office for Northern Ireland, *Management Statement and Financial Memorandum* (undated)

Gay, O., *Responsibilities of Returning Officers* (London: House of Commons Library, 2010)

James, T. S., 'Electoral Modernisation or Elite Statecraft? Electoral Administration in the U.K. 1997–2007', *British Politics*, 5/2 (2010), pp. 179–201

James, T. S., *Elite Statecraft and Election Administration: Bending the Rules of the Game* (Basingstoke: Palgrave Macmillan, 2012a)

James, T. S., 'The Importance of Policy Instruments for Managing Principal-Agent Relationships in the Administration of Elections: The Case of Performance Benchmarking in the UK', Paper presented to the workshop on Challenges of Electoral Integrity, Universidad Complutense de Madrid, Madrid, July 2012b

James, T. S., 'The Spill-over and Displacement Effects of Implementing Election Administration Reforms: Introducing Individual Electoral Registration in Britain', *Parliamentary Affairs*, first published online June 2012c

James, T. S., 'Why has Electoral Integrity Declined in Established Democracies? The Role of New Implementation Challenges and Institutional Drift in Post-Industrial, Digital-Era Election Administration', Paper for the American Political Science Annual Meeting, New Orleans, LA September 2012d

Law Commission, *Eleventh Programme on Law Reform* (London: Law Commission, 2011)

Office for Democratic Institutions and Human Rights, *United Kingdom of Great Britain and Northern Ireland General Election 2005 Assessment Mission Report* (Warsaw: OSCE/ODIHR, 2005)

Scottish Government, *Your Scotland, Your Referendum* (Edinburgh: Scottish Government, 2012)

Speakers Committee, *The Speakers Committee on the Electoral Commission: Re-appointment of Electoral Commissioners* (London: The Stationery Office, 2012)

Welsh Government, Promoting Local Democracy (Cardiff: Welsh Government, 2012)

# အခန်း ၁၁

# EMB ၏ တာရှည်ခံနိုင်မှု

## တာရှည်ခံနိုင်မှုဆိုသည်မှာ အဘယ်နည်း

"ဒီမိုကရေစီကို တန်ဖိုးဖြတ်၍မရ" ဟူသော စကားရှိသော်လည်း ဒီမိုကရေစီဆန်သော ရွေးကောက်ပွဲများကို ကြာရှည်တည်တံ့အောင်ပြုလုပ်ရေးသည် EMB အားလုံးလက်ခံထားသင့်သည့် အချက်ပင်ဖြစ်သည်။ ရွေးကောက်ပွဲတစ်ခု အဖြေထုတ်ရာတွင် မြင့်တက်လျက်ရှိသော ရွေးကောက်ပွဲကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကြားမှ ကုန်ကျစရိတ်ကို သက်သာအောင်လုပ်ရန်လိုအပ်လာပြီး ထိုအထဲတွင် မြင့်တက်လာသောအရာများမှာ နည်းပညာအသစ်များ၊ အမြဲပြောင်းလဲနေသော ပြည်သူ့ဌာနခွဲ ဘတ်ဂျက်ငွေများ၊ မတူညီသောအဆင့်အမျိုးမျိုးရှိ နိုင်ငံရေးအဖွဲ့အစည်းများ၏ အကြိမ်ရေစိတ်လာသော ရွေးကောက်ပွဲများနှင့် နိုင်ငံတကာအလှူရှင် ထောက်ပံ့ငွေရရှိရန် ပိုမိုချို့တဲ့သောနိုင်ငံများအချင်းချင်း ခက်ခဲစွာပြိုင်ဆိုင်ရမှုတို့လည်း ပါဝင်သည်။ တခဏတာ ပျော်ရွှင်ဖွယ်ကောင်းသော အောင်မြင်သောဘဏ္ဍာငွေကောင်းစွာ ရရှိခဲ့သော အကူးအပြောင်းဆိုင်ရာ ရွေးကောက်ပွဲအတွက်မှတ်သားထားရမည်မှာ နောင်လာမည့် ရွေးကောက်ပွဲများတွင် အလားတူဘဏ္ဍာငွေထောက်ပံ့မှုမျိုးကို ရချင်မှရနိုင်လိမ့်တော့မည်ဟူသော အချက်ပင်ဖြစ်သည်။

ရွေးကောက်ပွဲအကြောင်းနောက်ခံထားပြီး ပြောရမည်ဆိုပါလျှင် တာရှည်ခံနိုင်ခြင်းဆိုသည်မှာ ငွေကုန်ကြေးကျထိရောက်ပြီး လက်တွေ့ကျကာ ယခုရော နောင်အနာဂတ်တွင်ပါ ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်းရှိ ပါဝင်ပတ်သက်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ရွေးကောက်ပွဲမူဝါဒများနှင့် ကျင့်ထုံးများကို ဆိုလိုသည်။ တာရှည်ခံမှုသည် ပြင်ပမှစိုက်ထုတ်အားများနှင့် ရင်းမြစ်များအပေါ် ကို မှီခိုရခြင်းအပေါ် လျှော့ချရန်အတွက်ရည်ရွယ်သည်။ EMB တစ်ခု၏ တာရှည်ခံနိုင်မှုသည် ဘဏ္ဍာရေးဆိုင်ရာကိစ္စများတွင်ပင် သတ်မှတ်ထားသည်မဟုတ်ဘဲ ၎င်းထဲတွင် ၎င်း၏လုပ်ဆောင်မှုများအပေါ် လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ တန်ပြန်သက်ရောက်ချက်များအတွက်ပါ ပါဝင်လေသည်။ ဥပမာအားဖြင့် အရေးအခင်းဖြစ်ပြီးကာစနိုင်ငံတစ်နိုင်ငံသည် ဈေးကြီးမြင့်လှသော မဲပေးစနစ်များနှင့် လုပ်ငန်းစဉ်များကို သုံးပြီးထိုကဲ့သို့သောအရာများသည် စီးပွားရေးအရ ရေရှည်သုံးရန်မဖြစ်နိုင်သော်လည်း ရေတိုအားဖြင့် ပါဝင်ပတ်သက်သူများအကြားယုံကြည်မှုတည်ဆောက်ရန်နှင့် နိုင်ငံအတွင်းတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတည်မြဲစေရန်အတွက် နိုင်ငံရေးအရ လိုအပ်ကောင်းလိုအပ်ပေလိမ့်မည်။

EMB တစ်ခု တာရှည်ခံစေရန်အတွက် လိုအပ်သော အရာများရှိလေသည်။

၁။ EMB တစ်ခု၏ တည်ဆောက်ပုံနှင့် လုပ်ငန်းဆောင်ရွက်ပုံတို့သည် ၎င်း၏ တာဝန်များနှင့် လုပ်ဆောင်ရမည့်အရာများကို ရွေးကောက်ပွဲများတွင် စဉ်ဆက်မပြတ် ပြည့်ဝအောင်ထမ်းဆောင်နိုင်ပါက ၎င်းအားအဖွဲ့အစည်းဆိုင်ရာ တာရှည်ခံမှုရှိသည်ဟုဆိုနိုင်သည်။ ထိုကဲ့သို့သော တာရှည်ခံမှုမျိုးသည် EMB အား ၎င်း၏တာဝန်များကို ထိထိရောက်ရောက်နှင့် တွင်တွင်ကျယ်ကျယ် လုပ်ဆောင်နိုင်စေသည့် ရွေးကောက်ပွဲဆိုင်ရာမူဘောင်ဖြစ်သော အခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေနှင့် စည်းမျဉ်းများနှင့် ဦးဆောင်စီမံမှုနှင့် အခြားသောမူဝါဒများ၏ အရည်အသွေး ပြည့်ဝမှုမျိုးကို ဆိုလိုသည်

၂။ EMB တစ်ခုအနေနှင့် ၎င်း၏ ဘဏ္ဍာငွေနှင့် အသုံးစရိတ်များ၏ သဘောသဘာဝနှင့် အဆင့်အတန်းသည် ၎င်း၏အသင်းအဖွဲ့၏ တာဝန်နှင့်လုပ်ဆောင်ဖွယ်တို့ကို ဖြည့်ဆည်းရန် လုံလောက်ပါက ၎င်း EMB ၏ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာတို့သည် တာရှည်ခံသည်ဟု ဆိုနိုင်လေသည်။

၃။ EMBတစ်ခုသည်၎င်း၏စနစ်နှင့်လုပ်ငန်းစဉ်များကိုစီမံခန့်ခွဲပြီးအကောင်အထည်ဖော်ရန်အတွက် လုံလောက်ပြီး သင့်တော်သော ကျွမ်းကျင်ဝန်ထမ်းများကို ခန့်ထားနိုင်ပါက လူသားအရင်းအမြစ် တာရှည်ခံနိုင်မှုရှိသည်ဟုခေါ်သည်။

၄။ EMB ၏ အခြားသော ပုံစံများတွင်လည်း လူမှု-နိုင်ငံရေး ပတ်ဝန်းကျင်ဆိုင်ရာ အချက်များပါရောနှောပါဝင်လာလေသည်။ ဥပမာအားဖြင့် EMB ၏ မူဝါဒများနှင့် ကျင့်ထုံးများသည် မည်မျှလူမှုရေးဆိုင်ရာ ညီမျှမှုများနှင့် နိုင်ငံရေးဆိုင်ရာ အားလုံးပါဝင်နိုင်မှုကို မြှင့်တင်ပေးနိုင်မည်၊ ပဋိပက္ခများကိုလျှော့ချပြီးပတ်ဝန်းကျင်ဆိုင်ရာတာရှည်ခံနိုင်မှုကိုမည်မျှမြှင့်တင်ပေးနိုင်မည်ဟူသော ပမာဏ

## EMB တာရှည်ခံနိုင်မှုသည် အဘယ်ကြောင့် အရေးပါပါသနည်း

တာရှည်ခံနိုင်မှုကို မြှင့်တင်ရန် EMB မူဝါဒများနှင့် ကျင့်ထုံးများကို ပြင်ဆင်ခြင်းသည် EMB ကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ၎င်းကိုယ်တိုင်ထံတွင် ပါဝင်ပတ်သက်သူတို့၏ ယုံကြည်မှုမြင့်တက်စေရန် အထောက်အကူပြုလေသည်။ ဥပမာအားဖြင့် အစိုးရနှင့်အလှူရှင်တို့သည် ၎င်းတို့ EMB အား လှူသော ဘဏ္ဍာငွေများသည် ထိထိရောက်ရောက် အသုံးချသည်ကို မြင်တွေ့လိုကြသည်။ ပြီးနောက်တွင် EMB အနေနှင့် ၎င်း၏ပြင်ပအကူအညီနှင့် စိုက်ထုတ်အားများ အထူးသဖြင့် အလှူရှင်အထောက်အပံ့များကို မှီခိုရမှုအပေါ် လျှော့ချရန်အတွက် ၎င်း၏စွမ်းဆောင်ရည်များကို တိုးတက်စေရန် လုပ်နေလေသည်။ အခြားသော ပါဝင်ပတ်သက်သူများဖြစ်သော နိုင်ငံရေးပါတီများနှင့် ပြည်သူအများစုကလည်း ရွေးကောက်ပွဲ၏ အရည်အသွေးနှင့် နိုင်ငံရေးအရပါဝင်ပတ်ပတ်သက်နိုင်မှု မြှင့်တင်နိုင်ရန်အတွက် ကိုက်ညီသောမူဝါဒ၊ ကျင့်ထုံးများနှင့် EMB ၏ တာရှည်ခံနိုင်မှုကို မြင်လိုကြသည်။

တာရှည်ခံနိုင်မှုနှင့်ပတ်သက်သော စိန်ခေါ်မှုများသည် ဒီမိုကရေစီစတင်ပေါ်ထွန်းကာစဖြစ်သော EMB များတွင် ပိုမိုအသံထွက်လေ့ရှိပြီး အများအားဖြင့် ထိုနိုင်ငံများသည် အလှူရှင်၏ အထောက်အပံ့အပေါ် များစွာမှီခိုနေရသော အဖွဲ့အစည်းများဖြစ်သည်။ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာအခက်အခဲများသည် ၎င်းနိုင်ငံများအား ၎င်းတို့၏ ရွေးကောက်ပွဲများကို ကိုယ်တိုင်ပြည့်ပြည့်ဝဝ ဘဏ္ဍာငွေထောက်ပံ့နိုင်စေရန်အတွက် အတားအဆီးဖြစ်နိုင်စေသည်။ အကူးအပြောင်းကာလပိုင်းဆိုင်ရာ ရွေးကောက်ပွဲများတွင် ယုံကြည်မှုတည်ဆောက်ရေးတွင်ပါသော ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း၊ မဲဆန္ဒရှင်များ အသိပညာပေးရေး

နှင့် သတင်းအချက်အလက်များပြောကြားခြင်းနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းနှင့် ကြီးကြပ်ခြင်းကဲ့သို့သောအရာများကြောင့် ကျသင့်သည့်အရည်အသွေးမြင့်မားလှသည် ကုန်ကျစရိတ်များသည် ဘဏ္ဍာရေးအရ ရေရှည်လုပ်ဆောင်နိုင်မှုကို ထိခိုက်စေနိုင်ပြီး ၎င်းတို့သည်လည်းအများအားဖြင့် အလှူရှင်အကူအညီဖြင့် အများအားဖြင့် ဘဏ္ဍာငွေအထောက်အပံ့ရယူခြင်းဖြစ်သည်။

ဒီမိုကရေစီစတင်ထူထောင်ကာစနိုင်ငံများတွင် ဒုတိယအကြိမ်နှင့် တတိယအကြိမ်ရွေးကောက်ပွဲများတွင် အဆင့်အတန်းမြင့်မားလှသော အထောက်အပံ့ရရန်မှာ စတင်ပွင့်လန်းကာစဖြစ်သော ဒီမိုကရေစီအကူးအပြောင်းကို ခြိမ်းခြောက်မှုများကရပ်တန်းသွားနိုင်သော်လည်း ရလဒ်တွင်သိပြီး ထိရောက်၊ တွင်ကျယ်ရန်မမြင်တော့ချေ။ နိုင်ငံတကာ နိုင်ငံရေးကိစ္စများလည်း သူ့လမ်းကြောင်းသူ ဆက်သွားသောအခါ လျော့ကျသွားသော အလှူရှင်တို့၏ စိတ်ဝင်စားမှုများ၏ နောက်ဆက်တွဲတွင် ဘဏ္ဍာငွေအထောက်အပံ့မှာ ရနိုင်ရန်ပင်မဖြစ်နိုင်တော့သော အခြေအနေဟူ၍ ရှိသည်။

လက်တလောတွင်ဖြစ်နေသော စိန်ခေါ်မှုနစ်ရပ်မှာ နိုင်ငံတကာ EMB များမှ နိုင်ငံတော် EMB အဖြစ်သို့ ကမ္ဘောဒီးယားနှင့် တီမော-လက်စ်တီကဲ့သို့ ပြည့်ပြည့်ဝဝ ပြောင်းလဲသွားခြင်းဖြစ်ပြီး အသင့်ဖွဲ့စည်းထားသော EMB များကို အဖွဲ့အစည်းဆိုင်ရာအရ တာရှည်ခံအောင်မည်သို့ လုပ်မည်ဆိုသော အကောင်းဆုံးနည်းလမ်းကို အာဖဂန်နစ္စတန် တူနီးရှားနှင့် လစ်ဗျားတို့တွင် ဆုံးဖြတ်သကဲ့သို့ ဆုံးဖြတ်ရခြင်းပင်ဖြစ်သည်။

## လိုအပ်ချက်များကို သုံးသပ်ခြင်း

တိုင်းပြည်တစ်ပြည်သည် ၎င်း၏လက်ရှိ ရွေးကောက်ပွဲစီမံခန့်ခွဲရေး စွမ်းဆောင်ရည်များနှင့် ဘဏ္ဍာရေး၊ လူသားအရင်းအမြစ်နှင့် နည်းပညာပိုင်းဆိုင်ရာ ရင်းမြစ်များကို အသိအမှတ်ပြုရန်နှင့် လွတ်လပ်၊ တရားမျှတပြီး ယုံကြည်ရသော ရွေးကောက်ပွဲများကျင်းပရန်အတွက် လိုအပ်ချက်များကို သုံးသပ်ခြင်းမှတစ်ဆင့် ၎င်း၏တာရှည်ခံနိုင်မှုဆိုင်ရာ ပြဿနာများကို EMB တစ်ခုအနေနှင့် ဖြေရှင်းနိုင်လေသည်။ ထိုသုံးသပ်ချက်လုပ်ခြင်းသည် EMB ကိုယ်တိုင်မှ လုပ်ခြင်းလည်းဖြစ်နိုင်ပြီး အချို့သော အခြေအနေများတွင် ၎င်းအနေနှင့် ပုဂ္ဂလိက စာရင်းစစ်ဆေးရေး လုပ်ငန်းများ သို့မဟုတ် လွတ်လပ်သော NGO တစ်ခုခုမှ လုပ်ခြင်းက ပိုပြီးယုံကြည်စရာကောင်းသည်။ အလှူရှင်များအနေနှင့် အထောက်အပံ့ပေးရေး အစီအစဉ်များ စီမံကိန်းရေးဆွဲရာတွင် သုံးသပ်ချက်များထုတ်ရန် အများအားဖြင့် လိုအပ်လေ့ရှိသည်။

လိုအပ်ချက်များကို ဖော်ထုတ်ခြင်းသည် ရှုပ်ထွေးမှုများကို အတိုင်းအတာတစ်ခုထိ ဖြစ်ပွားစေပြီး ထိုအရာများသည် တည့်တိုးဖြစ်ပေါ်ခြင်းမဟုတ်ပေ။ ၎င်း၏ လိုအပ်ချက်များကို ကိုယ်တိုင်သုံးသပ်နေသော EMB တစ်ခုသည် ၎င်းအနေနှင့် ကြုံတွေ့ရနိုင်ဖွယ်ရှိသော စိန်ခေါ်မှုများကို ခန့်မှန်းရန်အတွက် အတွေ့အကြုံ လုံလုံလောက်လောက် ရှိချင်မှရှိလိမ့်မည်။ ၎င်း၏ တည်ဆောက်ပုံ သို့မဟုတ် စွမ်းဆောင်ရည်အတွင်းတွင် ဖြစ်ပေါ်နိုင်သော ပြတ်လပ်နိုင်သည့်အရာများအား မှတ်တမ်းတင်ရန်လိုအပ်သော ရည်ရွယ်ချက်နှင့် အစွဲကင်းမှုလည်း ရှိချင်မှရှိလိမ့်မည်။ အခြားသောဘက်မှကြည့်လျှင် ပြင်ပမှ သုံးသက်သူများသည် ၎င်းတို့၏ ကိုယ်ပိုင်ကိစ္စများနှင့် ကိုယ်ပိုင်ခွဲခြားမှုများ အသင်းအဖွဲ့သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာတို့တွင်ရှိနိုင်ပြီး အဆုံးသတ်ကောက်ချက်ကို အရောင်ဆိုးနိုင်ကာ အလှူရှင်များအနေနှင့် သိသိနှင့်ဖြစ်စေ မသိဘဲဖြစ်စေ ၎င်းတို့၏ထောက်ပံ့သော ဖြေရှင်းနည်းများကို လိုအပ်သောနေရာများကို ရှာဖွေဖော်ထုတ်နိုင်လေသည်။

ပိုမိုကျယ်ပြန့်စွာပြောရလျှင် "လိုအပ်ချက်များကို သုံးသပ်ခြင်း" တည်းဟူသော ဝေါဟာရသည် လိုအပ်ချက်များကို ရှာတွေ့ပြီး လုပ်ဆောင်ရန်လိုအပ်လိမ့်မည်ဟူသော ကနဦးကြိုတင် သတ်မှတ်ချက်မျိုး ကို ဖော်ဆောင်နိုင်သည့် စိတ်ကူးမျိုးဖြစ်လိမ့်မည်။ ထပ်ပြောရလျှင်၊ မည်သည့် "လိုအပ်ချက်" ကို သုံးသပ် ခြင်းမဆို တန်ဖိုးဆုံးဖြတ်သတ်မှတ်ခြင်းနှင့် လုပ်ဆောင်ရန်ပျက်ကွက်ပါက ဖြစ်နိုင်သော ဘေးထွက်ဆိုးကျိုး များကို သုံးသပ်ခြင်းတို့ပါဝင်သည်။ ထိုအရာများသည် ကျွမ်းကျင်သူများပင် သေချာပေါက်ငြင်းဆိုမည့် အရာမျိုးများဖြစ်လေသည်။ အချို့သော အခြေအနေများတွင် လိုအပ်ချက်သုံးသပ်မှုများသည် မသက်ဆိုင် သောကိစ္စများ သို့မဟုတ် ထပ်ကာပြန်ကျော့သော ဗျူရိုကရက်တစ် ပြိုင်ဘက်များကို မြှင့်တင်လိုက်သကဲ့သို့ ဖြစ်သွားနိုင်သည်။

လိုအပ်ချက် သုံးသပ်မှုသည် EMB ၏ တာရှည်ခံမှုကို အဆင့်သုံးဆင့်နှင့် ခွဲခြားသတ်မှတ်ရန် အသုံးပြုနိုင်သည် : စနစ်တကျ၊ အဖွဲ့အစည်းဆိုင်ရာနှင့် တစ်ဦးတစ်ဦးချင်းစီဆိုင်ရာတို့ဖြစ်သည်။ ၎င်းတို့ သည် အများအားဖြင့် ရွေးကောက်ပွဲပတ်ဝန်းကျင်အား ကျွမ်းကျင်သူတို့မှ ခွဲခြမ်းစိတ်ဖြာ သတ်မှတ်ချက် အပေါ်တွင် ပုံမှန်အားဖြင့် အခြေခံလေ့ရှိပြီး အားသာချက်နှင့် အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကိုဖော်ထုတ်ပြီး ထည့်သွင်းစဉ်းစားလေ့ရှိသည်။

စနစ်အဆင့် လိုအပ်ချက်ကို သုံးသပ်ရေးသည် EMB ၏ တာရှည်ခံနိုင်မှုကို မည်မျှကူညီနိုင် သလော သို့မဟုတ် အတားအဆီးဖြစ်နိုင်သလောကို ဆုံးဖြတ်နိုင်ရန်အတွက် ရွေးကောက်ပွဲ ဖြစ်ပေါ်သော ပတ်ဝန်းကျင်၏ ဥပဒေနှင့်အသင်းအဖွဲ့ဆိုင်ရာ ပိုမိုကျယ်ပြန့်သောပြဿနာများကို တာဝန်ယူသောအရာ ဖြစ်သည်။၎င်းသည်  ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ဥပဒေနှင့် မူဝါဒရေးရာမူဘောင်များ၏ အစိတ် အပိုင်းများအားလုံးကို စစ်ဆေးရန်အတွက် ပါဝင်လေပြီး ထိုအထဲတွင် မူဘောင်ထဲတွင် မပါဝင်သော EMB ၏ လုပ်ဆောင်ချက်များနှင့် ပါဝင်ပတ်သက်သူများ၏ ဆက်ဆံရေးများလည်း ပါဝင်သည်။ အဓိက ဥပဒေ ရေးရာ စာချုပ်များအနက်မှာ စစ်ဆေးရန်ရှိသည်တို့မှာ အခြေခံဥပဒေ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် တိုက် ရိုက်ဆက်နွယ်နေသော ဥပဒေများ၊ ထပ်တိုးစည်းမျဉ်းသတ်မှတ်ချက်များနှင့် ဦးစီးစီမံရေးမူဝါဒများ ဖြစ်ကြ သည်။ သုံးသပပ်ချက်များအအနေနှင့် နိုင်ငံသားဆိုင်ရာဥပဒေများ၊ ရာဇဝတ်ပုဒ်မများ၊ အများပြည်သူ ဆိုင်ရာ ဌာနပိုင်းများ၏ အလုပ်တာဝန်ခန့်အပ်မှုဆိုင်ရာဥပဒေများ သို့မဟုတ် မူဝါဒများ သို့မဟုတ် အစိုးရ အထောက်အပံ့ရယူရေးစည်းမျဉ်းများနှင့် ကျင့်ထုံးများကဲ့သို့သော သွယ်ဝိုက်သောနည်းဖြင့်သာ သက်ဆိုင် သော ဥပဒေများ၏ တစ်စိတ်တစ်ပိုင်းကိုပါ ပါဝင်ထည့်သွင်းထားရန်လိုသည်။ ၎င်းအနေနှင့် EMB ၏ အခြား သော ဌာနများနှင့် ချိတ်ဆက်မှုနှင့် ဆက်ဆံရေးများကိုပါ ရှင်းပြနိုင်လေသည်။ ဥပမာအားဖြင့် အစိုးရ EMB ၏ အိမ်ရှင်အခြေစိုက်ရာဌာန EMB သို့ ဘဏ္ဍာရေးနှင့် ရွှေ့ပြောင်းအထောက်အပံ့ပေးရေးတို့ ပေးသော အစိုးရ ဝန်ကြီးဌာနများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အထောက်အပံ့အတွက်နှင့် ရင်းမြစ် မျှဝေရေးအတွက် EMB  ကွန်ယက်ကို အမှုထမ်းရသောဌာနများကဲ့သို့သော အရာများဖြစ်သည်။

အဖွဲ့အစည်းအဆင့်အနေနှင့်ကြည့်လျှင် လိုအပ်ချက်ကို သုံးသပ်ခြင်းသည် EMB ၏ ဗျူဟာများ နှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများနှင့် ၎င်း၏စီမံချက်များကို စီမံကိန်းရေးဆွဲရေးတို့အား စဉ်းစားခြင်း၊ မူဝါဒ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ၎င်း၏ စီမံခန့်ခွဲရေးဆိုင်ရာ တည်ဆောက်မှုများ၊ ၎င်း၏နေရာ ကဏ္ဍများ ပိုင်းခြားထားမှုနှင့် တာဝန်များ၊ ဆက်သွယ်ရေးများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြီးနောက်တွင် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများနှင့် ဝန်ထမ်းစွမ်းဆောင်ရည် စံနှုန်းများတို့ဖြစ်သည်။ ၎င်းအနေနှင့် EMB အား မည်သည့်ရွေးကောက်ပွဲမျိုးကိုကျင်းပရန် ရင်းမြစ်ပမာဏ မည်မျှလိုအပ်သည်ဟူသော ပမာဏ ကို တွက်ချက်ရာတွင် ကူညီပေးလေသည်။ထိုမှသာလျှင် EMB အနေနှင့် နိုင်ငံတော်ဘတ်ဂျက်ငွေထဲမှ လိုအပ်သော ငွေ၏ ပမာဏမည်မျှက ကိုက်ညီမှုရှိပြီး အခြားသော ရင်းမြစ်များမှ မည်မျှလိုသည်ကို တွက်

ချက်နိုင်မည်ဖြစ်သည်။ ထိုသုံးသပ်ချက်သည် နည်းပညာပိုင်းဆိုင်ရာ သုံးသပ်ချက် လိုအပ်မှုများ၏ သဘော သဘာဝနှင့် အဆင့်အတန်းများကိုလည်း စစ်ဆေးနိုင်လေသည်။

တစ်ဦးတစ်ယောက်ချင်းစီအဆင့်တွင် လိုအပ်ချက်သုံးသပ်မှုသည် ဝန်ထမ်းများ၏ တိုးတက်မှု ဆိုင်ရာအတွက် ဝန်ထမ်းများ၏ အရည်အချင်းများနှင့် ရရှိနိုင်သော အခွင့်အလမ်းများနှင့်ဆိုင်သောကိစ္စများ ကို အကျုံးဝင်စေလေပြီး EMB ၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းများတွင် ဝန်ထမ်းများ၏ သစ္စာရှိမှုပိုင်း ဆိုင်ရာ တို့လည်းပါဝင်သည်။

လိုအပ်ချက်များကို သုံးသပ်သောယုံကြည်ရနိုင်သည့် အစီရင်ခံစာတစ်ခုအချိန်နှင့်အမှုမှတ်တမ်း တစ်ခု ဖြစ်တည်လာချိန်တွင် EMB ၏ စွမ်းဆောင်ရည်နှင့်ဆိုင်သော ပြည့်စုံသည့် ပုံရိပ်တစ်ခုသည်လည်း စတင်ပေါ်ထွက်လာလေကာ တာရှည်ခံမှုပိုင်းဆိုင်ရာရှုထောင့်မှ ပိုပြီးတိတိကျကျတွက် ထုတ်နိုင်လေသည်။

## ရွေးကောက်ပွဲဆိုင်ရာ တာရှည်ခံခြင်းနှင့် အလှူရှင်တို့၏ အထောက်အပံ့

အလှူရှင်တို့၏ အထောက်အပံ့သည် ရွေးကောက်ပွဲ၏ အရည်အသွေးကိုတိုးတက်စေလိမ့်မည် ဖြစ်ပြီး အချို့သောဖြစ်ရပ်များတွင် ထိုသို့ဖြစ်ပေါ်စေရန် လိုပင်လိုအပ်သော အခြေအနေမျိုးများရှိနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ EMB အတော်များများအတွက်မှာမူ အလှူရှင်တို့၏ အထောက်အပံ့သည် လွတ် လပ်မှုတပြီး ယုံကြည်ရနိုင်သော ရွေးကောက်ပွဲများကို တာရှည်လုပ်ဆောင်ပေးနိုင်ရန်အတွက် ရည်ရွယ် သည်။ ဉပမာအားဖြင့် အာဖဂန်နစ္စတန် (စာမျက်နာ ၈၄)၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား (စာမျက်နာ ၃၂၈ ) ကင်ညာ (စာမျက်နာ ၃၈၁ ) နှင့် နိုင်ဂျီးရီးယား (စာမျက်နာ ၁၇၈) တို့ရှိ ဖြစ်ရပ်များကို လေ့လာခြင်း များကို ကြည့်ပါ။

အလှူရှင်များက လှူရှားတွင် ဘတ်ဂျက်ငွေအနေနှင့် လှူသည်လည်း ရှိနိုင်သကဲ့သို့ အခြားသော နည်းပညာပိုင်းဆိုင်ရာ တို့ဖြစ်သော ခေတ်မီနည်းပညာများ အပါအဝင်အရာများဖြစ်နိုင်သည် အချို့သော အလှူရှင်များသည် EMB ၏ အမြဲတမ်းပုံမှန်ကုန်ကျနေမည့် ဘတ်ဂျက်ငွေများကိုကူညီရန် ရှောင်ရှားလေ့ ရှိသည် ထိုအမြဲတမ်းကုန်ကျမည့် ဘတ်ဂျက်ငွေများမှာ အဓိကကုန်ကျသော ကိုယ်စားလှယ်ရေးရာ စရိတ် များအဆောက်အဦးနှင့် ပရိဘောဂဌားရမ်းခများ မော်တော်ယာဉ်နှင့် လောင်စာဆီဖိုးကဲ့သို့သော နည်း ပညာပိုင်းဆိုင်ရာနှင့် မပတ်သက်သော အရာများပါ ပါသေးသည်။

အလှူရှင်တို့၏ အထောက်အပံ့သည် တစ်ခါတစ်ရံတွင် အချည်အနှောင်ကဲ့သို့သော အယူအဆ မျိုးဖြစ်သည့် အလှူငွေ လက်ခံရယူသူ EMB က ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာ အလှူ ရှင်ပြောသော နိုင်ငံမှနေပြီး ဝယ်ယူရန်ကဲ့သို့သော အရာများနှင့် တွဲလျက်ပါလာတတ်သည်။ ပြင်ပ ရောင်းချ သူများထံမှ ဝယ်ယူသော ကုန်ကျစရိတ်သည် နိုင်ငံတွင်ရှိ ရောင်းချသူများထံမှဝယ်ယူခြင်းထက် သိသာစွာ မြင့်မားလေပြီး ရွေးကောက်ပွဲကုန်ကျစရိတ် အလုံးစုံကို ငွေကုန်ကြေးကျ များပြားစေလေသည်။

အချို့သော ပဋိပက္ခအပြီး အခြေအနေများကဲ့သို့သော ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ ကွန်ဂို သမ္မတနိုင်ငံဟောတီ၊ လိုင်ဘီးရီးယားနှင့် တီမော-လက်စ်တီတို့တွင် လှူဒါန်းသူများသည် အကူးအပြောင်း ကာလဆိုင်ရာ ရွေးကောက်ပွဲများ၏ ကုန်ကျစရိတ်အားလုံးနီးပါးကို လှူဒါန်းထောက်ပံ့လေသည်။ ထိုကဲ့သို့ သောဖြစ်ရပ်မျိုးတွင် နောင်ဖြစ်လာမည့် ရွေးကောက်ပွဲများတွင် ထိုကဲ့သို့သော ဘဏ္ဍာငွေထောက်ပံ့မှုမျိုး ရလိမ့်မည်မဟုတ်ဘဲ ရွေးကောက်ပွဲဝန်ဆောင်မှု အဆင့်နိမ့်လိမ့်မည်ဖြစ်ကာ ရွေးကောက်ပွဲနှင့် ပတ်သက် ပြီး မကျေနပ်ချက်များဖြစ်ပေါ်စေနိုင်သည်။ထိုသိသာထင်ရှားလှသော ဒေသတွင်းအာဏာပိုင်များ နောက်

ပိုင်းတွင် "တတ်နိုင်သော" အကူးအပြောင်းစနစ် တည်ဆောက်ရေးနှင့် နောက်အနာဂတ်ရှိ ရွေးကောက်ပွဲများ ကျင်းပရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များကို လုပ်ဆောင်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုတည်ဆောက်ရန်အတွက် ကိစ္စပြဿနာတစ်ရပ်ကို ပေါ်ထွန်းလာစေသည်။ ပဋိပက္ခဖြစ်ပွားပြီးကာစ အချိန်များတွင် ပြင်ပအကူအညီရယူရေးသည် မရှိမဖြစ် အရေးပါကောင်းပါလိမ့်မည်၊ သို့သော်လည်း အကူးအပြောင်းဆိုင်ရာ ရွေးကောက်ပွဲများလုပ်ဆောင်ခြင်းနှင့်ကျင်းပခြင်းတို့အတွက် နိုင်ငံပြင်ပမှ အာဏာပိုင်တို့က ပိုင်ဆိုင်မှု အမည်ပေါက်ခံယူခြင်းသည် နိုင်ငံရေးအရရော စီးပွားရေးအရာပါ ကောင်းလိမ့်မည် မဟုတ်ချေ။ အာဖဂန်နစ္စတန်၊ အီရတ်နှင့် လစ်ဗျားတို့သည် ထိုအထဲတွင် ပါဝင်သည်။ စီးပွားရေးချို့တဲ့သောနိုင်ငံများနှင့် အဆင်မပြေသော EMB များသည် အလှူရှင်အများအပြားထံမှ အတိုင်းအတာတစ်ခုအထိ လက်ခံနိုင်ဖွယ်ရာဖြစ်သော ပြင်ပအထောက်အပံ့များများ လိုအပ်နိုင်သည်၊ တခါတရံတွင် ကုလသမဂ္ဂမှ ပူးပေါင်းဦးစီးပြီး လုပ်ဆောင်ရသည်၊ လိုင်ဘီးရီးယားတွင် ၂၀၀၄-၀၅ က လုပ်သွားသကဲ့သို့ဖြစ်သည်။

အလှူရှင်များဘက်ကလည်း ၎င်းတို့ EMB များကို လှူသော ရွေးကောက်ပွဲအထောက်အပံ့များသည်လည်း ထိရောက်ပြီး ရေရှည်လုပ်ဆောင်နိုင်ရေးကို မြှင့်တင်နိုင်ကြောင်း ကျိန်းသေပေါက် အာမခံရန်အတွက် တာဝန်ရှိသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး အလှူရှင်များ အဓိကထားစဉ်းစားရမည့် ပြဿနာများတွင်

၁။ EMB နှင့်တကွ အခြားသော အလှူရှင်များနှင့်ပါ အကူအညီ အထောက်အပံ့များကို ပူးပေါင်းခြင်း

၂။ အိမ်ရှင်အစိုးရနှင့် ပူးပေါင်းအလုပ်လုပ်ပါ ၊ ကိုယ်စားလှယ် အေဂျင်စီဌာနများ အမြောက်အမြားနှင့် ပူးပေါင်း သို့မဟုတ် တစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့များသည် အစိုးရ၏ တိုးတက်ရေးဆိုင်ရာ ဦးစားပေးအချက်အလက်များကို ထင်ဟပ်ကြောင်း ပြသရန်အတွင်ဖြစ်သည်။

၃။ EMB ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ထောက်ပံ့မှုများကို အကောင်အထည်ဖော်ရန် စီမံကိန်းချခြင်း

၄။ EMB ၏ ပတ်ဝန်းကျင်အတွက် အဆိုတင်သွင်းထားသော စနစ်များ/နည်းလမ်းများကို ဝယ်ယူခြင်း

၅။ EMB နှင့် ၎င်း၏ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးမြှင့်ရေးကို ပါဝင်စေရေး

၆။ အလှူရှင်တို့ ဘဏ္ဍာငွေထောက်ပံ့ထားသော အစီအစဉ်များထဲတွင် EMB ဝန်ထမ်းများ၏ စီမံခန့်ခွဲနိုင်ရေးကိုပါ ထည့်သွင်းပေးခြင်းနှင့်

၇။ မည့်သည့် ပေးထားသည့် စနစ်/ကိရိယာမဆိုတို့၏ ရေရှည်ကုန်ကျစရိတ်တို့ ပါဝင်သည်။

CORE ပရောဂျက်က မှတ်တမ်းတင်ခဲ့သည်မှ ကမ္ဘောဒီးယားသည် ၎င်း၏ အလှူရှင်များအပေါ်ကို မှီခိုရမှုကို ၂၀၀၃ ခုနှစ် ရွေးကောက်ပွဲတွင် ၅၀ ရာခိုင်နှုန်းထက် လျော့နည်းအောင်လျှော့ချနိုင်ခဲ့သည်ဟုဖြစ်သည်။ တီမော-လက်စ်တီလည်း ထိုကဲ့သို့ပင် အောင်မြင်ခဲ့ပြီး ၎င်း၏လွတ်လပ်ရေးကို ၂၀၀၂ ခုနှစ်တွင် ရပြီးချိန်မှစကာ ရွေးကောက်ပွဲကုန်ကျစရိတ်များကို ၎င်း၏နှစ်စဉ် တိုင်းပြည်ဘတ်ဂျက်သွေအတွင်းမှ ပြန်လည်ပေးချေလေပြီး အကူအညီပေးသော အလှူရှင်တို့၏ဘဏ္ဍာငွေကို လက်ခံရယူခြင်းမပြုပေ။ အကူးအပြောင်းကာလ ရွေးကောက်ပွဲအချိန်များတွင် နိုင်ငံတွင်းရှိ ရွေးကောက်ပွဲအရာရှိများထံသို့ ကျွမ်းကျင်မှုများ လွှဲပြောင်းပေးခြင်းသည် ကောင်းသော်လည်း အမှန်တစ်ကယ် လက်တွေ့တွင်မူ ထိုရည်ရွယ်ချက်သည် အကြီးတန်းစီမံခန့်ခွဲရေးအဆင့်ကို ရောက်သွားသောအခါ ကျကျနန လေ့ကျင့်သင်ကြားထားသော မဲရုံဝန်ထမ်းများကို တာဝန်ထမ်းဆောင်စေသော်လည်း ကျေနပ်လောက်ဖွယ်ရာရရှိသည်မှာ အင်မတန်မှ ရှားပါးလေသည်။ အရေးအခင်းဖြစ်ပြီးကာစ ပတ်ဝန်းကျင်များတွင် ဒီမိုကရေစီနှင့် တည်ငြိမ်ရေး ပြန်လည်ထူထောင်ရန်အတွက် ပြင်ပအထောက်အပံ့များ ကနဦးရရှိရန်မှာ မရှိမဖြစ်လိုအပ်လေသည်။ သို့သော်

လည်း EMB ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် ကြားကာလများတွင် လုံလောက်သော အလှူရှင် အထောက်အပံ့ ဆက်လက်မရရှိပါက။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ဒီမိုကရေစီ ကိုယ်တိုင်သည်ပင် လျှင် နောက်ကြောင်းပြန်လှည့်သောအဖြစ်များကို တွေ့ကြုံရနိုင်သည်။

နည်းပညာသစ်များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ အရည်အသွေးကို မြှင့်တင်နိုင်လေပြီး အထူးသဖြင့် အချက်အလက်ပေါင်းများစွာကို အချိန်တိုအတွင်း တွက်ချက်ရန်လိုသော ၎င်းတို့ ရွေးကောက်ပွဲခရိုင်များ ကန့်သတ်သော၊ မဲဆန္ဒရှင်များမှတ်ပုံတင်ရေး မဲပေးရေးနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်များ လုပ်ဆောင်သကဲ့သို့သော အချိန်မျိုးတွင်ဖြစ်သည်။ အရေအတွက်အားဖြင့် တိုးမြင့်လာသော EMB များသည် အီလက်ထရွန်းနစ် မဲဆန္ဒရှင်မှတ်ပုံတင်ရေးစနစ်တို့၏ နယ်ပယ်အတွင်း ဝင်ရောက်လာကြပြီး အများအားဖြင့် ဘိုင်အိုမက်ထရစ် စနစ်များလည်းပါလာကြလေသည်။ ဥပမာအားဖြင့် မိမိဘာသာအားကိုးသော EMB များဖြစ်သော ကော့စတာရီကာသည်ပင်လျှင် နည်းပညာသစ်များ မိတ်ဆက်ရေးအတွက် ဘဏ္ဍာငွေ ထောက်ပံ့ရန် ပြင်ပအထောက်အပံ့ကိုမှီခိုရန် လိုအပ်ကြောင်းကို တွေ့ရှိလာကြပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နည်းပညာအသစ်များသည် အသုံးချရန်အတွက် EMB အပေါ်တွင် သိသာထင်ရှားသော ရေရှည်ကုန်ကျစရိတ်များရှိနိုင်သည် ဥပမာအားဖြင့် ထိန်းသိမ်းရေးစရိတ်များ သို့မဟုတ် ဆော့ဖ်ဝဲ လိုင်စင်တင်သည့် ကုန်ကျစရိတ်များဖြစ်သည်။ အလှူရှင်ပေးကမ်းသော နည်းပညာပိုင်းဆိုင်ရာစနစ်များကို မိတ်ဆက်ခြင်းသည် ပြင်ပမှထောက်ပံ့သော နည်းပညာကို ပိုမိုကြီးထွားလာသောနှုန်းဖြင့် မှီခိုနေရသည့် နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်ကြီးမျိုးဖြစ်လာနိုင်လေပြီး ဟေတီနိုင်ငံတွင် မဲဆန္ဒရှင်မှတ်ပုံတင်စဉ်ကာလက ထိုသို့ဖြစ်ပေါ်ခဲ့သည်။

ထင်မြင်ချက်များသည် ထို့ကြောင့်ပင် ဘဏ္ဍာငွေတာရှည်ထောက်ပံ့နိုင်မှု၊ ကွန်ပြူတာစနစ်နှင့် မဲပေးခြင်း၊ အင်တာနက်နှင့် ကြေးနန်းဆက်သယ်ရေးဝန်ဆောင်မှုများနှင့် အခြားသော မဲဆန္ဒရှင် မှတ်ပုံတင်ရေးအတွက် စကင်နာနှင့် ဘိုင်မက်ထရစ်ကဲ့သို့သော ရွေးကောက်ပွဲဆိုင်ရာနည်းပညာများ ဆိုင်ရာဆိုင်ရာတို့တွင် မေးခွန်းများ ကွဲပြားသွားခြင်းဖြစ်သည်။ EMB များနှင့် အလှူရှင်များ ထည့်သွင်းစဉ်းစားရမည့် အချက်များတွင်

၁။ နည်းပညာသစ်များကို အခြားသော ရွေးကောက်ပွဲအထောက်အပံ့အစီအစဉ်များထဲတွင် အသုံးချခြင်းထက် ၎င်းတို့ကို ဘဏ္ဍာငွေထောက်ပံ့ရန်အတွက် အလှူရှင်အထောက်အပံ့ သုံးရာတွင် ရရှိလာနိုင်မည့် ဘဏ္ဍာရေး၊ လူမှုရေးနှင့် နိုင်ငံရေးကုန်ကျစရိတ်/အကျိုးအမြတ်များ

၂။ ထိုနည်းပညာ၏ သက်တမ်း (ထိုကိရိယာသည် နောင်ရွေးကောက်ပွဲများတွင် အစားထိုးပေးရန်အတွက် ကုန်ကျစရိတ်မှာ ထိုမျှပင် ဈေးကြီးမည်လော သို့မဟုတ် နောင်လာမည့် ရွေးကောက်ပွဲများတွင် အသုံးဝင်ဦးမည်လော)

၃။ စွမ်းဆောင်ရည်များ၊ နည်းပညာကို ပြည်တွင်းတွင် ထိန်းသိမ်းရန်အတွက်ဖြစ်သည်။ နိုင်ငံတကာမှပေးထားသော ဆော့ဖ်ဝဲ သို့မဟုတ် ဟာ့ဒ်ဝဲကို ထိန်းသိမ်းရန်နည်းပညာအား သို့မဟုတ် ဘဏ္ဍာအားမရှိလျှင် သို့မဟုတ် နိုင်ငံတကာ အကြံပေးပြန်သွားပြီးနောက် ပြည်တွင်းတွင် လုပ်ဆောင်မည့်သူကို လုပ်နိုင်စေရန် သင့်တော်သော ကျွမ်းကျင်မှုရရှိစေရန် သင်ကြားပေးနိုင်ခဲ့ခြင်း မပြုနိုင်ခဲ့ပါလျှင်၊ နိုင်ငံတကာမှ ပေးကမ်းထားသော နည်းပညာများသည် တစ်ခါသုံးသုံးရန်အတွက်အင်မတန်မှ ဈေးကြီးလွန်းလှသည်။

၄။ ထိုနည်းပညာကို ရွေးကောက်ပွဲပြီးသွားသောအခါ အခြားသောအစိုးရများ သို့မဟုတ် အဖွဲ့ အစည်းများအား အသုံးပြုခွင့်ပေးခြင်း သို့မဟုတ် ရွေးကောက်ပွဲပြီးချိန်တွင် အခြားသော နိုင်ငံများကို ငှားရမ်းခြင်းနှင့်

၅။ ယာယီဝန်ထမ်းများကို ၎င်းတို့အနေနှင့် ရွေးကောက်ပွဲအပြီး လုပ်ငန်းခွင်များတွင် ပြန်သုံးနိုင်သော နိုင်ငံတကာမှ နည်းပညာများ သုံးပြီး လေ့ကျင့်သင်ကြားပေးခြင်း

## တာရှည်ခံစေရန် အထောက်အပံ့ဖြစ်စေသော ကျင့်ထုံးများ

ငွေကုန်သည်နှင့် တန်ခြင်း၊ ငွေကြေးအဖိုးအခကို တတ်နိုင်သမျှနည်းပြီး ထိရောက်သော ဝန်ဆောင်မှုကိုပေးခြင်းသည် လုံးလုံးကြီးဈေးချိုခြင်းထက် တာရှည်ခံရေးအတွက် အရေးပါသောအရာတစ်ခုပင်ဖြစ်သည် စုဆောင်းထားသော ငွေကြေးများသည် တရားဝင်သောရွေးကောက်ပွဲတစ်ခုအတွက် အခြေခံလိုအပ်သောအချက်များအား ဖောက်လွဲဖောက်ပြန် ဖြစ်စေခြင်းကို မဖြစ်သင့်ပေ။ ရွေးကောက်ပွဲအတွက် အသုံးစရိတ်ကို လျှော့ချသောနည်းစနစ်တစ်မျိုးသည် နိုင်ငံတစ်နိုင်ငံတွင်အလုပ်ဖြစ်နိုင်သော်လည်း ဥပဒေရေးရာ၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ အခြေအနေများကွဲပြားသောကြောင့် အခြားတစ်နေရာတွင် အလုပ်ဖြစ်ချင်မှ ဖြစ်လိမ့်မည်။ အဖွဲ့ဝင်တစ်ဦးသာထားရှိသော EMB သည်လည်း ကုန်ကျစရိတ်ချွေတာရန်အတွက် ထိရောက်သော နည်းစနစ်တစ်ခုဖြစ်သော်လည်း အိန္ဒိယနိုင်ငံတွင် ထိုအချက်ကို တရားရုံးချုပ်က မျှတသောဆုံးဖြတ်ချက်ချမှုမဖြစ်နိုင်ဟု ယုံကြည်သောကြောင့် ငြင်းပယ်ခြင်းခံလိုက်ရပြီး ၁၉၉၃ ခုနှစ်တွင် အဖွဲ့ဝင်သုံးဦး ပါဝင်သော EMB တစ်ခုဖွဲ့ရန်ဖြစ်လာခဲ့သည်။ ထို့ကြောင့်ပင် တာရှည်ခံရေးအတွက် အားလုံးတပြေးညီ သုံးလို့ရသော စနစ်ကိုပြဋ္ဌာန်းရန်မဖြစ်နိုင်ပေ၊ ယေဘုယျ စည်းမျဉ်းများလောက်သာ ဖြစ်နိုင်လိမ့်မည်။ ထိရောက်သော ကုန်ကျစရိတ်သက်သာစေမှုဖြစ်ရန်အတွက် ရိုးရိုးသမျှသော ကိုယ်စားလှယ်ရွေးချယ်ပွဲများကို တစ်ရက်တည်းတွင် ကျင်းပခြင်းဖြင့်လည်း လုပ်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ သတ်မှတ်ထားသော ဆက်တိုက်သို့မဟုတ် မညီမညွတ်ပြုလုပ်သော ရွေးကောက်ပွဲများကြောင့် ဖြစ်လာနိုင်သည့် နိုင်ငံရေးဆိုင်ရာ သက်ရောက်ချက်များသည် နိုင်ငံရေးဆိုင်ရာ တာရှည်ခံမှုအပိုင်းကို ငြင်းခုန်ကြရလိမ့်မည်ဖြစ်ပြီး ဘဏ္ဍာရေးဆိုင်ရာထက်ပင် ပိုမိုကြီးထွားသွားလိမ့်မည်။

## တာရှည်ခံနိုင်ရန်အတွက် ဝန်ထမ်းခန့်အပ်ခြင်း

ဝန်ထမ်းခန့်အပ်ခြင်းသည် EMB ၏ ကုန်ကျစရိတ်များထဲမှ သိသာထင်ရှားလှသော အပိုင်းတစ်ပိုင်းပင်ဖြစ်သည်။ သို့သော်လည်း ၎င်းသည်လည်း အကြီးမားဆုံးသော ပိုင်ဆိုင်မှုတစ်မျိုးပင် ဖြစ်သည်။ EMB ၏ အဓိက ကုန်ကျသောစရိတ်များသည် တည်ဆောက်ပုံကို ပြင်လိုက်ပါက ဖြစ်နိုင်ပါပေသည်။ ဥပမာအားဖြင့် အထွေထွေအတွင်းရေးမှူးရာထူးများကို ယူထားသော EMB အဖွဲ့ဝင်များ၏ အရေအတွက်ကို လျှော့ချလိုက်ခြင်းပင်ဖြစ်သည်။ ကမ္ဘောဒီးယားနှင့် တောင်အာဖရိကရှိ EMB များသည် ၁၉၉၉ နှင့် ၂၀၀၂ တွင် ပြန်လည်ပြင်ဆင်သော နည်းစနစ်ကို အထက်ပါအတိုင်း သုံးခဲ့ကြသည်။ လုပ်ငန်းတွင်ကျယ်ငွေကုန်သက်သာမှုကို ထိန်းသိမ်းရန်အတွက် ပင်မဝန်ထမ်းကို အနည်းငယ်သာထိန်းသိမ်းပြီး နောက်မှသေချာစွာ လေ့ကျင့်သင်ကြားပေးထားသော ယာယီကွင်းဆင်းဝန်ထမ်းများနှင့် ထောက်ပံ့ပါ။ ပစိဖိတ်ကျွန်းနိုင်ငံများဖြစ်သော နူအီ၊ ဆာမိုဝါနှင့် တွန်ဂါတို့ရှိ EMB များ၏ နမူနာများက ပြသသည်မှာ လုပ်ဆောင်နေကြတာဝန်များကိုလည်း ဆက်လက်ထိန်းသိမ်းရင်း ရွေးကောက်ပွဲတာဝန်ရှိသော အဓိကဝန်ထမ်းများကိုလည်း အရေအတွက် အနည်းငယ်သာ ထားနိုင်သည်ဟုဖြစ်သည်။ EMB အနေနှင့်လည်း Task Profiling ကဲ့သို့သော စီမံခန့်ခွဲရေးကိရိယာများကို ၎င်း၏တာဝန်များကို လုပ်ဆောင်ရာတွင် လိုအပ်သောဝန်ထမ်းအရေအတွက် အနည်းဆုံးကို ဆုံးဖြတ်သတ်မှတ်ရန်အတွက် အသုံးပြုနိုင်သည်။ ထိုအခါ EMB အနေနှင့် အပိုထပ်ဆောင်းခန့်ထားသော ဝန်ထမ်းများအား အလုပ်တွင်ခြင်းနှင့် ထိရောက်ခြင်းတို့အတွက်အဘယ်ကြောင့်ခန့်ထားပါသည်ဟူသော အကြောင်းပြချက်မျိုးကို ရှာတော့မည်ဖြစ်သည်။ ပုံသေဝန်ထမ်းများ အစား

ယာယီဝန်ထမ်းများကို အသုံးပြုပါ။ EMB အနေနှင့် ဘဏ္ဍာရေးဆိုင်ရာ တာရှည်ခံမှုအတွက်လည်း အထောက်အပံ့ပေးနိုင်ပါသည်။

မည်သို့ပင်ဆိုစေကာမူ၊ ဘဏ္ဍာရေးဆိုင်ရာ တာရှည်ခံမှုကိုမြှင့်တင်ရန်အတွက် အရောင်းကိုယ်စားလှယ်နှင့်ဆက်နွယ်သော နည်းစနစ်များကို အသုံးပြုသော နိုင်ငံရေးနှင့်လုပ်ငန်းပိုင်းဆိုင်ရာ တာရှည်ခံမှုများသည် သေသေချာချာ ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာအားဖြင့် အစိုးရ EMB များထံမှ သိသာထင်ရှားသော ဘတ်ဂျက်စုဆောင်းငွေများကိုရရှိနိုင်သည် သို့မဟုတ် အခြားသော EMB များတွင်လည်း ပြည်သူ့ဝန်ထမ်းများ သို့မဟုတ် စေတနာ့ဝန်ထမ်းများကို EMB နှင့် အတူတကွ အလုပ်လုပ်ရန်အတွက် ရွေးကောက်ပွဲကာလတွင် ခေါ်ယူနိုင်လေသည် (အိန္ဒိယတွင်ကဲ့သို့) ဘဏ္ဍာရေးဆိုင်ရာ တာရှည်ခံမှုကို ထောက်ပံ့နေစဉ်တွင် ထိုကဲ့သို့သော ဝန်ထမ်းရွေးချယ်ခန့်အပ်ခြင်းစနစ်သည် EMB ၏ စွမ်းဆောင်ရည်နှင့် ပြည်သူတို့၏ ယုံကြည်မှုကို ဆိုးကျိုးများသက်ရောက်စေနိုင်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ တာရှည်ခံနိုင်မှုကိုပါ ထိခိုက်စေနိုင်လေသည်။ အောင်မြင်သောဟန်ချက်ညီသည့် အရာတစ်ခုဖြစ်ရမှာ လွယ်လှသည်မဟုတ်ပေ။

ကျွမ်းကျင်ဝန်ထမ်းကို မထိန်းသိမ်းနိုင်ခြင်းသည်လည်း EMB ၏ တာရှည်ခံနိုင်မှုအပေါ်ကိုဆိုးကျိုးများ သက်ရောက်စေနိုင်လေသည်။ ယာယီမဲရုံဝန်ထမ်းများအပါအဝင် ကျွမ်းကျင်ဝန်ထမ်းများသည် မည်သည့်အရာကို လုပ်သင့်သည် မည်သည်ကိုမလုပ်သင့် အစရှိသော EMB ၏ အဖွဲ့အစည်းဆိုင်ရာ မှတ်ဉာဏ်ရှိကြလေပြီး ဝန်ထမ်းအသစ်များနှင့် အခြားသောပါဝင်ပတ်သက်သူများကို မျှဝေပေးနိုင်ရန် အတွေ့အကြုံများရှိကြလေသည်။ ဝန်ထမ်းများကို ထိန်းသိမ်းထားခြင်းသည် EMB ၏ အကြုံဉာဏ်ပါဝင်ပြီး ဆုပေးစနစ်ကိုသုံးခြင်း ပညာရှင်ဆန်အောင် လေ့ကျင့်သင်ကြားပေးခြင်းနှင့် တိုးတက်ရေးအစီအစဉ်များပင် ဖြစ်ကြသည် (ဤလက်စွဲစာအုပ်၏ အခန်း ၆ တွင်ကြည့်ပါ) ပြီးနောက်တွင် ရာထူးတိုးရေးအတွက် အခွင့်အလမ်းများဖြစ်သည်။ ပြီးသောနောက် ရာထူးမှထွက်ခွါတော့မည့် ဝန်ထမ်းများအား ၎င်းတို့လုပ်ခဲ့သော တာဝန်များအား ပြန်လည်၍ မေးမြန်းခြင်းသည်လည်း ဖြေရှင်းရန်လိုအပ်သော ပြဿနာများကို ဝန်ထမ်းက ဖော်ထုတ်ရာတွင် အကူအညီပေးနိုင်သည်။ ဝန်ထမ်းအပြောင်းအလဲအတွက် ကြိုတင်ကြံစည်ခြင်း၊ လူသစ်များကိုပုံမှန်ခေါ်ယူခြင်းနှင့် ဝန်ထမ်းငယ်များကို လေ့ကျင့်သင်ကြားခြင်းပါဝင်ကာ ရွေးကောက်ပွဲမှတ်တမ်းများကို ထိန်းသိမ်းထားပြီး အသုံးပြုနိုင်ရန်အတွက် ထားရှိခြင်းနှင့် ပေါင်းလိုက်သောအခါ၊ EMB အား ဝန်ထမ်းများထွက်သွားပါကလည်း ဆက်လက်တာရှည်ခံ လည်ပတ်စေနိုင်ရန်အတွက် ကူညီမည်ဖြစ်သည်။

## ရုံးစနစ်များ

သာမန်ရုံးများတွင် သုံးနေကြဖြစ်သော စာစီစာရိုက်စနစ်၊ စာရွက်စာတမ်းများ၊ ဒေတာဘေ့စ်များနှင့် အီးမေးလ်များ အစရှိသည်တို့သည် တာရှည်ခံခြင်း၏ အန္တရာယ်လည်းဖြစ်နိုင်သလို အုတ်မြစ်အခြေခံလည်းဖြစ်နိုင်သည်။ ထိုကဲ့သို့သော ကိရိယာများကိုအသုံးပြုရာတွင် တင်းကြပ်သော စည်းမျဉ်းစည်းကမ်းများလည်း ထားရှိသင့်သည်။ ထိုအရာများကိုအသုံးပြုခြင်း၏ အဓိက ရည်ရွယ်ချက်မှာ သတင်းအချက်အလက်များသည် စနစ်တကျထိန်းသိမ်းသိုလှောင်ထား၊ ထိန်းသိမ်းထားနိုင်ရန်ဖြစ်ပြီး လက်ရှိဝန်ထမ်းများနှင့် နောင်လာမည့် ဝန်ထမ်းများပါအသုံးပြုနိုင်ရေးဖြစ်သည်။ သေသေချာချာ လုပ်ထားပါက ဒေတာအချက်အလက် ပမာဏအတော်များများ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ပြုလုပ်ပြီးစီးမည်ဖြစ်သည်။ သို့သော်လည်း သေချာမလုပ်ပါက၊ အထူးသဖြင့် ၎င်းတို့ ထုတ်လုပ်သော သို့မဟုတ် လက်ခံယူသော စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များကို စီမံခန့်ခွဲသော ဝန်ထမ်းတစ်ဦးချင်းစီသို့ ရောက်သွားသောအခါ အရေးကြီးသော သတင်းအချက်အလက်များသည် အလိုရှိသောအချိန်တွင် ရရှိတော့မည်မဟုတ်

ချေ။ ထိုအချက်သည် အရေးကြီးသော ဆက်သွယ်မှုများသည် EMB သို့ အရာရှိတစ်ဦးဦးအား အီးမေးလ် ဖြင့်ပို့ပြီး ဆက်သွယ်လာသောအခါ အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်လာနိုင်သည်။ EMB အသစ်တစ်ခု အနေနှင့် ရွေးကောက်ပွဲကို အချိန်အနည်းငယ်သာရှိသော အကြပ်အတည်းအတွင်း လုပ်ရချိန်နှင့် စနစ် တကျလုပ်ဆောင်ရသော ရုံးနစ်ပုံစံလုပ်ခြင်းထက် လက်တလောလိုအပ်သော လုပ်ငန်းဆိုင်ရာ လိုအပ်ချက် များကို ရေတိုဦးစားပေးခြင်းများ လုပ်ရသောအခါ အမှန်တစ်ကယ် လိုအပ်သောလုပ်ငန်းစဉ်များကို နေရာ တကျ ချမှတ်ဆောင်ရွက်ရာတွင် ကျရှုံးနိုင်ချေများ မြင့်မားလာနိုင်လေသည်။

## ရွေးကောက်ပွဲအတွက် အသုံးပြုသော ကိရိယာများ

ရွေးကောက်ပွဲတွင် အသုံးပြုသောကိရိယာများအတွက် ပြည့်စုံသောဒီဇိုင်း၊ အထောက်အပံ့ ရယူခြင်းနှင့် စီမံခန့်ခွဲရေးမူဝါဒများသည် တင်းကြပ်သောလိုအပ်ချက်ခွဲခြမ်းစိတ်ဖြာချက်များအပေါ် အခြေခံ ထားပြီး ထိုအရာများကပင် EMB၏လုပ်ငန်းစဉ်များ၏တာရှည်ခံမှုကို ဖြစ်ပေါ်စေသည်။ လိုအပ်သောပစ္စည်း ကိရိယာများကို မရယူမီတွင် EMB များအနေနှင့် အောက်ပါပြဿနာကိစ္စများကိုစဉ်းစားပြီးမှ အသင့်တော် ဆုံးသောနည်းလမ်းကို ဆုံးဖြတ်သင့်သည်။

- လိုအပ်ချက် : ရည်ရွယ်ထားသော ကိရိယာများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် မည်သည့် အကျိုးကျေးဇူး ဖြစ်ထွန်းစေပါသနည်း
- ပြည်တွင်းမှ ယူမည်လော ပြည်ပမှယူမည်လော : ကုန်ကျစရိတ်၊ ထိန်းချုပ်မှု၊ ထုတ်လုပ်ရန်အတွက် ကြာချိန်၊ ပေးပို့ရန်အတွက် သေချာမှု၊ ထိန်းသိမ်းထားနိုင်မှုနှင့် တာရှည်ခံမှုကဲ့သို့သော ကိစ္စများ
- အရည်အသွေး : ကုန်ကျစရိတ်၊ ထိုကိရိယာကို အသုံးပြုမည့် ကိရိယာများ၊ အရည်အသွေး ပြည့်မီစေရန် စီချိန်စံနှုန်းထောက်ပံ့ပေးနိုင်စွမ်းနှင့် ကြာရှည်ခံရေးတို့အတွက် လိုအပ်ချက်များနှင့် ဆိုင်သော ကိစ္စများ
- တစ်ကြိမ်သုံးလော ကြိမ်ရေများစွာ သုံးမည်လော : ထိန်းသိမ်းရေးနှင့် ထုတ်လုပ်ရေး ကုန်ကျ စရိတ်များနှင့် ပတ်ဝန်းကျင်သို့ ရိုက်ခတ်ချက်များ၊ စွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်း အပါ အဝင်နှင့် အခြားသောအဖွဲ့အစည်းများတွင် ပြန်လည်အသုံးပြုရန်ဖြစ်နိုင်မှုအတွက်အခွင့်အလမ်း နှင့်ဆိုင်သော ကိစ္စများ
- ရှုပ်ထွေးမှု : အသုံးပြုသူများ၏ ဗဟုသုတနားလည်မှုအဆင့်၊ လိုအပ်သော လေ့ကျင့်သင်ကြားမှု များနှင့် ပစ္စည်းကိရိယာများကို ထိန်းသိမ်းရန်အတွက် လိုအပ်သောစွမ်းဆောင်ရည်နှင့် ဆိုင်သော ကိစ္စများ
- ပမာဏ : တစ်ခါထုတ်လုပ်ရန်အတွက် ကုန်ကျသာစရိတ်၊ ထုတ်လုပ်ရန် ကြာချိန်၊ ထိန်းသိမ်း ထားရန် လိုအပ်သော အချက်များနှင့် အဘယ်ကြောင့် ထိန်းသိမ်းရသနည်းဟူသော အချက်များ နှင့်ဆိုင်သော ကိစ္စများ
- ဖြန့်ဝေခြင်း : ကျသင့်ငွေနှင့် ဖြန့်ချိရန်အတွက် ကြာချိန်/အချိန်စာရင်းနှင့်ဆိုင်သော ကိစ္စများ
- ထိန်းသိမ်းရေးနှင့် မှတ်တမ်းပြုစုရေးအတွက် လိုအပ်ချက်များ : ကုန်ကျစားရိတ်များ၊ အသုံးပြု နိုင်မှု၊ ဗဟိုပြုသော သို့မဟုတ် ခွဲဝေသောသိုလှောင်မှုစနစ်၊ ပိုင်ဆိုင်မှုများကို ကာကွယ်ရေးစနစ် များနှင့် ယှိုယွင်းမှုနှင့်ဆိုင်သော နှုန်းထားများနှင့်
- စွန့်ပစ်ရေး : ပတ်ဝန်းကျင်ကို ထိခိုက်သက်ရောက်နိုင်မှု၊ အသုံးပြုနိုင်သော တန်ဖိုးသက်တန်း ကုန်ဆုံးမှုနှင့် လုံခြုံရေးအတွက်လိုအပ်သော အရာများနှင့်ဆိုင်သော ကိစ္စများ

EMB များအနေနှင့် ဝယ်ယူသော ပစ္စည်းများ၏ စီးပွားရေးဆိုင်ရာအရ တစ်ခုတည်းအတွက်သာ မဟုတ်ဘဲ ပတ်ဝန်းကျင်နှင့် လူမှုရေးကိုပါ သက်ရောက်သော ထည့်သွင်းစဉ်းစားရမည့် အသိုင်းအဝိုင်းဆိုင်ရာ တာဝန်များလည်းရှိလေသည်။ "အစမှပြီးဆုံးသည့်တိုင်" ထုတ်ကုန်တစ်မျိုး၏ စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကုန်ကျစရိတ်များကို ထည့်တွက်သော သက်တမ်းခွဲခြမ်းစိတ်ဖြာတွက်ချက်မှုသည်လည်း EMB အား သင့်တော်သော ရွေးကောက်ပွဲသုံးကိရိယာအသုံးပြုနိုင်ရန်အတွက် အထောက်အကူဖြစ်စေနိုင်လေသည်။ ထိုခွဲခြမ်းစိတ်ဖြာချက်သည် ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သောကိစ္စများတွင်သာမကဘဲ ရှိရှိသမျှသော ကုန်ပစ္စည်းများကို အသုံးပြုရာတွင်ဆိုင်သော သက်ရောက်မှုများကိုပါ သုံးသပ်ရမည်ဖြစ်ပြီး ပြန်သုံးရန် ဖြစ်နိုင်၊ မဖြစ်နိုင် အခွင့်အလမ်းများ၊ ကုန်ပစ္စည်း၏ သက်တမ်းတစ်လျှောက် ထိန်းသိမ်းခြင်းနှင့် ဖြန့်ချိခြင်းတို့အတွက် သက်ရောက်မှုများနှင့် သဘာဝပတ်ဝန်းကျင်အတွက် ဆီလျော်သော စွန့်ပစ်နည်းအတွက် ကုန်ကျစရိတ်နှင့် ပြန်လည်အသုံးပြုရန်အတွက် ဖြစ်နိုင်များကဲ့သို့သော အရာများပါ ပါဝင်လေသည်။

အထူးစီမံထားသော ကိရိယာများ လိုအပ်ခြင်း၊ မလိုအပ်ခြင်းဆုံးဖြတ်ခြင်းနှင့် ထုတ်လုပ်သော ပမာဏများအား တင်းတင်းကြပ်ကြပ် ထိန်းသိမ်းခြင်းတို့သည် ဘဏ္ဍာရေးဆိုင်ရာ တာရှည်ခံမှုတို့အတွက် အထောက်အပံ့ဖြစ်စေသည်။ မဲစာရွက်များ ရိုက်နှိပ်ရာတွင် တင်းကြပ်သော ထိန်းချုပ်မှုထားရှိခြင်းနှင့် အခြားသော သိန်းသိမ်းရမည့် အရာများကိုပါ အခြားပုံစံမျိုးဖြင့် ပြုလုပ်ခြင်းသည် ကုန်ကျစရိတ်ကို လျော့နည်း စေလိမ့်မည်။

လက်ရှိရှိနေသော ကုန်ကျစရိတ်နည်းသည့် ကိရိယာများ အသုံးချခြင်းသည် ဒီမိုကရေစီစတင်ကျင့်သုံးကာစဖြစ်သော နိုင်ငံများတင် ပြည့်ပြည့်ဝဝ အသုံးချခြင်းမျိုးမရှိနိုင်ချေ ၎င်းတို့ကို အသုံးချပါက လုံခြုံမှုရှိခြင်းနှင့် လိမ်ညာမှုများကို ကာကွယ်ပါမည်ဟူသော EMB ၏ အရည်အသွေးကို ပြည်သူလူထုက ယုံကြည်မှု မရှိခြင်းကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် အတိုက်အခံနိုင်ငံရေးပါတီက အစိုးရ၏ ပုံနှိပ်စက်များ သို့မဟုတ် ပြည်တွင်းရှိ ပုဂ္ဂလိကပိုင် ပုံနှိပ်စက်များ မဲစာရွက်များ ရိုက်နှိပ်ရေးကို ကန့်ကွက်သောကြောင့် EMB အနေနှင့် မဲစာရွက်များကို နိုင်ငံခြားတွင် ရိုက်နှိပ်ရခြင်းမျိုးများဖြစ်နိုင်သည်။ အခြားသော တစ်ဖက်ကကြည့်လျှင် အင်ဒိုနီးရှားနိုင်ငံ၏ဥပဒေတွင် ပြည်တွင်း၌သာ မဲစာရွက်များကို ရိုက်နှိပ်ရန်ပြဋ္ဌာန်းထားသည်။ ဩစတြေးလျ၊ ကနေဒါနှင့် တောင်အာဖရိကတို့ရှိ EMB များသည် မဲပုံးများနှင့် မဲရုံများအတွက် ကုန်ကျစရိတ်သက်သာသော အရာများကိုသာ အသုံးချကြလေပြီး နီကာရာဂွါတွင်လည်း ပြည်တွင်းထုတ်မဲပုံးများသာ သုံးသော်လည်း မဲစာရွက်လုံခြုံမှုအား ထိခိုက်မှုမရှိချေ။ ကုန်ကျစရိတ်နည်းသော ပစ္စည်းများကို အသုံးချခြင်းသည် EMB အနေနှင့် ခိုင်လုံတိကျသော လုံခြုံရေး စီမံခန့်ခွဲမှုထိန်းချုပ်ရေးများအတွက် အကောင်အထည်ဖော်မှုအပေါ်တွင် မူတည်သည်။

EMB အများအပြားသည် မဲပုံးများနှင့် မဲရုံများကဲ့သို့သော ရင်းမြစ်များကို မျှဝေခြင်းဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်များကို လျှော့ချလျက်ရှိသည်။ ဥပမာအားဖြင့် ဂါနာနိုင်ငံ၏ EMB က ၂၀၀၃ နှင့် ၂၀၀၄ တွင် အခြားသော EMB များအား ၎င်းတို့၏ ဒေသများတွင် အသုံးပြုရန်အတွက် မဲကိစ္စနှင့်သက်ဆိုင်သော ပစ္စည်းကိရိယာများကို ငှားရမ်းခြင်းမျိုးဖြစ်သည်။ တောင်အာဖရိက EMB အနေနှင့် အာဖရိကတိုက်အတွင်းရှိအခြားသော EMB များနှင့် ကွန်ပြူတာကိရိယာများ မျှဝေခြင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ဘူတန်နိုင်ငံတွင် ၂၀၁၃ ရွေးကောက်ပွဲ၌သုံးခဲ့သော မဲပေးစက်များသည် အိန္ဒိယမှ လက်ဆောင်ပေးထားခြင်းဖြစ်သည်။ ဝန်ကြီးဌာနနှင့် မြူနီစီပယ် အားဏာပိုင်များကဲ့သို့သော အခြားသောအစိုးရ ကိုယ်စားလှယ်များနှင့် EMB အကြားတွင် သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့

ရေး၊ စာရင်းအင်းအချက်အလက်များနှင့် သက်ဆိုင်ရာပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကဲ့သို့သော နေရာများတွင် ရင်းမြစ်များကိုလည်း မျှဝေအသုံးပြုနိုင်သည်။ ဘင်္ဂလားဒေ့ရှ်တွင် EMB ဘက်မှ ရရှိထားသော သတင်းအချက်အလက်များကို စီရင်စုဆိုင်ရာ အမျိုးသားမှတ်ပုံတင်ကတ်ပြားများ ထုတ်ဝေရာတွင် သုံးကာ ထိုကိစ္စများကို စီမံခန့်ခွဲခြင်းသည် နောင်အနာဂတ်တွင် နိုင်ငံလုံးဆိုင်ရာ အသင်းအဖွဲ့တစ်ခုခု၏ တာဝန်ဖြစ်လာမည်ဖြစ်သည်။

ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားကဲ့သို့သော နိုင်ငံများတွင် ၁၉၉၀ ပြည့်လွန်နှစ်များဆီက ရရှိခဲ့သော အတွေ့အကြုံများအရ ရွေးကောက်ပွဲတွင်သုံးခဲ့သော ပစ္စည်းများနှင့် ကိရိယာများ (မော်တော်ယာဉ်များ၊ မိုဘိုင်းဖုန်းများ၊ ကွန်ပြူတာနှင့် မဲပုံးများ)ကို ရွေးကောက်ပွဲပြီးချိန်အထိ ထိန်းသိမ်းထားခြင်းသည် မလျော်ကန်သောအရာများဖြစ်ခြင်း သို့မဟုတ် ထိခိုက်ပျက်စီးမှုဖြစ်ခြင်းတို့ကြောင့် ပယ်ချခြင်းခံရသည်။ EMB များအနေနှင့် သိသိသာသာဆုံးရှုံးမှုများ ဖြစ်ပေါ်သွားပါက ဤသို့ပေးဆပ်ရမည်ဖြစ်ပြီး EMB အနေနှင့် ဘဏ္ဍာငွေထောက်ပံ့သူများ၏ ယုံကြည်မှုကိုလည်း ဆုံးရှုံးရမည်ဖြစ်သည်။ ထိရောက်သော ပိုင်ဆိုင်မှုပစ္စည်းများကို စီမံခန့်ခွဲသည့် စဉ်ဆက်မပြတ်လုပ်ဆောင်သည့် လုပ်ငန်းစဉ် (ဤစာအုပ်၏ အခန်း ၇ ကိုကြည့်ပါ) သည် ထိုအရာများကို မဖြစ်အောင်တားဆီးပေးနိုင်သည်။ တိတိပပ သတ်မှတ်ထားသော သိုလှောင်ရေးနေရာများ၊ အထူးသဖြင့် အဖိုးတန်သော်လည်း မကြာခဏအသုံးမပြုသော အီလက်ထရွန်းနစ်ကိရိယာများအတွက်ဆိုလျှင် ထိုသို့ပြုလုပ်ခြင်းသည် ထည့်သွင်းစဉ်းစားသင့်သော အရာဖြစ်သည်။

## တည်ဆောက်မှုပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ တာရှည်ခံမှုတို့အတွက် အကြံပြုချက်များ

ဖြစ်နိုင်သော နည်းပညာများကို စဉ်းစားချိန်တွင် ရွေးကောက်ပွဲတစ်ခုလုံး၏ အရည်အသွေးအပေါ် မည်ကဲ့သို့သောသက်ရောက်မှုများ ဖြစ်နိုင်မည်ဟူသော ခြုံငုံသုံးသပ်ချက်ကိုပြုလုပ်ရန်မှာ အရေးကြီးလေသည်။ ထို့ကြောင့်ပင်အတုံ့အလှည့်အားဖြင့် အဖြေရှာတွေ့နိုင်ရန်အတွက် ပြဿနာ၏ သဘောသဘာဝကို သဘာဝကျကျ လေ့လာဆန်းစစ်ခြင်းပြုလုပ်ရန်အတွက် လိုအပ်လေသည်။ ဥပမာအားဖြင့် မဲဆန္ဒရှင်မှတ်ပုံတင်ရေးစနစ်သည် ရိုးသားသောမဲရုံအရာရှိတစ်ဦးမှ လူတစ်ဦးတစ်ယောက်သည် မဲပေးပိုင်ခွင့်ရှိသောသူ ဟုတ်၊မဟုတ် ဆုံးဖြတ်သော အရာတစ်ခုအပြင်မပိုချေ။ မှတ်ပုံတင်ရေးစနစ်များနှင့် လုပ်ဆောင်ချက်အသစ်များ အပေါ်ရင်းနှီးမြှုပ်နှံခြင်းသည် အရာရှိများဘက်မှ မရိုးသားလျှင်၊ လာဘ်စားထားလျှင် သို့မဟုတ် ခြိမ်းခြောက်ခြင်းခံထားရလျှင် ပြဿနာ အမှန်တစ်ကယ်ဖြစ်နိုင်ပြီး စာရင်းထဲတွင်ပင် ပြန်စစ်မည်မဟုတ်ဘဲ မဲစာရွက်ပေးလိုက်မည်ဖြစ်သောကြောင့် ရင်းမြစ်များ အဓိပ္ပာယ်မဲ့ အလဟဿဖြုန်းတီးခြင်းကဲ့သို့ ဖြစ်သွားနိုင်လေသည်။

ထို့ကြောင့်ပင် အကြံပြုရမည်ဆိုလျှင် နည်းပညာပိုင်းဆိုင်ရာ ဖြေရှင်းချက်များသည် ရွေးကောက်ပွဲများ ကျိုးကြောင်းဆီလျော်စွာ လည်ပတ်နိုင်သော နိုင်ငံများအတွက်သာလျှင် အသင့်တော်ဆုံးဖြစ်သော်လည်း ယုံကြည်မှု သို့မဟုတ် ထိရောက်မှုသည် ကောင်းမွန်စွာတည်ထောင်ပြီးသော ဒီမိုကရေစီနိုင်ငံများ (ရွေးကောက်ပွဲတစ်ခုလုံး၏ သက်ရောက်မှု အရည်အသွေးသည် သိပ်အကျိုးမရှိသော) သို့မဟုတ် အမှန်တစ်ကယ် ဆိုးရွားသော အခြေအနေမျိုး (နေရာတစ်နေရာတွင် မဲလိမ်ခြင်းကို နှိမ်နင်းလိုက်ပါက နောက်တစ်နေရာသို့ ရွှေ့ပြောင်းသွားနိုင်ချေ မြင့်မားသောနေရာမျိုး) ထက် အထောက်အပံ့ပေးကူညီခြင်းမှ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

## ရွေးကောက်ပွဲဆိုင်ရာစနစ်များ

ရွေးကောက်ပွဲစနစ်တစ်ခုစီသည် မတူညီကွဲပြားသော နိုင်ငံရေး၊ လူမှုရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာရှည်ခံမှုပြဿနာများကို ဖော်ထုတ်ပေးလေသည်။ အသုံးပြုသော ရွေးကောက်ပွဲစနစ်သည် နယ်နိမိတ်ကန့်သတ်သတ်မှတ်ခြင်းနှင့် မဲဆန္ဒရှင်များအား မှတ်ပုံတင်ရေးလုပ်ငန်းစဉ်များ၊ မဲဆန္ဒရှင်များ အသိပညာပေးရေးနှင့် လိုအပ်သော သတင်းအချက်အလက်များပေးခြင်း၊ မဲစာရွက်များ ဒီဇိုင်းဆွဲခြင်းနှင့် ထုတ်လုပ်ခြင်း၊ မဲပေးရမည့် နေ့အရေအတွက်နှင့် ကြားဖြတ်ရွေးကောက်ပွဲ လို၊ မလို အစရှိသော အရာများအပေါ်တွင် ပြင်းထန်သောသက်ရောက်မှုများ ရှိနိုင်သည်။ ထိုကိစ္စများသည် အပြည်ပြည်ဆိုင်ရာ IDEA ၏ ၂၀၀၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော Electoral System Design: The New International IDEA Handbook အသေးစိတ် စစ်ဆေးပြီးဖြစ်သည်။ ဥပမာအားဖြင့် ရွေးကောက်ပွဲမဲဆန္ဒနယ် သေးသေးလေးအပေါ်တွင် အခြေခံပြုထားသောစနစ်သည် သီးသန့်ကွဲပြားသော နယ်နိမိတ်ခွဲခြားသတ်မှတ်ရေးများ လုပ်ရန်လိုအပ်မည်ဖြစ်သည်။ မဲဆန္ဒနယ်ခရိုင်တစ်ခုချင်းစီအတွက် မဲစာရွက်များကို ကွဲကွဲပြားပြား ပြုလုပ်ပေးခြင်း၊ မဲဆန္ဒရှင် မှတ်ပုံတင်ရေးတွင် တိကျမှုမြင့်မြင့်မားမားရှိရန်နှင့် ရွေးကောက်ပွဲကိစ္စ လိမ်ညာမှုများအတွက် ကာကွယ်တားဆီးရေးနှင့် အဖွဲ့တစ်ဖွဲ့ချင်းစီဖြင့် မဲဆန္ဒနယ်ခရိုင် တစ်ခုချင်းစီကို ကိုင်တွယ်နိုင်သည့် EMB ဦးစီးဆောင်ရွက်မှု တည်ဆောက်ပုံစနစ်များသည် ပိုမိုပြီးကုန်ကျစရိတ်များနိုင်သည်။ ထို့အပြင် ကြီးမားလှသော အဖွဲ့ဝင်အများအပြားပါရှိသည့် မဲဆန္ဒနယ်ခရိုင်များတွင်ရှုပ်ထွေးလှပြီး ဈေးကြီးမြင့်လှသော မဲရေတွက်ခြင်းစနစ်များ ပါဝင်နိုင်သည်။ EMB အတွက် တိကျစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ကိုင်တွယ်ရန် ခက်ခဲခြင်းလည်းဖြစ်နိုင်ပြီး ပိုမိုမြင့်မားသော သယ်ယူပို့ဆောင်ရေးနှင့် အခြားသော အထောက်အပံ့ဆိုင်ရာ ကုန်ကျစရိတ်များ ပိုမိုမြင့်မားနိုင်သည်။ ရွေးကောက်ပွဲစနစ်တစ်ခုမဟုတ် တစ်ခုကိုထောက်ခံသူများသည် တိုင်းပြည်တစ်ပြည်၏ ထူးခြားကွဲပြားသော အခြေအနေကို သေချာစွာစစ်ဆေးရန်လိုအပ်သော ၎င်းတို့ ဦးစားပေးပြောလိုသည့် လူမှုရေး သို့မဟုတ် နိုင်ငံရေးအရ တာရှည်ခံနိုင်မှု အငြင်းအခုံ ပြဿနာများကို ရှေ့တန်းတင်လာလေ့ရှိသည်။

## ရွေးကောက်ပွဲဆိုင်ရာ နယ်နိမိတ်ကန့်သတ်ခြင်း

တာရှည်ခံမှုကို တိုးတက်နိုင်စေရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ နယ်နိမိတ်များကန့်သတ်သတ်မှတ်ခြင်း လုပ်ငန်းစဉ်များ၏ အကြိမ်ရေနှင့် ပုံစံများကို ပြန်လည်ဆန်းစစ်ရန်အတွက် လိုပြီဖြစ်သည်။ နယ်နိမိတ်ကန့်သတ် သတ်မှတ်ရေးအတွက် EMB ကို အသုံးချခြင်းသည် အခြားဌာနတစ်ခုကို အသုံးချရခြင်းကြောင့်ကုန်ကျရမည့် စရိတ်များကို သက်သာစေနိုင်သည်။ ထို့အပြင် အစိုးရအနေနှင့် အခြားသော လုပ်ဆောင်ဖွယ်တို့အတွက် မြေပုံရေးဆွဲရေးဌာနကို ထိန်းသိမ်းပေးထားနိုင်ပါက EMB အနေနှင့်လည်း ထိုကဲ့သို့သော အရာမျိုးကို နှစ်ခါပြန်ထပ်လုပ်ရန် မလိုအပ်တော့ပေ။ ရွေးကောက်ပွဲဆိုင်ရာ နယ်နိမိတ်ကန့်သတ် သတ်မှတ်ရေးကို ဆုံးဖြတ်ရန်အတွက် ရိုးရှင်းသောအီလက်ထရွန်းနစ် မြေပုံစနစ်နှင့် လူဦးရေဒေတာဘေ့စ်များကို အသုံးပြုခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းစဉ်နှင့် အချိန်အပိုင်းအခြားများကို ချောမွေ့အောင် လုပ်ပေးနိုင်ပါက ကုန်ကျစရိတ်များ လျှော့ချပေးနိုင်မည်ဖြစ်လေသည်။ လက်ရှိရှိပြီးဖြစ်သော ဦးစီးစီမံမှု နယ်နိမိတ်များအပေါ်တွင် အခြေခံထားသော ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒနယ်ခရိုင်များကို အဖွဲ့ဝင်အများပါဝင်သော စနစ်ကို အသုံးချခြင်းသည် နယ်နိမိတ်ကန့်သတ် သတ်မှတ်ရာတွင် ကုန်ကျသော စရိတ်များကို သိသိသာသာလျှော့ချပေးရုံမျှမက တစ်ပြားတစ်ချပ်မှ မကုန်အောင်ပင်ပြုလုပ်ပေးနိုင်သည်။ သို့သော်လည်း နယ်နိမိတ် ကန့်သတ်သတ်မှတ်ရေးသည် နိုင်ငံရေးအရ ထိရှလွယ်သော ကိစ္စဖြစ်ပြီး နိုင်ငံရေးသဘောအရ တာရှည်ခံနိုင်သော စနစ်နှင့်သာ အကောင်အထည်ဖော် လုပ်ဆောင်ရမည်ဖြစ်သည်။

### *မဲဆန္ဒရှင်များအား မှတ်ပုံတင်ခြင်း*

မဲဆန္ဒရှင်မှတ်ပုံတင်များကိုစုပေါင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့သည် သိသိသာသာပင်လျှင် အသုံးပြုသောစနစ်နှင့် ၎င်းတွင်ပါဝင်သော အရာများ၏ ရိုက်ခတ်ခြင်းကိုခံရလေသည်။ အချက်အလက်များကောက်ခံခြင်းနည်းစနစ်သည် ကုန်ကျစရိတ်နှင့် တိကျမှု နှစ်ရပ်စလုံးတွင် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေနိုင်ပြီး ရွေးကောက်ပွဲမှတ်ပုံတင်၏ နိုင်ငံရေးအရ တာရှည်လုပ်ဆောင်နိုင်မှုကိုလည်း သက်ရောက်စေသည်။ ဉပမာအားဖြင့် အချက်အလက်များကို မဲဆန္ဒရှင်မှတ်ပုံတင်အတွက် အချက်အလက်များကို အထူးသီးသန့်ကောက်ယူခြင်းမျိုး သို့မဟုတ် အခြားရှိပြီးသား ဒေတာဘေ့စ်ထဲမှ ရယူခြင်းမျိုးပြုလုပ်နိုင်သည်။ မှတ်ပုံတင်ရေးကိစ္စမျိုးသည် စဉ်ဆက်မပြတ် ဆောင်ရွက်နေခြင်းမျိုးလည်း ဖြစ်နိုင်သည် သို့မဟုတ် ရွေးကောက်ပွဲ မတိုင်မီတွင် တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်ခံခြင်းမျိုးလည်း ပြုလုပ်နိုင်သည်။  EMB မှ မဲဆန္ဒရှင်များနှင့်ထိတွေ့ရသော အပိုင်းများလည်းပါနိုင်သည်။ သို့မဟုတ် မဲဆန္ဒရှင်များမှ EMB ကို ဆက်သွယ်ရသော အပိုင်းများလည်းပါနိုင်မည် အထူးသီးသန့်လုပ်ထားသော မဲဆန္ဒရှင် သက်သေခံကတ်ပြားများသည်လည်း ထုတ်ပေးချင်မှပေးလိမ့်မည်။ ထို့အပြင် မဲပေးခွင့်ရှိသူများ အနေနှင့် ရွေးကောက်ပွဲမှတ်ပုံတင်စာရင်းထဲတွင်ရှိသော မတိကျမှုများကို စိန်ခေါ်ထုတ်ဖော်ရန်အတွက်လည်း မတူညီသော အခွင့်အရေးများ အမျိုးမျိုးပေးမည်ဖြစ်လေသည်။ မဲဆန္ဒရှင် မှတ်ပုံတင်ရေးစနစ်တွင် နည်းပညာအသုံးပြုခြင်း၊ မဲပေးပိုင်ခွင့်ရှိသူ၏ အချက်အလက်များကို လက်ဗွေများနှင့် ဓာတ်ပုံများဖြင့် မှတ်တမ်းတင်ထားခြင်း၊ ဘားကုဒ်စာရွက်များ အသုံးပြုခြင်း မှတ်ပုံတင်စာရင်းများကို အသစ်ထပ်မံ ဖြည့်စွက်ရန် အတွက် ဒေတာဘေ့စ်အတွင်းတွင် တိုက်စစ်ခြင်း သို့မဟုတ် ဉပမာအားဖြင့် အရည်အသွေးမြင့်မားသော မဲပေးရမည့်နေ့တွင် မဲပေးပိုင်ခွင့်ရှိသော သူများ၏စာရင်းကို ဓာတ်ပုံများနှင့်/သို့မဟုတ်အခြားသော ဘိုင်အိုမက်ထရစ် အချက်အလက်များနှင့် သို့မဟုတ် ဘားကုဒ်များနှင့် ထုတ်ဝေခြင်းမျိုးဖြစ်ပြီး ထိုသို့ပြုလုပ်ခြင်းမျိုးသည်လည်း သိသာထင်ရှားလှသော ကုန်ကျစရိတ်များကျသင့်ခြင်းကိုဖြစ်ပေါ်စေသည်။

တိကျသော ရွေးကောက်ပွဲမှတ်ပုံတင် စာရင်းတစ်ခုကို ထိန်းသိမ်းခြင်းသည် ကုန်ကျစရိတ်များပြားလှသော အရာတစ်ခုဖြစ်သည်။  EMB အနေနှင့် မည်သည့် မဲဆန္ဒရှင်မှတ်ပုံတင်ရေး လုပ်ဆောင်မှုသည် လိုအပ်သည် မည်သည့်အရာက မဲလိမ်ခြင်းကို တားဆီးရန်အတွက် နေရာတကျထိန်းချုပ်မှုမျိုးပေးပြီး ပြည်သူလူထု၏ ယုံကြည်မှုကို ရယူနိုင်သည်။ မလိုအပ်ပဲ အပိုဖြစ်နေကာ ငွေချွေတာရန်အတွက် ဖျက်သိမ်းနိုင်သည်ဟူသော အချက်မျိုးကို ဆုံးဖြတ်ချက်ချပေးရမည်။ ရွေးကောက်ပွဲမှတ်ပုံတင်အတွင်းရှိ အချက်အလက်များကို အခြားသော အစိုးရကိုယ်စားလှယ်ဌာနများ၏ အချက်အလက်များနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်ပါက ရွေးကောက်ပွဲမှတ်ပုံတင်စာရင်းများကို ငွေကုန်ကြေးကျသက်သာစွာဖြင့် ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်နိုင်စေသော်လည်း အချက်အလက်များ၏ လုံခြုံရေးနှင့်ပတ်သက်သော ပြဿနာများဖြစ်နိုင်စေလေသည်။ အကယ်၍ ရွေးကောက်ပွဲမှတ်ပုံတင်များသည် ဆီနီဂေါနှင့် ဆွီဒင်ကဲ့သို့ ယုံကြည်အားထားနိုင်ပြီး နိုင်ငံရေးအရလက်ခံနိုင်ဖွယ်ရှိသော အမျိုးသားမှတ်ပုံတင်ရေး ဒေတာဘေ့စ်အတွင်းမှ လာပါလျှင် သို့မဟုတ် မွေးစာရင်းနှင့် သေစာရင်းများကို  ကွန်ပြူတာနည်းဖြင့် လုပ်ဆောင်ပြီး EMB အနေနှင့် ကြည့်ရှုရယူခွင့်ရှိပါလျှင် ကုန်ကျစရိတ်များ သိသိသာသာပင် လျော့နည်းသွားလိမ့်မည်ဖြစ်သည်။ စဉ်ဆက်မပြတ် မဲဆန္ဒရှင်များကို မှတ်ပုံတင်ခြင်းသည် ရေရှည်စီမံကိန်းအနေနှင့် ကုန်ကျစရိတ်များကို ချွေတာနိုင်သော နည်းစနစ်တစ်ခု ဖြစ်လာနိုင်လေသည်။

ပြည်တွင်းတွင် လက်ရှိဖြစ်နေသော အခြေအနေများသည်လည်း နိုင်ငံတစ်နိုင်ငံအတွက် တာရှည်အခံနိုင်ဆုံး မဲဆန္ဒရှင်မှတ်ပုံတင်ရေးလုပ်ဆောင်ချက်များကို ဆုံးဖြတ်ချက်ချရန်အတွက် အဓိကအရေးပါ

သော အချက်များဖြစ်သည်။ ပုံသေသတ်မှတ်ထားပြီး စဉ်ဆက်မပြတ်ထိန်းသိမ်းထားနိုင်သော မှတ်ပုံတင်စနစ်များသည် အမြဲတမ်းအချိန်နှင့် တပြေးညီကိုက်ညီမှုရှိစေရန် လိုအပ်သော သတင်းအချက်အလက်များသည် တိကျပြီး အများယုံကြည်သော အစိုးရကိုယ်စားလှယ်ဌာနများထံမှ ရရှိနိုင်သကဲ့သို့ မဲဆန္ဒရှင်များအနေနှင့် လိပ်စာပြောင်းခြင်းကဲ့သို့သော ၎င်းတို့၏ အပြောင်းအလဲများကို အစိုးရကို ပုံမှန် အကြောင်းကြားလေ့ရှိသော နေရာများမှရရှိနိုင်သည်။ ထိုနစ်ခုလုံးမရှိပါက သတင်းအချက်အလက်များသည်လည်း လျင်မြန်စွာပင် ခေတ်နောက်ကျသွားမည်ဖြစ်ကာ အချိန်နှင့်တပြေးညီ မွမ်းမံနေသောလုပ်ငန်းစဉ် သတင်းအချက်အလက်များကိုရယူနိုင်ရန် အဓိကအားစိုက်ထုတ်ရသော လုပ်ရပ်များလည်း လိုအပ်လာလေသည်။

ထိုကဲ့သို့သော အချိန်နှင့် တပြေးညီမွမ်းမံနေရန်အတွက်လုပ်ရသော ပြင်းထန်ခက်ခဲလှသည့် လုပ်ငန်းစဉ်ကို လွယ်ကူစွာဆောင်ရွက်နိုင်ရေးသည် အချက်အလက်တော်တော်များများ အပေါ်တွင် မူတည်လေ့ရှိပြီး ရာသီဥတု၊ တိုင်းပြည်၏ အရွယ်အစားနှင့် ပထဝီဝင်အနေအထား၊ လူဦးရေပမာဏ၊ လူပ်ရှားမှုများနှင့် ဖြန့်ဝေမှုများ၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ရေး၊ စာပို့စနစ်၊ ဆက်သွယ်ရေးစနစ်၊ လျှပ်စစ်မီးရရှိရေး၊ ဘဏ္ဍာရေးနှင့် အိမ်တိုင်ရာရောက် ပြည်သူတို့အား တူညီပေးသောစနစ်များ ၊ လိုအပ်သော ကျွမ်းကျင်မှုများရှိသည့် ဝန်ထမ်းများ ရရှိရေး၊ ရေတို-ရေရှည် ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ရင်းမြစ်များ ရရှိရေး၊ တိုင်းပြည်၏ နိုင်ငံရေးအခြေအနေ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်းများပေါ်တွင်ရှိသော ယုံကြည်မှုအခြေအနေ၊ လိမ်လည်မှတ်ပုံတင်ရေးကို ဖြစ်ပေါ်စေမည့် ပြည်တွင်းအခြေအနေများ၊ အမည်အတုအယောင်များလုပ်ရန် တွန်းအားပေးသည့် နိုင်ငံရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများ အပါအဝင် လုံခြုံရေးပြဿနာများ၊ အထောက်အပံ့ လက်ခံရယူရမည့်အချိန်များ၊ အတားအဆီးများကို ထိန်းသိမ်းထားခြင်းနှင့် ဖြန့်ဝေခြင်းနှင့် လူနည်းစုအုပ်စုများတွင် ပါဝင်သော အမျိုးသမီးအဖွဲ့ဝင်များ၏ ပါဝင်မှုကို အတားအဆီးဖြစ်စေမည့် မည်သည့် အတားအဆီးမဆို ပါဝင်သည်။ ရွေးကောက်ပွဲကျင်းပမည့် ရက်သည် ကြိုတင်သတ်မှတ်ပြီးဖြစ်ကာ အဝေးကြီးလိုသေးပါက စဉ်ဆက်မပြတ် တိတိကျကျ မှတ်ပုံတင်ရန် လုပ်ဆောင်ရာတွင် အထူးတလည် အားစိုက်ထုတ်ရန်မလိုပါ၊ သို့သော် မဲဆန္ဒနယ်အခြေပြု ရွေးကောက်ပွဲစနစ်ကိုသုံးပြီး ကြားတွင်ပုံမှန်လစ်လပ်ရာထူးများအတွက် အထွေထွေရွေးကောက်ပွဲမတိုင်မီတွင် ကြားဖြတ်ရွေးကောက်ပွဲများ အကြိမ်ကြိမ်ပြုလုပ်ရန် လိုအပ်ပါကစဉ်ဆက်မပြတ် မွမ်းမံသောစာရင်းတစ်ခုကို ထိန်းသိမ်းခြင်းက ပိုကောင်းနိုင်မည်ဟု မှတ်ယူနိုင်ပါသည်။

## *မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ*

မည်သည့်တိုင်းပြည်တွင်မဆို အထွေထွေရွေးကောက်ပွဲ သို့မဟုတ် ဆန္ဒခံယူပွဲလုပ်ဆောင်ရာတွင် ပြင်ဆင်ခြင်းနှင့် ဆန္ဒမဲကောက်ယူခြင်းလုပ်ဆောင်ချက်တို့သည် ထင်ရှားလှသော နိုင်ငံလုံးဆိုင်ရာပွဲကြီးများဖြစ်ပြီး ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် သိသာထင်ရှားလှသော ဘတ်ဂျက်ငွေအထောက်အပံ့လိုအပ်သည်။ မဲရုံမည်မျှ၊ ဝန်ထမ်းမည်မျှနှင့် ရွေးကောက်ပွဲတစ်ခုအတွက် မည်သည့်ဆက်စပ်ကိရိယာပစ္စည်းများ လိုအပ်သည်ဆိုသည်ကို သေသေချာချာ လေ့လာသုံးသပ်ခြင်းသည် ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်သည်။ ပေးသောဝန်ဆောင်မှုများ၏ လုံခြုံရေး၊ အရည်အသွေးနှင့် ထိရောက်မှုအဆင့်များသည် သေချာပေါက်ကောင်းမွန်အောင် လုပ်ပေးနိုင်ပါက လူဦးရေသိပ်သည်းများပြားသော နေရာများရှိ မဲရုံများကို ပူးပေါင်းပစ်လိုက်နိုင်ကာ ငွေကုန်ကြေးကျမှုကို သိသိသာသာလျှော့ချပစ်နိုင်လေသည်။ ဝန်ထမ်းများ၊ မဲရုံအခင်းအကျင်းနှင့် ဝန်ထမ်းလေ့ကျင့် သင်ကြားရေးကို မြှင့်တင်လိုက်ပါက ဝန်ဆောင်မှုအဆင့်မကျစေပဲ မဲရုံဝန်ထမ်းနှင့် မဲဆန္ဒရှင်အရေအတွက်ကို လျှော့ချကောင်း လျှော့ချနိုင်မည်ဖြစ်လေသည်။ ဆန္ဒမဲကောက်ခံခြင်းကိုနှစ်ရက်နှင့်အထက်ပြုလုပ်သောနိုင်ငံများသည်လည်းမဲရုံများကိုတစ်ရက်အတွင်းတွင်ပင်

အချိန်ကြာကြာဖွင့်ထားပါက ကုန်ကျစရိတ်သက်သာမှုရှိနိုင် မရှိနိုင်ကို စဉ်းစားသင့်လေသည်။ လျှော့ချလိုက်သော မဲပေးနိုင်သည့်ရက် သို့မဟုတ် အချိန်ကို အလုပ်ချိန်နှင့်ကိုက်ပြီး မဲဆန္ဒရှင် လူတန်းစားအမျိုးမျိုးကို မဲပေးရာတွင် ချိန်ထားသကဲ့သို့ မဖြစ်စေရန်အတွက် စဉ်းစားပေးရန်လိုသည်။

မဲဆန္ဒရှင်များ၏ ထိတွေ့အသုံးပြုနိုင်မှုကို မြှင့်တင်ပြီး မဲဆန္ဒရှင်များအပေါ် လုပ်ဆောင်မှုပေးသည့် သာမန်လုပ်ဆောင်ချက်များကို တိုးချဲ့ပေးခြင်းမျိုးဖြစ်သည့် စာတိုက်မှတစ်ဆင့်မဲပေးခြင်း (ဩစတြေးလျနှင့် စပိန်တွင်ကဲ့သို့)၊ ပြင်ပမှ မဲပေးခြင်းနှင့် အကျဉ်းထောင်များ၊ သင်္ဘောနှင့်ဆေးရုံများမှ တစ်ဆင့်မဲပေးပိုင်ခွင့်ရှိရေးအတွက် အထူးဝန်ဆောင်မှုများပေးခြင်းသည် EMB များကို သာမန်ထက် အနည်းငယ်ဈေးကြီးမြင့်သော ဝန်ဆောင်မှုများကို မဲဆန္ဒရှင်များအား ပေးရန်အတွက် လိုက်နာစေသကဲ့သို့ပင်ဖြစ်သည်။ ထိုလုပ်ရပ်များသည် အထူးသဖြင့် ပထဝီဝင်အနေအထားအရ နေရာကျယ်ပြန့်ပြီး စစ်ဘေးရှောင်ဒုက္ခသည်များနှင့် အခြားသော မဲဆန္ဒရှင်များ မဲပေးရန်ပျက်ကွက်မှုများ နေရာအနှံ့အပြားတွင်ရှိသော အာဖဂန်နစ္စတန်၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ အီဂျစ်၊ အီရတ်နှင့် တူနီးရှားတို့တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ဘဏ္ဍာရေးဆိုင်ရာ ရေရှည်လုပ်ဆောင်နိုင်ရန် ခက်ခဲမှုများဖြစ်ပေါ်စေလေသည်။ သို့သော်လည်း ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များမြင့်တက်လာခြင်းသည် EMB ၏ လူမှုရေးဆိုင်ရာ တာဝန်ယူရမှုများနှင့် မဲဆန္ဒရှင်များကို ၎င်းတို့၏ ရပိုင်ခွင့်များပေးလိုက်ခြင်းကြောင့် ရရှိလာမည့် နိုင်ငံရေးဆိုင်ရာ အရေးအရာဝင်မှုများနှင့် ပြန်လည်ချိန်ထိုးကြည့်သင့်သည်။ ထိုကဲ့သို့သော လုပ်ဆောင်ပုံမည်သည့်အရာမဆိုတွင် လူအများလက်ခံနိုင်မှုနှုန်းထား နည်းခြင်းအပေါ် ဝေဖန်သူများက မဲဆန္ဒရှင်တစ်ဦး ချင်းစီအတွက် အင်မတန်မှ မြင့်မားလှသော အသုံးစရိတ်များအပေါ်တွင် ထောက်ပြဝေဖန်နိုင်မည့် ဆိုးကျိုးတစ်ခုရှိလေပြီး ထိုလုပ်ငန်းစဉ်များအတွက် အထောက်အပံ့များသည်လည်း ရေရှည်ထောက်ပံ့နိုင်ရန် ခက်ခဲလေသည်။ ဩစတြေးလျတွင် ၂၀၀၇ ခုနှစ်ကပြုလုပ်ခဲ့သော မျက်မမြင်၊ အမြင်အာရုံချွတ်ယွင်းသူများနှင့် နိုင်ငံခြားရောက် စစ်တပ်များအတွက် ပြုလုပ်သော အီလက်ထရွန်းနစ် မဲပေးစနစ်သည် ကုန်ကျစရိတ်များပြားလှသောကြောင့် ပယ်ချခြင်းခံခဲ့ရသည်။

တစ်ကမ္ဘာလုံးအနှံ့တွင် အင်တာနက်အသုံးပြုမှုများ မြင့်တက်လာခြင်းကြောင့် ဝေးလံခေါင်သီသောနေရာမှ အက်တာနက်နှင့် မဲပေးခြင်းသည် မဲဆန္ဒရှင် အဆင့်အတန်း အမျိုးမျိုး၏ လိုအပ်ချက်များ ပိုမိုကောင်းမွန်စွာ ပြည့်စုံနိုင်မည်လောဟူသော မေးခွန်းများထွက်ပေါ်လာခဲ့သည်။ တစ်ခုလုံးအနေနှင့် ခြုံငုံကြည့်လျှင် မဲပေးရာတွင် အင်တာနက်နှင့်ပေးခြင်းသည် အခြားသော နေရာအများစုတွင် လူသားတို့ စမ်းသပ်ကြည့်လိုသော အရာများနှင့် နှိုင်းယှဉ်ချိန်ဆမှုပင်မပြုရသေးပေ။ တစ်နိုင်ငံလုံးဆိုင်ရာ မဲပေးသော လုပ်ငန်းစဉ်ကို အင်တာနက်နှင့် မရှိမဖြစ် အခြေခံထားသော နိုင်ငံမှာ အက်စတိုးနီးယား တစ်နိုင်ငံသာရှိသည်။ ထို့ကြောင့် အင်တာနက်မဲပေးသောစနစ်သည် လုံခြုံရေး၊ လျှို့ဝှက်မှုနှင့် အရည်အသွေးပိုင်းဆိုင်ရာတို့တွင် အခြေခံစမ်းသပ်ချက်များကို ဖြတ်ကျော်နိုင်ပါ မည်လောဟူသည့် နည်းပညာနှင့် လူမှုရေးဆိုင်ရာ ပြဿနာတွေးဆချက်များမှနေပြီး အရေးပါစဉ်းစားရန် လိုအပ်သော အငြင်းအခုံများ ဆက်လက်ထင်ဟပ်ဖြစ်ပွားစေလျက်ရှိသည်။

လိုအပ်ချက်များ မတူညီကွဲပြားသော မဲဆန္ဒရှင်များအတွက် မတူညီကွဲပြားသောမဲပေးရေးနှင့်ဆိုင်သည့်ပုံစံများ အတိုင်းအတာအမျိုးမျိုးနှင့် ထောက်ပံ့ကူညီရန် တောင်းဆိုသော လိုအပ်ချက်သည် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းနှင့်ဆိုင်သော မူဝါဒများကို တည်ထောင်ရန်နှင့် လက်တွေ့အကောင်အထည်ဖော်ရန် တာဝန်ရှိသော EMB ၏ အစိတ်အပိုင်းကို ဝန်ပိစေလေသည်။ ပုံစံတစ်ခုချင်းစီသည် ဥပမာအားဖြင့် မတူညီကွဲပြားသော လုပ်ဆောင်စဉ်များ၊ နည်းစနစ်များနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ပစ္စည်းကိရိယာ

များလိုအပ်လေပြီး စိုက်ထုတ်ပါဝင်သော လုပ်ဆောင်မှုသည်လည်း ထိုပုံစံကို အသုံးပြုသော မဲဆန္ဒရှင်များ၏ အရေအတွက်နှင့် သက်ဆိုင်မည်မဟုတ်ဘဲ လွတ်လပ်မှုရှိပေလိမ့်မည်။

EMB ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရေးသည် ဈေးကြီးနိုင်ပြီး အများအားဖြင့် ထို ကုန်ကျစရိတ်များသည် အစိုးရ သို့မဟုတ် EMB ဘက်မှ ရွေးကောက်ပွဲဘတ်ဂျက်ငွေများကို စစ်ဆေး သောအခါ ကုန်မှန်းမသိကုန်နေသော စရိတ်များရှိကြောင်း တွေ့နိုင်လေသည်။ လုံလောက်သောလေ့ကျင့် သင်ကြားမှု မပေးခြင်းသည်လည်း ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ညံ့ဖျင်းရာမှတစ်ဆင့် ဘဏ္ဍာရေးနှင့် နိုင်ငံရေးဆိုင်ရာ ကုန်ကျစရိတ်များ ပိုမိုကျသင့်နိုင်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ယုံကြည်ရနိုင်မှုကိုပါ ထိခိုက်စေနိုင်လေကာ EMB ၏ ဂုဏ်သတင်းအပေါ် ရေရှည်သက်ရောက်မှုနှင့် တာရှည်ခံနိုင်မှုတို့ကိုပါ ထိခိုက်စေနိုင်လေသည်။

## အလိုအလျောက် မဲပေးခြင်းနှင့် မဲရေခြင်းလုပ်ငန်းစဉ်များ

အလိုအလျောက် အလုပ်လုပ်နိုင်သည့် စက်အများအပြားသည် မဲပေးရေးနည်းစနစ်များနှင့် ကုန်ကျစရိတ်လျှော့ချရေး အထူးသဖြင့် ဝန်ထမ်းခန့်အပ်ရေးကုန်ကျစရိတ်များ လျှော့ချရေးကို တိုးမြှင့်ရန် အတွက် နည်းလမ်းတစ်ခုအနေနှင့်ဈေးကွက်တွင် ကြေငြာလာကြသည်။ အချို့သော စက်ကိရိယာများ သည် ပိုမိုယုံကြည်အားထားရနိုင်ပြီး ရွေးကောက်ပွဲတွက် မသမာမှုများပြုလုပ်ခြင်းကို ခုခံနိုင်စွမ်းပိုမိုမြင့်မား သည်ဟုဆိုသည်။ တော်တော်များများကမူ ယခုအချိန်တွင် စာရင်းစစ်နောက်ကြောင်းလိုက်ခြင်း ကဲ့သို့ သောလုပ်ရပ်မျိုးကို လုပ်ပေးနေနိုင်ပြီဖြစ်သည်။ ထိုအရာများသည်လည်း EVM (အီလက်ထရွန်းနစ်မဲပေး စက်) များအတွင်း ပါဝင်ပြီးဖြစ်ကာ ဘြစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ဘူတန်၊ ဘရာဇီး၊ အိန္ဒိယ၊ အမေရိကန် နှင့် ဗင်နီဇွဲလားတို့တွင် သုံးပြီးဖြစ်လေသည်။ မဲပေးခြင်းနှင့် မဲရေခြင်းတို့ အတွက် နည်းပညာအသစ်များကို အသုံးပြုရာတွင် ကုန်ကျစရိတ်သက်သာစေသော ခွဲခြမ်းစိတ်ဖြာရေး နည်းလမ်းများမရှိသေးသော်လည်း EMV (အီလက်ထရွန်နစ်မဲပေးစက်) ကဲ့သို့သော နည်းပညာများက အချိန်နှင့်အမျှ ရွေးကောက်ပွဲ ကုန်ကျ စရိတ်များကို လျှော့ချပေးနိုင်သည်ဟု ဆိုသည်။ အထူးသဖြင့် မဲစာရွင်များ ပုံနှိပ်ရခြင်းနှင့် ထိန်းသိမ်းရခြင်း နှင့် မဲရေတွက်ခြင်းတို့နှင့်ဆိုင်သော အပိုင်းများတွင် ကျသင့်သောငွေများကို သက်သာစေနိုင်လေသည်။ OMR (အလင်းဖြင့် အမှတ်ဖတ်စက်) ကိရိယာကိုအသုံးချပြီး မဲရေခြင်းသည်လည်း ရွေးကောက်ပွဲလုပ်ငန်း စဉ်အတွင်းတိကျမှုနှင့် အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေရန်ဆောင်ရွက်ပေးပြီး မဲစက္ကူစာရွက်များကို လည်း ထိန်းသိမ်းထားကာ ရွေးကောက်ပွဲအပြီးတွင် ပဋိပက္ခအငြင်းအခုန်များ ဖြစ်ပါကလိုအပ်လျှင် တရား ရုံးတွင်ပြန်လည်အသုံးပြုနိုင်ရန် အတွက်ဖြစ်သည်။

ရွေးကောက်ပွဲစနစ်အသစ်များကို စမ်းသုံးရာတွင် ပါဝင်ပတ်သက်သူများပါ ပါဝင်စေရန်နှင့် နည်း ပညာအသစ် စတင်မိတ်ဆက်ရာတွင် ပါဝင်ပတ်သက်သူအများစု၏ သဘောတူညီချက် ရရှိရန်အတွက် ရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်များအပေါ် ပြည်သူများယုံကြည်စိတ်ချမှုနှင့် ရွေးကောက်ပွဲနည်းပညာ အသစ် ကို အသုံးချမှုတို့အား ချိန်ဆတွက်ချက်သင့်သည်။ e-voting နှင့် မဲရေခြင်းစနစ်တို့တွင် ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် EVM (အီလက်ထရွန်းနစ် မဲပေးစက်) များသည် အပြစ်ရှာဝေဖန်သူများအကြား မယုံကြည် မှုများ ဖြစ်ပေါ်စေနိုင်ပြီး ထိုကဲ့သို့သော နည်းပညာများသည် အလွယ်တကူ လှည့်ဖျားလိမ်ညာခံရနိုင်သည် ဟု ပြောဆိုနိုင်သည်။ ထိုကိစ္စသည် အဆန်းမဟုတ်ပါ၊ အမေရိကန်တွင် DRE (တိုက်ရိုက်ဖမ်းယူသော အီလက်ထရွန်းနစ်စနစ်) နှင့် EVM (အီလက်ထရွန်းနစ် မဲပေးစက်) များ အသုံးပြုရာတွင် ပုံမှန်အစီရင်ခံ တိုင်ကြားနေကျဖြစ်သော မဲများမှတ်တမ်းတင်ရာတွင် လုံခြုံရေးဆိုင်ရာ ချို့နဲ့မှုများနှင့် ထိန်ချန်မှုများနှင့် အမှားအယွင်းဆိုင်ရာ ပြစ်ချက်များရှိပြီးဖြစ်သည်။

ထိုစက်များ၏ တိကျမှုနှင့် အရည်အသွေးသည် ၎င်းတို့အား ဒီဇိုင်းဆွဲ၊ ပရိုဂရမ်ထည့်၊ စမ်းသပ်ပြီး ထိန်းသိမ်းသော ကုမ္ပဏီများနှင့် လူများကောင်းသလောက်သာ ကောင်းနိုင်မည်ဖြစ်သည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအပေါ် အရည်အသွေးကောင်းမွန်မှု၊ ကုန်ကျစရိတ်နှင့် အချိန်ကုန်သက်သာမှု ပေးနိုင်သော EVM (အီလက်ထရွန်းနစ်မဲပေးစက်) များနှင့် စတင်ထိတွေ့စေနိုင်သော နည်းလမ်းများရှိသည်။ ဤစာအုပ်၏ အခန်း ၉ တွင် ဖော်ပြထားသည့်အတိုင်း ရှင်းလင်းသောထိန်းချုပ်မှုများနှင့် တာဝန်ယူနိုင်မှုဆိုင်ရာ လုပ်ငန်းစဉ်တို့ကိုလည်း အကောင်အထည် ဖော်ပြီးဖြစ်ရမည်။ ဥရောပကောင်စီ၏ ၂၀၁၀ e-voting လက်စွဲစာအုပ်သည် ထိုကဲ့သို့သော ထိန်းချုပ်မှုများအတွက် အရေးပါသော နောက်ခံအကြောင်းအရာတို့ကို ပေးလေသည်။

မိမိ၏ ပြည်သူများကို ဝလင်အောင် မကျွေးမွေးနိုင် ဖွံ့ဖြိုးအောင်မလုပ်နိုင်ဘဲ နည်းပညာအသစ်များကို နိုင်ငံတစ်နိုင်ငံအနေနှင့် အသုံးပြုခြင်းသည် ပါးနပ်သည်ဟု မခေါ်ထိုက်ပေ။ ဘိုင်အိုမက်ထရစ်မဲဆန္ဒရှင်မှတ်ပုံတင်ကတ်ပြားများ၊ ကွန်ပြူတာစနစ်နှင့် ပြုလုပ်ထားသော ရွေးကောက်ပွဲမှတ်ပုံတင်များနှင့် အီလက်ထရွန်းနစ် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းတို့ကဲ့သို့သော ရွေးကောက်ပွဲဆိုင်ရာနည်းပညာအမြင့်စားများကို အသုံးပြုခြင်းသည် တိုင်းပြည်၏အခြားသော အရေးကြီးဦးစားပေးများဖြစ်သော ကျန်းမာရေး၊ ပညာရေးကဏ္ဍများနှင့် ချိန်ထိုးထွက်ဆသင့်သည်။ စစချင်းတွေ့သော လိုအပ်ချက်များကို ချက်ခြင်းကုန်ကျသော စရိတ်များနှင့် ဘဏ္ဍာငွေများကို တခြားနည်းနှင့် အသုံးချခြင်းတို့ဖြင့်သာ ချိန်ထိုးသင့်သည်မဟုတ်ဘဲ နောင်လာမည့် အနာဂတ်တွင် ကုန်ကျမည့်စရိတ်များနှင့် ထိန်းသိမ်းရန်လိုအပ်သော လူအားကိုပါ တွက်ဆရမည်။ တာရှည်ခံနိုင်မှုကို သုံးသပ်ခြင်းသည် ရေရှည်အကျိုးဆက်များကိုပါ ထည့်တွက်ရန်လိုမည်။

မဲရေတွက်ခြင်း လုပ်ငန်းစဉ်သည် နိုင်ငံတော်တော်များများတွင် အလိုအလျောက်လုပ်ဆောင်သော စနစ်နှင့် ကုန်ကျစရိတ် လျှော့ချရေးအတွက် အဓိကပစ်မှတ်ထားသော အရာဖြစ်ပြီး အလိုအလျောက် လုပ်ဆောင်သော စက်တော်တော်များများက မဲများကို မှတ်တမ်းတင်ပြီး ရေတွက်လေသည်။ မဲတစ်ခုချင်းစီအတွက် စာရွက်စာတမ်းစစ်ဆေးမှု လမ်းကြောင်း မှတ်တမ်းတင်ထားခြင်း မရှိပါက ထိုအလိုအလျောက် ရေတွက်သော မဲများတွင် ပွင့်လင်းမြင်သာမှု ပျောက်ဆုံးနေပေလိမ့်မည်။ မဲရေတွက်ခြင်းသည် ရွေးကောက်ပွဲတွင် အင်မတန်မှ အန္တရာယ်များသော အပိုင်းဖြစ်ပြီး သေချာစွာ လေ့ကျင့်သင်ကြားထားသော ဝန်ထမ်းများက ပွင့်လင်းမြင်သာစွာနှင့် အစစ်ဆေးခံနိုင်သော ပုံစံဖြင့်လုပ်ရန် လိုအပ်သည်။

မဲရေတွက်ခြင်းနှင့် စီစဉ်ခြင်းတို့တွင် အဆင့်အားလုံး၌ ပွင့်လင်းမှုရှိစေရန်သည် လူကိုယ်တိုင် မဲရေရမည် ဖြစ်သောကြောင့် ကုန်ကျစရိတ်ချွေတာရန် မဖြစ်နိုင်လောက်ပေ။ ၁၉၉၅ နှင့် ၂၀၀၀ တွင် ဇန်ဇီဘာ၌ လုပ်သွားသော ပြည်ထောင်စုရွေးကောက်ပွဲနှင့် ကင်ညာနိုင်ငံတွင် ၂၀၀၇ ခုနှစ်က လုပ်သွားသောပွဲတွင် ပါဝင်ပတ်သက်ခဲ့သော သူများကပြောသည်မှာ မဲရေတွက်ခြင်းအဆင့်တွင် ဖြစ်ပွားခဲ့သော အရာများသည် ရွေးကောက်ပွဲရလဒ်များကို ဆိုးဆိုးဝါးဝါး ထိခိုက်စေသည်ဟုဆိုကာ မဲရေတွက်သော လုပ်ငန်းစဉ်တစ်ရပ်လုံးတွင် ပွင့်လင်းမြင်သာမှုရှိခြင်းသည် အရေးပါကြောင်းကို အထူးဂရုပြု ပြောဆိုသွားလေသည်။ ထိုအရာများသည် အမည်မသိသူများက အချို့သော မဲရေတွက်ရလဒ်များ၏ ကိန်းဂဏန်းအချို့ကို မဲရုံများတွင် အပြောင်းအလဲဖြစ်အောင်လုပ်ခဲ့ခြင်းက ပြဿနာစခြင်းဖြစ်သည်။ အတိုက်အခံပါတီများက ယူဆသည်မှာ ကြားဝင်နှောင့်ယှက်မှုများသည် ရွေးကောက်ပွဲ ရလဒ်များကို ထိခိုက်စေနိုင်သည်ဟူ၍ ဖြစ်သည်။

## အခန်းအနှစ်ချုပ်

- ထိရောက်မှုနှင့် အလုပ်တွင်မှုကို မြှင့်တင်ရန်အတွက် ၎င်းတို့၏ လုပ်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ရန် အတွက် EMB အပေါ်တွင် ဖိအားများ ဆက်တိုက်သက်ရောက်လျက်ရှိသည်။
- တာရှည်ခံနိုင်မှုဆိုသည်မှာ ယခုရောနောင်ပါ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင် ပတ်သက်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီပြီး ငွေကုန်ကြေးကျ ထိုက်တန်သော လက်တွေ့ကျသော ရွေးကောက်ပွဲမူဝါဒများနှင့် ကျင့်ထုံးများကို ဆိုလိုသည်။ ဒီမိုကရေစီ စတင်ကျင့်သုံးကာစ အသစ်အဆန်းဖြစ်နေသော နိုင်ငံများတွင် ထိုအရာသည် ပိုမိုကြီးမားသော စိန်ခေါ်မှုကို ဖြစ်ပေါ်စေသည်။
- EMB များအနေနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်သူများ၏ယုံကြည်စိတ်ချရမှုကို မြှင့်တင်ရန်နှင့် ၎င်းတို့၏ ရှင်သန်ရပ်တည်နိုင်မှု ခိုင်မာသေချာစေရန်အတွက် ၎င်းတို့၏ လုပ်ဆောင်ချက်များတွင် ဘဏ္ဍာရေးနှင့် စီးပွားရေးအရ၊ အဖွဲ့အစည်းအရ၊ လူမှုနိုင်ငံရေးနှင့် ပတ်ဝန်းကျင် သဘောသဘာဝအရ တာရှည်ခံနိုင်မှုရှိစေရန် ချိန်ရွယ်ထားရန် လိုအပ်သော်လည်း ပုံသေတည်ဆောက်ထားသော တည်ဆောက်ပုံရှိရန် မလိုအပ်ပါ။
- တာရှည်ခံနိုင်မှု၏ အဓိကပါဝင်သော အရာများမှာ အဖွဲ့အစည်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးနှင့် လူ့အရင်းအမြစ် တာရှည်ခံခြင်းဟူသော အချက်ပင်ဖြစ်သည်။
- EMB တစ်ခု၏ တာရှည်ခံမှုနှင့် စွမ်းဆောင်ရည် ဆိုင်ရာတို့ကို ပြည့်စုံစွာရှင်းပြထားသော ပုံရိပ်တစ်ခုသည် ရှိရှိသမျှသောအဓိကပါဝင်သည့်အရာများကို တိတိကျကျ သုံးသပ်အကဲဖြတ်မှုများ ပေါင်းစပ်ထားမှသာလျှင် အဓိပ္ပာယ်ရှိသည်ဟု မှတ်ယူရမည်ဖြစ်သည်။
- စနစ်တကျဖွဲ့စည်းထားပြီး တစ်ဦးတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို သုံးသပ်သော သုံးသပ်ချက်များသည် EMB အား တာရှည်ခံမှုနှင့်ဆိုင်သော ပြဿနာများကို ဖော်ထုတ်နိုင်ရန်အတွက် အထောက်အကူဖြစ်လေသည်။
- ဒီမိုကရေစီရကာစ အသစ်အဆန်းဖြစ်နေသော နိုင်ငံများတွင် အလှူရှင်များ၏ အထောက်အပံ့နှင့် အတည်အတံ့ရှိမှုသည်လည်း EMB ၏ တာရှည်လုပ်ကိုင်နိုင်မှုအပေါ် ဆိုးကျိုးများသက်ရောက်စေနိုင်လေသည်။
- အလှူရှင်များ အနေနှင့် လည်း ၎င်းတို့၏ အထောက်အပံ့များသည် EMB ၏ တာရှည်ခံနိုင်မှုအား မြှင့်တင်ပေးနိုင်ရန်အတွက် တာဝန်ရှိလေသည်။ ဥပမာအားဖြင့် ကျွမ်းကျင်မှုများအား လွှဲပြောင်းပေးရန်အတွက် EMB ၏ လိုအပ်ချက်များနှင့် အထောက်အပံ့များကို ပူးပေါင်းဦးဆောင်ခြင်းမှ တစ်ဆင့်ပေးအပ်ခြင်းမျိုးဖြစ်သည်။
- နည်းပညာအသစ်များသည် EMB များကိုမြူဆွယ်ပြီး အလှူရှင်များကို အများအားဖြင့် ဆွဲဆောင်မှုရှိနိုင်သော်လည်း EMB များအနေနှင့် ၎င်းတို့၏ ရေရှည်အသုံးဝင်မှုနှင့် EMB ၏ တာရှည်ခံနိုင်မှုကို သက်ရောက်စေနိုင်သော အချက်များကို အခြေခံပြီး လုပ်ငန်းရည်ရွယ်ချက်ကို ဗဟိုပြုသော ဆုံးဖြတ်ချက်များချရန်လိုသည်။ EMB တစ်ခုအနေနှင့် မည်သည့်နည်းပညာအသစ်ကို အသုံးချရမည်ဟူသော အတိုင်းအတာသည် နိုင်ငံ၏ရင်းမြစ်များ ကြွယ်ဝမှုအဆင့်နှင့် အချိန်ကြာလာသည့်နှင့်အမျှ ရနိုင်ချေရှိသော အကျိုးအမြတ်များ အပေါ်တွင်မူတည်သည်။
- တာရှည်ခံနိုင်ရန်အတွက် ချိန်ရွယ်ခြင်းသည် ရွေးကောက်ပွဲစနစ်၊ မူဘောင်နှင့် လုပ်ငန်းစဉ်တို့၏ နယ်နိမိတ်ကန့်သတ် သတ်မှတ်ခြင်း၊ မဲဆန္ဒရှင် မှတ်ပုံတင်ခြင်း၊ မဲပေးခြင်းနှင့် မဲရေခြင်းနှင့် မဲစီစဉ်ခြင်းတို့ကဲ့သို့သောကုန်ကျစရိတ်များပြား၊ ရှုပ်ထွေးပြီး အရည်အသွေးမြင့်ရန် လိုအပ်သော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များရွေးချယ်မှုကို သက်ရောက်စေနိုင်လိမ့်မည်။ EMB များ

အနေနှင့် မရှိမဖြစ်လိုအပ်သော အရည်အသွေးအဆင့်နှင့် ထိုလုပ်ငန်းစဉ်များအတွက် အသုံးပြုသော နည်းပညာများနှင့် ဘဏ္ဍာရေးနှင့် လူမှု-နိုင်ငံရေး တာရှည်ခံမှုတို့တွင် ဖြစ်ပေါ်စေနိုင်သော အကျိုးသက်ရောက်မှုများကိုပါ သေသေချာချာ စဉ်းစားရန်လိုအပ်သည်။

- လူသားအရင်းအမြစ်များ၊ ၎င်းတို့၏ ဗဟုသုတများနှင့် အတွေ့အကြုံများသည် EMB ၏ အဓိက အကြီးမားဆုံးသော ပိုင်ဆိုင်မှုဖြစ်သည်။ လူ့အရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထိန်းသိမ်းနိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်ဝန်ထမ်းများ မရှိတော့သော်လည်း အဖွဲ့အစည်းဆိုင်ရာ မှတ်ဉာဏ်ကျန်ရှိနေခြင်းသည် EMB တာရှည်ခံမှုအတွက် မရှိမဖြစ်လိုအပ်သော အရာတစ်ခုပင်ဖြစ်သည်။
- ထိရောက်သော ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာ ဒီဇိုင်း၊ အထောက်အပံ့ရယူမှုနှင့်  မရှိမဖြစ်လိုအပ်သော အရာများနှင့်ငွေကုန်ကြေးကျ သက်သာသော ခွဲခြမ်းစိတ်ဖြာမှုနှင့် သတ်တမ်းလည်ပတ်မှု သုံးသပ်ချက်ကဲ့သို့ အရာများပေါ်တွင် အခြေခံထားသော စီမံခန့်ခွဲရေးမူဝါဒများသည် EMB ၏ တာရှည်ခံနိုင်မှုကို ထိထိရောက်ရောက် အကျိုးပြုလေသည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား ‌: လွတ်လပ်သော EMB ၏ စိန်ခေါ်မှုများ*

Irena Hadžiabdić

## နောက်ခံအကြောင်းအရာ

ဒေတန်ငြိမ်းချမ်းရေးစာချုပ်ဟု လူအသိများသော အထွေထွေမူဘောင် သဘောတူညီချက်စာချုပ်သည် ဒီဇင်ဘာလ ၁၉၉၅ တွင် စာချုပ်ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်သည် ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့သော ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားရှိစစ်ပွဲကို အဆုံးသတ်နိုင်ခဲ့သည်။ ထိုသဘောတူညီချက် စာချုပ်သည် ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားကို နှစ်မျိုးပေါင်းစပ်ထားသော ပုံစံအရေအဖြစ် ပြုလုပ်ပေးထားလေသည်။ BiH ပြည်ထောင်စု (F BiH) နှင့် Republika Srpska (RS) တို့ဖြစ်ကြသည်။ BiH ပြည်ထောင်စုတွင် ဒေသဆယ်ခုပါဝင်ပြီး ဘယာခေါ် ခရိုင်သည် ပြည်တွင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော အဖွဲ့အဖြစ် အထူး အခွင့်အရေးရထားလေသည်။ တို့အပြင် BiH တွင်နိုင်ငံတကာ အသိုင်းအဝိုင်းတွင် ဦးဆောင်ကိုယ်စားပြုသော အဖွဲ့အဖြစ် အထက်လွှတ်တော်ရုံးကို တည်ထောင်ထားပြီး ၎င်းတွင်သိသာထင်ရှားသော အာဏာလုပ်ပိုင်ခွင့်များရှိသည်။

ဒေတန်သဘောတူညီချက်စာချုပ်၏ နောက်ဆက်တွဲ အမှတ် ၄၊ BiH ၏ အခြေခံဥပဒေအရ ဘော့စနီးယက်များ ခရိုအက်များနှင့် ဆာ့ဘ်များကို “အခြေခံဥပဒေပါ” လူသားများအဖြစ်အသိအမှတ်ပြုထားပြီး BiH ၏ ပြည်သူများသည် ၎င်းတို့ကိုယ်၎င်းတို့၏ ခံယူထားသော နိုင်ငံသားအမည်ကို အခြားသော အမည်ပြောလေ့မရှိကြချေ။ နောက်ဆက်တွဲ အမှတ် ၃ တွင် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအသင်း (OSCE) ၏ပထမဆုံးစစ်အလွန် ရွေးကောက်ပွဲအတွက် ဦးစီးစီမံရေး၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် ပြင်ဆင်ရေးတို့အတွက် လိုအပ်သော မူဘောင်များကို ချမှတ်ပေးလေသည်။

BiH ရှိ OSCE (ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအသင်း) သည် ၁၉၉၆-၂၀၀၀ အတွင်း စုစုပေါင်းရွေးကောက်ပွဲခြောက်ခုကို ဦးစီးစီမံပေးခဲ့လေကာ အောက်ပါ အသင်းအဖွဲ့များကိုလည်း တည်ထောင်ခဲ့လေသည် : စီရင်စု ရွေးကောက်ပွဲကော်မရှင် (PEC)၊ ရွေးကောက်ပွဲအယူခံဝင်ရာဆပ်ကော်မရှင် (EASC) နှင့် မီဒီယာကျွမ်းကျင်ရေးကော်မရှင် (MEC) တို့ဖြစ်ပြီး BiH တစ်လျှောက်တွင်ရှိသော

* မူရင်း လက်စွဲစာအုပ်တွင် ဖော်ပြပါရှိသော ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ဖြစ်ရပ်ကိုလေ့လာနိုင်သည်။ Domenico Tuccinardi, ‘ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား: လွတ်လပ်သောပုံစံအတွက် အောင်မြင်သောဖြစ်ရပ်’, ရွေးကောက်ပွဲစီမံခန့်ခွဲမှု ဒီဇိုင်း: International IDEA လက်စွဲစာအုပ် (Stockholm: International IDEA, 2006), စာမျက်နှာ ၁၉၆-၉၉။

OSCE (ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအသင်း) ရုံးများအတွက်ပါ ပါသည်။ မြူနီစီပယ် ရွေးကောက်ပွဲကော်မရှင်များသည် မြူနီစီပယ်အဆင့်တွင် တည်ထောင်ထားကြလေသည်။

PEC ( စီရင်စုရွေးကောက်ပွဲကော်မရှင် ) သည် မဲဆန္ဒရှင်မှတ်ပုံတင်ရေးမှ ရွေးကောက်ပွဲရလဒ်များ အကောင်အထည်ဖော်ရေးအထိ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ပုံဖော်သောစည်းမျဉ်းနှင့် စည်းကမ်း သတ်မှတ်ချက်များကို ကျင့်သုံးလေသည်။ BiH ရွေးကောက်ပွဲဥပဒေသည် ၂၀၀၁တွင် စတင်ကျင့်သုံးလေသည်။ BiH ဗဟို ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ ဦးစီးစီမံရေးများအတွက် တာဝန်ယူလေသည်။ ထိုကော်မရှင်သည် BiH ပါလီမန် လွှတ်တော်သို့ အစီရင်ခံစာတင်သော လွတ်လပ်သည့် ဌာနတစ်ခုဖြစ်သည်။

## ဥပဒေမူဘောင်

နောက်ဆက်တွဲထပ်တိုးချက် အမှတ် ၃ နှင့် PEC (စီရင်စုရွေးကောက်ပွဲကော်မရှင်) ၏ စည်းမျဉ်း စည်းကမ်းများသည် ယနေ့မြင်တွေ့နေရသော ရွေးကောက်ပွဲဥပဒေပြုချက်များ၏ ရှေ့ပြေးဖြစ်သည်။ BiH ရွေးကောက်ပွဲ ဥပဒေ (BiH EL) သည် ၂၀၀၁ တွင် စတင်ကျင့်သုံးသည်။ ၎င်းသည် ကြီးမားလှသော အောင်မြင်မှုကို ကိုယ်စားပြုပြီး နိုင်ငံတကာအသိုင်းအဝိုင်းများ၊ နိုင်ငံရေးပါတီများအချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်းများနှင့်

BiH ရွေးကောက်ပွဲစနစ်သည် BiH အခြေခံဖွဲ့စည်းပုံနှင့် အစိုးရအောက်ပိုင်းရှိ ဖွဲ့စည်းပုံများမှ ပြဋ္ဌာန်းချက်များ BiH ရွေးကောက်ပွဲ ဥပဒေများနှင့် ပြည်နယ်နှင့် စီရင်စုအဆင့်အလိုက်ပြဋ္ဌာန်းထားသော ထပ်တိုးဥပဒေ ၁၃ ချက်ဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ဒေသဆိုင်ရာ အခြေခံဥပဒေများနှင့် မြူနီစီပယ်ပြဋ္ဌာန်းဥပဒေများသည် BiH ရွေးကောက်ပွဲစနစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် သတ်မှတ်နိုင်သည်။ ရွေးကောက်ပွဲဥပဒေပြုချက်များကို စည်းမျဉ်း သတ်မှတ်နေသော အရေးအကြီးဆုံးသောအက်ဥပဒေများမှာ -

၁။ နောက်ဆက်တွဲထပ်တိုးချက် ၃ : ရွေးကောက်ပွဲများ ၊ BiH အခြေခံဖွဲ့စည်းပုံ၏ ပြဋ္ဌာန်းချက်များနှင့် အခြေခံဥပဒေ၏ ပြင်ဆင်ချက်များကို သဘောတူလိုက်နာခြင်း
၂။ BiH အခြေခံဥပဒေ
၃။ RS အခြေခံဥပဒေ
၄။ BiH ၏ ဘယာခေါ် ခရိုင်၏ ပြဋ္ဌာန်းဥပဒေ ၊ BiH ရွေးကောက်ပွဲ စနစ်၏ တစ်စိတ်တစ်ဒေသလည်း ဖြစ်သောအရာ
၅။ ပြောင်းလဲချက်နှင့် ဖြည့်စွက်ချက် ၁၆ချက်ပြုလုပ်ပြီးသော BiH ရွေးကောက်ပွဲ ဥပဒေ
၆။ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း BiH သမ္မတရာထူးအတွက် အဖွဲ့ဝင်တစ်ဦးကို လစ်လပ်သောနေရာတွင် ဖြည့်ပေးသော ဥပဒေ
၇။ RS ရွေးကောက်ပွဲ ဥပဒေ
၈။ ရွေးကောက်ပွဲ ၊ BiH အတွင်း မြူနီစီပယ် မြို့ဝန်ကို တာဝန်မှရပ်ဆိုင်းခြင်း အစားထိုးခြင်းနှင့် ဆိုင်သော ဥပဒေနှင့်
၉။ BiH ၏ ဘယာခေါ် ခရိုင်အတွင်းရှိ ရွေးကောက်ပွဲ ဥပဒေ

## အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံ

BiH ရွေးကောက်ပွဲ ဥပဒေကျင့်သုံးပြီး ချက်ခြင်းဆိုသလိုပင် နိုဝင်ဘာလ ၂၀၀၁ ခုနှစ်တွင် ရွေးကောက်ပွဲ ဦးစီးစီမံရေး၏ ထိပ်ဆုံးတွင်ရှိနေသော ပထမဦးဆုံးသော BiH ရွေးကောက်ပွဲကော်မရှင် ဖြစ်ပေါ်လာသည်။

ရွေးကောက်ပွဲဦးစီးစီမံရေးတွင် အတွေ့အကြုံကောင်းကောင်းရှိသော OSCE (ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအသင်း) ၏ ဝန်ထမ်းနေရာတွင် အထွေထွေအတွင်းရေးမှူးတစ်ဦးကို ခန့်အပ်ထားပြီး လောလောလတ်လတ် တည်ထောင်ထားသော အထွေထွေအတွင်းရေးမှူးဌာန၏ ပင်မတွင် ပါဝင်ဖွဲ့စည်းစေသည်။

BiH ရွေးကောက်ပွဲ ကော်မရှင် (ယခုတွင် BiH ဗဟိုရွေးကောက်ပွဲကော်မရှင် CEC) တွင် အဖွဲ့ဝင်ခုနစ်ဦးရှိပြီး အချို့မှာ ၂၀၀၆ ခုနှစ်ထိ နိုင်ငံတကာလုပ်ရှားမှုရှိသေးသည်။ နောက်ထပ် ရွေးကောက်ပွဲကော်မရှင်အဆင့်နောက်တစ်ဆင့်မှာ ရွေးကောက်ပွဲကော်မရှင်နှင့် BiH ဘယာခေါ်ခရိုင်၏ ကော်မရှင်တို့ဖြစ်ကြပြီး မြူနီစီပယ်ရွေးကောက်ပွဲကော်မရှင်က နောက်ဆက်တွဲပါလာလေသည်။ အောက်ဆုံးအဆင့်တွင်မူ မဲရုံကော်မတီများရှိကြပြီး သူတို့ကိုရွေးကောက်ပွဲတိုင်းအတွက် နိုင်ငံရေးပါတီများ၏ အဆိုတင်သွင်းချက်အရ ခန့်အပ်ထားခြင်းဖြစ်သည်။

BiH ရှိ မြူနီစီပယ် ရွေးကောက်ပွဲကော်မရှင်၏ ဖွဲ့စည်းပုံသည် တိုင်းရင်းသားပေါင်းစုံပါဝင်ရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအလိုနှင့်အညီ နိုင်ငံ၏ တည်ဆောက်ပုံကို ထင်ဟပ်စေရမည်။ ၁၉၉၁ မှ နောက်ဆုံးကောက်ခဲ့သော သန်းခေါင်စာရင်းကိုပါ ထည့်သွင်းထားပြီး ကျား၊မ လိင်အချိုးညီစွာ ကိုယ်စားလှယ်ပြုနိုင်ရန်လည်း ပါဝင်သည်။

## EMB ၏ တာဝန်များ

BiH CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) သည် အင်အားကောင်းပြီး ပမာဏကြီးမားလှသော အရည်အချင်းနှင့် ပြည့်စုံကာ သိသာထင်ရှားကွဲပြားသော ပုံစံတစ်ခုကို ကိုယ်စားပြုနိုင်လေသည်။ ရွေးကောက်ပွဲဆိုင်ရာ တာဝန်များအပြင် BiH CEC သည် အကျိုးစီးပွားဝိရောဓိဆိုင်ရာ ဥပဒေများကို အကောင်အထည် ဖော်ရန်လည်း အာဏာရှိလေကာ(နိုင်ငံတော်အဆင့်၊ FBiH နှင့် BiH ၏ ဘယာခေါ် ခရိုင်အတွင်း) နှင့် နိုင်ငံရေးပါတီဘဏ္ဍာထောက်ပံ့ရေးနှင့်ဆိုင်သော ဥပဒေများပါ အပါအဝင် ဖြစ်လေသည်။ ဝန်ကြီးများကောင်စီမှ ချမှတ်သတ်မှတ်ထားသော ဥပဒေနှင့်အညီ BiH CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) သည် တင်သွင်းလာသော သတင်းအချက်အလက်များပေါ် မူတည်ပြီး BiH CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) တွင်းရှိ ဥက္ကဋ္ဌလောင်းများ၊ ဝန်ကြီးလောင်းများနှင့် ဒုဝန်ကြီးလောင်းများသည် ခန့်အပ်ရန်အတွက် လိုအပ်သော အချက်အလက်များနှင့် ကိုက်ညီမှု ရှိမရှိကို စစ်ဆေးပေးရလေသည်။ လာဘ်စားမှုတိုက်ဖျက်ရေးနှင့် ပူးပေါင်းလုပ်ဆောင်ရေး ကိုယ်စားလှယ်ဌာနမှ ထုတ်ပြန်ထားသော ဥပဒေအရ BiH CEC(ဗဟိုရွေးကောက်ပွဲကော်မရှင်) သည် ကိုယ်စားလှယ်အဖွဲ့၏ ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးလောင်းများကို စစ်ဆေးလေသည်။

BiH CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) ၏ အရေးအကြီးဆုံးသော ရွေးကောက်ပွဲနှင့်သက်ဆိုင်သောကိစ္စများမှာ ရွေးကောက်ပွဲ ဥပဒေများအကောင်အထည်ဖော်ရေးအတွက် စည်းမျဉ်းစည်းကမ်းများကျင့်သုံးခြင်း၊ တိကျမှုရှိရန်အတွက် တာဝန်ယူခြင်း၊ ဗဟိုရွေးကောက်ပွဲ မှတ်ပုံတင်စာရင်းကို အရည်အသွေး

ကောင်းမွန်အောင်လုပ်ပြီး အသစ်ထပ်မံမွမ်းမံခြင်း၊ နိုင်ငံရေးဆိုင်ရာကိစ္စများကို စစ်ဆေးခြင်း၊ ဝင်ရောက်ယှဉ်ပြိုင်သူများ၏စာရင်းကို စစ်ဆေးခြင်း၊ မဲစာရွက်များ၏ ပါဝင်သောအရာများနှင့် ပုံစံများကို ဆုံးဖြတ်စစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ အဆင့်ဆင့်အလိုက် ရွေးကောက်ပွဲရလဒ်များကို စစ်ဆေးခြင်းနှင့် ထုတ်ဝေခြင်း၊ ရွေးကောက်ပွဲ ကော်မရှင်အားလုံး၏ ပူးပေါင်းစီမံမှု၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် စည်းမျဉ်းသတ်မှတ်ရေးနှင့် ဥပဒေရေးရာကိစ္စများနှင့် မဲရုံကော်မတီများ၊ ရာထူးမဲအနိုင်ရရှိသောသူအား ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းနှင့် ရွေးကောက်ပွဲများအတွက် စာရင်းဇယားများ ထိန်းသိမ်းပေးခြင်းနှင့် မဲဆန္ဒရှင်များအား အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်များ မျှဝေခြင်းတို့ဖြစ်သည်။

## ဖွဲ့စည်းပုံနှင့် ခန့်အပ်ပုံများ

BiH CEC(ဗဟိုရွေးကောက်ပွဲကော်မရှင်)တွင် အဖွဲ့ဝင် ခုနစ်ဦး ရှိလေသည်။ ကော်မရှင်တွင် အခြေခံဥပဒေပါ လူမျိုးတစ်မျိုးစီ( ဘော့စ်နီယက်၊ ခရိုအက်နှင့် ဆာ့ဘ်) တို့အတွက် ကိုယ်စားလှယ် နှစ်ဦးစီရှိပြီး တစ်ဦးကိုတစ်ဦး အပြန်အလှန်ကိုယ်စားပြုကြလေသည်။ BiH CEC ၏ အဖွဲ့ဝင်များကို ပါလီမန်က ခုနစ်နှစ် သက်တမ်းဖြင့် ခန့်အပ်ထားခြင်းဖြစ်ပြီး လူသိရှင်ကြားကြေငြာသော လစ်လပ်နေရာ ခန့်အပ်မှု လုပ်ငန်းစဉ်ကို ဖြည့်စွက်ပြီး အထူးပါလီမန် ကော်မရှင်မှရေးဆွဲထားသော ယှဉ်ပြိုင်သူများစာရင်းကို အသုံးပြုထားခြင်းဖြစ်သည်။ BiH CEC ၏ အဖွဲ့ဝင်များသည် ပြန်လည်ရွေးကောက်ခြင်းခံနိုင်ပြီး ၎င်း၏သမ္မတနေရာ ရာထူးသည် အဖွဲ့ဝင်များအကြား ၂၁လတစ်ခါ လှည့်လည်နေခြင်းဖြစ်သည်။ ထိုဌာန၏ ကော်မရှင်သည်လည်း RS အတွင်းတွင် တည်ထောင်ထားခြင်းဖြစ်သော်လည်း BiH ပြည်ထောင်စုအတွင်းတွင်တော့ မပါပါ။

မြူနီစီပယ် ရွေးကောက်ပွဲ ကော်မရှင်များသည် အဖွဲ့ဝင် သုံးဦး၊ ငါးဦး၊ ခုနစ်ဦး အစရှိသည်ဖြင့် ရှိကြပြီး အဖွဲ့ဝင်များ၏ အရေအတွက်သည်လည်း ဗဟို မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းအတွင်း မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များ၏ အရေအတွက်အလိုက် ဆုံးဖြတ်သတ်မှတ်ခြင်းဖြစ်သည်။ ထိုကော်မရှင်များသည်လည်း မြူနီစီပယ်ကောင်စီမှလက်ခံခြင်း ပယ်ဖျက်ခြင်းများ ပြုလုပ်ခြင်းဖြစ်ပြီး BiH CEC ၏ လက်ခံမှု ရှိ၊မရှိ အောက်တွင်တည်ရှိကာ နေရာလစ်လပ်ကြောင်း ကြေငြာစာအပေါ်တွင် မူတည်သည်။

မဲရုံကော်မတီသည် အဖွဲ့ဝင် သုံးဦးမှ ငါးဦးနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး နိုင်ငံရေးပါတီများ၏ အဆိုတင်သွင်းချက်များအပေါ်မူတည်ကာ ရွေးကောက်ပွဲတိုင်းအတွက် ခန့်အပ်ထားခြင်းဖြစ်သည်။

BiH CEC အထွေထွေအတွင်းရေးမှူးဌာနတွင် ပုံသေခန့်အပ်ထားသော ဝန်ထမ်း ၇၀ ကျော်ရှိပြီး အများစုမှာ ပြည်သူ့ဝန်ထမ်းများဖြစ်ကြကာ၊ ထောက်ပံ့ရေးနှင့် ဦးစီးစီမံရေးဆိုင်ရာ အအထောက်အကူများ ပေးလေသည်။

## EMB ဘဏ္ဍာငွေထောက်ပံ့မှု

BiH CEC (ဗဟိုရွေးကောက်ပွဲဌာန) ၏ ဘဏ္ဍာငွေများသည် BiH အဖွဲ့အစည်းများနှင့်နိုင်ငံတကာ စည်းမျဉ်းများနှင့် အညီ ဘတ်ဂျက်ငွေအတွင်းတွင် ရှိလေသည်။ အောက်ပိုင်းရှိ ကော်မရှင်အရာရှိများ၏ ဘတ်ဂျက်ငွေသည် ဌာနများ၊ ဒေသဆိုင်ရာနှင့် မြူနီစီပယ်တို့၏ ဘတ်ဂျက်ငွေ အတွင်းတွင်ရှိလေသည်။

BiH ရွေးကောက်ပွဲ ဥပဒေတွင် ပြဌာန်းထားသည်မှာ BiH CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) သည် ၎င်း၏တာဝန်များကို ဖြည့်စွမ်းရန်နှင့် ရွေးကောက်ပွဲ ဦးစီးစီမံမှုများကို ချမှတ်လက်ခံထားသော

ဘတ်ဂျက်ငွေအတွင်း ဆောင်ရွက်စီမံရန်အတွက် ဘဏ္ဍာငွေများကို လွတ်လပ်စွာစီမံခန့်ခွဲခွင့် ပေးထားသော်လည်း ရွေးကောက်ပွဲများကို ဦးစီးစီမံရန်အတွက် ဘဏ္ဍာငွေများမှာ အချိန်မှမရောက်သောကြောင့် ရွေးကောက်ပွဲဦးစီးစီမံရေးအနေနှင့် အကြိမ်ပေါင်းများစွာ ဒုက္ခရောက်ခဲ့ရသည်။ အမည်တပ်ပြောရပါလျှင် ရွေးကောက်ပွဲကျင်းပမည်ဟု ကြေငြာအပြီး ၁၅ ရက်အတွင်းတွင် ရွေးကောက်ပွဲအတွက် လိုအပ်သော ဘဏ္ဍာငွေများကို အပြီးချပေးရန် တရားဥပဒေမှ သတ်မှတ်ထားသော နောက်ဆုံးရက်ရှိသော်လည်း နေရာတော်တော်များများတွင် မရောက်ခဲ့သောကြောင့် ရွေးကောက်ပွဲ၏ အဖွဲ့အစည်းများကို ဒုက္ခဖြစ်စေခဲ့သည်။ (ဥပမာ- ဩဂုတ် ၂၀၁၁ တွင် ထရာဗ်နစ်နှင့် မတ်လ ၂၀၁၂ တွင် နိုဗီဂရတ် ဆာရာယေဗိုတွေ ဖြစ်သွားသကဲ့သို့)

ဘတ်ဂျက်ငွေအတွင်းတွင် ချပေးထားသော ဘဏ္ဍာငွေများအပြင် CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) အနေနှင့် အလှူရှင်တို့၏ ဘဏ္ဍာငွေများကို သုံးပြီး ရွေးကောက်ပွဲများကို တိုးတက်စေရန် လုပ်ဆောင်လျက်ရှိသည်။ (ဥပမာ - USAID၊ ဥရောပ ကောင်စီ (COE)၊ OSCE (ဥရောပရှိ လုံခြုံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအသင်း)၊ အပြည်ပြည်ဆိုင်ရာ IDEA (အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနှင့်ရွေးကောက် ပွဲဆိုင်ရာ ထောက်ပံ့ရေးအသင်း)၊ ဆာရာယေဗိုရှိ အချို့သောသံရုံးများ) ရွေးကောက်ပွဲရလဒ်များကို အနှစ်ချုပ်စုစည်းခြင်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ဘေးထွက်ဆိုးကျိုးများကို သုံးသပ်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ပေါင်းစုထားသော စနစ် (IEIS BiH) ကို တည်ဆောက်ခြင်းကဲ့သို့သော ရွေးကောက်ပွဲဆိုင်ရာ နည်းပညာအသစ်များသည်လည်း စတင်အသုံးပြုလာကြလေသည်။ အချိန်ကြာလာသည်နှင့် အမျှ BiH CEC ၏ အားစိုက်ထုတ်မှုများသည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ တိုးတက်ရေးအတွက် ချိန်ရွယ်ထားသော BiH အဖွဲ့အစည်းများမှ ဘဏ္ဍာငွေများ ထုတ်ပေးလာခြင်းမျိုးဖြစ်လာလေသည်။

## EMB(ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ တာဝန်ခံနိုင်မှု

BiH CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) ကျွမ်းကျင်မှုဖြင့် ဥပဒေများကို အကောင်အထည်ဖော်ခြင်းဆိုင်ရာကိစ္စများအား နှစ်စဉ်အစီရင်ခံစာတင်ပြီး BiH ပါလီမန်လွှတ်တော် သို့ တင်ပြရလေသည်။ ထိုအစီရင်ခံစာ အတွင်းတွင် ရွေးကောက်ပွဲများနှင့် သက်ဆိုင်ရာ ဥပဒေများအတွက် အကြံပေးချက်များနှင့် အဆုံးသတ် မှတ်ချက်များ ပါဝင်လေသည်။ BiH CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) ၏ နှစ်စဉ်အစီရင်ခံစာများနှင့် အကြံပြုချက်များသည် ပါလီမန်လွှတ်တော်အတွင်းတွင် ကိုင်စွဲထားကြသလို BiH CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်)၏ လုပ်ဆောင်မှု များအောက်တွင်ရှိသောဥပဒေများအား ပြောင်းလဲမည်။ ဖြည့်စွက်မည်ဆိုပါက အပြန်အလှန်စကားစစ်ထိုးပွဲများတွင် ထိုအချက်များမှပင် စရလေသည်။

ပြည်နယ်စာရင်းစစ်ရုံးသည်လည်း ပုံမှန်ဆိုသလိုပင် BiH CEC ၏ လှုပ်ရှားမှုများကို စောင့်ကြည့်လေသည်။ ၎င်းအနေနှင့်လည်း ယခုအချိန်ထိနှစ်စဉ် BiH အစိုးရအဖွဲ့အစည်းများကို စာရင်းစစ်ရာတွင် အင်မတန်မှရှားပါးသော သက်ဆိုင်ရာတင်ဒါခေါ်ယူခြင်းများ၊ အထောက်အပံ့ရယူခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာ လုပ်ဆောင်စဉ်တို့အတွက် ကောင်းမွန်သောသုံးသပ်ချက်များ ရထားလေသည်။

## ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းစဉ်

ရွေးကောက်ပွဲဆိုင်ရာ ရပိုင်ခွင့်များကို ကာကွယ်ပေးရန်အတွက် ရွေးကောက်ပွဲကော်မရှင်နှင့် BiH တရားရုံး၏ အယူခံတရားရုံးဌာနခွဲမှ အာမခံထားလေသည်။ မဲဆန္ဒရှင်တစ်ဦးသည် (ရွေးကောက်ပွဲ

ဥပဒေအတွင်းပြထားသည့်အတိုင်း) သူ၏ အခွင့်အရေးများချိုးဖောက်ခံရပါက ချိုးဖောက်ခံရအပြီး ၄၈ နာရီ အတွင်းတွင် ရွေးကောက်ပွဲကော်မရှင်ကို တိုင်ကြားနိုင်လေသည်။ မြူနီစီပယ် ရွေးကောက်ပွဲကော်မရှင် သည် ရွေးကောက်ပွဲမဲဆွယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်းနှင့် သက် ဆိုင်သော တိုင်ကြားစာများကို ဆုံးဖြတ်ရာတွင် ပထမဆုံးတာဝန်ယူဆုံးဖြတ်ရသောဌာနဖြစ်ပြီး BiH CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) ၏ လုပ်ဆောင်မှုအောက်တွင်ရှိကာ ၎င်းပထမဆုံးတာဝန်ယူရသော ချိုး ဖောက်မှုများဖြစ်သည့် ဂျာနယ်လစ်များအား ၎င်းတို့၏တာဝန်ထမ်းဆောင်ခြင်းကို ပိတ်ပင်တားဆီးခြင်း ၊လူတစ်ဦးကို အကြမ်းဖက်စေ၊ မုန်းတီးစေသော အပြုအမူမျိုးပြုမူစေရန် သို့မဟုတ် ဖြစ်စေရန်လှုံ့ဆော်သော စကားမျိုးကို ပြောဆိုခြင်း၊ နိုင်ငံရေးဆိုင်ရာကိစ္စများတွင် အလွဲသုံးစားလုပ်ပြီး လိမ်ညာကိုယ်စားပြုခြင်း၊ ရွေးကောက်ပွဲ၏တည်ငြိမ်မှုကို အနှောင့်အယှက်ဖြစ်စေရန်ပြုလုပ်ခြင်း သို့မဟုတ် မဲဆန္ဒရှင်များအား လှုံ့ဆော်နိုင်ရန်အတွက် ပြည်တွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးနည်းလမ်းများကို အသုံးပြုခြင်းတို့ဖြစ်သည်။

BiH CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) ၏ အယူခံဝင်မှုများနှင့် တိုင်ကြားစာများနှင့် ဆက်နွယ် သော လုပ်ဆောင်မှုများကို ပုံမှန်နှင့် တရားဝင်ဖြစ်သော အရာတစ်ခုအဖြစ် သုံးသပ်နိုင်သည်။ BiHH တရား ရုံးအတွင်းတွင်၊ ဒုတိယအဆင့် ဖြေရှင်းသောဌာနအနေနှင့် တင်ကြားခဲ့သော အယူခံများအနက် ၉၇ ရာခိုင် နှုန်းသော စီရင်ချက်များသည် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများကို အတည်ပြုရာတွင် သက် ဆိုင်သော ကိစ္စများဖြစ်သည်။

## ရွေးကောက်ပွဲ အရာရှိများ၏ ပညာရှင်ဆန်မှု

BiH ၏ ရွေးကောက်ပွဲ ဥပဒေနှင့်အညီ နှစ်စဉ်နှစ်တိုင်းပင် BiH CEC (ဗဟိုရွေးကောက်ပွဲကော် မရှင်) သည် ရွေးကောက်ပွဲဦးစီးစီမံရေး၊ ရွေးကောက်ပြီး ခန့်အပ်ထားသော အရာရှိများနှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စများအတွက် စီမံကိန်းများချပြီး ပညာပေးရေးအစီအစဉ်များကို ပြုလုပ်နေရလေသည်။ အချို့သော အပိုင်းများသည် ဘဏ္ဍာငွေမလုံလောက်သောကြောင့် အပြီးတမ်းပြည့်ပြည့်ဝဝ အကောင်အထည်မဖော် နိုင်သော်ငြား ရွေးကောက်ပွဲဦးစီးစီမံရေးအတွက် စီမံကိန်းချထားသော လေ့ကျင့်သင်ကြားရေးများသည် အများအားဖြင့် အပြည့်အဝအကောင်အထည် ပေါ်လေ့ရှိသည်။

ရွေးကောက်ပွဲရှိသောနှစ်များတွင် ပုံမှန်လုပ်နေကြဖြစ်သော မြူနီစီပယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားရေးကိုပြုလုပ်လျက်ရှိပြီး မြူနီစီပယ်နယ်အားလုံးတွင် မြူနီစီပယ် ရွေး ကောက်ပွဲကော်မရှင် အဖွဲ့ဝင်များကိုလည်း မြူနီစီပယ်မြို့ဝန်များ ရွေးကောက်ပွဲ မတိုင်မီတွင် လေ့ကျင့်သင် ကြားခြင်း ပြုလုပ်ပေးလေသည်။

BiH CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) ၏ အထွေထွေအတွင်းရေးမှူးဝန်များ၏ လေ့ကျင့် သင်ကြားရေး အစီအစဉ်အား ပြည်သူ့ဝန်ထမ်းများ၏ ပညာရှင်ဆန်မှုကို အဆင့်မြင့်မြင့် ထိန်းသိမ်းထားနိုင် ရန်အတွက် ပြုလုပ်လေ့ရှိပြီး ဝန်ထမ်းများသည် BiH ၏ ပြည်သူ့ဝန်ထမ်းကိုယ်စားလှယ်ဌာနမှ ဦးစီးသော ဆွေးနွေးပွဲများကို တက်ရောက်ရလေ့ရှိသည်။

ရွေးကောက်ပွဲ အရာရှိများ၏ ပညာရပ်ပိုင်းဆိုင်ရာတိုးတက်မှုသည် BiH အတွင်းရှိ အစိုးရနှင့် မသက်ဆိုင်သော အပိုင်းများနှင့် ပူးပေါင်းပြီး ကျင်းပသော တွေ့ဆုံပွဲများနှင့် အခြားသော အလားတူပွဲများ၏ အထောက်အပံ့ကို ရယူရလေသည်။ အဓိကအရေးအကြီးဆုံးသော လက်တွဲသူမှာ BiH ရှိ ရွေးကောက်ပွဲ အရာရှိများ အသင်း (AEOBiH) ဖြစ်သည်။ ပူးပေါင်းလုပ်ဆောင်သည့် ရလဒ်အနေနှင့် မဲရုံကော်မတီ

အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဒုအရာရှိများအတွက် လုပ်ဆောင်ပုံ လုပ်ဆောင်နည်းလမ်းများသည် ၂၀၁၁တွင် စတင်ကျင့်သုံးခဲ့သည်။ ရွေးကောက်ပွဲဦးစီးစီမံရေး၏ လုပ်ငန်း၊ စိန်ခေါ်မှုများနှင့် ရှုထောင့်များသည့် ရွေးကောက်ပွဲပြီးတိုင်း ပူးပေါင်းဆောင်ရွက်သော ဆွေးနွေးပွဲများတွင် ခွဲခြမ်းစိတ်ဖြာလေ့လာလျက်ရှိသည်။

## မီဒီယာများနှင့် ဆက်ဆံရေး

လုပ်ငန်းလူသိခြင်းနှင့် သတင်းရယူပိုင်ခွင့် လွတ်လပ်ခွင့်သည် အင်တာနက်၊ စာနယ်ဇင်း ရှင်းလင်းပွဲ၊ အဆိုပြုချက်များနှင့် စာနယ်ဇင်းထုတ်ဝေချက်များကဲ့သို့သော ယေဘုယျအားဖြင့် အများလက်ခံထားသော နည်းလမ်းများအသုံးပြုပြီး လုပ်ဆောင်လေသည်။ BiH CEC သည် လွတ်လပ်စွာသတင်းရယူပိုင်ခွင့်နှင့် ပတ်သက်ပြီး မီဒီယာဘက်မှတိုင်ကြားသော မည်သည့်တိုင်ကြားချက်မှုမျိုးကိုမှ မခံရသေးချေ။ BiH ရွေးကောက်ပွဲဥပဒေအရ BiH CEC သည် ရွေးကောက်ပွဲစတင် ကြေငြာသည့်ရက်မှစပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ ရောက်သည့်အထိ နိုင်ငံရေးခေါင်းစဉ်များနှင့် ပတ်သက်ပြီး မီဒီယာများ၏ ကိုယ်စားလှယ်ပြုမှုများနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများပါဝင်သည့် စာအုပ်တစ်အုပ်ကို ထုတ်ဝေခဲ့သည်။ အခြေခံစည်းမျဉ်းသည် မျှတ၊ ညီညွတ်ပြီး နိုင်ငံရေးခေါင်းစဉ်များကို မျှမျှတတ တင်ပြရေးဖြစ်သည်။ ထိုစည်းမျဉ်းစာအုပ်နှင့်ပတ်သက်သော အီလက်ထရွန်းနစ်မီဒီယာ၏ ရှုထောင့်ကို BiH စည်းမျဉ်းစည်းကမ်း ဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့မှ စောင့်ကြည့်ပြီး ယနေ့ထိကြီးမားသော ဖောက်ဖျက်မှု မတွေ့သေးပါ။ BiH စာနယ်ဇင်းကောင်းစီသည်လည်း ပုံနှိပ်နှင့် အွန်လိုင်းမီဒီယာများကို စောင့်ကြည့်ပြီး စာရှုသူများနှင့် ထိုမီဒီယာများကို ညှိနှိုင်းပေးလေသည်။

## အခြားသော အဖွဲ့အစည်းများနှင့် ကိုယ်စားလှယ်ဌာနများနှင့် ဆက်ဆံရေး

BiH CEC (ဗဟိုရွေးကောက်ပွဲ ကော်မရှင်) သည် ရွေးကောက်ပွဲ စနစ်အတွင်း တိုးတက်ရေးအပေါ် ခေတ်နှင့်အညီပြောင်းလဲနေသည့် အချက်အလက်များနှင့်ပတ်သက်ပြီး အခြားနိုင်ငံများ၏ကိုယ်စားလှယ်များနှင့် အတွေ့အကြုံများမျှဝေရန်အတွက် ချိန်ရွယ်ပြီး အဆက်အသွယ်များကို တည်ထောင်ထားလေသည်။ BiH CEC သည်လည်း ဥရောပရှိ အခြားသော BiH အတွင်းရှိ အစိုးရနှင့် မသက်ဆိုင်သော အပိုင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် တည်ထောင်ပြီးဖြစ်သည်။

## တာရှည်ခံနိုင်မှု

၎င်း၏ တရားဝင်ချမှတ်ထားသော အရည်အသွေးလုပ်ဆောင်မှုများကို တည်ထောင်ရန်အတွက် BiH CEC သည် ဘဏ္ဍာငွေထောက်ပံ့ရေးနှင့် လူသားအရင်းအမြစ် စွမ်းဆောင်ရည်များ တိုးမြှင့်မှုဆိုင်ရာ အထောက်အပံ့များ လိုအပ်မည်ဖြစ်သည်။

## နည်းပညာသစ်များ

၂၀၀၁ခုနှစ်မစပြီး BiH CEC အနေနှင့် ၎င်း၏ လုပ်ငန်းများကို တိုးတက်စေရန်နှင့် နည်းပညာသစ်များကို မိတ်ဆက်ရန်အတွက် အလုပ်သမားများကို ခန့်အပ်ထားလေသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး အရေးအကြီးဆုံးသော ခြေလှမ်းမှာ ၂၀၀၆ ခုနှစ်တွင် ရှေ့က မဲဆန္ဒရှင်မှတ်ပုံတင်ရေးကို နောက်သို့လွှဲပြောင်းပေးအပ်ခြင်းပင်ဖြစ်ပြီး IEIS (ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို ပေါင်းစုထားသောစနစ်) BiH ကို တည်ထောင်လိုက်ခြင်းပင်ဖြစ်သည်။ BiH CEC သည် သတင်းအချက်အလက်ဆိုင်ရာ တည်ဆောက်မှုပုံစံများကို ဆက်လက်တည်ဆောက်နေရမည်ဖြစ်ပြီး IEIS (ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို

ပေါင်းစုထားသောစနစ်) BiH ပရောဂျက်၏ တတိယနှင့် နောက်ဆုံးသော အဆင့်ကို ပြီးမြောက်လက်စသတ် ရေးဖြစ်ကာ BiH အဖွဲ့အစည်းအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သောဘတ်ဂျက် ငွေများ အမှန်တကယ်ရှိရေးပင်ဖြစ်သည်။

## ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေးစီမံခန့်ခွဲမှု

BiH CEC အနေနှင့် BiH ပါလီမန်လွှတ်တော်သို့ သင့်တော်သော အကြံပြုချက်များ စတင်တင် သွင်းခွင့်ရှိပြီး ၎င်း၏တရားစီရင်ရေးအောက်တွင်ရှိသောဥပဒေများကို ပြင်ဆင်ဖြည့်စွက်သော အပိုင်းများ ပေါင်းစပ်ထားသည့် ပါလီမန်လုပ်ငန်းအဖွဲ့များမှ တစ်ဆင့်လည်း လုပ်ဆောင်နိုင်သည်။ ထို့ကြောင့်ပင် ရွေးကောက်ပွဲ ဥပဒေပြုချက်များကို တိုးတက်အောင်လုပ်နိုင်သောနေရာတွင်ရှိသော်လည်း ပါလီမန် လွှတ်တော်ကသာ နောက်ဆုံးဆုံးဖြတ်ချက်ကို ချရခြင်းဖြစ်ပြီး အရာရာအားလုံးသည် နိုင်ငံရေးပါတီများ အကြားရှိ ဆန္ဒနှင့်သဘောတူညီချက် အပေါ်တွင်မူတည်သည်။

## အခွင့်အလမ်းများနှင့် အတားအဆီးများ

၎င်းတည်ထောင်စဉ်ကာလတွင် ၎င်းအဖွဲ့အစည်းသည် နေရာတော်တော်များများတွင် သိသာ ထင်ရှားသော တိုးတက်မှုများ တည်ဆောက်ခဲ့သည်။ ၎င်းဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု၊ အနိမ့်ပိုင်း ရွေးကောက်ပွဲ ကော်မရှင်များအား အသိပညာပေးရေး၊ မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် သတင်းအချက် အလက်ဆိုင်ရာမျှဝေရေးတို့တွင် တိုးတက်အောင်လုပ်ခြင်း (တိုင်းပြည်ပြင်ပမှ မဲဆန္ဒရှင် များနှင့် ပထမဆုံးအကြိမ်မဲဆန္ဒရှင်များ၊ အမျိုးသမီးများနှင့် အထူးအကူအညီ လိုအပ်သော မဲဆန္ဒရှင်များကို အာရုံစိုက်ခြင်း) ဒေသဆိုင်ရာ ဥပဒေများကို အချိန်နှင့်တပြေးညီပြင်ဆင်ခြင်း၊ မဲစာရင်းမှတ်ပုံတင်ခြင်း လုပ်ငန်းများကို ပြင်ဆင်ခြင်းနှင့် နည်းပညာသစ်များကို အသုံးချခြင်းတို့ဖြစ်သည်။ ထို့ကြောင့်ပင် ၎င်းသည် အပြည်ပြည်ဆိုင်ရာမှ ပြည်တွင်းအဖွဲ့အစည်းအဖြစ်သို့ အောင်အောင်မြင်မြင် ကူးပြောင်းနိုင်ခဲ့ပြီး ဒေသတစ်ခု လုံးအတွက် စံနမူနာယူစရာ ဖြစ်ခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ၊ BiH CEC ၏ လုပ်ရပ်များကို နှောင့်နှေးစေသော အချို့သော တားမြစ် ထားသော အရာများလည်းရှိသည်။ ရွေးကောက်ပွဲဥပဒေက အစိုးရတစ်ရပ် တည်ထောင်ရေးနှင့် သက်ဆိုင် သော နောက်ဆုံးသတ်မှတ်ရက်အား ချိုးဖောက်မှုအတွက် စည်းမျဉ်းစည်းကမ်းများ မသတ်မှတ်ထားသော ကြောင့် BiH CEC သည် ရွေးကောက်ပွဲအသစ်များ ပြင်ဆင်ရာတွင် ယခင်ရွေးကောက်ပွဲတုန်းက လိုက်နာ ရန်ကျန်ရှိခဲ့သည့် အရာများနှင့် သွားရောနှောသော အခြေအနေမျိုးနှင့် ရင်ဆိုင်နေရသည်။

အထူးအရေးစိုက်ရန်လိုသော ကိစ္စမှာ မြူနီစီပယ် ရွေးကောက်ပွဲကော်မရှင်များတွင် ဘဏ္ဍာရေး ဆိုင်ရာ ထောက်ပံ့မှု နည်းလမ်းများ မရှိသောအခါ ရွေးကောက်ပွဲများကို ဘဏ္ဍာငွေထောက်ပံ့ရေး ပြဿနာ ပင်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲများ ချောချောမွေ့မွေ့နှင့် လုပ်ဆောင်နိုင်ရန် ဘဏ္ဍာငွေများ ရရှိ နိုင်သော နည်းလမ်းများကိုသတ်မှတ်ရန်လိုအပ်သည်။

## ကျမ်းကိုးများ


BiH Central Election Commission, *Report on Implementation of the Laws under Jurisdiction of the BiH CEC for 2004–2011,* available at <http://www.izbori.ba>

General Framework Peace Agreement in BiH—the Dayton Peace Agreement, USAID

Election Law of Bosnia and Herzegovina

Law on Election, Termination, Recall and Replacement of Municipal Mayors in

the Federation of BiH

Election Law of RS

Election Law on Brčko District of BiH

Law on Conflict of Interest in Governmental Institutions of Bosnia and Herzegovina

Law on Conflict of Interest in Government Institutions in Brčko District of BiH

Law on Council of Ministers BiH

Law on Political Party Financing

ဖြစ်ရပ်များကိုလေ့လာခြင်း

# ယူကရိန်း : နိုင်ငံရေးအရ လွတ်လပ်သော ရွေးကောက်ပွဲ ဦးစီးစီမံ ရေးဖြစ်ရန်အတွက် ရှည်လျားလှသော ခရီးစဉ်

Vasil Vashchanka

## နောက်ခံအကြောင်းအရာ

လွတ်လပ်ရေးရပြီးကာစ မကြာသေးသော ယူကရိန်းတွင် နိုင်ငံတော်အဆင့် EMB တည်ထောင်ပြီးနောက် ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းကာလများတွင် ပထမဆုံးသော အပြိုင်အဆိုင်များလှသည့် လွှတ်တော်နှင့် သမ္မတရွေးကောက်ပွဲများ ကျင်းပရာတွင် အရေးပါအရာရောက်ခဲ့သည်။ ဗဟိုရွေးကောက်ပွဲကော်မရှင် (CEC) ကို ၁၉၉၇ တွင် တည်ထောင်ခဲ့ပြီး ၎င်း၏စွမ်းဆောင်ရည်များကို နိုင်ငံတော်အဆင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအား စီမံခန့်ခွဲရန်အတွက် တဖြည်းဖြည်း တိုးမြှင့်သွားလေသည်။ ၁၉၉၈၊ ၁၉၉၉ နှင့် ၂၀၀၂ ခုနှစ် ရွေးကောက်ပွဲများတွင် အပြည်ပြည်ဆိုင်ရာ လေ့လာစောင့်ကြည့်သူများသည် CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) ကို သုံးသပ်ပြီးနောက် စွမ်းဆောင်ရည်ကို တစ်ခုလုံးအနေနှင့် ကောင်းမွန်သည်ဟု သတ်မှတ်ခဲ့သည်။ ၎င်းတို့ စိုးရိမ်ပူပန်သောအချက်များကိုမူ ဖော်ပြခဲ့သော်လည်း ၎င်းထံတွင် နိုင်ငံရေးအရ လွတ်လပ်မှုရှိသော်လည်း အာဏာလုပ်ပိုင်ခွင့်မှာ အကန့်အသတ်ရှိသည်။ ၂၀၀၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သက်သေခိုင်လုံသော ရွေးကောက်ပွဲလိမ်လည်မှုဟု စွဲဆိုမှုသည် လိမ္မော်ရောင်တော်လှန်ရေးဟူ၍ဖြစ်လာပြီး တရားရုံးချုပ်မှရရှိထားသော ရလဒ်များကို ပြန်ပယ်ဖျက်ကာ မဲကို ဒုတိယအကြိမ်ပြန်လည်ကောက်ခံစေခဲ့သည်။ CEC (ဗဟိုရွေးကောက်ပွဲ ကော်မရှင်) သည်လည်း ရွေးကောက်ပွဲရလဒ်များကို မလျော်မကန်ပြုလုပ်သည်ဟုဆိုကာ ပါလီမန်လွှတ်တော်၏ ဖျက်သိမ်းခြင်းကို ခံလိုက်ရကာ ဆန္ဒမဲကို ပြန်လည်ကောက်ခံရန်အတွက် ကော်မရှင်အသစ်ကို ပြန်လည်ဖွဲ့စည်းခဲ့ရသည်. ထိုအချိန်မှစပြီး ထို CEC (ဗဟိုရွေးကောက်ပွဲ ကော်မရှင်) သည်လည်း ရွေးကောက်ပွဲများကို ဦးစီးစီမံလာခဲ့သည်။

## ဥပဒေဆိုင်ရာ မူဘောင်

၁၉၉၇ အခြေခံဥပဒေသည် ပါလီမန် (Verhovna Rada ) ကို CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) အား ကော်မရှင်အရာရှိများ ခန့်အပ်ခွင့်ကို ပေးထားသော်လည်း ၎င်း၏ အခြေအနေနှင့် လုပ်ဆောင်ချက်များ အပေါ် မည်သည့်အသေးစိတ်ပြောကြားချက်မှ ပြောမထားဘဲ ၂၀၀၄ ခုနှစ် ဗဟို ရွေးကောက်ပွဲကော်မရှင် ဥပဒေအတွင်းတွင် ဖော်ပြထားသည်မှာ CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) အား "ပုံသေဖွဲ့စည်းထားသော ကောလိပ်ဆိုင်ရာ နိုင်ငံအဆင့်ဌာန" တစ်ခုအဖြစ် တည်ထောင်ထားလေသည်။ ထိုဥပဒေများသည် CEC (ဗဟိုရွေးကောက်ပွဲ ကော်မရှင်) ၏ လုပ်ဆောင်ချက်ဆိုင်ရာ အဓိကစည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းချက်

ထုတ်ထားသည်မှာ စည်းမျဉ်းဥပဒေရှိရမည်။ တရားဥပဒေနှင့် ဘောင်ဝင်ရမည်၊ လွတ်လပ်ရမည်၊ လုပ်ငန်းစဉ်ကို ရှေးရှုရမည်၊ အရည်အချင်းရှိရမည်၊ ပညာရှင်ဆန်ရမည်၊ ကောလိပ်ကျောင်းများနှင့် သက်ဆိုင်ရမည်၊ ဆုံးဖြတ်ချက်ချရာတွင် ကျိုးကြောင်း ခိုင်လုံရမည်၊ ပွင့်လင်းမှုရှိပြီး အများသူငါသိမြင်နိုင်ရမည် ဟုဖြစ်သည်။ ၎င်းသည်လည်း CEC တည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်များကို စည်းမျဉ်းသတ်မှတ်သလို ကော်မရှင်အရာရှိများ၏ အာဏာနှင့် အဆင့်အတန်းကိုလည်း စည်းမျဉ်းသတ်မှတ်လေသည်။ CEC သည်လည်း ၎င်း၏လုပ်ဆောင်ပုံများနှင့် သက်ဆိုင်ရာစည်းမျဉ်းများကိုကျင့်သုံးပြီး ထိုစည်းမျဉ်းများက ၎င်း၏အတွင်းပိုင်းအဖွဲ့အစည်းများလုပ်ဆောင်ပုံနှင့် လုပ်ငန်းလုပ်ဆောင်စဉ်တို့ကို အသေးစိတ်ဖော်ပြလေသည်။ ယူကရိန်းနိုင်ငံတွင် ရွေးကောက်ပွဲဥပဒေပြုချက်များမှာ စည်းမျဉ်းဥပဒေသမရေးဆွဲရသေးပါ။ ထို့ကြောင့် CEC (ဗဟိုရွေးကောက်ပွဲ ကော်မရှင်) ၏ နိုင်ငံလုံးဆိုင်ရာ၊ မြို့အဆင့်ဆိုင်ရာ ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများ၏ လုပ်ပိုက်ခွင့်အာဏာများသည် သက်ဆိုင်ရာ ဥပဒေများထဲတွင် အကျယ်ရှင်းပြထားလေသည်။ CEC( ဗဟိုရွေးကောက်ပွဲကော်မရှင်)သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင် ပါဝင်သူအားလုံးအား ဥပဒေအရ ချည်နှောင်ထားသော ၎င်းလုပ်ဆောင်ရမည့် ကျွမ်းကျင်ရာကိစ္စများအတွင်းရှိကိစ္စများကို ဖြေရှင်းပေးလေသည်။

## အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံ

CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) အဖွဲ့ဝင်များသည် ဥက္ကဋ္ဌတစ်ဦး၊ ဒုဥက္ကဋ္ဌ နှစ်ဦးနှင့် ၎င်းတို့အတွင်းမှ မဲများရာဘက်ကိုလိုက်ပြီး အတွင်းရေးမှူးတစ်ဦးကို ရွေးချယ်သည်။ ဥက္ကဋ္ဌသည် ကော်မရှင်နှင့် အထွေထွေအတွင်းရေးမှူးဌာနကို ဦးဆောင်လေသည်။ အတွင်းရေးမှူးသည် CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) အစည်းအဝေးများကို ပြင်ဆင်၊ ၎င်း၏ မှတ်တမ်းမှတ်ရာများကို စီမံခန့်ခွဲပြီး လူထုမီဒီယာအတွင်းသို့ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း ပြုရမည်ဖြစ်သည်။

ကော်မရှင်၏ တာဝန်ကို ပုံသေခန့်အပ်ဝန်ထမ်း ၂၅၀ ခန့်ရှိသည့် ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော အထွေထွေအတွင်းရေးမှူးဌာနမှ အထောက်အပံ့ပြုလေသည်။ အထွေထွေအတွင်းရေးမှူးဌာနကိုလည်း ဌာနများနှင့်အဖွဲ့များခွဲလိုက်ပြီး CEC ၏မူညီသောနေရာများကို အထောက်အပံ့ပေးရန် တာဝန်ပေးအပ်ထားလေကာ အသင်းအဖွဲ့ဆိုင်ရာဌာန၊ ဥပဒေရေးရာဌာန၊ အိုင်တီဌာနအထောက်အပံ့ရယူရေးဌာန၊ စာရွက်စာတမ်းဆောင်ရွက်ရေးဆိုင်ရာဌာနနှင့် အခြားတို့ဖြစ်သည်။ CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) မှ တင်သွင်းသော ပြည်တွင်းရှိ မဲဆန္ဒရှင်များအား စာရင်းရေးသွင်းခြင်းစနစ် (SVR) ကို သီးသန့်ထောက်ပံ့ရေးဝန်ဆောင်မှုတစ်ခုမှ ထိန်းသိမ်းပေးထားလေသည်။ CECသည် ပင်မဌာနတစ်ခုတည်းသာရှိပြီး ဥပဒေက ၎င်းကိုလိုအပ်ပါက ၎င်း၏ ဘတ်ဂျက်ငွေအတွင်းတွင် ဒေသဆိုင်ရာကိုယ်စားပြုရုံးများ တည်ထောင်နိုင်ခွင့်ကို ပေးထားသောလည်း ဒေသဆိုင်ရာ ရုံးဌာနမရှိချေ။

CEC သည် တစ်ခုတည်းသော ပုံသေသတ်မှတ်ထားသည့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာနဖြစ်သည်။ အဆင့်နိမ့် ခရိုင်နှင့် မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်များသည် ရွေးချယ်ခံအဆင့်မှာ နိုင်ငံရေးရာထူးယှဉ်ပြိုင်သူများအထိ ဖြစ်စေရန်အတွက် တည်ထောင်ထားခြင်းဖြစ်သည်။

## အာဏာနှင့် တာဝန်များ

ကော်မရှင်အား ဥပဒေမှ နိုင်ငံသားများ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို အသိအမှတ်ပြုပြီး ကာကွယ်ပေးရန်နှင့် ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲများ၏ ဥပဒေဆိုင်ရာမူဘောင်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် ပြဋ္ဌာန်းထားလေသည်။ ထိုအထဲတွင် မဲဆွယ်ရေးလှုပ်ရှားမှု ဘဏ္ဍာငွေစည်းကမ်းများဖြင့် နိုင်ငံရေး

ပါတီများနှင့် ဝင်ရောက်ယှဉ်ပြိုင်သူများက ကိုက်ညီအောင် လိုက်နာရန်လည်းလိုအပ်သည်။ CEC သည် ရွေးကောက်ပွဲဆိုင်ရာ ခရိုင်နယ်နိမိတ်များဖန်တီးခြင်းနှင့် SVR (ပြည်တွင်းရှိ မဲဆန္ဒရှင်များအား စာရင်းရေးသွင်းခြင်း) အား ထိန်းသိမ်းခြင်းတို့အတွက် တာဝန်ရှိလေသည်။ ၎င်းသည်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတွက် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းအတွက်လည်းတာဝန်ရှိပြီး ၎င်း လုပ်ဆောင်ရသော နယ်ပယ်အတွင်းရှိ တိုင်ကြားစာနှင့် လက်မှတ်ရေးထိုးဆန္ဒထုတ်ဖော်မှုများကို စစ်ဆေးရန်အတွက်လည်း တာဝန်ရှိလေသည်။

နိုင်ငံတော်အဆင့်သမ္မတနှင့် ပါလီမန်လွှတ်တော် ရွေးကောက်ပွဲများတွင် CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်)သည် အဆင့်နိမ့်ရွေးကောက်ပွဲကော်မရှင်များကို တည်ထောင်ခြင်းနှင့် ထိန်းချုပ်ခြင်း၊ ဝင်ရောက်ယှဉ်ပြိုင်သူများကို မှတ်ပုံတင်ခြင်း၊ မဲဆွယ်ရေးနှင့်ဆိုင်သော ဘဏ္ဍာငွေများကို ကြီးကြပ်ထိန်းချုပ်ခြင်းနှင့် ရလဒ်ကြေငြာခြင်းတို့ အပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ရပ်လုံးကို စီမံခန့်ခွဲရေးနှင့် ဖြစ်မြောက်စေရေးအတွက် တာဝန်ရှိသည်။ နိုင်ငံလုံးကျွတ် ဆန္ဒခံယူပွဲများအတွက် CEC(ဗဟိုရွေးကောက်ပွဲကော်မရှင်)သည် လုပ်ငန်းစဉ်တစ်ရပ်လုံးကို ဦးစီးလုပ်ဆောင်ပြီး၊ မြို့အဆင့် ဆန္ဒခံယူပွဲများအတွက်မူ ကော်မရှင်ဘက်မှ မဲစာရွက်ပုံစံကို စစ်ဆေးအတည်ပြုပေးပြီး အကြံပေးသောကဏ္ဍလောက်ကိုသာ တာဝန်ယူတော့သည်။ မြို့အဆင့် ရွေးကောက်ပွဲများအတွက် CEC သည် အဓိကအားဖြင့် ပံ့ပိုးထောက်ပံ့သော တာဝန်ကို လုပ်ဆောင်သည်။

## ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များ ခန့်အပ်ပုံ

ကော်မရှင်တွင် သမ္မတမှ ရွေးချယ်ပြီး ပါလီမန်လွှတ်တော်မှ ခုနစ်နှစ်သက်တမ်းဖြင့် ခန့်အပ်ထားသော အဖွဲ့ဝင် ၁၅ ဦး ပါဝင်သည်။ ကော်မရှင်အရာရှိများကို ရွေးကောက်ရာတွင် ဥပဒေက သမ္မတကို လိုက်နာရန်ပြဋ္ဌာန်းထားသည်မှာ ပါလီမန်အတွင်းရှိ အတိုက်အခံအင်အားစုနှင့် အုပ်စုကွဲများ၏ တင်သွင်းသော အဆိုများကိုပါ ထည့်သွင်းစဉ်းစားရန် ပြဋ္ဌာန်းထားလေသည်။

ကော်မရှင် အရာရှိများသည် အနည်းဆုံးအသက် ၂၅ ပြည့်ရမည်ဖြစ်ပြီး တိုင်းပြည်တွင်းသုံးသော ဘာသာစကားကို နားလည်ရမည်ဖြစ်ကာ ၎င်းတို့ကို ခန့်အပ်ခြင်းမပြုမီအနည်းဆုံး ၅နှစ် ယူကရိန်းတွင်းနေထိုင်သူဖြစ်ရလေမည်။ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် အနည်းဆုံးအခြားသော CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) အဖွဲ့ဝင် ၅ ဦးတို့သည် ဥပဒေတွင် တက္ကသိုလ်အဆင့် ဒီဂရီတစ်ခုရထားရမည်။ ကော်မရှင်အရာရှိများသည် မည်သို့သော နိုင်ငံရေးသို့မဟုတ် စီးပွားရေးလုပ်ရှားမှုမျိုးတွင်မှ လုပ်ဆောင်ခွင့်မရှိသကဲ့သို့ မည်သည့် ပါတီဝင်အဖြစ်မဆို ဝင်ထားပါကလည်း ဆိုင်းငံ့ရပ်တံ့ထားရမည်။ ကော်မရှင်အရာရှိများသည် တရားဥပဒေကိုထိန်းသိမ်းရန်၊ ပါတီဘက်လိုက်မှုမရှိသော ရပ်တည်မှုကို ထိန်းသိမ်းရန်နှင့် ၎င်းတို့၏ တာဝန်များကို မျှမျှတတဆောင်ရွက်ရန်၊ လုပ်ငန်းဦးတည်ချက်ကို ရှေ့ထားရန်နှင့် အဂတိကင်းစင်ရန် ပါလီမန်လွှတ်တော်တွင် ကျမ်းကျိန်ထားရသည်။ ကော်မရှင်အရာရှိများနှင့် CEC (ဗဟို ရွေးကောက်ပွဲကော်မရှင်) ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းရာထူး အဆင့်ရှိလေသည်။

## ဘဏ္ဍာရေးနှင့် တာဝန်ခံနိုင်မှု

CEC(ဗဟိုရွေးကောက်ပွဲကော်မရှင်)၏ အထွေထွေအတွင်းရေးမှူးဌာနနှင့် အထောက်အပံ့ဆိုင်ရာ ဝန်ဆောင်မှုများသည် တိုင်းပြည်ဘတ်ဂျက်ငွေထဲမှ တိုက်ရိုက် ဘဏ္ဍာငွေ အထောက်အပံ့ရရှိခြင်းဖြစ်သည်။ ကော်မရှင်ဘက်မှ ၎င်း၏နှစ်စဉ်အသုံးစရိတ် အစီရင်ခံစာများကို နိုင်ငံတော်စာရင်းစစ်အသင်းသို့ တင်သွင်းရလေသည်။

## မကျေနပ်ချက်များနှင့် ပဋိပက္ခဆိုင်ရာ ဖြေရှင်းချက်များ

ဥပဒေက ကော်မရှင်ကို လျှောက်လွှာနစ်မျိုးလက်ခံရန်အတွက် အမိန့်ချမှတ်ထားလေသည် (၁) ရွေးကောက်ပွဲရပိုင်ခွင့်များ ကိုကျင့်သုံးရာတွင် CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) အထောက်အပံ့ကို တောင်းခံသော လက်မှတ်ရေးထိုး ဆန္ဒပြုစာများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုချက်များကို ရှင်းလင်းပေးခြင်း (၂) ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုချက်များကို ဖောက်ဖျက်သည်ဟူသော အကြောင်းပြချက်နှင့် ရွေးကောက်ပွဲတွင် ပါဝင်သူများ၏ ရပိုင်ခွင့်များကို ချိုးဖော်ပါသည်ဟူသော စွဲဆိုသည့်တိုင်ကြားစာတို့ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်များနှင့် တရားရုံးများသည် အောက်အဆင့် ကော်မရှင်များနှင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများ၏ ဆုံးဖြတ်ချက်များ သို့မဟုတ် လုပ်ရပ်များကို တိုင်ကြားချက်တိုင်ကြားစာများကို တရားစီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ထိုနစ်ဖက်ခွနေသော တရားစီရင်ရေးစနစ်ကို နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက အကြောင်းမခိုင်လုံဘဲ ပယ်ချခံနိုင်ရသည်ဟူသော အချက်နှင့် ပုံမှန်မဟုတ်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်ဟူသောရလဒ်တို့ ဖြစ်လာနိုင်သည်ဟူသော အချက်ကို ကိုင်စွဲကာ ဝေဖန်ခဲ့ကြလေသည်။ ရွေးကောက်ပွဲဆိုင်ရာ စည်းကမ်းချိုးဖောက်မှု လက္ခဏာများပါဝင်သော တိုင်ကြားစာများကို CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) မှ တရားဥပဒေစိုးမိုးရေး အာဏာပိုင်များထံသို့ စုံစမ်းစစ်ဆေးရန်အတွက် လွှဲပေးလိုက်လေသည်။

## ပညာရှင်ဆန်မှု

CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) ကို ယေဘုယျအားဖြင့် ဆုံးဖြတ်ချပိုင်ခွင့်ရှိသည့် ဌာနတစ်ခုအဖြစ် သတ်မှတ်ထားလေသည်။ ၂၀၁၂ ခုနစ် ပါလီမန်လွှတ်တော် ရွေးကောက်ပွဲမတိုင်မီတွင် ကောက်ယူခဲ့သော စစ်တမ်းများအရ ဖြေကြားသူ ၆၄ ရာခိုင်နှုန်းမှ ထောက်ခံသည်မှာ ယူကရိန်းရှိ ရွေးကောက်ပွဲများသည် လုံးဝသေသေချာချာစီမံထားမှုအောက်တွင် ရှိပါသည်ဟူသော အဆိုပင်ဖြစ်သည်။ သို့သော်လည်း နိုင်ငံတကာမှ ကျွမ်းကျင်သူများက သတ်မှတ်ကြသည်မှာ CEC(ဗဟိုရွေးကောက်ပွဲကော်မရှင်) သည်လည်း ကိစ္စအချို့ဖြင့် စိန်ခေါ်မှုခံထားရသည်ဟုဆိုပြီး အဆင့်နိမ့်ကော်မရှင်များ ဖွဲ့စည်းမှုနှင့်သက်တမ်းတစ်နစ်သာ ထမ်းဆောင်ရသော ရွေးကောက်ပွဲခရိုင်များအတွက် နယ်နိမိတ်သတ်မှတ်ခြင်းကဲ့သို့သောကိစ္စများပါပါဝင်သည်။ ၎င်းတို့ဘက်မှ ခန့်မှန်းပြောသည်မှာ CEC၏ကော်မရှင်အရာရှိတစ်ဦးချင်းစီကို လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စတစ်ခုအတွက် လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်နှင့် နယ်မြေအချို့တွင် တာဝန်ချထားခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ချွတ်ယွင်းချက်များ ဖြစ်လာနိုင်သည်ဟုပြောသည်

OSCE/ODHIR မှ စောင့်ကြည့်လေ့လာသူများသည် CEC ၏ စွမ်းဆောင်ရည်ကို ၂၀၁၂ ပါလီမန်လွှတ်တော် ရွေးကောက်ပွဲတွင် သုံးသပ်ကြည့်ပြီးနောက်တွင် အရည်အချင်းပြည့်မီသည်ဟု အဖြေထွက်လာလေသည်။ သို့သော်လည်း ရွေးကောက်ပွဲ၏ အရေးကြီးရှုထောင့်များကို စည်းမျဉ်းကြပ်မတ်ရန် လုံလောက်သောခြေလှမ်းများ မလုပ်ဟုဆိုပြီးဝေဖန်ခဲ့ကာ အထူးသဖြင့် မဲရေတွက်စီစဉ်ခြင်း လုပ်ငန်းစဉ်လုပ်ချိန်တွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ မဲဆွယ်ရေးစည်းမျဉ်းစည်းကမ်းများကို စိုးမိုးအောင် ပြုလုပ်ခြင်း၊ သွယ်ဝိုက်သောနည်းဖြင့် မဲဝယ်ခြင်း၊ မီဒီယာနှင့် သက်ဆိုင်သော စည်းမျဉ်းချိုးဖောက်မှုများကို ဖြေရှင်းခြင်းနှင့် မကျေနပ်ချက် တိုင်ကြားသူများကို ထိရောက်သော ဖြေရှင်းနည်းပေးခြင်းတို့ကဲ့သို့သော ကိစ္စများတွင်ဖြစ်သည်။ ၂၀၁၄ခုနစ် သမ္မတရွေးကောက်ပွဲ အကြိုကာလတွင် OSCE/ODIHR မှ စောင့်ကြည့်လေ့လာသူများက မှတ်တမ်းတင်သွားသည်မှာ CEC သည် လွတ်လပ်စွာ၊ အဂတိကင်းရှင်းစွာ၊ ကောလိပ်ဌာနများနှင့် ပူးပေါင်းမှုရှိရှိနှင့် ယေဘုယျအားဖြင့် ထိထိရောက်ရောက်ပင် စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသော ပတ်ဝန်းကျင်နှင့်

ရွေးကောက်ပွဲအတွက် ပြင်ဆင်ရန် အချိန်အကန့်အသတ်ရှိနေခြင်း ကြားထဲမှ လုပ်ပြသွားနိုင်လေသည်ဟူ၍ ဖြစ်သည်။

## မီဒီယာများနှင့် ဆက်ဆံရေး

CEC သည် ၎င်း၏ ပြုမူလုပ်ရှားမှုများကို ပွင့်လင်းစေရန်နှင့် မီဒီယာနှင့် လက်ရှိရှိနေသော အဆက်အသွယ်ကို ထိန်းသိမ်းရန်အတွက် အင်အားစိုက်ထုတ်လျက်ရှိသည်။ ၎င်းအနေနှင့် အထိုက်အလျောက်ကောင်းစွာ တည်ထောင်ထားသော ဝဘ်ဆိုက်ဖြစ်သည့် (http://www.cvk.gov.ua) ကိုတည်ထောင်ထားသော်လည်း လူမှုမီဒီယာတွင်မူ လှုပ်ရှားမှုသိပ်မရှိချေ။ လက်ရှိ ဥက္ကဋ္ဌသည် သူ့အား ဇူလိုင်လ ၂၀၁၃တွင် စတင်ခန့်ထားပြီးချိန်မှစပြီး အွန်လိုင်းအမေးအဖြေ ကဏ္ဍများအပါအဝင် ပုံမှန်အင်တာဗျူးများ လုပ်ပေးပြီး ဖြစ်သည်။ ၂၀၁၂ ပါလီမန်လွှတ်တော်ရွေးကောက်ပွဲအပြီးတွင် စောင့်ကြည့်လေ့လာသူများက CEC ကို ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် တရားဝင်အချိန်မစမီတွင် တံခါးပိတ် ကြိုတ်ဆွေးနွေးမှုများ လုပ်ခြင်းတို့အတွက် ဝေဖန်ခဲ့ကြလေသည်။ထိုကဲ့သို့သော ဝေဖန်မှုများမှာ ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲ အကြိုပွဲစဉ်များတွင် မကြားရတော့ချေ။ CEC ကို ပွင့်းလင်းစွာဆွေးနွေးရေးအချိန်မှာ ပြုလုပ်ပေးခြင်းနှင့် ၎င်း၏ ဆုံးဖြတ်ချက်များကို ထုတ်ဝေခြင်းအပြင် အဆင့်နိမ့် ခရိုင်များရှိ ကော်မရှင် ထောင်ဂဏန်းကလည်း ၎င်းတို့၏ ဝဘ်ဆိုက်များတွင် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ရွေးကောက်ပွဲဥပဒေများသည် ဟန်ချက်ညီသော မီဒီယာများအား မျှမျှတတ ဖော်ပြမှုကို အာမခံသကဲ့သို့ အများပြည်သူဆိုင်ရာ မီဒီယာတွင် ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်သူများအား တာဝန်ပုံစံများခွဲဝေရေးအတွက်လည်း CEC မှ ထမ်းရွက်ရသော တာဝန်များလည်းပါဝင်သည်။ ၂၀၁၂ ခုနှစ် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲတွင် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများက ပြောသည်မှာ CEC သည် မီဒီယာနှင့်သက်ဆိုင်သော တိုင်ကြားချက်များကို ၎င်း၏ အရေးပိုင်းသော တရားစီရင်မှုဘောင်နှင့် မသက်ဆိုင်ဟုဆိုကာ ထိုတိုင်ကြားစာများကို တရားရုံးသို့ လွှဲပေးခဲ့သည်ဟုပြောသည်။

## ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရေး

ကော်မရှင်သည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွင်းတွင် ပါဝင်ပတ်သက်သူများနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးတစ်ခုကို ထိန်းသိမ်းလေသည်။ကော်မရှင်ကို အမြဲတစေ စိန်ခေါ်နေသောအရာများအနက်မှ တစ်ခုမှာ ၎င်း၏လုပ်ရပ်များတွင် ပါတီဘက်လိုက်ခြင်းကိစ္စမျိုးရှိနေသည်ဟူသော အမြင်မျိုးကို ကျော်လွှားဖယ်ရှားပစ်နိုင်ရေး ဖြစ်သည်။ ထိုကဲ့သို့သော ထင်မြင်ချက်များသည် အတွင်းပိုင်းတွင် လုပ်သော ရွေးချယ်ခန့်အပ်ခြင်း လုပ်ငန်းစဉ်များကြောင့် ထိုသို့ထင်ကုန်ခြင်းဖြစ်ပြီး ထိုလုပ်ငန်းစဉ်သည်လည်း ပါတီသစ္စာရှိမှုကို အခြေခံပြီး နိုင်ငံရေးရာထူး ခန့်အပ်မှုအတွက် နေရာချိန်ထားသော လုပ်ငန်းစဉ်မျိုးဖြစ်သည်။ လက်ရှိ CEC ဥက္ကဋ္ဌမှ ထပ်ခါထပ်ခါ ဝေဖန်သည်မှာ နိုင်ငံရေးအရ သဘောထားကွဲလွဲသော အတိုက်အခံအင်အားစုများက ၎င်းတို့ ရွေးချယ်ထားသော သူကိုဝင်ရောက်ယှဉ်ပြိုင်စေပြီး ရွေးကောက်ပွဲဦးစီးစီမံရေးနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်း လှုပ်ရှားမှုများဆိုင်ရာတွင် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကိုသာ အခြေခံပြီး ပါတီဘက်မလိုက်သော ရွေးချယ်မှုမျိုးပြုလုပ်ပေးရန် တောင်းဆိုမှုမျိုးကို ဝေဖန်ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲ အကြိုပွဲစဉ်ကာလတွင် လုံခြုံရေးနှင့် နိုင်ငံရေးဆိုင်ရာ ပြဿနာများက ပိုမိုဖိအားများနေခြင်းကြောင့် ပါတီဘက်လိုက်ဝင်ရောက်စွက်ဖက်မှု ပြဿနာများ အများကြီးလျော့နည်းသွားလေပြီး CEC ကို အဂတိကင်းစင်ပြီး နိုင်ငံရေးအရ လွတ်လပ်သော အာဏာရှိသည့် နေရာတွင် ပိုမိုအားကောင်းစေရန် နေရာပေးလိုက်လေသည်။

## တာရှည်ခံနိုင်မှု

ကော်မရှင်သည် ဘဏ္ဍာငွေ လုံလုံလောက်လောက်ရရှိထားပုံပေါ်ပြီး ၎င်းလုပ်ရပ်များ၏ တာရှည်ခံမှုနှင့်ပတ်သက်ပြီး မည်သည့်အရာမှ ပြောကြားလာခြင်းမျိုးမရှိချေ။ ပါလီမန်လွှတ်တော် အနေနှင့်လည်း အောက်တိုဘာလ ၂၀၁၂ ခုနှစ် ပါလီမန်လွှတ်တော် ရွေးကောက်ပွဲများတွင် ၎င်းတို့၏ ရလဒ်များကို ကြေငြာပေးနိုင်ခြင်းမရှိဟု CEC မှ ကြေငြာလိုက်သောအခါ လူအများစုဆန္ဒအတိုင်း အုပ်ချုပ်သော ခရိုင်ကြီး၄ခု အပါအဝင်ကို ရွေးကောက်ပွဲများ ပြန်လည်ကျင်းပပေးနိုင်ခဲ့ပြီး လက်တလောရွေးကောက်ပွဲများ အတွက်လည်း ဘဏ္ဍာငွေလုံလုံလောက်လောက် ချပေးနိုင်ခဲ့သည်။ ကော်မရှင်အနေနှင့် အဓိက ရွေးကောက်ပွဲကြီးတစ်ခုပြီးတိုင်း "ရရှိခဲ့သော သင်ခန်းစာများ" ဟူသည့် အလေ့အကျင့်ကို လုပ်လေ့ရှိသည်ဟု ဆိုသည်။ သို့သော်လည်း ထိုရလဒ်များမှာမူ CEC ဝဘ်ဆိုက်တွင် တင်ထားခြင်းမရှိပါ။ ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲ အကြိုပွဲစဉ်တွင် ရွေးကောက်ပွဲ ဦးစီးစီမံရေးအား စိန်ခေါ်နေသည့် အချက်ထဲမှ လူပြောအများဆုံးအချက်မှာ တိုင်းပြည်၏ နယ်မြေစည်းလုံးမှုကို ခြိမ်းခြောက်သော အချက်များနှင့် ဒေသအများအပြားတွင် လုံခြုံရေးအခြေအနေယိုယွင်းခြင်းတို့မှ လာလေသည်။

## နည်းပညာအသစ်များ အသုံးပြုခြင်း

ဥပဒေက CEC ကို "အလိုအလျောက် သတင်းအချက်အလက်များ ထည့်ပေးသောစနစ်" ကို သုံးရန်အတွက် လုပ်ပိုင်ခွင့် ပေးထားသော်လည်း စနစ်အတွင်းမှရသော သတင်းအချက်အလက်တစ်ခုသည် ပြဋ္ဌာန်းချက်သာဖြစ်ပြီး နောက်ဆက်တွဲဥပဒေရေးရာ ရလဒ်များမပါဟု ပြဋ္ဌာန်းထားလေသည်။ Vubory ဟူသောစနစ်ကို မဲရေတွက်ရန်အတွက် အသုံးပြုခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်းတွင် ပွင့်လင်းမြင်သာမှု မြင့်တက်စေရန်အတွက် ယေဘုယျအားဖြင့် အထောက်အကူဖြစ်စေခဲ့လေသည်။ ထိုအချိန်တွင်ပင် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများကလည်း မဲစီစဉ်ခြင်းနှင့် ပတ်သက်သော ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကိုပြောပြကြလေသည်။ ၂၀၁၀ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် OSCE/ODIHR စောင့်ကြည့် လေ့လာသူများသည် စီစဉ်သော လုပ်ငန်းစဉ်များကို ယေဘုယျအားဖြင့် အကောင်းဘက်မှ သုံးသပ်သွားပြီး Vybory စနစ်၏ အချက်အလက်များအတွင်းသို့ စစ်စစ်ပေါက်ပေါက် ဝင်ရောက်လေ့လာခြင်းမျိုး မလုပ်ခဲ့ပေ။ ၂၀၁၂ ပါလီမန်လွှတ်တော်ရွေးကောက်ပွဲတွင် OSCE/ODIHR သည် မဲစီစဉ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို သုံးသပ်ရာတွင် ခရိုင်အဆင့် ရွေးကောက်ပွဲကော်မရှင် (DEC) ၏ တစ်ဝက်နီးပါးလောက်ကိုအဆိုးဘက်မှ သုံးသပ်သွားလေသည်။ အချက်အလက်များကောက်ခံရာတွင် ပွင့်လင်းမြင်သာမှု အကန့်အသတ်ရှိခြင်းနှင့် လူဦးရေကြပ်သည်းလွန်းခြင်းအပြင် လေ့လာစောင့်ကြည့်သူများဘက်မှ တစ်ခုမှတ်သားသွားသည်က မဲရုံများနှင့် စနစ်အတွင်းသို့ အချက်အလက်များထည့်သွင်းရာမှ ဖြစ်ပေါ်လာသော လုပ်ဆောင်နည်းမှ ရရှိလာသော ရလဒ်များအကြားကွာဟမှုများ အပါအဝင် မဲစီစဉ်ခြင်းတို့တွင် ပုံမှန်မဟုတ်သော ဖြစ်စဉ်များလည်း ပါဝင်သည်။ နောက်ဆုံးတွင် CEC (ဗဟိုရွေးကောက်ပွဲကော်မရှင်) အနေနှင့် ခရိုင် ၄ခုတွင် ရွေးကောက်ပွဲနောက် တစ်ကြိမ်ပြန် ကျင်းပပေးလိုက်ရသော်လည်း ထို့ထက်များသော မဲဆန္ဒနယ်များတွင် ကြီးလေးလှသော မူမမှန်မှုများလည်း ရှိနေသေးသည်။ စောင့်ကြည့်လေ့လာသူများမှ အကြံပေးသည်မှာ DEC (ခရိုင်အဆင့် ရွေးကောက်ပွဲကော်မရှင်) များတွင်ရှိသော ရလဒ်များကို တွက်ချက်နိုင်ရေး လုပ်နိုင်စွမ်းများနှင့် ပွင့်လင်းမြင်သာမှုများကို ပိုမိုတိုးမြှင့်ရန်အတွက် အကြံပြုသွားလေသည်။ ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲ အကြိုပွဲစဉ်တွင် Vybroy စနစ် ဆိုက်ဘာတိုက်ခိုက်ခံရမှုဖြစ်ပြီး ပြုတ်ကျကာအချက်အလက်များလက်ခံရေးနှင့် ရွေးကောက်ပွဲနှင့်ဆိုင်သော ကိရိယာများကို တွက်ချက်လုပ်ဆောင်ခြင်းတို့တွင် ပြတ်တောက်မှုများဖြစ်ကာ ကနဦးရလဒ်များကိုကြေငြာရာတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်စေသည်။

ပြည်တွင်းရှိ လေ့လာစောင့်ကြည့်သူများက CEC ကိုဂုဏ်ငြားစနစ် လုံခြုံရေးအား မြှင့်တင်ရန်အတွက် တိုက်တွန်းခဲ့သည်။

CEC နည်းပညာကို အသုံးအများဆုံးသော ဒုတိယနေရာမှာ မဲဆန္ဒရှင်မှတ်ပုံတင်ရေးပင်ဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် မဲဆန္ဒရှင်မှတ်ပုံတင်ရေးစနစ်ကို မြှင့်တင်ပေးရန် ရှေးယခင်ကတည်းက လိုအပ်မှုကို ဖြေရှင်းပေးနိုင်သော၊ ဇဟိုပြုစနစ်နှင့် ကွန်ပြူတာစနစ်ပေါင်းထားသော SVR (ပြည်တွင်းရှိမဲဆန္ဒရှင်များအား စာရင်းရေးသွင်းခြင်း) နှင့် တစ်စုတစ်စည်းတည်းဖြစ်အောင် ပေါင်းထားသော စနစ်တစ်ခုကို ထုတ်ဝေခဲ့သည်။ SVR (ပြည်တွင်းရှိ မဲဆန္ဒရှင်များအား စာရင်းရေးသွင်းခြင်း) စနစ်သည် ၂၀၁၀ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ် အောင်အောင်မြင်မြင် အသုံးချခဲ့ပြီးနောက် ၂၀၁၂ ခုနှစ် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲများတွင် လေ့လာစောင့်ကြည့်သူများထံမှ ချီးကျူးမှုများကိုရရှိခဲ့သည်။ CEC က SVR (ပြည်တွင်းရှိ မဲဆန္ဒရှင်များအား စာရင်းရေးသွင်းခြင်း) စနစ်ကို ကမ္ဘာပေါ်တွင် အတိကျဆုံးသော မဲဆန္ဒရှင် မှတ်ပုံတင်ရေးစနစ်ဟု ပြောဆိုခဲ့သည်။ မဲဆန္ဒရှင်များ၏ SVR (ပြည်တွင်းရှိမဲဆန္ဒရှင်များအား စာရင်းရေးသွင်းခြင်း)စနစ် အတွင်းတွင်ပါဝင်သော ကိုယ်ရေးအချက်အလက်များကို လစဉ် ၇၅၀ သော မြို့အဆင့် မှတ်ပုံတင်ထိန်းသိမ်းရေးဌာနများ ထပ်မံဖြည့်စွက် မွမ်းမံကြသည်။

၂၀၁၂ ပါလီမန်လွှတ်တော် ရွေးကောက်ပွဲများသည် နောက်ထပ် နည်းပညာအသစ်ကို အသုံးချရန်အတွက် နည်းတစ်နည်းကို မြင်ခဲ့သည် : မဲပေးခြင်းနှင့် မဲရေခြင်းလုပ်ငန်းစဉ်ကို တိုးမြှင့်ရန်အတွက် ဝဘ်ကင်မရာများကို မဲရုံများတွင် တပ်ဆင်ထားခြင်းဖြစ်သည်။ ထိုစွန့်ဦး အကြံဉာဏ်သည် ပါလီမန်လွှတ်တော်မှ လာခြင်းဖြစ်ပြီး သိသာထင်ရှားများပြားလှသော ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများလည်း ရရှိလေသည် (ယူရိုသန်း၁၀၀ခန့် ခွဲဝေချပေးခဲ့သည်ဟုဆိုသည်)။ စောင့်ကြည့်လေ့လာသူများသည် ထိုကဲ့သို့ပြုလုပ်ခြင်း၏ အသုံးဝင်ခြင်းကို မေးခွန်းထုတ်ခဲ့ကြပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အရည်အသွေးကို သိသိသာသာ တိုးတက်စေပုံမပေါ်ပေ။ ထိုကဲ့သို့ တစ်ခါသုံးရင်းနှီးမြှုပ်နှံခြင်းများသည် နောက်ပိုင်းတွင် စာရင်းစစ်အသင်း၏ မေးခွန်းထုတ်ခြင်းများကို ခံရလေသည်။ စစ်တမ်းတစ်ခုက ပြောသည်မှာလည်း ဝဘ်ကင်မရာနှင့် စောင့်ကြည့်ခြင်းကို မဲဆန္ဒရှင်တော်တော်များများက သံသယဖြစ်သည်ဟုဆိုသည်။ CEC ဥက္ကဋ္ဌက ပြောသည်မှာလည်း ထိုစနစ်သည် ပါလီမန်လွှတ်တော်မှ မျှော်လင့်ထားသကဲ့သို့ အသုံးပြုသူများ၏ သဘောကျမှုကို သိပ်မရရှိဟုဆိုသည်။ ပြီးနောက်တွင် CEC သည်လည်း ရွေးကောက်ပွဲပြီးချိန်တွင် မဲရုံမှ ဗွီဒီယိုမှတ်တမ်းများကို ပြန်လည်ကြည့်ရှုရန်အတွက် တောင်းခံချက် နစ်ဒါဇင်လောက်သာ ရလိုက်လေသည်။

## ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေး စီမံခန့်ခွဲမှု

ကော်မရှင်အနေနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုချက်အဆိုများကို ရှေ့မှောက်တင်သွင်းနိုင်ရန်နှင့် ၎င်းအား ချမှတ်ပေးထားသော တာဝန်များကို ထမ်းဆောင်ရန်အတွက် ဥပဒေမှ တာဝန်ချမှတ်လေသည်။ CEC သည် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းများတွင် တည်ငြိမ်မှုကိုလိုအပ်ခြင်းနှင့် အများပြည်သူတို့၏ လက်ခံသဘောတူမှုကိုပါ အာရုံစိုက်ပြီး နိုင်ငံရေးပါတီများကို မလိုအပ်သော အပြောင်းအလဲများ လုပ်ခြင်းမှ ရှောင်ကြဉ်နိုင်ရန်အတွက် တိုက်တွန်းထားလေသည်။ ထိုကဲ့သို့သော အနေအထားသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား သိသာထင်ရှားလှသော နိုင်ငံရေးနှင့် လုံခြုံရေး စိန်ခေါ်မှုများအား ဖြေရှင်းရန်အတွက် ဥပဒေမူဘောင်အား ပြင်ဆင်ရန်လိုအပ်နေသော ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲ အကြိုပွဲစဉ်အား ကျင်းပရာတွင် ပါလီမန်လွှတ်တော်နှင့် တွဲပြီးအလုပ်လုပ်ခြင်းကို မတားဆီးနိုင်ခဲ့ချေ။

## ကျား-မ လိင်အမျိုးအစား

၂၀၁၄ ခုနှစ်တွင် CEC အဖွဲ့ဝင် ငါးဦးသည် ဒုဥက္ကဋ္ဌ နှစ်နေရာနှင့် အတွင်းရေးမှူးနေရာ အပါအဝင်တို့သည် အမျိုးသမီးများဖြစ်ကြသည်။ အချို့သော အပြည်ပြည်ဆိုင်ရာ လေ့လာစောင့်ကြည့်သူများမှ ယခင်က မှတ်ချက်ပြုခဲ့သည်မှာ အမျိုးသမီးများသည် အနိမ့်ဆုံးသော မဲဆန္ဒနယ် ရွေးကောက်ပွဲကော်မရှင်များတွင် ကိုယ်စားလှယ်ပြုမှုအရေအတွက် အင်မတန်များပြားနေပြီး ၎င်းတို့သည် ထိုအလုပ်၏ အနိမ့်ဆုံးလုပ်ခမျိုးကိုသာရနေလေသည်။ CEC တွင် ကြေငြာထုတ်ပြန် ထားသော ကျား-မ လိင်ပိုင်းဆိုင်ရာ မူဝါဒများမရှိချေ။ ပါလီမန်အတွင်းရှိ အမျိုးသမီးများ၏ ကိုယ်စားပြုမှုများသည် နိမ့်ကျနေဆဲပင်ဖြစ်သည် (၁၀ ရာခိုင်နှုန်း) ပြီးနောက်တွင် အချို့သော ခွဲခြမ်းသုံးသပ်သူတို့မှ ယုံကြည်သည်မှာ CEC အနေနှင့် နိုင်ငံရေးပါတီများကို အမျိုးသမီးအမတ်လောင်းများ ပိုမိုရွေးချယ်ရန်အတွက် တစ်ခုခုလုပ်နိုင်လိမ့်မည်ဟု ယုံကြည်ကြလေသည်။

## စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

ယူကရိန်းနိုင်ငံရှိ CEC နှင့် ရွေးကောက်ပွဲ ဦးစီးစီမံရေးအတွက် အဆင်သင့်ပင် သိသာ ထင်ရှားနေသော စိန်ခေါ်မှုနှစ်မျိုးရှိသည်။ ပထမတစ်ခုသည် ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲ အကြိုပွဲစဉ်တွင် ဖြစ်ပေါ်လာသော ဖြစ်ရပ်များနှင့် သက်ဆိုင်လေသည်။ ထိုအချိန် ရေးဆွဲချိန်ကာလတွင် လုံခြုံရေးဆိုင်ရာ ပြဿနာများနှင့် တိုင်းပြည်၏ နယ်နိမိတ်ဆိုင်ရာ စည်းလုံးမှုကို ခြိမ်းခြောက်မှုများသည် ယူကရိန်း၏ ဒီမိုကရေစီကို ရုတ်ချည်းပင် ကြီးမားလှသော စိန်ခေါ်မှုများ ဖြစ်ပေါ်နေလေသည်။ ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲ အကြိုပွဲစဉ်သည် ခရိုင်မီးယားတွင် လုံးဝကိုမဖြစ်နိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော ရုရှားမှ ဝင်သိမ်းသွားသောကြောင့် ဖြစ်သည်။ ယူကရိန်းနိုင်ငံအရှေ့ဘက်ရှိ မဲဆန္ဒနယ်အများအပြားလည်း ပါဝင်သည်။ ထိုနေရာများတွင် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို လက်နက်ကိုင်တပ်ဖွဲ့များ၏ နှောင့်ယှက်ဖျက်စီးမှုများရှိနေလေသည်။

CEC အား ရေရှည်စိန်ခေါ်သော ဒုတိယအချက်မှာ အဆင့်အမျိုးမျိုးတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအား နိုင်ငံရေးထဲသို့ သွတ်သွင်းခြင်းနှင့်စပ်ဆိုင်လေသည်။ အငြင်းပွားဖွယ်ရာပင် ထိုအရာသည် ဆိုဗီယက်နိုင်ငံနောက်ပိုင်းပြုလုပ်သော အချို့သော အပြိုင်အဆိုင်အများဆုံးဖြစ်သည့် ရွေးကောက်ပွဲ အများစုအနက်မှ အချို့၏ရှောင်လွှဲမရသော ဘေးထွက်ဆိုးကျိုးလည်းဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ မည်သို့ပင်ဆိုစေကာမူ နိုင်ငံရေးလောကတွင် ဝင်ရောက်ယှဉ်ပြိုင်သူများ၏ အထူးသဖြင့် အာဏာရှိသူများ၏ ရွေးကောက်ပွဲတွင် အသားစီးရရေးအတွက် ဥပဒေလမ်းကြောင်းအရ လက်တလုံးခြား သို့မဟုတ် လိမ်ညာသော လုပ်ရပ်များကို လုပ်နိုင်သည်ဆိုသော စိတ်ပူစရာကောင်းလှသည့် ဖြစ်နိုင်ချေသည် ရွေးကောက်ပွဲ ဦးစီးစီမံရေးတွင် ပါတီဘက်လိုက်ခြင်းကို ကင်းစင်စေရန်အတွက် အခြေအနေပေးသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်ခြင်းမျိုး မရှိသေးချေ။

ယူကရိန်းနိုင်ငံတွင် ရွေးကောက်ပွဲဆိုင်ရာလွတ်လပ်ခြင်းရှိခြင်းသည် တဖြည်းဖြည်းနှင့်ယုံကြည်မှုနည်းနေသော အဆင့်မှ ပုံဖော်လာရခြင်းဖြစ်သည်။ ၂၀၁၂ ရွေးကောက်ပွဲ မတိုင်မီက လုပ်ခဲ့သော စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်မှာ မဲဆန္ဒရှင်များ၏ တစ်ဝက်ကျော်ကျော်ခန့်က ရလဒ်များကို မှားယွင်းလိမ့်မည်ဟု မျှော်လင့်ထားခဲ့ကြောင်း သိရသည်။ ၃၄ ရာခိုင်နှုန်းသော ဖြေကြားသူ တို့လောက်ကသာ CEC အပေါ်တွင် ယုံကြည်မှုရှိကြသည်။ ကော်မရှင်သည် ပါလီမန် လွှတ်တော်ထက်လည်းပိုပြီး အောင်မြင်သည် (၂၃ ရာခိုင်နှုန်း) သမ္မတ (၃၂ ရာခိုင်နှုန်းနှင့်) ဝန်ကြီးများအဖွဲ့ (၂၈ ရာခိုင်နှုန်း) ရှိလေသည်။ ယခင်က

ပြောခဲ့သလိုပင် CEC ဥက္ကဋ္ဌကိုယ်တိုင်မှ ပါတီဘက်လိုက်ပြီး ရွေးကောက်ခြင်းကို နောက်ကော်မရှင် ဖွဲ့စည်းရာတွင် လက်ခံမည်မဟုတ်ကြောင်းနှင့် လက်ရွေးစင်ရွေးချယ်သူများကိုလည်း အတွေ့အကြုံရှိပြီးသား ရွေးကောက်ပွဲ ဦးစီးစီမံသူများနှင့် ပြည်သူ့လူမှုဝန်ထမ်းလုပ်ရှားသူများအနက်မှ ရွေးချယ်သင့်သည်ဟု ငြင်းခုံ ပြောကြားသွားသည်။

CEC အား ပညာရှင်ဆန်ပြီး အဂတိကင်းစင်သော အာဏာပိုင်ဌာနတစ်ခုကဲ့သို့ ထင်မြင်သတ်မှတ်မှု မြင့်မားနေချိန်တွင် အဆင့်နိမ့် ကော်မရှင်များအား ပညာရှင်ဆန်အောင်ပြုမှု ဆောင်ရွက်ပေးနိုင်မှုသည် ခက်ခဲမြဲ ခက်ခဲလျက်ရှိသည်။ နိုင်ငံရေးအရ ယှဉ်ပြိုင်သောသူများသည်လည်း လုပ်ရိုးလုပ်စဉ် အတိုင်းပင် အဆင့်နိမ့် ကော်မရှင် ရာထူးများအတွက် ၎င်းတို့ကိုယ်စားလှယ် ပြုနိုင်ရေးအတွက် အစွမ်းကုန် ယှဉ်ပြိုင်ကြပြီး မကြာခဏဆိုသလိုပင် ကျင့်ဝတ်နှင့်တရားဥပဒေနှင့် ငြိစွန်းသယောင်ယောင်ဖြစ်သော နည်းလမ်းများဖြင့် ယှဉ်ပြိုင်ကြသည်။ IFES(အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ အထောက်အပံ့ပေးရေးအဖွဲ့အစည်း) မှ ကျွမ်းကျင်သူတစ်ဦး စကားဖြင့် ပြောရလျှင် "ရွေးကောက်ပွဲ ကော်မရှင်များ ဖွဲ့စည်းရေးအကြောင်း ဆွေးနွေးတော့မည်ဆိုပါက ရွေးကောက်ပွဲကော်မရှင်များကို မည်မျှအတိုင်းအတာအထိ နိုင်ငံရေးနယ်ထဲ ဆွဲသွင်းမည်ဟုသော ပမာဏကို အသိအမှတ်ပြုလက်ခံရန်အရေးကြီးသည်" ဟူ၍ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ပတ်သက်သူများအားလုံးမှ လက်ခံထားသည်မှာ ဖြစ်နိုင်ချေရှိသော ကော်မတီနှင့် ပူးပေါင်းပြီး ၎င်းတို့၏ ပြိုင်ဘက်များကလိမ်လည်မှုကို ကာကွယ်ရန်အတွက် အကောင်းဆုံးသော ကာကွယ်ရေးနည်းလမ်းမှာ ကော်မတီတွင် ကိုယ်စားလှယ်ထည့်ထားခြင်းပင်ဖြစ်ကြသည်။" ရလဒ်အနေနှင့် ရွေးကောက်ပွဲကော်မရှင်များသည် ပမာဏအနေနှင့် ကြီးနိုင်ပြီး ပါတီဘက်လိုက်မှု ပဋိပက္ခများလည်း ဖြစ်နိုင်သည်။ နိုင်ငံရေးအရယှဉ်ပြိုင်သူများသည် ပုံမှန် လီဆည်မှုများပြုလုပ်ပြီး ၎င်းတို့လက်ရွေးစဉ်ရွေးချယ်ထားသော သူများကို ရွေးကောက်ပွဲ ကော်မရှင် အတွင်းမှထွက်စေသည်။ ထိုသို့လုပ်ခြင်းသည် ရွေးကောက်ပွဲ ဦးစီးစီမံရေး၏ အလုပ်တွင်ကျယ်မှုကို ထိခိုက်စေနိုင်သည်။ တိုးတက်မှု ရှိရန်အတွက် အဆိုတင်သွင်းမှုများတွင် ကော်မရှင်မှ ခန့်အပ်သူများကို ၎င်းတို့အား နိုင်ငံရေးဆိုင်ရာလှုပ်ရှားသူများကို မရွေးချယ်မီတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက် ချမှတ်ရန် ရာထူးမခန့်အပ်မီနှင့် ခံစားခွင့်များ (ငွေကြေး) မတိုးပေးမီ မဖြစ်မနေတာဝန်အရ လေ့ကျင့်သင်ကြားမှုများ သင်ယူရန်တို့ ပါဝင်သည်။ မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲကော်မရှင်၏ ပါတီဘက်လိုက်မှုဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ်ခြင်းသည် နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ဘဝများထဲတွင် ယုံကြည်မှု တိုးပွားပျံ့နှံ့မှု မရှိမချင်း ဖြစ်လာလိမ့်မည်မဟုတ်ချေ။

## ကျမ်းကိုးများ


International Foundation for Electoral Systems [IFES], *Pre-Election Technical Assessment: 2012 Parliamentary Elections in Ukraine* (Washington, D.C.: IFES, 2012)

International Foundation for Electoral Systems [IFES], *Pre-Election Public Opinion in Ukraine: Survey Results* (Washington, D.C.: IFES, 2013)

Mission Canada, *Ukraine Parliamentary Elections*, 2012

OSCE/ODIHR election observation reports from the 1998, 1999, 2002, 2004, 2006, 2007, 2010 and 2012 elections, available at <http://www.osce.org/odihr/elections/ukraine>

OSCE/ODIHR, 'Statement of Preliminary Findings and Conclusions', 26 May 2014, available at <http://www.osce.org/odihr/elections/ukraine/119078?download=true>

# အခန်း ၁၂

# EMB ကွန်ယက်များ

## ရွေးကောက်ပွဲဆိုင်ရာ ကွန်ယက်ဆိုသည်မှာ အဘယ်နည်း၊ အဘယ်ကြောင့် အရေးပါရသနည်း

ဂလိုဘယ်လိုက်ဇေးရှင်းသည် ရွေးကောက်ပွဲဦးစီးစီမံမှုအပါအဝင် အဖွဲ့အစည်းတို့အားစီမံခန့်ခွဲမှုအပေါ်ကို ကြီးစွာသော အပြောင်းအလဲများ ဖြစ်ပေါ်စေခဲ့ပြီး ထိုကဲ့သို့သော အပြောင်းအလဲများသည် EMB ကို ယခင်က လုပ်ခဲ့သော အဆင့်ဆင့်အုပ်ချုပ်ပုံ ဖွဲ့စည်းတည်ဆောက်မှုနှင့် လမ်းကြောင်းများမှ ဖယ်ခွာစေရန်အားပေးလေသည်။ ဒေသဆိုင်ရာနှင့် နိုင်ငံလုံးဆိုင်ရာအဆင့်များတွင်လည်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းလုပ်သူများသည်လည်း ကြုံတွေ့နေကြပြဿနာများကိုအဖြေရှာရန်နှင့် အကြံဉာဏ်များ၊ သတင်းအချက်အလက်များနှင့် အတွေ့အကြုံများကို စဉ်ဆက်မပြတ်မျှဝေခြင်းမှတစ်ဆင့် အကြံဉာဏ်သစ်များကို တည်ဆောက်နိုင်စေရန် ကောင်းမွန်စွာတည်ထောင်ထားသော ကွန်ယက်များမှတစ်ဆင့် အတူတကွပူးပေါင်းလုပ်ဆောင်ကြသူ အရေအတွက်များ တိုးပွားလာလေသည်။

---

ရွေးကောက်ပွဲဆိုင်ရာ ကွန်ယက်များသည် ရွေးကောက်ပွဲများကျင်းပရာ ပတ်ဝန်းကျင်များတွင် အပြောင်းအလဲများကို စီမံနေရသော ကမ္ဘာအနှံ့ရှိ ရွေးကောက်ပွဲ စီမံခန့်ခွဲသူများကို ကူညီရာတွင် အရေးပါလှပေသည်။

---

ရွေးကောက်ပွဲဆိုင်ရာ ကွန်ယက်များသည် ရွေးကောက်ပွဲစီမံခန့်ခွဲသူများအကြား စွမ်းဆောင်ရည်မြှင့်တင်နိုင်မှုကို ပုံမှန်တွေ့ရှိတွေ့စဉ် ပြဿနာမျိုးဖြစ်သော EMB လွတ်လပ်မှု၊ EMB ဘဏ္ဍာငွေ သို့မဟုတ် ရွေးကောက်ပွဲတွင် နည်းပညာအသုံးပြုခြင်း ကဲ့သို့သောပြဿနာများကို ဖြေရှင်းရန်အတွက် အသုံးဝင်သော ဆွေးနွေးခန်းများအဖြစ် ထောက်ပံ့အားပေးခြင်း ပြုနိုင်လေသည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲ သူများအနေနှင့် တစ်ဦးနှင့်တစ်ဦး အဆက်ပြတ်ပြီး ဝေးလံစွာလုပ်ဆောင်ရန်မလိုတော့ သကဲ့သို့ ၎င်းတို့၏ ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို မြှင့်တင်နိုင်ရန်အတွက် ပြင်ပအကူအညီလည်း မလိုတော့ချေ။

## တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကွန်ယက်

ဗြိတိန်တွင် ရှိရှိသမျှသော အကြီးပိုင်းရွေးကောက်ပွဲ စီမံကြီးကြပ်သူများ (ကျင်းပကြေငြာရေး အရာရှိများ) သည် ရွေးကောက်ပွဲဆိုင်ရာ စီစဉ်ညွှန်ကြားသူများအသင်း (AEA) ၏ တွင်ပါဝင်လေသည်။ AEA (ရွေးကောက်ပွဲဆိုင်ရာ စီစဉ်ညွှန်ကြားသူများအသင်း) သည် ပုံမှန်လေ့ကျင့်သင်ကြားရေးများ ပြုလုပ်ပြီး ရွေးကောက်ပွဲစီမံကြီးကြပ်သူများကို အသိပညာပေးခြင်းများပြုလုပ်ကာ၊ ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးပြီး ၎င်း၏အဖွဲ့ဝင်များအတွက် ရင်းမြစ်နှင့် ကျွမ်းကျင်မှုများအတွက် ကွန်ယက်တစ်ခုအနေနှင့် ပြုလုပ်ပေးလေသည်။ ၎င်းအနေနှင့် အစိုးရ EMB များဖြစ်သော ဗြိတိန်၏ ပြည်တွင်းအာဏာပိုင်ဌာနများရှိ ရွေးကောက်ပွဲနှင့်သက်ဆိုင်သော နေရာများတွင် ရာထူးခန့်အပ်ရန်အတွက် မရှိမဖြစ်လိုအပ်သော ပညာရပ်ပိုင်းဆိုင်ရာ အသိအမှတ်ပြု သင်တန်းများလည်း ပေးလေသည်။

အမေရိကန်တွင် တစ်နိုင်ငံလုံးဆိုင်ရာ ပြည်နယ်ရွေးကောက်ပွဲ ညွှန်ကြားရေးမှူးအသင်းနှင့် တစ်နိုင်ငံလုံးဆိုင်ရာ ပြည်နယ်အတွင်းရေးမှူးများအသင်းသည် ရွေးကောက်ပွဲစီမံခန့်ခွဲသူများကို ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် တာဝန်ထမ်းဆောင်နိုင်စွမ်းတို့ကိုမြှင့်တင်ပြီး ထင်မြင်ချက်များကိုဖလှယ်ရန်အတွက် အသုံးဝင်လှသော ဆွေးနွေးခန်းများအဖြစ်ဆောင်ရွက်ပေးသည်။ အပြည်ပြည်ဆိုင်ရာစာရေး၊ စာရင်းထိန်း၊ ရွေးကောက်ပွဲအရာရှိနှင့် ဘဏ္ဍာထိန်းများအသင်း (IACREOT) သည် ၎င်း၏ အဖွဲ့ဝင်များအတွက် ပုံမှန် ရွေးကောက်ပွဲဆိုင်ရာ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုသင်တန်းများလုပ်ပေးလေပြီး နှစ်စဉ် ရွေးကောက်ပွဲနှင့်သက်ဆိုင်သော ကိရိယာများနှင့်ပစ္စည်းများအတွက် ကုန်စည်ပြပွဲများ ပြုလုပ်ပေးလေသည်။ တစ်နိုင်ငံလုံးဆိုင်ရာ စာရေးနှင့် ကောင်တီစာရင်းထိန်းများ (NACRA)၊ ရွေးကောက်ပွဲဌာနနှင့် တစ်နိုင်ငံလုံးဆိုင်ရာ ကောင်တီနယ်များအသင်းတို့သည်လည်း မြို့အဆင့် ရွေးကောက်ပွဲအရာရှိရာထူးအတွက် ရွေးကောက်ပွဲများကို ကျင်းပပေးလေသည်။

အမျိုးသားအဆင့်နှင့် ပြည်နယ်အဆင့် ရွေးကောက်ပွဲ ကော်မရှင်အရာရှိများဖြင့် ဖွဲ့စည်းထားသော တိုင်ပင်ဆွေးနွေးရာနေရာဖြစ်သော ဩစတြေးလျ ရွေးကောက်ပွဲကောင်စီသည် ပုံမှန်တွေ့ဆုံလေ့ရှိသည်။ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ ဩစတြေးလျတစ်ခွင်ရှိ ရွေးကောက်ပွဲများအားလုံး၏ ရွေးကောက်ပွဲမှတ်ပုံတင်များအားလုံး၏ အရည်အသွေးများကို သေချာပေါက် ကောင်းမွန်စေရန်အတွက်ဖြစ်ပြီး ယေဘုယျအားဖြင့် ဩစတြေးလျရွေးကောက်ပွဲ စီမံကြီးကြပ်ရေးကိုတိုးတက်စေရန် သာလျှင်ဖြစ်သည်။ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားရှိ ရွေးကောက်ပွဲတာဝန်ခံများအသင်း (AEOBiH) တွင် ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားရှိ ဌာနသုံးခု၏ ရွေးကောက်ပွဲတာဝန်ခံအရာရှိများပါဝင်ပြီး ဒီမိုကရေစီဆန်၊ ပွင့်လင်းပြီး၊ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲများအား မြှင့်တင်ရန်အတွက် ဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများနှင့် အခြားသော တိုင်ပင်ဆွေးနွေးမှုများကိုလည်းပြုလုပ်ကြသည်။ ထိုကဲ့သို့သော လုပ်ရပ်မျိုးသည် EMB အကြီးစားကြီးများကို အတွေ့အကြုံများ၊ ဥပဒေပြုချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စများတွင် ဥပဒေဆိုင်ရာအခင်းဖြစ်စဉ်များ ဖလှယ်ရန်အတွက် ပေါင်းစည်းပေးခဲ့သော အာဂျင်တီးနားနိုင်ငံ စီရင်စုရွေးကောက်ပွဲဌာနများဆိုင်ရာ ဆွေးနွေးရေးအဖွဲ့ချုပ်မှလည်း လုပ်ခဲ့သည်။

## ဒေသဆိုင်ရာ EMB ကွန်ယက်များ

၁၉၈၀ ပြည့်လွန်နှစ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် EMB များအကြား ဒေသဆိုင်ရာ ပူးပေါင်းလုပ်ဆောင်မှုများ အင်အားကောင်းလာပြီး ပူးပေါင်းလုပ်ဆောင်မှုလုပ်ဆောင်ရန်နှင့် တာရှည်ထိန်းသိမ်းရန်အတွက် ဒေသဆိုင်ရာ အသင်းအဖွဲ့များကိုလည်း အများအပြား တည်ထောင်လာကြသည်။

အစောပိုင်းဒေသဆိုင်ရာ ရွေးကောက်ပွဲအသင်းအဖွဲ့များ၏ ဦးတည်ချက်များသည် ၁၉၈၀ ပြည့်လွန်နှစ်များ ကတည်းက ရေးဆွဲထားခြင်းဖြစ်သော်လည်း အင်မတန်မှယေဘုယျသဘောဆန်လှပြီး မူဘောင်တစ်ခုက လုပ်ဆောင်လိုသော အရာများကို တိကျသော ကတိကဝတ်မရှိဘဲ ထောက်ပြထားရုံသာသာမျှသာရှိသည်။ ဂွါတီမာလာနိုင်ငံတွင် ၁၉၈၅ ခုနှစ်က တည်ထောင်ခဲ့သော အမေရိကအလယ်ပိုင်းနှင့် ကရစ်ဘီယံရှိ ရွေးကောက်ပွဲဌာနများဆိုင်ရာအသင်း (တီကယ်လ် လုပ်ငန်းစဉ်ဟုလည်းခေါ်) သည် ပူးပေါင်းဆောင်ရွက် ရေး၊ သတင်းအချက်အလက်များဖလှယ်ရေးနှင့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရေးအတွက် ဒီဇိုင်းရေးဆွဲ ထားသော ရွေးကောက်ပွဲဆိုင်ရာအသင်းအဖွဲ့ဌာနတစ်ခုဖြစ်သည်။ ၎င်း၏ အကြံပေးချက်များသည်လည်း ၎င်း၏ အဖွဲ့ဝင်အသင်းအဖွဲ့များအား မလုပ်မနေရ ချည်နှောင်ထားခြင်းမျိုးမရှိပါ။ တောင်အမေရိက ရွေး ကောက်ပွဲ အဖွဲ့အစည်းအသင်း (ကီတိုလုပ်ငန်းစဉ်) သည် ၁၉၈၉ ခုနှစ်တွင် ထိုနည်းတူပင် ပေါ်ပေါက်လာ ခဲ့လေသည်။

အမေရိကန်ပြည်ထောင်စုပေါင်းစုံဆိုင်ရာ ရွေးကောက်ပွဲ အဖွဲ့အစည်း (UNIORE) သည် တီကယ်လ် နှင့် ကီတိုလုပ်ငန်းစဉ်များအောက်တွင် ဖန်တီးထားသော ရွေးကောက်ပွဲဆိုင်ရာအသင်းအဖွဲ့များနှင့် အဖွဲ့ အစည်းများအကြားရှိ ပူးပေါင်းလုပ်ဆောင်မှုအား မြှင့်တင်ရန်အတွက် ၁၉၉၁ တွင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်လိုက်ခြင်းသည် အကူအညီတောင်းခံသော အဖွဲ့ဝင်နိုင်ငံများကို တတ်နိုင်သမျှ ဖြစ်နိုင်သမျှ အကူအညီနှင့် အထောက်အပံ့ပေးရန်အတွက် ဖြစ်နိုင်ချေရှိသော နယ်ပယ်ကို ချဲ့ထွင်လိုက်ခြင်း ပင်ဖြစ်သည်။ ကော့စတာရီကာတွင် အခြေစိုက်သော ရွေးကောက်ပွဲမြှင့်တင်ရေးအထောက်အပံ့ဆိုင်ရာဌာန (CAPEL) သည် ၁၉၈၃ တွင် တည်ထောင်ထားခြင်းဖြစ်ပြီး ထိုကွန်ယက်များ၏ ကြီးကြပ်ရေး အထွေထွေ အတွင်းရေးမှူးဌာနအဖြစ် တာဝန်ထမ်းဆောင်လေသည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် တည်ထောင်ခဲ့သော အသင်းအဖွဲ့များ၏ ဦးတည်ချက်များထဲတွင် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာတို့ အတွက် ပါဝင်ဖွဲ့စည်းထားသော အရာများသည် ထင်ထင်ရှားရှားပြသထားသော်လည်း လွတ်လပ်ပြီး မျှတသော၊ သိက္ခာရှိသည့် ရွေးကောက်ပွဲများ၊ လွတ်လပ်ပြီး ဘက်မလိုက်သော EMB များနှင့် ပွင့်လင်း မြင်သာမှုရှိသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကဲ့သို့သော ကျယ်ပြန့်လှသည့် တူညီသည့် ရည် ရွယ်ချက်များအား ပိုမိုအာရုံစိုက်ထားခဲ့လေသည်။ ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် ကျင့်ထုံးများတိုးတက် ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူများ၏ ပါဝင်ပတ်သက်မှုကိုမြှင့်တင်ခြင်း နိုင်ငံရေးအရ ဝင် ရောက်ယှဉ်ပြိုင်သူများနှင့် ပါတီစွဲကင်းသော NGO များ ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွင်း ပါဝင်ရေးနှင့် သုတေသနနှင့် သတင်းအချက်အလက်တို့အတွက် ရင်းမြစ်ဌာနများကို တည်ထောင်ခြင်းကဲ့သို့သော တူညီသည့် ဒေသဆိုင်ရာ ရည်ရွယ်ချက်များကို အလေးထားခဲ့ကြလေသည်။ ထိုအဖွဲ့အစည်းများသည် အရည်အသွေးမြင့်မား၊ ပြည်သူများအတွက် မျက်စိဖွင့်နားစွင့်၊ ဗဟုသုတကြွယ်ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် အတွေ့အကြုံရှိသော ရွေးကောက်ပွဲဆိုင်ရာအရာရှိများ ပညာရပ်ပိုင်းဆိုင်ရာတိုးတက် မှုကိုအလေးပေးခဲ့ပြီး ဒီမိုကရက်တစ်ရွေးကောက်ပွဲများအတွက်လည်း သန္နိဋ္ဌာန်ခိုင်မာစွာချထားလေသည်။

ထို အတိုင်းအတာဘက်များကို အချို့သော အသင်းအဖွဲ့များက အမျိုးအစားခွဲထားလေသည်

- ၁၉၉၁ တွင် တည်ထောင်ခဲ့သော ဥရောပ ရွေးကောက်ပွဲ အရာရှိများ အသင်း (ACEEEO)
- ၁၉၉၇ တွင် တည်ထောင်ခဲ့သော အာဖရိက ရွေးကောက်ပွဲ အာဏာပိုင်များ အသင်း
- ၁၉၉၈ တွင် တည်ထောင်ခဲ့သော အာရှရွေးကောက်ပွဲ အာဏာပိုင်များ အသင်းနှင့်
- ၁၉၉၈ တွင် တည်ထောင်ခဲ့သော ကရစ်ဘီယံ ရွေးကောက်ပွဲအသင်းအဖွဲ့တို့ဖြစ်ကြသည်။

ထိုကွန်ယက်များ၏ လုပ်ဆောင်ချက်တာဝန်များသည် အသေးစိတ်အားဖြင့် ကွဲပြားသော်လည်း ၎င်းတို့ ချိန်ရွယ်သည်မှာ ရွေးကောက်ပွဲတာဝန်ထမ်းဆောင်သူများအကြား သတင်းအချက်အလက်များ လွတ်လပ်စွာ စီးဆင်းစေရေးနှင့် ၎င်းတို့၏ EMB အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ ပေးရေးပင်ဖြစ်သည်။ ဥပမာအားဖြင့် ACEEEO (ဥရောပရွေးကောက်ပွဲ အရာရှိများအသင်း) က ချမှတ်ခဲ့သောလမ်းစဉ်များတွင် :

- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် လုပ်ငန်းစဉ်များ၊ နည်းပညာများ၊ ကြီးကြပ်စီမံရေး လုပ်ဆောင်ချက်များနှင့် မဲဆန္ဒရှင်များအား အသိပညာပေးရေးတို့နှင့်ဆိုင်သော ကျွမ်းကျင်မှုနှင့် သတင်းအချက်အလက်များကို ဖလှယ်ခြင်းမှတစ်ဆင့် ထိန်ချန်ခြင်းကင်းသော ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲများ မြှင့်တင်ရေး
- ရွေးကောက်ပွဲဆိုင်ရာ အရာရှိများနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာစောင့်ကြည့်သူများအားလေ့ကျင့်သင်ကြားရေးနှင့် အသိပညာထပ်မံသင်ကြားရေးတို့ကို မြှင့်တင်ခြင်း
- လွတ်လပ်ပြီး ဘက်မလိုက်သော ရွေးကောက်ပွဲ အာဏာပိုင်များနှင့် ဦးစီးကြီးကြပ်သူများအတွက် စည်းမျဉ်း စည်းကမ်းများကို မြှင့်တင် တည်ထောင်ခြင်း
- အရည်အသွေးမြင့်မား၊ ပြည်သူ့အသံကို မျက်စိဖွင့်နားစွင့်၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအပေါ်တွင် သိနားလည်ပြီးဒီမိုကရက်တစ် ရွေးကောက်ပွဲများကို စိတ်ပါလက်ပါလုပ်လိုသော ပညာရှင်ဆန်သည့် ရွေးကောက်ပွဲအရာရှိများကို မွေးမြူခြင်း
- ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ပြည်သူများ၊ နိုင်ငံရေးအရ ပါဝင်ယှဉ်ပြိုင်သူများနှင့် ဘက်မလိုက်သော အရပ်ဖက်အဖွဲ့အစည်းများ၏ ပါဝင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို မြှင့်တင်ခြင်းနှင့်
- ရွေးကောက်ပွဲနှင့် သက်ဆိုင်သော သတင်းအချက်အလက်များနှင့် သုတေသနဆိုင်ရာ ရင်းမြစ်များကို တည်ထောင်ခြင်း

ထိုအချိန်တွင်ပင် အခြားသော ဒေသဆိုင်ရာကွန်ယက်များသည်လည်း ဖြစ်ပေါ်လာပြီး ပစိဖိတ်ကျွန်းနိုင်ငံများ ဩစတြေးလျ၊ နယူးဇီလန်နှင့် ရွေးကောက်ပွဲဦးစီးကြီးကြပ်ရေး ကွန်ယက် (PIANZEA) နှင့် SADC (တောင်အာဖရိကဖွံ့ဖြိုးရေးအုပ်စု)၏ ECF (ရွေးကောက်ပွဲဆိုင်ရာကော်မရှင်ဆွေးနွေးခန်း) တို့ပါပါဝင်လာသည်။ နောက်ဆယ်စုနှစ်တွင် အန်ဒီယန် အသိုင်းအဝိုင်း၏ အန်ဒီယန်ရွေးကောက်ပွဲကောင်စီ၊ ခနေသဟာယ ရွေးကောက်ပွဲ ကွန်ယက်(CEN)၊ တောင်အမေရိကနိုင်ငံ ပြည်ထောင်စုများ၏ ရွေးကောက်ပွဲကောင်စီ (UNASUR)၊ တောင်အာဖရိက ပြည်ထောင်စု၏ ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန ဆွေးနွေးခန်း (FEMBoSA)၊ အာဖရိက အရှေ့ပိုင်း အသိုင်းအဝိုင်း၏ အမျိုးသားရွေးကောက်ပွဲ ကော်မရှင်ဆွေးနွေးခန်း၊ ရွေးကောက်ပွဲ ကော်မရှင်များ၏ ECOWAS ကွန်ယက် (ECONEC) နှင့် ပြင်သစ်စကားပြော ရွေးကောက်ပွဲ အာဏာပိုင်များ၏ ကွန်ယက် (RECEF) ကဲ့သို့သော ဒေသဆိုင်ရာ ကွန်ယက်များလည်း အများအပြား တည်ထောင်လာကြသည်။

ရွေးကောက်ပွဲ အဖွဲ့အစည်းများ၏ အသင်းများမှ တစ်ဆင့် ဒေသဆိုင်ရာ ပူးပေါင်းလုပ်ဆောင်မှုမှ ရရှိလာနိုင်ဖွယ်ဖြစ်သော အကျိုးကျေးဇူးများမှာ သိသာလှပေသည်။ EMB အသစ်များအနေနှင့် ဖွံ့ဖြိုးပြီးသား ရွေးကောက်ပွဲ အာဏာပိုင်များထံမှ အထောက်အပံ့နှင့် ကျွမ်းကျင်မှုများကိုလည်း ဆွဲယူနိုင်သည်။ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ လဲလှယ်ခြင်းဖြင့်လည်း ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ကာ အကြောင်းကြာစာ ခပ်တိုတိုမျှဖြင့်လည်း ရွေးကောက်ပွဲတွင်အသုံးပြုသော ကိရိယာများကို ငှားပင်ငှားရမ်းနိုင်လေသည်။

EMB ကွန်ယက်များ၏ တိုးတက်မှုသည် လက်တွေ့တွင် EMB အဖွဲ့အစည်းတစ်ခုချင်းစီကို သက်ရောက်သော ကိစ္စနှစ်ရပ်ဖြင့် အတားအဆီးကဲ့သို့ အမြဲကြုံတွေ့နေရသည်။ အဖွဲ့အစည်း၏ လှုပ်ရှားမှုများတွင်ပါဝင်ရန်အတွက် ရင်းမြစ်မရှိခြင်းနှင့် ၎င်းတို့၏ ရရှိထားသော လွတ်လပ်မှုပျောက်ဆုံးမည်ကို ကြောက်ရွံ့ခြင်းပင်ဖြစ်သည်။ အချို့သော EMB များသည် ဝင်ရောက်လုပ်ကိုင်ရန်အတွက် မဝံ့မရဲဖြစ်ပြီး နောက်ဆုတ်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် အစိုးရအပေါ်တွင် ခရီးထွက်ရန်၊ သုတေသနပြုရန် သို့မဟုတ် အခြားသော အစီအစဉ်လုပ်ဆောင်မှုများပြုရန်အတွက် လိုအပ်သောရင်းမြစ်များကို အစိုးရထံမှ မှီခိုရခြင်းသည် ၎င်းတို့၏ လွတ်လပ်မှုကိုထိခိုက်မည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ ရင်းမြစ်ပိုင်းဆိုင်ရာ မလုံလောက်သော အတားအဆီးများသည် အသင်းအဖွဲ့၏ လုပ်ဆောင်နိုင်စွမ်းတို့ကို ကန့်သတ်လိုက်ပြီး ပြင်ပဘဏ္ဍာငွေ ထောက်ပံ့မှုကိုသာလျှင် မှီခိုနေရသောအခြေအနေသို့ ရောက်သွားစေလေသည်။

## တစ်ကမ္ဘာလုံးဆိုင်ရာ ရွေးကောက်ပွဲ ကွန်ယက်များ

ရွေးကောက်ပွဲဆိုင်ရာ အသင်းအဖွဲ့များ၏ ဒေသဆိုင်ရာအသင်းအဖွဲ့များ တည်ထောင်မှုနှင့် နိုင်ငံတကာ ဒီမိုကရက်တစ်ရွေးကောက်ပွဲများ၏ စံချိန်စံနှုန်းများကို ထောက်ခံအားပေးခြင်းမှ ရွေးကောက်ပွဲများကို နိုင်ငံတကာနှင့် ချိတ်ဆက်မိအောင်ပြုခြင်းသည် EMB တို့ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးရန် ကမ္ဘာ့ဆွေးနွေးခန်းတစ်ခုကို တည်ထောင်ရန်ဖြစ်သွားလေသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ရွေးကောက်ပွဲအသင်း (GEO) ကွန်ယက်၏ အိုတာဝါ၌ ဧပြီလ ၁၉၉၉ တွင် ပြုလုပ်သော တွေ့ဆုံပွဲသည် ရွေးကောက်ပွဲ အရာရှိများ၏ ကမ္ဘာအနှံ့မှ ဒေသဆိုင်ရာ အသင်းအဖွဲများ တွေ့ဆုံမှုဖြစ်သည်။ နောက်ဆက်တွဲအနေနှင့် တွေကဆုံပွဲများကို မက္ကဆီကို (၂၀၀၃)၊ ဟန်ဂေရီ (၂၀၀၅)၊ အမေရိကန် (၂၀၀၇)၊ ဘော့စ်တနာဝါ (၂၀၁၁) နှင့် တောင်ကိုရီးယား (၂၀၁၃) တို့တွင် ကျင်းပခဲ့သည်။ GEO(တစ်ကမ္ဘာလုံးဆိုင်ရာ ရွေးကောက်ပွဲအသင်း) ၏ တွေ့ဆုံပွဲများသည် ရွေးကောက်ပွဲဆိုင်ရာအရာရှိများ၏ အသင်းအဖွဲ့များကို တစ်ကမ္ဘာလုံးဆိုင်ရာ ပညာရှင်ကွန်ယက်များနှင့်တွေ့ဆုံပြီး ဆွေးနွေးပွဲဖွဲ့ကာ ရွေးကောက်ပွဲအုပ်ချုပ်ပုံတွင် လိုအပ်သောနေရာများနှင့် ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြုလုပ်ပေးနိုင်သော အစီအစဉ်များကို ဖော်ထုတ်နိုင်ရန်အတွက် အခွင့်အရေးပေးလေသည်။

ကိုရီးယား သမ္မတနိုင်ငံ၏ အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် အောက်တိုဘာလ ၂၀၁၃ GEO(တစ်ကမ္ဘာလုံးဆိုင်ရာရွေးကောက်ပွဲအသင်း)၏ဆဌမမြောက်တွေ့ဆုံပွဲတွင်၎င်း၏ကမ္ဘာ့ရွေးကောက်ပွဲဌာနများအသင်း (A-WEB) အသင်း၏ စတင်တွေ့ဆုံပွဲကိုစတင်ပြီး ဦးဆောင်ခဲ့သည်။ A-WEB (ကမ္ဘာ့ရွေးကောက်ပွဲဌာနများအသင်း) သည် ကမ္ဘာအနှံ့တွင် လွတ်လပ်၊ မျှတပြီး၊ ပွင့်လင်းမြင်သာကာ အားလုံးပါဝင်နိုင်သော ရွေးကောက်ပွဲများကို ထိထိရောက်ရောက် တွင်တွင်ကျယ်ကျယ်လုပ်ဆောင်နိုင်ရန်အတွက် ပြုစုပျိုးထောင်ရန် ဟူသော အမြင်ဖြင့် ဖန်တီးထားသော နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည်။ A-WEB တွင် အဖွဲ့ဝင်နိုင်ခွင့်သည့် နိုင်ငံအဆင့် EMB များအတွက် ဖွင့်လှစ်ပြီးသားဖြစ်လေသည်။ EMB များ၏ ဒေသဆိုင်ရာ အသင်းအဖွဲ့များသည် A-WEB (ကမ္ဘာ့ရွေးကောက်ပွဲဌာနများအသင်း) သို့ဝင်ရောက် ပါဝင်ကောင်းပါဝင်နိုင်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲနှင့်သက်ဆိုင်သော အဖွဲ့အစည်းများသည်မိတ်ဖက်အဖွဲ့များ ဖြစ်လာနိုင်သည်။

ACE ဟူသော ရွေးကောက်ပွဲဆိုင်ရာ အသိပညာဖြန့်ဝေရေး ကွန်ယက် (<http://www.aceproject.org>) သည်မူလ ရွေးကောက်ပွဲကုန်ကျစရိတ်များနှင့် ကြီးကြပ်စီမံရေးမှ စဉ်ဆက်မပြတ်ဖြစ်တည်လာပြီး ပြောင်းလဲလာကာ နိုင်ငံတကာ IDEA (အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲထောက်ပံ့ရေးအသင်း) EISA (အာဖရိကတောင်ပိုင်း ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်း)၊ ကနေဒါ ရွေး

ကောက်ပွဲ ၊ မက္ကဆီကို၏ INE (နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ အဖွဲ့အစည်း ) IFES (အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲစနစ် ဖောင်ဒေးရှင်း) ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးဆိုင်ရာဌာန (UNDESA)၊ UNEAD (ကုလသမဂ္ဂရွေးကောက်ပွဲအတွက် အထောက်အပံ့ပေးသောဌာနခွဲ)၊ ကာတာဌာနနှင့် UNDP (ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်) တို့၏ အားစိုက်ထုတ်မှုပူးပေါင်းမှုများအကြားမှ ရရှိလာသော ရလဒ်ဖြစ်သည်။ ACE ရွေးကောက်ပွဲဆိုင်ရာ အသိပညာဖြန့်ဝေရေးကွန်ယက်သည် လှုပ်ရှားသက်ဝင်လျက်ရှိပြီး ရွေး ကောက်ပွဲဆိုင်ရာ အလုံးစုံရှင်းလင်းသော သက်ဆိုင်ရာအာဏာပိုင်တို့နှင့် သက်ဆိုင်သော သတင်းအချက် အလက်တို့ကို အွန်လိုင်းမှ အသိပညာပေးသောဝန်ဆောင်မှုဖြစ်ပြီး ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ပညာရှင်များအကြား ဆက်သွယ်ရေးကိုမြှင့်တင်ပြီး စွမ်းဆောင်ရည် မြှင့်တင်မှုဝန်ဆောင်မှုများကိုလည်း ပေးလေသည်။ ၎င်းသည် ရွေးကောက်ပွဲများ၏ ရှုထောင့်ပေါင်းစုံကို အနီးစပ်ဆုံးသော သတင်းအချက် အလက်များပေးပြီး ကုန်ကျစရိတ်၊ တာရှည်ခံနိုင်မှု၊ ပညာရှင်ဆန်မှုနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့တွင် ယုံကြည်မှုအပေါ် အာရုံစိုက်လေသည်။ ၎င်း၏ ကွန်ယက်ထဲတွင်ပါဝင်သော ACE တာဝန်ရှိသူများ ကွန်ယက်သည် ပညာရပ်ပိုင်းဆိုင်ရာ အကြံပေးဝန် ဆောင်မှုများလုပ်ရန်အတွက် တစ်ကမ္ဘာလုံးအနှံ့မှ ရွေးကောက်ပွဲဆိုင်ရာ ပညာရှင်များ၏ ကွန်ယက်ကို အွန်လိုင်းမှ ချိတ်ဆက်ပေးလေသည်။ ၎င်းသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလုပ်ဆောင်နေသူများကို ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စများနှင့် စိန်ခေါ် မှုများကို ဗဟုသုများရယူနိုင်ရန်၊ မျှဝေနိုင်ရန်နှင့် ပြန်လည် အသုံးချနိုင်ရန်၊ ဖြေရှင်းနည်း အလွယ်များကို တည် ဆောက်နိုင်ရန်နှင့်ထိုယုံကြည်ရသော၊တာရှည်ခံသော၊ငြိမ်ဝပ်ပိပြားပြီးငွေကုန်ကြေးကျသည်နှင့်တန်သော ရွေးကောက်ပွဲများနှင့် သက်ဆိုင်သောလုပ်ရပ်များကို လုပ်ကိုင်ရသော သူတို့၏ ပညာရှင်ဆန်မှုကို တိုး တက်စေရန် ပူးပေါင်းလုပ်ဆောင် ဖြေရှင်းခြင်းကို အားပေးလေသည်။

လူမှုကွန်ယက် ကျယ်ပြန့်လာသည်နှင့်အမျှ ရွေးကောက်ပွဲပညာရှင်များ အကြား အဆက်အသွယ် များရှိလာပြီးဖြစ်ပြီး ရွေးကောက်ပွဲများနှင့် သက်ဆိုင်သော ဂရုများ၊ ဖိုရမ်များသည်လည်း ဖေ့စ်ဘွတ်ခ်၊ LinkedIN နှင့် အခြားသော ဆင်တူလူမှုမီဒီယာများတွင် ပေါ်ပေါက်လာပြီဖြစ်သည်။ ထိုကဲ့သို့သော ကွန်ယက်မျိုးသည် အတွေ့အကြုံများမျှဝေရန်၊ ကျွမ်းကျင်မှုများကို ဖေါ်ထုတ်ရန်နှင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သောကိစ္စများကို မြှင့်တင်ရန် ထပ်တိုးအခွင့်အရေးများကို ပေးနိုင်လေသည်။

အချို့သော ရွေးကောက်ပွဲဆိုင်ရာကိစ္စများကို ကမ္ဘာ့အဆင့် စစ်ဆေးမှုပြုလုပ်ခြင်းနှင့် ဒေသ ဆိုင်ရာ အဆင့်သို့မဟုတ် နိုင်ငံအဆင့်တို့တွင် ပြန်အသုံးချနိုင်ရန်အတွက် အဆင့်တစ်ဆင့်ခံပြီး ပြုလုပ် ပေးခြင်းသည် ကောင်းကျိုးရှိနိုင်သည်။ ထိုကိစ္စများတွင် တိုးတက်လာသော ရွေးကောက်ပွဲစီမံကြီးကြပ် ရေးတွင် ငွေကုန်ကြေးကျသည်နှင့် ထိုက်တန်ခြင်း၊ ရွေးကောက်ပွဲစီမံခန့်ခွဲရေးတွင် ကျင့်သုံးပုံများကောင်း လာခြင်းနှင့် စည်းမျဉ်းစည်းကမ်းများ တိုးတက်လာခြင်း၊ ရွေးကောက်ပွဲဆိုင်ရာနည်းပညာသစ်များ တတ် နိုင်လာခြင်းနှင့် ထိရောက်လာခြင်း၊ ရွေးကောက်ပွဲများအတွက် ဥပဒေဆိုင်ရာမူဘောင်နှင့် ဆန္ဒခံယူပွဲများ နှင့် ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ခြင်းကို အားကောင်းစေနိုင်သော ယန္တရားများတို့ပါဝင်သည်။

## ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးသော ကွန်ယက်များ

ကမ္ဘာ့နေရာတော်တော်များများတွင် တစ်နိုင်ငံလုံးဆိုင်ရာအဆင့် သို့မဟုတ် ဒေသဆိုင်ရာ ရွေး ကောက်ပွဲထောက်ပံ့ရေး ကွန်ယက်များတွက် CSO (အရပ်ဖက်လူမှုအဖွဲ့အစည်း) များ ပါဝင်ဖွဲ့စည်းထား ပြီး ဒီမိုကရေစီ မြှင့်တင်ရေးအသင်းအဖွဲ့များ၊ မီဒီယာအသင်းအဖွဲ့များ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့များနှင့် အခြားသော အသိုင်းအဝိုင်း အခြေပြု အဖွဲ့အစည်းများကဲ့သို့သော အဖွဲ့အစည်းများ ဖြစ်ကြသည်။ ဥပမာများတွင် ဇင်ဘာဘွေ

ရွေးကောက်ပွဲ အထောက်အပံ့ပေးရေး ကွန်ယက် (ZESN) နှင့် အင်ဒိုနီးရှားတွင် နိုင်ငံတော်အဆင့် ဖွဲ့စည်းထားသော သဒ္ဓါအခြေပြု ပြည်သူ့ မဲအသိပညာပေးရေး ကွန်ယက် (JPPR) နှင့် လွတ်လပ်သော ရွေးကောက်ပွဲ အတွက် အာရှကွန်ယက် (ANFREL) နှင့် ဒေသဆိုင်ရာအဆင့်ရှိ SADC (တောင်အာဖရိက ဖွံ့ဖြိုးရေးအုပ်စု) ရွေးကောက်ပွဲအထောက်အပံ့ပေးရေးကွန်ယက်တို့ပါဝင်သည်။ အချို့သောရွေးကောက်ပွဲ အထောက်အပံ့ပေးရေး ကွန်ယက်များသည် ရွေးကောက်ပွဲစောင့်ကြည့်ရေးနှင့် ကြီးကြပ်ရေးတို့တွင် အထူးပြုသော်လည်း အတော်များများကမူ EMB များကို ရွေးကောက်ပွဲဆိုင်ရာကိစ္စများတွင် သုတေသန ပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် မဲဆန္ဒရှင်များအား အသိပညာပေးရေးနှင့် သတင်းအချက်အလက်များ မျှဝေရေးတို့တွင် ကူညီကြလေသည်။ ရွေးကောက်ပွဲကူညီထောက်ပံ့ရေး ကွန်ယက်များသည် EMB များ အတွက် အင်မတန်မှ အလုပ်တွင်စေသော မိတ်ဖက်များဖြစ်နိုင်လေသည်။ ပြည်တွင်းရှိအသိုင်းအဝိုင်းများကို ချိတ်ဆက်ရန် အဆက်အသွယ်များသုံးပြီး ဘဏ္ဍာငွေရရှိရန်၊ အထူးဖြင့် ဒီမိုကရေစီရကာစနိုင်ငံများတွင် အလှူငွေဘဏ္ဍာများရရှိရန်၊ ၎င်းတို့၏ ကျွမ်းကျင်မှုများကို မြှင့်တင်ရန်နှင့် ၎င်းတို့ထံမှ သို့မဟုတ် ၎င်းတို့ထံသို့ လာသော သတင်းအချက်အလက်များကို အားကောင်းစေရန်ပြုလုပ်လေသည်။

## အခန်း အနှစ်ချုပ်

- ရွေးကောက်ပွဲ ကွန်ယက်များသည် သတင်းအချက်အလက်များဖလှယ်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် တိုးတက်ရေးတို့ဖြစ်စေရန်အတွက် မြှင့်တင်ပေးလေကာ၊ EMB များကို အလေ့အထကောင်းများနှင့် အတွေ့အကြုံများ မျှဝေနိုင်ရန်အတွက် အခွင့်အလမ်းများ ပေးလေသည်။
- ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ ဗြိတိန်နှင့် ယူအက်စ်အေတို့တွင်ရှိသော ရွေးကောက်ပွဲဆိုင်ရာ ဦးစီးစီမံရေး အတွက် နိုင်ငံတော်အဆင့် အသင်းအဖွဲ့များသည် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု၊ သတင်းအချက်အလက်မျှဝေမှုနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့တွင် လော်ဘီ လုပ်ပေးသော အုပ်စုများအနေနှင့် တာဝန်ထမ်းဆောင်နိုင်လေသည်။
- ဒေသဆိုင်ရာ EMB ကွန်ယက်များသည် EMB များအား ကူညီထောက်ပံ့ရန်အတွက် သက်တမ်း ပိုရင့်သော EMB များထံမှ အတွေ့အကြုံများယူခြင်း၊ ကိုယ်စားလှယ်များ ဖလှယ်ခြင်း၊ သုတေသနနှင့် သတင်းအချက်အလက်များ စုစည်းခြင်းနှင့် ကိရိယာများမျှဝေသုံးစွဲခြင်းတို့ဖြင့် အခွင့်အလမ်းများ ပေးနိုင်သည်။
- တစ်ကမ္ဘာလုံးဆိုင်ရာ ရွေးကောက်ပွဲကွန်ယက်များဖြစ်သော ACE ရွေးကောက်ပွဲအသိပညာဗဟုသုတ မျှဝေရေးကွန်ယက်၊ GEO (တစ်ကမ္ဘာလုံးဆိုင်ရာ ရွေးကောက်ပွဲအသင်း) ကွန်ယက်နှင့် A-WEB (ကမ္ဘာ့ရွေးကောက်ပွဲဌာနများအသင်း) တို့သည် အသိပညာဗဟုသုတများ မျှဝေရန်နှင့် ရွေးကောက်ပွဲ အုပ်ချုပ်ပုံတို့ကို တိုးတက်စေရန်အလို့ငှာ EMB များနှင့် ရွေးကောက်ပွဲ အသင်းအဖွဲ့များအတွက် ပူးပေါင်းလုပ်ဆောင်ရန်အတွက် အခွင့်အလမ်းများ ကမ်းလှမ်းလေသည်။
- အသိုင်းအဝိုင်းအခြေပြု ရွေးကောက်ပွဲအထောက်အပံ့ပေးရေး ကွန်ယက်များသည် EMB များကို သတင်းအချက်အလက်များ ဖြန့်ဝေရန်နှင့် လေ့ကျင့်သင်ကြားခြင်းနှင့် မဲဆန္ဒရှင်များ အသိပညာပေးခြင်းကဲ့သို့သော လုပ်ရပ်များအတွက် ထပ်ပေါင်းရင်းမြစ်များ ပေးနိုင်လေသည်။

ဖြစ်ရပ်များကိုလေ့လာခြင်း

# ဟေတီ : ယုံကြည်မှုပိုင်းဆိုင်ရာ အခက်အခဲများဖြစ်ပေါ်ခြင်း

Gabrielle Bardall

ဟေတီနိုင်ငံ၏ ရွေးကောက်ပွဲများသည် ပြည်သူလူထု၏ ယုံကြည်မှုနှင့် စိတ်ချရမှုအင်မတန်မှ လျော့နည်းပြဿနာဖြစ်ခဲ့ရသည်။ သို့သော်လည်း ဟေတီနိုင်ငံသားများသည် ရွေးကောက်ပွဲများကိုနိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာအပြောင်းအလဲများ ဖြစ်ပေါ်ရန်အတွက် အရေးအကြီးသော အရာတစ်ခုအဖြစ်ခံယူထားကြပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များကရော နိုင်ငံရေးခေါင်းဆောင်များကပါ မဲဆန္ဒရှင်များ ပါဝင်မှုမြင့်တက်လာအောင် လုပ်ဆောင်နိုင်ခြင်းမရှိဟုသော အယူအဆတစ်ရပ် ပျံ့နှံ့နေလေသည်။[၁]

ဇန်နဝါရီလ ၁၂ ရက် ၂၀၁၀ ခုနှစ်၊ လွှတ်တော်၊ သမ္မတနှင့် မြူနီစီပယ်ရွေးကောက်ပွဲများ မကျင်းပမီတစ်လခန့် အလိုတွင် အင်အား ၇.၀ခန်ရှိသော ငလျင်တစ်ခု ဟေတီနိုင်ငံတွင် လှုပ်ခတ်သွားခဲ့ပြီး လူပေါင်း ၂၂၀၀၀၀ ခန့် သေဆုံးကာ ၁.၅ သန်းခန့် အိမ်ခြေရာမဲ့ဖြစ်ခဲ့ကြရသည်။ ထိုကပ်ဘေးဆိုးသည် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခကြီးကြီးမားမားဖြစ်ပေါ်စေခဲ့ပြီး ရွေးကောက်ပွဲ၏တည်ဆောက်ပုံစနစ်အား လုံးလုံးသို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ထိခိုက်ပျက်စီးစေခဲ့ကာ EMB ဌာနချုပ်ရုံးနှင့် ဘေးတွဲအဆောက်အအုံများနှင့် အနောက်ဘက်နှင့် အရှေ့တောင်ဌာနဘက်ရှိ ရုံးခွဲများပါ ပါသွားလေသည်။ EMB အဖွဲ့ဝင်များနှင့် ၎င်း၏ပြည်တွင်းပြည်ပ လက်တွဲဖော်မိတ်ဆွေများသည်လည်း ထိခိုက်ဒဏ်ရာရခြင်းအသက်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ သမ္မတနှင့် လွှတ်တော်ရွေးကောက်ပွဲ ပထမအကြော့ကို နိုဝင်ဘာ ၂၈ ရက် ၂၀၁၀ ခုနှစ်တွင် ရှုပ်ထွေးမှုများ၊ စွပ်စွဲမှုများ၊ လိမ်ညာမှုများ၊ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများကြားမှ ဖြစ်အောင်လုပ်နိုင်ခဲ့သည်။ ဒုတိယအကြော့ကို မတ်လ ၂၀ ရက် ၂၀၁၁ အထိ ဆိုင်းငံ့ခဲ့ပြီး နောက်ပိုင်းတွင် ဟေတီနိုင်ငံ၏ ဆယ်စုနှစ်နှစ်ခုကြာ ရွေးကောက်ပွဲများကိုထင်ဟပ်သော အကြမ်းဖက်မှုများလည်း နောက်ဆက်တွဲဖြစ်ပေါ်ခဲ့သည်။ပထမအကြော့တွင် သိသိသာသာတိုးတက်မှုများဖြစ်ပေါ်ခဲ့ပြီး မကြာသေးမီက ဥပဒေရေးရာ ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့သော်လည်း ဟေတီ EMB သည် ပြည်သူများ၏ ယုံကြည်ချက်ကို မရနိုင်သေးချေ ထို့ကြောင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးနှင့်ဆိုင်သော ပြဿနာများ ဆက်လက်တည်ရှိနေသေးသည်ဟု ဆိုနိုင်သည်။

## ရွေးကောက်ပွဲ ဖွဲ့စည်းပုံနှင့် ဥပဒေမူဘောင်များ

ဟေတီနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ဦးစီးစီမံရေး စနစ်သည် ၁၉၈၇ အခြေခံဥပဒေတွင် စတင်ဖော်ပြထားပြီး ထိုအထဲတွင် ပြဋ္ဌာန်းထားသည်မှာ အကူးအပြောင်းကာလ ရွေးကောက်ပွဲများကိုစီရင်စု

ကောင်စီ Conseil Electoral Provisoire (CEP) မှ ပုံသေတည်ထောင်ထားသော ရွေးကောက်ပွဲကောင်စီ (Conseil Electoral Permanent) မရှိသေးခင်အချိန်အထိ ဦးစီးကျင်းပပေးရမည်ဟုဆိုသည်။

၂၅နှစ်ကျော်ကြာပြီးသည့်တိုင်အောင် ဟေတီ၏ EMB သည် အကူးအပြောင်းကာလတွင်သာ ရှိနေသေးသည်။ ဒီဇင်ဘာလ ၂၀၁၃ တွင် ပုံသေတည်ထောင်ထားသော ကော်မရှင်တစ်ခု ကို ဖန်တီးရန် အတွက် ရွေးကောက်ပွဲဥပဒေအသစ်ကို စတင်တင်သွင်းခဲ့ပြီး မတ်လ ၂၀၁၄ ပါလီမန် အောက်လွှတ်တော်မှ အတည်မပြုမီအချိန်အထိ ကြာရှည်စွာစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ဇူလိုင်လ ၂၀၁၄ တွင် ဆီးနိတ်ဆွေးနွေးပွဲ တွင်လည်းထပ်မံအချိန်ဆွဲထားပြန်သည်။ ဟေတီနိုင်ငံ၏ အင်မတန်စိတ်ရှည်ရန်လိုအပ်သောရွေးကောက် ပွဲစီမံကြီးကြပ်ရေးဆိုင်ရာ စိန်ခေါ်မှုများသည် ရှုပ်ထွေးလှစွာ EMB ၏ နာမည်ဖြင့် ဝင်ရောက်လျက်ရှိသော ပုံသေရွေးကောက်ပွဲကောင်စီဆိုင်ရာ ကူးပြောင်းရေး ကောလိပ် (CTCEP) တည်းဟူသော လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်နှစ်ခွဲခန့်ကတည်းက အသင်းအဖွဲ့ဆိုင်ရာပြဿနာနှင့် နီးကပ်စွာပင် သက်ဆိုင်လျက်ရှိသည်။

ရွေးကောက်ပွဲဆိုင်ရာဌာကို ဥပဒေစာတမ်းသုံးစောင်က လွှမ်းမိုးထားလေသည် : အခြေခံဥပဒေ၊ ၂၀၀၈ခုနှစ် ရွေးကောက်ပွဲဥပဒေနှင့် သမ္မတ၏ စီရင်ချက်အတိုင်း ထုတ်ပြန်ထားသော CEP (ခရိုင်ကောင်စီ) ၏ အထွေထွေ စည်းမျဉ်းစည်းကမ်းများတို့ဖြစ်သည်။ထိုစစ်ဆေးထားသော အခြေခံဥပဒေအရအစိုးရ၏ မဏ္ဍိုင်သုံးရပ်တွင် တစ်ရပ်စီက EMB တစ်ခုချင်းစီ၏ အဖွဲ့ဝင်သုံးဦးစီကို ခန့်အပ်လေသည်။ ဗဟိုရုံးအပါ အဝင် CTCEP (ပုံသေရွေးကောက်ပွဲ ကောင်စီဆိုင်ရာ ကူးပြောင်းရေး ကောလိပ် )သည် ဌာနအဆင့်တွင်ပင် ရုံးပေါင်း ၁၀ရုံး (Bureau Electoral Départementémental, BED) ရှိလေပြီး ၁၄၂ ခုသော အသိုင်းအဝိုင်းဆိုင်ရာ ရုံးများ (Bureau Electoral Communal, BEC) ရှိလေသည်။ ၂၀၁၁ခုနှစ်တွင် CTCEP (ပုံသေရွေးကောက်ပွဲ ကောင်စီဆိုင်ရာ ကူးပြောင်းရေး ကောလိပ်) သည်၎င်း၏ နိုင်ငံတော်အဆင့် ရုံးတွင် တာဝန်ထမ်းဆောင်ရန် အတွက် ဝန်ထမ်းပေါင်း ၄၁၀ ဦးကို ခန့်အပ်ထားခဲ့လေသည်။ BEDရုံးများနှင့် BEC ရုံးများသည် ဝန်ထမ်း ပေါင်း ၉၉ ဦးနှင့် ၉၉၄ ဦး အသီးသီးခန့်အပ်ထားခဲ့သည် ပြီးနောက်တွင် ရွေးကောက်ပွဲကာလ အတွင်းတွင် သာ အလုပ်လုပ်ခြင်းဖြစ်သည်။၂

၂၀၀၈ခုနှစ် ရွေးကောက်ပွဲ ဥပဒေအရ CEP (စီရင်စုကောင်စီ)သည် ဟေတီနိုင်ငံတစ်နိုင်ငံလုံး နေရာအနှံ့တွင် ရွေးကောက်ပွဲများကိုကျင်းပရန်နှင့် ကြီးကြပ်ရန်အတွက် တာဝန်ရှိသော လွတ်လပ်ပြီး အဂတိကင်းစင်သည့်ပြည်သူ့အဖွဲ့အစည်းတစ်ခုဖြစ်သည်။ယနေ့ခေတ်အထိ CTCEP (ပုံသေရွေးကောက်ပွဲ ကောင်စီဆိုင်ရာ ကူးပြောင်းရေးကောလိပ်) သည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုချက်များနှင့် သမ္မတထံသို့ တင်သွင်းရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြင်ဆင်ချက်များကို အဆိုတင်သွင်းရန်၊ နိုင်ငံရေးပါတီ များနှင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန်အတွက် တာဝန်ရှိလေသည်။ ၎င်းသည် ရွေး ကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် ဥပဒေအသစ်များကို ကျင့်သုံးပြီးလက်တွေ့အကောင် အထည်ဖော်ရန် အတွက်လည်းတာဝန်ရှိသည်။ ဥပမာ ရာနှုန်း ၃၀ ကျား-မ လိင်အချိုးကဲ့သို့သော အရာ မျိုးကို လတ်တလောတွင် စတင်ကျင့်သုံးခဲ့ခြင်းမျိုး (အခြေခံဥပဒေ ပုဒ်မ ၁၇.၁ အရ) ဖြစ်လေသည်။ အခြားသော အာဏာနှင့် လုပ်ဆောင်ချက်များတွင် သမ္မတကို ရွေးကောက်ပွဲကျင်းပရန်အတွက် တောင်းဆို ပိုင်ခွင့်ရှိခြင်း၊ ရွေးကောက်ပွဲ မဲဆွယ်ကာလ၏ စသောရက်နှင့် ဆုံးသောရက်တို့ကို ဆုံးဖြတ်သတ်မှတ်ခြင်း နှင့်ရွေးကောက်ပွဲရလဒ်များကို ထုတ်ဝေကြေငြာခြင်းတို့ပင်ဖြစ်သည်။ နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲ ကာလ တစ်ခုချင်းစီတွင် လုပ်ပိုင်ခွင့်အာဏာပေးအပ်ခြင်းသည် တရားစီရင်ရေးဝန်ကြီးဌာန၏ အထူးလုပ်ပိုင် ခွင့်ဖြစ်သော်လည်း CTCEP (ပုံသေရွေးကောက်ပွဲကောင်စီဆိုင်ရာ ကူးပြောင်းရေးကောလိပ်) သည် ရွေး ကောက်ပွဲကာလတစ်ခုချင်းစီတွင် နိုင်ငံရေးပါတီများကို မှတ်ပုံတင်စာရင်းသွင်းလေ့ရှိသည်။ CTCEP (ပုံသေ

ရွေးကောက်ပွဲကောင်စီဆိုင်ရာ ကူးပြောင်းရေးကောလိပ်) သည် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများ ဖြေရှင်းရန်အတွက်လည်းတာဝန်ရှိပြီး တရားဥပဒေအရာအမှန်တစ်ကယ် ဝရမ်းထုတ်ခံထားရသော အခြေအနေမျိုးတွင်လည်း ရွေးကောက်ပွဲမဲများကို တရားမဝင်ကြောင်း သတ်မှတ်နိုင်သည်။[၃] ထိုလုပ်ဆောင်ချက်များသည် ဥပဒေပြုချက်အသစ်အောက်တွင် CEP(စီရင်စုကောင်စီ) မှ ယူရမည့် တာဝန်များဖြစ်သည်။

ယနေ့အချိန်ထိ ရွေးကောက်ပွဲ ဦးစီးစီမံရေးကို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်အတွင်းရှိ အရာနှစ်မျိုးက ပြင်းပြင်းထန်ထန် နှောင့်နှေးစေလေသည်။ ပထမဦးဆုံးသော စိန်ခေါ်မှုများအဖွဲ့အစည်းဆိုင်ရာ အဆင့်ဆင့်အုပ်ချုပ်ပုံကို ပြဋ္ဌာန်းသတ်မှတ်မှု မတိကျခြင်းဖြစ်ပြီး အထူးသဖြင့် အထွေထွေညွှန်ကြားရေးမှူးနှင့် CEP (စီရင်စုကောင်စီ) အဖွဲ့ဝင်များကြား ရွေးကောက်ပွဲစီမံခန့်ခွဲရာတွင် သက်ဆိုင်ရာကဏ္ဍအသီးသီးကို ခွဲခြားသတ်မှတ်ခြင်းနှင့် အချင်းချင်း အစီရင်ခံသော ဆက်ဆံရေးမျိုးမရှိခြင်းပင်ဖြစ်သည်။ ထိုအရာသည် ရွေးကောက်ပွဲကာလအတွင်း ထိရောက်သော ဆုံးဖြတ်ချက်ချရန်အတွက် နှောင့်နှေးစေလေသည်။[၄] ၂၀၀၆ ခုနှစ် ရွေးကောက်ပွဲကာလအတွင်းက အထွေထွေညွှန်ကြားရေးမှူးရာထူးကို ဖန်တီးခဲ့ခြင်းသည် တိုးတက်မှုကို ကိုယ်စားပြုခဲ့သော်လည်း လက်တွေ့တွင် အထွေထွေညွှန်ကြားရေးမှူးသည် လုံလောက်သော အာဏာလုပ်ပိုင်ခွင့်ကိုချမပေးချေ။[၅] ပြီးနောက်တွင် အထွေထွေအတွင်းရေးမှူးဝန်ထမ်းများသည်လည်း လက်တလောနှစ်များတွင် ရွေးကောက်ပွဲစီမံခန့်ခွဲရေး၏ နေ့စဉ်နှင့်အမျှ လုပ်နေရသော လုပ်ငန်းဆောင်တာများတွင် တိုက်ရိုက်ပါဝင် ပတ်သက်မြဲပတ်သက်နေရလေသည်။ အကြံပေးဘုတ်အဖွဲ့အနေနှင့် တာဝန်ထမ်းဆောင်ရမည့်အစား အဖွဲ့ဝင်ကိုးဦးသည် မဲရုံကြီးကြပ်ရေးမှူးများအား ရှာဖွေစုဆောင်ခေါ်ယူရခြင်းကဲ့သို့သောနေ့စဉ်လုပ်ဆောင်ဖွယ်ရာတို့နှင့်သာ အချိန်ကုန်နေရသည်။ ထိုအချက်သည် အဖွဲ့အစည်းအပေါ်ပြည်သူတို့၏ မယုံကြည်မှုများကိုဖြစ်ပေါ်စေပြီး ဦးစီးစီမံမှုပိုင်းဆိုင်ရာတို့ကို အတိုင်းအတာတစ်ခုထိ နှေးကွေးစေကာ ပြီးခဲ့သည့်တစ်ခေါက် ရွေးကောက်ပွဲတွင် အချို့သောနေရာများ၌ မဲရုံလုပ်သားများ၏စာရင်းသည် ရွေးကောက်ပွဲအင်မတန်နီးကပ်ချိန်မှ ရောက်လာသောကြောင့် မဲရုံလုပ်သားများအား လေ့ကျင့်သင်ကြားရေးသည် ရွေးကောက်ပွဲမတိုင်မီတစ်ညအလို သို့မဟုတ် မဲပေးမည့်မနက်မှ လေ့ကျင့်သင်ကြားပေးခြင်းများ လုပ်ပေးခဲ့ရသည်။

ရွေးကောက်ပွဲ ပဋိပက္ခစီမံခန့်ခွဲရေးသည်လည်း ဒုတိယအဓိက ရွေးကောက်ပွဲဆိုင်ရာ စိန်ခေါ်မှုတွင် အခရာကျသည်။ အခြေခံဥပဒေ (ပုဒ်မ ၁၉၇) နှင့် ရွေးကောက်ပွဲဥပဒေတို့သည် CEP (စီရင်စုကောင်စီ) အား ရွေးကောက်ပွဲပဋိပက္ခဖြေရှင်းရေးနှင့် သက်ဆိုင်သောကိစ္စများအားလုံးအား ဖြေရှင်းပိုင်ခွင့်အတွက် သီးသန့်အာဏာကို ပေးအပ်ထားလေသည်။ ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခဖြေရှင်းနည်းလုပ်ငန်းစဉ်သည် CEP (စီရင်စုကောင်စီ) ၏ တည်ဆောက်ပုံအတွင်းတွင် နိုင်ငံတော်ရွေးကောက်ပွဲပဋိပက္ခဆိုင်ရာရုံး (BCEN) နှင့် ဌာနဆိုင်ရာနှင့် အသိုင်းအဝိုင်းဆိုင်ရာ ရုံးများကကိုင်တွယ်ခြင်းဖြစ်သည်။ ဌာနနှင့်အသိုင်းအဝိုင်းဆိုင်ရာအဆင့်များတွင် ပဋိပက္ခ ဖြေရှင်းရေးဌာနများသည် BED (ရွေးကောက်ပွဲဌာနဆိုင်ရာဗျူရိုရုံးဌာန) နှင့် BEC (ရွေးကောက်ပွဲ အသိုင်းအဝိုင်းဆိုင်ရာဗျူရိုရုံးဌာန) အစရှိသည်ဖြင့် အစဉ်လိုက်နှင့် CEP မှခန့်အပ်သော ရှေ့နေတစ်ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ CEP အတွင်းတွင်ရှိပြီး၊ BCEN (နိုင်ငံတော်ရွေးကောက်ပွဲပဋိပက္ခဆိုင်ရာရုံး) တွင် အပိုင်းသုံးပိုင်းပါဝင်ပြီး တစ်ခုစီတွင် CEP မှ အဖွဲ့ဝင် သုံးဦးစီပါဝက်ပြီး CEP မှ ခန့်ထားသော ရှေ့နေနှစ်ဦးစီပါဝင်သည် (ရွေးကောက်ပွဲဥပဒေ၊ အပိုင်း ဃ၊ ပုဒ်မ ၁၄-၁၈ )။ အခြေခံဥပဒေအရ BCNE သည် ရွေးကောက်ပွဲအတွင်းဖြစ်သော သို့မဟုတ် လျှောက်လွှာတင်သွင်းစဉ် သို့မဟုတ် ရွေးကောက်ပွဲဥပဒေကို ချိုးဖောက်သောကြောင့်ဖြစ်သော ပဋိပက္ခများကို နောက်ဆုံးအယူခံဝင်ရန်အတွက် ခုံရုံးပင်ဖြစ်သည်။ ထိုစနစ်သည် ရွေးကောက်ပွဲတရားစီရင်ရေး၏မျှတမှုကို ချိနဲ့စေပြီး CEP အတွက် အကျိုးစီပွားဝိရောဓိဆိုင်ရာအခြေခံအချက်များကို ဖြစ်ပေါ်စေကာ၊ တရားသူကြီးနှင့် ဂျူရီလူကြီးများအတွက်ပါပါလေသည်။[၆]

၂၀၁၄ ခုနှစ် ရွေးကောက်ပွဲဥပဒေမူကြမ်းသည် ထိုကိစ္စနှစ်ရပ်လုံးကို အတိုင်းအတာတစ်ရပ်အထိ ဖြေရှင်းပေးသွားလေသည်။ ထိုအဆိုတင်သွင်းထားသော ဥပဒေတွင် အထွေထွေညွှန်ကြားရေးမှူးကို အုပ်ချုပ်ညွှန်ကြားရေးမှူးနှင့် အစားထိုးမည်ဖြစ်ပြီး သူ့ကိုလည်း CEP က ၎င်း၏ ဆုံးဖြတ်ချက်များ ကို အကောင်အထည်ဖော်ရန်နှင့် အခြားသောဌာနများ၏ လုပ်ဆောင်ချက်များကို ပူးပေါင်းဦးဆောင်ရန် အတွက်လည်း တာဝန်ချမှတ်ခြင်းခံရမည်ဖြစ်ကာ အုပ်ချုပ်ပုံအဆင့်ဆင့်တို့၏ ပြဿနာများကို ဖြေရှင်းခြင်း မပြုပါက ရှင်းလင်းတင်ပြမည်ဖြစ်သည်။ ထိုဥပဒေမူကြမ်းသည် ဟေတီရှေ့နေအသင်းမှ ရာဇဝတ်တရား သူကြီးများနှင့် ရှေ့နေ များကို BCEN ၏ အပိုင်းတစ်ခုချင်းစီသို့ ကိုယ်စားပြုတင်သွင်းမည် ဖြစ်သည်။ ရွေးကောက်ပွဲပဋိပက္ခဖြေရှင်းရာတွင် CEP သည် အရေးကြီးသော ကဏ္ဍမှ ဆက်လက်ပါဝင်မည်ဖြစ်ပြီး ထို အဖွဲ့ဝင်များအား မိတ်ဆက်တင်သွင်းခြင်းသည် လက်ရှိစနစ်အတွင်းတွင် ရှိနေသော အကျိုးစီးပွားဝိရောဓိ များကိုဖြေရှင်းရန်အတွက် ရည်ရွယ်သည်။

## ရွေးကောက်ပွဲ ပြက္ခဒိန်နှင့် အညီဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက်အကြံပေးခြင်း

ဟေတီနိုင်ငံရှိရွေးကောက်ပွဲများသည် အမြဲတမ်း ရွှေ့ပြောင်းနေကြဖြစ်သည်။ အခြေခံဥပဒေကို သဘောတူလက်ခံ ပြီးချိန်မှစကာ မည်သည့်နိုင်ငံလုံးဆိုင်ရာ သို့မဟုတ် မြို့အဆင့် ရွေးကောက်ပွဲများသည် အခြေခံဥပဒေမှ ပြဋ္ဌာန်းထားသောပြက္ခဒိန်အတိုင်း ပြုလုပ်ခြင်းမရှိသေးချေ။

ယခင်ကာလက ထိုကဲ့သို့သော နှောင့်နှေးကြန့်ကြာမှုများသည် ဖြစ်ရပ်တော်တော်များများတွင် အခြေခံဥပဒေနှင့်ဆိုင်သော ပဋိပက္ခများဖြစ်ပွားစေခဲ့သည်။ ဟေတီနိုင်ငံ၏ ဆီးနိတ်အမတ်ရာထူးများသည် ရွေးကောက်ပွဲအတွက် နှစ်နှစ်တစ်ခါ အသင့်ဖြစ်နေပြီးဖြစ်သည်။ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းနေရသောကြောင့် ဆီးနိတ်လွှတ်တော်၏ တာဝန်ထမ်းဆောင်သက်များသည်လည်း ကျော်လွန်ပြီးဖြစ်ကာ ဆီးနိတ်လွှတ်တော်ကို အခြေခံဥပဒေနှင့်မညီသော အခြေအနေသို့ အကြိမ်ကြိမ်ရောက်အောင် ပြီးခဲ့သော လက်တလောနှစ်များဆီကဖြစ်စေခဲ့ပြီး သမ္မတကို စီရင်ချက်အမိန့်နှင့် အုပ်ချုပ်ရန်အခွင့်အလမ်းများ ဖြစ်ပေါ်စေလာသည်။ ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲ ဥပဒေ၏ ပုဒ်မ ၂၃၂ အား ၂၀၀၆-၂၀၀၇ တွင် ရွေးကောက်ခံခဲ့သော အုပ်ချုပ်ရေး၊ ပါလီမန်နှင့် မြို့နယ်ကောင်စီနှင့် အစည်းအရုံးများ၏ တာဝန်ထမ်းဆောင်သက်နှင့် သက်ဆိုင်သောပြဿနာများကို ဖြေရှင်းရန်အတွက် ၂၀၀၉ ခုနှစ်တွင် ပြန်လည်ဆန်းစစ်ခဲ့သည်။ သို့သော်လည်း လုပ်ငန်းစဉ်များအတွင်းတွင်ပဋိပက္ခများဆက်လက်ဖြစ်နေသောကြောင့်တိုင်းပြည်ကိုအခြေခံဥပဒေဆိုင်ရာ ပြဿနာတောထဲသို့ ၂၀၁၂ နှင့် ၂၀၁၃ တွင် နောက်တစ်ကြိမ် ပစ်ချလိုက်ပြန်လေသည်။ ရွေးကောက်ပွဲကျင်းပမည့် ရက်စွဲများကို စနစ်နကျပြောင်းရွှေ့နေခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ပြည်သူတို့ အဆိုးမြင်စေရန် အများကြီးသက်ရောက်မှုရှိလေသည်။

ရွေးကောက်ပွဲဆိုင်ရာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာလေးစားရန် ပျက်ကွက်ခြင်း သည် ရွေးကောက်ပွဲစီမံခန့်ခွဲမှုပြဿနာများ ဆက်လက်ဖြစ်ပေါ်နေသည့်အထဲသို့ ဒလိမ့်ခေါက်ကွေးကျစေ ရန် မိမိကိုယ်တိုင်ပစ်ချလိုက်သကဲ့သို့ ရှိချေ၏။ CTCEP (ပုံသေရွေးကောက်ပွဲဆိုင်ရာ ကူးပြောင်းရေး ကောလိပ်) သည် ပြောင်းလဲလိုက်သော အခြေခံဥပဒေနှင့်အညီ တည်ထောင်ထားခြင်းဖြစ်သော် လည်း ဆီးနိတ်လွှတ်တော်၏ သုံးပုံတစ်ပုံသော တာဝန်ထမ်းဆောင်သက်မှာ သက်တမ်းကုန်ဆုံးသွားပြီဖြစ်ပြီး ရွေးကောက်ပွဲများမှာလည်း အချိန်မီမကျင်းပနိုင်သောကြောင့် အခြေခံဥပဒေအရ ပါလီမန်လွှတ်တော်သည် လည်း ၎င်း၏အဖွဲ့ဝင်သုံးဦးကိုမရွေးချယ်နိုင်တော့ဘဲ အုပ်ချုပ်ရေးကဏ္ဍကို တည်ထောင်ရန်မှာမဖြစ်နိုင် တော့ချေ။ လူအပြည့်ရှိသော ဆီးနိတ်လွှတ်တော်မရှိပါက ပုံသေခန့်အပ် CEP သည်လည်း ဖန်တီး၍ရနိုင် မည် မဟုတ်သကဲ့သို့ တိုင်းပြည်သည်လည်း အကူးအပြောင်းဆိုင်ရာကောင်စီမရှိဘဲ ကျန်ခဲ့မည်ဖြစ်သည်။

## ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ နေရာအကုန်လုံးတွင် ပုံသေဌာနခန့်အပ်ရန်အတွက် အခြေခံအဆင့် ပဋိပက္ခပြင်းခုံမှုများ ဖြစ်ပွားခဲ့ပြီး၊ အထူးသဖြင့် မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းတွင်၊ ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့နှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင်ဖြစ်သည်။

မဲဆန္ဒရှင်များအား မှတ်ပုံတင်စာရင်းရေးသွင်းခြင်းသည် CTCEP[၇] အဓိကလုပ်ငန်းဆိုင်ရာစိန်ခေါ်မှုများပါဝင်သည်။ CTCEP (ပုံသေရွေးကောက်ပွဲကောင်စီဆိုင်ရာ ကူးပြောင်းရေးကောလိပ်) သည် စစ်ဆေးပြီးသော မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းရန်နှင့် အမျိုးသားမှတ်ပုံတင်ရုံး (ONI) မှ ရရှိသော နိုင်ငံသားမှတ်ပုံတင်စာရင်းများကို အခြေပြုပြီး မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ရန်အတွက် တာဝန်ရှိသည်။ ONI (အမျိုးသားမှတ်ပုံတင်ရုံး) သည် စဉ်ဆက်မပြတ် နိုင်ငံသားမှတ်ပုံတင်ကို ထိန်းသိမ်းထားပြီး မှတ်ပုံတင်သူလူသစ်များနှင့် စာရင်းသွင်းပြီး မှတ်ပုံတင်ပျောက်သွားသူများကို အမျိုးသားမှတ်ပုံတင်ကတ်ပြား ထုတ်ပေးလေသည်။ ရွေးကောက်ပွဲနေ့တွက် မဲပေးရန်အတွက် ၎င်းတို့ထံတွင် သက်သေခံကတ်ပြား ရှိရမည်။ ၂၀၀၅ ခုနှစ်မှ စပြီး OAS (အမေရိကန်ပြည်နယ်များဆိုင်ရာအသင်း) သည် လုံခြုံရေးအတွက် ကဒ်နည်းပညာများကို မွမ်းမံရာတွင် ဘိုင်အိုမက်ထရစ်ကဲ့သို့သော အရာများနှင့် သီးသန့်မှတ်ပုံတင်နံပါတ်များ အပါအဝင်တစ်နိုင်ငံလုံးရှိ ONI (အမျိုးသားမှတ်ပုံတင်ရုံး) ၁၄၁ ရုံးတွင် နည်းပညာနှင့် ကိရိယာများ ထောက်ပံ့ပြီး ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း ဖြင့် ONI ကို ပညာရှင်ဆန်အောင် ပြုလုပ်ခြင်း၊ဟေတီနိုင်ငံသား ငါးသန်းကျော်ကို မှတ်ပုံတင်ရာတွင် ကူညီခြင်းအပါအဝင် ပြည်သူများ မှတ်ပုံတင်ရေးစနစ်ကိုခေတ်နှင့်အညီ မွမ်းမံရန်အတွက် အမြောက်အမြားကူညီခဲ့သည်။[၈] သို့သော်လည်း များစွာသော ဥပဒေရေးရာ၊ လုပ်ငန်းစဉ်ဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများသည် ဟေတီနိုင်ငံသား တော်တော်များများကို ONI အဆင့်တွင် ပြည်သူ့မှတ်ပုံတင် စာရွက်စာတမ်းရရှိနိုင်ရန်အတွက် အတားအဆီးတစ်ခုသဖွယ် ဖြစ်မြဲဖြစ်လျက်ရှိသည်။[၉]ဥပဒေအရဆိုလျှင် ရွေးကောက်ပွဲဥပဒေနှင့် အခြေခံဥပဒေတို့မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းတွင် ကွာခြားချက်သည် ရွေးချယ်စရာများကို ကျဉ်းထဲကြပ်ထဲတွင် လုပ်ဆောင်နိုင်ရန်အတွက် အင်မတန်မှပင် အတားအဆီးဖြစ်စေလေသည်။[၁၀] ပြည်သူများမှတ်ပုံတင်ရေးနှင့် ပတ်သက်ပြီး ယခင်ကတည်းကရှိနှင့်သော၊ လက်တွေ့လုပ်ဆောင်ရာတွင် အခက်အခဲဖြစ်စေသော ပြဿနာနှစ်ခုရှိပြီး ရွေးကောက်ပွဲစာရင်းကိုပါ သက်ရောက်မှုရှိသည်။ ပထမဆုံးအနေနှင့် ONI/နိုင်ငံသားမှတ်ပုံတင်နှင့် သေစာရင်းထုတ်ပြန်မှုကြားတွင် ဆက်စပ်မှုလုံးဝမရှိခြင်းဖြစ်ပြီး ကွယ်လွန်သူများကိုစာရင်းမှ ထုတ်ပယ်ထားခြင်းမရှိချေ။[၁၁] ပြဿနာများကို ပေါင်းစည်းလိုက်သော် လက်ရှိရှိနေသော သေစာရင်းများသည် ရွေးကောက်ပွဲ၏လိုအပ်ချက်များအတွက်သုံး၍ မရနိုင်ပေ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ထံတွင် မဲဆန္ဒရှင်၏နာမည်ကို စာရင်းထဲတွင် ရှာဖွေရန်၊ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ မှန်ကန်ကြောင်း အတည်ပြုရန်နှင့် စာရင်းကို ဖျက်ပစ်ရန် အထောက်အကူဖြစ်သော သတင်းအချက်အလက်များ မပါဝင်သောကြောင့်ဖြစ်သည်။ ဒုတိယအနေနှင့် စာရွက်စာတမ်းများကို အစားထိုးလိုက်ခြင်းနှင့် လျှော့လျှပ်သွားသောကြောင့် အိမ်ခြေရာမဲ့သွားသော သူများထံသို့ မဲရုံများချပေးရေးသည်လည်း အင်မတန်မှ ကြီးမားလှသောစိန်ခေါ်မှုကြီး တစ်ရပ်ပင်ဖြစ်သည်။[၁၂]

ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့များသည်လည်း နောက်ထပ် စိန်ခေါ်မှုအကြီးစားတစ်ခုပင်ဖြစ်သည်။ လက်နက်ကိုင်အာဏာသိမ်းပြီး နိုင်ငံရေးဆိုင်ရာ ဝင်ရောက်စွက်ဖက်မှုများဖြစ်ပေါ်နေသောနှစ်များတွင် ဟေတီနိုင်ငံသာ ၃၀၀၀ မှ ၅၀၀၀ အထိသေဆုံးပြီး သောင်းဂဏန်းခန့် နယ်နှင်ခံခဲ့ရသည်။ ဟေတီစစ်တပ်သည်လည်း ထိုစဉ်က သမ္မတဖြစ်ခဲ့သော အရီစတိုက်၏ဖျက်သိမ်းခြင်းကို ခံခဲ့ရသည်။ ထိုအချိန်မှစကာ၊ ရွေးကောက်ပွဲလုံခြုံရေးနှင့် ထောက်ပံ့ရေးအတွက် ဟေတီတွင် ၁၉၉၀ ကတည်းကရှိနေသော

ပြည်သူ့တရားဥပဒေစိုးမိုးရေးဌာနများဖြစ်သည့် အမျိုးသားရဲဌာနနှင့် ဆိပ်ကမ်းစောင့်ဌာနတို့သည် ကုလသမဂ္ဂ အပေါ်တွင် ကြီးကြီးမားမားမှီခိုနေရခြင်းဖြစ်သည်။[၃၃]

ဟေတီနိုင်ငံရှိ ကုလသမဂ္ဂ၏ တည်ငြိမ်ရေးတာဝန်များ (MINUSTAH) နှင့် UNDP (ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်) တို့သည် ဟေတီနိုင်ငံ၏ ရွေးကောက်ပွဲများတွင် အစစအရာရာ အရေးပါသော နေရာများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ၁၉၉၄တွင် UN(ကုလသမဂ္ဂ)သည် အခန်း ၇ သဘောတူညီချက် အမှတ် ၉၄၀ အရ နိုင်ငံပေါင်းစုံပါဝင်သည့် အင်အားစုတစ်ခု ဖွဲ့စွင့်ရပြီး "ဟေတီနိုင်ငံကို စစ်အုပ်ချုပ်ရေးအောက်မှ လွတ်မြောက်ရန် လိုအပ်သောအရာအားလုံးကို" လုပ်ဆောင်ရန်နှင့် ပြည်သူ ရွေးကောက်သော သမ္မတ ပြန်လည်တင်မြောက်ခွင့် ရှိရန်အတွက်ဖြစ်သည်။ (S/RES/940/1994) ကုလသမဂ္ဂမှ ငြိမ်းချမ်းရေးသမားများသည်လည်း ထိုအချိန်ကတည်းက ရှိနေခြင်းဖြစ်သည်။ ၎င်းတို့၏ လက်ရှိတာဝန် MINUSTAH (ဟေတီနိုင်ငံရှိ ကုလသမဂ္ဂ၏ တည်ငြိမ်ရေးတာဝန်များ) သည် ၁၉၉၃ မှစပြီး ဟေတီနိုင်ငံတွင် လုပ်ဆောင်ရမည့် ကုလသမဂ္ဂ၏ ဆဋ္ဌမမြောက်တာဝန်ဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အဓိကကျသောအပိုင်းမှ ပါဝင်လေသည်။[၃၄] ၎င်းကို ၂၀၀၄ ခုနှစ်တွင်စတင်တည်ထောင်ပြီးချိန်မှစကာ MINUSTAH (ဟေတီနိုင်ငံရှိ ကုလသမဂ္ဂ၏ တည်ငြိမ်ရေးတာဝန်များ)သည် ဟေတီနိုင်ငံ ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာနအား လွတ်လပ်ပြီးမှုတသော ပြည်တွင်း၊ မြူနီစီပယ်၊ လွှတ်တော်နှင့် သမ္မတရွေးကောက်ပွဲများကျင်းပရာတွင် ကူညီရန်အတွက် တာဝန်ချမှတ်ထားခြင်းခံရသည်။ အောင်မြင်မှုများသည်လည်း မှတ်တမ်းဝင်ခဲ့ပါသည် မှတ်မှတ်ရရဆိုလျှင် ၂၀၀၆ နှင့် ၂၀၀၉ တွင် မဲစီစဉ်ရေးဌာန များ (vote tabulation centre) များကို စတင်ပြုလုပ်ခြင်းနှင့် ၂၀၁၀ ရွေးကောက်ပွဲများတွင် CEP (စီရင်စုကောင်စီ) ထံသို့ဖြည်းဖြည်းချင်း လွှဲပြောင်းပေးရာတွင် အပြည့်အဝထိန်းချုပ်နိုင်မှုနှင့် UNDP မှ ဦးဆောင်သော နိုင်ငံလုံးဆိုင်ရာ ပိုင်ဆိုင်နိုင်မှုမြှင့်တင်ရေးဗျူဟာပါ နောက်ဆက်တွဲပါလာခြင်းတို့ဖြစ်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ICT များကို အသုံးပြုမှု တိုးတက်စေရန်အတွက်နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများသည်လည်း ပေးအပ်ထောက်ပံ့လျက်ရှိသည်။[၃၅] သိသာထင်ရှားလှသော လက်တွေ့အကောင်အထည်ဖော်ရေး စိန်ခေါ်မှုများ ကျန်ရှိနေသေးသကဲ့သို့ အခြားသော လက်တလောတွင် ဆောင်ရွက်လာသည့် စွန့်ဦးလုပ်ဆောင်မှုများဖြစ်သော မဲရုံအရေအတွက်များ တိုးလာခြင်း၊ မဲရုံလုပ်သားခန့်အပ်မှုကို ကျပန်းရွေးချယ်မှုစနစ် စတင်မိတ်ဆက်ခြင်းနှင့် BED (ရွေးကောက်ပွဲဌာနဆိုင်ရာ ဗျူရိုရုံးဌာန) နှင့် BEC (ရွေးကောက်ပွဲ အသိုင်းအဝိုင်းဆိုင်ရာ ဗျူရိုရုံးဌာန) တို့၏ အဖွဲ့ဝင်နေရာများအတွက် လူသူစုဆောင်းရာတွင် အပြိုင်အဆိုင် သဘောမျိုးဖြင့် လုပ်ဆောင်ခြင်းတို့သည်လည်း နောင်လာမည့် ရွေးကောက်ပွဲများအတွက် ကောင်းကျိုးများရှိလာနိုင်ချေများ ရှိလေသည်။ ထိုနည်းတူပင် MINUSTAH (ဟေတီနိုင်ငံရှိ ကုလသမဂ္ဂ၏ တည်ငြိမ်ရေး တာဝန်များ) ၏ ဟေတီနိုင်ငံ၏ နာမည်ဆိုးဖြင့်ကျော်ကြားလှသော အကြမ်းဖက်မှုပေါ်သည့် ရွေးကောက်ပွဲများရှိ မဲဆန္ဒရှင်များကို ကာကွယ်ရေးတွင် ရွေးကောက်ပွဲလုံခြုံရေးနှင့် ထောက်ပံ့ရေးတို့အား ကူညီခြင်းသည်လည်း အရေးပါလှပေသည်။

ကုလသမဂ္ဂရှိနေသည့်ခြင်းသည် ပုံသေခန့်အပ်ထားသော ရွေးကောက်ပွဲဌာန မရှိခြင်းကြောင့် ရွေးကောက်ပွဲဘဏ္ဍာငွေများ စီမံခန့်ခွဲရေးတွင် ပဋိပက္ခများဖြစ်ပေါ်ခြင်းကို ထိထိရောက်ရောက် လျော့ချနိုင်ခဲ့လေသည်။ ဟေတီနိုင်ငံအတွင်းရှိ ပြည်နယ်များသည် လုပ်ဆောင်ရေးကုန်ကျစရိတ်နှင့် ဝန်ထမ်းလစာများ အပါအဝင် CEP (စီရင်စုကောင်စီ)[၃၆] ၏ ဘဏ္ဍာရေးရင်းမြစ်များ ရရှိနိုင်ရေးအတွက် ကတိတာဝန်ချမှတ်ထားပေးခြင်း ခံထားရလေသည်။ ရွေးကောက်ပွဲ လှုပ်ရှားမှုများအတွက် ဘဏ္ဍာငွေများကို စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အထူးချမှတ်ပေးသော ဘဏ္ဍာငွေနှင့် နိုင်ငံတကာအလှူရှင်များထံမှ အထောက်အပံ့များဖြင့် ထောက်ပံ့နေခြင်းဖြစ်သည်။ ဟေတီအစိုးရမှလည်း စုစုပေါင်းမတည်ငွေ၊ ပစ္စည်းပစ္စယနှင့် ပုဂ္ဂလိကကုန်ကျစရိတ် မည်မျှရှိသည်ဖြစ်စေ ရွေးကောက်ပွဲဘတ်ဂျက်များ၏ သုံးပုံတစ်ပုံကို

ထောက်ပံ့ရန်အတွက် ကတိကဝတ်ပြုပြီးသားဖြစ်သည်။[၁၇] ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ အရပြောရလျှင် CEP သည် ဘဏ္ဍာရေးဝန်ကြီးဌာနထံသို့ တာဝန်ခံရပြီး စာရင်းစစ်ခုံရုံးချုပ်နှင့် စီမံရေးဆိုင်ရာ ပဋိပက္ခများ အပေါ် ၎င်း၏စီမံခန့်ခွဲမှုများအတွက် တာဝန်ခံရလေသည်။ ၂၀၀၅ ခုနှစ်မှ စကာ UNDP သည် ရွေးကောက်ပွဲဆိုင်ရာ ပစ္စည်းကိရိယာများ အထောက်အပံ့ရယူခြင်း၊ ရွေးကောက်ပွဲဝန်ထမ်းများ၏ လစာများကို စီစဉ်ခြင်း၊ အသင်းအဖွဲ့တစ်ခုလုံး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းနှင့် CEP အား ရွေးကောက်ပွဲဆိုင်ရာ အကြံပေးများ စေလွှတ်ခြင်း အပါအဝင် ရွေးကောက်ပွဲဘဏ္ဍာငွေများကို စီမံခန့်ခွဲလျက်ရှိသည်။ ၂၀၁၀ ရွေးကောက်ပွဲများမှ စကာ၊ UNDP ၏ ဘဏ္ဍာငွေများသည် CEP ၏ ဘတ်ဂျက်ငွေအပါအဝင် တိုင်းပြည် အတွင်းတွင် လည်ပတ်နေသော ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် နိုင်ငံတကာအထောက်အပံ့ အစီအစဉ် များတွင်လည်း ဝင်ရောက်ပါဝင်လျက်ရှိသည်။ UNDP ၏ ဟေတီနိုင်ငံရွေးကောက်ပွဲအတွင်း ဝင်ရောက်စီမံ ကြီးကြပ်မှုနှင့်ဆိုင်သော အခန်းကဏ္ဍသည် ပြဿနာများ ဖြစ်ပွားသောကြောင့် EMB နှင့် အဖွဲ့အစည်း၏ ယာယီအခြေအနေအရ မရှိမဖြစ်သဘောမျိုး ဆောင်သွားလေသည်။

## တာရှည်ခံနိုင်မှုနှင့် ပြင်ပအထောက်အပံ့အပေါ် မှီခိုမှု

ပုံသေခန့်အပ် ကော်မရှင်တစ်ခု ဖန်တီးရန်အတွက် ပျက်ကွက်မှုသည် အဖွဲ့အစည်းဆိုင်ရာ မှတ်ဉာဏ်နှင့် ကျွမ်းကျင်ဝန်ထမ်းများ ထိန်းသိမ်းထားနိုင်ရေးကို ချို့တဲ့စေလေသည်။ ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခုအကြားတွင် ဦးစီးကြီးကြပ်ရေး ကိုယ်စားလှယ်များနှင့် စီမံခန့်ခွဲရေးအဆင့်ရှိ ဝန်ထမ်းများသည် CTCEP (ပုံသေရွေးကောက်ပွဲ ကောင်စီဆိုင်ရာ ကူးပြောင်းရေးကောလိပ်) ၏ ဗဟိုအဆင့်တွင် ထိန်းသိမ်း ထားခြင်းခံရလေသည်။ ဒေသဆိုင်ရာအရာရှိများအပါအဝင် အခြားသူများ အားလုံးသည် နှစ်စဉ်ဘတ်ဂျက် ငွေသည် ၎င်းတို့အားလစာပေးရန်မပါသောကြောင့် ရာထူးမှထုတ်ပယ်ခြင်းခံရလေသည်။ CTCEP ဝန်ထမ်း များ အားလုံးနီးပါးသည် စာချုပ်နှင့်ချုပ်ဆိုပြီး စုဆောင်းခြင်းဖြစ်သောကြောင့် ခေါင်းဆောင်စနစ်ပြောင်းသွား လျှင် သို့မဟုတ် ရွေးကောက်ပွဲကာလ ဘတ်ဂျက်ငွေကုန်သွားလျှင် ဝန်ထမ်းအားလုံးနီးပါး ရာထူးမှ ထုတ် ပယ်ခြင်းခံရလေ့ရှိသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် ရွေးကောက်ပွဲ ဦးစီးစီမံရေးအတွက် အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ်နှင့် ဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုများကို ကြီးစွာသောပြဿနာ ဖြစ်စေလေ သည်။[၁၈] လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုအတွက် ရင်းမြစ် သို့မဟုတ် အနည်းဆုံးသော လုပ်ငန်းဆိုင်ရာ လုံခြုံမှု မရှိခြင်းသည် CTCEP အား ပညာရှင်များကို ခေါ်ယူစုဆောင်းရန်နှင့် ထိန်းသိမ်းထားနိုင်ရန် သို့မဟုတ် အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ်တစ်ခု တည်ဆောက်ရန်အတွက် မဖြစ်နိုင်သလောက်ပင်ဖြစ်သ ည်။ စီမံကိန်းချထားသော လေ့ကျင့်သင်ကြားရေးများနှင့် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု အစီအစဉ်တို့သည် လည်း ထိုပြဿနာကြောင့် အခက်ကြုံရသည်။ ဝန်ထမ်းများသည် စာချုပ်မပြည့်မီထွက်ရသောကြောင့် ပုံမှ အလုပ်ခန့်ထားမှု အခွင့်အလမ်းလုံခြုံမှုရှိသည့် အခွင့်အလမ်းများကိုသာ ရှာဖွေကြလေသည်။

အဖွဲ့အစည်း၏ မကြာခဏပြောင်းလဲတတ်သော အနေအထားနှင့် ဟေတီနိုင်ငံ၏ နိုင်ငံတကာ အလှူရှင်များနှင့်ဆက်ဆံရေးသည် တာရှည်ခံနိုင်မှုအပေါ် များစွာသက်ရောက်မှုရှိလေသည်။ ကုလသမဂ္ဂ၊ OAS (အမေရိကန် ပြည်နယ်များဆိုင်ရာအသင်း) နှင့် အခြားသော နှစ်ဘက်ပူးပေါင်း အကူအညီပေးသော အဖွဲ့အစည်းများသည်လည်း ၁၉၉၀ မှစကာ ဟေတီနိုင်ငံ ရွေးကောက်ပွဲများ၏ အဖွဲ့အစည်းများတွင် ပါဝင်နေခြင်းဖြစ်သည်။ နှစ်ကြာလာသည်နှင့်အမျှ နိုင်ငံတကာအလှူငွေများနှင့် ကျွမ်းကျင်မှုများကို မှီခိုရမှု သည်လည်း အမြစ်တွယ်ခိုင်မာလာသည်။ ရွေးကောက်ပွဲလုံခြုံရေးကို တာဝန်ယူရသော အင်မတန်မှ ထိရှ လွယ်လှသည့် တာဝန်သည် MINUSTAH (ဟေတီနိုင်ငံရှိ ကုလသမဂ္ဂ တည်ငြိမ်ရေးတာဝန်များ) အောက် တွင်ပင် သဘောတရားအရ တည်ရှိနေလေသည်။ နည်းပညာပိုင်းဆိုင်ရာနယ်ပယ်များတွင် ကျွမ်းကျင်မှုနှင့်

စွမ်းဆောင်ရည်များကို လွှဲပြောင်းပေးရန် စနစ်တကျဖွဲ့စည်းထားသော ပစ္စည်းပစ္စယများနှင့် ကိုယ်စားလှယ်များလွှဲပြောင်းမှုအတွက် GPS စနစ်ထည့်ပေးခြင်းကဲ့သို့သော စီမံကိန်းမျိုး မရှိသေးပါ။[၁၉] ရွေးကောက်ပွဲပြဿနာများ ဆက်လက်ဖြစ်ပွားလာသောအခါ နယ်ကယ်အားလုံးတွင် လုပ်ငန်းဆိုင်ရာ အထောက်ပံ့များရရှိရန်အတွက် နိုင်ငံတကာကိုမှီခိုရခြင်းအပေါ် ပြောင်းလဲရန်အတွက် ရေရှည်ခံယူချက် သို့မဟုတ် ထွက်ပေါက်ဗျူဟာမရှိချေ။[၂၀] ပုံသေအဖွဲ့အစည်း မခန့်အပ်သမျှကာလပတ်လုံး အဖွဲ့အစည်းဆိုင်ရာ တာရှည်လုပ်ကိုင်နိုင်မှုလည်း ရှိလာမည်မဟုတ်ချေ။ ယာယီသာရှိနေသော ရွေးကောက်ပွဲအဖွဲ့အစည်းနှင့် လုပ်ငန်းစဉ်များကို တည်ဆောက်ရေးထက် ရွေးကောက်ပွဲ ပွဲစဉ်များကို ထောက်အပံ့ပေးခြင်းနှင့် ပြဿနာဖြေရှင်းခြင်းကိုသာ အာရုံထားသော MINUSTAH ဟေတီနိုင်ငံရှိ (ကုလသမဂ္ဂ၏ တည်ငြိမ်ရေးတာဝန်) ၏ကန့်သတ်ထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်ရှိသည့် တာဝန်ကြောင့် ပြဿနာများလည်း ပိုမိုရှုပ်ထွေးလာနိုင်သည်။

## ကျား-မ လိင်အမျိုးအစားနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု

ရွေးကောက်ပွဲရုံးဌာနများတွင် အမျိုးသမီးများ ပါဝင်ပတ်သက်ရေးနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးတို့တွင် အမျိုးသမီးများ၏ ပါဝင်ပတ်သက်မှုနှင့်သက်ဆိုင်သော ကိစ္စများတွင် ဟေတီသည် အခြေအနေအဆိုးဆုံးသော နိုင်ငံများအနက်တွင် အပါအဝင်ဖြစ်သည်။ ပိုပြီးသတိထားရန်မှာ ထိုဖြစ်ရပ်သည် ပြန်လည်စစ်ဆေးပြီးသော ရွေးကောက်ပွဲဥပဒေမူကြမ်း၏ အောက်တွင်အခြေအနေ ပိုဆိုးလာသည်။ ပါလီမန်လွှတ်တော်အတွင်းတွင် အမျိုးသမီးများပါဝင်နိုင်မှုသည် ၄.၂ ရာခိုင်နှုန်းသာရှိပြီး ကမ္ဘာအနှံ့တွင်ရှိသော အနည်းဆုံးဆယ်နိုင်ငံတွင် ပါဝင်လေသည်။[၂၁] ထိုအရေအတွက်သည်ပင် လျှင် ရွေးကောက်ထားသော အမျိုးသမီးဒုအရာရှိများနှင့် ဆီးနိတ်အမတ်များ၏သက်တမ်းသည် ယခု ကုန်ဆုံးသွားသောကြောင့် ပိုမိုလျော့နည်းလာလေသည်။ ၂၀၁၁ တွင်ပြင်ဆင်ထားသော (ဇွန်လ ၂၀၁၂ တွင် ထုတ်ဝေခဲ့သော) အခြေခံဥပဒေ၏ ပြင်ဆင်ချက်အရ ပြည်သူ့ဘဝ၏ အဆင့်အတန်းအမျိုးမျိုးတွင် အမျိုးသမီးများပါဝင်မှု အနည်းဆုံး ၃၀ ရာခိုင်နှုန်းရှိရမည်ဟူ၍ စတင်မိတ်ဆက်ပါဝင်ထားလေသည်။ ထိုရွေးကောက်ပွဲဥပဒေသစ်၏ မူလပုံစံသည် ထိုလုပ်ဆောင်စဉ်အထဲတွင်ပါဝင်ပြီး မြူနီစီပယ်နှင့် အခြားသော မြို့အဆင့်ဘုတ်အဖွဲ့များထိ တိုးချဲ့ထား (ပုဒ်မ ၉၀) သော်လည်း မတ်လ ၂၀၁၄ တွင် ပြုလုပ်သော နောက်ဆုံးပြင်ဆက်ချက်ပုံစံတွင် ထိုအချိုးအစား တိုင်းတာမှုကို ပယ်ဖျက်လိုက်ပြီ ဖြစ်လေသည်။

CTCEP သည်ထိုကဲ့သို့သော တာဝန်မျိုးကို ထမ်းဆောင်ရန်အတွက် ၎င်းတွင် တာဝန်ရှိသော်လည်း ထိုတာဝန်ကိုမယူသည့်အပြင် ထိုဝန်ထုပ်ဝန်ပိုးများကို နိုင်ငံရေးပါတီများထံသို့ပုံချကာ အမျိုးသမီးအမတ်လောင်းများကို ရှာဖွေစေသည်။ ပါတီများသည်လည်း ထိုကဲ့သို့လုပ်ဆောင်ရန်အတွက် ဥပဒေအရပြဋ္ဌာန်းချက်လည်း မရှိသောကြောင့် မည်သည့်ဖြစ်မြောက်ရေး ယန္တရားပြဋ္ဌာန်းချက်မျိုးမှလည်း အဆိုတင်သွင်းခြင်းမရှိဘဲ အမတ်အဆင့် အချိုးအစားအများစုနှင့်၊ ရုံးဌာနတွင် တာဝန်ထမ်းဆောင်ရန် ရွေးကောက်ခံရသော အမျိုးသမီးတို့၏ အရေအတွက်သည် ချိန်ရွယ်ထားသော အချိုးအစားထက် အများကြီးလျော့နည်းနေသည်။ ဟေတီနိုင်ငံ၏ လူများစု၏ဆန္ဒအရ အုပ်ချုပ်သော ရွေးကောက်ပွဲစနစ်နှင့် အစိုးရအတွင်းတွင် သမိုင်းတလျှောက် ကျား-မ အချိုးမညီမျှမှုရှိခဲ့သောကြောင့် ထိုသတ်မှတ်ထားသော အချိုးအစားသည်လည်း ကြိုတင်ဖယ်ထားသောနေရာများ စတင်ပြုခြင်းမရှိပါက ဖြစ်လာနိုင်လိမ့်မည်မဟုတ်ပါ။

၂၀၁၃ ခုနှစ်တွင် CTCEP ၏ အဖွဲ့ဝင် ကိုးဦး အနက်မှ လေးဦးသည် အမျိုးသမီးများဖြစ်ကြသည်။ EMB သည် ဌာနတွင်းပိုင်းရှိဝန်ထမ်းများ၏ တန်းတူညီမျှမှုကို မှတ်သားမထားသောကြောင့် CTCEP ဝန်ထမ်း သို့မဟုတ် မဲရုံလုပ်သားများအဖြစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အမျိုးသမီးမည်မျှ ပါဝင်နေ

သည်ဆိုသည်ကို မသိနိုင်ချေ။ ၂၀၁၀တွင် ကောက်ယူသော CTV (မဲရေတွက်စီစဉ်ခြင်း) အချက်အလက်များ အရ အမျိုးသမီးများသည်လည်း CTV တွင် ပါဝင်လာသည်ကို တွေ့ရသည်။ သို့သော်လည်း အမျိုးသမီးများ၏ ပါဝင်ပတ်သက်မှုသည် အချို့နေရာများတွင်သာ သွားစုနေပြီး နည်းပညာနှင့်ပတ်သက်သော နေရာများတွင် မရှိသလောက် (၀) ဦး၊ CEP (စီရင်စုကောင်စီ) လုံခြုံရေးကိုယ်စားလှယ်များ (၀)ဦး နှင့် ရှေ့နေ (၁၀ ရာခိုင်နှုန်း) သာရှိလေသည်။[၂၂] CTCEP တွင် သီးသန့်ခွဲထုတ်ထားသော မဲဆန္ဒရှင် စာရင်း မရှိသကဲ့သို့ လိင်အမျိုးအသားအရ ထုတ်ဝေထားသော သတင်းအချက်အလက်မျိုးလည်း မရှိသေးပါ။ ထို့ကြောင့် ထိုနေရာများတွင် အမျိုးသမီးများ ပါဝင်ပတ်သက်မှုနှင့် သက်ဆိုင်သော အချက်အလက်မျိုး မရှိသေးပါ။ ၂၀၁၄ ဥပဒေသစ်အောက်တွင် BED (ရွေးကောက်ပွဲဌာနဆိုင်ရာ ဗျူရိုရုံးဌာန) နှင့် BEC (ရွေးကောက်ပွဲ အသိုင်းအဝိုင်းဆိုင်ရာ ဗျူရိုရုံးဌာန)တို့တွင် မည်သည့်နေရာ ရာထူးတွင်မဆို အနည်းဆုံး အမျိုးသမီးတစ်ဦး ခန့်အပ်ထားရန်လိုသည်။ (ပုဒ်မ ၉)

အခြေခံဥပဒေပါ အချိုးအစားကို အကောင်အထည်ဖော်နိုင်ရန် ပျက်ကွက်ခြင်းသည် CTCEP ၏ အဓိက ပြဿနာဖြစ်သကဲ့သို့၊ ရွေးကောက်ပွဲ အာဏာပိုင်များ သည်လည်း ပေါတီနိုင်ငံသူ အမျိုးသမီးများ၏ မဲပေးရာနှင့် ဝင်ရောက်ယှဉ်ပြိုင်ရေးတွင် ပါဝင်မှုအားထိခိုက်နေစေနိုင်သော ဖိအားအပေးဆုံးသော အချက်အလက်များအား ဖြေရှင်းရန်အတွက် အရေးကြီးသော အခြားတာဝန်ကဏ္ဍများလည်း ရှိသေးသည်။ အမျိုးသမီး အမတ်လောင်းများသည်လည်း မကြာခဏဆိုသလို လိင်အပေါ် မူတည်ပြီး မဟုတ်မမှန် ဝါဒဖြန့်ခံ ရသည်တို့ကိုလည်း ခံရလေသည်။[၂၃] EMB သည် လိင်အမျိုးအစားအပေါ် အခြေခံပြီး ရွေးကောက်ပွဲအား ခြိမ်းခြောက်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့အား တားဆီးရေးနှင့် စွဲဆိုရေးတို့ပြုလုပ်ရန်အတွက် တာဝန်ရှိလေသည်။ ထိုအကျင့်ပျက်သော သို့မဟုတ် အကျင့်ပျက်ခြစားသည်ဟု ယူဆရသော အရာများကြောင့် ယုံကြည်မှုမရှိတော့ခြင်းသည်လည်း ရွေးကောက်ပွဲစီမံခန့်ခွဲရေးနှင့်နိုင်ငံရေးသည် အမျိုးသမီးတို့၏ အရေးအရာမဟုတ်ဟု ထင်မြင်သွားစေနိုင်သည်။[၂၄]

## အခြားသော ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရေး

မီဒီယာဆက်ဆံရေးနှင့် အခြားသော ပြင်ပဆက်ဆံရေးကိစ္စများတွင် CTCEP သည် ဆက်သွယ်ရေးကိစ္စများအတွက် ညွှန်ကြားရေးမှူးရှိသော်လည်း ထိုကဲ့သို့သော ပြည်သူနှင့်ဆက်ဆံရေးမျိုးမရှိခဲ့ပါ။ ရွေးကောက်ပွဲကာလအတွင်း အပတ်စဉ်သတင်းစာရှင်းလင်းပွဲနှင့် သတင်းစာထုတ်ဝေခြင်းမျိုးရှိသော်လည်း အထူးတလည်ဖန်တီးထားသော အစီအစဉ် သို့မဟုတ် မီဒီယာအတွက် အဆင်ပြေစေရန် သီးသန့်ဖန်တီးပေးထားသော အရာမျိုးမရှိပါ။[၂၅] ပြင်ပဆက်သွယ်ရေးများတွင်လည်း ပြဿနာများရှိသည်။ အထူးသဖြင့် သိသာသည်မှာ စီမံအုပ်ချုပ်ပုံအဆင့်ဆင့် ညှိဖျင်းခြင်းနှင့် နေ့စဉ်ဆောင်ရွက်ဖွယ်ရာ ကိစ္စများတွင် CTCEP အဖွဲ့ဝင်များ ပါဝင်ပတ်သက်နေရခြင်းတို့တွင် ဖြစ်သည်။ ပုံမှန် တစိုက်မတ်မတ်လုပ်ဆောင်ချက် မရှိခြင်း၊ မီဒီယာများနှင့် အဆင်ပြေပြေဆက်ဆံမှုမရှိခြင်းနှင့် အင်တာဗျူးလုပ်ငန်းစဉ်များကို ပုံမှန်သိရှိဝင်ထွက်ခွင့်မရခြင်းသည်လည်း ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ရှုပ်ထွေးခြင်းနှင့် မယုံကြည်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။[၂၆] CTCEP ၏ ပြင်ပလုပ်ငန်းဆိုင်ရာ ဆက်သွယ်မှုကို ပြင်ဆင်ရေးသည် ၎င်း၏ နိုင်ငံရေးပါတီများအကြား လုပ်ဆောင်မှုများအပေါ် ယုံကြည်မှုနှင့် ပွင့်လင်းမြင်သာမှုတိုးတက်စေရန်၊ မီဒီယာများကို ၎င်း၏ တာဝန်နှင့် လုပ်ဆောင်ချက်များကို ပြည်သူများအားအသိပေးရန်၊ မီဒီယာနှင့် မိတ်သဟာယဖွဲ့ခြင်းနှင့် မဲဆန္ဒရှင်များကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် မဲပေးရေးနှင့်ဆိုင်သော လုပ်ငန်းစဉ်များအတွက် အသိပညာပေးပြီး သတင်းအချက်အလက်များ မျှဝေရန်အတွက် အင်မတန်မှအရေးကြီးသည်။[၂၇]

CTCEP သည် ပြည်သူများနှင့် မဲဆန္ဒရှင်များအား သတင်းအချက်အလက်များနှင့် အသိပညာပေးရေးတို့အတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကို အင်မတန်မှီခိုရသော်လည်း ဟေတီနိုင်ငံ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် တိကျပြတ်သားသော ဆက်ဆံမှုမရှိချေ။ CTCEP ၏ မဲဆန္ဒရှင် အသိပေးရေးသည် နောက်ဆုံးအကြိမ်တွင် ကပ်လုပ်ရခြင်းဖြစ်ပြီး ရွေးကောက်ပွဲနေ့နှင့် ရက်ချိန်းအင်မတန်မှ နီးကပ်သော အချိန်အထိသာလုပ်ရန် ကန့်သတ်ထားလေသည်။ သို့သော်လည်း မဲဆန္ဒရှင် အသိပညာပေးရေးတွင် ပိုမိုမွမ်းမံကျင့်သုံးမှုများ ပြုလုပ်ရန်လိုသေးသည်။ အဘယ်ကြောင့်ဆိုသော် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို နားလည်မှုမရှိခြင်းသည် ကောလဟာလများနှင့် မယုံကြည်မှုများကို မီးမွှေးပေးလေသည်။[၂၈] IFES ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည်လည်း လိုအပ်သောမဲဆန္ဒရှင်များနှင့် သက်ဆိုင်သည့် လိုအပ်ချက်များကို အကြောင်းကြားသောနည်းလမ်းဖြင့် ချဉ်းကပ်ကျင့်သုံးကာ ဖြေရှင်းရန် ကြိုးစားခဲ့လေသည်။ မည်သို့ပင်ဆိုစေကာမူ မဲဆန္ဒရှင်အရေအတွက်မှာ သိသိသာသာပင် လျော့နည်းလျက်ရှိကာ၊ ၂၀၁၀ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ၂၇ ရာခိုင်နှုန်းကသာ မဲပေးခဲ့လေသည်။[၂၉] ဟေတီအပါအဝင် အနောက်ပိုင်းနိုင်ငံများတွင် နှစ် ၆၀ နှင့်အထက် အင်မတန်နိမ့်ပါးလှသော အရေအတွက် မှတ်တမ်းပင် ဖြစ်သည်။ မဲရေတွက်ရာတွင် အရောအတွက်မှာ ထိုထက်ပင် နည်းသွားသေးသည် (၂၂.၉ ရာခိုင်နှုန်း) မဲပေးခွင့်မရှိသော သူအရေအတွက် (ခန့်မှန်းချေ ၅၀ ရာခိုင်နှုန်း) သည် လူဦးရေအတွင်းတွင် အများဆုံးဖြစ်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ခံရသူ ပိုများသည်။[၃၀] ဟေတီနိုင်ငံသားများသည် ရွေးကောက်ပွဲများတွင် ပါဝင်ရေးအား အကြောင်းဆင်ခြေအမျိုးမျိုးပြလေ့ရှိသည် လုံခြုံမှုမရှိခြင်းနှင့် မဲလိမ်ခြင်းနှင့် အကျင့်ပျက်ခြစားမှုတို့၏ ခြိမ်းခြောက်မှုများ၊ သတင်းအချက်အလက်နှင့် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ပါဝင်ပတ်သက်သူများနှင့်ဆက်သွယ်ရေး အားနည်းခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ အရှုပ်အထွေးများတွင် စီမံခန့်ခွဲဖြေရှင်းခြင်း၊ အဖွဲ့အစည်းနှင့် နည်းပညာဆိုင်ရာ ပြဿနာများ၊ သတင်းအချက်အလက်မျှဝေခြင်းအပေါ် မဲဆန္ဒရှင်များရရှိမှု နည်းပါးခြင်း သို့မဟုတ် လုံးလုံးမရခြင်းနှင့် မဲဆန္ဒရှင်အသိပညာနိုးကြားရေး လှုပ်ရှားမှုမလုံလောက်ခြင်းတို့ အထိပါဝင်သည်။[၃၁]

## နိဂုံးချုပ်

ဟေတီနိုင်ငံ ရွေးကောက်ပွဲ စီမံကြီးကြပ်ရေးသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အပေါ် ယုံကြည်မှုဖြစ်ပေါ်စေနိုင်ရန် အတွက် သိသာထင်ရှားလှသော အတားအဆီးများဖြစ်ပေါ်စေနိုင်သည်။ ပြဿနာများစတင်ဖြစ်ပေါ်ချိန်မှ စကာဆက်လက်ဖြစ်ပေါ်နေသည့် ပြဿနာများကို ဖြေရှင်းရန်သည် အခြေခံဥပဒေအရတာဝန်ချမှတ်ထားသည့် ဘဏ္ဍာရေးနှင့် စီမံကြီးကြပ်ရေးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည့် ပုံသေခန့်အပ် CEP တစ်ခုကို တည်ထောင်ရန်ဖြစ်သည်။ ရွေးကောက်ပွဲ ပဋိပက္ခများကို ဖြေရှင်းရာတွင် အဂတိကင်းစင်ရမည်ဖြစ်ပြီး၊ အရေးပေါ်ဗျူဟာနှင့် ပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကို လွှဲပြောင်းပေးခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ရပ်များအတွက် ပြင်ပမှလှုပ်ရှားသူများကို ကြာရှည်စွာ မှီခိုနေရမှုမှ ရပ်တန့်ရန် အတွက် မရှိမဖြစ်လိုအပ်သော နည်းလမ်းတစ်ခုဖြစ်သည်။ အခြေခံဥပဒေ၏ လိုအပ်ချက်များပြည့်စုံရန်နှင့် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီရန်၊ ပုံသေခန့်အပ် CEP နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်ရေးအတွက် ၎င်း၏လုပ်ဆောင်မှုကို နောက်ကြောင်းပြန်လှည့်ရန်လိုအပ်သည်။ ပြင်ပဆက်သွယ်ရေးများအား စီမံခန့်ခွဲရေးကိုမြှင့်တင်ပြီး မဲဆန္ဒရှင်များအား အသိပညာပေးမှုကို အကျိုးရှိရှိ လုပ်နိုင်ပါက ပွင့်လင်းမြင်သာမှုကို တိုးတက်စေနိုင်ပြီး လုပ်ငန်းစဉ်အတွင်း ယုံကြည်မှုကိုမြင့်တက်စေနိုင်သည်။ ဟေတီသည် မကြာသေးသောနှစ်များဆီက စိန်ခေါ်မှုများအကြားမှ ရုန်းထွက်လာရသောကြောင့်၊ ယုံကြည်ရနိုင်သော ရွေးကောက်ပွဲစီမံကြီးကြပ်ရေးသည် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုတည်ထောင်ရန်အတွက် အဓိကလိုအပ်သော အချက်ပင်ဖြစ်လိမ့်မည်။

## မှတ်သားရန်များ

၁ Lagueny 2011.
၂ Opont 2013.
၃ Rioux and Lagueny 2009; Rioux 2013.
၄ Opont 2013; Lagueny 2013; Kingsley 2013.
၅ Ibid.
၆ Rioux 2013; Descartes 2013; Opont 2013; Lagueny 2013.
၇ Richards 2013; Opont 2013.
၈ Sentinel 2012.
၉ Ibid.; Lagueny 2013.
၁၀ Rioux 2013.
၁၁ Lagueny and Dérose 2010.
၁၂ Ibid.
၁၃ Mobekk 2001; MINUSTAH; Lagueny 2013.
၁၄ The distinction should be noted between the CEP (institution) and the CTCEP (transitional college currently in charge of the institution).
၁၅ Opont 2013.
၁၆ Since 1993, the only period when no UN mission was in place was from March 2001 to February 2004. No elections were being organized during this period (Lagueny 2013).
၁၇ Opont 2013.
၁၈ Richards 2013; Lagueny 2013; Gonzalez, Davila and Opont 2013.
၁၉ Opont 2013.
၂၀ Lagueny 2013.
၂၁ IPU no date.
၂၂ UNDP 2013.
၂၃ Ibid.
၂၄ Ibid.
၂၅ Opont 2013.
၂၆ Lagueny 2011, 2013.
၂၇ Ibid. It should be noted that the CTCEP is not involved in political party access to state media; this is managed by the National Telecommunications Council.
၂၈ Ibid.; Kingsley 2013.
၂၉ Weisbrot and Johnson 2011.
၃၀ Ibid.
၃၁ Lagueny 2011.

## ကျမ်းကိုးများ


Descartes, Jean-Jacques, attorney, interview with author, 29 October 2013 Gonzalez, Lourdes, Davila, Roly and Opont, Pierre-Louis, UNDP Haiti, interview with author, 7 November 2013

Inter-Parliamentary Union [IPU], *Parliaments at a Glance: Women Parliamentarians* (Geneva and New York: IPU), available at <http://www.ipu.org/parline-e/WomenInParliament.asp>

Kingsley, Jean Pierre, former chief electoral officer of Canada and chair, International Mission for Monitoring Haitian Elections 2006, interview with author, 30 October 2013

Lagueny, Sophie, *How to Develop and Execute an Effective and Efficient Communications and Outreach Strategy Capable of Gaining the Trust of Voters in Transparent and Honest Elections in Haiti* (Washington, D.C.: International Foundation for Electoral Systems and US Agency for International Development, 2011)

Lagueny, Sophie, electoral expert and former IFES chief of party, Haiti, interview with author, 29 October 2013

Lagueny, Sophie and Dérose, Rudolf, *Post Disaster Assessment on the Feasibility of Organizing Free and Fair Elections in Haiti* (Washington, D.C.: International Foundation for Electoral Systems, 2010)

Mobekk, E., 'Enforcement of Democracy in Haiti', *Democratization*, 8/3 (2001), pp. 173–88

Opont, Pierre-Louis, former director general of the Provisional Electoral Council of Haiti, personal communication with author, 6 November 2013

Organization of American States [OAS], *Expert Verification Mission of the Vote Tabulation of the 28 November 2010 Presidential Election in the Republic of Haiti* (Port-au-Prince: OAS, 2013)

Richards, Lesley, electoral expert, interview with author, 23 November 2013

Rioux, Claude, attorney, interview with author, 5 November 2013

Rioux, Claude and Lagueny, Sophie, *Legal and Technical Analysis of the Haitian Elections Law of July 18, 2008* (Washington, D.C.: International Foundation for Electoral Systems, 2009)

*Sentinel, The*, 'OAS Issues 5 Million ID Cards in Haiti Civil Registry Project', 29 June 2012.

UNDP-Haiti, 'Fiches Thématiques Genre et Elections', unpublished manuscript (Port-au-Prince, Haiti: 2013)

UN Security Council, *Resolution 940 (1994) Adopted by the Security Council at its 3413th meeting, on 31 July 1994,* S/RES/940 (1994), available at <http://www.refworld.org/docid/3b00f15f63.html>

United Nations Stabilization Mission in Haiti [MINUSTAH] website, available at <http://www.un.org/en/peacekeeping/missions/minustah/>

Weisbrot, Mark and Johnston, Jake, *Analysis of the OAS Mission's Draft Final Report on Haiti's Election* (Washington, D.C.: Center for Economic and Policy Research, 2011)

ဖြစ်ရပ်များကိုလေ့လာခြင်း

# အိန္ဒိယ : EMB လွတ်လပ်မှု၏ ဖွဲ့စည်းတည်ဆောက်ပုံ*

အိန္ဒိယရွေးကောက်ပွဲကော်မရှင် (ECI) သည် အများအားဖြင့် လက်ခံထားကြသည်မှာလွတ်လပ်သော EMB တစ်ခု ဖြစ်သည်ဟူ၍ဖြစ်သည်။ ၎င်းကို "ကြောက်မက်ဖွယ်ကောင်းလောက်အောင် လွတ်လပ်သော" ဟုသုံးပါက ပိုသင့်တော်နိုင်သည်။ ၁၉၄၈-၄၉ တွင် အိန္ဒိယနိုင်ငံ၏ အခြေခံဥပဒေအား တည်ထောင်သူဖခင်ကြီးများသည် မဲဆန္ဒနယ်ဆိုင်ရာ လွှတ်တော်အစည်းအရုံးတွင် ရွေးကောက်ပွဲကော်မရှင်၏ နေရာကို ငြင်းခုန်ယှဉ်ပြိုင်ပြောဆိုကြရာ ဆုံးဖြတ်ချက်ချခဲ့သည်မှာ လွတ်လပ်သော အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲများဆောင်ရွက်ရန်အတွက် တာဝန်ရှိသောဌာနမှာ ထင်ရှားကွဲပြားပြီး လက်ရှိအစိုးရမှ သီးခြားဖြစ်စေကာ ၎င်း၏ အမှုကိစ္စများကို ကိုင်တွယ်ဆုံးဖြတ်ရန်အတွက် ခိုင်မာသောဘဏ္ဍာရေးနှင့် ကြီးကြပ်စီမံရေးဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိရမည်ဟူ၍ ဖြစ်လေသည်။

ထိုကဲ့သို့သော ကောင်းမွန်စွာစဉ်းစားထားပြီး၊ ကျယ်ပြန့်စွာရှင်းပြထားသော ပြဋ္ဌာန်းချက်သည် ပုဒ်မ ၃၂၄ အနေနှင့် အိန္ဒိယနိုင်ငံ၏ အခြေခံဥပဒေတွင် ပါရှိပြီး အထောက်အပံ့ပေးရန်အတွက် တရားစီရင်ရေးတစ်ခု၊ ပုံမှန်လုပ်ဆောင်လျက်ရှိသော မီဒီယာနှင့် အိန္ဒိယပြည်သူ့ထင်မြင်ချက်များနှင့် ECI ၏ ခေါင်းဆောင်သူအချို့သိက္ခာနှင့် လွတ်လပ်သောစိတ်ထားတို့ကြောင့် ၎င်းသည် ယနေ့ခေတ်တွင် ရနေသောလွတ်လပ်မှုနှင့် ဂုဏ်သတင်းရနေခြင်းဖြစ်သည်။

## ရွေးကောက်ပွဲနှင့် EMB များအား အုပ်စိုးသော ဥပဒေဆိုင်ရာမူဘောင် အခြေခံ

အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များအပြင် ရွေးကောက်ပွဲ၏ ဥပဒေဆိုင်ရာမူဘောင်အတွက် အရေးပါသော ပြဋ္ဌာန်းဥပဒေနှစ်ချက်မှာ ၁၉၅၀နှင့် ၁၉၅၁ခုနှစ် ပြည်သူများကိုယ်စားလှယ်ပြုရေးဆိုင်ရာ အက်ဥပဒေဖြစ်သည်။ ပထမတစ်ခုသည် ရွေးကောက်ပွဲအတွက် အခြေခံလိုအပ်ချက်များဖြစ်သော အမျိုးသားနှင့် ပြည်နယ်အဆင့် လွှတ်တော်များအတွက် နေရာများခွဲဝေပေးမှု၊ ရွေးကောက်ပွဲနယ်နိမိတ်ကန့်သတ်ရေးနှင့် ရွေးကောက်ပွဲ မှတ်ပုံတင်စာရင်းကဲ့သို့သော ပြင်ဆင်မှုများကို ပြဋ္ဌာန်းလေသည်။ ဒုတိယတစ်ခုသည် ရွေးကောက်ပွဲလုပ်ဆောင်မှုအတွက် အသေးစိတ်ကျသော ပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းလေပြီး မတူ

* မူရင်းလက်စွဲစာအုပ်ကို ပြင်ဆင်တည်းဖြတ် ထုတ်ဝေထားသော Vijay Patidar and Ajay Jha တို့ရေးသားထားသည့် 'အိန္ဒိယ : လွတ်လပ်သော EMB' , ရွေးကောက်ပွဲ စီမံခန့်ခွဲမှုဒီဇိုင်း : International IDEA လက်စွဲစာအုပ် (Stockholm: International IDEA, 2006), စာမျက်နှာ ၁၉၂-၉၅။ Dr. S.Y. Quraishi ကပြင်ဆင်တည်းဖြတ်ထားသည်။

ညီကွဲပြားသော ပြည်သူ့ရုံးဌာနများအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန်လိုအပ်သော အရည်အသွေးများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ရန် လိုအပ်သောစည်းကမ်းများနှင့် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများအားကိုင်တွယ်ရန်အတွက် လုပ်ငန်းစဉ်များတို့ ဖြစ်သည်။

ရွေးကောက်ပွဲ ယန္တရားစတင်လည်ပတ်ပြီးဆိုသည်နှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များသည်လည်း ECI ၏ စီမံကြီးကြပ်မှုအောက်သို့ ရောက်ရှိသွားလေတော့သည်။ ပြီးနောက်တွင် ထိုလုပ်ငန်းစဉ်ကို မည်သည့် ခုံရုံးကမှ တာဆီးခြင်းမပြုလုပ်နိုင်တော့ပေ။ ရွေးကောက်ပွဲ ပြီးဆုံးချိန်မှသာလျှင် တရားရုံးချုပ်သို့ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော လက်မှတ်ရေးထိုးဆန္ဒပြမှုများ တင်ပြနိုင်သည်။ ECI ကိုယ်တိုင်သည်ပင်လျှင် ရွေးကောက်ပွဲဥပဒေ၏ လုပ်ငန်းဆိုင်ရာ မှုမမှန်မှားယွင်းမှု သို့မဟုတ် ဖောက်ဖျက်မှုတို့အတွက် စွပ်စွဲချက်များကို မေးမြန်းစုံစမ်းပိုင်ခွင့်ရှိသည်။ထိုလုပ်ငန်းစဉ်ဘက်မှ သေချာပေါက်အာမခံထားသည်မှာလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များသည် တရားစီရင်ရေး ကြားနာချက်များဖြင့် နှောင့်နှေးနေရန်မလိုဘဲ အချိန်မီပြီးအောင်လုပ်နိုင်သည်ဟူ၍ဖြစ်သည်။

ထိုပြဋ္ဌာန်းဥပဒေ နှစ်ခုတွင်ပါဝင်သော ပြဋ္ဌာန်းချက်များကို အင်အားဖြည့်စွက်သည့်အနေနှင့် အသေးစိတ်လုပ်ငန်းစဉ်များသည် ၁၉၆ဝ ပြည့်နှစ် မဲဆန္ဒရှင်များ မှတ်ပုံတင်ရေးဆိုင်ရာ စည်းမျဉ်းများနှင့် ၁၉၆၁ ခုနှစ် ရွေးကောက်ပွဲလုပ်ဆောင်စဉ် လိုက်နာရမည့် စည်းမျဉ်းများတို့တွင်ပါဝင်ပြီး မဲပေးမည့်နေ့နှင့် မဲရေတွက်မည့်နေ့တွင်အသုံးပြုရမည့် လျှောက်လွှာပုံစံနှင့် လိုက်နာရမည့်အချက်များပါ ပါဝင်လေသည်။

နိုင်ငံရေးပါတီများနှင့် ဆွေးနွေးပြီးနောက် ECI သည် လုပ်ဆောင်စဉ်လိုက်နာရမည့် ပုံစံတစ်ခုကို တည်ထောင်ခဲ့သည်။ ထို စည်းမျဉ်းဥပဒေတွင် ဥပဒေအခြေပြုချက်များ မပါဝင်ပဲ ၎င်း၏တရားဝင်ခြင်း မဝင်ခြင်းကိစ္စသည် ပါတီများ၏ သဘောတူညီချက်အရ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုကဲ့သို့လုပ်ခြင်းသည် မျှမျှတတ ယှဉ်ပြိုင်နိုင်ရန် လုပ်ခြင်းဖြစ်ပြီး အာဏာရပါတီကို တိုင်းပြည်၏ ယန္တရားများအား အလွဲသုံးပြီး အတိုက်အခံ ပါတီများအား အားနည်းအောင်လုပ်ခြင်းကို ကာကွယ်ရန်ဖြစ်သည်။ ECI သည် ၎င်း၏ ပြဋ္ဌာန်းတာဝန်များကို စိုးမိုးစေပြီး ရွေးကောက်ပွဲပါတီများကို ရွေးကောက်ပွဲကာလများအတွင်း စည်းကမ်းတင်းကြပ်အုပ်စိုးရာတွင် အင်မတန်မှ သေသေသပ်သပ် ထိန်းထားနိုင်သည်။၎င်းအနေနှင့် လုပ်ပုံလုပ်နည်းစည်းကမ်းကိုပြင်းပြင်းထန်ထန်ချိုးဖောက်ပြီး ရွေးကောက်ပွဲခရိုင်များတွင် ပဋိပက္ခဖြစ်ပွားပါကရွေးကောက်ပွဲများကို ရက်ရွှေ့ဆိုင်းလေ့ရှိသည်။

## အသင်းအဖွဲ့ဆိုင်ရာ တည်ဆောက်ပုံ

အိန္ဒိယသည် ပြည်နယ် ၂၉ ခုနှင့် ပြည်ထောင်စု နယ်နိမိတ် ၇ ခုနှင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံတော် ဖြစ်သည်။ နိုင်ငံတော်အဆင့်တွင် ပြည်ထောင်စုလွှတ်တော်သည် အထက်နှင့်အောက် လွှတ်တော်နှစ်ပိုင်းခွဲထားပြီး Lok Sabha နှင့် Rajya Sabhaဟုခေါ်သည်။ ပြည်နယ်တစ်ခုတွင် အနည်းဆုံးရွေးကောက်ခံ လွှတ်တော်တစ်ခုရှိပြီး၊ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်အစည်းအရုံးနှင့် အချို့သော ပိုမိုကြီးမားသောပြည်နယ်များတွင် ဒုတိယလွှတ်တော်တစ်ခုထပ်ရှိသေးပြီး ဥပဒေဆိုင်ရာကောင်စီဟုခေါ်သည်။

အိန္ဒိယနိုင်ငံ၏ အခြေခံဥပဒေသည် ECI ကို ထို ဥပဒေပြုရေးဌာနများအတွက် ရွေးကောက်ပွဲများကျင်းပရေးတာဝန်ကို ပြည်ထောင်စုနှင့် တစ်နိုင်ငံလုံးဆိုင်ရာအဆင့်ထိ နှစ်မျိုးလုံးတွင်ပေးထားလေသည်။ ၁၉၉၂ တွင် အခြေခံဥပဒေကို ၇၃ ကြိမ်မြောက်ပြင်ဆင်ပြီးနောက် ခရိုင်အဆင့်ဌာနများ (panchayats)

ဟူသောတတိယအဆင့် အစိုးရတစ်ရပ်ပါ စတင်ပါဝင်လာလေပြီး ၎င်းတို့သည် အိန္ဒိယဖွဲ့စည်းပုံ၏ မြို့အဆင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများဖြစ်သည်။ Panchayats အတွက် လုပ်သောရွေးကောက်ပွဲများသည် မတူညီကွဲပြားသော ဌာနများဖြစ်သည် ပြည်နယ်အဆင့်ရွေးကောက်ပွဲ ကော်မရှင်များမှ လုပ်ပေးရန် တာဝန် အပ်နှင်းခြင်းခံရသည်။

ကနဦးပိုင်တွင် ရွေးကော်ပွဲ ကော်မရှင်အရာရှိချုပ်တစ်ဦး ရှိသေးသည်။ သို့သော်လည်း တာဝန်၏ ပမာဏ၊ ရှုပ်ထွေးမှုနှင့် တာဝန်တို့သည် စစချင်းမိတ်ဆက်ထမ်းဆောင်သော ၁၉၈၉ ကို အတိုချုပ်သာ ပြုလုပ်နိုင်ခဲ့ပြီး ထိုအချိန်မှစကာ ၁၉၉၃ မှ ယနေ့အထိ အဖွဲ့ဝင် ၃ ဦးပါသော ECI ဖြစ်လာခြင်းဖြစ်သည်။ သမ္မတမှနေ၍ရွေးကောက်ပွဲ ကော်မရှင်အရာရှိချုပ်နှင့် ရွေးကောက်ပွဲကော်မရှင်အရာရှိများကို တာဝန်ထမ်းဆောင်သက် ခြောက်နှစ်၊ သို့မဟုတ် အသက် ၆၅ နှစ်အထိ အရင်သက်တမ်းပြည့်သော အရာကို တွက်ချက်ပြီး ခန့်အပ်လေသည်။ ၎င်းတို့သည်လည်း အိန္ဒိယနိုင်ငံ၏ တရားရုံးချုပ်ရှေ့နေရသော လစာ၊ အကျိုးခံစားခွင့်နှင့် အဆင့်အတန်းအတူတူရရှိကြလေသည်။ ရွေးကောက်ပွဲကော်မရှင်အရာရှိချုက်သည် ရုံးမှ ပါလီမန်လွှတ်တော်၏ စွဲဆိုချက်တစ်ခုတည်းနှင့် ထုတ်ပယ်ပစ်ခြင်းခံရနိုင်သည်။ စွဲဆိုချက်တင်ခြင်းသည်လည်း အခြေအနေနှစ်ရပ်တွင်သာ ပြုလုပ်နိုင်သည်။ စည်းကမ်းချိုးဖောက်ကြောင်း သို့မဟုတ် တာဝန်ကျေပွန်အောင် မထမ်းဆောင်နိုင်ကြောင်း သက်သေခိုင်လုံရန်လိုအပ်ပြီး အထက်တရားရုံးနှင့် တရားရုံးချုပ်ရှိ တရားသူကြီးများကို ထုတ်ပယ်ရာတွင်သုံးသော ရှင်းလင်းသည့် လုပ်ငန်းစဉ်မျိုးလုပ်ရန်လိုအပ်သည်။

အခြားသော ရွေးကောက်ပွဲကော်မရှင် အရာရှိများမှာမူ ရွေးကောက်ပွဲကော်မရှင်အရာရှိ၏ အကြံပေးပြောကြားချက်ကြောင့် မဟုတ်ဘဲ အခြားသော အကြောင်းပြချက်ဖြင့် ထုတ်ပယ်ခြင်းမပြုလုပ်နိုင်ပေ။ ECI ၏ လုပ်ဆောင်ချက်များသည် ရွေးကောက်ပွဲယန္တရားအတွင်းရှိ အဖွဲ့ဝင်များမှာ ၎င်းအောက်တွင် တာဝန်ထမ်းဆောင်သူမဟုတ်သော်ငြားလည်း ရွေးကောက်ပွဲယန္တရား တစ်ခုလုံးအပေါ်တွင် ထိန်းချုပ်မှု လုံးလုံးလျားလျားရှိသည်။ အိန္ဒိယနိုင်ငံတွင် ပြည်သူ့ဝန်ဆောင်မှုများပေးသည့်အခါ ဘက်လိုက်ခြင်းကင်းသော အစဉ်အလာရှိသည်။

ပြည်နယ်အဆင့်ရှိ အဓိကအရာရှိများသည် ရွေးကောက်ပွဲအရာရှိချုပ်များဖြစ်ကြပြီး ၎င်းတို့ကို ECI မှ ပြည်ထောင်စု ပြည်သူ့ဝန်ထမ်းများ၏ ပြည်နယ်အစိုးရမှ နိုင်ငံတော်ကိုတင်သွင်းသော စာရင်းမှ ရွေးချယ်ထားခြင်းဖြစ်သည်။ ပြည်နယ် ရွေးကောက်ပွဲအရာရှိချုပ်ကို ECI က နိုင်ငံတော်အဆင့်ထိ ထောက်ခံချက် မပေးထားဘဲ ထုတ်ပယ်ခွင့်မရှိချေ။

မည်သို့ပင်ဆိုစေကာမူ အဓိကကျသော ရွေးကောက်ပွဲလုပ်ရှားမှုများသည် ခရိုင် ၆၇၂ ခုတွင် လုပ်ပြီး၊ ခရိုင်တစ်ခုတွင် မှတ်ပုံတင်ထားသော မဲဆန္ဒရှင် ၁.၁ သန်း ပျမ်းမျှရှိလေသည်။ ၂၀၁၄ ခုနှစ်တွင် အိန္ဒိယတွင် မဲပေးပိုင်ခွင့်ရှိသူပေါင်း ၈၁၄ သန်းထိရှိလာလေပြီး ကမ္ဘာ့လူဦးရေအများဆုံး ဖြစ်လာလေပြီး ထိုသူတို့အနက်မှ သန်းပေါင်း ၅၅၀ ခန့်က ၎င်းတို့၏မဲပေးပိုင်ခွင့်ကို အသုံးချကြလေသည် (မဲဆန္ဒရှင်အရေအတွက်နှုန်းမှာ ၆၆.၇ ရာခိုင်နှုန်းရှိလေသည်) ထိုသူများထဲတွင် သန်းပေါင်း ၁၃၀ မှာ ယခုမှ မဲပေးမည့်လူသစ်များ ဖြစ်ကြသည်။ ခရိုင်ရာဇဝတ်တရားရုံး (အိန္ဒိယ၏ အချို့သောအပိုင်းများတွင် ခရိုင်ကောလိတ်တော်မင်း သို့မဟုတ် ဒုကော်မရှင်အရာရှိအဖြစ် လူသိကြလေသည်) သည် ဗြိတိသျှတို့ တည်ထောင်ခဲ့သည့်ရုံးဖြစ်ပြီး ECI အတွက် အဓိက အခန်းကဏ္ဍနေရာမှ တာဝန်ဝင်ရောက် ထမ်းရွက်ပေးလေသည်။ ခရိုင်ရွေးကောက်ပွဲအရာရှိအနေနှင့် ခရိုင်ရာဇဝတ်တရားသူကြီးသည် ခရိုင်နှင့် ခရိုင်ခွဲများအားလုံးအဆင့်ရှိ အရာရှိများ၏ အဖွဲ့ခေါင်းဆောင်အနေနှင့် အဓိက ရွေးကောက်ပွဲရာထူးများကို ထမ်းဆောင်ရလေသည်။ ထိုအရာရှိများအားလုံးသည် ဥပဒေအရ ECI က စေလွှတ်လိုက်ပြီး ရွေးကောက်ပွဲကာလအတွင်း

၎င်း၏ ကြီးကြပ်မှု၊ စည်းကမ်းနှင့် ထိန်းချုပ်မှုအောက်တွင်ရှိသည်ဟု မှတ်ယူရမည်ဖြစ်သည်။

မဲရုံပေါင်း ၉၃၀၀၀၀ အတွက် မဲရုံဝန်ထမ်းပေါင်း ၁၁ သန်းရှိသည့်အပြင် ယခင်က ခရိုင် ရွေးကောက်ပွဲ အရာရှိ နှင့် ကျောင်းပကြေငြာရေးအရာရှိအနေနှင့် အလုပ်လုပ်ခဲ့ဖူးသော အစိုးရဝါရင့် အရာရှိများသည်လည်း ECI ဌာန၏ ကိုယ်စားရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် တာဝန် ထမ်းဆောင်ကြလေသည်။ ECI အနေနှင့် ထိုနည်းဖြင့် ၎င်းတို့အား ရာထူးပုံသေခန့်အပ်ရန် သို့မဟုတ် အခကြေးငွေပေးရန် မလိုအပ်တော့ဘဲ ဘက်မလိုက်ဘဲ အတွေ့အကြုံရှိသည့် စောင့်ကြည့်လေ့လာသူများကို တခဏအတွင်းတွင် ရရှိစေနိုင်လေသည်။ စောင့်ကြည့်လေ့လာသူများသည် ၁၉၈၉ တွင်ထည့်ထားသော ပြင်ဆင်ချက်အရ ၁၉၅၁ ပြည်သူလူထုအား ကိုယ်စားပြုရေး အက်ဥပဒေထဲတွင် ပါဝင်လေသည်။ ထိုဥပဒေအရ ၎င်းတို့သည် အစိုးရ ဝန်ထမ်းများဖြစ်ရမည်ဖြစ်သည် (ပြည်ထောင်စုဖြစ်စေ သို့မဟုတ် ပြည်နယ်ဖြစ်) ပြီးနောက် ၎င်းတို့အနေနှင့် မသမာမှုများ ကျူးလွန်ထားသည်ဟု သံသယဖြစ်ယုံကြည်ပါက မဲရေခြင်းကို ရပ်တန့်စေနိုင်သော အာဏာပေးအပ်ထားခြင်း ခံထားရလေသည်။ မည်သို့ပင်ဆိုစေကာမူ ၎င်းတို့အနေနှင့် မည်သို့သော သံသယဖြစ်ဖွယ်ကို မဆို ECI သို့ တင်ပြရမည်ဖြစ်ပြီး ညွှန်ကြားသော လမ်းညွှန်ချက်အတိုင်း လိုက်နာရမည်ဖြစ်သည်။ လက်တွေ့တွင် ECI အနေနှင့် လေ့လာစောင့်ကြည့်သူများကို ဖြစ်ရပ်တော်တော်များများတွင် ဝင်ရောက်ပါဝင် စွက်ဖက်ခွင့်ပေးထားပြီးဖြစ်သည်။ အထူးသဖြင့် မဲပေးမည့်နေ့တွင် ရဲတပ်ဖွဲ့များကို စေလွှတ်ခွင့်မျိုးဖြစ်သည်။

မဲရုံများကို အင်အားနည်းပြီးချို့တဲ့သော လူအများရှိသည့်နားတွင် တည်ဆောက်ခြင်း၊ အကြမ်းဖက်မှု၊ လိမ်ညာခြင်း လုပ်သည်ဟု စွပ်စွဲခံရခြင်းနှင့် အခြားကိစ္စတို့ဖြစ်ပါက မဲပြန်ကောက်ရန် ဆုံးဖြတ်ချက်ချခြင်းအစရှိသည်တို့ ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ လေ့လာစောင့်ကြည့်သူများသည် လူလေးစားကြောက်ရွံ့ရသောအရာတစ်ခုဖြစ်လာသည်ကို တွေ့ရမည်ဖြစ်ပြီး၊ ကော်မရှင်၏မျက်စိနှင့် နားကဲ့သို့ ဆောင်ရွက်ကာ အိန္ဒိတွင်ရှိသော ရွေးကောက်ပွဲယန္တရား၏ လွတ်လပ်မှုကို သေချာပေါက်ရှိကြောင်း ပြသရာတွင် နောက်ထပ်အရေးပါသော အဖွဲ့အစည်းတစ်ခုသာဖြစ်ကြောင်း သက်သေပြလာလေသည်။

## အာဏာနှင့် လုပ်ပိုင်ခွင့်များ

ECI သည် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲအရာရှိများကို နေရာတကျ အသုံးချခြင်းနှင့် လေ့ကျင့်သင်ကြားခြင်း၊ မဲစာရွက်များရိုက်နိပ်ခြင်း၊ မဲကောက်ခံခြင်းတို့ပြုလုပ်ခြင်း၊ မဲစာရွက်များ ရေတွက်ခြင်းနှင့် ရွေးကောက်ပွဲရလဒ်များ ကြေငြာခြင်းကဲ့သို့သော အချိန်မှန်လုပ်ရသည့် လုပ်ဆောင်ချက်များကို လုပ်လေသည်။ ၎င်းအနေနှင့် မဲဆွယ်စဉ်ကာလများတွင် နိုင်ငံပိုင် အီလက်ထရွန်းနစ်မီဒီယာများကို နိုင်ငံလုံးဆိုင်ရာနှင့် ပြည်နယ်အဆင့်ပါတီများသို့မဲဆွယ်ရန် အချိန်အခမဲ့ကို မျှဝေပေးရလေသည်။

ECI သည် ရွေးကောက်ပွဲဆိုင်ရာနယ်နိမိတ်များ ကန့်သတ်သတ်မှတ်ရေးအတွက် တာဝန် မရှိပါ။ အခြေခံဥပဒေတွင် သီးသန့်နယ်နိမိတ်ခွဲခြား သတ်မှတ်ရေးကော်မရှင်သတ်မှတ်ရန် ပြဋ္ဌာန်းပြီးသားဖြစ်လေပြီး လက်ရှိတာဝန်ထမ်းဆောင်နေသော သို့မဟုတ် အငြိမ်းစားယူထားသော တရားရုံးချုပ်ရေးနေ တစ်ဦးမှ ခေါင်းဆောင်ရမည်ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်အရာရှိတစ်ဦးသည် ထိုဌာန၏အဖွဲ့ဝင် ဖြစ်ရန်အတွက် ရွေးကောက်ခြင်းခံရလေသည်။ မည်သို့ပင်ဆိုစေကာမူ၊ ECI တွင် အဖွဲ့အစည်းဆိုင်ရာ မှတ်ဉာဏ်ရှိပြီး အထွေထွေအတွင်းရေးမှူးဌာနဆိုင်ရာ အထောက်အပံ့များပေးသောကြောင့် ၎င်းသည် လည်းနယ်နိမိတ်ကန့်သတ်သတ်မှတ်ရေးတွင်အရေးပါသောနေရာကဏ္ဍမှတာဝန်ထမ်းဆောင်လေသည်။

ECI သည် ရွေးကောက်ပွဲ အသုံးစရိတ်အတွက် စောင့်ကြည့်ရေးတွင်လည်း တာဝန်ယူရသော ဌာနဖြစ်သည်။ ၎င်းခန့်အပ်ထားသော ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်လေ့လာသူများမှတစ်ဆင့် ၎င်းသည် အမတ်လောင်း၊ သမ္မတလောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်းသုံးသော အသုံးစရိတ်ကို နီးနီးကပ်ကပ်စောင့်ကြည့်လေသည်။ ထိုကဲ့သို့လုပ်လိုက်ခြင်းသည် အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲကာလများ၌တရားမဝင်အသုံးစရိတ်များကို အောင်အောင်မြင်မြင်ပင် လျှော့ချလိုက်နိုင်လေသည်။ ECI သည်လည်း မသမာမှုများတွေ့သော နေရာများတွင် မဲရုံများ၌မဲပြန်ကောက်ရန် (သို့မဟုတ် မဲဆန္ဒနယ်ခရိုင်တစ်ခုလုံး၌ ပြန်ကောက်ရန်) အမိန့်ပေးပိုင်သော အာဏာရှိလေသည်။ ၎င်းအနေနှင့်လည်း မည်သည့်မဲကောက်ခံမှုမျိုးကိုမဆို ရက်အနည်းငယ်ခန့် ရွှေ့ဆိုင်းနိုင်သည်။

နိုင်ငံရေးပါတီများအား စည်းကမ်းကြတ်မတ်သတ်မှတ်ရန်အတွက် ပြဋ္ဌာန်းချက်များသည် မူလအားဖြင့် ရွေးကောက်ပွဲ ဥပဒေအတွင်းတွင် ပါလေ့မရှိပေ။ ၎င်းတို့သည် ၁၉၈၉ တွင်သာ စတင်ပါဝင်လာခြင်းဖြစ်ပြီး ECI ကို နိုင်ငံရေးပါတီများအား မှတ်ပုံတင်ရန်အတွက် တာဝန်ပေးသွားလေသည်။ ကနဦးတွင် နိုင်ငံရေးပါတီများကို မှတ်ပုံတင်ရေးအတွက် လုပ်ရသောလုပ်ငန်းစဉ်များသည် လစ်ဘရယ်ဆန် လှပေသည်။ နိုင်ငံရေးပါတီတည်ထောင်လိုသော အသင်း သို့မဟုတ် လူအအဖွဲ့အစည်းတို့သည် အချက်အလက်များမေးမြန်းထားသော လျှောက်လွှာတစ်စောင်တောင်းယူပြီး အချက်အလက်များကို ဖြည့်စွက်ရသည်။ ထိုကဲ့သို့သော ရိုးစင်းလှသောလုပ်ငန်းစဉ်သည် လူတော်တော်များများကို အဆိုင်းမတွပင် ပါတီမှတ်ပုံတင်စေသကဲ့သို့ဖြစ်သွားပြီး ECI ၏ မှတ်တမ်းထဲတွင်သာရှိသော ပါတီများဖြစ်ပေါ်လာစေသည်။ ထိုကဲ့သို့သော အလွယ်လုပ်မှုကို တားဆီးရန်နှင့် အတည်အတံ့လုပ်မည့်ပါတီများ ဖွဲ့စည်းမှုကို ဖြစ်ပေါ်စေရန် စည်းမျဉ်းများကို ကြတ်မတ်လိုက်ပြီး အဆိုတင်သွင်းထားသောပါတီသို့ အနည်းဆုံးအဖွဲ့ဝင် ၁၀၀ ခန့်က ၎င်းတို့၏ မဲဆန္ဒရှင်မှတ်ပုံတင်စာရင်း အသေးစိတ်နှင့် ၎င်းတို့သည် အခြားသောပါတီများ၏ အဖွဲ့ဝင်များ မဟုတ်ကြောင်း တစ်ဦးချင်းစီ ကျိန်ဆိုထားသော ခံဝန်များတင်သွင်းရန်အတွက် တောင်းခံလိုက်လေသည်။ ECI (အိန္ဒိယရွေးကောက်ပွဲကော်မရှင်အနေနှင့် ပါတီသစ်မှတ်ပုံတင်ရေးအတွက် INR ၁၀၀၀၀ ကို အခကြေးငွေအဖြစ်လည်း ကောက်ခံလေသည်။

## ဘဏ္ဍာငွေထောက်ပံ့ခြင်း

၎င်းအနေနှင့် မည်သည့်ဘဏ္ဍာရေးပြဿနာ ကြီးကြီးမားမားကိုမှ ကြုံတွေ့ရခြင်း မရှိခြင်းသည်လည်း ECI ၏ လွတ်လပ်မှုကို ပြဋ္ဌာန်းသော အမှတ်အသားပင်ဖြစ်သည်။ ပြည်ထောင်စုအဆင့်တွင် အရာရှိ ပေါင်း ၃၅၀ ခန့်ဖြင့် ဖွဲ့စည်းထားပြီး ၎င်းကိုဘဏ္ဍာငွေထောက်ပံ့သည်မှာ စုပေါင်းဘဏ္ဍာငွေထဲမှ အစိုးရဘတ်ဂျက်ငွေမှတစ်ဆင့် ထောက်ပံ့ခြင်းဖြစ်သည်။ ထိုငွေဖြင့် ဝန်ထမ်းများကို လုပ်ခပေးချေ။ နည်းပညာပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များနှင့် အမျိုးမျိုးသော ရုံးစားရိတ်များ၊ EVM (အီလက်ထရွန်းနစ် မဲပေးစက်) များ ဝယ်ယူသည့်အဖိုးအခအပါအဝင်တို့ကို ပေးချေလေသည်။ သို့သော်လည်း ကုန်ကျစရိတ်များ ကျသင့်ရာတွင် ပြည်နယ်အစိုးရက ပေးချေသည်က ပိုများလေသည်။ ဥပမာအားဖြင့် ခရိုင်နှင့် ပြည်နယ် ဌာနချုပ်များရှိ ဝန်ထမ်းများသည် မဲစာရွက်များရိုက်နှိပ်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း၊ ရွေးကောက်ပွဲမှတ်ပုံတင်စာရင်း ပြင်ဆင်ခြင်းနှင့် ပုံနှိပ်ခြင်း၊ ရွေးကောက်ပွဲလုပ်ဆောင်ရန်အတွက် လိုအပ်သောပစ္စည်းများကို လက်ခံရယူခြင်း၊ လေ့ကျင့်သင်ကြားခြင်း၊ ရွေးကောက်ပွဲအရာရှိများ၏ လစာများနှင့် ရွေးကောက်ပွဲများအတွက် စေလွှတ်ထားသော လုံခြုံရေးတပ်ဖွဲ့များနှင့် ဗဟိုရွေးကောက်ပွဲ ကြီးကြပ်ရေးမှူးများ၏ ကုန်ကျစရိတ်များတို့ဖြစ်သည်။ နိုင်ငံပိုင်မီဒီယာတွင် ထုတ်လွှင့်သောကြောင့် ကျသင့်သောငွေသည် အစိုးရမှ ပေးချေခြင်းဖြစ်သည်။

ပါတီများအနေနှင့်တော့ ထိုထုတ်လွှင့်ချိန်ကို အခမဲ့ရရှိလေသည်။ အခြေခံဥပဒေမှ ECI သို့ပေးထားသောအာဏာများက ကျသင့်သောအဖိုးအခစရိတ်များအားလုံးကို အစိုးရအနေနှင့် ပေးချေရမှုဟူသော အဓိပ္ပာယ်သို့ ပြောင်ပြောင်တင်းတင်း သက်ရောက်သွားသည်။ ECI ၏ စာရင်း များသည် စာရင်းကိုင်နှင့် စာရင်းစစ်ချုပ်တို့၏ အောက်တွင် စစ်ဆေးခြင်းကိုခံရမည်ဖြစ်ပြီး ၎င်း၏ အစီရင်ခံစာများသည်လည်း ပါလီမန်လွှတ်တော်အတွင်းတွင် တင်သွင်းခြင်းခံရမည်ဖြစ်သည်။ ထိုအချက်သည် ECI ၏ ဘဏ္ဍာရေးဆိုင်ရာ တာရှည်ခံမှုကို အာမခံပေးလေပြီး ချောချောမွေ့မွေ့လည်း လုပ်ကိုင်နိုင်လေသည်။

## ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေး

ရွေးကောက်ပွဲ(နှင့် နောက်ဆုံးရလဒ် ဥပဒေပြုရေး) ပြုပြင်ပြောင်းလဲရေးအတွက် လုပ်ရိုးလုပ်စဉ်ပုံစံမရှိသော်လည်း ECI သည် ထိုနေရာအတွက် တာဝန်ထမ်းဆောင်ပေးလေသည်။၎င်းသည် ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေးများအတွက် အဆိုများကို တင်သွင်းပြီးနောက် ထိုအဆိုများသည် ဥပဒေနှင့် ဥပဒေပြုရေးဝန်ကြီးဌာနသို့ ပို့ဆောင်ခြင်းခံလိုက်ရပြီး ဝန်ကြီးချုပ်ထံသို့ တိုက်ရိုက်ရောက်ရှိသွားတယ်။ ထိုကဲ့သို့သော အဆိုများသည်အများအားဖြင့် အစိုးရကို ဖိအားပေးပြီး လူသိရှင်ကြား ဝါဒပြိုင်ငြင်းခုန်ခြင်းတို့ကို အားပေးရန်အတွက် မီဒီယာနှင့်တစ်ပြိုင်တည်း ဆွေးနွေးလျက်ရှိသည်။

သဘောတူညီချက်ကောက်ခံရန်အတွက် နိုင်ငံရေးပါတီများကိုလည်း အစည်းအဝေးခေါ်လေ့ရှိသည်။ ဥပမာအားဖြင့် လုပ်ဆောင်ပုံလုပ်ဆောင်နည်းပုံစံကို တည်ထောင်ခြင်းမျိုးဖြစ်ပြီး ထိုအချက် သည်လည်း ECI မှ သုံးသော ထိရောက်သည့် နည်းတစ်ခုဖြစ်သည်။ အချို့သော အရေးပါသည့် ပြုပြင် ပြောင်းလဲမှုများသည် များမကြာမီကပင် ပြည်သူ့အကျိုးစီးပွား ကာကွယ်ရေးယန္တရားမှတစ်ဆင့်၊ NGO သို့မဟုတ် ပြည်သူ့ကို ကိုယ်စားပြုသောပုဂ္ဂိုလ်က တရားရုံးချုပ်သို့မဟုတ် အထက်တရားရုံးများတွင်လည်း ထိုကိစ္စကို တင်ပြခြင်းဖြင့် စတင်နေပြီဖြစ်လေသည်။

## ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို ခေတ်နှင့်ညီအောင် ပြုပြင်ခြင်း

ကနဦး မရေရာတွန့်ဆုတ်မှုများဖြစ်ပေါ်ပြီးနောက်တွင် ECI သည် အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲများကို ခြေလှမ်းကျဲကျဲလှမ်းနိုင်ရန်အတွက် ကိုင်တွယ်ရာတွင် ရွေးကောက်ပွဲ၌ သတင်းအချက်အလက်နည်းပညာများကို အသုံးပြုမှုကို အောင်အောင်မြင်မြင်နှင့် တက်တက်ကြွကြွပင် မြှင့်တင်နိုင်ခဲ့သည်။ မှတ်ပုံတင်ထားသော မဲဆန္ဒရှင်တစ်ဦးချင်းစီကို ဓါတ်ပုံပါသော သက်သေခံကတ်ပြား ထုတ်ပေးလိုက်သောကြောင့် သူတို့အနေနှင့် လွတ်လပ်စွာ မဲပေးပိုင်ခွင့်ရှိပြီး မဲလိမ်ခြင်းနှင့် တစ်ဦးတည်းဖြင့် မဲအများအပြားပေးခြင်းတို့ကို တားဆီးပေးနိုင်သည်။ ရွေးကောက်ပွဲ မှတ်ပုံတင်မိတ္တူများကို ရွေးကောက်ပွဲနေ့တွင် ပြန်လည်စစ်ဆေးပြီး အသုံးပြုရန်အတွက် နိုင်ငံရေးပါတီများအား CD-ROM နှင့် ပေးထားလေသည်။

ကွန်ပြူတာများကို မဲရေဌာန ၉၈၉ ဌာနနှင့်အထက်တွင် အသုံးပြုသောကြောင့် ရေတွက်၍ရလာသည့် ရလဒ်များသည် ချက်ခြင်းတွက်ချက်ပြီး ရရှိစေလေသည်။ နောက်ထပ်စွန့်ဦးနည်းပညာတစ်ခုမှာ မဲရုံများတွင် EVM(အီလက်ထရွန်းနစ် မဲပေးစက်များ) ကို အသုံးပြုခြင်းဖြစ်သည်။ အစောပိုင်းတွင် မဲလိမ်မည်၊ မသမာမှု ပြုမည်ကို နိုင်ငံရေးပါတီများဘက်မှ ကြောက်ရွံ့ခြင်းနှင့် စာမတတ်မြောက်မှု ကျယ်ပြန့်မြင့်မားခြင်းကြောင့် မဲဆန္ဒရှင်များအကြား သံသယများမြင့်တက်ခြင်းကြောင့် ကနဦးပိုင်းတွင် တွန့်ဆုတ်မှုများဖြစ်ခဲ့သော်လည်း ECI ဘက်မှ EVM များကိုအသုံးပြုရန် တက်တက်ကြွကြွမြှင့်တင်ပြီး ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ၎င်းတို့ကို မဲရုံများအားလုံး၌ အသုံးပြုခြင်းသည် မဲစရေရေချင်း တစ်နာရီအတွင်း ရလဒ်များကို သိရမည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။

## စွမ်းဆောင်ရည်မြှင့်တင်ခြင်း

ရွေးကောက်ပွဲများအား ပညာရှင်ဆန်ဆန်စီမံခန့်ခွဲမှုကို မြှင့်တင်ရန်အတွက် ၂၀၁၁ ခုနှစ်တွင် ECI ဘက်မှ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအတွက် အိန္ဒိယ အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်း (IIIDEM) ဟူသော လေ့ကျင့်သင်ကြားရေးနှင့် ရင်းမြစ်ဌာနကို တည်ထောင်လိုက်လေပြီးလုပ်ငန်းလုပ်ဆောင်ရေးအတွက် လေးပိုင်းရှိလေးသည်။ လေ့ကျင့်သင်ကြားရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး မဲဆန္ဒရှင်များ အသိပညာပေးရေးနှင့် ပါဝင်ပတ်သက်ရေး၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ရေးနှင့် အပြည်ပြည်ဆိုင်ရာ သမဝါယမတို့ဖြစ်ကြသည်။ IIIDEM ဘက်မှလည်း ပြည်တွင်းနှင့် နိုင်ငံတကာ ပါဝင်ဆင်နွှဲသူများအား လေ့ကျင့်သင်ကြားရေး အတွဲစဉ်များနှင့် သင်ရိုးများကို အစဉ်လိုက်ရေးဆွဲပြီး ဖြစ် ကာ ထိုအဖွဲ့အစည်းသည် နိုင်ငံပေါင်း ၄၀ နှင့် အထက်မှ ရွေးကောက်ပွဲစီမံခန့်ခွဲသူများအား လေ့ကျင့်သင်ကြားပေးပြီးဖြစ်သည်။

# အခန်း ၁၃

# ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

## ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ခြင်း

ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဟူသည် အခြားသော အရာများအနက်မှ ပြည်သူတို့၏လိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ တုံ့ပြန်မှုအား မြှင့်တင်ခြင်းဟူသော ကဏ္ဍကို ဆိုလိုခြင်းဖြစ်သည်။ သို့သော်လည်း ရှိရှိသမျှသော ရွေးကောက်ပွဲဆိုင်ရာ အပြောင်းအလဲမှုများသည် ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်ပြုပြင်ရေး ဟူ၍မခေါ်နိုင်ချေ။ ၎င်း၏အဓိကရည်ရွယ်ချက်သည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို တိုးတက်စေခြင်းအတွက် ဖြစ်မှသာလျှင် ရွေးကောက်ပွဲဆိုင်ရာ အပြောင်းအလဲတစ်ခုကို ပြန်လည်ပြုပြင်ခြင်းဟု ခေါ်ဆိုနိုင်မည်ဖြစ်လေသည်။ ဥပမာအားဖြင့် ဘက်မလိုက်မှု၊ အားလုံးပါဝင်နိုင်မှု၊ ပွင့်လင်းမြင်သာမှု၊ သိက္ခာရှိမှု သို့မဟုတ် တိကျမှုတို့ အဆင့်မြင့်ခြင်းကို ထိန်းသိမ်းခြင်းမျိုးဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုကဲ့သို့သော ထင်ရှားသည့်အချက်များသည် လက်တွေ့တွင် အမြဲရှင်းလင်းလှသည်မဟုတ်ပေ (ဥပမာ-မဲဆန္ဒရှင်များကိုယူအက်စ်ကမဲရုံတွင် သက်သေခံစာရွက်စာတမ်းများထုတ်ခိုင်းခြင်း) ထိုအရာမျိုးသည် လုပ်သင့်သည့်အရာအဖြစ် သတ်မှတ်နိုင်သကဲ့သို့ ၎င်းတို့ကိုထောက်ခံအားပေးသူများအတွက် လိုပင်လိုအပ်သော "ပြုပြင်ပြောင်းလဲမှု" ဟူ၍ပင် ခေါ်ဆိုနိုင်သည်။ သို့သော်လည်း ၎င်းတို့၏ ပြိုင်ဘက်များအတွက်မူ မသင့်လျော်သော "မသသမာမှု" ဟု သတ်မှတ်မိစေနိုင်သည်။ ကျပန်းနှင့်/သို့မဟုတ် မကြာခဏ ပြောင်းလဲခြင်းသည် ပြုပြင်ပြောင်းလဲခြင်းကို အားပေးရာရောက်သော်လည်း မဲဆန္ဒရှင်များအတွက် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်သည်။ မကြာခဏ ပြောင်းလဲခြင်းများသည် EMB ၏ လုပ်ငန်းလုပ်ဆောင်မှုများ၏တာရှည်ခံမှုကို ဆုတ်ယုတ်ထိခိုက်စေနိုင်လေသည်။

ရွေးကောက်ပွဲပြန်လည်ပြုပြင်ပြောင်းလဲရေးလုပ်ရန် ကြိုးစားခဲ့သည်များသည်လည်း မမျှော်လင့်သော အကျိုးဆက်များ ဖြစ်ပေါ်လာတတ်သည်။ ရေတိုဖြစ်စေ ရေရှည်ဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ တစ်စိတ်တစ်ပိုင်းဖြစ်စေ ၎င်းတို့မျှော်မှန်းထားသော အကျိုးဆက်များပိတ်ပင်ခံခဲ့ရသည်။ ထိုကဲ့သို့သော အခြေအနေပုံစံမျိုးသည် ဒီဇိုင်း သို့မဟုတ် အကောင်အထည်ဖော်မှု အားနည်းသောကြောင့် သို့မဟုတ် ပြုပြင်ပြောင်းလဲရေးလုပ်ရာတွင် ပါတီများ သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်သူများကို ၎င်းတို့အသာစီးရစေရန်စနစ်ကိုလှည့်ဖျားနိုင်သော အခွင့်အလမ်းများ ပေါ်ပေါက်စေသောကြောင့်ဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ရွေးကောက်ပွဲစနစ်ကဲ့သို့သော ကိုယ်စားပြုမှုအစီအစဉ်များ ပြောင်းလဲမှုများပါသောအခါ ပြည်သူတို့၏စိတ်ဝင်စားမှုကို ရရှိလေ့ရှိသော်လည်း ထိုကိစ္စ၏

အယူအဆမှာ ထိုထက်အများကြီးကျယ်ပြောလှပါပေသည်။ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ရာတွင် ထင်ရှားသော အပိုင်း သုံးပိုင်းရှိပြီး EMB နှင့် ၎င်း၏ပါဝင်ပတ်သက်သူများသည် တစ်ခုချင်းစီတွင် မတူညီသော ရာထူးကဏ္ဍများကို ဝင်ရောက်ထမ်းဆောင်ကြလေသည်။

၁။ ဥပဒေရေးရာ : EMB အနေနှင့် ၎င်း၏ ဝန်ဆောင်မှုများကိုပေးသော ဥပဒေမူဘောင်၏ အရည်အသွေး၊ သက်ဆိုင်မှုနှင့် စွမ်းဆောင်နိုင်ရည်တို့ကို မြှင့်တင်နိုင်ရန်အတွက် အခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေနှင့်/သို့မဟုတ် သက်ဆိုင်ရာစည်းကမ်းများနှင့် စည်းမျဉ်းများကို ပြင်ဆင်ခြင်းတို့ပါဝင်သည်။ ထိုအထဲတွင် EMB ၏ အသင်းအဖွဲ့ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပင် ပါဝင်နိုင်သည်။

၂။ ကြီးကြပ်စီမံရေး : ၎င်း၏ ဥပဒေရေးရာတာဝန်များကို အကောင်အထည်ဖော်ရေးနှင့် ၎င်း၏ ဝန်ဆောင်မှုများကို ပိုပြီးတွင်တွင်ကျယ်ကျယ်၊ ထိထိရောက်ရောက်နှင့် တာရှည်ခံခံ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဗျူဟာသစ်များ တည်ဆောက်ပုံများ၊ မူဝါဒများ၊ လုပ်ဆောင်ပုံများနှင့် နည်းပညာဆိုင်ရာစွန့်ဦးလုပ်ဆောင်မှုများရှိသော EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) ကို စတင်မိတ်ဆက်ခြင်းဖြစ်သည်။ ထိုအရာများထဲတွင် အထောက်အပံ့ရယူခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အရည်အသွေး သို့မဟုတ် အလုပ်ရာထူးခန့်အပ်မှု (EMB ဝန်ထမ်းများခန့်အပ်ရာတွင် ကျား-မ လိင်အချိုးညီမှု ကဲ့သို့အရာများ) အမျိုးသမီးများကဲ့သို့သော အုပ်စုများထံသို့ မဲဆန္ဒဆိုင်ရာ အသိပညာပေးရေးများ အရောက်ပို့ပေးရေး ဝေးလံခေါင်သီသောနေရာများတွင် နေထိုင်သူများနှင့် ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်းနေသူများ သို့မဟုတ် မဲပေးခြင်း၊ မဲဆန္ဒရှင်များအား မှတ်ပုံတင် စာရင်းရေးသွင်းခြင်း သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့များကဲ့သို့သော နည်းပညာအသစ်များ မိတ်ဆက်ခြင်းကဲ့သို့သောကိစ္စများနှင့် သက်ဆိုင်သော မူဝါဒများနှင့် ပြဿနာများအတွက် ကျင့်ထုံးများပါဝင်တတ်သည်။

၃။ နိုင်ငံရေး : EMB လုပ်ငန်းလည်ပတ်သော နိုင်ငံရေးပတ်ဝန်းကျင်အတွင်း ဖြစ်ပျက်သော အပြောင်းအလဲများ။ ၎င်းအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုပေးခြင်း သို့မဟုတ် ၎င်း၏ ဘဏ္ဍာငွေ အထောက်အပံ့နှင့် တာဝန်ခံမှုအတွက် ပိုမိုထိရောက်ပြီး ပွင့်လင်းမြင်သာသော မူဘောင်တစ်ခုကို ဖန်တီးခြင်း

အံ့သြဖွယ်ရာ အကောင်းဆုံးသော ပြုပြင်ပြောင်းလဲရေး ဥပမာများထဲတွင် ယခင်က ဒီမိုကရေစီ မဟုတ်ခဲ့သော နိုင်ငံများက ဒီမိုကရက်တစ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို စတင်မိတ်ဆက်ခြင်းများ ပါဝင်လေသည် (ဥပမာ- အင်ဒိုနီးရှားနိုင်ငံ၏ ၁၉၉၈-၉၉ ခုနှစ်က ပွင့်လင်းသော၊ ပါတီစုံရွေးကောက်ပွဲ ဒီမိုကရေစီ)။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် သုံးနေရာလုံးတွင် ပြုပြင်ပြောင်းလဲမှု (ဥပဒေ၊ ကြီးကြပ်စီမံရေးနှင့် နိုင်ငံရေး) များ ဖြစ်ပေါ်လေ့ရှိကြပြီး မကြာခဏဆိုသလို အချိန်အနည်းငယ်သာရသော ကြပ်တည်းမှုအောက် ကျရောက်လေ့ရှိသည်။ ပြီးနောက် တစ်ဦးတည်းကသာ ကိုင်တွယ်ဖြေရှင်းပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အလုံးစုံခြုံငုံသုံးသပ်ခြင်းမျိုးလည်း မရှိချေ။

၁၉၉၀ ပြည့်လွန်နှစ်များ အလယ်လောက်မှစ၍ လွတ်လပ်ပြီး ပုံသေခန့်အပ်ထားသော EMB များ၏ အရေအတွက်များတိုးလာခြင်းနှင့် ရွေးကောက်ပွဲဝန်ဆောင်မှုများ ပေးရန်အတွက် နည်းပညာ အသစ်များသုံးမှု မြင့်မားလာခြင်းကဲ့သို့သော ရွေးကောက်ပွဲတည်ဆောက်မှုနှင့် လုပ်ငန်းစဉ်ပိုင်းဆိုင်ရာ အပြောင်းအလဲများ ကြီးကြီးမားမားဖြစ်ပေါ်ခဲ့လေသည်။ ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲခြင်းသည် အထွေထွေ ဒီမိုကရေစီအသွင် ကူးပြောင်းရေး စွန့်ဦးအကြံသစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်လေ့ရှိသည်။ သို့သော်လည်း

ရွေးကောက်ပွဲ ကြီးကြပ်စီမံရေးနှင့်ပတ်သက်ပြီး ၎င်းတို့၏ ရေရှည်အသုံးပြုခဲ့သော မူဘောင်နှင့် ပုံစံကို ယေဘုယျအားဖြင့် သဘောကျလက်ခံထားသော နိုင်ငံအများအပြားသည်လည်း ကြီးလှစွာသောအပြောင်းအလဲများကို လုပ်ဆောင်ရမည်ဖြစ်သည်။ ဥပမာများထံတွင် လွတ်လပ်သော EMB နှင့်မဲပေးရာတွင် သိသိသာသာပိုမိုကျယ်ပြန့်လာသော အခွင့်အလမ်းများကို ဩစတြေးလျတွင် ၁၉၈၄ ၌ စတင်မိတ်ဆက်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ တာဝန်များထမ်းဆောင်သောလွတ်လပ်သည့် ဌာနအသစ်နှင့် သိသိသာသာပြောင်းလဲသွားသော ရွေးကောက်ပွဲစနစ်၊ နယူးဇီလန်တွင် ၁၉၉၃ ကဖြစ်သွားသကဲ့သို့( နောက်ဆက်တွဲအနေနှင့် EMB ၏ တာဝန်များကို စုစည်းခြင်းနှင့် မြှင့်တင်ခြင်းတို့ လုပ်ဆောင်လာခဲ့ပြီး ၂၀၁၂ တွင် အပြီးသတ်ခဲ့သည်)၊ ပိုမိုလွတ်လပ်သော ရွေးကောက်ပွဲစီမံကြီးကြပ်ရေး ဖန်တီးရန်အတွက် ဆွီဒင်တွင် ၂၀၀၁ ခုနှစ်က အပြောင်းအလဲများလုပ်ခဲ့သကဲ့သို့ ပြီးနောက် ၂၀၁၀ တွင် တွန်ဂါနိုင်ငံ၌ လွတ်လပ်သောရွေးကောက်ပွဲကော်မရှင် တည်ထောင်ခြင်းတို့ပါဝင်သည်။

ရွေးကောက်ပွဲ မူဘောင်နှင့် စီမံကြီးကြပ်ရေးအား နိုင်ငံတကာနှင့်အမီပြုလုပ်လိုက်ခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှု စံနှုန်းလုပ်ဆောင်ချက်များအား အသစ်ပြုလုပ်မိတ်ဆက်ရန် အတွက် ဖိအားအောက်သို့ ထည့်လိုက် ခြင်းပင်ဖြစ်သည်။ များမကြာသေးမီက လောလောလတ်လတ် တည်ထောင်ထားသော ယေဘုယျအားဖြင့် အသိအမှတ်ပြုထားသော လွတ်လပ်မျှတပြီး ယုံကြည်ရနိုင်သော ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲဦးစီးစီမံရေးအတွက် တစ်ကမ္ဘာလုံးနှင့် ဒေသဆိုင်ရာ လိုက်နာရန် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များသည် တိုင်းပြည်တစ်ပြည်ချင်းစီ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ကြီးကြပ်စီမံရေးတို့ကို သုံးသပ်နိုင်သောမှတ်တိုင်များ ဖန်တီးပေးလေသည်။

ပို၍ ပြဿနာတက်နိုင်သည်မှာ နိုင်ငံများကို တခါတရံ သို့မဟုတ် ဖိအားပေးကာ နိုင်ငံသားမှတ်ပုံတင်စာရင်းကဲ့သို့သော လွတ်လပ်ပြီး မျှတသော အခြေခံစည်းမျဉ်းစည်းကမ်းများ ပေါ်တွင် အခြေမပြုထားဘဲ ပြင်ပအကြံပေးပုဂ္ဂိုလ်များသို့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ပိုမိုသဘောကျလေ့ရှိသော လုပ်ငန်းစဉ်မျိုးကို မိတ်ဆက်အသုံးပြုစေခြင်းပင်ဖြစ်သည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုပြုပြင်ပြောင်းလဲရန် ဖြစ်ပေါ်လာရခြင်းသည် လက်ခံနိုင်လောက်သော ရွေးကောက်ပွဲတစ်ခု ကျင်းပပေးရန်ပျက်ကွက်ခြင်း သို့မဟုတ် ပဋိပက္ခဖြစ်သော ရွေးကောက်ပွဲများမှ အငြင်းပွားဖွယ်ရာရလဒ်များ ထွက်ပေါ်ခြင်းတို့ကြောင့်ဖြစ်ပေါ်လာရသည်။ နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာအလှူရှင်များ၏ အထောက်အပံ့များကို မှီခိုနေရချိန်တွင် ဘဏ္ဍာငွေများသည် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့ကို ပြုလုပ်ခြင်းနှင့် ဆက်စပ်နေသည် ဥပမာ- လိုင်ဘီးရီးယားကဲ့သို့ဖြစ်သည်။ သိသာထင်ရှားသော ဆက်နွယ်မှုမရှိသည့်တိုင်အောင် အလှူရှင်တို့၏ ဘဏ္ဍာငွေများဝင်ရောက်ခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အတင်းအကြပ်ပြုလုပ်စေရန် အငြင်းပွားမှုများကို ဖြစ်ပေါ်စေသည်။ ပိုမိုတာရှည်ခံခံနှင့် ထိထိရောက်ရောက်သုံးရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ ရင်းမြစ်များလိုအပ်နေသော ဘဏ္ဍာရေးဆိုင်ရာ အကြပ်အတည်းများသည် ရွေးကောက်ပွဲ စီမံကြီးကြပ်ရေးကို ပြုပြင်ပြောင်းလဲရေး၌ ထင်ရှားသောဆက်နွယ်မှုရှိသည်။

အရေးအတွက် တိုးတက်လာသောကျယ်ပြန့်ပြီး ကျွမ်းကျင်သူများရှိသည့် လွတ်လပ်သော နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးသည် ရွေးကောက်ပွဲ စွမ်းဆောင်ရည်အတွက် ကောင်းမွန်စွာ စာရွက်စာတမ်းနှင့် ပြုစုထားသည့် သုံးသပ်ချက်များနှင့် ပြုပြင်ပြောင်းလဲရန်အတွက် အကြံပေးထားသောအချက်များကို ထုတ်လုပ်ပေးနိုင်ခဲ့သည် ဥပမာအားဖြင့် နိုင်ဂျီးရီးယား၏ ၂၀၀၃ နောက်ပိုင်း ရွေးကောက်ပွဲများနှင့် ANFREL (လွတ်လပ်သောရွေးကောက်ပွဲအတွက် အာရှကွန်ယက်) မှ စောင့်ကြည့်

လေ့လာထားသောရွေးကောက်ပွဲ အများအပြားတို့ဖြစ်သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာတို့သည်လည်း ရွေးကောက်ပွဲအခွင့်အရေးများနှင့် စည်းမျဉ်းစည်းကမ်းများအကြောင်းကို ပိုမိုနားလည်လာကြပြီဖြစ်လေသည်။ ဒီမိုကရေစီရကာစ နိုင်ငံများရှိ ရွေးကောက်ပွဲများတွင် နည်းပညာအထောက်အပံ့ပေးခြင်းနှင့်ပေးသည်ကို နိုင်ငံတကာမှ စောင့်ကြည့်လေ့လာခြင်းသည်လည်း ဒီမိုကရေစီကျင့်သားရပြီးနိုင်ငံများတွင်လည်း သက်ရောက်မှုရှိနိုင်သည်။

အစိုးရအနေနှင့် လူမှုအသိုင်းအဝိုင်းသို့မဟုတ် ပြင်ပဖိအားတို့ကြောင့် ရွေးကောက်ပွဲ ပြင်ဆင်ပြောင်းလဲရေးများကို စတင်ခဲ့ရသော်လည်း EMB များသည် ၎င်းတို့ကိုယ်တိုင်က ထိုကဲ့သို့သော အပြောင်းအလဲများဖြစ်ပေါ်စေရန် အင်အားကောင်းသော တွန်းအားပေးသူများဖြစ်ခဲ့သည်။ ၎င်း၏ အတွင်းတွင်ပင်သိသာလာသော ပြုပြင်ပြောင်းလဲမှုဖြစ်သည့် ပိုမိုကျယ်ပြန့်လာသော ပြည်သူ့အပေါ်တာဝန်ခံရမှုနှင့် ပွင့်လင်းမြင်သာရှိရန်လိုအပ်မှု EMB များအပေါ်သို့ ကျရောက်လာပြီး နောက်ထပ်ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေးကိစ္စများတွင် ဆင့်ပွားသက်ရောက်မှုများဖြစ်ပေါ်စေခဲ့သည်။ EMB များ၏ ရွေးကောက်ပွဲစာရင်းစစ်ခြင်းနှင့် CSO (အရပ်ဖက်လူမှုအဖွဲ့အစည်း) များနှင့် အခြားသောပါဝင်ပတ်သက်သူများ၏ဦးဆောင်လှုပ်ရှားမှုဖြင့် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သောအရာများ ပေါ်ထွက်လာခဲ့သည်။

## မအောင်မြင်သော EMB များ

EMB အများအပြားသည် ၎င်းတို့၏ တာဝန်များကို ဒေသဆိုင်ရာ သို့မဟုတ် အပြည်ပြည်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် အညီလိုက်နာလုပ်ဆောင်ရန် ပျက်ကွက်ကြသည်။ EMB များ တာဝန်ပျက်ကွက်ရခြင်းအတွက် အကျယ်တဝင့် ရှင်းပြထားသော အချက်အလက်များ မရှိသေးသော်လည်း EMB တစ်ခုချင်းစီကို လေ့လာချက်အရ အတွင်းမှဖြစ်ပေါ်သော အကြောင်းရင်းများအများအပြားကို သတိထားမိကြပြီး အောက်ပါအချက်များပါ ပါဝင်သည်။

၁။ EMB အပေါ် ပါဝင်ပတ်သက်သူများ၏ ယုံကြည်စိတ်ချမှုမရှိခြင်း
၂။ EMB ၏ ဆုံးဖြတ်ချက်များ အပေါ် အစိုးရနှင့်/သို့မဟုတ် နိုင်ငံရေး ဩဇာများ သက်ရောက်ခြင်း
၃။ EMB သို့မဟုတ် ၎င်း၏ အဖွဲ့ဝင်များ၏ ပါတီစွဲမကင်းသော ချဉ်းကပ်ပုံ
၄။ EMB ၏ ပညာရှင်မဆန်မှု ၊ အချိန်ကြာလာသည်နှင့် အမျှ ကျွမ်းကျင်မှု မရှိတော့ခြင်းနှင့်
၅။ EMB ၏ အရည်အချင်း သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ မရိုးသားမှုများ

အခြားသော ဖြစ်ရပ်များတွင်လည်း EMB ၏ တာဝန်ပျက်ကွက် မအောင်မြင်မှုသည် ၎င်းကြောင့်မဟုတ်ပေ၊ ဥပမာအားဖြင့် အဓိက ပါဝင်ပတ်သက်သူများ လက်ခံနိုင်သော ရလဒ်များကိုသာ ထုတ်ပေးသည့် ရွေးကောက်ပွဲစနစ်ကို အကောင်အထည်ဖော်ပေးရခြင်းကြောင့်၊ လီဆိုသိုတွင် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဖြစ်သကဲ့သို့မျိုးဖြစ်သည်။ အခြားသော တစ်ဖက်တွင်လည်း ဥပဒေမူဘောင်အတွင်းတွင်လည်းဟာကွက်များရှိနိုင်သည်။ ပါပူဝါနယူးဂီနီတွင် ၂၀၀၂ ခုနှစ်မှစ၍ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၏ ထိရောက်မှုမရှိတော့ခြင်းသည် ပိုမိုကျယ်ပြန့်လာသော နိုင်ငံရေးပတ်ဝန်းကျင်ကြောင့်ဖြစ်ပြီး အထူးသဖြင့် ရွေးကောက်ပွဲပြစ်ဒဏ်များနှင့် ပတ်သတ်ပြီး ပြစ်ဒဏ်ကင်းလွတ်လေ့ရှိနေသော အလေ့အထကြောင့်ဖြစ်သည်။

နိုင်ငံရေးစနစ်ကြီးတစ်ခုလုံး ယိုယွင်းနေသော နေရာများမှအပ EMB ၏ ၎င်းကိုယ်တိုင်နှင့်/သို့မဟုတ် ပိုမိုကျယ်ပြန့်သော ရွေးကောက်ပွဲမူဘောင်၏ ရွေးကောက်ပွဲ ပြုပြင်ပြောင်လဲမှုလုပ်ခြင်းသည်

နောင်အနာဂတ်တွင် လာလတ္တံ့သော ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအား ယိုယွင်းကျဆုံးခြင်း မဖြစ်အောင် ကာကွယ်ကောင်းကာကွယ်ပေးနိုင်လိမ့်ပေမည်။ ထိုကိစ္စနှင့် ပတ်သက်၍ ထင်ရှားသော နေရာများမှာ ၁၉၉၀ ပြည့်လွန်နှစ်များဆီက မက္ကဆီကိုနှင့် တောင်အာဖရိကတို့ဖြစ်သည်။

## ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ရေးတွင် EMB ၏ တာဝန်

EMB သည် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွင် အဓိကနေရာမှ ထမ်းဆောင်ရန် တာဝန်ရှိသော်လည်း ၎င်းအနေနှင့် အဓိက ပါဝင်ပတ်သက်သူများဖြစ်သော အထူးသဖြင့် အစိုးရ၊ ဥပဒေပြုရေးနှင့် နိုင်ငံရေးပါတီများ၏ ထောက်ပံ့မှုမရဘဲ ပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ရန် မဖြစ်နိုင်ချေ။ ထိုအချက်သည် EMB များအနေနှင့် ၎င်းနှင့် ပါဝင်ပတ်သက်သူများနှင့် ခိုင်မြဲသော ဆက်ဆံရေး တစ်ခုတည်ဆောက်ရန် ထင်ရှားသော အကြောင်းပြချက်တစ်ခုပင်ဖြစ်သည် (ဤလက်စွဲ စာအုပ်၏ အခန်း ၈ ကိုကြည့်ပါ)

EMB အနေနှင့် အစိုးရနှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့မှ သဘောတူသော ဥပဒေမူဘောင်၏ အတွင်းတွင်သာ ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲရေး အချက်များကို လုပ်နိုင်လေသည်။ သို့သော်လည်း သို့သော်လည်း EMB အနေနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုပြင်ပြောင်းလဲရေး ကိုမြှင့်တင်ရာတွင် အဓိကကျသော သုတေသန၊ စစ်ဆေးချက်နှင့် ဦးဆောင်လှုပ်ရှားမှုများရှိနိုင်ပြီး ထိုအချက်နှင့် သက်ဆိုင်သော လိုအပ်ချက်များကို နိုင်ငံတကာ IDEA (အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေးအသင်း) မှ ထုတ်ဝေသော International Obligations for Elections: Guidelines for Legal Frameworks အသေးစိတ်လမ်းညွှန်ထားပါသည်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြုပြင်ပြောင်းလဲရေးများသည် အစိုးရအား ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အကြံပြုရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများကို စောင့်ကြည့်ရန်အတွက် ဥပဒေပြုရေးမဏ္ဍိုင်၏ ပုံသေခန့်အပ်ထားသော ဌာနတစ်ခုတည်ထောင်လိုက်ခြင်းဖြင့် အထောက်အပံ့ပြုနိုင်ပေသည်။ ထိရောက်သောဥပဒေဆိုင်ရာ ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးများသည် လွှတ်တော်အတွင်းရှိ နိုင်ငံရေးအရ အသာစီးရမှုကို ကျင့်ဝတ်နှင့်ညီသော ရွေးကောက်ပွဲစည်းမျဉ်းများနှင့် ကျင့်ထုံးကောင်းများလောက် ဦးစားမပေးသော ပါတီစုံချည်းကပ်မှုစနစ် အပေါ်တွင် မူတည်သည်။

EMB တစ်ခုသည် စဉ်ဆက်မပြတ် စစ်ဆေးရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ၎င်း၏ စီမံခန့်ခွဲရေးမူဝါဒများအတွင်း ကျင့်သုံးလုပ်ဆောင်ပါက စီမံကြီးကြပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအား လက်တွေ့အကောင်အထည်ဖော်ရာတွင် ပိုမိုထိန်းချုပ်မှုရှိလာမည်ဖြစ်ပြီး ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်မည်။ မည်သို့ပင်ဆိုစေကာမူ ဥပဒေနှင့် စီမံကြီးကြပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးများသည် မကြာခဏဆိုသလို ၎င်းတို့၏ ထိရောက်မှုများကို မြှင့်တင်ရန်အတွက် တပြိုင်တည်း အလုပ်လုပ်ရန်လိုအပ်သည်။ ဩစတြေးလျတွင်၊ ဥပမာအားဖြင့် EMB ဘက်မှ ၎င်း၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ခေတ်နှင့်အညီ လုပ်ပေးနေသော်လည်း ရွေးကောက်ပွဲယန္တရား၏ ပြုပြင်ပြောင်းလဲမှုက အမီမလိုက်နိုင်ချေ။

EMB အနေနှင့် ၎င်း၏ကြီးကြပ်စီမံရေး ဗျူဟာများ၊ မူဝါဒများ၊ လုပ်ဆောင်စဉ်များနှင့် ကျင့်ထုံးများကို ပြန်လည်စစ်ဆေးသော လုပ်ငန်းစဉ်ကို ထိန်းသိမ်းခြင်းမလုပ်ပါက ၎င်းအနေနှင့် ထိရောက်မှုများ အားနည်းလာမည်ဖြစ်ပြီး ဥပဒေရေးရာ၊ ပါဝင်ပတ်သက်သူများ၊ နည်းပညာဆိုင်ရာ၊ ဘဏ္ဍာရေးနှင့် လူမှုပတ်ဝန်းကျင်တို့အတွက် ကိုင်တွယ်ဖြေရှင်းရန် စနစ်လည်းရှိတော့မည် မဟုတ်တော့ပေ။

ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော နိုင်ငံရေးနှင့် ဥပဒေဆိုင်ရာပြုပြင် ပြောင်းလဲရေးကိစ္စများသည် မကြာခဏဆိုသလို နက်နက်ရှိုင်းရှိုင်း ဆက်နွယ်လျက်ရှိသည်။ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့်ဆိုလျှင် EMB များသည် ၎င်းတို့အနေနှင့် သုတေသနနှင့် ဦးဆောင်လှုပ်ရှားမြှင့်တင်ရေး ကဏ္ဍတာဝန်များယူပြီးပါဝင်ပတ်သက်သူများအကြားအထောက်အပံ့ပေးရေးတည်ထောင်ပေးသော်လည်း နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကို ထိန်းချုပ်ခြင်းမလုပ်ပါ။

ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကို အဆိုတင်သွင်းခြင်းနှင့် အကောင်အထည် ဖော်ရေးတို့တွင် ထည့်သွင်းစဉ်းစားသင့်သည့် အဓိကအချက်များတွင် အောက်ပါတို့ပါဝင်သည်။

- တာဝန်များကို သင့်တော်သော အဖွဲ့ဝင်သို့မဟုတ် ဝန်ထမ်းကိုသာ ချမှတ်ပေးခြင်း ရာထူးအကြီးပိုင်းများပါပါဝင်ပြီး ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ တိုးတက်ရေး၊ ဦးဆောင်မြှင့်တင်ရေးနှင့် လက်တွေ့အကောင်အထည်ဖော်ရေးတို့အတွက်ဖြစ်သည်။
- ရွေးကောက်ပွဲဆိုင်ရာ မူဘောင်ကို စစ်ဆေးရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်အတွက် ရွေးကောက်ပွဲအပြီး စာရင်းစစ်ခြင်းနှင့် သုံးသပ်ခြင်းများ အပါအဝင် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ခြင်း
- ပြုပြင်ရန်လိုနေသော အချက်များကို သေချာစေရန်ပါဝင်ပတ်သက်သူများနှင့် တိုင်ပင် ဆွေးနွေးခြင်းနှင့် EMB ၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များတွင် ၎င်းတို့၏ အကူအညီများကို ထည့်သွင်းခြင်း
- ပြုလုပ်လိုသော ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် အစိုးရနှင့် လွှတ်တော်ကို တင်သွင်းလွှာများ တင်သွင်းခြင်း
- မီဒီယာမှတစ်ဆင့် ဆောင်ရွက်လိုသော ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ထုတ်ပြန်ကြေငြာခြင်းနှင့် ပါဝင်ပတ်သက်သူများ၏ ကွန်ယက်မှားကို အသုံးချခြင်း
- ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ခြင်းနှင့်ဆိုင်သော ဗျူဟာကို တည်ဆောက်ခြင်းနှင့်
- ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများကို သုံးသပ်ခြင်း

EMB များ။အတွက် စိန်ခေါ်မှုတစ်ရပ်မှာ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများကို တည်ဆောက်ရခြင်းပင်ဖြစ်သည်။ ကောင်းစွာတည်ထောင်ထားသော ဌာနများသည် ပုံစံအားဖြင့် ၎င်းတို့၏ တည်ရှိမှုဖြစ်စဉ်ကို နားလည်သော ဝန်ထမ်းများရှိလေ့ရှိသည်။ ၎င်းတို့အနေနှင့် အသုံးဝင်သောနစ်စဉ်တိုးတက်မှုရှိသည့် တိုးတက်ပြောင်းလဲမှုများကို အဆိုတင်သွင်းရန် ပြည့်စုံကုံလုံပြီး ဖြစ်နိုင်ကာ ရွေးကောက်ပွဲနှင့် ပတ်သက်သော အခြေခံသိသင့်သိထိုက်သော အချက်များကို ကောင်းမွန်စွာနားလည်ခြင်းမရှိပါက တခါတရံတွင် လိုအပ်သောပိုမိုအရေးကြီးသည့် ပြုပြင်ပြောင်းလဲရေးကိစ္စများကို ပုံဖော်ပြီး ဆင့်ပွားကြံဆရန် နေရာတကျမရှိနိုင်ခြင်းမျိုးဖြစ်နိုင်သည်။

## ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ခြင်းဆိုင်ရာ နယ်ပယ်ပမာဏ

ရွေးကောက်ပွဲပြန်လည်ပြုပြင်ပြောင်းလဲရေး၏ထင်ရှားသောနေရာမှာရွေးကောက်ပွဲစီမံခန့်ခွဲရေး သို့မဟုတ် ရွေးကောက်ပွဲဝန်ဆောင်မှုပေးခြင်းတွင် ပါဝင်သော အဖွဲ့အစည်းများ၏ သဘောသဘာဝနှင့် တည်ဆောက်ပုံတို့ ဖြစ်ကြသည်။ထိုနေရာများကို ပြုပြင်ပြောင်းလဲရေးလုပ်လိုက်ပါက EMB ၏ လွတ်လပ်မှုကို မြှင့်တင်ပေးနိုင်လိမ့်ပေမည်။ ဥပမာအားဖြင့် ဘူတန်နှင့် တွန်ဂါကဲ့သို့သောနိုင်ငံများတွင် လွတ်လပ်သော ရွေးကောက်ပွဲစီမံခန့်ခွဲမှုပုံစံကို ကျင့်သုံးခြင်း သို့မဟုတ် တီမော-လက်စ်တီကဲ့သို့ ပုံစံအရောကို ကျင့်သုံးခြင်းဖြစ်သည်။ ရှိပြီးသားနှင့်/သို့မဟုတ် ဌာနအသစ်များအကြားရှိ ရွေးကောက်ပွဲဆိုင်ရာ တာဝန်များသည်လည်း ပြောင်းလဲသွားနိုင်ပြီး ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုမျိုးကို ပေးနိုင်လိမ့်မည်ဖြစ်သည်၊ နယူးဇီလန်၊ ဆွီဒင်နှင့် ဗြိတိန်တို့တွင်ကဲ့သို့ဖြစ်သည်။ ဆွီဒင်တွင် EMB ကိုယ်တိုင်က ရွေးကောက်ပွဲစီမံခန့်ခွဲရေးအတွက် ပြုပြင်ပြောင်းလဲရေးကို စတင်လုပ်ဆောင်လေသည်။ ၁၉၉၈-၉၉ခုနှစ်တွင် အင်ဒိုနီးရှားနှင့် ဗြိတိန်တွင် အစိုးရက ပြန်လည်ပြုပြင်ရေးကို စတင်ခဲ့သည်။ ပြည်တွင်းရှိ အရပ်ဖက်အဖွဲ့အစည်းများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဖိအားများသည် ဂျော်ဂျီယာနှင့် လိုင်ဘီးရီးယားတွင် ဖြစ်သကဲ့သို့ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များကိုပြုပြင်ပြောင်းလဲရေးအား စတင်စေနိုင်သည်။

ရွေးကောက်ပွဲစနစ်တစ်ခုကို မိတ်ဆက်ခြင်းကဲ့သို့သော ရွေးကောက်ပွဲလုပ်ငန်းစဉ်အား ပြုပြင်ပြောင်းရေးသည် EMB ၏ ဗျူဟာများ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များအပေါ်တွင် ကျယ်ပြောလှသော အကျိုးကျေးဇူးရှိနိုင်သည်။ ၎င်းတို့ဘက်မှ မဲဆန္ဒရှင်များပါဝင်ရေးနှင့် ကိုယ်စားလှယ်ပြုရေး၊ မူဝါဒနှင့် လုပ်ဆောင်စဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာခရိုင်နယ်များကို နယ်နိမိတ်ကန့်သတ်သတ်မှတ်ခြင်း၊ မဲဆန္ဒရှင်များ မှတ်ပုံတင် စာရင်းရေးသွင်းခြင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင် စာရင်းရေးသွင်းခြင်းနှင့် ကြီးကြပ်ခြင်းနှင့် ရွေးကောက်ပွဲအရည်အသွေးကို ထိန်းသိမ်းခြင်းကဲ့သို့သော အဓိက ရွေးကောက်ပွဲပြဿနာများကို ပစ်မှတ်ထားနိုင်သည်။ ၎င်းတို့အနေနှင့် အထောက်အပံ့ရယူရေးနည်းအသစ် သို့မဟုတ် အလုပ်ခန့်အပ်ရေး လုပ်ငန်းစဉ်၊ မဲဆန္ဒရှင်များ မှတ်ပုံတင်ရေးစနစ်၊ သို့မဟုတ် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းနည်း သို့မဟုတ် စနစ်ကို စတင်မိတ်ဆက်ရေးကဲ့သို့သော ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အတတ်ပညာပိုင်းသို့မဟုတ် နည်းပညာရှုထောင့်ပိုင်း တစ်နေရာရာကို ပစ်မှတ်ထားနိုင်သည်။ ကိုယ်စားလှယ်များတွင် ကျား-မလိင် အချိုးမညီခြင်းများကိုလျှော့ချခြင်းအသိုင်းအဝိုင်း၏အပစ်ပယ်ခံဖြစ်သောအပိုင်းများကိုရွေးကောက်ပွဲလုပ်ငန်းစဉ်များ မြှင့်တင်ပေးခြင်း သို့မဟုတ် EMB ဝန်ထမ်းများ၏ ကိုယ်စားလှယ်ပြုမှုကို မြှင့်တင်ခြင်းကဲ့သို့သော လူမှုရေး မူဝါဒများလည်း ပါဝင်ကောင်းပါဝင်နိုင်သည်။

အင်ဒိုနီးရှား၊ ပါပူဝါနယူးဂီနီနှင့် နယူးဇီလန်တို့ကဲ့သို့ ရွေးကောက်ပွဲစနစ် ပြောင်းလဲခြင်းသည် လည်း ရွေးကောက်ပွဲ ကြီးကြပ်စီမံရေးတွင် ခရီးအရောက်ဆုံးသော ပြုပြင်ပြောင်းလဲရေးများအနက်မှ တစ်ခုဖြစ်သည်။ ထိုအရာသည် အများအားဖြင့် လုပ်ဆောင်ချက်ပိုင်းဆိုင်ရာလိုအပ်ချက် ရလဒ်ဖြစ်တတ်သည်။ ဥပမာအားဖြင့် အစိုးရ၏ လုပ်ဆောင်ချက်သည် မထိရောက်သောကြောင့် သို့မဟုတ် တုံ့ပြန်မှုမရှိသောကြောင့် ကိုယ်စားလှယ်ခန့်အပ်ရာတွင် "မျှတမှုမရှိ" ဟူသော အမြင်မျိုးကို မြင်ခြင်းမျိုးဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် အင်ဒိုနီးရှားသည် မဲဆန္ဒရှင်များနှင့် ပြည်သူ့ကိုယ်စားလှယ်များအကြား ချိန့်နေသော ဆက်သွယ်မှုကို ဖြေရှင်းရန်အတွက် ၎င်း၏ရွေးကောက်ပွဲစနစ်ကို ရွေးကောက်ပွဲခရိုင် အကြီးကြီးတွင် အချိုးကျကိုယ်စားပြုစနစ် (PR)ကို အပိတ်စနစ်ဖြင့် လုပ်ခြင်းမှ ရွေးကောက်ပွဲခရိုင်သေးသေးလေးထဲတွင် PR (အချိုးကျကိုယ်စားပြုစနစ်) စနစ်ကို အဖွင့်ပုံစံ သို့ ပြောင်းလိုက်သလို အင်ဒိုနီးရှားအစိုးရ၏ သဘော တူညီချက်ရယူတတ်သည့် သဘောသဘာဝကိုလည်း ဆက်လက်ထိန်းသိမ်းထားလေသည်။ ရွေးကောက်ပွဲ

စနစ် ပြုပြင်ပြောင်းလဲရေးသည် EMB အပေါ်တွင် ကြီးမားလှသော သတင်းအချက်အလက် တာဝန်များ ပိစေလေသည်။ ပြီးနောက်တွင် ရွေးကောက်ပွဲ ခရိုင်နယ်နိမိတ် ကန့်သတ်သတ်မှတ်ရေး၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းတို့အတွက် နည်းလမ်းအသစ်များကို အကောင်အထည်ဖော်ရန် ထိုသတင်းအချက်အလက်များကို လိုအပ်နိုင်သည်။

EMB ကိုယ်တိုင်သည်လည်း ရွေးကောက်ပွဲခရိုင် နယ်နိမိတ် ကန့်သတ်သတ်မှတ်ရေး ပြန်လည်ပြုပြင်ရေးတွင် အရေးပါသောနေရာကို ပါဝင်ထမ်းဆောင်နိုင်လေသည်။ ဥပမာအားဖြင့် ပိုမိုပွင့်လင်းမြင်သာပြီး ညီမျှသော နယ်နိမိတ်ကန့်သတ်သတ်မှတ်ရေး လုပ်ငန်းစဉ်မျိုးကို ဦးဆောင်မြှင့်တင်ခြင်း၊ နယ်နိမိတ် ကန့်သတ်သတ်မှတ်ရေးကိစ္စများတွင် ကျွမ်းကျင်အကြံဉာဏ်များပေးခြင်းနှင့် ၎င်းတို့အနေနှင့် နယ်နိမိတ် သတ်မှတ်ရေးနှင့်ဆိုင်သော မည်သည့်တာဝန်များကိုမဆို အဂတိကင်းကင်း၊ ညီညီမျှမျှနှင့် သိက္ခာရှိရှိဖြင့် ဆောင်ရွက်ပါ့မည်ဟူသော အာမခံချက်ကို ပေးထားခြင်းပင်ဖြစ်သည်။ အချို့သော ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ရေးကိစ္စများသည် အဖွဲ့ဝင်အများပါဝင်သော ခရိုင်များကို စတင်မိတ်ဆက်လာပြီး၊ ထိုစနစ်တွင်ကဲ့သို့ပင် ဖြစ်ကာ အများအားဖြင့် PR (အချိုးကျ ကိုယ်စားပြုစနစ်) တွင် အခြေပြုထားလေ့ရှိပြီး ရွေးကောက်ပွဲရလဒ်များတွင် ရွေးကောက်ပွဲနယ်နိမိတ်ဆိုင်ရာ ကိစ္စများလွှမ်းမိုးမှုကို လျှော့ချနိုင်လေသည်။ အခြားသော ပြုပြင်ပြောင်းလဲမှုများသည် "လူတစ်ဦး၊ မဲတစ်မဲ၊ တန်ဖိုးတစ်ခု" ပေါ်တွင် အခြေခံထားသော နယ်နိမိတ် ကန့်သတ်သတ်မှတ်ရေးကို လိုအပ်လေသည်။ အချို့သော ပြုပြင်ပြောင်းလဲချက်များသည် နယ်နိမိတ် ကန့်သတ်သတ်မှတ်ရေး လုပ်ငန်းစဉ်များကို ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး လုပ်ငန်းသဘောရှေးရှုစေရန်အတွက် ပြင်ဆင်လိုသည်။ ဥပမာအားဖြင့် နယ်နိမိတ်ကန့်သတ် သတ်မှတ်ရေးလုပ်ငန်းစဉ်တွင် ဥပဒေပြုရေးကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်သတ်မှတ်ရေးတွင် လွတ်လပ်သောဌာနတစ်ခုကို တာဝန်ချမှတ်ခြင်းနှင့် အဆိုတင်သွင်းထားသော နယ်နိမိတ်များကို ပွင့်လင်းသောကြားနာချက်များနှင့် လွတ်လပ်သော စစ်ဆေးချက်များ တောင်းခံခြင်းတို့ဖြစ်သည်။

မဲဆန္ဒရှင်များကို မှတ်ပုံတင်ရေးလုပ်ငန်းစဉ်သည် ဒီမိုကရေစီရကာစနှင့် ရပြီး နှစ်နိုင်ငံလုံးတွင် ခေတ်နှင့်အညီ မွမ်းမံရန်အတွက် စိုက်ထုတ်အားများကို များစွာလိုအပ်လေသည်။ မဲဆန္ဒရှင်များ၏ မှတ်ပုံတင်ရေးသည် မဲပေးပိုင်ခွင့်ရှိသူများ၏ ရွေးကောက်ပွဲအတွင်းတွင် ပါဝင်နိုင်သော စွမ်းရည်ကို ဆုံးဖြတ်ပေးသည်၊ ထို့ကြောင့် မျှတသော ရွေးကောက်ပွဲတစ်ခုဖြစ်ရန်အတွက် အဓိကလိုအပ်သော အကြောင်းအရာတစ်ခုဖြစ်သည်။ ၎င်းအနေနှင့် ရွေးကောက်ပွဲနေ့တွင် အခြေအနေကောင်းလေ့ရှိသည်။ အများအားဖြင့်လည်း စောင့်ကြည့်လေ့လာသူများက ၎င်းအားတိုက်ရိုက်စစ်ဆေးလေ့မရှိကြပါ (အထူးသဖြင့် ရွေးကောက်ပွဲ မှတ်ပုံတင်စာရင်းများ သည် အမျိုးသားမှတ်ပုံတင် သို့မဟုတ် သန်းခေါင်စာရင်းမှ လာပါက)။ မဲဆန္ဒရှင်မှတ်ပုံတင်စနစ်၏အတွင်းပိုင်းအရည်အသွေးသည်အင်မတန်မြင့်မားရန်လိုအပ်သည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် မှတ်ပုံတင်ရေးလုပ်ငန်းစဉ်များ၏ ထိရောက်မှုသာမက အလုပ်တွင်ကျယ်မှုကိုပါ ချိန်ရွယ်နှုန်းတိုးမြင့်လာသည်။ ၎င်းတို့သည် မကြာခဏအားဖြင့် ဘိုင်အိုမက်ထရစ် အချက်အလက်များရယူခြင်းနှင့် တွက်ချက်ခြင်းကို ထည့်သွင်းလေ့ရှိပြီး ထပ်ကာထပ်ကာ စာရင်းသွင်းမှု၊ အယောင်ဆောင်မဲပေးခြင်းနှင့်/သို့မဟုတ် တစ်ဦးတည်းမှ မဲအများပေးခြင်းကို ရှောင်ရှားလိုသောရည်ရွယ်ချက်ကြောင့်ဖြစ်သည်။

EMB အများအပြားသည် မဲဆန္ဒရှင် မှတ်ပုံတင်စနစ်၏ အားလုံးပါဝင်နိုင်မှု၊ မျှတမှု၊ တိကျမှုနှင့် ပွင့်လင်းမြင်သာရှိမှုတို့ကို မြှင့်တင်ရန်အတွက် စနစ်များကို အကောင်အထည်ဖော်ခဲ့လေသည်။ ဥပမာအားဖြင့် စဉ်ဆက်မပြတ် အသစ်မွမ်းမံထားသော မဲဆန္ဒရှင် စာရင်းပေးခြင်း၊ နေရာတစ်နေရာတွင် ယာယီနေထိုင်သူ မဲဆန္ဒရှင်များအတွက် အထူးမှတ်ပုံတင်ပေးရေး ပြဋ္ဌာန်းချက်များနှင့် မှတ်ပုံတင် မှားယွင်းပယ်ချခံရခြင်း

သို့မဟုတ် ရွေးကောက်ပွဲမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်းကို ကာကွယ်ပေးခြင်းတို့ဖြစ်သည်။ EMB များနှင့် အခြားသော ကိုယ်စားလှယ်ဌာနများသည် အချက်အလက်များကို ထိန်းသိမ်းရန်အတွက် တာဝန်ရှိပြီး ထိုအချက်အလက်များပါဝင်သော ရွေးကောက်ပွဲမှတ်ပုံတင်စာရင်းတို့မှာ အရည်အသွေးပြည့်မီသော သူ၏ ကိုယ်ရေးရာဇဝင်ကို ကြည့်ပြီး ဒေတာတွက်ချက်မှု အချိန်များကို လျှော့ချခြင်းဖြင့် ပိုမိုကောင်းမွန်သော နည်းလမ်းများကိုအသုံးချကာ ရွေးကောက်ပွဲ မှတ်ပုံတင်စာရင်းများ၏ အရည်အသွေးကို မြှင့်တင်ပေးလျက်ရှိသည်။ မကြာခဏဆိုသလို ခေတ်မီနည်းပညာဆိုင်ရာ နည်းလမ်းများကိုလည်း အသုံးပြုလေ့ရှိကြသည်။ EMB များအနေနှင့်လည်း မဲဆန္ဒရှင်မှတ်ပုံတင်ရေးအတွက် နည်းပညာများကို အသုံးပြုခြင်းသည် ပြည်သူများ၏ ယုံကြည်မှုကိုရရှိစေပြီး တာရှည်ခံနိုင်မှုရှိစေရန်အတွက် အာမခံထားသင့်သည်။ အထူးသဖြင့် EMB များအနေနှင့် အနာဂတ် ဘဏ္ဍာငွေအထောက်အပံ့ မသေချာသော ဒီမိုကရေစီရကာစနိုင်ငံများတွင် ပိုလိုအပ်သည်။

နိုင်ငံရေးပါတီများအား စောင့်ကြည့်ပြီး စည်းမျဉ်းကြတ်မတ်သော လုပ်ရပ်များကို လုပ်ဆောင်သော EMB များ၏ တာဝန်ကဏ္ဍများတွင်လည်း သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။ အချို့သော အရာများမှ မျှမျှတတယှဉ်ပြိုင်နိုင်သော အဆင့်ဖြစ်ရန်အတွက်ရည်ရွယ်ပြီး ပြုလုပ်သော ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲချက်များ၏ ရလဒ်ဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံရေးပါတီများနှင့် ဝင်ရောက်ယှဉ်ပြိုင်သူများ၏ ရွေးကောက်ပွဲမဲဆွယ်မှု တိုင်းပြည်ဘဏ္ဍာထောက်ပံ့မှုကို စီမံကြီးကြပ်ရေးတွင် ပြုပြင်ပြောင်းလဲခြင်းနှင့် ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်ရန်အတွက်ပါတီများနှင့် ယှဉ်ပြိုင်သူများကို မှတ်ပုံတင်ရာတွင်လိုအပ်သောအရည်အချင်းများကို ပြုပြင်ပြောင်းလဲရေးတို့ဖြစ်သည်။ အခြားသောသူများသည် မဲဆွယ်ပွဲတွင် ထောက်ပံ့ခြင်းနှင့် အသုံးစရိတ်များနှင့်ယှဉ်ပြိုင်သူအမတ် လောင်းရွေးချယ်ရေး လုပ်ငန်းစဉ်အား ကြီးကြပ်ရေးကဲ့သို့သော နိုင်ငံရေးပါတီများအတွင်းရှိ ဒီမိုကရေစီကိုကြီးကြပ်ရေးအား တိုးတက်ရေးအပေါ် ချိန်ရွယ်လျက်ရှိသည်။ တန်းတူရည်တူယှဉ်ပြိုင်နိုင်မည့်အရေးကို မြှင့်တင်လိုက်သည့် ပြုပြင်ပြောင်းလဲရေးများသည် အချို့သော EMB များကို မီဒီယာများကို မဲဆွယ်ပွဲကြေငြာချက်များနှင့် အခွင့်အလမ်းများကို ညီညီမျှမျှ ခွဲဝေပေးနိုင်ရန်အတွက် ပြုလုပ်ပေးရသော အစီအစဉ်များကိုစောင့်ကြည့်ပြီး သို့မဟုတ် ကြီးကြပ်ရသော တာဝန်ကိုရရှိသွားစေလေသည်။

အရေအတွက်အားဖြင့်တိုးပွားလာသော EMB များသည်လည်း မဲပေးနည်းအသစ်များကို မိတ်ဆက်လာကြသည်။ ဘရားဇီး၊ အိန္ဒိယ၊ ဘူတန်နှင့် ဗင်နီဇွဲလားတို့တွင် လူဖြင့်မဲပေးခြင်းကို EVM (အီလက်ထရွန်းနစ် မဲပေးစက်)များဖြင့် အစားထိုးလိုက်ပြီး၊ အက်စတိုးနီးယားတွင် အင်တာနက်မဲပေးခြင်းကို စတင်မိတ်ဆက်လိုက်ပြီးဖြစ်သည်။ အီလက်ထရွန်းနစ် မဲပေးစနစ် စတင်အသုံးပြုခြင်းဖြင့် ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေးလုပ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် ပြဿနာတော်တော်များများမှာ ဤစာအုပ်၏ အခန်း ၉ တွင် ဆွေးနွေးပြထားပါသည်။

ရွေးကောက်ပွဲတွင်း ပါဝင်ပတ်သက်မှုများကို ပိုမိုလွယ်ကူစွာအသုံးပြုနိုင်စေရန်အတွက် အားစိုက်ထုတ်မှုများ ထိထိရောက်ရောက်ရှိခဲ့ပါသည်။ မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းကို ကြည့်ရှုခွင့်ပေးခြင်းသည် တခါတရံတွင် တိုင်းပြည် ပြင်ပရောက်နေသောသူများထံသို့၊ နေရာအတည်တကျမရှိသို့ အကျဉ်းကျနေသည့် သူများအတွက် ဖွင့်လှစ်ပေးလေသည်။ မဲရုံများထံသို့ လာရောက်အသုံးပြုခွင့်ရရေးသည်လည်း ပျက်ကွက်သူများအပါအဝင် ပြည်ပရောက်နေသောသူများထံသို့ လူကိုယ်တိုင်အိမ်တိုင်လာရောက်သော နည်းစနစ်၊ ကြိုတင်မဲများကို စတင်အသုံးချခြင်းဖြင့် လူအတော်များများအတွက် ပွင့်လင်းသွားခဲ့ပြီဖြစ်သည်။ ပြီးနောက်တွင် ခိုးကိုးခွင့်တောင်းခံသူများ၊ စစ်ဘေးရှောင် ဒုက္ခသည်များ၊ မသန်မစွမ်းများ၊ သက်ကြီးရွယ်အို

များနှင့် ဝေးလံခေါင်သီသော ဒေသတွင်နေသူများ၊ အကျဉ်းကျနေသူများနှင့် ဆေးရုံရောက်နေသူများ အတွက်လည်းအထူးမဲပေးခွင့်နှင့် မဲဆန္ဒရှင် အသိပညာပေးရေး ဝန်ဆောင်မှုများလည်း ပေးလေသည်။ EMB များအနေနှင့် ထိုပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအားလုံးကို မဲဆန္ဒရှင်မှတ်ပုံတင်ရေး၊ မဲပေး ရေးနှင့် မဲရေတွက်ရေးလုပ်ငန်းစဉ်များအတွက် အရည်အသွေးမြင့်မြင့်များကို ထိန်းသိမ်းပြီး ထပ်ဆောင်း အသုံးပြုခွင့် လုပ်ပိုင်ခွင့်များကို ပေးနိုင်သော လုပ်ဆောင်စဉ်များနှင့် စနစ်များကိုစတင်မိတ်ဆက်ခြင်းဖြင့် တုံ့ပြန်သင့်သည်။ အင်တာနက်မှမဲပေးခြင်းသည် လက်ရှိအချိန်တွင် သုတေသနပြုနေဆဲဖြစ်သော အရာ တစ်ခုဖြစ်သည်။ ပြီးနောက် ၎င်း၏ကျင့်သုံးမှုကို တည်ငြိမ်အောင် ကြိုးစားနေသော EMB များအတွက်လည်း စိန်ခေါ်မှုများကို ဖြစ်ပေါ်စေလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော လုပ်ငန်းစဉ်များကို စီမံ ခန့်ခွဲရန်အတွက် လိုအပ်သောကျွမ်းကျင်မှုမျိုးသည် သာမန်မဲပေးနည်းစနစ်တွင်တွေ့ရှိရလေ့ရှိသော ကျွမ်း ကျင်မှုမျိုးနှင့် အင်မတန်မှကွာခြားခြင်းကြောင့်ဖြစ်သည်။

တစ်ခုမှတ်သားထားရန်လိုသည်မှာ မတူကွဲပြားသော မဲပေးနည်းစနစ်အမျိုးမျိုးကို ဖြစ်ပေါ်စေ သော သို့မဟုတ် ယေဘုယျအားဖြင့် လုပ်ငန်းတစ်ခုတည်းကိုလုပ်ဆောင်ရန်အတွက် ပုံစံမျိုးစုံကွဲပြားသော မဲပေးနည်းစနစ်များကို ဖြစ်ပေါ်စေသော ပြုပြင်ပြောင်းလဲမှုများသည် ရိုးရှင်းသောလုပ်ဆောင်စဉ် ယန္တရား တစ်ခုမှ နောက်ထပ်ကွဲပြားရိုးရှင်းသော လုပ်ဆောင်စဉ်ယန္တရား နောက်တစ်ခုသို့ ရိုးရိုးလေးပြင်ဆင် ဖြည့်စွက်လိုက်သော ပြုပြင်ပြောင်းလဲမှုမျိုးထံ EMB ကို ပိုပြီးစိန်ခေါ်မှုများ ဖြစ်ပေါ်စေလေသည်။

ရွေးကောက်ပွဲတွင် ပါဝင်အသုံးပြုခွင့်ရနိုင်ရေးအတွက်ပြုပြင်ပြောင်းလဲမှုသည် အချို့သော နိုင်ငံ များတွင် အချို့သော လူမှုရေးဆိုင်ရာအဖွဲ့များနှင့် အမျိုးသမီးများအတွက် တူညီသောအခွင့်အရေး ပေးရန် ဖြစ်လာလေသည်။ ထိုကဲ့သို့သော ပြုပြင်ပြောင်းလဲမှုမျိုးသည် ဥပဒေ၊ စီမံကြီးကြပ်ရေးနှင့် နိုင်ငံရေးနယ်ပယ် များအတွက် အထောက်အကူဖြစ်စေသော နည်းလမ်းမျိုးဖြင့် လိုက်နာကျင့်ကြံခြင်းမျိုးပြုရမည်။ EMB များ အနေနှင့်လည်း ၎င်းတို့၏ဝန်ထမ်းများအား တိုက်တွန်းခြင်းဖြင့် ပိုမိုညီမျှသော အခွင့်အရေးရရှိလာအောင် မြှင့်တင်ပေးနိုင်လေသည်။ ဥပမာအားဖြင့် မဲရုံများအတွက် ယာယီဝန်ထမ်းများတွင် ကျား-မ လိင်အချိုး အစားကိုညှိပေးရန် တောင်းဆိုခြင်းမျိုးနှင့် EMB စီမံခန့်ခွဲရေး နေရာများသို့ အမျိုးသမီးများဝင်ရောက်လာ နိုင်စေရန်အတွက် ဌာနတွင်းပိုင်းရှိ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်ရေးအစီအစဉ်များကိုလည်း အသုံးပြု ခြင်းတို့ဖြစ်သည်။

## ရွေးကောက်ပွဲဆိုင်ရာ အပြောင်းအလဲများကို စီမံခန့်ခွဲခြင်း

ရွေးကောက်ပွဲဆိုင်ရာ အပြောင်းအလဲစီမံခန့်ခွဲရေးသည် အပြောင်းအလဲပမာဏ၊ ပါဝင်ပတ်သက် သော ရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်များအပေါ်တွင်မူတည်ပြီး လိုအပ်ချက်များ ကွဲပြားနိုင်သည်။ ဥပမာ အားဖြင့် အစိုးရပုံစံမှ လွတ်လပ်သောသ ပုံစံသို့ပြောင်းလိုက်သောအခါ ချောချောမွေ့မွေ့ ကူးပြောင်းနိုင် ရန်နှင့် ကျွမ်းကျင်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ မှတ်ဉာဏ်မျိုးကို ထိန်းသိမ်းထားနိုင်ရန်အတွက် သေသေ ချာချာ အထူးစီမံတွက်ချက်ထားဖို့ လိုအပ်သည်။ ရွေးကောက်ပွဲဆိုင်ရာ တည်ဆောက်ပုံများနှင့် မူဘောင် များအား ပြောင်းလဲမှုလုပ်ရန်အတွက် ကိစ္စများသည် ရွေးကောက်ပွဲများအနေနှင့် လေ့ကျင့်သင်ကြားမှု အတွက် ပစ္စည်းကိရိယာအသစ်များ ပြင်ဆင်မှုနှင့် ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရေးတို့ ဖြစ်စေရန်အတွက် လုံလောက်သောအချိန်ခွာပြီး သဘောတူညီချက်ရယူထားရန် အင်မတန်မှ အရေးကြီး လေသည်။

အထူးသဖြင့် ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် EMB ၏ သသဘောသဘာဝ သို့မဟုတ်

တည်ဆောက်ပုံနှင့် ဝန်ထမ်းများအပေါ်ကို သက်ရောက်သောနေရာများတွင် အပြောင်းအလဲများကို ကြီးကြပ်ရန်နှင့် အကောင်အထည်ဖော်ရန်အတွက် ကျွမ်းကျင်သော မန်နေဂျာနှင့် ဆက်သွယ်ရေး အရာရှိများကို ခန့်အပ်ထားရန် မရှိမဖြစ်အရေးကြီးသည်။ အဖွဲ့အစည်းတည်ဆောက်ပုံနှင့် ရာထူးတာဝန်ထမ်းဆောင်မှုများကို တည်ဆောက်ပုံစနစ်အတွင်း ပြောင်းလဲလိုက်ခြင်းသည် တင်းမာမှုများကို မလွှဲမရှောင်သာ ဖြစ်ပေါ်စေလိမ့်မည်။ ပွင့်လင်းမြင်သာမှု၊ ရိုးသားမှု၊ လေးလေးနက်နက် တိုင်ပင်ဆွေးနွေးခြင်း၊ ဆက်သွယ်ရေးနှင့် လုံလောက်သော သတိပေးချက်များသည် ရွေးကောက်ပွဲဆိုင်ရာ အပြောင်းအလဲများမှ တစ်ဆင့် ကိုယ်စားလှယ်များကို စီမံခန့်ခွဲသော မရှိမဖြစ်လိုအပ်သည့် အရာများဖြစ်သည်။ ချိန်သားကျမှုသည်လည်း အင်မတန်မှ အရေးကြီးသည်။ EMB ဝန်ထမ်းများသည် အစားထိုးရန်ခက်ခဲသော ကျွမ်းကျင်မှုနှင့် နားလည်မှုများကိုရှိကြပြီး အထူးသဖြင့် ရွေးကောက်ပွဲနီးကပ်ချိန်များတွင် ပိုမိုခက်ခဲသည်။ ပြောင်းလဲရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် EMB အဖွဲ့ဝင်များ ပါဝင်လာခြင်းသည် EMB အနေနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ်ကို စိတ်ပါဝင်စားမှုရှိသည်ဟု ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။

ရွေးကောက်ပွဲ နည်းပညာဆိုင်ရာ လုပ်ငန်းစဉ်များကို ပြန်လည်ပြုပြင်ပြောင်းလဲခြင်းသည် ထိုနည်းပညာပိုင်းတွင် အထူးပြုကျွမ်းကျင်သော ပညာရှင်၏အကူအညီလိုလိမ့်မည်။ နည်းပညာပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများလုပ်ရာတွင် EMB အနေနှင့် သင့်တော်သော နည်းလမ်းလုပ်ဆောင်စဉ်နှင့် စနစ်ခွဲခြားသတ်မှတ်ခြင်းတို့ကို ရွေးချယ်ထားပြီး မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရေးကို လုပ်ဆောင်ရမည်။ တိုးတက်မှုကို အဆုံးစစ်ဆေးသော လုပ်ငန်းစဉ်များနှင့် အကောင်အထည်မဖော်မီ စစ်ဆေးခြင်းတို့သည် အရေးပါလှပေသည်။ ပြောင်းလဲရေးကို စီမံခန့်ခွဲသော လုပ်ငန်းစဉ်တွင်လည်း ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကို အကောင်အထည်ဖော်ခြင်းအား သုံးသပ်အကဲခြင်းကို တိုင်းတာနိုင်သည့်အရာများ ရှိရန်လိုအပ်သည်။ ပြီးနောက်တွင် တိုင်းတာနိုင်သည့် အရာမရှိပါက တိုးတက်ကြောင်း ပြသနိုင်သည့် စွမ်းဆောင်ရည်များ ပြသနိုင်ရန်လိုအပ်သည်။

## ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်ပြုပြင်ရေးတို့နှင့် ပတ်သက်သောထိခိုက်ဆုံးရှုံးဖွယ်ရများ

တိုင်းပြည်တစ်ပြည်၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များသည် အဆင်ပြေချောမွေ့လှစွာပင် ရှေ့ဆက်နေသောအခါ ဘေးအန္တရာယ်များသည်လည်း ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို နှစ်စဉ်နှင့်အမျှ တိုးတက်နေ၊ ရွေးကောက်ပွဲများ အချိန်နှင့်အမျှ တဖြည်းဖြည်းပြောင်းလဲနေသောကြောင့် လျော့နည်းလာနိုင်လေသည်။ နေရာအမျိုးမျိုးတွင် အဓိကပြုပြင်ပြောင်းလဲမှုကြီးများကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်သောအခါ EMB အပေါ်သို့ ဝန်ကြီးကြီးမားမားပိစေပြီး လုပ်ငန်းအကောင်အထည်ဖော်မှုများ အရည်အသွေး မပြည့်မီမှုဖြစ်စေနိုင်သော ဘေးအန္တရာယ်ကို ဖြစ်ပေါ်စေနိုင်သည်။ အထူးသဖြင့် နောက်ဆုံး သတ်မှတ်ရက် ကပ်နေသောအချိန်မျိုးတွင်ဖြစ်သည်။ အကျိုးရှိနိုင်လုံသော အကောင်အထည်ဖော်မှုများသည် ရည်ရွယ်ထားသော ပစ်မှတ်များဆီသို့ ရောက်ရှိနိုင်ရန်အတွက် ဖြစ်နိုင်ချေရှိပြီး ထိရောက်သော ရွေးကောက်ပွဲတစ်ခုဖြစ်ရန်အတွက်နှင့် EMB အပေါ်တွင် ယုံကြည်မှုနှင့်စိတ်ချမှုကို တည် ဆောက်နိုင်သော အရာတစ်ခုဖြစ်လာရန် မျှော်လင့်ချက်ရှိသော်လည်း မအောင်မြင်သော အကောင်အထည် ဖော်ဆောင်မှုများသည် ပြောင်းပြန်အကျိုးသက်ရောက်မှုမျိုးကို ဖြစ်စေနိုင်သည်။ထိုကဲ့သို့မျိုးသည် ဘုတ်အဖွဲ့တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် နိုင်ငံရေးအရာ ထောက်ခံမှုအင်အားကောင်းကောင်းဖြင့် မရရှိထားပါက အထူးပြဿနာရှိလေသည်။ ထိုအကြံဉာဏ်နှင့် အတိုက်အခံ ယှဉ်ပြိုင်နေသူများသည် ထိုအရာကို မအောင်မြင်သောအရာဟု ပုံဖော်ရန်အတွက် အခွင့်အရေးရှာကြံနေမည်သာဖြစ်ပြီး ထိုအရာကိုစွန့်ပယ်ရန်အတွက် တွန်းအားပေးနိုင်သည်။

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ဖြစ်လေ့ရှိသော အဓိကအန္တရာယ်သုံးမျိုး ရှိလေသည်။ ပထမတစ်ခုမှာ မရှင်းရမည့်ပြဿနာကို မှားယွင်းဖြေရှင်းနေခြင်းဖြစ်သည်။ ဥပမာအနေနှင့် တိုင်းပြည် တစ်ပြည် သည် နည်းပညာအရ လွန်စွာအဆင့်မြင့်သော မဲဆန္ဒရှင်မှတ်ပုံတင်ရေးစနစ်မျိုးကို မြောက်မြားစွာ မြှုပ်နှံထားသော်လည်း တစ်ကယ့်ပြဿနာမှာ မဲရုံအရာရှိများအား ပါတီများ သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်သူများက ခြိမ်းခြောက်ထားခြင်း၊ လာဘ်ထိုးထားခြင်း သို့ အကျင့်ပျက်ခြစားမှုရှိခြင်းတို့ဖြစ်အောင် လုပ်ထားပါက ထိုမှတ်ပုံတင်စာရင်မည်မျှကောင်းအောင်လုပ်လုပ် မည်သို့မှသက်ဆိုင်လိမ့်မည်မဟုတ်ဘဲ အကျိုးအမြတ်လည်း ရှိလိမ့်မည်မဟုတ်ပေ။ တိုင်းပြည်တစ်ပြည်၏ ရွေးကောက်ပွဲလုပ်ဆောင်ပုံသည် အင်မတန်မှ ဆိုးရွားနေပါက နည်းပညာပိုင်းဆိုင်ရာတို့တွင် မြောက်မြားစွာမြှုပ်နှံခြင်းသည် အကျိုးရှိလိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုစနစ်အနေနှင့် ကောင်းမွန်စွာ အလုပ်လုပ်လျှင်ပင် စနစ်၏ တစ်နေရာမှ လိမ်ညာမှုကို နောက်တစ်နေရာသို့ ရွှေ့လိုက်ရုံမျှသာ ရှိမည်ဖြစ်သည်။ အဓိက ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာ စွန့်ဦးလုပ်ဆောင်မှုများ ပါဝင်နေသောအရာများသည် အင်မတန်မှ ဈေးကြီးပြီး ရေရှည်ထိန်းသိမ်းရေးနှင့်ဆိုင်သော ကုန်ကျစရိတ်များနှင့် ဈေးနှုန်းကျဆင်းလာမည်ကို ထည့်တွက်ပါက ပိုသိသာလေသည်။ထိုကဲ့သို့သော စနစ်မျိုးကို တည်ထောင်လိုက်ခြင်းသည် ကောင်းမွန်စွာ တည်ထောင်ထားသော ရင်းမြစ်များရယူထားသော အဖွဲ့အစည်းမျိုးကိုပင် လွယ်ကူစွာ အုပ်မိုးသွားနိုင်ပြီး အကြီးပိုင်း စီမံခန့်ခွဲရေးဌာနအပေါ် ကြီးမားလှသောတောင်းဆိုချက်များနှင့် အချိန်များ ပေးဆက်ရန် ကျရောက်လာမည်ဖြစ်ပြီး လုပ်ငန်းသဘောကိုသာကြည့်ပြီး ဆုံးဖြတ်ရလျှင် အခြားသော ပြဿနာဖြစ်နေသော နေရာများထံသို့ ပိုမိုအာရုံစိုက်ရန်လိုအပ်နေသော နေရာများထံသို့ အာရုံမစိုက်နိုင်စေရန် ပြုနိုင်ချေရှိသည်။

ဒုတိယအန္တရာယ်မှာ စနစ်၏အောင်မြင်မှုက မှီခိုရသော နည်းပညာနှင့် မသက်ဆိုင်သော ကိစ္စများတွင် လက်တွေ့မကျသော ကောက်ချက်များကို ချခြင်းဖြစ်သည်။ မဲဆန္ဒရှင်များ၏ စဉ်ဆက်မပြတ်မွမ်းမံဖြည့်စွက်ထားသော မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရန် အသုံးပြုသော ဒေတာဘေ့စ်တစ်ခုသည် ဒေတာဘေ့စ်ကို အချိန်နှင့်တပြေးညီဖြစ်စေရန်အတွက် အချက်အလက်ဒေတာများ စီဆင်းမှုကို စဉ်ဆက် မပြတ်ရှိစေရမည်ဟု အာမမခံနိုင်ပါက မှန်းချက်နှင့် နမ်းထွက်မကိုက်ဖြစ်ချေမည်။

တတိယဖြစ်နိုင်သော အန္တရာယ်မှာ လျင်မြန်မှုဆုံးရှုံးခြင်းဖြစ်သည်။ နည်းပညာပိုင်းဆိုင်ရာ ချဉ်းကပ်မှုတစ်ခုကို အသုံးချရန် ဆုံးဖြတ်ချက်ချလိုက်ခြင်းသည် တိုင်းပြည်တစ်ပြည် သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ခက်ခဲသောပြဿနာတစ်ခုကိုဖြေရှင်းရန် သို့မဟုတ် တိုးတက်လာသောကုန်ကျစရိတ်များကို ပေးဆောင်ရန်၊ ရေရှည်တောင့်ခံထားနိုင်ရန်အတွက် နည်းလမ်းတစ်ခုကို ထိန်းသိမ်းရန် ချုပ်လိုက်သကဲ့သို့ ဖြစ်ကောင်း ဖြစ်နိုင်လိမ့်မည်ဖြစ်သည်။ ဥပမာအားဖြင့် အင်တာနက်အခြေစိုက်လုပ်ငန်းစဉ်များအပေါ် တွင် အမြောက်အမြား ရင်းနှီးမြှုပ်နှံထားသော အဖွဲ့အစည်းများသည် ရွေးကောက်ပွဲဆိုင်ရာ နယ်ပယ်များတွင် သာမက ၎င်းတို့သည် ၎င်းတို့၏ PC အခြေစိုက်စနစ်ကို အသုံးပြုသူများ အင်တာနက်စနစ်ပြောင်းလဲလာသည်နှင့်အမျှ အသုံးပြုရန် ပိုမိုလိုလားသည် စမတ်ဖုန်းနှင့် တဘလတ်များမှ တဆင့် ဝင်ရောက်အသုံးပြုနိုင်ရေးအတွက် အစအဆုံးပြန်လည်ပြင်ဆင်ရတော့မည်ကို တွေ့ရှိလာကြသည်။

## အခန်း အနှစ်ချုပ်

- ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများသည် ဤလက်စွဲစာအုပ်၏ အခန်း ၁ တွင် ဖော်ပြထားသည် ရွေးကောက်ပွဲဆိုင်ရာ စီမံကြီးကြပ်ရေးကို လမ်းညွှန်သောနည်းလမ်းများကို အကောင်အထည် ဖော်ရာတွင် တိုးတက်စေရန်အတွက် ချိန်ရွယ်ထားသော အပြောင်းအလဲများဖြစ်သည်။
- ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ရွေးကောက်ပွဲစီမံခန့်ခွဲရေး လုပ်ငန်းစဉ် နည်းပညာပိုင်းများနှင့် ကြီးကြပ်စီမံရေးများဖြစ်သော ရွေးကောက်ပွဲ ဥပဒေမူဘောင်အပါအဝင် EMB ကိုပါ ညွှန်ကြားချက်များပေးနိုင်သည် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုများအတွက် နိုင်ငံရေးဆိုင်ရာ အကြောင်းအရပ်များတွင် ညွှန်ကြားချက်ပေးနိုင်သည်။
- မည်သည့် ရွေးကောက်ပွဲ မူဘောင်များ၊ စနစ်များ၊ အဖွဲ့အစည်းများ၊ စီမံကိန်းများ၊ စီမံခန့်ခွဲရေးများ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများသည် ပြုပြင်ပြောင်းလဲခြင်းသို့မဟုတ် ခေတ်နှင့်အညီ မွမ်းမံခြင်းမှ ကင်းလွှင့်ခွင့်မရှိပေ။ EMB များအနေနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရာတွင်နှင့် တုံ့ပြန်ရာတွင် သို့မဟုတ် တည်ထောင်ရာတွင် ရှင်းလင်းသော ဗျူဟာတစ်ခု ရှိရန်လိုအပ်သည်။
- EMB များသည် ယေဘုယျအားဖြင့် ရွေးကောက်ပွဲ ပြန်လည်ပြုပြင်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပြန်လည်ပြုပြင်ရေးအတွက် အကောင်အထည်ဖော်သူများနှင့် နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအပါအဝင် ကြီးကြပ်စီမံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကို အကောင်အထည်ဖော်ရန်နှင့် စွန့်ဦးလုပ်ဆောင်သူများအဖြစ် ဦးဆောင်လှုပ်ရှားသော အဓိကအရေးကြီးသည့် တာဝန်ကို ထမ်းဆောင်သည်။
- ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးများသည် ၎င်း၏တာဝန်များကို မဲဆန္ဒရှင်များအား မရှုပ်ထွေးစေရန်နှင့် ရွေးကောက်ပွဲစီမံကြီးကြပ်ရေးကိစ္စများတွင် အနှောင့်အယှက် အနည်းဆုံးဖြစ်ရန် အတွက် သေသေချာချာစီမံခန့်ခွဲခြင်းပြုလုပ်ရန် လိုအပ်သည်။

## နောက်ဆက်တွဲ - က

# တစ်ကမ္ဘာလုံးဆိုင်ရာစစ်တမ်း : နိုင်ငံနှင့် နယ်မြေ ၂၁၇ ခုမှ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုဌာနများ

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် |
|---|---|---|---|
| အာဖဂန်နစ္စတန် | လွတ်လပ် | လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင် | ၉ |
| အယ်လ်ဘေးနီးယား | လွတ်လပ် | ဗဟိုရွေးကောက်ပွဲကော်မရှင် | ၇ |
| အယ်လ်ဂျီးရီးယား | အစိုးရ | အတွင်းဝန်ကြီးဌာန | မရှိ |
| အန်ဒေါရာ | အရော | ဗဟိုအစိုးရနှင့် ကွန်မြူနယ်များ | |
| | | ရွေးကောက်ပွဲ ဘုတ်အဖွဲ့ | ၆ |
| အန်ဂိုလာ | လွတ်လပ် | အမျိုးသားရွေးကောက်ပွဲကော်မရှင် | ၁၁ |
| အန်ဂွီလာ | အစိုးရ | ရွေးကောက်ပွဲကြီးကြပ်သူများ | မရှိ |
| အန်တီဂွါနှင့် ဘာဘူဒါ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၅ |
| အာဂျင်တီးနား | အရော | အတွင်းဝန်ကြီးဌာန၏ အမျိုးသားရွေးကောက်ပွဲ ညွှန်ကြားရေး | မရှိ |
| | | အမျိုးသား ရွေးကောက်ပွဲအသင်း | ၃ |
| အာမေးနီးယား | လွတ်လပ် | ဗဟိုရွေးကောက်ပွဲ ကော်မရှင် | ၇ |
| အာရူးဘား | အစိုးရ | ရွေးကောက်ပွဲကောင်စီဌာနချုပ် | မရှိ |
| ဩစတြေးလျ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၃ |

ဤနောက်ဆက်တွဲ အပိုင်းရှိ အမျိုးအစားခွဲခြားမှုသည် စာအုပ်ထုတ်ဝေစဉ်ကာလက နိုင်ငံတစ်နိုင်ငံစီ သို့မဟုတ် ပြည်နယ်တစ်ခုချင်းစီ၏ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ စီစဉ်မှုများအတွက် အခြေပြုထားခြင်းဖြစ်သည်။ ၎င်းသည် EMB(ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ စွမ်းဆောင်ရည်နှင့် ဆုံးဖြတ်ခြင်း လက်တွေ့ကျင့်သုံးရာတွင်လည်း ၎င်း၏ လွတ်လပ်မှုကို ဆုံးဖြတ်သတ်မှတ်ခြင်းမဟုတ်ပေ။ EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ အဖွဲ့ဝင် အရေအတွက်သည် ထိုနေရာတွင်ရှိသော အစားထိုး အဖွဲ့ဝင်များအတွက် အကျုံးမဝင်ပါ။ ပိုမိုသိလိုသည်များရှိပါက၊ ရင်းမြစ်နှင့် ထင်မြင်ချက်များအပါအဝင် သိလိုပါက ထိုအရာများအား နိုင်ငံတကာ IDEA (အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေးအသင်း) ၏ ရွေးကောက်ပွဲစီမံခန့်ခွဲမှုဒီဇိုင်း ဒေတာဘေ့စ်တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်

<http://www.idea.int/elections/emd/electoral-management-design-database.cfm>.

| | တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|---|
| | ၆ နှစ် | သမ္မတ | EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) | ပညာရှင် |
| | ၄ နှစ် | လွှတ်တော် | လွှတ်တော် | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | | | | |
| | ၄ နှစ် | အထက်တရားရုံးလွှတ်တော် | အထက်တရားရုံး | ပညာရှင် |
| | ၄ နှစ် | သမ္မတ၊ လွှတ်တော်၊ တရားရုံးချုပ်နယ်နိမိတ်ကြီးကြပ်ရေး ဝန်ကြီးဌာနလူမှုဆက်သွယ်ရေး အမျိုးသား ကောင်စီ | အမျိုးသား လွှတ်တော် | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ၇ နှစ် | ပြည်နယ်ဝန်ကြီးချုပ် | ပြည်နယ်ဝန်ကြီးချုပ် | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | မသေချာ | တရားစီရင်ရေး | တရားစီရင်ရေး | ပညာရှင် |
| | ၆ နှစ် | သမ္မတ | EMB | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | အများဆုံး ၇ နှစ် | ပြည်ထောင်စုတရားရုံး၏ တရားသူကြီးချုပ်၊ အစိုးရ | ပြည်နယ်ဝန်ကြီးချုပ် | Expert |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် |
|---|---|---|---|
| သြစတြီးယား | အစိုးရ | ပြည်ထောင်စု အတွင်းဝန်ကြီးဌာန | မရှိ |
| အဇာဘိုင်ဂျန် | လွတ်လပ် | ဗဟိုရွေးကောက်ပွဲကော်မရှင် | ၁၈ |
| ဘဟားမား | လွတ်လပ် | ပါလီမန်ကော်မရှင်အရာရှိ | ၁ |
| ဘာရိန်း | အစိုးရ | တရားစီရင်ရေးနှင့် အစ္စလာမ့်ရေးရာ ဝန်ကြီးဌာန | မရှိ |
| ဘင်္ဂလားဒေ့ရှ် | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၅ |
| ဘာဘေးဒိုးစ် | လွတ်လပ် | ရွေးကောက်ပွဲနှင့်နယ်နိမိတ် ကော်မရှင် | ၅ |
| ဘီလာရုစ် | လွတ်လပ် | ရွေးကောက်ပွဲနှင့် သမ္မတနိုင်ငံဆန္ဒခံယူပွဲ ဗဟို ကော်မရှင် | ၁၂ |
| ဘယ်လ်ဂျီယံ | အစိုးရ | ပြည်ထောင်စု ပြည်သူ့ဝန်ထမ်း အတွင်းဌာန | မရှိ |
| ဘီလိုက်ဇ် | အရော | ရွေးကောက်ပွဲ အရာရှိချုပ် | |
| | | ရွေးကောက်ပွဲနှင့် နယ်နိမိတ်ကော်မရှင် | ၅ |
| ဘနိုင်း | လွတ်လပ် | အမျိုးသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရွေးကောက်ပွဲ ကော်မရှင် | ၁၁ |
| ဘာမြူဒါ | အစိုးရ | ပါလီမန် စာရင်းထိန်း | မရှိ |
| ဘူတန် | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၃ |
| ဘိုလီဗီးယား | လွတ်လပ် | ဗဟုနိုင်ငံ ရွေးကောက်ပွဲဌာန၊ ရွေးကောက်ပွဲ ခုံရုံးချုပ် | ၇ |
| ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား | လွတ်လပ် | ဗဟို ရွေးကောက်ပွဲကော်မရှင် | ၇ |
| ဘော့စ်တနာဝါ | လွတ်လပ် | လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင် | ၇ |
| ဘရာဇီးလ် | လွတ်လပ် | ရွေးကောက်ပွဲ ခုံရုံးချုပ် | အနည်းဆုံး ၇ ဦး |
| ဘရူနိုင်း | နိုင်ငံတော် ရွေးကောက်ပွဲ မရှိ | မရှိ | မရှိ |

| | တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|---|
| | မရှိ | မရှိ | မရှိ | မရှိ |
| | ၅နှစ် | နိုင်ငံရေးပါတီများ | လွှတ်တော်ရှိပါတီအများစု | အရော |
| | မသေချာ | ပြည်နယ် ဝန်ကြီးချုပ် | ပြည်နယ်ဝန်ကြီးချုပ် | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ၅ နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| | ၅ နှစ် | ပြည်နယ်ဝန်ကြီးချုပ် | ပြည်နယ်ဝန်ကြီးချုပ် | ပညာရှင် |
| | ၅ နှစ် | သမ္မတ၊ လွှတ်တော် | သမ္မတမှ လွှတ်တော်နှင့် သဘောတူညီချက်ယူပြီး | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | | | | |
| | ၅ နှစ် | ပြည်နယ်ဝန်ကြီးချုပ် | ပြည်နယ်ဝန်ကြီးချုပ် | ပညာရှင် |
| | ရွေးကောက်ပွဲ ကာလအတွင်းသာ | သမ္မတ၊ လွှတ်တော်၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ | EMB | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ၅နှစ်သက်တမ်း သို့မဟုတ် အသက် ၆၅နှစ် ပြည့်သည်အထိ | ဘုရင် | ဘုရင် | ပညာရှင် |
| | ၆ နှစ် | သမ္မတ ၊ လွှတ်တော် | EMB | ပညာရှင် |
| | ၇ နှစ် | လွှတ်တော် | EMB | ပညာရှင် |
| | ၁၀ နှစ် | တရားစီရင်ရေးဆိုင်ရာ ဝန်ဆောင်မှုကော်မရှင် | တရားစီရင်ရေးဆိုင်ရာ ဝန်ဆောင်မှု ကော်မရှင် | အရော |
| | ၂ နှစ် | တရားရုံးချုပ် ၊ တရားရုံးချုပ် ဥက္ကဋ္ဌ | EMB | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် |
|---|---|---|---|
| ဘူလ်ဂေးရီးယား | လွတ်လပ် | ဗဟိုရွေးကောက်ပွဲ ကော်မရှင် | အနည်းဆုံး ၁၉ |
| ဘာကီနာဖာဆို | လွတ်လပ် | လွတ်လပ်သော အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | ၁၅ |
| ဘူရွန်ဒီ | လွတ်လပ် | လွတ်လပ်သော အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | ၅ |
| ကမ္ဘောဒီးယား | လွတ်လပ် | အမျိုးသားရွေးကောက်ပွဲ ကော်မတီ | ၉ |
| ကင်မရွန်း | လွတ်လပ် | ကင်မရွန်းရွေးကောက်ပွဲများ | ၁၈ |
| ကနေဒါ | လွတ်လပ် | ရွေးကောက်ပွဲ အရာရှိချုပ် | ၁ |
| ကိတ်ဗါဒီ | အရော | ရွေးကောက်ပွဲ ဗဟိုအထောက်အပံ့ ဝန်ဆောင်မှု | မရှိ |
| | | အမျိုးသား ရွေးကောက်ပွဲကော်မရှင် | ၅ |
| ကေးမန်း ကျွန်း | အစိုးရ | ရွေးကောက်ပွဲ ကြီးကြပ်သူများ | မရှိ |
| ဗဟို အာဖရိကန် သမ္မတ နိုင်ငံ | အရော | နယ်နိမိတ် ကြီးကြပ်စီမံရေးနှင့်အာဏာခွဲဝေရေး ဝန်ကြီးဌာန | မရှိ |
| | | လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင် | ၃၁ |
| ချဒ် | အရော | လွတ်လပ်သော အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | ၃၁ |
| | | ရွေးကောက်ပွဲဆိုင်ရာပုံသေဗျူရိုအဖွဲ့အစည်း | မရှိ |
| ချီလီ | လွတ်လပ် | ရွေးကောက်ပွဲ ဝန်ဆောင်မှုဘုတ်အဖွဲ့ | ၅ |
| တရုတ် | နိုင်ငံတော် ရွေးကောက်ပွဲ မရှိ | မရှိ | မရှိ |

| တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|
| ၅ နှစ် | သမ္မတ | သမ္မတ | အရော |
| ၅ နှစ် | အရပ်ဖက် လူမှုအဖွဲ့စည်း၊ နိုင်ငံရေးပါတီများ (အာဏာရပါတီနှင့် အတိုက်အခံပါတီ) | အရပ်ဖက်လူမှု အဖွဲ့အစည်း | အရော |
| ၃ နှစ် | အမျိုးသားလွှတ်တော်နှင့် ဆီးနိတ်လွှတ်တော် | မသေချာ | ပညာရှင် |
| ရွေးကောက်ပွဲကာလသာ | လွှတ်တော် | လွှတ်တော် | ပညာရှင် |
| ရွေးကောက်ပွဲကောင်စီ ၄ နှစ် ရွေးကောက်ပွဲ အထွေထွေ ညွှန်ကြားရေး အဖွဲ့ဝင် ၅နှစ် | ရွေးကောက်ပွဲကောင်စီ သမ္မတ၊ ရွေးကောက်ပွဲ အထွေထွေညွှန်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ | ရွေးကောက်ပွဲကောင်စီ သမ္မတ၊ရွေးကောက်ပွဲ အထွေထွေညွှန်ကြားရေး အဖွဲ့ ဥက္ကဋ္ဌ | ပညာရှင် |
| အကန့်အသတ်မရှိ | အောက်လွှတ်တော် | မသက်ဆိုင် | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၆ နှစ် | လွှတ်တော် | EMB | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |
| ရွေးကောက်ပွဲ ကာလ အတွင်းသာ | မသေချာ | EMB | ပညာရှင် |
| ရွေးကောက်ပွဲ ကာလ အတွင်းသာ | နိုင်ငံရေးပါတီများ | နိုင်ငံရေးပါတီများ | အရော |
| မရှိ | မရှိ | မရှိ | မရှိ |
| ၈နှစ် | လွှတ်တော်အလို အဓရ သမ္မတကလုပ်ရသည် | EMB | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် | |
|---|---|---|---|---|
| ကိုလံဘီယာ | လွတ်လပ် | အမျိုးသား ရွေးကောက်ပွဲကောင်စီ | ၉ | |
| ကိုမိုရိုစ် | လွတ်လပ် | လွတ်လပ်သော အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | ၁၀ | |
| ကွန်ဂို | အရော | အတွင်းဝန်ကြီးဌာန | မရှိ | |
| | | ရွေးကောက်ပွဲ အဖွဲ့အစည်းများအတွက် အမျိုးသား ကော်မရှင် | ၉ | |
| ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ | လွတ်လပ် | လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲ ကော်မရှင် | ၇ | |
| ကွတ်ခ်ကျွန်းစုများ | အစိုးရ | တရားစီရင်ရေး ဝန်ကြီးဌာန | မရှိ | |
| ကော့စတာ ရီကာ | လွတ်လပ် | ရွေးကောက်ပွဲ ခုံရုံးချုပ် | ၃-၅ ဦး | |
| ကုတ်ဒီဗွား | လွတ်လပ် | လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင် | ၁၃ | |
| ခရိုအေးရှား | လွတ်လပ် | နိုင်ငံတော် ရွေးကောက်ပွဲကော်မရှင် | ၉ | |
| ကျူးဘား | လွတ်လပ် | အမျိုးသားရွေးကောက်ပွဲ ကော်မရှင် | ၁၇ | |
| ဆိုက်ပရပ်စ် | အစိုးရ | အစိုးရမှုဝါဒဝန်ကြီးဌာန၊ စီမံကိန်းချခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှု | မရှိ | |
| ဆိုက်ပရက်စ် | အစိုးရ | အတွင်းဝန်ကြီးဌာန | မရှိ | |
| ဆိုင်းပရပ်စ် (မြောက်) | လွတ်လပ် | အထက် ရွေးကောက်ပွဲဘုတ်အဖွဲ့ | ၄ | |
| ချက်ဖ်သမ္မတနိုင်ငံတော် | အစိုးရ | နိုင်ငံရွေးကောက်ပွဲ ကော်မရှင် | ၁၉ | |
| ဒိန်းမက် | အစိုးရ | စီးပွားရေးနှင့် အတွင်းဝန်ကြီးဌာန | မရှိ | |
| ဂျီဘူတီ | လွတ်လပ် | လွတ်လပ်သော အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | အနည်းဆုံး ၁၇ ဦး | |

| တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|
| ၄ နှစ် | လွှတ်တော် | EMB | ပညာရှင် |
| မသေချာ | သမ္မတ | EMB | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| မသေချာ | အစိုးရ၊ နိုင်ငံရေးပါတီများ ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ | မသေချာ | အရော |
| ၆ နှစ် | နိုင်ငံရေးပါတီများ | မသေချာ | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၆ နှစ် | တရားစီရင်ရေး ခုံရုံးချုပ် | EMB | မရှိ |
| ၆ နှစ် | ဝန်ကြီးများ ကောင်စီ | လွှတ်တော်မှ အတိအကျ မသတ်မှတ်ပါ | အရော |
| ၈ နှစ် | တရားရုံးချုပ်နှင့် လွှတ်တော် | တရားရုံးချုပ်ဥက္ကဋ္ဌသည် ရာထူးအရ ခန့်အပ်ထားခြင်း ဖြစ်သည် | ပညာရှင် |
| ရွေးကောက်ပွဲ ကာလအတွင်း သာ | နိုင်ငံ့ကောင်စီ | နိုင်ငံ့ကောင်စီ | မသေချာ |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |
| ၅ နှစ် | တရားရုံးချုပ် | တရားရုံးချုပ် | ပညာရှင် |
| မရှိ | မရှိ | အတွင်းဝန်ကြီးဌာန | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |
| ရွေးကောက်ပွဲ ကာလ အတွင်းသာ | အုပ်ချုပ်ရေး ၊ဥပဒေပြုရေး ၊တရားစီရင်ရေး ၊အရပ်ဖက် အဖွဲ့အစည်းတစ်သီးပုဂ္ဂလ သမ္မတလောင်းများနှင့် နိုင်ငံရေး ပါတီများ | EMB(ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) | အရော |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် |
|---|---|---|---|
| ဒိုမီနီကာ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၅ |
| ဒိုမီနီကန်သမ္မတနိုင်ငံ | လွတ်လပ် | ဗဟိုရွေးကောက်ပွဲဘုတ်အဖွဲ့ | ၅ |
| အီကွေဒေါ် | လွတ်လပ် | နိုင်ငံတော် ရွေးကောက်ပွဲကောင်စီ | ၅ |
| အီဂျစ် | လွတ်လပ် | နိုင်ငံတော် ရွေးကောက်ပွဲကော်မရှင် | ၁၀ |
| အဲလ် ဆာဗေဒေါ် | လွတ်လပ် | ရွေးကောက်ပွဲ ခုံရုံးချုပ် | ၅ |
| အီကွေတိုရီယယ် ဂီနီယာ | အရော | အတွင်းဝန်ကြီးဌာန | မရှိ |
| | | ဗဟို ရွေးကောက်ပွဲ ဘုတ်အဖွဲ့ | ၁၃ ဦး ထက် မနည်းရ |
| အီရီထရီးယား | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၅ |
| အက်စ်တိုးနီးယား | လွတ်လပ် | အမျိုးသားရွေးကောက်ပွဲကော်မတီ | ၇ |
| အီသီယိုးပီးယား | လွတ်လပ် | အမျိုးသား ရွေးကောက်ပွဲဘုတ်အဖွဲ့ | ၉ |
| ဖော့ခ်လန်းဒ်ကျွန်းစုများ | အစိုးရ | ကျင်းပကြေငြာရေး အရာရှိ(များ) | မရှိ |
| ဖီဂျီ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၇ |
| ဖင်လန် | အစိုးရ | တရားစီရင်ရေး ဝန်ကြီးဌာန | မရှိ |
| ပြင်သစ် | အရော | အတွင်းဝန်ကြီးဌာန | မရှိ |
| | | အခြေခံဥပဒေ ခုံရုံး | ၉ |
| ဂေဘွန် | အရော | အတွင်းဝန်ကြီးဌာန | မရှိ |
| | | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြီး ပုံသေခန့်အပ်ထားသော အမျိုးသာ ရွေးကောက်ပွဲကော်မရှင် | ၈ |
| ဂမ်ဘီယာ | လွတ်လပ် | လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင် | ၅ |

| | တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|---|
| | ၅ နှစ် | သမ္မတ | သမ္မတ | အရော |
| | ၄ နှစ် | ဆီးနိတ်လွှတ်တော် | ဆီးနိတ်လွှတ်တော် | မသေချာ |
| | ၆ နှစ် | ပြည်သူ့အများ ပါဝင်ရေးနှင့် လူမှုထိန်းကျောင်းရေး ကောင်စီ | EMB(ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) | ပညာရှင် |
| | ၆ နှစ် | အထက်တရားစီရင်ရေးကောင်စီနှင့် အထူးကောင်စီများ | ဥက္ကဋ္ဌသည်ကက်ဖေးရှင်း ခုံရုံး၏ ဝါအရင့်ဆုံးအဖွဲ့ဝင် တစ်ဦးဖြစ်သည်။ | ပညာရှင် |
| | ၅နှစ် | လွှတ်တော် | လွှတ်တော် | အရော |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ရွေးကောက်ပွဲ ကာလ အတွင်းသာ | နိုင်ငံရေးပါတီများ၊ အစိုးရ၊ ရားစီရင်ရေးမဏ္ဍိုင် | EMB | အရော |
| | မသေချာ | သမ္မတ ၊ လွှတ်တော် | သမ္မတ | ပါတီ |
| | ၄ နှစ် | တရားစီရင်ရေး မဏ္ဍိုင်၊ စာရင်းစစ်ချုပ် ပြည်သူ့တရားလိုရှေ့နေချုပ်ရီဂီကိုဂူ၏ အထွေထွေ အတွင်းရေးမှူး နိုင်ငံတော်အတွင်းရေးမှူး | EMB | ပညာရှင် |
| | ၅ နှစ် | လွှတ်တော် | လွှတ်တော် | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | မသေချာ | သမ္မတ | သမ္မတ | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ၉နှစ် | သမ္မတ ၊ အမျိုးသား လွှတ်တော်၊ ဆီးနိတ်လွှတ်တော် | သမ္မတ | ကျွမ်းကျင်သူ |
| | မရှိ | မရှိ | မရှိ | မရှိ |
| | လ ၃၀ | နိုင်ငံရေးပါတီများ ၊ ပြည်ထဲရေးဝန်ကြီးဌာန | အခြေခံဥပဒေဆိုင်ရာ ခုံရုံး | အရော |
| | ၇ နှစ် | သမ္မတ | သမ္မတ | ပညာရှင် |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် | |
|---|---|---|---|---|
| ဂျော်ဂျီယာ | လွတ်လပ် | ဗဟိုရွေးကောက်ပွဲ ကော်မရှင် | ၁၃ | |
| ဂျာမနီ | အစိုးရ | ပြည်ထောင်စု အတွင်းဝန်ကြီးဌာန | မရှိ | |
| ဂါနာ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၇ | |
| ဂီဘရာလ်တာ | အစိုးရ | ကျင်းပကြေငြာရေးအရာရှိ | မရှိ | |
| ဂရိ | အစိုးရ | အတွင်းဝန်ကြီးဌာန | မရှိ | |
| ဂရီနာဒါ | အစိုးရ၊ | ရွေးကောက်ပွဲ ကြီးကြပ်သူ | မရှိ | |
| ဂွါတီမာလာ | လွတ်လပ် | ရွေးကောက်ပွဲ တရားရုံးချုပ် | ၅ | |
| ဂွမ်န်ဆေ | အစိုးရ | ကျင်းပကြေငြာရေးအရာရှိ/မဲဆန္ဒရှင်များ၏ မှတ်ပုံတင် စာရင်းထိန်းချုပ်/ခေါင်းဆောင် အရာရှိ Presiding Officer/Registrar-General of Electors/ Returning Officers | မရှိ | |
| ဂီနီယာ | လွတ်လပ် | လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲ ကော်မရှင် | ၂၅ | |
| ဂီနီယာ-ဘီဆောင် | လွတ်လပ် | အမျိုးသားရွေးကောက်ပွဲကော်မရှင် | ၈ | |
| ဂူယာနာ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၇ | |
| ဟေတီ | လွတ်လပ် | စီရင်စုဆိုင်ရာ ရွေးကောက်ပွဲ ကောင်စီ | ၉ | |
| ဟိုလီးဆီး (ဗာတီကန်မြို့နိုင်ငံ) | နိုင်ငံတော် ရွေးကောက်ပွဲ မရှိ | မရှိ | မရှိ | |
| ဟွန်ဒူရပ်စ် | လွတ်လပ် | ရွေးကောက်ပွဲ တရားရုံးချုပ် | ၃ | |
| ဟန်ဂေရီ | အရော | အတွင်းဝန်ကြီးဌာန | မရှိ | |
| | | အမျိုးသားရွေးကောက်ပွဲကော်မရှင် | အနည်းဆုံး ၅ ဦး | |
| အိုက်စ်လန် | အရော | အတွင်းဝန်ကြီးဌာန | မရှိ | |
| | | အမျိုးသားရွေးကောက်ပွဲဘုတ်အဖွဲ့ | ၅ | |

| တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|
| ၅ နှစ် | ဥပဒေပြုရေး၊ နိုင်ငံရေးပါတီများ | EMB | မသေချာ |
| မရှိ | မရှိ | မရှိ | မရှိ |
| အကန့် အသတ် မရှိ | သမ္မတ | သမ္မတ | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |
| ၆ နှစ် | လွှတ်တော် | EMB | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၇ နှစ် | နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့ အစည်း ကြီးကြပ်စီမံရေး | EMB | ပညာရှင် |
| ၄နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| မသေချာ | သမ္မတ | သမ္မတ | ပညာရှင် |
| ၉ နှစ် | အုပ်ချုပ်ရေး ၊တရားစီရင်ရေး ၊လွှတ်တော် | EMB | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၅ နှစ် | လွှတ်တော် | EMB | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ရွေးကောက်ပွဲ ကာလ အတွင်းသာ | လွှတ်တော် | EMB | အရော |
| မရှိ | မရှိ | မရှိ | မရှိ |
| ၄နှစ် | လွှတ်တော် | EMB | ပညာရှင် |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် | |
|---|---|---|---|---|
| အိန္ဒိယ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၃ | |
| အင်ဒိုနီးရှား | လွတ်လပ် | အထွေထွေရွေးကောက်ပွဲကော်မရှင် | ၇ | |
| အီရန် | အရော | အတွင်းဝန်ကြီးဌာန | မရှိ | |
| | | ထိန်းသိမ်းစောင့်ရှောက်ရေး ကောင်စီ | ၁၂ | |
| အီရတ် | လွတ်လပ် | လွတ်လပ်သော အဆင့်မြင့်ရွေးကောက်ပွဲကော်မရှင် | ၉ | |
| အိုင်ယာလန် | အစိုးရ | သဘာဝပတ်ဝန်းကျင်ဌာနအသိုင်းအဝိုင်းနှင့် ပြည်တွင်းအစိုးရ | မရှိ | |
| အစ္စရေး | လွတ်လပ် | ဗဟိုရွေးကောက်ပွဲကော်မတီ | အနည်းဆုံး ၃၁ ဦး | |
| အီတလီ | အစိုးရ | အတွင်းဝန်ကြီးဌာန | မရှိ | |
| ဂျာမေကာ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၉ | |
| | | ရွေးကောက်ပွဲ ညွှန်ကြားရေးမှူး | ၁ | |
| ဂျပန် | အရော | နိုင်ငံတကာဆက်ဆံရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | မရှိ | |
| | | ဗဟို ရွေးကောက်ပွဲ စီမံခန့်ခွဲရေးကောင်စီ | ၅ | |
| ဂျာစီ | လွတ်လပ် | ကျင်းပကြေငြာရေးအရာရှိ | ရွေးကောက်ပွဲ ခရိုင် တစ်ခု လျှင် တစ်ဦး | |
| ဂျော်ဒန် | လွတ်လပ် | လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင် | ၆ | |
| ကာဇက်စတန် | လွတ်လပ် | ဗဟိုရွေးကောက်ပွဲ ကော်မရှင် | ၇ | |
| ကင်ညာ | လွတ်လပ် | လွတ်လပ်သောရွေးကောက်ပွဲနှင့် နယ်နိမိတ်ကော်မရှင် | ၉ | |
| ကီရီဘာတီ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၃-၅ | |

| တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|
| ၆နှစ် (သို့မဟုတ် အသက် ၆၅နှစ် ပြည့်ပါ က အရင်စောသည့် အရာကို ထည့် တွက်မည်) | သမ္မတ | သမ္မတ | ပညာရှင် |
| ၅ နှစ် | လွှတ်တော် | EMB | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၆ နှစ် | ဘာသာရေး ခေါင်းဆောင်များ၊ အစ္စလာမ်မစ် ဆွေးနွေးရေး အစည်းအရုံး၊ တရားစီရင်ရေး မဏ္ဍိုင်ခေါင်းဆောင်၏ ရွေးချယ်မှု | EMB | ပညာရှင် |
| ၅ နှစ် | လွှတ်တော် | EMB | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၄နှစ် | နိုင်ငံရေးပါတီများ | တရားရုံးချုပ် | ပါတီ |
| မရှိ | မရှိ | မရှိ | မရှိ |
| ၄ နှစ် သို့မဟုတ် ၇ နှစ် | ပြည်နယ်ဝန်ကြီးချုပ် | EMB တစ်ဝက်ပါသည်။ | ပညာရှင် |
| ၇ နှစ် | ပြည်နယ်ဝန်ကြီးချုပ် | မရှိ | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၃ နှစ် | လွှတ်တော် | EMB | ပညာရှင် |
| ရွေးကောက်ပွဲ ကာလ အတွင်းသာ | တော်ဝင်တရားရုံး | မရှိ | ပညာရှင် |
| ၆ နှစ် | အထူးကော်မတီ | EMB | ပညာရှင် |
| ၅ နှစ် | သမ္မတ ၊ ဆီးနတ်လွှတ်တော်၊ လွှတ်တော် | သမ္မတ | မသေချာ |
| ၆ နှစ် | လွှတ်တော် ၊ သမ္မတ | သမ္မတ | ပညာရှင် |
| ၅ နှစ် | သမ္မတ | သမ္မတ | ပညာရှင် |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် |
|---|---|---|---|
| ကိုဆိုဗို | လွတ်လပ် | ဗဟိုရွေးကောက်ပွဲ ကော်မရှင် | ၁၁ |
| ကူဝိတ် | အစိုးရ | အတွင်းဝန်ကြီးဌာန | မရှိ |
| ကာဂျစ္စတန် | လွတ်လပ် | ရွေးကောက်ပွဲ ဗဟိုကော်မရှင်နှင့်ဆန္ဒခံယူပွဲ လုပ်ဆောင်ခြင်း | ၁၂ |
| လာအို | အရော | အတွင်းဝန်ကြီးဌာန | မရှိ |
| | | အမျိုးသား ရွေးကောက်ပွဲကော်မရှင် | ၁၅-၁၇ |
| လာတ်ဗီးယား | လွတ်လပ် | ဗဟိုရွေးကောက်ပွဲ ကော်မရှင် | ၉ |
| လက်ဘနွန် | အစိုးရ | ရွေးကောက်ပွဲ မဲဆွယ်ရေးအပေါ် ကြီးကြပ်ရေး ကော်မရှင် | မရှိ |
| လီဆိုသို | လွတ်လပ် | လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင် | ၃ |
| လိုင်ဘီးရီးယား | လွတ်လပ် | အမျိုးသားရွေးကောက်ပွဲ ကော်မရှင် | ၇ |
| လစ်ဗျား | လွတ်လပ် | အထက် အမျိုးသားရွေးကောက်ပွဲ ကော်မရှင် | ၁၁ |
| လိုင်ခန်စတိန်း | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၁၁ |
| လီသူဝါးနီးယား | လွတ်လပ် | ဗဟိုရွေးကောက်ပွဲ ကော်မရှင် | ၁၅ |
| လူဆန်းဘတ် | အစိုးရ | ဗဟိုအစိုးရရုံး | မရှိ |
| ယခင် ယူဂိုဆလပ် သမ္မတနိုင်ငံဖြစ်ခဲ့သော မက်ဆီဒိုးနီးယား | လွတ်လပ် | တိုင်းပြည်ရွေးကောက်ပွဲကော်မရှင် | ၇ |
| မက်ဒါဂက်စကား | လွတ်လပ် | လွတ်လပ်သော အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | ၁၉ |
| မာလာဝီ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | အနည်းဆုံး ၇ ဦး |

| | တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|---|
| | ၇ နှစ် | လွှတ်တော် | သမ္မတ | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ၅ နှစ် | လွှတ်တော်သမ္မတ | EMB | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ရွေးကောက်ပွဲကာလအတွင်းသာ | အမျိုးသား လွှတ်တော် | မသေချာ | ပညာရှင် |
| | လေးနှစ် | လွှတ်တော် ၊ တရားရုံးချုပ် | လွှတ်တော် | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ၅ နှစ် | ဘုရင် | ဘုရင် | ပညာရှင် |
| | ၇ နှစ် | ဆီးနိတ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် သမ္မတမှ ခန့်အပ်သည် | ဆီးနိတ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် သမ္မတမှ ခန့်အပ်သည် | ပညာရှင် |
| | မသေချာ | လွှတ်တော် | လွှတ်တော် | မသေချာ |
| | ၄ နှစ် | နိုင်ငံရေးပါတီများ | အစိုးရ | ပါတီ |
| | ၄ နှစ် | တရားစီရင်ရေး ဝန်ကြီးဌာန ၊ bar ရှေ့နေအသင်း ၊ နိုင်ငံရေးပါတီများ | လွှတ်တော် | အရော |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ၄ နှစ် | လွှတ်တော် | လွှတ်တော် | အရော |
| | ၅-၇ | အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ အစိုးရ ၊ နိုင်ငံရေး ပါတီများ | EMB | အရော |
| | ၄ နှစ် | လွှတ်တော် | တရားစီရင်ရေး ဝန်ဆောင်မှု ကော်မရှင် | ပညာရှင် |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် |
|---|---|---|---|
| မလေးရှား | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၇ |
| မော်လ်ဒိုက်ဗ် | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၅ |
| မာလီ | အရော | နယ်နိမိတ်များ ကြီးကြပ်စီမံရေးနှင့် ပြည်တွင်းအဖွဲ့ဝင်များ | မရှိ |
| | | လွတ်လပ်သော အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | ၁၅ |
| | | ရွေးကောက်ပွဲများအားယေဘုယျအားဖြင့် ကိုယ်စားလှယ်တင်ပို့ခြင်း | မသေချာ |
| မော်လ်တာ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၉ |
| မန်းကျွန်း | အစိုးရ | အတွင်းရေးမှူးချုပ်ရုံး | မရှိ |
| မာရှယ်ကျွန်းစုများ | အစိုးရ | အတွင်းဝန်ကြီးဌာန | မရှိ |
| မော်ရီတေးနီးယား | လွတ်လပ် | လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင် | ၁၅ |
| မော်ရီးတီးယက်စ် | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင်အရာရှိ | ၁ |
| | | ရွေးကောက်ပွဲ ကြီးကြပ်ရေး ကော်မရှင် | ၃-၈ |
| မက္ကဆီကို | လွတ်လပ် | အမျိုးသားရွေးကောက်ပွဲကော်မရှင် | ၁၁ |
| မီခရိုနီးရှား | အစိုးရ | အမျိုးသား ရွေးကောက်ပွဲညွှန်ကြားရေးမှူး | မရှိ |
| မော်လ်ဒိုဗာ | လွတ်လပ် | ဗဟိုရွေးကောက်ပွဲကော်မရှင် | ၉ |
| မိုနာကို | အစိုးရ | ရွေးဒကောက်ပွဲ ကော်မရှင် | မရှိ |
| မွန်ဂိုးလီးယား | လွတ်လပ် | အစိုးရ ရွေးကောက်ပွဲကော်မရှင် | ၉ |
| မွန်တီနီဂရိုး | လွတ်လပ် | သမ္မတ ရွေးကောက်ပွဲကော်မရှင် | ၁၁ (တင်သွင်းသော သူ၏ စာရင်းထဲမှ တာဝန်ရှိ ကိုယ်စားလှယ် တစ်ဦး စီ) |

| တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|
| အသက် ၆၅ နှစ် ပြည့်သည်အထိ | ဘုရင် | ဘုရင် | ပညာရှင် |
| ၅ နှစ် | လွှတ်တော်၏ အတည်ပြုချက်ဖြင့် သမ္မတမှ ထောက်ခံ | EMB | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ရွေးကောက်ပွဲ ကာလ အတွင်းသာ | နိုင်ငံရေးပါတီများ၊ဘာသာရေးခေါင်းဆောင်များ ၊ တရားစီရင်ရေး ၊လူ့အခွင့်အရေး အသင်းအဖွဲ့များ နှင့် အမျိုးသမီး အခွင့်အရေး အသင်းများ (FACO) | မသေချာ | အရော |
| မသေချာ | မသေချာ | သမ္မတ | မသေချာ |
| ၃ နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |
| ၆ လ | ဝန်ကြီးများ ကောင်စီ၏ စီရင်ချက်ဖြင့် | ဝန်ကြီးများ ကောင်စီ၏ စီရင်ချက်ဖြင့် | ပညာရှင် |
| မသေချာ | တရားစီရင်ရေးနှင့် ဥပဒေဝန်ဆောင်မှု ကော်မရှင် | မသက်ဆိုင် | ပညာရှင် |
| ၅ နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| ၆-၉ နှစ် | လွှတ်တော် | လွှတ်တော် | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၅ နှစ် | သမ္မတ ၊ လွှတ်တော် | EMB | အရော |
| မရှိ | မရှိ | မရှိ | မရှိ |
| ၆နှစ် | လွှတ်တော် ၊ တရားစီရင်ရေး ၊ သမ္မတ | လွှတ်တော် | ပညာရှင် |
| ၄နှစ် | လွှတ်တော် ၊ နိုင်ငံရေး ပါတီ | EMB | အရော |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် | |
|---|---|---|---|---|
| မွန့်တ်ဆီရတ် | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၄ | |
| မိုရိုကို | အစိုးရ | အတွင်းဝန်ကြီးဌာန | မရှိ | |
| မိုဖမ်ဘိဂ် | လွတ်လပ် | ရွေးကောက်ပွဲ ကြီးကြပ်စီမံရေးအတွက် နည်းပညာ အထွေထွေအတွင်းရေးမှူး | မရှိ | |
| | | အမျိုးသား ရွေးကောက်ပွဲကော်မရှင် | ၁၃ | |
| မြန်မာ | လွတ်လပ် | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် | အနည်းဆုံး ၅ ဦး | |
| နမ်ဘီယာ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၅ | |
| နာအူရူ | အစိုးရ | ရွေးကောက်ပွဲ စာရင်းထိန်း | မရှိ | |
| နီပေါ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၅ | |
| နယ်သာလန် | အရော | နေပြည်တော် ဆက်ဆံရေးနှင့် အတွင်းဝန်ကြီးဌာန | မရှိ | |
| | | ရွေးကောက်ပွဲ ကောင်စီ | ၇ | |
| နယူးဇီလန် | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၃ | |
| နီကာရာဂွါ | လွတ်လပ် | ရွေးကောက်ပွဲ ကောင်စီချုပ် | ၇ | |
| နိုင်ဂျာ | လွတ်လပ် | လွတ်လပ်သော အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | ၃၀ | |
| နိုင်ဂျီးရီးယား | လွတ်လပ် | လွတ်လပ်သော အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | ၁၃ | |
| နီအူအီ | အစိုးရ | ရွေးကောက်ပွဲ အရာရှိချုပ် | မရှိ | |
| မြောက်ကိုရီးယား | အစိုးရ | မသိရ | မရှိ | |
| နော်ဝေး | အစိုးရ | ပြည်တွင်းအစိုးရနှင့်ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးဝန်ကြီးဌာန | မရှိ | |

| တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|
| ၅ နှစ် | ပြည်နယ်ဝန်ကြီး | ပြည်နယ်ဝန်ကြီး | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |
| ၅ နှစ် | နိုင်ငံရေးပါတီများ၊ ရပ်ဖက်လူ့အဖွဲ့အစည်းများ | EMB | ပညာရှင် |
| မသေချာ | သမ္မတ | သမ္မတ | ပညာရှင် |
| ၅ နှစ် | သမ္မတ | EMB | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၆နှစ် (သို့မဟုတ် အသက် ၆၅နှစ်ပြည့်သည်အထိ။ စောသည့်အရာကို အရင် ထည့်တွက်မည်) | အခြေခံဥပဒေ ကောင်စီ | ဝန်ကြီးချုပ် | မသေချာ |
| မရှိ | မရှိ | မရှိ | မရှိ |
| ၄ နှစ် | ဘုရင် | ဘုရင် | ပညာရှင် |
| အများဆုံး ၅နှစ် | ပြည်နယ်ဝန်ကြီးချုပ် | ပြည်နယ်ဝန်ကြီးချုပ် | ပညာရှင် |
| ၅ နှစ် | လွှတ်တော် | EMB | ပညာရှင် |
| ရွေးကောက်ပွဲ ကာလ အတွင်းသာ | အဖွဲ့အစည်း အမျိုးမျိုး | တရာစီရင်ရေး သို့မဟုတ် သမ္မတ | အရော |
| အကန့် အသတ် မရှိ | သမ္မတ | သမ္မတ | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် | |
|---|---|---|---|---|
| အိုမန် | အစိုးရ | အတွင်းဝန်ကြီးဌာန | မရှိ | |
| ပါကစ္စတန် | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၅ | |
| ပါလာအူ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၅ | |
| ပါလက်စတိုင်း | လွတ်လပ် | ဗဟို ရွေးကောက်ပွဲကော်မရှင် | ၉ | |
| ပနားမား | လွတ်လပ် | ရွေးကောက်ပွဲ ခုံရုံး | ၃ | |
| ပါပူအာ နယူးဂီနီ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၁ | |
| ပါရာဂွေး | လွတ်လပ် | ရွေးကောက်ပွဲ တရားစီရင်ရေး ခုံရုံးချုပ် | ၃ | |
| ပီရူး | လွတ်လပ် | အမျိုးသား ရွေးကောက်ပွဲ ဂျူရီ | ၅ | |
| | | ရွေးကောက်ပွဲ လုပ်ငန်းစဉ်ဆိုင်ရာ နိုင်ငံတော်ရုံး | ၁ | |
| ဖိလစ်ပိုင် | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၇ | |
| ပစ်တ်ကိန်းမ် ကျွန်းနိုင်ငံများ | အစိုးရ | မြို့ဝန်နှင့် ကျွန်းနိုင်ငံ အတွင်းရေးမှူး | မရှိ | |
| ပိုလန် | လွတ်လပ် | အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | ၉ | |
| ပေါ်တူဂီ | အရောရော | ဌာနတွင်း ကြီးကြပ်စီမံရေးဝန်ကြီးဌာန | မရှိ | |
| | | အမျိုးသားရွေးကောက်ပွဲကော်မရှင် | အနည်းဆုံး ၆ဦး | |
| ကာတာ | နိုင်ငံတော် ရွေးကောက်ပွဲ မရှိ | မရှိ | မရှိ | |
| ရိုမေးနီးယား | လွတ်လပ် | ပုံသေခန့်အပ် ရွေးကောက်ပွဲ အာဏာပိုင် | ၃ | |
| | | ဗဟို ရွေးကောက်ပွဲ ဗျူရို | ၂၃ | |

| တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|
| မရှိ | မရှိ | မရှိ | မရှိ |
| ၅နှစ် | သမ္မတ ၊ ဝန်ကြီးချုပ် ၊ လွှတ်တော် | သမ္မတ ၊ ဝန်ကြီးချုပ် ၊ လွှတ်တော် | ပညာရှင် |
| ၄နှစ် | သမ္မတ | EMB | မသေချာ |
| ၄နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| ၁၀နှစ် | လွှတ်တော် ၊ အစိုးရ ၊ တရားရုံးချုပ် | EMB | ပညာရှင် |
| ၆နှစ် | ပြည်နယ်ဝန်ကြီးချုပ် | မရှိ | ပညာရှင် |
| ၅နှစ် | တရားရုံးချုပ် | EMB | ပညာရှင် |
| ၄နှစ် | တရားရုံးချုပ် ၊တရားစွဲဆိုရေး ဘုတ်အဖွဲ့ ၊ လီမာ ဘား ရှေ့နေအဖွဲ့ ပုဂ္ဂလိကနှင့် အများပိုင် ဥပဒေကျောင်းများ၏ မဟာဌာနမှူး | တရားရုံးချုပ် | ပညာရှင် |
| ၄နှစ် | ရာဇဝတ်တရားသူကြီးအဖွဲ့ အမျိုးသားကောင်စီ | မရှိ | ပညာရှင် |
| ၇နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| မသေချာ | တရားစီရင်ရေး ၊ သမ္မတ | EMB | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၄နှစ် | ရာဇဝတ်တရား သူကြီး ကောင်စီချုပ် ၊ လွှတ်တော် ၊ ဌာနတွင်းကြီးကြပ်စီမံရေး၊ နိုင်ငံခြားရေးနှင့် လူထုမီဒီယာအတွက် တာဝန်ရှိသောအစိုးရဌာန | ရာဇဝတ်တရားသူကြီး ကောင်စီချုပ် | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၈နှစ် | လွှတ်တော် ၊သမ္မတ ၊ဝန်ကြီးချုပ် | လွှတ်တော် | ပညာရှင် |
| ရွေးကောက်ပွဲ ကာလအတွက်သာ | ကက်ဖေးရှင်အထက်တရားရုံး ၊ပုံသေခန့်အပ် ရွေးကောက်ပွဲ အာဏာပိုင် ၊နိုင်ငံရေးပါတီများ | EMB | အရော |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် |
|---|---|---|---|
| ရုရှား | လွတ်လပ် | ဗဟို ရွေးကောက်ပွဲကော်မရှင် | ၁၅ |
| ရဝမ်ဒါ | လွတ်လပ် | အမျိုးသားရွေးကောက်ပွဲကော်မရှင် | ၇ |
| ဆိန့် ဟယ်လင်နာ အဆန်းရှင်နှင့် ထရိ စတန် ဒါ ကန်ဟာ | အစိုးရ | အတွေးရေးမှူးချုပ်ရုံး | မရှိ |
| စိန့်ကစ်တ်ဆ် နှင့် နီဗစ် | အရော | ရွေးကောက်ပွဲ ကော်မရှင် | ၃ |
| | | ရွေးကောက်ပွဲ ကြီးကြပ်ရေးမှူး | ၁ |
| စိန့်လူဆီယာ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၃ |
| စိန့်ဗင်းဆန့်နှင့်ဂရီနာဒိုင်း | အစိုးရ | ရွေးကောက်ပွဲ ကြီးကြပ်ရေးမှူး | ၁ |
| ဆာမိုဝါ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၁ |
| ဆန်မာရီနို | အစိုးရ | အတွင်းဝန်ကြီးဌာန | မရှိ |
| ဆောင်းထုန်းနှင့် ပရီချီပီ | အစိုးရ | ရွေးကောက်ပွဲ နည်းပညာ ဆိုင်ရာ ဝန်ကြီးအဖွဲ့ | မရှိ |
| ဆော်ဒီအာရေးဘီးယား | နိုင်ငံတော် ရွေးကောက်ပွဲ မရှိ | မရှိ | မရှိ |
| ဆီနီဂေါ | အရော | အတွင်းဝန်ကြီးဌာန | မရှိ |
| | | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | ၁၂ |
| ဆားဘီးယား | လွတ်လပ် | သမ္မတနိုင်ငံ ရွေးကောက်ပွဲကော်မရှင် | ၁၇ |
| ဆေးရှဲလ် | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၅ |
| ဆယ်ရာလီယုန်း | လွတ်လပ် | အမျိုးသား ရွေးကောက်ပွဲကော်မရှင် | ၅ |
| ဆင့်မာတင် | လွတ်လပ် | ဗဟို ရွေးကောက်ပွဲ ကော်မတီ | ၅ |
| စင်ကာပူ | အစိုးရ | ဝန်ကြီးချုပ်ရုံး | မရှိ |

| တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|
| | နိုင်ငံရေးပါတီများ ၊လွှတ်တော် ၊သမ္မတ | EMB | အရော |
| ၃နှစ် | သမ္မတ ၊ဆီးနိတ်လွှတ်တော် | သမ္မတ၊ဆီးနိတ်လွှတ်တော် | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| မသေချာ | ပြည်နယ်ဝန်ကြီးချုပ် | ပြည်နယ်ဝန်ကြီးချုပ် | ပညာရှင် |
| မသေချာ | ပြည်နယ်ဝန်ကြီးချုပ် | မသက်ဆိုင် | ပညာရှင် |
| ၅နှစ် | ပြည်နယ်ဝန်ကြီးချုပ် | ပြည်နယ်ဝန်ကြီးချုပ် | မသေချာ |
| မသေချာ | ပြည်သူ့ဝန်ဆောင်မှုကော်မရှင် | မသက်ဆိုင် | မသေချာ |
| ၃နှစ် | နိုင်ငံ့ခေါင်းဆောင် | မသက်ဆိုင် | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |
| ၆နှစ် | အဖွဲ့အမျိုးမျိုး | အဖွဲ့အမျိုးမျိုး | ပညာရှင် |
| ၄နှစ် | လွှတ်တော်နှင့်နိုင်ငံရေးပါတီများ | လွှတ်တော် | အရော |
| ၇နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| ၅နှစ် | သမ္မတ၊ လွှတ်တော်၏ အတည်ပြုချက်ဖြင့် | သမ္မတ ၊ လွှတ်တော်၏ အတည်ပြုချက် ဖြင့် | ပညာရှင် |
| ၇နှစ် | ခန့်အပ်ရေးကော်မတီ (တရားစီရင်ရေးခုံရုံး ဥက္ကဋ္ဌ ၊ အကြံပေးကောင်စီ၏ဒုဥက္ကဋ္ဌနှင့် အထွေထွေစာရင်းစစ်အသင်း ဥက္ကဋ္ဌ) | ခန့်အပ်ရေး ကော်မတီ | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် |
|---|---|---|---|
| ဆလိုဗားကီးယား | အရော | အတွင်းဝန်ကြီးဌာန | မရှိ |
| | | ဗဟိုရွေးကောက်ပွဲ ကော်မရှင် | နိုင်ငံရေးပါတီတစ်ခုချင်းစီမှအရေအတွက်တူညီသော ကိုယ်စားလှယ်များ |
| ဆလိုဗေးနီးယား | လွတ်လပ် | သမ္မတနိုင်ငံ ရွေးကောက်ပွဲကော်မရှင် | ၁၁ |
| ဆော်လမွန်ကျွန်းစု | လွတ်လပ် | ရွေးကောက်ပွဲကော်မရှင် | ၃ |
| ဆိုမားလီးယား | လွတ်လပ် | လွတ်လပ်သောအမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | အများဆုံး ၉ ဦး |
| တောင်အာဖရိက | လွတ်လပ် | လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင် | ၅ |
| တောင်ကိုရီးယား | လွတ်လပ် | အမျိုးသားရွေးကောက်ပွဲကော်မရှင် | ၉ |
| တောင်ဆူဒန် | လွတ်လပ် | အမျိုးသားရွေးကောက်ပွဲကော်မရှင် | ၉ |
| စပိန် | အရော | အတွင်းဝန်ကြီးဌာန | မရှိ |
| | | ဗဟိုရွေးကောက်ပွဲ ဘုတ်အဖွဲ့ | ၁၃ |
| သီရိလင်္ကာ | လွတ်လပ် | ရွေးကောက်ပွဲဌာန | ၂ |
| ဆူဒန် | လွတ်လပ် | အမျိုးသား ရွေးကောက်ပွဲကော်မရှင် | ၉ |
| ဆူရီနိမ်း | လွတ်လပ် | လွတ်လပ်သော ရွေးကောက်ပွဲ ကောင်စီ | အနည်းဆုံး ၇ ဦး |
| ဆွာဇီလန် | လွတ်လပ် | ရွေးကောက်ပွဲနှင့် နယ်နိမိတ် ကော်မရှင် | ၅ |
| ဆွီဒင် | အစိုးရ | ရွေးကောက်ပွဲ အာဏာပိုင် | မရှိ |
| ဆွစ်ဇာလန် | အစိုးရ | ပြည်ထောင်စု တရားဝန်ကြီးချုပ် | မရှိ |

| တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|
| မရှိ | မရှိ | မရှိ | မရှိ |
| ရွေးကောက်ပွဲ ကာလ အတွင်းသာ | နိုင်ငံရေးပါတီများ | EMB | ပါတီ |
| ၄နှစ် | လွှတ်တော် | လွှတ်တော် | အရော |
| မသေချာ | ပြည်ထောင်စု ဝန်ကြီးချုပ် | လွှတ်တော်နာယကသည် ရာထူးကြောင့် ခန့်ထားခြင်းဖြစ်သည် | ပညာရှင် |
| မသိရ | မသိရ | မသိရ | မသိရ |
| ၇နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| ၆နှစ် | သမ္မတ၊ အမျိုးသားလွှတ်တော်၊ တရားရုံးချုပ် | EMB | ပညာရှင် |
| အကန့် အသတ်မရှိ | လွှတ်တော်၏ အတည်ပြုချက်ဖြင့် သမ္မတမှ ခွင့်ပြု | လွှတ်တော်၏အတည်ပြု ချက်ဖြင့် သမ္မတမှခွင့်ပြု | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| ၄နှစ် | တရားစီရင်ရေး မဏ္ဍိုင်၏ တရားရုံးချုပ်၊ နိုင်ငံရေးပါတီများ | EMB | ပညာရှင် |
| အသက် ၆၀ ပြည့်သည်အထိ | သမ္မတ | သမ္မတ | မသိရ |
| ၆နှစ် | လွှတ်တော်၏ အတည်ပြုချက်ဖြင့် သမ္မတမှ ခန့်အပ် | ဒုသမ္မတ (၁) ၏ သဘော တူညီချက်ဖြင့် သမ္မတမှ ခန့်အပ် | ပညာရှင် |
| ၆နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| အများဆုံး ၁၂ ဦး | ဘုရင် | ဘုရင် | ပညာရှင် |
| မရှိ | မရှိ | မရှိ | မရှိ |
| မရှိ | မရှိ | မရှိ | မရှိ |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် |
|---|---|---|---|
| ဆီးရီးယား | လွတ်လပ် | အထက် ရွေးကောက်ပွဲ ကော်မရှင် | ၅ |
| ထိုင်ဝမ် | လွတ်လပ် | ဗဟို ရွေးကောက်ပွဲ ကော်မရှင် | ၁၁ |
| တာဂျစ်ကစ္စတန် | လွတ်လပ် | ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲအတွက် ဗဟိုကော်မရှင် | ၁၅ |
| တန်ဇနီးယား | လွတ်လပ် | အမျိုးသား ရွေးကောက်ပွဲကော်မရှင် | ၇ |
| ထိုင်းနိုင်ငံ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၅ |
| တီမော-လက်စ်တီ | အရော | ရွေးကောက်ပွဲ စီမံကြီးကြပ်ရေးအတွက် နည်းပညာ အထွေထွေ အတွင်းရေးမှူး | မရှိ |
| | | အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | ၁၅ |
| တိုဂို | လွတ်လပ် | လွတ်လပ်သော အမျိုးသာ ရွေးကောက်ပွဲ ကော်မရှင် | ၁၇ |
| တိုကီလောင် | အရော | ကူညီဝန်ဆောင်မှု ညွှန်ကြားရေးမှူး ၊ တိုကီလောင် ပြည်သူ့ဝန်ဆောင်မှု | မရှိ |
| | | ဆန္ဒခံယူပွဲ ကော်မရှင် | ၉ |
| တွန်ဂါ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၃ |
| ထရီနီဒတ်နှင့်တိုဘာဂို | လွတ်လပ် | ရွေးကောက်ပွဲနှင့်နယ်နိမိတ် ကော်မရှင် | ၃-၅ |
| တူနီးရှား | လွတ်လပ် | ရွေးကောက်ပွဲဆိုင်ရာလွတ်လပ်သော အထက် အာဏာပိုင် | ၉ |
| တူရကီ | လွတ်လပ် | ရွေးကောက်ပွဲ ကောင်စီချုပ် | ၇ |
| တာ့က်မေနီစတန် | လွတ်လပ် | ရွေးကောက်ပွဲအတွက် ဗဟိုကော်မရှင်နှင့် ဆန္ဒခံယူပွဲ လုပ်ဆောင်ပုံ | ၁၅ |
| တာ့က်နှင့် ကိုင်းကို့စ် ကျွန်းစုများ | အစိုးရ | ရွေးကောက်ပွဲ ကြီးကြပ်သူများ | မရှိ |
| တူဗာလူ | အစိုးရ | ပြည်ထဲရေး ဝန်ကြီးဌာန | မရှိ |

| | တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|---|
| | ၄နှစ် | တရားစီရင်ရေး ကောင်စီချုပ် | EMB | ပညာရှင် |
| | ၄နှစ် | ဝန်ကြီးချုပ် ၊ လွှတ်တော် | ဝန်ကြီးချုပ် ၊လွှတ်တော် | ပညာရှင် |
| | ၅နှစ် | သမ္မတ | လွှတ်တော် | ပညာရှင် |
| | ၅နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| | ၇နှစ် | ဆီးနိတ်လွှတ်တော် | EMB | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ၆နှစ် | သမ္မတ ၊လွှတ်တော် ၊တရားစီရင်ရေး၊ အခြားအဖွဲ့အစည်းများ | EMB | ပညာရှင် |
| | တစ်နှစ် (သက်တမ်းတိုးနိုင်) | လွှတ်တော် | ဝန်ကြီးများ ကောင်စီ | အရော |
| | မရှိ | မရှိ | မရှိ | မရှိ |
| | မသိရ | ဖိုင်ပျူးလ်(ခေါင်းဆောင်)နှင့် နယ်တစ်နယ်စီမှနှစ်ဦး | မသေချာ | ပညာရှင် |
| | ၅နှစ် | ဘုရင် ၊ EMB | ဘုရင် | မသေချာ |
| | ၅နှစ် | သမ္မတ | သမ္မတ | မသေချာ |
| | ၆နှစ် | လွှတ်တော် | လွှတ်တော် | ပညာရှင် |
| | ၆နှစ် | အယူခံတရားရုံးချုပ်၊ နိုင်ငံ့ကောင်စီချုပ် | EMB | ပညာရှင် |
| | ၅နှစ် | သမ္မတ ၊နိုင်ငံရေးပါတီများ ၊ ပြည်သူ့အသင်းအဖွဲ့များ | လွှတ်တော် | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | မရှိ | မရှိ | မရှိ | မရှိ |

| နိုင်ငံ | ရွေးကောက်ပွဲ စီမံခန့်ခွဲမှု ပုံစံ | EMB အမည် | EMB အဖွဲ့ဝင် အရေအတွက် |
|---|---|---|---|
| ယူဂန်ဒါ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၇ |
| ယူကရိန်း | လွတ်လပ် | ဗဟို ရွေးကောက်ပွဲ ကော်မရှင် | ၁၅ |
| အာရပ်စော်ဘွားများ နိုင်ငံ | အစိုးရ | အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | မရှိ |
| ယူနိုက်တက်ကင်ဒန်း | အစိုးရ | ပြည်တွင်းကျင်းပကြေငြာရေး အရာရှိများ | မရှိ |
| ယူနိုက်တက် စတိတ် | အစိုးရ | မြို့အဆင့် အစိုးရ | မရှိ |
| ဥရုဂွေး | လွတ်လပ် | ရွေးကောက်ပွဲ ခုံရုံး | ၉ |
| ဥဇဘက်စတန် | လွတ်လပ် | ဗဟို ရွေးကောက်ပွဲ ကော်မရှင် | အနည်းဆုံး ၁၅ဦး |
| ဗနောင်တူ | အရော | ရွေးကောက်ပွဲ ကော်မရှင် | ၃ |
| | | ပင်မရွေးကောက်ပွဲ အရာရှိ | ၁ |
| ဗင်နီဇွဲလား | လွတ်လပ် | အမျိုးသားရွေးကောက်ပွဲကော်မရှင် | ၅ |
| ဗီယက်နမ် | အစိုးရ | ဗဟို ရွေးကောက်ပွဲ ကောင်စီ | မရှိ |
| ဗြိတိသျှ ဗာဂျင်ကျွန်းစုများနိုင်ငံ | အစိုးရ | ရွေးကောက်ပွဲ ကြီးကြပ်ရေးမှူးများ ရုံး | မရှိ |
| ယီမင် | လွတ်လပ် | ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများအတွက် ကော်မရှင်ချုပ် | ၉ |
| ဇမ်ဘီယာ | လါတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | အများဆုံး ၅ဦး |
| ဇင်ဘာဘွေ | လွတ်လပ် | ရွေးကောက်ပွဲ ကော်မရှင် | ၉ |

| | တာဝန်ထမ်းဆောင်သည့် သက်တမ်း | EMB ဝန်ထမ်းများကို ခန့်အပ်သူ | ဥက္ကဋ္ဌရာထူးကို ရွေးချယ်/ ခန့်အပ်သူ | ပါတီ သို့မဟုတ် ပညာရှင်အခြေပြု ခန့်အပ်မှု |
|---|---|---|---|---|
| | ၇နှစ် | လွှတ်တော်၏ အတည်ပြုချက်နှင့် သမ္မတမှ ခန့်အပ်ထားခြင်းဖြစ်သည် | လွှတ်တော်၏အတည်ပြုချက်ဖြင့် သမ္မတမှ ခန့်အပ်ထားခြင်းဖြစ်သည် | ပညာရှင် |
| | ၇နှစ် | သမ္မတ | EMB | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | မရှိ | မရှိ | မရှိ | မရှိ |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ၅နှစ် | လွှတ်တော် | လွှတ်တော် | အရော |
| | အကန့်အသတ်မရှိ | လွှတ်တော် | EMB | ပညာရှင် |
| | ၅နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| | အကန့်အသတ်မရှိ | မရှိ | မရှိ | မရှိ |
| | ၇နှစ် | လွှတ်တော် | EMB | ပညာရှင် |
| | မရှိ | မရှိ | မရှိ | မရှိ |
| | မရှိ | မရှိ | မရှိ | မရှိ |
| | ၆နှစ် | သမ္မတ | EMB | ပညာရှင် |
| | အများဆုံး ၇နှစ် | သမ္မတ | သမ္မတ | ပညာရှင် |
| | ၅နှစ် | သမ္မတ | သမ္မတ | ပညာရှင် |

## နောက်ဆက်တွဲ - ခ

# အဓိပ္ပာယ်ဖွင့်ဆိုချက်များ*

| | |
|---|---|
| ကြိုတင်<br>မဲပေးခြင်း | မဲပေးရန်အတွက် သတ်မှတ်ထားသောရက်(များ) တွင် မဲရုံသို့ သွားစရာမလိုဘဲ မဲဆန္ဒရှင်များ အနေနှင့် မဲပေးနိုင်သော ယန္တရားစနစ် |
| မဲ စီစဉ်ခြင်း | ရရှိလာသော မဲများအားလုံးကို ရလဒ်တစ်ခုတည်းအဖြစ် ပေါင်းစည်းလိုက်ခြင်း ဖြစ်သည်။ Tabulation ခေါ်သည် |
| ရလဒ်များကို<br>ကြေငြာခြင်း | ရလဒ်ကြေငြာခြင်း တွင်ကြည့်ပါ |
| တစ်ဖက်သတ်<br>ထုတ်ပယ်ခြင်း | လူတစ်ယောက်ကို ပြစ်ချက်၊ စည်းကမ်းမရှိဘဲ ရာထူးနေရာ၊ တာဝန်ထမ်းဆောင်နေရာမှ ထုတ်ပယ်ခြင်း |
| စာရင်းစစ်<br>လမ်းကြောင်း | လုပ်ဆောင်ချက်များကို သိမ်းဆည်းထားသည့် လမ်းကြောင်းလိုက်နိုင်သော ပြန်လည်စစ်ဆေးနိုင်သည့် မှတ်တမ်းအစဉ်များဖြစ်သည်၊ ဥပမာအားဖြင့် ရွေးကောက်ပွဲဆိုင်ရာ ကိရိယာများ ရွှေ့ပြောင်းမှုနှင့် အရေအတွက်များ၊မဲရလဒ်များကိုစီစဉ်ခြင်း၊ ကွန်ပြူတာနှင့် လုပ်ထားသောစနစ်များသို့ ပြောင်းလဲခြင်း၊ ဘဏ္ဍာရေးမှတ်တမ်းများကို ထိန်းသိမ်းခြင်းနှင့်မူဝါဒများကို ဆုံးဖြတ်ချက်ချခြင်း |
| အခြေခံ<br>ဘတ်ဂျက်ငွေ | ဘဏ္ဍာရေးအာဏာပိုင်မှ ဘဏ္ဍာငွေချပေးရန်အတွက် ဘတ်ဂျက်ငွေတွက်ချက်သော စနစ်ဖြစ်ပြီး ပြီးခဲ့သော အချိန်ကာလက ဘဏ္ဍာငွေ ပမာဏသည် နောက်ကာလတစ်ခုအတွက် ဘဏ္ဍာငွေ ခန့်မှန်းရန်ညှိယူဖန်တီးပြီးဖြစ်သည်။ incremental (နှစ်စဉ်တိုးလာသော) ဘဏ္ဍာငွေဟုလည်း ခေါ်သည်။ |
| နယ်နိမိတ်<br>ကန့်သတ်ပိုင်းခြား<br>ခြင်း | မဲဆန္ဒနယ်နိမိတ်များ မည်သို့ ရေးဆွဲမည်ဆိုသည်ကို သတ်မှတ်သောလုပ်ငန်းစဉ်၊ ၎င်းသည် တိုင်းပြည်တစ်ပြည်ကို ရွေးကောက်ပွဲခရိုင်များခွဲခြားလိုက်ပြီး မဲဆန္ဒရှင်များအား ရွေးကောက်ပွဲခရိုင်များရှိ မဲရုံများသို့စေလွှတ်လိုက်လေသည် district or boundary demarcation (ခရိုင်သို့မဟုတ်နယ်နိမိတ်ခြားခြင်း) ဟုလည်းခေါ်သည်။ |
| ဘတ်ဂျက်<br>(ရွေးကောက်ပွဲ) | သတ်မှတ်ထားသော ကာလအပိုင်းအခြားတစ်ခုအတွင်း အဖွဲ့အစည်းတစ်ခုအတွင် သို့မဟုတ် အဖွဲ့အစည်း တစ်ခု၏ တစ်စိတ်တစ်ပိုင်းမှ လုပ်ဆောင်သော လုပ်ဆောင်ချက်တို့နှင့် သက်ဆိုင်သော ရွေးကောက်ပွဲဆိုင်ရာဝင်ငွေများနှင့် အသုံးစရိတ်များကို အဆိုတင်သွင်းထားသောစာရင်းပြုစု အနှစ်ချုပ်ချက်တို့ ပါဝင်သည့် စာရွက်စာတမ်း |

* ဤအဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အင်္ဂလိပ်အက္ခရာစဉ်ဖြင့် ဖော်ပြထားသည်ကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်သည်။

| | |
|---|---|
| ကြားဖြတ်ရွေးကောက်ပွဲ | အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်တွင်မဟုတ်ဘဲ ရွေးကောက်ခံလွှတ်တော်အတွက် လစ်လပ်သွားသော နေရာများကို ဖြည့်စွက်ရန်အတွက်အခြားမည်သည့် အချိန်တွင်မဆို ကျင်းပသော ရွေးကောက်ပွဲ |
| ပြက္ခဒိန် (ရွေးကောက်ပွဲ) | ရွေးကောက်ပွဲစဉ်တစ်ခု စီမံကိန်းချစဉ်၊ အကောင်အထည်ဖော်စဉ်နှင့်ပြီးမြောက်အောင် လုပ်စဉ်တို့တွင် လုပ်ဆောင်ရမည့် တာဝန်များနှင့်ရက်စွဲများနှင့် အပြီးသတ်ရမည့် ရက်များကို အစဉ်လိုက်ဖော်ပြထားသောစာရွက်စာတမ်း |
| မဲဆွယ်ပွဲ (ရွေးကောက်ပွဲ) | တိုက်ရိုက်ကျသော ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးချယ်နိုင်ခွင့်ကို မြှင့်တင်ရန် သို့မဟုတ် ရွေးကောက်ပွဲအအတွင်းရှိ နိုင်ငံရေးပါတီ သို့မဟုတ် အမတ်လောင်းတစ်ဦးဦး၏ ဘက်သို့ ထောက်ခံအားပေးရန် အင်အားစုသော သို့မဟုတ် မဲဆန္ဒရှင်များအား အသိပညာပေးရန် ပုံဖော်ထားသော အည်းအဝေးများ၊ လူထုစုဝေးပွဲများ၊ မိန့်ခွန်းများ၊ စီတန်းလှည့်လည်ခြင်းများ၊ ထုတ်လွှင့်ခြင်းများ၊ ဝါဒဖြန့်ခြင်းများနှင့်အခြားသော မီဒီယာပွဲစဉ်များအပါအဝင် နိုင်ငံရေးလှုပ်ရှားမှုများဖြစ်သည်။ |
| ဝင်ရောက်ယှဉ်ပြိုင်သူ | နိုင်ငံရေးပါတီ ကိုယ်စားလှယ်တစ်ဦး အနေနှင့် သို့မဟုတ် မည်သည့် ပါတီ အထောက်အပံ့မှ မပါဘဲ တစ်သီးပုဂ္ဂလ အနေဖြင့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသော ရွေးချယ်ခံ ပုဂ္ဂိုလ် |
| အမတ်လောင်း သမ္မတလောင်း ရွေးချယ်ခြင်း | ရွေးကောက်ပွဲတစ်ခုတွင် နိုင်ငံရေးပါတီ/အဖွဲ့အစည်း နှင့်/သို့မဟုတ်ဝင်ရောက်ယှဉ်ပြိုင်သူ တစ်ဦးချင်းစီမှ ၎င်းတို့ဝင်ရောက်ယှဉ်ပြိုင်လိုကြောင်းကို တင်သွင်းခြင်းဖြစ်ပြီး အများအားဖြင့် ဥပဒေမှ ပြဋ္ဌာန်းထားသော လိုအပ်ချက်များ၊ အရည်အသွေးများနှင့် ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးခြင်းဖြစ်သည်။ |
| အထက်အောက် လေ့ကျင့် သင်ကြားခြင်း | ပင်မ လူအုပ်စုတစ်စုကရွေးကောက်ပွဲဆိုင်ရာ နည်းပညာများနှင့် လေ့ကျင့်ရေးနည်းစနစ်များ များကို သင်ယူပြီးနောက် ထိုအုပ်စုမှပင် တဖန်အခြားသော သူများကို "မျက်နှာချင်းဆိုင်" အောက်အဆင့်ရှိ သူများကိုလေ့ကျင့်သင်ကြားသော နည်းစနစ်ဖြစ်သည်။ကြံရွယ်ထားသော ဝန်ထမ်းများအားလုံး လေ့ကျင့်သင်ကြားပြီးသည်အထိ ဒုတိယမှ တတိယသို့အဆင့် ဆင့် လေ့ကျင့်သင်ကြားပေးသွားခြင်းဖြစ်သည်။ |
| ဗဟိုပြု EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) | EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံတစ်ခုဖြစ်ပြီး အများအားဖြင့် အခြေခံဥပဒေ ပေါင်းစည်းထားသော နိုင်ငံများတွင် တွေ့ရလေ့ရှိပြီးနိုင်ငံတော် အဆင့် EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) သို့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ရှုထောင့် အမျိုးမျိုး အဆင့်အမျိုးမျိုးမှ လုပ်ငန်းစဉ်များကို လုပ်ကိုင်အကောင်အထည် ဖော်ရန်အတွက် ရရှိထားသော အာဏာဖြစ်သည်။ |
| ရလဒ်များကို အတည်ပြု ပေးခြင်း | ရွေးကောက်ပွဲရလဒ်များကို ထောက်ခံပေးခြင်းနှင့် အတည်ပြုပေးရသော လုပ်ရိုးလုပ်စဉ် လုပ်ငန်းစဉ် |
| ဥက္ကဋ္ဌ | လွတ်လပ်သော သို့မဟုတ် ပုံစံအရော ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအောက်တွင်ရှိသော လွတ်လပ်သော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ ခေါင်းဆောင်ဖြစ်သည်။ ရာထူးစနစ်အရပေးထားသော ရာထူးအမည်များဖြစ်သည့် ရွေးကောက်ပွဲကော်မရှင် အရာရှိချုပ် သို့မဟုတ် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)ဥက္ကဋ္ဌ များ ပါဝင်နိုင်သည်။ |
| ရွေးကောက်ပွဲ စီမံကြီးကြပ်ရေး အရာရှိချုပ် | ဥက္ကဋ္ဌနေရာတွင်ကြည့်ပါ |

| | |
|---|---|
| ရွေးကောက်ပွဲ အရာရှိချုပ် | EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန)၏ခေါင်းဆောင်ကို သုံးနှုန်းသောခေါင်းစဉ်တစ်ခုဖြစ်သည်။ အခြားသော အုပ်ချုပ်ရေး အရာရှိချုပ်၊ရွေးကောက်ပွဲ ညွှန်ကြားရေးမှူး၊ အထွေထွေ အတွင်းရေမှူးနှင့် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) အတွင်းရေးမှူးစသော ရာထူးခေါင်းစဉ်များလည်း ပါဝင်အသုံးပြုနိုင်သည်။ EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) တစ်ခု လွတ်လပ်ပါက ရွေးကောက်ပွဲအရာရှိချုပ်သည်လည်း အချို့သော နေရာများတွင် EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) အဖွဲ့ဝင်ဖြစ်နိုင်သည်။ |
| ပြည်သူများ၏ စွန့်ဦးလုပ်ဆောင်မှု | ပြည်သူအတိုင်းအတာတစ်ချို့ကို ထိုပြည်သူများအဆိုတင်သွင်းထားသော အကြောင်းအရာတစ်ခုအတွက် မဲဆန္ဒရှင်များ၏ မဲများကို စတင်ပေးနိုင်ခွင့်ရှိသော တိုက်ရိုက်ဆန်သည့် ဒီမိုကရေစီ နည်းလမ်းတစ်ခုထိုအဆိုပြုချက်တွင် ဥပမာအားဖြင့်အခြေခံဥပဒေကို ပြင်ဆင်ရန် သို့မဟုတ်ရှိပြီးသား ဥပဒေတစ်ခုကို ကျင့်သုံးရန်၊ ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်တို့ ပါဝင်နိုင်သည်။ |
| ပြည်သူများကို စောင့်ကြည့်လေ့လာသူ | စောင့်ကြည့်လေ့လာသူတွင် ကြည့်ပါ |
| ပြည်သူများအား အသိပညာပေးခြင်း | ပြည်သူများ၏ အခွင့်အရေးနှင့် တာဝန်များနှင့်သက်ဆိုင်သော သိနားလည်မှုနှင့်ဗဟုသုကကို မြှင့်တင်စေရန် ပုံဖော်ထားသော သတင်းအချက်အလက်ဝေမျှသည့် သို့မဟုတ် ပညာပေး အစီအစဉ် |
| ပြည်သူ့မှတ်ပုံတင် စာရင်း | တိုင်းပြည်တစ်ပြည်၏ စီမံကြီးကြပ်ရေး တည်ဆောက်ပုံမှ ရင်းမြစ်အများအပြားမှ မဖြစ်မနေ တာဝန်အရကောက်ယူထားသော အချက်အလက်များနှင့် အမည်၊ လိင်၊ နိုင်ငံသား၊ အသက်၊ အိမ်ထောင် ရှိ၊မရှိနှင့် နိုင်ငံသားများအားလုံး၏ လိပ်စာ အစရှိသော သတင်းအချက် အလက်များပါဝင်သောအရာများကို ထိန်းသိမ်းထားသော ဗဟာဟိုဌာနမှထိန်းချုပ်ထားသော ပင်မဒေတာဘေ့စ်ကြီး။ ရွေးကောက်ပွဲ မှတ်ပုံတင်စာရင်းများနှင့် အခြားသော စာရွက်စာတမ်းများသည်လည်း လိုအပ်ပါက ၄င်းထံမှ ဆွဲယူနိုင်သည်။ |
| ပြည်သူ့ဝန်ထမ်း | အစိုးရမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းခန့်အပ်မှု လုပ်ငန်းစဉ်တစ်ခုတည်းအောင်တွင် တစ်ခါတစ်ရံရှိတတ်သော ဗဟို သို့မဟုတ် မြို့အဆင့် အစိုးရဝန်ကြီးဌာန သို့မဟုတ် ဌာနမှ ဝန်ထမ်း |
| စောဒက (ရွေးကောက်ပွဲ နှင့်ဆိုင်သော) | ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်းတွင် ရွေးကောက်ပွဲ စီမံကြီးကြပ်သူများသို့မဟုတ် အခြားသော ပါဝင်သူများ၏ဆုံးဖြတ်ချက်၊ လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုများကို အခြားသော ရွေးကောက်ပွဲအတွင်း ပါဝင်လှုပ်ရှားသူများက တင်ပြသော စောဒက မကျေနပ်ချက်များကို ဖြေရှင်းပေးရသော လုပ်ငန်းစဉ် ဖြစ်သည်။ ရွေးကောက်ပွဲ ပဋိပက္ခများအား ဖြေရှင်းခြင်း တွင်ကြည့်ပါ |
| စာရင်းအပိတ် | အချိုးကျ ကိုယ်စားပြုစနစ်တွင်သုံးသော စာရင်းပုံစံမျိုးဖြစ်ပြီး မဲဆန္ဒရှင်များသည် ပါတီ သို့မဟုတ် နိုင်ငံရေးအုပ်စုတစ်ခုတည်းအတွက်သာ မဲပေးခြင်းမှ ကန့်သတ်ခြင်းမျိုးဖြစ်ပြီး ပါတီတစ်ခု သို့မဟုတ် အုပ်စုတစ်ခုအတွင်းမှ ပေးထားသော စာရင်းအတွင်းမှ မည်သည့် ယှဉ်ပြိုင်သူကိုမဆို မျက်နှာသာပေးခွင့်မရှိပါ |
| လုပ်ဆောင်နည်း စည်းကမ်း | အထွေထွေစည်းကမ်း သို့မဟုတ် လုပ်ဆောင်ပုံ စည်းမျဉ်းတစ်ခုသာဖြစ်ပြီး ဥပမာအားဖြင့် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ အဖွဲ့ဝင် နှင့်/သို့မဟုတ် ဝန်ထမ်းများ၏ ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်ခြင်းနှင့် သက်ဆိုင်သော ကိစ္စများတွင် ပြဋ္ဌာန်းချက်များကဲ့သို့ဖြစ်သည်။ |

| | |
|---|---|
| ပေါင်းစပ်ထားသော EMB | လွတ်လပ်သော သို့မဟုတ် ပုံစံအရောဖြစ်သော ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအောက်ရှိ လွတ်လပ်သော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) ဖြစ်ပြီး ထိုအထဲမှ တစ်ချို့သော အဖွဲ့ဝင်များသည် ပါတီစွဲကင်းသော ပညာရှင်များဖြစ်ပြီးအချို့မှာ ပါတီကိုယ်စားပြု သို့မဟုတ် အကျိုးအမြတ်ရထားသောသူတို့ဖြစ်သည် ပညာရှင်အခြေပြု EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) နှင့် ပါတီစုံအခြေပြု EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) တို့ကို ကြည့်ပါ |
| ကော်မရှင်အရာရှိ | ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တစ်ဦးကိုခေါ်သော စကားဖြစ်သည်။ တစ်ခါတစ်ရံတွင် ထိုဝေါဟာရသည် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ ဥက္ကဋ္ဌကိုသာလျှင် ခေါ်လေ့ရှိသည်။ ပြီးနောက်တွင် ရှားရှားပါးပါး ထိုဝေါဟာရသည် အထွေထွေအတွင်းရေးမှူးဌာန၏ အကြီးတန်းဝန်ထမ်း အချို့ကို သုံးနှုန်းလိုသည့်အခါ တစ်ခါတစ်ရံ သုံးလေ့ရှိသည်။ (EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) ၏ အဖွဲ့ဝင်များဟူသော နေရာတွင်ကြည့်ပါ) |
| ခိုင်မာသည့် ရွေးကောက်ပွဲ ဥပဒေ | တိုင်းပြည်တစ်ပြည်၏ရွေးကောက်ပွဲ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သောအရာများအားလုံးကို စုထားသည့် ဥပဒေပြုချက်တစ်ခုဖြစ်ပြီး ၄င်းကို တစ်ခါတစ်ရံတွင် ရွေးကောက်ပွဲ ဥပဒေသဟုလည်း ခေါ်သည်။ |
| ခိုင်မာသည့် ရံပုံငွေ | နိုင်ငံတော် ဘဏ္ဍာတိုက်မှ စီမံခန့်ခွဲသော နိုင်ငံတော်မှ ဖယ်ထားသောဘဏ္ဍာအခွန်ငွေများဖြစ်သည်။ ထို ဘဏ္ဍာငွေထဲမှ တောင်းခံသော ကျသင့်ငွေများကို အပြောင်းအလဲ သို့မဟုတ် ဝန်ကြီးဌာန၏ နှောင့်နှေးမှုများက သက်ရောက်ခြင်း မရှိစေရပါ။ |
| မဲဆန္ဒနယ် | အချို့သော အင်္ဂလိပ်စကားပြောနိုင်ငံများတွင် တွင်ကျယ်စွာအသုံးပြုလေ့ရှိသော ရွေးကောက်ပွဲခရိုင်များအတွက် သုံးသောစကားလုံးရွေးကောက်ပွဲခရိုင် တွင်ကြည့်ပါ |
| အခြေခံဥပဒေ ကောင်စီ | ရွေးကောက်ပွဲနှင့်သက်ဆိုင်သော လုပ်ငန်းစဉ်များ အပါအဝင် အချို့သောဖြစ်ရပ်များတွင် တာဝန်များနှင့် ဥပဒေတို့၏ အခြေခံဥပဒေနှင့် ကိုက်ညီမှုတို့ကို ဆုံးဖြတ်ရန်အတွက် တာဝန်ချမှတ်ထားခြင်းခံရသော သီးသန့်ဌာတစ်ခု သို့မဟုတ် တရားစီရင်ရေး ဌာနခွဲတို့၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်နိုင်ပြီး အခြေခံဥပဒေနှင့် အခြားသောကိစ္စများနှင့် သက်ဆိုင်သော ဌာနချုပ်တစ်ခုကို သုံးသော အသုံးအနှုန်းလည်းဖြစ်သည်။ |
| ပင်မ ကုန်ကျစရိတ်များ | တည်ငြိမ်သော ရွေးကောက်ပွဲ ပတ်ဝန်းကျင်တစ်ခုတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုကို အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သော ပုံမှန်ကုန်ကျစရိတ်များဖြစ်သည်။ ၄င်းတို့ထဲတွင် အခြေခံကုန်ကျစရိတ်များဖြစ်သော မဲဆန္ဒရှင်များ မှတ်ပုံတင်ခြင်း၊ နယ်နိမိတ်များကန့်သတ်ခြင်း၊ မဲများကို တွက်ချက်လုပ်ဆောင်ခြင်း၊ ရလဒ်များကို ရေတွက်ခြင်းနှင့် ထုတ်လွှင့်ခြင်းနှင့် မဲဆန္ဒရှင်များကို အသိပညာပေးရေးတို့ပါဝင်သည်။ တစ်ခါတစ်ရံတွင် တိုက်ရိုက်ကုန်ကျစရိတ်များဟုလည်း ခေါ်တတ်သည်။ |
| EMB ၏ အာဏာခွဲဝေမှု | မတူကွဲပြားသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်/သို့မဟုတ်မတူကွဲပြားသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရေးနှင့် လုပ်ဆောင်ရေးတို့အတွက် အာဏာကို နိုင်ငံတော် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)မှ စီမံကြီးကြပ်ရေး EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)သို့မဟုတ် နိုင်ငံတော် EMB(ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) ၏ ဌာနခွဲများဖြစ်သော ကြီးကြပ်စီမံရေးဌာနများကိုလွှဲပြောင်းပေးသောရွေးကောက်ပွဲ စီမံကြီးကြပ်ရေး ပုံစံဖြစ်သည်။ |

| | |
|---|---|
| ရလဒ်ကြေငြာခြင်း | ရွေးကောက်ပွဲ၏ ရလဒ်ကို နှုတ်ဖြင့်ဖြစ်စေ သို့မဟုတ် ပြည်သူထံသို့နည်းစနစ်တကျ ဆက်သွယ်ခြင်းမျိုး ပြုလုပ်ခြင်းမျိုးဖြစ်သည်။ ထိုအထဲတွင်ရွေးကောက်ပွဲတစ်ပွဲတွင် ပါဝင်သော ဝင်ရောက်ယှဉ်ပြိုင်သူ သို့မဟုတ် နိုင်ငံရေးပါတီတစ်ခုချင်းစီကရသော မဲအရေအတွက်၊ ရွေးကောက်ပွဲဥပဒေ၏ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးကောက်ခံ အဖွဲ့ဝင်(များ)အဖြစ်ဝင်ရောက်ပါဝင်ခွင့်ရှိသော နိုင်ငံရေးပါတီ(များ) နှင့်/သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်သူ(များ) ရသော မဲအရေအတွက်သို့မဟုတ် တိုက်ရိုက်ဒီမိုကရေစီ နည်းလမ်းသုံးသော အထက်ပါနစ်ခုအနက်မှ တစ်ခု သို့မဟုတ် တစ်ခုချင်းစီမှ ရသော မဲအရေအတွက်များ ဖြစ်သည်။ |
| ကွဲပြားသော ကုန်ကျစရိတ် များ | ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကူညီသော ကိုယ်စားလှယ်ဌာနများ၏ အထွေထွေဘတ်ဂျက်ငွေထဲမှ ဖယ်ထုတ်မရသော ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများ၏ ကုန်ကျစရိတ်များဖြစ်သည်။ တစ်ခါတစ်ရံတွင် သွယ်ဝိုက်ကုန်ကျသော စရိတ်များကို ဆိုလိုသည်။ |
| ကုန်ကျစရိတ် | ပင်မကုန်ကျစရိတ်များ ကိုကြည့်ပါ |
| တိုက်ရိုက် သက်ရောက်သော ဒီမိုကရေစီဆိုင်ရာ လုပ်ဆောင်ချက် များ | ပြည်သူများအား နိုင်ငံရေးအရ ဆုံးဖြတ်ချက်ချသော လုပ်ငန်းများတွင် တိုက်ရိုက်ပါဝင်ပတ်သက်စေသော ဥပဒေစာရွက်စာတမ်းဖြစ်သည်။ ၎င်းတွင် ပုံစံသုံးမျိုးရှိနိုင်သည်။ : ဆန္ဒခံယူပွဲ၊ ပြည်သူများ၏ စွန့်ဦးလုပ်ဆောင်မှု သို့မဟုတ် ရာထူးပြန်လည်ရုပ်သိမ်းရန်မဲ တို့ဖြစ်ကြသည်။ |
| နိုင်ငံသား စောင့်ကြည့် လေ့လာသူ | သူ၏နိုင်ငံ အတွင်းတွင်ကျင်းပသော ရွေးကောက်ပွဲလုပ်ငန်းစဉ်ကိုလေ့လာစောင့်ကြည့်ရန် နှင့် စွမ်းဆောင်ရည် သုံးသပ်ရန်အတွက် တာဝန်ပေးအပ် ထောက်ခံချက်ရထားသော အဖွဲ့အစည်းတစ်ခု၏ ကိုယ်စားလှယ် သို့မဟုတ် လူတစ်ဦးတစ်ယောက်ဖြစ်သည်။ |
| အလှူရှင် | နောက်တိုင်းပြည်တစ်ပြည်၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် ကိုငွေကြေးကူညီခြင်း၊ မေတ္တာဖြင့်ထောက်ပံ့ခြင်း နှင့်/သို့မဟုတ် နည်းပညာအထောက်အပံ့များပေးခြင်းတို့ဖြင့် ထောက်ပံ့သော တိုင်းပြည် သို့မဟုတ် အစိုးရအချင်းချင်းပေါင်းထားသော သို့မဟုတ် အစိုးရနှင့် မသက်ဆိုင်သော အဖွဲ့အစည်းများ ဖြစ်သည်။ |
| ရွေးကောက်ပွဲ လှူပ်ရှားမှု | လူတစ်ယောက် သို့မဟုတ် တစ်ယောက်ထက် ပိုသောသူများကို တာဝန်ချပေးနိုင်သော ရွေးကောက်ပွဲ၏ အပိုင်းဖြစ်သည်။ အချို့သော ရွေးကောက်ပွဲ လုပ်ငန်းဆိုင်ရာ စီမံကိန်းများတွင် "လှူပ်ရှားမှု" ဟူသောစကားသည် "တာဝန်" ဟူသော စကားနှင့်တန်းတူ သို့မဟုတ် ဖလှယ်သော သဘောဖြင့် သုံးလေ့ရှိသည်။ |
| ရွေးကောက်ပွဲ ကြီးကြပ်စီမံခြင်း | ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ မည်သည့်ရှုထောင့်ကိုမဆိုလုပ်ကိုင်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော လုပ်ဆောင်ချက်ဖြစ်သည်။ |
| ရွေးကောက်ပွဲ ကြီးကြပ်စီမံသူ | EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ နေ့စဉ်နှင့်အမျှ လုပ်ရသောမည်သည့်လုပ်ဆောင်ချက်မျိုးကိုမဆို ညွှန်ကြား၊ စီမံခန့်ခွဲ ပြီး/သို့မဟုတ် အကောင်အထည်ဖော်သောသူကို ဆိုလိုသည်။ |
| ရွေးကောက်ပွဲ ကော်မရှင် | ရွေးကောက်ပွဲစီမံခန့်ခွဲရေးတွင် လွတ်လပ်သော ပုံစံအောက်တွင်ရှိသော လွတ်လပ်သော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) သို့မဟုတ် ပုံစံအရောအောက်ရှိပါဝင်ဖွဲ့စည်းထားသောလွတ်လပ်သော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) ကို ပေးလေ့ပေးထရှိသော ခေါင်းစဉ်ပင်ဖြစ်သည် |

| | |
|---|---|
| ရွေးကောက်ပွဲ တရားရုံး | ရွေးကောက်ပွဲတွင် ပါဝင်လှုပ်ရှားသူတစ်ယောက်သည် ရွေးကောက်ပွဲ၏တရားဝင်ဖြစ်မှုကို ငြင်းပယ်ခြင်း သို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်သူများ၊ နိုင်ငံရေးပါတီများ သို့မဟုတ် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ လုပ်ဆောင်ပုံကို စိန်ခေါ်ကန့်ကွက်နိုင်သော တရားစီရင်ရေးခုံရုံး သို့မဟုတ် အခြားသောဌာနတစ်ခုဖြစ်သည်။ ရွေးကောက်ပွဲခုံရုံးတွင် ကြည့်ပါ။ |
| ရွေးကောက်ပွဲ လည်ပတ်ပုံ | လည်ပတ်ပုံအပြည့်အစုံတစ်ဆင့်တွင် ရွေးကောက်ပွဲအတွက် သို့မဟုတ် တိုက်ရိုက်အကျိုးသက်ရောက်သော လုပ်ဆောင်ချက်များအတွက် ပြင်ဆင်ခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် သုံးသပ်အဖြေထုတ်ခြင်းတို့ပါဝင်ပြီး ဆက်တိုက်လည်ပတ်နေသော ရွေးကောက်ပွဲ ဆိုင်ရာဖြစ်စဉ်တစ်ရပ်ဟု ရှုမြင်ကြလေသည်။ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွင်းရှိပြီး သားလုပ်ငန်းစဉ် အဆင့်များအပါအဝင် ၎င်းထဲတွင် သက်ဆိုင်ရာ ဥပဒေနှင့် လုပ်ငန်းစဉ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို စစ်ဆေးခြင်းကဲ့သို့သော ရွေးကောက်ပွဲ မတိုင်မီလုပ်ရသောလုပ်ရပ်များနှင့် ရွေးကောက်ပွဲအပြီး သုံးသပ်ချက်များထုတ်ခြင်းနှင့်/သို့မဟုတ် စာရင်းစစ်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် နောင်လာမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့အပေါ် စီမံကိန်းချခြင်းတို့ ပါဝင်လေသည်။ |
| ရွေးကောက်ပွဲ ပဋိပက္ခ ဖြေရှင်းချက် | ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ မည်သည့် အဆင့်နှင့်မဆို သက်ဆိုင်သောစောဒက၊ စိန်ခေါ်မှု၊ မကျေနပ်ချက်သို့မဟုတ် ပြိုင်ဆိုင်မှုတို့ကို ကြားနာခြင်းနှင့် တရားစီရင်ခြင်းတို့ဆိုင်ရာ လုပ်ငန်းစဉ်ဖြစ်သည်။ |
| ရွေးကောက်ပွဲ ခရိုင် | တိုင်းပြည်တစ်ပြည် သို့မဟုတ် ဒေသတစ်ခုကို ရွေးကောက်ပွဲအတွက် ခွဲခြားထားရသော ပထဝီဝင် ဧရိယာဖြစ်သည်။ မဲဆန္ဒနယ် တွင်ကြည့်ပါ |
| ရွေးကောက်ပွဲ | ရွေးကောက်ခြင်း သို့မဟုတ် တိုက်ရိုက်အကျိုးသက်ရောက်သော ဒီမိုကရေစီ လုပ်ဆောင်ချက်တစ်ချက် |
| ရွေးကောက်ပွဲ ဆိုင်ရာ ဥပဒေ | တိုင်းပြည်၏ အခြေခံဖွဲ့စည်းပုံ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ မူဘောင်တို့ထဲတွင် ပြဋ္ဌာန်းထားသောတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောနိုင်ငံရေး အဖွဲ့အစည်းများအား ရွေးကောက်ပွဲအတွက် လုပ်ဆောင်ပုံရှုထောင့်အားလုံးကို အုပ်စိုးသော ဥပဒေပြုချက်ဖြစ်သည်။ |
| ရွေးကောက်ပွဲ စီမံခန့်ခွဲပုံ | ရွေးကောက်ပွဲ စီမံကြီးကြပ်ရေး၏ လုပ်ဆောင်မှုများ၊ တာဝန်များနှင့် လုပ်ဆောင်ရမည့် တာဝန်များကို လုပ်ဆောင်သော လုပ်ငန်းစဉ်ဖြစ်သည်။ |
| ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန (EMB) | ရွေးကောက်ပွဲများနှင့် တိုက်ရိုက်အကျိုးသက်ရောက်သော ဒီမိုကရေစီဆိုင်ရာ လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန်အတွက် မရှိမဖြစ် (သို့မဟုတ် အဓိကကျသော) အချို့ သို့မဟုတ် အရာအားလုံးကို စီမံခန့်ခွဲရန် သို့မဟုတ် ဥပဒေအရ တာဝန်ယူရန်အတွက် ရည်ရွယ်ချက်တစ်ခုတည်းနှင့် တည်ထောင်ထားသော အဖွဲ့အစည်း သို့မဟုတ် ဌာနတစ်ခုဖြစ်သည်။ ထိုအရာများထဲတွင် မည်သူက မဲပေးပိုင်သည်ကို ဆုံးဖြတ်ခြင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်မည့်သူများအား ပဏာမ ရွေးချယ်ထားမှုကိုစာရင်းလက်ခံခြင်းနှင့် အတည်ပြုခြင်း (ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများနှင့်/သို့မဟုတ် အဖွဲ့ဝင်များအတွက်) လျှို့ဝှက်မဲပေးခြင်း လုပ်ငန်းများကို လုပ်ဆောင်ခြင်း ၊ မဲရေခြင်းနှင့် မဲစီစဉ်ခြင်းတို့ ပါဝင်သည်။ ထိုလုပ်ရပ်များကို အများအားဖြင့် ဦးဆောင်သူတို့မှာဥက္ကဋ္ဌ သို့မဟုတ် သမ္မတတို့က ဦးဆောင်လေသည်။ |
| ရွေးကောက်ပွဲကွန်ယက် (အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ ) | စနစ်တကျ ပြဋ္ဌာန်းထားသော သို့မဟုတ် ပြဋ္ဌာန်းထားခြင်းမရှိသောနိုင်ငံပေါင်းစုံ ရှိ EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) များ ဗဟုသုတ၊ ကျွမ်းကျင်မှု နှင့်/သို့မဟုတ် ရင်းမြစ်များ မျှဝေသော ယန္တရား လုပ်ဆောင်ချက်ကို ဖြစ်သည်။ |

| | |
|---|---|
| ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေး | စောင့်ကြည့်လေ့လာသူများအနေနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို စစ်ဆေးသုံးသပ်ရန် အတွက် ထောက်ခံချက်ရထားပြီး၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စည်းကမ်းနှင့် မညီညွတ် ပါကသက်ဆိုင်ရာ ဥပဒေစာရွက်စာတမ်းများ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ စည်းမျဉ်းစည်း ကမ်း လိုက်နာရန်အချက်များနှင့် သုံးသပ်စစ်ဆေးပြီး အစီရင်ခံသော လုပ်ငန်းစဉ် |
| ရွေးကောက်ပွဲ ကာလ | ရွေးကောက်ပွဲ လုပ်ငန်းစဉ်အချို့အကောင်အထည်ဖော်ရေးတွင် ပါဝင်နေသော အဆင့်များရှိ သည့် ရွေးကော်ပွဲလည်ပတ်ပုံတစ်ခု၏ ဗဟိုနေရာဖြစ်ပြီးအများအားဖြင့် မဲပေးရမည့်နေ့ကို တရားဝင်စတင်ကြေငြာခြင်းဖြင့်စတင်ပြီး နောက်ဆုံးရလဒ်ကို ကြေငြာခြင်းဖြင့် အဆုံးသတ် လေ့ရှိသည်။ |
| ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ | ရွေးကောက်ပွဲ တစ်မျိုးမျိုး သို့မဟုတ် တိုက်ရိုက်ဒီမိုကရေစီ လုပ်ဆောင်ချက်တစ်ခုခုကို လုပ် ဆောင်ခြင်းနှင့် ပြင်ဆင်ခြင်းတို့တွင်ပါဝင်သော လုပ်ဆောင်စဉ်အဆင့်များဖြစ်သည်။ ရွေး ကောက်ပွဲလုပ်ငန်းစဉ် သည် အများအားဖြင့် ရွေးကောက်ပွဲဥပဒေများ အသက်ဝင်ပုံ၊ ရွေး ကောက်ပွဲ မှတ်ပုံတင်ရေး၊ အမတ်လောင်းများ နှင့်/သို့မဟုတ် နိုင်ငံရေးပါတီများ သို့မဟုတ် အဆိုများကို စာရင်းရေးသွင်းခြင်းတို့ကို ပဏာမရွေးချယ်ခြင်း၊ မဲဆွယ်ခြင်း၊ မဲပေးခြင်း၊ မဲရေခြင်းနှင့် မဲစီစဉ်ခြင်းများ၊ ရွေးကောက်ပွဲ ပဋိပက္ခများဖြေရှင်းခြင်းနှင့် ရလဒ်များကို ကြေ ငြာခြင်း |
| ရွေးကောက်ပွဲ မှတ်ပုံတင်စာရင်း | မဲပေးရန်အတွက် အရည်အသွေးပြည့်မီသောသူများကို မှတ်ပုံတင်ထားသည့် စာရင်းဖြစ် သည်။ အချို့သော နိုင်ငံများတွင် ထိုအရာကို မဲဆန္ဒရှင်စာရင်း သို့မဟုတ် မဲဆန္ဒရှင် လူ အရေအတွက်မှတ်တမ်းဟု ခေါ်ကြသည်။ |
| ရွေးကောက်ပွဲ စည်းမျဉ်း စည်းကမ်းများ | ဥပဒေပြုချက်များအား အထောက်အကူဖြစ်စေရန်အတွက် ရေးဆွဲထားသော စည်းမျဉ်း စည်းကမ်းများဖြစ်ပြီး အများအားဖြင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန(EMB) သို့မဟုတ် EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) တည်ရှိသော ဝန်ကြီးဌာနမှထုတ်ပြန်ပြီး ရွေးကောက်ပွဲ ဥပဒေအတွင်းတွင်ရထားသော အာဏာနှင့် လုပ်ပိုင်ခွင့်များအရာ ၄င်းသည် ရွေးကောက်ပွဲများ လုပ်ဆောင်ခြင်းနှင့် စီမံကြီးကြပ်ရေးတို့ကို အုပ်စိုးလေသည်။ |
| မဲဆန္ဒရှင် လူအရေအတွက် မှတ်တမ်း | ရွေးကောက်ပွဲ မှတ်ပုံတင်စာရင်း ကိုကြည့်ပါ |
| ရွေးကောက်ပွဲ စနစ် | မဲဆန္ဒရှင်များကို ဆန္ဒမဲထည့်ဝင်စေသောပြီးနောက်ထိုမဲများကို ရေတွက်ကာ လွှတ်တော် အတွင်းတွင် အမတ်နှင့်ပါတီများကို နေရာများပေးသော စည်းမျဉ်းစည်းကမ်းနှင့် လုပ်ဆောင် ချက် အစုအဝေး |
| ရွေးကောက်ပွဲ ခုံရုံး | ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများတွင်ဖြစ်သော အငြင်းအခုံများကို ကြားနာရန်အတွက် တာဝန် ရှိသော တရားစီရင်ရေး သို့မဟုတ် အဖွဲ့အစည်းဖြစ်သည်။ လက်တင်အမေရိကတွင် ထိုကဲ့ သို့သော ဌာနမျိုးကို ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာနဟုပင် ခေါ်ကြသည်။ ရွေးကောက်ပွဲ တရားရုံးတွင်ကြည့်ပါ |
| အီလက်ထရွန်းနစ် စနစ်ဖြင့် မဲပေးခြင်း | အီလက်ထရွန်းနစ် စနစ်ဖြင့် မဲပေးသော မည်သည့် နည်းလမ်းကိုမဆိုဆိုလိုပြီး အီလက်ထရွန်း နစ် စက်များဖြင့်မဲပေးခြင်း၊ အင်တာနက်၊ တယ်လီဖုန်း၊ မိုဘိုင်းဖုန်း သို့မဟုတ် ဒီဂျစ်တယ် ရုပ်မြင်သံကြားတို့ အသုံးပြုပြီး မဲပေးခြင်းပါပါဝင်သည်။ အများအားဖြင့် e-voting ဟုလည်း ခေါ်သည်။ |

| | |
|---|---|
| အကဲဖြတ်ခြင်း | အဖွဲ့အစည်းတစ်ခု၏ ဗျူဟာပိုင်းဆိုင်ရာ ရည်ရွယ်ချက်သည် ပါဝင်ပတ်သက်သူများ၏လိုအပ်ချက်၊ စီးပွားရေး၊ ထိရောက်မှု၊ အလုပ်တွင်မှုနှင့် အဖွဲ့အစည်းနှင့် ၎င်း၏ ဥပဒေမူဘောင်များသည် ထိုလိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ သက်ဆိုင်မှုကို လွတ်လပ်စွာ သုံးသပ်ခြင်းဖြစ်သည်။ |
| ကျွမ်းကျင်သူ အခြေစိုက် EMB | ရွေးကောက်ပွဲစီမံခန့်ခွဲရေးတွင် လွတ်လပ်သော သို့မဟုတ် အရောပုံစံအောက်တွင်ရှိသော လွတ်လပ်သည့် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေး ဌာန) ဖြစ်ပြီး ထိုဌာနတွင်ရှိသော အဖွဲ့ဝင်များမှာ ၎င်းတို့၏ ကျွမ်းကျင်မှု ဂုဏ်သတင်း သို့မဟုတ် ၎င်းတို့၏ အသိုင်းအဝိုင်းအတွင်းရှိ ရပ်တည်မှု တို့ကြောင့် ရွေးချယ်ခြင်းခံထားရခြင်းဖြစ်သည်။ ပါတီစွဲကင်းသော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) ဟုလည်းခေါ်သည်။ |
| အပြင်းပိုင်ဆိုင်ရာ တာဝန်ခံနိုင်မှု | ထိုလိုအပ်ချက်များနှင့်/သို့မဟုတ် နည်းလမ်းများသည် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) များအနေနှင့် ပြင်ပ ပါဝင်ပတ်သက်သူများ သို့မဟုတ် အခြေခံဥပဒေဆိုင်ရာ အာဏာပိုင်တစ်ဦးကို အစီရင်ခံရာတွင် သုံးလေသည်။ |
| ပြင်ပစာရင်း စစ်ခြင်း | အဖွဲ့အစည်း၏ ပြင်ပတွင်ရှိသော လွတ်လပ်သော ပုဂ္ဂိုလ် သို့မဟုတ်ဌာနမှ အဖွဲ့အစည်း၏ ဘဏ္ဍာရေးမှတ်တမ်း သို့မဟုတ် လုပ်ငန်းပိုင်းဆိုင်ရာလှုပ်ရှားမှုများကို စာရင်းစစ်ခြင်းဖြစ်သည်။ |
| ပြည်ပမှ မဲပေးခြင်း | တိုင်းပြည်အတွင်းမှ ယာယီသို့မဟုတ် အမြဲတမ်းထွက်ခွါသွားရသောသူ တို့အား မဲပေးခွင့်ရှိစေရန်အတွက် ပြုလုပ်ပေးသော ယန္တရားလုပ်ဆောင်ချက် ဖြစ်သည်။ နိုင်ငံပြင်ပမှ မဲပေးခြင်းဟုလည်းခေါ်သည်။ |
| ဘဏ္ဍာစာရင်းစစ် | EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန)၏ စာရင်းများကို ၎င်းတို့သည်တိတိကျကျထိန်းသိမ်းထားပါ၏လော၊ လက်ခံထားသော စာရင်းအင်း စံချိန်စံနှုန်းများနှင့် ဥပဒေနှင့် စည်းမျဉ်းပြဋ္ဌာန်းချက်တို့နှင့် ကိုက်ညီပါ၏လောကို လွတ်လပ်စွာစစ်ဆေးခြင်းဖြစ်သည်။ |
| ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ | ဥပဒေပြုချက်ကို အထောက်အကူဖြစ်စေရန်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများဖြစ်ပြီး ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာနမှ ဖန်တီးလျှင်ဖန်တီးမဟုတ်လျှင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးကို တာဝန်ယူသော ဘဏ္ဍာရေးစီမံခန့်ခွဲရေး ကိစ္စများကို အုပ်စိုးသော ဝန်ကြီးကဏ္ဍမှ ရေးဆွဲသည်။ |
| အချိန်ပြည့် တာဝန် ထမ်းဆောင်သော EMB | ၎င်း၏ အဖွဲ့ဝင်များ အားလုံး သို့မဟုတ် အကုန်လုံးနီးပါး ၎င်းတို့၏ တာဝန်ထမ်းဆောင်သက်အတွင်းအချိန်ပြည့်တာဝန်ထမ်းဆောင်သော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) |
| အထွေထွေ ရွေးကောက်ပွဲ | နိုင်ငံတော်အဆင့် ရွေးကောက်ခံလွှတ်တော်ထဲတွင် ရှိသမျှရာထူးနေရာများအားလုံးတစ်ပြိုင်နက်တည်း ဖြည့်တင်းရန်အတွက် ပြုလုပ်သော ရွေးကောက်ပွဲ |
| အစိုးရ စာရင်းစစ် ကိုယ်စားလှယ် အဖွဲ့ | ဘဏ္ဍာရေးငွေကြေး အဝင်အထွက်အား စောင့်ကြည့်ရန် ပြင်ပစာရင်းစစ်ခြင်း လုပ်ငန်းစဉ်ဆောင်ရွက်မှုကိုပြုလုပ်သော အစိုးရ ဌာနဖြစ်ပြီး အချို့သော ဖြစ်စဉ်များတွင် အခြားသော ပြည်သူ့ရေးရာဌာနများ၏ လုပ်ငန်းပိုင်းဆိုင်ရာ လှုပ်ရှားမှုများကို စစ်ဆေးခြင်းပြုလေသည်။ |
| ရွေးကောက်ပွဲ စီမံခန့်ခွဲရေး၏ အစိုးရပုံစံ | အတွင်းဝန်ကြီးဌာန နှင့်/သို့မဟုတ် မြို့အဆင့် အာဏာပိုင်များမှ ကဲ့သို့သော ဝန်ကြီးဌာနများမှ တစ်ဆင့် အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်က ရွေးကောက်ပွဲများကိုကျင်းပပြီး စီမံခန့်ခွဲနေသော ရွေးကောက်ပွဲ စီမံခန့်ခွဲရေး ပုံစံဖြစ်သည်။ |

| | |
|---|---|
| မိုးကုပ်စက်ဝိုင်း ဆက်သွယ်ရေး | အုပ်ချုပ်ပုံအဆင့်များတွင် အဆင့်တူသော အဖွဲ့အစည်းများ၏ မတူညီသော အစိတ်အပိုင်းများ အချင်းချင်း သတင်းအချက်အလက်၊ ဆက်သွယ်ရေး သို့မဟုတ် လမ်းညွှန်ချက်များ လက်ဆင့်ကမ်းခြင်း |
| နစ်စဉ်တိုးလာသောဘတ်ဂျက်ငွေ | အခြေခံဘတ်ဂျက်ငွေ ကိုကြည့်ပါ |
| တစ်သီးပုဂ္ဂလ | ရွေးကောက်ခံတစ်နေရာကို ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီတစ်ခုခုနှင့် သက်ဆိုင်ခြင်းမရှိသူ |
| ရွေးကောက်ပွဲစီမံခန့်ခွဲရေးအတွက် လွတ်လပ်သောပုံစံ | အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်မှ ကင်းလွတ်ပြီး ၎င်း၏ ကိုယ်ပိုင် ဘတ်ဂျက်ငွေကို ထိန်းချုပ်နိုင်ကာ အသင်းအဖွဲ့အနေနှင့်လည်း လွတ်လပ်ပြီးရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာနမှ ရွေးကောက်ပွဲများကို ကျင်းပစီမံခန့်ခွဲသော ရွေးကောက်ပွဲ စီမံခန့်ခွဲရေး ပုံစံ |
| သွယ်ဝိုက်ကျသင့်သောကုန်ကျစရိတ်များ | ကွဲပြားသော ကုန်ကျစရိတ်များ ကိုကြည့်ပါ |
| အသင်းအဖွဲ့ဆိုင်ရာ မှတ်ဉာဏ် | ကိုယ်စားလှယ်တာဝန်ထမ်းဆောင်သူများ စုစုပေါင်းကြီးကြီးမားမား ပြောင်းလဲသွားသော်လည်း သို့မဟုတ် အချိန်ကြာသွားသော်လည်းနားလည်တတ်ကျွမ်းမှု၊ ကျွမ်းကျင်မှုနှင့် မှတ်တမ်းများကို ထိန်းသိမ်းထားနိုင်ပြီး ရယူနိုင်ကာ ပြန်လည်အသုံးချနိုင်သော စွမ်းရည် |
| အရည်အသွေးကုန်ကျစရိတ် | ထိုကုန်ကျစရိတ်များသည် ပင်မကုန်ကျစရိတ်များအပြင်ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်ခုကို အန္တရာယ်ကင်း၊ သိက္ခာရှိ၊ အဂတိကင်းစင်ပြီး တန်းတူယှဉ်ပြိုင်နိုင်စေရန်အတွက် လိုအပ်လေသည်။၎င်းတို့သည် ပဋိပက္ခဖြစ်ပွားပြီး အသိုင်းအဝိုင်းများ သို့မဟုတ် ဒီမိုကရေစီ ရကာစနိုင်ငံများတွင် ပြုလုပ်သော ရွေးကောက်ပွဲများအတွက် အထူးသင့်တော်သည်။ |
| အတွင်းပိုင်းတာဝန်ခံနိုင်မှု | အဖွဲ့အစည်းတစ်ခုအတွင်းရှိ နိမ့်သောအဆင့်က ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြင့်သောအဆင့်များသို့ တာဝန်ခံရသောယန္တရား လုပ်ဆောင်ချက် |
| အတွင်းပိုင်းစိစစ်ခြင်း | အဖွဲ့အစည်းအတွင်းတွင် ထိန်းကျောင်းရန်အလို့ငှာ အဖွဲ့အစည်းကိုယ်စား သို့မဟုတ် အဖွဲ့အစည်းအားဖြင့် စိစစ်ခြင်းကိုလုပ်ဆောင်သည်။ အဖွဲ့အစည်းအတွင်းစိစစ်ရာတွင် တာဝန်ယူသောယူနစ်ကို ဖော်ညွှန်းရာတွင်လည်း အသုံးပြုသည်။ |
| အပြည်ပြည်ဆိုင်ရာ လေ့လာစောင့်ကြည့်သူများ | နိုင်ငံခြားတိုင်းပြည်များရှိ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များပြုလုပ်ပုံသို့မဟုတ် ပြင်ဆင်ပုံတို့ကို လေ့လာစောင့်ကြည့်ပြီး သုံးသပ်ရန်အတွက် လုပ်ပိုင်ခွင့်နှင့် ထောက်ခံချက်ရထားသော အစိုးရ သို့မဟုတ် ပညာရှင်ဌာန၊ အသင်း၊ နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၏ ကိုယ်စားလှယ်ဖြစ်သည်။ လေ့လာစောင့်ကြည့်သူ ကြည့်ပါ။ |
| တရားစီရင်ရေး | အဖွဲ့အစည်းတစ်ခု၏ ဆုံးဖြတ်ချက်ပြုနိုင်စွမ်း၊ ချမှတ်နိုင်စွမ်းနှင့်လက်တွေ့အကောင်အထည်ဖော်ရေး အာဏာဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်ပထဝီဝင်ဆိုင်ရာ ပမာဏဖြစ်သည်။ |
| ဥပဒေ မူဘောင် | ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်ကို လွှမ်းမိုးရန်အတွက် အဓိပ္ပာယ်ဖွင့်ဆိုထားသော ဥပဒေတည်ဆောက်မှုပုံစံ စုစည်းမှုဖြစ်သည်။ အဓိကပါဝင်သော အရာများမှာ အခြေခံဖွဲ့စည်းပုံပြဋ္ဌာန်းချက်များ၊ ရွေးကောက်ပွဲ ဥပဒေများ၊ အခြားသော နိုင်ငံရေးပါတီဆိုင်ရာဥပဒေနှင့် ဥပဒေပြုရေးဌာနများအတွက် တည်ဆောက်ထားသော ဥပဒေများကဲ့သို့သော ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို သက်ရောက်သော အခြားသော ဥပဒေပြုချက်များအထောက်အကူပြု ရွေးကောက်ပွဲစည်းမျဉ်းများနှင့် စည်းကမ်းများနှင့်လုပ်ဆောင်ပုံ လုပ်ဆောင်နည်းတို့ဖြစ်ကြသည်။ |

| | |
|---|---|
| အပြန်အလှန်ဆက်နွယ်ရေး ဝန်ကြီးဌာန | လွတ်လပ်သော သို့မဟုတ် ပုံစံအရောအောက်တွင်ရှိသော လွတ်လပ်သော EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန)အတွက် EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) အနေနှင့် ၎င်း၏ ထင်မြင်ချက်များကို လွှဲပြောင်းပေးနိုင်ပြီး အစိုးရကို ကိုယ်စားလှယ်များစေလွှတ်နိုင်သော ထိုကဲ့သို့အပြန်အလှန်ပြုနိုင်သော အစိုးရ ဝန်ကြီးဌာနဖြစ်သည်။ |
| အချိုးကျ ကိုယ်စားပြုမှု စာရင်း (PR) | ရွေးကောက်ပွဲ ခရိုင်တစ်ခုအတွက်ပါဝင်သော ပါတီတစ်ခုစီသို့မဟုတ်အုပ်စုတစ်စုစီက ယှဉ်ပြိုင်သူများစာရင်းကို တင်ပြသောစနစ်ဖြစ်သည်။ မဲဆန္ဒရှင်များက ပါတီတစ်ခုစာအတွက် မဲပေးပြီး ပါတီများသည်လည်း ၎င်းတို့ရရှိသော မဲများအားလုံးစုစုပေါင်းရရှိသည့် အချိုးအလိုက် ရာထူးနေရာများကိုရရှိကြလေသည်။ အနိုင်ရရှိသော ယှဉ်ပြိုင်သူများကို စာရင်းများထဲမှ ယူခြင်းဖြစ်လေသည်။ အများအားဖြင့် "စာရင်း PR" ဟု ခေါ်ကြလေသည်။ ကွဲပြားလေ့ရှိသော အခြားအရာများမှာ "စာရင်းပိတ် PR" တည်းဟူသော မဲဆန္ဒရှင်များအနေနှင့် ပါတီတစ်ခု သို့မဟုတ် အုပ်စုတစ်စုကိုသာ မဲပေးပိုင်ခွင့်ရှိသော စနစ်နှင့် "စာရင်းဖွင့် PR" ဟုခေါ်သောမဲဆန္ဒရှင်များအနေနှင့်၎င်းတို့ပါတီတစ်ခုနှင့်တစ်ခုမည်သည်ကိုပိုကြိုက်သည်ကို ပြသနိုင်ပြီး တစ်ခါတစ်ရံတွင် ထိုပါတီ သို့မဟုတ် အုပ်စုအတွင်းမှဝင်ရောက်ယှဉ်ပြိုင်သူများအတွက်ပါဖော်ပြနိုင်လေသည်။ အချိုးကျ ကိုယ်စားပြုမှုစနစ် ကိုကြည့်ပါ |
| မြို့အဆင့် အာဏာပိုင် | ခရိုင်၊ ဒေသ သို့မဟုတ် ထိုအဆင့်နှင့် တန်းတူသည်ထက် နိမ့်ကျသောအစိုးရ၏ အုပ်ချုပ်ရေးနှင့်/သို့မဟုတ် ဥပဒေပြုရေးအတွက် တည်ထောင်ထားသော ဌာန |
| အဆင့်နိမ့် EMB | မည်သည့် နိုင်ငံတွင်း အဆင့်မဆိုတွင် ဖွဲ့စည်းထားသော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) ဥပမာအားဖြင့် စီရင်စု၊ ဒေသ၊ ခရိုင်ကွန်မြူ အစရှိသည်ဖြင့် |
| EMB အဖွဲ့ဝင် | ရွေးကောက်ပွဲများကို ညွှန်ကြားသော လုပ်ဆောင်သော ၊ EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) ၏ အာဏာနှင့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်သော ဌာနသို့မဟုတ် ကော်မတီတစ်ခုအတွက် တာဝန်ထမ်းဆောင်ရန် ရွေးကောက်ခံထားရသော သို့မဟုတ် ခန့်အပ်ခြင်းခံထားရသောသူ |
| ရွေးကောက်ပွဲ စီမံခန့်ခွဲရေး အတွက် ပုံစံအရော | စနစ်နှစ်မျိုးနှင့် တည်ဆောက်ထားသော ရွေးကောက်ပွဲ စီမံခန့်ခွဲရေးပုံစံ (၁) အစိုးရ၏အုပ်ချုပ်ရေး မဏ္ဍိုင်အောက်မှ ကင်းလွတ်သော မူဝါဒ၊ စောင့်ကြည့်လေ့လာရေးနှင့် ကြီးကြပ်ရေး EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) (ဥပမာ- လွတ်လပ်သော ပုံစံ EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန))နှင့် ပြည်နယ်ဌာနနှင့်/သို့မဟုတ် မြို့အဆင့် အစိုးရအတွင်းတွင် ရှိနေသော လက်တွေ့အကောင်အထည်ဖော်ရေး EMB(ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) (ဥပမာ- အစိုးရပုံစံ EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) ) |
| အဖွဲ့ဝင်အများ ပါသော ခရိုင် | လွှတ်တော် သို့မဟုတ် ရွေးကောက်ခံဌာနသို့ ကိုယ်စားလှယ်တစ်ဦးနှင့်အထက် ရွေးကောက်ခြင်း ခံထားရသော ရွေးကောက်ပွဲခရိုင် |
| ပါတီစုံ အခြေစိုက် EMB | နိုင်ငံရေးပါတီများမှ ရွေးကောက်ခြင်းခံထားရေသော အဖွဲ့ဝင်များပါနေသည့် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) |
| အမျိုးသား ရွေးကောက်ပွဲ ကော်မရှင် | တိုင်းပြည်တစ်ပြည်လုံးရှိ နယ်မြေအားလုံးအပေါ်တွင် အာဏာရှိသော ပုံစံအရော သို့မဟုတ် လွတ်လပ်သော ပုံစံ၏ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုပုံစံအောက်ရှိ လွတ်လပ်သော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)အားပေးသော ခေါင်းစဉ်တစ်ခု |
| လိုအပ်ချက်များကို သုံးသပ်ခြင်း | အဖွဲ့အစည်းတစ်ခုက ၎င်း၏ လက်ရှိ စီမံခန့်ခွဲမှု ၊ လုပ်နိုင်စွမ်းနှင့် ရင်းမြစ်များ၊ ဘဏ္ဍာငွေများ၊ နည်းပညာနှင့် လူ့စွမ်းအားများသည် ၎င်း၏ လုပ်ရှားမှုများကို ကျင်းပနိုင်ပြီး ပြုလုပ်နိုင်သောကြောင့် စစ်ဆေးခြင်းပြုသကဲ့သို့ အသင်းအဖွဲ့ဆိုင်ရာ တာရှည်ခံနိုင်မှုကို စစ်ဆေးသော နည်းလမ်းတစ်ခုဖြစ်သည်။ |

| | |
|---|---|
| ရွေးချယ်ရေး အာဏာပိုင် | ယှဉ်ပြိုင်သူတစ်ဦး သို့မဟုတ် အများကို ရွေးကောက်ပွဲများ၊ ရွေးချယ်ခြင်းများ သို့မဟုတ် အခြားဌာနတစ်ခု သို့မဟုတ် ရာထူးတစ်ခုအတွက် ခန့်အပ်ခြင်းခံရရန် ပို့ဆောင်သော ဌာန |
| ပါတီစွဲကင်းသော EMB | ပါတီစွဲကင်းသော EMB တွင်ကြည့်ပါ |
| ပါတီစွဲမကင်းသော အဖွဲ့ဝင် | EMBတစ်ခုသို့နိုင်ငံရေးပါတီတစ်ခု၏ကိုယ်စားလှယ်အပြင်အခြားသောအရာအတွက်ခန့်အပ်ခြင်းခံထားသော EMB အဖွဲ့ဝင် |
| စောင့်ကြည့်လေ့ လာသူ | ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ လုပ်ဆောင်ချက်များအားကြည့်ရှုပြီး သုံးသပ်ရန် ထောက်ခံချက်ရထားသော်လည်း ဝင်ရောက်စွက်ဖက်ခြင်း မရှိသောသူ။ နိုင်ငံသား စောင့်ကြည့်လေ့လာသူနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူ တို့ကို ကြည့်ပါ |
| စာရင်းအဖွင့် | မဲဆန္ဒရှင်များနေနှင့် နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် အုပ်စုတစ်ခုနှင့်တစ်ခု မည်သူ့ကို ပိုနှစ်သက်ကြောင်းကို ပြသနိုင်ပြီး တစ်ခါတစ်ရံတွင်ထိုထက်ပိုပြီးထိုပါတီ သို့မဟုတ် အုပ်စုများမှ တင်ပြထားသော စာရင်းအတွင်းထဲရှိ ဝင်ရောက်ယှဉ်ပြိုင်သူများကိုပါ ရွေးချယ်ပြသ ခြင်းပြုနိုင်သော အချိုးကျကိုယ်စားလှယ်ပြုခြင်း စာရင်းပုံစံ |
| လုပ်ငန်းဆိုင်ရာ စီမံကိန်း | အဖွဲ့အစည်း၏ ဗျူဟာစီမံကိန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက် လုပ်ဆောင်ရန် လိုအပ်သော အရာများအတွက် တာဝန်များနှင့် အချိန်ဇယားများကို ရှင်းလင်းပြသထားသော စီမံကိန်း |
| ကြီးကြပ်ရေးဌာန | ရွေးကောက်ပွဲ လုပ်ငန်းစဉ်သည် ဥပဒေမူဘောင်၏ ပြဋ္ဌာန်းချက်များနှင့်အညီမှန်ကန်စွာ လုပ်ဆောင်ထားခြင်းခံရပါသည်ဟု ပြသရန်အတွက် တာဝန်ပေးအပ်ခြင်း ခံထားရသောဌာန |
| စာရွက်စာတမ်း စာရင်းစစ် လမ်းကြောင်း | မှတ်တမ်းများကို အီလက်ထရွန်းနစ်ပုံစံတစ်ခုတည်းဖြင့် သိပ်သိမ်းလေ့သိမ်းထ မရှိဘဲပုံနှိပ်စာရွက်အနေနှင့် သို့မဟုတ် ရေးသားထားသောပုံစံဖြင့် သိမ်းထားသောစာရင်း စစ်လမ်းကြောင်း ဖြစ်သည်။ |
| အချိန်ပိုင်း EMB | ၎င်းတို့၏ အဖွဲ့ဝင်များတာဝန်ထမ်းဆောင်နေစဉ် အားလုံး သို့မဟုတ် အများစုကအချိန်ပိုင်းတာဝန် ထမ်းဆောင်သော EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) |
| ပါတီသင်္ကေတ | ရွေးကောက်ပွဲ ဥပဒေနှင့်အညီ ယှဉ်ပြိုင်သူ သို့မဟုတ် နိုင်ငံရေးပါတီအား ချမှတ်ပေးထားသော ပုံသဏ္ဍာန် သို့မဟုတ် လက္ခဏာ အမှတ်သင်္ကေတ |
| စွမ်းဆောင်ရည် တာဝန်ခံနိုင်မှု | အဖွဲ့အစည်းတစ်ခုအနေနှင့် ၎င်း၏ ဗျူဟာရည်ရွယ်ချက်များနှင့် ပါဝင်ပတ်သက်သူများ၏ လိုအပ်ချက်များကို ပြည့်ဝနိုင်စေရေးပေါ်မူတည်ပြီး တိုးတက်မှုကို အတွင်းနှင့် အပြင်တွက်ချက်ရာတွင် သုံးသော နည်းလမ်းများ |
| စွမ်းဆောင်ရည် စာရင်းစစ်ခြင်း | EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ ဥပဒေနှင့် စည်းမျဉ်းဆိုင်ရာ မူဘောင်များအတွင်းရှိ ၎င်း၏ ဗျူဟာရည်ရွယ်ချက်များနှင့် စီးပွားရေးအရ၊ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၏ ထိရောက်မှုနှင့် အလုပ်တွင်မှု၊ လုပ်ဆောင်ချက်များနှင့် ဘဏ္ဍာငွေထောက်ပံ့ရေးများကို နောက်ကြောင်းပြန် သုံးသပ်ခြင်း |
| စွမ်းဆောင်ရည် အကဲဖြတ်ခြင်း | ဝန်ထမ်း၏ စွမ်းဆောင်ရည်ဖြင့် အဖွဲ့အစည်းအား ပေါင်းထည့်ထားသောတန်ဖိုး၏ မျှော်မှန်းထားသော အတိုင်းအတာနှင့် ချိန်ထိုးပြီး လုပ်ငန်းအပေါ်ကိုအာရုံစိုက် သုံးသပ်ခြင်း |
| စွမ်းဆောင်ရည် စံနှုန်းများ | ၎င်းတို့မည်သို့လုပ်မှုရမည်ဟူသည်ကို မရှင်းပြထားပဲရရှိရမည့်လိုအပ်ချက် အတိုင်းအတာများကို ဖော်ပြထားခြင်း |

| | |
|---|---|
| ပုံသေခန့်အပ် EMB | ရွေးကောက်ပွဲရှိစဉ်ကာလနှင့် တစ်ခုနှင့်တစ်ခုကြား ရွေးကောက်ပွဲ လည်ပတ်စဉ်တစ်ခုလုံး အတွင်း အစအဆုံးတည်ရှိနေပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စများကို ကိုင်တွယ်ဖြေရှင်းသော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) |
| နိုင်ငံရေးပါတီ အခြေစိုက် EMB | ပါတီစုံအခြေစိုက် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)တွင်ကြည့်ပါ |
| နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း | ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေ သို့မဟုတ် စည်းမျဉ်းဆိုင်ရာ လိုအပ်ချက်များနှင့်ကိုက်ညီပြီး ရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်သူများကို ရွေးချယ်ခြင်းကိုအဆိုတင်သွင်းခြင်း ကဲ့သို့သော အခွင့်ထူးများအတွက် အရည်အသွေးပြည့်မီနိုင်သော နိုင်ငံရေးပါတီများ၏ စာရင်းများကို စုစည်းခြင်း |
| မဲရုံဌာန | မဲဆန္ဒရှင်များအား မဲပေးရန်အတွက် မဲရုံတစ်ရုံတည်းတွင် စေလွှတ်ထားသောနေရာ |
| မဲရုံအရာရှိ | မဲပေးရမည့်နေ့တွင်မဲရုံအား စီမံကြီးကြပ်ရေးတွင် ပါဝင်သော ဝန်ထမ်းအဖွဲ့ဝင်။မဲရုံအရာရှိများသည် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းဖြစ်ချင်မှ ဖြစ်လိမ့်မည်။ |
| မဲရုံ | မဲရုံ အရာရှိများ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော မဲပေးရန်အတွက် ထောင်ထားသော နေရာများဖြစ်သည်။ |
| စာတိုက်မှ မဲပေးခြင်း | မဲဆန္ဒရှင်အနေနှင့် သူ၏ လျှို့ဝှက်မဲစာရွက်ကို ဖြည့်စွက်ပြီးနောက် ရွေးကောက်ပွဲ လုပ်ဆောင်ရန်အတွက် ခန့်အပ်ထားသော အရာရှိထံသို့စာတိုက်မှ တစ်ဆင့်ပို့ခြင်းဖြင့် မဲပေးသော ယန္တရားဖြစ်သည်။ |
| ရွေးကောက်ပွဲ အပြီး အကဲဖြတ် သုံးသပ်ချက် | ရွေးကောက်ပွဲ လုပ်ငန်းစဉ်အား သို့မဟုတ် လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအား ရွေးကောက်ပွဲကာလပြီးသွားချိန်တွင် နောက်ပြန်စစ်ပြီး အကဲဖြတ်ခြင်း |
| ရွေးကောက်ပွဲ အပြီး ကာလ | စာရင်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ပြုလုပ်နေပြီးဖြစ်သော ဥပဒေပြုခြင်းစည်းမျဉ်းသတ်မှတ်ခြင်းနှင့် ကြီးကြပ်စီမံရေးတို့ကို ပြန်လည်ပြုပြင်နေပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်နေပြီးဖြစ်သော ရွေးကောက်ပွဲ လည်ပတ်ပုံ၏အပိုင်းသုံးပိုင်းထဲမှ တစ်ပိုင်းဖြစ်သည်။ |
| အကူးအပြောင်း ကာလအပြီး ရွေးကောက်ပွဲ | ရွေးကောက်ပွဲများအတွင်းတွင် ဒီမိုကရေစီဆန်သော ပြိုင်ဆိုင်မှုကိုစတင်ရန် (သို့မဟုတ် ပြန်လည်စတင်ရန်) သတ်မှတ်ထားသော အစပိုင်းရွေးကောက်ပွဲအပြီးတွင် ဥပမာအားဖြင့် အာဏာရှင်စနစ် သို့မဟုတ် ပြည်တွင်းစစ်အပြီးတွင်လာသော ကာလ၌ နိုင်ငံတစ်နိုင်ငံအတွင်းတွင် ဒုတိယမြောက်ရွေးကောက်ပွဲအဖြစ်ကျင်းပသော ရွေးကောက်ပွဲမျိုးဖြစ်သည်။ |
| ရွေးကောက်ပွဲ မတိုင်မီကာလများ | ရွေးကောက်ပွဲ လည်ပတ်ပုံ ကာလသုံးပိုင်းမှ တစ်ပိုင်းဖြစ်ပြီး ရွေးကောက်ပွဲကျင်းပရန်အတွက် စီမံကိန်းချခြင်းနှင့် ပြင်ဆင်ခြင်းတို့လုပ်ပြီး၊ ဥပဒေနှင့်လုပ်ငန်းစဉ်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို စစ်ဆေးသော ကာလဖြစ်သည်။ |
| အဓိက ရွေးကောက်ပွဲ | နောင်လာမည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအတွက်နိုင်ငံရေးပါတီ တစ်ခုမှငှင်းဘက်မှ ပါဝင်ယှဉ်ပြိုင်မည့်သူကို ရွေးချယ်သော အများပြည်သူဆိုင်ရာရွေးကောက်ပွဲတစ်ခု |
| အချိုးကျ ကိုယ်စားပြု စနစ် | ရွေးကောက်ခံဌာနတစ်ခုအတွင်းရှိ နေရာများအတွက် ပါတီသို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ အလုံးစုံသော မဲများကို တွက်ချက်ပြန်ဆိုပြီး အချိုးအလိုက်နေရာခွဲဝေပေးသော စည်းမျဉ်းပေါ်တွင် အခြေပြုထားသည့် ရွေးကောက်ပွဲစနစ် အနွယ်ဝင် ။ အချိုးကျ ကိုယ်စားလှယ်ပြုခြင်း စာရင်း တွင်ကြည့်ပါ |

| | |
|---|---|
| ပြည်သူ့ဝန်ထမ်း | တိုင်းပြည်တစ်ပြည်၏ ဘဏ္ဍာတိုက်မှ ပင်မဘဏ္ဍာငွေ ထောက်ပံ့ထားသော မည်သည့် အဖွဲ့အစည်းမဆို၏ ဝန်ထမ်းကို ဆိုလိုသည်။ |
| မဲအများစု သတ်မှတ်ချက် | ၅၀ ရာခိုင်နှုန်းကို ၁ ရာခိုင်နှုန်းကျော်သော မဲရာနှုန်းအချိုး (ဥပမာ- သုံးပုံနှစ်ပုံ သို့မဟုတ် လေးပုံ သုံးပုံ) ဖြစ်ပြီး အချို့သောအဆိုများ အတည်ပြုချမှတ်ပေးနိုင်ရန်အတွက် လိုအပ်လေသည်။ |
| ရာထူးပြန်လည် ရုပ်သိမ်းခြင်း | ပြည်သူအတိုင်းအတာတစ်ရပ်ထိကို ရွေးကောက်ခံ ပြည်သူ့ရုံးဌာန တာဝန်ထမ်းဆောင်နေသူကိုသူ၏ တာဝန်ထမ်းဆောင်သက် မပြည့်သေးချိန်တွင် ရုံးမှ ထုတ်ပယ်ရန်အတွက် မဲဆန္ဒရှင်တို့၏ ဆန္ဒမဲကို တောင်းခံနိုင်စေသောတိုက်ရိုက်သက်ရောက်စေသော ဒီမိုကရေစီ လုပ်ဆောင်ချက် |
| ဆန္ဒခံယူပွဲ | အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက် သို့မဟုတ် ဥပဒေ မူကြမ်းကဲ့သို့သော ပြည်သူ့မူဝါဒဆိုင်ရာ ကိစ္စများတွင် မဲဆန္ဒရှင်၏ မဲပါဝင်သောတိုက်ရိုက်အကျိုးသက်ရောက်သော ဒီမိုကရေစီ လုပ်ဆောင်ချက်။ ထိုမဲ၏ရလဒ်သည် မဖြစ်မနေလိုက်နာရန် သို့မဟုတ် တိုင်ပင်ဆွေးနွေးရန် လိုအပ်သည်။ |
| ဒေသဆိုင်ရာ EMB | နိုင်ငံ လက်အောက်ခံ အဆင့်များတွင်ရှိသော ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန |
| နိုင်ငံရေးပါတီများ နှင့် ယှဉ်ပြိုင်သူများ ကို မှတ်ပုံတင်ခြင်း | သတ်မှတ်ထားသော လိုအပ်ချက်များနှင့်ကိုက်ညီသော နိုင်ငံရေးပါတီများနှင့်ယှဉ်ပြိုင်သူများထံမှ ရွေးကောက်ပွဲတွင် ဝင်ရောက်ပါဝင်ရန်အတွက် လျှောက်လွှာများကို လက်ခံခြင်း |
| မဲဆန္ဒရှင်များကို လက်ခံခြင်း | မဲပေးပိုင်ခွင့်ရှိသော သူများနှင့် အခြားသော သက်ဆိုင်ရာသတင်းအချက်အလက်များကို မှတ်ပုံတင်စာရင်း သို့မဟုတ် မဲဆန္ဒရှင်များစာရင်းထဲသို့ အမည်စာရင်းများ ထည့်သွင်းခြင်း |
| ရွေးချယ်ရေး လုပ်ငန်း | EMB(ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ ဝန်ထမ်း သို့မဟုတ် အဖွဲ့ဝင်အဖြစ်ခန့်အပ်ခံ ရန် ယှဉ်ပြိုင်မည့်သူသည် လိုအပ်သော အရည်အချင်းများနှင့်ပြည့်မီကြောင်း အတည်ပြုနိုင်ရန် စစ်ဆေးရသော လုပ်ငန်းစဉ် |
| ဒုတိယအဆင့် ဥပဒေပြုခြင်း | အထောက်အကူပြုစည်းမျဉ်းစည်းကမ်းများ |
| အတွင်းဝန်ရုံး | ရွေးကောက်ပွဲစီမံခန့်ခွဲမှု ပုံစံအရောနှင့် လွတ်လပ်သောပုံစံရှိ မူဝါဒရေးဆွဲရေး EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) အဖွဲ့ဝင်အဆင့်အောက်တွင်ရှိသော အဖွဲ့တစ်ခုဖြစ်ပြီး မူဝါဒ အကောင်အထည်ဖော်ရေးအတွက် တာဝန်ရှိသော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) အရာရှိများပါဝင်သည်။ အစိုးရပုံစံတွင် အထွေထွေအတွင်းရေးမှူးဌာနသည် အများအားဖြင့် EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) ၏ တစ်ခုတည်းသော ပါဝင်သော အရာဖြစ်ပြီး အချို့သော မူဝါဒချမှတ်ရေးဆိုင်ရာ တာဝန်များလည်း ရှိနိုင်လေသည်။ |
| အတွင်းရေးမှူးချုပ် | EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ အဖွဲ့ဝင်ဖြစ်ချင်မှ ဖြစ်လိမ့်မည်ဖြစ်သော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)အထွေထွေအတွင်းရေးမှူးဌာန၏ ဥက္ကဋ္ဌကို သုံးနှုန်းသော စကားဖြစ်သည်။ |
| ရာထူးသက်တမ်း လုံခြုံမှု | EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ အဖွဲ့ဝင်များနှင့်/သို့မဟုတ် ဝန်ထမ်းများကို အကြောင်းပြချက်မရှိဘဲ၊ လုပ်ငန်းစဉ်နှင့် မသက်ဆိုင်ဘဲ ထုတ်ပယ်ခြင်း သို့မဟုတ် စာချုပ် သို့မဟုတ် အလုပ်ခန့်အပ်မှုတွင်ပါသော လိုက်နာရမည့် အချက်များနှင့် အခြေအနေများကို ကပြောင်းကပြန်ပြောင်းလဲလိုက်ခြင်းမျိုးကိုကာကွယ်သော ဥပဒေဆိုင်ရာ လုပ်ဆောင်ချက် |

| | |
|---|---|
| ရွေးချယ်ခြင်း လုပ်ငန်းစဉ် | EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ အဖွဲ့ဝင် သို့မဟုတ် အထွေထွေအတွင်းရေးမှူးဌာန ဝန်ထမ်းအဖြစ် ခန့်အပ်ရန် နှင့်/သို့ ဝန်ထမ်းအဖြစ် ခေါ်ယူရန်အတွက် ယန္တရား ၊ လုပ်ငန်းစဉ်နှင့် အခြေအနေများ |
| သာမန် လူများစု | ရွေးကောက်ပွဲတစ်ခုတွင် အနိုင်ရသော ယှဉ်ပြိုင်သူ (သို့မဟုတ် တိုက်ရိုက်အကျိုးသက်ရောက်စေသော ဒီမိုကရေစီဆိုင်ရာ လုပ်ဆောင်ချက်ဆိုင်ရာတွင်အနိုင်ရသော ရွေးချယ်မှု)သည် ပေးထားသော တရားဝင်မဲ အများဆုံးရထားကြောင်း တောင်းခံသည့် လူအများစု၏ တောင်းဆိုချက် |
| အဖွဲ့ဝင် တစ်ဦး ပါ ခရိုင် | လွှတ်တော် သို့မဟုတ် ရွေးကောက်ထံ ဌာနသို့ အဖွဲ့ဝင်တစ်ဦး သာ ရွေးကောက်ခံရသော ရွေးကောက်ပွဲ ခရိုင် |
| အဖွဲ့ဝင် တစ်ဦး ပါ EMB | EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ တာဝန်များကို အကောင်အထည်ဖော်ရန်အတွက် တာဝန်ရှိပြီး အာဏာရှိသော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)ကို ဥပဒေမူဘောင်က လူတစ်ဦး တည်းကို ပေးအပ်ထားခြင်း |
| အထူးမဲပေးခြင်း | ၎င်းတို့မဲပေးရန် မှတ်ပုံတင်စာရင်းပေးထားသော မဲရုံသို့ လာရန်အခက်အခဲရှိသောသို့မဟုတ် မဲပေးခြင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်း မပြုလုပ်နိုင်သော မဲဆန္ဒရှင်များအတွက် လုပ်ဆောင်စဉ်များနှင့် တာဝန်များ |
| အပိုင်းခွဲ၍ အဖွဲ့ဝင် ခန့်အပ်ခြင်း | EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) အဖွဲ့ဝင်များကို တပြိုင်တည်း ခန့်အပ်ခြင်းမပြုသကဲ့သို့ ၎င်းတို့တာဝန်ထမ်းဆောင်သက်ကိုလည်း တပြိုင်တည်း မပြီးဆုံးစေသော စနစ်ဖြစ်ပြီး အများအားဖြင့် EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)၏ လုပ်ငန်းစဉ်များတွင်စဉ်ဆက်မပြတ်ရေး ကို ဖြစ်ပေါ်စေရန် လုပ်လေ့ရှိသည်။ |
| ပါဝင်ပတ်သက်သူများ | အဖွဲ့အစည်း၏ လုပ်ငန်းစဉ်များအတွက် အကျိုးအမြတ် သို့မဟုတ် "ရင်းနှီးမြှုပ်နှံ" ထားသည်တို့ရှိနေသော လူတစ်ဦးတစ်ယောက်၊ အဖွဲ့များနှင့် ဌာနများ နှင့်/သို့မဟုတ် အဖွဲ့အစည်း၏ လုပ်ရှားပုံများ၊ မူဝါဒများနှင့် ကျင့်ထုံးများကို သက်ရောက်သော သို့မဟုတ် သက်ရောက်ခြင်းကို ခံစားရသော သူများ |
| ကျင့်သုံးစည်းမျဉ်း | ၎င်း၏ ဌာနအတွင်းပိုင်း တည်ဆောက်ပုံနှင့် လုပ်ငန်းစဉ်များကိုစည်းမျဉ်းသတ်မှတ်ရန် အတွက် အဖွဲ့အစည်းတစ်ခုမှ ကျင့်သုံးသော စည်းမျဉ်းများ |
| State | ပြည်ထောင်စု အခြေခံဥပဒေတွင်မူ ထိုအရာသည် တိုင်းပြည်တစ်ပြည်၏ နိုင်ငံလက်အောက်ခံ အပိုင်းတစ်ပိုင်းကို ဆိုလိုခြင်းဖြစ်ပြီး နိုင်ငံအဆင့်ကိုကျော်လွန်သော ဌာနများ သို့မဟုတ် အစိုးရချင်းပူးပေါင်းလုပ်ဆောင်သောအဖွဲ့အစည်းများနှင့် သက်ဆိုင်သော အကြောင်းများတွင် အဖွဲ့ဝင် stateဟူသော စကားမှာ ထိုအဖွဲ့အစည်း သို့မဟုတ် ဌာနမှ အဖွဲ့ဝင်တစ်ဦးအဖြစ် အပြည့်အဝ လက်ခံထားသော နိုင်ငံတစ်နိုင်ငံကို ဆိုလိုခြင်းဖြစ်သည်။ |
| မဟာဗျူဟာ | ၎င်း၏ တည်ဆောက်ပုံနှင့် ဘတ်ဂျက်ငွေများ လာသောလမ်းကြောင်းကိုပြရန်အတွက် ၎င်း၏ ထင်မြင်ချက်များ၊ လုပ်ငန်းအစီအစဉ်များ၊ တန်ဖိုးများ၊ဦးစားပေးအချက်များနှင့် ဦးတည်ချက်များကို ပြသရန် အဖွဲ့အစည်းတို့ သုံးသော စာရွက်စာတမ်း |
| အကူ EMB | တိုင်းပြည်တစ်ပြည်တွင်လုပ်သော ရွေးကောက်ပွဲများအား ကျင်းပပေးရာတွင်တာဝန်ရှိသော အဓိကသို့မဟုတ် ပင်မ ဌာနမဟုတ်သော EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန) ဖြစ်ပြီး ပင်မ EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)ကို ထောက်ပံ့ပြီး ရွေးကောက်ပွဲတာဝန်များကို မြို့အဆင့်နှင့် ဒေသဆိုင်ရာတို့တွင်ပင်မ EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)ကို အထောက်အကူပြုလေသည်။ |

| | |
|---|---|
| အကူစည်းမျဉ်းများ | ဥပဒေမှ မည်သည့်ဥပဒေကို မည်သို့မည်ပုံ အကောင်အထည်ဖော်ရမည်ဟူ၍ အသေးစိတ် ပြဌာန်းထားသော အာဏာသက်ရောက်စေခွင့်ရှိပြီး အတူတကွယှည်တွဲတည်ရှိသော စည်းကမ်းများ |
| အဖွဲ့အစည်း | သဘောတူညီချက်စာချုပ်ဖြင့် နိုင်ငံအများမှ တည်ထောင်ထားသော အဖွဲ့အစည်းဖြစ်ပြီး အာဏာကို လွှတ်လပ်သော ခန့်အပ်ထားသည့်အရာရှိတစ်ယောက်က ကိုင်တွယ် သို့မဟုတ် ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်များ သို့မဟုတ် ပြည်သူများမှ ရွေးကောက်သော ကိုယ်စားလှယ်များမှ ကိုင်တွယ်ရလေသည်။ |
| မဲစီစဉ်ခြင်း | ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင် ပေးထားသော မဲများအားရေတွက်ရာမှ ရလာသော ရလဒ်များအား စုပေါင်းခြင်း လုပ်ငန်းစဉ်။ ရလဒ်များကို ရောနှောခြင်းဟုလည်း သိကြသည်။ |
| တာဝန်များကို စစ်ဆေးခြင်း | အချိန်နှင့် အရည်အသွေးကဲ့သို့သော လိုအပ်သော အတိုင်းအတာများနှင့် ကိုက်ညီစေရန် လိုအပ်သောတာဝန်ကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော ရင်းမြစ်များကို ခွဲခြမ်းစိတ်ဖြာခြင်း |
| ယာယီ EMB | အများအားဖြင့် ရွေးကောက်ပွဲကာလကဲ့သို့ အတိအကျ သတ်မှတ်ထားသော အကန့်အသတ်ရှိသည့် ကာလအတွင်းသာ တည်ရှိသော EMB |
| လုပ်ငန်း ကာလ | အဖွဲ့အစည်းတစ်ခု၏ အဖွဲ့တစ်ယောက် ၎င်းတို့အား ရွေးကောက်ပြီးချိန် သို့မဟုတ် ခန့်အပ်ပြီးချိန်မှစကာ တာဝန်ထမ်းဆောင်သော ကာလ |
| အပြောင်းအလဲ ကာလ EMB | အကူးအပြောင်းကာလ ရွေးကောက်ပွဲကျင်းပရန် ယာယီတည်ထောင်ထားသော EMB (ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန)။ ၎င်းသည်လည်း ကုလသမဂ္ဂကဲ့သို့ နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကူအညီဖြင့် ပုံမှန်အားဖြင့် တည်ထောင်ထားလေ့ရှိသည်။ ပြီးနောက်တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များကို ထည့်သွင်း သို့မဟုတ် ပညာရှင်များပါဝင်ကောင်း ပါဝင်လေ့ရှိသည်။ |
| စုပေါင်းရံပုံငွေ | အလှူရှင်တစ်ဦးတစ်ယောက်ချင်းစီမှ လှူဒါန်းသော ထောက်ပံ့မှုများကို ရံပုံငွေအဖြစ်တစ်နေရာတည်း စုထားသော ယန္တရားဖြစ်စဉ်မျိုးဖြစ်ပြီး၊ ဥပဒေသဘောတူညီချက်နှင့် ထိန်းသိမ်းထားခြင်းဖြစ်ပြီး ပြင်ပ အဖွဲ့အစည်းတစ်ခုမှ ကြီးကြပ်ခြင်းဖြစ်သည် (ဥပမာ- UNDP (ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ)) ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား အထောက်အပံ့ပေးရာတွင် အသုံးပြုရန်ဖြစ်သည်။ |
| အထက်အောက် ဆက်သွယ်ရေး | သတင်းအချက်အလက်၊ ဆက်သွယ်မှုများ သို့မဟုတ် သတင်းအချက်အလက်များကို အဖွဲ့အစည်းတစ်ခုတွင် နှစ်ခုနှင့် နှစ်ခုထက်ပိုသော အဆင့်ဆင့်အုပ်ချုပ်ပုံတို့တွင် ဆင်းချည်တက်ချည် ဖြတ်သန်းစေခြင်းဖြစ်သည်။ |
| မဲဆန္ဒရှင် | ရွေးကောက်ပွဲ သို့မဟုတ် တိုက်ရိုက်အကျိုးသက်ရောက်စေသော ဒီမိုကရေစီ လုပ်ဆောင်ချက်များတွင် မဲပေးသောသူ |
| မဲဆန္ဒရှင် အသိပညာပေးရေး | လူများကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် အထူးသဖြင့် မဲဆန္ဒရှင် အသိပညာပေးရေး၊ မဲပေးခြင်းနှင့် အခြားသော ရွေးကောက်ပွဲလုပ်ငန်းစဉ်ရှိ အခြားသော အရာများအတွက် လုပ်ငန်းစဉ်များကို သိရှိအောင် လုပ်ပေးရသော လုပ်ငန်းစဉ် |
| မဲဆန္ဒရှင်များကို သတင်းအချက် အလက်များ ပေးခြင်း | မဲဆန္ဒရှင်များအား ရွေးကောက်ပွဲ လုပ်ငန်းစဉ်အကြောင်းအချိန်မှန်မှန်နှင့် သက်ဆိုင်ရာ မှန်ကန်သော သတင်းအချက်အလက်များကိုပေးရန် ချိန်ရွယ်ထားသော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ပေးရေးကို အထူးအာရုံစိုက်ထားသော ရေတိုအစီအစဉ် |

| | |
|---|---|
| မဲဆန္ဒရှင် မှတ်ပုံတင် ကတ် | ရွေးကောက်ပွဲ ပြဋ္ဌာန်းဥပဒေနှင့်အညီ မဲဆန္ဒရှင်ဖြစ် မှတ်ပုံတင်ထားသောသူအားသက်သေပြနိုင်ရန်အတွက် ထုတ်ပေးထားသော ကတ် |
| မဲဆန္ဒရှင်များ စာရင်း | မဲဆန္ဒရှင်များစာရင်း ကိုကြည့်ပါ |
| သုညအခြေပြု ဘတ်ဂျက်ငွေ | အဖွဲ့အစည်းတစ်ခု၏ ဘဏ္ဍာငွေ ထောက်ပံ့ရမည့် ကာလတစ်ခုချင်းစီကိုအရှင်းအတိုင်းထားပြီး ထိုကာလ အတွင်း စီမံကိန်းချထားသော ရလဒ်များရနိုင်ရန် လိုအပ်သည့်ဘဏ္ဍာငွေကို တွက်ချက်သော ဘတ်ဂျက်တွက်ချက်ရေး နည်းလမ်းဖြစ်သည်။ အခြေခံဘတ်ဂျက်ငွေ တွင်လည်း ကြည့်ပါ။ |

## နောက်ဆက်တွဲ - ဂ

# ရည်ညွှန်းကိုးကားစာစုများ


ACE Electoral Knowledge Network, <http://www.aceproject.org>

Association of Asian Election Authorities (AAEA) General Assembly, 'Transparency in Election Management, 2005', (Taipei: AAEA, 2005)

Beramendi, Virginia et al., *Direct Democracy: The International IDEA Handbook* (Stockholm: International IDEA, 2008)

Bibler, Sarah, Mohan, Vasu and Ryan, Katie, *Gender Equality & Election Management Bodies: A Best Practices Guide* (Washington, DC: IFES, 2014)

Birch, Sarah, 'Electoral Institutions and Popular Confidence in Electoral Processes: A Cross-National Analysis.' *Electoral Studies* 27, no. 2 (2008): 305–20

— *Electoral Malpractice,* Oxford University Press, 2011

Bland, Gary, Green, Andrew and Moore,Toby, 'Measuring the Quality of Election Administration', *Democratization* 20, no. 2 (2013), pp. 358–77

Boda, Michael D. (ed.), 'Revisiting Free and Fair Elections: An International Round Table on Election Standards Organized by the Inter-Parliamentary Union, Geneva, November 2004', (Geneva: IPU, 2005) available at <http://www.ipu.org/PDF/publications/ffelections_en.pdf>

BRIDGE Building Resources in Democracy, Governance and Elections, available at <http://www.bridge-project.org/>

Dahlerup, Drude et al., *Atlas of Gender Quotas,* (Stockholm, International IDEA/Inter-Parliamentary Union/Stockholm University, 2014)

Debrah, Emmanuel, 'Measuring Governance Institutions' Success in Ghana: The Case of the Electoral Commission, 1993–2008', *African Studies* 70, no. 1 (2011), pp. 25–45

Dundas, Carl W., *The Lag of 21st Century Democratic Elections: In the African Union Member States* (Bloomington: Author House, 2012)

Council of Europe, *Supervising Electoral Processes,* (Strasbourg: Council of Europe, 2010)

Electoral Institute of Southern Africa (EISA), 'Promoting Principles for Election Management, Monitoring, and Observation in the SADC Region: As adopted on 6 November 2003 at the Kopanong Hotel and Conference Centre, Benoni, Johannesburg' (Johannesburg: EISA, 2004), available at <http://www.eisa.org.za/PDF/pemmo.pdf>

Elklit, Jørgen, 'Electoral Institutional Change and Democratization: You Can Lead a Horse to Water, But You Can't Make It Drink', *Democratization*, 6/4 (winter 1999/2000), pp. 28–51

— and Reynolds, Andrew, 'Analysing the Impact of Election Administration on Democratic Politics', *Representation*, 38/1 (2001), pp. 3–10

— and Reynolds, Andrew, 'Judging Elections and Election Management Quality by Process', *Representation*, 41/3 (2005), pp. 189–207

— and Reynolds, Andrew, 'The Impact of Election Administration on the Legitimacy of Emerging Democracies: A New Research Agenda', Working Paper no. 281, Kellogg Institute, Notre Dame, Ind., 2000

Ellis, Andrew, Gratschew, Maria, Pammet, Jon H. and Thiessen, Erin, *Engaging the Electorate: Intiatives to Promote Voter Turnout From Around the Word* (Stockholm: International IDEA, 2006)

— and Navarro, Carlos, Morales, Isabel, Gratschew, Maria and Braun, Nadja, *Voting from Abroad: The International IDEA Handbook* (Stockholm: International IDEA, 2007)

Elmendorf, Christopher S., 'Election Commissions and Electoral Reform: An Overview' , *Election Law Journal* 5, no. 4 (2006), pp. 425–46

Ernst & Ernst, *Election Administration, Volume I: Planning Elections* (Washington, DC: National Clearinghouse on Election Administration, 1979)

— *Election Administration, Volume II: Managing Elections* (Washington, DC: National Clearinghouse on Election Administration, 1979)

— *Election Administration, Volume III: Costing Elections* (Washington, DC: National Clearinghouse on Election Administration, 1979)

Gazibo, Mamoudou, 'The Forging of Institutional Autonomy: A Comparative Study of Electoral Management Commissions in Africa', *Canadian Journal of Political Science* 39, no. 03 (2006), pp. 611–33

International IDEA, *Electoral Management during Transition: Challenges and Opportunities* (Stockholm: International IDEA, 2012)

— *The Use of Open Source Technology in Elections* (Stockholm: International IDEA, 2014)

James, Toby S., 'Electoral Modernisation or Elite Statecraft: Electoral Administration in the United Kingdom 1997–2007', *British Politics* 5, no. 2 (2010), pp. 179–201

— 'Fewer Costs, More Votes? United Kingdom Innovations in Election Administration 2000–2007 and the Effect on Voter Turnout', *Election Law Journal* 10, no. 1 (2011), pp. 37–52

Kelly, Norm, *Directions in Australian Electoral Reform: Professionalism and Partisanship in Electoral Management* (Canberra: ANU E Press, 2012)

— 'The Independence of Electoral Management Bodies: The Australian Experience', *Political Science* 59, no. 2 (2007), pp. 17–32

Lijphart, Arend, 'Advances in the Comparative Study of Electoral Systems', *World Politics,* XXXVI/3 (1984), pp. 424–36

López Pintor, Rafael, *Electoral Management Bodies as Institutions of Governance* (New York: UNDP, 2000), available at <http://www.undp.org/governance/docs/Elections-Pub-EMBbook.pdf>

Makulilo, Alexander Boniface, 'Independent Electoral Commission in Tanzania: A False Debate?', *Representation* 45, no. 4 (2009), pp. 435–53

McMillan, Alistair, 'The Election Commission of India and the Regulation and Administration of Electoral Politics', *Election Law Journal* 11, no. 2 (2012), pp. 187–201

Merloe, Patrick, *Democratic Elections: Human Rights, Public Confidence and the 'Level Playing Field'* (Washington, DC: National Democratic Institute for International Affairs, 1997)

Mozaffar, Shaheen, 'Patterns of Electoral Governance in Africa's Emerging Democracies', *International Political Science Review,* 23/1 (2002), pp. 85–101

Neufeld, Harry, 'Computerizing Electoral Administration: Part One', *Elections Today,* May 1995, pp. 18–21

— 'Computerizing Electoral Administration: Part Two', *Elections Today,* October 1995, pp. 22–23

Norris, Pippa, Frank, Richard W., and Martinez i Coma, Ferran, *Advancing Electoral Integrity* (Oxford: Oxford University Press, 2014)

Okello, Edward Odhiambo, 'Guaranteeing the Independence of Election Management Bodies in Africa: A Study of the Electoral Commissions of Kenya and South Africa' , Faculty of Law, University of Ghana, 2006, available at <http://www.repository.up.ac.za/handle/2263/1227>

Open Society Initiative for West Africa (OSIWA), *Election Management Bodies in West Africa: A Comparative Study of the Contribution of Electoral Commissions to the Strengthen* (Dakar: OSIWA, 2011)

Orozco-Henríquez, Jesús, et al., *Electoral Justice: The International IDEA Handbook* (Stockholm: International IDEA, 2010)

Pastor, Robert A., 'A Brief History of Election Commissions', in A. Schedler, L. Diamond and M. F. Plattner (eds), *The Self-Restraining State* (Boulder, CO: Lynne Rienner, 1999)

Reynolds, Andrew, Reilly, Ben and Ellis, Andrew, *Electoral System Design: The New International IDEA Handbook* (Stockholm: International IDEA, 2005), available at <http://www.idea.int/publications/catalogue/electoral-system-design-new-international-idea-handbook?lang=en>

Rosas, Guillermo., 'Trust in Elections and the Institutional Design of Electoral Authorities: Evidence from Latin America', *Electoral Studies* 29, no. 1 (March 2010), pp. 74–90

Spinelli, Antonio, *Strategic Planning for Effective Electoral Management: A Practical Guide for Electoral Management Bodies to Conduct a Strategic Planning Exercise* (Washington DC: IFES, 2011), available at <http://www.ifes.org/~/media/Files/Publications/Books/2011/Strategic_Planning_Guide_2011.pdf>

Struwig, Jare, Roberts, Simon and Vivier, Elsa, 'A Vote of Confidence: Election Management and Public Perceptions Electoral Processes in South Africa', *Journal of Public Administration: Special Issue 1* 46 (2011), pp. 1122–38

Tokaji, Daniel P., 'The Future of Election Reform: From Rules to Institutions', *Yale Law & Policy Review,* 2009, pp. 125–54

Tuccinardi, Domenico, et al., *International Obligations for Elections: Guidelines for Legal Frameworks* (Stock holm: International IDEA, 2014)

United Nations Development Programme (UNDP), *Getting to the Core: A Global Survey on the Cost of Registration and Elections* (New York: UNDP Bureau for Development Policy; IFES, Center for Transitional and Post-Conflict Governance, 2005), available at <http://content.undp.org/go/cms-service/stream/asset/?asset_id=472992>

Van Aaken, Anne, 'Independent Electoral Management Bodies and International Election Observer Missions: Any Impact on the Observed Level of Democracy? A Conceptual Framework', *Constitutional Political Economy* 20, no. 3–4 (2009), pp. 296–322 (2009)

နောက်ဆက်တွဲ - ဃ

# ရွေးကောက်ပွဲစီမံခန့်ခွဲရေးဆိုင်ရာ အင်တာနက်လိပ်စာများနှင့် လူမှုကွန်ယက် ဝက်ဘ်ဆိုက်များ

| Country | Website |
|---|---|
| **Afghanistan** | www.iec.org.af |
| **Albania** | www.cec.org.al |
| **Algeria** | www.interieur.gov.dz/Dynamics/frmCategories.aspx?htmls=13&s=23 |
| **American Samoa** | www.americansamoaelectionoffice.org |
| **Andorra** | www.eleccions.ad |
| **Angola** | www.cne.ao |
| **Anguilla** | www.gov.ai/elections |
| **Antigua and Barbuda** | www.abec.gov.ag |
| **Argentina** | www.pjn.gov.ar |
| **Armenia** | www.elections.am |
| **Aruba** | www.overheid.aw/index.asp?nmoduleid=19&wgid=6&spagetype=21&nPageID=6002031&nCMSPageType=1 |
| **Australia** | www.aec.gov.au |
| **Austria** | www.bmi.gv.at/cms/bmi_wahlen |
| **Azerbaijan** | www.cec.gov.az |
| **Bahrain** | www.bahrain.gov.bh |
| **Bangladesh** | www.ecs.gov.bd |
| **Barbados** | www.electoral.barbados.gov.bb |

ထိုစာရင်းထဲတွင်ပြထားသော ဝဘ်ဆိုက်များနှင့် လူမှုမီဒီယာစနစ်များသည် အလုပ်လုပ်ကြောင်းကို ဇူလိုင်လ ၂၀၁၄ ခုနှစ်က စမ်းသပ်ခဲ့ပါသည်။ ထိုအရာသည် တတ်နိုင်သမျှတော့စုံလင်နိုင်သော်လည်း ယနေ့တိုင် အလုပ်လုပ်နေသော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) ဝဘ်ဆိုက်များအားလုံးပါဝင်ရန် အာမ မခံပါ။ အစိုးရ သို့မဟုတ် ပုံစံအရောအနှောင်တွင် ရှိသော EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန)များအတွက်မူ စာရင်းထဲတွင် ရွေးကောက်ပွဲနှင့်ပတ်သက်သော အရှင်းလင်းဆုံး linl များကိုပေးသော အစိုးရ ဝဘ်ဆိုက်များ၏ စာမျက်နှာများကို ဖော်ပြထားပါသည်။ ထိုစာရင်းထဲတွင် ရွေးကောက်ပွဲစီမံကြီးကြပ်ရေးနှင့်ပတ်သက်ပြီး အချက်အလက်များပါဝင်သော အခြားသော အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ဌာနများမှ ဝဘ်ဆိုက်များ မပါဝင်ပါ

| Facebook | Twitter | YouTube |
|---|---|---|
| www.facebook.com/pages/Independent-Election-Commission-of-Afghanistan/346663142023192 | twitter.com/IECAfghanistan | www.youtube.com/user/ElectionAfghanistan |
| www.facebook.com/KomisioniQendroriZgjedhjeve | twitter.com/KQZ_ALBANIA | www.youtube.com/user/KQZALBANIA/videos |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| www.facebook.com/pages/Central-Electoral-Commission-of-the-Republic-of-Armenia/176066689121093 | | |
| www.facebook.com/pages/Conseho-Electoral-Aruba/165245133656977 | | |
| www.facebook.com/AustralianElectoralCommission?rf=124140624296232 | twitter.com/AusElectoralCom | www.youtube.com/aecgovau |
| | | |
| www.facebook.com/msk.gov.az | twitter.com/AzRes_MSK | www.youtube.com/user/TheCECaz?feature=plcp |
| www.facebook.com/egovbahrain | twitter.com/egovbahrain | www.youtube.com/egovbahrain |
| www.facebook.com/pages/Election-Commission-of-Bangladesh/34831783470 | | |

| Country | Website |
|---|---|
| **Belarus** | www.rec.gov.by |
| **Belgium** | www.ibz.rrn.fgov.be/index.php?id=33&L=0 |
| **Belize** | www.elections.gov.bz/ |
| **Bermuda** | www.elections.gov.bm |
| **Bhutan** | www.election-bhutan.org.bt |
| **Bolivia** | www.bolivia.gob.bo |
| **Botswana** | www.gov.bw/en/Ministries--Authorities/Ministries/Independent-Electoral-Commission-IEC |
| **Brazil** | www.tse.jus.br |
| **Brunei** | www.gov.bn/bm/Pages/default.aspx |
| **Bulgaria** | www.cik.bg |
| **Burkina Faso** | www.ceni.bf |
| **Burundi** | www.ceniburundi.bi |
| **Cambodia** | www.necelect.org.kh |
| **Cameroon** | www.elecam.cm |
| **Canada** | www.elections.ca |
| **Cape Verde** | www.dgape.cv |
| **Cayman Islands** | www.electionsoffice.ky |
| **Central African Republic** | www.commissionelectoraleindependantederca.sitew.com |
| **Chile** | www.tribunalcalificador.cl |
| **Colombia** | www.cne.gov.co/CNE |
| **Congo, Democratic Republic of the** | www.ceni.gouv.cd |
| **Costa Rica** | www.tse.go.cr |
| **Côte d'Ivoire** | www.ceici.org |
| **Croatia** | www.izbori.hr |
| **Cyprus** | www.moi.gov.cy |
| **Czech Republic** | www.volby.cz/index.htm |
| **Denmark** | www.elections.oim.dk |
| **Djibouti** | www.ceni.dj |
| **Dominica** | electoraloffice.gov.dm |

| Facebook | Twitter | YouTube |
|---|---|---|
| | | |
| | | |
| | | |
| | | |
| www.facebook.com/pages/Election-Commission-of-Bhutan/379655075433303 | twitter.com/electionbhutan/ | |
| | | |
| www.facebook.com/pages/Independent-Electoral-Commission/116929558378193 | | |
| | | |
| www.facebook.com/egnc.gov.bn | twitter.com/EGNCTweet | |
| www.facebook.com/cikbg | twitter.com/@cikbg | www.youtube.com/user/cikbulgaria/videos |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | twitter.com/TCEChile | |
| www.facebook.com/consejo.nacionalelectoral | twitter.com/CNE_COLOMBIA | |
| | | |
| www.facebook.com/TSECR | twitter.com/TSECostaRica | www.youtube.com/TSECostaRica |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

| Country | Website |
|---|---|
| **Dominican Republic** | www.jce.gob.do |
| **Ecuador** | www.cne.gob.ec |
| **Egypt** | www.elections.eg |
| **El Salvador** | www.tse.gob.sv |
| **Estonia** | www.vvk.ee |
| **Ethiopia** | www.electionethiopia.org |
| **Fiji** | www.electionsfiji.org |
| **Finland** | www.vaalit.fi |
| **France** | www.interieur.gouv.fr/Elections |
| **Gambia, The** | www.iec.gm |
| **Georgia** | www.cec.gov.ge |
| **Germany** | www.bundeswahlleiter.de |
| **Ghana** | www.ec.gov.gh |
| **Greece** | www.ypes.gr/en/Elections |
| **Guatemala** | www.tse.org.gt |
| **Guernsey** | www.gov.gg/elections |
| **Guyana** | www.gecom.org.gy |
| **Honduras** | www.tse.hn |
| **Hungary** | www.valasztas.hu/en/ovi/index.html |
| **Iceland** | www.landskjor.is |
| **India** | www.eci.nic.in |
| **Indonesia** | www.kpu.go.id |
| **Iraq** | www.ihec.iq |
| **Ireland** | www.electionsireland.org |
| **Isle of Man** | www.iomelections.com |
| **Israel** | www.knesset.gov.il/elections17/eng/cec/CecIndex_eng.htm |
| **Italy** | www.elezioni.interno.it |
| **Jamaica** | www.eoj.com.jm/ |
| **Japan** | www.soumu.go.jp |

| Facebook | Twitter | YouTube |
|---|---|---|
| www.facebook.com/jcegobdo | twitter.com/juntacentral | www.youtube.com/videosjce |
| www.facebook.com/cnegobec | twitter.com/cnegobec | www.youtube.com/user/cneecuador |
| www.facebook.com/Elections.eg | twitter.com/EGElections | |
| www.facebook.com/tse.gob.sv | twitter.com/tse_sv | www.youtube.com/user/ tsecomunicaciones |
| www.facebook.com/valimiskomisjon | twitter.com/valimiskomisjon | |
| | | |
| | twitter.com/ElectionsFiji | |
| www.facebook.com/vaalit.fi | | |
| www.facebook.com/ministere.interieur | twitter.com/Place_Beauvau | |
| | | |
| www.facebook.com/ CentralElectionCommissionOfGeorgia | | www.youtube.com/user/CeCGeorgia |
| | | |
| www.facebook.com/#!/ECGOVGH | twitter.com/ECGhana | www.youtube.com/user/GhanaEC |
| | | |
| | | |
| | twitter.com/Govgg | |
| | | |
| www.facebook.com/pages/ Tribunal-Supremo-Electoral- Honduras/128781813825137 | twitter.com/tsehonduras | www.youtube.com/user/ tsehonduras |
| www.facebook.com/elsovalaszto2014 | | |
| | | |
| | | |
| https://www.facebook.com/pages/KPU-Republik-Indonesia/137473109756643 | twitter.com/KPURI2014 | |
| www.facebook.com/ihec2013 | twitter.com/IHEC2013 | www.youtube.com/user/Theihec |
| | | |
| www.facebook.com/iomelections | twitter.com/iomelections | |
| | | |
| | | |
| www.facebook.com/electionsja | twitter.com/ecjamaica | www.youtube.com/electionsja |
| | | |

| Country | Website |
|---|---|
| **Jersey** | www.electoralcommission.je |
| **Jordan** | www.moi.gov.jo/tabid/110/default.aspx |
| **Kazakhstan** | election.kz |
| **Kenya** | iebc.or.ke |
| **South Korea** | www.nec.go.kr |
| **Kosovo** | www.kqz-ks.org |
| **Kyrgyzstan** | cec.shailoo.gov.kg |
| **Latvia** | web.cvk.lv |
| **Lebanon** | www.electionslb.com |
| **Lesotho** | www.iec.org.ls |
| **Liberia** | www.necliberia.org |
| **Libya** | www.hnec.ly |
| **Liechtenstein** | www.landtagswahlen.li |
| **Lithuania** | www.vrk.lt |
| **Luxembourg** | www.elections.public.lu |
| **Macedonia, Former Yugoslav Republic of** | www.sec.mk |
| **Madagascar** | www.ceni-madagascar.mg |
| **Malawi** | www.mec.org.mw |
| **Malaysia** | www.spr.gov.my |
| **Maldives** | www.elections.gov.mv |
| **Malta** | www.electoral.gov.mt |
| **Mauritius** | www.gov.mu/portal/site/eco |
| **Mexico** | www.ine.mx |
| **Moldova** | www.cec.md |
| **Mongolia** | www.gec.gov.mn |
| **Mozambique** | www.stae.org.mz |
| **Namibia** | www.ecn.na |
| **Nepal** | www.election.gov.np |

| Facebook | Twitter | YouTube |
|---|---|---|
| | | |
| | | |
| | | |
| www.facebook.com/IEBCpage | twitter.com/IEBCpage | www.youtube.com/user/IEBCpage |
| | twitter.com/KorElectionCom | |
| www.facebook.com/pages/Komisioni-Qendror-i-Zgjedhjeve/189786584428894 | twitter.com/KQZKosova | www.youtube.com/user/kqzkosova |
| | | |
| | twitter.com/CVK_zinas | |
| | | |
| | | |
| | | |
| | twitter.com/LibyaElections | www.youtube.com/user/LibyaElections |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| www.facebook.com/pages/Elections-Commission-of-Maldives/364238940329760 | | |
| | | |
| | | |
| www.facebook.com/INEMexico | twitter.com/INEMexico | www.youtube.com/ifetv |
| www.facebook.com/pages/Comisia-Electorala-Centrala-Moldova/123504584374934 | | www.youtube.com/user/TheCECmd?feature=mhee |
| | twitter.com/gecmongolia | www.youtube.com/gecmongolia |
| | | |
| www.facebook.com/pages/Electoral-Commission-of-Namibia/255670464471211 | | |
| | | |

| Country | Website |
|---|---|
| Netherlands | www.kiesraad.nl |
| New Zealand | www.elections.org.nz |
| Nicaragua | www.cse.gob.ni |
| Nigeria | www.inecnigeria.org |
| Norway | www.valg.no |
| Pakistan | www.ecp.gov.pk |
| Palestine | www.elections.ps |
| Panama | www.tribunal-electoral.gob.pa |
| Papua New Guinea | www.pngec.gov.pg |
| Paraguay | tsje.gov.py |
| Peru | www.jne.gob.pe |
| Philippines | www.comelec.gov.ph |
| Poland | pkw.gov.pl |
| Portugal | www.cne.pt |
| Puerto Rico | www.ceepur.org/es-pr |
| Romania | www.roaep.ro/en/index.php |
| Russia | cikrf.ru |
| Rwanda | www.comelena.gov.rw |
| Saint Lucia | www.electoral.gov.lc |
| Samoa | www.oec.gov.ws |
| San Marino | www.elezioni.sm |
| Senegal | www.interieur.gouv.sn |
| Serbia | www.rik.parlament.gov.rs |
| Seychelles | www.ecs.sc |
| Sierra Leone | www.nec-sierraleone.org |
| Singapore | www.eld.gov.sg |
| Slovakia | www.minv.sk |
| Slovenia | www.dvk-rs.si |
| South Africa | www.elections.org.za |
| Spain | www.juntaelectoralcentral.es |

| Facebook | Twitter | YouTube |
|---|---|---|
| | twitter.com/kiesraad | |
| www.facebook.com/IvoteNZ | | |
| | | |
| www.facebook.com/inecnigeria | | |
| | | |
| | | |
| www.facebook.com/CECPalestine | | www.youtube.com/CECPalestine |
| www.facebook.com/tepanama | mobile.twitter.com/tepanama | |
| | | |
| www.facebook.com/Justicia.Electoral.<br>Paraguay | twitter.com/tsjepy | www.youtube.com/justiciaelectoral |
| www.facebook.com/JNE.Peru | twitter.com/jne_peru | www.youtube.com/eleccionesperu |
| | | |
| | | |
| | | |
| www.facebook.com/CEEPuertoRico | twitter.com/ceepuertorico | www.youtube.com/ceedepuertorico |
| | | |
| | | |
| www.facebook.com/<br>NationalElectoralCommissionOfRwanda | twitter.com/necrwanda2 | |
| www.facebook.com/pages/Saint-Lucia-<br>Electoral-Department/109563472405045 | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | twitter.com/dvk_rs | |
| www.facebook.com/IECSouthAfrica | twitter.com/IECSouthAfrica | www.youtube.com/user/<br>IECSouthAfrica |
| | | |

| Country | Website |
|---|---|
| **Sri Lanka** | www.slelections.gov.lk |
| **Sudan** | nec.org.sd |
| **Sweden** | www.val.se |
| **Switzerland** | www.ch.ch/abstimmungen_und_wahlen/index.html?lang=en |
| **Taiwan** | engweb.cec.gov.tw |
| **Thailand** | www.ect.go.th |
| **Togo** | www.ceni-togo.org |
| **Tunisia** | www.isie.tn |
| **Turkey** | www.ysk.gov.tr |
| **Uganda** | www.ec.or.ug |
| **Ukraine** | www.cvk.gov.ua |
| **United Arab Emirates** | uaenec.ae |
| **United Kingdom** | www.electoralcommission.org.uk |
| **United States** | www.fec.gov |
| **Uruguay** | www.corteelectoral.gub.uy |
| **Uzbekistan** | elections.uz |
| **Venezuela** | www.cne.gov.ve |
| **Zambia** | www.elections.org.zm |
| **Zimbabwe** | www.zec.gov.zw |

| Facebook | Twitter | YouTube |
|---|---|---|
| | | |
| | | |
| | | |
| www.facebook.com/chchportal | twitter.com/ch_portal | www.youtube.com/chchportal |
| | | |
| | | |
| www.facebook.com/pages/CENI-TOGO/264536459556 | twitter.com/cenitogo | |
| www.facebook.com/isietn | twitter.com/isietn | www.youtube.com/user/isietn |
| | | |
| www.facebook.com/pages/Electoral-commission-Uganda/365803510149905 | twitter.com/ECUganda | |
| | | |
| | | |
| | twitter.com/electoralcommUK | |
| | | |
| | | |
| | | |
| | | |
| www.facebook.com/pages/Electoral-Commission-of-Zambia/130763663658535 | | |
| www.facebook.com/ZimbabweElectoralCommission | | |

## နောက်ဆက်တွဲ - င

# စာရေးဆရာများ အကြောင်း

**Helena Catt** သည် ရွေးကောက်ပွဲများအကြားတွင် ၂၈ နှစ်ခန့် ကိုယ်တိုင်ကိုယ်ကျပါဝင်သူ၊ ပညာရှင်နှင့် အတိုင်ပင်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၂၀၀၄-၂၀၀၉ ခုနှစ်အထိ သူသည် နယူးဇီလန် ရွေးကောက်ပွဲကော်မရှင်၏ အုပ်ချုပ်ရေးကော်မရှင် အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို အချိန်တွင် ရွေးကောက်ပွဲနှစ်ခုရှိပြီး ပါတဘာဏ္ဍာရေးဥပဒေပြုချက် အသစ်မိတ်ဆက်နေချိန်ဖြစ်သည်။ သူ့အနေနှင့် မဲဆန္ဒရှင်များနှင့် ပြည်သူများကို အသိပညာပေးရေးအား ကြီးကြပ်ခဲ့ပြီး ပါဝင်နိုင်ရေးကို အားပေးခဲ့သည်။ ထိုမတိုင်မီက သူသည် အ(က်)လန်းတက္ကသိုလ် နိုင်ငံရေးဌာနတွင် ပညာရှင်တစ်ယောက် ဖြစ်ပြီး နိူင်းရဒီမိုကရေစီ လုပ်ဆောင်ချက်များကိုသင်ကြားပြီး သုတေသနပြုလျက်ရှိသည်။ ၂၀၀၉ခုနှစ်တွင် သူသည်သူ၏ ဇာတိဖြစ်သည့် စကော့တလန်ကိုပြန်သွားပြီး အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ အတိုင်ပင်ခံ နှင့် BRIDGE (ဒီမိုကရေစီတွင်း၊အစိုးရအောက်နှင့် ရွေးကောက်ပွဲအတွင်း အရင်းအမြစ်များတည်ဆောက် ခြင်း) တာဝန်ထမ်းဆောင်သူတစ်ယောက်အဖြစ် လုပ်ဆောင်လျက်ရှိသည်။

**Andrew Ellis** သည် ဖောလ်မောက်သ် ဗြိတိန်တွင် ခြေစိုက်နေထိုင်သောအကြီးတန်းအပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ၊ အခြေခံဥပဒေနှင့် ဒီမိုကရေီတည်ဆောက်ခြင်းဆိုင်ရာ အတိုင်ပင်ခံဖြစ်သည်။ အပြည်ပြည် ဆိုင်ရာ IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေးအသင်း) မှ ၂၀၁၄ ခုနှစ် အစောပိုင်းတွင် အာရှနှင့် ပစိဖိတ်ကျွန်းနိုင်ငံများ ညွှန်ကြားရေးမှူး၊ လုပ်ငန်းဆိုင်ရာညွှန်ကြား ရေးမှူး၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၏ ဥက္ကဋ္ဌ အဖြစ်တာဝန်ထမ်းဆောင်နေရာမှ အငြိမ်းစားယူခဲ့ သည်။ သူသည် ၁၉၉၉မှ ၂၀၀၃ အထိ အင်ဒိုနီးရှားနိုင်ငံ NDI တွင် အကြီးတန်းအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ အခြေခံဥပဒေပြင်ဆင်ရေး၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် အာဏာခွဲဝေရေး ကိစ္စများအတွက် ဆောင်ရွက်ပေးခဲ့သည်။သူသည် IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေးအသင်း) လက်စွဲစာအုပ် Electoral System Design: The New International IDEA Handbook, Electoral Management Design Handbook, Direct Democracy ၏ ပူးတွဲ ရေးသားခဲ့သူလည်းဖြစ်ကာ အဖွဲ့အစည်းဆိုင်ရာမူဘောင် မေးခွန်းများနှင့် ပတ်သက်သော စာတမ်းအတော် များများကိုလည်း ရေးသားခဲ့ပြီးသည်။ အခြားသော အဓိကတာဝန်ကြီးများတွင်ဆိုလျှင်လည်း ၁၉၉၆ခုနှစ် တွင် ပါလက်စတိုင်း ရွေးကောက်ပွဲ ကော်မရှင်အတွက် နည်းပညာဆိုင်ရာ အကြံပေးရေးအရာချုပ်အနေနှင့် ၁၉၉၈ ကမ္ဘောဒီးယားရွေးကောက်ပွဲတွင် ဥရောပကော်မရှင်၏ရွေးကောက်ပွဲ အထောက်အပံ့ အစီအစဉ်များ ကို ရေးဆွဲပေးခဲ့ခြင်းတို့ပင်ဖြစ်သည်။ အန်ဒရူးသည် ဗြိတိန်လစ်ဘရယ်ပါတီ၏ ဒုဥက္ကဋ္ဌနှင့် အတွင်းရေးမှူး

ချုပ်ဟောင်း၊ ပါတီ၏ပထမအဆင့်ဖြစ်သော မြို့အဆင့်အာဏာပိုင်များအဖွဲ့၏ ခေါင်းဆောင်ဟောင်းနှင့် ပြီတိန် လစ်ဘရယ်ဒီမိုကရက်တို့၏ အုပ်ချုပ်ရေးမှူးလည်းဖြစ်သည်။

**Michael Maley** သည် ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင် (AEC) မှ အထူးအကြံပေး၊ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတကာဝန်ဆောင်မှုများ အတွက် တာဝန်ထမ်းဆောင်ခြင်းမှ နိဝင်ဘာလ ၂၀၁၂ ခုနှစ်တွင် အငြိမ်းစားယူခဲ့ခြင်းမပြုမီတွင် ရွေးကောက်ပွဲ ကြီးကြပ်စီမံရေးအရာရှိအဖြစ် နှစ် ၃၀ ခန့် ထမ်းဆောင်ခဲ့ပြီး ဖြစ်လေသည်။ သူသည် နိုင်ငံတကာတွင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး AEC (ဩစတြေးလျရွေးကောက်ပွဲကော်မရှင်) ၏ နိုင်ငံခြားရှိ တိုးတက်ရေးဆိုင်ရာ အစီအစဉ်များတွင် နှစ် ၂၀ ခန့်၊ ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ စောင့်ကြည့်လေ့လာရေး၊ ရွေးကောက်ပွဲ စစ်တမ်းနှင့် လိုအပ်ချက်များကို သုံးသပ်ရေးတာဝန်များကို နာမီးဘီးယား၊ ကမ္ဘောဒီးယား၊ တောင်အာဖရိက၊ တီမော-လက်စ်တီ၊ ဆာဟာရအနောက်ဖက်၊ ဆလာမိုးနီးယား အရှေ့ဘက်နှင့် လီဆိုဆိုအပါအဝင်နေရာများတွင် ထမ်းဆောင်ခဲ့သည်၊ ကုလသမဂ္ဂဌာနချုပ်တွင်လည်း အလုပ်လုပ်ခဲ့သည်၊ ဓနသဟာယ အထွေထွေအတွင်းရေးမှူးဌာနအတွက်၊ အပြည်ပြည်ဆိုင်ရာ IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေး အသင်း) နှင့် IFES (နိုင်ငံတကာရွေးကောက်ပွဲ စနစ်ဖောင်ဒေးရှင်း) နှင့် BRIDGE (ဒီမိုကရေစီတွင်း၊အစိုးရအောက်နှင့် ရွေးကောက်ပွဲအတွင်း အရင်းအမြစ်များတည်ဆောက်ခြင်း) ရွေးကောက်ပွဲဆိုင်ရာ စီမံကြီးကြပ်ရေး အရာရှိများ၏တိုးတက်ရေး သင်ရိုးအား စတင်ရေးတွင် ပါဝင်လုပ်ဆောင်ခဲ့သည်။

**Alan Wall** သည် စက်တင်ဘာလ ၃၀ ရက်မှ စတင်ပြီး ကိုဆိုဗိုနိုင်ငံ IFES (နိုင်ငံတကာ ရွေးကောက်ပွဲအထောက်အပံ့ပေးရေးဖောင်ဒေးရှင်း) ပါတီခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ရွေးကောက်ပွဲကြီးကြပ်စီမံရေးတွင်သာမက ဒီမိုကရေစီ အကြံပေးသူအဖြစ်ပါ နှစ် ၃၀ ခန့် တာဝန်ထမ်းဆောင်ခဲ့လေသည်။ ၁၉၈၅ မှ ၁၉၉၄ အထိ သူသည် ဩစတြေးလျ ရွေးကောက်ပွဲ ကော်မရှင်နှင့် ပူးပေါင်းပြီး စီမံခန့်ခွဲရေးရာထူးများကို တာဝန်ယူထမ်းဆောင်ခဲ့လေသည်။သူသည် အက်ဖဂါဘိုင်ဂျန်တွက် ၁၉၉၉/၂၀၀၀၊ အင်ဒိုနီးရှားတွင် ၂၀၀၀မှ ၂၀၀၄ အထိ နှင့် နီပေါတွင် ၂၀၁၀မှ ၂၀၁၃ အထိ နိုင်ငံအဆင့် ညွှန်ကြားရေးမှူးတာဝန်ကို IFES (နိုင်ငံတကာ ရွေးကောက်ပွဲ စနစ်ဖောင်ဒေးရှင်း) တွင် ထမ်းဆောင်ခဲ့သည်။ သူသည် ကုလသမဂ္ဂတွင် ဆလိုဗေးနီးယား အရှေ့ဘက်တွင် ၁၉၉၆နှင့် နိုင်ဂျီးရီးယားတွင် ၁၉၉၈ ခုနှစ်တို့၌ အကြီးတန်းရွေးကောက်ပွဲ အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ မြို့နယ်အစိုးရ ရွေးကောက်ပွဲများအတွက် တောင်အာဖရိက အစိုးရကို အကြံပေးအနေနှင့် ဆောင်ရွက်ခဲ့ပေးလေသည်။ ၂၀၀၅မှ ၂၀၀၉ ခုနှစ်အထိ အလန်သည် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီရေးရာတို့အတွက် အကြီးတန်းအကြံပေးပုဂ္ဂိုလ်အဖြစ်ရှိခဲ့ပြီး အင်ဒိုနီးရှားတွင် ၎င်းတို့၏ ရွေးကောက်ပွဲအထောက်အပံ့နှင့် အင်ဒိုနီးရှားနှင့် တီမော-လက်စ်တီတွင် ထင်မြင်ချက်များတောင်းခံသော မဲအစီအစဉ်တို့အတွက် ညွှန်ကြားခြင်းများပြုလုပ်ပေးခဲ့သည်။သူသည် ဘူတန်၊ အီရတ်၊ မာလာဝီ၊ မိုဇမ်ဘိဂ်၊ တောင်အာဖရိကနှင့် ယူကရိန်းတို့တွင် မဲဆန္ဒရှင်မှတ်ပုံတင်များ နှင့်/ သို့မဟုတ် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးစနစ်များအား စစ်ဆေးရေးကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

**Peter Wolf** သည် သူ မဲဆန္ဒရှင်မှတ်ပုံတင်ရေးနှင့် ရလဒ်ဒေတာဘေ့စ်နှင့်ဆိုင်သော လုပ်ငန်းများ လုပ်ကိုင်ခဲ့သော ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတွင် ရွေးကောက်ပွဲဌာန၏ OSCE (ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အသင်း) တာဝန်များကို ၁၉၉၉ ခုနှစ်တွင် စတင်လုပ်ဆောင်ကတည်းက ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ICT (သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ) အသုံးပြုခြင်းကို အာရုံစူးစိုက်ခဲ့ခြင်းဖြစ်သည်။ သူသည် အယ်လ်ဘေးနီးယား၊ ကွန်ဂိုနှင့် အီရတ် ဒီမိုကရက်တစ်

သမ္မတနိုင်ငံတို့ရှိ မဲဆန္ဒရှင် မှတ်ပုံတင်ရေးလုပ်ငန်းများ အတွက် အတိုင်းပင်ခံအဖြစ် လုပ်ဆောင်ခဲ့ပြီး နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးတာဝန် တော်တော်များများတွင်လည်းတာဝန်ထမ်းဆောင်ခဲ့လေသည်။ ပြင်သစ်၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ ဗင်နီဇွဲလားနှင့် ဖိလစ်ပိုင် တို့တွင် အီလက်ထရွန်းနစ်မဲပေးစနစ်အတွက် ကျွမ်းကျင်သူဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူ၏အလုပ်သည် ရွေးကောက်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေး အသင်း) အတွက် နည်းပညာပိုင်းဆိုင်ရာတို့တွင်လုပ်ရသောကြောင့် သူသည် နိုင်ငံရေး စာတမ်းတစ်စောင်ဖြစ်သော Introducing Electronic Voting: Essential Considerations ဟူသော စာတမ်းကို ရေးသားခဲ့သည်။ ပီတာသည် Telematik/ကွန်ပြူတာ အင်ဂျင်နီယာနှင့် ဆိုင်သော မာစတာဘွဲ့ကို ဩစတြီးယားနိုင်ငံ ဂရက်နည်းပညာတက္ကသိုလ်မှ ရရှိထားသည်။

## ဖြစ်ရပ်များလေ့လာခြင်း ရေးသားပြုစုသူများ

**Ileana Aguilar Olivares** သည် ကော့စတာရီကာ တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံနှင့် ပတ်သတ်လျှင် လိုင်စင်ရထားသောသူဖြစ်သည်။ သူသည် CAPEL နှင့် အပြည်ပြည်ဆိုင်ရာ IDEA(နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ အထောက်အပံ့ပေးရေးအသင်း) တို့၏ အစီအစဉ်ပိုင်းဆိုင်ရာ အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး လက်ရှိတွင် IFED ဟုခေါ်သော ရွေးကောက်ပွဲခုံရုံးချုပ်၏ ဒီမိုကရေစီ ဖွဲ့စည်းရေးနှင့် လေ့လာရေးအဖွဲ့တွင် နိုင်ငံတကာနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဥက္ကဌအဖြစ်လက်ရှိတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**Olufunto Akinduro** သည် တောင်အာဖရိက ဂျိုဟန်းစ်ဘာ့ဂ်တွင်ရှိသော အာဖရိကရှိ တာရှည်ခံဒီမိုကရေစီဆိုင်ရာ ရွေးကောက်ပွဲအဖွဲ့(EISA) တွင် ရွေးကောက်ပွဲနှင့် နိုင်ငံရေးလုပ်ငန်းစဉ် ဌာန ဥက္ကဌဖြစ်သည်။ သူသည် အဓိက ပါဝင်ပတ်သက်သူများဖြစ်သော ရွေးကောက်ပွဲကော်မရှင်များ၊ အမျိုးသားအရပ်ဖက်လူမှုအဖွဲ့အစည်းအုပ်စုများ၊ တိုက်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများအား ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ပါပါဝင်သော အဖွဲ့အစည်း၏ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော အစီအစဉ်များကို ကြီးကြပ်လေသည်။ သူ EISA (အာဖရိကရှိ တာရှည်ခံဒီမိုကရေစီဆိုင်ရာ ရွေးကောက်ပွဲအဖွဲ့)တွင် အလုပ်မလုပ်မီက နိုင်ဂျီးရီးယားတွင် ငါးနှစ်ခန့် ရွေးကောက်ပွဲနှင့် ဒီမိုကရေစီနယ်ပယ်တွင် လုပ်ကိုင်ခဲ့သည်။ ထိုကာလတွင်းလည်း သူသည် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ကွန်ယက် (ERN)၏ အထွေထွေအတွင်း ရေးမှူးဌာနကို စီမံခန့်ခွဲပေးခဲ့လေသည်။သူသည် အာဖရိက သမဂ္ဂ၏ အကူအညီဖြင့် အာဖရိကနိုင်ငံ အများအပြားနှင့် နိုင်ဂျီးရီးယားရှိ ရွေးကောက်ပွဲများကိုလည်း စောင့်ကြည့်လေ့လာခဲ့ကာ ECOWAS (အနောက်အာဖရိကပြည်နယ်များ၏ စီးပွားရေးဆိုင်ရာ အသိုင်းအဝိုင်း) နှင့် EISA (အာဖရိကရှိ တာရှည်ခံဒီမိုကရေစီဆိုင်ရာ ရွေးကောက်ပွဲအဖွဲ့) စောင့်ကြည့်လေ့လာသူအဖြစ်တာဝန်ရေးတို့တွင်လည်း ထမ်းဆောင်ခဲ့သည်။ သူသည် တိုးတက်မှုလေ့လာရေးတွင် မာစတာဘွဲ့ ရရှိထားပြီး အုပ်ချုပ်ရေးနှင့် ဒီမိုကရေစီတို့တွင် အထူးပြုသည်။ ပြီးနောက် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး ဘာသာရပ်တို့တွင်လည်း မာစတာဘွဲ့ရရှိထားသည်။

**Gabrielle Bardall** အကူးအပြောင်းနိုင်ငံများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အကူအညီပေးရာ၌ အတွေ့အကြုံ ဆယ်စုနှစ်တစ်ခုစာရှိသော ရွေးကောက်ပွဲ အထောက်အပံ့တွင် ကျွမ်းကျင်သူနှင့် ပညာရှင်တစ်ယောက်ဖြစ်သည်။ သူသည် နိုင်ငံပေါင်း ၂၀ နှင့် အထက်တွင် အလုပ်လုပ်ခဲ့ဖူးပြီး UNDP (ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ)၊ ကုလသမဂ္ဂ အမျိုးသမီးရေးရာ၊ DPKO၊ IFES( နိုင်ငံတကာ ရွေးကောက်ပွဲ အထောက်အပံ့ပေးရေး အဖွဲ့ချုပ်)၊ DRI၊ the Carter Centre နှင့် အခြားအပါအဝင် နိုင်ငံ

တကာ အဖွဲ့အစည်းလည်း အလုပ်လုပ်ခဲ့သည်။ ဂေဘရီယယ်သည် မွန်ထရီယယ်ရှိ မက်ဂေးလ် တက္ကသိုလ်မှ ဘီအေဘွဲ့ရရှိထားပြီး သူမ၏ ပညာရပ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုများကြောင့် Institut d'Etudes Politiques de Paris မှမာစတာဘွဲ့ရရှိ ထားလေသည်။ဂေဘရီယယ်သည် လက်ရှိတွင် မွန်ထရီယယ် တက္ကသိုလ်၌ ရွေးကောက်ပွဲ အကြမ်းဖက်မှုနှင့် ဒီမိုကရေစီကူးပြောင်းရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် သူ၏ ပီအိတ်ချ်ဒီဘွဲ့ကို ရယူရန် ကြိုးပမ်းလျက်ရှိသည်။သူသည် ၂၀၁၂ Trudeau ပညာသင်ဆု ရရှိထားသူဖြစ်ပြီး BRIDGE (ဒီမိုကရေစီတွင်း၊ အစိုးရအောက်နှင့် ရွေးကောက်ပွဲအတွင်း အရင်းအမြစ်များတည်ဆောက်ခြင်း) တာဝန်ထမ်းဆောင်သူတစ်ယောက် အရာတွင်လည်း ကျွမ်းကျင်သူတစ်ယောက်ဖြစ်သည်။

**Vake Blake** သည် တွန်ဂါနိုင်ငံရွေးကောက်ပွဲ ကော်မရှင်၏ ကျင်းပကြေငြာရေး အရာရှိချုပ်ဖြစ်သည်။ သူသည် ၂၀၀၇မှစကာ တွန်ဂါနိုင်ငံ ဝန်ကြီးချုပ်ရုံးတွင် ရွေးကောက်ပွဲ အဖွဲ့နှင့် တွဲလုပ်ခဲ့ပြီး ၂၀၁၀မှ စကာ တွန်ဂါနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင်နှင့် တွဲလုပ်ခဲ့သည်။

**Andy Campbell** သည် သူ ၂၀၁၁တွင် ပူးတွဲတည်ထောင်ထားသော အာဆစ်ဘီယျ အတိုင်ပင်ခံဌာနတွင် စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူးဖြစ်ပြီး အရှေ့အလယ်ပိုင်း၊ အာရှတောင်ပိုင်းနှင့် ပစိတ်ဖိတ်တောင်ပိုင်းတို့တွင် ဒီမိုကရေစီဆိုင်ရာ အတွေ့အကြုံ နှစ် ၂၀ကျော်ရှိလေသည်။ AEC(ဩစတြေးလျ ရွေးကောက်ပွဲ ကော်မရှင်) (၁၉၉၄-၂၀၀၄) ခုနှစ်တွင် မပါဝင်မီအထိ သူသည် နိုင်ငံရေးပါတီတွင် ပါဝင်လှုပ်ရှားခဲ့သော အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သူ၏ အာဖဂန် ရွေးကောက်ပွဲအတွေ့အကြုံတွင် အာဖဂန် OCV (နိုင်ငံပြင်ပမဲ) နှင့် IOM (ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း) ဌာန၏ ဥက္ကဋ္ဌ အဖြစ်တာဝန်ထမ်းဆောင်ခဲ့ခြင်း၊ ကန်ဒါဟားတွင် အခြေစိုက်သော ကုလသမဂ္ဂနှင့် (၂၀၀၅) ဒေသဆိုင်ရာ ရွေးကောက်ပွဲ ပူးပေါင်းစီမံသူအဖြစ် ၊ဂျာလာဘတ်တွင် LTO နှင့် NDI လုပ်ခဲ့ပြီး ကဘူးလ် (၂၀၀၉)တွင် ခွဲခြမ်းလေ့လာရေးမှူးအဖြစ် ၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့အစည်း (NDI) ၏ အာဖဂန်နစ္စတန် တိုင်းပြည် ညွှန်ကြားရေးမှူး အဖြစ်လည်း လုပ်ဆောင်ခဲ့ပြီး NDI EOM ကိုလည်း ဦးဆောင်ခဲ့သည် (၂၀၁၀) ။ သူ၏ EOM အတွေ့အကြုံများထဲတွင် ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲ (၂၀၁၁) အတွက် ANFREL ခေါင်းဆောင် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်တစ်ယောက်ဖြစ်ခဲ့ခြင်းနှင့် တီမော-လက်စ်တီ ပါလီမန် ရွေးကောက်ပွဲ (၂၀၁၂)တွင် STO အဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းတို့ပါဝင်သည်။ သူသည် အာဖဂန် ရွေးကောက်ပွဲနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် CSO (အရပ်ဖက်လူမှုအဖွဲ့အစည်း)များ NGO များနှင့် အလှူရှင်များအတွက် သုံးသပ်ချက်များကိုလည်း ထုတ်ပေးမြဲ ထုတ်ပေးလျက်ရှိသည်။ အန်ဒီသည် ဩစတြေးလျန်း အရပ်ဖက် တပ်မကြီး (DFAT) နှင့် တာဝန်စေလွှတ်နိုင်သော ရွေးကောက်ပွဲ အထူးပြုပညာရှင်တစ်ယောက်ဖြစ်ပြီး ဒေသဆိုင်ရာ ဆွေးနွေးပွဲအတွက် ပညာရှင်အဖွဲ့ဝင်ကောင်စီအနေနှင့် တာဝန်ထမ်းဆောင်လျက် ရှိသည် (ဥဇဘက်ကစ္စတန်) ။ သူသည် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံတွင် မာစတာဘွဲ့ရရှိထားပြီး လူမှုမနသသဗေဒနှင့် ဘာသာရေးများကို ယှဉ်တွဲလေ့လာခြင်းဆိုင်ရာတွင် ဘက်ချလာဘွဲ့ရရှိထားပြီး ပြည်သူ့စီမံရေးတွင် ဘွဲ့လက်မှတ်ရရှိထားလေသည်။

**Eric des Pallières** သည် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ နှင့် အရှေ့တောင်အာရှ၊ အာဖရိက၊ ဥရောပအရှေ့ပိုင်းနှင့် မဂ်ရဘ်တို့ရှိ OSCE (ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အသင်း) တို့တွင် ၁၅ နှစ်ကျော် ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီတို့အတွက် အလုပ်လုပ်ခဲ့လေသည်။ နိုင်ငံတကာ နည်းပညာအထောက်အပံ့စီမံကိန်းတို့တွင် ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရေးတို့၌ အတွေ့အကြုံ ရရှိပြီးနောက် အဲရစ်သည် ဥရောပသမဂ္ဂနှင့် ODIHR (ဒီမိုကရေစီ အသင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ရုံး) နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် သုံးသပ်ရေးစီမံကိန်းများ လုပ်ပေးခဲ့လေသည်။

ကမ္ဘောဒီးယားတွင် ၂၀၀၈ မှ ၂၀၁၀ အထိ အမျိုးသားရွေးကောက်ပွဲ ကော်မတီအတွက် ဥရောပသမဂ္ဂအကြံပေး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် လက်တလောတွင် တူနီရှား (၂၀၁၁နှင့် ) မက်ဒါဂတ်စကား (၂၀၁၃) တို့တွင် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးနှင့် ရွေးကောက်ပွဲ ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ နယ်ပယ်တို့တွင် အကူးအပြောင်း ရွေးကောက်ပွဲများ မတိုင်မီ အရပ်ဖက်လူမှုအဖွဲ့အစည်းများကို ဥရောပသမဂ္ဂမှ ဘဏ္ဍာငွေထောက်ပံ့ထားသော အကူအညီများအား ဦးဆောင်ခဲ့လေသည်။

**Arpine Galfayan** သည် အာမေးနီးယားတွင်ရှိသော NGO တစ်ခုဖြစ်သည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်း (IDHR) နှင့် တွဲပြီး အလုပ်လုပ်ကာ အရပ်ဖက်လူမှုအဖွဲ့အစည်းဆိုင်ရာနှင့် ပြည်သူများအား အသိပညာပေးရေးတို့တွင် ပါဝင်ခဲ့သည်။၂၀၀၂ ခုနှစ်နှင့် ၂၀၀၈ခုနှစ်ကြားတွင် ကော့ကေးဆပ်တောင်ပိုင်းနှင့် အာမေးနီးယားရုံးဌာနတွင်ရှိသော အပြည်ပြည်ဆိုင်ရာ IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေး အသင်း) ၏ စီမံကိန်းအရ ရွေးကောက်ပွဲနှင့် စွမ်းဆောင်ရည်တိုးမြှင့်ရေးတို့ကို စီမံခန့်ခွဲခဲ့သည်။ သူသည်လည်း BRIDGE (ဒီမိုကရေစီတွင်း၊ အစိုးရအောက်နှင့် ရွေးကောက်ပွဲအတွင်း အရင်းအမြစ်များတည်ဆောက်ခြင်း)၏ တာဝန်ထမ်းဆောင်သူတစ်ယောက် ဖြစ်ပြီး ၊တောင်ပိုင်းကော့ကေးဆပ်၊ ဗဟိုနှင့် ဥရောပအရှေ့ပိုင်းနှင့် ဗဟိုအာရှနိုင်ငံများတွင် အတွေ့အကြုံရှိသူလည်း ဖြစ်သည်။ သူသည်လည်း လေ့ကျင့်သင်ကြားရေး၊ အစီရင်ခံရေးနှင့် ဥပဒေပြန်လည်ပြုပြင်ရေးဆိုင်ရာ အကြံပြုချက်များကို လုပ်ဆောင်ရေးအပါအဝင် ဒီမိုကရေစီ တည်ထောင်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပရောဂျက်နှင့်သက်ဆိုင်သော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလွတ်တန်းသဘော ပူးပေါင်းလုပ်ဆောင်ခဲ့လေသည်။

**Irena Hadžiabdić** ဘဲလ်ဂရိတ် ဥပဒေဌာနမှ ဘွဲ့ရပြီး ဥရောပသမဂ္ဂမူဝါဒ ၊ ဥပဒေနှင့် စီမံခန့်ခွဲရေးဆိုင်ရာ မာစတာ ဘွဲ့ကို RGU၊ အာဘာဒင်းမှ ရရှိထားလေသည်။ သူသည် ရွေးကောက်ပွဲနယ်ပယ်အတွင်းတွင် ၁၇နှစ်ခန့် လုပ်ဆောင်ခဲ့ပြီး ပထမတွင် OSCE (ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အသင်း) နောက်တွင် IFES (နိုင်ငံတကာ ရွေးကောက်ပွဲစနစ် ဖောင်ဒေးရှင်း) ၏ အုပ်ချုပ်ညွှန်ကြားရေးမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၇ အထိ သူသည် ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားရှိ ရွေးကောက်ပွဲ တာဝန်ခံများအသင်း (AEOBiH) တွင် အုပ်ချုပ်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့လေသည်။ ၂၀၀၇ခုနှစ်တွင်သူသည် BiH ဗဟိုရွေးကောက်ပွဲကော်မရှင် (BiH CEC) အဖွဲ့ဝင်တစ်ယောက်အဖြစ် BiH ပါလီမန်လွှတ်တော်အစည်းအရုံးမှ ခန့်အပ်ခြင်း ခံခဲ့ရသည်။ဇန်နဝါရီလ ၂၀၁၀မှ စက်တင်ဘာ ၂၀၁၁ အထိ သူသည် BiH CEC (BiH ဗဟိုရွေးကောက်ပွဲကော်မရှင်)၏ဥက္ကဋ္ဌဖြစ်ခဲ့သည်။ သူကမ္ဘာ့ရွေးကောက်ပွဲဌာနများ အသင်း (A-WEB) ၏ ကြီးကြပ်ရေးနှင့် စာရင်းစစ်ဆေးရေးကော်မတီအား ဥက္ကအဖြစ် တာဝန်ထမ်းဆောင်ချိန်မှစ၍ ACEEEO (ဥရောပရွေးကောက်ပွဲ အရာရှိများအသင်း) ၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့တွင် BiH CEC (ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား ဗဟိုရွေးကောက်ပွဲကော်မရှင်) ကို ကိုယ်စားပြုခဲ့လေသည်။ OSCE/ ODIHR နှင့် IRI နှင့် NDI တို့နှင့် ၁၄ နိုင်ငံတွင် ရွေးကောက်ပွဲများကို စောင့်ကြည့်လေ့လာသုံးသပ်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် သူသည် ရွေးကောက်ပွဲစီမံခန့်ခွဲရေးတွင် ထူးချွန်လှသော လုပ်ဆောင်မှုများကြောင့် နိုင်ငံတကာမှ ချီးမြှင့်သောဆု ရရှိခဲ့သည်။

**Toby S. James** သည် ဗြိတိန်၊ နောဝစ်ချ်တွင် အိစ်အန်ဂလီယာ တက္ကသိုလ်၌ နိုင်ငံရေး၊ လူမှုရေးနှင့် နိုင်ငံတကာလေ့လာရေးပညာကျောင်းတွင် ဗြိတိသျှ နိုင်ငံရေးကို သင်ကြားသော ကထိကတစ်ဦးဖြစ်သည်။ သူ၏ သုတေသနများတွင် ရွေးကောက်ပွဲများအား အုပ်ချုပ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ နိုင်ငံရေးဆိုင်ရာ ခေါင်းဆောင်မှုနှင့် မူဝါဒဆိုင်ရာလုပ်ငန်းစဉ်များ ပါဝင်သည်။ သူသည် ရွေးကောက်ပွဲ စီမံကြီးကြပ်

ရေးနှင့်ပတ်သက်ပြီး ဆောင်းပါးများအတော်များများ ထုတ်ဝေထားပြီး အဆင့်မြင့်နိုင်ငံတော်နှင့် ရွေး ကောက်ပွဲ စီမံကြီးကြပ်ရေး (ပဲလ်ဂရေ့ဗ် ၊ ၂၀၁၂) ကို ရေးသားခဲ့သူလည်းဖြစ်သည်။ သူသည်ယခင်က ဆွမ်ဆီးတက္ကသိုလ်တွင် ကထိကတစ်ဦးဖြစ်ပြီး ဝါရှင်တန်ဒီစီ လွှတ်တော်စာကြည့်တိုက်ရှိ ဖြိုတိသျှ သုတေ သန ကောင်စီ ပညာရှင်တစ်ဦးလည်းဖြစ်ကာ ယော့ခ် တက္ကသိုလ်မှ ပီအိတ်ချ်ဒီကိုလည်း ရရှိထားလေသည်။

**Claude Kabemba** သည် တောင်အာဖရိက လူသားသိပ္ပံ သုတေသနကောင်စီတွင် လူမှုအသိုင်းအဝိုင်း ၊ ယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာ သုတေသန အစီအစဉ်တွင် သုတေသနစီမံခန့်ခွဲရေးမှူးဖြစ်သည်။ သူ သည် တောင်အာဖရိက ဝစ်ဝါးတာဆရန်းတက္ကသိုလ်မှ နိုင်ငံတကာ ဆက်ဆံရေးကို မာစတာဘွဲ့ရရှိထားသူ ဖြစ်ပြီး ထိုတက္ကသိုလ်တွင်ပင် နိုင်ငံတကာ ဆက်ဆံရေးပညာကို ပီအိတ်ချ်ဒီဘွဲ့ရရန် ကြိုးစားနေသူလည်း ဖြစ်သည်။ ယခင်ကသူသည် တောင်အာဖရိက ရွေးကောက်ပွဲအဖွဲ့အစည်း (EISA) တွင် သုတေသန အစီ အစဉ် စီမံခန့်ခွဲသူ အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး တောင်အာဖရိက မူဝါဒလေ့လာရေးနှင့် တိုးတက်ရေး ဘဏ်ဌာနတွင်လည်း လုပ်ခဲ့သည်။ သူသည် အောက်စ်ဖမ်း၊ ဒုက္ခသည်များအတွက် ကုလသမဂ္ဂ၏ အထက် ကော်မရှင်အရာရှိ၊ နော်ဝေး ပြည်သူ့အထောက်အပံ့နှင့် အာဖရိက သမဂ္ဂတို့ကဲ့သို့သော နိုင်ငံတကာ အဖွဲ့ အစည်းများအတွက် အတိုင်ပင်ခံအနေနှင့်လည်း လုပ်ခဲ့သေးသည်။ သူသုတေသနပြုသော အရာများ၏ အဓိက အချက်များတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အုပ်ချုပ်ရေး၊ ရွေးကောက်ပွဲနိုင်ငံရေး၊ ပြည်သူများပါဝင်ရေး၊ ပဋိပက္ခများ၊ မီဒီယာ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ နှင့် လူမှုရေး မူဝါဒများဆိုင်ရာ နယ်ပယ်များ ပါဝင်သည်။

**Shumbana Karume** သည် အာဖရိကသမဂ္ဂ ကော်မရှင်တွင် နိုင်ငံရေးဌာန၌ ဒီမိုကရေစီနှင့် ရွေးကောက် ပွဲကူညီထောက်ပံ့ရေးဆိုင်ရာ အဖွဲ့၏ခေါင်းဆောင်ဖြစ်သည်။သူ့ထံတွက် ရွေးကောက်ပွဲဒီမိုကရေစီ၊ ဒေသ ဆိုင်ရာ ပေါင်းစည်းမှုနှင့် အခြားသော အာဖရိကရှိ အုပ်ချုပ်ရေးနှင့် ဒီမိုကရေစီအတွက် အကျုံးဝင်သော အခြား ကိစ္စများတွင် အတွေ့အကြုံများစွာရှိလေသည် အာဖရိက သမဂ္ဂအတွက် အလုပ်မလုပ်မီတွင် သူသည် အာဖရိကရှိ ဒီမိုကရေစီတာရှည်ခံရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း (EISA) အတွက်၊ ဇင်ဘာဘွေရှိ အာဖရိကတောင်ပိုင်း သုတေသနနှင့် မှတ်တမ်းတင်ရေး ဌာန( SARDC) နှင့် ကုလသမဂ္ဂတွင် လုပ်ကိုင်ခဲ့လေသည်။

**Jebeh Kawa** သည် ၁၅နှစ်မျှ သတင်းအချက်အလက်နည်းပညာဆိုင်ရာ အထွေထွေအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၉လောက်မှ စကာ ကျား-မအခွင့်အရေး တန်းတူရရေးနှင့် ကလေးသူငယ် ဖူလုံရေး ကိစ္စများအပါအဝင် လူမှုတရားစီရင်ရေး ကိစ္စများတွင်လည်း ပါဝင်ပတ်သက်လေသည်။ ၁၉၉၇မှ စ၍ အန်တာပရိုက်စ်လုပ်ငန်းကြီးများ၏ ရည်ရွယ်ချက်များကို ပြည့်စုံစေရန် အသုံးပြုသူဘက်မှ ဦးဆောင် သော ပတ်ဝန်းကျင်ကို အထောက်အပံ့ပြုကာ Accenture, PFPC နှင့် Société Générale ကဲ့သို့သော နိုင်ငံအများ ပါဝင်သည့် ကုမ္ပဏီများနှင့်တွဲကာ အလုပ်လုပ်ခဲ့ပြီး သူ၏ တာဝန်ထမ်းဆောင်သက် တစ် လျှောက်တွင် လိုင်ဘီးရီးယား အမျိုးသားရွေးကောက်ပွဲ ကော်မရှင်တွင် ကျား-မလိင်ပိုင်းဆိုင်ရာ အခွင့် အရေး ပူးပေါင်းဦးဆောင်သူအနေနှင့် နိုင်ငံတော် အစိုးရများနှင့်နှင့် အလုပ်လုပ်ခဲ့သေးသည်။ သူ့အနေနှင့် သူ၏ ရွေးကောက်ပွဲစီမံခန့်ခွဲရေး ပြဿနာများအတွက် အချိန်နှင့်အညီလုပ်ရသော ဖြေရှင်းနည်းများကို ပေးရာတွင် မဲရုံအလုပ်သမားများအား စစ်ဆေးခြင်း၊ လေ့ကျင့်သင်ကြားခြင်း၊ ကြီးကြပ်ရေးနှင့် လုပ်ခငွေပေး ခြင်းတို့ အပါအဝင် မဲရုံဌာန လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန်အတွက် လေ့ကျင့်သင်ကြားရေးကို လုပ်ဆောင်နေချိန်တွက် မြို့အဆင့်နယ်ပယ်များအတွက် ရွေးကောက်ပွဲစီမံခန့်ခွဲရေးဆိုင်ရာ အိုင်တီနည်း ပညာပိုင်းနှင့် သက်ဆိုင်သော အကူအညီများကို ပေးခဲ့သေးသည်။ မူလဇာတိမှာအာဖရိက အနောက်ပိုင်း၊

လိုင်ဘီးရီးယားနိုင်ငံမှဖြစ်သောလည်း ဂျေဘာသည် လက်ရှိတွင် ယူနိုက်တက် စတိတ်၊ ပန်ဆယ်လ်ဗေး နီးယားရှိ ဖိလယ်ဒဲလ်ဖီးယားတွင် နေထိုင်လျက်ရှိသည်။

**Jeong-Gon Kim** သည် ကမ္ဘာ့ရွေးကောက်ပွဲဌာနများအသင်း (A-WEB) ရှိ ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားရွေးကောက်ပွဲကော်မရှင်(NEC)တွင် ဥပဒေရေးရာဌာနခွဲ အဖွဲ့မန်နေဂျာ ၊နှင့် နိုင်ငံတကာ ရွေးကောက်ပွဲဌာနခေါင်းဆောင် ကဲ့သို့သော နေရာအမျိုးမျိုးတွင် ၁၈နှစ်ခန့် တာဝန်ထမ်း ဆောင်ခဲ့လေသည်။ ကမ္ဘာတစ်ဝှမ်းလုံးတွင် ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ဖြစ်စေရန်အတွက် ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာနများအကြား အားကောင်းသော စည်းလုံးမှုတစ်ခုဖြစ်ရန် လိုအပ်ချက်ကို သိရှိနားလည်သည်နှင့်အမျှ သူသည် A-WEB( ကမ္ဘာ့ရွေးကောက်ပွဲ ဌာနများအသင်း) ကို တည်ထောင်ရန် ပထမဆုံး အဆိုတင်သွင်းခဲ့ခြင်းဖြစ်သည်။ သူသည် ယခုလက်ရှိတွင် ဒီမိုကရေစီ ယဉ် ကျေးမှုနှင့် လွတ်လပ်၊ မျှတ ၊ ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်နိုင်သော ရွေးကောက်ပွဲများ ကမ္ဘာအနှံ့တွင် ဖွံ့ဖြိုးပေါ်ပေါက် လာစေရန် လုပ်ဆောင်နေရသော လုပ်ဆောင်ချက်များ အများအပြားတွင် ပါဝင်ပတ် သက်လျှက်ရှိသည်။

**Carlos M. Navarro** သည် နိုင်ငံတကာ လေ့လာရေးနှင့် မက္ကဆီကိုအမျိုးသားရွေးကောက်ပွဲအဖွဲ့အစည်း (INE)၏စီမံကိန်းဆိုင်ရာညွှန်ကြားရေးမှူးဖြစ်သည်။သူသည်မက္ကဆီကန်ရွေးကောက်ပွဲစနစ်များအကြောင်း အတော်များများ ရေးသားထုတ်ဝေခဲ့ပြီး ကွဲပြားသော နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ တွင် နိုင်ငံတကာနှင့် ချိန်ထိုး လေ့လာခြင်းနှင့်သက်ဆိုင်သောအရာများလည်း အပါအဝင်ဖြစ်သည်။သူသည် တစ်ကမ္ဘာလုံးရှိ ဒေသအမျိုးမျိုးတွင်ရှိသော နိုင်ငံတကာ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ တာဝန် ထမ်းရွက်ရေးတွင် ပါဝင်ခဲ့ပြီး တစ်ကမ္ဘာလုံးရှိ EMB (ရွေးကောက်ပွဲစီမံခန့်ခွဲရေးဌာန) များ၏ ကိုယ်စားလှယ် များအတွက် INE (အမျိုးသားရွေးကောက်ပွဲ ကော်မရှင်) က တစ်နှစ်လျှင် နှစ်ခါ ပြုလုပ်သော အထူးအလုပ်ရုံ ဆွေးနွေးပွဲများကို ဆောင်ရွက်ရန်နှင့် ပုံစံချရန်အတွက်လည်း တာဝန်ရှိသူဖြစ်သည်။

**Marie-Thérèse Purvis** သည် ဆေးရှဲလ်စ် ရွေးကောက်ပွဲ ကော်မရှင်တွင် ဇူလိုင်လ ၂၀၁၁ ကတည်းက အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေခဲ့ခြင်းဖြစ်သည်။သူသည်လည်း ၂၀၁၂ တွင် စတင်ခဲ့သော ရွေး ကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အကြီးများတွင် ပါဝင်ခဲ့လေသည်။ ထိုအရာမတိုင်မီတွင် သူသည်လည်း ဆေးရှဲလ်စ် ပညာရေးဝန်ကြီးဌာန၏ တာဝန်တော်တော်များများကို နှစ်နှစ်ဆယ်ကျော် ထမ်းဆောင်ခဲ့ဖူးလေသည်၊ ပညာရေးအရာရှိချုပ်၊ ဆရာဖြစ်လေ့ကျင့်သင်ကြားရေး တက္ကသိုလ် ညွှန်ကြား ရေးမှူးနှင့် နိုင်ငံတော်သင်ရိုးဌာနညွှန်ကြားရေးမှူး အစရှိသည်တို့ဖြစ်သည်။သူသည် ဒူရမ် တက္ကသိုလ် (ဗြိတိန်)မှ လက်တွေ့အသုံးချ ဘာသာဗေဒ မာစတာဘွဲ့နှင့် ပညာရေးဆိုင်ရာ ဘာသာရပ်တွင် ပီအိတ်ချ်ဒီ ဘွဲ့ကို ဝါးဝစ်ခ် တက္ကသိုလ် (ဗြိတိန်)မှ ရရှိထားလေသည်။

**S.Y. Quraishi** သည် ၂၀၁၀-၂၀၁၂ အတွက်း အိန္ဒိယ ရွေးကောက်ပွဲ ကော်မရှင်အရာရှိ ၁၇ ယောက်မြောက် အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ၂၀၀၆ကတည်းက ရွေးကောက်ပွဲ ကော်မရှင် အရာရှိဖြစ် နေခြင်း ဖြစ်သည်။ ၁၉၇၁ခုနှစ်တွင် အိန္ဒိယ စီမံကြီးကြပ်ရေး ဝန်ဆောင်မှုဌာနသို့ မဝင်ရောက်မီက စိန့်စတီ ဖင်ကောလိပ်တွင် သမိုင်းဘာသာရပ်နှင့် ဘွဲ့လွန်ဒီဂရီရယူခဲ့လေသည်။ နောက်တွင်သူသည် လူထု အရောင်းမြှင့်တင်ရေး ဘာသာရပ်တွင် ဒေါက်တာဘွဲ့ရရှိခဲ့လေသည်။ ဒေါက်တာ ကာရိုင်ရှီသည် Social Marketing for Social Change နှင့် Undocumented Wonder: The Great Indian Election ဟူသော စာအုပ်များကို ရေးသားခဲ့သော စာရေးဆရာလည်းဖြစ်သည်။ သူသည် နိုင်ငံတကာ တွေ့ဆုံပွဲများနှင့် ဆွေးနွေးပွဲများတွင် အိန္ဒိယကို ကိုယ်စားပြုကာအနှံ့အပြား ခရီးထွက်ပြီး အိန္ဒိယ၏ ၂၀၁၁ နှင့် ၂၀၁၂ တွင်

ဩဇာအကြီးဆုံး အိန္ဒိယနိုင်ငံသား ၁၀၀တွင် Indian Express စာရင်းက ဖော်ပြခြင်းခံခဲ့ရပြီး ယနေ့ခေတ် အိန္ဒိယ၏ တန်ခိုးထွား အာဏာရှိသော သူများစာရင်းတွင် ၂၀၁၂ ခုနှစ်က ထည့်သွင်းဖော်ပြခြင်းခံခဲ့ရသည်။

**Mohamed Chafik Sarsar** တူနီးရှားနိုင်ငံရှိ ရွေးကောက်ပွဲဆိုင်ရာ လွတ်လပ်သော အထက်အာဏာပိုင် ဌာန၏ ဥက္ကဋ္ဌဖြစ်သည်။ သူသည် အများပြည်သူဆိုင်ရာ ဥပဒေတွင် ပီအိတ်ချ်ဒီဘွဲ့ရရှိထားပြီး ဥပဒေနှင့် တူနစ်နိုင်ငံရေးသိပ္ပံဌာနတွင် ပြည်သူ့ဥပဒေဆိုင်ရာ လက်ထောက် ပါမောက္ခဖြစ်သည်။ တူနစ်ဥပဒေဌာနရှိ နိုင်ငံရေး သိပ္ပံဌာနတွင် ညွှန်ကြားရေးမှူး (၂၀၁၁-၁၄)နှင့် တော်လှန်ရေးအောင်မြင်ရေးပတွက် အထက် ကော်မရှင် ပညာရှင်ကော်မတီတွင် အဖွဲ့ဝင်၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု နှင့် ဒီမိုကရေစီ အကူးအပြောင်း (၂၀၁၁)၊ မိုဟာမက် အလီနေရာတွင် ဖြစ်ပွားခဲ့မှုများအတံက် စုံစမ်းစစ်ဆေးရေး ကော်မရှင် အဖွဲ့ဝင် (ဒီဇင်ဘာ ၂၀၁၂) နှင့် အခြေခံဥပဒေဆိုင်ရာ အာရပ်အသင်း၏ တည်ထောင်သူအဖွဲ့ဝင်လည်းဖြစ်သည်။ သူသည် ဥပဒေနှင့် တူနစ်နိုင်ငံရေး သိပ္ပံဌာနတွင် ကထိကဖြစ်သည်၊ အထက်ပိုင်း တရားစီရင်ရေး အသင်း တွင်လည်းပါဝင်ပြီး သူသည် အခြေခံဥပဒေနှင့် ရွေးကောက်ပွဲ စနစ်များအတွင်းသို့ ထည့်သွင်းချက်များနှင့် ထုတ်ဝေချက်များ အများအပြား ရေးသားပေးနိုင်ခဲ့သည်။ သူသည် ဗင်းနစ်ကော်မရှင်၊ UNDP (ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ)၊ အာရပ် လူ့အခွင့်အရေးအဖွဲ့အစည်း၊ အာရပ်ဒီမိုကရေစီ ဖောင်ဒေးရှင်း နှင့် လွတ်လပ်သော ရွေးကောက်ပွဲဆိုင်ရာ အထက်အာဏာပိုင်ဌာနတို့တွင်လည်း ပညာရှင်ကျွမ်းကျင်သူ တစ်ယောက်အနေနှင့်ပါဝင်လေသည်။

**Luis Antonio Sobrado González** သည် ကော့စတာရီကာ တက္ကသိုလ်နှင့် မက်ဒရစ်နိုင်ငံ ကွန်ပလုတန့်စ် တက္ကသိုလ်မှ ဥပဒေဒေါက်တာဘွဲ့ရထားပြီး လိုင်စင်ရပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ ရွေးကောက်ပွဲခုံရုံးချုပ် (TSE) တွင် တရားဝင်ခန့်အပ်ထားခြင်းခံရသော ရာဇဝတ်တရားသူကြီးတစ်ဦးအဖြစ် ၁၉၉၉ ခုနှစ်ကတည်း က တာဝန် ထမ်းဆောင်နေခြင်းဖြစ်သည်။ ကော့စတာရီကာ ရွေးကောက်ပွဲဌာန ဥက္ကဋ္ဌအဖြစ် ၂၀၀၇ ကတည်းက တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။၁၉၉၃ ကတည်းက ကော့စတာရီကာ တက္ကသိုလ်တွင် အခြေခံဥပဒေဆိုင်ရာ ဥပဒေများကို သင်ကြားလာသည်မှာ၂၅နှစ်ခန့်ရှိပြီဖြစ်ပြီး ဥပဒေကျောင်းတွင် ထိုဌာန အား ပူးပေါင်းဦးဆောင်နေသူဖြစ်လေသည်။ သူသည် TSE (ရွေးကောက်ပွဲခုံရုံးချုပ်) ၏ ရွေးကောက်ပွဲ ဥပဒေသတင်းကြေငြာရေး၏ညွှန်ကြားရေးမှူးဖြစ်ပြီး စာအုပ်ပေါင်း မြောက်များစွာနှင့် ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေး ၊ဒီမိုကရေစီနှင့်ရွေးကောက်ပွဲများအတွက် ဆောင်းပါးများ ရေးသားခဲ့လေသည်။

**Vincent Tohbi** သည် ၂၀၀၃ခုနှစ်ကတည်းက တောင်အာဖရိကရှိ ဒီမိုကရေစီတာရှည်ခံရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း (EISA) နှင့် တွဲလျက်လုပ်လာခဲ့ခြင်းဖြစ်သည်။ထိုမတိုင်မီက သူသည် ရဝမ်ဒါတွင် ERIS (နိုင်ငံတကာစနစ်အတွက် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှု) နှင့် NPA (နော်ဝေး ပြည်သူများ၏ အထောက်အပံ့) အတွက် အတိုင်ပင်ခံလုပ်ခဲ့ဖူးလေသည်။ ရွေးကောက်ပွဲလေ့လာ စောင့် ကြည့်ရေးနှင့် မဲဆန္ဒရှင်များ အသိပညာပေးရေးအတွက် ရဝမ်ဒါ NGO ကွန်ယက်အပေါ် တာဝန်ရှိလေသည်။ ရဝမ်ဒါ အရပ်ဖက်လူမှု အဖွဲ့အစည်း အသင်းအဖွဲ့များ၏ ဘဏ္ဍာရေးထောက်ပံ့မှု အစီအစဉ်များနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးကို သုံးသပ်အကဲဖြတ်ရန်အတွက် TROCAIRE (အိုင်ယာလန်အခြေစိုက် NGO) အတွက် နိုင်ငံတကာအတိုင်ပင်ခံ အဖြစ်လုပ်ပေးလေသည်။ ၂၀၀၄ ခုနစ်တွင် ရဝမ်ဒါ ရွေးကောက်ပွဲ လုပ်ငန်းစဉ်အား အကဲဖြတ်ရန်အတွက် နော်ဝေးပြည်သူများ၏ အထောက်အပံ့အဖွဲ့အစည်းအား နိုင်ငံ တကာ အတိုင်ပင်ခံအဖြစ်နှင့် သာမက ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင် NGO များ၏ ပါဝင်ပတ်သက်မှုနှင့် EISA (တောင်အာဖရိကရှိ ဒီမိုကရေစီတာရှည်ခံရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) နိုင်ငံ ညွှန်ကြားရေးမှူး၊ ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ပါ ပါဝင်ပတ်သက်မှုနှင့် ပတ်သက်ပြီး တိုင်ပင်ဆွေး

နွေးခဲ့ရသည်။ ဗင်းဆင့်သည် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးတာဝန် အတော်များများကိုလည်းကို ယ်တိုင်ပါဝင်လုပ်ဆောင်ခဲ့ဖူးသည်။

**Vasil Vashchanka** သည် အပြည်ပြည်ဆိုင်ရာ IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်း) မှ အစီအစဉ်ဆိုင်ရာ အရာရှိဖြစ်ပြီး ၂၀၁၂-၂၀၁၄ တွင် တာဝန်ထမ်းဆောင်ခဲ့သည်။သူ၏ ပညာရပ်ပိုင်းဆိုင်ရာ သက်ဆိုင်မှုတို့မှာ ရွေးကောက်ပွဲစီမံခန့်ခွဲရေးနှင့် ရွေးကောက်ပွဲ တရားစီရင်ရေးတို့ပါဝင် သည်။ ဗဆေးလ်သည် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းလုပ်ဆောင်ရေးဆိုင်ရာ အဖွဲ့အစည်း၏ ဒီမိုကရက် တစ် အဖွဲ့အစည်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ရုံးဌာနတို့တွင် စည်းမျဉ်းဥပဒေဆိုင်ရာ အရာရှိ ၊ အကြံပေး နှင့် စည်းမျဉ်းဥပဒေ အဖွဲ့တွင် ဒုအရာရှိချုပ်အဖြစ် ယခင်က တာဝန်ထမ်းဆောင်ခဲ့ဖူးသည် (၂၀၀၂-၂၀၁၁)

**Kåre Vollan** သည် Quality AS ဟုခေါ်သော ကုမ္ပဏီ၏ ပိုင်ရှင်နှင့် ညွှန်ကြားရေးမှူးလည်းဖြစ်သည်။သူ့ အနေနှင့် နီပေါ၊ ဇင်ဘာဘွေ၊ ကင်ညာ၊ အီရတ်၊ ပါလက်စတိုင်း၊ ဆူဒန်၊ အာမေးနီးယား နှင့် ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားအပါအဝင် နိုင်ငံပေါင်း ၃၀နှင့် အထက်၌ ရွေးကောက်ပွဲများတွင် ပါဝင်လုပ်ဆောင်လျက်ရှိ သည်။ ၂၀၀၆ ခုနှစ်မှ စ၍ သူသည် နီပေါရှိ ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးသမားများအား အကြံပေး လျက်ရှိသည် အထူးသဖြင့် အုပ်စုများမှတ်ပုံတင်ရေး စနစ်ကို အကြံပေးနေခြင်းဖြစ်သည်။ ၁၉၉၆မှ ၂၀၀၉ ခုနှစ်အတွင်း သူသည် OSCE/ODIHR ဆယ့်နှစ်ခုနှင့် NORDEM နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးတာဝန်များ သို့မဟုတ် အဖွဲ့အစည်းများကို ဦးဆောင်ခဲ့လေသည်။ ၂၀၀၃ မှစ၍သူသည် ဥရောပကောင်စီ ဗင်းနစ်ကော်မရှင်အတွက် ရွေးကောက်ပွဲဥပဒေများကို ထင်မြင်သုံးသပ်ချက်များ အကြမ်း ရေးဆွဲလျက်ရှိသည်။ ကယ်ရင်သည် ကျောင်းသားများကို ရွေးကောက်ပွဲနှင့် အာဏာမျှဝေရေး ကိစ္စများနှင့် သက်ဆိုင်သော အကြောင်းများကို သင်ကြားပြီး ကြီးကြပ်လျက်ရှိသည်၊ ပြီးနောက် သူသည်လည်း ရွေး ကောက်ပွဲနှင့် ဆုံးဖြတ်ချက်ချရေးကိစ္စများနှင့် သက်ဆိုင်သော ဆောင်းပါးအမြောက်အမြားနှင့် အစီရင်ခံစာ များကိုကို ထုတ်ဝေခြင်းပြုခဲ့ပြီး အထူးသဖြင့် ပဋိပက္ခဖြစ်ပြီးကာလ အခြေအနေများနှင့် သက်ဆိုင်သော အရာများကို အထူးပြုရေးသားခြင်းပြုလေသည်။

## မူလထုတ်ဝေသည့်ပုံစံမှ ဖြစ်ရပ်များကို လေ့လာခြင်းတို့ကို ရေးသားခဲ့သော စာရေးဆရာများ

**Peter Bartu** သည် အရှေ့အလည်ပိုင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် HE တာ့ဂျ် ရီအင် လာဆန်၏ အထူးကိုယ်စားလှယ်အား နိုင်ငံရေးအကြံပေးလုပ်ပေးခဲ့ဖူးသည်။သူသည် တီမော်-လက်စ်တီနှင့် ကမ္ဘောဒီးယားတွင် ကုလသမဂ္ဂအတွက် အလုပ်လုပ်ပေးခဲ့ဖူးပြီး ဩစတြေးလျ ဝန်ကြီးချုပ်ရုံးနှင့် ဩစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနတွင် လုပ်ခဲ့ဖူးလေသည်။

**Carl W. Dundas** သည် ဂျာမေကာနိုင်ငံ ရွေးကောက်ပွဲ ညွှန်ကြားရေးမှူးဟောင်းတစ်ယောက်ဖြစ်ပြီး ဓနသဟာယ အထွေထွေအတွင်းရေးမှူးဌာနတွင် အထူးအကြံပေး(ဥပဒေ) လုပ်ခဲ့ဖူးသူလည်းဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များတွင် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ပေးရန်အတွက် တာဝန်ရှိသူ ဖြစ်သည် (၁၉၉၀-၂၀၀၁)။ သူသည် ရွေးကောက်ပွဲဆိုင်ရာ အတိုင်ပင်ခံလည်း ဖြစ်ခဲ့ဖူးသည်။သူသည် လိုင်ဘီးရီးယားရှိ ဥရောပ ကော်မရှင်အတွက် ရွေးကောက်ပွဲအတိုင်ပင်ခံဖြစ်ခဲ့ဖူးသည်။ ကားလ်သည် ဥပဒေတွင် ဝတ်လုံတော်ရရှေ့နေတစ်ဦးဖြစ်ပြီး (ဂရေးအင်း) ဗြိတိန်၊ လန်ဒန်တက္ကသိုလ်မှ ဥပဒေ မာစတာ ဘွဲ့(LL.M) ဒီဂရီကို ရရှိထားသူဖြစ်သည်။

**Ellie Greenwood** သည် ပြိတိန် ရွေးကောက်ပွဲ ကော်မရှင်အတွက် အလုပ်လုပ်ခဲ့ပြီး ထိုအသင်းအဖွဲ့ စတင်တည်ထောင်ချိန်က တည်ထောင်ဖွင့်လှစ်နိုင်ရန် ကူညီခဲ့သူလည်းဖြစ်သည်။ သူ့ဘက်မှ နိုင်ငံရေး ဘဏ္ဍာ ဥပဒေပြုချက်များ မိတ်ဆက်နိုင်ရေးကို ပုံဖော်ရန်နှင့် အကောင်အထည်ဖော်ရန်အတွက် ကူညီပေးခဲ့လေသလို ပါဝင်နိုင်မှုကို မြှင့်တင်နိုင်ရန် အားပေးသော မူဝါဒများကိုလည်း ရှာဖွေနေသူဖြစ်သည်။

**Rubén Hernández Valle** သည် ကော့စတာရီကာ တက္ကသိုလ်တွင် အခြေခံဥပဒေဆိုင်ရာ ဥပဒေ ပါမောက္ခဖြစ်ပြီး အီတလီနိုင်ငံဆိုင်နာ တက္ကသိုလ်မှ ဒေါက်တာဘွဲ့ရ ပါမောက္ခတစ်ဦးလည်းဖြစ်သည်။ထိုကဲ့သို့သော တရားစီရင်ရေးဆိုင်ရာ အတွေ့အကြုံများရှိပြီး သူသည် ကော့စတာရီကာ တရားစီရင်ရေး တရားရုံးချုပ်တွင် အစားထိုးရာဇဝတ်တရားသူကြီးတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ သူ့အနေနှင့် အခြေခံဥပဒေဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာ၊ ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ရေးသား ပြီး/သို့မဟုတ် အထူးပြုထုတ်ဝေခြင်းဖြင့် အထောက်အပံ့ပြုခဲ့သည်။

**Ajay Jha** သည် ရွေးကောက်ပွဲများကို နိုင်ငံတော်အဆင့်နှင့် စီရင်စုအဆင့်ထိ စီမံခန့်ခွဲရာတွင် အတွေ့အကြုံရှိပြီး ကျွမ်းကျင်သော အိန္ဒိယစီမံကြီးကြပ်ရေး ဝန်ဆောင်မှုဌာန၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်။ သူသည် ဒုရွေးကောက်ပွဲကော်မရှင်အရာရှိအဖြစ် အိန္ဒိယ ရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး မဲရုံအားလုံးတွင် အီလက်ထရွန်းနစ် မဲပေးစက်များကိုသုံးပြီး ၂၀၀၄ခုနှစ်တွင် နိုင်ငံတော် ပါလီမန်လွှတ်တော် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးသည့်အဖွဲ့ကို ဦးဆောင်ခဲ့သည်။

**Claude Kabemba** သည် လူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှု နှင့်စရိုက်လက္ခဏာ သုတေသနပြုရေး အစီအစဉ်များကို တောင်အာဖရိကနိုင်ငံ လူသားသိပ္ပံ သုတေသနကောင်စီတွင် သုတေသန စီမံခန့်ခွဲရေးမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။သူသည် တောင်အာဖရိကနိုင်ငံ ဝစ်ဝါတာဆရန်းဒ် တက္ကသိုလ်တွင် နိုင်ငံတကာဆက်ဆံရေးပညာကို MA ဘွဲ့ရထားပြီး ထိုတက္ကသိုလ်မှပင် နိုင်ငံတကာ ဆက်ဆံရေးပညာကို ပီအိတ်ချ်ဒီ ဖြေဆိုယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ သူ သုတေသနပြုသော အဓိကနေရာများတွင် ပါဝင်သော အရာများမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် အစိုးရရေး၊ ရွေးကောက်ပွဲ နိုင်ငံရေးများ၊ နိုင်ငံသားများ ပါဝင်ရေး၊ ပဋိပက္ခများ၊ မီဒီယာ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် လူမှုမူဝါဒများနှင့် သက်ဆိုင်သော အရာများ ပါဝင်သည်။

**Robert A. Pastor** သည် နိုင်ငံတကာရေးရာ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေး ပါမောက္ခနှင့် ဝါရှင်တန်ဒီစီရှိ အမေရိကန်တက္ကသိုလ်ရှိ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးဌာန ညွှန်ကြားရေးမှူးဖြစ်သည်။

**Vijay Patidar** သည် အိန္ဒိယ ကြီးကြပ်စီမံရေး ဝန်ဆောင်မှုဌာန၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ အိန္ဒိတွင် ရွေးကောက်ပွဲများကို နိုင်ငံအဆင့်နှင့် ခရိုင်အဆင့် အထူးပြုလုပ်ဆောင်ပြီး နိုင်ငံတကာ အဆင့်ထိပါဝင်သည်။ သူသည် မာဒြာပရာဒေ့ရှ်ပြည်၏ ပူးတွဲရွေးကောက်ပွဲ အရာရှိချုပ် အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းသည့် တာဝန်လေးရပ်တွင် ရွေးကောက်ပွဲနှင့် ဆိုင်သော အရာများအတွက် အတိုင်ပင်ခံ အရာရှိအနေနှင့်လည်း တာဝန်ထမ်းဆောင်ခဲ့သလို အပြည်ပြည်ဆိုင်ရာ IDEA(နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့အသင်း) ရှိ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့၏ ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်ခဲ့လေသည်။

**Domenico Tuccinardi** သည် ရွေးကောက်ပွဲဆိုင်ရာ အထူးကျွမ်းကျင်သူဖြစ်ပြီး ဘောစနီးယားသို့ OSCE (ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအသင်း) အတွက် ပြင်ပ မှတ်ပုံတင်စာရင်းများနှင့် မဲပေးသည့် အစီအစဉ်များကို ညွှန်ကြားခြင်းများ ပြုလုပ်ခဲ့လေသည်။ ဘောစနီးယားနိုင်ငံရှိ ရွေးကောက်ပွဲများကို ညွှန်ကြားသည့် ဒု OSCE (ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အသင်း) ညွှန်ကြားရေးမှူးတစ်ဦး အနေနှင့် သူသည် ရွေးကောက်ပွဲကြီးကြပ်စီမံရေး လုပ်ဆောင်ချက်များကို အသစ်ဖွဲ့စည်းထားသော ဘောစနီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးရန် ရေးဆွဲခဲ့သည်။ သူသည် အီရတ်၏ အကူးအပြောင်းဆိုင်ရာ ရွေးကောက်ပွဲကို ထောက်ပံ့သည့် ဥရောပ သမဂ္ဂပရောဂျက်ကို ဦးဆောင်ပြီး ဗင်နီဇွဲလားရှိ ဥရောပသမဂ္ဂ၏ စောင့်ကြည့်လေ့လာရေးတာဝန်ကို ဒုတိယစောင့်ကြည့်လေ့လာရေးအရာရှိချုပ်နေရာမှ ထမ်းရွှေ့ခဲ့သည်။ သူသည်ဥပဒေနှင့်ပတ်သက်သော ဘွဲ့တစ်ခုရထားပြီး နိုင်ငံတကာ ဥပဒေတွင် MA ဘွဲ့ရထားသည်။

## နောက်ဆက်တွဲ - စ

# ကျေးဇူးတင်လွှာ

ဤ လက်စွဲစာအုပ်သည် လူပုဂ္ဂိုလ်များစွာနှင့် အဖွဲ့အစည်းများစွာတို့၏ တန်ဖိုးရှိလှသော အထောက်အပံ့တို့မပါခဲ့ပါက ပြီးပြည့်စုံလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့ အနေနှင့် ၎င်းတို့၏ ဗဟုသုတ၊ တွေ့ရှိချက်များနှင့် အရေးပါလှသောအချက်အလက်များကို ပမာဏအမျိုးမျိုးနှင့် ပေးခဲ့သော ကျွမ်းကျင်သူများ၊ တာဝန်ထမ်းဆောင်နေသူများနှင့် လက်တွဲဖော်မိတ်ဆွေများအားလုံးတို့အား ကျွန်ုပ်တို့ဘက်မှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့နေနှင့် ထိုစာအုပ် ဖြစ်တည်လာရန် အခြေခံအုတ်မြစ်ဖြစ်သော ကနဦးလုပ်ဆောင်မှုများနှင့် အကြံဉာဏ်များကို ပေးခဲ့သော Rafael López Pintor (ရာဖေးလ် လောင်(ဝ်)ပဲဇ် ပင်တော်) အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဖြစ်ရပ်များကို လေ့လာခြင်းကိုရေးသားခဲ့သော စာရေးဆရာများအပြင် ကျွန်ုပ်တို့သည် ဤစာအုပ်ကို ထုတ်ဝေရန် စာရေးဆရာများ၏ စိတ်အားထက်သန်မှုအပေါ် အစအဆုံး တက်တက်ကြွကြွ ပါဝင်ပေးခဲ့သော အောက်ပါပုဂ္ဂိုလ်များဖြစ်သည့် Lina Antara, Reginald Austin, Ayman Ayoub, Jarrett Blanc, Jeannette Bolenga, Roly Davila, Jean-Jacques Descartes, Sean Dunne, Linda Ederberg, Rémegie Gahungu, Lourdes Gonzalez, Margot Gould, Ron Gould, Maria Gratschew, Bill Gray, Nadia Handal Zander, Pedro J. Hernando, Marie Hohwu-Christensen, Nana Kalandadze, Olha Karavayeva, Ray Kennedy, Jean-Pierre Kingsley, Kaz Kuroda, Sophie Lagueny, Fredrik Larsson, Johan Lindroth, Belinda Musanhu, Pierre-Louis Opont, Robert Patterson, Lesley Richards, Claude Rioux, Alessandra Rossi, Joram Rukambe, Maiko Shimizu, Abdurashid Solijonov, Sara Staino, Oksana Syroyid, Domenico Tuccinardi နှင့် Peter Wolf တို့အားအထူးပင် ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် မြန်မာဘာသာသို့ ပြန်ဆိုပေးသော ကိုအက်ဒီချန်းနှင့် ဒီဇိုင်းဆရာများဖြစ်ကြသော ကိုမင်းဇော်ဦးနှင့် ကိုမြင့်စိုးဦးတို့ကို ကျေးဇူးအထူးတင်ရှိပါသည်။

နောက်ဆက်တွဲ - ဆ

# အပြည်ပြည်ဆိုင်ရာ IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေး အဖွဲ့အစည်း) အကြောင်း

## အပြည်ပြည်ဆိုင်ရာ IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအထောက်အပံ့ ပေးရေးအဖွဲ့အစည်း) ဟူသည် အဘယ်နည်း

နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ အထောက်အပံ့ပေးရေး အဖွဲ့အစည်း (နိုင်ငံတကာ IDEA)သည် ကမ္ဘာအနှံ့တွင် တာရှည်ခံသော ဒီမိုကရေစီတစ်ခု ဖြစ်လာရေးအား အထောက်အပံ့ပြုရန် အတွက် တာဝန်ယူထားသော အစိုးရအချင်းချင်း ပေါင်းစည်းထားသည့် အဖွဲ့အစည်းဖြစ်သည်။

အဖွဲ့အစည်း၏ ရည်ရွယ်ချက်မှာ ပိုမိုအားကောင်းသော ဒီမိုကရေစီ အဖွဲ့အစည်း လုပ်ငန်းစဉ်နှင့် ပိုမိုတာရှည်ခံသော၊ ထိရောက်ပြီး တရားဝင်သော ဒီမိုကရေစီတစ်ခုကို အထောက်အပံ့ပေး ကူညီရေးပင် ဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာ IDEA(နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေးအသင်း) က ဘာလုပ်သနည်း

အသင်း၏ လုပ်ရပ်များသည် ကမ္ဘာနှင့်ချီ၊ ဒေသနှင့် တိုင်းပြည်နှင့်ချီ၍ လုပ်ဆောင်ပြီး မောင်းနှင် ဦးဆောင်သူ ပြောင်းသွားသည်နှင့်အမျှ ပြည်သူကို အာရုံစူးစိုက်သည်။

အပြည်ပြည်ဆိုင်ရာ IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ ပေးရေးအသင်း) သည် ၎င်း၏ ကျွမ်းကျင်ရာအပိုင်းများဖြစ်သော ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ၊ အခြေခံ ဥပဒေ တည်ဆောက်ရေး၊ နိုင်ငံရေးအရာ ပါဝင်ဆင်နွှဲရေးနှင့် ကိုယ်စားလှယ်ပြုခြင်းနှင့် ဒီမိုကရေစီနှင့် တိုး တက်ရေးများ အပါအဝင် ဒီမိုကရေစီနှင့် ကျား-မ အခွင့်အရေး သက်ဆိုင်မှု၊ ကွဲပြားခြားနားမှုနှင့် ပဋိပက္ခ နှင့် လုံခြုံရေးတို့တွင် နိုင်းရဖြစ်သော အသိပညာဗဟုသုတများကို ထုတ်ပြလေသည်။

IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေးအသင်း) အနေနှင့် ထိုအသိပညာ ဗဟုသုတများကို ဒီမိုကရေစီအကူးအပြောင်းအတွက် အလုပ်လုပ်နေသော နိုင်ငံ အဆင့်နှင့် မြို့အဆင့် လှုပ်ရှားသူများအား ယူဆောင်လာပေးလေပြီး ဒီမိုကရေစီ အကူးအပြောင်းအတွက်

အထောက်အပံ့ပေးရာတွင် ဆွေးနွေးမှုများကို ဆောင်ရွက်ပေးသည်။

၎င်း၏တာဝန်များကိုဆောင်ရွက်ရာတွင် IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေးအသင်း) ဘက်မှ ချိန်ရွယ်သည်မှာ

- ဒီမိုကရေစီ၏ စွမ်းဆောင်ရည် ၊ စစ်မှန်မှုနှင့် ယုံကြည်ရနိုင်မှု မြင့်တက်လာရေး
- ပိုမို၍ အားလုံးပါဝင်နိုင်သော စနစ်နှင့် တာဝန်ခံနိုင်သော ကိုယ်စားလှယ်ပြုခြင်းနှင့်
- ပိုမိုထိရောက်ပြီး တရားဝင်သော ဒီမိုကရေစီ ပူးပေါင်းလုပ်ဆောင်ရေးတို့ပင်ဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာ IDEA မည်သည့်နေရာတွင် အလုပ်လုပ်သနည်း

အပြည်ပြည်ဆိုင်ရာ IDEA (နိုင်ငံတကာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အပံ့ပေးရေးအသင်း) သည် တစ်ကမ္ဘာလုံးတွင် အလုပ်လုပ်နေပါသည်။ စတော့ဟုမ်းမြို့ ဆွီဒင်တွင် ရုံးစိုက်ထားပါသည်၊ ကျွန်ုပ်တို့အသင်းသည် အာဖရိက၊ အာရှနှင့် ပစိဖိတ် နိုင်ငံများ၊ လက်တင်အမေရိကနှင့် ကရစ်ဘီယံနှင့် အာရှအနောက်ဘက်ပိုင်းနှင့် အာဖရိက မြောက်ပိုင်းဒေသတို့တွင်လည်း ရုံးများရှိပါသည်။